www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

A.J Cronin

# Adventure in the two worlds

မောင်ထွန်းသူ

# နှစ်လောက

ဒုတိယအကြိမ်

ရွှေစာပေတိုက်
၅၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။
ဖုန်-၂၂၁၉၅၇၊ ၂၉၂၀၂၇။
email:sko@myanmar.com.mm

www.burmeseclassic.com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ် . . .** ၁၀၄၈/၉၉ (၁၂)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ် . . .** ၂၁၀/၂၀၀၃ (၂)

ဒုတိယအကြိမ်
၂၀၀၃၊ မတ်လ
အုပ်ရေ (၁၀၀၀)
**တန်ဖိုး - (၂၀၀၀)**
အဖုံးဒီဇိုင်း - ရွှေ

ဦးတင်ရှိန်၊ စန်းရောင်ရှိန်စာပေ၊ အမှတ်(၄/၁၇၇)၊ မေခလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မှ ထုတ်ဝေ၍
ဦးနိုင်နိုင်ဦး၊ ရွှေပုံနှိပ်တိုက် (၀၅၇၀၁)၊ အမှတ်(၅)၊ ကြာညိုလမ်း၊
ပုဇွန်တောင်၊ ရန်ကုန်၊ ဖုန်း- ၂၉၂၀၂၃ တွင် ပုံနှိပ်သည်။

**ရွှေစာပေတိုက်**
**၅၊ ကြာညိုလမ်း၊ ပုဇွန်တောင်၊ ရန်ကုန်။**
**ဖုန်း-၂၂၁၉၅၇၊ ၂၉၂၀၂၃။**
**email:sko@myanmar.com.mm**

www.burmeseclassic.com

www.burmeseclassic.com


[ ၁ ]

ဧပြီလ တစ်နံနက်ခင်းတွင် ဖြစ်ပါသည်။ အထပ်ခိုးကလေးပေါ်မှ အိပ်ခန်းထဲ၌ အိပ်မောကျနေရာမှ ကျွန်တော်နိုးလာချိန်တွင် ကျွန်တော်၏ ဦးခေါင်းသည် နောက်ကျိလျက်ရှိသည်။ ယမန်နေ့ညက ညဉ့်နက်သည်အထိ စာကျက်ထားသဖြင့် လေးလံထိုင်းမှိုင်းနေခြင်း ဖြစ်ပါသည်။ စိတ်မပါ့တပါနှင့်ပင် ကျွန်တော်သည် မကြည်မလင်ဖြစ်နေသော ဦးခေါင်းကိုသုံးကာ ကျွန်တော်၏ လက်ရှိငွေရေးကြေးရေး အခြေအနေကို ပြန်လည်သုံးသပ်နေမိပါသည်။

လွန်ခဲ့သောသုံးလက ရေတပ်မှ နုတ်ထွက်ခဲ့သဖြင့် ရရှိခဲ့သောဆုကြေးငွေကို ကျွန်တော် များစွာကျေးဇူးတင်နေမိပါသည်။ ထိုငွေဖြင့် ကျွန်တော်သည် ဆေးပညာသင်တန်းစရိတ်ငွေများကို နှစ်ကုန်သည်အထိ ပေးသွင်းထားခဲ့ပြီး ဖြစ်၏။ ကျွန်တော့်အဖေထံမှ အမွေဆက်ခံထားခဲ့သော ရွှေနာရီနှင့် ရွှေကြိုးသည် နောက်တစ်ကြိမ် အပေါင်ဆိုင်သို့ ရောက်သွားခဲ့ပြန်ပြီ ဖြစ်သည်။ အပေါင်ဆိုင်မှရငွေနှင့် ကျွန်တော့်အတွက် လိုအပ်သောကိရိယာ တန်ဆာပလာများနှင့် ကျောင်းသုံးစာအုပ်ဟောင်းများ ဝယ်ယူပြီးပြီဖြစ်၏။ ကျောင်းသားများသမဂ္ဂသို့ ပေးသွင်းရမည့် နှစ်စဉ်ကြေးများကိုလည်း ကြိုတင်၍ ပေးသွင်းခဲ့ပြီးပြီဖြစ်၏။ သို့ဖြစ်ရာ ပညာသင်ကြားမှုစရိတ် ကြွေးငွေများနှင့် ပတ်သက်၍ ပြေလည်နေပြီဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း စာရင်းအင်း၏ အခြားတစ်ဘက်မှ အခြေအနေမှာမူ ကျေနပ်ဖွယ်ရာ မရှိလှပါ။ ဤအတွက် သောကဖြစ်နေရသည့်ကြားမှပင် ကျွန်တော်သည် ကျွန်တော်၏ပညာသင်ကြားမှုအပိုင်းကို မည်သည့်အရာကမျှ အတားအဆီး၊ အနှောင့်အယှက် မဖြစ်စေရဟု အခိုင်အမာ ဆုံးဖြတ်ထားသည်။ ကျွန်တော့်အနေဖြင့် ကျွန်တော်၏အသက်နှင့်ကိုယ် တည်မြဲရေးနှင့် စပ်ဆိုင်သည့် ကိစ္စအဝဝကို အသေးအဖွဲ့များအဖြစ် သဘောထားလာခဲ့သည်မှာကြာပြီ။ လွန်ခဲ့သောလအတွင်းက ကျွန်တော်သည် ကျွန်တော်၏ အသက်နှင့်ကိုယ် တည်မြဲရေးအတွက် လက်ဖက်ရည်ဆိုင်မှ မုန့်ပဲသရေစာနှင့် ကျွန်တော် ဝမ်းဗိုက်ကို ရံဖန်ရံခါ ဖြည့်တင်းခဲ့ရသည်။ တစ်ခါတစ်ရံတွင်မူ အနီးအနား ရပ်ကွက်တွင်းရှိ ဈေးများမှဈေးပေါပေါနှင့်ရသော ညစာကိုဝယ်၍ စက္ကူအိတ် တစ်လုံးတွင်ထည့်ကာ အခန်းသို့ယူလာပြီး ဝမ်းဗိုက်ကို ဖြည့်တင်းရသည်။ ဤမျှလောက် ခြိုးခြံပြီးနေသည့်ကြားမှပင် ကျွန်တော်သည် အခန်းခ နှစ်ပတ်စာ ကြွေးတင်နေသည်ကိုတွေ့ရသည်။ ကျွန်တော်၏လက်ကျန်ငွေကို တွက်ချက်ကြည့်လိုက်သည့်အခါတွင်လည်း သုံးသျှိလင်နှင့် ငါးပဲနိမျှသာရှိပါသည်။ နောက်ပိုင်းရှစ်လအတွင်း ကျွန်တော်၏ စားရေးနှင့်ဝတ်ရေးအတွက် ငွေကြေး အခက်အခဲနှင့် ရင်ဆိုင်ရမည့်အခြေအနေကို မြင်နေရပါသည်။ သို့ဖြစ်ရာ ကျွန်တော် တစ်ခုခု လုပ်ရပါတော့မည်။ လုပ်မည်ဆိုပါကလည်း နှေးနှေး ကွေးကွေး နေ၍မဖြစ်။ မြန်မြန်ဆန်ဆန်လုပ်ပါမှ ဖြစ်လိမ့်မည်။

ကိုယ့်အဖြစ်ကိုယ် သဘောကျလွန်းသဖြင့် ရုတ်တရက် မပြုံးဘဲနှင့် ဝါးလုံးကွဲ ရယ်ချလိုက်မိသည်။ ခိုးလိုးခုလုနိုင်လှသော မွေ့ရာပေါ်တွင် တလူးလူး တလိမ့်လိမ့် ဖြစ်သွားသည်အထိ အားရပါးရ ရယ်နေမိခြင်း ဖြစ်၏။ ရယ်နေရင်းမှပင် ကျွန်တော့်အဖြစ်သည် စားကျက်မြက်ခင်းပြင်ကြီးတစ်ခု အတွင်း၌ ခုန်ပေါက်မြူးထူးနေသည့် မြင်းပေါက်စလေးတစ်ကောင်နှင့် တူလှသည်ဟု တွေးလိုက်မိပါသည်။

တကယ်တော့ ကျွန်တော်ရင်ဆိုင်နေရသည့် ပြဿနာသည် ဘာများ ရေးကြီးခွင်ကျယ် လုပ်စရာရှိပါသနည်း။ ကျွန်တော်သည် ကျန်းမာသန်စွမ်းသော လူငယ်တစ်ယောက်ဖြစ်ရုံမျှမက ရဲရဲနီသော အိုင်းရစ်သွေးရောနေသည့်

www.burmeseclassic.com

www.burmeseclassic.com


လွယ်လွယ်နှင့် အနိုင်မခံ အရှုံးမပေးတတ်သော စကော့လူမျိုးတစ်ယောက် ဖြစ်သည် မဟုတ်ပါလော။ ရင်ဆိုင်နေရသောပြဿနာ ပြေလည်ရန် ကျွန်တော် အလုပ်လုပ်မည်။ အလုပ်လုပ်မည်။

အလုပ်... အလုပ်။ ပြီးတော့ ကျွန်တော် အသက်ရှင်ရေးအတွက် လေကိုရှူမည်။ ပန်းခြံထဲအိပ်မည်။ လမ်းပေါ်၌ သီချင်းဆိုမည်။ ဆရာဝန်ဘွဲ့ ကိုသာရမည်ဆိုလျှင် ဘာအလုပ်ပဲ လုပ်ရလုပ်ရ လုပ်မည်။

BURMESE CLASSIC .com

တကယ်တော့ ကျွန်တော်သည် ဖျက်သင်္ဘော'မီလင်မတ်စ်'နှင့်အတူ ဘေးအန္တရာယ်အများအပြားကို နှစ်ပေါင်းများစွာ ရင်ဆိုင်ဖြတ်သန်းပြီး ဆန်ခါတင် အသက်ရှင်၍ ကျန်ရစ်ခဲ့သူဖြစ်သည်။ ကျွန်တော်တို့သင်္ဘောသည် မြောက်ပင်လယ်၏ ပြာမွဲမွဲ ခဲရောင်သန်းကာ အမြဲတစေ လှိုင်းတံပိုးများထကြွ လှုပ်ရှားနေသည့် ရေပြင်ထက်တွင် ကမ်းခြေစောင့် ကင်းလှည့်တာဝန်ကို ယူခဲ့ကြရ၏။ မြေပုံပေါ်တွင် ရှာမတွေ့နိုင်သည့် ရေမြှုပ်ဗုံးများ မြုပ်ထားရာ တော်ချယ်လင်း၊ ဇီးဘရုပ်ဂျီနှင့် ဂျပ်လင်းစသော နေရာများ၌ လှုပ်ရှားသွား လာခဲ့ကြရသည်။ ရေငုပ်သင်္ဘောများ အလစ်ဝင်ရောက်နှောင့်ယှက်တတ်သည့် ဧရိယာဖြစ်သဖြင့် အမြဲတစေ အသက်ကယ်အင်္ကျီကို ဝတ်ထားရသည်။ အိပ်ပြန်တော့လည်း စိတ်ချလက်ချမအိပ်ရဲ။ လှိုင်းမူးသည့်ဒဏ်ကြောင့် လူအားလုံး ဒယိမ်းဒယိုင်။ အချိန်မရွေး ဗုံးပေါက်ပြီး သင်္ဘောတစ်စီးလုံး အစိတ်စိတ် အမွှာမွှာဖြစ်သွားမည့် အခြေအနေကို ရင်တထိတ်ထိတ်ဖြင့် မျှော်လင့်စောင့်စား နေကြရသည့်အဖြစ်။

မည်သို့ပင်ဖြစ်စေ စစ်ကြီးကတော့ ပြီးသွားခဲ့လေပြီ။ ဘုရားသခင်ကို ကျေးဇူးတင်ရပေလိမ့်မည်။ ဤစစ်ကြီးမျိုး နောက်ထပ်ဘယ်တော့မှဖြစ်တော့ မည်မဟုတ်။ အခုဆိုလျှင် နွေဦးပေါက်နေပြီ။ သာယာလှပသည့် နွေဦးရာသီ ဖြစ်ပါ၏။ မီးခိုးငွေ့များ အလွန်ထူထပ်သည့် ဂလက်စကိုမြို့လို မြို့ဟောင်းကြီး ကိုပင် ကျက်သရေရှိလာအောင် ဝင်းလက်တောက်ပသော နေရောင်ခြည်များ ဖြင့် ပက်ဖျန်းလွှမ်းခြုံထားပါသည်။

ကျွန်တော်၏ လက်ရှိအခြေအနေသည် ရေရေရာရာမရှိ။ မျှော်လင့် ချက် ကင်းမဲ့သလိုလည်း ဖြစ်လျက်ရှိ၏။ ဤအခြေအနေမျိုးနှင့် ကြုံနေရခိုက်

www.burmeseclassic.com

www.burmeseclassic.com


တွင်မှ ကျွန်တော်သည် ချစ်သူနှင့်တွေ့နေလေပြီ။ သူသည်ကိုယ်လုံးကိုယ်ထည် သွယ်သွယ်လျလျ။ မျက်လုံးက အညိုရောင်။ အသက်က ဆယ့်ရှစ်နှစ်။ ဆံပင်က ဝါညိုညို။ နေလောင်ထားသည့် အသားအရောင်။ ချစ်စရာကောင်းလှ သည့်အလှနှင့် ရိုးသားဖြူစင်မှုတို့က ကျွန်တော်၏နှလုံးသားကို အရည်ပျော်သွားအောင် ဖန်တီးခဲ့၏။ သူသည်လည်း ဂလက်စကိုတက္ကသိုလ်၌ ဆေးပညာသင်နေသူဖြစ်သည်။ ယူဂန်ဒါ နိုင်ငံခြားသာသနာပြုအသင်းတစ်သင်းတွင် ဆရာဝန်အဖြစ် ဝင်ရောက်အမှုထမ်းရန် ရည်ရွယ်ချက်ရှိသည်။

လွန်ခဲ့သော သီတင်းပတ်များစွာ၏ မြူများဆိုင်းကာ မှိုင်းမှုန်နေသော ဖေဖော်ဝါရီလတစ်နေ့တွင် ဖြစ်ပါသည်။ ရောဂါဗေဒဌာနသို့ ကျွန်တော်အသွားတွင် အမှတ်မထင် ဆုံမိခဲ့ခြင်းဖြစ်သည်။ သူသည် စားပွဲ၌ထိုင်၍ အလုပ်လုပ်နေရာမှ မော့ကြည့်သည်။ အကြည့်ချင်းဆုံမိကြသည့် ထိုတဒင်္ဂအချိန်ကလေးမှာပင် ကြောင်းကျိုးရှာ၍မရနိုင်သည့် ချစ်ခြင်းမေတ္တာမျိုးစေ့သည် ရှင်သန်ပေါက်ဖွားလာခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော့်ပါးစပ်မှ ပထမဆုံး ထွက်သွားသည့် စကားတစ်ခွန်းမှာ အူကြောင်ကြောင်နိုင်လှပါသည်။

'ဒီနေ့ မြူတွေအတော့်ကို ဆိုင်းနေတယ်… နော်'

မည်သို့ပင်ဖြစ်စေ။ ကျွန်တော် သူ့နာမည်ကိုတော့ သိခဲ့ရ၏။ သူ့နာမည်မှာ 'မေရီ'။

ထိုအချိန်မှစ၍ ကျွန်တော်တို့သည် အပြင်ထွက်လျှင် တတွဲတွဲ။ တကယ်တော့ ဂလက်စကိုမြို့တော်သည် ပျင်းရိငြီးငွေ့စရာကောင်းသော မြို့တစ်မြို့ဖြစ်သည်။ သို့တစေလည်း ဤမြို့ကြီး၏ ဂုဏ်သိက္ခာကို အဖတ်ဆယ်ထားသည့် အရည်အသွေး နှစ်ခုရှိသည်။ တစ်ခုမှာ လက်ဖက်ရည်ဆိုင်များ၏ ကောင်းမြတ်သောအင်္ဂါရပ်ဖြစ်၏။ နှစ်ပဲနိပေး၍ လက်ဖက်ရည်တစ်ခွက်မှာသောက်ပြီး ကိုယ်ထိုင်ချင်သလောက် ထိုင်နိုင်သည်။ ဒုတိယ အင်္ဂါရပ်မှာ မြို့ပတ်ဝန်းကျင်ရှိ တောင်ပိုင်းဒေသ၏ ရင်သပ်ရှုမော အံ့သြဖွယ်ကောင်းသည့် အလှဖြစ်သည်။

လက်ဖက်ရည်ဆိုင်ထိုင်လျှင် ကျွန်တော်သည် မိမိတတ်နိုင်သည့် နှစ်ပဲနိထက် နောက်ထပ်နှစ်ပဲနိ အကုန်ခံလေ့ရှိ၏။ မေရီနှင့်အတူတူထိုင်၍

www.burmeseclassic.com

www.burmeseclassic.com


စကားကြာကြာပြောနိုင်ရန်ဟူသော အကြောင်းပြချက်နှင့်ဖြစ်ပါသည်။ စနေနေ့များဆိုလျှင်တော့ ခါတ်ရထားစီးကာ အနီးအနားရှိ တောအုပ်များနှင့် တောင်ကုန်းများဆီသို့သွားသည်။ မြို့တော်၏ ဆင်ခြေဖုံးရပ်ကွက်များ၊ တောင်ကုန်းများဆီသို့ သွားသည်။ မြို့တော်၏ ဆင်ခြေဖုံးရပ်ကွက်များအတွင်းမှ ဖြတ်သန်းသွားရခြင်းဖြစ်၏။ ထို့နောက် နှစ်ယောက်သား ပူနွေးသောလေဒဏ်ကို ခံ၍ အပူအပင်ကင်းမဲ့စွာဖြင့် ကုန်းတန်းများအပေါ် ကျော်ဖြတ်၍ လမ်းလျှောက်ကြသည်။

ကျွန်တော်တို့နှစ်ယောက် အလေးအနက်ထား၍ စဉ်းစားဆင်ခြင်ကြသည့်အခါများတွင် ကျွန်တော်တို့နှစ်ဦး၏ ရာသက်ပန် ဆက်ဆံရေးသည် ဖြစ်နိုင်စရာ အလားအလာ မရှိသည်ကို တွေ့နေရပါသည်။ ကျွန်တော်တို့နှစ်ယောက်သည် စိတ်နေသဘောထားချင်းသာလျှင် မတူကြသည်မဟုတ်။ အကျင့်စရိုက်နှင့် ဝါသနာတွင်လည်း မတူညီကြပါ။ လက်ထပ်ဖို့အရေး တွေးလိုက်သည့်အခါ ပို၍ပင် အလှမ်းဝေးလျက်ရှိ၏။

မေရီသည် စကားနည်းသူဖြစ်သည်။ ငြိမ်ငြိမ်အေးအေး နေတတ်သည်။ ရှက်တတ်ကြောက်တတ်သည်။ သူ့ကိုယ်သူ ထိန်းသိမ်းစောင့်စည်းလွန်းသည်။ မိုးခါးရေသောက် မလုပ်တတ်သူများ၏အလယ်၌ ကြီးပြင်းခဲ့ရသူဖြစ်သည်။ အာဖရိကတိုက် ကွန်ဂိုနိုင်ငံမှ တိုင်းရင်းသားများအား ခရစ်ယာန်ဘာသာဝင်များဖြစ်လာအောင် ကြိုးပမ်းအားထုတ်ရေးတွင် စိတ်အားထက်သန်နေသူဖြစ်သည်။ ကျွန်တော်ကတော့ သူ့လိုမဟုတ်။ ပျော်ပျော်နေသေခဲ ဝါဒသမားဖြစ်သဖြင့် ပေါ့ပေါ့တန်တန် နေတတ်သည်။ တိုးတက်ကြီးပွားလိုသော ဆန္ဒ ကြီးမားသည်။ မိရိုးဖလာ ဘာသာအယူဝါဒအပေါ်တွင်လည်း သိပ်ပြီး အလေးအနက်ထားသူ မဟုတ်။ သို့ဖြစ်ရာ မေရီ၏မိသားစုအသိုင်းအဝိုင်းတွင် အံဝင်ခွင်ကျဖြစ်ဖို့မလွယ်။

ကျွန်တော်တို့နှစ်ဦးစလုံး၏ အပေါင်းအသင်းများကလည်း အခါအခွင့်သင့်တိုင်း ကျွန်တော်တို့နှစ်ယောက်၏ မတူညီမှုများကို ပြောပြတတ်ကြသည်။ ကျွန်တော်တို့နှစ်ယောက်သည် ဤပြဿနာကို လက်ဖက်ရည်ဆိုင်တွင်ထိုင်၍ လက်ဖက်ရည်နှင့် ဗန်းမုန့်များအကုန်ခံကာ ဆွေးနွေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com


မတူညီသောဘဝနှစ်ခုကို ပေါင်းစပ်၍မဖြစ်ဟု သဘောရကြသဖြင့် သတ္တိရှိရှိနှင့်ပင် လမ်းခွဲရန် ဆုံးဖြတ်ကြသည်။ သို့သော်လည်း ဤကဲ့သို့ ဆုံးဖြတ်ချက်ချပြီး နောက်တစ်နေ့နံနက်မှာပင် နယူတန်၏ဆွဲငင်အား သဘောတရားထက် ပိုမို၍ပြင်းထန်သော ဆွဲငင်အားတစ်ခု၏ တွန်းအားကြောင့် ကျွန်တော်တို့ နှစ်ယောက် ဘယ်တော့မှလမ်းမခွဲဟု သစ္စာဆိုမိကြပြန်ပါသည်။

ကျွန်တော်သည် အိပ်ရာပေါ်မှ ခုန်၍ထလိုက်ပြီး ပြတင်းပေါက်ကို ဖွင့်ကာ နံနက်တိုင်းလုပ်နေကျ လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ကျွန်တော်၏ ပိန်ခြောက်ခြောက်ကိုယ်ခန္ဓာကို နှိပ်စက်ညှဉ်းပန်းသည်။ ထို့နောက် ခနော်နီခနော်နဲ့နိုင်လွန်းသော ရေချိုးခန်းထဲသို့ဝင်၍ သွားတိုက်သည်။ ရေခဲနေသော ကြွေဇလုံထဲမှရေဖြင့် မျက်နှာသစ်သည်။ အဝတ်အစား ကပျာကယာလဲသည်။ ရေတပ်ယူနီဖောင်းဝတ်စုံ အဟောင်းမှလွဲပြီး အခြားလဲစရာမရှိသဖြင့် စိတ်ထိခိုက်ရသေးသည်။ ကျွန်တော်အတန်းတက်နေသည်မှာ ရေတပ်မှဗိုလ်ချုပ်ပေါက်စတစ်ယောက် အတန်းတက်နေပုံနှင့် တူလျက်ရှိ၏။ ထို့နောက် ဦးထုပ်ချွန်ကို ခပ်စောင်းစောင်းဆောင်းကာ ကျောင်းစာအုပ်များကို ကောက်ယူပြီး အောက်ထပ်သို့ ပြေးဆင်းခဲ့သည်။

ကျွန်တော် ကံဆိုးမိုးမှောင်ကျသည်ဟု ဆိုရပါလိမ့်မည်။ တံမြက်စည်းကိုင်၍ အမှိုက်ပုံးကိုဆွဲကာ တံခါးဝမှာရပ်၍ ကျွန်တော်ဆင်းအလာကို စောင့်နေသည့် အိမ်ရှင်မိန်းမကြီးနှင့် ရင်ဆိုင်တိုးနေသည်။ မိန်းမကြီးမှာ ပိန်ခြောက်ခြောက်နှင့် အသွေးအသားမရှိသည့် ရုပ်လက္ခဏာမျိုးဖြစ်သည်။

'မင်္ဂလာနံနက်ပါ မစ္စက်ဂရန့်'

မိန်းမကြီးက ကျွန်တော့်အား တုံ့ပြန်ခြင်းမပြုပါ။ ကျွန်တော့်အား မသင်္ကာသောမျက်လုံးများဖြင့် စူးစိုက်ကြည့်နေသည်။

'မနေ့ညက မင်းအခန်းထဲမှာ ငါးကြော်တယ်မဟုတ်လား'

'ဩော်... ဒါက... ဒီလိုပါ'

'သြော်နံ့က တစ်အိမ်လုံး နံစော်နေတာပဲလို့ သိရတယ်၊ ငါ့အိမ်ငှား အိန္ဒိယန်းအမျိုးသား တော်တော်စိတ်ညစ်နေတယ်၊ မင်းဟာ ငါ့ခါတ်ငွေ့တွေကို ဖြုန်းတီးပစ်နေတာပဲ'

www.burmeseclassic.com

www.burmeseclassic.com


'ကျွန်တော် ခတ်ငွေ့အများကြီး မသုံးပါဘူး မစ္စက်ဂရန့်၊ အမှန်က...'

ကျွန်တော်က တရင်းတနှီးသဘောဖြင့် ရယ်လိုက်ပါသည်။

'ကျွန်တော် မကျက်တကျက် စားတာပါ'

မိန်းမကြီးသည် ကျွန်တော့်ရယ်သံကြောင့် ရွှင်မြူးသွားသည့် လက္ခဏာ မပြပါ။ သဘောမကျသည့်လက္ခဏာကို ဖော်ပြကာ မကြည်မသာ မျက်နှာထားဖြင့် ခေါင်းတယမ်းယမ်းလုပ်နေသည်။

'စစ်ပွဲက ပြန်လာတဲ့လူမို့ မင်းကို ငါအပြစ်မပြောချင်ပါဘူး၊ ဒါပေမယ့် မင်းအခန်းလခ ကြွေးတင်နေတယ်၊ တကယ်လို့ မပေးနိုင်ဘူး ဆိုရင်တော့ မင်းသွားဖို့ပြင်ရမှာပဲ'

ငြိမ်ဆိတ်သွားသည်။ ကျွန်တော်သည် လက်သီးကိုဆုပ်ကာ ဩစလာ၏ ဆေးဝါးလက်တွေ့ ကုထုံးကျမ်းစာအုပ်အဖုံးကို ခပ်ကြမ်းကြမ်းထုပစ်လိုက်သည်။

'ဒီမယ်.. မစ္စက်ဂရန့်၊ ကျွန်တော် ဟစ်ပိုကရေးတီးကို တိုင်တည်ပြီး ကျိန်ပြောမယ်၊ ကျွန်တော် ခင်ဗျားရဲ့အခန်းခကို ဆက်ဆက်ပေးမယ်၊ ကျွန်တော့်မှာ ရစရာရှိသေးတယ်၊ မကြာဘူး စိတ်ချ'

အပြင်ဘက်တွင် နူးညံ့လတ်ဆတ်သောလေသည် အေးအေးသာသာ တိုက်ခတ်လျက်ရှိ၏။ ကျွန်တော်သည် ကယ်လ်ဗင်ဂရုပန်းခြံတွင်းမှ ဖြတ်လျှောက်လာခဲ့သည်။ အပွင့်များပွင့်နေသော အနီရောင်ချုံပင်များကြားမှ တေးဆိုငှက်သံကို ကြားနေရသည်။ အနုပညာပြတိုက် ပတ်ပတ်လည်ရှိ စိမ်းမြမြမြက်ခင်းပြင်များပေါ်တွင် နနွင်းရောင်ပေါက်နေသည့် အဝါရောင်နေခြည်အပြောက်အစက်များသည် ဟိုတစ်ကွက်သည်တစ်ကွက် ပြန့်ကျဲနေကြသည်။ ပြတိုက်ရှေ့၌ ချိတ်ဆွဲထားသည့်ပန်းချီကားမှာ နာမည်ကျော် ပန်းချီဆရာကြီးရန်းဘရင့်၏ 'ချပ်ဝတ်တန်ဆာနှင့်လူ'အမည်ရှိ ပုံတူပန်းချီကားကြီးဖြစ်သည်။ ဤပုံကြီးရှေ့ရောက်တိုင်း မကြာခဏ သက်ပြင်းချကာ 'နောက်တစ်နေ့ကျရင် ဒီပန်းချီကားမျိုးတစ်ခုတော့ ငါပိုင်ရမယ်' ဟု ကျွန်တော် တွေးလေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်ဖက်သောတောင်ကုန်းထိပ်တွင်မူ ကြည်လင်သာယာလျက်ရှိသော နံနက်ခင်း ကောင်းကင်ပြင်ကို နောက်ခံပြုကာ မားမားမတ်မတ်ရပ်တည်နေသည့် တက္ကသိုလ်အဆောက်အအုံ။ နှစ်ပေါင်းငါးရာမျှ ထမ်းဆောင်ရလာခဲ့ရသည့် တာဝန်၏ဖိစီးမှုဒဏ်ကြောင့် မောဟိုက်နွမ်းနယ်နေသည့်နှယ်ရှိသည်။ တောရကျောင်းတစ်ကျောင်းသဖွယ် ထီးတည်းကျန်ကျန်နိုင်လှသော ဤတက္ကသိုလ်သည် ဆင်းရဲသလောက် စိတ်အားထက်သန်လှသောတောပိုင်းဒေသမှ စကော့လူငယ် အရေအတွက်မည်မျှကို လက်ခံသင်ကြားပေးခဲ့ပြီးပြီနည်း။ တက္ကသိုလ်ဖွင့်စ စောစောပိုင်း အချိန်ကာလများအတွင်းကတောပိုင်းဒေသမှ စကော့လူငယ်များသည် ဂျုံအိတ်များ ကိုယ်စီထမ်း၍ တက္ကသိုလ်သို့ ရောက်လာကြသည်။ ပညာသင်ကြားနေရမည့် လများအတွင်း ယာဂုကြိုသောက်ရန်အတွက် ဂျုံအိတ်များကို တစ်ပါတည်းသယ်လာကြခြင်းဖြစ်၏။ ယင်းအလေ့အထကို အမြဲတစေ သတိရနေစေလိုသည့် ရည်ရွယ်ချက်ဖြင့် ယနေ့ထက်တိုင် တက္ကသိုလ်မှ 'မီးလ်မန်းဒေး'ဟူသော အမည်ဖြင့် ကျောင်းပိတ်ရက်တစ်ရက် သတ်မှတ်ကာ အထိမ်းအမှတ်ပွဲ ပြုလုပ်လေ့ရှိသည်။ ထိုခေတ်အခါက ပညာဆည်းပူးခဲ့ကြသော လူငယ်များထဲမှ အရေအတွက်မည်မျှသည် ပညာကိုဆုံးခန်းတိုင်အောင် သင်ကြားသွားခဲ့ကြပါသနည်း။ အပြင်းအထန်ကြိုးစားအားထုတ်ပါလျက်နှင့် မအောင်မမြင်ဖြစ်ကာ ပညာတစ်ပိုင်းတန်းလန်းနှင့် ကိုယ့်ရပ်ကိုယ့်ရွာသို့ တပ်ခေါက်၍ ပြန်သွားရသည့်လူငယ်အရေအတွက်သည် မည်မျှလောက်ရှိပါမည်နည်း။

ဤအကြောင်းများကိုတွေးမိသောအခါ ကျွန်တော့်ရင်သည် တထိတ်ထိတ်ဖြစ်လာရသည်။ ကျွန်တော်ရှုံး၍မဖြစ်။ မည်သည့်နည်းနှင့်မဆို အောင်မြင်ရမည်။ ဆရာဝန်ဖြစ်လိုခြင်းသည် ကျွန်တော့်စိတ်ကို အလွှမ်းမိုးဆုံးသောဆန္ဒဖြစ်ပါ၏။ ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် အကြီးမားဆုံးနှင့် အပြင်းထန်ဆုံးသောဆန္ဒလည်း ဖြစ်ပါ၏။ ကျွန်တော် အသက်ရှင်နေခြင်းသည် ဆရာဝန်ဖြစ်ဖို့ဟုပင် ထင်မိသည်။ ကျွန်တော့်အဖေသေဆုံးခဲ့ပြီးသည့်နောက် မယုံကြည်နိုင်လောက်အောင် ခက်ခဲပြင်းထန်သည့် ရုန်းကန်လှုပ်ရှားမှုများနှင့် ရင်ဆိုင်ခဲ့ရသည်မှာ ဆယ်နှစ်မျှ ကြာခဲ့ပြီဖြစ်၏။ ထိုကာလတစ်လျှောက်လုံးတွင်လည်း

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်၏ ထိုဆန္ဒသည် ပျောက်ကွယ်သွားခြင်းမရှိ။ ကျွန်တော့်ရင်ထဲ၌ အခိုင်အမာ စွဲလျက်ပင်ရှိသည်။

အမှန်တော့ ကျွန်တော့်အဖေဆုံးခြင်းသည် ကျွန်တော့်ဘဝကို အကြီးအကျယ်ပြောင်းလဲစေခဲ့သည့် အဖြစ်အပျက်တစ်ခုဖြစ်သည်။ အဖေရှိစဉ်က ထင်သလိုသုံးဖြုန်းပြီး စိတ်လွတ်ကိုယ်လွတ်နေခဲ့သော ကျွန်တော်သည် အဖေမရှိတော့သည့်အခါ အသက်ရှင်ရေးအတွက်ပင် အပြင်းအထန် ရုန်းကန်နေခဲ့ရ၏။ ဆင်းရဲမွဲတေသွားသော လူငယ်တစ်ယောက်ဘဝတွင် ဘာကိုမှတောင့်တမရ။ ပတ်ဝန်းကျင်၏ အဖိအနှိပ် အထုအထောင်းဒဏ်ကို ခံရသည်။ ကံကြမ္မာဆိုး၏အောက်မှ ရုန်းထွက်နိုင်ရန် အားထုတ်ရသည်။ မိမိလုပ်ကိုင်နေသမျှ အရာအားလုံး မှန်ကန်ကြောင်း၊ သင့်တင့်ကြောင်း သိသာထင်ရှားအောင် ပြရသည်။ မှန်ကန်သည်ဟုဆိုရာ၌ မိမိ၏အမြင်၌သာမက သူများ၏အမြင်၌ပါ မှန်ကန်သည်ဟု လက်ခံလာအောင် ကြိုးစားရခြင်းဖြစ်၏။ ယင်းကဲ့သို့သော လူငယ်တစ်ယောက်အဖို့ 'နိုင်အောင်လုပ်၊ မနိုင်လျှင်သေ'ဟူသော ဆောင်ပုဒ်ကို အသည်းနှလုံးတွင် အခိုင်အမာထားရမည်ဖြစ်၏။ ကျွန်တော့်အဖို့တော့ နှလုံးခုန်တိုင်း 'ဆက်လုပ်၊ မင်းလုပ်စရာရှိတာ ဆက်လုပ်၊ ဆက်လုပ်၊ အချမ်းသာဆုံးဖြစ်အောင်၊ အမြင့်ဆုံးနေရာရောက်အောင်၊ အကျော်ကြားဆုံးဖြစ်အောင် ဆက်သာလုပ်' ဟူသော စကားများကို ကျွန်တော့်နားများမှ ကြားနေရပါသည်။

တက္ကသိုလ်တည်ရှိရာ ကုန်းမြင့်၏တောင်ဘက် တစ်ဆင့်စာမျှနိမ့်သော တောင်ကုန်းပေါ်တွင် 'အနောက်ပိုင်းဆေးရုံ'တည်ရှိသည်။ မြို့တွင်းနာရီစင်မှ ကိုးနာရီထိုးသံ ထွက်ပေါ်လာချိန်တွင် ကျွန်တော်သည် ကျောင်းသားများဝင်ပေါက်မှနေ၍ ဆေးရုံတွင်းသို့ ဝင်ခဲ့ပြီးဖြစ်၏။ ယနေ့နံနက်ပိုင်းတွင် ခွဲစိတ်ခန်းထဲ၌ ဦးနှောက်ရောဂါတစ်ခုကို ခွဲစိတ်ပြလိမ့်မည်ဖြစ်သည်။ အထူးတလည် ပြသမည့် ကုသမှုတစ်ခုဖြစ်သဖြင့် ဤပွဲကို ကျွန်တော် အလွတ်မခံနိုင်။ ထို့ပြင်လည်း ခွဲစိတ်ကုသမှုပြီးလျှင်ပြီးချင်း လက်တွေ့ အကောင်အထည်ပေါ်အောင်ဖော်မည်ဟု စီစဉ်ထားသောစိတ်ကူးတစ်ခု ကျွန်တော့်တွင် ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်အနေဖြင့် ထိုစိတ်ကူးကို အကောင်အထည်ဖော်ရဲသည့် သတ္တိရှိနေသည်မှာ မှန်သော်လည်း အခုလို မြောက်ပိုင်းတက္ကသိုလ်လေးတစ်ခုရှိ ကျောင်းသားတစ်ယောက်အဖို့ မိမိကိုယ်မိမိ ထောက်ပံ့သွားနိုင်မည့် အခွင့်အရေးရဖို့ဆိုသည်မှာ လက်တွေ့အားဖြင့် မလွယ်လှပါ။ ဖြစ်နိုင်သည့် အလားအလာဟူ၍ မရှိသလောက်ပင်ဖြစ်ပါသည်။ ဆေးရုံရှိ ခွဲစိတ်ကုဆရာဝန်ကြီး တစ်ဦးဦးထံ၌ 'ဆေးထည့်သူ' သို့မဟုတ် 'လက်ထောက်ဆရာဝန်' အလုပ်ရနိုင်သော အခြေအနေကတော့ ရှိနေ၏။ အကယ်၍ ထိုအလုပ်တစ်ခုခုသာ ရခဲ့ပါမူ လစာတော့ရမည်မဟုတ်။ သို့သော်လည်း အစားအသောက်နှင့် အခန်းခတော့ အခမဲ့ရမည်ဖြစ်သည်။ တစ်ဦးသောပုဂ္ဂိုလ်က ကျွန်တော်အား တိတ်တဆိတ် ကျိတ်၍အကြံပေးထားသည်။ ခွဲစိတ်ကုဆရာဝန်ကြီး ပါမောက္ခ ဆာဝီလျံမက်အီးဝင်း၏ ဆေးထည့်သူအလုပ်ကို ရမည်ဆိုပါက မော်ကွန်းထိန်း အရာရှိထိ ရာထူးတက်သွားနိုင်ဖွယ်ရာ ရှိသည်ဟုပင် သူကဆိုသည်။

ပါမောက္ခမက်အီးဝင်းသည် ကျွန်တော်နှင့် အဆင်ပြေဖွယ်ရာရှိသည်ဟု စိတ်ကထင်သည်။ ရေတပ်ထဲမဝင်မီကဆိုလျှင် သူသည် ကျွန်တော့်အား အထိုက်အလျောက် ကူညီခဲ့ဖူးသည်။ ကျွန်တော်ကျောင်းသို့ပြန်ရောက်ခဲ့သည့် အချိန်မှစ၍ ကျင်းပခဲ့သော လစဉ်စာမေးပွဲများတွင်လည်း သူ့ဘာသာရပ်၌ ကျွန်တော် ပထမချည်းရထားခဲ့သည်။ သို့ဖြစ်ရာ ကျွန်တော့်အတွက် အလားအလာကောင်းလိမ့်မည်ဟု ယူဆသည်။ ထို့ကြောင့်လည်း ဤအလုပ်ရရှိရေး အတွက် သူ့အား အပူကပ်မည်ဟု ကျွန်တော်ဆုံးဖြတ်ထားသည်။

ခွဲစိတ်ခန်းထဲတွင် ကျောင်းသားများရောက်နေကြပြီ။ ထိုင်ခုံအားလုံး ပြည့်သလောက်ဖြစ်နေပြီ။ ကျွန်တော့်သူငယ်ချင်း ချစ္စဟိုးလ်က ရှေ့ဆုံးတန်း ခုံတွင် ကျွန်တော့်အတွက် နေရာဦးထားပေးသည်။ ကျွန်တော် သူ့ဘေး၌ ဝင်ထိုင်လိုက်ချိန်တွင် ဘီးတပ်လူနာတင် ခုတင်တစ်လုံး တွန်းသွင်းလာသည်ကို တွေ့ရ၏။ ခုတင်ပေါ်တွင် မေ့ဆေးပေးထားသည့် အသက်လေးဆယ်ကျော် ငါးဆယ်တွင်းအရွယ် လူနာအမျိုးသမီးကြီးတစ်ယောက်။

ကျွန်တော်သည် ဝေဒနာခံစားနေရသည့် လူနာများနှင့် စိမ်းသူမဟုတ်ပါ။ သို့တစေလည်း ဤလူနာမိန်းမကြီးကိုမြင်ရသည်မှာ စိတ်ထဲ၌ တစ်မျိုးဖြစ်

www.burmeseclassic.com

www.burmeseclassic.com


နေသည်။ သူသည် ခုတင်ပေါ်၌ လှုပ်ရှားနိုင်စွမ်းမရှိ။ ဝေဒနာဒဏ်ကြောင့် မျက်နှာသည် ရှုံ့မဲ့လျက်ရှိသည်။ အသက်ရှူနေပုံမှာလည်း ပြင်းထန်လွန်းလှ၏။ တစ်ခေါင်းလုံးမှ ဆံပင်များကို ပြောင်အောင်ရိတ်ကာ အိုင်အိုးဒင်းများ သုတ်လိမ်းပေးထားသဖြင့် ဘိလိယက်ဘောလုံးကြီးတစ်လုံးနှင့် တူနေသည်။ အမျိုးသမီးကြီး၏ ပုံပန်းသည် လူသားတစ်ယောက်နှင့်မတူ။ မျက်စိထဲတွင် အမြင်ဆိုးကာ ကိုးရိုးကားရား ဖြစ်နေသည်။ လူနာအမျိုးသမီးကြီး၏ နောက်ခံရာဇဝင်ကို ကျွန်တော် ပြန်၍စဉ်းစားနေမိပါသည်။

စ၍ဖြစ်ပုံမှာ သားသမီးများအား ကျောင်းလိုက်ပို့ခြင်း၊ သူ့ယောကျ်ားအတွက် ညစာချက်ပြုတ်ခြင်းစသော အိမ်မှုကိစ္စအဝဝကို လုပ်ရင်းနှင့် သူ့နားနှစ်ဖက်သည် ခေါင်းလောင်းသံလိုလို၊ ဘာလိုလို အသံတစ်မျိုးကို ခပ်သဲ့သဲ့ကြားနေရသည်။ တစ်ခါတစ်ရံကျတော့ အသံသည် မီးဖိုခေါင်းတိုင်ထဲ လေတိုးသံနှင့်တူသည်။ အသံက ထူးဆန်းလွန်းသဖြင့် တစ်ခါတလေ ပြုံးပင်ပြုံးမိသည်။ သီတင်းပတ် အနည်းငယ်မျှကြာသည်အထိ အသံများသည် ပေါ်လာလိုက်၊ ပျောက်သွားလိုက် ဖြစ်နေသဖြင့် သူသည် နားများအတွင်းသို့ ဆီအနည်းငယ်လောင်းထည့်သည်။ သို့သော်လည်း အသံများကြားမြဲတိုင်း ကြားနေရသည်။ ထို့နောက် မကြာခင်မှာပင် မျက်စိများက ဒုက္ခပေးလာသည်။ နေ့စဉ်သတင်းစာမှ စာလုံးများသည် သူ့မျက်စိများထဲတွင် ဝိုးတိုးဝါးတား ဖြစ်လာသည်။ အား.. ဟုတ်ပြီ၊ မျက်စိမှုန်၍ ဖြစ်နေခြင်းမဟုတ်ပါလော။ မျက်မှန်လဲရမည်ကို အခုမှ ဘာကြောင့်သတိထားမိရသနည်း။ သူသည် မျက်မှန်ဆိုင်သို့ သွားသည်။

သို့သော်လည်း ပါဝါများသည့် မျက်မှန်အသစ်သည် သူ့အတွက် အကူအညီမရ။ သူ့ခေါင်းသည် ကိုက်မြဲတိုင်းကိုက်သည်။ ခံတွင်းမလိုက်ဖြစ်ကာ အစားအသောက်ပျက်လာသည်။ သူ့နားထဲမှ ကြားကြားနေရသည့် အသံများမှာ ယခင်ကထက် တိုး၍ဆိုးလာသည်။ ပထမက ခေါင်းလောင်းသံလိုလို အသံမျိုး၊ အခုကျတော့ ဥမင်လှိုဏ်ခေါင်းထဲ မီးရထားဖြတ်သွားသည့် အသံမျိုး၊ အသံသည် ပို၍ကြီးမားပြင်းထန်လာသည်။ သူဘာဖြစ်နေပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com


သူခံစားနေရသည်များအတွက် သောကရောက်လာသည်။ ကြောက်လန့်လာသည်။ ဤသို့ဖြင့် မိသားစုဆရာဝန်ထံ သွားပြသည်။

ဆရာဝန်က သူပြောသမျှကို ဂရုတစိုက်နားထောင်သည်။ သူ့ရင်ပတ်ကို နားကြပ်ဖြင့်အနှံ့ထောက်၍ စမ်းသပ်သည်။ ဆင်ခြင်တိုင်းထွာနေသည့် မျက်နှာထားဖြင့် ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူ့တွင် အားအလွန်နည်းနေသည်ဟု ဆရာဝန်ကပြောသည်။ သူ့ကိုယ်သူ နားနားနေနေမနေဘဲ အချိန်ရှိသမျှ သားသမီးများအတွက်ဖြင့် ပင်ပန်းနေသည်ဟုဆိုသည်။ မည်သည့်ကိစ္စများကိုမဆို သိပ်ပြီး ရေးကြီးခွင်ကျယ်မလုပ်နှင့်။ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များကို များများစားရမည်။ စနေ၊ တနင်္ဂနွေ အားရက်များတွင် ပင်လယ်ကမ်းခြေသို့သွား၍ အပန်းဖြေရမည် စသည်များ ညွှန်ကြားသည်။ အားဆေးပေးသည်။ သူ့နားနှစ်ဖက်စလုံးအတွင်းသို့ ဆေးရည်များ ဖျန်းကာ ဆေးကြောပေးသည်။

ဆရာဝန်ပေးလိုက်သော ဆေးဝါးများအပေါ် မျှော်လင့်ချက်ထားကာ စိတ်အေးနားအေး ဖြစ်သွားသည်။ နောက်တစ်နေ့နံနက် သူအိပ်ရာမှ ထသည့်အခါ ခေါင်းထဲတွင် မူးဝေနောက်ကျိလာသည်။ တစ်ကိုယ်လုံး ယိမ်းယိုင်ကာ သူ့ကိုယ်သူ မဟန်တော့ဘဲ ခြေပစ်လက်ပစ်လဲကျသည်။ ဘေးစောင်းလဲကျသွားခြင်းဖြစ်၏။ ထို့နောက်ပိုင်းတွင် ရောဂါအခြေအနေသည် သက်သာသွားသည်ဟုမရှိတော့ဘဲ တိုး၍သာဆိုးလာသည်။ သူ့ယောက်ျားနှင့်အတူ ဆရာဝန်အသစ်တစ်ဦးထံ သွားပြန်သည်။ ထို့နောက် နောက်တစ်ဦးထံ သွားပြန်သည်။ ဆရာဝန်တစ်ယောက်လျှင် ရောဂါစစ်တမ်းကတစ်မျိုး။ အသည်းမကောင်း၍၊ အာရုံကြောများအားနည်း၍၊ ဝမ်းဗိုက်ချို့ယွင်း၍ စသည်ဖြင့် တစ်မျိုးစီထွက်လာသည်။ ဆေးဝါးကုသမှုကလည်း အသစ် အသစ်သာ ပြောင်းလာသည်။ ခံစားနေသည့် ဝေဒနာက မသက်သာ။

နောက်ဆုံးတွင် စိတ်ပျက်လက်ပျက်ဖြင့် တက္ကသိုလ်ဆေးရုံသို့ ရောက်လာပြီး တတ်ယောင်ကားတစ်ယောက်မဟုတ်သော ပုဂ္ဂိုလ်တစ်ဦး၏ လက်တွင်းသို့ အပ်သည်။ ထိုပုဂ္ဂိုလ်က သူ့အား စနစ်တကျနှင့် သိပ္ပံနည်းကျကျ

www.burmeseclassic.com

www.burmeseclassic.com


စစ်ဆေးသည်။ လိုအပ်သမျှ စမ်းသပ်မှုများပြုလုပ်သည်။ ထို့နောက် ကြောက်မက်ဖွယ်ကောင်းသည့် စကားလုံးများ ထွက်လာသည်။

'ဘရိန်းကျူမာ'ခေါ် ဦးနှောက်၌ အကျိတ်ဖြစ်သည့်ရောဂါ၊ ဤအတွက် မျှော်လင့်ချက်တစ်ခုတည်းသာရှိ၏။ ယင်းမှာ အမြန်ဆုံး ဦးနှောက်ကို ခွဲစိတ်ကုသပေးရန်ဖြစ်သည်။ တကယ်တော့ ယင်းမှာလည်း ရေရာသည် မဟုတ်၊ ဝိုးတဝါး မျှော်လင့်ချက်မျှသာဖြစ်သည်။ သူသိနားလည်လိုက်ရသော အခြေအနေသည် သူ့အဖို့ ကြောက်မက်ဖွယ်ရာကြီးတစ်ခု ဖြစ်ရုံမျှမက ကိုယ်စိတ်နှစ်ပါး ဆင်းရဲသည့်ဒဏ်ကိုပါ အပြင်းအထန်ခံရသည်။ ဤသို့ဖြင့် နောက်ဆုံးတွင် သူသည် လက်မြှောက်အရှုံးပေးကာ ခံစားမှုဟူ၍ ဘာမှမရှိသည့် လောကကြီးအတွင်းသို့ ဝင်ရောက်ခဲ့သည်။ စူးရှထက်မြက်သော သံမဏိဓားသည် သူ၏ဦးခေါင်းကို ခွဲပေတော့မည်။ ထိုဓားသည် သူ၏ဦးခေါင်းခွံကို နှစ်ခြမ်းခွဲကာ အတွင်းသို့ ထိုးဖောက်ဝင်ရောက်ပြီး အသက်ရှင်ရေးကို အနှောင့်အယှက်ပြုနေသည့်အရာများအား ဖယ်ရှားပေးတော့မည်။

ခန်းမကြီးထဲမှ ထူးထူးခြားခြား တိတ်ဆိတ်မှုကြောင့် ကျွန်တော် သတိပြန်ဝင်လာသည်။ ပါမောက္ခ ဝင်လာပြီဖြစ်၏။ အဖော်မပါ၊ အဆောင်အယောင်မပါဘဲ တည်ငြိမ်ချမ်းအေးသောမျက်နှာထားဖြင့် သူတစ်ယောက်တည်း ဝင်လာခြင်းဖြစ်သည်။ ပါမောက္ခဆာဝီလျံမက်အီးဝင်းသည် အသက်ခုနစ်ဆယ်ကျော်ပြီး အရပ်မြင့်မြင့်၊ ခန္ဓာကိုယ်ပိန်ပါးပါး၊ ကိုယ်နေဟန်ထားက တောင့်တောင့်မတ်မတ်၊ အမြဲတစေ သပ်ရပ်သန့်ရှင်းစွာ နေတတ်သဖြင့် ခံ့ညားသည်။ အသားက နီညိုရောင်။ ဦးခေါင်းထက်မှ ဆံပင်များသည် ငွေရောင်လွှမ်းနေပြီ ဖြစ်သော်လည်း အနိုင်မခံ အရှုံးမပေးသည့် ဖွဲ့နှင့်စိတ်ဓာတ်ကြံ့ခိုင်လန်းဆန်းမှုများကို မြင်နေရပါသည်။ မက်အီးဝင်းကို ကြည့်နေရခြင်းသည် ယခုအချိန်ထိ ဩဇာအရှိန်အဝါ မကျသေးသည့် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးတစ်ဦးအား ကြည့်နေရခြင်းပင် ဖြစ်ပါသည်။ အမှန်တော့လည်း သူသည် ဥရောပတစ်လွှားတွင် အတော်ဆုံး ဦးနှောက်ခွဲစိတ်ပါရဂူဆရာဝန်ကြီးတစ်ယောက်အဖြစ် အသိအမှတ်ပြုလာခဲ့ကြသည်မှာ နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com


သုံးဆယ်ပင် ကျော်ခဲ့ပြီမဟုတ်ပါလား။ ကျွန်တော်တို့ ကျောင်းသားများကပါ ပါမောက္ခ မက်အီးဝင်းအား အလွန်ချစ်ခင်ကြသည်။ ကြည်ညိုလေးစားကြသည်။ ကျွန်တော်တို့အားလုံးက သူ့အား သူ့ကွယ်ရာမှနေ၍ 'ဘီလီ'ဟု ခေါ်ကြပါသည်။ ချစ်စနိုးပေးထားသည့် နာမည်ဖြစ်ပါ၏။

သူသည် ခွဲစိတ်ခန်းဝတ်စုံကို ဝတ်ဆင်ထားပြီးပြီဖြစ်သည်။ စားပွဲပေါ်မှ ဓာတ်မှန်ဖလင်ပြားအချို့ကို ကောက်ယူပြီး ဂရုတစိုက်ကြည့်ရှုနေသည်။ ထို့နောက် မျက်နှာကို ကျောင်းသားများဘက်သို့ လှည့်လိုက်သည်။ သူ့အသံသည် စူးရှထက်မြက်သည်။ သူ့အမူအရာသည် ယဉ်ကျေးသိမ်မွေ့သည်။

'တပည့်တို့၊ ဆရာတို့အနေနဲ့ အလွန်စိတ်ဝင်စားဖို့ကောင်းတယ်လို့ ယုံကြည်ရတဲ့ ရောဂါတစ်ခုနဲ့ ဒီကနေ့ ကြုံရတယ်'

ပါမောက္ခက သူစကား ပြောသည့်အခါများတွင် အမြဲတစေ သုံးလေ့ရှိသည့်အတိုင်း 'တို့' ဟူသော စကားကိုသုံးကာ နိဒါန်းပျိုးသည်။

'အခု ရောဂါသည်ဟာ ဦးနှောက်အတွင်းပိုင်းမှာ ဖြစ်လာတဲ့ ရောဂါတစ်ခုရဲ့ အနာရောဂါလက္ခဏာတွေကို အထင်အရှား ပြသလိမ့်မယ်လို့ ဆရာတို့ ယုံကြည်ထားတယ်'

သူသည် စကားကိုဖြတ်ကာ ရပ်ထားလိုက်သည်။ သူ့မျက်လုံးအစုံသည် ကျောင်းသားများအပေါ် လှည့်လည်ကျက်စားနေသည်။ နောက်ဆုံးတွင် ရှေ့ဆုံးခုံတန်း အစွန်ဆုံး၌ထိုင်နေသော ကျွန်တော့်ပေါ် ရောက်လာသည်။

'ဒီအနာရောဂါရဲ့ လက္ခဏာတွေဟာ ဘာတွေလဲ'

'ပြင်းပြင်းထန်ထန် ခေါင်းကိုက်တယ်၊ ထင်ရှားတဲ့အကြောင်းမရှိဘဲ အန်တယ်၊ အန်တာက အစားနဲ့ဘာမှမပတ်သက်ဘူး၊ ခေါင်းအလွန်မူးတယ်'

'ဆက်ပြောပါ'

'ဖြစ်လေ့ဖြစ်ထရှိတာက မျက်စိအာရုံကြောတွေ ပိတ်ဆို့ပြီး အမြင်အာရုံ ပျက်ပြားလာတယ်၊ မျက်စိအာရုံကြော အားနည်းခြင်းဟာ 'ကျူမာ'လို့ ခေါ်တဲ့ အကျိတ်ရှိရာဘက်က မျက်စိအာရုံကြောမှာ ဖြစ်တယ်'

'တကယ်လို့ အကျိတ်က ဦးနှောက်ရဲ့နောက်ပိုင်းမှာ ဖြစ်တယ်ဆိုရင်ရော'

www.burmeseclassic.com

www.burmeseclassic.com


'စကားပြောတာ နှေးလာတယ်၊ ထစ်တီးထစ်ငေါ့ဖြစ်လာတယ်၊ အကျိတ်ရှိတဲ့ဘက်နဲ့ ဆန့်ကျင်ဘက်ကိုစောင်းလျက် လဲကျတတ်တယ်၊ တစ်ဖက်ကိုဆွဲဆွဲသွားတဲ့ သွက်ချာပါဒ ဖြစ်လာတတ်တယ်'

'ရောဂါအခြေအနေ အဆင့်ဆင့်ဖြစ်ပေါ်မှုတွေကို ပြောပြပါဦး'

'ဖြစ်ပေါ်လာနိုင်တဲ့ အလားအလာတွေကတော့ အင်မတန်စိုးရိမ်ရပါတယ်၊ ဦးနှောက်ရဲ့ အောက်ခြေမှာရှိနေတဲ့ အကျိတ်တွေဟာ အများအားဖြင့် ပိတ်ဆို့နေတတ်ပါတယ်၊ အကျိတ်တွေဆီကို ရောက်ဖို့မလွယ်ပါဘူး၊ အသက်သွေးကြောဖြစ်တဲ့ အင်္ဂါအစိတ်အပိုင်းတွေပေါ်မှာ ဖြစ်လာတဲ့ဖိနှိပ်အားကြောင့်၊ သို့မဟုတ် အသက်ရှူလမ်းကြောင်းပိတ်ဆို့မှု၊ သို့မဟုတ် သွေးယိုမှုကြောင့် ရောဂါသည်ဟာ ဖျတ်ခနဲ သေတတ်ပါတယ်'

'အံ့သြလောက်ပါပေတယ်၊ ဆရာ မင်းကိုချီးကျူးပါတယ်'

ကျွန်တော့်အား စာကြိုးစားသည့် ကျောင်းသားတစ်ယောက်ဟု ထင်သွားအောင် ဟန်အမူအရာဖြင့် ဖော်ပြထားသည်။ အမှန်အတိုင်းဝန်ခံရမည်ဆိုပါက ပါမောက္ခဘီလီက ကျွန်တော့်အား ပညာတွင် စိတ်ဝင်စားပြီး စာအလွန်တော်သည့်ကျောင်းသားဟု အထင်အမြင်ရှိသွားစေလိုသောဆန္ဒသည် ကျွန်တော့်တွင် ကြီးမားနေသည်။ အခုလောလောဆယ် ယင်းကဲ့သို့ ထင်သွားမည်ဆိုပါက ကျွန်တော့်အဖို့ ကံကောင်းနိုင်စရာရှိနေသည် မဟုတ်ပါလား။

လူနာ၏ အသက်ရှူသံသည် ပြင်းထန်နေရာမှ ပျော့လာသည်။ ခွဲစိတ်ခန်း သူနာပြုဆရာမသည် ပိုးသတ်ထားသောအဝတ်တစ်စဖြင့် လူနာ၏ လည်ပင်းကို ပတ်ပေးသည်။ ပါမောက္ခမက်အီးဝင်းသည် မေ့ဆေးဆရာဝန်အား တစ်ချက်မျှလှမ်းကြည့်ပြီး ခွဲစိတ်စားပွဲဆီသို့လျှောက်သွားသည်။

သူသည် ခွဲစိတ်ဓားကလေးတစ်ချောင်းကို ကောက်ယူပြီး ပန်းချီကားကြီးတစ်ကား၏ပုံကြမ်းကို လောင်းနေသည့် ပန်းချီဆရာတစ်ယောက်သဖွယ် လူနာ၏ဦးခေါင်းပေါ် ပထမဆုံးဓားချက်ကိုတင်ကာ စတင်၍ခွဲသည်။ ကွာကျလာသောဦးခေါင်းခွံသည် တောက်ပသောစားပွဲမျက်နှာပြင်တွင် အရိပ်ထင်လျက်ရှိ၏။ ထို့နောက် ဦးခေါင်းခွံကို ထိုးဖောက်ခွာလှီးသည့်ကိရိယာ လည်သံသည် တဒီးဒီးမြည်လာသည်။ အရွယ် အလယ်အလတ်စား ပန်းကန်ပြား

www.burmeseclassic.com

www.burmeseclassic.com


တစ်ချပ်စာခန့် ပမာဏရှိသည့် အရိုးကိုလှီးဖြတ်နေခြင်းပေတည်း။ လျှပ်စစ်ကိရိယာကိုမသုံးသဖြင့် အရိုးကိုခွာထုတ်နေရသည်မှာ ခက်ခဲလှချေသည်။ ထူးခြားသောပုဂ္ဂိုလ်များ၌ ရှိတတ်သည့်ချို့ယွင်းချက်ကလေးတစ်ခုပေလားမသိ။ ပါမောက္ခမတ်အီးဝင်းသည် ခေတ်သစ်ခွဲစိတ်ကု ကိရိယာတန်ဆာပလာများအပေါ် အထင်ကြီးပုံမရ။ သူ၏ ထူးကဲပြောင်မြောက်သော ကျွမ်းကျင်မှုအပေါ် လုံးဝအမှီပြုကာ လက်သုံးကိရိယာကိုသာ အသုံးပြုနေခြင်းဖြစ်၏။ တစ်ကြိမ်က သူသည် ဗဟိုတရားရုံးသို့သွား၍ ကျွမ်းကျင်သောပါရဂူသက်သေတစ်ဦးအဖြစ် သက်သေလိုက်ခဲ့ရဖူးသည်။ ထိုစဉ်က တရားသူကြီးက သူ့အားခွဲစိတ်ကုကိရိယာတန်ဆာပလာများအား ရေနွေးဖြင့် ပြုတ်၊ မပြုတ် မေးသည်။ ဘီလီက မိန်းမတစ်ယောက်၏လက်များကဲ့သို့ သေးသွယ် ပျော့ပျောင်းနူးညံ့လှသော သူ့လက်မောင်းများကိုမြှောက်ပြပြီး 'တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော့်အနေနဲ့ ဒီလက်ကလေးတွေကို ဘယ်လိုလုပ်ပြီး ရေနွေးပြုတ်ပစ်လို့ဖြစ်ပါ့မလဲ' ဟု ပြန်ဖြေသည်။

ပါမောက္ခသည် ဦးခေါင်းခွံခွာသည့်ကိရိယာကို ဘေးနား၌ချထားလိုက်ပြီး ဦးခေါင်းခွံရိုးအပိုင်းကို ရီထရက်တာ ကိရိယာဖြင့် အသာအယာဆွဲထုတ်သည်။ အောက်ခြေအတွင်းပိုင်းမှ ပန်းရောင်သမ်းသော ဦးနှောက်မြွေးများကို မြင်နေကြရလေပြီ။ အဆမတန် နူးညံ့ပျော့ပျောင်းသော အပိုင်းဖြစ်ချေသည်။ အကြောမျှင်ကလေးများ ယှက်သန်းလျက်ရှိနေသည်ဖြစ်ရာ လိပ်ပြာတစ်ကောင်၏ အတောင်ပံနှင့်တူလှ၏။ မက်အီးဝင်းသည်အလွန် ကျွမ်းကျင်စွာဖြင့် ဦးနှောက်မြွေးများကို နောက်သို့လှန်ချလိုက်သည်။ သို့သော်လည်း ပေါ်လာသည့်အပေါက်ကလေးမှာ သူ့စိတ်တိုင်းကျ ဖြစ်မလာသေး။ သူသည် တည်ငြိမ်အေးဆေးစွာဖြင့် ရဲရဲဝံ့ဝံ့ပင် အပေါက်ကို ထပ်ချဲ့နေသည်။

ဦးခေါင်းခွံအရိုးများကြားမှဖြတ်၍ အတွင်းဘက်သို့ဝင်သွားနေသော ညှပ်များကိုကြည့်ကာ ကျွန်တော် ကြက်သီးထနေသည်။ အသက်ကိုပင် ဖြောင့်ဖြောင့်မရှူနိုင်။ သူသည် လည်ပင်းနှင့်ဆက်နေသောကျောရိုးအခြေရှိ အကြောများကို ညှပ်နှင့်လိမ်ဆွဲလျက်ရှိ၏။ ထိုအလုပ်ပြီးသွားသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com


ဦးနှောက်အာရုံကြောများ ဘွားခနဲ ပေါ်လာသည်။ ကျောင်းသားများဆီမှ သက်ပြင်းချသံများနှင့် တီးတိုးရေရွတ်သံများ ပေါ်ထွက်လာသည်။

ဦးနှောက်၏ အဖြူရောင်ဒြပ်ဝတ္ထုများကြားတွင် အမည်းစက်များနှင့် အနီစက်များကို မြင်နေရ၏။ ယင်းတို့သည်ကား အကျိတ်အဖုများပေတည်း။ ပါမောက္ခ၏ ရှေ့တည့်တည့်ရှိမှန်ထဲတွင် သွေးတိုးလျက်ရှိသော အခေါင်းပေါက်ကို မြင်တွေ့နေကြရ၏။ တောပန်းတစ်ပွင့်နှင့် တူသလိုလိုလည်းရှိ၏။ ပင်လယ်ရေပြင်အောက်၌ ကျက်စားနေသော ရေသတ္တဝါလေးတစ်ကောင်နှင့် တူသလိုလည်းရှိ၏။ ကြက်သွေးရောင်သမ်းနေသော ထို အရွက်အချပ်ကလေးများသည် ဦးနှောက်ကို ပိတ်ဆို့ဖုံးအုပ်သွားခြင်းအားဖြင့် ရောဂါသည်အား အချိန်မရွေး သေစေနိုင်သည်။

ပါမောက္ခမက်အီးဝင်းသည် အထူးဆင်ခြင်တိုင်းထွာနေသော မျက်နှာထားဖြင့် အလွန်ရှုပ်ထွေးသော ဦးနှောက်လမ်းကြောင်းတစ်လျှောက်ရှိ ရစ်ပတ်ခွေလိမ်နေသည့် အကြောအမျှင်များကြားမှ အကျိတ်များကို ဖြည်းညင်းစွာ ခွဲစိတ်နေသည်။ အကယ်၍ အကိုင်အတွယ်ညင်သာမှုမရှိပါက လူနာသည် ချက်ချင်းပင် အသက်နှင့်ကိုယ် အိုးစားကွဲသွားနိုင်၏။ ပါမောက္ခ၏ ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတသည် အံ့ဖွယ်သူရဲ ထူးကဲလှပါပေသည်။ နူးညံ့သိမ်မွေ့လွန်းလှသော လက်ချောင်းများ၏ လှုပ်ရှားမှုအပေါ် အခြေခံ၍ ပြုလုပ်သွားနေသည့် ဆင်ခြင်ဆုံးဖြတ်မှုနှင့် ထိုးထွင်းသိမြင်မှုတို့မှာလည်း အံ့သြဖွယ်ရာပင် ဖြစ်ပါသည်။ နည်းနည်းကလေးမှ တုန်လှုပ်ခြင်းမဖြစ်ဘဲ ခက်ခဲလှသောခွဲစိတ်မှုတစ်ခုကို တည်ငြိမ်အေးဆေးစွာ ပြုနိုင်စွမ်းသည့် သတ္တိမှာလည်း အံ့မခန်းဖြစ်ဖွယ် ကောင်းလှပါသည်။ သူလုပ်ကိုင်နေပုံကို မျက်ခြည်မပြတ် ကြည့်နေမိသော ကျွန်တော့်ရင်ထဲတွင် သူ့အခုလက်ရှိ ကျော်ကြားမှုမျိုးရရှိပြီး အထွတ်အထိပ်မရောက်မီက ဤပညာရပ်အပေါ် စိုးမိုးအောင် မည်မျှလောက်အထိ ကြိုးပမ်းအားထုတ်ခဲ့ရလေသနည်းဟုတွေးကာ အားကျနေမိပါ၏။ တကယ်တော့ 'ဆက်လုပ်... ဆက်လုပ်.... ဆက်လုပ်'ဟူသော ဆောင်ပုဒ်သည် စစ်ပွဲ၏ကြွေးကြော်သံဖြစ်သည်ဟုပင် ကျွန်တော်ထင်ပါသည်။

နောက်ဆုံးတွင် ခွဲစိတ်မှုသည် ပြီးဆုံးခြင်းသို့ရောက်သည်။ သွေးများ

www.burmeseclassic.com

www.burmeseclassic.com


တစိမ့်စိမ့်ထွက်နေသော သလဲသီးတစ်လုံးပမာခန့်ရှိသည့် အကျိတ်တစ်ခုကို သူနာပြုဆရာမက ဂွမ်းစတစ်စဖြင့် ဆွဲဖယ်လိုက်သည်။ ထို့နောက် ချက်ချင်းပင် ပါမောက္ခသည် မယုံကြည်နိုင်လောက်အောင် ထူးခြားပြောင်မြောက်သည့် ကျွမ်းကျင်မှုဖြင့် အနာကိုဆေးထည့်သည်။ ညှပ်များကိုဖယ်ရှားသည်။ ဦးနှောက်ကို နေရာတကျ ပြန်ထားသည်။ ဦးခေါင်းအရေခွံကို ပြန်ကပ်ပြီး ချုပ်သည်။

'အားလုံးကို ကျေးဇူးတင်တယ်၊ ဒီနံနက်အတွက်တော့ ဒါပဲ၊ နောက်သုံးရက်အတွင်းမှာ အထဲကအရည်တွေကိုထုတ်ပေးဖို့ လိုကောင်းလိုလိမ့်ဦးမယ်၊ အဲသလို မဖြစ်ဘူးဆိုရင်တော့ တို့များအနေနဲ့ လူနာ နာလန်ထလာတာကို မျှော်လင့်ကြရမှာပေါ့'

တစ်ခေါင်းလုံး ပတ်တီးများ အထပ်ထပ်စီးထားခြင်းခံရသည့် လူနာကို လက်ထောက်ဆရာဝန်နှင့် သူနာပြုဆရာမနှစ်ဦးတို့က အခန်းထဲမှ ထုတ်သွားကြသည်။ ကျောင်းသားများသည် ထိုင်ရာမှထကာ ခန်းမကြီးထဲက ထွက်ခွာကြသည်။ ခါတိုင်းနေ့များကလို ဖိနပ်သံများနှင့် စကားပြောသံများ မကြားရ။ အားလုံးငြိမ်ငြိမ်ဆိတ်ဆိတ် ရှိလှ၏။ နောက်ပိုင်းကျလျှင်တော့ ယခုကြုံခဲ့ရသည့်အကြောင်းကို အများကြီးပြောကြလိမ့်မည် ဖြစ်သည်။ မွန်းလွဲပိုင်းတွင် ပါမောက္ခမက်အီးဝင်းသည် စာသင်ခန်းသို့ ရောက်လာလိမ့်ဦးမည်ဖြစ်၏။ ထိုအခါကျလျှင်တော့ ကျောင်းသားများက သူ့အားကောင်းချီးသြဘာ ပေးကြလိမ့်မှာမလွဲ။ မည်သို့ပင်ဖြစ်စေ ယခုငြိမ်ဆိတ်မှုသည်လည်း မက်အီးဝင်းအား ချီးကျူးဂုဏ်ပြုနေသည့်သဘောပင်ဖြစ်သည်။

အခြားကျောင်းသားများ ထွက်သွားကြပြီဖြစ်သော်လည်း ကျွန်တော် ထိုင်ရာမှမထသေး။ မှတ်စုကူးဟန်ပြုကာ ထိုင်ခုံ၌ ဆက်၍ထိုင်နေသည်။ မေ့ဆေးဆရာဝန်သည် ထိုင်ရာမှထကာ စီးကရက်တစ်လိပ်ကို မီးညှိ၍ဖွာရင်း ခန်းမထဲမှထွက်သွားသည်။ မက်အီးဝင်းသည် သူနာပြုဆရာမ၏ အကူအညီဖြင့် သူ့လက်များကို ဆေးကြောသုတ်သင်လျက်ရှိ၏။ သူစောစောက လုပ်ခဲ့ရသောအလုပ်သည် သူ့အတွက်တော့ ထူးခြားဆန်းကြယ်သည့် အလုပ်တစ်ခုဟု ယူဆပုံမရ။ သာမန်လုပ်ရိုးလုပ်စဉ် အလုပ်တစ်ခုဟုပင် သဘောထားပုံ

www.burmeseclassic.com

www.burmeseclassic.com


ရ၏။ ခဏမျှအကြာတွင် သူနာပြုဆရာမ ထွက်သွားသည်။ ပါမောက္ခတစ်ဦး တည်းသာ ကျန်ခဲ့၏။

ကျွန်တော်သည် အသက်ကို တစ်ချက်မျှ ဝအောင်ရှူလိုက်ပြီး ပါမောက္ခထံသို့ ချဉ်းကပ်သည်။

'ဆရာ၊ ကျွန်တော့်ကို စကားနည်းနည်းလောက် ပြောခွင့်ပြုပါခင်ဗျာ'

သူသည် လက်နှစ်ဖက်ကို မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် သုတ်နေရာမှ လှည့်ကြည့်သည်။

'ပြောပါ၊ ရပါတယ်၊ ဆရာတို့က လူငယ်တွေပြောသမျှ နားထောင်ဖို့ အသင့်ပဲ'

သူ့လေသံနှင့် သူ၏ဖော်ရွေသောအကြည့်ကြောင့် ကျွန်တော် အားတက်သွားသည်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်သည် စာမေးပွဲများတွင် အမှတ်ကောင်းကောင်းရထားခဲ့သည် မဟုတ်ပါလော။ စောစောက သူမေးခဲ့သမျှ မေးခွန်းများကိုလည်း ကျွန်တော် ကောင်းစွာဖြေနိုင်ခဲ့သည် မဟုတ်ပါလော။ အခု ကျွန်တော် တောင်းခံမည့်အလုပ်မှာလည်း သူ့လက်အောက်ရှိ ရာထူးများထဲတွင် အနိမ့်ဆုံးအလုပ်တစ်ခုဖြစ်၏။ ကျွန်တော်သည် စိတ်ကိုတင်းလိုက်ပြီး ကျွန်တော် လိုချင်သည့်အရာကို တောင်းခံသည်။

သူသည် တစ်ခဏမျှ ကျွန်တော့်အား စိုက်ကြည့်နေသည်။

'မင်းကဘာကြောင့် ငါ့ဆီမှာဆေးထည့်တဲ့အလုပ် လုပ်ချင်ရတာလဲ'

'ကျွန်တော် ခွဲစိတ်ကုပညာကို ဖောက်ချပြီးလေ့လာချင်လို့ပါ'

နောက်တစ်ကြိမ် ငြိမ်ဆိတ်သွားပြန်သည်။ အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေခြင်းဖြစ်၏။ ထို့နောက် ညင်သာအေးဆေးသော်လည်း တိကျပြတ်သားသောမျက်နှာထားဖြင့် ခေါင်းယမ်းသည်။

'မရတော့ဘူး၊ ငါလူတစ်ယောက် ခန့်ပြီးသွားပြီ'

သူ၏ စူးရှသောမျက်လုံးအစုံသည် ကျွန်တော့်အား ကရုဏာမကင်းသည့်ပုံဖြင့် ကြည့်နေသည်။ သို့သော်လည်း နှုတ်ကတော့ သူတွက်တိုင်းမမှားနိုင်သည့် အဆုံးအဖြတ်တစ်ခုကို ရေရွတ်သည်။

'ဆေးဝါးကုသတဲ့ပညာနဲ့ တခြားပတ်သက်ရာ ပညာရပ်တွေမှာတော့

www.burmeseclassic.com

www.burmeseclassic.com


မင်းတော်ချင်တော်မှာပါ၊ ဒါပေမယ့် ငါသေချာပေါက် ပြောနိုင်တာတစ်ခုရှိတယ်၊ မင်းဟာ ဘယ်တော့မှ ခွဲစိတ်ကုဆရာဝန်တစ်ယောက် မဖြစ်နိုင်ဘူး'

* * * *

[ ၂ ]

## လော့ချ်လီယာ စိတ္တဇဆေးရုံ အလိုရှိသည်

ဆေးခန်းမှူး၊

*ဆေးရုံမှ နေစရာနှင့်အစား အခမဲ့ပေးမည်။*

*ထောက်ပံ့ကြေးငွေ ဂီနီ ၁၀၀ ရမည်။*

*ခန့်ထားခြင်းခံရသူအား တက္ကသိုလ်က*

*သင်တန်းများ တက်ခွင့်ပြုမည်။*

ပါမောက္ခမက်အီးဝင်း၏ ငြင်းပယ်မှုကြောင့် စိတ်ဓာတ်ကျကာ သောကနှင့် နေလာခဲ့ရသည်မှာ သီတင်းပတ်နှစ်ပတ်မျှ ကြာခဲ့သည်။ ထို့နောက် ကျောင်းသားများသမဂ္ဂ ကြော်ငြာသင်ပုန်းထက်ရှိ ခွဲစိတ်ကုပညာရပ်ဆိုင်ရာ သင်တန်းများ၊ ဝမ်းဆွဲအတတ်ပညာ သင်တန်းများ၊ သေမှုသေခင်းလက်တွေ့ သရုပ်ပြပွဲများနှင့် နောက်ဆုံးနှစ်ကျောင်းသားများအတွက် ကပွဲများ စသည့် ကြော်ငြာပေါင်း အမြောက်အမြားကြားမှ အထက်ပါကြော်ငြာသည် ကျွန်တော် ရင်ဆိုင်နေရသည့် ဒုက္ခမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်း ဖြစ်နိုင်မည့် အလားအလာတစ်ခုဟု ယူဆရပါသည်။ သို့သော်လည်း မျှော်လင့်ချက်တော့ ရဲရဲမထားဝံ့။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်လိုလူစား ကျောင်းသားများ လက်မဦးမီ ကိုယ်ကဦးအောင်လုပ်ပါမှဟု သဘောရသည်။

ကျွန်တော်သည် ကြော်ငြာသင်ပုန်းရှေ့မှ လျင်မြန်စွာ ခွာလာခဲ့ပြီး ဂလီမိုးတောင်ကုန်းလမ်းအတိုင်း ခြေကုန်သုတ်လာခဲ့သည်။ အစိမ်းရောင်

www.burmeseclassic.com

www.burmeseclassic.com


ခုတ်ရထားကြီးတစ်စီးပေါ်သို့ အပြေးအလွှားတက်၍ လိုက်လာခဲ့သည်။ ထိုခေတ်အခါက ဂလက်စကို မြို့သူမြို့သားများ တစ်ပဲနိပေးရုံမျှဖြင့် ဖင်ပူလာအောင်၊ ပျင်းလာအောင် ခရီးအဝေးကြီးစီးနိုင်သော ခရီးသွားယာဉ်များဖြစ်ပါ၏။

စိတ္တဇဆေးရုံသည် မြို့အနောက်ဘက် လေးမိုင်အကွာ၌တည်ရှိသည်။ တောင်ပိုင်းဒေသဖြစ်၍ ဆေးရုံပတ်ပတ်လည်မှာ တောအုပ်ကလေးဝန်းရံထားသည်။ ထည်ဝါခံ့ညားသော အဆောက်အအုံတစ်ခုဖြစ်၏။ ဆောက်ထားပုံမှာ ရဲတိုက်ကြီးတစ်ခုနှင့်တူသည်။ ဆေးရုံ၏ဘေးတွင် ပန်းဥယျာဉ်များ၊ မြက်ခင်းစိမ်းစိမ်းများနှင့် သစ်သီးခြံများရှိ၍ ဆေးရုံပိုင်မြေတစ်ခုလုံးကို အုတ်တံတိုင်းကာထားသည်။

ဆေးရုံအဝင်ဂိတ်အရောက်တွင် ကျွန်တော်က ကိစ္စကိုပြောပြသည်။ ကျွန်တော့်အား ချက်ချင်းပင် ဝင်ခွင့်ပြုသည်။ အစောင့်တစ်ဦးက ကျွန်တော့်အား ဘေးတစ်ဖက်တစ်ချက်တွင် သစ်ပင်များတန်းစီနေသော လမ်းသွယ်အတိုင်း ခေါ်သွားသည်။ အတန်ကြာမျှလျှောက်မိသောအခါ ပန်းနွယ်ပန်းခက်များဖြင့် အကွက်ဖော်ထားသည့် ဆင်ဝင်တစ်ခုအောက်သို့ရောက်သည်။ ထိုဆင်ဝင်အောက်မှဖြတ်၍ ဝင်သွားသည့်အခါ ဆေးရုံအုပ်ချုပ်ရေးအရာရှိ၏ ရုံးခန်းဝင်ပေါက်သို့ ရောက်သွားသည်။

ဒေါက်တာ ဂေဗင်တန်သည် သူ့ခေတ်သူ့အခါက ရှေ့တန်းရောက်နေကြသော နိုင်ငံခြားသားများထဲမှတစ်ဦးအဖြစ် အသိအမှတ်ပြုခြင်းခံထားရသူဖြစ်သည်။ သူသည် အရပ်မြင့်မြင့်၊ ပိန်ပါးပါး၊ အသားအရေ ဖြူရော်ရော်ဖျော့တော့တော့။ သူ့အမူအရာသည် စိတ်ရှုပ်ထွေးနေသည့် ပုံစံမျိုးရှိသည်။ စားပွဲ၌ထိုင်နေရာမှ ကျွန်တော့်အား ဆီး၍ကြည့်လိုက်သောအကြည့်သည် စူးစူးရှရှရှိလှ၏။ သူ၏ အဝါရောင်မျက်လုံးအစုံသည် ကျွန်တော့်စိတ်ကို ညှို့နေသည့်နှယ် ခံစားနေသည်။ ကိုယ့်အားနည်းချက် ကိုယ်သိနေသော ကျွန်တော်သည် အားငယ်သလို ဖြစ်မိပါသည်။ တတ်အားသရွေ့ ကိုယ့်စိတ်ကိုတင်းကာ သူမေးသမျှ ဖြေရပါသည်။ ကျွန်တော့်နာမည်ကို ထပ်တလဲလဲ ရေရွတ်နေသော

www.burmeseclassic.com

www.burmeseclassic.com


ဒေါက်တာဂေဗင်တန်အားကြည့်ပြီး ကျွန်တော်အံ့အားသင့်နေမိသည်။ ထို့နောက် သူ၏ပြောသံကို ကျွန်တော်ကြားလိုက်ရပါသည်။

'လွန်ခဲ့တဲ့သုံးနှစ်က စကော့တစ်ရှီးလ်အသင်း တစ်သင်းလုံးကို ဦးဆောင်ခဲ့တာ မင်းမဟုတ်လား'

'ဒါက ဒီလိုပါခင်ဗျား'

ကျွန်တော် စကားထစ်နေသည်။

'အမှန်အတိုင်းကတော့ ကျွန်တော်ဟာ…'

သူသည် ခေါင်းတစ်ချက်ညိတ်လိုက်ပြီး ရင်းနှီးဖော်ရွေသော အပြုံးဖြင့် ကျွန်တော့်အား လှမ်းကြည့်သည်။

'အဲ့ဒီတုန်းက ပွဲကို ငါကြည့်ခဲ့ရတယ်၊ မင်းကစားသွားတာ တော်တော်ကောင်းတာပဲ၊ ကွင်းက ရွှံ့သိပ်မများရင် အဲဒီနေ့က မင်းတို့ ချောင်ချောင်ကလေးနဲ့နိုင်မှာ၊ ကဲ… ထိုင်လေကွာ၊ ကုလားထိုင်ပေါ် ထိုင်လိုက်ရင် သက်သောင့်သက်သာရှိတယ်ဆိုတာ မင်းတွေ့မှာပါကွ'

ကျွန်တော် အသက်ကို ဝအောင်ရှူလိုက်သည်။ ကံကောင်းတော့မည့် အရိပ်လက္ခဏာတော့ ပေါ်လာပြီဖြစ်၏။ သို့သော်လည်း စိတ်ချလက်ချ မယုံကြည်ရဲ။ ထိုနေ့ကပွဲသည် နိုင်ချင်စိတ်ဖြင့် ကျွန်တော်အပြင်းအထန် အပင်ပန်းခံ၍ ကစားခဲ့ရသောပွဲဖြစ်သည်။ သည်းထန်စွာရွာနေသော မိုးရေထဲတွင် ပယ်နယ်တီတစ်လုံးဖြင့် အရှုံးခံခဲ့ရသောပွဲဖြစ်သည်။ အဝတ်လဲခန်းထဲတွင် ကျွန်တော် မျက်ရည်ပေါက်ပေါက်ကျသည်အထိ စိတ်ထိခိုက်ခဲ့ရသောပွဲဖြစ်၏။ ဤအလုပ်သည် ထိုနေ့က ရှုံးခဲ့ရသောပွဲအတွက် ဆုတစ်ဆုဖြစ်လေမလား။

ဖရင့်ဂေဗင်တန်သည် ဘောလုံးဝါသနာအိုးတစ်ဦးဖြစ်သည် စကော့တစ် အပျော်တမ်းကလပ်မှဖွဲ့စည်းထားသော ကွင်းမက်စ်ဘောလုံးအသင်းတွင် ပင်တိုင်ကစားခဲ့သူဖြစ်၏။ ကျွန်တော်နှင့် ဒေါက်တာဂေဗင်တန်သည် ဘောလုံးအကြောင်းကို နာရီဝက်ကြာမျှ ပြောမိကြသည်။ ဘောလုံးဝါသနာအိုးများသာလျှင် နားလည်နိုင်သည့် ရင်းနှီးခင်မင်မှုကို ကျွန်တော်တို့ ရခဲ့ကြပါသည်။ ထို့နောက် သူသည် ထိုင်နေရာမှ ဖြုန်းခနဲရပ်လိုက်ပြီး သူ့လက်ကို ကျွန်တော့်ထံ ဆန့်တန်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'မင်း မနက်ဖြန်မနက် ကိုးနာရီ ဒီကိုလာခဲ့၊ အချိန်အတိုင်း တိတိကျကျ ရောက်လာလိမ့်မယ်ဆိုတာ ငါသိပါတယ်၊ ဪ… တစ်ခုရှိသေးတယ်' သူက ကျွန်တော့်အား ပြန်ခေါ်သည်။ 'ဒီမှာက ငွေကို ကြိုပြီးထုတ်ပေးတယ်၊ မင်း ဒါကိုယူသွားရင် အကောင်းဆုံးပဲ၊ မင်းရဲ့ထောက်ပံ့ကြေး ပထမအရစ်'

သူသည် ကလောင်တံကိုဆွဲယူပြီး တစ်ခဏမျှ ငုံ့၍စာရေးနေသည်။ ကျွန်တော့်အား မော့မကြည့်ဘဲ နှစ်ဆယ့်ငါးဂီနီတန် ချက်လက်မှတ်တစ်စောင် လှမ်းပေးသည်။ ကျွန်တော့်နှလုံးသားထဲတွင် ပြောချင်သည့်စကားတွေ အပြည့်အသိပ် ဖြစ်နေသည်။ ကျွန်တော် မည်မျှလောက်အထိ အဆင်းရဲ အပင်ပန်းခံ၍ ရုန်းကန်လှုပ်ရှားနေရသည်ကို သူရိပ်မိလေသလား။ ရိပ်မိနေသည်ဟုပင် ကျွန်တော်ထင်ပါသည်။ မည်သို့ပင်ဖြစ်စေ အခုဆိုလျှင် ကျွန်တော်သည် မစ္စက်ဂရန့်၏ အခန်းခအကြွေးများကို ပေးနိုင်ပြီဖြစ်၏။ ကျွန်တော့်နာရီကိုလည်း အပေါင်ဆိုင်မှ ပြန်ရွေးနိုင်ပြီဖြစ်၏။ ကျွန်တော်သည် အခက်အခဲများနှင့် ရင်ဆိုင်နေရာမှ လွတ်မြောက်လာခဲ့ပြီဖြစ်၏။

ဤအလုပ်ထက် သာလွန်ကောင်းမွန်သောအလုပ်သည် ရှိနိုင်အံ့မထင်။ ကျောင်းဆေးရုံမှအလုပ်များထက် ပို၍အဆင့်မြင့်သောအလုပ်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် ဆေးပညာကို နားအေးပါးအေး လွတ်လွတ်လပ်လပ် ဆက်လက်သင်ယူနိုင်တော့မည်ဖြစ်၏။ ရရှိသည့် ထောက်ပံ့ငွေမှာလည်း ထိုက်တန်လုံလောက်သည်။ ရထားသောအခန်းကလည်း သားသားနားနားရှိသည်။ ကုလားထိုင်အလုံအလောက်ချထားသည့် ဧည့်ခန်းတစ်ခန်း။ အနီရောင် ကော်ဇောတစ်ချပ် ခင်းထားသည့် သပ်သပ်ရပ်ရပ်ရှိလှသော အိပ်ခန်းတစ်ခန်း။ ယင်းအခန်းနှင့် ဆက်နေသည့် မီးဖိုခန်းတစ်ခန်း။ ပြီးတော့ စနစ်တကျ တည်ဆောက်ထားသည့် ရေချိုးခန်းတစ်ခန်း။ ကျွန်တော် ငှားနေခဲ့ရသောအခန်းများ စိတ်ပျက်စရာကောင်းသလောက် အခုအခန်းကျတော့ အဘက်ဘက်တွင် သာလွန်လျက်ရှိသည်။

ကျွန်တော်၏ စားရေးသောက်ရေးမှာလည်း များစွာအဆင်ပြေလာသည်။ အရင်တုန်းကတော့ ကျွန်တော့်ပိုက်ဆံအိတ်က ကန့်သတ်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com


အတိုင်းသာ စားခဲ့သောက်ခဲ့ရ၏။ အခုကျတော့ သိသိသာသာကြီး တိုးတက်လာသည်။ လော့ချ်လီယာဆေးရုံ၏ အစားအသောက် ကျွေးမွေးသည့်စနစ်သည် အားကျအံ့ဩဖွယ် ကောင်းလှ၏။ နံနက်စာဆိုလျှင် ပေါင်မုန့်နှင့်ထောပတ်၊ ဝက်ပေါင်ခြောက်နှင့်ကြက်ဥ၊ ကော်ဖီနှင့်သစ်သီးဝလံ။ နေ့လယ်စာကျတော့ စားရိုးစားစဉ်အတိုင်း စွပ်ပြုတ်တစ်ခွက်၊ အမဲသား၊ သို့မဟုတ်ကြက်သားကြော်နှင့် ဟင်းသီးဟင်းရွက်ရောချက်ထားသည့် ဟင်းတစ်ခွက်၊ ကောင်းပေ့ဆိုသည့် အချိုပွဲတစ်ပွဲ၊ ဒိန်ခဲနှင့်ပေါင်မုန့် စသည်တို့ဖြစ်သည်။ ညနေလေးနာရီဆိုလျှင် ကျွန်တော့်ဧည့်ခန်းစားပွဲပေါ်သို့ လက်ဖက်ရည်ပွဲရောက်လာစမြဲ။ လင်ပန်းထဲတွင် မုန့်အချိုမျိုးစုံထည့်ထားသည့် ပန်းကန်ပါသည်။ ကျွန်တော်တို့ စကော့တလန်သားများက 'ပြင်သစ်ကိတ်'ဟု ခေါ်ကြသော မုန့်များဖြစ်၏။ ညစာကတော့ အမြဲတစေ အပြောင်းအလဲရှိသည်။ မာကရိုနီခေါ် အီတလီခေါက်ဆွဲကြော်၊ အသားဟင်းနှင့်ပေါင်မုန့် စသည်များပါဝင်သည်။

ယင်းအခွင့်အရေးများအပြင် အချိန်မရွေး မြေအောက်ထပ်ရှိ မီးဖိုချောင်သို့ဝင်၍ ကိုယ်စားလိုရာတစ်ခုခု ဝင်၍စားနိုင်သည်။ အနည်းဆုံးအဆာပြေမုန့်တစ်မျိုးမျိုးနှင့် လက်ဖက်ရည်ကိုတော့ အဝစားနိုင်သောက်နိုင်သည်။ ဆာလောင်မွတ်သိပ်နေသော လူငယ်တစ်ယောက်အနေဖြင့် အချိန်အခါနှင့် အခြေအနေအရ ဗန်းမုန့်နှင့်လက်ဖက်ရည် မက်ခွက်တစ်ခွက်လောက်ကတော့ အမြဲတစေ ရနိုင်သည်။

ဆေးရုံအုပ်ချုပ်ရေးအရာရှိအပြင် ဆရာဝန်နှစ်ဦးရှိသည်။ တစ်ဦးမှာ ဒေါက်တာပီတာဆိုသူ ဖြစ်သည်။ အသက်ကြီးကြီး၊ ဝဝဖိုင့်ဖိုင့်၊ ပျော်ပျော်နေတတ်သည့် မျက်နှာပိုင်ရှင်။ ဒေါက်တာပီတာသည် ဆေးရုံတွင်း၌ လှည့်လည်၍ လူနာများအား လိုက်လံကြည့်ရှုသည့်အခါ ဗာဒီနှင့် အော်ဖင်ဘားတို့၏ တေးသီချင်းများကို ညည်းနေတတ်သည်။ ပြဇာတ်ဝါသနာကြီးသဖြင့် ရရှိလာခဲ့သည့် အလေ့အထတစ်ခုဖြစ်၏။

နောက်တစ်ဦးမှာ ဒေါက်တာဂိုန်းကာမီချယ်အမည်ရှိ အမျိုးသမီးဆရာဝန်ဖြစ်သည်။ ဂိုန်းကာမီချယ်သည် ခင်မင်နှစ်လိုဖွယ်သော အမူအရာရှိ

www.burmeseclassic.com

www.burmeseclassic.com


သည်။ အလုပ်တွင် ကျွမ်းကျင်သည်။ ငယ်စဉ်က ခတ်ခွဲခန်းအတွင်း၌ ဖြစ်ခဲ့သော မတော်တဆမှုတစ်ခုကြောင့် အမာရွတ်များထင်ကာ ရုပ်ဆင်းအင်္ဂါ ပျက်နေရှာသည်။ သို့သော်လည်း သူသည် သူ့အဖြစ်ကို ဝမ်းနည်းပူဆွေးနေရမည့် အရာတစ်ခုဟု မသတ်မှတ်ဘဲ သူ့ဘဝကို စိတ်မနှံ့သူများ စောင့်ရှောက်ရေးလုပ်ငန်း၌ မြုပ်နှံခဲ့သည်။

ကျွန်တော့်အနေဖြင့် သူနာပြုဆရာမကြီး မစ္စမောင်ဂိုမာရီအား မဖော်ပြဘဲ ချန်လှပ်ထားခဲ့၍ မဖြစ်ပါ။ ဆရာမကြီးသည် ကိုယ်လုံးကိုယ်ထည် ပိန်ပါးပါး သွယ်လျလျဖြစ်သည်။ ငွေရောင်ဆံပင်နှင့် စကားပြောလျှင် ရက်သလိုလိုနှင့် ခပ်တိုးတိုးသာ ပြောတတ်သည်။ နေထိုင်ပြုမူပုံသည် အထက်တန်းလွှာ ပုံစံမျိုးရှိသည်။ သူ၏ချော့မော့ဖျောင်းဖျသော စကားတစ်လုံး၊ ချိုအေးသာယာသော အကြည့်တစ်ချက်ဖြင့် ခေါင်းမာလွန်သောလူနာများ ငြိမ်ဆိတ်သွားတတ်ကြသည်။ ခက်ခဲရှုပ်ထွေးလှသော ဆေးရုံအုပ်ချုပ်ရေးလုပ်ငန်းသည် သူ့လက်ထဲတွင် အဆင်ပြေပြေ လှုပ်ရှားလျက်ရှိ၏။ ဤလူအားလုံးသည် ကျွန်တော့်အား ကြင်နာစွာဆက်ဆံကြသည်။ ဤအတွက် ပြန်လည်၍ ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ကျွန်တော်ကလည်း ကျွန်တော့်အလုပ်ကို တာဝန်သိသိဖြင့် ချို့ယွင်းမှုမရှိအောင် ဆောင်ရွက်ပေးပါသည်။

ဆေးခန်း၏ တာဝန်ဝတ္တရားများမှာ စိတ်ဝင်စားဖို့လည်း ကောင်းသည်။ လုပ်ရသည်များမှာလည်း အမျိုးစုံဖြစ်သည်။ ဆေးဝါးများထုတ်ပေးရသောအလုပ်သည် ကျွန်တော့်တာဝန်ဖြစ်သည်။ ဆေးရုံအတွက် လိုအပ်သည့် ပိုတက်စီယမ်၊ ဆိုဒီယမ်နှင့် အမိုနီယမ်ဘရိုမိုက်စသော ဆေးရည်များ၊ ခလိုရယ်ဟိုက်ဒရိတ်၊ ပါကစီဟိုက်စသော ဆေးဝါးများ၊ စိတ်ငြိမ်ဆေးနှင့် အိပ်ဆေးများအဖြစ် အသုံးများသော အခြားဆေးဝါးအမျိုးမျိုးကို အမြဲတစေ မှာယူသိုလှောင်ပေးရသည်။

ကျွန်တော့်အနေဖြင့် သွေး၊ သလိပ်၊ ဆီး၊ ဝမ်း စသည်များကို မိုက်ကရိုစကုပ်ဖြင့် စစ်ဆေးကာ ရောဂါရှာဖွေပေးရသည့် တာဝန်ကိုလည်း ယူရသည်။ ထို့ပြင်လည်း ရှာရှာပေါက်ပေါက်နိုင်လှသည်ဟု ဆိုနိုင်သည့် အလုပ်တစ်ခုကိုလည်း လုပ်ရသည်။ ယင်းမှာ အစာစားရန် ငြင်းဆန်နေသည့်

www.burmeseclassic.com

www.burmeseclassic.com


လူနာများအား ပိုက်ဖြင့်အစာခွံ့ပေးရခြင်း ဖြစ်၏။ အလွန်ခက်ခဲပြီး နက်နဲသိမ်မွေ့သော အလုပ်တစ်ခုဖြစ်သော်လည်း မကြာမီမှာပင် ထိုအလုပ်ကို ကျွမ်းကျင်စွာ လုပ်နိုင်လာခဲ့ပါသည်။

ထိုလုပ်ငန်းများအပြင် ကျွန်တော်သည် လူနာမှတ်တမ်းများကိုလည်း ပြုစုထိန်းသိမ်းပေးရသည်။ ဆရာဝန်တစ်ယောက် နားရက်ယူသွားသည့်နေ့တွင် ကျွန်တော်က အစားဝင်ကာ လူနာဆောင်များသို့သွား၍ ကြည့်ရှုစစ်ဆေးပေးရသည်။ ယေဘုယျအားဖြင့် ပြောရမည်ဆိုပါက ကျွန်တော်လုပ်ကိုင်ပေးနိုင်မည့် အလုပ်ဟူသမျှတွင် တတ်အားသရွေ့ ပါဝင်ကူညီပေးနေရသည့် သဘောဖြစ်၏။

ဒေါက်တာဂေဗင်တန်၏ မေတ္တာရပ်ခံချက်အရ သူကိုယ်တိုင်က တန်ဖိုးထား၍ ဆောင်ရွက်ပေးနေသော လူမှုနည်းဖြင့် ကုသရေးလုပ်ငန်းတွင်လည်း ကျွန်တော် ဝင်ရောက်ဆောင်ရွက်ပေးရသည်။ ဤသို့ဖြင့် ကျွန်တော်သည် လူနာများကြားတွင် အားကစားလုပ်ငန်းများတည်ရှိလာအောင် စည်းရုံးပေးရသည်။ သူတို့အား တင်းနစ်၊ ကရိကက်နှင့် လက်ပစ်ဘောလုံးများ ကစားလာအောင် အားပေးတိုက်တွန်းခြင်း ပြုရသည်။ သူတို့အတွက် ကျင်းပပေးသည့် ပျော်ပွဲရွှင်ပွဲများနှင့် ကပွဲများတွင် သူတို့နှင့်အတူရော၍ ပါဝင်ဆင်နွှဲရသည်။

စိတ္တဇဆေးရုံများရှိ လူနာများနှင့်ပတ်သက်၍ စာအုပ်များ အများအပြား ရေးခဲ့ကြပါသည်။ ယင်းစာအုပ်များကို ဖတ်လိုက်လျှင် မကောင်းသည့်အရာများကိုသာမက အဓိပ္ပာယ်ကင်းမဲ့သည့် အကြောင်းအရာများကိုသာ တွေ့ကြရသည်။ အများအားဖြင့် သူတို့ကိုယ်သူတို့ နပိုလီယန်၊ ဂျူလီယက်ဆီဇာ၊ သို့မဟုတ် လေဒီဂေါ့ဒီဗာ စသော သမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သည့် ပုဂ္ဂိုလ်ကြီးများအဖြစ် အထင်ရောက်နေကြသော စိတ်ဝေဒနာရှင်များ၏ ရယ်စရာအကြောင်းများကိုသာ ရေးလေ့ရှိကြ၏။ ထိုအဖြစ်မျိုးမှတစ်ပါး အခြားမှန်ကန်သောအချက်များနှင့် နီးစပ်သည့်အကြောင်းအရာများကိုမူ ရေးသားခြင်း မပြုကြပေ။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် လော့ချ်လီယာဆေးရုံ၌ နေထိုင်ခဲ့ရသည့် ကာလအတွင်း ယင်းကဲ့သို့ သူတို့ကိုယ်သူတို့ ထင်ရှားကျော်ကြားသည့် ပုဂ္ဂိုလ်ကြီးတစ်ဦး အဖြစ် အထင်ရောက်ကာ ဘဝင်မြင့်နေသောလူနာဟူ၍ တစ်ခါမှမတွေ့ဖူးခဲ့ပါ။ အမှန်အတိုင်းဖော်ပြရမည်ဆိုပါက 'စိတ်ကစဉ့်ကလျားဖြစ်မှုများ'သည် အလွန် သနားစရာကောင်းပါသည်။ သူတို့အား လေ့လာမည်ဆိုပါက များစွာ စိတ်ဝင် စားစရာကောင်းသည်ကိုလည်း တွေ့ရပါသည်။ စိတ်ဝေဒနာရှင်များ အား စနစ်တကျ လေ့လာခြင်းသည် လူ့စိတ်သဘာဝ၏ ထူးခြားဆန်းကြယ်သော လျှို့ဝှက်ချက်များကို နှိုက်နှိုက်ချွတ်ချွတ် နားလည်လာနိုင်သည် မဟုတ် ပါလား။

လော့ချ်လီယာ စိတ္တဇဆေးရုံသည် စကော့တလန်နိုင်ငံတွင် ခေတ် အမီဆုံး၊ အတိုးတက်ဆုံးနှင့် အကောင်းဆုံးသော ဆေးရုံကြီးဖြစ်သည်။ ဆေးရုံ အနေဖြင့် ကုသ၍မရနိုင်တော့သည့် စိတ်ဝေဒနာသည်များကိုသာ ဦးစားပေး လက်ခံသော်လည်း ဘဝဒဏ်ကို ကြံ့ကြံ့မခံနိုင်၍ စိတ်ပန်းကိုယ်ပန်းဖြစ်ပြီး ရုတ်တရက် စိတ်ဖောက်ပြန်သွားသူများကိုလည်း လက်ခံကုသပေးပါသည်။ ဒေဝါလီခံရလောက်အောင် ဆင်းရဲမွဲတေသွားသဖြင့် သူ့ကိုယ်သူ သတ်သေရန် အားထုတ်ခဲ့သော စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦး၊ သားဦးကလေး ဆုံးရှုံးခဲ့ရ သဖြင့် စိတ်ဖောက်ပြန်သွားသည့် မိခင်တစ်ဦး၊ မိသားစုပြဿနာများနှင့် သစ္စာမဲ့သော လင်ယောကျ်ားကိုအကြောင်းပြု၍ ရုတ်တရက်စိတ်ရူးပေါက်သွား ခဲ့သည့် မယားတစ်ယောက် စသည်ဖြင့် အကြောင်းမျိုးစုံကြောင့် ဒုက္ခနှင့်ကြုံ လာရသူများဖြစ်သည်။ တကယ်တော့ ဘဝနှင့်ဘဝပတ်ဝန်းကျင်၏ ကြီးမား ပြင်းထန်လွန်းလှသော ဖိနှိပ်မှုဒဏ်ကို မခံနိုင်တော့၍ စိတ်ကစဉ့်ကလျားဖြစ် သွားရသည့် လူသားများသာ ဖြစ်ပါသည်။

ဤလူနာများအား ရောဂါပျောက်ကင်းအောင် ကုသပေးရေးနှင့် ပြန် လည်ထူထောင်ပေးရေး၊ နံရံလေးဖက်ကာထားသည့် ရဲတိုက်ကြီးအတွင်းမှ ထွက်ခွာသွားပြီး မူလ လူ့အဖွဲ့အစည်းပတ်ဝန်းကျင်၌ ပုံမှန်ပြန်၍နေထိုင်ကာ ဘဝစစ်ပွဲတွင် ဆက်လက်တိုက်ပွဲဝင်နိုင်ရေး စသည်တို့သည် ဒေါက်တာ ဂေဗင်တန်နှင့် သူ့လုပ်ဖော်ကိုင်ဖက်များ၏ အဓိကရည်မှန်းချက်များဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


သည်းထိတ်ရင်ဖိုရှိလှသော အလုပ်တစ်ခုဖြစ်ပါသည်။ သို့သော်လည်း ယင်း အလုပ်ထဲတွင် ဘေးအန္တရာယ်သည်လည်း ရှိနေပါသည်။

လော့ချ်လီယာဆေးရုံရှိ လူနာများထဲမှ ကျွန်တော် သံယောဇဉ်ဖြစ်မိခဲ့သူတစ်ဦးမှာ ဂျော့ဘလဲယားဆိုသူဖြစ်သည်။ လူတိုင်းက ဂျော်ဒီဟု သိနေကြသော ဤလူငယ်သည် ပွင့်ပွင့်လင်းလင်း ပြောဆိုတတ်သည်ဖြစ်ရာ ဤစိတ်နေစိတ်ထားသည်ပင်လျှင် နှစ်သက်စဖွယ် ဖြစ်ရုံမျှမက သူ့အပေါ် ကျွန်တော်ကိုယ်ချင်းစာတရား ထားခဲ့မိပါသည်။

ဂျော့ဘလဲယားသည် လွန်ခဲ့သောငါးနှစ်က သူ့ညီဝမ်းကွဲအား လည်ပင်းညှစ်၍ အသေသတ်ခဲ့သူဖြစ်၏။ ရာဇဝတ်မှု ကျူးလွန်ခဲ့ရသည့် အခြေအနေအရပ်ရပ်ကို လေ့လာလိုက်သည့်အခါ အပြစ်ကျူးလွန်ခဲ့သူအပေါ်၌ ခွင့်လွှတ်နိုင်စရာရှိနေသည်ဟု ကျွန်တော်ထင်မိပါသည်။ ကျွန်တော်နှင့် ဘလဲယားသည် ဤအကြောင်းကို မကြာခဏ စကားစပ်မိကြသည်။ စိတ်ရောဂါသည်များအား ကုသရာ၌ မိမိအမှား၊ မိမိအဖြစ်၊ မိမိ၏ အားနည်းချက်များနှင့် အားသာချက်များကို အမှန်အတိုင်း ထုတ်ဖော်ပြောပြလာအောင် အားပေးလှုံ့ဆော်ရသည်ဖြစ်ရာ ယခုလည်း ကျွန်တော်သည် ဘလဲယားအား အမှန်အတိုင်းပြောပြအောင် ရေလာမြောင်းပေးလုပ်သည်။ ဘလဲယားကလည်း အမှန်အတိုင်းပင် ထုတ်ဖော်ပြောပြသည်။

အသတ်ခံသွားရသော လူငယ်သည် ဘလဲယား၏နှမအား စော်ကားခဲ့သည်။ တစ်နည်းပြောရလျှင် သေသွားသူလူငယ်သည် မိန်းကလေးက သူ့အား လက်ခံလာစေရန် အတင်းအဓမ္မနည်းဖြင့် ကိုယ်ထိလက်ရောက် စော်ကားခဲ့ခြင်းဖြစ်၏။ ဤစော်ကားမှုသည် ဘလဲယားအား အခိုက်အတန့် စိတ်လွတ်ကိုယ်လွတ် ဖြစ်သွားစေခဲ့သည်။ ဘလဲယားလို ရိုးသားဖြောင့်မတ်သော လူငယ်တစ်ယောက်အဖို့ ဤအဖြစ်မျိုးနှင့် ကြုံရသည့်အခါ မည်ကဲ့သို့ ဖြစ်သွားနိုင်သည်ကို နားလည်နိုင်လောက်ပါသည်။

မည်သို့ပင်ဖြစ်စေ တရားရုံးကတော့ သူ့အား 'အပြစ်ရှိသည်'ဟု ဆုံးဖြတ်သည်။ သို့သော်လည်း မိဘဆွေမျိုးသားချင်းများက အလိုက်ကောင်းသဖြင့် မူမမှန်သောစိတ်ပိုင်းဆိုင်ရာ အားနည်းမှုကိုအကြောင်းပြုကာ လော့ချ်

www.burmeseclassic.com

www.burmeseclassic.com


လီယာ စိတ္တဇဆေးရုံသို့ ပို့ခဲ့ခြင်းဖြစ်၏။ ဘလဲယားသည် သူ့ဘဝ၏နောက်ပိုင်း နေ့ရက်များကို ဤဆေးရုံ၌ပင် ကုန်လွန်ရလိမ့်မည်ဖြစ်ပါသည်။

သေတပန်သက်တဆုံး ခံသွားရမည့် ဤအပြစ်ဒဏ်သည် ကြီးမား လွန်းရုံမျှမက တရားမျှတမှုမရှိဟု ကျွန်တော်ထင်သည်။ သို့သော်လည်း ကာယကံရှင် ဘလဲယားကတော့ ချမှတ်သည့်အပြစ်ဒဏ်ကို ယောကျာ်းပီသစွာ ဖြင့် လက်ခံခဲ့သည်။ ဤအချက်သည်လည်း သူ့အပေါ် ကျွန်တော်ခင်မင်သွား အောင် ဆွဲဆောင်ခဲ့သည့် အချက်တစ်ချက်ပင် ဖြစ်ပါသည်။

သူ့လိုအဖြစ်မျိုးနှင့် သူ့လိုနေရာမျိုး၌ မည်သူမှ ပျော်ပျော်ရွှင်ရွှင်နေနိုင် စရာမရှိပါ။ သို့သော်လည်း သူသည် ဆေးရုံ၌ကျင်းပသည့် ပျော်ပွဲရွှင်ပွဲများ၌ သီချင်းဆိုသည်။ တနင်္ဂနွေနေ့တိုင်း ဘုရားရှိခိုးကျောင်း၌ ဓမ္မတေးသီချင်းများ ဆိုသည်။ လစဉ်ကျင်းပသည့် ကပွဲများတွင် စကော့အမျိုးသားများ ဝတ်လေ့ ရှိသည့် ဒူးဖုံးခါးစည်းအဝတ်ကိုဝတ်ကာ ဦးဆောင်၍ ကလေ့ရှိသည်။

လူပုံကတုတ်တုတ်ခိုင်ခိုင်၊ အရပ်ပုပု။ သို့တစေလည်း လော့ချ်လီယာ ဆေးရုံ၌လုပ်သမျှ အားကစားပွဲများတွင် တက်ကြွစွာ ပါဝင်လေ့ရှိသည်။ ဤကဲ့သို့ ပါဝင်လာမှုကြောင့်လည်း သူနှင့်ကျွန်တော် ပို၍ရင်းနှီးလာရခြင်း ဖြစ်၏။

ကျွန်တော်သည် အားကစားပေါင်းစုံကို မြတ်နိုးသူဖြစ်သည်။ ထိုစဉ် က ဆေးရုံ၌ နံနက်ခြောက်နာရီထိုးလျှင် အိပ်ရာမှနိုးသည်။ ရေခဲတမျှ အေးစက် နေသောရေဖြင့် မျက်နှာကပျာကသီသစ်ကာ နာရီဝက်ခန့် ကွင်းတစ်ပတ် ပတ်ပြေးသည့် လေ့ကျင့်ခန်းလုပ်သည်။ အားကစားတစ်ခုခုကို ကစားသည်။ ထိုအလုပ်များသည် စာသင်ခန်းသို့မသွားမီ ကျွန်တော်နံနက်တိုင်း လုပ်နေကျ ဖြစ်သည်။ ဤတွင် ဂျော်ဒီနှင့်ကျွန်တော် နံနက်တိုင်း ဆုံမိကြသည်။ တင်းနစ် ကစားသည့်အခါ ကစား၍ ဗလီရိုက်သည့်အခါ ရိုက်ကြသည်။ ကျွန်တော် ကျောင်းအားသည့် စနေနေ့ မွန်းလွဲပိုင်းတွင်မူ သူနှင့်ကျွန်တော် မကြာခဏ ဆုံကာ ဘောလုံးကန်လေ့ရှိကြလေသည်။

ကျွန်တော့်အဖို့တော့ သူသည် ခင်စရာကောင်းသည့် လူငယ်တစ် ယောက်ဖြစ်နေသည်။ ပျော်ပျော်နေတတ်၍ ထက်မြက်တက်ကြွသည်။ တာဝန်

www.burmeseclassic.com

www.burmeseclassic.com


သိစိတ်လည်းရှိသည်။ ကျွန်တော်က မခိုင်းပါဘဲနှင့် ကျွန်တော်၏ ဝေယျာဝစ္စများကိုလည်း လုပ်ပေးတတ်သည်။ ထို့ကြောင့်လည်း ကျွန်တော်သည် သူ့ကို ပို၍ခင်မိပါသည်။ ဤသို့ဖြင့် တစ်နေ့တွင် ဂျော်ဒီ၏ကိစ္စကို ဆေးရုံအုပ်ချုပ်ရေး အရာရှိထံ တင်ပြခဲ့သည်အထိ ဖြစ်ခဲ့ရပါသည်။

တစ်နေ့တာလုပ်ငန်းပြီးလျှင် ဒေါက်တာဂေဗင်တန်သည် ဘိလိယက် ထိုးလေ့ရှိသည်။ ဒေါက်တာပီတာ လာ၍မကစားသည့်ရက်များတွင် သူသည် ကျွန်တော့်အား ခေါ်၍ကစားသည်။ သူ့တွင် ကောင်းမွေဆိုသည့် ဘိလိယက်ခုံရှိ ၏။ ကစားပြီဆိုလျှင် သူက ကျွန်တော့်အား အမှတ်နှစ်ဆယ် အသာစီးပေး၍ ကစားလေ့ရှိသည်။ တစ်ညနေခင်းတွင် ဘိလိယက်ကစားရင်း ကျွန်တော်က ဘလဲယားအကြောင်း စကားစမိပါသည်။

'ဘလဲယားရဲ့အဖြစ်က အတော်ဆိုးတာပဲ ဒေါက်တာ၊ သူ့ဘဝတစ် လျှောက်လုံး လော့ချ်လီယာဆေးရုံမှာ နေသွားရမယ်ဆိုတာ အတော့်ကို မလွယ် တဲ့အဖြစ်ပဲ'

'အင်း... ဟုတ်တယ်' သူသည် သူ့ကျူတံကို မြေဖြူနှင့်ပွတ်နေရာမှ အလိုက်သင့် ပြန်ပြောသည်။ 'ဒါဆိုရင် မင်းအနေနဲ့ တို့ဆေးရုံကို အလွန်ဆိုးတဲ့ နေရာတစ်နေရာလို့ ထင်နေသလား'

'အို... အဲသလိုတော့ မထင်ပါဘူးခင်ဗျား၊ သိပ်ကိုကောင်းတဲ့အပိုင်း တွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် ကမ္ဘာလောကနဲ့ အဆက်အသွယ်ပြတ် အောင် တံတိုင်းကြီးတွေ ကာထားတာတစ်ခုက ရှိနေတယ်မဟုတ်လား'

'တံတိုင်းက အထိုက်အလျောက်တော့ ရည်မှန်းချက်တစ်ခုခုကို ပြည့်ဝအောင်လုပ်ပေးနေတယ်လေ'

'ဟုတ်ပါတယ် ခင်ဗျာ၊ ဒါပေမယ့် ဘလဲယားအတွက်ကျတော့ အဲသလို တွေးလို့မရဘူး ထင်ပါတယ်၊ ဒီကောင်လေးဟာ သိမ်သိမ်မွေ့မွေ့ ရှိပါတယ်ခင်ဗျာ၊ သူ့အဖြစ်က တော်တော်ကိုဆိုးပါတယ်၊ သက်ဆိုင်ရာ အာဏာပိုင်တွေဆီ အသနားခံစာလေးဘာလေး တင်လို့မရနိုင်တော့ဘူးလား ခင်ဗျာ'

ငြိမ်ဆိတ်သွားသည်။ ဒေါက်တာဂေဗင်တန်က သူ့အပေါ်နှုတ်ခမ်းကို

www.burmeseclassic.com

www.burmeseclassic.com


ပွတ်၍ ကျွန်တော့်အား ကြည့်နေသည်။ သူ့အကြည့်သည် ထူးခြားသည်ဟု ထင်ပါသည်။ ထို့နောက် သူသည် တစ်ချက်မျှပြုံးကာ ဘိလိယက်ဘောလုံးကို ထိုးရန် ခုံထက်သို့ ခါးကိုကုန်းလိုက်သည်။

'ဆေးမှူးကလေးရေ၊ ငါတို့မိတ်ဆွေလေး ဘလဲယားဟာ လော့ချ်လီယာဆေးရုံမှာနေရတာ အဆင်ပြေပါတယ်ကွာ'

ဘလဲယား၏ကိစ္စသည် ဤမှတ်ချက်ဖြင့် လမ်းပိတ်သွားပါသည်။ သို့သော်လည်း ကျွန်တော် မကျေနပ်ပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ ဘလဲယားအား စိတ်ချမ်းသာမှုရှိအောင် တတ်အားသရွေ့ စောင့်ရှောက်မြဲ စောင့်ရှောက်ပေးပါသည်။

ဘလဲယားအကြောင်း ပြောမိခဲ့ကြပြီးသည့်နောက် သီတင်းပတ်အနည်းငယ်မျှအကြာတွင်ဖြစ်သည်။ ဒေါက်တာပီတာ တစ်ယောက် 'လာဘိုယီးမီး'ပြဇာတ် သွားကြည့်နေသဖြင့် ကျွန်တော် အမျိုးသားလူနာခန်းများအား လှည့်လည်၍ စစ်ဆေးကြည့်ရှုပါသည်။ ထို့နောက် အခန်းထဲ၌ထိုင်ကာ စာကျက်သည်။ ထိုညက ခါတိုင်းထက်နောက်ကျသွားသဖြင့် ကျွန်တော်စာကျက်ပြီးချိန်တွင် ညဆယ့်တစ်နာရီ ထိုးလုနီးနေပေပြီ။

လူနာဆောင် မီးဖိုခန်းထဲသို့ ကျွန်တော် ဝင်သွားသည့်အခါ ညစောင့်အဘိုးကြီး ကာရီတစ်ယောက် အိုဗာတင်းဖျော်နေသည်ကို တွေ့ရသည်။ ဆေးရုံထုံးစံအရ သူသည် အားကောင်းမောင်းသန်မဟုတ်သော လူနာများကိုသာ စောင့်ရသူဖြစ်၏။ အမှန်တော့လည်း ကာရီသည် အသက်ခုနစ်ဆယ်ကျော်ပြီး မုတ်ဆိတ်မွေးဖြူဖြူနှင့် စကော့တလန် တောင်ပေါ်သားတစ်ဦးဖြစ်သည်။ အသက်ကြီးပြီဖြစ်၍ ခါးအနည်းငယ် ကုန်းနေပြီဖြစ်သော်လည်း လူကတော့ သွက်လက်လန်းဆန်းဆဲဖြစ်သည်။

လော့ချ်လီယာဆေးရုံ ညစောင့်လုပ်လာခဲ့သည်မှာ နှစ်ပေါင်းငါးဆယ်နီးပါးမျှရှိခဲ့ပြီ။ သူသည် ကျွန်တော်နှင့်ဆုံမိတိုင်း သူနေရောင်ကို ကောင်းကောင်း မမြင်ခဲ့ရသည်မှာ ရာစုတစ်ဝက်လောက်ရှိပြီဟု ပြောလေ့ရှိသည်။ ကျွန်တော်ရောက်သွားသည့်အခါ သူသည် အိုဗာတင်းတစ်ခွက်ထည့်ပြီး ကျွန်တော့်လက်သို့ လှမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒီနေ့ညနေ ဂျော်ဒီပြန်ပြီး သောင်းကျန်းတယ်၊ သူ့ကို အခန်းနံပါတ် (၇)မှာ ထည့်ထားရတယ်'

ကျွန်တော် သူ့အား တအံ့တသြ ကြည့်နေမိပါသည်။

'ဘလဲယားကို အခန်း(၇)ထဲ ထည့်ထားတယ်ဟုတ်လား'

'အေး… ဟုတ်တယ်' ကာရီက ခေါင်းညိတ်ပြသည်။ 'ဒီကောင် တကယ့်ကို ဆိုးလာတာ'

ကျွန်တော် နားမလည်နိုင်အောင် ဖြစ်ရသည်။ ဤအဆောင်၏ အခန်းနံပါတ် (၇)မှာ သံတိုင်ကာ အလုံပိတ် မြေအောက်ခန်းဖြစ်၏။ အဘိုးကြီး ကျွန်တော့်အား လာ၍နောက်ပြောင်နေတာလား။ သို့သော်လည်း သူ့မျက်နှာ ထားကြောင့် ထိုအထင်ကို ကျွန်တော် လက်မခံနိုင်တော့ပါ။ အံ့သြခြင်း၊ စိတ်မကောင်းခြင်းတို့ဖြင့် ကျွန်တော်သည် မီးဖိုခန်းထဲမှာ အိုဗာတင်းခွက်ကိုပင် ချမထားခဲ့ပါ။ အကယ်၍ ဘလဲယား နေထိုင်မကောင်းဖြစ်နေသည်ဆိုပါမူ ဤအိုဗာတင်းကို သောက်ချင်စိတ်ရှိပေလိမ့်မည်။

အဆောင်စင်္ကြံလမ်းအတိုင်း ကျွန်တော် ဆက်လျှောက်လာနေခိုက်တွင် နောက်မှကာရီက အပြေးအလွှားလိုက်လာပြီး တကြော်ကြော် အော်ခေါ်နေသည်။ ကျွန်တော် လုံးဝဂရုမစိုက်၊ လှည့်၍မျှပင် မကြည့်။ ကျွန်တော်သည် လက်ထဲမှသော့ဖြင့် တံခါးကြီးကိုဖွင့်ကာ အခန်း(၇)ထဲသို့ ဝင်လိုက်သည်။

အခန်းထဲတွင် မှောင်မည်းလျက်ရှိ၏။ ဘာကိုမှ ပီပီပြင်ပြင် မမြင်ရသဖြင့် စမ်းတဝါးဝါးဖြစ်နေခိုက်တွင် ကျွန်တော့်ရင်ဘတ်ဆီသို့ ပြင်းထန်သော အရှိန်ဖြင့် လက်သီးတစ်ချက် ဝင်လာသည်။ ခွက်ထဲမှ အိုဗာတင်းပူပူများ ကျွန်တော့်မျက်လုံးများထဲသို့ ဝင်ကုန်သည်။ ကျွန်တော် မိမိကိုယ်ကိုမိမိ မဟန်နိုင်။ အရှိန်ဖြင့် တံခါးဆီသို့ လွင့်ထွက်သွားသည်။ တံခါးသည် ဂျိုင်းခနဲ မြည်ဟီးကာ ပိတ်သွားသည်။ ရုတ်တရက် အကန်းတစ်ယောက်လိုဖြစ်သွားသည်။ အခန်းခေါင်မိုးထက်ရှိ မှန်လုံကာ အပေါက်ကလေးမှ ဝင်လာနေသည့် အလင်းရောင်သည် မှုန်ဝါးဝါး။

ကျွန်တော့်အန္တရာယ်ကို မြင်တွေ့နေရပြီဖြစ်သည်။ ကျွန်တော်သည် ကြောက်မက်ဖွယ်ကောင်းသည့် ဘေးအန္တရာယ်ဆီသို့ တိုးဝင်လာခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်မည်မျှလောက် မိုက်မဲပါသနည်း။ ဘလဲယား၏မျက်နှာထားကို မြင်ရုံမျှဖြင့် အပြင်းအထန် စိတ်ဖောက်ပြန်နေပြီဖြစ်ကြောင်း သိသာသည်။ သူသည် ကျွန်တော့်ဆီသို့ ပြေးဝင်လာပြီး လက်ထဲမှဖန်ခွက်ကို လုယူသည်။ ထို့နောက် ဖန်ခွက်ဖြင့် ကျွန်တော့်ခေါင်းကိုရိုက်သည်။

'ဂျော်ဒီ… ဟေ့ကောင် ဂျော်ဒီ၊ ငါ့ကို မင်းမမှတ်မိဘူးလား၊ ငါ… မင်းသူငယ်ချင်းလေ'

သူသည် ဘာတစ်ခွန်းမှပြန်မပြောဘဲ ကျွန်တော့်ဆီ ပြေးလာပြန်သည်။ ကျွန်တော် အကြီးအကျယ် ကြောက်ရွံ့တုန်လှုပ်မိပါသည်။ ဆေးရုံတစ်ခုလုံးတွင် တသီးတခြားခွဲ၍ အသံလုံအောင် စနစ်တကျပြုလုပ်ထားသော မြေတိုက်ခန်းထဲ၌ လူသတ်ရန် ဝန်မလေးသည့် အရူးတစ်ယောက်နှင့် နှစ်ယောက်တည်း ပိတ်မိနေခြင်းဖြစ်လေသည်။ ကျွန်တော်မည်မျှလောက် သံကုန်ဟစ်၍ အော်စေကာမူ အဆောင်ဘက်က ကြားနိုင်မည်မဟုတ်ပါ။

ကြောက်စိတ်ဖြင့် ကျွန်တော့်တစ်ကိုယ်လုံး အေးစက်နေသည်။ ဖန်ခွက်ဖြင့်အခုတ်ခံရ၍ ကွဲသွားသော်ဒဏ်ရာမှ သွေးစက်များသည် ကျွန်တော့်လည်ပင်းပေါ်သို့ တစ်ပေါက်ပေါက်ကျလျက်ရှိပါသည်။ ကျွန်တော့်အနေဖြင့် မိမိကိုယ်ကိုမိမိ အပြင်းအထန်ကာကွယ်ရုံမှတစ်ပါး အခြားဘာမှလုပ်စရာမရှိတော့ပါ။ ကျွန်တော်သည် ကျွန်တော့်ဆီသို့လာနေသော ဘလဲယားအား လက်သီးဖြင့် တအားကုန်ကျုံး၍ ထိုးလိုက်သည်။ ကျွန်တော့်လက်သီးချက်ကြောင့် ဘလဲယားသည် ဒယီးဒယိုင်ဖြစ်သွားသော်လည်း သိပ်ပြီးမဖြုံပါ။ တကယ်တော့လည်း ကျွန်တော်သည် အရူးအမူးဖြစ်ပြီး ပြေးဝင်လာနေသည့် နွားသိုးတစ်ကောင်ကို ရင်ဆိုင်နေရသည့် လူတစ်ယောက်နှင့် တူလှပါသည်။

ကျွန်တော့်ကိုယ်ကျွန်တော် တိုက်ရည်ခိုက်ရည် ကောင်းသူတစ်ဦးဟု မပြောရဲပါ။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ကျွန်တော့်ကိုယ်ကျွန်တော် နှာခေါင်းရှုံ့ချင်မိလောက်အောင် သတ္တိနည်းသည့်အဖြစ်များလည်း ရှိခဲ့ဖူးပါသည်။ သို့တစေလည်း ကျွန်တော်သည် ရေတပ်တွင်အမှုထမ်းခဲ့ရစဉ်က မိမိကိုယ်မိမိ ကာကွယ်နိုင်ရေးအတွက် တတ်မြောက်အပ်သည့် ပညာများကို စနစ်တကျသင်ကြားခဲ့ဖူးပါသည်။ ကံကောင်းထောက်မသဖြင့် ဗြိတိန်နိုင်ငံ၏

www.burmeseclassic.com

www.burmeseclassic.com


အငယ်တန်းလက်ဝှေ့ချန်ပီယံ ဆီးမင်းဟောနှင့် ဖျက်သဘော်၁ မီလင်မတ်စ်ပေါ် တွင် ရင်းနှီးခဲ့သည်ဖြစ်ရာ သူနှင့်အတူ မကြာခဏ လက်ဝှေ့ထိုးခဲ့ဖူးပါသည်။

ဆီးမင်းဟောထံမှ သင်ယူခဲ့သမျှ အခုမှပင် အတိုးချ၍ သုံးနေရပါ သည်။ ကျွန်တော်သည် ဘလဲယားအား အကပ်မခံဘဲ တတ်နိုင်သမျှ ခွာထား သည်။ ဘယ်လက်သီးဖြင့်ချောက်ကာ ညာလက်သီးဖြင့် မေးရိုးကို မိမိရရ ထိုးရသည်မှာ လွယ်ကူသည်။ ဘလဲယားသည် သူ့ကိုယ်သူ ကာကွယ်ခြင်း မပြုဘဲ ဇွတ်အတင်းသာ ရှေ့သို့တိုးသည်။ အခုအချိန်ထိ ကျွန်တော် သူ့ကို ရပ်သွားအောင် မဟန်နိုင်သေး။ သာမန်အားဖြင့် သူသည်ကျွန်တော့်ထက် ခွန်အားကြီးသူဖြစ်၏။ အခုလို သွက်သွက်လည်မျှ ရုန်းသွပ်နေချိန်တွင် အကြော များသည် သာမန်အချိန်ထက် တစ်ဆတိုး၍ထကြွနေသည်ဖြစ်ရာ အမြင့်ဆုံး သောလှုပ်ရှားမှုများကို ပြုနိုင်သောအခြေအနေရှိသည်။ သို့ဖြစ်ရာ အခုအချိန် တွင် သူသည် ကျွန်တော့်ထက် အဆပေါင်းများစွာ အားသာလျက်ရှိ၏။

သူသည် ကျွန်တော့်အား လှမ်း၍လှမ်း၍ထိုးသည်။ သူလွှဲ၍လွှဲ၍ထိုး လိုက်သော လက်သီးချက်များသည် ကျွန်တော့်ကို မထိုးမိ။ လေကိုသာထိုးမိ သည်။ တဖြည်းဖြည်းနှင့်သူသည် ကျွန်တော့်ကို အားနှင့်ဖိလာသည်။ အသိ ကင်းမဲ့နေသည့်မျက်နှာထား၊ ထိန်းမနိုင်သိမ်းမရ ဖြစ်နေသည့်ဒေါသနှင့် ပြင်းထန်သောအသက်ရှူသံများသည် တုန်လှုပ်ချောက်ချားဖွယ် ကောင်းလှ ပါသည်။ ကျွန်တော့်ခေါင်းသည် မူးနောက်နောက် ရီဝေဝေဖြစ်လာသည်။ ရုတ်တရက် အားအင်ကုန်ခန်းသွားသည့်နှယ် ခံစားရသည်။ သူသည် ကျွန်တော့်အား အတင်းဝင်လုံးပြီး တစ်ကိုယ်လုံးကိုမ၍ ကြမ်းပြင်ပေါ်သို့ ကိုင်ပေါက်လိုက်သည်။ သတိလစ်သလို၊ မူးဝေသလိုဖြစ်နေသည့်ကြားမှပင် သူ့လက်ချောင်းများက ကျွန်တော့်လည်ပင်းအား ညှစ်ထားသည်ကို သတိပြုမိ ပါသည်။ ကျွန်တော်၏ လေရှူပြွန်သည် တစ်ဆို့ဆို့ဖြစ်လာသည်။ ရုန်းကန် လှုပ်ရှားနေသော်လည်း အသက်ရှူကျပ်လာသည်။ ကျွန်တော့်မျက်စိများထဲတွင် သူ့ညီဝမ်းကွဲအား သူသည် လည်ပင်းညှစ်နေသည့်ပုံကို မြင်ယောင်လာ ပါသည်။

ထိုစက္ကန့်ပိုင်းအတွင်းမှာပင် တံခါးပွင့်သွားသံကို ကျွန်တော်ကြား

www.burmeseclassic.com

www.burmeseclassic.com


လိုက်ရပါသည်။ အိပ်မက်တစ်ခုမက်နေသည့်နှယ် မျက်လုံးများက ကာရီသည် လူနာစောင့်နှစ်ယောက်နှင့်အတူ ဒလဟော ထိုးဝင်လာသည်ကို မြင်လိုက်ရ၏။ ကာရီသည် ကျွန်တော့်နောက်မှ လိုက်၍မဝင်လာဘဲ အကူအညီသွားတောင်းပြီးမှ လိုက်လာခြင်းဖြစ်၏။ ထို့နောက် ကျွန်တော်သတိမေ့သွားပါသည်။

ထိုညက ကျွန်တော့်ခေါင်းမှ ဒဏ်ရာကို ဒေါက်တာဂေဗင်တန် ကိုယ်တိုင် ဆယ်ချက်ချုပ်ပေးခဲ့ရသည်။ ထိုဒဏ်ရာ၏အမာရွတ်မှာ အခုထိရှိနေပါသေးသည်။ ရက်ပေါင်းအတန်ကြာမျှ လည်ပင်းက နာနေသဖြင့် အစာကိုပင် ကောင်းစွာမမျိုနိုင်ပါ။

နောက်လ တစ်နေ့သောနံနက်တွင် ကျွန်တော်သည် တက္ကသိုလ်အနောက်ပိုင်းဆေးရုံ၌ပြုလုပ်မည့် ဒေါက်တာစတော့မန်း၏ဟောပြောပွဲသို့ တက်ရောက်ရန် ဆေးရုံဝင်းအတွင်းမှ လမ်းလယ်အတိုင်း လျှောက်လာခဲ့သည်။ ထိုအခိုက်တွင် တရင်းတနှီး နှုတ်ဆက်လိုက်သောအသံကြောင့် လှည့်ကြည့်မိသည်။ ဂျော်ဒီဖြစ်ပါသည်။ သူသည် ပြုံးကာရယ်ကာဖြင့် ကျွန်တော့်အား လှမ်း၍နှုတ်ဆက်နေခြင်းဖြစ်၏။ သူ့အမူအရာမှာ ဟိုယခင်ကလိုပင် ခင်မင်နှစ်လိုဖွယ်ကောင်းလှပါသည်။ သူသည် ရပ်စောင့်နေသော ကျွန်တော့်ထံသို့ ပြေးချလာပြီး လက်ကိုဆွဲ၍ အားရပါးရ နှုတ်ဆက်သည်။

'နေကောင်းရဲ့လား၊ တွေ့ရတာဝမ်းသာတယ်၊ သိပ်ကိုဝမ်းသာတာပဲ၊ ကျွန်တော် ခင်ဗျားကို ထိုးမိကြိတ်မိတာ မကောင်းဘူးဗျာ၊ ဒါပေမယ့် ခင်ဗျားက ကျွန်တော့်နမကို အခုလိုလုပ်တာကလဲ မကောင်းဘူးဗျာ'

ကျွန်တော် သူ့မျက်နှာကို ကြောင်ပြီးကြည့်နေပါသည်။ သို့သော်လည်း စိတ်ထဲက မည်မျှအံ့အားသင့်နေစေကာမူ ခပ်ပြောင်ပြောင် ခပ်နောက်နောက်စကားမျိုး ပြန်ပြောဖို့တော့ သတိရှိပါသေးသည်။

'ငါ… စိတ်မကောင်းပါဘူး ဂျော်ဒီရာ၊ တကယ်ပြောတာပါ၊ ငါ သတိလက်လွတ်ဖြစ်ပြီး လုပ်မိတာပါ၊ နောင်ကို ဒါမျိုးဘယ်တော့မှ ထပ်မလုပ်တော့ပါဘူး'

ထို့နောက်ပိုင်းတွင် ဂျော်ဒီသည် ကျွန်တော့်အား သူနှင့်တင်းနစ်ကစား

www.burmeseclassic.com

www.burmeseclassic.com


ဖို့၊ ဗလီတံရိုက်ဖို့ မကြာခဏ လာခေါ်လေ့ရှိသည်။ စနေနေ့များရောက်လျှင်လည်း ဘောလုံးကန်ဖို့ ကျွန်တော့်ကို စောင့်နေတတ်သည်။ သို့သော်လည်း လေ့ချ်လီယာဆေးရုံ၌ ခေတ္တခဏ နေထိုင်ခဲ့ရသည့် နောက်ပိုင်းကာလ တစ်လျှောက်လုံး သူနှင့် ဝေးဝေးနေဖို့ သတိထားနေရသည်။

အမှန်တော့ ဘလဲယားသည် မွေးချင်းပေါက်ဖော် ရှိသူမဟုတ်။ သူ့မိဘ၏ တစ်ဦးတည်းသောသားဖြစ်၏။ သို့ပါလျက်နှင့် သူ့တွင် နှမ တစ်ယောက်ရှိသည်ဟု ယုံကြည်စွဲလမ်းနေသူဖြစ်ပါသည်။ ယင်းကဲ့သို့သော လူစားတစ်ယောက်အပေါ်တွင် ဘယ်သောအခါမှ ယုံကြည်စိတ်ချမှုမရှိအောင် ကျွန်တော် သင်ခန်းစာကောင်းကောင်းရခဲ့ပြီးပြီဟုပင် ပြောချင်မိပါသည်။

* * * *

# [ ၃ ]

ရေလက်ကြားကို ဖြတ်ကူးပြီး ဒွန်လာအိုဟဲရားဆိပ်သို့ ရောက်သည့်အခါ ကျွန်တော်တို့ မီးသင်္ဘောပေါ်မှ ဆင်းကြသည်။ ကျွန်တော်တို့ကို မြို့တော်တွင်းသို့လိုက်ပို့မည့် မော်တော်ကားသည် အသင့်စောင့်ကြိုလျက်ရှိသည်။ မြူဆိုင်းလျက်ရှိသော ညနေခင်း၏ပတ်ဝန်းကျင်တွင် ငွေဦးပေါက်တော့မည့် အရိပ်အငွေ့များ ယှက်သန်းနေသည်။ အိုင်ယာလန်နိုင်ငံ၏ အမှတ်အသားတစ်ခုဟု ဆိုရမည့်မြေသင်းနံ့များနှင့် စိမ်းမြမြသစ်ပင် မြက်ပင်များသည် ကျွန်တော်တို့ကို ဆီးကြိုနှုတ်ဆက်နေကြသည့်နှယ်ရှိ၏။ ဒဗ္ဗလင်မြို့တော်၏ မီးရောင်များ မြင်ကွင်းထဲသို့ ဝင်လာသည့်အခါ ကျွန်တော့်ခန္ဓာကိုယ်အတွင်းရှိ အိုင်းရစ်သွေးသည် ဆူလာသည်။ ကျွန်တော်တို့သည် လစ်ဖေးတံတားပေါ်မှ ခပ်သုတ်သုတ်ဖြတ်ကာ အိုကွန်နဲလ်လမ်းဘက်သို့ဆင်းကာ ရိုတွန်ဒါဆေးရုံကြီးဘက်သို့ လျှောက်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်နှင့်ပါလာသည့် ခရီးသွားဖော်မှာ ကျောင်းနေဖက် 'ဟူဒီဗား' ဖြစ်သည်။ ဇွန်လတွင် ကျွန်တော်တို့ စာမေးပွဲကြီးဖြေရမည်။ ထိုစာမေးပွဲကြီး မဖြေမီ ရိုတွန်ဒါဆေးရုံကြီး၌ ဝမ်းဆွဲအတတ်ပညာ သုံးလသင်တန်းတက်ရမည်ဖြစ်၍ ကျွန်တော်တို့ လာခဲ့ကြခြင်းဖြစ်၏။ ဒေါက်တာ ဖစ်ဇ်ဂစ်ဘွန်၏ အုပ်ချုပ်မှုအောက်၌ရှိနေသော ရိုတွန်ဒါဆေးရုံကြီး၏ ဝမ်းဆွဲအတတ်ပညာသင်ကျောင်းသည် ဥရောပတိုက်တွင် အကောင်းဆုံး ကျောင်းတစ်ကျောင်းဖြစ်သည် မဟုတ်ပါလား။

လော့ချ်လီယာဆေးရုံမှ ထွက်လာစဖြစ်၍ ကျွန်တော့်အိတ်ထဲတွင် ထောက်ပံ့ကြေးငွေ ဂီနီလေးဆယ်ရှိနေသည်။ ကျွန်တော့်အဖို့ ငွေကုန်ကြေးကျခံ၍ အတွေ့အကြုံဆည်းပူးနိုင်သောအခြေအနေရှိနေသည်။ ကျွန်တော့်သူငယ်ချင်း ဒီဗားသည် အမေရိကန်တစ်ဦးဖြစ်၏။ တက္ကဆက်ပြည်နယ်၌ ဆရာဝန်လုပ်နေသော သူ့ဖခင်သည် တစ်ချိန်က ပါမောက္ခရပ်ဖ်စတော့ပင်းနှင့် အလုပ်တွဲ၍ လုပ်ခဲ့ဖူးသည်။ ဤအချက်ကို အကြောင်းပြု၍ သူ့မိတ်ဆွေဟောင်းကြီးထံ၌ ပညာသင်ကြားစေလိုသောဆန္ဒဖြင့် သူ့သား ဒီဗားအား ဂလက်စကိုတက္ကသိုလ်သို့ ပညာသင်စေလွှတ်ခဲ့ခြင်းဖြစ်သည်။ ဟူဒီဗား၏ သဘာဝသည် ထည်ထည်ဝါဝါနေတတ်သော သဘောမရှိ။ အရပ်ရှည်ရှည်၊ သွက်လက်ဖျတ်လတ်သော ဒီဗားသည် လွတ်လွတ်လပ်လပ်နေတတ်သည်။ ပျော်ပျော်ပါးပါးနေတတ်သည်။ ကမ္ဘာလောကတွင် အကောင်းဆုံးသော အဖော်တစ်ယောက်ဟု အသိအမှတ်ပြုရသည့်လူစား ဖြစ်ပါသည်။

ကျောင်းသို့ရောက်ပြီး နောက်ပိုင်းရက်များတွင် ကျွန်တော်နှင့်ဒီဗားတို့သည် စာသင်တန်းများနှင့် အဆမတန်များပြားလှသော လက်တွေ့သင်တန်းများကြားမှ အချိန်ရနိုင်သမျှရအောင် ခိုးယူကာ အပြင်သို့လစ်ထွက်လေ့ရှိသည်။ ဤသို့ဖြင့် ကျွန်တော်တို့သည် အက်ဘီဇာတ်ရုံကိုလည်း ရောက်သည်။ လီယိုပတ်တောင်း မြင်းပြိုင်ကွင်းသို့သွား၍ သျှီလင် အနည်းငယ်မျှ အရှုံးခံခဲ့ကြသည်။ နာမည်ကျော် ပို့မားနော့လင့်ခ်ကွင်းသို့ အရောက်သွားကာ ဂေါက်သီးရိုက်ကြသည်။ ကျွန်တော်တို့သည် ဘွိုင်းနီမြစ်အထိပင် ရောက်အောင်သွားကာ

www.burmeseclassic.com

www.burmeseclassic.com


ငါးသလောက်တစ်ကောင်လောက်ပဲရရဟုသော ရည်မှန်းချက်ဖြင့် ငါးမျှားခဲ့ကြပါသည်။ သို့သော်လည်း ငါးတစ်ကောင်မှမရခဲ့ပါ။

ကျွန်တော်တို့လူစု နေ့ရောညပါ အများဆုံး အချိန်ဖြုန်းခဲ့ရသည့် နေရာများမှာ ဒဗ္ဗလင်မြို့တော်၏ ကြေကွဲစရာမြင်ကွင်းတစ်ခုဟု ဆိုရမည့် ဆင်းရဲသားရပ်ကွက်များ ဖြစ်သည်။ ဤနယ်မြေသည် ရိုတွန်ဒါဆေးရုံမှ ကျောင်းသားများ အလုပ်အကျွေးပြုရာ နယ်မြေဟုပင် ဆိုနိုင်ပါသည်။ လုပ်ကြရသည့်အလုပ်မှာ မယုံကြည်နိုင်လောက်အောင်ပင် ခက်ခဲလှပါသည်။ ရပ်ကွက်တွင်းဆင်း၍ ကလေးတစ်ယောက် မျက်နှာမြင်ပေးရပြီဆိုလျှင် နာရီပေါင်းများစွာ အကုန်ခံရသည်။ နောက်ဆုံး မွေးဖွားပေးပြီး အခန်းပြန်ရောက်၍ မောမောပန်းပန်းနှင့် အိပ်ရာဝင်တော့မည်လုပ်ကာမှ နောက်တစ်ဦး မီးဖွားလုဖြစ်နေသဖြင့် ကျွန်တော်တို့ကို လာခေါ်ပြန်သည်။ ထိုအခါ ကျွန်တော်တို့သည် ဆေးအိတ်အနက်များကို ဆွဲ၍နောက်တစ်ကျော့ ပြန်ထွက်ရပြန်သည်။ မှုန်ဝါးဝါးမီးတိုင်များအောက်ရှိ လမ်းများပေါ်တွင် ခြေတရွတ်ဆွဲ၍ သွားကြရသည်။ မှောင်မိုက်နေသော အုတ်လှေကားများအတိုင်း တစ်ထစ်ချင်း စမ်းတဝါးဝါးဖြင့်တက်ကာ လျှို့ဝှက်နက်နဲပြီး ခက်ခဲလှသည့် ဝမ်းဆွဲအလုပ်ကို လုပ်ကြရပြန်ပါသည်။

ထို့ပြင်လည်း ကျွန်တော်တို့ မွေးဖွားပေးခဲ့သည့် လူနာများထံသို့ သီတင်းနှစ်ပတ်တိတိ နေ့စဉ် တစ်နေ့နှစ်ခေါက် မှန်မှန်သွားကြည့်ကြရသည်။ မွေးကင်းစကလေးကို ရေချိုးပေးရန်နှင့် အဝတ်လဲပေးရန်၊ မွေးလူနာမိခင်နှင့် မွေးကင်းစကလေးအား ပြုစုစောင့်ရှောက်ရန်နည်းများကို လက်တွေ့လေ့လာသင်ကြားရန်အတွက် ဖြစ်ပါသည်။ ကြောက်စဖွယ်ကောင်းလောက်အောင် ဆင်းရဲသည့်ပတ်ဝန်းကျင်နှင့် ယင်းကဲ့သို့ အနီးကပ် ဆက်သွယ်နေရသောအခါ ကြေကွဲစရာကောင်းသည့် မိခင်၏လက်တွေ့ဘဝသည် ကျွန်တော်တို့အပေါ်တွင် အကျိုးသက်ရောက်မှုရှိလာသည်။

စောစောပိုင်းက ကျွန်တော်တို့သည် သူတို့အား ရယ်စရာလို သဘောထားခဲ့ကြသော်လည်း တဖြည်းဖြည်းနှင့် ထိုအယူအဆပျောက်သွားသည်။ သူတို့၏ဘဝကို တည်ငြိမ်မှန်ကန်သောစိတ်ဖြင့် ရှုမြင်သုံးသပ်လာတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်အနေဖြင့် ပြောရပါမူ ဆင်းရဲသားတို့၏ ကြီးမားသောဖွဲ၊ သည်းခံနိုင်စွမ်းနှင့် ခံနိုင်ရည်စွမ်းသတ္တိများကို ဤဒဗ္ဗလင်မြို့တော်၏ ဆင်းရဲသားရပ်ကွက်များအတွင်း၌ ပထမဆုံးအကြိမ် သိမြင်နားလည်လာခဲ့ရခြင်း ဖြစ်သည်။ သူတို့၏သတ္တိနှင့် အနစ်နာခံမှုများကို အမြဲတစေ လှုပ်ရှားရုန်းကန်နေရသော လက်တွေ့ဖြစ်ရပ်များထဲတွင် ရှိနေသည်ကို ကျွန်တော်တွေ့ရသည်။ ဤဖြစ်ရပ်များထဲမှ တစ်ခုသောဖြစ်ရပ်သည် အလွန်သိမ်မွေ့ပြီး ကြေကွဲဖွယ်ကောင်းလှသည်ဖြစ်ရာ ကျွန်တော့်တစ်သက်တာတွင် မေ့မရအောင်ဖြစ်ခဲ့လေသည်။

ကျွန်တော်တို့ သူ့ကိုစ၍မြင်ရသည်မှာ လော့ဂ်ဟန်းလမ်းပေါ်၌ဖြစ်သည်။ သူသည် နို့စို့ကလေးတစ်ယောက်ကိုချီ၍ အများသုံးလမ်းဘေးရေဘုံဘိုင်မှ ရေခပ်နေခိုက်ဖြစ်သည်။ ကလေးမှာ ကိုးလသားခန့်ဖြစ်၍ ခပ်ထွားထွား၊ အပေါက်တွေဗရပွဖြစ်နေသော ခြုံစောင်တစ်ထည်ဖြင့်ပတ်ကာ သူ့ကိုယ်တွင် သိုင်းချီထားခြင်းဖြစ်သည်။ သူ့နာမည်မှာ ရို့စ်ဒိုနီဂန်ဖြစ်၍ အသက်ဆယ့်လေးနှစ်ခန့်မျှသာ ရှိပါသေးသည်။ ဆံပင်ကနီနီ၊ မျက်လုံးကပြာပြာ၊ သူ့မျက်နှာကသေးလွန်းသဖြင့် မျက်လုံးများက အဆမတန်ကြီးနေသည်ဟု ထင်ရပါသည်။ သူ့စကတ်ကလနားကိုဆွဲ၍ လိုက်နေကြသည့် ကလေးသုံးယောက်မှာ အသက်ငါးနှစ်နှင့် ကိုးနှစ်အကြားအရွယ်များဖြစ်သည်။ ကလေးအားလုံး၏ မျက်နှာပေါက်များသည် သူနှင့်ဆင်ကြသည်။ အထူးသဖြင့် အားလုံး၏ ဆံပင်များသည် နီရဲရဲ၊ တစ်သွေးတည်း တစ်ရောင်တည်းဖြစ်သဖြင့် ညီအစ်ကို မောင်နှမများ ဖြစ်ကြသည်ကို ချက်ချင်းသိသာသည်။

သူ့ပုံပန်းသည် ညစ်ပတ်ပေရေကာ အလွန်ဆင်းရဲနွမ်းပါးဟန် ပေါက်နေသော်လည်း ကြည့်ပုံရှုပုံများမှာ ပွင့်လင်းရဲတင်းသည်။ ဤမတူညီမှုကလေးကြောင့် ကျွန်တော်တို့သည် ဤကလေးမလေးအပေါ်၌ စိတ်ဝင်စားမိကြပါသည်။ ဤသို့ဖြင့် သူ့ကိုတွေ့တိုင်း ကျွန်တော်တို့က နှုတ်ဆက်သည်။ ရက်အနည်းမျှကြာသောအခါ သူကိုယ်တိုင်က ရက်စနိုးအမူအရာဖြင့် ကျွန်တော်တို့အား ပြုံး၍နှုတ်ဆက်သည်။ တဖြည်းဖြည်းနှင့် ကျွန်တော်တို့သည် သူနှင့်အလွန်ခင်မင်ရင်းနှီးသောအဆင့်သို့ ရောက်လာခဲ့ကြပါသည်။

ရို့စ်၏ ပြောပြချက်အရ နို့စို့ကလေး မစ်ချယ်အပါအဝင် သူတို့

www.burmeseclassic.com

www.burmeseclassic.com


မောင်နှမငါးယောက်တို့၏ မိခင်သည် လွန်ခဲ့သောရှစ်လခန့်က ဆုံးသွားခဲ့သည်ဟု သိရ၏။ သူတို့သည် သူတို့ဖခင် ဒင်နီဒိုနီဂန်နှင့် လောဂ်ဟန်းလမ်း မြေအောက်လမ်းရှိ အခန်းတစ်ခန်း၌နေသည်။ ဆင်းရဲသားရပ်ကွက်များ၏ ထုံးစံအတိုင်းမှာ ကျဉ်းကျဉ်းကျပ်ကျပ်နှင့် ကတ်သီးကတ်သတ်နေကြရသော အခန်းမျိုးဖြစ်၏။ ဒင်နီသည် ရံဖန်ရံခါ သင်္ဘောကျင်းသို့သွား၍ အလုပ်လုပ်သော်လည်း လူက ကျန်းမာရေးသိပ်မကောင်း။ သဘောကတော့ ကောင်းသည်။ စကားပြောလျှင် အေးအေးဆေးဆေး ပြောတတ်သည်။ စိတ်ကောင်းနှလုံးကောင်းရှိသော်လည်း အချိန်နှင့်ငွေကို အိမ်နားရှိ ရှင်မ်ရော့ဘား၌သာ ဖြုန်းလေ့ရှိ၏။ ဤသို့ဖြင့် အိမ်ထောင်စုတစ်ခုလုံး၏တာဝန်သည် ရို့စ်ပေါ်၌ ပိလာသည်။ ရို့စ်အနေဖြင့် အခန်းနှစ်ခန်း သန့်ရှင်းရေးတာဝန်ယူရသည်။ အချိန်ရှိသမျှ ဟိုသွားဒီသွားလုပ်နေသော ဖခင်ကိုလည်း ထိန်းသိမ်းရသည်။ သူ့ဖခင်ရလာသည့် ငွေများထဲမှ အကြွင်းအကျန်ကို မရရအောင် တောင်းရသည်။ ရလာသည့် ငွေကြေးမဖြစ်စလောက်လေးနှင့် ကလေးများအား ချက်ပြုတ်ကျွေးမွေးရသည်။ ပြီးတော့ ကလေးအားလုံးကို ထိန်းသိမ်းရသည်။

ရို့စ်အနေဖြင့် ကလေးအားလုံးကို ချစ်သော်လည်း သံယောဇဉ်အကြီးဆုံးမှာ အငယ်ဆုံးကလေး မစ်ချယ်ဖြစ်၏။ နေသာသောနေ့ မွန်းလွဲပိုင်းများတွင် မစ်ချယ်ကို မနိုင့်တနိုင်ပိုး၍ ဖီးနစ်ပန်းခြံဘေးရှိ ဈေးသွားဈေးလာများဖြင့် ပြည့်နေသော ပလက်ဖောင်းပေါ် လျှောက်သွားနေသည့် ရိုစ့်အား ကျွန်တော်တို့ မကြာခဏ တွေ့ရသည်။ ကလေးကိုချီပိုးပြီး အသားငါးသည်၊ ပေါင်မုန့်သည်များထံမှ ဈေးဆစ်၍၊ အကြွေးခံ၍ ဈေးဝယ်နေသော ရိုစ့်၏စိတ်ဓာတ်ကို ကျွန်တော်တို့ အံ့မသြမချီးကျူးဘဲ မနေနိုင်ပါ။ ရိုစ့်အနေဖြင့် သူ့ပတ်ဝန်းကျင်မှ လူများကို မမြင်သည်မဟုတ်။ မြင်တွေ့နေသည်။ သို့တစေလည်း ဆင်းရဲသားရပ်ကွက်မှကလေးများ၏အသိသည် သူ့တွင်ရှိနေပြီးဖြစ်၏။ ဘဝ၏ခက်ခဲသော လျှို့ဝှက်ချက်များကို နားလည်နေပြီဖြစ်သဖြင့် ရှက်စိတ်၊ ကြောက်စိတ်ဟူ၍ မရှိတော့။ ထိုအသိနှင့် အသက်ငယ်ရွယ်နုနယ်သောသူတို့၏ ရိုးသားဖြူစင်မှုပေါင်းစပ်မိသောအခါ ဘဝ၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်သော စိတ်ဓာတ်သည် သန္ဓေတည်လာခဲ့သည့် သဘောပင်ဖြစ်သည်။ သူ့မျက်လုံးအစုံသည် အသက်

www.burmeseclassic.com

www.burmeseclassic.com


အရွယ်ကြီးသူများ၏ ရင့်ကျက်တည်ငြိမ်မှုကို ဖော်ပြနေပါသည်။ ကျွန်တော်တို့အမြင်ကိုပြောရလျှင် ထိုမျက်လုံးအစုံသည် တိုင်းတာ၍မရနိုင်လောက်အောင် နက်ရှိုင်းသောမေတ္တာစိတ်ကိုလည်း ဖော်ပြနေကြပါသည်။

ဤကလေးမလေးအပေါ်၌ ကျွန်တော်တို့ထားရှိနေသော သာမန်စိတ်ဝင်စားမှုသည် တဖြည်းဖြည်းနှင့်ပို၍ လေးနက်လာသည်။ ကျွန်တော်တို့အနေဖြင့် သူ့အတွက် တစ်ခုခုလေးတော့ လုပ်ပေးမှသင့်မည်ဟု ယူဆလာကြသည်။ ယင်းအချိန်တွင် ရိုစီ၏မွေးနေ့ နီးကပ်လာသည်ကို အမှတ်မထင် သိလာကြရသည်။ ဤသို့ဖြင့် အိုကွန်နဲလ်လမ်း အဝတ်အထည်ဆိုင်မှတစ်ဆင့် ရိုစီ့ထံသို့ မွေးနေ့လက်ဆောင် အထုပ်ကလေးတစ်ထုပ် ပို့ပေးခဲ့ကြပါသည်။ နွေးထွေးလှပသော ဂါဝန်၊ ဖိနပ်သစ်၊ ခြေအိတ်သစ်စသည်တို့ကို ဝတ်စားဆင်ယင်ထားသော ရိုစီ၏ရုပ်လွှာကို စိတ်အာရုံတွင် မြင်ရထင်ရသည်မှာ ကြည်နူးဖွယ်ကောင်းလှပါဘိခြင်း။

ကျွန်တော်တို့က ရက်အနည်းငယ်ကြာမှ သူနှင့်မဆုံမိအောင် ရှောင်နေကြသည်။ သို့သော်လည်း တနင်္ဂနွေနေ့ ဘုရားရှိခိုးကျောင်းသွားသည့်အခါ အဝတ်အစားသစ်များဖြင့် ရိုစီ့တစ်ယောက် ခံ့ညားလှပနေပေလိမ့်မည်ဟု ကျွန်တော်တို့ချင်း ပြောမိကြသည်။ တနင်္လာနေ့ သူနှင့်ဆုံမိသောအခါတွင် ကျွန်တော်တို့လူစု အံ့အားသင့်နေကြသည်။ ရိုစီသည် ခါတိုင်းဝတ်နေကျ ဂါဝန်အစုတ်အပြဲနှင့်ပင်ဖြစ်သည်။ ကလေးအား ခြုံစောင်စုတ်ကလေးဖြင့် ချီ၍ပိုးထားသည်။

'ဟဲ့… ရိုစီ့၊ နင့်အဝတ်အစားသစ်တွေ ဘယ်ရောက်ကုန်လို့လဲ'ဟု ဒီဖားက မေးသည်။

သူသည် ချက်ချင်းအဖြေမပေး။ အချိန်အတန်ကြာမှ ငြိမ်နေသည်။ ထို့နောက် ကျွန်တော်တို့အား မော့မကြည့်ဘဲပြောသည်။

'ပေါင်ထားတယ်၊ အိမ်မှာ ဘာမှမရှိဘူး၊ မစ်ချယ်က နို့သောက်ရမှဖြစ်တာ'

ကျွန်တော်တို့ သူ့ကို ငေးကြည့်နေမိကြသည်။ ရိုစီ့သည် သူ့မောင်

www.burmeseclassic.com

www.burmeseclassic.com


ကလေးအတွက် သူပိုင်ဆိုင်သမျှ အရာရာတိုင်းကို စွန့်လွှတ်နေရပါလား။ အကယ်၍ ကျွန်တော်က သူ့အား ကူညီနိုင်မည်ဆိုပါမူ ဤအဖြစ်မျိုးနှင့် သူ နောက်ထပ်ရင်ဆိုင်ရဖို့မရှိ။ နောက်တစ်နေ့တွင် ကျွန်တော်သည် လော့ဂ် ဟန်းလမ်း သင်းအုပ်ဘုန်းကြီး ဖာသာဝဲလ်ရှ်ထံသို့ ရောက်သွားပါသည်။

ကျွန်တော်က ရိုစ့်အကြောင်းပြောပြသည်။ ရိုစ့်အား တတ်အားသရွေ့ ကူညီစောင့်ရှောက်ဖို့ ပြောပြသည့်အခါ သူသည်အတန်ကြာမျှ ငြိမ်၍စဉ်းစား နေသည်။ ထို့နောက် ခေါင်းကိုဖြည်းညင်းစွာညိတ်သည်။

'တို့အနေနဲ့ သူ့ကို တောပိုင်းခဏ ပို့ထားပေးနိုင်ရင်တော့ရတယ်၊ ဂဲလ်ဝေးဘက်ကို ပို့ဖို့ပါ၊ ဟိုမှာ ငါ့မိတ်ဆွေတွေထဲက အဲ… ကာရော့စ်တို့ရှိ တယ်၊ လူကောင်းတွေပါ၊ သူသွားချင်အောင် မင်းက နားချဖို့တော့ လိုလိမ့် မယ်' သူသည် ကျွန်တော့်အား တံခါးဝအထိ လိုက်ပို့ပေးသည်။ 'ကလေးမ လေးဟာ ငယ်သေးပေမယ့် တကယ်မိခင်စိတ်ရှိတဲ့ မအေတစ်ယောက်ဖြစ် နေတယ်၊ သူ့ဘဝရဲ့အားဟာ အဲဒါပဲ'

ဟိုဘက်သည်ဘက် စာများအပြန်အလှန် ရေးခဲ့ကြပြီ။ သည့်နောက် တစ်ပတ်ခန့်တွင် ကျွန်တော် လော့ဂ်ဟန်းလမ်းသို့ ရောက်သွားသည်။ ကလေး များသည် ရိုစ့်အားဝိုင်းရံကာ စားပွဲ၌ထိုင်နေကြသည်။ ရိုစ့်သည် ပေါင်မုန့်လေး တစ်လုံးကို တစ်ချပ်ချင်းစီ ခွဲလှီးနေသည်။

'ဟော့… ရိုစ့်၊ မင်းခရီးသွားရတော့မယ်'ဟု ကျွန်တော်က စကားစ သည်။

သူက ကျွန်တော့်အား နားမလည်သည့် မျက်နှာထားဖြင့် မော့ကြည့် လိုက်ပြီး နဖူးပေါ်ကျသည့် ဆံစများကို လက်နှင့်သပ်၍ တင်လိုက်သည်။

'မင်း… ဂဲလ်ဝေးကိုသွားရမှာ'ဟု ကျွန်တော်က ဆက်ပြောသည်။

'၁၄ ရက်လောက်ပဲ ကြာမယ်၊ ယာတောတစ်ခုမှာ အလုပ်လုပ် ရမယ်၊ ဟိုမှာလဲ ကြက်တွေအစာကျွေးဖို့ကလွဲပြီး တခြားဘာမှ မလုပ်ရဘူး၊ ယာတောတွေထဲမှာ ပြေးလွှားပြီး ကစားလို့ရတယ်။ နွားနို့တွေ အလျှံပယ် သောက်ရမယ်'

တဒင်္ဂမျှ သူ့မျက်နှာတွင် မျှော်လင့်ချက် ရောင်ခြည်သမ်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း ချက်ချင်းပင် ပြန်၍ကွယ်ပျောက်သွားသည်။ သူသည် ခေါင်းခါလျက်ရှိပါသည်။

'ဟင့်အင်း... သွားလို့မဖြစ်ဘူး၊ ကလေးတွေနဲ့ အဖေ့ကို ကြည့်ရဦးမယ်'

'မဟုတ်ဘူး ရိုစ့်၊ အားလုံးစီစဉ်ပြီးနေပြီ၊ စစ္စတာတွေက မင်းအဖေနဲ့ ကလေးတွေကို စောင့်ရှောက်ပေးထားလိမ့်မယ်၊ မင်းလုပ်မှဖြစ်မှာ၊ မလုပ်ရင် မင်းနေမကောင်းဖြစ်ပြီး လဲသွားလိမ့်မယ်'

'ကျွန်မ မသွားနိုင်ဘူး'ဟု သူကပြောသည်။ 'ကျွန်မ မောင်လေး မစ်ချယ်ကို ခွဲမသွားနိုင်ဘူး'

'အဲဒီလိုဆိုရင် မင်းသူ့ကို ခေါ်သွားနိုင်တာပဲ'

သူ့မျက်လုံးများ အရောင်တလက်လက် ထွက်လာသည်။ နောက်တစ်နေ့သူ့ကို ဘူတာလိုက်ပို့ပြီး ရထားပေါ်တင်ပေးသည့်အခါ သူ့မျက်လုံးများသည်ပို၍ပင် အရောင်တွေတောက်လာကြပါသည်။ ရထားထွက်သည့် အခါ သူသည်သူ့မောင်လေးအား သူ၏အရိုးငေါ်ထွက်နေသည့် ဒူးနှစ်လုံးပေါ်တင်ကာ နားတစ်ဖက်တွင်ကပ်၍ တိုးတိုးကလေးပြောသည်။

'နွားမတွေ၊ မစ်ချယ်'

သူတို့မောင်နှမနှင့်ပတ်သက်၍ ကာရော့စ်တို့ထံမှရောက်လာသည့် သတင်းများသည် သတင်းကောင်းများဖြစ်ပါသည်။ ယာလုပ်ငန်းတွင် အလုပ်ဝင်လုပ်နေသော ရိုစ့်တစ်ယောက် ဝလာသည်ဟုလည်းသိရ၏။ သတ်ပုံမမှန်မကန်ဖြင့်ရေးထားသော ပို့စကတ်ပေါ်မှ ရိုစ့်၏ မညီမညာ မလှမပ လက်ရေးသည် သူယခင်က မရရှိခဲ့ဖူးသော ပျော်ရွှင်မှုမျိုးကို ရရှိနေကြောင်း ဖော်ပြနေသည်။ စာအဆုံးတွင် သူ့မောင်ကလေး မစ်ချယ်မှာလည်း တောပိုင်းဒေသနှင့် အလွန်တည့်သည်ဟုလည်း ရေးထားသည်။

သီတင်းနှစ်ပတ်မျှ ကုန်သွားသည်။ သီတင်းပတ်ကုန်ခါနီး တစ်ရက်တွင် အံ့ဩဖွယ်ကောင်းသည့် သတင်းထူးတစ်ခု ရောက်လာသည်။ ကာရော့စ်လင်မယားက မစ်ချယ်အား မွေးစားလိုသည်တဲ့။ ကာရော့စ်လင်မယားသည် အသက်လေးဆယ်ကျော်ငါးဆယ်တွင်း အရွယ်များဖြစ်သည်။ ချမ်းသာကြသော်

www.burmeseclassic.com

www.burmeseclassic.com


လည်း သားသမီးမရှိ။ သူတို့သည် မစ်ချယ်အပေါ် သံယောဇဉ်တွယ်နေကြပြီ။ သူတို့အနေဖြင့် မစ်ချယ်အား ဘာမှလိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်သွားပါမည်ဟုဆိုသည်။

ဒင်နီအဖို့တော့ ကြားရသည့်သတင်းသည် အံ့မခန်းရှိလှသည်။ အခွင့်ကောင်းတစ်ရပ်ဟုလည်း သူနားလည်လက်ခံသည်။ သို့သော်လည်း ဤကိစ္စကို သူမဆုံးဖြတ်နိုင်။ သူ့သမီးရိစ့်ကို ထည့်သွင်းစဉ်းစားရဦးမည်။ အဆုံးအဖြတ်ပေးဖို့အတွက် ရိစ့်အား လုံးဝလွှဲလိုက်သည်။ ရိစ့် ဘယ်လိုဆုံးဖြတ်သည်ကို ကျွန်တော်တို့ မသိရပါ။ အဆုံးအဖြတ်ပေးဖို့အတွက် သူမည်မျှလောက်အထိ ခံစားနေရသည်ကိုလည်း မသိပါ။ နောက်ဆုံးတွင် သူတစ်ယောက်တည်း ပြန်ရောက်လာပါသည်။

သူ့အဖေနှင့်ကလေးများအား ပြန်တွေ့ရသဖြင့် ဝမ်းသာသော်လည်း တစ်လမ်းလုံး ရထားပေါ်တွင်ငြိမ်တိတ်ကာ နှုတ်ဆိတ်လာသည်ဟု သိရသည်။

'သူ့အကျိုးအတွက်ပဲ'ဟု ရိစ့်ကပြောသည်။ 'သူ ကောင်းစားမယ့်ကိစ္စမှာ ကျွန်မက လမ်းပိတ်ထားလို့မဖြစ်ပါဘူး'

လော့ဂ်ဟန်းလမ်းတွင် ပြန်နေရသောရိစ့်သည် တည်ငြိမ်အေးဆေးစွာဖြင့် မူလတာဝန်များကိုယူသည်။ ယခင်ကထက်ပို၍ တာဝန်သိကာ အလုပ်ကို ဖောက်ချ၍လုပ်သည်။ ရိစ့်၏ တိုက်တွန်းမှုများကြောင့် ဖခင်ဒင်နီသည် အနေအထိုင်မှန်လာသည်။ သူ့ကိုယ်သူပြုပြင်လာခြင်းသည် မည်မျှအထိ တည်တံ့ခိုင်မြဲမည်ကိုတော့ အာမခံချက်မရှိ။ သို့သော်လည်း ယခင်ကလို မမူးမရူးတော့ခြင်း၊ အလုပ်မှန်မှန်လုပ်ခြင်း စသည်တို့ကြောင့် ရိစ့်တို့အိမ်ထောင်စု ချောင်လည်လာသည်။ သူတို့နေထိုင်ရာ မြေတိုက်ခန်းသည် ယခင်ကထက်ပို၍ အိမ်နှင့်တူလာသည်။ စနေနေ့များတွင် ကြောင်အိမ်ပေါ်၌တင်ထားသည့် လက်ဖက်ခြောက်ဘူးခွံကလေးထဲသို့ သျှီလင်ပြားကလေးအနည်းငယ်ထည့်၍ စုထားနိုင်သော အခြေအနေသို့ပင် ရောက်လာခဲ့သည်။

မစ်ချယ်နှင့်ပတ်သက်၍ ဝမ်းသာစရာသတင်းများကိုသာ ကြားကြရ၏။ မစ်ချယ်၏မွေးစားမိဘများသည် မစ်ချယ်ပျော်အောင် အထူးတလည်

www.burmeseclassic.com

www.burmeseclassic.com


အားမထုတ်ရ။ အခုဆိုလျှင် သူတို့သည် မစ်ချယ်အား သူတို့၏ ရင်သွေး တစ်ယောက်အဖြစ် သတ်မှတ်ကာ သူတို့သားကလေးဟုပင် ပြောနေကြပြီ။ ထို့နောက် တစ်နေ့သောနံနက်တွင် စာတစ်စောင်ရောက်လာသည်။ မစ်ချယ် သည် နမိုးနီးယားခေါ် အဆုတ်ရောင်ရောဂါဖြင့် နာမကျန်းဖြစ်နေသည်ဟု ရေးသားထားသည်။ ရိုစ့်သည် နှုတ်ခမ်းများကိုက်ကာ စာကိုငေးကြည့်နေ သည်။ ထို့နောက် ကြောင်အိမ်ပေါ်မှ စုဘူးကိုယူ၍ ငွေစများကို ရေတွက်ကြည့် သည်။

'မောင်လေးဆီ ငါသွားမယ်'

အားလုံးက ဝိုင်းတားကြသော်လည်းမရ။ သူ့မောင်ကလေး ဤမျှ လောက်အထိ အပြင်းအထန် နေမကောင်းဖြစ်နေချိန်တွင် သူအနား၌ရှိပါက အစစအရာရာ လိုလေသေးမရှိအောင်ပြုစုနိုင်မည်ဖြစ်၏။ ဒါကို သူတို့တစ်တွေ မသိကြဘူးလား။ သူမောင်လေး အိပ်မပျော်လျှင် နဖူးကို အသာအယာပွတ်၍ သိပ်ပါက ချက်ချင်းအိပ်ပျော်သွားမည်ဖြစ်၏ သူသည် ဆုံးဖြတ်ချက်ကို အခိုင် အမာချကာ ခရီးသွားရန်စီစဉ်သည်။ ကလေးများအား ကြည့်ရှုစောင့်ရှောက် ပေးဖို့ အိမ်နီးချင်းတစ်ယောက်ထံအပ်သည်။ ထို့နောက် ခတ်ရထားစီး၍ ဘူတာသို့သွားသည်။

ထိုညတွင် ရိုစ့်သည် ကာရှော့စ်ယာတောရှိ သူ့မောင်လေးအတွက် သူနာပြုဆရာမတာဝန်ကိုယူသည်။ နောက်ပိုင်း၌ မည်သို့မည်ပုံ ဖြစ်ပျက်သွား သည်ကို ဖာသာဝဲလ်ရှ်ထံမှတစ်ဆင့် ကျွန်တော်တို့သိရပါသည်။

မစ်ချယ်ခံစားနေရသော နမိုးနီးယားမှာ ပြင်းထန်သည်။ အထူး သဖြင့် ချောင်းဆိုးပုံမှာ ကြောက်စရာကောင်းလှ၏။ ရိုစ့်သည် သူ့တွင် ကျ ရောက်လာနိုင်သည့်ဘေးအန္တရာယ်ကို လုံးဝဂရုမစိုက်။ မစ်ချယ်၏လည်ပင်းကို ဖက်ကာ အတက်ကျသည့်အချိန်ထိ မနားမနေပြုစုသည်။ နေ့ရောညပါ တစ်မှေးမှမအိပ်။

နောက်ဆုံးတွင် မစ်ချယ်၏အခြေအနေသည် စိုးရိမ်ဖွယ်ကောင်းသည့် အဆင့်ကို ကျော်လာသည်။ မစ်ချယ် သက်သာပြီဟု ဝိုင်းပြောကြသည်။

www.burmeseclassic.com

www.burmeseclassic.com


သူသည် မစ်ချယ်၏ဘေးမှ အသာအယာထလာသည်။ လက်နှစ်ဘက်ဖြင့် သူ့နားထင်များကို ဖိထားသည်။

'အခုမှပဲ ကျွန်မ နားရတော့မယ်' ဟု ပြိုးကာရယ်ကာ ပြောသည်။ 'ခေါင်းကကိုက်လိုက်တာ အလွန်ပဲ'

မစ်ချယ့်ထံမှ ရောဂါပိုးသည် ရိစ့်ထံ ကူးစက်သွားခဲ့လေပြီ။ သို့သော်လည်း သူ့ကျတော့ ရောဂါပိုးက အဆုတ်များကို တိုက်ခိုက်ခြင်းမဟုတ်။ သူ့အဖြစ်က ပို၍ဆိုးသည်။ 'ညူမိုကော့ကဲလ် မင်နင်ဂျိုက်တစ်' Neu-mococcal meningitis ခေါ် ဦးနှောက်နှင့်ကျောရိုးရှိ အာရုံကြောများ ယောင်ခြင်းဖြစ်သဖြင့် ပို၍ဆိုးဝါးပြင်းထန်သည်။ စ၍ဖြစ်ပြီဆို ကတည်းက သတိမရတော့။ သူကွယ်လွန်သည့်အခါ အသက်ဆယ့်လေးနှစ် မျှသာ ရှိပါသေးသည်။

* * * * *

နှောင်နှစ်ပေါင်းများစွာ ကြာသည့်အခါ ကျွန်တော်သည် ရိစ့်၏မြေပုံဆီသို့ မရောက်ရောက်အောင် သွားခဲ့ပါသည်။ သုသာန်မြေသည် မြက်ပင်များ ဖုံးလွှမ်းနေသည့် အထီးကျန်နိုင်လှသော ကွင်းပြင်ကြီးဖြစ်သည်။ ဂဲလ်ဝေး ပင်လယ်အော်ဘက်မှ အနောက်လေသည် ဖြည်းဖြည်းသာသာ တိုက်ခတ်လျက် ရှိ၏။ အနီးတစ်ဝိုက်ရှိ ထုံးဖြူဖွေးဖွေးနှင့် ကော့တိတ်ချ်တိုက်အိမ်ကလေးများ ဆီမှ လေနှင့်လိုက်ပါလာနေကြသော မြက်ခြောက်မီးခိုးငွေ့များ၏ အနံ့သည် သုသာန်မြေပေါ်တွင် တသင်းသင်းပျံ့လျက်ရှိပါသည်။ အိုင်ယာလန်နိုင်ငံ၏ အသက်ဟုဆိုရမည့် အနံ့ဖြစ်ပါ၏။ ရိစ့်၏မြေပုံသည် သေးသေး၊ ကျဉ်းကျဉ်း ကလေးဖြစ်သည်။ စိုပြည်စိမ်းလန်းနေသော်လည်း မြက်ပင်များအောက်တွင် ပုန်းအောင်းနေသည့်နှယ်ရှိသည်။ မြေပုံထက်တွင် နှင်းဆီရိုင်းပင်လေးတစ်ပင် ပေါက်နေသည်။ ထွက်နေသည့်ကိုင်းမှာ တစ်ကိုင်းတည်း။ ရုတ်တရက် တိမ်ညိုတိမ်မည်းများ၏ နောက်ကွယ်မှ နေသည် ဘွားခနဲထွက်လာသည်။ သူ့ရောင်ခြည်များသည် တစ်ပွင့်တည်းသော နှင်းဆီပွင့်ဖြူဖြူနှင့် ရိစ့်နာမည်

www.burmeseclassic.com

www.burmeseclassic.com


ရေးထိုးထားသော ကမ္ဗည်းကျောက်တိုင်ဖြူဖြူလေးပေါ်သို့ ဖြာ၍ကျလာလေသည်။

* * * *

[ ၄ ]

'ကြည့်စမ်းပါဦးကွယ်၊ မင်းတစ်သက်မှာ ဒီလောက် ရယ်စရာကောင်းတဲ့ သတ္တဝါမျိုး မြင်ဖူးခဲ့သလား'

တောက်တောက်ပြောင်ပြောင်၊ ကြော့ကြော့မော့မော့ ဝတ်စားဆင်ယင်ထားသည့် ပထမတန်းခရီးသည် အမျိုးသမီးကြီးက အထက်စီးလေသံကြီးဖြင့် သူ့အနီးမှ လူငယ်အား လှမ်း၍ပြောလိုက်သည့် စကားဖြစ်သည်။ လစ်ဗာပူးဆိပ်ကမ်းမှ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ ထွက်ခွာမည့် 'ရာဝါလ်ပင်ဒါ' ပင်လယ်ကူးသင်္ဘောကြီး၏ အထက်တန်းခရီးသည်များ ကုန်းပတ်ပေါ်၌ဖြစ်ပါသည်။ အမျိုးသမီးကြီးနှင့်လူငယ်သည် ကျွန်တော့်ရှေ့၌ ရပ်နေကြသည်။ စစ်ယူနီဖောင်းဝတ်ထားသောလူငယ်၏ ဟန်ပန်အမူအရာသည် လူပေါ်ကြော့တစ်ယောက် ပုံစံမျိုးဖြစ်သည်။

ကျွန်တော့်မျက်လုံးများသည် သူတို့နှစ်ယောက် ကြည့်နေသည့်ဘက်သို့ ရောက်သွားသည်။ အလွန်ရုပ်ဆိုးသည့် အိန္ဒိယနိုင်ငံသား ကုလားသင်္ဘောသားတစ်ဦးကို တွေ့ရသည်။ လူပုံက ဂင်တိုတို၊ ပုကွကွ၊ ခြေထောက်များကတိုတို၊ ကိုယ်လုံးကိုယ်ထည်နှင့် အချိုးအစားမမျှအောင် ကြီးမားသောဦးခေါင်း၊ နားရွက်မှ နားထင်အထိကြီးမားသော အမာရွတ်ကြီးတစ်ခု၊ ကျွန်တော်သိထားရသလောက်ဆိုလျှင် ဤတိုင်းရင်းသားသည် သင်္ဘော၏ဆလင်၊ သို့မဟုတ် ရိက္ခာထိန်းဖြစ်ဖို့များသည်။ သူသည် ကုလားသင်္ဘောသားများ ကုန်ပစ္စည်းတင်နေသည်ကို ရပ်၍ကြည့်ကာ စီမံခန့်ခွဲနေခြင်းဖြစ်၏။

'ဟုတ်တယ်၊ ရုပ်လက္ခဏာက လူနဲ့မတူဘူး' လူငယ်က သူ့နှုတ်ခမ်းမွေးကို လက်နှင့်လိမ်ဆွဲပြီး ခပ်ပြုံးပြုံးလုပ်၍ ကြည့်နေရာမှ အမျိုးသမီးကြီး

www.burmeseclassic.com

www.burmeseclassic.com


အား ပြန်ပြောသည်။ 'ဒီသတ္တဝါက မျောက်တစ်ကောင်နဲ့ပိုပြီးတူတယ်၊ သူ့ကိုမြင်တော့မှပဲ ကျွန်တော်တို့ အချစ်တော်ကြီးဒါဝင်ရဲ့ အယူအဆ မမှားဘူးဆိုတာ သိရတယ်'

အောက်ထပ်ရှိအခန်းသို့ ကျွန်တော် ပြန်ဆင်းလာခဲ့သည်။ လွန်ခဲ့သောသီတင်းပတ်သုံးပတ်က ဆေးပညာဘွဲ့ကိုရခဲ့သော ကျွန်တော် ဖော်ထုတ်ပြောပြခြင်းငှာ မစွမ်းနိုင်သည့် ဝမ်းသာခြင်းမျိုးနှင့် ရင်ဆိုင်ခဲ့ရ၏။ ကြောက်ရွံ့ထိတ်လန့်ခြင်း၊ စိုးရိမ်ခြင်းအပြည့်ဖြင့် တက္ကသိုလ်ကြော်ငြာသင်ပုန်းဆီသို့သွား၍စာမေးပွဲအောင်စာရင်း ကြည့်ခဲ့ရသည့်အဖြစ်ကို ကျွန်တော်မမေ့နိုင်သေးပါ။ ထိုစဉ်က ကျွန်တော့်လက်ထဲတွင် စုဆောင်းထားသမျှငွေလည်း တစ်ပြားတစ်ချပ်မှ မကျန်တော့။ မီးစာကုန် ဆီခန်းအဖြစ်မျိုးနှင့် ရင်ဆိုင်နေရပြီဖြစ်၏။ ယင်းအခြေအနေမျိုးနှင့် စာမေးပွဲကျခဲ့သည်ရှိသော် ကျွန်တော် နောက်တစ်ကြိမ်စာမေးပွဲထပ်ဖြေနိုင်ဖို့ အလားအလာလုံးဝမရှိ။

ကိုယ့်အခြေအနေကိုယ်သိနေသော ကျွန်တော်သည် ရေဆွတ်ထားသော မျက်နှာသုတ်ပဝါကို ခေါင်း၌ပတ်ကာ တစ်ညပြီးတစ်ည အရုဏ်တက်ချိန်အထိ မနားမနေ စာကျက်ခဲ့ရသည်။ ဤမျှလောက်ကြိုးစားအားထုတ်ခဲ့ခြင်းကြောင့်လည်း ကျွန်တော်သည် စာမေးပွဲအောင်ခဲ့ရုံမျှမက စာစစ်ဘုတ်အဖွဲ့က ဂုဏ်ထူးပင်ပေးခဲ့သည်။ ကျွန်တော်မရှက်ပါ။ အမှန်အတိုင်းဝန်ခံရလျှင် ကိုယ့်အောင်မြင်မှုအတွက် မျက်ရည်ပင်ကျမိခဲ့ပါသည်။ ထိုအချိန်က ကျွန်တော့်ဘေး၌ကပ်၍ရပ်နေသော ချစ္စဟိုးထရပ်လည်း စာမေးပွဲအောင်မြင်သူဖြစ်ရာ ကျွန်တော့်လက်ကိုဆုပ်ကိုင်ပြီး ငေါ့တော့တော့လေသံဖြင့် စကားလှမ်းပြောသည်။

'ဒီမနက် မျက်ရည်ထွက်ဂလင်း(Lachrymal gland) နည်းနည်းလှုပ်တယ် ဒေါက်တာ၊ ကျွန်တော့်အနေနဲ့ အက်ထရိုပင်း(atropine) ဆေးစားဖို့ပဲ ညွှန်ရမလား၊ ဒါမှမဟုတ် ဘီယာတစ်ခွက်တစ်ဖလား မော့ဖို့ပဲ အကြံပေးရမလား'

သူ့အဖို့ကတော့ ရယ်နိုင်ပြုံးနိုင်သည်။ သူ့အဖေသည် ဝင်တန်မြို့

www.burmeseclassic.com

www.burmeseclassic.com


မြို့တော်ဝန်ဖြစ်ရုံမျှမက လပ်ဖ်လန်သံမဏိစက်ရုံကို ပိုင်ဆိုင်နေသည် မဟုတ်ပါလား။

စာမေးပွဲအောင်စာရင်းထွက်ပြီးနောက်တွင်လည်း ကျွန်တော်ကံကောင်းသည်ဟု ဆိုရမည်။ ကျွန်တော့်ဌာနမှူးဖြစ်ခဲ့ဖူးသော ပါမောက္ခ စတော့မင်း၏ကူညီမှုဖြင့် 'အက်စ်အက်စ်ရာဝါလ်ပင်ဒါ' ပင်လယ်ကူးသင်္ဘော၌ ယာယီ သင်္ဘောဆရာဝန်အလုပ်ကို ရခဲ့သည်။ ကျွန်တော့်အား 'နှုတ်ဖြေစာမေး ပွဲ' စစ်စဉ်ကတည်းက ငွေကြေးအဆမတန်ချို့တဲ့နေသည်ကို သိနေသော စတော့မင်းက အိန္ဒိယသို့ တစ်ခေါက်လိုက်သွားပြီး ပြန်လာလျှင် ကျွန်တော့် အခြေအနေ ပြန်၍တက်လာလိမ့်မည်ဟု အဆုံးအဖြတ်ပြုခဲ့ပါသည်။

ရာသီဥတုကြည်လင်သာယာပြီး တည်ငြိမ်သောအချိန်တွင် ရေလမ်းခရီးအစပြုသည်။ ကျွန်တော်တို့သင်္ဘောသည် ပင်လယ်ရေတိမ်ဖြစ်သော ဘားကေးပင်လယ်အော်ကို ဖြတ်သန်းလာခဲ့သည်။ လှိုင်းတံပိုးများ ထကြွနေသော်လည်း ဘာပြဿနာမှမရှိ။ မကြာခင်မှာပင် သင်္ဘောသည် ဂျီဘရော်တာ ရေလက်ကြားကိုဖြတ်ကာ မြေထဲပင်လယ်ကို ကျော်ဖြတ်ခဲ့ပါသည်။

ရာဝါလ်ပင်ဒါသင်္ဘောသည် ခိုင်ခံ့သောသင်္ဘောဖြစ်သည်။ ဦးစီး အရာရှိများမှာ လူဖြူများဖြစ်၍ သင်္ဘောသားများမှာ အိန္ဒိယတိုင်းရင်းသားများ ဖြစ်သည်။ ရာဝါလ်ပင်ဒါသည် စစ်အတွင်းကလည်း ပြောင်မြောက်စွာ အမှုထမ်းခဲ့ပြီးပြီဖြစ်၏။ ကျောက်မီးသွေးထိုးရသောသင်္ဘောဖြစ်၍ ပြန်လည်အစား ထိုးပြုပြင်ခြင်းလုပ်မထားသဖြင့် သွားလာရာ၌ အတော်ကြီးလေးလံနှေးကွေး သည်။ မည်သို့ပင်ဖြစ်စေ လူငယ်ဆရာဝန်ပေါက်စတစ်ယောက်အဖို့ မည်မျှပင် နှေးနှေး အကြောင်းမဟုတ်ပါ။ နေ့စဉ်နှင့်အမျှ အေးမြနူးညံ့သော လေပြည် လေညင်း၊ ကြည်လင်တောက်ပသော နေရောင်ခြည်၊ စွဲမက်ဖွယ်ကောင်းသော အထူးအဆန်းများနှင့် ကြုံတွေ့နေရသည့်အတွက် စိတ်လက်ကြည်လင်ချမ်းမြေ့ လျက်ရှိသည်။ ရေမြုပ်ရေလှိုင်းများ ပတ်လည်ဝန်းရံနေသည့် ကျွန်းများ၊ အဆန်းတကြယ်ရှိလွန်းလှသော အာဖရိကတိုက်ကမ်းခြေ၊ အလှမ်းဝေးဝေးမှ ထုံးဖြူသုတ် တံတိုင်းများကာရံထားသည့် ရွာများ၊ ရေပေါ်သို့ ခုန်ပျံမြူးထူး၍

www.burmeseclassic.com

www.burmeseclassic.com


တက်လာနေကြသော လင်းပိုင်များ၊ ဤအရာအားလုံးသည် သူ့စိတ်ကို ကြည်လင်ချမ်းမြေ့အောင် ဖန်တီးပေးနေကြသည် မဟုတ်ပါလော။

သင်္ဘောတစ်စီးလုံး ဦးပိုင်းမှပဲ့ပိုင်းအထိ ခရီးသည်များဖြင့် ပြည့်ကျပ်နေသည်။ စစ်ကြီးဖြစ်ပွားနေသည့် လေးနှစ်မျှကာလအတွင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် လုံးဝမဖြစ်နိုင်တော့သည့် အခြေသို့ ဆိုက်ရောက်ခဲ့ရ၏။ ငြိမ်းချမ်းရေး ပြန်လည်တည်ရှိလာသည့်အခါတွင်မူ လူတိုင်းသည် ခရီးသွားလိုသောဆန္ဒ ပြင်းပြလာကြသည်။ ဤသို့ဖြင့် သင်္ဘောပေါ်တွင် သာမန်အပျော်ခရီး၊ အပန်းဖြေခရီး ထွက်လာကြသူများလည်းပါသည်။ လပေါင်းများစွာ နှစ်နှင့်ချီ၍ အိမ်၌ထိုင်နေကြရသော စီးပွားရေးသမား လုပ်ငန်းရှင်များလည်း ပါဝင်သည်။ အထူးသဖြင့် ကာလကတ္တားနှင့်ဘုံဘေသို့ သွားကြမည့် ဝါဂွမ်းနှင့်ဂုန်လျှော် ကုန်သည်ကြီးများ၊ သီဟိုသို့သွားမည့် လက်ဖက်ခြောက် ခြံပိုင်ရှင်ကြီးများနှင့် ကန်ပူရီသို့သွားမည့် စက်ပိုင်ရှင်ကြီးများ အများအပြားပါသည်။ ခရီးသည် အုပ်စုထဲတွင် အင်္ဂလို–အင်ဒီယန်းခေါ် အင်္ဂလိပ်ကုလားကပြား စစ်အရာရှိများနှင့် သူတို့ဇနီးသားသမီးများလည်း ပါဝင်ကြသည်။

သင်္ဘောစထွက်သည့် ပထမညမှာပင် သစ်လွင်တောက်ပသော ဝတ်စုံများ ဝတ်စားဆင်ယင်ထားကြသည့် ခရီးသည် လူမျိုးပေါင်းစုံ၏ ပျော်ရွှင်မြူးထူးပွဲကြီး သင်္ဘောကုန်းပတ်ပေါ်၌ အစပြုသည်။ ကတုတ်ကျင်းများထဲမှ အပြန်အလှန် သတ်ပွဲဖြတ်ပွဲများ၊ အစုလိုက်အပြုံလိုက်သေကြသည့် လူသတ်ပွဲကြီးများ၊ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း၊ သောကပရိဒေဝမီးများ တောက်လောင်ခြင်း၊ စိတ်ဓာတ်များ ကျဆင်းပျက်ပြားခြင်း၊ ကြောက်လန့်ခြင်းစသော ခံစားမှုများနှင့် ရင်ဆိုင်လာခဲ့ရသောနှစ်များ ရတ်တရက် ကမ္ဘာကြီးရူးသွားခဲ့သော အချိန်ကာလသည် ကုန်ဆုံးသွားခဲ့ပြီဖြစ်ရာ လူအားလုံးသည် လူသေကို အသက်ပြန်သွင်းထားသည်နှင့် တူလျက်ရှိ၏။

ထိုညအဖို့ အရူးအမူး စိတ်ရှိလက်ရှိ မီးကုန်ယမ်းကုန် ပျော်ပါးကြသည်။ ကုန်းပတ်ပေါ်တွင် အားကစားပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ကပွဲခုန်ပွဲများ၊ ကော့တေးပါတီခေါ် အရက်ပွဲများ၊ စိတ်ကူးရသလို လက်တန်းထလုပ်ကြသည့်

www.burmeseclassic.com

www.burmeseclassic.com


ပျော်ပွဲရွှင်ပွဲများ၊ ဖင်စီဒရက်စ်ပါတီခေါ် စိတ်ကူးပေါက်သလို ချုပ်ထားသည့် ဝတ်စုံများနှင့် မြူးထူးကြသောပွဲများ စသည်... စသည်ဖြင့် ပွဲပေါင်းစုံကျင်းပနေကြခြင်းဖြစ်သည်။ ယင်းကဲ့သို့သော ပျော်ပါးစားသောက်ပွဲမျိုးတွင် သင်္ဘောဆရာဝန်သည် မကြာခဏ အခေါ်ခံရတတ်သည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ သို့သော်လည်း ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ကျွန်တော်ကိုယ်တိုင်ပင်လျှင် ပျော်ပွဲရွှင်ပွဲများ၏ ခေါင်းဆောင်ရာနောက်သို့ တကောက်ကောက် လိုက်သွားနေမိပါသည်။

ဤပွဲမျိုးတွင် ပေါင်းသင်းဆက်ဆံရေးနယ်ပယ်ကို လိမ္မာပါးနပ်စွာဖြင့် ချဲ့ထွင်နိုင်သူများမှာ မစ္စဂျိုပီစမစ်တို့မောင်နှမလို လူတန်းစားများဖြစ်ပါသည်။ မစ္စဂျိုပီစမစ်မှာ သင်္ဘောထွက်မည့်နံနက်က ကုန်းပတ်ပေါ်၌ ကျွန်တော်နှင့်ဆုံမိသူဖြစ်သည်။ သူ၏မောင် ရိုနယ်သည် ဘင်္ဂလားပြည်နယ်၌ တာဝန်ကျနေသော မြင်းတပ်ဗိုလ်ကလေးဖြစ်သည်။ ကံမကောင်း အကြောင်းမလှသဖြင့် သူတို့မောင်နှမသည် ထမင်းစားခန်းထဲရှိ ကျွန်တော့်စားပွဲ၌ ဝင်ထိုင်နေကြသည်။ ရိုနယ်မှာ အသက်သုံးဆယ်ကျော်အရွယ်ဖြစ်၍ ဟန်အမူအရာမှာ ပေါင်းသင်းရ ခက်ခဲမည့်ပုံစံမျိုးရှိသည်။

သူ့အစ်မကတော့ မျက်နှာကြီးသူကိုမှ ပေါင်းမည့်သင်းမည့် လူစားမျိုးဖြစ်၏။ စကားပြောလျှင် အထက်စီးလေသံနှင့်ဖြစ်သည်။ ပြောပြန်တော့လည်း တစ်ဖက်သား စိတ်ဝင်စားမှုရှိမရှိ သတိမထားဘဲ စကားကို အမျှင်မပြတ် ပြောတတ်သူဖြစ်သည်။ သူ၏ဂုဏ်သရေရှိ မိတ်ဆွေများအကြောင်း၊ သူ့အမျိုးသမီးအစေခံအကြောင်း၊ ပြီးတော့... သူ့မြင်းများနှင့် ခွေးများအကြောင်း၊ သူ့အဆင့်အတန်းမြင့်ကြောင်း ဖော်ပြနေသည့်အကြောင်းအရာဟူသမျှကို တစ်ဖက်သား စိတ်ပျက်ငြီးငွေ့လာအောင် ပြောပြနေခြင်းဖြစ်သည်။ သူ အိန္ဒိယနိုင်ငံ ပက်ရှဝါနှင့်ဒါဂျီလင်မြို့များသို့ ရောက်သွားလျှင် အထက်တန်းစားများက သူ့အားမည်မျှလောက်အထိ ခင်မင်ကြလိမ့်မည်ဟူသော ကြွားလုံးမျိုးလည်း သူ့စကားတွင်ပါသည်။ စကားတွေ ပြောပါများလာတော့ စကားထဲက ဇာတိပြလာသည်။ သူ အိန္ဒိယရောက်လျှင် အင်္ဂလိပ်အထက်တန်းစားများနေသလိုနေမည်။ တိုင်းရင်းသားလူမျိုးများထက် မြင့်မြတ်သည့်

www.burmeseclassic.com

www.burmeseclassic.com


ဟူသော အယူအဆကို သူသိပ်ပြီးသဘောကျသည်။ မိမိတို့လက်အောက်ခံ ကျွန်လူမျိုးများအား ဖိနှိပ်ထားပါမှ တော်ရုံကျမည်စသော စကားများလည်း ပါလာသည်။

ကျွန်တော့်အား သူပြောချင်တာပြောပြနေရင်းက ကျွန်တော်တို့စားပွဲ၌ တာဝန်ကျသည့် စားပွဲထိုး ပါရစီလူငယ်အား ကြိမ်းလားမောင်းလား၊ ငေါက်လားငန်းလား လုပ်သည်။ စားပွဲထိုးလူငယ်သည် သဘောကောင်းသူဖြစ်သော်လည်း အနည်းငယ် နှေးကွေးလေးလံသည်။ ဒါကိုပင် အပြစ်တစ်ခုလုပ်ကာ ပြစ်တင်မောင်းမဲခြင်း ပြုနေလေသည်။ ယင်းကဲ့သို့ပြုရာ၌လည်း တိုးတိုးသာသာပြုခြင်းမဟုတ်။ ဘေးစားပွဲမှလူများ လှည့်ပြီးကြည့်အောင် လူကြားသူကြားလုပ်ခြင်းဖြစ်သည်။

'သူတို့လိုလူစားတွေက နှိမ်ထားမှတော်ရုံကျတာ၊ အစ်မပြောတာမှန်တယ်မဟုတ်လား ရှိနယ်'

'အာ... ဟုတ်တာပေါ့'သူ့မောင်က အစ်မနှင့် သံယောင်လိုက်၍ ထောက်ခံသည်။ 'အစ်မပြောတာ သိပ်ကိုမှန်တယ်'

'ရှင်... သူတို့ကို လုပ်ချင်တာ လုပ်ပါစေဆိုပြီး လွှတ်ထားကြည့်ပါလား၊ သူတို့ခေါင်းထဲ ဘယ်လိုစိတ်ကူးမျိုးတွေ ဝင်လာမယ်ထင်သလဲ'

'မှန်တယ်၊ သိပ်မှန်တယ်၊ ကျွန်တော် ပြောပြမယ်၊ အဲ... အဲ ဟိုမှတ်မိကြသေးတယ် မဟုတ်လား၊ စစ်ဗာရီတွေနဲ့ ပုန်ကန်မှုတုန်းက ကျွန်တော်တို့ ပစ်သတ်ခဲ့ရတာတွေလေ'

'သိပ်ကို မှတ်မိတာပေါ့ကွယ်၊ ဒီမယ်ရှင့်၊ ကျွန်မလဲ အမြင်ကျယ်တဲ့မိန်းမတစ်ယောက်ပါ၊ ဒါပေမယ့် ဒီကောင်တွေလို ဆင်းရဲသားတွေဟာ ဖွဲ့လဲမရှိ၊ ခံနိုင်ရည်လဲမရှိ၊ သစ္စာကျတော့လဲ ရှိတာမဟုတ်ဘူး၊ ဘာကြောင့်လဲ ဆိုတော့ ဟိုတစ်ခါတုန်းက ဗိုလ်မှူးကြီးဘင်တလေက ကျွန်မကို ပြောပြခဲ့ ဖူးတယ်၊ ဘယ်လိုလဲဆိုတော့...'

ကျွန်တော်တို့ ပို့ဆက်ဆိပ်ကမ်းသို့ ဆိုက်ရောက်သည်။ ခရီးသည်တိုင်း ကမ်းပေါ်တက်၍ လည်ပတ်ကြသည်။ ပိုးသားဝတ်စုံများ၊ တဘက်များ၊ စီးကရက်များ၊ ရေမွှေးများနှင့် ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com


ဝယ်လာကြသည်။ အားလုံး ဆူဆူညံညံ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည်။ သင်္ဘောသည် 'ဒီလက်ဆက်စ်ရပ်တု'ကို ကျော်ဖြတ်ကာ မြွေလိမ်မြွေကောက် ဖြစ်နေသော စူးအက်တူးမြောင်းအတွင်းသို့ဝင်သည်။ သံစုံတီးဝိုင်းမှ တီးသံမှုတ်သံများသည် ပို၍ကျယ်လောင်လာသည်။ ခရီးသည်များသည် ကဟယ် ခုန်ဟယ်နှင့် ပို၍သောင်းကျန်းလာကြ၏။ တူးမြောင်း၏ ဘေးတစ်ဖက် တစ်ချက်တွင် သဲကန္တာရ၊ ခရီးသွားနေကြသည့် ကုလားအုတ်များနှင့် တစ်နေရာမှတစ်နေရာသို့ လှည့်လည်သွားလာကျက်စားလေ့ရှိသော အာရပ်လူမျိုးတို့၏ စခန်းများ၊ နေဝင်ချိန် ခရမ်းရောင်သမ်းနေသည့် ကောင်းကင်ပြင်ကို နောက်ခံပြုကာ မြေပြင်ထက်သို့ မည်းမည်းအရိပ်ကြီးများ ကျလျက်ရှိကြသည်။ ထို့နောက် ကျွန်တော်တို့သည် 'ပင်လယ်နီ'ကိုဖြတ်သည်။ အေဒင်ကမ်းထက်ရှိ ကုန်းခေါင်ခေါင်မြေပေါ်မှ ကျောက်တုံးကျောက်ဆောင်များကို ကျော်ဖြတ်ကာ အာရေဘီယန်ပင်လယ်တွင်းသို့ ဝင်ရောက်ခဲ့ပါသည်။

နောက်တစ်နေ့နံနက် ကျွန်တော့်အိပ်ခန်းနှင့် တစ်ဆက်တည်းဖြစ်သော ဆေးခန်းထဲ၌ထိုင်နေခိုက် ဆလင်ဟာဆန်ရောက်လာသည်။ သူနှင့်အတူ ကုန်းပတ်အလုပ်သမားနှစ်ဦး ပါလာသည်။ ကျွန်တော်က ဝင်ခွင့်မပြုမချင်း တံခါးဝမှာ ရပ်စောင့်နေသည်။ ဝင်ခွင့်ရသောအခါ ဦးခေါင်းညွတ်၍ အရိုအသေ ဆလံပေးသည်။ ပြင်းထန်စွာတိုက်ခတ်နေသောလေသံကြောင့် သူသည် ကျွန်တော်ကြားနိုင်အောင် အော်၍ပြောနေရသော်လည်း လေးစားမှုအပြည့်ပါသော အသံဖြစ်ပါသည်။

'ဒေါက်တာ ဆပ်၊ ကျွန်တော့်လူနှစ်ယောက် ဖျားနေတယ်လို့ထင်ပါတယ်'

သင်္ဘောသားနှစ်ယောက်ကို ကြည့်ရသည်မှာ နေကောင်းပုံမပေါ်ပါ။ သူတို့နှစ်ယောက်စလုံးက ကိုယ်လက်မအီမသာဖြစ်နေကြောင်း ပြောကြသည်။ ခေါင်းအလွန်ကိုက်ပြီး အဆစ်အမြစ်တွေ ကိုက်ခဲနေသည်ဟုလည်း ပြောသည်။ နှစ်ယောက်စလုံး ရောဂါကြီးတစ်ခုခု ဖြစ်နေပြီဟုထင်ကာ ထိတ်လန့်ကြောက်ရွံ့နေကြသည်။ အင်္ကျီများချွတ်ခိုင်းပြီး ကျွန်တော်စတင်စစ်ဆေးနေချိန်တွင် သူတို့၏ ပြူးကြောင်ကြောင်မျက်လုံးများသည် ကလယ်ကလယ် ဖြစ်နေကြ

www.burmeseclassic.com

www.burmeseclassic.com


ပါသည်။ နှစ်ယောက်စလုံးတွင် အဖျားဝင်နေသည်မှာ သေချာသည်။ အသား တွေခြောက်သွေ့ကာ ပူနေသည်။ လျှာတွေ ကြမ်းထော်နေသည်။ ဤလက္ခဏာ များသည် ဆိုးရွားသောအခြေအနေကို ဖော်ပြနေခြင်းဖြစ်၏။ အဆုတ်နှင့်တော့ ဆက်စပ်ပုံမရ။ လည်ချောင်း ခြောက်သွေ့ပူလောင်ခြင်းလည်း မဖြစ်။ ဝမ်းဗိုက် တွင်လည်း ချွတ်ယွင်းချက်မတွေ့။ ငှက်ဖျားများဖြစ်နေသလား ဟု ကျွန်တော် တွေးသည်။

ထို့နောက် သူတို့လက်များကိုဆွဲ၍ သွေးစမ်းကြည့်သည်။ ကျွန်တော် ၏နူးညံ့သော လက်ချောင်းများသည် နှစ်ဦးစလုံး၏ အရေပြားပေါ်မှ ခပ်ကြမ်း ကြမ်း အဖုကလေးများကို စမ်းမိသည်။ ကျွန်တော် အလန့်တကြားဖြစ်သွားပါ သည်။ ကျွန်တော် မမှားနိုင်ပါ။ ကျွန်တော်သည် လူနာနှစ်ဦး၏ တံကောက် ကွေးများနှင့် ချိုင်းများအောက် အသေအချာကြည့်သည်။ ပေါက်ကွဲနေကြသည့် အရေကြည်ဖုကလေးများ တွေ့ရ၏။

ကျွန်တော်သည် ဆရာဝန်ပေါက်စတစ်ဦးဖြစ်သည်။ အသက်လည်း ငယ်၍ အတွေ့အကြုံကလည်း မရင့်ကျက်သေး။ ထို့ကြောင့်လည်း ကျွန်တော် သည် မိမိ၏စိတ်ထဲ၌ ဖြစ်ပေါ်နေသည့် ခံစားမှုများကို ထိန်းချုပ်ဖုံးကွယ် နိုင်စွမ်းမရှိ။ ဆလင်အနေဖြင့် စကားတစ်ခွန်းမှ မပြောသော်လည်း ကျွန်တော့် မျက်နှာရိပ်မျက်နှာကဲကို မြင်ရုံမျှဖြင့် သူပါရော၍ မျက်နှာပျက်နေသည်။ ကျွန်တော် သူ့အား စိုက်ကြည့်လိုက်မိသည်။ သူ့မျက်လုံးများက သူ့လူများ၏ ရောဂါအခြေအနေဆိုးဝါးသည်ဟု သိနေကြောင်း ဖော်ပြလျက်ရှိပါသည်။ ကျွန်တော်က သူ့အား ဆေးခန်းထဲမှစောင့်နေရန် မှာသည့်အခါတွင်လည်း ပါးစပ်မှ ဘာတစ်ခွန်းမှပြန်မပြောဘဲ စိုးရိမ်သောကမကင်းသော မျက်နှာ ထားဖြင့် ခေါင်းကိုအသာညိတ်ပြပြီး ကျန်ရစ်ခဲ့ပါသည်။

ကျွန်တော် ဆေးခန်းထဲမှ ကသောကမျော ထွက်လာခဲ့သည်။ ကပ္ပတိန်ဟင်းဘဲလ်မှာ သူ့အခန်းထဲ၌မရှိ။ အောက်ထပ်ရှိ ရေကြောင်းပြ မြေပုံခန်းထဲရောက်နေသည်။ ကျွန်တော် ဖြုန်းခနဲ ဝင်သွားသည့်အခါ သူက ဖျတ်ခနဲမော့ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ကပ္ပတိန်ခင်ဗျာ၊ သင်္ဘောပေါ်မှာ ကျောက်ရောဂါဖြစ်နေပါတယ်၊ ကုန်းပတ်သင်္ဘောသားနှစ်ယောက် ကျောက်ပေါက်နေပါတယ်'

ကပ္ပတိန်၏နှုတ်ခမ်းများသည် တင်းကျပ်စွာ စေ့သွားသည်။ သူသည် အသက်ငါးဆယ့်ငါးနှစ် ရှိပြီဖြစ်သော်လည်း ယခုအချိန်အထိ လူပုံက တုတ်ခိုင်ခိုင်နှင့် ကြံ့ခိုင်ဆဲဖြစ်၏။ ဆံပင်ညှပ်ထားပုံက ခပ်တိုတို၊ မျက်ခုံးမွေးများက ထူထူ၊ အလွန်စည်းကမ်းကြီးသည်ဟု နာမည်ကြီးသည်။ သို့သော်လည်း မတရားသဖြင့် မဟုတ်။ ဟိုဘက်သည်ဘက် နှစ်ဖက်မျှ၍စဉ်းစားတတ်သော အရာရှိတစ်ဦးဖြစ်သည်။

'ကျောက်ပေါက်နေတယ်' သူသည် တစ်ခွန်းမျှ ရေရွတ်လိုက်ပြီး 'ခင်ဗျားဟာ သေချာရဲ့လား'ဟုမေးသည်။

'သေချာပါတယ်ခင်ဗျာ' ပြီးတော့ ကျွန်တော်က ထပ်ပြောသည်။ 'ကျွန်တော်တို့မှာ ကျောက်ဆေးလဲ ပါမလာဘူးခင်ဗျ'

'ခရီးသည် တစ်သောင်းငါးထောင်အတွက် ကျုပ်တို့က ဘယ်လို လုပ်ပြီး ဆေးအလုံအလောက် သယ်လာလို့ရမှာလဲဗျ၊ မရူးစမ်းပါနဲ့'

သူသည် ဒေါသတကြီး ပြန်ပြောသည်။ မျက်မှောင်ကြုတ်ကာ အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းသလားလျက်ရှိ၏။

'ဒီမယ် ဒေါက်တာ'သူသည် ကျွန်တော့်ထံသို့ လျှောက်လာသည်။ 'အခုနက ကျုပ်ဒေါသအလျောက် ပြောလိုက်မိတဲ့စကားကို မေ့ပစ်လိုက်ပါ၊ ကျုပ်စိတ်ရှုပ်ပြီး အမှတ်တမဲ့ ပြောလိုက်မိတာပါ၊ ကဲ… အခု ကျုပ်ပြောမယ်၊ နားထောင်ပါ၊ ဒေါက်တာဟာ သင်္ဘောတစ်စင်းလုံးရဲ့ ကျန်းမာရေးအတွက် တာဝန်ရှိတဲ့လူပါ၊ ဒီကိစ္စက ဒေါက်တာရဲ့တာဝန်ပါ၊ ကျုပ်သင်္ဘောပေါ်မှာ တင်လာတဲ့လူက မတန်တဆဖြစ်နေတယ်၊ ဝန်ထမ်းအင်အားက သိပ်နည်းနေတယ်၊ ဒါပေမယ့် ကျုပ် ခင်ဗျားကိုကူညီဖို့ ဆလင်ကိုပေးထားမယ်၊ သူက သူ့လူတွေအကြောင်း ကောင်းကောင်းသိတယ်၊ ကျုပ်လူတွေထဲမှာ ဆလင်ဟာ တော်တော်အားကိုးရတဲ့ လူတစ်ယောက်ပါ၊ ဒီရောဂါကို မပြန့်ပွားအောင်တာဝန်ယူပြီးလုပ်ပါ၊ ပြီးတော့ ဒီသတင်းကို ခရီးသည်တွေ မသိအောင်ထိန်းပါ၊

www.burmeseclassic.com

www.burmeseclassic.com


သိသွားလို့ကတော့ ခရီးသည်တွေ လန့်ဖျပ်ပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်ကုန်မှာ သေချာနေပါတယ်'

ကျွန်တော် မြေပုံခန်းထဲမှပြန်ထွက်လာခဲ့သည်။ တာဝန်ကျေအောင် ဘယ်လိုနည်းနှင့် ဘာလုပ်ရမှန်းမသိ။ သင်္ဘောထွက်လာပြီဆိုကတည်းက အေးအေးသာသာ နေခဲ့ရသည့်အဖြစ်ကို ပြန်၍သတိရမိသည်။ တစ်လမ်းလုံး ကုန်းပတ်ပေါ်တွင် ပက်လက်ကုလားထိုင်တစ်လုံးနှင့်ထိုင်ကာ ပိုင်ရိုလိုတီ၏ စာအုပ်ကို ဖတ်လာခဲ့သည်။ နေဝင်ချိန် တိမ်တွေတောက်နေသည့် အလှတွင် တွေဝေငေးမောကာ စာရေးချင်စိတ်ဖြင့် စာရေးဆရာဘဝကို စိတ်ကူးယဉ်၍ ကောင်းခဲ့သည်။ ကြီးကြီးမားမား ဆေးဝါးကုသပေးခဲ့ရသည့် လူနာဟူ၍ တစ်ယောက်မျှသာရှိခဲ့၏။ အာရေဘီယန်ပင်လယ်ပြင်၏ အလယ်သို့ရောက်ခါမှပင် အခုလို ကြီးမားသည့် ရောဂါမျိုးနှင့်ကြုံရသည်။ သင်္ဘောပေါ်တွင် ခရီးသည်က တစ်သောင်းငါးထောင်။ ရောဂါက ကူးစက်လွယ်သည့် ကျောက်ရောဂါ။ ဆေးထိုးပေးစရာ ဆေးကလည်းမပါ။

ဆေးခန်းထဲပြန်ရောက်သွားသည့်အခါ ကုလားသင်္ဘောသားတစ်ဦးမှာ ခိုက်ခိုက်တုန်နေသည်ကိုတွေ့ရသည်။ ကျွန်တော်က လူနာကိုတစ်ချက်မျှ ကြည့်ပြီး ဆလင်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'မင်း သိတယ်မဟုတ်လား'ဟု ကျွန်တော်က မေးသည်။

'သိပါတယ် ဆပ်၊ ဒါမျိုးဖြစ်တာ အရင်ကမြင်ဖူးပါတယ်'

'ငါတို့ သူတို့နှစ်ယောက်ကို တခြားလူတွေနဲ့ ခွဲထားရလိမ့်မယ်၊ မရောအောင် အထူးသတိထားပြီး ကြည့်ဖို့လိုတယ်'

'ဟုတ်ကဲ့ပါ ဆပ်၊ ကျွန်တော် ဆပ် ခိုင်းတဲ့အတိုင်း လုပ်ပါ့မယ်'

သင်္ဘောပေါ်တွင် သီးခြားခွဲထားနိုင်သည့် လူနာခန်းဟူ၍ လုံးဝမရှိ။ အခြားသော လူနေခန်းများကိုလည်း သုံး၍မရ။ သင်္ဘောဦးပိုင်းတွင် ပျားပန်းခပ် လှုပ်ရှားနေသော ခရီးသည်များကိုကြည့်ကာ လူနာနှစ်ဦးအား ခွဲထားရေးကိစ္စအတွက် ကြံရာမရဖြစ်ခဲ့ပါသည်။ စိတ်ပျက်လက်ပျက်ဖြင့် ဆလင်အား လှမ်းကြည့်မိသည်။ ဆလင်ဟာဆန်ကတော့ တုန်လှုပ်ချောက်ချားခြင်း ဖြစ်ပုံမရ။ ကျွန်တော့်အား အေးအေးဆေးဆေးပင် ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


'သင်္ဘောပွဲပိုင်းမှာ နေရာလေးတစ်ခု လုပ်ပြီးထားရင်ရပါတယ်၊ ဒေါက်တာ ဆပ်၊ အေးလဲအေးပါတယ်၊ လေကောင်းလေသန့်လဲ ရပါတယ်'

ဟာဆန်ရွေးသည့် ပွဲပိုင်းမှနေရာကို အပြင်မှမမြင်နိုင်။ အင်ဂျင်ခန်းနှင့် ခတ်အားပေးစင်တို့က ကွယ်ထားသည်။ သူသည် ထိုနေရာတွင် တစ်ယောက်တည်း ကျိတ်၍လှုပ်ရှားလျက်ရှိ၏။ တစ်နာရီခန့်အတွင်းမှာပင် လေလုံမိုးလုံ တာလပတ်တဲကြီးတစ်လုံး ထိုးပြီးသွားသည်။ မကြာမီမွေ့ရာနှင့် အိပ်ရာခင်းများရောက်လာပြီး လူနာနှစ်ယောက်ကို စနစ်တကျ နေရာချထားပြီး ဖြစ်သွားပါသည်။

ကျွန်တော်တို့နှစ်ယောက်သည် ချက်ချင်းပင် ကျန်သင်္ဘောသားအားလုံးကို စမ်းသပ်စစ်ဆေးကြသည်။ ကိုယ်လက်မအီမသာဖြစ်ကာ ခေါင်းကိုက်နေသူတစ်ဦး ထပ်တွေ့သည်။ ဂရုတစိုက် စစ်ဆေးကြည့်လိုက်သည့်အခါ အရည်ကြည်ဖုကလေးများတွေ့ရသည်။ ထိုသင်္ဘောသားကိုလည်း လူနာနှစ်ယောက်ရှိရာတဲသို့ ပို့ထားလိုက်ပါသည်။

'အဲ... အခု အချိန်ကစပြီး ဒီလူနာတွေကိုကြည့်ဖို့ ငါ့ကို ဘယ်သူကူညီမလဲ'

ဟာဆန်က အံ့အားသင့်သွားသည့် မျက်နှာထားဖြင့် ကျွန်တော့်အား မော့ကြည့်သည်။

'ဘာပြုလို့လဲ ဆပ်၊ ကျွန်တော်လဲ ကူညီမှာပေါ့'

'ဒါဆိုရင်တော့ မင်းသတိထားမှဖြစ်မယ်၊ ဒီရောဂါက သိပ်ပြီးအကူးမြန်တယ်'

ဆလင်ဟာဆန် ပြုံးလိုက်သည်ဟုထင်သည်။ သို့သော်လည်း သူ့မျက်နှာထားက တည်လွန်း တင်းလွန်းသဖြင့် အတိအကျတော့မပြောနိုင်။

'ကျွန်တော် မကြောက်တတ်ပါဘူး ဒေါက်တာ ဆပ်'

ဟာဆန်နှင့်ကျွန်တော် လူနာများအား ပိုးသတ်ဆေးရည်ဖြင့် ရေပတ်တိုက်ပေးသည်။ ပိုးကိုသတ်နိုင်သည့် ဆေးများတိုက်သည်။ ရောဂါမကူးစက်စေရန် အတွက် ပိုးသတ်ဆေးစိမ်ထားသည့် အဝတ်များကို တဲ၏ဘေးပတ်ပတ်လည်မှ အလုံကာသည်။ လူနာများအတွက် ရေနွေးကျိုရန်နှင့် အစားအစာများ

www.burmeseclassic.com

www.burmeseclassic.com


ချက်ပြုတ်ကျွေးမွေးနိုင်ရန် ရေနံဆီ မီးဖိုကလေးတစ်လုံးကို သီးခြားထားပေးလိုက်သည်။ နောက်ဆုံးတွင် ခရီးသည်များ နေ့လယ်စာ သွား၍စားနေခိုက် အစောင့်များကို ခဏမျှဖယ်ခိုင်းကာ သင်္ဘောကုန်းပတ်တစ်ခုလုံးကို သင်္ဘောသားများ၏ အိပ်ခန်းများပါမကျန် ပိုးသတ်ဆေးဖျန်းလိုက်သည်။ ဤအလုပ်များ ပြီးသွားသည့်အခါ ကျွန်တော့်စိတ်သည် များစွာပေါ့ပါးသွားပါသည်။

နောက်တစ်နေ့နံနက်တွင် ကျွန်တော် သင်္ဘောသားများကို ထပ်၍ စစ်ဆေးကြည့်သည်။ ရောဂါဝင်နေသူ သုံးဦးထပ်တွေ့ရပြန်၏။ မနေ့ကခွဲထားခဲ့သည့် လူနာသုံးဦး၏ အခြေအနေသည် ပို၍ဆိုးလာခဲ့လေပြီ။ ဦးခေါင်းမှ ခြေဖျားအထိ တစ်ကိုယ်လုံး၌ ထွက်နေသော ကျောက်ဖုများသည် အရည် တရွဲရွဲ ဖြစ်နေသည်။ ကျောက်ရောဂါ၏ အဆိုးဆုံးသော အဆင့်ပေတည်း။

ထိုနေ့မွန်းလွဲပိုင်းတွင် သင်္ဘောသားများထဲမှ ဖျားသူလေးဦး ထပ်ထွက်လာပြန်သည်။ ကျွန်တော်တို့၏ ယာယီလူနာဆောင်တွင် လူနာဆယ်ဦးမျှ ရှိသွားခဲ့လေပြီ။ ကျွန်တော်တို့ဘက်မှ မည်မျှလောက်အထိ ခံနိုင်ရည်ရှိသည်ကို စမ်းသပ်သည့်ပွဲ ဖြစ်လာနေပေပြီ။ ဆလင်ဟာဆန်ကတော့ အခုအချိန်အထိ အေးအေးဆေးဆေးပင်ဖြစ်သည်။ စိတ်ပျက်သည့် အရိပ်လက္ခဏာ တစိုးတစိမျှ မမြင်ရ။ သူ၏မည်းနက်နေသော အမာရွတ်ကြီးနှင့် မျက်နှာပေါ်မှ မျက်လုံးပြူးပြူးကြီးများသည် တည်တည်ငြိမ်ငြိမ်ပင်ရှိနေသည်။ သူ့ကိုကြည့်ပြီး ကျွန်တော့်မှာ အားတက်ရပါသည်။ သူ့အနား၌နေရခြင်းသည် စိတ်ပျက်ဖို့ အချိန်မရ။ လူနာများကို စောင့်ရှောက်ပြုစုရာ၌ ဟာဆန်သည် ဖွဲကောင်းလှချေသည်။ လူနာများအား ရေတိုက်ရသည်။ ကျွန်တော်စပ်ပေးထားသည့် ဆေးရည်ဖြင့် လူနာများ၏ တစ်ကိုယ်လုံးကို အမြဲမပြတ် လိမ်းပေးရသည်။ အစားအစာ ချက်ပြုတ်ကျွေးမွေးရသည်။ သတိမရတစ်ချက်၊ ရတစ်ချက် ဖြစ်နေသော လူနာအား ကျွန်တော်ကိုယ်တိုင် စမ်းသပ်ကိုင်တွယ်ရသည့်အခါ ဘေးမှဝင်ကူသည်။ လုပ်စရာရှိသမျှကို သူ့လုံခြုံမှုအတွက် လုံးဝထည့်၍ စဉ်းစားခြင်း ပြုပုံမရ။

'မင်းအတွက်လဲ သတိထားဦး ဟာဆန်'ဟု ကျွန်တော်က သတိပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'သူတို့အနား သိပ်မကပ်နဲ့'

ထိုအခါများတွင် ဟာဆန်က သွားဖြီးပြတတ်သည်။ သူ့သွားများမှာ ကွမ်းအမြဲစားထားသဖြင့် နီကြောင်ကြောင်။ သူပြုံးပုံမှာ ဟက်ဟက်ပက်ပက်တော့မဟုတ်။ ပင်ပန်းနွမ်းနွယ်လျက်ရှိသဖြင့် လျော့ရဲရဲနိုင်လှပါသည်။

'ဒေါက်တာဆပ်ကော ကိုယ့်ကိုယ်ကို သတိရရဲ့လား'

'ထားတာပေါ့ကွ၊ ပြီးတော့လဲ ဒီအလုပ် ငါ့အလုပ်လေကွာ'

'ကျွန်တော့်အတွက် စိတ်မပူပါနဲ့ ဒေါက်တာဆပ်၊ ကျွန်တော်က သိပ်သန်တဲ့ကောင်ပါ၊ ပြီးတော့ အခုလုပ်နေရတဲ့အလုပ်က ကျွန်တော့်အလုပ်ပဲ'

ယခုအခါတွင် ကျွန်တော်သည် ယာယီလူနာဆောင်ထဲ၌ အချိန်ကုန်သည်က များလာသည်။ တစ်ခါတစ်ရံ အရေးပေါ်အခေါ်ရောက်သည့်လူနာများအား သွား၍ကြည့်ရှုကုသပေးရသည့် အလုပ်မှတစ်ပါး အခြားဘာကိုမှ အာရုံမစိုက်နိုင်။ ကျွန်တော့်အား အတွေ့အမြင်နည်းလာလျှင်လည်း ခရီးသည်များက သံသယဖြစ်မည်ကို စိတ်ပူရသေးသည်။ ဤပြဿနာအတွက် ကပ္ပတိန်ပေးသည့် အကြံအတိုင်း လိုက်နာခဲ့ပါသည်။ ကျွန်တော်အအေးမိပြီး အနည်းငယ်နေထိုင်မကောင်းဖြစ်နေသည်ဟု သတင်းလွှင့်ထားလိုက်သည်။

ကျွန်တော်စားသောက်ခန်းထဲသွား၍ အစာမစားသည်မှာလည်း ကြာပြီ။ ကျွန်တော့်အတွက် အစားအစာများကို လင်ပန်းထဲထည့်၍ အခန်းထဲသို့ ပို့ပေးသည်။ ညပိုင်းဆိုလျှင် ကျွန်တော်သည် အခန်းထဲမှာ တစ်ယောက်တည်းထိုင်၍ ညစာကိုစားရသည်။ ကုန်းပတ်ပေါ်မှ တီးသံမှုတ်သံများနှင့် ကခုန်သံများကို ကျွန်တော်ကြားနေရပါသည်။ ထိုအခါကျပြန်တော့လည်း အထီးကျန်နိုင်လွန်းလှသည့် ကိုယ့်အဖြစ်ကို ပြန်၍သတိထားမိကာ စိတ်မကြည်မလင်ဖြစ်ရပါ၏။ အပျော်ကျူးနေကြသည့် ခရီးသည်များကတော့ သူတို့၏ ဘေးအန္တရာယ်ကို သိကြမြင်ကြသည်မဟုတ်။

ကျွန်တော်ဖတ်ခဲ့ဖူးသည့် ဘာဘေဒီ အော်ရာဗီလီ၏ ပုံပြင်တစ်ပုဒ်သည် ကျွန်တော့်ခေါင်းထဲသို့ ဝင်လာသည်။ ပြင်သစ်ဘုရင်တစ်ပါးသည် ပါရီမြို့ပေါ်၌ ပလိပ်ရောဂါဆိုးကြီးကျရောက်နေသဖြင့် နန်းတွင်းသူ၊ နန်းတွင်းသားများကိုပါခေါ်၍ ရောဂါနှင့်ဝေးရာသို့ ရှောင်တိမ်းခဲ့သည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com


သူရောက်နေသည့် အေဗီနွန်၌ မျက်နှာဖုံးစွပ် ကပွဲကြီးတစ်ခုကျင်းပသည်။ ပျော်မှုပါးမှု အမြင့်ဆုံးအချိန်သို့ရောက်၍ ပရိသတ်အားလုံး မျက်နှာဖုံးများ ချွတ်လိုက်သည့်အခါ သူတို့အလယ်တွင် လူစိမ်းတစ်ယောက်ရပ်နေသည်ကို တွေ့ကြရ၏။ လူစိမ်း၏မျက်နှာသည် ကြောက်မက်ဖွယ်ကောင်းအောင် ပိန်ချုံး နေသည်။ လူသားအားလုံးကို အကြီးအကျယ် သေကြေပျက်စီးစေနိုင်သည့် ပလိပ်ရောဂါဆိုးကြီး၏ အမှတ်အသားကိုလည်း သူ့ခန္ဓာကိုယ်ပေါ်၌ ဖော်ပြ ထားသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် တာဝန်ကိုသာ အဓိကထားနေမိ သဖြင့် ကိုယ့်အတွက်ကိုယ် ပူပင်ကြောင့်ကြခြင်း မဖြစ်မိ။ အခုလိုလုပ်နေရ သည့်အတွက် ရောဂါကူးလိမ့်မည်ဟုလည်း စိတ်ကမတွေးမိ။ အမှန်ကတော့ ကျွန်တော်သည် ကလေးဘဝတည်းက အခုအချိန်ထိ ကျောက်ရောဂါကာကွယ် ဆေး ထိုးခဲ့ဖူးသည်မဟုတ်။ ဤအခြေအနေမျိုးနှင့် ရင်ဆိုင်ရသည့်အခါ ကျွန်တော်သည် သင်္ဘော၏အရှိန် နှေးကွေးမှုအပေါ် အပြစ်မြင်ကာ ကျိန်ဆဲမိပါ သည်။ စောစောပိုင်းတုန်းက သင်္ဘောနှေးလေ၊ သဘောကျလေ ဖြစ်လာခဲ့သော ကျွန်တော်သည် သင်္ဘောအပေါ်တွင် အပြစ်မြင်လာသည်။ သင်္ဘောကတော့ အရှိန်ကိုအစွမ်းကုန်တင်၍ ခုတ်မောင်းနေသည်။ သို့သော်လည်း အနီးဆုံး ဆိပ်ကမ်းဖြစ်သည့် ကိုလံဘိုမြို့ကိုရောက်ဖို့ ရှစ်ရက်တိတိမျှ လိုနေပါသေး သည်။

ရောဂါအခြေအနေနှင့် ပတ်သက်၍ ကျွန်တော်သည် တစ်နေ့လျှင်နှစ် ကြိမ်မျှ ကပ္ပတိန်ထံသတင်းပို့ရသည်။ သူ့သောကမှာ ကျွန်တော့်ထက်ပင် ကြီးနေပါသည်။ သို့သော်လည်း လုပ်သက်နှစ်များခြင်းနှင့်အတွေ့အကြုံရင့် ကျက်ခြင်းတို့ကြောင့် သူ့ကိုယ်သူ ထိန်းထားနိုင်ခြင်းဖြစ်၏။ ကျွန်တော်က အခြေအနေကို ရှင်းပြသည့်အခါ သူသည် ဦးခေါင်းကို တစ်ကြိမ်နှစ်ကြိမ်မျှ ညိတ်တတ်သည်။ စိတ်တိုနေသည့် မျက်လုံးများဖြင့် ကျွန်တော့်အား ကြည့်နေ တတ်သည်။ သူကြည့်နေပုံမှာ အလွန်ခရီးကွာဝေးလာခဲ့ပြီးဖြစ်သော လစ်ဗာပူး မြို့ရှိ ကုမ္ပဏီဒါရိုက်တာဘုတ်အဖွဲ့အား လှမ်းမျှော်၍ ကြည့်နေသည့် ပုံမျိုး ဖြစ်သည်။ ထို့နောက် ကျွန်တော့်ကို အားပေးစကားပြောကာ ပြန်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com


'ကောင်းပါတယ်၊ ခင်ဗျားလုပ်နေတာ ဘာမှလိုလေသေးမရှိပါဘူး၊ အခုအတိုင်းပဲဆက်လုပ်သွားပါ'

သို့သော်လည်း ကျွန်တော်တို့ နှစ်ယောက်အနေဖြင့် လုပ်လက်စ အတိုင်းဆက်၍ လုပ်သွားနိုင်ပါမည်လော။ နောက်လေးဆယ့်ရှစ်နာရီအတွင်းမှာ ပင် သဘော်သားများထဲမှ ရောဂါသည်တစ်ဦး လူနာဆောင် ရွက်ထည်တဲ အတွင်းသို့ ပို့ရပြန်သည်။ အခုဆိုလျှင် လူနာပေါင်း ဆယ့်လေးယောက်တိတိ ရှိသွားခဲ့လေပြီ။

စောစောပိုင်းက ရောက်လာခဲ့သော လူနာများထဲမှတစ်ဦးမှာ သတိ လစ်လျက်ရှိ၏။ အချိန်မရွေး သေလိမ့်မည်ဟုပင် တွက်နေရသည်။ ဤတာဝန် အောက်၌ရောက်နေသော ကျွန်တော်သည် မအိပ်နိုင်ပါ။ နေ့ဘက်ဆိုလျှင် တစ်နေ့လုံး လူနာဆောင်ထဲ၌သာ အချိန်ကုန်ရ၏။ ညဘက်ကျတော့လည်း ကျွန်တော်သည် ပဲ့ပိုင်းမှမခွာနိုင်။ လူနာဆောင်တဲနှင့် ခပ်လှမ်းလှမ်းအကွာ၌ ရပ်ကာ အခြေအနေကိုစောင့်ကြည့်သည်။ ကြယ်ရောင်အောက် လူနာဆောင် အနီး၌ အမြဲတမ်းရှိနေသူမှာ ဟာဆန်။

ရပ်နေသော ဟာဆန်ကိုမြင်လိုက်တိုင်း ကျွန်တော့်မှာ စိတ်အားတက် ရပါသည်။ သူသည် လက်နှစ်ဖက်ကိုပိုက်၍ သဘော်လက်ရန်းကို ကျောပေး ကာ မလှုပ်မခြောက် ရပ်နေခြင်းဖြစ်သည်။ အသက်မရှိသော သစ်နက်သား ရုပ်တုတစ်ခုနှင့် တူလှပါသည်။ သူရပ်နေပုံသည် ငြိမ်လွန်းလှ၏။ တစ်စုံတစ်ခု ကို အလေးအနက်ပြု၍ စဉ်းစားတွေးတောနေသည့်နှယ်ရှိသည်။ သူ့လည်ပင်း၌ ဆွဲထားသည့် ငွေကရားလေးသည် သူ့အလုပ်တာဝန်၏ အမှတ်အသားတစ်ခု ဖြစ်၏။ ကတ္တီပါသားနှင့်တူလှသော ကောင်းကင်ပြင်ဝယ် အပူပိုင်းဒေသ လမင်းသည် ပုံမှန်ရွေ့လျားလျက်ရှိသည်။ လရောင်သည် ဟာဆန်၏ မည်းနက် သောမျက်နှာပေါ်သို့ ထိုးကျလျက်ရှိသည်။ တဲအတွင်းမှ လူနာတစ်ယောက် ငြီးသံကြားလျှင် ကျောက်ရုပ်သဖွယ် ငြိမ်သက်သောဟာဆန်သည် လှုပ်ရှားလာ သည်။ ချက်ချင်းပင် လူနာဆောင်ထဲသို့ဝင်သွားပြီး လိုအပ်သောအကူအညီများ ပေးသည်။ ထို့နောက် မူလနေရာသို့ပြန်လာကာ လက်နှစ်ဖက်ကိုပိုက်၍

www.burmeseclassic.com

www.burmeseclassic.com


ရပ်မြဲတိုင်းရပ်နေပြန်သည်။ သင်္ဘောကတော့ ဖြည်းဖြည်းမှန်မှန်ပင် ရှေ့သို့ တိုးသွားလျက်ရှိလေသည်။

ဟာဆန်သည် စကားများများပြောတတ်သူမဟုတ်။ သို့သော်လည်း ညတာအလွန်ရှည်ပြီး တိတ်ဆိတ်ငြိမ်သက်လွန်းလှသော ညများတွင် နှစ်ဦးတည်း နေကြရသည်ဖြစ်ရာ စပ်မိစပ်ရာ ပြောဆိုမိကြသည်။ ထိုအခါ သူ့အကြောင်းကို အနည်းအပါး သိခွင့်ရလာခဲ့ပါသည်။ သူသည် ပန်ဂျပ်ပြည်နယ်သားဖြစ်၏။ အလွန်ကျန်းမာကြံ့ခိုင်ပြီး တစ်နေရာမှတစ်နေရာသို့ လှည့်လည်သွားလာ ကျက်စားလေ့ရှိသော သူ့မိဘများနှင့်အတူ အိန္ဒိယတောင်ပိုင်းသို့ ရောက်လာခဲ့သည်။ ထိုအရပ်ဒေသသို့ ဆိုက်ရောက်လာသည့်အခါ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ အခြေစိုက်သူတို့၏ ဓလေ့ထုံးစံအတိုင်း ဟာဆန်သည် လူငယ်ဘဝကတည်းက ပင်လယ်ခရီးသွားဘဝနှင့် အသက်မွေးလာခဲ့သည်။ သူသည် သူ့ဘဝကို နှစ်ပေါင်းလေးဆယ်နီးနီးမျှ ကမ္ဘာတစ်ဝန်းလုံးရှိ ပင်လယ်သမုဒ္ဒရာရေပြင်ထက်၌ မြှုပ်နှံထားခဲ့၏။ နှစ်ပေါင်းလေးဆယ်အနက် ဆယ့်ငါးနှစ်ကာလသည် ရာဝါလ်ပင်ဒါသင်္ဘောပေါ်တွင် အခြေစိုက်ခဲ့သည်ဖြစ်ရာ ဤသင်္ဘောအိုကြီးအား သူနေအိမ်ဟု သတ်မှတ်ထားခြင်းမှာ အဆန်းမဟုတ်တော့ပေ။

အမှန်အားဖြင့်လည်း ဟာဆန်သည် ဆွေမရှိမျိုးမရှိတစ်ကောင်ကြွက်ဖြစ်သည်။ ကမ်းပေါ်တွင် သူနေစရာအရပ်ဒေသလည်းမရှိ၊ အိမ်လည်းမရှိ။ အလွန်ကျယ်ဝန်းသော အိန္ဒိယနိုင်ငံကြီးအတွင်းမှာပင်လျှင် ဆွေမျိုးမိတ်သင်္ဂဟဟူ၍ တစ်ကောင်တစ်မြီးမှမရှိ။ အိမ်ထောင်လည်းမပြု။ သင်္ဘောရွက်တိုင်ထိပ်မှ မတော်တဆလိမ့်ကျပြီး ခန္ဓာကိုယ်နှင့်မျက်နှာတွင် ရုပ်အဆင်းအင်္ဂါပျက်လောက်အောင် ဒဏ်ရာများရခဲ့ပြီးသည့်အချိန်မှစ၍ သူ့အတွေးအာရုံသည် မိန်းမများအပေါ်၌ စိတ်မဝင်စားတော့ပေ။

ဘာသာအားဖြင့် ဟာဆန်သည် ဂိုဏ်းဘာသာဝင်တစ်ဦးဖြစ်၏။ သို့သော်လည်း သူသည် သူ့ဘာသာနှင့် ငယ်စဉ်ကတည်းက အနေဝေးလာခဲ့သူဖြစ်သည်။ သူ၏ယုံကြည်ကိုးကွယ်မှုသည် သန့်ရှင်းစင်ကြယ်ပြီး အဆုံးအစဟူ၍ မရှိလောက်အောင် ကြီးမားကျယ်ပြန့်သော လေ၊ ရေနှင့်မြေပေါ်၌သာ

www.burmeseclassic.com

www.burmeseclassic.com


တည်မှီနေသည်။ အပြစ်ဟူ၍ မြူမှုန်လောက်မျှ မရှိသောလေ၊ လူသူကင်းမဲ့ကာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော ရေပြင်ကျယ်ကြီး၏အလှ၊ အုန်းပင်များ တန်းစီ၍ပေါက်နေသော ကမ်းခြေနှင့်ကျောက်ဆောင်ကျောက်တုံးကြီးများ ဆီသို့ ပြေးလွှားရိုက်ခတ်နေကြသည့် လှိုင်းလုံးကြီးများ၊ ဖြူပြာပြာ ဆီးနှင်းခဲ များ ဖုံးလွှမ်းနေသည့် တောင်ထိပ်တောင်စွယ်များ၊ အပူပိုင်းဒေသ၏ နေဝင်ဖျိုးဖျအချိန်တွင် စိမ်းစိုလန်းဆန်းကာ တင့်တယ်လှပနေသည့် တောအုပ်ကြီးများ၊ ငယ်ရွယ်စဉ်ကတည်းက အထိအတွေ့၊ အဆက်အစပ်များလာခဲ့သော ဤအရာဝတ္ထုအားလုံးသည် သူ၏ယုံကြည်ရာ၊ ကိုးကွယ်ရာဖြစ်လာခဲ့၏။

ဟာဆန်သည် သူ့ဘဝတစ်လျှောက်လုံး မည်သည့်အရာကိုမှ ရှာဖွေစုဆောင်းခြင်းမပြုခဲ့ပေ။ ပစ္စည်းလည်းမစု၊ ငွေလည်းမစုဘဲနေခဲ့သောဘဝဖြစ်၏။ သူ့ပိုင်ပစ္စည်းဆို၍ ဤသင်္ဘောကြီးပေါ်၌သာ အမြဲထားသော သေတ္တာ တစ်လုံးနှင့် ရူပီးငွေစအနည်းမျှသာရှိ၏။ အတွေးတစ်ခုသည် ကျွန်တော့်ရင်ကို ရိုက်ခတ်သည်။ ထိုအခါ မှားယွင်းသောကရုဏာတရားသည် ပေါက်ဖွားလာခဲ့သည်ဖြစ်ရာ ကျွန်တော့်နှုတ်မှ အမှတ်တမဲ့ရေရွတ်လိုက်မိပါသည်။

'အခုလို အရေးပေါ်ကိစ္စမှာ မင်းစေတနာအပြည့်နဲ့ လုပ်ကိုင်ပေးတဲ့အတွက် ကုမ္ပဏီက မင်းကို အပိုလစာ ထုတ်ပေးမှာပါကွာ'

သူသည် ဘာမှပြန်မပြောဘဲ အချိန်အတော်ကြာမျှ ငြိမ်ဆိတ်နေသည်။ တစ်ချက်တစ်ချက် ထွက်ပေါ်လာတတ်သည့် သင်္ဘောပန်ကာလည်သံနှင့် လူနာများဆီမှ ညွှဲကျပ်သံများကိုပင် ကြားရသည်။ ထို့နောက် သူသည် ကျွန်တော့်စကားအတွက် စကားပြန်ပေးသည်။

'သူ့အတွက် လိုအပ်တာဟူသရွေ့ ရနေသူလူတစ်ယောက်အဖို့ ငွေဟာ ဘာအသုံးဝင်မှာလဲ ဒေါက်တာဆပ်၊ ကျွန်တော်ဟာ ကျွန်တော့်နည်းနဲ့ ကျွန်တော် ပြည့်စုံလုံလောက်နေတာပဲ'

ဟာဆန်သည် စိတ်နေစိတ်ဓာတ် ရိုးသားဖြူစင်သူတစ်ဦးဖြစ်သည်မှာ ထင်ရှားလျက်ရှိသည်။ သူ့အနေဖြင့် အလုပ်တစ်ခုအတွက် အကျိုးကျေးဇူးရဖို့ မျှော်လင့်ချက်ထားသူမဟုတ်၊ ပုဂ္ဂိုလ်ရေးရာ ကိုယ်ကျိုးစီးပွားများကို စွန့်လွှတ်နိုင်သူဖြစ်၏။ မထီမဲ့မြင် ပြုနိုင်သူလည်းဖြစ်၏။ ငွေသည် သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com


စိတ်ဝင်စားစရာ အရာတစ်ခုမဟုတ်ပေ။ သူသည် ငွေကိုတန်ဖိုးမထား။ အထင်အမြင်သေးရုံမျှမက စက်ဆုတ်ရွံရှာသည့်သဘောပင် ရှိနေ၏။ သူသည် သတ္တိရှိသူဖြစ်၏။ မိမိကိုယ်ကိုမိမိ ထိန်းချုပ်နိုင်စွမ်းရှိ၏။ ယုံကြည်မှု အပြည့်ရှိ၏။ သူနှင့်အတူတူ အလုပ်လုပ်နေကြသူများသည် ဆင်းဆင်းရဲရဲ နေကြရပြီး ဆင်းဆင်းရဲရဲနှင့်ပင် သေကြရ၏။ မနက်ဖြန်အတွက် အပူအပင်မထားသော အလေ့အထသည် သူ့စိတ်တွင် စွဲမြဲလျက်ရှိ၏။

လရောင်အောက်၌ သူနှင့်အတူတူ တွဲ၍ရပ်နေသော ကျွန်တော့်ရင်ထဲတွင် ထူးဆန်းသော နာကျင်မှုတစ်ခု ဝင်လာသည်။ ဟာဆန်၏ ရိုးသားရှင်းလင်းသော အတွေးအမြင်များသည် လောကီတန်ဖိုးဟူသမျှကို အမှိုက်သရိုက်များဖြစ်သွားစေသည်ဟု ထင်မိပါသည်။

အပေါ်ထပ်ခန်းမကြီးထဲတွင် ပါတီပွဲတစ်ပွဲ အစပြုနေပေပြီ။ ရောင်စုံမီးလုံးများ၊ ကျယ်လောင်စူးရှသော ရယ်မောသံများ၊ ရှန်ပိန်အရက်ပုလင်းဖွင့်သံများ၊ သံစုံတီးဝိုင်းမှ အဆက်မပြတ်ထွက်လာနေသော တေးဂီတသံများ၊ ဤအရာအားလုံးသည် ကျွန်တော့်အမြင်တွင် တစ်မျိုးဖြစ်လာသည်။ လူတို့သည် မိမိတို့၏ အသွေးအသားများအတွက် မိမိတို့ကိုယ်ကို ယဇ်ပလ္လင်၌တင်၍ ယဇ်ပူဇော်နေသည်နှင့် တူနေပါသည်။ အနာဂတ်ကာလတွင် အောင်မြင်ကျော်ကြားရေးနှင့် ချမ်းသာကြွယ်ဝရေးဟူသော ကျွန်တော်၏ဘဝအမြင်အတွက် ရှက်စိတ်ဝင်လာသည်။

ကျွန်တော်သည် ဆူညံလှုပ်ရှားနေသောလူစုနှင့် လရောင်အောက်တွင် ဖွေးဖွေးလှုပ်နေသော ပင်လယ်ပြင်တို့ကို ကျောခိုင်းလိုက်ပါသည်။

နောက်တစ်နေ့တွင် ကျွန်တော်တို့လူနာနှစ်ယောက် ဆုံးရှုံးသည်။ ဟာဆန်သည် အလောင်းများကို အဝတ်များနှင့်ထုပ်၍ အပ်တစ်ချောင်းဖြင့် လုံအောင်ချုပ်သည်။ အလောင်းများရှေ့၌ရပ်ကာ ကိုရမ်ကျမ်းစာထဲမှ စာပိုဒ်တစ်ပိုဒ်ကို သူကိုယ်တိုင်ရွတ်သည်။ အလောင်းများ၏ ခြေထောက်တွင် အလေးများဆွဲပေးသည်။ ထို့ညသန်းခေါင်ယံတွင် အလောင်းများကို ပင်လယ်ထဲသို့ချ၍ သင်္ဂြိုဟ်လိုက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com


နောက်ထပ် ကျောက်ပေါက်လူနာ တိုးမလာတော့ပါ။ နောက်တစ်ပတ်အကြာ အရုဏ်တက်ချိန်ခန့်တွင် ကျွန်တော်တို့သင်္ဘောသည် သီဟိုကျွန်းကိုလံဘို ဆိပ်ကမ်းသို့ဆိုက်ကပ်သည်။ ဆိပ်ကမ်းဆရာဝန်နှင့်တာဝန်ကျအရာရှိများ သင်္ဘောပေါ်တက်လာပြီး လုပ်နေကျ ထုံးစံအတိုင်း စစ်ဆေးကြသည်။ ခရီးသည်များမနိုးသေးမီ အဝါရောင်အလံကို တိုင်ထိပ်မှလျှော့ချပြီး လူနာများကို ဆေးရုံသို့ပို့ရန် စီစဉ်ကြရပါသည်။ လူနာအများစုမှာ သက်သာနေကြပြီဖြစ်၏။ သို့သော်လည်း လူနာသုံးဦးမှာ အခုအချိန်အထိ ကယောင်ချောက်ချားဖြစ်နေဆဲ။ သူတို့အား ဟာဆန်က ကလေးများပွေ့သလိုပွေ့ချပြီး ကူးတို့သင်္ဘောလေးဆီသို့ ပို့ပေးရသည်။ ကျွန်တော်တို့နှစ်ယောက် အတူတူတွဲ၍ရပ်ကာ ကမ်းခြေဘက်သို့ အပြေးအလွှားသွားနေသော ကူးတို့သင်္ဘောကိုကြည့်နေကြသည်။ ဆလင်ဟာဆန်၏ ပါးနှစ်ဖက်တွင် မျက်ရည်များစီးကျနေသည်ကို ကျွန်တော်မြင်နေရပါသည်။

ဘင်္ဂလားပင်လယ်အော်ကို ကျော်ဖြတ်ခဲ့ရသည့် တိုတောင်းလှသောလမ်းခရီးတွင် ထူးခြားသောဖြစ်ရပ်များနှင့် မကြုံခဲ့ရပါ။ ကျွန်တော့်အနေဖြင့်လည်း ကူးစက်ရောဂါတစ်ခုအား ထိန်းချုပ်နိုင်ခဲ့သည့် အဖြစ်ကိုပင် သတိမရတော့ပါ။ သင်္ဘောသည် ရွှံ့နွံပေါများသော ဟူဂလီမြစ်ပြင်ကို ဖြတ်ကာ ကာလကတ္တားဆိပ်ကမ်းသို့ ဆိုက်ကပ်သည်။

ရာဝါလ်ပင်ဒါသင်္ဘောဆိုက်ကပ်ခြင်းကို ဆီးကြိုသည့်အထိမ်းအမှတ်အဖြစ် ဥသြများမှုတ်သည်။ ပူဖောင်းများလွှတ်သည်။ နောက်ဆုံးတစ်ခွက်အဖြစ် အရက်များသောက်ကြသည်။ ဆိပ်ကမ်းထက်မှ ဆီးကြိုနေကြသည့်ဆွေမျိုးဉာတိမိတ်သင်္ဂဟများဆီသို့ လက်များဝှေ့ယမ်းပြကာ အော်ဟစ်နှုတ်ဆက်နေကြသည့် အသံများသည် သောသောညံလျက်ရှိ၏။ ရုတ်တရက်ကျွန်တော့်အနီးမှကပ်၍ စကားပြောသံကြားရသည်။ မစ္စဂျိုပီစမစ်၏ အသံဖြစ်သည်။

'အို... ကြည့်ပါဦး၊ ဟိုမှာမြင်လား ရှိနယ်၊ ထူးဆန်းတဲ့သတ္တဝါကို တွေ့ရပြန်ပြီ'

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်မျက်လုံးအစုံသည် သူတို့ကြည့်ရာသို့ လိုက်၍ကြည့်မိပြန်ပါသည်။ သဘော်ဂပဲ့ပိုင်းတစ်နေရာ၌ ကုန်ပစ္စည်းများချရန် ကုန်းပတ်ပေါက်ကိုဖွင့်နေသော ဟာဆန်ကို မြင်ရသည်။

မစ္စဂျိုပီစမစ်သည် နောက်သို့လှည့်ကြည့်သည်။ သူ့အာရုံသည် ကျွန်တော့်ထံလာ၍ စူပြန်သည်။

'တစ်လမ်းလုံး ဒေါက်တာ ဘယ်ပျောက်နေသလဲ၊ သံလှောင်ချိုင့်ကြီးတစ်လုံးထဲ ဝင်ပုန်းနေသလား'

ငြိမ်ဆိတ်နေသည်။ ဆလင်ဟာဆန်၏ မြင့်မြတ်သော စိတ်ဓာတ်နှင့် လုပ်ရပ်များသည် ကျွန်တော့်အာရုံတွင် ပြန်လည်ထင်ဟပ်လာသည်။

'ဩော်... အင်း... ဟုတ်တယ်၊ တစ်နည်းအားဖြင့်တော့ ဟုတ် တယ်၊ လှောင်ချိုင့်ကြီးတစ်လုံးထဲမှာ၊ ဒါပေမယ့် မဆန်းပါဘူး မစ္စဂျိုပီစမစ် ရယ်၊ တိရစ္ဆာန်အားလုံးက အပြင်မှာနေကြတာ မဟုတ်လား'

လေသံကို သံမှန်ဖြစ်အောင် ကျွန်တော်ထိန်း၍ပြောသည်။ သို့သော်လည်း ကျွန်တော့်အသံတွင် ဒေါသသံ ပါနေသည်ဟုပင် ထင်ပါသည်။ ချက်ချင်းပင် ချာခနဲလှည့်ကာ ကျွန်တော့်အခန်းဆီသို့ ဆင်းလာခဲ့သည်။ ကျစ်ကျစ်ပါအောင် ဆုပ်ထားသောလက်သီးဖြင့် သစ်သားနံရံကိုပင် တစ်ချက်မျှ ထိုးလိုက်မိပါသေးသည်။

* * * *

www.burmeseclassic.com

www.burmeseclassic.com


# [ ၅ ]

စကော့တလန်သို့ ကျွန်တော် နောက်တစ်ခေါက်ပြန်၍ ရောက်ခဲ့ရပြန်ပါလေပြီ။ စကော့လူမျိုးများကြုံနေကျ ရာသီဥတုနှင့် ရင်ဆိုင်နေရပြန်ပြီဖြစ်၏။ ကျွန်တော်သည် ရာသီဥတုချင်း နှိုင်းယှဉ်ကာ အပူပိုင်းဒေသများမှ နေရောင်တဝင်းဝင်းဖြင့် ကြည်လင်သာယာနေသော ကောင်းကင်၊ မွှေးရနံ့သင်းပျံ့နေသော လေပြည်လေညင်းတို့ကို လွမ်းဆွတ်တမ်းတ နေမိပါ၏။

ကျွန်တော်သည် လူသူကင်းမဲ့နေသည့် ဒန်းဒေါ်နယ်လမ်းဆုံ ပလက်ဖောင်းပေါ် လေထဲမိုးထဲ၌ရပ်ကာ အငှားကားတစ်စီးခေါ်ရလျှင် ကောင်းလေမလားဟု စဉ်းစားချိန်ဆနေသည်။ ငွေကြေးအခြေအနေက 'ကားမငှားနှင့်' ဟု တားမြစ်နေသော်လည်း ဂုဏ်သိက္ခာက 'ငှားပါကွာ' ဟု တိုက်တွန်းနေ သည်။ ကျွန်တော့်ကိုယ်ပိုင် ဂုဏ်သိက္ခာတစ်ခုတည်းအတွက်သာ မဟုတ်။ လောလောလတ်လတ်ရထားသည့် အလုပ်သစ်၏ အဆင့်အတန်းဂုဏ်သိက္ခာကိုပါ ထည့်သွင်းစဉ်းစားနေရခြင်း ဖြစ်ပါသည်။

နောက်ဆုံးတွင် ကျွန်တော်သည် ဘူတာဘက်မှထွက်လာသော အငှားကားထဲမှ အစိမ်းရောင်ကုတ်အင်္ကျီဝတ်ထားသော မျက်နှာနီနီနှင့် ကားသမားအားလှမ်း၍ လက်ပြလိုက်ပါသည်။ သူသည် ကျွန်တော့်မျက်နှာကို ခိုးကြောင်ခိုးဝှက်မျက်လုံးများဖြင့် တစ်ချက်မျှလှမ်းကြည့်ပြီး အကဲခတ်သည်။ သုံးစက္ကန့်ခန့် ကြာမည်ထင်၏။

'တန်နေ့ဗျဲဘရေးရှာကို ဘယ်လောက်ပေးရမလဲ၊ ဒေါက်တာ ကေမရွန်အိမ်ကို သွားမှာ'

'ပစ္စည်းဘယ်လောက်များသလဲ' သူက ကျွန်တော့်မေးခွန်းကို တိုက်ရိုက်အဖြေမပေး။ ပလက်ဖောင်းပေါ်၌ချထားသည့် လက်ဆွဲသေတ္တာတစ်လုံးနှင့် ကျွန်တော့်ညာလက်မှဆုပ်ကိုင်ထားသော လွတ်အိတ်သေးသေးတစ်လုံးကို မြင်နေပါလျက်နှင့် ပြန်မေးသည်။

'ခင်ဗျားကြည့်ရတာ ဒေါက်တာကေမရွန်ရဲ့ လက်ထောက်ဆရာဝန်အသစ် ဖြစ်လိမ့်မယ်ထင်ပါရဲ့'

www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်တယ်'

'ဒါဆိုရင်တော့ နှစ်သျှီလင်ပေးရမယ် ဒေါက်တာ'

သူသည် ကျွန်တော်၏ ရာထူးနှင့်ဂုဏ်ထူးအပေါ် ခန့်မှန်းချင့်တွက်ပြီး ကားခကို တောင်းဟန်တူသည်။ ကျွန်တော်ကလည်း ခေါင်းကို အေးအေးထား ကာ ခပ်တင်းတင်းပင် ပြန်ပြောသည်။

'အနီးဆုံးလမ်းက လိုက်ပို့ဖို့ငှားတာ' အမှန်တော့ ကျွန်တော်သည် တန်နေ့ချ်ဘရေးရှာသို့ တစ်ခေါက်မှ ရောက်ဖူးသူမဟုတ်။ 'ခင်ဗျားစိတ်တိုင်း ကျ ခရီးမဝေးဝေးအောင် လှည့်ပတ်မောင်းပြီးပို့တာမျိုး မလိုချင်ဘူး'

သူက ကျွန်တော့်စွပ်စွဲချက်ကို မဟုတ်ပါဘူးဟု ငြင်းသည်။ နှစ် ယောက်သား အပြန်အလှန် ဈေးဆစ်ကြသည်။ နောက်ဆုံး ဈေးဆစ်ပွဲပြီးဆုံး သောခါ တစ်သျှီလင်နှင့်တည့်သည်။ နှစ်ဦးနှစ်ဖက် ကျေနပ်သောနှုန်း ဖြစ်ပါ သည်။

လက်ဆွဲသေတ္တာကို ကားခေါင်မိုးပေါ်တင်အပြီးတွင် ကားထွက် သည်။ ကျောက်စရစ်ပေါ်များသောလမ်းပေါ်တွင် ကားသည် တဂျုံးဂျုံး၊ တဂျိုင်းဂျိုင်း ဆောင့်လျက်ရှိသည်။

ရာဝါလ်ပင်ဒါသင်္ဘော အင်္ဂလန်သို့ ပြန်အရောက်တွင် ကပ္ပတိန် ဟင်းဘဲလ်က ကျွန်တော့်အား သူ့သင်္ဘောပေါ်၌ပင် ဆက်၍ ဆရာဝန်လုပ်ရန် တိုက်တွန်းခဲ့သည်။ သို့သော်လည်း သူသိထားရသလောက်ဆိုလျှင် သင်္ဘော ဆရာဝန်အလုပ်သည် ပျင်းရိငြီးငွေ့စရာကောင်းသည်ဟု ရိုးသားစွာပင် ဖွင့်ပြော သည်။ စိတ်နေစိတ်ဓာတ် ထက်သန်တက်ကြွပြီး ကြီးပွားလိုစိတ်ရှိသော လူငယ်တစ်ယောက်နှင့် သင့်တော်သည့် အလုပ်တစ်ခုတော့ မဟုတ်ဟုလည်း ပွင့်ပွင့်လင်းလင်းပြောပြသည်။

ကပ္ပတိန်ဟင်းဘဲလ်သည် ကျွန်တော့်အပေါ် ကောင်းရှာပါသည်။ ကလကတ္တားသို့ရောက်သည့်အချိန်မှစ၍ သူသည်ကျွန်တော့်အား အကြိမ်ပေါင်း များစွာ ကမ်းပေါ်သို့ခေါ်သွားပြီး နတ်ကွန်းများ၊ ဘုရားကျောင်းများ၊ နန်းတော် ကြီးများနှင့် ဈေးကြီးများသို့လိုက်ပို့သည်။ ဘယ်ဈေးကိုပဲ ရောက်ရောက် ဟိန္ဒူတို့အတွက် အမြတ်ပြုထားသည့် နွားများသည် ဈေးထဲတွင် စည်းမဲ့ကမ်းမဲ့

www.burmeseclassic.com

www.burmeseclassic.com


သွားချင်တာသွားပြီး နီးရာဆိုင်များမှာ စားချင်တာမှန်သမျှ ဆွဲစားနေကြသည်ကို တွေ့မြင်ရပါသည်။

ကျွန်တော်ရောက်ခဲ့သည့် ရက္ခဗေဒဥယျာဉ်များမှာလည်း ထူးဆန်းသောငှက်များနှင့် ပန်းပွင့်များကို တွေ့ရသည်။ ကျွန်တော့်အဖို့တော့ ထိုအရာအားလုံးသည် မက်မောတွယ်တာစရာများ ဖြစ်ပါသည်။ သို့သော်လည်း ကပ္ပတိန် သတိပေးထားသည့်စကားကို ကျွန်တော်မမေ့ပါ။ ဤကြားထဲ ကျွန်တော့်ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်ထံမှ တန်နေ့ာချ်ဘရေးရှာ၌ လက်ထောက်ဆရာဝန်အလုပ် လစ်လပ်နေကြောင်း စာရထားသည်။ 'လစာကတော့ သိပ်များများစားစားမရဘူး၊ ဒါပေမယ့် တောပိုင်းမှာ ပုံမှန်ဆေးကုသမှုကတော့ ရှိတယ်၊ ကေမရွန်ဆိုတဲ့ အဘိုးကြီးကတော့ ခပ်ကြောင်ကြောင်ကြီး၊ ပေါင်းရသင်းရတာတော့ခက်တယ်၊ ဒါပေမယ့် စိတ်ကောင်းနှလုံးကောင်းကတော့ ရှိရှာပါတယ်'ဟု သူ့စာကဆိုသည်။ ကျွန်တော် တုံ့ဆိုင်းမနေတော့ပါ။ ချက်ချင်းပင် သင်္ဘောဆရာဝန်အလုပ်မှ ထွက်ခဲ့သည်။

ဤသို့ဖြင့် ကျွန်တော်သည် အငှားကားအိုတစ်စီးပေါ်၌ထိုင်ကာ စကော့တလန် အနောက်ပိုင်းကုန်းမြင့်ဒေသမှ ရွာတစ်ရွာသို့သွားရာ ကျောက်စရစ်ခဲလမ်းမပေါ် ရောက်နေခြင်းဖြစ်သည်။ ခရီးတစ်ဝက်ခန့်အရောက်တွင် မော်တော်ကားသည် ညာဘက်သို့ကွေ့ဝင်ပြီး အာဒင်ဂေဟာဝင်းအတွင်းသို့ ဝင်ခဲ့သည်။ ဝင်းထဲတွင် ကျောက်သားဖြူဖြူနှင့် တည်ဆောက်ထားသောတိုက်အိမ်တစ်လုံး၊ ဘေးဘက်တွင် အဖီသဘောမျိုး ဆောက်ထားသည့် အိမ်တစ်လုံးနှင့် ရှေ့မျက်နှာစာဘက်တွင် စက်ဝိုင်းခြမ်းသဏ္ဍာန်ရှိသည့် လှပသောမြက်ခင်းပြင်တစ်ခုရှိသည်။

ကျွန်တော် အိမ်ရှေ့လှေကားခုံပေါ်သို့တက်ပြီး လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲနေခိုက်တွင် မိုးစက်များသည် စိတ်ပျက်ဖွယ်ကောင်းလောက်အောင် တစက်စက်စီးကျလျက်ရှိကြသည်။ တစ်မိနစ်ခန့်အကြာတွင် တံခါးပွင့်သွားပြီး အိမ်စေမကြီးတစ်ယောက် ထွက်လာသည်။ အိမ်စေမကြီးသည် ပိန်ပိန်ပါးပါး၊ အသက်ကြီးကြီး တစ်ကိုယ်လုံး အနက်ရောင်များဝတ်ထားသည်။ ဆံပင်များကို

www.burmeseclassic.com

www.burmeseclassic.com


ကျစ်ကျစ်လျစ်လျစ်စည်းထားသည်။ သူ့မျက်နှာထားသည် နှမြောတွန့်တိုဟန် ပေါက်သည်။ သြဇာပေးလိုဟန်လည်းရှိသည်။

အိမ်စေမကြီးသည် စက္ကန့်အနည်းငယ်မျှ ကျွန်တော့်အား အကဲခတ်နေသည်။ ကျွန်တော့်လွယ်အိတ်၊ ဦးထုပ်မှအစ ခြေထောက်မှ ရှူးဖိနပ်များအထိ စေ့စေ့စပ်စပ် ကြည့်သည်။ မျက်ခုံးများကို မသိမသာ ပင့်တင်ကာ အံ့သြဟန်ပြသည်။

'မြင်းရထားနဲ့ လာသကိုး' ဟု သူကရေရွတ်သည်။ သူပြောပုံနှင့် ကြည့်ပုံများမှာ ကျွန်တော့်အား မြင်းလေးကောင်တပ် နန်းတွင်းမြင်းရထားကြီး စီးလာသည့် လူတစ်ယောက်ဟု သူယူဆနေဟန်ရှိ၏။ ထို့နောက် 'အထဲဝင်ရင် ကောင်းမယ်၊ ခြေထောက်တွေကို သုတ်ဖို့တော့ မမေ့နဲ့'ဟုပြောသည်။

ကျွန်တော်သည် ကျွန်တော့်ခြေထောက်များသို့ ခြေသုတ်ဖုံတွင် ခက်ခက်ခဲခဲနှင့်ပင် သုတ်နေရသည်။ ပြီးကာမှပင် အထဲသို့ဝင်ရသည်။ အစပြုပုံကတော့ မကောင်းလှဟု ထင်မိပါသည်။

'ဒေါက်တာအပြင်သွားနေတယ်'ဟု သူကပြောသည်။ 'သူ့လက်ထောက် ထွက်သွားကတည်းက သူ့ခြေထောက်တွေက အနားမပေးရတော့ဘူး၊ အမြဲတမ်းပြေးလွှားနေရတာပဲ၊ သနားစရာကောင်းတယ်၊ အင်း... ဟိုလက်ထောက်ကတော့ အတော့်ကိုမကောင်းတဲ့လူပါ' သူသည် ခေါင်းကို အသာအယာယမ်းပြီး ကျွန်တော့်အား မီးဖိုရှေ့ကော်ဇောပေါ်၌ တစ်ယောက်တည်း ထားခဲ့သည်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ကတော့ ပြုံးပြရုံသာရှိသည်။ ထို့နောက် ကျယ်ဝန်းခမ်းနားလှသော ထမင်းစားခန်းကြီးကို ကြည့်နေမိသည်။ အနီရောင် ခန်းဆီးများတပ်ထားသည်။ အနီရောင် တူရကီကော်ဇော ခင်းထားသည်။ တထိန်ထိန် တညီးညီးတောက်လောင်နေသော ကျောက်မီးသွေးမီးဖိုကြီးတစ်ခုနှင့် မဟော်ဂနီသစ်သား ပရိဘောဂပစ္စည်းများ ခင်းကျင်းထားသည်။ ပန်းပင်ဟူ၍ ဘာပင်မှမရှိ။ ကြောင်အိမ်ပေါ်တွင် ပန်းသီးများထည့်ထားသည့် ပန်းကန်ကြီးတစ်လုံး၊ ဘီစကွတ်အပြည့်ထည့်ထားသည့် ဖန်ပုလင်းကြီးတစ်လုံးနှင့် ဝိစကီပုလင်း။ နံရံများတွင် ဘာပန်းချီကားမှ မရှိ။ ဘာဓာတ်ပုံမှ မရှိ။

www.burmeseclassic.com

www.burmeseclassic.com


အဝါရောင် တယောသုံးလက်သာ ချိတ်ထားသည်။ နေချင့်စဖွယ်ကောင်းလှသည့် အခန်းတစ်ခန်းဖြစ်၏။ ကျွန်တော်သည် စိတ်အေးနားအေးနှင့် မီးလှုံလျက်ရှိသည်။ ထိုအခိုက်မှာ အခန်းတံခါးပွင့်သွားပြီး ဒေါက်တာကေမရွှန် ဝင်လာသည်။

'ကောင်းပါ့ကွာ' ဟု ကေမရွှန်က ရေရွတ်သည်။ ကျွန်တော့်အား နှုတ်ဆက်စကားလည်း မပြော။ လက်ဆွဲနှုတ်ဆက်ခြင်းလည်း မပြု။ 'ငါက အပြင်မှာ အသက်ထွက်မတတ် အလုပ်လုပ်နေတဲ့အချိန်မှာ မင်းက မင်းဖင်ကို မီးလှုံနေသကိုးကွ၊ သောက်သုံးမကျပါဘူးဟာ၊ စတားရှော့ပြောတာက မင်း ဒီမနက်ခင်း ရောက်လာမယ်တဲ့၊ ဂျက်နက်ရေ၊ ဟေး... ဂျက်နက်' ကေမရွှန်သည် သံကုန်ဟစ်၍ အော်ခေါ်သည်။ 'ငါတို့အတွက် လက်ဖက်ရည် ယူခဲ့တော့ဟေ့'

ဒေါက်တာကေမရွှန်သည် ကိုယ်လုံးကိုယ်ထည် မပိန်မဝ။ စကော့ရာသီဥတုနှင့် စကော့ဝီစကီတို့၏ဒဏ်ခံထားရသဖြင့် မျက်နှာ ကြက်သွေးရောင်ပေါက်ကာ အိုစာခပ်ကျကျ။ ရန်ဖြစ်ရန် ဦးမလေးသည့် ပုံစံမျိုးရှိသည်။ တစ်ကိုယ်လုံးတွင် မိုးစက်မိုးပေါက်များ ငြိတွယ်နေသည်။ ခါးအနည်းငယ်ကုန်းနေသဖြင့် ဦးခေါင်းသည် ရှေ့သို့ခပ်စိုက်စိုက်၊ ခြေထောက်တွင် ဒူးမှခြေမျက်စိအထိဖုံးသော သားရေဖိနပ်စီးထားသည်။ ပွပွဖားဖား ဂျက်ကက်အင်္ကျီကြီးဝတ်ထားသည်။ အရောင်က အစိမ်းရောင်၊ ဘေးတစ်ဖက်တစ်ချက်ရှိ အင်္ကျီအိတ်ကပ်များသည် ပန်းသီးလိုပစ္စည်းမျိုးအစ သူ့အသုံးအဆောင် တိုလီမုတ်စများ အပြည့်အသိပ်ထိုးထည့်ထားသဖြင့် ဖောင်းပွနေကြသည်။ သူ့ကိုယ်မှ ဆေးဝါးနှင့်ကာဘော်လစ်နံ့နှင့် ဆေးလိပ်နံ့များ ထောင်းထောင်းထလျက်ရှိ၏။

သူသည် ကျွန်တော့်အား လှမ်းကြည့်ပြီး ဖျတ်ခနဲလှမ်းမေးသည်။

'မင်း... အားကောင်းမောင်းသန် ရှိရဲ့လား၊ လေဒဏ်မိုးဒဏ် ခံနိုင်ပါ့မလား'

'ခံနိုင်မယ် ထင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com


'အိမ်ထောင်နဲ့လားကွ'

'မကျသေးပါဘူး'

'တော်ပါသေးရဲ့ကွာ၊ မင်း တယောထိုးတတ်သလား'

'မတတ်ပါဘူး'

'အေး... ငါလဲမတတ်ဘူးကွ၊ ဒါပေမယ့် တယောလှလှကလေးတွေ တော့ လုပ်တတ်တယ် သိလား၊ မင်းဆေးတံကော သောက်တတ်သလား'

'သောက်တတ်ပါတယ်'

'အင်း... ဟင်း၊ မင်းဝီစကီရော ချသလား'

ဤမေးခွန်းကြောင့် ကျွန်တော့်ဒေါသ အရှိန်တက်လာသည်။ ကျွန်တော်နှင့် ဘေးတိုက်ရပ်နေသော ကေမရွန်အား တစ်ချက်မျှစောင်းကြည့် ပြီး 'ကျုပ် ခင်ဗျားကို ချဉ်တယ်ဗျာ၊ ဒီပုံအတိုင်းဆိုရင်တော့ ဘယ်တော့မှ ကျုပ် ခင်ဗျားကို သဘောကျမှာမဟုတ်ဘူး' ဟု စိတ်ထဲက ပြောမိသည်။ ကျွန်တော်က သူ့မေးခွန်းကို မှုန်တေတေ၊ အောက်သိုးသိုး မျက်နှာထားဖြင့် အဖြေပေးပါသည်။

'ကျွန်တော်ကြိုက်တဲ့အရက်ကို ကျွန်တော် သောက်ချင်တဲ့အချိန်မှာ သောက်တယ်'

ကေမရွန်၏ ပြောင်နေသောက်နေသောက် မျက်လုံးအစုံတွင် အပြုံးရိပ် ထင်ဟပ်လာသည်။

'ဟ... အဲဒါမျိုးကတော့ ဆိုးတယ်ကွ' ဟု ရေရွတ်သည်။

'ကဲ... ထိုင်လကွာ၊ လက်ဖက်ရည်သောက်မယ်'

ဂျက်နက်သည် လျင်မြန်ဖျတ်လတ်စွာဖြင့် လက်ဖက်ရည်ပွဲကို ပြင်ဆင်တည်ခင်းလျက်ရှိသည်။ ကိတ်မုန့်၊ ဗန်းမုန့်၊ ပေါင်မုန့်မီးကင်၊ ဂျုံမုန့် ချိုလုံး၊ ဒိန်ခဲ၊ ဂျုံကိတ်စသည်များနှင့် အညိုရောင် လက်ဖက်ရည်အိုးကြီး တစ်လုံး၊ ဝက်ပေါင်ကျပ်ကင်ခြောက်တစ်ပန်းကန်၊ ကြက်ဥပြုတ်စသည်များကို တခမ်းတနားဖြစ်အောင် နေရာချနေသည်။

ကေမရွန်သည် လက်ဖက်ရည်အိုးကိုဆွဲယူကာ ကျွန်တော့်ပန်းကန်ထဲ သို့ ငှဲ့ထည့်ပေးရင်း သူ့အိမ်အကြောင်း ရှင်းပြနေသည်။ လှပသောလက်ချောင်း

www.burmeseclassic.com

www.burmeseclassic.com


များပိုင်ရှင်ဖြစ်သည်ကို ကျွန်တော်သတိထားမိပါသည်။ သူ့လက်ချောင်းများသည် အရေခွံထူသော်လည်း အလွန်သေးသွယ်ပြီး ပျော့ပျောင်းလွန်းလှပါသည်။

'တို့အိမ်မှာ အလဟဿဖြုန်းတီးတာမျိုး မရှိဘူးကွ သိလား၊ မနက်စာ၊ နေ့လယ်စာ၊ ညနေခင်းစာနဲ့ညစာ ကျွေးတယ်၊ ညစာကျတော့ ရိုးရိုးစားနေကျ အစားအစာပဲကျွေးတယ်၊ ဒါပေမယ့် အဝအပြဲကျွေးတယ်၊ တို့က လက်ထောက်ဆရာဝန်ကို အလုပ်တော့ခိုင်းတယ်၊ အငတ်လဲမထားဘူး'

ကျွန်တော်စားသောက်ကောင်းနေခိုက်တွင် ဂျက်နက်သည် ရေနွေးအိုးများ ထပ်၍ယူလာသည်။ ထို့နောက် အေးတိအေးစက်လေသံဖြင့် စကားလှမ်းပြောသည်။

'လက်ချဲလန်မက္ကင်ဇီဆိုတဲ့ လူငယ်တစ်ယောက် စောင့်နေတာ နာရီဝက်လောက် ရှိပြီ၊ အင်ဗားဘက်ရပ်က လာတာ'

သူ့ပါးစပ်ထဲသို့ ဂျုံကိတ်မုန့်တစ်ဖဲ့ကို ထိုးသွင်းရန် ဟန်ပြင်နေသော ကေမရွန်၏ပါးစပ်မှ ထုံးစံအတိုင်း ကျိန်ဆဲသံထွက်လာသည်။

'သေလိုက်ပါတော့ကွာ၊ အခုမနက်ပဲ ငါအင်ဗားဘက်ကို ရောက်ခဲ့သေးတယ်၊ သူ့အိမ်ရှေ့က ဖြတ်သွားခဲ့တာချည်းပဲ၊ အတော့်ကိုမိုက်မဲတဲ့ ငအေပါလားကွာ၊ သူတို့က ငါ့ကို သံမဏိနဲ့လုပ်ထားတဲ့လူလို့များ ထင်နေကြသလားဟာ' စိတ်ပျက်လက်ပျက် ရေရွတ်နေရာမှ သူ့ကိုယ်သူ ပြန်၍သတိထားမိပြီး ထိန်းသည်။ ထို့နောက် သူ့ဒေါသကို လျှော့ချလိုက်သည့်နှယ် သက်ပြင်းတစ်ချက်ချသည်။ လေသံလည်းပြောင်းသွားသည်။

'အေးပါလေ... ဟုတ်ပါပြီ၊ ကဲ... ကဲ ဂျက်နက်၊ သူ့ကို ခေါ်ခဲ့ပါတော့ဟာ'

နောက်တစ်ခဏတွင် မက္ကင်ဇီသည် ကက်ဦးထုပ်ကို လက်မှကိုင်၍ တံခါးဝ၌ ရပ်နေသည်။ မြင်ရုံမျှဖြင့် ဆင်းရဲမှန်းသိသာသည်။ အတီးအတ မအူမလည်ပုံမျိုးဖြစ်သည်။ သူ တွေ့နေရသည့် ပတ်ဝန်းကျင်အရှိန်ကြောင့် မနေတတ်မထိုင်တတ်ဖြစ်နေသည့် လက္ခဏာလည်းရှိသည်။ ဒေါက်တာကေမရွန်၏ အကြည့်ကြောင့် ထိတ်လန့်ကြောက်ရွံ့နေပုံလည်းရ၏။

www.burmeseclassic.com

www.burmeseclassic.com


'ကောင်လေး နေမကောင်းလို့ပါ ဒေါက်တာ'ဟု လက်ထဲမှ ကက်ဦးထုပ်ကို လိမ်ညှစ်ရင်းပြောသည်။ 'မိန်းမကတော့ ကြက်ညှာချောင်းဆိုးလို့ ထင်တယ်တဲ့'

'နေမကောင်းဖြစ်တာ ဘယ်လောက်ကြာပြီလဲ လက်ချဲလန်'

တရင်းတနှီးလေသံဖြင့် သူ့နာမည်ကို ခေါ်ပြောလိုက်သဖြင့် အနည်းငယ် အားတက်သွားပုံရသည်။

'နှစ်ရက်ရှိပြီ ခင်ဗျ၊ ကျုပ်တို့က ကြက်ညှာချောင်းဆိုးလို့ မထင်တာနဲ့ဘဲ . . .'

'အေး... အေး ဟုတ်တာပေါ့၊ ချောင်းဆိုးတာကိုး' ကေမရွန်သည် ခဏမျှငြိမ်နေသည်။ 'မင်း ဒီကိုဘယ်လိုလာလဲကွ'

'လမ်းလျှောက်လာတာပဲ ဒေါက်တာ၊ ခရီးက ဝေးမှမဝေးတာ'

သူကတော့ မဝေးဘူးဟုဆိုသည်။ အမှန်တော့ အင်ဗားဘက်မှ တန်နေ့ချ်ဘရေးရွာအထိ ခုနစ်မိုင်ခရီးရှိ၏။

ဒေါက်တာကေမရွန်သည် သူ့ပါးတစ်ဖက်ကို လက်ဝါးဖြင့် ခပ်ဖြည်းဖြည်း ပွတ်နေသည်။

'အေး... ကောင်းပြီ လက်ချဲလန်၊ စိတ်မပူနဲ့တော့၊ မြင်းရထားပြင်နေတုန်း မင်း ဂျက်နက်နဲ့လိုက်သွားပြီး လက်ဖက်ရည်သောက်ချေ'

လက်ချဲလန်ထွက်သွားသောအခါ အခန်းထဲတွင် ငြိမ်ဆိတ်နေသည်။ ကေမရွန်သည် သူ့လက်ဖက်ရည်ကို ဇွန်းဖြင့်မွှေနေရာမှ ကရုဏာမကင်းသည့် လေသံဖြင့်ပြောသည်။

'သူ့လို ဆင်းရဲသားတွေနဲ့ကျရင် ငါတင်းတင်းမာမာ မဆက်ဆံနိုင်ဘူးကွ၊ ငါ့ဖာသာငါ ပြုပြင်လို့မရတော့ဘဲ အားနည်းချက်တစ်ခုပဲလို့ ဆိုရတော့မှာပဲ၊ သူ့မိန်းမ နောက်ဆုံးအကြိမ်မီးဖွားတုန်းက ကျသင့်တဲ့ဆေးဖိုးဝါးခအကြွေးကို သူအခုထက်ထိ မပေးနိုင်သေးဘူး၊ ပေးတော့မယ် မထင်ပါဘူးကွာ၊ ခက်တာက ငါမြင်းလှည်းနဲ့သွားရမယ့်ခရီးက ခုနစ်မိုင်၊ ကလေးကိုကြည့်ရှုပြီး ပြန်လာတော့ နောက်ထပ် ခုနစ်မိုင်၊ နည်းတဲ့ခရီးလားကွာ၊ အဲဒါကို ငါက ကြွေးစာရင်းစာအုပ်ထဲ မှတ်ရဦးမယ်ဆိုတော့ ဘယ်လိုနေမလဲ စဉ်းစားကြည့်

www.burmeseclassic.com

www.burmeseclassic.com


ပေါ့၊ ငါမှတ်မိတာတော့ တစ်သျှူးလင်ခြောက်ပဲနိ ရှိမယ်ထင်တာပဲ၊ တကယ်လို့ ငါကမေ့သွားတော့ကော ဘာတတ်နိုင်မှာလဲကွာ၊ သူကတော့ ပဲနိဝက်တောင် ပေးမှာမဟုတ်ပါဘူး၊ အိုကွာ... တယောတွေကို မြတ်နိုးတဲ့လူတစ်ယောက်ရဲ့ ဘဝဟာ ဘယ်လိုကြီးမှန်းလဲ မသိပါဘူး'

နောက်တစ်ဖန် ငြိမ်ဆိတ်နေပြန်၏။ ကျွန်တော်က အရဲစွန့်၍ ပြော လိုက်မိသည်။

'လူနာကို ကျွန်တော်သွားကြည့်လိုက်မယ်လေ'

ကေမရွန်သည် လက်ဖက်ရည်ကို အချိန်ဆွဲ၍ သောက်နေသည်။ သရော်လိုသည့် အရိပ်လက္ခဏာများသည် သူ့မျက်လုံးအစုံ၌ ထင်ဟပ်လာပြန် ၏။

'အေး... ဟုတ်သားပဲ၊ မင်း အိတ်နက်ကလေးက အသစ်ကလေး ကိုးကွ၊ ဆိုဖာပေါ်တင်ထားတာ ငါမြင်ခဲ့တယ်၊ အသစ်ကျပ်ချွတ်ကလေးကွ၊ အရောင်တလက်လက် ထွက်နေတာပဲ၊ မင်း နားကြပ်ကလဲအသစ်၊ ပစ္စည်း အားလုံး အသစ်စက်စက်တွေချည်းပဲ မဟုတ်လား၊ အဲဒီတော့ ဒီပစ္စည်းတွေကို သုံးချင်လွန်းလို့ ယားနေမှာပေါ့လေကွာ' သူက ကျွန်တော့်မျက်နှာကို စေ့စေ့ ကြည့်သည်။ 'အေး... ကောင်းပြီ၊ မင်း လိုက်သွား၊ ဒါပေမယ့် ငါသတိပေး လိုက်မယ် ငါ့လူ၊ ငါ့လိုလက်တွေ့ဆေးကုနေရတဲ့ လူတစ်ယောက်အဖို့တော့ ဆေးအိတ်က အဓိကမဟုတ်ဘူး၊ လူသာပဓာနကွ သိလား'

သူသည် ထိုင်နေရာမှထသည်။ 'လူနာရှင်ကပင့်တာကို မင်းလိုက် သွားလေ၊ ဆေးကျတော့ ငါပေးလိုက်မယ်၊ မင်းအတွက် လုံခြုံအောင် အဆိပ်ဖြေဆေးတော့ ယူသွား၊ ဟိုနောက်က အခန်းထဲဝင်သွားရင် ညာဘက်က စင်ပေါ်မှာ တင်ထားတယ်၊ လာ... ဒီမှာ ငါပြမယ်၊ မြင်းရထားနဲ့ ခုနစ်မိုင် ခရီးသွားပြီးကာမှ ချောင်းဆိုးက ဆုံဆို့နာဖြစ်နေတာမျိုးတော့ မင်းကိုမကြုံစေ ချင်ဘူးဟေ့'

မြင်းရထားသည် အိမ်ရှေ့ဆင်ဝင်အောက်မှ ရပ်စောင့်နေသည်။ လက်ချ်လန်သည် မြင်းရထား၏နောက်ဘက်တွင် တက်ထိုင်နေသည်။ ရထား သမားဂျာမီကတော့ မိုးကာတစ်ထည်ခြုံကာ မြင်းရထားအနီး၌ရပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့သည် မိုးတစိုစို၊ လေတဝုန်းဝုန်းတိုက်ခတ်နေသည့် ညအမှောင်ထဲမှ ဖြတ်သန်းလာခဲ့ကြပါသည်။

ရွာထဲမှ ဖြတ်သွားနေခိုက်တွင် မိုးသည်းလာသည်။ တံတားကိုကျော်ဖြတ်ခဲ့ပြီးနောက် တောင်ကုန်းပေါ် တက်မိသည့်အခါ မိုးသည်စောစောကထက်ပို၍ သည်းထန်စွာရွာသွန်းလာသည်။ လေကလည်း မုန်တိုင်းတစ်ခုကျရောက်နေသည့်နှယ် ပြင်းထန်စွာတိုက်ခတ်လျက်ရှိ၏။

နောက်ဆယ့်ငါးမိနစ်မျှအကြာတွင် ကျွန်တော်၏ ခန္ဓာကိုယ်တစ်ဝက်မှာ ရွှဲရွှဲစိုလျက်ရှိလေပြီ။ ဦးထုပ်မှာလည်း မိုးရေများဖြင့်နစ်လျက်ရှိ၏။ ဦးထုပ်မှမိုးရေများသည် ကျွန်တော့်လည်ပင်းတစ်ဝိုက် စီးဆင်းနေကြသည်။ ကျွန်တော့်ဒူးပေါ်၌တင်ထားသည့် ဆေးအိတ်မှာလည်း ရေစိုနေသောဖျံတစ်ကောင်နှင့်တူနေပါသည်။ ကျွန်တော့်ရင်ထဲတွင် ရာသီဥတု၊ ဆေးကုရသည့်အလုပ်နှင့်ကေမရွန်တို့အား ကျိန်ဆဲချင်သောစိတ် ပြင်းထန်စွာဖြစ်ပေါ်နေသည်။ သို့သော်လည်း ကျွန်တော် ကိုယ့်ပါးစပ်ကိုယ်ပိတ်ကာ ချုပ်တည်းထားသည်။

လမ်းသည် မှောင်မည်းနေသည်။ မြင်းရထားမှ မှန်အိမ်များသည် မှုန်ဝါးဝါး။ သည်းထန်စွာရွာနေသောမိုးကြောင့် အမှောင်ထုကို မထိုးဖောက်နိုင်။ ဂျာမီသည် သူ့မြင်းကို လမ်းမပေါ် တည့်တည့်မတ်မတ်သွားနိုင်အောင် အလွန်ခက်ခက်ခဲခဲ ထိန်း၍မောင်းနေရသည်။ ရှေ့တည့်တည့် ညာဘက်ရှိထင်းရှူးပင်အုပ်အုပ်များနောက်တွင် ဒါရော့ချ်ရွာမှ မီးရောင်များ၊ အားလုံးမှုန်ဝါးဝါးပင်ဖြစ်သည်။ ဘယ်ဘက်တွင် မည်းမည်းသတ္တဝါကြီးတစ်ကောင်လဲလျောင်းနေသည်နှင့်တူလှသော အာ့ဒ်ဖီလန်တောင်ကုန်း၏ ထုထည်ကြီးမားသည့် မြေစိုင်မြေခဲများရှိသည်။

ကျွန်တော်တို့သည် မိုးထဲလေထဲ မှောင်မည်းမည်းကြားတွင် ငြိမ်ဆိတ်စွာ ဖြတ်သွားနေကြသည်။ ထို့နောက် ရှေ့တည့်တည့်မှ တဖျတ်ဖျတ်ရိုက်ခတ်နေသော ရေလှိုင်းသံများကြားရသည်။

'ပင်လယ်ဘက်ကမ်းဗျ' ဟု ဂျာမီကပြောသည်။ ခရီးတစ်လျှောက်လုံးတွင် ဤတစ်ခွန်းတည်းသာ ပြောခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


မမြင်မကန်း စမ်းတဝါးဝါးသွားနေရသောလမ်းသည် တဟဲဟဲ အော်မြည်နေသော ရေသံများဘေးမှ ကွေ့ပတ်သွားသည်။ ထို့နောက် သုံးမိုင်ခန့်ခရီးဆက်အပြီးတွင် မြင်းရထားသည် မီးရောင်တလက်လက်ထွက်နေသော ပြတင်းပေါက်တစ်ပေါက်ရှိရာ အမှောင်ထုအတွင်းမှ အိမ်ငယ်ကလေးတစ်လုံး ရှေ့၌ ရပ်သည်။

ကျွန်တော်တို့ မြင်းရထားပေါ်မှ ဆင်းနေခိုက်တွင် လက်ချဲလန်၏ မိန်းမက တံခါးလာဖွင့်ပေးသည်။ တွန့်ကြေနေသော ခါးစည်းအဝတ်နှင့် ခုံထူထူဖိနပ်ကြီးစီးထားသော်လည်း အသက်အလွန်ငယ်သေးကြောင်းကို ရုပ်လက္ခဏာက ဖော်ပြနေသည်။ မသေမသပ် ထုံးထားသောဆံပင်မှ ဆံစများသည် လည်ပင်းထက်တွင် ဖရိုဖရဲကျလျက်ရှိကြသည်။ ဖြူရော်ဖျော့တော့သော မျက်နှာထက်မှ နက်မှောင်သော မျက်လုံးများသည် သောကရိပ်ကို ဖော်ပြလျက်ရှိကြ၏။ သူသည် မိုးရေများစိုရွှဲနေသည့် ကျွန်တော့်ကုတ်အင်္ကျီကို ကူချွတ်ပေးသည်။ ပါးစပ်က ဘာမှမပြောသော်လည်း မျက်လုံးများက မီးဖိုခန်း အိပ်ရာဆီသို့ ညွှန်ပြနေသည်။ ချက်ချင်းပင် ကျွန်တော် ခုတင်ဆီသို့ လျှောက်သွားပါသည်။ ကျွန်တော့်ဖိနပ်များသည် သမံတလင်းပေါ်တွင် တစွိစွိ မြည်လျက်ရှိကြ၏။

သုံးနှစ်သား ကလေးတစ်ယောက်သည် စောင်တစ်ထည်ခြုံကာ အိပ်ရာထက်တွင် တလူးလူးတလိမ့်လိမ့် ဖြစ်လျက်ရှိသည်။ သူ့မျက်ခုံးများတွင် ချွေးသီးများဖြင့် စိုရွှဲလျက်ရှိသည်။ သူ့မျက်နှာသည် ပြာနှမ်းနှမ်း။ အသက်ရှူနေပုံမှာလည်း ခက်ခဲပင်ပန်းဟန်ရှိ၏။ ကျွန်တော်ဓွန်းတစ်ချောင်းတောင်းသော်လည်း ထိုဓွန်းကို မသုံးဖြစ်ပါ။ ကျွန်တော့်လက်ညှိုးနှင့်ပင် လျှာကိုဖိ၍ အတွင်းသို့ရှုက်ကြည့်သည်။ ကျွန်တော်ထင်ထားသည်အတိုင်းပင် ဖြစ်၏။ လည်ချောင်းအဝတွင် ဖြူစိမ်းစိမ်းအမြှေးများဖုံးနေသည်။ လည်ချောင်းဆုံဆို့နာပင်တည်း။

'ကျွန်မ သူ့ကို ယာဂုကြိုတိုက်ပါတယ် ဒေါက်တာ' ဟု မိခင်ဖြစ်သူက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒါပေမယ့် သူမစားဘူး၊ စားချင်ပုံလဲမပေါ်ဘူး'

'သူ… မျိုမှမမျိုနိုင်ဘဲ' ဟု ကျွန်တော်ကပြန်ပြောသည်။

စိတ်လှုပ်ရှားနေသဖြင့် ကျွန်တော့်လေသံသည် ကိုယ်ချင်းစာတရား ကင်းမဲ့သည့် လေသံမျိုးဖြစ်သွားသည်။

'သူ့အခြေအနေဆိုးမှာလား ဒေါက်တာ'ဟု သူက လက်တစ်ဖက် ကို ရင်ဘတ်တွင်ဖိ၍ တိုးတိုးမေးသည်။

ဆိုးတယ်ဟု စိတ်ထဲကပြောမိသည်။ ကျွန်တော့်လက်ချောင်းများ သည် ကလေး၏သွေးခုန်နှုန်းကို စမ်းသပ်ကြည့်နေသည်။ သူ့သားမည်မျှ လောက် အခြေအနေဆိုးသည်ကို မိခင်ကတော့ ရိပ်မိပုံမရ။ ကျွန်တော်သည် ကလေးပေါင်ငုံ့ကာ စနစ်တကျ စမ်းသပ်စစ်ဆေးသည်။ သံသယဖြစ်ဖွယ်မရှိ။ ကလေးသည် သေအံ့ဆဲဆဲ အခြေအနေသို့ပင်ဆိုက်နေပြီ။ ကျွန်တော့်အဖြစ် သည် မည်မျှလောက် ဆိုးရွားပါသနည်း။ ဤကလေးသည် ကျွန်တော်၏ ပထမဦးဆုံးသော လူနာတစ်ယောက် ဖြစ်လာသင့်ပါသလား။

ကျွန်တော် ဆေးအိတ်ဖွင့်၍ ဆေးထိုးပြွတ်တံအကြီးဆုံးကို ထုတ်ယူ သည်။ ဆုံဆို့နာ ကာကွယ်ဆေးအရည် ယူနစ် ၈၀၀၀ကို ပြွတ်တံအတွင်းသို့ စုပ်ယူလိုက်သည်။ ကလေးကတော့ သူ့ပေါင်ထဲ အပ်စိုက်ဝင်သွားသော်လည်း တစ်ချက်ကလေးမှ ညည်းညူခြင်း၊ လှုပ်ရှားခြင်းမပြု။ ကျွန်တော်သည် ဆေးရည်များကို ဖြည်းဖြည်းချင်း သွင်းပေးပါသည်။

ထို့နောက် ကျွန်တော် မီးဖိုဆီသို့သွား၍ တစ်ခဏမျှ နားသည်။ ဂျာမီနှင့်လက်ချဲလန်တို့သည်လည်း အခန်းထဲရောက်နေကြပြီ ဖြစ်၏။ တစ်အိမ် လုံးတွင် ဤအခန်းတစ်ခန်းတည်းသာလျှင် နွေးနွေးထွေးထွေး ရှိသည်မဟုတ် ပါလား။ သူတို့နှစ်ယောက်သည် တံခါးအနီး၌ ရပ်နေကြသည်။ သူတို့မျက်လုံး များသည် ကျွန်တော့်အပေါ်၌သာ စူးစိုက်လျက်ရှိကြ၏။ မိခင်ဖြစ်သူ၏ ထိတ် လန့်ကြောက်ရွံ့နေသောမျက်လုံးများကလည်း ကျွန်တော့်အပေါ်၌သာ ကျက်စား လျက်ရှိ၏။ မျက်လုံးအားလုံးသည် စိုးရိမ်မကင်းခြင်းနှင့် မျှော်လင့်ခြင်းတို့ကို ဖော်ပြနေကြသည်။ အခန်းထဲတွင် ကျွန်တော်သည် အဓိကကျသော လူတစ် ယောက်ဖြစ်နေသည်။ ကလေးအတွက် ကျွန်တော် တတ်အားသရွေ့ တစ်ခုခု

www.burmeseclassic.com

www.burmeseclassic.com


လုပ်ပေးစေလိုသောဆန္ဒရှိကြောင်း သူတို့မျက်နှာထားများက ဖော်ပြနေကြပါသည်။

ကျွန်တော် ဘာလုပ်ပေးရပါမည်နည်း။ တကယ်တော့ ကျွန်တော်သည် ဘာလုပ်ပေးသင့်သည်ကို ကောင်းစွာသိနေသူဖြစ်သည်။ သို့သော်လည်း ကျွန်တော်ကြောက်နေသည်။ ကျွန်တော်အိပ်ရာဆီသို့ ပြန်သွားသည်။ ကလေး၏အခြေအနေမှာ တိုး၍သာဆိုးလျက်ရှိ၏။ ခန္ဓာကိုယ်တွင်းသို့ ရောက်သွားသည့် ဆေးရည်အစွမ်းမပြမီ နာရီဝက်ခန့်အတွင်း ကလေးသည် လေရှုပြွန်ပိတ်ဆို့ကာ သေသွားနိုင်သည့်အခြေအနေသို့ ဆိုက်ရောက်နေပြီဖြစ်၏။ ကျွန်တော့်စိတ်သည် စိုးရိမ်ထိတ်လန့်ခြင်းဟူသော လှိုင်းတံပိုးအောက် ရောက်သွားပြန်သည်။ ကျွန်တော့်အနေဖြင့် ကိုယ့်စိတ်ကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ဖို့ လိုလာပြီဖြစ်၏။ အခုချက်ချင်း မဆုံးဖြတ်နိုင်ပါမူ အားလုံးနောက်ကျကုန်တော့မည်။

ကျွန်တော် ဖျတ်ခနဲ အားလုံးဘက်သို့လှည့်၍ မျက်နှာချင်းဆိုင်လိုက်သည်။ အတွေ့အကြုံမရှိခြင်းကြောင့် ခံစားနေရသည့် မဝံ့မရဲစိတ်ဖြင့် အခန်းထဲ၌ ဖြစ်ပေါ်တည်ရှိနေသော ကြီးမားသည့်သဘာဝတွန်းအားများနှင့် ရင်ဆိုင်လိုက်ပါသည်။ ဘာကိုမှ စိုးရိမ်ကြောင့်ကျမှုမရှိသောလေသံဖြင့် ပြောချလိုက်သည်။

'ကလေးမှာ ဆုံဆို့နာဖြစ်နေတယ်၊ လည်ချောင်းကို အမြှေးတွေ ပိတ်နေပြီ၊ လုပ်စရာလမ်းစက တစ်လမ်းပဲရှိတော့တယ်၊ ခွဲစိတ်ကုဖို့ပဲ၊ ပိတ်ဆို့နေတဲ့ အောက်နားက အဆုတ်လေရှုပြွန်မကြီးကို ဖွင့်ပေးမှဖြစ်တော့မှာ'

မိခင်ဖြစ်သူက လက်နှစ်ဘက်ကိုမြှောက်၍ အော်ဟစ်ပြီးတားသည်။

'မလုပ်ပါနဲ့ဒေါက်တာ၊ အဲဒါတော့ မလုပ်ပါနဲ့'

ကျွန်တော်က ဂျာမီဘက်သို့ လှည့်လိုက်သည်။

'ကလေးကိုပွေ့ပြီး စားပွဲပေါ်တင်ပေး'

ဂျာမီသည် တစ်စက္ကန့်မျှ တုံ့ဆိုင်းဆိုင်းဖြစ်နေသေးသည်။ ထို့နောက် သတိလစ်လုနီးပါးဖြစ်နေသော ကလေးအားပွေ့ချီပြီး ထင်းရှူးသားစားပွဲပေါ်သို့

www.burmeseclassic.com

www.burmeseclassic.com


ချပေးသည်။ ထိုအခြေအနေကို မြင်လိုက်ရသော လက်ချ်လန်သည် စိတ်ဓာတ် ပျက်သွားခဲ့လေပြီ။

'ကျုပ်တော့ မကြည့်ရဲဘူး၊ မကြည့်ချင်ဘူးဗျာ'သူသည် စိတ်အားငယ်နေသောအသံဖြင့် ရေရွတ်ကာ ဟိုကြည့်ဒီကြည့်လုပ်နေသည်။ 'ကျုပ်အပြင်ထွက်နေမှဖြစ်မှာ၊ ကျုပ်မြင်းကို မြင်းဇောင်းထဲ သွားပို့စရာရှိသေးတယ်'

သူသည် ပါးစပ်မှ တောင်စဉ်ရေမရ စကားများရေရွတ်ကာ အခန်းအပြင်သို့ ထွက်သွားသည်။

အခုလိုကျတော့လည်း မိခင်ဖြစ်သူသည် သူ့ကိုယ်သူ ပြန်၍တည်ငြိမ်အောင်ထိန်းသည်။ လက်သီးများဆုပ်ထားသော်လည်း မျက်နှာက ဖြူဖပ်ဖြူရော်။ သူက ကျွန်တော့်အားလှမ်းကြည့်သည်။

'ကျွန်မကို ပြောပါ၊ ကျွန်မဘာလုပ်ပေးရမလဲ၊ ကျွန်မလုပ်စရာရှိတာ လုပ်ပေးပါ့မယ်'

'ဟိုစားပွဲနောက်မှာရပ်ပြီး ကလေးရဲ့ခေါင်းကို တင်းတင်းကိုင်ထားပေး'

ကျွန်တော်သည် ကလေး၏လည်ပင်းကို အိုင်အိုဒင်းဖြင့် သုတ်လိမ်းပေးသည်။ သန့်စင်သော မျက်နှာသုတ်ပဝါတစ်ထည်ဖြင့် ကလေး၏မျက်လုံးများကို အုပ်ပေးလိုက်သည်။ မေ့ဆေးပေးဖို့ဆိုသည်မှာ ဝေလာဝေး၊ စိတ်ကူးပင်ထည့်နိုင်သည့် အခြေအနေမရှိ။ မေ့ဆေးပေးဖို့ စဉ်းစားနေလျှင် ရှုံးခြင်းတစ်မျိုးသာဖြစ်ဖို့ရှိ၏။ ဂျာမီက ရေနံဆီမှန်အိမ်ကိုမြှောက်၍ကိုင်ထားသည်။ ကျွန်တော်အံကိုကြိတ်ကာ အိတ်ထဲမှ ခွဲစိတ်ဓားကလေးကို ထုတ်ယူလိုက်သည်။ တည်ငြိမ်သောလက်ဖြင့် ခွဲချလိုက်ပါသည်။ လက်က တည်ငြိမ်နေသော်လည်း ခြေထောက်နှစ်ချောင်းကတော့ တဆတ်ဆတ်တုန်နေကြပါသည်။

ကျွန်တော့်အနေဖြင့် စတင်ခွဲကတည်းက ခပ်နက်နက်ထား၍ခွဲလိုက်ခြင်းဖြစ်သော်လည်း လိုချင်သလောက် အနက်မဟုတ်သေး။ ကျွန်တော် ထပ်၍နက်အောင် တိုး၍ခွဲရဦးတော့မည်။ သိပ်မတွေးနဲ့၊ ရဲရဲဝံ့ဝံ့ခွဲ၊ ခွဲသာခွဲ။ တစ်ခုတော့ သတိထား၊ လည်ချောင်းသွေးကြောများကို လုံးဝမထိစေနှင့်။ အကယ်၍သာ လည်ချောင်းသွေးကြောကို လှီးဖြတ်မိပါမူ... ၊

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် ပထမဆုံး ခွဲထားသည့်နေရာကို ထပ်၍ခွဲသည်။ ဓားပါးကလေး၏ ထိပ်ပိုင်းအသွားကလေးကို ကျင်လည်စွာကိုင်၍ သတိကြီးစွာထားပြီး လုပ်ရခြင်းဖြစ်သည်။ တစ်ဖက်မှလည်း အဆုတ်လေရှူပြွန်မကြီးနှင့် တစ်ဆက်တည်းဖြစ်သော အဖြူရောင်အသားမျှင်ကို မရမနေရှာဖွေနေရသည်။ ဓားဒဏ်ရာကြောင့် နာကျင်မှုဝေဒနာကို ခံစားနေရသောကလေးသည် ပိုက်ကွန်တစ်ခုထဲတွင်မိနေသည့် ငါးတစ်ကောင်သဖွယ် ရုန်းကန်လှုပ်ရှားလျက်ရှိ၏။ ဘုရား… ဘုရား ကျွန်တော်ရှာနေသည့်အရာကို တွေ့မှတွေ့ပါဦးတော့မည်လော။ ကျွန်တော်ပျာယာခတ်ကာ ဗျာများလျက်ရှိသည်။ ကျွန်တော်သိပါ၏။ ဤကလေး သေတော့မည်။ အကယ်၍သေခဲ့သည်ရှိသော် ကျွန်တော်သတ်လို့သေသည်ဟု သူတို့က ပြောကြတော့မည်။ စိတ်ထဲကကြိတ်၍ ကိုယ့်ကိုယ်ကို ကျိန်ဆဲမိပါသည်။ ကျွန်တော့်နဖူးတွင် ချွေးသီးချွေးပေါက်ကြီး များစိုရွှဲလျက်ရှိသည်။ ပါမောက္ခမက်အီးဝင်း၏ ကြောက်စရာကောင်းသည့် မှတ်ချက်ကို ကျွန်တော်သတိရမိသည်။ ‘မင်းဘယ်တော့မှ ခွဲစိတ်ကုဆရာဝန်တစ်ယောက်မဖြစ်ဘူး’

ကလေးအသက်ရှူနေပုံမှာ ကြောက်စရာ ကောင်းလှချေသည်။ မျှင်းမျှင်းကလေး ရှူနေခြင်းဖြစ်၏။ ဤကြားထဲမှ တစ်ခါတစ်ရံတွင် အသက်ရှူမမှန်ဘဲ ဖြစ်ဖြစ်သွားသည်ကို မြင်နေရပါသည်။ အသက်ပြင်းပြင်းရှူလိုက်တိုင်း သူ့ရင်ဘတ်သည် လှိုင်းထနေသည့်နှယ် နိမ့်ချည်တစ်ခါ၊ မြင့်ချည်တစ်လှည့်ဖြင့် ဖြစ်နေသည်။ လည်ပင်းကြောများမှာ သွေးများဖြင့် ရွှဲရွှဲစိုလျက်ရှိ၏။ လည်ပင်းတစ်ခုလုံး ပြာနှမ်းကာ တစ်မျက်နှာလုံး ညိုမည်းလျက်ရှိသည်။ တစ်မိနစ်မျှပင် ခံပါတော့မည်လော။ သူ့ဘဝ မကြာခင် အဆုံးသတ်တော့မည်ထင်၏။ အကယ်၍ သူသေသွားခဲ့သည်ရှိသော် ကျွန်တော့်အဖို့လည်း သေသည်နှင့် ခြားနားတော့မည်မထင်။

ဤတဒင်္ဂအချိန်ကလေးအတွင်း ကျွန်တော်မြင်ဖူးခဲ့သည့် ခွဲစိတ်မှုအားလုံး စိတ်အာရုံတွင် ပြန်၍ထင်ဟပ်လာသည်။ တက္ကသိုလ်ဆေးရုံ ခွဲစိတ်ခန်းမထဲမှ အပြစ်အနာအဆာဟူ၍ ရှာမတွေ့လောက်အောင် လုပသေသပ်ပြီး တိကျမှန်ကန်လွန်းလှသည့် ခွဲစိတ်မှု။ ယခုကျွန်တော်လုပ်နေရသည့် ခွဲစိတ်မှုနှင့်

www.burmeseclassic.com

www.burmeseclassic.com


နှိုင်းယှဉ်ကြည့်မိသည်။ ကြောက်စရာကောင်းလောက်အောင်ပင် ကွာခြားလွန်းလှပါသည်။ ခွဲရသည့်လူနာက သေလုမြောပါး။ အသက်နှင့်ကိုယ် တည်မြဲရေးအတွက် အပြင်းအထန် ရုန်းကန်လှုပ်ရှားနေရသည့်အဖြစ်။ နေရာက ခွဲစိတ်ခန်း မဟုတ်။ မီးဖိုခန်းထဲရှိ စားပွဲတစ်လုံးပေါ်၌ဖြစ်သည်။ အလင်းရောင်ဆို၍ ရေနံဆီမှန်အိမ်မှ ထွက်နေသည့် မီးရောင်သာရှိ၏။ ကျွန်တော့်ဓားအောက်ရှိ လူနာသည် မိန်းမောလျက်။ အပြင်ဘက်တွင် လေကထန်၊ မိုးကသည်း။ အို... ဘုရားသခင်၊ တပည့်တော်အား ကူညီစောင်မတော်မူပါဘုရား။

ကျွန်တော့်မျက်လုံးအစုံသည် မှုန်ဝါးဝါးဖြစ်လာသည်။ တစ်ကိုယ်လုံးတွင် ဟာလာဟင်းလင်းဖြစ်သွားသည့်နှယ် ခံစားရသည်။ ထို့နောက် လိုချင်သောအရာကို လိုက်လံရှာဖွေနေသည့် ကျွန်တော့်ဓားအောက်တွင် သေးသေးမျှင်မျှင် အဖြူရောင်ပြွန်လေးတစ်ခု ကျွန်တော့်မြင်ကွင်းထဲသို့ ဝင်လာသည်။ ကျွန်တော့်လက်ထဲမှဓားဖြင့် လျင်မြန်စွာ လှီးဖြတ်လိုက်သည်။ ချက်ချင်းပင် ကလေး၏ ဖိုလှိုက်ဖိုလှိုက် အသက်ရှူနေခြင်းသည် ရပ်သွားသည်။ ရှည်လျားပြီးမှန်ကန်သော အသက်ရှူသံကို ကြားလာရ၏။ ထို့နောက် တစ်ချက်ပြီး တစ်ချက် ထွက်လာနေသည့် ပုံမှန်အသက်ရှူသံ၊ သွေးထဲသို့ အောက်စီဂျင်အရောက်နည်းလွန်း၍ဖြစ်နေသော ပြာနှမ်းနှမ်းအသားရောင်သည် ပြေပျောက်လာသည်။ သွေးခုန်နှုန်းသည် သိသိသာသာပင် မှန်လာသည်။ ရုတ်တရက် ချက်ချင်းပြောင်းလဲသွားသော တုံ့ပြန်မှုကြောင့် ကျွန်တော့်ခေါင်းထဲတွင် မူးနောက်နောက်ရီဝေဝေဖြစ်ကာ လဲကျသွားတော့မလို ခံစားလိုက်ရသည်။ ကျွန်တော်မလှုပ်ရှားဝံ့။ စို့လာသည့် မျက်ရည်စများကို ဘေးလူများ မြင်မည်စိုးသဖြင့် ခေါင်းကိုငုံ့ထားရသည်။ ကျွန်တော် ထိထိရောက်ရောက် လုပ်နိုင်ခဲ့ပြီ... ၊ လုပ်နိုင်ခဲ့ပြီ။

နောက်ဆုံးတွင် ကျွန်တော်သည် ငွေရောင်သမ်းနေသော လေရှူပြွန်သေးသေးမျှင်မျှင်ကလေးကို အပေါက်ထဲသို့ နေသားတကျဖြစ်အောင် ပြန်ထည့်လိုက်သည်။ ကျွန်တော့်လက်များတွင် ပေကျံနေသည့်သွေးများကို ဆေးကြောပြီး ကလေးအားပွေ့ချီကာ သူ့အိပ်ရာပေါ်သို့ ပြန်ပို့ပေးလိုက်ပါသည်။ ကလေး၏ကိုယ်ပူချိန်သည် မဆိုစလောက်ကလေး ကျသွားပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com


အိပ်ရာထက်ရှိ ကလေး၏ဘေး၌ထိုင်၍ လေပြွန်ထဲမှချွဲများကို သန့်စင်သွားအောင် ထုတ်ပေးနေသော ကျွန်တော်သည် ကလေးအား ဂရုတစိုက်ကြည့်နေမိသည်။ ကလေးအပေါ်၌ ကြင်နာသနားသောစိတ်သည် ထူးထူးဆန်းဆန်း ရင်ထဲတွင် ဖြစ်ပေါ်လာပါသည်။ ဤကလေး၏မျက်နှာသည် ကျွန်တော့်အဖို့ သူစိမ်းပြင်ပြင်မဟုတ်တော့ဟု ထင်ပါသည်။

မီးထဲသို့ မီးမပြတ်ထည့်ပေးနေသော ကလေးအမေ၏ ရုပ်လွှာသည် အခန်းထဲတွင် အရိပ်တစ်ခု လှုပ်ရှားနေသည်နှင့် တူလှသည်။ ဂျာမီနှင့် လက်ချ်လန့်ကတော့ အိမ်ပေါ်ထပ်တွင် အိပ်မောကျလျက်ရှိကြ၏။ နံနက် ငါးနာရီထိုးသောအခါ ကျွန်တော်သည် ဆေးရည်ယူနစ် ၄၀၀၀ ထပ်ထိုးပေးပါသည်။ နံနက်ခြောက်နာရီထိုးချိန်တွင်မူ ကလေးသည် နှစ်ခြိုက်စွာ အိပ်မောကျလျက်ရှိလေပြီ။ ခုနစ်နာရီထိုးသောအခါ ကျွန်တော်ထိုင်ရာမှထပြီး ခြေညောင်းလက်ဆန့်ပြုသည်။ ကလေးအမေအား ကြည့်၍ပြုံးပြလိုက်ပါသည်။

'သူနေကောင်းသွားလိမ့်မယ်လို့ မျှော်လင့်လို့ရပြီ'ဟု ကျွန်တော်က ပြောသည်။ ပြွန်ထဲမှချွဲများသန့်စင်သွားအောင် မည်ကဲ့သို့ လုပ်ကိုင်ရမည်ကို ကျွန်တော်က ရှင်းပြသည်။ 'နောက် ဆယ်ရက်လောက်အတွင်းမှာ ခွဲထားတဲ့ အနာ ကျက်သွားမှာပါ'

အခုကျတော့လည်း ကလေးအမေ၏မျက်လုံးများတွင် ထိတ်လန့်ကြောက်ရွံ့မှု မရှိတော့ပါ။ ကျေးဇူးတင်သည့် အရိပ်လက္ခဏာများကိုသာ မြင်နေရပါသည်။ စကားမပြောတတ်သော သတ္တဝါတစ်ကောင်က ဘုရားသခင်အား ကျေးဇူးတင်နေသည့်ပုံမျိုး ပေါက်နေပါသည်။

မြင်းရထား အိမ်ရှေ့သို့ရောက်လာသည်။ ကျွန်တော်တို့အားလုံး မတ်တတ်ရပ်လျက်ပင် ကော်ဖီပူပူတစ်ခွက်စီ သောက်ကြသည်။ မိုးစဲသွားသည်မှာ ကြာပြီဖြစ်၏။ နံနက်ခုနစ်နာရီခွဲအချိန်တွင် ဂျာမီနှင့်ကျွန်တော်သည် လက်ချ်လန်တို့အိမ်မှ ထွက်ခွာလာခဲ့ကြသည်။ နံနက်ခင်းအလင်းရောင်သည် ခပ်ပျော့ပျော့ပင် ရှိပါသေးသည်။

ဂျာမီသည် အလာတုန်းကလို စကားမပြော တုံဏှိဘောလုပ်မနေတော့ပါ။ ဟိုအကြောင်းဒီအကြောင်း စပ်မိစပ်ရာ အာလာပသလ္လာပစကားများ

www.burmeseclassic.com

www.burmeseclassic.com


ပြောလာသည်။ ခင်မင်ရင်းနှီးခြင်းကို ဖော်ပြနေသော စကားများဖြစ်သဖြင့် နားထောင်ရသည်မှာ နားဝင်ချိုလှပါဘိခြင်း။

နံနက်ကိုးနာရီထိုးခါနီးတွင် နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး မရိတ်ရသေးသော ကျွန်တော်သည် ရွံ့စက်များပေကျံနေသည့် ဆေးအိတ်ကိုဆွဲကာ ပင်ပန်းနွမ်းနယ်စွာဖြင့် အာဒင်ဂေဟာ၏ထမင်းစားခန်းထဲသို့ဝင်ခဲ့သည်။ အခန်းထဲတွင် ဒေါက်တာကေမရွန် ရောက်နေပြီဖြစ်၏။ သပ်သပ်ရပ်ရပ်၊ သန့်သန့်စင်စင်နှင့် ကြည်လင်လန်းဆန်းလျက်ရှိပါသည်။ သူသည် သူ့ရှေ့၌ချထားသည့် ပန်းကန်ထဲမှ ဝက်သားကြော်နှင့်ကြက်ဥကြော်များကိုကြည့်ကာ ခပ်တိုးတိုး လေချွန်လျက်ရှိသည်။ သူသည် ဘေးလူများ နားကြားပြင်းကတ်အောင် နံနက်တိုင်း လေတချွန်ချွန် လုပ်နေတတ်သော အကျင့်တစ်ခုရှိသူဖြစ်၏။

သူသည် ကျွန်တော့်အား ဖျတ်ခနဲမော့ကြည့်ပြီး ခေါင်းပြန်ငုံ့သွားသည်။ ထို့နောက် မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်ပြီး ကျွန်တော် ဘာမှမပြောခင် သူက လက်ဦးအောင်ပြောသည်။

'ဘယ်လိုပဲဖြစ်ဖြစ်ဟေ့၊ ကောင်းတာလေးတစ်ခုတော့ ဖြစ်သွားပြီ၊ မင်းအနေနဲ့ မင်းရဲ့ဆေးအိတ်အသစ်ကို ဟောင်းသွားအောင် လုပ်ခဲ့ပြီးပြီကွ'

* * * * *

# [ ၆ ]

နွေဦးပေါက်လာပြီ။ ရွာ၌ မှီတွယ်နေသည့် စိတ်ပျက်ဖွယ်ရာ ထိုင်းမှိုင်းမှုများသည် ပျောက်ကွယ်သွားကြသည်။ အေးမြသောလေသည် ဖြည်းဖြည်းသာသာ တိုက်ခတ်လျက်ရှိ၏။ အပြာရောင်ကောင်းကင်တွင် နူးညံ့ သောတိမ်တိုက်များသည် ရွေ့လျားလျက်ရှိကြသည်။ ကော့တိတ်ချ်ခေါ် တိုက်အိမ်ကလေးများအတွင်းရှိ ပန်းဥယျာဉ်များထဲတွင် ပျားရည်နံ့များ သင်းပျံ့လျက်ရှိသည်။ တဝီဝီပျံသန်းနေကြသော ပျားများ၏အသံကိုလည်း ကြားနေကြ

www.burmeseclassic.com

www.burmeseclassic.com


ရ၏။ တောင်စောင်းများဆီမှ သိုးအော်သံများသည်လည်း ရွာဆီသို့ ရောက်ရောက်လာတတ်သည်။ တန်းနေ့ချဲဘရေးရွာသည် သာယာလှပသော၊ နှစ်သက်မြတ်နိုးစဖွယ်ကောင်းသော နေရာတစ်နေရာအဖြစ်သို့ ရောက်ရှိလာခဲ့လေပြီ။

တောင်ပေါ်စမ်းချောင်းများထဲတွင် ထရော့ခ်ငါးများ ခုန်ပျံမြူးထူးနေကြသည့် ရာသီဖြစ်သည်။ ကျွန်တော့်အနေဖြင့် အားလပ်ချိန်ရသည့်အခါတိုင်း ငါးမျှားမထွက်ဘဲ မနေနိုင်။ မတင်းတိမ် မရောင့်ရဲနိုင်သည့် တံငါသည်တစ်ယောက်၏ စိတ်အားထက်သန်မှုမျိုးဖြင့် အချိန်ရတိုင်း ငါးမျှားထွက်လေ့ရှိသည်။ ကျွန်တော့်အနေဖြင့် အလုပ်ခွင်တွင်လည်း ပျော်နေပြီဖြစ်၏။ လုပ်ဖော်ကိုင်ဖက်ဖြစ်သော အဘိုးကြီးကေမရွန်အပေါ်တွင်လည်း ခင်မင်တွယ်တာနေပြီဖြစ်သည်။ အားလပ်ရက်များတွင်လည်း ဂလတ်စကိုမြို့သို့သွားကာ ကျွန်တော်မေ့မရနိုင်သေးသည့် အမျိုးသမီးကလေးနှင့် တွေ့သည်။ အမျိုးသမီးသည် အခုအချိန်ထိ တက္ကသိုလ်၌ ဆေးပညာသင်တန်း တက်နေဆဲဖြစ်၏။ ကံမကောင်း အကြောင်းမသင့်၍ ကိစ္စတစ်ခုကိုအကြောင်းပြုကာ ကျွန်တော်နှင့် စကားအခြေအတင်ဖြစ်ခဲ့ရဖူးသော စည်းကမ်းအလွန်ကြီးသည့် အိမ်ဖော်မိန်းမကြီးကပင်လျှင် ကျွန်တော်တို့အား မသိမသာကလေး မျက်နှာသာပေးလာသည်ဟု ထင်နေမိပါသည်။

မေလအဝင်တွင် နယ်မြေအတွင်း၌ ဝက်သက်ရောဂါ ကျရောက်သည်။ ပြင်းထန်သောရောဂါတစ်မျိုးဖြစ်၍ ရွာထဲရှိ ကလေးသူငယ်များ အများဆုံးခံကြရသည်။ သာမန်လုပ်ရိုးလုပ်စဉ်၊ ကုရိုးကုစဉ်နည်းဖြင့် ရောဂါမတန့်ဘဲဖြစ်နေသည်။ ကျွန်တော်တို့ဘက်မှ ရောဂါဖြစ်နေသူများအား သီးခြားခွဲထားပြီး ဆေးဝါးကုသမှုကို ပြုပေးနေသော်လည်း ရက်တွေသာကုန်သွားသည်။ ရောဂါဖြစ်သူဦးရေက တစ်ယောက်ပြီးတစ်ယောက် တိုးလာနေသည်။ ကြာလာတော့လည်း ကျွန်တော် စိတ်မရှည်နိုင်အောင်ဖြစ်လာသည်။ ဤရောဂါစတင်မြစ်ဖျားခံသည့် အခြေအမြစ်အထိ လိုက်မှဖြစ်တော့မည်ဟု စိတ်ကူးမိသည်။ ဤရောဂါကို ဖြစ်ပွားပျံ့နှံ့စေသည့် အကြောင်းရင်းတစ်ခုကတော့

www.burmeseclassic.com

www.burmeseclassic.com


မရှိဘဲနေမည်မဟုတ်။ ရှိကိုရှိရမည်။ ထိုအကြောင်းရင်းကို ကျွန်တော် မတွေ့ တွေ့အောင်ရှာမည်ဟု စိတ်ထဲကကျိတ်၍ ပိုင်းဖြတ်လိုက်ပါသည်။

ဤပြဿနာနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဌာန တာဝန်ရှိ ပုဂ္ဂိုလ်များထံမှ အကူအညီရလေမလားဟု စဉ်းစားကြည့်သည်။ အနည်းငယ်မျှသာ ရဖို့ရှိ၏။ ထိုအချိန်က ကောင်တီခရိုင် နယ်မြေတစ်ခုလုံး၏ ကျန်းမာရေးအရာရှိမှာ ရွာနှင့်မလှမ်းမကမ်းရှိ နော့စ်ဟစ်လ်မြို့ပေါ် နေထိုင်လျက်ရှိသော ဒေါက်တာစနော့ဒီဆိုသူ ဖြစ်ပါသည်။

ဤခရိုင်ဆရာဝန် လူ့အဖိုးတန်ကြီးမှာ စကော့တလန်နိုင်ငံ တောင်ပေါ်သား တစ်ယောက်မဟုတ်ပါ။ အင်္ဂလန်နိုင်ငံနှင့် စကော့တလန်နိုင်ငံကြားရှိ နယ်စပ်ဒေသမှ ရောက်လာသူဖြစ်သည်။ သို့သော်လည်း သူ့ထက်အသက် အနည်းငယ်ကြီးသော နော့စ်ဟစ်လ်မြို့သူ လူချမ်းသာ မုဆိုးမကြီးတစ်ယောက်နှင့် လက်ထပ်ပြီး နော့စ်ဟစ်လ်မြို့သားတစ်ဦးသဖွယ် နေထိုင်လာခဲ့ခြင်းဖြစ်၏။ ယခုအခါတွင်မူ သူသည် ခရိုင်နယ်မြေအတွင်း၌ ဂုဏ်ကြီးရှင် မိသားစုတစ်စု တည်ထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ သူသည် ရထားသည့်အလုပ်ကိုလည်း ဂုဏ်ရှိဖို့လောက်သာ တန်ဖိုးထားသူဖြစ်ရာ နယ်မြေအတွင်းရှိ လူအများ၏ ကျန်းမာရေးအတွက် ဘာတစ်ခုမှ ထိထိရောက်ရောက် ဆောင်ရွက်ပေးခြင်းမရှိပေ။ တစ်လလျှင် ဂီနီငါးဆယ်ဟူသော လစာငွေကို မှန်မှန်ထုတ်ယူနေဖို့မှလွဲ၍ ထိုလစာငွေနှင့် ထိုက်ထိုက်တန်တန် ပြန်လုပ်ပေးဖို့ စဉ်းစားသူမဟုတ်ပေ။

ကျွန်တော် ကြည့်ရှုကုသပေးနေရသော လူနာအားလုံး၏ ရောဂါဖြစ်လာရသည့် အကြောင်းရင်းဇာစ်မြစ်ကို လေ့လာကြည့်သောအခါ တူညီသော အချက်တစ်ချက်ကို တွေ့နေရသည်။ ယင်းမှာ အခြားမဟုတ်။ နွားနို့ဖြစ်ပါသည်။ တန်နော့ချ်ဘရေးရွာအား နွားနို့ပေးသွင်းနေသည့် ဌာနမှာ ရွာနှင့်ကပ်နေသော ရှောဟက်ဒ်အမည်ရှိခြံဖြစ်သည်။ ဤကူးစက်ရောဂါ၏အစသည် ရှောဟက်ဒ်ခြံမှ နွားနို့ပင်ဖြစ်လိမ့်မည်ဟု ကျွန်တော်တွေးမိသည်။ ကျွန်တော့်အနေဖြင့် အတိအကျတော့ သက်သေမပြနိုင်သေးပါ။ သံသယရှိနေခြင်းသာ ဖြစ်သည်။ သို့တစေလည်း ဤကိစ္စနှင့်ပတ်သက်၍ သင့်တော်သလို ဆောင်

www.burmeseclassic.com

www.burmeseclassic.com


ရွက်သွားရန်ကား ကျွန်တော့်တွင် လုံလောက်သောအကြောင်းရှိနေသည်။ ဤသို့ဖြင့် ကျွန်တော်သည် အင်္ဂါနေ့နံနက်ပိုင်းတွင် လူနာသွားကြည့်ရင်း ရှောဟက်ဒ်ခြံဘက်သို့ ရောက်သွားသည်။ လမ်းကြုံနေပြီဖြစ်သဖြင့် မြင်းရထားကို ခြံရှေ့၌ရပ်ကာ ခြံထဲသို့ဝင်ခဲ့မိပါသည်။

ခြံမှာ သာယာလှပသောခြံကြီးတစ်ခြံဖြစ်သည်။ အဆောက်အအုံအားလုံး ထုံးဖြူများသုတ်ထားသည်။ နှင်းဆီပင်များမှာလည်း အဖူးအပွင့်များဖြင့် ဝေဝေဆာဆာရှိနေကြသည်။ ခြံဝင်းအတွင်းရှိ အဆောက်အအုံ အားလုံး ခိုင်မာတောင့်တင်းကြသည်။ သန့်သန့်ရှင်းရှင်းလည်း ရှိကြသည်။ ပတ်ဝန်းကျင်ရှိ စားကျက်ကွင်းပြင်များကိုလည်း ဖြစ်ကတတ်ဆန်း မထား။ စနစ်တကျ ပြုပြင်ထိန်းသိမ်းထားသည်ကို မြင်တွေ့ရပါသည်။

အခုလို နို့ချက်လုပ်ငန်းခြံမျိုးကို ပိုင်ဆိုင်နေရသော ရှော့ဘ်ဟင်ဒရီ အနေဖြင့် သူ့ခြံအတွက် မာန်တက်မည်ဆိုပါက အံ့သြစရာရှိမည် မဟုတ်ပါ။ သူမွေးထားသော နို့စားနွားမများမှာလည်း အေဝိုင်ရှိုင်းယား နွားမျိုးကောင်းများ ဖြစ်၍ နယ်မြေအတွင်း၌ နှစ်စဉ်ပြုလုပ်သော တိရစ္ဆာန်ပြပွဲပြိုင်ပွဲများ၌ မကြာခဏ ဆုများရတတ်သည်။ တကယ်တော့ ဤခြံလုပ်ငန်းသည် ဘိုးစဉ်ဘောင်ဆက် တစ်ဆင့်ပြီးတစ်ဆင့် လက်ပြောင်းလာခဲ့သောအမွေဖြစ်သည်။

ရှော့ဘ်ဟင်ဒရီသည် ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခိုင်ခိုင်၊ အရပ်ထောင်ထောင်မောင်းမောင်း၊ အသက်က ငါးဆယ်ခန့်၊ ဆံပင်နီကြောင်ကြောင်၊ သူ့ဘဝတွင် သူအလေးအနက်ထားသည့်အရာဆို၍ နှစ်ခုမျှသာရှိသည်။ တစ်ခုမှာ မိဘများထံမှ အမွေရလိုက်သောခြံလုပ်ငန်းဖြစ်၍ နောက်တစ်ခုမှာ သူ့မယားဂျင်းဖြစ်သည်။ ဂျင်းမှာ မကြာသေးခင်ကမှ လက်ထပ်ခဲ့သူဖြစ်၍ သူ့ထက်အသက်ငယ်သည်။ သူအလွန်ချစ်မြတ်နိုးသော မယားဖြစ်သည်။

သူ့မယားအား ချစ်မြတ်နိုးသောကိစ္စနှင့်ပတ်သက်၍ တန်နေ့ချ်ဘရေးရှာထဲတွင် အတင်းအဖျင်း အပြောခံရသည်များရှိခဲ့သည်။ အမျိုးသမီးမှာ သူနှင့်မရမီက သူ၏ခြံမှ နို့ညှစ်အလုပ်သမားတစ်ဦးဖြစ်သည့်အားလျော်စွာ သူ့အပေါင်းအသင်းမိတ်ဆွေများကြားတွင် 'ဒီအဘိုးကြီးလို အရူးမျိုး မတွေ့ဖူး

www.burmeseclassic.com

www.burmeseclassic.com


ပေါင်ကွာ’ဟု ပြောစမှတ်ပြုကြသည်ဟုဆိုသည်။ မည်သို့ပင်ဖြစ်စေ ရှော့ဘ်က တော့ သူ့မယားနှင့်ပတ်သက်၍ ဘယ်သူတွေက ဘာပြောပြော ဂရုမစိုက်။

ကျွန်တော် ခြံထဲရောက်သွားသည့်အခါ ဆေးစိမ်းများသုတ်ထား သောတံခါးကို ခေါက်သည်။ ထွက်လာသူမှာ ရှော့ဘ်၏ဇနီး ဂျင်းကိုယ်တိုင် ဖြစ်၏။ ကျွန်တော့်မေးခွန်းကို သူကပြုံးပြုံးရယ်ရယ်ဖြင့် ခေါင်းခါပြပါသည်။

‘မရှိဘူး’ဟု နှုတ်မှလည်းဖြေသည်။ ‘သူ အက်ဖီလန်ဈေးကိုနွား ပေါက်စလေးတွေ သွားရောင်းတယ်၊ မွန်းလွဲပိုင်းအထိ ပြန်ရောက်လာဦးမယ် မထင်ဘူး’

ရှောဟက်ဒ်ခြံ၏ အိမ်ကြီးရှင်မမှာ အသက်ငယ်ငယ်ပင် ရှိပါသေး သည်။ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်းနှင့် သွက်လက်ဖျတ် လတ်သည်။ ပါးနှစ်ဖက်သည် ပန်းနုရောင်သမ်းနေကြသည်။ ကြေးနီရောင် ပေါက်နေသောဆံပင်များကို ဖွတ်မြီးထိုးကာ နောက်ဘက်တွင် တွဲလောင်း ချထားသည်။ အသက်နှစ်ဆယ့်သုံးနှစ်ထက် ပိုလိမ့်မည်မထင်။ ဝတ်ထားသည့် စကတ်သည် ဒူးဖုံး။ အင်္ကျီလက်နှစ်ဖက်ကို တံတောင်ဆစ်အထိ လိပ်တင် ထားသည်။ လက်နှစ်ဖက်ကို ကြည့်လိုက်သည့်အခါ ညစ်ပေရေခြင်းမရှိ။ သန့်ပြန့်စင်ကြယ်နေသည်။ ကျွန်တော်တွေ့မြင်နေသည့် အရာအားလုံးကိုခြုံ၍ ကြည့်လိုက်သည့်အခါ ကျွန်တော့်ရင်ထဲမှ သံသယများအတွက် စဉ်းစားစရာ ဖြစ်လာပါသည်။

‘ဒါဆိုရင် ရှော့ဘ် အပြင်သွားနေတယ်ဆိုပါတော့’ဟု ကျွန်တော်က အမှတ်မထင်ရေရွတ်မိသည်။

‘အေး... ဟုတ်တယ်’သူကဖြေသည်။ ‘ဒါပေမယ့် လေးနာရီနောက် ပိုင်းလောက်ဆိုရင် ပြန်ရောက်မှာပါ၊ အဲဒီအချိန်လောက် တစ်ခေါက်ပြန်လာခဲ့ ပေါ့၊ ဒါမှမဟုတ်လဲ သူ့ကို ဘာပြောလိုက်ရမလဲ၊ မှာစရာရှိတာ မှာခဲ့လေ’

ကျွန်တော် ချီတုံချတုံဖြစ်နေသည်။

‘ဒီလိုပါ မစ္စက်ဟင်ဒရီ၊ ကျွန်တော်လာပြီးပြောရတဲ့ကိစ္စက နည်း နည်းတော့ ခွတီးခွကျနိုင်သလို ဖြစ်နေပါတယ်၊ ခင်ဗျားလဲသိမှာပါ၊ ရွာထဲမှာ ဝက်သက်ပေါက်နေတဲ့ကိစ္စ၊ ရောဂါက အခုထိမတန့်ဘူး၊ ကူးစက်နေပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်လူနာတွေကို စစ်ဆေးကြည့်တော့ ဒီရောဂါဟာ နွားနို့ကတစ်ဆင့် လာနေတာလားလို့ ထင်စရာဖြစ်နေတယ်၊ နွားနို့ ဘယ်ကလာလဲဆိုတော့ ဒီရှောဟက်ဒ်ခြံက လာတယ်၊ ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောချင်ပါတယ်၊ ဒီခြံကပစ္စည်းတွေကို ကျွန်တော် စစ်ဆေးကြည့်ချင်ပါတယ်၊ ဒီရောဂါရဲ့ အစဟာ ဒီနေရာမှာများ ရှိနေသလားလို့၊ တွေ့လိုတွေ့ငြား ရှာကြည့်ချင်လို့ပါ'

ကျွန်တော့်ဘက်က လွန်မသွားအောင် အထူးသတိထား၍ သိမ်သိမ်မွေ့မွေ့ ပြောနေခြင်းဖြစ်သော်လည်း သူ့မျက်နှာထားသည် ချက်ချင်းပင်ပြောင်းသွားသည်။ တစ်မျက်နှာလုံး မှုန်မှိုင်းသွားပြီး ခေါင်းကိုတွင်တွင်ယမ်းပြသည်။

'ဝက်သက်'ဟု ဒေါသသံဖြင့် ရေရွတ်သည်။ 'ဒီကိစ္စက ကျွန်မတို့ နွားနို့နဲ့ ဆက်စပ်နေတယ်ဆိုတာ၊ ဒါကတော့ ဒီလိုရှိတယ်လေ၊ ဒီကိစ္စပြောဖို့ ဆိုရင်တော့ ခြံရှင်နဲ့တွေ့တာ အကောင်းဆုံးပါ'

ဂျင်းက နောက်ထပ် စကားဆက်မခံတော့ဘဲ တံခါးကို ပိတ်လိုက်ပါသည်။

ဤအပြုအမူကြောင့် ကျွန်တော် စိတ်အနှောင့်အယှက်ဖြစ်သွားသည်။ ကျွန်တော်သည် မြင်းရထားဆီသို့ပြန်လာပြီး နံနက်ခင်းကြည့်ပေးရမည့် လူနာများထံ ခရီးဆက်ခဲ့သည်။ ဤကိစ္စကို ဆက်မလုပ်ဘဲနေလိုက်လျှင် ကောင်းလေမလားဟူသော အတွေးသည် ကျွန်တော့်ခေါင်းထဲသို့ ဝင်လာလျက်ရှိ၏။

သို့သော်လည်း လူနာအိမ်သို့ရောက်၍ ပရင်းတစ်၏သားကို ကြည့်လိုက်သောအခါ ရောဂါအခြေအနေ အဆိုးဘက်ရောက်နေသည်ကို တွေ့ရသည်။ သူငယ်၏ညီမှာလည်း အဖျားဝင်နေသည်ကို တွေ့ရ၏။ ထိုအခါကျ ပြန်တော့လည်း ကျွန်တော်လုပ်ရန် ရည်ရွယ်ထားသည့်ကိစ္စကို ဆက်၍မလုပ်လျှင်မဖြစ်ဟု တွေးမိလာပြန်သည်။ နေ့ခင်းဘက် အိမ်ပြန်ရောက်သည့်အခါ ကျွန်တော်သည် ကျွန်တော်၏အတွေးနှင့်အစီအစဉ်ကို ဒေါက်တာကေမရွန်အား ဖွင့်ပြောလိုက်သည်။ ကေမရွန်သည် စိတ်ဝင်တစား နားထောင်ပါသည်။

'အင်း... မင်း ပြောပုံအရတော့ နွားနို့က လာနေတာ ဖြစ်ဖို့များတယ်' သူကပြောသည်။ 'ရှောဟက်ဒ်ရဲ့ခြံကတော့ သန့်ပြန့်ပုံရတယ်'ဟု ဆက်ပြောပြီး ရပ်နေသည်။ 'အေးပါလေ... မင်း သူ့ကိုသွားတွေ့လိုက်ပေါ့၊

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် စကားပြောရင် သတိတော့ထားပြော၊ ဒီသတ္တဝါက ဒေါသလဲကြီး တယ်၊ ခေါင်းကလဲ မာတယ်၊ စိတ်ကလဲ လက်တစ်ဆစ်ရယ်'

ထိုနေ့ညနေပိုင်းတွင် ကျွန်တော် ရှောဟက်ဒ်ခြံသို့ နောက်တစ်ခေါက် သွားကာ တံခါးစိမ်းစိမ်းကို နောက်တစ်ကြိမ်ခေါက်ပြန်သည်။ မည်သူမှ ထွက်မလာပါ။ ရှောဟက်ဒ်တို့ ခြံထဲ၌ ရောက်နေလိမ့်မည်ဟူသော အတွေးဖြင့် ခြံဝင်းထဲသို့ လျှောက်ကြည့်လာသည်။ ကျီကိုဖြတ်ကာ နောက်ဘက်သို့ လျှောက်ခဲ့သော်လည်း ဘယ်သူ့ကိုမှ မတွေ့ရ။ ကျွန်တော် နွားတဲဘက်သို့ ပြန်လျှောက်လာခဲ့ပါသည်။

ကျွန်တော် နွားတဲထဲသို့ဝင်ခိုက်တွင် နွားတဲစောင့်က နွားမများကို နို့ညှစ်ရန် ဆွဲသွင်းလာခိုက်နှင့် ကြုံကြိုက်နေပါသည်။

ကျွန်တော် တဲတံခါးဝမှရပ်ကာ လှပဝဖီးနေသောနွားမများကို ကြည့်နေသည်။ နွားမများသည် ကိုယ့်အခန်းကိုယ် အေးအေးဆေးဆေးဝင်၍ ရပ်နေကြသည်။ နွားတဲစောင့် ဒေးဗစ်အောသည် သုံးချောင်းထောက်ခုံတစ်လုံး ကို ဆွဲယူလာပြီး နွားမတစ်ကောင်၏ နောက်ဘက်နား၌ချ၍ နို့ညှစ်နေသည်။

ကျွန်တော့်မျက်လုံးများသည် ဒေးဗစ်အောအပေါ်တွင် စိတ်ဝင်တစား စူးစိုက်နေမိ၏။ ဒေးဗစ်၏မျက်နှာသည် နာမကျန်းဖြစ်နေသည့် လူတစ်ယောက် သဖွယ် ဖြူဖပ်ဖြူရော် နိုင်လွန်းလှ၏။ သူ့လည်ပင်းတွင်လည်း အနီရောင် ဖလန်နယ်စ တစ်စပတ်ထားသည်ကို တွေ့ရပါသည်။

ကျွန်တော် သူ့အနားရောက်အောင်လျှောက်သွားပြီး နှုတ်ဆက်လိုက် ပါသည်။ သူသည် ကျွန်တော့်အား ဖျတ်ခနဲမော့ကြည့်သည်။

'ဟာ... ဒေါက်တာပါလား'ဟု ဒေးဗစ်က ရေရွတ်သည်။

'ဒေါက်တာရောက်နေတာ ကျွန်တော် မသိဘူး၊ နွားနို့လတ်လတ် ဆတ်ဆတ် သောက်ချင်လို့လား'

ကျွန်တော်က ခေါင်းယမ်းပြပါသည်။

'ငါ ဒီနေ့ နွားနို့မသောက်တော့ပါဘူး' ကျွန်တော်က ဖလန်နယ်စကို လက်ညှိုးထိုးပြပြီး 'မင်းလည်ပင်း ဘာဖြစ်နေတာလဲ'ဟု မေးသည်။

ဒေးဗစ်က နို့အညှစ်ကိုရပ်ပြီး ရယ်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ဘာမှမဖြစ်ပါဘူး၊ အလကားပါ၊ လည်ပင်းနာနေလို့၊ တော်တော်ကြာသွားပြီ၊ နည်းနည်းနေရခက်တာတစ်ခုပဲ၊ ဘာမှတော့မဖြစ်ပါဘူး'

ကျွန်တော် သူ့လည်ပင်းကို စောစောကထက် ပို၍ဂရုတစိုက်ကြည့်မိပါသည်။

'လည်ပင်းနာလို့' ကျွန်တော် သံယောင်လိုက်ပြီး ရေရွတ်မိသည်။ 'အင်ပြင်လို အဖုအပိမ့်တွေကော မထွက်ဘူးလားဒေးဗစ်'

'အင်ပြင်ဖုတွေ ဟုတ်လား'ဟု ဒေးဗစ်က ကျွန်တော့်စကားကို သံယောင်လိုက်၍ ရေရွတ်သည်။

ကျွန်တော်က သူ့အားရှင်းပြပြီး ဆက်လက်စုံစမ်းရန် အားထုတ်သည်။ ထိုအခိုက်မှာပင် ဒေးဗစ်၏လက်များကို ကျွန်တော် သတိထား၍ ကြည့်မိသည်။ ဆက်လက်၍ ရှာဖွေနေစရာ မလိုတော့ပါ။ ဒေးဗစ်၏လက်များက အဖြေပေးနေပြီဖြစ်၏။ နီ့ညစ်နေသော သူ့လက်များပေါ်တွင် အဖုအပိမ့်သေးသေးလေးများကို မြင်တွေ့နေရ၏။ အရေခွံကလေးများ ကွာနေသည်ကိုပင် ကျွန်တော် သတိထားမိပါသည်။

သက်သေအထောက်အထားမှာ လုံလောက်နေပေပြီ။ အလွှာလိုက်ကွာကျနေသော အရေခွံဖတ်များသည် သေးသေးမှုန်မှုန်ကလေးတွေဖြစ်သည်။ ဖွဲနုမှုန့်ကလေးများနှင့်တူလှပါသည်။ ဤအရာများသည် ဝက်သက်ရောဂါ၏ အစဖြစ်သည်။ ဤလက္ခဏာများနှင့်အတူ လည်ပင်းနာနေသည်ဟု သိလိုက်ရသောအခါ ကျွန်တော်အစရှာ၍ ရလာသည်။ ဒေးဗစ်တွင် မပြင်းထန်သော်လည်း အကူးစက်မြန်သည့် ဝက်သက်ရောဂါ အမျိုးအစားတစ်ခု စွဲကပ်နေသည်။ သူ့လက်မှ ရောဂါသည် နွားနို့သို့ကူးသည်။ ထို့နောက် နွားမများ၏ နို့အုံဆီသို့ရောက်သည်။ ကျွန်တော့်ကောက်ချက်သည် လွဲမှားနိုင်စရာမရှိပါ။

ထိုအခိုက်တွင် ကျယ်လောင်စူးရှသော အသံတစ်သံသည် နွားတဲအတွင်းရှိ ငြိမ်ဆိတ်မှုကို ဖောက်ထွင်းထွက်ပေါ်လာပါသည်။

'ဩော်... ခင်ဗျားက ဒီရောက်နေတာကိုး၊ လူတစ်ဖက်သားရဲ့ လုပ်ငန်းခွင်ထဲ တိတ်တိတ်ကလေးဝင်ပြီး ထောက်လှမ်းရေးလုပ်နေတာ ဆိုပါတော့'

www.burmeseclassic.com

www.burmeseclassic.com


ရှော့ဘ်ကိုယ်တိုင်ဖြစ်သည်။ ဒေါသဖြင့် တစ်မျက်နှာလုံး မည်းနေသည်။ သူ့နောက်မှရပ်၍ ကျွန်တော့်အား ရန်လိုသောမျက်နှာထားဖြင့် ကြည့်နေသူမှာ သူ့မိန်းမ ဂျင်း။ ဤတဒင်္ဂအချိန်ကလေးသည် စိတ်ရှုပ်စရာကောင်းသည့် အချိန်ကလေးဖြစ်သော်လည်း ကျွန်တော် ရှောင်လွှဲ၍မရပါ။

'ကျွန်တော် စိတ်မကောင်းပါဘူး ရှော့ဘ်၊ ကျွန်တော်လာချင်လွန်းလို့ လာရတာမဟုတ်ပါဘူး၊ မလာရင်မဖြစ်လို့ လာရတာ' ကျွန်တော်က ဒေးဇစ်အောကို လက်ညှိုးထိုးပြပါသည်။ 'ဒေးဇစ်မှာ ဝက်သက်ရောဂါဖြစ်နေပါ တယ်၊ သိပ်အဆိုးကြီးတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ကူးစက်မြန်နိုင်တဲ့ အခြေအနေမှာရှိတယ်' ကျွန်တော်က စကားအသုံးအနှုန်းများကို များစွာသတိထား၍ ပြောသည်။ 'ခင်ဗျားခြံကို တစ်ပတ်နှစ်ပတ်လောက်ကလေး ပိတ်ထားလိုက်ရင် အားလုံးအဆင်ပြေသွားမှာပါ'

'ဘာ' ရှော့ဘ်က စိတ်ဆိုးမာန်ဆိုး အော်သည်။ 'နို့ခြံ ပိတ်ရမယ် ဟုတ်လား'

'ခေါင်းအေးအေးထားပြီး စဉ်းစားစေချင်ပါတယ်' ဟု ကျွန်တော် က ထပ်ပြောသည်။ 'ဒီကိစ္စဟာ ခင်ဗျားအပြစ်မဟုတ်ပါဘူး၊ ဒါပေမယ့် ရောဂါကူးစက်မှုက ဒီနေရာက လာနေပါတယ်၊ ဒါကြောင့်ပါ'

'ဒီနေရာက ရောဂါကူးနေတယ် ဟုတ်လား၊ ငါ့လူက တယ်ပြီး သေချာနေပါလား၊ ဒီခြံထဲမှာ လုပ်ကိုင်နေတဲ့လူအားလုံး သန့်သန့်ရှင်းရှင်း နဲ့နေပြီး လုပ်ကိုင်နေကြတာ ကိုယ့်လူရ'

'မှန်ပါတယ်၊ ဒါပေမယ့် လောလောဆယ် ဒေးဇစ်မှာ…'

'ဒေးဇစ်လဲ ကျုပ်တို့လို သန့်ရှင်းတဲ့ကောင်ပဲ ငါ့လူရ'ဟု ရှော့ဘ် ဟင်ဒရီက ကြီးဟစ်ကျယ်ပြောပြန်သည်။ 'သူ့မှာ လည်ပင်းနည်းနည်းနာနေတယ်၊ အဲဒါပဲ၊ တခြားဘာမှမဖြစ်ဘူး၊ အခုလဲ အကောင်းပဲ၊ ရွာထဲမှာ ဒီရောဂါဖြစ်တာနဲ့ ကျုပ်တို့ခြံ ပိတ်ထားရမယ်ဆိုတာ သက်သက်မယ့်အရူးအလုပ်ပဲ'

'ကျွန်တော် ပြောပါရစေဦး' ကျွန်တော်က တတ်နိုင်သမျှ သည်းခံ

www.burmeseclassic.com

www.burmeseclassic.com


အောင့်အည်းကာ ထပ်၍ပြောသည်။ ‘ဒေးဗစ်မှာ ဝက်သက်ရောဂါဝင်နေတယ်၊ လူတစ်ကိုယ်လုံးမှာ ပြန့်နေတယ်၊ သူ့ဆီက ရောဂါကြောင့် ခင်ဗျားရဲ့ နွားနို့တွေ မသန့်မရှင်း ဖြစ်ကုန်တယ်၊ အဲဒီတော့…’

ရော့ဘ်ဟင်ဒရီ၏ နဖူးကြောကြီးများသည် ထောင်၍ထလာကြသည်။ သူ့ဒေါသသည် သူ့ကိုယ်သူ ထိန်းနိုင်စွမ်းမရှိတော့ပေ။

‘တော်ပြီ ကိုယ့်လူ၊ ခင်ဗျားဆီက ကျုပ်ဘာမှ ထပ်ပြီးမကြားချင် ဘူး၊ တော်တော်လဲ ဟုတ်တဲ့အတွေးပဲ၊ ကျုပ်နွားနို့တွေဟာ သိပ်ကိုသန့်တယ်၊ အမြဲတမ်းသန့်စင်နေတာ၊ ဒီနွားနို့ကို ကျုပ်တို့ကိုယ်တိုင် သောက်နေကြတယ်ဆိုတာကော ခင်ဗျားသိရဲ့လား’

ပြောရင်းဆိုရင်းကပင် သူသည် ဒေါသတကြီးနှင့် နွားနို့ခြင်သည့်ခွက်ကြီးကိုလှမ်းယူကာ နွားနို့ပုံးထဲသို့ နှစ်၍ခပ်လိုက်သည်။ ဆောင့်ကြီးအောင့်ကြီးနှင့် ခွက်ကိုပြန်ယူကာ နွားနို့တစ်ဝက်ခန့်ကို သောက်သည်။ ထို့နောက် ခွက်ထဲမှအကျန်ကို သူ့မိန်းမဂျင်းအား လှမ်းပေးပြီး သောက်ခိုင်းသည်။

‘တွေ့တယ် မဟုတ်လား’

သူသည် လက်ထဲမှခွက်ကြီးကို နွားနို့ပုံးထဲသို့ ပစ်ချလိုက်သည်။ ‘မြင်တဲ့အတိုင်းပဲ၊ နောက်ထပ်လျှာရှည်မနေနဲ့တော့၊ ထပ်ပြောရင် ခင်ဗျား စိတ်မကောင်းဖြစ်ရလိမ့်မယ် ကိုယ့်လူ’

ငြိမ်ဆိတ်နေသည်။ သူ့မာနကို ကျွန်တော် နားလည်ပါသည်။ သို့သော်လည်း ကျွန်တော့်မှာက တာဝန်ရှိနေ၏။ ကျွန်တော် ဘာတစ်ခွန်းမှ ထပ်မပြောတော့ဘဲ ထွက်လာခဲ့ပါသည်။

ထိုနေ့ မွန်းလွဲပိုင်းမှာပင် ကျွန်တော်နေ့စ်ဟစ်လ်မြို့ရှိ ဒေါက်တာ စနော့ဒီ၏အိမ်သို့ ရောက်သွားသည်။ ပြဿနာကို သူ့အားပြောပြသည်။ ဤကိစ္စကို ချက်ချင်းအရေးယူဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံသည်။ ဌာနဆိုင်ရာမှ ချမှတ်ထားသည့် စည်းကမ်းများအရ လိုအပ်သလို အရေးယူပေးပါဟုလည်း တိုက်တွန်းသည်။

ကောင်တီခရိုင်ကျန်းမာရေးအရာရှိသည် သူ့စားပွဲခုံထိုင်ကာ ရွှေကိုင်းမျက်မှန်နောက်မှ မျက်လုံးများဖြင့် ကျွန်တော့်အား ခြေဆုံးခေါင်းဆုံးကြည့်၍

www.burmeseclassic.com

www.burmeseclassic.com


အကဲခတ်နေသည်။ သူသည် ဒေါက်တာကေမရွှန်အား သိပ်ပြီးသဘောကျသူ မဟုတ်။ ဒေါက်တာကေမရွှန်၏ လက်ထောက်ဆရာဝန် သူ့ထံရောက်လာပြီး တရားဝင်အကူအညီ တောင်းခံနေခြင်းကို များစွာသဘောကျနေဟန်တူသည်။

'ကျုပ် ကြည့်ဦးမယ်လေ'ဟု သူက အထက်စီးလေသံဖြင့် ပြော သည်။ 'ဒါပေမယ့် ခင်ဗျားရဲ့ မေတ္တာရပ်ခံမှုအတွက် ခင်ဗျားဘက်က ခိုင်မာလုံလောက်တဲ့ သက်သေအထောက်အထားကတော့ မရှိဘူးလို့ဘဲ ကျုပ်မြင်တယ်၊ တိကျတဲ့ အထောက်အထားမရှိတာကတော့ အမှန်ပဲ၊ ခင်ဗျားဘက်က သာမန်ထင်မြင်ယူဆသလောက်ပဲရှိတယ်၊ သူ့အလုပ်သမား ဖျားတာနာတာ၊ အဖုအပိမ့်ထွက်တာလဲ တွေ့ခဲ့တာမှမဟုတ်ဘဲ၊ အဲဒီတော့ ခင်ဗျားသိထားရမှာက အတိအကျမသိရတဲ့ မှန်းဆချက်တစ်ခုတည်းနဲ့ လူတစ်ယောက်ရဲ့ စီးပွားရေးလုပ်ငန်းတစ်ခုကို ပိတ်ပစ်ရမယ်ဆိုတာ သိပ်မလွယ်ဘူးဆိုတဲ့ အချက်ပဲ'

ဒေါသရှိန်ကြောင့် ကျွန်တော့်မျက်နှာသည် နီရဲလာသည်။

'အမှန်းအဆနဲ့ပြောတာ မဟုတ်ဘူးဗျ၊ ရောဂါအစက အဲဒီနို့ခြံမှာရှိတာ သေချာတယ်၊ ကျွန်တော်ကျိန်ပြီး ပြောဝံ့တယ်'

'ဟုတ်ပါတယ်လေ၊ ထားပါတော့'ဒေါက်တာစနော့ဒီက မလိုတမာအပြုံးဖြင့် ပြောသည်။ 'ကျုပ်တို့ ကြည့်ကြသေးတာပေါ့'ယဉ်ကျေးချောင်သောအမူအရာဖြင့် ကျွန်တော့်ကို နှင်သည့်အရိပ်လက္ခဏာပြသည်။ 'တစ်ရက်နှစ်ရက်အတွင်း အကြောင်းပြန်လိုက်မယ်လေ'

အရာရှိတို့၏ ဟန်ကြီးပန်ကြီးလေသံနှင့် အမူအရာများကိုကြည့်ကာ စိတ်ထဲတွင် မခံချိမခံသာ ဖြစ်နေမိသည်။ သို့သော်လည်း ပြဿနာပြေလည်စေလိုသောဆန္ဒကြောင့် ကျွန်တော် ဘာမှမပြောတော့ပါ။ ကျွန်တော်ပြန်လာပြီးနောက် နှစ်ဆယ့်လေးနာရီအတွင်း ထူးခြားမှုဟူ၍ ဘာတစ်ခုမှ ဖြစ်မလာပါ။ နောက်တစ်နေ့ ကျွန်တော်တို့နှစ်ယောက် နေ့လယ်စာစားနေခိုက်ကျမှ လူတစ်ယောက်ရောက်လာပြီး စာတစ်စောင်ပေးသည်။

ကျွန်တော် စာကိုဖတ်ပြီး ဒေါက်တာကေမရွှန်လက်သို့ ပေးလိုက်သည်။ ကေမရွှန်ကဖတ်ကြည့်ပြီး ကျွန်တော့်အား တစ်ချက်ခိုးကြည့်ကာ သက်ပြင်းချသည်။

www.burmeseclassic.com

www.burmeseclassic.com


'ရလာတဲ့အဖြေကတော့ မင်းမျှော်လင့်ထားတဲ့အတိုင်း ဖြစ်ချင်ဖြစ်မှာပေါ့လေ၊ ဒါပေမယ့်ကွာ၊ တို့ကဘာတတ်နိုင်မှာလဲ၊ တကယ်လို့ သူက မပိတ်သေးတော့လဲ တို့ကအကောင်းဆုံးဖြစ်လာဖို့ ထိုင်ပြီးစောင့်ရတော့မှာပေါ့'

'နောက်ထပ် လူနာတစ်ဒါဇင်လောက် ထပ်ပြီးစစ်ကြည့်ဦးမယ်'ဟု ကျွန်တော်က ဒေါပွပွဖြင့် ပြောမိသည်။ 'ဌာနဆိုင်ရာက အရေးယူမှု မလုပ်တော့လဲ ကျွန်တော်တို့က တခြားနည်းနဲ့လုပ်ရမှာပေါ့'

'အေး... သတိတော့ထားလုပ်ဟေ့' ဟု ကေမရွှန်က ပြောသည်။ 'ဟိုအကောင် ရှော့ဘ်က အန္တရာယ်များတဲ့ လူတစ်ယောက်ကွ'

'သူ့နွားနို့လောက်တော့ အန္တရာယ်များမယ် မထင်ပါဘူး' ကျွန်တော်သည် ကေမရွှန်ထံမှ ဘာစကားမှမပြောနိုင်ခင် အပြင်သို့ထွက်လာခဲ့ပါသည်။

ကျွန်တော်၏ ခေါင်းမာတတ်သောဉာဉ်သည် ထကြွလာသည်။ ထိုနေ့မှစ၍ ကျွန်တော်သည် လူနာများထံရောက်တိုင်း ရှောဟက်ဒ်ခြံမှ နွားနို့ကို မသောက်ကြရန် တားမြစ်ပိတ်ပင်ရသည်။ ဤကိစ္စနှင့်ပတ်သက်၍ ပြောရာ၌ အလွန်သတိထားပြီး ချင့်ချင့်ချိန်ချိန် ပြောခြင်းဖြစ်ပါသည်။ ကျွန်တော့်ထက် အသက်ကြီးပြီး အတွေ့အကြုံများသူ ဒေါက်တာကေမရွှန်၏ ကြိုတင်သတိပေးမှုကို မေ့ပစ်လိုက်သည်မှာ ကျွန်တော်မိုက်မဲခြင်းဖြစ်၏။ ကျွန်တော်က လူနာများအား အခုလို တားမြစ်ပိတ်ပင်နေသည်ဟူသော သတင်းသည် ရွာထဲတွင် ပျံ့သွားသည်။

ပေါ်ထွက်လာသည့် ရလဒ်မှာ ပြင်းထန်လွန်းသဖြင့် မုန်တိုင်းတစ်ခု ကျလာသည့်နှယ်ရှိသည်။ ကျွန်တော်အံ့အားသင့်နေရပါသည်။ ဤကိစ္စနှင့် ပတ်သက်၍ ရွာထဲတွင် အငြင်းပွားမှုများ ဖြစ်လာသည်။ ရွာသူရွာသားများသည် ဟိုဘက်သည်ဘက် နှစ်ဘက်ဖြစ်ကာ အုပ်စုကွဲလာကြသည်။ ခရိုင်နယ်မြေအတွင်းတွင် ဤသတင်းသည် ရေးကြီးခွင်ကျယ်ပြုစရာ သတင်းတစ်ပုဒ် ဖြစ်လာခဲ့၏။

ကျွန်တော့်အသိဉာဏ်က ကျွန်တော်မှန်သည်ဟု ထောက်ခံထားသဖြင့် ကျွန်တော့်ဘက်ကတော့ လျှော့ဖို့စိတ်မကူးတော့ပါ။ သို့သော်လည်း ထိုအပတ် သောကြာနေ့တွင် ကျွန်တော့်စိတ်ကို တုန်လှုပ်ချောက်ချားစေသည့်

www.burmeseclassic.com

www.burmeseclassic.com


စာတစ်စောင်ရောက်လာသည်။ ရှော့ဘ်က နော့စ်ဟစ်လ်မြို့ရှိ လိုဂန်နှင့် လိုဂန်အေဂျင်စီရှေ့နေများမှတစ်ဆင့် ကျွန်တော့်အား အသရေဖျက်မှုနှင့် တရားစွဲသဖြင့် တရားရုံးက ကျွန်တော့်အား အကြောင်းကြားသည့် အမိန့်စာဖြစ်သည်။ ရွာထဲမှာကတော့ ရှော့ဘ်က ကျွန်တော့်အား တရားဥပဒေအရ အရေးယူလိုက်ပြီဟု ပြောဆိုနေကြလေပြီ။

ကျွန်တော်သည် အချိန်ဆွဲမနေတော့ဘဲ တရားရုံးမှစာကို ဒေါက်တာကေမရွန်အား ပြသည်။ သူသည် အမိန့်စာကို ငြိမ်ဆိတ်စွာဖတ်လျက် ရှိပါသည်။

'ကျွန်တော်ကတော့ ကျွန်တော့်ဘက်က မှန်ကန်ကြောင်း သက်သေပြနိုင်တယ်'ဟု ကျွန်တော်ကပြောသည်။ 'ဒေါက်တာ သိတဲ့အတိုင်းပဲ၊ ကျွန်တော် လုပ်ခဲ့တာက စေတနာနဲ့ အကောင်းဆုံးဖြစ်အောင်လုပ်တာပဲ'

'အင်းပေါ့၊ ဟုတ်တာပေါ့' ဟု ကေမရွန်က အေးအေးဆေးဆေးပြောသည်။ 'ဒီစကားဟာ မင်းတရားရုံးရောက်ရင် ပြောကိုပြောရမယ့် စကားပဲကွ'

ကေမရွန်က ညှိမှျသာ ပြောသည်။ အားပေးသမှုပြပုံမှာ အားနည်းလှသည်ဟု ထင်စရာဖြစ်၏။ သို့သော်လည်း အဘိုးအိုသည် ကျွန်တော့်နောက်မှ ရပ်လိမ့်မည်ဟု ယုံမှားဖွယ်ရာမရှိပါ။ ရက်တွေ တစ်ရက်ပြီးတစ်ရက် ကုန်လာသည်နှင့်အမျှ ကျွန်တော့်အခြေအနေကို ကျွန်တော်အတိအကျ မြင်လာသည်။ မည်သည့်နည်းနှင့်မဆို ကျွန်တော်တရားရုံးတွင် အမှုကိုရင်ဆိုင်ရမည်။ တရားရုံးကလည်း ဘယ်နည်းနှင့်မဆို အပြစ်ပေးလိမ့်မည်ဟု ထင်သည်။ တဖြည်းဖြည်းနှင့် ကိုယ့်ကိုကိုယ် ယုံကြည်မှုသည် အားနည်းလာသည်။

ကျွန်တော်၏ ရောဂါအရင်းအမြစ် ရှာဖွေစစ်တမ်းသည် မှန်ကန်ပါသလား။ မှန်ကန်ကြောင်း သက်သေပြနိုင်သည့် အနေအထားရှိပါသလား။ ကျွန်တော်၏ စိတ်စေတနာသည် ကျွန်တော်၏အလုပ်အပေါ် သစ္စာရှိမှုမှ ထွက်ပေါ်လာခြင်း ဖြစ်ပါသလား။ သို့မဟုတ် မိမိဘက်ကသာ မှန်ကန်ကြောင်းပြသလိုသည့်ခေါင်းမာမှုမှ ပေါက်ဖွားလာခြင်းလား။ ဒါကတော့ မဖြစ်နိုင်။ လုံးဝလုံးဝ မဖြစ်နိုင်။ ထိုအဖြေကို ကျွန်တော်ရထားသော်လည်း ကျွန်တော့်စိတ်မှာ

www.burmeseclassic.com

www.burmeseclassic.com


ငြိမ်သက်အေးဆေးခြင်းမရှိ။ အိပ်မပျော်သော ညများ၊ မရေမရာ ဇဝေဇဝါဖြစ်ခြင်းကို ခံစားနေရသည့်နေ့များနှင့် အမြဲတစေ ရင်ဆိုင်နေခဲ့ရ၏။

ဘယ်နေရာရောက်ရောက် လူတွေက ကျွန်တော့်အား အထူးအဆန်းသဖွယ် ဝိုင်းကြည့်ကြသည်။ နော့စ်ဟစ်လ်မြို့ထဲမှ လူများကပင်လျှင် ကျွန်တော့်အား ဝိုင်းကြည့်ကြသည်။ သူ့ကားနှင့် သူလာသော ဒေါက်တာစနော့ဒီသည် ကျွန်တော့်ကိုမြင်လျှင် ရင်ဆိုင်၍ မကြည့်မမြင်ဟန်ပြုကာ မျက်နှာလွှဲသွားသည်။ ဤအပြုအမူကို မြင်ရုံမျှဖြင့် သူ့ထံမှ ထောက်ခံမှုမရနိုင်ကြောင်း ထင်ရှားနေပါသည်။

နောက်တစ်ရက်ကုန်သွားပြန်သည်။ အစာစားချိန်များတွင် ဆုံမိကြသော ကျွန်တော်နှင့် ဒေါက်တာကေမရွန်သည် နူတ်ဆိတ်နေကြသည်ကများ၏။ ကြာတော့လည်း ဤအဖြစ်ကို ကျွန်တော် သည်းမခံနိုင်ဖြစ်လာသည်။

ထို့နောက် တစ်နေ့သော မွန်းလွဲပိုင်းတွင် ကျွန်တော်သည် ဆေးခန်းထဲ၌ စိတ်ပျက်လက်ပျက်ထိုင်ကာ ဖြစ်ပြီးခဲ့သမျှနှင့် နောက်ဖြစ်လာနိုင်သည့် အရေးများကိုတွေး၍ သောကများလျက်ရှိ၏။ ထိုအခိုက်တွင် ဒေါက်တာကေမရွန်သည် အလွန်ထူးဆန်းသော မျက်နှာထားဖြင့် ဆေးခန်းထဲသို့ ဝင်လာသည်။

'မင်းကြားပြီးပြီလား' သူက ခပ်တိုးတိုးလေသံဖြင့် မေးသည်။ 'ဂျင်းဖျားနေပြီ၊ တော်တော်ပြင်းထန်တဲ့ ဝက်သက်တစ်မျိုးပဲ၊ ရှော့ဘ်ဟင်ဒရီရဲ့ မိန်းမဂျင်းဟင်ဒရီ ရောဂါဖြစ်နေပြီကွ'

ကျွန်တော်အကြီးအကျယ် အံ့အားသင့်သွားရသည့် အချိန်ကာလလေးတစ်ခုဖြစ်ပါသည်။ ထို့နောက် ကျွန်တော်မှန်ကန်ကြောင်း ထင်ရှားသွားပြီဟူသော အသိဝင်လာသည်။ ကျွန်တော့်ရှေ့တွင် ရှော့ဘ်က ဒေါသတကြီးနှင့် သူ့မိန်းမလက်သို့ နွားနို့ခွက် လှမ်းပေးလိုက်သည့်ပုံသည် ကျွန်တော့်စိတ်အာရုံတွင် ပြန်၍ထင်မြင်လာသည်။

'အခုအတိုင်းဆိုရင်တော့ သူတို့ဘက်ကအမှုကို ဆက်လုပ်မယ်မထင်ဘူးကွ' ဟု ကေမရွန်က ထင်ကြေးပေးသည်။ 'သူတို့ပြောနေကြတာကတော့

www.burmeseclassic.com

www.burmeseclassic.com


ရှော့ဘ်ဟာ သူ့မိန်းမအတွက် ခေါင်းမီးတောက်သလို ဖြစ်နေသတဲ့၊ အင်း... အခုအဖြစ်ဟာ တရားရုံးရဲ့ စီရင်ချက်တစ်ခုလိုပဲ'

ကျွန်တော်ငြိမ်နေပါသည်။ ရင်ထဲတွင် ဖြစ်ပေါ်လာနေသည့် စိတ်လက်ပေ့ါပါးမှုကို အပြင်းအထန် ခုခံတွန်းလှန်နေရခြင်းကြောင့် ဖြစ်ပါ၏။

ရုတ်တရက်ဖြစ်ပေါ်လာသော ပြောင်းလဲမှုကြောင့် တစ်ရွာလုံးအံ့အားသင့်ကာ တအံ့တသြဖြစ်ကုန်ကြသည်။ မယားနေမကောင်း၍ သောကရောက်နေရှာသည့် ရှော့ဘ်၏အပေါ်တွင်လည်း ကရုဏာမကင်းဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ ထင်မြင်ယူဆချက်များကတော့ တစ်မျိုးတစ်ဖုံ ဖြစ်ကုန်သည်။ တစ်ချီတည်းနှင့် ကျွန်တော်သည် တန်နေ့ချ်ဘရေး ရွာသူရွာသားများ၏ ကျန်းမာရေးအတွက် ကာကွယ်စောင့်ရှောက်သူတစ်ဦး ဖြစ်သွားသည်။ ကျွန်တော့်လူနာများထံ သွားသည့်အခါ လမ်းမပေါ်၌ ရွာသူရွာသားများနှင့် ဆုံမိတတ်သည်။ သူတို့က ကျွန်တော့်အား ချီးကျူးစကား ပြောလိုကြ၏။ သို့သော်လည်း ကျွန်တော်က အပြောမခံပါ။ အခုလို ရှော့ဘ်၏ဇနီးသည် အသည်းအသန်ဖြစ်နေချိန်မျိုးတွင် ကျွန်တော်က ချီးကျူးခံပြီး သာယာနေ၍ သင့်တော်ပါမည်လော။

ဂျင်းဟင်ဒရီတွင် ဖြစ်လာမည့်ဝက်သက်အမျိုးအစားမှာ အလွန်ဆိုးရွားသည်ဖြစ်ရာ သူ၏အပူချိန်မှာ ကျသည်မရှိ။ အမြဲတစေ တက်လျက်ရှိသည်ဟုလည်းကောင်း၊ သတိလစ်ကာ ကယောင်ချောက်ချား ဖြစ်နေသည်ဟုလည်းကောင်း ကြားနေရပါသည်။

ဂျင်းဟင်ဒရီအား နေ့စ်ဟစ်လ်မြို့ဆေးရုံသို့ပို့ရန် အကြံပြုပြန်တော့လည်း ရှော့ဘ်က လက်မခံ။ လောလောဆယ်တွင် နို့ခြံကိုပိတ်ထားသည်။ တစ်ခြံလုံးကို လူအဝင်အထွက် မရှိစေရဟုလည်း တားမြစ်ထားသည်။ ခြံမှနွားမများကိုလည်း နေ့ရောညပါ စားကျက်ကွင်းထဲသို့ လွှတ်ထားသည်။ ဒေါက်တာစနေ့ဒ်ဂရီကတော့ မျက်စိမျက်နှာ အပျက်ပျက်ဖြင့် နို့ခြံကို အမြဲမပြတ်လာ၍ ကြည့်ရှုစစ်ဆေးသည်။ ဂလက်စကိုမြို့ ရမ်ဟစ်လ်ဆေးရုံမှ ပါရဂူတစ်ဦးကိုပင်ခေါ်၍ ပြကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤမျှလောက်အထိ လုပ်ကိုင်နေသည့်ကြားမှပင် ဂျင်းဟင်ဒရီ၏ အခြေအနေသည် အဆိုးဆုံးဖြစ်လာသည်။ လုံးဝသတိမရတော့ဘဲ မျောနေသည်ဟူသော သတင်းစကားထွက်လာသည်။ တစ်ရွာလုံးငြိမ်ဆိတ်နေသည်။ ဥပုသ်နေ့ ငြိမ်ဆိတ်ခြင်းမျိုးထက် ငြိမ်ဆိတ်နေသည်ဟု ထင်ရ၏။

အလွန်တိတ်ဆိတ်ငြိမ်သက်နေသည့် ထိုနေ့ညနေစောင်းအချိန်တွင်ဖြစ်သည်။ နေမင်းသည် ဝင်တန်တောင်ကုန်း နောက်ကွယ်သို့ လျှောဆင်းသွားနေခိုက်တွင် ဧည့်ခန်းထဲသို့ အိမ်စေမကြီး ဂျက်နက်ဝင်လာသည်။ သူ့မျက်နှာမကောင်း။ သူ့လက်နှစ်ဖက်ကိုယှက်၍ ရင်ခွင်၌အပ်ထားသည်။ ကျွန်တော်တို့အား စကားလှမ်းပြောသည့်အခါ ကြေကွဲသံပါနေသည်။

'ကိစ္စကတော့ ပြတ်သွားပြီ၊ အခုပဲ ဂျာမီပြန်ရောက်လာတယ်၊ ဂျင်းဟင်ဒရီ ဆုံးသွားပြီ'

ကျွန်တော် စကားတစ်ခွန်းမှမပြောပါ။ မျက်နှာကို တစ်ဖက်သို့ လွှဲထားလိုက်ပါသည်။ အပြင်ဘက်မှ အသုဘအထိမ်းအမှတ် ခေါင်းလောင်းထိုးသံ ပေါ်ထွက်နေပါသည်။

သီတင်းပတ် ခြောက်ပတ်မျှအကြာတွင် ကျွန်တော် ရော့ဘ်နှင့် အမှတ်မထင်ဆုံမိသည်။ သူ့ခြံထဲ၌ လူချင်းဆုံခဲ့ပြီးသည့်နောက် ပထမဆုံးအကြိမ် ဆုံမိခြင်းဖြစ်ပါသည်။ သူ၏ ဆုံးရှုံးမှုအတွက် များစွာစိတ်ထိခိုက်နေရှာသော ရော့ဘ်သည် အလွန်အိုစာကျလျက်ရှိသည်။ ရွာဝတ်ကျောင်း၏ တစ်ဖက်တောင်စောင်းပေါ်ရှိ သုသာန်မှ ပြန်လာခြင်းပေတည်း။ မမျှော်လင့်ဘဲ တွေ့လိုက်ရသဖြင့် အိုးတိုးအမ်းတမ်းဖြစ်နေမိသော ကျွန်တော်သည် ဘာလုပ်၍ ဘာပြောရမှန်းမသိဖြစ်ကာ လမ်းလယ်ကောင်တွင် ရပ်နေမိသည်။ ရော့ဘ်ကိုယ်တိုင်မှာလည်း ကျွန်တော့်လိုပင်ဖြစ်ကာ ကြောင်အမ်းအမ်းနှင့် ရပ်နေပါသည်။

ကျွန်တော်တို့နှစ်ဦး မျက်လုံးချင်းဆုံမိကြသည်။ သူ့ဇနီးဂျင်းအနေဖြင့် အခုလို မြေကြီးထဲရောက်မနေဘဲ သူဘေး၌သာ အသက်ထင်ရှားရှိနေပါမူ မည်ကဲ့သို့ ရှိလေမည်နည်းဟူသောအတွေးသည် ကျွန်တော်တို့နှစ်ဦးစလုံး၏ မျက်နှာတွင် ပေါ်နေသည်ဟု ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ရော့ဘ်၏ ဖြူဖပ်ဖြူရော် နှုတ်ခမ်းများဆီမှ မသဲမကွဲ ညည်းသံ တစ်ခွန်းထွက်လာသည်။ ထို့နောက် သူ့လက်တစ်ဖက်ကို ဖြည်းဖြည်းချင်း ဆန့်တန်းကာ ကျွန်တော့်လက်ကို ဆုပ်ကိုင်လိုက်ပါသည်။

* * * * *

[ ၇ ]

တစ်ညနေခင်းတွင်ဖြစ်သည်။ ဆေးခန်းထဲ၌ထိုင်နေသော ကျွန်တော် သည် လူနာအလာနည်းသဖြင့် 'ဝက်စ်ဟိုက်လင်း အက်ဒ်ဗာတိုက်ဇာ' သတင်း စာကို တောင်လှန်မြောက်လှန်လုပ်နေသည်။ ထိုအခိုက်တွင် ပိန်ပိန်ရှည်ရှည် လူတစ်ယောက် ရောက်လာသည်။ သူ့သွားတွေက မကောင်းပါ။ ထိပ်ပြောင် နေသော ခေါင်းပေါ်ရှိ ဖြူကြောင်ကြောင်ဆံပင်များကလည်း ကျိုးတိုးကျဲတဲ နိုင်လွန်းလှ၏။ သူ့နာမည်ကို 'ဒူဂဲလ်တော့ဒ်'ဟု ကျွန်တော် သိထားသည်။ သူသည် ရွာတွင် ဆေးသုတ်သမား၊ လက်သမားအလုပ်ဖြင့် အသက်မွေးနေသူ ဖြစ်ပါသည်။

'ကျွန်တော် ဒေါက်တာကို နှောင့်ယှက်သလိုများ ဖြစ်နေသလား မသိပါဘူး'ဟု သူက စကားစသည်။ သူ့ပုံပန်းမှာ စိတ်ညစ်ညူးနေဟန်ရှိ၍ စကားပြောသံမှာလည်း မပီမသ ရှိလွန်းသဖြင့် ကျွန်တော့်မှာ နားလည်အောင် မနည်းနားထောင်နေရပါသည်။ 'ကျွန်တော်လာခဲ့တာက ကျွန်တော့်အမေ အတွက် ဒေါက်တာနဲ့ စကားပြောချင်လို့ပါ' သူသည် ခေါင်းတခါခါလုပ်ကာ မျက်လွှာကိုချလိုက်သည်။ 'ကျွန်တော့်အမေက ပိန်ပိန်လှီလှီကလေးဗျ၊ အိုကလဲ အိုလှပြီ၊ ကျွန်တော်ပြောတာ ယုံချင်လဲယုံ မယုံချင်လဲနေပါ၊ အမေ့အသက်က ရှစ်ဆယ်ရှိပါပြီ၊ အမေ့အနေနဲ့ တစ်ကြိမ်လောက်တော့ ဆရာဝန်ပြသင့်နေတာ အမှန်ပါပဲ၊ ဒါပေမယ့် တစ်ခါမှမပြဖူးဘူးခင်ဗျာ၊ ကျွန်တော်က အမေ့ကို အသက်အာမခံလဲ လုပ်ထားတာဆိုတော့ ဆရာဝန်ပြရမယ့် တာဝန်ကလဲရှိနေ တယ်'

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် သူ့အသံသည် ချက်ချင်းပင် တိုးတိုးကလေးဖြစ်သွားရုံမျှမက ကျွန်တော့်အား မြှောက်ထိုးပင့်ကော်ပြု၍ ပြောနေသည့် လေသံပါလာသည်။ 'ဒီလိုပါ ဒေါက်တာ ကျွန်တော့်အမေက သိပ်ဆင်းရဲတဲ့ အဘွားအိုကြီးတစ်ယောက်ပါ၊ ပြီးတော့ ကျွန်တော်ကိုယ်တိုင်ကလဲ သိပ်ပြီးမကျန်းမာပါဘူး၊ ဒေါက်တာကလဲ ဒီဆေးခန်းမှာ လက်ထောက်ဆရာဝန်ဆိုတော့ ကျွန်တော့်အမေကို ဆေးဖိုးတစ်ဝက်နှုန်းယူပြီး ကြည့်ရှုကုသပေးပါလို့ ပြောချင်ပါတယ်'

ကျွန်တော်သည် ကြည်လင်ရွှင်လန်းမှု ကင်းမဲ့လွန်းလှသော ဧည့်သည်၏ မျက်နှာကိုကြည့်ကာ သူ့စကားအသွားအလာကို နားထောင်ပြီး ခေါင်းရှုပ်လာသည်။

'ကျွန်တော် စဉ်းစားပါဦးမယ်'ဟု ကျွန်တော်က အဖြေပေးလိုက်သည်။ ဤကိစ္စကို ဒေါက်တာကေမရွန်အား အသိပေးရမည်ဟူသော စိတ်ကူးဖြင့် ယင်းကဲ့သို့ အဖြေပေးလိုက်ဖြစ်ပါသည်။

'အေး... အေး' ဟု တော့ဒ်က ပြောသည်။ 'စဉ်းစားပေးပါဦး ဒေါက်တာ၊ ဆင်းရဲတဲ့ အဘွားအိုကြီးတစ်ယောက်ကို သနားကြင်နာတဲ့အနေနဲ့ ကူညီပေးစေချင်ပါတယ်၊ ဒေါက်တာ သဘောပေါက်ပါတယ်နော်'

သူသည် ကျိုးနွံခယသော အမူအရာကိုပြုကာ တစ်မိနစ်ခန့် တုံ့ဆိုင်းဆိုင်းလုပ်နေသည်။ ထို့နောက် 'ဒီနေ့ညနေခင်း အတော်အေးတယ်နော်'ဟု စကားမရှိ စကားရှာ၍ပြောကာ အရုပ်ဆိုးလှသော သွားများပေါ်အောင် ပြုံးဖြဲဖြဲလုပ်ပြပြီး ဆေးခန်းထဲမှထွက်သွားပါသည်။

ထိုည ညစာစားကြသည့်အခါ ကျွန်တော် ကြုံခဲ့ရသောအဖြစ်ကို ဒေါက်တာကေမရွန်အား ပြောပြပြီး ဘယ်လိုလုပ်ရလျှင် ကောင်းမလဲဟု အကြံတောင်းသည်။

'သွားမလုပ်နဲ့ဟေ့၊ ဘယ်လိုနည်းနဲ့မှ လုပ်ပေးလို့မဖြစ်ဘူး၊ တကယ်လို့ အဘွားကြီးက သူ့ဘာသာ သူလာပြီး သူ့မှာ ဒူလာမီးယပ်ရောဂါထနေလို့ပါ၊ လည်ချောင်းနာနေလို့ပါလို့ ပြောရင်တော့ တစ်ပြားမှမယူဘဲ ကုပေးလိုက်၊ သူ့အတွက် စမ်းသပ်ဖို့ရော၊ ဆေးဝါးများများပေးဖို့ရော လုံးဝမလိုဘူး၊ အဘွားကြီးကတော့ သူ့ပိုက်ဆံအိတ်ထဲ ငွေစနည်းနည်းပါးပါး မင်းကိုပေးမှာ

www.burmeseclassic.com

www.burmeseclassic.com


ပဲ။ အဘွားကြီးက အလွန်ယဉ်ကျေးသိမ်မွေ့တာ၊ ရိုးလဲရိုးသား ဖြောင့်မတ်တယ်၊ ဒါပေမယ့် ဒူဂဲလ်ကလာပြီး အသက်အာမခံကိစ္စတွေဘာတွေ ပြောလာရင်တော့ ဆေးဖိုးဝါးခကို နှစ်ဆသာဆော်ပေတော့၊ ဒီကောင်က တန်နေ့ာချ် ဘရေးရွာမှာ ကော်တစ်ရာကပ်စေးနဲ့တစ်ယောက်လို့ ကျော်ကြားနေတဲ့ အကောင်ကွ'

တော့ဒ်မိသားစုသည် လမ်းမတန်းစတိုးဆိုင်ဘေး၌ နေကြသည်။ တော့ဒ်သည် သူကိုယ်တိုင် ကိုယ်ပိုင်ဆိုင်တစ်ဆိုင်ဖွင့်ရန် စိတ်ကူးထားသူဖြစ်၏။ သူ့တွင် ဆိုင်တစ်ဆိုင်တည်ဖို့ မြေကွက်ရှိသည်။ သွပ်မိုးတဲတစ်တဲလည်းရှိသည်။ အဆောက်အအုံဆောက်ဖို့အတွက် လိုအပ်မည့် ပစ္စည်းပစ္စယအပိုများလည်း ရှိသည်ဟုဆိုသည်။

တော့ဒ်တစ်ယောက် လောဘမသတ်နိုင်ခြင်းသည် သူ့မိန်းမကြောင့်ဖြစ်ကောင်းဖြစ်လိမ့်မည်ဟု ဆိုကြသည်။ သူ့မိန်းမ ဂျက်ဆီသည် တုတ်တုတ်ခိုင်ခိုင်၊ ထောင်ထောင်မောင်းမောင်း မိန်းမကြီးဖြစ်သည်။ မည်သူနှင့်မဆို မာကျောကျောဆက်ဆံတတ်သည်ဟု နာမည်ကြီးသူဖြစ်၏။ သူတို့၏ တစ်ဦးတည်းသောသမီး ဂျက်ဆီကာသည် သူငယ်ချင်းချင်း ချိုချဉ်ဘယ်တော့မှ မပေးစားဟု သတင်းကြီးသူဖြစ်သည်။ အကယ်၍ ကျောင်းကစားကွင်းအတွင်း ဂျက်ဆီကာ ချိုချဉ်စုပ်နေသည်ကိုမြင်သဖြင့် ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးက တောင်းသည်ဆိုပါတော့။ ပါးနီနီနှင့် ဂျက်ဆီကာက သူပြောနေကျစကားနှင့် ဆီး၍ပိတ်တတ်သည်။ 'အမယ်လေးဟယ်၊ ငါ့ပါးစပ်ထဲကို အခုထည့်လိုက်တာ နောက်ဆုံးအလုံးဟဲ့'

ဂျက်ဆီကာ ပြောနေကျစကားကို အကြောင်းပြု၍ တန်နေ့ာချ်ဘရေးရွာတစ်ရွာလုံးတွင် စကားတစ်ခွန်း ပြောစမှတ်ဖြစ်လာသည်။ တော့ဒ်တို့မိသားစုဆီကများ ဘာမှသွားမတောင်းလေနဲ့၊ သူတို့ပါးစပ်ထဲ ရောက်သွားပြီလို့ ပြောမှာပဲ'

အမှန်တော့ တော့ဒ်မိသားစုသည် အဆင့်အတန်း နိမ့်သူများမဟုတ်။ ယဉ်ကျေးသိမ်မွေ့သော မျိုးကောင်းရိုးကောင်းများဖြစ်သည်။ အလုပ်ကြိုးစားကြသည်။ ကိုယ့်ဂုဏ်သိက္ခာ ကိုယ်ထိန်းကြသည်။ ဘုရားတရားကြည်ညိုသူ

www.burmeseclassic.com

www.burmeseclassic.com


များလည်းဖြစ်သည်။ သီတင်းတစ်ပတ်လျှင် ခြောက်ရက်စလုံး လှည့်လည်ပြီး ကုတ်အင်္ကျီဖြူကိုဝတ်ကာ လှေကားတစ်ခုဖြင့် လှည့်လည်ပြီး ဆေးသုတ်နေသော ဒူဂဲလ်သည် ခုနစ်ရက်မြောက်နေ့တွင် အဝတ်နက်များဝတ်ကာ သူ့မိန်းမနှင့်သမီးကိုခေါ်၍ ဝတ်ကျောင်းသို့သွားသည်။

သူတို့အိမ်ထောင်စုတွင် အဘွားအို မစ္စက်တော့ဒ်သည် နားအေးပါးအေး နေတတ်သူဖြစ်သည်။ ရှက်တတ်ကြောက်တတ်သည်။ ပါးရေနားရေတွန့်နေသော မျက်နှာသည် အမြဲတစေ ကြည်လင်ရွှင်လန်းနေသည်။ အပြောအဆို အပြုအမူများသည် စာပေါက်စကလေးနှင့်တူသည်။ ဣန္ဒြေသိက္ခာရှိပြီး တစ်ဖက်သားအပေါ် ကြင်နာသနားတတ်သော မစ္စက်တော့ဒ်လို အမျိုးသမီးကြီးက ဒူဂဲလ်လို သားမျိုးတစ်ယောက် မွေးဖွားခဲ့ခြင်းအတွက် တန်နော့ချ်ဘရေးတစ်ရွာလုံး တအံ့တဩဖြစ်ကြသည်။ ယခုအချိန်ထိ နားမလည်နိုင်သည့် လျှို့ဝှက်ချက်တစ်ခုလို ဖြစ်နေဆဲ။ မစ္စက်တော့ဒ်သည် သူ့ဘဝတစ်လျှောက်လုံး အလုပ်ကို တပင်တပန်းလုပ်ခဲ့သည်။ လုပ်သမျှမှာလည်း ဒူဂဲလ်၏ ကောင်းကျိုးအတွက်သာဖြစ်၏။ သို့သော်လည်း အခုလို အသက်အရွယ်ကြီး၍ အိုမင်းမစွမ်းဖြစ်လာသည့်အခါ သူ့လက်ထဲတွင် ဘာပစ္စည်းမှ များများစားစား လုံလုံလောက်လောက် မရှိတော့။ သူ့သား ဒူဂဲလ်၌သာ ပြည့်စုံလုံလောက်လျက်ရှိ၏။

မစ္စက်တော့ဒ်၏အခန်းသည် အိမ်၏အပေါ်ထပ်၌ရှိသည်။ ကျဉ်းမြောင်းသော အထပ်ခိုးကလေးမျှသာဖြစ်၏။ သူ့အခန်းထဲတွင် သူအတွယ်တာဆုံး ရတနာများဟုဆိုရမည့် ပစ္စည်းနှစ်မျိုးရှိသည်။ တစ်မျိုးမှာ ချောင်းဆိုးပျောက်ဆေးရည် တစ်ပုလင်းဖြစ်၍၊ ဒုတိယတစ်မျိုးမှာ သံပုံးအဝိုင်းကလေးတစ်လုံးတွင် ထည့်ထားသည့် ပူရှိန်းပြား အနည်းငယ်ဖြစ်သည်။ အစားကို အောက်ထပ်သို့ဆင်း၍ မိသားစုနှင့်အတူ စားရသည်။ သူ့သား တော့ဒ်၏ ဧည့်သည်များရှိနေသည့်အခါတွင်မူ အောက်ထပ်သို့ ဆင်း၍မစားရ။

အများအားဖြင့် မစ္စက်တော့ဒ်သည် သူ့ထပ်ခိုးအခန်းကလေးထဲရှိ ပက်လက်ကုလားထိုင် အကျိုးတစ်လုံးပေါ် အချိန်ကုန်သည်က များ၏။ ထိုင်နေသည့်အချိန် တစ်ချိန်လုံးတွင်လည်း သူသည် သူလှုံနေရသည့် မီးဖိုကလေးမီးသေမသွားအောင် လုပ်ပေးနေတတ်သည်။ တစ်ခါတစ်ရံ ရာသီဥတု နွေးနွေး

www.burmeseclassic.com

www.burmeseclassic.com


ထွေးထွေးရှိသောအခါများတွင်မူ သူသည် စွန့်စား၍ အပြင်သို့ထွက်သွားကာ မြို့ထဲ၌ လျှောက်လည်နေတတ်သည်။ သူ့သား ဒူဂဲလ်က ယင်းကဲ့သို့ ထွက်လည်သည်ကို အားပေးခြင်းမပြု။

'ဘယ်လိုလဲအမေ ဘယ်လိုလဲ၊ ကိုယ့်အသက်ကိုယ် ပြန်ပြီးသတိရဦးမှပေါ့၊ အခုလို မြို့ထဲလျှောက်လည်နေမယ့်အစား အမေ့ရဲ့ နောက်ဆုံးရက်ကို ထိုင်ပြီးစဉ်းစားနေသင့်တယ်ဗျ'

ကရုဏာမကင်းသည့် တားမြစ်ပိတ်ပင်မှုဟုဆိုနိုင်ပါ၏။ အဘွားကြီးအား သားဒူဂဲလ်က ဘယ်တော့မှ မကောင်းစိတ်ဖြင့် ပြောခြင်းမဟုတ်။ စေတနာရှေ့ထား၍ ပြောခြင်းသာဖြစ်သည်ဟုလည်း ပြောနိုင်ပါ၏။ မည်သို့ပင်ဖြစ်စေ ဒူဂဲလ်သည် သူ့အမေ၏လှုပ်ရှားမှုမှန်သမျှကို အမြဲတစေ စောင့်ကြည့်နေတတ်သည်။ အကယ်၍ လက်ဖက်ရည်သောက်ချိန်တွင် အဘွားကြီးက မုန့်တစ်ခုထပ်ယူပြီး စားသည်ဆိုပါတော့ 'အမေ၊ အမေ့အသက်အရွယ်မျိုးနဲ့ အစားအသောက်ကို အများကြီးစားဖို့သောက်ဖို့ မသင့်တော်ဘူးဗျ'ဟု ဟန့်တတ်သည်။

အကယ်၍ အထပ်ခိုးကလေးပေါ်၌ မီးဖိုထဲ ကျောက်မီးသွေးမပြတ်ထည့်ပေးနေသည်ကိုမြင်လျှင် ဒူဂဲလ်၏မျက်နှာသည် ရှုံ့မဲ့နေတတ်သည်။ သူ့အမေ မနားမနေလုပ်ကိုင်နေခြင်းကို မကြိုက်၍မဟုတ်၊ သူ့ကျောက်မီးသွေးကို သူ့အမေသုံးနေ၍ဖြစ်သည်။

အလွန်အကျွံ ကပ်စေးနဲသော်လည်း ဒူဂဲလ်မှာ ချမ်းသာလာသည်ဟု မရှိပေ။ သို့သော်လည်း ချမ်းသာလာလိမ့်မည်ဟူသော မျှော်လင့်ချက်ကတော့ ရှိ၏။ သူသည် သူ့အမေအား အသက်အာမခံထားသည်။ သူ့အမေသေလျှင် ထိုအသက်အာမခံငွေများသည် ဒူဂဲလ်အတွက်ဖြစ်လာရမည်။ ဤကိစ္စနှင့်ပတ်သက်၍ ဒုက္ခက တစ်ခုတည်းသာရှိသည်။ တခြားမဟုတ် အဘွားကြီး မသေနိုင်ခြင်းဖြစ်သည်။

ဤပြဿနာနှင့်ပတ်သက်၍လည်း ဒူဂဲလ်ထံမှ မကြာခဏ အားပေးစကားများ ပြောတတ်သည်။ 'အမေ့ကြည့်ရတာ ဒီနေ့ အတော့်ကို နေမကောင်းသလိုပဲ'ဟု လည်းကောင်း၊ 'အမေ အိပ်ရာပေါ် လှဲတော့မလား၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


ဘုန်းကြီးပင့်ပေးရတော့မလား’ဟု လည်းကောင်း ဒူဂဲလ်က ရေလာမြောင်းပေး လုပ်တတ်သည်။ အဘွားကြီး မစ္စက်တော့ဒ်ကတော့ စားစရာရှိတာ စား၍ သောက်စရာရှိတာသောက်သည်။ သူ့ကို ကြည့်ရသည်မှာ အေးအေးဆေးဆေးရှိလွန်းသဖြင့် အသက်တစ်ရာအထိ နေလိမ့်မည်ဟုပင် ထင်ရ၏။

ညတိုင်းလိုလို ဒူဂဲလ်တို့ လင်မယားသည် ညဥ့်နက်သည်အထိ ထိုင်၍ အစားအသောက်နှင့် ကျောက်မီးသွေးအကြောင်း စဉ်းစားကြသည်။ တစ်ပတ်ပြီးတစ်ပတ် တက်လာနေသော အသက်အာမခံပေးသွင်းမည့် ငွေအကြောင်း စဉ်းစားကြသည်။ စကားတော့ တစ်ခွန်းမှမပြော။ သို့သော်လည်း နှစ်ယောက်စလုံး အဘွားကြီးအား စွဲကပ်သင့်ပါလျက်နှင့် မစွဲကပ်သေးသည့် ရောဂါများအကြောင်း စဉ်းစားကြသည်။ နမိုးနီးယားခေါ် အဆုတ်ရောင်ရောဂါမှအစ ဝက်ရူးပြန်ရောဂါအထိ အဘွားကြီးတွင် ဖြစ်လာနိုင်သည့် ရောဂါမျိုးစုံကို တစ်ခုချင်းစီချ၍ တွေးကြခြင်းဖြစ်၏။

ကျွန်တော့်ထံ ဒူဂဲလ်လာရောက်တွေ့ဆုံပြီးနောက် သီတင်းပတ်အနည်းငယ်မျှအကြာတွင် အဘွားကြီးမစ္စက်တော့ဒ်ကိုယ်တိုင် ဆေးခန်းသို့ ရောက်လာပါသည်။ အမှန်တော့ သူလုပ်နေကျအတိုင်း မြို့ထဲအပျင်းပြေ လျှောက်ရာမှ ဂျင်နီမက္ကီချတ်နီ၏ စတိုးဆိုင်သို့ဝင်၍ သူဝယ်ချင်တာလေးတွေ ဝယ်သည်။ ဈေးဝယ်ရင်း ဆိုင်ရှင်ဂျင်နီနှင့် အတင်းအဖျင်းများပြောသည်။ စတိုးဆိုင်မှ နှစ်ပဲနိတန် ချိုချဉ်အလုံးကြီးတစ်လုံး ဝယ်သည်။ ဤချိုချဉ်သည် အချိုပေါ့သော်လည်း ကြာကြာအစုပ်ခံသည် မဟုတ်ပါလား။ နောက်ဆုံး မောပန်းနွမ်းနယ်လာသောအခါ သူ့အထပ်ခိုးအပြန် လမ်းခုလတ်ရှိ အာဒင်ဂေဟာဆေးခန်းသို့ အပန်းဖြေသဘောဖြင့် ခဏတစ်ဖြုတ် ဝင်ထိုင်ခြင်းဖြစ်၏။

‘ဒေါက်တာ့အကြောင်း ပြောနေတာတွေ အများကြီး ကြားရတယ်၊ ကျုပ် ဒေါက်တာ့ကို မြင်ဖူးချင်လို့ဝင်လာတာ၊ ဒေါက်တာ ကျုပ်အတွက် ချောင်းဆိုးပျောက်ဆေးရည် နည်းနည်းလောက်ပေးမယ်မဟုတ်လား၊ ညည ဆိုရင် ကျုပ် ရင်သိပ်ကျပ်တယ်’

အဘွားကြီးက ပြုံးပြုံးရယ်ရယ်ဖြင့်ပြောသည်။ ကြည်လင်တောက်ပသော မျက်လုံးများဖြင့် ကျွန်တော့်အား ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်ကလည်း မြင်လျှင်မြင်ချင်းပင် အဘွားကြီးအား ခင်သွားသည်။

'ချောင်းဆိုးပျောက်ဆေးလား ရမှာပေါ့၊ ကျွန်တော်ကိုယ်တိုင် အဘွားအတွက် ခပ်ပြင်းပြင်းကလေး စပ်ပေးလိုက်မယ်'

'အေး၊ ဟုတ်ပြီ၊ ကျုပ်ရင်ဘတ်နွေးထွေးသွားအောင် လုပ်နိုင်မယ့် ဆေးသာ ပေးပါဒေါက်တာရယ်'ဟု သူကဆိုသည်။

ကျွန်တော်က ဆေးရည်ကို ကလိုရိုဒင်းများများထည့်၍ စပ်သည်။ အဘွားကြီးအတွက် အကောင်းဆုံး၊ အသင့်တော်ဆုံးဖြစ်အောင် စေတနာအပြည့်ဖြင့် စပ်ပေးခြင်းဖြစ်ပါသည်။ 'ညဆိုရင် လက်ဖက်ရည်ဇွန်းနဲ့ နှစ်ဇွန်းပဲ သောက်ရမယ်'ဟုလည်း ပုလင်းပေါ်မှ ဆေးအညွှန်းကို ဖတ်ပြလိုက်သည်။

'ဒေါက်တာပြောလိုက်တာ ဘာပါလိမ့်'ဟု အဘွားကြီးက မေးသည်။ 'မျက်မှန်ကွဲသွားကတည်းက ကျုပ်နားတွေ ကောင်းကောင်းမကြားရတော့ဘူး'

ကျွန်တော် သူ့စကားကို သဘောကျသဖြင့် မရယ်ဘဲ မနေနိုင်ပါ။ မစ္စက်တော့ဒ်ရောက်လာသည့် တစ်မိနစ်ခန့်အတွင်း ရယ်မောခြင်းသည် ကျွန်တော့်အား ကူးစက်လာသည်။

'ဒေါက်တာက ရယ်စရာပြောတာကို သဘောကျသွားပဲ'ဟု တံခါးဘက်သို့လျှောက်သွားနေသော မစ္စက်တော့ဒ်က ပြောင်ချော်ချော် မျက်နှာပေးဖြင့် ဆက်ပြောသည်။

'အဲဒါ ကောင်းတာပေါ့၊ ရယ်စရာပြောတတ်တဲ့ ဆရာဝန်ဆိုရင် ကျုပ်က သိပ်သဘောကျတာ'

နောက်နေ့နံနက်သည် စနေနေ့ဖြစ်သည်။ တော့ဒ်မိသားစုသည် မီးဖိုထဲ၌ နံနက်စာစားနေကြသည်။ ဒူဂဲလ်၊ သူ့ဇနီးနှင့် သမီးဂျက်ဆီကာတို့သည် ဆန်ပြုတ်သောက်လျက်ရှိကြ၏။ အဘွားကြီး မစ္စက်တော့ဒ်ကတော့ အခုအချိန်ထိ ရောက်မလာသေး။ ထို့နောက် လက်ဖက်ရည်ထည့်ကြသည်။ ဒူဂဲလ်အတွက် ပြုတ်ထားသည့်ကြက်ဥကို အိုးထဲမှဆယ်ကြသည်။ ထိုအချိန်ကျ

www.burmeseclassic.com

www.burmeseclassic.com


သည့်အခါ ဂျက်ဆီက နံရံပေါ်မှနာရီကို တစ်ချက်မော့ကြည့်ပြီး အောက်သိုးသိုး မျက်နှာထားဖြင့် သူ့ယောက်ျားအား လှမ်းကြည့်သည်။

'ဘယ်လိုလဲ၊ ရှင့်အမေကြီးက ခုထက်ထိ မနက်စာ လာမစားသေး ဘူးလား၊ ကျွန်မမှာဖြင့် ဆန်ပြုတ်ပြုတ်လိုက်ရတာ ထင်းတွေမနည်းကုန်သွား တယ်၊ သူလာတဲ့အထိ ကျွန်မက အချိန်ကုန်ခံပြီး စောင့်နေရမယ့်ပုံ ဖြစ်နေပြီ'

'သူအိပ်ရာက မထသေးဘူးထင်တယ် အမေ' ဟု သမီးဂျက်ဆီကာ က ဝင်ပြောသည်။ သူ့အမေ၏လေသံကို ရိပ်စားနားလည်နေသဖြင့် ခေါင်း ကိုယမ်းလိုက်ပြီး ရေရွတ်သည်။

'အပျင်းထူမကြီးပဲ'

ဒူဂဲလ်သည် ကြက်ဥပြုတ်ပန်းကန်ထဲမှ ခပ်ထားသောဇွန်းကို နှုတ် ခမ်းမွေးများနှင့်မထိအောင် သတိထားကာ ပါးစပ်ထဲသို့ ထိုးသွင်းလိုက်သည်။ ထို့နောက် မီတာပုံးဘက် လှမ်းကြည့်ပြီး 'သူ့အတွက်အစားကို အေးမကုန် အောင် လုပ်ထားရမယ်ဆိုရင်တော့ ဓာတ်ငွေ့တွေ သိပ်ကုန်တော့မှာပဲ'ဟု ပြောသည်။

'ဟဲ့... သမီးလေး' ဂျက်ဆီက ဂျက်ဆီကာဘက်လှည့်၍ အသံပြု သည်။

'အထပ်ခိုးပေါ်တက်သွားပြီး နင့်အဘွားကိုနှိုးစမ်း'

ဂျက်ဆီကာသည် ကုလားထိုင်မှ ဖျတ်ခနဲထကာ ပန်းကန်ထဲမှ မုန့်ချိုလုံးတစ်လုံးကို ကောက်ယူပြီး အထပ်ခိုးပေါ်သို့ တဝုန်းဝုန်းပြေးတက် သွားသည်။

ငြိမ်တိတ်နေသည်။ အပေါ်ထပ်ရော အောက်ထပ်ပါ တိတ်ဆိတ် လျက်ရှိ၏။ ထို့နောက် အလန့်တကြားအော်သံနှင့်အတူ ဂျက်ဆီကာ ပြေးဆင်း လာသည်။

'အမေရေ... အဘွားသေနေပြီ'

ဒူဂဲလ်၏ ပါးစပ်ထဲ၌ ငုံထားသော လက်ဖက်ရည်များသည် ဖွီးခနဲ ထွက်လာပြီး သူ့ရှေ့မှ ပန်းကန်ထဲသို့ကျသည်။ ဂျက်ဆီကတော့ ဝုန်းခနဲ ထရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


'သေနေတယ်၊ ဟုတ်ရဲ့လား သမီးရဲ့'ဟု ဂျက်ဆီက သူ့သမီးအား လေသံတိုးတိုးဖြင့် မေးသည်။ 'သမီးပြောတာသေချာ'

'ဟုတ်တယ်လေ... သေနေတယ်၊ သမီးပြောတာ သေနေတယ်လို့ ပြောတာပဲ၊ မီးဆွသံချောင်းကြီးလို တောင့်တောင့်ကြီးဖြစ်နေပြီ'

ဂျက်ဆီထံမှ သက်ပြင်းရှည်ကြီးချသံ ထွက်ပေါ်လာသည်။ ဒူဂဲလ်က သူ့ကုလားထိုင်ကို တွန်းဖယ်ပြီးထသည်။

'လာဟေ့... သွားကြည့်ကြရအောင်'

သူတို့သည် အထပ်ခိုးပေါ်သို့ ကသောကမျော တက်သွားကြသည်။ အခန်းထဲသို့ ဖြုန်းခနဲ ဝင်ကြသည်။ အားလုံးတန့်ခနဲ ရပ်သွားကြသည်။

အဘွားကြီးသည် ပါးစပ်ဟောင်းလောင်းပွင့်ကာ ခုတင်ပေါ်တွင် စန့်စန့်ကြီးဖြစ်နေသည်။ ပါးများသည် ပါးချောင်နားချောင်ကျကာ ပိန်ခွက်နေကြသည်။ မျက်လုံးများသည် ပိတ်လျက်၊ နှာခေါင်းပေါက်များသည် လန်လျက်။

'အမေ' ဒူဂဲလ် မစ္စက်တော့ဒ်၏လက်ကိုမ၍ ခေါ်သည်။ သို့သော်လည်း အဘွားကြီး၏လက်သည် လွှတ်လိုက်သည်နှင့်တစ်ပြိုင်နက် တောင့်တောင့်မတ်မတ်ကြီး ပြန်ကျသွားသည်။

ဒူဂဲလ်တို့လင်မယားသည် တောင့်တောင့်ကြီးဖြစ်နေသော အဘွားကြီးအား ငေးကြည့်နေကြသည်။ ထို့နောက် ဂျက်ဆီကစ၍ တရားသံဝေဂရသံဖြင့် နှစ်ကိုယ်ကြားပြောသည်။

'ဆုံးသွားရှာပြီ ဒူဂဲလ်၊ အင်း... အခုလိုဆိုတော့လဲ သူ့အဖို့ အေးသွားတာပေါ့လေ'

ဂျက်ဆီက အိပ်ရာခင်း ဘေးစတစ်စကိုဆွဲယူကာ အဘွားကြီး၏ ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာကို အုပ်ပေးလိုက်သည်။

ဒူဂဲလ်က သူ့မိန်းမအား လှမ်းကြည့်ပြီး နှပ်တစ်ချက် ရှုံ့လိုက်သည်။ 'ဖြစ်မှဖြစ်ရလေကွာ၊ ငါ့အမေသေရှာပြီ၊ သနားစရာပါပဲ'

'သူ့ကို ဖန်ဆင်းလိုက်တဲ့ ဘုရားသခင်ဆီ ပြန်ရောက်သွားတာပါ ဒူဂဲလ်ရယ်'ဟု ဂျက်ဆီက ဖျောင်းဖျသည်။ 'ကျွန်မတို့က ပြုပြင်လို့ရတဲ့

www.burmeseclassic.com

www.burmeseclassic.com


ကိစ္စမှမဟုတ်တာ၊ ဘုရားသခင်ရဲ့ အလိုတော်အတိုင်းပါ၊ ဂျက်ဆီက သူ့ယောကျ်ား၏ လက်ကိုဆွဲ၍ အောက်ထပ်သို့ ပြန်ဆင်းသည်။ မီးဖိုခန်းထဲ ရောက်သောအခါ ဒူဂဲလ်သည် ကုလားထိုင်တွင် အရုပ်ကြိုးပြတ် ထိုင်ချလိုက်သည်။

'ငါ့ကို သနားကြပါ'ဟု ညည်းသံဖြင့် ရေရွတ်သည်။ 'နောက်ဆုံးကျတော့လဲ ငါ့အမေ သေသွားရှာပါပြီ'

'ကိုယ့်ကိုယ်ကို အပြစ်မြင်ပြီး နောင်တရမနေပါနဲ့တော့ ဒူဂဲလ်ရယ်'ဟု ဂျက်ဆီက ပြောသည်။ 'ရှင်ဟာ သူ့အတွက် သားကောင်းတစ်ယောက်ပါ၊ ကျွန်မကိုယ်တိုင်လဲ သူ့ကို အကောင်းဆုံးပြုစုခဲ့ပါတယ်၊ သူကလဲ အင်မတန်ယဉ်ကျေးသိမ်မွေ့ပါတယ်၊ သူ့အနေနဲ့က တစ်နေ့မသေလဲ တစ်နေ့သေရမှာပဲ မဟုတ်လား၊ အခုဆိုကြည့်ပါဦး၊ သေပုံက အေးငြိမ်းလိုက်တာ၊ ဘယ်လောက်ကောင်းလဲ၊ စိတ်ဓာတ်ကျနေလို့ ဘယ်ဖြစ်ပါ့မလဲ'

ဒူဂဲလ်က ညည်းသံတစ်ချက် ပေးပြန်သည်။ အခုလိုအချိန်တွင် စီးပွားရေးကိုကြည့်ကာ ဈေးတွက်တွက်နေ၍မဖြစ်။ ဂျက်ဆီကာက ဧည့်ခန်းရှိ ဗီရိုပေါ်မှ ပုလင်းတစ်လုံးယူပေးသည်။ ဒူဂဲလ်က သိပ်ပြီးမနှစ်သက်ဟန်ဖြင့် ပုလင်းကို လှမ်းယူကာ လက်လေးလုံးခန့်မော့လိုက်သည်။

'ဒီလိုမှပေါ့'ဟု ဂျက်ဆီကပြောသည်။ 'ကိုယ့်ကိုယ်ကို ထိန်းမှဖြစ်မှာ၊ ရှင့်မှာ လုပ်စရာတွေက အများကြီးပဲ၊ ဆရာဝန်ဆီက ဆေးလက်မှတ်ယူရမယ်၊ သုဘရာဇာနဲ့တွေ့ရမယ်၊ ပြီးတော့ အသက်အာမခံကိစ္စ'

ဒူဂဲလ်၏ ဦးခေါင်းသည် ဖျတ်ခနဲထောင်လာသည်။

'အေး... ဟုတ်သားပဲ၊ အသက်အာမခံကိစ္စက ရှိသေးတယ်' သူ သည် သက်ပြင်းချသည်။ 'လုပ်ရမှာ မကောင်းပေမယ့် ဒီကိစ္စက မလုပ်လို့ မဖြစ်ဘူး၊ လုပ်ကိုလုပ်ရမှာ'

သူသည် ထိုင်ရာမှထကာ ဦးထုပ်ကိုဆောင်း၍ အပြင်သို့ထွက်သည်။ ရှေးဦးစွာ အာဒင်ဂေဟာသို့သွားသည်။ တံခါးဖွင့်ပေးသည်မှာ ဂျက်နက်။

'ဂျက်နက်ရေ... ကျုပ်ဒေါက်တာနဲ့ တွေ့ချင်လို့လာတာ' စောစော

www.burmeseclassic.com

www.burmeseclassic.com


က သောက်ထားသည့် ဝီစကီအရှိန်တက်လာသဖြင့် ဒူဂဲလ်သည် ခပ်သွက် သွက်ဖြစ်လာသည်။ 'ကျုပ်အချစ်ဆုံးအမေ အိပ်ပျော်နေရင်းနဲ့ သေသွားပြီ'

'သနားစရာပဲနော်'ဟု ဂျက်နက်က ရေရွတ်သည်။ ထို့နောက် ဒူဂဲလ် အား ခပ်တည်တည်ပြန်ကြည့်သည်။ 'အခု ဆရာဝန်နဲ့ တွေ့ချင်လို့ကတော့ မရဘူး၊ နှစ်ယောက်စလုံး အပြင်သွားကြတယ်၊ မတ်ခ်လီယာက ပြန်လာရင် လက်ထောက်ဆရာဝန်ကို လွှတ်ပေးလိုက်မယ်' ပြောပြောဆိုဆိုနှင့်ပင် ဂျက်နက်က တံခါးကိုဆောင့်ပိတ်လိုက်သည်။

ကိုယ်ချင်းစာတရား မရှိပါကလားဟု ဒူဂဲလ်ကတွေးသည်။ ဂျက် နက်သည် မိန်းမတစ်ယောက်ဖြစ်ပါလျက်နှင့် အကြင်နာတရား မရှိလေခြင်းဟု စိတ်ထဲက ကျိတ်၍ရေရွတ်သည်။ သုဘရာဇာထံအသွား လမ်းတွင် တွေ့သမျှ လူများအား မျက်ရည်စက်လက်ဖြင့် သူ့အမေ သေသွားပြီဖြစ်ကြောင်း ပြောပြ သွားသည်။

သုဘရာဇာ ဂစ်တ်ဆန်နှင့် တွေ့သောအခါ ခေါင်းကောင်းကောင်း တစ်လုံးမှာသည်။ သူမှာသည့်ခေါင်းက လှလည်းလှရမည်။ ဈေးလည်း သိပ်မကြီးရ။ ဆင်မ်ဂစ်တ်ဆန်သည် လူကောင်းတစ်ယောက်ဖြစ်သည်။ ကောင်းမွန်စွာ ပြောဆိုဆက်ဆံသည်။ ငါးရာခိုင်နှုန်းလျှော့၍ယူရန် သဘောတူ ရုံမျှမက အလောင်းကို အချိန်မီ ခေါင်းသွင်းထားနိုင်ရန် ထိုညနေခင်း အိမ် အရောက်ပို့ပေးပါမည်ဟု ကတိပြုလိုက်သည်။

ညစာစားချိန်ကျမှပင် ဒူဂဲလ်အိမ်ပြန်ရောက်သည်။ သူ့မိန်းမ ဂျက်ဆီ မှာလည်း အလုပ်များလျက်ရှိ၏။ အမဲသားနှင့်မုန့်တစ်လုံး ကောင်းကောင်း ဖုတ်ထားသည်။ ပူတင်းတစ်ပွဲလည်း စားပွဲပေါ်၌ချထားသည်။ ဝီစကီပုလင်း လည်း အဆင်သင့်တင်ထားသည်။ ဂျက်ဆီထံမှ ကျိုးကြောင်းဆီလျော်သော စကားများကိုလည်း သူကြားရသည်။

'အခုလို အချိန်မျိုးမှာ ကျွန်မတို့မိသားစု အစားကောင်းအသောက် ကောင်း စားဖို့လိုတယ်၊ စိတ်ဆင်းရဲစရာတွေနဲ့ တစ်ခုပြီးတစ်ခု ကြုံနေရတာ ဆိုတော့ . . .'

သူတို့သည် ညစာစားပွဲ၌ ထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


'ငါတော့ သိပ်ပြီး စားချင်စိတ် မရှိလှပါဘူးကွာ'ဟု ဒူဂဲလ်က သူ့အား လှမ်းပေးသည့်ပန်းကန်ကိုယူရင်း ပြောသည်။ ထို့နောက် အမဲသားတုံး ကြီးတစ်တုံးကိုကော်၍ သူ့ပန်းကန်ထဲထည့်ကာ 'ဒါပေမယ့် အခုလိုအချိန် မှာ အားရှိဖို့ကလဲ လိုတယ်မဟုတ်လား'ဟု ရေရွတ်လိုက်သည်။

'ဒါပေ့ါ၊ အဲသလိုတွေးမှပေ့ါ၊ အသက်အာမခံကိစ္စကကော ဘယ်လို လဲ'ဟု ဂျက်ဆီကမေးသည်။

'ပေါင် ငါးရာရှိနေပြီ'ဟု ဒူဂဲလ်ကဖြေပြီး အာလူးတစ်လုံးကို ခက်ရင်းဖြင့် ထိုးယူလိုက်သည်။

'အမယ်လေးတော်... နည်းတဲ့ငွေ မဟုတ်ပါဘဲလား'

'အေး... ငွေကတော့ အများကြီးပဲ၊ ဟော... အိမ်ရှေ့တံခါးက ခေါင်းလောင်းသံကြားတယ်၊ ဆရာဝန်လာပြီထင်တယ်'

ကျွန်တော် မတ်ခ်လီယာက ပြန်ရောက်လျှင်ရောက်ချင်း ဂျက်နက်က မစွက်တော့ဒ်အကြောင်း သတင်းပေးသည်။ ကျွန်တော်နှင့်တွေ့ပြီးခါမှ အခုလို ဖြုန်းစားကြီး ဆုံးသွားရခြင်းအတွက် စိတ်မကောင်းဖြစ်မိပါသည်။ ကျွန်တော် ချက်ချင်းပင် ဒူဂဲလ်တို့အိမ်သို့ ထွက်လာခဲ့သည်။ ဂျက်ဆီက ကျွန်တော့်အား အိမ်ရှေ့ခန်းထဲမှ ဆီးကြိုသည်။

'ကျွန်မ လိုက်မပို့ပေးတာကို ဘယ်လိုမှမထင်ပါနဲ့ ဒေါက်တာ၊ ဖြုန်းခနဲဖြစ်သွားတာဆိုတော့ ကျွန်မတို့အားလုံး စိတ်ထိခိုက်နေကြလို့ပါ၊ အဘွားကြီးအခန်းထဲဝင်လိုက်ရင် စိတ်မကောင်းဖြစ်ရလွန်းလို့ပါ၊ လှေကား ထိပ်က ဘယ်ဘက်အခန်းထဲမှာပါ'

အခန်းထဲသို့ ကျွန်တော်တစ်ယောက်တည်း ဝင်လာခဲ့ပြီး ခန်းဆီးများ ကို ဆွဲဖယ်လိုက်ပါသည်။ ပြတင်းပေါက်အနီးရှိစားပွဲပေါ်၌ တင်ထားသော ချောင်းဆိုးပျောက်ဆေးပုလင်းကို ကျွန်တော်ပထမဆုံး သတိထားမိလိုက်သည်။ ကျွန်တော် ပုလင်းကို အသေအချာထပ်ကြည့်လိုက်မိ၏။ ဆေးရည် သုံးပုံတစ်ပုံ လျော့နေသည်ကို တွေ့ရပါသည်။

ကျွန်တော် ကပျာကသီ အိပ်ရာဆီသို့သွား၍ အဘွားကြီး၏မျက်ခွံ များကို ဖြဲကြည့်သည်။ သူငယ်အိမ်များ အလွန်ကျဉ်းနေသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် အဘွားကြီး၏လက်ကောက်ဝတ်ကို အတန်ကြာကိုင်၍ စမ်းကြည့်သည်။ ကျွန်တော့်မျက်နှာတွင် အပြုံးရိပ်ဝင်လာသည်။ ကျွန်တော့် ဆေးအိတ်ကို ဖွင့်၍ အထဲမှ ဇဝက်သာပုလင်းလေးကိုထုတ်ယူကာ အဘွားကြီး၏ နှာခေါင်းဝ၌ တေ့ထားပေးသည်။ ပထမတော့ ဘာမှဖြစ်မလာပါ။ ထို့နောက်တော့ လူသေအဘွားကြီး၏နှာခေါင်းသည် ရှုံ့ပွရှုံ့ပွဖြစ်လာပြီး တအားကုန်ချေလိုက်ပါသည်။

သူ့မျက်လုံးများသည် အိပ်ချင်မူးတူးဖြင့် ပွင့်လာသည်။ ကျွန်တော့်အား ပြူးတိပြူးကြောင်ဖြင့် စိုက်ကြည့်နေသည်။ ကျွန်တော်က သူ့ကို လှုပ်နိုးသည့်အခါ အားရပါးရ သမ်းနေသည်။

'ဒေါက်တာ… ဒေါက်တာက ဒီမှာ ဘာလုပ်နေတာလဲ၊ အိုး… ကျုပ်အိပ်လို့ကောင်းလိုက်တာ'

ကျွန်တော်က နားတစ်ဖက်တွင်ကပ်၍ အော်မေးသည်။

'ဆေးရည်ကို ဘယ်လောက်များများ သောက်ထားသလဲ'

'အား… အင်း… ဘာတဲ့၊ လက်ဖက်ရည်ဇွန်း နှစ်ဇွန်းသောက် တယ်၊ ဒေါက်တာပြောတဲ့ အတိုင်းပဲလေ'

'ဒီလောက် အိပ်မောကျသွားတာ အံ့သြစရာမရှိပါဘူး'ဟု ကျွန်တော်က အော်ပြောသည်။ 'ဒါပေမယ့် အခုအချိန်ဆိုရင်တော့ အိပ်တာ တော်လောက်ပြီထင်တယ်၊ အဘွားထတော့'

ကျွန်တော် ချောင်းဆိုးပျောက်ဆေးပုလင်းကိုဆွဲယူပြီး အိတ်ကပ်ထဲထည့်ကာ အောက်ထပ်သို့ ဆင်းလာခဲ့ပါသည်။

'ဝီစကီတစ်ခွက်လောက်တော့ သောက်သွားပါဦး ဒေါက်တာ'ဟု ဒူဂဲလ်က ကျွန်တော့်အား ဖိတ်မန္တကပြုသည်။

'သောက်ရမှာပေါ့'ဟု ကျွန်တော်က လေသံခပ်ရွှင်ရွှင်ဖြင့် ပြန်ပြောသည်။ 'လူတစ်ယောက်ကို ဝီစကီတစ်ခွက်တစ်ဖလားသောက်ဖို့ ခင်ဗျား ပါးစပ်က ခေါ်သံကြားဖူးတာ ကျွန်တော့်အဖို့တော့ ဒါပထမဆုံးပဲ ဒူဂဲလ်'

ဒူဂဲလ်က စိတ်မကောင်းဖြစ်နေသည့် မျက်နှာထားဖြင့် ခေါင်းယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com


'ကြုံကြိုက်လို့ပါ ဒေါက်တာ၊ ကျွန်တော့်အမေကြောင့် ကျွန်တော်လဲ သိပ်ကို စိတ်ထိခိုက်နေရလို့ပါ'

'ဟုတ်ပါတယ်ရှင်၊ ကျွန်မတို့အားလုံး စိတ်ထိခိုက်နေကြရတာပါ'ဟု သူ့မိန်းမဂျက်ဆီကပါ သံဝေဂရနေသည့်အသံဖြင့် သံယောင်လိုက်၍ ပြောသည်။

'ကဲ… ဒူဂဲလ်ရေ ခင်ဗျားကျန်းမာစေကြောင်း ဆုတောင်းပါတယ်'ဟု ကျွန်တော်ကပြောကာ အရက်ခွက်ကို မြှောက်လိုက်ပါသည်။

'ဒေါက်တာလဲ ကျန်းမာပါစေလို့ ဆုတောင်းပါတယ်'ဟု ဒူဂဲလ်က ပြန်ပြောသည်။ 'ကျွန်တော်တို့ ဆရာဝန်ထောက်ခံစာ လေးစောင်လိုပါတယ် ဒေါက်တာ၊ အမေ့အသက်အာမခံက အဖွဲ့လေးဖွဲ့မှာ ထားတာပါ'

အပေါ်ထပ်ခိုးဆီမှ အသံတစ်သံကျယ်လောင်စွာ ထွက်ပေါ်လာသည်။ တစ်ဆက်တည်းပင် တံခါးဖွင့်သံကြားရသည်။

'ဘုရားသခင် ကယ်တော်မူပါ'ဟု ဂျက်ဆီက အလန့်တကြားအော်သည်။ မျက်နှာလည်း ချက်ချင်းပင် ဖြူရော်ရော်ဖြစ်သွားသည်။ 'ဘာသံကြီးပါလိမ့်'

'တကယ်ကောင်းတဲ့ ဝီစကီပဲ ဒူဂဲလ်' ကျွန်တော် ရွှင်လန်းမြူးထူးစွာဖြင့် လှမ်းပြောလိုက်ပါသည်။

လှေကားဆီမှ အောက်ထပ်သို့ ဆင်းလာသောအသံ ကြားရသည်။

'ရှင် ကြားတယ်မဟုတ်လား ဒူဂဲလ်'ဟု ဂျက်ဆီက နောက်တစ် ကြိမ်ထပ်အော်ပြန်သည်။ 'အပေါ်ထပ်က လူတစ်ယောက် ဆင်းလာနေတယ်'

မီးဖိုခန်းတံခါးပွင့်သွားပြီး အထဲသို့ မစ္စက်တော့ဒ် ဝင်လာသည်။ ဂျက်ဆီတစ်ကိုယ်လုံး တုန်သွားသည်ကို မြင်လိုက်ရပါသည်။

'ဘုရား… ဘုရား'ဟု ဒူဂဲလ်က ရေရွတ်သည်။ သူ့ပါးစပ်ထဲမှ ဝီစကီအကောင်းစားများသည် သူ့အင်္ကျီရင်ဘတ်ပေါ်သို့ ဖိတ်ကျလာသည်။

အားလုံးကြောင်တီးကြောင်အမ်း ဖြစ်နေကြသည်။ အခန်းထဲသို့ ဒယိမ်းဒယိုင်ဖြင့် ဝင်လာပြီး ကုလားထိုင်တစ်လုံးကို စားပွဲဆီသို့ဆွဲယူကာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သော အဘွားကြီးအား ငေးကြည့်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ပထမတွင် အဘွားကြီးသည် အားရပါးရ တစ်ချက်မျှသမ်းလိုက်သည်။ ထို့နောက် တခိခိရယ်သည်။ ထို့နောက်တော့ အသားမုန့်ပူတင်းနှင့် ဝီစကီတို့ကို တစ်ခုချင်းစီ လိုက်ကြည့်ကာ အားရဝမ်းသာရေရွတ်သည်။

'ဒီည ညစာစားပွဲကဖြင့် တယ်ပြီးခမ်းနားသကိုးကွယ့်၊ ငါကလဲ ဆာလွန်းလို့ သေမလောက်ဖြစ်နေတာနဲ့တော့ အတော်ပဲဟေ့'

'အဘွားကြီးသည် အစားများကို မြိန်ရေရှက်ရေ စားနေသည်။ ကျွန်တော် အသာကလေးထွက်လာခဲ့ပါသည်။

* * * * *

## (၈)

နွေဦးပေါက်မှသည် နွေရာသီသို့ ဖြည်းဖြည်းချင်း ကူးပြောင်းသွားလျက်ရှိ၏။ တန်နေ့ချ်ဘရေးတစ်ရွာလုံးသည် အစွမ်းကုန် ဖူးပွင့်နေကြသော ပန်းမျိုးစုံဖြင့် လှပတင့်တယ်နေသည်။ ယခုလို မြောက်လတ္တီတွဒ်မျဉ်းများ အောက်ရှိ ဒေသမျိုးတွင် ဤမြင်ကွင်းမျိုးတွေ့ရသည်မှာ အထူးအဆန်းတစ်ခု ဟု ထင်မှတ်ဖွယ်ရာရှိ၏။ သို့တစေလည်း စကော့လူမျိုးများသည် သူတို့၏ ပန်းဥယျာဉ်များကို အလွန်မြတ်နိုးကြသူများဖြစ်၍ အလွန်အံ့ဖွယ်ကောင်းလောက်သည့် ကျွမ်းကျင်မှုမျိုးဖြင့် အစွမ်းကုန်ပြုစုပျိုးထောင်တတ်ကြသည် ဖြစ်ရာ ဤမျှလောက်ဖြစ်ထွန်းနေကြသည်မှာ ထူးဆန်းသည်ဟု မဆိုသာပါ။

ကျွန်တော့်ဆရာကြီးဒေါက်တာကေမရွှန်သည်လည်း အခြားသော စကော့လူမျိုးများလိုပင်ဖြစ်သည်။ စကော့တို့၏ အလေ့အထ၊ အကျင့်စရိုက် အတိုင်း သူ့ပန်းဥယျာဉ်ကို ဂရုတစိုက်ရှိလှပါသည်။ သူ၏ ပန်းဥယျာဉ်မှူး အလက်စ်ဇင်းဒါးဒင်းသည် ဥယျာဉ်စိုက်ပျိုးရေးတွင် အလွန်တော်သူဖြစ်၏။ သူသည် နောစ့်ဟစ်လ်မြို့၌နေသူဖြစ်၍ နေ့စဉ်အချိန်မှန်မှန်လာပြီး အာဒင်ဂေဟာ၏မြေပေါ်၌ ပန်းမျိုးစုံ ဝေဆာပွင့်ဖူးနေအောင် ပြုစုပျိုးထောင်ပေးလျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့တွင် ဒင်းသည် အိမ်ရှေ့မျက်နှာစာ မြက်ခင်းပြင်ပေါ်တွင် သစ်ပင်များစိုက်လျက်ရှိ၏။ ထိုအခိုက်တွင် ခြံအဝင်ကျောက်စရစ်ခဲလမ်း အတိုင်း လျှောက်လာနေသော ဒေါက်တာကေမရွှန်နှင့် ဆုံမိသည်။ ဒင်းကိုမြင် သောအခါ ကေမရွှန်က လှမ်း၍နှုတ်ဆက်သည်။ ထို့နောက် ဖျတ်ခနဲရပ်လိုက် ပြီး 'ဟ... ကောင်၊ မင်း ဘာတွေလျှောက်လုပ်နေတာလဲ'ဟု မေးသည်။

ဒင်းသည် စက်ဝိုင်းသဏ္ဍာန် ခုတ်ထွင်ရှင်းလင်းထားသည့် မြေပေါ် တွင် ရိုးတံသွယ်သွယ်နှင့် အဝါရောင်ပန်းတစ်မျိုးကို စိုက်လျက်ရှိ၏။

'ဟ... ကောင်၊ အဲဒီပန်းဝါတွေကို ငါလုံးဝမကြိုက်ဘူးဆိုတာ မင်း မသိဘူးလားကွာ'ဟု ကေမရွှန်က ပြောသည်။ 'အရင်က ဒီနေရာမှာ စိုက်ထားတဲ့ ငါ့ရေမွှေးပန်းတွေက ဘယ်ရောက်ကုန်လို့လဲဟ'

အမှန်တော့ အနီရောင် ရေမွှေးပန်းများသည် အာဒင်ဂေဟာ၏ အဓိ ကရ ပန်းပင်များဖြစ်သည်။ ဤပန်းများသည် နှစ်စဉ် အာဒင်ဂေဟာ၏ ကျက်သရေဆောင်ပန်းများဖြစ်သည်။ အထူးသဖြင့် ဒေါက်တာကေမရွှန်သည် ဤပန်းများကို အလွန်မြတ်နိုးတွယ်တာသည်။ အာဒင်ဂေဟာ စိမ်းမြမြမြက်ခင်း ပြင်နှင့် ဤပန်းများသည် လိုက်လျောညီထွေရှိရုံမျှမက အလွန်လှပတင့်တယ် သည်။ ရွာသို့ရောက်လာကြသောဧည့်သည်များ အိမ်ရှေ့မှဖြတ်သွားသည့် အခါ ရပ်၍မကြည့်ဘဲ မနေနိုင်ကြ။ လှလွန်းသဖြင့် တအံ့တသြဖြစ်ကြသည်။ ချီးမွမ်းစကားပြောကြသည်။ ထိုအခါတွင် ဒေါက်တာကေမရွှန်သည် များစွာ ပီတိဖြစ်သည်။ ဝမ်းသာအားရခြင်းလည်းဖြစ်သည်။

'ဟေ့... ငါမင်းကို မေးနေတယ်ကွ'ဟု ကေမရွှန်က ထပ်ပြော သည်။ 'ငါ့ရေမွှေးပန်းအနီတွေ ဘယ်ရောက်ကုန်လဲ'

ဒင်းက မတ်တတ်ထရပ်သည်။ အရပ်ပုပု၊ ကိုယ်လုံးတုတ်ခိုင်ခိုင်၊ ရာသီဥတုဒဏ် ခံရဖန်များသဖြင့် မျက်နှာက နီရဲရဲ ရင့်ချော်ချော်။ သူ၏ကြီးမား သောလက်များတွင် မြေမှုန့်များကပ်နေသည်။ သူသည် ကေမရွှန်အား မော့ မကြည့်။ သူ့အကြည့်ကို မြေကြီးပေါ်စူးစိုက်ထားသည်။

'အဝါရောင်ဟာ အလွန်လှပြီး အလွန်ကျက်သရေရှိတဲ့ အရောင်ဗျ။

www.burmeseclassic.com

www.burmeseclassic.com


ခင်ဗျားက စိတ်ကူးမှမရှိဘဲ၊ သူ့ကိုမြင်ရင် ကျွန်တော်က ကြက်ဥအနှစ်ကို အမြဲသတိရတယ်' ဒင်းက ထိုစကားကိုပြောပြီး မလိုတမာသံဖြင့် ရယ်သည်။

ကေမရွှန်သည် အံ့အားသင့်လျက်ရှိ၏။ ဒင်းသည် ပေါက်တတ်ကရ လူစားတစ်ယောက်မဟုတ်။ ငြိမ်ငြိမ်အေးအေးနှင့် တည်တည်ကြည်ကြည်နေတတ်သူဖြစ်သည်။ အာဒင်ဂေဟာ၌ အလုပ်လုပ်လာသည်မှာလည်း ဆယ့်ငါးနှစ်နီးပါးရှိခဲ့ပြီ။ ဒီအကောင် အရက်များ မူးနေသလားဟု ကေမရွှန်က တွေးသည်။ မည်သို့ပင်ဖြစ်စေ ပြောပုံကတော့မဟုတ်။ သွားစရာကိစ္စက အလျင်စလိုဖြစ်နေသဖြင့် ဒေါက်တာကေမရွှန်သည် သူဘဝင်မကျဖြစ်သွားသည့်ကိစ္စကို ဆက်၍မေးမနေတော့ဘဲ 'မင်းအခုစိုက်နေတဲ့ပန်းတွေကို ပြန်နုတ်ပစ်၊ ငါ့ရေမွှေးပန်းတွေကိုပြန်စိုက်'ဟု ပြောကာ ဝင်းတံခါးမှ အပြင်သို့ထွက်သွားသည်။

ကေမရွှန် လူနာကြည့်ပြီး ပြန်ရောက်လာသည့်အခါ ခြံထဲတွင် ဒင်းမရှိတော့ပေ။ သို့သော်လည်း အိမ်ရှေ့မြက်ခင်းပြင်ပေါ်တွင်မူ အဝါရောင်ပန်းပင်များ အပြည့်ဖြစ်နေသည်ကို တွေ့ရသည်။

ဤဖြစ်ရပ်သည် အစပြုခြင်းဖြစ်၍ မကြာခင်မှာပင် အလက်စ်ဒင်း၏ အပြုအမူများနှင့်ပတ်သက်ပြီး တီးတိုးပြောဆိုဝေဖန်သံများ ကြားလာရသည်။ အလွန်နှုတ်ဆိတ်ပြီး သူ့ကိုယ်သူ ထိန်းထိန်းသိမ်းသိမ်းနေတတ်သော ဒင်းသည် ယခုအခါတွင် ပေါတောတောကြောင်တောင်တောင် အပြုအမူများကို လုပ်နေလေပြီ။ သူသည် ငြင်းလားခုန်လားလုပ်ချင်သည်။ ငြင်းသည့်အခါတွင်လည်း လုံးဝအလျှော့မပေး။ အပြင်းအထန်ငြင်းသည်။ ငြင်းရင်းကပင် လက်ပါလာတတ်ကာ နောက်ဆုံးတွင် ရန်ပွဲနှင့် အဆုံးသတ်သွားတတ်၏။ စကားပြောပုံနှင့် အသုံးအနှုန်းများမှာလည်း ရုန့်ရင်းကြမ်းတမ်းလာသည်။ သူ့အတွက် အိမ်ထောင့်တာဝန်ကိုယူပေးနေသော သူ့နှမအင်နီအား ဆဲလားဆိုလား လုပ်နေသည်ကိုပင် အိမ်နီးနားချင်းများ ကြားလာကြရ၏။

ဒင်း၏အခြေအနေသည် သီတင်းပတ် ခြောက်ပတ်မျှအကြာတွင် အမြင့်ဆုံးသို့ရောက်သွားသည်။ တစ်ရက်တွင် အာဒင်ဂေဟာသို့ ကောင်တီခရိုင်နယ်မြေ၏ ကျန်းမာရေးအရာရှိ ဒေါက်တာစနေ့ဒီထံမှ စာတိုလေး

www.burmeseclassic.com

www.burmeseclassic.com


တစ်စောင် ရောက်လာသည်။ စာမှာ ကေမရွှန်အတွက်ဖြစ်၍ တိုရင်းလိုရှင်း ရေးထားသည်။

'အမြန်လာခဲ့ပါ၊ အန္တရာယ်များသည့် အရူးတစ်ယောက်အား စစ်ဆေးထောက်ခံရန် ဖြစ်ပါသည်'

အချိန်မှာ မွန်းလွဲပိုင်း။ ရာသီဉတုက သိပ်ပြီးမကောင်း။ မှုန်မှိုင်းမှိုင်း နှင့် စွတ်စိုသောနေ့ဖြစ်သည်။ ကေမရွှန်အဖို့ ရာသီဉတု အဆိုးဆုံးသောနေ့ ဖြစ်၏။ သူ့ခမျာ သူ့ရန်သူဟောင်းဖြစ်သော ပန်းနာရောဂါ၏ တိုက်ခိုက်မှုကို ခံနေရသည်။

ကေမရွှန်သည် အိပ်ရာထဲတော့မလှဲ။ စာကြည့်ခန်းထဲရှိ ပက်လက်ကုလားထိုင်၌ ထိုင်နေသည်။ သူ့ဒူးများကို သက္ကလတ်ကွက် စောင်ကြီးတစ်ထည်နှင့် တင်းနေအောင်ပတ်ထားသည်။ လုပ်လက်စ တယောကို ရင်ခွင်၌ တင်ထားပြီး ရှူဆေးပုလင်းကို သူ့တံတောင်ဆစ်နား၌ချထားသည်။ နံနက်ခင်း လူနာများကြည့်ပြီးပြန်ရောက်လာသော ကျွန်တော်က သူနှင့်မျက်နှာချင်းဆိုင် ကုလားထိုင်၌ ထိုင်နေပါသည်။

ဂျက်နက်က စာလာပေးသည့်အခါ နဖူးတွင် ပင့်တင်ထားသည့် မျက်မှန်ကိုဆွဲချပြီးဖတ်သည်။ 'သနားစရာပဲကွာ၊ ဖြစ်မှဖြစ်ရပလေ၊ ဒီကိစ္စအတွက်တော့ ငါစိတ်မကောင်းဖြစ်မိတာ အမှန်ပဲ' သူသည် ဒူးတွင်ပတ်ထားသည့်စောင်ကို ခွာတော့မည်ပြုသည်။ သို့သော်လည်း တံခါးဝ၌ရပ်နေသော ဂျက်နက်က အခိုင်အမာ လှမ်းဟန့်သည့်။

'ဒီနေ့တော့ အိမ်ထဲကအိမ်ပြင်ကို ခြေတစ်လှမ်းတောင် ထွက်လို့မဖြစ်ဘူး'

သူသည် မျက်မှန်များပေါ်မှကျော်၍ ဂျက်နက်အား ကြည့်လိုက်ပြီး သက်ပြင်းချသည်။

'အေးပါလေ... ဟုတ်ပါတယ်၊ တို့နှစ်ယောက်တည်းက တစ်ယောက်လာလိမ့်မယ်လို့သာ ပြောလိုက်ပါ'

ဂျက်နက်ထွက်သွားသောအခါ ကေမရွှန်က သူ့လက်ထဲမှစာကို ကျွန်တော့်အား လှမ်းပေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'မင်းလဲ သိမှာပါလေ'ဟု သူက ပြောသည်။ 'ဥပဒေက လူတစ်ယောက်ကို ရူးတယ်လို့ပြောနိုင်ဖို့အတွက် ဆရာဝန်နှစ်ယောက်ရဲ့ ဆေးစစ်ချက်မှတ်တမ်း လိုအပ်တယ်ကွ၊ ဒီအကြောင်းကြောင့် စနေ့ဒီက ငါ့ဆီစာရေး တာ၊ ငါပြောတာယုံ၊ ငါနဲ့ တစ်နယ်တည်းမှာရှိနေတဲ့ ဆရာဝန်ချင်းမို့ ငါ သူ့မကောင်းကြောင်း မပြောခဲ့ပါဘူး၊ ဒါကို မင်းလဲအသိပါ၊ ဒါပေမယ့် အမှန်အတိုင်းပြောရရင်တော့ ဒီလူဟာ သူ့အတွက်ကလွဲပြီး တစ်ခြားဘယ်သူ့အတွက်မှ အကျိုးပြုတဲ့လူ မဟုတ်ဘူးကွ' သူသည် ခဏမျှ စကားဖြတ်၍ ရပ်နေသည်။ သူ့အသက်ရှူသံ တစီစီကို ကြားနေရ၏။ သူသည် မျက်နှာကို ရှုံ့ကာ မီးဖိုဆီသို့ လှမ်းကြည့်နေသည်။ 'အဲဒီတော့ကာ မင်း သူ့ဆီသွားရင် သူ့ကိုတော့ သတိထား၊ သိပ်ပြီးမျက်ခြည်မပြတ်စေနဲ့၊ ရှောဟက်ဒ်ရဲ့ နို့ခြိပိတ်ဖို့ ကိစ္စနဲ့ပတ်သက်ပြီး သူက မင်းအပေါ် အတေးအမှတ်ရှိနေတာ သေချာတယ်'

ဂျာမီသည် အပြင်မှနေ၍ မြင်းရထားဖြင့် အသင့်စောင့်နေသည်။ ကျွန်တော်တို့သည် တဖွဲဖွဲကျနေသော ဆီးနှင်းများကြားမှဖြတ်၍ မြင်းရထားကို ခပ်သွက်သွက် နှင်ကြသည်။ နော့ဒ်ဟစ်လ်မြို့စွန်ရှိ အိမ်အိုအိမ်ဟောင်းများ၏ အစွန်ဆုံးအိမ်ရှေ့တွင်ရပ်သည်။ နှစ်ဧကကျော်ကျော်ခန့် ကျယ်ဝန်းသည့် မြေပေါ်မှ အိမ်ဖြစ်သည်။

အောက်ထပ်အိမ်ရှေ့ဧည့်ခန်းထဲ၌ ထိုင်နေသူမှာ ခရိုင်ကျန်းမာရေး အရာရှိကြီးဖြစ်သည်။ စောင့်နေရသည့်အတွက် စိတ်မရှည်သည့်ဟန်ကို ဖော်ပြနေသည်။

သူ့ကိုယ်သူသာ အရေးပါအရာရောက်သည်ဟု ထင်တစ်လုံးရှိနေသော ဤလူစားမျိုးသည် သူတစ်ပါးကသာ သူ့ကိုစောင့်စေချင်ကြ၏။ သူက အခြားလူများအား စောင့်နေရခြင်းကို လိုလားသူများမဟုတ်ပေ။ ကျွန်တော် ဝင်လာသည်ကို မြင်သောအခါ ဆီး၍ပြောသည်။

'လူကြီးမင်းက အတော်နှေးကွေးတာကိုး၊ စိတ်ပျက်စရာကောင်းလောက်အောင်ကို နှေးကွေးလေးလံပါတယ်၊ ကျွန်တော့်ရဲ့ လက်ထောက် ဆရာဝန်သာဆိုရင်တော့ အခုထက်ပိုပြီး မြန်မြန်ဆန်ဆန်လုပ်တတ်အောင် သင်ပေးရမှာပဲ'

www.burmeseclassic.com

www.burmeseclassic.com


'ကျုပ်က ခင်ဗျားရဲ့ လက်ထောက်မဟုတ်ဘူး'ဟု ပြောလိုက်ရန် ဟန်ပြင်လိုက်မိ၏။ သို့သော်လည်း ကေမရှွန်စကားကို ပြန်၍သတိရလိုက်သဖြင့် ကျွန်တော့်လျှာကို ထိန်းချုပ်ထားလိုက်ပါသည်။

'ဘာကြောင့်ခေါ်တယ်ဆိုတာ ခင်ဗျားသိမှာပါ'ဟု သူက ဆက်ပြောသည်။ 'အပေါ်ထပ်က သရဲကို ကျုပ်တော့ စစ်ဆေးပြီးပြီ၊ ဒီအကောင် ရူးနေတယ်၊ ခင်ဗျားအဖို့ ခက်ခဲစရာမရှိပါဘူး၊ ခင်ဗျားလက်မှတ်နဲ့ ဆေးစာ လိုတယ်၊ ကျုပ်လဲ သွားစရာရှိတာ မြန်မြန်သွားချင်တယ်၊ မြန်မြန်ကလေးလုပ်ပါ'

ကျွန်တော် အပေါ်ထပ်တက်သွားသည့်အခါ နောက်မှနေ၍ လှမ်းအော်သည်။

'မြန်မြန်လုပ်ဗျာ၊ ကျုပ်က အလုပ်အင်မတန်များတဲ့လူ၊ ကနေ့ည ညစာစားပွဲတစ်ခု တက်စရာရှိသေးတယ်'

အလက်စ်ဒင်းသည် အိပ်ရာထဲ၌ရောက်နေသည်။ ကြိုတင်ကာကွယ်သည့်အနေဖြင့် ချုပ်နှောင်ထားသည်။ သူ့နှမ အင်နီကတော့ သူ့အိပ်ရာဘေးတွင်ထိုင်လျက်။ နီရဲနေသောမျက်လုံးများက ငိုထားကြောင်း ဖော်ပြနေကြသည်။ ကျွန်တော် သုတ်သီးသုတ်ပျာနှင့် ဝင်သွားသည့်အခါ နှုတ်ဆိတ်မှု သည် သူ့အစ်ကိုအတွက် မျှော်လင့်ချက်ကင်းမဲ့နေခြင်းကို ထင်ရှားစေပါသည်။ အခန်းထဲတွင် အလင်းရောင်မရှိ။ မြင်ရတွေ့ရပုံမှာ စိတ်ပျက်စရာ ကောင်းနေသည်။

ကျွန်တော် အလက်စ်ဒင်းကိုကြည့်ပါသည်။ ရုတ်တရက် သူမှန်းပင် မသိပါ။ အလွန်အမင်း ပြောင်းလဲသွားခြင်းတော့မဟုတ်။ သို့သော်လည်း ရုတ်တရက် မမှတ်မိလောက်အောင် ရုပ်အဆင်းအင်္ဂါပြောင်းနေသည်။ သူ့အမူအရာမှာ ရုန့်ရင်းကြမ်းတမ်းနေသော သဘောလက္ခဏာများ ရှိနေသည်။ တော်ရုံတန်ရုံဖြင့် နားမလည်နိုင်သည့် ပြောင်းလွဲမှုမျိုးဖြစ်သည်။ သူ့မျက်နှာသည် ယောင်နေသလိုလိုရှိ၏။ နှာခေါင်းပေါက်များ ပွနေသည်။ နှုတ်ခမ်းများ ထူအမ်းအမ်းဖြစ်လျက်ရှိ၏။ အရေပြားမှာ ဖယောင်းကဲ့သို့ နူးညံ့ပျော့ပျောင်းနေသည်။ နှာခေါင်းပေါ်တွင် ကန့်လန့်ဖြတ်တင်နေသော အနီကွက်များရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


သူ့လက္ခဏာမှာ ဘာကိုမှ စိတ်ပါဝင်စားခြင်း မရှိတော့သလိုဖြစ်သည်။ ကျွန်တော်က စကားပြောသည့်အခါ သူကပြန်ပြောသည်။ သို့သော်လည်း သဲသဲကွဲကွဲ ပီပီသသမဟုတ်။ ဗလုံးဗထွေးနိုင်လွန်းသဖြင့် သူ့စကားကို နားလည်ရန်မလွယ်။

'အခုလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ'ဟု ကျွန်တော်က သူ့နှမအားမေးသည်။

'နှစ်ရက်လောက် ရှိသွားပြီ၊ ဒါပေမယ့် အဲဒီရက်မတိုင်ခင်ကတော့ သူ ဆူဆူပူပူ လုပ်ရုံလောက်ပဲရှိတယ်'

'မင်းပြောတဲ့အဓိပ္ပာယ်က ဘယ်လိုလဲ'

'ဘယ်လိုမှ မဟုတ်ပါဘူး' သူသည် တုံ့ဆိုင်းဆိုင်း ဖြစ်နေသည်။

'ကျွန်မကိုပဲ ဆူဆူပူပူ လုပ်တယ်၊ ပြီးတော့ ကျွန်မကို ကြင်ကြင်နာနာ ဆက်ဆံပြောဆိုနေတာပဲ'

အိပ်ရာပေါ်မှ အလက်စ်ဒင်းသည် မငြိမ်မသက် ဖြစ်လာသည်။

'ငါ နင်တို့အားလုံးကို သတ်မယ်'ဟု မပီမသ ရေရွတ်သည်။

'မြက်ပင်တွေပေါ်ကို အဆိပ်ဖြူးကွာ၊ ငါ့ကို ဂေါ်ပြားပေး၊ တီကောင်တွေ ငါတူးမယ်'

ငြိမ်ဆိတ်နေသည်။ တောင်စဥ်ရေမရ စကားဖြစ်၏ အရူးတစ်ယောက်၏ စကားများလား၊ ဖြစ်ချင်လည်းဖြစ်နိုင်၏။ ဤကြားထဲမှပင် ကျွန်တော့်စိတ်သည် ဘဝင်မကျဖြစ်နေသည်။ စနေ့ဒီက သူနှင့်ဆန့်ကျင်သော အယူအဆမျိုး ကျွန်တော့်ဘက်က တင်လာအောင် တမင်သက်သက်၊ ထောင်ချောက်ဆင်လေသလား။ သို့သော်လည်း ထိုသံသယသည် ဖြစ်နိုင်စရာအကြောင်းမရှိ။ ယခုတွေ့နေရသည့် အတိုင်းဆိုလျှင် လူနာ၏အခြေအနေသည် တွေးထင်ထားသည့်ထက် နက်နဲမည့် အရိပ်လက္ခဏာများရှိနေသည်။

ကျွန်တော်တို့ ဆေးဝါးကုသမှုလုပ်ငန်းတွင် အဓိကအကျဆုံးနှင့် အခက်ခဲဆုံးပိုင်းမှာ ရောဂါစစ်တမ်းထုတ်ခြင်းဖြစ်သည်။ ယင်းလုပ်ငန်းထက် ခက်ခဲနက်နဲသောအလုပ်ဟူ၍ ဘာတစ်ခုမှမရှိ။ အခုလက်ရှိ ဖြစ်ပေါ်တည်ရှိနေ

www.burmeseclassic.com

www.burmeseclassic.com


သည့် လူနာ၏ အနာရောဂါလက္ခဏာများမှာ အပေါ်ယံအသွင်အပြင်ကို ကြည့်ပြီး အဆုံးအဖြတ်ပြုရမလို ဖြစ်နေသည်။

ဥပမာ အကယ်၍ လူနာက ဝမ်းဗိုက်နာပါသည်ဟု ပြောသည်ဆိုပါစို့။ သူ့တွင် ဝမ်းဗိုက်နှင့်ဆိုင်သော ရောဂါရှိနေပြီဟု ကျွန်တော်တို့ တွက်လို့ရ၏။ အခြေခံအားဖြင့် ခံစားနေရသောဝေဒနာသည် အပြင်၌ပေါ်နေသည့် ရောဂါလက္ခဏာများနှင့် ခြားနားနေပါမူကား သူ့ရောဂါသည် သွေးသို့မဟုတ် အကြောများနှင့် ဆက်စပ်နေလိမ့်မည်ဟု ခန့်မှန်းနိုင်သည်။

ကျွန်တော့်ကိုယ်ကျွန်တော် အလွန်တော်သည့် ရောဂါရှာဖွေရေးသမားတစ်ဦးဟု အထင်ကြီးစရာ အကြောင်းမရှိပါ။ နောက်ပိုင်းကာလများတွင် ရောဂါရှာဖွေရာ၌ ကျွန်တော်ကိုယ်တိုင် ကံဆိုးမိုးမှောင်ကျကာ အမှားမှားအယွင်းယွင်းတွေ ဖြစ်ခဲ့ဖူးပါသည်။ သို့တစေလည်း ယခုအခိုက်အတန့်တွင် ရင်ဆိုင်နေရသည့်လူနာမှာ ကျွန်တော့်စိတ်ထဲ၌ တစ်မျိုးခံစားနေရသည်။ အလိုလို ထင်ဟပ်လာသည့်စိတ်က ကျွန်တော့်အား သတိထား၍ ကြည့်ရှုစစ်ဆေးဖို့ သတိပေးနေသည်။

ကျွန်တော် ဒင်း၏လက်ကို စမ်းကြည့်သည်။ ခြောက်သွေ့ပြီး ကြမ်းတမ်းနေသည်။ လက်ချောင်းထိပ်များ မသိမသာ ထူနေသည်။ သူ့အပူချိန်ကို တိုင်းကြည့်သည့်အခါ သာမန်ရှိနေရမည့် အပူချိန် အနေအထားအောက်၌ ရောက်နေသည်။ ထူအမ်းရောင်ကိုင်းနေသော မျက်နှာကို အသာနှိပ်ကြည့်ပါသည်။ တင်းနေသည်။ နှိပ်လိုက်သည့်အခါခွက်၍ မသွား။ ပျော့ပျော့ပျောင်းပျောင်းမရှိ။

ကျွန်တော် အပြင်းအထန် စဉ်းစားသည်။ ရုတ်တရက် အလင်းရောင်တစ်ခု ဖျတ်ခနဲဝင်လာသည်။ ကျွန်တော်ရပြီ။ မိုက်ဆိုဒီးမားခေါ် အသားရောင်ရောဂါတစ်မျိုးဖြစ်ရမည်။ ဒင်းသည် ရူးသွပ်ခြင်းမဟုတ်။ သိုင်းရွိုက်ခေါ် လည်မျိုအဆီဖု ချို့ယွင်းသည့်ရောဂါ အမျိုးအစားဖြစ်သည်မှာ သံသယဖြစ်ဖွယ်ရာမရှိ။

အရိပ်လက္ခဏာတိုင်းသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ကာ အံဝင်ခွင်ကျဖြစ်လျက်ရှိသည်။ ချို့ယွင်းနေသော မှတ်ဉာဏ်၊ နှေးကွေးသွားသော

www.burmeseclassic.com

www.burmeseclassic.com


ဉာဏ်ရည်ဉာဏ်သွေး၊ ဖြည်းဖြည်းချင်း ပျက်ပြားနေသည့် အသိစိတ်၊ စိတ်တိုခြင်း၊ သတ်ဖြတ်ချင်စိတ်ဖြစ်သည်အထိ ကြမ်းတမ်းခြင်း စသည်များ။ ပြီး တော့ စကားမပီမသဖြစ်ခြင်း၊ အသားအရေ ခြောက်သွေ့ခြင်း၊ လက်ချောင်း ထိပ်များ ထူနေခြင်း၊ မျက်နှာရောင်နေခြင်း စသည်များ။ ရုပ်လုံးအပြည့်ပေါ် လာအောင် ပုံဖော်နိုင်ခြင်းသည် တကယ့်အောင်မြင်မှုတစ်ရပ်ဖြစ်ပါ၏။

ကျွန်တော်သည် စိတ်ကိုချုပ်တည်းကာ ထိုင်ရာမှထလိုက်ပါသည်။ ကုလားထိုင်ကို နံရံနှင့်ထိသွားသည်အထိ တွန်းဖယ်လိုက်သည်။ အင်နီက ကျွန်တော့်အား စိတ်မချမ်းမမြေ့သံဖြင့် လှမ်းပြောသည်။

'မင်တံနဲ့မင်အိုး စားပွဲပေါ်တွင်ရှိပါတယ် ဒေါက်တာ၊ စာရွက်တွေ ဘေးမှာပါ'

'အချိန်ရသေးတယ် အင်နီ'ဟု ကျွန်တော်က ပြန်ပြောသည်။ 'အခု လောလောဆယ် စာရေးချင်စိတ် မရှိသေးဘူး'

ကျွန်တော် သူ့ကို အားပေးသည့်မျက်နှာထားဖြင့် လှမ်းကြည့်ပြီး အောက်ထပ်သို့ဆင်းခဲ့သည်။ ဧည့်ခန်းထဲသို့ရောက်သောအခါ ကျွန်တော်က လူနာအတွက် ထောက်ခံစာ မပေးနိုင်ကြောင်း ပြောပြလိုက်ပါသည်။

စနော့ဒီသည် အံ့အားကြီးသင့်ကာ ကျွန်တော့်အား ပြူးတူးပြဲတဲနှင့် ကြည့်နေသည်။

'ဘာလဲ၊ ခင်ဗျားပါ ရူးသွားပြီလား'

'မရူးဘူး ထင်ပါတယ်'

'ဒါဆိုရင် ခင်ဗျားက ဘာဖြစ်လို့ မထောက်ခံတာလဲ'

'အကြောင်းက ကျွန်တော့်အမြင်မှာ ဒင်းဟာ မရူးဘူး၊ သူ့အနေ နဲ့ မိုက်ဆိုဒီးမားရောဂါဒဏ် ခံစားနေရပါတယ်၊ အဲ့ဒါပဲ'

ဒေါက်တာ စနော့ဒီ၏ ပန်းရောင်မျက်နှာသည် ရဲတက်လာသည်။

'ဘုရားသခင် ကယ်တော်မူပါ၊ ခင်ဗျားက ကျုပ်ရဲ့အယူအဆကို ဆန့်ကျင်နေတာလား၊ ကျုပ် လူနာကိုမကြည့်ဘဲ ပြောတယ်လို့ ထင်နေသလား၊ ကျုပ်ကိုယ်တိုင်က သူ့ကို စစ်ဆေးပြီး၊ ထောက်ခံထားပြီးသားဆိုတာကော သိရဲ့လား၊ ဒီကောင် အရူးဗျ၊ လူတောင်သတ်မယ့်အရူး'

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က လေသံကိုနှိမ့်လိုက်ပါသည်။

'အဲဒါက ကျွန်တော့်အမြင်မဟုတ်ဘူးလေ၊ ကျွန်တော့်အမြင်က ဒင်းဟာ ခန္ဓာကိုယ်မှာ နေထိုင်မကောင်းဖြစ်နေတဲ့အတွက် စိတ်မှာလဲ နေမကောင်းဖြစ်လာတာ၊ အဲဒီတော့ အဆီဖုကို စနစ်တကျကုမပေးဘဲ အရှူးထောင်ကိုပို့ရင် ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ရာရောက်တာပဲ၊ ဒါကြောင့်မို့ ကျွန်တော်က မထောက်ခံဘူးလို့ ငြင်းရတာ၊ ကဲပါလေ၊ ဒီလူနာက ကျွန်တော့်လူနာမဟုတ်တော့တာ၊ ကျွန်တော်ဒီမှာ ဘာမှဆက်လုပ်စရာမရှိတော့ဘူး၊ ကျွန်တော်ပြန်မယ်၊ မင်္ဂလာညချမ်းပါ ဒေါက်တာစနေ့ဒီ'

ကျွန်တော်သည် မရွှင်သောနှလုံး၊ မပြုံးသောမျက်နှာဖြင့် အိမ်ပြန်လာခဲ့သည်။ အခြေအနေက ကျွန်တော့်အား ဒီလူနှင့် ပဋိပက္ခဖြစ်အောင် ထပ်မံ၍ ဖန်တီးလာပြန်သည့်အတွက် စိတ်မကောင်းဖြစ်မိပါသည်။ သူသည် တတ်ယောင်ကား သမားတစ်ဦးဖြစ်သည့်အားလျော်စွာ ကျွန်တော်ပြောခဲ့သည့် မိုက်ဆိုဒီးမားဆိုသော စကားလုံးကိုပင် ကြားဖူးမည်မထင်ပါ။

အာဒင်ဂေဟာသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် မြင်းဇက်ကြိုးကို ဂျာမီလက်ထဲထိုးထည့်ပြီး မြင်းရထားပေါ်မှ ခုန်ဆင်းခဲ့သည်။ အိမ်ပေါ်ထပ်သို့ တောက်လျှောက်တက်ခဲ့သည်။ ကျွန်တော်က အဖြစ်သနစ်ကို ပြောပြလိုက်သောအခါ ကေမရွန်သည် သူ့ဒူးနှစ်လုံးပေါ်မှစောင်ကို ဆွဲဖယ်ပစ်သည်။

'ဂျာမီ'ဟု လှမ်းအော်သည်။ 'မင်းမြင်းရထားနဲ့ အင်နီကို အမြန်ဆုံးသွားခေါ်စမ်း'

ဤသို့ဖြင့် ဒေါက်တာကေမရွန်၏ အကြံပြုချက်အရ ဒင်း၏နှမသည် စနေ့ဒီခိုင်းသည့်အတိုင်းမလုပ်တော့ဘဲ ကျွန်တော်စစ်တမ်းထုတ်ထားသည့် ရောဂါကို စနစ်တကျကုသခံဖို့ သဘောတူခဲ့သည်။

ကျွန်တော့်တာဝန် လုံးဝဖြစ်သွားခဲ့လေပြီ။ အကယ်၍ ကျွန်တော်၏ အယူအဆ မှားခဲ့သည်ရှိသော်ဟူသောအတွေးဖြင့် ကျွန်တော် တုန်လှုပ်မိပါသည်။ ကေမရွန်၏စိတ်ဝင်စားမှုသည် များစွာကြီးမားသည်။ ပါးစပ်ကသာ မပြောသော်လည်း သူ့အကြည့်ကို မြင်ရုံမျှဖြင့် ကျွန်တော် တပ်အပ်ပြောနိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com


သည်။ နောက်သီတင်းပတ် အနည်းငယ်မျှအတွင်း ကျွန်တော်ဆုံမိတိုင်း ကြည့်ကြည့်နေသော အကြည့်သည် များစွာအဓိပ္ပာယ်ရှိလှ၏။ မည်သို့ပင်ဖြစ်စေ ဆိတ်ဆိတ်နေခြင်း၏တန်ဖိုးကို ကျွန်တော် သူ့ထံမှ နားလည်လာခဲ့ခြင်း ဖြစ်ပါသည်။

တစ်နံနက်ခင်း နံနက်စာစားနေခိုက်တွင် ကျွန်တော်က ယနေ့မွန်းလွဲပိုင်း တစ်နာရီခွဲခန့် ခွင့်ပေးဖို့ ကေမရွန်အားပြောသည်။

'ဘာလုပ်ဖို့လဲကွ'

'မိတ်ဆွေတစ်ယောက်နဲ့ လမ်းလျှောက်ချင်လို့'ဟု ကျွန်တော်က ဖြေလိုက်ပါသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ဆရာဝန်အဘိုးအိုသည် ဓားတစ်ချောင်းဖြင့် ဥယျာဉ်ထဲ၌ အလုပ်မရှိအလုပ်ရှာ၍ လုပ်နေသည်။ ဤအခိုက်တွင် ဝင်းတံခါးပွင့်သွားပြီး လူနှစ်ယောက်ဝင်လာသည်ကို သူမြင်လိုက်သည်။ သူသည် ကျွန်တော်တို့အား လှမ်း၍ကြည့်နေပါသည်။

'ကဲ…' ဟု ကျွန်တော်က စကားစလိုက်သည်။ 'ဒေါက်တာရဲ့ ဥယျာဉ်မှူး ပြန်ရောက်လာပြီ'

ကျွန်တော်ခေါ်လာသူမှာ အလက်စ်ဒင်းဖြစ်ပါသည်။ အနည်းငယ်မျှ ပိန်သွားသော်လည်း သူ့အပြုံးက ယခင်ကလိုပင် မဝံ့မရဲအပြုံးဖြစ်သည်။

'ဘယ်လိုလဲ ငါ့လူရဲ့ မင်းနေကောင်းပြီလား'ဟု ကေမရွန်က မေးသည်။

'ကျွန်တော် နေကောင်းသွားပါပြီ'ဟု ဒင်းက ရှက်ကိုးရှက်ကန်း မျက်နှာထားဖြင့်ဖြေသည်။ 'လက်ပဲ နည်းနည်းနာနေတယ်'

'အလက်စ်ဒင်းရဲ့လက်ကို ရွာထဲကလူတစ်ရာလောက်က ဆွဲဆွဲပြီး နှုတ်ဆက်တာ ခံခဲ့ရလို့ပါ'ဟု ကျွန်တော်က ရှင်းပြသည်။ 'ကျွန်တော်တို့ ရွာထဲက ဖြတ်လျှောက်လာခဲ့ကြတာ'

တစ်ခဏမျှ ငြိမ်နေသည်။ ကေမရွန်က နှပ်တစ်ချက်ညှစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


'မင်းဒီမှာ ဘာကြောင့်ရပ်ပြီး အချိန်ဖြုန်းနေရတာလဲ၊ ဂျက်နက်ဆီ သွားပြီး မင်းလက်ဖက်ရည်ကို သောက်တော့လေ'

ဒင်း ထွက်သွားသောအခါ ကေမရွှန်က ကျွန်တော့်လက်ကို ဆွဲယူလိုက်ပါသည်။

လာတော့မည်ဟု ကျွန်တော်က တွေးသည်။ သူ ကျွန်တော့်အား ချီးကျူးစကားပြောပေတော့မည်။ ကျွန်တော် မျှော်လင့်တောင့်တနေသည့် အချိန်ကာလကလေးနှင့် ရင်ဆိုင်ရတော့မည်။

ကျွန်တော်တို့ အိမ်ဘက်သို့လျှောက်လာကြခိုက်တွင် အလွန်ခေါင်းမာသည့် စကော့အဘိုးအိုထံမှ တစ်ခွန်းတည်းသောစကား ကြားရသည်။

'လာမယ့် နွေရာသီဆိုရင်တော့ ငါ့ရေမွှေးပန်းတွေကို ပြန်စိုက်မှ ဖြစ်မယ်'

ထိုးစံအတိုင်း သူ့လေသံတွင် ဖော်ရွေမှု နည်းပါးလွန်းလှပါသည်။

* * * * *

(၉)

ကြုံနေရသည်များမှာ ကျွန်တော့်ကိုယ်ကျွန်တော် လူသိများပြီး ကျော်ကြားလာအောင် တမင်တကာလုပ်ယူသလို ဖြစ်နေသည်။ တန်နေ့ချ်ဘရေး ရွာမှ လူအများကတော့ 'အမြန်ပြေးနေသည်'ဟု မှတ်ချက်ချနေကြ၏။ တကယ်တော့လည်း ကျွန်တော်၏ကျော်ကြားမှုသည် အနည်းငယ် မြန်ဆန်ကောင်းမြန်နေပါလိမ့်မည်။ ယင်းကဲ့သို့ ဖြစ်ရခြင်းသည် ကျွန်တော်ကိုယ်တိုင်က ကျွန်တော့်ကိုယ်ကျွန်တော် သိပ်ပြီးအထင်ကြီးလွန်း၍ ဖြစ်ကောင်းဖြစ်လိမ့်မည်ဟု ထင်ပါသည်။

ဤကြားထဲတွင် ဒေါက်တာကေမရွှန်နှင့် ဆုံမိသည့်အချိန်အခါများ ရှိသည်။ သူသည် ကျွန်တော်၏ ရွှင်လန်းတက်ကြွနေသောမျက်နှာကို ခိုးကြည့်တတ်သည်။ အများအားဖြင့်တော့ မေးစေ့ကိုပွတ်ကာ ဘာသာလဝါလုပ်နေ

www.burmeseclassic.com

www.burmeseclassic.com


တတ်သည်။ သူ့မျက်လုံးများထဲ၌ ကျေနပ်အားရမှုရှိနေသည့်တိုင်အောင် သူက တော့ ထုံးစံအတိုင်း ကျွန်တော်ရိပ်မိအောင် မနေ၊ ဖုံးကွယ်ထားတတ်သည်။ နှုတ်မှလည်း ဘာစကားမှမပြော။

နှစ်သစ်ကူးအကြို ညခင်းမတိုင်မီ တစ်ရက်တွင် ရာသီဥတုကလည်း သာယာလန်းဆန်းနေသည်။ အေးမြသောလေကလည်း အသာအယာတိုက်ခတ် နေသည်။ ထိုအချိန်တွင် ကျွန်တော်သည် ဆေးခန်းတစ်ဖက်ရှိ အခန်းကျဉ်း ကလေးထဲ၌ 'ဗီလင်းစမ်းသပ်မှု' တစ်ခုကို ပြုလုပ်လျက်ရှိပါသည်။ ယခင် ထိုအခန်းကို 'နောက်ဖေးခန်း' ဟု ခေါ်ကြသော်လည်း ကျွန်တော်ရောက်ပြီး သိပ္ပံနည်းကျ စမ်းသပ်မှုများကို စိတ်အားထက်သန်စွာ လုပ်ကိုင်နေရာမှ ကျွန် တော်က 'ဓာတ်ခွဲခန်း'ဟု အမည်သစ်ပေးခဲ့သည်။ ယနေ့ မွန်းလွဲပိုင်းတွင် ဒေါက်တာကေမရွန်က သူနေ့စ်ဟစ်လ်မြို့မှ လူနာတစ်ယောက်ထံ သွားရလိမ့် မည်ဟု ပြောသည်။ ကျွန်တော်က ခပ်ပေါ့ပေါ့လေသံဖြင့် 'သွားလေ၊ ရပါ တယ်၊ ကျွန်တော်ကတော့ ဓာတ်ခွဲခန်းထဲမှာ အချိန်ဖြုန်းလိုက်ဦးမယ်' ဟု ပြန်ပြောခဲ့ပါသည်။

ကျွန်တော်သည် ဆေးတံကို ပါးစပ်တွင်ခဲကာ ဘန်ဆင်းလေမီးဖို ပေါ်၌ တင်ထားသည့် စမ်းသပ်ဖန်ပြွန်ထဲမှ အပြာရောင်အရည်များ ပွက်ပွက် ဆူနေသည်ကို စောင့်ကြည့်နေသည်။ အပြာရောင်အရည်သည် တဖြည်းဖြည်း နှင့် အုတ်နီခဲရောင်သို့ ပြောင်းသွားသည်။ သကြားဓာတ်ပေတည်း။ ကျွန်တော် သံသယဝင်နေသည့်အတိုင်း မှန်နေပြန်ပြီ။ မှန်ကန်သည့် ရောဂါစစ်တမ်းတစ် ခုကို ကျွန်တော်ရရှိပြန်ပြီဖြစ်၏။

ဤအခိုက်တွင် တံခါးဖွင့်သံကြားလိုက်ရပြီး ကျွန်တော့်ရှေ့၌ ဂျက် နက် လာရပ်သည်ကို တွေ့လိုက်ရပါသည်။

'ဝီလျံဒွန်ကင်းလာတယ်၊ ဒေါက်တာကေမရွန်နဲ့ တွေ့ချင်လို့တဲ့'ဟု ဂျက်နက်က ပြောသည်။ 'မျိုးစေ့ရောင်းတဲ့ ဒွန်ကင်းကိုပြောတာ၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က လက်ထပ်ခဲ့တဲ့ကောင်လေးပေါ့၊ သူ့အိမ်က မားကင့်ချ်လမ်း မှာ'

ကျွန်တော်က စိတ်ပျက်လက်ပျက်ဖြင့် ဂျက်နက်အား မော့ကြည့်မိ

www.burmeseclassic.com

www.burmeseclassic.com


သည်။ ဂျက်နက်ကတော့ ကျွန်တော် ဘာဖြစ်သွားသွား ဂရုထားပုံမပေါ်။ သူ့အပြုအမူသည် နည်းနည်းကလေးမှ ပြောင်းသွားခြင်းမရှိ။ ကျွန်တော်က ကျွန်တော့်ရှေ့မှောက်ရှိ စမ်းသပ်ဖန်ပြွန်မှတစ်ပါး အခြားဘာကိုမှ စိတ်မဝင်စားသည့်ဟန်ပြထားသည်။

'ဒေါက်တာ ကေမရှန်မရှိဘူး၊ နော့စ်ဟစ်လ်မြို့သွားတယ်လို့ ပြောလိုက်ပေါ့'

'ကျွန်မ သူ့ကိုပြောပြီးပြီ'ဟု ဂျက်နက်က ခပ်တည်တည် ပြန်ပြောသည်။ 'သူကပြောတယ်၊ ဒီကိစ္စကို ရှင်လဲပဲ လုပ်ပေးနိုင်ပါတယ်တဲ့'

အိမ်ရှေ့ခန်းမထဲ၌ ဝီလျံဒွန်ကင်းနှင့်တွေ့သည်။ သူ့အမူအရာမှာ စိတ်လှုပ်ရှားနေပုံရ၏။ သူသည် မတ်တတ်ရပ်လျက်ရှိသည်။ ဦးထုပ်ဆောင်းမထား။ ကုတ်အင်္ကျီဝတ်မထား။ လည်စီးပဝါတစ်ထည်ကိုသာ လည်ပင်း၌ ပတ်ထားသည်။ တစ်စုံတစ်ခုသော သောကကြောင့် တုန်လှုပ်နေသည်။ သူက ကလေးနေမကောင်းလို့ဟု ပြောသည်။ အခြေအနေက ဆိုးနေသလားဟုမေးတော့ သိပ်ကိုဆိုးနေပါသည်ဟု ဖြေသည်။ ကလေးသည် အသက်မှန်မှန်ပင် ရှူနိုင်ပုံမပေါ်။ အဆုတ်ထဲမှ တစီစီမြည်သံများ ကြားနေသည်။ မစ္စက်နီဗန်းနှင့် အခြားလူအားလုံးက နမိုးနီးယားဖြစ်နေသည်ဟု ပြောကြသဖြင့် သူ့မိန်းမမှာ များစွာစိတ်ပူနေပါသည်ဟုလည်း ဒွန်ကင်းက ရှင်းပြသည်။

ကျွန်တော် မျက်မှောင်ကြုတ်လိုက်မိပါသည်။ မစ္စက်နီဗန်းဟုခေါ်နေသော ဘဲလားနီဗန်းမှာ ဝမ်းဆွဲဆရာမဖြစ်သည်။ သူနာပြုဆရာမလည်း လုပ်သည်။ လူသေရှိလျှင်လည်း အလောင်းပြင်တာဝန်ယူသည်။ သူသည် နေရာတကာတွင် စပ်စပ်စုစုလုပ်တတ်သည်။ အရည်အချင်းကတော့ လုံးဝရှိသူမဟုတ်။ ကောင်တီခရိုင်အတွင်း၌ 'မိန်းမပညာရှိကြီး'တစ်ယောက်ဟု အမည်ပေးထားခြင်းခံရသူဖြစ်သည်။

ကောင်တီခရိုင်အတွင်းရှိ ဆရာဝန်တိုင်းကလည်း သူ့အား မုန်းတီးရွံရှာကြသည်။ သူ့နာမည်ကြားရုံမျှဖြင့် ကျွန်တော်စိတ်ရှုပ်သွားမိပါသည်။

'ကျွန်တော် ခုချက်ချင်းလိုက်ခဲ့မယ်၊ ခင်ဗျားပြန်နှင့်၊ ကျွန်တော်လာနေပြီဆိုတာလဲ သူတို့ကို ပြောထားလိုက်ပေါ့'

www.burmeseclassic.com

www.burmeseclassic.com


မြင်းရထားကို ဒေါက်တာကေမရှန်ယူသွားသဖြင့် နေ့စဉ်ဟစ်လ် လမ်းမကြီးအတိုင်းသွားရမည့် နှစ်မိုင်ခရီးကို စက်ဘီးဖြင့်သွားရပေတော့မည်။ စက်ဘီးနှင့်သွားရခြင်းကို ကျွန်တော်ကြိုက်သည်။ လေ့ကျင့်ခန်းတစ်ခု လုပ်နေသည်နှင့် အတူတူပင်ဖြစ်သည်မဟုတ်ပါလော။ သို့သော်လည်း ရိုးရိုးသားသား ပြောရမည်ဆိုပါက စက်ဘီးဘားတန်းတွင် ဆေးအိတ်ကိုချိတ်၍ ဟိုက်လမ်းအတိုင်း စက်ဘီးနင်းသွားရခြင်းသည် ကျွန်တော့်အတွက် ဂုဏ်ပျက်စရာ အလုပ်တစ်ခုဟု ထင်နေမိသည်။ အထူးသဖြင့် အခုလိုအချိန်တွင် ရွာ့မျက်နှာဖုံးဟု ဆိုအပ်သော လူများသည် သစ်ဆဲလ်ထမင်းဆိုင်၌ ရှိနေတတ်ကြသည်။ ထမင်းဆိုင်ပြတင်းပေါက်မှနေ၍ ကျွန်တော်ဖြတ်သွားသည်ကိုမြင်လျှင် ဝိုင်း၍ ကြည့်ကြတော့မည်မှာ မလွဲ။

လိုမွှန်ဗရူးဂေဟာဟု အမည်ပေးထားသောအိမ်သို့ ကျွန်တော်ရောက်သွားသည်။ သေးငယ်သော်လည်း သပ်သပ်ရပ်ရပ်ရှိသော ကော့တိတ်ချ်ခေါ် တိုက်အိမ်ကလေးဖြစ်ပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော် အလွန်မြန်လှသည်ဟု ထင်ထားရာ ဒွန်ကင်းက ကျွန်တော့်ထက် ပို၍မြန်နေသည်ကို တွေ့ရသည်။ သူသည် ကျွန်တော့်အား တံခါးဝမှလာကာ အမောတကော ဆီးကြိုသည်။ စိတ်ဝင်စားစရာသတင်းကိုလည်း ဆီးပြောသည်။

'ကျွန်တော် အခုပဲ မစ္စနီဗန်းကိုမေးကြည့်တယ် ဒေါက်တာ၊ ကလေးက နည်းနည်းလေးမှ မသက်သာဘူးတဲ့'

ကျွန်တော် အိမ်အပေါ်ထပ်သို့ တက်ခဲ့သည်။ မှောင်မည်းနေသော အခန်းထဲရောက်သွားသည့်အခါ ကလေးအသက်ရှူသံကို ကြားနေရသည်။ အသက်ရှူသံမှာ စူးစူးရှရှနှင့် လေချွန်သံလို ဖြစ်နေပါသည်။

'ဘယ်လိုလုပ်ထားကြတာပါလိမ့်'ဟု ကျွန်တော် မတွေးဘဲမနေနိုင်။ အခန်းထဲတွင် မဟုတ်ကဟုတ်ကတွေ လုပ်ထားပုံရသည်ဟုလည်း ထင်၏။ ကလေးအမေကတော့ လောလောလတ်လတ် ဖိုထားပုံရသည့် ကျောက်မီးသွေးမီးဖိုဘေး၌ထိုင်ကာ မှိုင်တွေချလျက်ရှိသည်။

'ခန်းဆီးတွေ ဖွင့်လိုက်ပါ၊ ကျွန်တော့်အတွက် အလင်းရောင်လေး ဘာလေးရအောင်တော့ လုပ်ကြပါဦး'

www.burmeseclassic.com

www.burmeseclassic.com


ဘဲလားနီဗန်းက ကြားမှဝင်ပြောသည်။ 'ခန်းဆီးတွေကို ကျွန်မ ပိတ်ထားခိုင်းထားတာ၊ အလင်းရောင်က ကလေးကို အနှောင့်အယှက်ပြုတတ်တယ်ဆိုတာ ရှင်မသိဘူးလား'

'ကျုပ် ကြောင်တစ်ကောင်မဟုတ်ဘူး၊ အမှောင်ထဲမှာ ကျုပ်ဘာမှ မမြင်ရဘူး'

မစ္စက်ဒွန်ကင်းက ကျွန်တော်တို့နှစ်ယောက်ကြား အဆင်ပြေအောင် ဖြန်ဖြေသည့်သဘောဖြင့် ခန်းဆီးများကို တစ်ဝက်စီဖွင့်ပေးသည်။

ကျွန်တော် ကလေးကိုကြည့်ပါသည်။ ကလေးမှာ မငြိမ်မသက်နိုင်လွန်းလှပါသည်။ ပါးများနီရဲနေသည်။ အိပ်ရာထက်တွင် လူးဟယ်လိမ့်ဟယ် ဖြစ်နေသည်။ ညည်းသံများပြုသည်။ အိပ်ရာခင်းများကို လက်များဖြင့် ဆုပ်ဆွဲထားသည်။ အသက်ရှူသံက စူးစူးရှရှ။

ကျွန်တော် အပူချိန်တိုင်းကြည့်သည်။ ၁၀၀ ဖာရင်ဟိုက် ရှိနေသည်။ နားကြပ်နှင့် ရင်ဘတ်ကိုစမ်းကြည့်သည်။ ဤစမ်းသပ်မှု လုပ်ရသည်မှာ မလွယ်ပါ။ ကလေးက ငြိမ်သက်စွာနေသည်မဟုတ်။ ရေကန်တစ်ကန်ထဲမှ အသက်ရှင်နေသော ငါးသိုင်းတစ်ကောင်လို တွန့်လိမ်လူးပ်ရှားနေသည်။ သို့သော်လည်း သူခံစားနေရသည့် ဝေဒနာသည် အသက်ရှူခြင်းနှင့် ဆက်စပ်နေသည်မှာကတော့ ခန့်မှန်း၍ရသည်။ အသက်ရှူပုံက ခြောက်သွေ့လွန်းလှ၏။ နမိုးနီးယားရောဂါသို့မဟုတ် အဆုတ်ထဲရေဝင်သည့်ရောဂါမျိုးဟုလည်း အတိအကျပြော၍မရ။ အတိအကျ သတ်မှတ်၍မရသည့် ရောဂါမျိုးနှင့် တွေ့နေရပြန်သလား။ နမိုသိုရက်စ်ဟုခေါ်သည့် အဆုတ်နှင့်ပတ်သက်သော ရောဂါတစ်မျိုးလား၊ သို့မဟုတ် အဆုတ်တွေ ရောင်နေခြင်းလား။ ကလေးပေါက်စများ နေထိုင်မကောင်းဖြစ်ပါက အလွန်ရောဂါရှာလို့ခက်သည်။ အကယ်၍ စကားပြောတတ်သည့် အသက်အရွယ်ဆိုလျှင် မေးလို့မြန်းလို့ရသဖြင့် ခက်ခဲစရာသိပ်မရှိ။ ကျွန်တော့်အနေဖြင့် ကြံရာမရ ဖြစ်လျက်ရှိပါသည်။

ကျွန်တော်သည် နားကြပ်ကိုဖြုတ်လိုက်သည်။ မစ္စက်နီဗန်းက အထင်အမြင်သေးသည့် မျက်နှာထားဖြင့် ကျွန်တော့်အား လှမ်းကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com


'နားကြပ် တထောက်ထောက်လုပ်ပြီး နားထောင်နေဖို့ သိပ်မလိုပါဘူး။ ကလေးက ရင်ကျပ်နေတာပဲ'

ကျွန်တော် ရင်ဆိုင်နေရသည့် အခက်အခဲကြောင့် ကျွန်တော့်စိတ်တွင် ခြိမ်းခြောက်ခံရသလို ဖြစ်သွားသည်။

'ဒါ... ရင်ကျပ်တာမဟုတ်ဘူး' သူ့အား ဆန့်ကျင်လိုသောစိတ် ဖြင့် ကျွန်တော်က ပြန်ပြောလိုက်မိသည်။

'ရှင်က သိပ်ဆိုးတယ်လို့ ပြောချင်တာလား'ဟု သူက ပြန်မေးသည်။

'ဘုရားသခင် ကယ်မတော်မူပါ'ဟု မစ္စက်ဒွန်ကင်းက ရေရွတ်သည်။

ကျွန်တော်က ထိတ်လန့်တကြား ဖြစ်နေရှာသော မစ္စက်ဒွန်ကင်း ဘက်သို့ လှည့်လိုက်သည်။ သို့သော်လည်း ကျွန်တော့်နှုတ်မှ ဖျောင်းဖျစကားများ ထွက်မလာသေးမီ မစ္စက်နီဗန်းက ကျွန်တော့်အား နောက်တစ်ကြိမ် တိုက်ခိုက်ပြန်ပါသည်။

'ရှင်ပြောသလို ရင်ကျပ်တာ မဟုတ်ဘူးဆိုရင် ကလေးဘာဖြစ်နေတာလဲ' ဟုမေးသည်။

'ကျုပ်အယူအဆနဲ့ ကျုပ်ပေါ့၊ ဖြစ်နေတာ အဆုတ်ပဲ'

'အဆုတ်' မစ္စက်နီဗန်းက ရေရွတ်သည်။ 'အဆုတ်တဲ့၊ ဟား... ဒီအခန်းတံခါးပေါက်မှာ ခြေတစ်ဖက်ချမိကတည်းက အဆုတ်ကြောင့် ဖြစ်နေတယ်ဆိုတာ ကျွန်မ မသိဘူးထင်နေသလား၊ ကဲ... ထားပါတော့၊ ရှင်ပြောသလို အဆုတ်ဆိုရင် ရှင်ဘာလုပ်ပေးမှာလဲ၊ ဒီကလေး တရှိုးရှိုးအသက်ရှုရင်းနဲ့ မြေကြီးထဲရောက်သွားတာကို ရပ်ပြီးကြည့်နေရမလား၊ ဒါမှမဟုတ်လဲ ကျွန်မ သိထားနားလည်ထားတဲ့နည်းနဲ့ ကလေးရဲ့ ရင်ဘတ်နဲ့ကျောကို မုန့်ညင်းဆီ လိမ်းပေးရလား'

'ကျုပ်က ဆီလိမ်းပေးဖို့ မပြောမချင်း သွားမလိမ်းနဲ့'ဟု ကျွန်တော် က ခပ်တင်းတင်းပင် ပြောသည်။

'ဒါဆိုရင် တခြားဘာလုပ်'

www.burmeseclassic.com

www.burmeseclassic.com


'ဘာမှမလုပ်နဲ့'

ကျွန်တော် သူ့ကိုစကားဖြတ်ခဲ့ပြီး မစ္စက်ဒွန်ကင်း၏လက်ကို အသာအယာ ဆွဲယူလိုက်သည်။

'ဒုတိယဆရာဝန်တစ်ဦးရဲ့ ထင်မြင်ယူဆချက်ကိုပါ ကျွန်တော် ရမှဖြစ်မယ်၊ လူနာရဲ့ အခြေအနေအရ ရောဂါက ဆုံးဖြတ်ရခက်နေတယ်၊ စိတ်ကိုအေးအေးထားပါ၊ ဘာမှမပူပါနဲ့၊ နာရီဝက်အတွင်းမှာ ဒေါက်တာကေမရွန်ကိုခေါ်ပြီး ကျွန်တော်ပြန်လာခဲ့ပါ့မယ်'

'ဒီအခန်းထဲ ခြေချပြီးတဲ့နောက် အခုပြောတဲ့စကားဟာ ပညာရှိစကားပဲ'ဟု မစ္စက်နီဗန်းက မျက်နှာကြက်ကိုမော့ကြည့်ပြီး တစ်ယောက်တည်းပြောသည်။

ကျွန်တော် အခန်းထဲမှ ပြန်ထွက်လာသောအခါ နဖူးတွင် ချွေးသီးချွေးပေါက်များ စို့နေသည်။ အခုလောလောဆယ် ထိုအခန်း၏ အပြင်ဘက်ရောက်လာရခြင်းအတွက် ကျွန်တော်ဝမ်းသာလှ၏။ သို့သော်လည်း ကလေး၏တရှိုးရှိုးအသက်ရှူသံသည် ကျွန်တော်နှင့်အတူ အောက်ထပ်သို့လိုက်လာသည့်နှယ် ခံစားနေရပါသည်။

ကျွန်တော်သည် စက်ဘီးဘားတန်းပေါ်ကုန်းကာ စက်ဘီးကို တအားကုန်နင်း၍ပြန်လာခဲ့သည်။ နေဝင်ဖျိုးဖျအချိန်ဖြစ်သည်။ ရွာထဲမှ လူတွေမြင်လျှင် ဂုဏ်သိက္ခာကျမည့်အရေးကိုပင် သတိမရပါ။ အာဒင်ဂေဟာသို့ အသွားတုန်းကထက် အချိန်တစ်ဝက်ခန့်စော၍ ပြန်ရောက်ခဲ့ပါသည်။

ကေမရွန်သည် ထမင်းစားခန်းထဲရှိ မီးဖိုရှေ့၌ စိတ်အေးနားအေးထိုင်ကာ ကိတ်မုန့်တစ်ခုကို စိမ်ပြေနပြေစားရင်း လက်ဖက်ရည်သောက်လျက်ရှိသည်။

'အေး... လာဟေ့ ငါ့လူ၊ လာ'ဟု သူက ဆီး၍အော်သည်။ 'ပေါင်မုန့်တွေ အေးမကုန်ခင် မင်းရောက်လာတာ အတော်ပဲကွ'

ကျွန်တော်က ကြိုးစားအားထုတ်ပြီး ပြုံးပြသည်။ မပီပြင်သည့်အပြုံးဖြစ်ပါသည်။

'တော်ပြီ... ကျွန်တော် လက်ဖက်ရည်သောက်ဖို့ မစဉ်းစားနိုင်သေး

www.burmeseclassic.com

www.burmeseclassic.com


ဘူး၊ လူနာတစ်ယောက်ကိုကြည့်ပြီး ပြန်လာတာ၊ အခြေအနေက ဆိုးတယ်၊ လိုမွန်ဗရူးဂေဟာက မစ္စက်ဒွန်ကင်းရဲ့သမီးကလေး နေမကောင်းဖြစ်နေတယ်'

'အင်း'

ကင်မရွန်က ကျွန်တော့်အား ဖျတ်ခနဲမော့ကြည့်သည်။ ထို့နောက် မျက်နှာပြန်လွှဲသွားသည်။ 'အေး… ဟုတ်တယ်၊ ချစ်စရာကောင်းတဲ့ကလေး မလေးပဲ၊ လွန်ခဲ့တဲ့ ဆယ့်ရှစ်လက ငါမွေးထားပေးခဲ့တာ၊ ဟော့… ဒီမှာတွေ့ လား၊ ကောင်းပေ့ဆိုတဲ့ ဒိန်ခဲ၊ တို့အတွက် ဂျက်နက်ချပေးထားတာလေ၊ ဆောင်းတွင်းဆိုရင် ငါက ဖုတ်ပြီးစ ပေါင်မုန့်ပူပူနွေးနွေးနဲ့ ဒိန်ခဲဝါးပြီး လက်ဖက်ရည်လေးသောက်လိုက်ရတာကို သိပ်ကြိုက်တဲ့ကောင်ကွ သိလား၊ ကဲ… လုပ်လေကွာ၊ ငါ့လူ၊ စားကြည့်စမ်းပါ'

ကျွန်တော်ကတော့ ပျာယာခတ်လျက်ပင်ရှိပါသည်။

'ကျွန်တော်ပြောထားတယ်မဟုတ်လား၊ ကျွန်တော် ဒီလူနာအတွက် စိတ်မအေးဘူး'

'ထွတ်တရီး မင်းနဲ့တူတဲ့လူ တစ်ယောက်မှမရှိသေးပါဘူးဟာ၊ ငါတကယ်ပြောတာပါ၊ ဘယ်လူနာမဆို ရောဂါရှာတဲ့နေရာမှာ ရှာမှရှားပါ၊ ဒွန်ကင်းရဲ့ကလေးကိစ္စကို ဒီလောက်ကြီး ပူမနေစမ်းပါနဲ့၊ လာ… ထိုင်၊ ဒိန်ခဲလေးတစ်ချပ်လောက် စားကြည့်စမ်း'

သူ၏သရော်အကြည့်နှင့် ရင်ဆိုင်ရသောအခါ ကျွန်တော်စိတ်တို လာသည်။

'ခင်ဗျားဒိန်ခဲကို ကျုပ် စိတ်မဝင်စားဘူးဗျာ'ဟု ဒေါသတကြီး ပြောမိသည်။ 'ကျုပ် ခင်ဗျားကို ကျုပ်နဲ့လိုက်လာပြီး ဒွန်ကင်းရဲ့ကလေးကို ကြည့်စေချင်တယ်'

ကေမရွန်၏နှုတ်ခမ်းများ မဲ့သွားသည်။ 'အေးပါလေ၊ ကလေးဘယ် လိုဖြစ်နေတယ်ဆိုတာ ပြောစမ်းပါဦး'

'အဆုတ်တွေက တရှီးရှီးမြည်နေတယ်'

ကေမရွန်က မျက်ခုံးများကို ပင့်လိုက်သည်။

'ငါအရင်က မကြားဖူးတဲ့ဟာမျိုးပါလားကွ'

www.burmeseclassic.com

www.burmeseclassic.com


'အခု ကြားဖူးပြီ မဟုတ်လားဗျ'ဟု ကျွန်တော်က စိတ်ဆိုးမာန်ဆိုးဖြင့် တုံ့ပြန်သည်။ 'နမိုသိုရက်စ်ရောဂါနဲ့ တူသလိုလိုပဲ၊ အဆုတ်ခေါင်းထဲက လေချွန်သံတွေလို အသံတွေကြားနေရတယ်'

'နမိုသိုရက်စ်'ဟု ကေမရွန်က သံယောင်လိုက်၍ ရေရွတ်သည်။ ဤနာမည်ကို ကြားလိုက်ရသည့်အတွက် သူ့စိတ်တွင် ကျေနပ်အားရသွားသည့် လေသံမျိုးဖြစ်သည်။ 'အလွန်အာတွေ့အောင် ခေါ်လို့ကောင်းတဲ့ စကားလုံးပဲဟေ့' သူသည် လက်များကို ကပျာကယာသုတ်ကာ ထိုင်ရာမှထလိုက်သည်။ 'ငါတို့ သွားကြည့်ကြတာပေါ့ကွာ'

ကျွန်တော်တို့ မွန်ဗရူးဂေဟာသို့ မြင်းရထားဖြင့် သွားကြသည်။ ကျွန်တော့်တို့အဖို့ တစ်နေ့လုံး ဤဂေဟာသို့ လာလိုက်ပြန်လိုက်ဖြင့် သက်သက်မဲ့ အချိန်ဖြုန်းနေသည်ဟု စိတ်ထဲကထင်နေမိ၏။ ကျွန်တော်သည် လှေကားမှ တက်သွားနေသော ကျွန်တော့်ဆရာဝန်ကြီး၏နောက်မှ ထက်ကြပ်မကွာ လိုက်သွားပါသည်။

'ဘာတွေများ လုပ်နေကြတာလဲဟ' လူနာ၏ အခန်းဝသို့ရောက်သောအခါ ကေမရွန်က အမှတ်မထင် ရေရွတ်သည်။

'ကျွန်မ ကလေးကို မုန်ညင်းဆီ လိမ်းပေးနေပါတယ် ဒေါက်တာ၊ ဟု မစ္စက်နီဗန်းက ကျွန်တော့်အား မျက်စောင်းတစ်ချက်လှမ်းထိုးပြီး လေသံတိုးတိုးဖြင့်ပြောသည်။

ကေမရွန်ကတော့ မစ္စက်နီဗန်းအား လုံးဝဂရုမစိုက်။ သူသည် ကလေးကိုသာ အကြာကြီးစိုက်ကြည့်နေသည်။ သူ့နားတစ်ဖက်ကို ကလေး၏ ရင်ဘတ်တွင်ကပ်၍ အသက်ရှူသံကို နားထောင်သည်။

ကလေးအား ချော့သံမြှုသံပေးသည်။ အသာအယာ ပွေ့ချီပြီး ရင်ခွင်နှင့်ကပ်ထားသည်။ သူ့နားတစ်ဘက်ကို ရပ်ဘတ်တွင်ကပ်၍ နားထောင်ပြန်သည်။ သူ့ဦးခေါင်းသည် အငြိမ်မနေ။ ကလေးပေါ်တွင် ရွေ့လျားနေသည်။ သူ့မျက်နှာထားက ပြုံးတော့မလို ရယ်တော့မလို ဖြစ်လာသည်။ သူသည် ပွေ့ထားသည့်ကလေးအား အိပ်ရာပေါ်သို့ပြန်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com


သူသည် တစ်ခဏငိုင်၍ စဉ်းစားနေပြီး မစ္စက်ဒွန်ကင်းဘက် လှည့်ကြည့်သည်။

'ကလေးမရေ၊ မင်းဆီမှာ ဆံညှပ်လို ပစ္စည်းမျိုးလေးတစ်ချောင်း လောက်ရှိသလား' ဟုမေးသည်။

'ဆံညှပ်' မစ္စက်ဒွန်ကင်းက တအံ့တသြ ရေရွတ်သည်။ ဘာလုပ်ဖို့ပါလိမ့်။ သူရူးသွားပြီလားဟု တွေးနေဟန်ရှိ၏။

'ဟုတ်ပါတယ်ကွယ်၊ ဆံညှပ်ပါ' ဟု ကေမရွန်က ထပ်ပြောသည်။ မစ္စက်ဒွန်ကင်းက ဆံညှပ်တစ်ချောင်း ခေါင်းမှဖြုတ်ပေးသည့်အခါ ကျေးဇူးတင်စကားပြောသည်။ 'ကဲ... မိန်းကလေး' မစ္စက်ဒွန်ကင်း၏ ပခုံးကို လက်နှင့်လှမ်းပုတ်သည်။ 'မင်း အခန်းထဲက တစ်မိနစ်လောက် ထွက်ပေးပါ၊ တို့နှစ်ယောက် ဆွေးနွေးစရာလေး ရှိနေလို့ပါ'

ထိတ်လန့်ခြင်းနှင့် အံ့သြခြင်းတို့ ပေါင်းစပ်လျက်ရှိသော မျက်နှာထားဖြင့် မစ္စက်ဒွန်ကင်းသည် အခန်းထဲမှ ဖြည်းလေးစွာထွက်သွားသည်။

'ကဲ... မစ္စက်နီဗန်း' ကေမရွန်၏လေသံသည် တစ်မျိုးပြောင်းသွားသည်။ 'မင်းလဲ အပြင်ထွက်ပေး'

'ကျွန်မ အခန်းထဲမှာပဲ နေမယ်'ဟု အာခံလိုသော လေသံဖြင့် မစ္စက်နီဗန်းက တုံ့ပြန်သည်။ 'ကျွန်မ ဒီအထဲမှာနေရင် ရှင်တို့ကို ကူနိုင်မယ်၊ အစကတည်းက ဒီအထဲနေခဲ့တာပဲ၊ ကျွန်မနေလို့ ဘာမှဖြစ်စရာမရှိဘူး'

ကေမရွန်က မျက်မှောင်ကြုတ်၍ ကြည့်သည်။

'သွား... အခုထွက်သွား'ဟု အံကြိတ်၍ပြောသည်။ 'သွား... ခွေးအိုမကြီး၊ နင်မသွားရင် နင့်ဖင်ကို ငါခြေထောက်နဲ့ ကန်ထုတ်ရလိမ့်မယ်'

စွာကျယ်ကျယ်နီဗန်းအဖို့ အလွန်မခံချင်စရာကောင်းသည့်စကားဖြစ်သည်။ သို့သော်လည်း အဘိုးကြီး၏ဒေါသကြောင့် ကြောက်လန့်သွားပုံရ ၏။ ချက်ချင်းပင် အခန်းထဲမှထွက်သွားသည်။

ကေမရွန်က ကျွန်တော့်အား ကြည့်၍ပြုံးသည်။ 'ဒါနဲ့ စကားမစပ် မင်းကို ငါတစ်ခုမေးရဦးမယ်၊ 'စကွိကား'ဆိုတာ ဘာလဲ၊ မင်းသိသလား'

'စကွိကား...'

www.burmeseclassic.com

www.burmeseclassic.com


'ဟုတ်တယ်၊ စက္ကိကား'

ကျွန်တော် ကြောင်တောင်တောင်ဖြစ်ကာ သူ့အား ငေးကြည့်နေမိသည်။

'ဒီလိုကွာ…'ဟု ကေမရွှန်က ရွှင်မြူးသောလေသံဖြင့် စကား စသည်။ 'စက္ကိကား ဆိုတာက တကယ့် သေးသေးကလေးရယ်၊ အရွယ် အစားက ကြယ်သီးလေးတစ်လုံးစာလောက်ပဲ ရှိတယ်၊ မင်းသူ့ကို ပါးစပ်နဲ့ မှုတ်လိုက်ရင် ကွိ–ကွိ–စွိ–စွိ နဲ့မြည်တယ်၊ လေချွန်သံနဲ့ တူတယ်ကွာ၊ မုန့် ခြောက်ကလေးတွေ ဘာတွေကြားမှာညှပ်ပြီး ပါလာတတ်တယ်၊ ငါတို့ စဉ်းစားကြည့်ရင် ကလေးပေါက်စဆိုတာမျိုးက အလွန်ဆော့တဲ့ သတ္တဝါတွေ ကွ၊ ဆယ့်ရှစ်လသမီးအရွယ်ဆိုတာမျိုးက ပိုပြီးပေါက်ပေါက်ရှာရှာဆော့တတ် တယ်၊ တွေ့ကရာပစ္စည်းကိုကောက်ပြီး ပါးစပ်ထဲ၊ နားထဲ၊ နှာခေါင်းထဲ ထည့်တာတွေ လုပ်တတ်တယ်ကွ'

သူသည် စကားအဆက်မပြတ် ပြောနေရင်းမှပင် ဆံညှပ်ကိုကိုင်ကာ ကလေးအပေါ်သို့ ငုံ့လိုက်သည်။ ထို့နောက် ဆံညှပ်ထိပ်ပိုင်းကလေးကို ကလေး၏ ဘယ်ဘက်နှာခေါင်းပေါက်အတွင်းသို့ အသာအယာထိုးသွင်းကာ ဖျတ်ခနဲပြန်ဆွဲထုတ်လိုက်သည်။ ထိုတစ်ခဏအတွင်းမှာပင် ကလေးထံမှ လေချွန်သံလိုလို အသက်ရှူသံသည် ချက်ချင်းပျောက်သွားပါသည်။

ကျွန်တော့်နှုတ်မှ တအံ့တဩ ရေရွတ်သံ ထွက်သွားသည်။

'အဲဒါ မင်းပြောတဲ့ နမိုသိုရက်စ်ရောဂါပဲကွ'ဟု ကေမရွှန်က စက္ကိကားကို သူ့လက်ဖဝါးပေါ် တင်၍ပြပြီး နောက်တီးနောက်တောက်လေသံဖြင့် ရေရွတ်လိုက်ပါသည်။

ကလေးက ကေမရွှန်အားကြည့်ကာ ချစ်စဖွယ်ပြုံးသည်။ သူ့လက်မကို ပါးစပ်ထဲထည့်ကာ တပြွတ်ပြွတ်စုပ်နေသည်။

ကျွန်တော့်မျက်နှာသည် နီရဲလျက်ရှိပါသည်။ မိမိ၏ တုမအမှုအတွက် ရှက်စိတ်ဝင်ကာ ဘာတွေပြောမိမှန်းမသိ။ ပါးစပ်မှ တိုးတိုးသာသာ ရေရွတ်သည်။ ကျွန်တော်က ကေမရွှန်၏ လက်ဖဝါးပေါ်မှ စက္ကိကားကို ယူရန် လှမ်းလိုက်သည်။ သို့သော်လည်း ကေမရွှန်က လက်ဖဝါးကို ဖျတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com


ဆုပ်ထားလိုက်ပြီး စက္ကူကားကို သူ့ခါးတိုအင်္ကျီအိတ်ကပ်ထဲသို့ ထည့်လိုက်သည်။

'မလုပ်နဲ့ ငါ့လူ၊ မလုပ်နဲ့'ဟု သူကပြောသည်။ 'ဒီပစ္စည်းလေးကို ငါပဲတာဝန်ယူပြီး ထိန်းသိမ်းထားပါရစေကွာ၊ အဲဒါမှလဲ မင်း ဘဝင်မြင့်မြင့်သွားတဲ့အခါမှာ ဒီစက္ကူကားလေးကို သတိရအောင် ပြရတာပေါ့ ဟုတ်ဖူးလား'

* * * * *

## (၁၀)

ဆောင်းဦးပေါက်ခဲ့လေပြီ။ ရေကန်များတွင် ပင်လယ်ငါးသလောက်များ မြူးထူးနေကြပြီဖြစ်၏။ ဤရက်များတွင် ငါးမျှားသူများ နှလုံးတုန်ရင်ခုန်ရသည့်နေ့ရက်များဖြစ်ချေသည်။ ကျွန်တော်၏ဝါသနာကို ကောင်းစွာသိနေသော ဒေါက်တာကေမရွန်သည် ဤရာသီတွင် မွန်းလွဲချိန်တိုင်း ကျွန်တော့်ကို အနားပေးလေ့ရှိသည်။ ကျွန်တော်၏ဝါသနာကို ကိုယ်ချင်းစာ၍ အခုလိုလုပ်ပေးခြင်းဖြစ်သည်ဟု ယူဆရပါသည်။ သူကိုယ်တိုင် ပင်လယ်ငါးသလောက်တစ်တုံးတစ်ဖတ် ဝါးရခြင်းကို နှစ်သက်ခြင်းကြောင့်လည်း ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

ကျွန်တော် ငါးသွားမျှားသည့် တစ်ရက်တွင် ရေကန်ဘေး၌ လူထူးလူဆန်းတစ်ဦးနှင့် မိတ်ဆွေဖြစ်ခဲ့ရ၏။ သူ့နာမည်မှာ 'လှေကြီးရှင် တင်မ်'ဖြစ်ပါသည်။ လှေဟောင်းတစ်စီးကို အိမ်လုပ်၍ နေသူဖြစ်သည်။ သူနှင့် ခင်မင်ပြီးသည့်နောက်ပိုင်းတွင် ကျွန်တော်သည် ငါးမျှားထွက်တိုင်း သူ့ကို ဝင်မခေါ်ဘဲ ငါးမမျှားပါ။ တစ်ခါတစ်ရံ ကျွန်တော်က ဝင်မခေါ်သည့် အခါများတွင်လည်း တင်မ်သည် ကျွန်တော် ငါးထိုင်မျှားနေရာသို့ အသာကလေး ရေကူးလာပြီး လှေကလေး၏နောက်မှ ကျယ်လောင်စွာရယ်မော၍၊ သို့မဟုတ် 'ဟယ်လို' ဟူသောအသံပေး၍ ဘွားခနဲပေါ်လာတတ်၏။ ရေထဲမှရပ်၍ ကျွန်တော့်အား ပြုံးကြည့်ပြီး စကားတစ်ခွန်းစ နှစ်ခွန်းစပြောသည်။ ထို့နောက် ရေထဲသို့

www.burmeseclassic.com

www.burmeseclassic.com


ပြန်ငုပ်ကာ ပင်လယ်ဖျံတစ်ကောင်သဖွယ် ရေကူး၍ သူ့လှေဆိုက်ထားရာ ဆင်ဒီပင်လယ်ကွေ့ဆီသို့ ပြန်သည်။ ထိုနေရာသည် တင်မ်ဒေါက်ဂလပ်စ်၏ အထီးကျန်ဘဝ ရပ်တည်ရာနေရာဖြစ်သည်။

တင်မ်နေထိုင်ရာလှေသည် ယခင်က လီဗင်ဖို့ဒ်နှင့် အိုဗာတွန်ကြားက လိုက်တူးမြောင်းတစ်လျှောက် ကျောက်မီးသွေး အသယ်အပို့ လုပ်ခဲ့သည်။ ထို့နောက် လီဗင်မြစ်ဝရှိ ရွှံ့နွံထဲတွင် နှစ်ပေါင်းများစွာ စွန့်ပစ်ထားခြင်းခံခဲ့ရ၏။ ထို့နောက်တော့ ရွှံ့ဗွက်ထဲမှပြန်ဖော်ကာ ကိုယ်ထည်တစ်ခုလုံးကို ပြန်လည်ပြုပြင်တည်ဆောက်သည်။ ဆေးများထပ်သုတ်သည်။ ပြီးတော့မြစ်ကမ်း တစ်နေရာသို့ ဆွဲယူလာပြီး နေရာချထားသည်။ တံငါလှေအဖြစ် အသုံးပြုရန် ဝယ်မည့်သူပေါ်လာလျှင် ရောင်းမည်ဟူသော မျှော်လင့်ချက်ဖြင့် ထိုနေရာသို့ ပို့ထားခြင်းပေတည်း။

သို့သော်လည်း လှေအိုလှေဟောင်းကို ဝယ်မည့်သူတစ်ဦးမှ ပေါ် မလာပါ။ ဤသို့ဖြင့် အပယ်ခံ၊ အမေ့ခံဘဝဖြင့် ဆင်ဒီပင်လယ်ကွေ့ဟု နာမည်ပေးထားသော ချောင်းကလေးထဲ၌ နေဒဏ်၊ လေဒဏ်နှင့် မိုးဒဏ်များ ကို ကြံ့ကြံ့ခံကာ နှစ်ပေါင်းများစွာ နေခဲ့ရပြန်သည်။ ရာသီဥတုသည် လှေ၏ အကျည်းတန်အရုပ်ဆိုးသော အပိုင်းများကို ပြေပြေပြစ်ပြစ် ဖြစ်လာအောင် ပြန်လည်၍ညှိပေးခဲ့သည်။ ဤတွင် လှေ၏အရောင်အဆင်းသည် ပတ်ဝန်းကျင် ရှိ အရောင်များနှင့် လိုက်လျောညီထွေဖြစ်ကာ အကျည်းတန်သည်ဟု မပြော နိုင်သည့် အခြေအနေသို့ ဆိုက်ရောက်လာသည်။ နောက်ဆုံးတွင် လှေသည် လူအများက အလိုမရှိတော့သည့် သတ္တဝါတစ်ကောင်သဖွယ် ဤနေရာ၌ စိတ်အေးနားအေး ရပ်တည်လာခဲ့သည်။

ထို့နောက်တော့ ဤလှေသည် တင်မ်ဒေါက်ဂလပ်စ်၏ လက်တွင်းသို့ ရောက်လာသည်။ တင်မ်ဒေါက်ဂလပ်စ်မှာ လှေကြီးရှင်တင်မ်၏ နာမည်ရင်း ဖြစ်၏။ အချို့က တင်မ်သည် ဤလှေကို တင်မ်ရယူခြင်းသည် မြစ်ဝမှ ဤပင်လယ်ကွေ့အထိ ရေကူးကျင့်ရန်ဖြစ်သည်ဟု ဆိုကြသည်။ ထိုစကား သည် မှန်ကောင်းမှန်ပေလိမ့်မည်။ ဤလှေပေါ်၌ နေထိုင်လာပြီးသည့်

www.burmeseclassic.com

www.burmeseclassic.com


နောက်ပိုင်းတွင် တင်မ်သည် အံ့သြဖွယ်ကောင်းလောက်အောင် ကျွမ်းကျင်သည့် ရေကူးသမားတစ်ယောက် ဖြစ်လာခဲ့သည်မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ ဤလေ့ကို အပိုင်ရယူခြင်းနှင့် ပတ်သက်၍ တင်မ်သည် မည်သူ့ကိုမှ ငွေကြေးမပေးဘဲ သူ့သဘောနှင့်သူ တက်၍နေခြင်းလည်း ဖြစ်နိုင်စရာရှိ၏။ အမှန်တော့ ဤလေ့အိုအား မည်သူကမှ စိတ်ဝင်စားခြင်း ရှိကြသည်မဟုတ်။ ဤလေ့အိုပေါ် တက်၍နေသည့် တင်မ်မှာလည်း လူအများက အသိအမှတ်ပြုလောက်သည့် လူတစ်ယောက်မဟုတ်။ အလွန်လျှို့ဝှက်နက်နဲပြီး အသိရခက်သော ရောဂါတစ်ခုစွဲကပ်ခြင်းခံခဲ့ရသည့် လူငယ်တစ်ယောက်မျှသာဖြစ်၏။ သူ့၌ စွဲကပ်ခဲ့သည့် ရောဂါမှ သက်သာပျောက်ကင်းရန်အတွက် ဤမြစ်ဝသို့လာ၍ ရေကူးနေသော သာမည လူငယ်တစ်ဦးမျှသာဖြစ်၏။

သူသည် ကျောင်းသားတစ်ယောက်လား၊ မည်သူကမှမသိ။ သူ့၌ ဘာရောဂါဖြစ်ခဲ့သနည်း။ တချို့က တင်မ်သည် ပညာသင်ထောက်ပံ့ကြေးရရှိရေးအတွက် စကော့လားရှစ် စာမေးပွဲတစ်ခုဖြေဆိုရန် အပြင်းအထန်စာကျက်ရာမှ ဦးနှောက်ချွတ်ယွင်းသွားခြင်းဖြစ်သည်ဟု ပြောကြသည်။ တချို့ကတော့ တင်မ်သည် မွေးကတည်းက ကြောင်တောင်တောင်ဖြစ်လာသည် ဟုယူဆကြသည်။ မည်သို့ပင်ဖြစ်စေ တင်မ်၏ အနေအထိုင်၊ အပြုအမူနှင့် အပြောအဆိုများသည် ထူးတော့ထူးခြားသည်။ သူ့ကို ကြည့်ရသည်မှာ ရိုးသားသည့် သဘောရှိသည်။ အေးအေးဆေးဆေး နေတတ်သည်။ ဖော်ဖော်ရွေရွေရှိသည်။ သူ့ကိုမကောင်းပြောမည့်သူ တစ်ဦးတစ်ယောက်မှမရှိ။

သူသည် မြစ်ကမ်းပါးထက်ရှိ သစ်ပင်တစ်ပင်အောက်၌ ရပ်ကာ သစ်ပင်ကို စကားပြောနေတတ်သည်။ ညနေ နေဝင်ဆည်းဆာအချိန်တွင်လည်း သူ့အား မြစ်ကမ်းပါးထက်မှာပင် တွေ့ရတတ်၏။ သူသည် လှိုင်းပုတ်သံများကို နားထောင်ကာ တစ်ယောက်တည်းပြုံးနေတတ်သည်။ သူ့အနေဖြင့် အလွန်ထူးဆန်းသည့် အလုတစ်ခုကို တွေ့နေရသည့်နှယ်ရှိသည်။ သူ့အနေဖြင့် အရင့်အရင်က လှိုင်းသံများကို လုံးဝမကြားဖူးခဲ့သည့် လူတစ်ယောက်ပုံစံမျိုးလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


သူသည် ကမ်ကယ်လ်ဒီအနီးရှိ ဖစ်ဖီဒေသမှ ရောက်လာသူဖြစ်၏။ သို့သော်လည်း သူ့မှာ ဆွေမျိုးသားချင်းရှိသည်ဟု မကြားဖူးကြ။

အကယ်၍ သူ့အား ဆွေမျိုးသားချင်းများ ရှိမရှိ၊ ဇွတ်မေးခဲ့ပါမူ 'ကျွန်တော်က တစ်ယောက်တည်းသမား၊ တစ်ကောင်ကြွက်ဗျ'ဟု အဖြေပေးတတ်သည်။ သူ တန်နေ့ချ်ဘရေးရွာသို့ ရောက်လာချိန်က ငွေစအနည်းငယ်မျှသာ ပါလာသည်။ ပါလာသည့်ငွေမှာ ကြာရှည်မခံ။ ချက်ချင်းကုန်သွားခဲ့၏။ တင်မ်သည် ငွေကိုကောင်းစွာမသုံးတတ်။ ငွေမရှိပေမယ့်လည်း သူကတော့ ဆက်၍နေသည်။ ဤနေရာကို သူမြတ်နိုးတွယ်တာနေပြီဖြစ်၏။ အပြောကျယ်လှသည့် ရေပြင်၊ သစ်တောနှင့် တောင်တန်းများသည် သူ့ဘဝနှင့် ခွဲမရအောင်ဖြစ်လာသည်။ သူ၏ရိုးသားဖြူစင်သောစိတ်သည် ဤအရာအားလုံး၏ အစေအပါးဖြစ်လာသည်။ မြစ်လက်တက်ကလည်း သူ့အား စိုးမိုးခြယ်လှယ်လာသည်။

ထို့ကြောင့်လည်း သူသည် လူအများက စွန့်ပစ်ထားသောလှေကို သူ့နေအိမ်အဖြစ် ရယူလိုက်ခြင်းဖြစ်သည်။ လှေပေါ်၌နေခဲ့ပြီးသည့်နောက် တဖြည်းဖြည်းနှင့် သူ့နာမည်ရင်း တင်မ်ဒေါက်ကလပ်စ် ကွယ်ပျောက်သွားပြီး လှေကြီးရှင်တင်မ်ဟူသော နာမည်သစ် ပေါက်ဖွားလာသည်။ သူနေပုံမှာ တောထွက်ရသေ့တစ်ပါးနှင့်တူသည်။ သူ့အစာအတွက် သူ့ဘာသာသူ ချက်သည်။ သူ့ပန်းကန်များကို သူ့ဘာသာသူ ဆေးသည်။ သူ့ခြေအိတ်အပေါက်များကို သူ့ဘာသာသူ ဖာသည်။ သူ့ဆံပင်သည် အဆမတန် ရှည်လာသည်။ သူ့မုတ်ဆိတ်များကိုလည်း ရိတ်ခြင်း၊ ဖြီးခြင်း သန့်စင်ခြင်းမပြု။ သူသည် ထူးခြားသောအကျင့်စရိုက်ပိုင်ရှင်၊ လူတစ်ယောက်အဖြစ် ထင်ရှားလာသည်။ နွေရာသီတွင် အပန်းဖြေခရီးသည်များအပြည့်တင်ဆောင်လာသည့် သင်္ဘောကြီးများသည် ဤအရပ်သို့ ဖြတ်သွားဖြတ်လာလုပ်တတ်သည်။ ထိုအခါ သင်္ဘောပေါ်မှခရီးသည်များက လှေကြီးရှင်တင်မ်၏နေအိမ်ကို စိတ်ဝင်တစားကြည့်လေ့ရှိကြ၏။ တင်မ်ကလည်း အင်္ဂလိပ်ခရီးသည်များက သူ့အား စိတ်ဝင်တစားကြည့်ကြသည့်အတွက် ဂုဏ်ယူ၍မဆုံး။

ထိုအချိန်မျိုးတွင် တင်မ်သည် သူ့အတွက် ညစာချက်ပြုတ်ရန် လှေ

www.burmeseclassic.com

www.burmeseclassic.com


ကုန်းပတ်၌ ဂေါ်ဖီထုပ်လှီးနေတတ်သည်။ သင်္ဘောဖြတ်သွားချိန်နှင့် ကြုံကြိုက်သောအခါ မတော်တဆဖြစ်လေဟန်ဖြင့် ဂေါ်ဖီတစ်ရွက်ကို ရေထဲသို့ပစ်ချလိုက်သည်။ ထို့နောက် အဝတ်များကိုမချွတ်ဘဲ ရေထဲသို့ဒိုင်ဗင်ထိုး၍ဆင်းကာ ကျသွားသည်။ ဂေါ်ဖီရွက်ကို ပါးစပ်နှင့်ကိုက်၍ ဆယ်ယူပြီး လှေပေါ်သို့ ပြန်တက်သည်။ ခရီးသည်များက တင်မ်လုပ်ပုံကို သဘောကျသည်ဖြစ်ရာ တင်မ်အား ဆုချသည့်သဘောဖြင့် ငွေစများ ပစ်ချပေးတတ်သည်။

တင်မ်နေထိုင်ပုံမှာ လူရိုင်းတစ်ယောက်နေသည့် ပုံစံမျိုးဖြစ်သည်။ အလွန်အံ့ဩဖွယ်ကောင်းလောက်အောင် ကျွမ်းကျင်သည့် ငါးဖမ်းသမားတစ်ယောက်ဖြစ်ရုံမျှမက အစားကို အရသာထူးအောင် ပြင်ဆင်ချက်ပြုတ်တတ်သည့် လူတစ်ယောက်လည်းဖြစ်၏။ လတ်လတ်ဆတ်ဆတ်ဖမ်းမိလာသော ပင်လယ်ငါးသလောက်ကို ထင်းမီးဖိုတွင် တံစို့ထိုး၍ ကင်ထားသည့်ငါးကင်သည် တင်မ်၏ ထူးခြားသောလက်ရာဖြစ်သည်။ ကျွန်တော့်တစ်သက်တာတွင် အရသာအရှိဆုံးသော ငါးကင်ဖြစ်ပါ၏။ ကျွန်တော် ခဏခဏစားရသော်လည်း ငြီးငွေ့မသွားသည့်အစာဖြစ်ပါသည်။ ဆောင်းဦးပေါက်လာသည့်အခါတွင်လည်း တင်မ်ထံ၌ စား၍ရသည့် အသီးများ၊ အရွက်များ၊ သစ်ဥ၊ သစ်ဖုသစ်မြစ်များနှင့် ဆေးဘက်ဝင်သည့်အပင်မျိုးစုံကို တွေ့ရသည်။ တင်မ်သည် တောထဲမှ ထိုပစ္စည်းများရသည့် နေရာများကို နှိုက်နှိုက်ချွတ်ချွတ် သိသူဖြစ်ပါသည်။

ဆောင်းတွင်းဆိုလျှင်တော့ တင်မ်သည် အဆိုးရွားဆုံး အခြေအနေနှင့် ရင်ဆိုင်ရသည်။ ရေပြင်ပေါ်တွင် နှင်းခဲများဖုံးလွှမ်းနေပြီ။ ဆီးနှင်းများ မကြာခဏကျကာ ပတ်ဝန်းကျင်တွင် ဘာကိုမှမမြင်နိုင်အောင် ပိတ်ဆို့ကာဆီးနေပြီ။ တင်မ်ကတော့ အမိုးအကာအောက် လှေဝမ်းထဲတွင်ထိုင်ကာ တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။ စားစရာသောက်စရာလည်း အလုံအလောက်မရှိ။ ဝတ်စရာ အဝတ်အထည်လည်း ပြည့်ပြည့်စုံစုံမရှိ။ သို့သော်လည်း တင်မ်ထံမှ ဘာသံမှမကြားရ။ သူပိုင်ဆိုင်နေရသည့် ဆင်းရဲဒုက္ခအတွက် ညည်းညူခြင်းလည်း မပြု။ မည်သူ့ထံမှလည်း အကူအညီတောင်းခံခြင်း မရှိ။ သူသည် အနူးညံ့ဆုံး အသိမ်မွေ့ဆုံးနှင့် အယဉ်ကျေးဆုံးသော လူတစ်ယောက်ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com


သည်။ သူ့အတွက် စိုးရိမ်ပူပန်မည့်သူ တစ်ဦးမှမရှိ။ သူကလည်း မည်သူ့ကိုမှ ဒုက္ခမပေး။

ကျွန်တော် တန်နေ့ချဲဘရေးရှာသို့ ဆိုက်ရောက်သွားချိန်တွင် တင်မိ၏အသက်သည် ငါးဆယ်နား ကပ်နေပေပြီ။ သို့သော်လည်း အရွယ်တင်လှသဖြင့် အသက်သုံးဆယ်ကျော်ဟု ထင်ရ၏။ ခြိုးခြံချွေတာပြီး ပြင်းထန်ကျပ်တည်းစွာ နေထိုင်ခဲ့ရသည့်ဘဝ၊ အမြဲတစေ ရေးကူးနေရသည့် အလေ့အကျင့် စသည်များကြောင့် သူ့ခန္ဓာကိုယ်သည် အားကစားသမားတစ်ယောက်သဖွယ် ကြံ့ခိုင်တောင့်တင်းလှသည်။ အရပ်က ထောင်ထောင်မောင်းမောင်း၊ ခန္ဓာကိုယ်က တောင့်တောင့်တင်းတင်း၊ ရာသီဥတုဒဏ် ခံထားရသည့် အသားအရောင်သည် ကြေးနီရောင် ပေါက်လျက်ရှိသည်။ မားမားမတ်မတ်ရပ်နေသည့်အခါများတွင် ပိုဆီဒွန်နတ်ဘုရား ရုပ်တုပေလားဟု အထင်မှားလောက်သည်။ မည်းနက်ရှည်လျားသောဆံပင်၊ ခုံညားတင့်တယ်သောမျက်ခုံးနှင့် နူးညံ့သိမ်မွေ့သော အညိုရောင်မျက်လုံးတို့သည် တင်မိအား ကျက်သရေရှိအောင် ဖန်တီးပေးထားသည်။ သို့သော်လည်း သူ၏ အစုတ်စုတ်အပြတ်ပြတ်ဖြစ်နေသော အဝတ်အစားများနှင့် ဟောင်းနွမ်းပေါက်ပြဲနေသည့် ကင်းဘတ်ဖိနပ်များက သူ့အား ရယ်စရာကောင်းသည့် ရုပ်အင်္ဂါကို ဖြစ်ပေါ်လာစေသည်။ အဝတ်အစားမပါသည့်အခါ နတ်ဘုရားတစ်ပါးဟု ထင်ရသော်လည်း ဝတ်စားဆင်ယင်ထားသည့်အခါတွင်မူ သံဖြူဆရာတစ်ယောက်နှင့် တူနေပေသည်။

ကျွန်တော်ရောက်ပြီး ပထမဆုံးကြုံရသည့် နွေဥတုမှာ သာသောင့်သာယာရှိသည်။ နွေးနွေးထွေးထွေးရှိသည်။ သို့သော်လည်း နွေဥတုကုန်ဆုံး၍ ဆောင်းရာသီဝင်လာသည့်အခါတွင်မူ အဆိုးရွားဆုံးအဖြစ်နှင့် ကြုံရသည်။ မြစ်ပြင်ပေါ်၌ မြင်းလှည်းတစ်စီး ဖြတ်သွားဖြတ်လာလုပ်လို့ ရသည်အထိ ရေခဲခြင်းမရှိသော်လည်း ရာသီဥတုကတော့ မခံနိုင်လောက်အောင်ပင် ဆိုးရွားသည်။ ရွာနှင့်ပတ်ဝန်းကျင်တစ်ခုလုံးတွင် သီတင်းနှစ်ပတ်မျှ ဆီးနှင်းများ ထူထပ်စွာကျသည်။ ကျွန်တော်တို့ထံသို့ လူနာအများအပြား ရောက်လာသည်။ ရာသီဥတုဒဏ်မခံနိုင်၍ ဖျားနာပြီး ရောက်လာကြသူများပေတည်း။

အလုပ်က ကျပ်လာသည်။ အမြဲတမ်းလိုလို လမ်းမများပေါ်၌ တစ်

www.burmeseclassic.com

www.burmeseclassic.com


လမ်းဝင်တစ်လမ်းထွက် သွားလာလှုပ်ရှားနေရသည်။ မြစ်လက်တက် အထက်ဘက်ရှိ မတ်လီယာအထိ နေ့စဉ် မြင်းရထားနှင့်သွား၍ လူနာများကိုကြည့်ရသည်။ ပတ်ပတ်လည်တွင် ရေတွေခဲနေသည့် ၁၄ရက်တာ ကာလအတွင်း ညတိုင်းလိုလို လူနာကြည့်ထွက်ရသည်။

ဒုတိယပတ် ကြာသပတေးနေ့တွင် ကျွန်တော်သည် မတ်လီယာရေလက်ကြားအနီးရှိ အိမ်တစ်အိမ် မီးဖိုခန်းထဲ၌ လူနာကြည့်အပြီး ကော်ဖီပူပူတစ်ခွက်ထိုင်၍ သောက်နေသည်။ ထိုအခိုက်တွင် အိမ်ရှင်အမျိုးသမီးကြီးက အမှုမဲ့အမှတ်မဲ့နှင့် စကားတစ်ခွန်းပြောသည်။

'ဒီနေ့ ဒေါက်တာ မြင်းရထားနဲ့ ဖြတ်လာတုန်းက တင်မ်ကိုများ မမြင်ခဲ့ဘူးလား'

ကျွန်တော်သည် ကော်ဖီပန်းကန်ကို လက်နှစ်ဖက်ဖြင့်ကိုင်၍ မှုတ်သောက်နေရာမှ တစ်ချက်မျှ ပြန်၍စဉ်းစားသည်။ ထို့နောက် ခေါင်းခါပြလိုက်ပါသည်။

'ထုံးစံအတိုင်းဆိုရင်တော့ အခုလို ရာသီဥတုသိပ်ဆိုးလာတဲ့အချိန်မှာ တင်မ်ဟာ ကျွန်မတို့အိမ်နောက်ပေါက်ကို ရောက်လာတတ်တယ်၊ တောင်းဖို့လာတာမျိုးတော့ မဟုတ်ဘူး၊ တင်မ်က အဲသလို တောင်းရမ်းယူတာမျိုးတော့ ဘယ်တော့မှမလုပ်ဘူး၊ ပစ္စည်းနဲ့လာပြီး လဲတဲ့ဟာမျိုးတော့ လုပ်လေ့ရှိတယ်၊ နွေဦးပေါက်ဆိုရင် သူရောက်လာပြီး ငါးသလောက် ဒါမှမဟုတ်လဲ ထရောက်ငါးတစ်မျိုးမျိုး ၁၂ ကောင်လောက်လာပို့တတ်တယ်၊ ငါးဖိုးပေးလို့များ တစ်ပြားတောင် မယူဘူး၊ ဒါပေမယ့် အခုတလော သူမလာတာ ၁၀ ရက်တောင်ရှိသွားပြီ ဒေါက်တာရဲ့'

'သူ့အတွက် စိတ်ပူလို့လား'

သူသည် ကျွန်တော့်မေးခွန်းကို မဖြေ။ သောကမကင်းသည့် မျက်နှာထားဖြင့် မျက်မှောင်ကြုတ်လျက်ရှိပါသည်။

'ကျွန်မ တောင်တွေးမြောက်တွေးနဲ့ စိတ်ပူစရာတွေ တွေးမိလို့ပါ၊ ကျွန်မထင်တာ မှားချင်လဲ မှားမှာပေါ့၊ အခုလို ရာသီကလဲ ဆိုး၊ ဆီးနှင်းတွေ

www.burmeseclassic.com

www.burmeseclassic.com


ကလဲ တအားကျနေတော့ သူဖျာ းချင် ဖျားနေမှာ၊ သူက တစ်ယောက်တည်း သမားဆိုတော့ သူ့အနားမှာ တစ်ယောက်မှမရှိရင်'

ကျွန်တော်က ကော်ဖီကို လက်စသတ်လိုက်ပြီး လက်အိတ်များ ပြန်စွပ်လိုက်သည်။

'ကိစ္စမရှိဘူး'ဟု ကျွန်တော်ကပြောသည်။ 'ကျွန်တော် အပြန်မှာ တစ်ချက်ဝင်ကြည့်လိုက်မယ်'

နောက်တစ်နာရီခန့်အကြာ လူနာများကြည့်ရှုအပြီးတွင် ကျွန်တော် သည် တန်နေ့ချ်ဘရေးရှာဘက်သို့ ပြန်လာခဲ့သည်။ မြင်းရထားမှာ ငှားလာ သည့် မြင်းရထားဖြစ်၍ ကျွန်တော်ကိုယ်တိုင် မောင်းလာရခြင်းဖြစ်၏။ အိမ်မှ မြင်းရထားနှင့် ရထားသမား ဂျာမီမှာ ဒေါက်တာကေမရွန်နှင့် လိုက်သွားရ သဖြင့် အငှားမြင်းရထားကို ကျွန်တော်ကိုယ်တိုင် မောင်းလာရခြင်းဖြစ်ပါ သည်။ ဆင်ဒီပင်လယ်ကွေ့နှင့် မျက်နှာချင်းဆိုင်သို့ ရောက်သောအခါ ကျွန်တော်သည် မြင်းရထားကိုရပ်၍ တင်မ်၏အိမ်လှေဆီသို့ ရေထဲမှ ကိုက် ငါးဆယ်ခန့် ဖြတ်လျှောက်ခဲ့ရပါသည်။

မီးဖိုခေါင်းတိုင်မှ မီးခိုးထွက်နေသည်ကို မမြင်ရပါ။ လူသူရှိသည့် အရိပ်အရောင် မတွေ့ရပါ။ ကျွန်တော်က အော်ခေါ်သည်။ ကျွန်တော့်အော်သံ သာလျှင် ပဲ့တင်ရိုက်ကာ ကျွန်တော့်ဆီ ပြန်ရောက်လာပါသည်။ ထူးသံမကြား ရ။ ငြိမ်တိတ်လျက်ရှိသည်။

စိတ်မရှည်နိုင်အောင် ဖြစ်လာသဖြင့် တစ်ခွန်းမျှ ကျိန်ဆဲလိုက်မိ သည်။ ကျွန်တော့်စိတ်က တန်နေ့ချ်ဘရေးရှာဘက်သို့ ဆက်သွားချင်နေ သည်။ နွေးထွေးသော မီးဖိုနှင့်ညစာကို တမ်းတသောစိတ်သည် ပြင်းထန် လျက်ရှိနေပြီ မဟုတ်ပါလား။ သို့သော်လည်း သဘာဝအသိစိတ်နှင့် သတိ တရားက ကျွန်တော့်အား ထိန်းချုပ်ထားသည်။ ဆီးနှင်းများဖုံးနေသော ကမ်းစပ်အတိုင်း ဆက်လျှောက်ခဲ့သည်။ လှေအများအပြား ဆိုက်ကပ်ထား သည်ကို တွေ့ရသည်။ မတ်လီယာလှေလှော်အသင်းက အသုံးပြုသည့် လှေများဖြစ်၏။ ဆောင်းရာသီတွင် အသုံးမလို၍ ရပ်နားထားခြင်းဖြစ်သည်။ ကျွန်တော်သည် လှေများပေါ်မှ အုပ်ထားသည့် တာပေါ်လင်ရွက်ထည်စကို

www.burmeseclassic.com

www.burmeseclassic.com


လက်ဖြင့်တွန်းဖယ်ကာ ဖြတ်လျှောက်လာခဲ့သည်။ လှေအိမ်ပေါ်သို့ လှမ်း၍ တက်ကာ ခေါင်းကိုငုံ့၍ လှေဝမ်းထဲသို့ဆင်းခဲ့ပါသည်။

တင်မ်သည် သေးငယ်ကျဉ်းမြောင်းသော အခန်းကလေးထဲရှိ အိပ်စင်ပေါ်၌ ပက်လက်လှဲနေသည်။ ပတ်ဝန်းကျင်သည် အက်စကီမိုးများ၏ ရေခဲတဲတစ်လုံးသဖွယ် အဆမတန်အေးလျက်ရှိ၏။ စုတ်ပြတ်ပေါက်ပြဲနေသော အင်္ကျီနှင့်ဘောင်းဘီများကို ဝတ်ထားသည့်တင်မ်သည် စောင်ဟောင်းတစ်ထည် ခြုံထားသည်။ သူ့တစ်ကိုယ်လုံးမှာ ခိုက်ခိုက်တုန်လျက်ရှိသည်။

'ဘယ်လိုဖြစ်နေတာလဲ' ဟု ကျွန်တော်က အော်မေးသည်။ 'ကျွန်တော်ခေါ်နေတာ ဘာကြောင့်မထူးတာလဲ'

တင်မ်က မော့ကြည့်သည်။

'ကျုပ် မကြားဘူးဗျ၊ ကျုပ်ဘာသံမှ မကြားရဘူး'

'အခုလိုဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ'

'တစ်ပတ်ကျော်ပြီ'ဟု ဖြေသည်။ တုန်၍ဖျားနေခြင်းဖြစ်သဖြင့် သူ့သွားများ တဆတ်ဆတ်ရိုက်ခတ်သံများ ကြားနေရပါသည်။

'တစ်ပတ်' ကျွန်တော်က အမှတ်တမဲ့ ရေရွတ်မိသည်။

ကျွန်တော့်ဦးနှောက်ကို အပြင်းအထန် အလုပ်ပေးရပါတော့သည်။ တင်မ်သည် ပြင်းထန်စွာ ဖျားနေခြင်းဖြစ်၏။ သူ အခုနေသောအခန်းသည် ခွေးတစ်ကောင်ပင် မနေသင့်သည့်အခန်း။ အပိတ်အကာဟူ၍ လုံးဝမရှိ။ အစားအသောက်ဟူ၍လည်း ဘာမှမရှိ။ သူ့အခြေအနေကလည်း ခရီးမိုင် အတော်ဝေးသည့် မတ်စ်လီယာမြစ်လက်တက်ဆီသို့ ဤမြင်းရထားနှင့် သယ်သွား၍မဖြစ်။ ဘယ်လိုလုပ်ရပါမည်နည်း။ ရုတ်တရက် ချက်ချင်းပင် ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ပါသည်။

ကျွန်တော် လှေကုန်းပတ်ပေါ်ပြန်တက်ကာ ကမ်းဘက်သို့ပြန်လာခဲ့သည်။ မြင်းရထားပေါ် ကပျာကသီတက်၍ တင်မ်၏လှေအိမ်နှင့် မျက်နှာချင်းဆိုင်ဘက်ရှိ လမ်းကြားအတိုင်း မောင်းဝင်ခဲ့သည်။ တောင်ကုန်းဘက်ရှိ ဆောဟင်းယာခြံဆီသို့ ဦးတည်၍တက်ခဲ့သည်။ ငါးမိနစ်ခန့်မျှအကြာတွင် ကျွန်တော်သည် ယာခြံပိုင်ရှင်၏ အိမ်ရှေ့မှခေါင်းလောင်းကြိုးကိုဆွဲကာ တံခါးလာဖွင့်

www.burmeseclassic.com

www.burmeseclassic.com


ပေးသူကို အိမ်ရှင်မနှင့် အမြန်ဆုံးလာတွေ့ပါရစေဟု ခွင့်တောင်းလိုက်ပါသည်။

ကျွန်တော်၏ ရေးကြီးသုတ်ပျာနိုင်မှုကြောင့် အိမ်ရှင်မ အယ်လီဇဘက်ရော့တ်သည် ချက်ချင်းပင်ရောက်လာသည်။ ဆောဟင်းယာတောသည် အနီးအနားရှိ ယာတောများနှင့်မတူ၊ ကျယ်ဝန်းသော ယာတောဖြစ်သည်။ နေအိမ်ကလည်း သေသပ်လှပသည်။ သီးနှံသိုလှောင်ရာ ကျီများကလည်း အခိုင်အမာ တခမ်းတနားရှိသည်။ ခင်ပွန်းဖြစ်သူ ရိုင်ဘင်ရော့တ် ကွယ်လွန်ခဲ့သည့် လွန်ခဲ့သောသုံးနှစ်ခန့်မှစ၍ အယ်လီဇဘက်သည် ယာတောကို သူကိုယ်တိုင် ဦးစီးခဲ့သည်။ လုပ်ငန်းစီမံအုပ်ချုပ်ပုံနှင့် လုပ်ပုံကိုင်ပုံများမှာ စည်းစနစ်ရှိလှသဖြင့် ဘေးလူများက တအံ့တသြ ချီးမွမ်းကြသည်။ ပိုင်ဆိုင်ထားသော ပစ္စည်းအင်အား၊ ထက်မြက်သည့် အစွမ်းအစ၊ ပင်ကိုသဘာဝအတိုင်း ပိုင်ဆိုင်ထားသည့် ပြောဆိုလုပ်ကိုင်ပုံ တိကျပြတ်သားခြင်း စသည်များကြောင့် မုဆိုးမတစ်ဦးဖြစ်သော်လည်း အယ်လီဇဘက်ရော့တ်သည် လူအများ၏ ရိုသေခံ့ညားမှုကို ခံရသည်။ မာန်မာနရှိပြီး အပေါ်စီးနှင့်နေတတ်သည့် အမျိုးသမီးတစ်ယောက်အဖြစ်လည်း ထင်ရှားလာခဲ့၏။

တကယ်တော့ အယ်လီဇဘက်သည် မိန်းမချောတစ်ဦးဖြစ်သည်။ ရင်အုံလှလှ၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်း၊ မည်းနက်သော မျက်လုံးအစုံနှင့် သန့်စင်ပြည့်ဖြိုးသော ခြေထောက်များ ပိုင်ရှင်ဖြစ်သည်။ အယ်လီဇဘက်သည် ၎င်းခြေထောက်လှလှများကို အသုံးပြု၍ အမြဲတစေ လှုပ်ရှားနေတတ်သည်။ သူ့ဘဝသည် ရှင်သန်မှုအပြည့်၊ ခွန်အားအပြည့်၊ သူ့မှာရှိနေသည့် ခွန်အားများကို အညှာအတာကင်းမဲ့စွာ သုံးနေသည်ဟုပင် ဆိုကြသည်။

တန်နေ့ချ်ဘရေးရွာထဲရှိ လူများကတော့ အယ်လီဇဘက်သည် မုဆိုးမဘဝရောက်ခါမှ ဒေါသကြီးသောအကျင့်ရှိလာသည်ဟု ပြောကြသည်။ သူတို့၏အကြောင်းပြချက်မှာ အဓိပ္ပာယ်သိပ်ပြီးမရှိလှ။ သူ့ယောကျာ်းရော့တ် ကွယ်လွန်ပြီးသည့်နောက်ပိုင်းတွင် အယ်လီဇဘက်အား ပိုးပန်းသူတွေ အများအပြားရှိခဲ့သည်။ သူ့ပစ္စည်းဥစ္စာများကို အပိုင်စီးလို၍ ပိုးပန်းကြခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com


သည်။ အယ်လီဇဘက်ကလည်း မည်သူ့ကိုမှလက်မခံ။ လာသမျှလူများကို ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့သည်။ မည်သို့ပင်ဖြစ်စေ ရတာမလို၊ လိုတာမရ ဖြစ်ခဲ့သည့်အတွက် အယ်လီဇဘက်တွင် စိတ်တိုသည့်အလေ့အထ ရှိလာသည် ဟု ဆိုကြခြင်းဖြစ်၏။

အခုလောလောဆယ်တွင်လည်း ကျွန်တော်၏ မေတ္တာရပ်ခံမှုကို လက်မခံဘဲ မောင်းထုတ်လိုက်မည်ကို စိတ်ပူနေရပါသည်။ ကျွန်တော်က တင်မ်၏အခြေအနေကို ကသောကမျောရှင်းပြပြီး အကူအညီပေးဖို့ ပြောနေခိုက်တွင် အယ်လီဇဘက်၏မျက်နှာသည် ရှုံ့မဲ့နေသောကြောင့်ဖြစ်ပါ၏။

'ဒီလိုဟာမျိုးတွေကူညီဖို့က သိပ်မလွယ်ဘူး'ဟု သူကဆိုသည်။ 'ကျွန်မတို့က သိပ်အလုပ်ရှုပ်တာ၊ ဒီလိုကိစ္စမျိုးတွေအတွက် စိတ်မကောင်းဖြစ်နေဖို့ အချိန်မရှိဘူး၊ ပြီးတော့လဲ ကျွန်မတို့ ဆောဟင်းယာတောက လူတွေအနေနဲ့ ဒီလိုလူမျိုးတွေကို တယုတယပြုစုနေဖို့လဲ ဝါသနာမပါဘူး'

ကျွန်တော်ကလည်း အလျှော့မပေးပါ။ နောက်ဆုံးတွင် မကြည်မသာမျက်နှာထားနှင့်ပင် အယ်လီဇဘက်သည် ကျွန်တော့် မေတ္တာရပ်ခံချက်ကို လက်ခံသည်။ သူသည် သူ့လူများအား တိုတိုပြတ်ပြတ် အမိန့်ပေးသည်။ သူ့အလုပ်သမားနှစ်ယောက်သည် ကျွန်တော်နှင့်လိုက်လာပြီး တင်မ်ကို ယာတောသို့ သယ်ယူလာခဲ့သည်။

အယ်လီဇဘက်က မထူနိုင်မထနိုင်လောက်အောင် အင်အားချည့်နဲ့နေသော တင်မ်အား စိတ်ကုန်ခန်းနေသည့် မျက်နှာထားဖြင့် ကြည့်ကာ 'ဟင်း'ဟု သက်ပြင်းတစ်ချက်ချသည်။ 'အပေါ်ထပ်ကို ပို့လိုက်ကြ၊ လှေကားပေါ်မှခင်းထားတဲ့ ကော်ဇောတွေ ပေရေကုန်မယ်၊ သတိထားပြီးတက်ကြ'

ပက်လက်ဖြစ်နေသော တင်မ်က အဆူအပူအကြိမ်းအမောင်းခံနေရသည့် ကျောင်းသားလေးတစ်ယောက်သဖွယ် မျက်နှာငယ်ကလေးဖြင့် အယ်လီဇဘက်အား ကြည့်သည်။

'ကျုပ် စိတ်မကောင်းပါဘူးဗျာ'ဟု ပြောသည်။ သူ့တစ်ကိုယ်လုံး ခိုက်ခိုက်တုန်နေသည်။ 'ကျုပ် မနက်ဖြန်ကျရင် ကျုပ်လှေဆီပြန်မှာပါ'

'ဟင်း'ဟု အယ်လီဇဘက်က ရေရွတ်သည်။ 'တကယ့်ကို အသုံး

www.burmeseclassic.com

www.burmeseclassic.com


မကျတဲ့ အလုပ်ပဲ၊ ဒီဘက်ကိုလာ၊ အဲဒီစကြံအတိုင်းသွား၊ နံရံတွေ ပေကုန်ဦးမယ်၊ သတိထားကြ' အယ်လီဇဘက်က လတ်လတ်ဆတ်ဆတ် ဖိုထားသည့် မီးဖိုတစ်ခုရှိရာ အခန်းထဲသို့ ရှေ့မှလမ်းပြပြီး ခေါ်သွားသည်။ သည်းခံခွင့်လွှတ်ပြီး တတ်နိုင်သမျှ ကူညီတော့မည်ဟု ဆုံးဖြတ်ထားပြီဖြစ်သဖြင့် အစစအရာရာ ကောင်းမွန်သပ်ယပ်စွာ ပြင်ဆင်ထားသည်။ ယာလုပ်သားနှစ်ယောက်၏ အကူအညီဖြင့် ကျွန်တော်သည် တင်မ်၏အဝတ်များကိုချွတ်ကာ အိပ်ရာပေါ် တင်သည်။ ထို့နောက် သူ့တစ်ကိုယ်လုံးကို ပိုက်စိပ်တိုက်၍ စနစ်တကျ စစ်ဆေးခြင်းပြုပါသည်။ ကျွန်တော် လုပ်စရာရှိသမျှ ပြီးသွားသည့်အခါ အောက်ထပ်ဧည့်ခန်းထဲရှိ အယ်လီဇဘက်ထံသို့ ပြန်ဆင်းခဲ့သည်။

'တော်ပါသေးရဲ့၊ သူဖြစ်တာ ကူးမသွားနိုင်တဲ့ အဆုတ်ရောင်ရောဂါပါ'ဟု ကျွန်တော်က ပြောသည်။ 'ရာသီဥတုဒဏ်ကြောင့် ဖြစ်တာပါ၊ ကျွန်တော်ထင်ထားသလောက် မဆိုးပါဘူး၊ ခင်ဗျားလက်ထဲမှာ ရက်နည်းနည်းလောက်ပဲ နေရမှာပါ၊ ဒီလူ ကိုယ်ခန္ဓာကြံ့ခိုင်ပုံကတော့ အံ့သြစရာပါပဲ'

အယ်လီဇဘက်က နှုတ်ခမ်းကိုရွဲ့၍ မဲ့ထားသည်။

'ဘာတွေပဲပြောပြောလေ၊ လောလောဆယ်တော့ ကျွန်မမှာရှိနေတဲ့ လုပ်စရာကိုင်စရာအလုပ်တွေကို ဘေးဖယ်ပြီး သူ့ကိုပဲကြည့်ပေးနေရတော့မှာ'

'သိပ်တော့မကြာပါဘူး'ဟု ကျွန်တော်က ပြုံး၍ပြန်ပြောသည်။ 'တင်မ်က သက်သာတာနဲ့ တစ်ပြိုင်နက် ပြန်မှာပါ၊ သူက သိပ်ရက်တတ်တဲ့လူ၊ အချစ်တို့၊ ငွေတို့အတွက် အိမ်တစ်အိမ်ရဲ့ ခေါင်မိုးအောက်မှာနေဖို့ အလွန်ဝန်လေးတဲ့ လူတစ်ယောက်ပါ'

'ဩော်... ဩော်... ဟုတ်လား'ဟု ငေါ့တော့တော့ လေသံဖြင့် ရေရွတ်သည်။

နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ဆောဟင်းယာတောသို့ နောက်တစ်ခေါက် ကျွန်တော်ရောက်သွားပြန်သည်။ အယ်လီဇဘက်က တံခါးဝမှ လာကြို ပါသည်။

'ရှင်ကပြောတော့ ရာသီဥတုဒဏ် မခံနိုင်လို့ပါဆို'

အယ်လီဇဘက်က မကျေနပ်သောလေသံဖြင့် ဆီး၍ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


'ရှင့်လူ ငတ်နေတာကိုကော ရှင်သိရဲ့လား၊ ရှင့်လူ အစာမစားရတာ လေးရက်တောင်ရှိပြီရှင့်၊ ဒါကြောင့်မို့ ဒီလောက် အအေးမိသွားတာ'

ကျွန်တော်က သူ့အပြောကို သဘောမကျသည့် အမူအရာပြလိုက်မိပါသည်။

'ဒါကတော့ ဒီလိုရှိတယ်လေ၊ သူနေပုံထိုင်ပုံကိုက ဒီနည်းဆိုတော့ ကျွန်တော်တို့က…'

သူက စကားကိုဖြတ်၍ ဝင်ပြောသည်။

'အဲသလို နေတာမျိုးဟာ ရက်စရာ ကောင်း… ကောင်းတာပေါ့၊ ကျွန်မတော့ စဉ်းစားလို့မရပါဘူး၊ ဘာများ ဂုဏ်သိက္ခာရှိလို့လဲ၊ နည်းနည်းကလေးမှ ဂုဏ်သိက္ခာရှိတဲ့ အနေအထိုင်မျိုးမှမဟုတ်တာ၊ ဒီလိုနေတာမျိုး ကျွန်မမသိလို့၊ သိသာသိလို့ကတော့ ကျွန်မကိုယ်တိုင် ဒီလူကို နေတတ်ထိုင်တတ်အောင် ပြုပြင်ပေးလိုက်မှာ၊ သူ့အဝတ်တွေများ ဟင်း… စိတ်ပျက်စရာတကယ်ကောင်းတာ၊ ကျွန်မ အကုန်လုံးကို မီးရှို့ပစ်လိုက်ပြီ၊ လူတစ်ယောက်နဲ့ သင့်တော်တဲ့ပစ္စည်းတွေမှမဟုတ်တာ၊ ဒီမယ် ကျွန်မ ပြောလိုက်မယ်၊ သူလဲ လူသားတစ်ယောက်ပဲ မဟုတ်လားရှင့်'

သူသည် စကားကိုဖြတ်ကာ ကျွန်တော့်အား ကြည့်နေသည်။ သူ့ပုံပန်းမှာ နောက်ထပ်အများကြီး ပြောချင်နေသေးသည့်အရိပ်လက္ခဏာရှိနေဆဲ။ သို့သော်လည်း သူ့ကိုယ်သူပြန်၍ သတိထားကာ ထိန်းသည်။ ထို့နောက် ကျွန်တော့်အား အပေါ်ထပ်သို့ ခေါ်သွားပါသည်။

ပထမတွင် ကျွန်တော်သည် တင်မ်အား မှတ်ပင်မမှတ်မိပါ။ အခန်းထဲရောက်လျှင်ရောက်ချင်း သူ့ကိုကြည့်ပြီး အထိတ်တလန့်ပင် ဖြစ်သွားမိသည်။ တင်မ်၏ကိုယ်တစ်ကိုယ်လုံး ရေပတ်တိုက်ထားသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ရိတ်ထားသည်။ ဖလန်ထည် ညဝတ်အင်္ကျီ၊ ဘောင်းဘီများ ဝတ်ထားသည်။ အံ့ဩဖွယ်ကောင်းလောက်အောင် ထူးခြားသည့် လူတစ်ယောက်ဖြစ်နေပါသည်။

'ဟာ… ဘယ်လိုလဲ တင်မ်'ဟု ကျွန်တော့်ပါးစပ်မှ စကားတစ်ခွန်းထွက်သွားသည်။ ချက်ချင်းပင် ကိုယ့်လျှာကိုယ်ပြန်ထိန်းရသည်၊

www.burmeseclassic.com

www.burmeseclassic.com


'ခင်ဗျားကြည့်ရတာ ဒီနေ့ အတော်နေကောင်းလာတဲ့ပုံပါလား'

'ကျွန်တော် ကောင်းသွားပြီ'ဟု တင်မ်ကပြောသည်။

'သူက ကျွန်တော့်ကို ကောင်းကောင်းကြည့်ပေးပါတယ်၊ ဒါပေမယ့် ကျွန်တော် မနက်ဖြန်မနက်ကို အိမ်ပြန်တော့မယ်'

'အဲသလိုလုပ်လို့ မရဘူးလေ'ဟု တံခါးဝမှရပ်နေသော အယ်လီဇဘက်ရှော့တ်က လှမ်းပြောသည်။ 'ရှင် နေမှမကောင်းသေးဘဲ၊ ရှင်ဟာ လူမိုက်ပဲ၊ နေမကောင်းသေးဘူးဆိုတာ သိလျက်သားနဲ့'

အမှန်တော့လည်း တင်မ်သည် နေမကောင်းသေးပါ။ အဖျားတိုင်းကြည့်လိုက်သည့်အခါ ၁၀၀ ဒီဂရီကျော်နေဆဲ။

ကျွန်တော် အောက်ထပ်သို့ပြန်ဆင်းခဲ့သည်။ အယ်လီဇဘက်အား အမှတ်တမဲ့ပြောလိုက်မိ၏။

'ကျွန်တော် မနက်ဖြန်ကျရင် မတ်လီယာဘက်ကို ရောက်မှာမဟုတ်ဘူး၊ ဒါကြောင့် လူနာကို သန်ဘက်ခါ မနက်ကျမှပဲ လာကြည့်မယ်'

'ကျွန်မ တောင်းပန်ရတော့မှာပဲ'ဟု အယ်လီဇဘက်က ပြောသည်။ 'ရှင့်အနေနဲ့ ဖျားနေတဲ့လူနာတစ်ယောက်ကို ကုသပေးနေပါကလားဆိုတဲ့ အချက်ကို မေ့သွားပုံပေါ်နေတယ်၊ ဘာပဲဖြစ်ဖြစ်... ရှင် မနက်ဖြန်တော့ မပျက်မကွက် ဒီအိမ်ကို လာရမှာပဲ၊ လူနာကို လာမကြည့်လို့ ဘယ်ဖြစ်မလဲ၊ လူနာက ဆေးဖိုးဝါးခ မပေးနိုင်ဘူးဆိုတာ သိနေလို့ထင်ပါရဲ့၊ ဆေးဖိုးဝါးခ မပေးနိုင်တာနဲ့ပဲ လူနာကိုပစ်ထားတော့မှာလား၊ မပူပါနဲ့ရှင်၊ ဆေးဖိုးဝါးခကို ကျွန်မ လာပေးပါ့မယ်'

နောက်တစ်နေ့တွင် တင်မ်ထံသို့ နောက်ထပ်တစ်ခေါက်ရောက်နေပြန်သည်။ တင်မ်သည် အတော်ကြီး နေကောင်းနေပြီ။

'အိမ်ရှင်အမျိုးသမီးက သဘောလဲကောင်းပါတယ်၊ စေတနာလဲ ရှိပါတယ်ဗျာ'ဟု တင်မ်က ပြောသည်။ 'ဒါပေမယ့် ကျွန်တော် မနက်ဖြန် မနက်လေ့ဆီကို ပြန်ချင်တယ်'

ဤတစ်ကြိမ်တွင် အယ်လီဇဘက်ရှော့တ်က ဘာတစ်ခွန်းမှ ဝင်

www.burmeseclassic.com

www.burmeseclassic.com


မပြောပါ။ သို့သော်လည်း အိမ်ရှေ့ခန်းထဲရောက်သည့်အခါ သူ့စိတ်ထဲ ရှိသမျှကို ပွင့်ပွင့်လင်းလင်းပြောသည်။

'လုံးဝနေမကောင်းသေးဘဲနဲ့ လေ့ဆီပြန်သွားလို့ ဘယ်ဖြစ်မလဲ၊ သူဒီမှာနေတာ ကျွန်မတို့အတွက် ဒုက္ခလဲမဟုတ်ပါဘူး၊ သူက အတော့်ကို ယဉ်ကျေးသိမ်မွေ့ပြီး ရိုးသားတဲ့လူတစ်ယောက်ပဲ' သူ့ လေသံသည် အိပ်မက်ထဲ စကားပြောနေသည့် အသံမျိုးဖြစ်လာသည်။ 'အတော့်ကို ထူးခြားတဲ့လူတစ်ယောက်ပါ၊ ဘယ်သူ့ကိုမှ ဆန့်ကျင်တဲ့စကားမပြောဘူး၊ သူပြောတဲ့ တစ်ချို့စကားတွေကျတော့လဲ သိပ်ကိုကောင်းတာပဲ၊ ယုံနိုင်စရာတောင်မရှိဘူး၊ ပြီးတော့ ဒေါက်တာသိမလားတော့ မပြောတတ်ဘူး၊ သူက ဆေးလိပ်မသောက်တတ်ဘူး၊ အရက်ကိုတောင် ဘယ်လိုအရသာရှိတယ်ဆိုတာ မသိဘူး၊ သူတစ်ယောက်တည်း ဟိုလေ့ပေါ်မှာ နှစ်ပေါင်းအများကြီးနေခဲ့တာကို ပြန်စဉ်းစားလိုက်ရင်... အင်း... ရုပ်ရည်ကျတော့လဲ လူချောပဲ၊ ကျွန်မတွေ့ဖူးခဲ့သမျှ ယောကျ်ားတွေထဲမှာတော့ အကြံ့ခိုင် အတောင့်တင်းဆုံး ယောကျ်ားတစ်ယောက်ပဲ'

ကျွန်တော်က သူ့အား စိုက်ကြည့်နေသည်ကို မြင်လိုက်သောအခါ အယ်လီဇဘက်၏ မျက်နှာသည် နီရဲသွားသည်။ သူအခြေပျက်သွားသည်ကို ပြန်၍ သတိထားမိလိုက်သောအခါ အယ်လီဇဘက်သည် နှုတ်ခမ်းများကိုက်လိုက်ပြီး သူ့စကားကိုအဆုံးသတ်သည်။

'မနက်ဖြန်တော့ တစ်ခေါက်လာခဲ့ပါဦး ဒေါက်တာ'ဟု ပြောနေကျစကားကိုပြောပြီး တံခါးဝအထိလိုက်ပို့သည်။

ဤသို့ဖြင့် ကျွန်တော်သည် နောက်တစ်နေ့နံနက်တွင်လည်း နောက်တစ်ကြိမ် ထပ်သွားခဲ့ရပြန်၏။ ထို့နောက်တစ်ဖန် နောက်တစ်နေ့နံနက် ကျွန်တော်ရောက်သွားတိုင်း တင်မ်၏ ပြောင်းလဲတိုးတက်လာနေသော အခြေအနေကို မချီးကျူးဘဲ မနေနိုင်ပါ။

ဆီးနှင်းများ အရည်ပျော်ကုန်ပြီ။ တောပိုင်းဒေသတွင် စိမ်းစိမ်းစိုစို ပြန်၍ဖြစ်လာပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com


တစ်ရက်တွင် ကျွန်တော် တင်မ်ထံသို့ရောက်သွားသည်။ တင်မ် သည် ဝတ်စုံအကောင်းစားများဝတ်ကာ တင့်တယ်ဖွယ်ရာ ဖြစ်လျက်ရှိသည်။

'ကောင်းပေ့ဆိုတဲ့ ပထမတန်းစားဝတ်စုံတွေ ဘာတွေဝတ်လို့ပါလား'ဟု ကျွန်တော်က ပြောသည်။

တင်မ်က ရိုးသားဖြူစင်သောအပြုံးဖြင့် တုံ့ပြန်သည်။ 'မစ္စတာရှော့တ်ရဲ့ဝတ်စုံပါ ဒေါက်တာ၊ ကွယ်လွန်သွားတဲ့ မစ္စတာရှော့တ်ကို ဒေါက်တာ သိတယ်မဟုတ်လား၊ သူ့ဝတ်စုံပေါ့၊ ကျွန်တော်နဲ့ အတော်ပဲဖြစ်နေတယ်'

'အချိန်တော့ ကျပြီမဟုတ်လား၊ တင်မ်'ဟု ကျွန်တော်ကပြောပြီး တခမ်းတနားဖြစ်နေသော တင်မ်အား ခြေဆုံးခေါင်းဆုံး ကြည့်နေမိသည်။

'ခင်ဗျား လေ့အိမ်ကို ပြန်ဖို့အချိန်တော့ ကျနေပြီမဟုတ်လား'

တင်မ်ကို ကြည့်ရသည်မှာ သတိကင်းနေသည့် လူတစ်ယောက်နှင့် တူနေပါသည်။

'ကျွန်တော် လေ့အိမ်အကြောင်း သိပ်မတွေးမိတော့ဘူး ဒေါက် တာ'ဟု ရေရွတ်သည်။ 'ဒီယာတောမှာနေရတာ အတော်လေးကောင်းသားပဲ'

ထိုအခိုက်တွင် အခန်းထဲသို့ အယ်လီဇဘက် ဖြုန်းခနဲ ဝင်လာသည်။ သူ့ကိုကြည့်ရသည်မှာလည်း တစ်မျိုး။ ပျော်ရွှင်မြူးထူးနေပုံရ၏။ သူသည် တင်မ်အား အလွန်သဘောကျသည့် မျက်နှာထားဖြင့် အသေအချာကြည့်နေသည်။

'ကြည့်စမ်းပါဦး ဒေါက်တာ၊ လူပုံမခံ့ညားဘူးလား'ဟု မေးသည်။ 'ဆောဟင်းယာတောရဲ့ အောက်ဘက်က ယာကွက်တွေ သွားကြည့်ကြမလို့၊ ကျွန်မက သူ့အကြံဉာဏ်လိုချင်တယ်လေ၊ သူ့ကိုပါ ခေါ်သွားမှာ၊ လမ်းမှန်ကမ်းမှန်လုပ်သွားရင် သူဟာ ယာသမားကောင်းတစ်ယောက်ဖြစ်နိုင်တယ်လို့ ကျွန်မကတော့ ထင်တာပဲ' ထိုစကားပြောအပြီးတွင် အယ်လီဇဘက်က ရယ်သည်။ 'ဒေါက်တာ မနက်ဖြန် လာဦးမယ်မဟုတ်လား'

'မလာတော့ဘူး'ဟု ကျွန်တော်က ဖြေသည်။ 'လုပ်စရာလဲ ဘာမှ မရှိတော့ဘူး၊ ကျွန်တော်က နောက်ကြောင်းပြန်တတ်တဲ့ လူစားလဲမဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း ကျွန်တော် နောက်ကြောင်းပြန်ခဲ့ရပါသည်။ ထိုလအတွင်း ကျင်းပခဲ့သည့် သူတို့နှစ်ယောက်၏ လက်ထပ်မင်္ဂလာပွဲတွင် ကျွန်တော်သည် သတို့သားအရန် ဖြစ်ခဲ့ရပါသည်။

* * * * *

## (၁၁)

စကော့များသည် ထူးခြားသော လူမျိုးတစ်မျိုးဖြစ်သည်။ သူတို့သည် ရာစုနှစ်ပေါင်းများစွာ သူတို့အိမ်နီးချင်းဖြစ်သော အင်္ဂလိပ်တို့အား တိုက်ခိုက်ခဲ့ကြသည်။ ယခုအချိန်ထိ အင်္ဂလိပ်တို့အပေါ် ရန်ငြိုးမပြေသေး။ အင်္ဂလိပ်တို့အား ဦးဆောင်တိုက်ခိုက်ခဲ့ကြသည့် ဘရစ်နှင့်ဘင့်နော့ချ်ဘန်းတို့အား သူရဲကောင်းများအဖြစ် မမေ့ကြသေး။ သူတို့နေထိုင်ရာနိုင်ငံသည် အလွန်ဆင်းရဲသော၊ အလွန်တောင်ကုန်းထူထပ်သော၊ ကျောက်တုံးကျောက်ဆောင်များထူထပ်သည့် ပင်လယ်ကမ်းရိုးတန်းများအနား တည်ထားသောနိုင်ငံငယ်ကလေးဖြစ်၏။ ဘဝရပ်တည်ရေးအတွက် အသက်မွေးရသည်မှာ ခက်ခဲပင်ပန်းသည်။ အစစအရာရာ အလွန်ချို့တဲ့သည်။ စစ်စစ်စီစီနှင့် ချွေတာ၍နေရသည်။ ဖွဲခတ်၍ ရုန်းကန်လှုပ်ရှားကြရသည်။

အခြားလူမျိုးများနှင့်မတူဘဲ တစ်မူထူးခြားသည့် အကျင့်စရိုက်များလည်းရှိကြ၏။ ယင်းအကျင့်စရိုက် အားလုံးသည် နှစ်သက်စဖွယ်ဖြစ်သည်ဟု ပြော၍မရသော်လည်း ထူးခြားသည်မှာကား အမှန်ပင်ဖြစ်၏။ သို့သော်လည်း အချို့အကျင့်စရိုက်များမှာ အခြေအမြစ် မည်မည်ရရမရှိဘဲ တမင်သက်သက်ချဲ့ကား၍ ပြောဆိုနေကြခြင်း ဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ မည်သို့ပင်ဖြစ်စေ စကော့တလန်နိုင်ငံ၏ အသေးစားလုပ်ငန်းများထဲတွင် နိုင်ငံသားများ၏ထူးခြားသော ပုံပြင်ဝတ္ထုများ ရောင်းချသည့်လုပ်ငန်းတစ်စု ပါဝင်သည်ဟု ပြောစမှတ် ပြုနေကြ၏။

စကော့လူမျိုးများသည် ခံစားမှုကင်းမဲ့သော အကျင့်စရိုက်ရှိသည်ဟု

www.burmeseclassic.com

www.burmeseclassic.com


ဆိုကြသည်။ အထူးသဖြင့် ထိုအကျင့်စရိုက်သည် စကော့တလန်နိုင်ငံမြောက်ပိုင်းသားများ၌ ရှိသည်ဟုပြောကြ၏။ ထို့အပြင်လည်း စကော့များသည် ဖော်ရွေမှုမရှိ။ အလွန်သွေးအေးပြီး ခံစားမှုနည်းပါးကြသည်ဟု ယူဆကြသည်။ ဤအကျင့်စရိုက်သည် လူမျိုးတစ်မျိုးလုံး၏ အကျင့်စရိုက်တစ်ခုအဖြစ် တည်ရှိနေသည်ဟုပင် ပြောကြသည်။ ကျွန်တော် တန်နော့ချ်ဘာရေးရွာ၌နေခဲ့သည့် အချိန်ကာလသည် တိုတောင်းလှပါသည်။ သို့သော်လည်း ထိုကာလအတွင်း၌ ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်တစ်ခုမှာ တစ်သက်လုံး မမေ့နိုင်လောက်အောင် ထိထိခိုက်ခိုက် ရှိလွန်းလှပါသည်။

မတ်လ၊ တစ်ညနေခင်းတွင် ဝီလီကရိတ်သည် အာဒင်ဂေဟာ၏ လူခေါ်ခေါင်းလောင်းကြိုးကိုဆွဲကာ တံခါးဝမှ အေးအေးဆေးဆေး ရပ်စောင့်နေသည်။

'မင်္ဂလာညချမ်းပါ ဂျက်နက်'ဟု တံခါးဖွင့်ပေးသူ အိမ်ဖော်မကြီးအား ကရိတ်က ဆီး၍နှုတ်ဆက်သည်။ 'အိမ်မှာ ဆရာဝန်မှရှိပါ့မလား မသိဘူး'

'ရှင်က ဘယ်ဆရာဝန်နဲ့ တွေ့ချင်တာလဲ မစ္စတာကရိတ်'

'ဘယ်သူရယ်လို့ မဟုတ်ပါဘူး၊ အိမ်မှာရှိနေတဲ့လူပေါ့'

'ဒီနေ့ ဆေးခန်းတာဝန်ကျတဲ့လူကတော့ လက်ထောက်ဆရာဝန်ပဲ၊ ဒါပေမယ့် ရှင်က ဒေါက်တာကေမရွန်နဲ့မှ တွေ့ချင်တယ်ဆိုရင်လဲ ကျွန်မသွားပြောပေးမယ်လေ'

ကရိတ်က ခေါင်းခါပြသည်။ သူသည် တည်ငြိမ်အေးဆေးပြီး ထိန်းထိန်းသိမ်းသိမ်း နေတတ်သူဖြစ်သဖြင့် သူ့ခေါင်းခါပြပုံမှာ မသိသာလှ။

'ဘယ်သူဖြစ်ဖြစ် ဆရာဝန်ဆိုရင် ဖြစ်ပါတယ်'

ဂျက်နက်က ကရိတ်၏စကားကို သဘောကျသည်။ သူသည် တည်တည်ငြိမ်ငြိမ်ရှိသူကို သဘောကျတတ်သည်ဖြစ်ရာ ချက်ချင်းပင် ကရိတ်အား အထူးအခွင့်အရေးပေးသည့်အနေဖြင့် ထမင်းစားခန်းထဲအထိခေါ်လာပြီး ထိုင်စောင့်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com


ဝီလီကရိုတ်သည် ဂျက်နက်ပေးသည့်နေရာ၌ ဝင်ထိုင်သည်။ လက်နှစ်ဖက်ကို အိတ်ကပ်များတွင် နှိုက်ထားသည်။ ကြောင်အိမ်အပေါ်ဘက်၌ ချိတ်ထားသည့် တယောကိုလှမ်းကြည့်နေသည်။

ကရိုတ်သည် ပိန်ပိန်ပါးပါး၊ သေးသေးသွယ်သွယ် ဖြစ်သည်။ အသက် ၃၇နှစ်ခန့် ရှိပြီ။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကို သန့်စင်အောင် ရိတ်ထားသည်။ မျက်နှာအရောင်က ဖြူရော်ရော် ဖျော့တော့တော့။ ညိုမှိုင်းမှိုင်း ဝတ်စုံဝတ်ထားပြီး လည်ပင်းတွင် နက်ကတိုင် အနက်ရောင်စီးထားသည်။

ဝီလီကရိုတ်သည် ရွာတွင် ပေါင်မုန့်ဖုတ်သမားဖြစ်သည်။ သူ၏ မုန့်ဖုတ်လုပ်ငန်းမှာ ဟိုက်လမ်း၌ တည်ရှိသည်။ သူက အိမ်ဝင်းနောက်ဘက်ရှိ မုန့်ဖိုထဲ၌ မုန့်ဖုတ်၍ သူ့ဇနီးက အိမ်ရှေ့ဆိုင်ခန်း၏ ကောင်တာနောက်တွင် ထိုင်ကာ မုန့်ရောင်းသည်။ ဝီလီကရိုတ်၏ ဆိတ်သားမုန့်နှင့် စပျစ်သီးကိတ်များသည် ကောင်တီခရိုင်အတွင်း၌ လူကြိုက်များသည်။ မုန့်ဖုတ်ကောင်းသည်ဟု လူအများကြား၌ ထင်ရှားသော ဝီလီကရိုတ်သည် ဆက်ဆံပုံ အေးတိအေးစက်နိုင်လွန်းသဖြင့် လူအများ၏ပါးစပ်ဖျားတွင် ရေပန်းစားသူဖြစ်၏။

ကရိုတ် အေးစက်စက်နိုင်မှုနှင့် ပတ်သက်၍ သိသာထင်ရှားသော ဖြစ်ရပ်တစ်ခုရှိသည်။ ဝင်တန်ဘိုးလင်း ဘောလုံးပစ်ဗိုလ်လုပွဲကို နှော့စ်ဟစ်လ် ဂရင်းကွင်း၌ ပြုလုပ်သည်။ ဝီလီကရိုတ် အကြိတ်အနယ် ကစားရသောပွဲဖြစ်၍ နောက်ဆုံးတွင် တစ်ချက်မျှ အသာစီးရပြီး ကပ်၍နိုင်ခဲ့သည်။ သူအနိုင်ရရှိသွားသည့်အတွက် ပွဲကြည့်ပရိသတ်က ဆူညံစွာအော်ဟစ်၍ သြဘာပေးကြ၊ ချီးကျူးကြသည်။ ဝီလီကရိုတ်သည် ကစားပွဲတစ်လျှောက်လုံးတွင်လည်း စိတ်လှုပ်ရှားသည့် အရိပ်အရောင်မပြ။ ဝိုင်း၍ သြဘာပေးနေကြသည့်အခါတွင်လည်း မတုန်မလှုပ်။ သူ့ပြိုင်ဘက် ဂျော်ဒွန်မှာ သူ့လိုမဟုတ်။ ကစားချိန်တွင်လည်း စိတ်လှုပ်ရှားသည်။ ပွဲပြီးတော့လည်း စိတ်လှုပ်ရှားမှုမပြေ။ တစ်မျက်နှာလုံးနီရဲကာ ဒေါပွဆဲ။ 'ဒီအကောင် လူမဟုတ်ဘူး၊ တခြားလူတွေ ခံစားရသလို သူမခံစားရဘူး၊ ခံစားတတ်တဲ့ အကျင့်မရှိဘူး၊ ရေခဲတုံးကြီး တစ်တုံးထဲမှာ ပိတ်ပြီးသေနေတဲ့ ငါးတစ်ကောင်နဲ့တူတယ်၊ ဝီလီကရိုတ်ရဲ့ ပြဿနာက

www.burmeseclassic.com

www.burmeseclassic.com


ဒါပဲ၊ ဒီကောင်ကြီးကြည့်ရတာ စိတ်ကူးတို့၊ အတွေးအခေါ်တို့လဲ ရှိပုံမပေါ်ပါဘူး’ ဟု ဂျော်ဒွန်က ဒေါပွပွဖြင့် မှတ်ချက်ချသည်။

ထိုအချိန်မှစ၍ ဝီလီသည် စိတ်ကူးမရှိသော လူတစ်ယောက်အဖြစ် လူသိများလာခဲ့၏။ ယခုလည်း အာဒင်ဂေဟာ၏ ထမင်းစားခန်းထဲထိုင်၍ ကျွန်တော့်အား စောင့်နေသော ဝီလီ၏မျက်နှာထားသည် မျက်နှာသေဖြစ်သည်။ လေးလံထုံထိုင်းသော အရိပ်အခြည်ကိုသာ မြင်ရသည်။

‘ဒီဘက်ကိုလာပါ မစ္စတာကရိတ်’ဟု ဂျက်နက်က ခေါ်သည့်အခါ ကျောက်ရုပ်တစ်ရုပ်သဖွယ် ငုတ်တုတ်ထိုင်နေရာမှထပြီး ဆေးခန်းဘက်သို့ လိုက်လာသည်။

‘ထိုင်’ ကျွန်တော်က သူ့အား သံပြတ်နှင့်ပြောသည်။

‘ဘာဖြစ်သလဲ’

ကျွန်တော့်မှာ အလုပ်ကများသည်။ ပင်ပန်းနေသည်။ အားလုံး သုတ်သီးသုတ်ပျာ လုပ်နေရသည့် အချိန်ကာလဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော့်အပြုအမူသည် တိုတောင်းပြတ်သားလွန်းနေသည်။ သို့သော်လည်း ဝီလီကတော့ သတိထားပုံမပေါ်၊ သတိထားမိပါကလည်း ဂရုစိုက်ဟန်မရှိ။

‘လျှာ... ခင်ဗျာ၊ ကျွန်တော့်လျှာထိပ်မှာ ဘာဖြစ်နေတယ်မသိဘူး’

‘ခင်ဗျားဆိုလိုတာက နာနေတယ်လို့ ဆိုချင်တာလား’

‘အင်း... နည်းနည်းတော့နာတယ်’

‘ကျွန်တော် စစ်ကြည့်မယ်’

‘ကျွန်တော်က စားပွဲကိုမှီ၍ သူ့လျှာကိုကြည့်ပါသည်။ အချိန်ယူ၍ အကြာကြီးကြည့်ခြင်းဖြစ်သည်။ ထို့နောက် ‘အခုလို ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ’ဟု မေးမိသည်။ ကျွန်တော့်လေသံမှာ ပြောင်းသွားပါပြီ။

‘သီတင်းခြောက်ပတ်လောက်ရှိသွားပြီ၊ ဖြည်းဖြည်းချင်း ဖြစ်နေတာပါ၊ ဒါပေမယ့် မကြာသေးခင်ကတော့ ပိုဆိုးလာသလိုပဲ’

‘ခင်ဗျား ဆေးလိပ်သောက်သလား’

‘အေး... ဆေးလိပ်တော့ သိပ်သောက်တယ်’

‘ဆေးတံသောက်တာလား’

www.burmeseclassic.com

www.burmeseclassic.com


'အင်း... ဟုတ်တယ်၊ ဆေးတံ'

ကျွန်တော် ထိုင်ရာမှထကာ ပစ္စည်းထည့် ဗီရိုကလေးဆီသို့ သွားသည်။

အားကောင်းသော မှန်ဘီလူးတစ်ခုဖြင့် ဝီလီ၏လျှာကို အသေအချာ ထပ်ကြည့်သည်။ လျှာထိပ်တွင် နီရဲရဲအစက်ကလေးတစ်စက်။ သာမန်လူ တစ်ဦးအဖို့ ခွဲခြား၍သိရန်ခက်ခဲသည့် အစက်မျိုးဖြစ်သော်လည်း လေ့လာ သင်ကြားခဲ့ရသူများအဖို့ အလွန်ကြောက်မက်ဖွယ်ကောင်းသည့် အစက်မျိုးဟု ယူဆနိုင်ဖွယ်ရာရှိသည်။

ကျွန်တော်သည် မှန်ဘီလူးကိုချထားလိုက်ပြီး ကုလားထိုင်တွင် ပြန် ထိုင်လိုက်ပါသည်။

ကျွန်တော့်အဖို့ နှစ်လမ်းသာရွေးစရာရှိ၏။ ပထမလမ်းမှာ ဖြစ်သမျှ အကြောင်း အကောင်းချည်းဟုသဘောထားကာ ဘာမှမပြောဘဲ ရေငုံနှုတ်ပိတ် လုပ်နေရန်ဖြစ်သည်။ ဒုတိယလမ်းမှာ အမှန်အတိုင်းပြောပြရန်ဖြစ်သည်။ သူ့ ကိုယ်သူ အလွန်ထိန်းထိန်းသိမ်းသိမ်းရှိသူတစ်ဦးဟု နာမည်ကြီးနေသည့် ဝီလီ ကရိုတ်အား ကျွန်တော်ကြည့်နေမိသည်။ ဝီလီကလည်း ကျွန်တော့်မျက်နှာကို တည်ငြိမ်အေးဆေးစွာ ပြန်ကြည့်သည်။ သူ့အား အမှန်အတိုင်းအသိပေးရန် ကျွန်တော် ဆုံးဖြတ်လိုက်ပါသည်။

'ဒီမယ် ဝီလီ၊ ခင်ဗျားလျှာပေါ်က အစက်ကလေးဟာ အလွန်စိုး ရိမ်စရာကောင်းတဲ့ဟာမျိုး ဖြစ်ချင်လဲဖြစ်လိမ့်မယ်၊ ထင်သလိုလဲ ဟုတ်ချင်မှ ဟုတ်မယ်ပေါ့လေ'

ဝီလီကတော့ စိတ်အနှောင့်အယှက်ဖြစ်သွားပုံမရ။

'ကျွန်တော် ဒါကြောင့်လာတာပါ ဒေါက်တာ၊ အဲဒါဟာ ဘာလဲ ဆိုတာ သိချင်လို့ပါ'

'ကျွန်တော်လဲ သိချင်နေတာပဲ ဝီလီ၊ ကျွန်တော် ခင်ဗျားလျှာက အသားစ သေးသေးလေးတစ်စ ယူရလိမ့်မယ်၊ ပြီးရင် တက္ကသိုလ်ရောဂါဗေဒ ဌာနကိုပို့ပြီး စစ်ကြည့်ရမယ်၊ အသားစယူတာ မနာပါဘူး၊ ကြာလဲမကြာ ပါဘူး၊

www.burmeseclassic.com

www.burmeseclassic.com


ခဏလေးပါ၊ နှစ်ရက်လောက်အတွင်းမှာ အဖြေရမယ်၊ အဲဒီကျရင် ကျွန်တော်စိုးရိမ်နေတဲ့ဟာ ဟုတ်မဟုတ် ကျွန်တော်သိရမယ်'

'ဒေါက်တာစိုးရိမ်နေတာက ဘာလဲ'

ဆေးခန်းထဲတွင် တိတ်ဆိတ်သွားသည်။ သူ့ကို ဝေ့လည်ကြောင်ပတ် ပြောမှဖြစ်မည်ဟု စိတ်ထဲကထင်သည်။ သို့သော်လည်း ဝီလီ၏ အေးစက်စက် ပြာမှိုင်းမှိုင်းမျက်လုံးများနှင့် တည့်တည့်ပြိုင်၍ကြည့်မိသည့်အခါ ကျွန်တော် စိတ်ပြောင်းသွားသည်။ အသံကိုနှိမ့်၍ပြောပြပါသည်။

'လျှာမှာ ကင်ဆာဖြစ်နေသလားလို့ စိုးရိမ်မိလို့ပါ'

ငြိမ်ဆိတ်သွားပြန်သည်။

'သြော်... ဟုတ်လား'ဟု ဝီလီက ရေရွတ်သည်။ 'ဒါဆိုရင်တော့ သိပ်မကောင်းလှဘူးပေါ့၊ တကယ်လို့ ဒေါက်တာထင်သလို ကင်ဆာဖြစ်နေရင် ဘယ်လိုလုပ်မလဲ'

'ခွဲရမှာပဲ'

'ကျွန်တော့်လျှာကို ခွဲထုတ်ပစ်ရမယ် ဆိုပါတော့'

ကျွန်တော်က ခေါင်းညိတ်ပြလိုက်ပါသည်။ အနည်းနဲ့အများဆိုသလို ဖြစ်လာနိုင်တာတော့ ဒီသဘောပဲ၊ ဒါပေမယ့် ကျွန်တော်တို့ အဖြေမရမချင်း ကတော့ ဒီဒုက္ခတွေနဲ့ ရင်ဆိုင်ရဦးမှာ မဟုတ်ပါဘူး'

ဝီလီသည် သန့်စင်ပြောင်လက်နေသော ဖိနပ်ဦးများကို အချိန်အတန် ကြာမျှ စိုက်ကြည့်နေသည်။ ထို့နောက် သူ့ဦးခေါင်း ပြန်မော့လာသည်။

'ဒါဆိုရင်လဲ ဒေါက်တာလုပ်စရာရှိတာကိုသာ ဆက်လုပ်ပါ'

ကျွန်တော် ထိုင်ရာမှပြန်ထကာ ကိရိယာများကို ရောဂါပိုးများ ကင်းအောင် ရေနွေးနှင့်ပြုတ်သည်။ ဝီလီ၏လျှာပေါ်တွင် ထုံဆေးဖျန်းသည်။ ကြက်သွေးသမျှ နီရဲနေသောအစက်မှ အစသေးသေးလေးတစ်ခုကို ဖြတ်ယူလိုက်၏။

'ပြီးသွားတာ မြန်သားပဲ'ဟု ဝီလီက ရေရွတ်သည်။

သူသည် ပါးစပ်ကို ရေနှင့်ပလုတ်ကျင်းသည်။ ဦးထုပ်ကို ကောက်၍ ဆောင်းကာ ပြန်ရန်ဟန်ပြင်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ကျွန်တော် ကြည့်ဦးမယ်လေ' ဟု ကျွန်တော်က ပြောပါသည်။

'ဒီနေ့ တနင်းလာနေ့ဆိုတော့၊ အင်း… ကြာသပတေးနေ့ ညဘက် ဒီအချိန်လောက် ဆေးခန်းကို လျှောက်လာခဲ့ပေါ့၊ အဲဒီနေ့ အဖြေသိရမယ်'

'အဖြေကောင်းလိမ့်မယ်လို့ ကျွန်တော်ကတော့ မျှော်လင့်တာပဲ' ဝီလီက ဘာကိုမှအရေးမထားတော့သည့် လေသံဖြင့်ပြောသည်။

'ကျွန်တော်ကလဲ အဲသလိုပဲ မျှော်လင့်ပါတယ်'

'ကဲ… သွားမယ်၊ မင်္ဂလာညပါ ဒေါက်တာ'

'မင်္ဂလာညပါ ဝီလီ'

သူသည် ခြံအဝင်လမ်းအတိုင်း အေးအေးဆေးဆေးပင် ထွက်ခွာသွားသည်။ ခြံတံခါးကိုပင် ဂရုတစိုက် ပြန်ပိတ်သွားသည်။ သူသွားရာကို မျှော်ကြည့်နေသော ကျွန်တော်သည် သူ၏တည်ငြိမ်မှုနှင့် အေးဆေးစွာရင်ဆိုင်ဝံ့သောသတ္တိကို မချီးကျူးဘဲမနေနိုင်ပါ။

* * * * *

ကျွန်တော်အကဲဖြတ်ခြင်းသည် မှန်ပါ၏လော။ သွေးအေးလွန်းသောဈေးသည်၊ စိတ်ကူးမရှိသောလူအဖြစ် ထင်ရှားနေသူသည် လမ်းမပေါ်တွင် လျှောက်သွားလျက်ရှိသည်။ သူ့ဦးခေါင်းကို မော့ထားသည်။ သူ့နှုတ်ခမ်းများကို တင်းကျပ်စွာစေ့ထားသည်။

အပြင်ပန်းအားဖြင့် အေးဆေးသည်။ တည်ငြိမ်သည်။ သို့သော်လည်း သူ့ဦးနှောက်တွင်း၌မူ ထောင်ပေါင်းများစွာသော တူကြီးများဖြင့် အထုအနှက်ခံနေရသည့်နှယ်ရှိ၏။ သူ့နားနှစ်ဖက်တွင် ထောင်ပေါင်းများစွာသောအသံများ ကြားနေရသည်။ တစ်လုံးတည်းသောစကားကို အကြိမ်ပေါင်းများစွာ ရေရွတ်နေခြင်းဖြစ်၏။ အဆုံးသတ်၍မရသော စကားလုံးဖြစ်သည်။ ကင်ဆာ … ကင်ဆာ…။

သူ့တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားနေသည်။ သူ့နှလုံးသားသည် ပြင်းထန်စွာ ခုန်နေသည်။ ဘုရားရှိခိုးကျောင်းလမ်းထဲသို့ ကွေ့ဝင်မိသောအခါ

www.burmeseclassic.com

www.burmeseclassic.com


သူ့ခေါင်းသည် မူးဝေနောက်ကျိလာသည်။ သူလဲကျပြီး သတိလစ်သွားတော့မည်ဟုပင် ထင်မိသည်။

'ဟေး... ဝီလီ၊ နေကောင်းရဲ့လား၊ နော့စ်ဟစ်လ် ကစားကွင်း အတွက် အင်မတန်သာယာတဲ့ ညနေခင်းပဲ' ဘေလီပက်စ်တန်ဆိုသူက လမ်း၏ တစ်ဖက်ရှိ သူ့ရုံးခန်းဝမှရပ်၍ ဝီလီအား နှုတ်ဆက်သည်။

ဝီလီအား နှုတ်ဆက်သူများမှာ တစ်ဦးတည်းမဟုတ်။ လမ်းသွားလမ်းလာအားလုံးက လက်မြှောက်၍ ပြုံး၍နှုတ်ဆက်နေကြခြင်းဖြစ်၏။

'သာယာတဲ့ညနေခင်းပါ ဝီလီ'

'ကျွန်တော်တို့ ခင်ဗျားကို စနေနေ့ ဘိုးလင်းဘောလုံးပစ်ပွဲမှာ ဆက်ဆက်လာတွေ့မယ်နော်'

'ဒါပေါ့၊ လာတွေ့ပါ၊ ကျွန်တော်က ဘယ်တော့မှပျက်ကွက်တတ်တဲ့ လူစားမဟုတ်ပါဘူးဗျ'

သူ့စိတ်သူ ဘယ်လိုများထိန်းပြီး ဤစကားများကို ပြန်ပြောနေမိပါလိမ့်။

သူဆက်၍လျှောက်သွားနေခိုက်တွင် ချွေးများဖြင့် စိုရွှဲလာသည်။ သူ့ပါးများသည် တဆတ်ဆတ်လှုပ်လာသည်။ သူ့တစ်ကိုယ်လုံး အရည်ပျော်သွားလေမလား၊ ထိန်း၍မရပါလား။ သူ၏သတိကြီးမှုနှင့် တက်ကြွဖျတ်လတ်မှုများကိုပင် အန်တုနေပါပကောလား။

သူ့ဘဝတစ်လျှောက်လုံး သူ့အာရုံကြောများကို နိုင်နင်းအောင် ထိန်းချုပ်နိုင်စွမ်းရှိခဲ့၏။ ဤအကြောများသည် သူ့အား မကြာခဏ တွန်းလှန်အားထုတ်ခဲ့ကြသည်။ ဥပမာဆိုပါတော့၊ ဘိုးလင်းဘောလုံးပွဲတစ်ပွဲတွင် ဗိုလ်လုကြစဉ်က... အဖြစ်။ ထိုပွဲတွင် နောက်ဆုံး၌ သူနိုင်ခဲ့ပါ၏။ သို့သော်လည်း ကိုယ်ခန္ဓာအတွင်းရှိ အကြောများသည် အပြင်းအထန် ခံစားခဲ့ရ၏။ သူကတော့ စိတ်တွင်းမှ ခံစားရမှုများကို ဘေးလူများမမြင်မသိအောင် ထိန်းချုပ်ထားခဲ့သည်။ ဘာကိုမှ ဂရုမထားသည့်နှယ်။ ပွဲပြီးသည်အထိ ကစားခဲ့သည်။ အခုကျတော့ ကြောက်မက်ဖွယ်ကောင်းသော အရာတစ်ခုနှင့် ရင်ဆိုင်နေရပြီ။ သူဘယ်လိုလုပ်ပြီး ရင်ဆိုင်ရပါမည်နည်း။ ကြောက်မက်ဖွယ်ကောင်းသည့်

www.burmeseclassic.com

www.burmeseclassic.com


စကားလုံးရေရွတ်သံများသည် သူ့နားထဲ၌ ထပ်မံ၍ပေါ်လာနေကြပြန်လေပြီ။

ဝီလီသည် ဆိုင်အပေါ်ထပ်ရှိ သူ့အိမ်တွင်းသို့ တိတ်တိတ်ဆိတ်ဆိတ် ဝင်လာခဲ့သည်။ သူကုလားထိုင်တွင် ဝင်ထိုင်သည်။

'ကစားကွင်းက ရှင်ပြန်လာတာ အစောသားပဲ'ဟု သူ့ဇနီး ဘက်ဆီက သတင်းစာဖတ်နေရာမှ မော့မကြည့်ဘဲ လှမ်းပြောသည်။

'ကနေ့ည ကစားကွင်းကို မရောက်ခဲ့ပါဘူးကွာ၊ အညောင်းပြေ လမ်းလျှောက်ပြီး ပြန်လာခဲ့တာပါ' ဘက်ဆီနှင့်ကျတော့ သူ့ခံစားမှုကို ထုတ်ဖော်ပြ၍မဖြစ်ဟု ဝီလီက ယူဆသဖြင့် အခြေမပျက်အောင် ထိန်းပြောသည်။

'ဟား... ဟား၊ ဂျင်နီမက်ကင်နီးရဲ့ ဦးထုပ်တွေ ကြော်ငြာနေတယ်၊ နွေဦးဖက်ရှင်တွေ၊ တစ်လုံးမှ ၅သျှီလင်နဲ့ ၁၁ ပဲနိတဲ့၊ ဈေးလဲတော်တယ်၊ ကျွန်မတော့ တစ်လုံးလောက်ဝယ်ဆောင်းလိုက်ဦးမယ်'

ဝီလီသည် မီးဖိုထဲမှ မီးတောက်များကို စိုက်ကြည့်နေသည်။ သူ့ကိုယ်သူ ဣန္ဒြေပျက်မသွားအောင် မနည်းကြီးကြိုးစား၍ ထိန်းချုပ်နေရ၏။

'ဝယ်မလို့ စိတ်ကူးရင်လဲ မြန်မြန်ဝယ်ပေါ့ကွာ၊ မင်းဟာက တကယ်တမ်းကျတော့ နှမြောပြီး မဝယ်ဖြစ်တာက များနေတာပဲ'

ဘက်ဆီက သူ့ယောကျ်ားအား ကြည့်ပြီးပြုံးသည်။ ဝီလီပြောလိုက်သည့်စကားတွင် မယားကောင်းပီသစွာ ချွေတာတတ်သည့် မိမိ၏အကျင့်ကို ချီးမွမ်းသောသဘောဖြင့် ဘက်ဆီက သဘောကျလျက်ရှိသည်။

'ကျွန်မ ဝယ်ချင်လဲဝယ်မယ်၊ မဝယ်ချင်လည်း မဝယ်ဘူး၊ အလှအပပစ္စည်းတွေအပေါ်မှာ ကျွန်မ ငွေမဖြုန်းချင်ဘူး၊ ကျွန်မတော့ ကျွန်မတို့တစ်သက်လုံး ဒီဆိုင်ထဲမှာချည်း တွယ်ကပ်မနေချင်ဘူးလေ၊ နော့စ်ဟစ်လ်ရပ်ကွက်မှာ အိမ်ကလေးတစ်လုံးနဲ့ သပ်သပ်ရပ်ရပ်နေချင်တယ်၊ ဖြစ်နိုင်ရင် အခုတစ်နှစ်၊ နှစ်နှစ်အတွင်းလောက်မှာပေါ့၊ ရှင်ကော ကျွန်မစိတ်ကူးကို သဘောမကျဘူးလားဟင်'

တစ်နှစ် နှစ်နှစ်အတွင်းတဲ့။ ထိုစကားလုံးများသည် သူ့ရင်ဘတ်ကို ဓားတစ်ချောင်းဖြင့် ထိုးစိုက်သည့်နှယ် စူးခနဲဖြစ်သွားသည်အထိ ခံစားရ သည်။ သူပြောသည့် တစ်နှစ် နှစ်နှစ်အတွင်း သူဘယ်ရောက်နေလိမ့်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com


သူသည် မျက်လုံးများကို မှိတ်ထားလိုက်သည်။ ထွက်လုလုဖြစ်နေသော မျက်ရည်များကို ထွက်ကျမလာအောင် အပြင်းအထန် ချုပ်တည်းထားနေရ၍။ ဘက်ဆီကတော့ သတင်းစာကို လှန်လှောကာ ရယ်မောလျက်ရှိသည်။

ဝီလီသည် စောစောစီးစီး အိပ်ရာဝင်သည်။ ထုံးစံအတိုင်းဆိုလျှင် သူသည် ည ၁၀နာရီလောက်မှ အိပ်ရာဝင်လေ့ရှိသည်။ ထိုအချိန်ထက်တော့ နောက်ကျလေ့မရှိ။ နံနက်ဆိုလျှင် အိပ်ရာမှ လေးနာရီထိုးထပြီး မုန့်ဖိုကို ကြည့်ရသည် မဟုတ်ပါလား။ သို့သော်လည်း ဒီညတော့ ကိုးနာရီထိုးတွင် အိပ်ရာဝင်ခဲ့သည်။ အိပ်ရာထဲရောက်တော့လည်း အိပ်မပျော်။ ဘက်ဆီရောက်လာသောအချိန်ထိ သူမျက်စိကျယ်နေဆဲ။ သူ့ရင်ထဲရှိသမျှကို ပြောမိမည်စိုး၍ အိပ်ပျော်ဟန်ဆောင်နေသည်။ မျက်စိများကို တအားပိတ်ကာ ဘက်ဆီ၏ လှုပ်ရှားမှုများကို နားစွင့်နေသည်။ ဘက်ဆီသည် နာရီကို သံပတ်ပေးသည်။ တစ်ချက်မျှ အားရပါးရသမ်းသည်။ ခေါင်းမှ ဆံညှပ်များကိုဖြုတ်၍ ဗီရိုပေါ်မှ ခွက်ထဲသို့ထည့်သည်။ ထို့နောက် သူနိုးသွားမည်စိုး၍ အိပ်ရာထဲသို့ အသာကလေးဝင်လာသည်။

ဆယ့်ငါးမိနစ်ခန့်အကြာတွင် ဘက်ဆီထံမှ အသက်ရှူသံမှန်မှန်ပေါ်ထွက်လာသည်။ ဘက်ဆီကတော့ အိပ်ပျော်သွားပြီ။ သူကတော့ အိပ်၍မရသေး။ လက်သီးများကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ သူ့စိတ်ကို ထိန်းချုပ်နေရဆဲ။ အခန်း၏အမှောင်ထုသည် သူ့အပေါ်မှ အသုဘခေါင်းတစ်ချပ်နှင့် ဖုံးအုပ်ထားသည့်နှယ် လွှမ်းခြုံထားသည်။ သူသည် အော်ဟစ်ပြီး ငိုချလိုက်ချင်စိတ် ဖြစ်ပေါ်နေသည်။ တင်းကျပ်တောင့်တင်းနေသော အကြောများကို ပြေသွားအောင် လုပ်လိုက်ချင်၏။ သူ့ကိုယ်ကို ဘက်ဆီဘက်သို့ လှည့်လိုက်ချင်သည်။ သူ့မိန်းမထံမှ ကရုဏာတရားရရှိရန်အတွက် ရှိုက်ကြီးတငင် ငိုကြွေးကာ ပြောပြလိုက်ချင်၏။

'ငါဟာ မင်းထင်နေတဲ့ လူစားမျိုးမဟုတ်ဘူး ဘက်ဆီ၊ ငါဟာ စိတ်ဓာတ် မာကြောခက်ထန်တဲ့လူတစ်ယောက်လဲ မဟုတ်ပါဘူး၊ ငါလဲပဲ တခြားလူတွေလို အရာရာတိုင်းကို ခံစားတတ်တဲ့လူပါပဲ၊ အခုဆိုရင် ငါ

www.burmeseclassic.com

www.burmeseclassic.com


ကြောက်နေပြီ၊ ကြောက်လွန်းလို့ အရူးတစ်ယောက်လိုဖြစ်နေပြီ၊ ကလေး တစ်ယောက်လို ကြောက်နေတာပါ၊ ငါ့မှာလဲ ကလေးဆန်တဲ့ စိတ်နေစိတ်ထား တွေ ရှိတာပါပဲ၊ ငါဟာ စိတ်လဲထိခိုက်လွယ်တဲ့ လူတစ်ယောက်ပါ၊ ကြောက် လဲကြောက်တတ်ပါတယ်၊ ဒါကြောင့်မို့လဲ မကြောက်တတ်တဲ့ လူတစ်ယောက် လို့ ဘေးလူတွေက ထင်အောင်ဟန်ဆောင်နေတာပါ၊ အခုတော့ဖြင့် ဟန်ဆောင် မှုတွေကို ကျော်လွှားလာခဲ့ရပြီ၊ ငါပြောတာတွေ မင်းကြားရဲ့လား ဘက်ဆီ၊ မင်းနားလည်ပြီလား... ဟင်၊ သူတို့က ထင်နေကြပြီ၊ သူတို့က ငါ့မှာ ကင်ဆာဖြစ်နေပြီလို့ ထင်နေကြပြီ'

ကျရောက်ဆဲဖြစ်သော သေဘေးအတွက် ကိုယ်စိတ်နှစ်ပါး ဆင်းရဲ ဒုက္ခကို ပြင်းစွာခံရသည်။ သူ့ဘေးတွင် သူ့မိန်းမသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည်။ သူကတော့ လက်ဝါးတစ်ဖက်ဖြင့် ပါးစပ်အုပ်ကာ ကျိတ်၍ငိုနေသည်။ တမေ့မျှပင် အိပ်မပျော်။ သူ့ရောဂါအကြောင်းကို တစ် စက္ကန့်ကလေးမျှပင် မေ့မသွား။

နံနက်လေးနာရီထိုးသော် အိပ်ရာမှထသည်။ အလုပ်ဝတ်စုံကိုဝတ်ကာ မုန့်ဖိုထဲဝင်ခဲ့သည်။ နေ့စဉ်လုပ်နေကျ အလုပ်များသည် သူ့စိတ်ကို သက်သာ ရာရစေလိမ့်မည်ဟု သူမျှော်လင့်သည်။ သို့တစေလည်း သူမျှော်လင့်သလို ဖြစ်မလာ။ အချိန်တွေကုန်သွားသည်နှင့်အမျှ စိတ်ဓာတ်ကျမှုက တိုး၍သာဆိုး လာသည်။ အပြင်ပန်းမှာတော့ သူ့အပြုအမူသည် ယခင်အတိုင်းပင်ဖြစ်၏။ လုပ်နေကျအလုပ်များကို လုပ်မြဲတိုင်းလုပ်သည်။ စကားပြောသည်။ သူ၏ လှုပ်ရှားမှုများသည် စက်ရုပ်တစ်ရုပ်၏ လှုပ်ရှားမှုများနှင့်တူသည်။ အခုဆိုလျှင် သူ့မှာ ကင်ဆာရောဂါရှိနေသည်ဟု သိထားရပြီ။ တစ်နေ့တာ လုပ်စရာများကို အရှိန်မပျက်လုပ်ကိုင်နေရာမှ အချိန်ကလေးရလာတိုင်း အပေါ်ထပ်သို့ တက် ကာ မှန်ရှေ့၌ရပ်၍ သူ့လျှာကို ထုတ်ကြည့်သည်။ လျှာထိပ်မှ အစက်ကလေး ကို စေ့စေ့စပ်စပ်ကြည့်သည်။ ကြက်သွေးရောင် ပန်းပွင့်ကလေးတစ်ပွင့်နှင့် တူလှချေသည်။

ရယ်ရမလား၊ ငိုရမလား။ သူခွဲခြား၍မရတော့။ လူကြီးတစ်ယောက် က မှန်ရှေ့ရပ်၍ လျှာထုတ်ပြနေသည့်အဖြစ်၊ အလွန်အူကြောင်ကြောင်နိုင်သော

www.burmeseclassic.com

www.burmeseclassic.com


အလုပ်ဖြစ်သဖြင့် အားရပါးရ အော်၍ရယ်လိုက်ရလျှင် ကောင်းမလား။ သို့သော်လည်း သူ့မှာက ရယ်စရာအချိန်မရှိ။ သူသည် လျှာကို ကြည့်မြဲတိုင်း ကြည့်နေမိသည်။

ပိုဆိုးလာသလား။ ရောင်လာသလား။ အရင်က အတိုင်းပဲလား။ ဒေါက်တာက အသားစကလေးတစ်စ လှီးယူပြီးခါမှ ပို၍နာလာသလိုတော့ ရှိ၏။ သူ့လျှာကို ရှေ့သို့ထုတ်လိုက်တိုင်း နာသည်ဟုတော့ထင်၏။ စိတ်ကပဲ ထင်နေလို့လား၊ ထိုနီရဲရဲပန်းပွင့်စက်ကလေးသည် သေခြင်းကို ညွှန်ပြနေသည်ဟုဆိုခြင်းမှာ ထူးဆန်းလှချေသည်။ ကြောက်မက်ဖွယ်ကောင်းလောက်အောင်ပင် ထူးခြားလှချေသည်။ မည်သို့ပင် ထူးခြားထူးခြား ဤအစက်ကြောင့် သေမင်းနှင့် ရင်ဆိုင်ရတော့မှာ သေချာသည်။ သူသည် မှန်ထဲ၌ အရိပ်ထင်နေသည့် လျှာထိပ်ကို နောက်ဆုံးတစ်ကြိမ် ထပ်၍ကြည့်ပြီး အောက်ထပ်သို့ အသာကလေး ပြန်ဆင်းလာခဲ့သည်။

ထိုညတွင်လည်း ဝီလီသည် အိပ်၍မပျော်။ နောက်နေ့နံနက် နံနက်စာစားကြသည့်အခါ သူ့ဇနီးက သူ့အား စိုးရိမ်ပူပန်သောမျက်နှာဖြင့် ကြည့်သည်။

'ရှင် ဒီတစ်ရက်နှစ်ရက် အစားသိပ်မစားဘူး ဘာဖြစ်လို့လဲ'

သူကတော့ ငြင်းသည်။

'အဓိပ္ပာယ်မရှိတဲ့ စကားကွာ' ဟု သူက ဘာမှမဖြစ်လေဟန်ဖြင့် ပြောသည်။ သူ့စကားအတွက် သက်သေထူရန် ဝက်ပေါင်ခြောက်ကြော်နှင့် ကြက်ဥများကို များများစားပြသည်။ သို့သော်လည်း လျှာပေါ်တွင် အရသာတစ်စက်ကလေးမှ မတွေ့။

သူ့အာရုံများသည် နိုးကြားရှင်သန်ခြင်းမရှိ။ ကင်ဆာရောဂါဟူသော အခြေအနေမှတစ်ပါး အခြားဘာကိုမှမသိ။ သူ့ကိုယ်သူ နည်းနည်းတော့ ရူးနေပြီဟုထင်၏။ သူ့အတွေး၊ သူ့စိတ်ကူးများသည် သူ့အားခေါ်သွားနေသည်။ အကယ်၍ သူ့အနာကို ကင်ဆာပါဟု အတိအကျ သတ်မှတ်နိုင်ခဲ့သည်ရှိသော် သူတို့ဘာလုပ်ကြမည်နည်း။ ခွဲစိတ်ကုသမည်ဟု ဆရာဝန်ကပြောခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com


သူသည် မျက်လုံးများကိုစုံမှိတ်ကာ အနာဂတ်တွင် ကြုံရမည့်အဖြစ်ကို မျှော်မှန်းကြည့်သည်။ ထိုအခါ ဘာတွေဖြစ်လာမည်ကို သူမြင်တွေ့လာရ၏။

သူသည် ဆေးရုံပေါ်ရှိ တစ်ယောက်အိပ်ခုတင်ကလေးပေါ်၌ ပက်လက်။ ခွဲစိတ်ခံရမည့်ရက်ကို သောကကြီးစွာဖြင့် စောင့်စားနေရသည်။ နောက်တစ်ရက်နေ့တွင် သူ့ကို ဘီးတပ်ခုတင်ဖြင့် ခွဲစိတ်ခန်းသို့ပို့သည်။ ထိုအခါ သူ မသိနားမလည်သော ကြောက်စရာများက သူ့အား ခြိမ်းခြောက်ကြပြန်၏။

မေ့ဆေးကြောင့် သူမေ့သွားလိမ့်မည်။ သူမေ့နေစဉ် ကာလအတွင်း ဘာတွေ ဖြစ်မည်နည်း။ အသွားထက်လှသော ခွဲစိတ်ဓားကလေးသည် သူ့ပါးစပ်တွင်းဝင်၍ သူ့လျှာကိုလှီးကြ၊ ဖြတ်ကြလိမ့်မည်။ အမြစ်တွယ်သည့်နေရာအထိ လှီးဖြတ်ရမည်ဖြစ်သဖြင့် တော်တော်နက်နက် ခွဲရဖို့ရှိ၏။ သူ့လည်ချောင်းသည် တစ်ဆို့ဆို့ ဖြစ်လာသည်။ သူ့ပါးစပ်တွင်းမှ ဖြတ်ထုတ်လိုက်သည့် လျှာ။ ပြီးတော့ ပါးစပ်ထဲ၌ ကျန်ခဲ့သည့်သွေးများ။

ခွဲစိတ်ပြီးသည့်နောက်တွင် ဘာဖြစ်စရာရှိပါသေးသနည်း။ သူမေ့ဆေးပြယ်ကာ အိပ်ရာမှနိုးလာမည်။ သူ၏ မူလခုတင်ကျဉ်းကလေးပေါ်၌ ရောက်နေမည်။ သူသည် လျှာမရှိသော လူတစ်ယောက်ဖြစ်နေပြီ။ စကားမပြောနိုင်သော လူတစ်ယောက်။ သူ့ပါးစပ်က မရေမရာနိုင်လှသည့် စူးစူးဝါးဝါး အသံများသာ ထွက်လာဖို့ရှိ၏။ သူနာပြုဆရာမက သူ့ကိုငုံ့ကြည့်သည်။

'ရှင် ဘာပြောလိုက်တာလဲ'

သူက သူပြောချင်သည့်စကားများကို ဆရာမ နားလည်အောင်ပြောပြဖို့ အားထုတ်သည်။

ကြောက်စရာကောင်းလှပါဘိခြင်း။ မခံနိုင်လောက်အောင်ပင် ပြင်းထန်လွန်းလှချေသည်။ သူသည် အတွေးရေယာဉ်ကြောတွင် နစ်မျောလျက်ရှိသည်။ အချိန်တွေကုန်လာသည်။ ဗုဒ္ဓဟူးနေ့ည ကုန်သွားခဲ့ပြီ။ နှစ်ပေါင်းတစ်ရာလောက်ကြာအောင် စောင့်စားနေရသည်ဟုပင် ထင်မိ၏။

ကြာသပတေးနေ့သို့ ဆိုက်ရောက်ခဲ့ပြီ။ သူ၏ခံစားမှုမှာလည်း အဆုံးစွန်သို့ ရောက်သွားပြီထင်၏။ မည်သူမှ အိပ်မက်ပင် မမက်ဝံ့သည့် ခံစားမှုမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကြာသပတေးနေ့ နေ့လယ်စာစားအပြီးတွင် ဝီလီသည် မုန့်ဖိုထဲမှ ထွက်ကာ မြစ်ဆိပ်သို့ လျှောက်လာသည်။ ဒီရေတက်ချိန်ဖြစ်၍ မြစ်ရေသည် တာရိုးအထိ ပြေးလာရိုက်ပုတ်လျက်ရှိသည်။ သူ့ခြေထောက်နှင့်ဆိုလျှင် ရေသည် ပေအနည်းငယ်မျှသာ ကွာ၏။ သူသည် ရေကို အဓိပ္ပာယ်မရှိ စိုက်ကြည့်နေမိသည်။ ရှေ့သို့ခြေတစ်လှမ်း လှမ်းလိုက်လျှင် ကိစ္စပြီးပြတ်သွားနိုင်မည်ဖြစ်၏။ သူခံစားနေရသည့် ဒုက္ခများသည် တစ်ခဏအတွင်း ချုပ်ငြိမ်းသွားဖို့ရှိ၏။ ခွဲစိတ်ခံရဖို့လည်း မလို။ ခွဲစိတ်ပြီးနောက် ခံစားရဦးမည်။ စိတ်ဆင်းရဲမှုများနှင့်လည်း ရင်ဆိုင်ရဖို့ရှိသည်။ ဘောတံတားအောက်ဘက်မှ တဟဲဟဲ အော်မြည်ပြေးလွှားနေသော မြစ်ရေသည် သူ့အား လက်ယပ်၍ ခေါ်နေသည့်နှယ်ရှိသည်။

ရုတ်တရက် သူ့နောက် လူသံကြားရသည်။

'လေကောင်းလေသန့် ရှူနေတာလား ဝီလီ'

အသံရှင်မှာ ပီတာလင်နီဖြစ်၏။ သူ့အား ပြုံး၍ကြည့်နေသည်။

စိတ်မပါလက်မပါနှင့် ပြန်ဖြေလိုက်သည့် သူ့အသံကို သူပြန်ကြားရသည်။

'နေ့ခင်းပိုင်းဆိုရင် မုန့်ဖိုထဲနေရတာ သိပ်ပူလို့ဗျာ'

သူတို့သည် ငြိမ်ဆိတ်စွာရပ်နေကြသည်။ ထို့နောက် ပီတာလင်နီက ပြောသည်။

'ခင်ဗျား လမ်းမကြီးအတိုင်း ပြန်လျှောက်မယ်ဆိုရင် ကျွန်တော် ခင်ဗျားနဲ့အတူတူလျှောက်မယ်'

မြစ်ကမ်းပါးအတိုင်း လျှောက်လာကြရင်း သူ့တို့နှစ်ယောက်သည် စကားပြောလာကြသည်။ မြို့ငယ်ကလေးမှ သတင်းအတိုအထွာများ ပြောကြခြင်းဖြစ်၏။ ဝီလီအဖို့ကတော့ ထွက်ပြေးလွတ်မြောက်စရာ လမ်းမရှိ။ သူ့ခရီးကို ကြုံလာသည့်အတိုင်း ဆက်ရမည်သာဖြစ်၏။

မွန်းလွဲပိုင်းသည် ကုန်ဆုံးသွားသည်။ သူသည် လက်ဖက်ရည်တစ်ခွက်သောက်ပြီး အပေါ်ထပ်သို့တက်ကာ တနင်္ဂနွေဝတ်စုံကို ဝတ်သည်။ သူ့စိတ်ကတော့ ပိုင်းဖြတ်ပြီးခဲ့ပြီ။ ခွဲစိတ်ကုသမှုကို သူလက်မခံတော့။ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


သမ္ဗျအကြောင်း အကောင်းပဲဟုသဘောထားကာ သေမင်းနှင့်ပင် ရင်ဆိုင်တော့မည်ဟု ဆုံးဖြတ်ပြီးပြီ။ ခွဲစိတ်ခံသည်ဆိုဦးတော့ သူ့ရောဂါမှာ သက်သာဖို့မရှိ။ ခွဲစိတ်မှုက သူ့အသက်ကို ကယ်တင်နိုင်လိမ့်မည်မဟုတ်။ ကင်ဆာကတော့ သူတို့ကို လှီးဖြတ်ထားသည့်နေရာသို့ ပြန်လာဦးမည်သာဖြစ်၏။ ဟုတ်သည်။ ပြန်လာမှာကတော့ သေချာ၏။ ကင်ဆာသည် အမြဲတစေ ပြန်လာတတ်သည် မဟုတ်ပါလား။

ညနေခြောက်နာရီခွဲတွင် သူလမ်းလျှောက်ဦးမည်ဟု ဘက်ဆီအား ပြောသည်။ ဘက်ဆီက သူပါလိုက်ချင်သည် ပြောလိုက်လေမလားဟု စိတ်ထဲက ကျိတ်၍ပူလိုက်မိသေးသည်။ သို့သော်လည်း ဘက်ဆီကပြုံး၍ သူ ဂျင်နီ၏ဆိုင်မပိတ်မီ အရောက်သွားကာ ဦးထုပ်ဝယ်ဦးမည်ဟု ပြန်ပြောသည်။

ညနေခင်းသည် သာသောင့်သာယာ ရှိလှသည်။ သူသည် လမ်းပေါ်၌ တွေ့သမျှမိတ်ဆွေများအား နှုတ်ဆက်လာသည်။ သို့သော်လည်း စိတ်ကတော့ တည်ငြိမ်ခြင်းမရှိ။ သူလျှောက်သွားနေသည့်အဖြစ်ကိုပင် သူ သတိမမူနိုင်။ ယခု သူတွေ့ခဲ့သမျှ လူအားလုံးသည် သူ၏ သေအံ့ဆဲဆဲအဖြစ်ကို သိကြသည်မဟုတ်။

'ဒေါက်တာ ရှိသလား၊ ဂျက်နက်'

သူက မေးသာမေးလိုက်ရသည်။ သူမေးလိုက်သော စကားလုံးများကို ဘာမှန်းမသိလိုက်။ ဂျက်နက်က အရင်တစ်ခေါက်တုန်းကလိုပင် သူ့အားထမင်းစားခန်းထဲ၌ နေရာချထားပေးသည်။ သူသည် အရင်တစ်ခေါက်တုန်းကလိုပင် ကြောင်အိမ်အပေါ်ဘက် နံရံ၌ချိတ်ထားသည့် တယောကို အဓိပ္ပာယ်မရှိ ငေးကြည့်နေသည်။ ထို့နောက် သူသည် စမ်းသပ်ခန်းထဲရောက်သွားကာ တရားသူကြီး၏ အမိန့်ကို နားထောင်ရသည့် တရားခံတစ်ယောက်သဖွယ် စားပွဲရှေ့၌ ရပ်နေရသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် သူ့အား အချိန်အတော်ကြီးကြာမျှ စိုက်ကြည့်နေမိပါသည်။ ကျွန်တော့်မျက်နှာသည် တည်ငြိမ်လေးနက်သော အရိပ်အသွင်ကို ဖော်ပြနေသည်။ ထို့နောက် ထိုင်ရာမှထကာ သူ့ဆီသို့ လက်ကမ်းပေးလိုက်ပါသည်။

'ကျွန်တော် ခင်ဗျားကို ဝမ်းသာစရာစကား ပြောချင်ပါတယ်၊ ရောဂါဗေဒဌာနက အစီရင်ခံစာ ဆေးမှတ်တမ်းအပြည့်အစုံကို ကျွန်တော် ရခဲ့ပါတယ်၊ အသားစ နမူနာထဲမှာ ပြင်းထန်တဲ့ရောဂါလက္ခဏာ မတွေ့ရပါဘူး၊ ကင်ဆာရောဂါ လုံးဝမရှိပါဘူး၊ ခင်ဗျားလျှာမှာ ရိုးရိုးလျှာကွဲနာမျိုးဖြစ်တာပါ၊ ဆေးကုသမှုခံလိုက်ရင် သီတင်းပတ်နည်းနည်းနဲ့ ပျောက်သွားမှာပါ'

ဝီလီ၏အသိအာရုံသည် ကပြောင်းကပြန် ဖြစ်ကုန်သည်။ တစ်ကိုယ်လုံး တုန်ယင်လှုပ်ရှားကာ ဒယိမ်းဒယိုင်ဖြစ်သွားသည်။ အဆမတန် ဝမ်းသာလုံးဆို့ကာ မူးမေ့သွားလုမတတ် ဖြစ်သွားသည်။ သို့သော်လည်း သူ၏ဖြူရော်ရော်မျက်နှာသည် မည်သည့်အရိပ်အငွေ့ကိုမှ ဖော်ပြခြင်းမရှိ။

'ကျွန်တော် ဒေါက်တာ့ကို တာဝန်ပိုအောင် လုပ်သလို ဖြစ်သွား တယ်' ဟု ငေးတိငေးကြောင်ဖြင့် ပြန်ပြောသည်။

'ကျွန်တော်... ကျွန်တော်... ကျွန်တော် သိပ်ကိုဝမ်းသာသွားတယ် ဒေါက်တာ'

'ခင်ဗျား ဒီရက်အတွင်းမှာ သောကကြီးပြီး စိတ်ဆင်းရဲမယ်တော့ မထင်ပါဘူး' ဟု ကျွန်တော်က ပြောသည်။ 'ကျွန်တော့်အနေနဲ့ ခင်ဗျားဟာ သောကသိပ်ကြီးတတ်တဲ့လူလို့ သိထားရင်တော့ ကျွန်တော်စိုးရိမ်ခဲ့တဲ့ကိစ္စကို ထုတ်မပြောပါဘူး၊ အခုဟာကတော့ ခင်ဗျားအကြောင်းသိနေလို့...'

'ရပါတယ် ဒေါက်တာ၊ ကိစ္စမရှိပါဘူး'ဟု ဝီလီက ခေါင်းကိုငုံ့၍ ပြန်ပြောသည်။ 'ဒါပေါ့လေ၊ ကျွန်တော်ဟာ သောကကြီးတတ်တဲ့ လူတစ်ယောက် ဟုတ်ချင်မှဟုတ်မှာပါ'

ကိုယ့်အကြောင်း ကိုယ်သာအသိဆုံးပါဟူသော သဘောမျိုးပါသည့် အပြုံးရိပ်သည် သူ့မျက်နှာတွင် ထင်ဟပ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


'လူတွေက ကျွန်တော့်ကို ပြောပြောနေကြတာ အဲဒါပဲ၊ ကျွန်တော့်မှာ ခံစားမှုမရှိဘူးတဲ့၊ ကျွန်တော့်မှာ စိတ်ကူးဉာဏ်တို့ အတွေးတို့လဲ မရှိဘူးတဲ့'

ထို့နောက် တည်ငြိမ်အေးဆေးသောလေသံဖြင့် အထက်တစ်နေရာ၌ ကျွန်တော်ရေးသားခဲ့သည့်ဖြစ်ရပ်ကို ကျွန်တော့်အား အစအဆုံး ပြောပြပါသတည်း။

* * * * *

## [ ၁၂ ]

မိမိ၏လက်ပါးစေတို့အဖို့တော့ မည်သူမျှ အာဇာနည်မဟုတ်ဟူသော အမြင်ကို ပထမဦးစွာ တင်ပြခဲ့သူမှာ အလွန်သိမ်မွေ့နူးညံ့ပြီး ဉာဏ်ပညာထက်မြက်လှသော မဒမ်ဒီဆီဗင်ဆိုသူဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ သို့သော်လည်း ထိုစကားမျိုး ခပ်ဆန်ဆန် အဆိုအမိန့်တစ်ခုကို စကားဦးသန်းခဲ့သူမှာ မွန်တေးဖြစ်ပါသည်။ သူက 'လူတစ်ယောက်သည် သူ့ကိုယ်သူ အာဇာနည်တစ်ယောက်ဟု မထင်အပ်ပေ' ဟု ရေးသားခဲ့ဖူးသည်။ ရိုးသားစွာပြောရမည်ဆိုပါက မိမိကိုယ်မိမိ တော်သည်၊ တတ်သည်ဟု အထင်ရောက်နေသူသည် မိမိ၏ ကိုယ်ကျင့်တရားပိုင်းမှ ချို့ယွင်းအားနည်းချက်များနှင့် ကောင်းမြတ်သော အရည်အသွေးများကို နှိုင်းယှဉ်သုံးသပ်ပြီးမှသာ မာန်မာနကို ရှေ့တန်းတင်သင့်၏။

သို့ဆိုပါက ကျွန်တော့်အား တန်နော့ချ်ဘရေးရှာ၏ အံ့သြချီးမွမ်းဖွယ်ရာကောင်းလောက်အောင် တော်ပြီး အပြစ်ကင်းစင်သော ဆရာဝန်တစ်ယောက်ဟု ထင်၍မဖြစ်ပါ။ သတိကင်းလွတ်အောင် တွေဝေခြင်း၊ ကိုယ့်ကိုယ်ကို ဟုတ်လှပြီဟု အထင်ရောက်သည်အထိ မိုက်မဲခြင်း၊ အူတူတူ အတတနိုင်ခြင်း စသော ချွတ်ယွင်းချက်များ လုံးဝမရှိသည့် လူတစ်ယောက်ပါဟူ၍လည်း သတ်မှတ်၍မရပါ။ ကျွန်တော့်တွင် ထိုအရည်အသွေး သုံးမျိုးစလုံး ရှိနေသည်ကို ကျွန်တော်ကိုယ်တိုင် တစ်ကြိမ်မက တွေ့ခဲ့ရဖူးပြီဖြစ်၏။ ဤ

www.burmeseclassic.com

www.burmeseclassic.com


အကြောင်းကြောင့်လည်း မစ္စက်မယ်လ်ကွမ်အမည်ရှိ အမျိုးသမီးတစ်ယောက် အကြောင်းကို ကျွန်တော်ပြောပြလိုခြင်း ဖြစ်ပါသည်။

မစ္စက်မယ်လ်ကွမ်နှင့် ကျွန်တော် ပထမဆုံးအကြိမ် ဆုံမိသည်မှာ ကပွဲတစ်ခုတွင် ဖြစ်သည်။ ကပွဲမှာ နော့စ်ဟစ်လ် အကယ်ဒမီ သို့မဟုတ် မားကင့်ချ်အန်ဂျလာ ဆိုရှယ်ကလပ်တို့လို သာမန်အသင်းအဖွဲ့များမှ ကျင်းပသည့် ကပွဲမျိုးမဟုတ်။ ဒွန်ဒရက်ရဲတိုက်ပိုင်ရှင် လော့ဒ်ဆင်ကလဲရားက ပြုလုပ်သော ဟိုက်လင်းဘောလ်ခေါ် နှစ်ပတ်လည်ကပွဲကြီး၌ ဖြစ်သည်။

ဆင်ကလဲရား မိသားစုမှာ အဆင့်အတန်း မြင့်မားကြီးကျယ်သော မျိုးနွယ်စုများ ဖြစ်သည်။ သင်္ဘောတည်ဆောက်ရေး လုပ်ငန်းကြီးကို ပိုင်ဆိုင်သူများဖြစ်သည်။ သူတို့လုပ်ငန်းသည် အဆမတန် တိုးတက်ကြီးမားလာ သဖြင့် ယခုအခါတွင် ကလိုက်မြစ်ပေါ်ရှိ နာမည်ကြီးသင်္ဘောကျင်းများကိုပင် ကျော်တက်သွားခဲ့ပြီဖြစ်၏။ သူတို့အစုသည် ဤကောင်တီခရိုင်နယ်သားများ ဖြစ်၍ ဂလတ်စကိုမြို့ပေါ်မှ ထင်ရှားကျော်ကြားနေသည့် ပုဂ္ဂိုလ်တစ်ဝက်ခန့်နှင့်လည်း လက်ထပ်ထိမ်းမြားခြင်းဖြင့် ဆွေမျိုးတော်စပ်ကြသည်။ မားကင့်ချ်နှင့် အက်ဖီလန်ကြားရှိ အဆမတန်ကျယ်ပြန့်သော သူတို့ပိုင်မြေသည် တောပိုင်းဒေသရှိ လူများအဖို့ မက်မောအားကျဖွယ်ပင် ဖြစ်သည်။

ဆောင်းရာသီတိုင်း ရဲတိုက်ကြီးအတွင်း၌ ကပွဲကြီး ကျင်းပစမြဲဖြစ်သည်။ ဤကပွဲသို့ အထက်တန်းလူကုံထံများ လာလေ့ရှိကြသည်။ တစ်ခါတစ်ရံ မြို့စားကြီးတစ်ယောက်တလေပင် မျက်စိလည်လမ်းမှားပြီး ရောက်လာတတ်၏။ လွှတ်တော်အမတ်များ၊ မှူးမတ်နွယ်ဝင်ဘေရွန်များ၊ စကော့ဝတ်စုံဖြင့် စကော့မြေပိုင်ရှင်ကြီးများ စသည်တို့မှာ ကပွဲကျင်းပတိုင်း တွေ့ရတတ်သည်။ လူကုံထံပုဂ္ဂိုလ်ကြီးများဖြစ်သည်။

ဤကပွဲကြီး ပြုလုပ်သည့်အခါတိုင်း ဆင်ကလဲရား မိသားစုသည် သူတို့၏ သဘောထားကြီးမှုနှင့် ရက်ရောမှုကို ဖော်ပြသည့်အနေဖြင့် ကောင်တီခရိုင်နယ်မြေအတွင်းမှ လူကုံထံမဟုတ်သော လူများကိုလည်း သူတို့စိတ်တိုင်းကျရွေးချယ်ပြီး ဖိတ်ကြားတတ်သည်။ ယခုနှစ်တွင်လည်း ရွှေနားကွပ်၊ ရွှေမင်စာလုံးများဖြင့် တခမ်းတနား ရိုက်နှိပ်ထားသော ဖိတ်စာတစ်စောင်သည်

www.burmeseclassic.com

www.burmeseclassic.com


အာဒင်ဂေဟာသို့ ရောက်လာသည်။ ဒေါက်တာကေမရွှန်နှင့် ကျွန်တော့်အား ကပွဲသို့ ဖိတ်ကြားခြင်းပေတည်း။

'ဟား'ဟု ကေမရွှန်က ဖိတ်စာကို ကြောင်အိမ်ပေါ် ပစ်တင်လိုက်ပြီး ရေရွတ်သည်။ 'ကပွဲအတွက်တော့ ငါ အိပ်ရေးပျက်မခံနိုင်ဘူးဟေ့၊ မင်း တစ်ယောက်တည်းပဲ သွားပေတော့၊ ငါ ကရမယ့်ရက်တွေ ကုန်ဆုံးသွားပြီ'

အတိအကျပြောရလျှင် ကျွန်တော် ကရမည့်ရက်များမှာ ယခုအချိန်ထိ အစမပြုသေးပါ။ ငယ်ရွယ်စဉ်က ကိုယ့်ဘဝရပ်တည်နိုင်ရေးအတွက် အပြင်းအထန် ရုန်းကန်နေခဲ့ရသော ကျွန်တော်သည် ယခုလို ကပွဲ၊ ပါတီပွဲစသည်များနှင့် များစွာအလှမ်းဝေးခဲ့ရပါသည်။ ထို့ကြောင့်လည်း ကျွန်တော်က ကျွန်တော့်ဆရာအား အကလည်း ကောင်းကောင်းမတတ်။ အလိုက်သင့် ပြောဆိုပြုမူတတ်ခြင်းလည်းမရှိသော ကျွန်တော်နှင့် ဤကပွဲသည် အံဝင်ခွင်ကျမှ ဖြစ်ပါမည်လောဟု စောဒကတက်မိပါသည်။

'မင်း သွားသင့်ပါတယ် ငါ့လူ'ဟု ကေမရွှန်က ပြောသည်။ 'မူဝါဒတစ်ရပ်နဲ့ဆိုင်တဲ့ကိစ္စလို့ သဘောထားပြီး သွားရမယ်ကွ၊ မင်းတို့ ငါတို့ကို သဘောကျသွားရင် ဆင်ကလဲရားမိသားစုဆီက ငွေများများရနိုင်တယ်၊ မခက်ပါဘူးကွာ၊ မင်း ဆယ်နာရီလောက်မှသွား၊ ဟိုရောက်တော့ ခေါင်းတညိတ်ညိတ်လုပ်၊ ရေခဲထည့်ထားတဲ့ အရက်ကလေးသောက်၊ ပြီးတော့ လွှတ်တော်အမတ်ကြီး နောက်ဆုံးပြောသွားတဲ့စကားတွေဟာ သိပ်ကောင်းတာပဲလို့ပြော၊ နောက်ပြီးတော့ ကွန္ဒြေသိက္ခာနဲ့ ကိုယ့်အိမ်က အိပ်ရာဆီကို ပြန်လာခဲ့ပေါ့၊ ဒါဆိုရင် ကိစ္စပြီးသွားတာပဲကွ'

ဤသို့ဖြင့် ကျွန်တော် ကပွဲသို့ သွားဖြစ်ခဲ့ပါသည်။

ပထမတွင် ကျွန်တော် ပျော်အောင်မနေတတ်ပါ။ စိတ်ထဲတွင်လည်း သာသောင့်သာယာမရှိ။ ပျော်လည်း မပျော်။ များစွာအနေရခက်လောက် အောင် ကသိကအောက်ဖြစ်ရသည်။ ကျယ်ဝန်းပြန့်ပြူးသော အိမ်ကြီးအတွင်း ဝယ်ညှော့သည်တော်အများအပြား စုနေကြသည်။ စကားပြောသံများမှာလည်း သောသောညံလျက်ရှိသည်။

ကျွန်တော့်အား ဂရုတစိုက်ကြည့်မည့်သူ တစ်ဦးမျှမရှိပါ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


ကလည်း ခေါင်းမာစွာဖြင့် ကိုယ့်ဘာသာကိုယ် တစ်ဦးတည်းပင်နေသည်။ ကြာလာတော့လည်း သူများဆီမှ ငှားဝတ်လာသော မသပ်မရပ်ဝတ်စုံဖြင့် ခွတီးခွကျနိုင်လှသည့် ကိုယ့်အဖြစ်ကိုယ် သတိထားမိလာသည်။ ကျွန်တော့် ကိုယ်ပေါ်မှ ဝတ်စုံသည် နယ်မြေအတွင်းရှိ ဆရာဝန်ပေါက်စ တစ်ဦးဖြစ်သော ဝစ်လ်ဒွန်ကင်းထံမှ ငှားလာခြင်းဖြစ်ရာ စိတ်ထဲတွင် မလုံမလဲဖြစ်နေမိသည်။

စာရေးဆရာကြီး ဖလောဘတ်၏ မဒမ်ဘိုပါရီဝတ္ထုထဲမှ လူနုံလူအ ချားလ်ဘိုပါရီကို သတိရမိ၏။ အန်ဒါဗီးလီးယား ရဲတိုက်ကြီးအတွင်း၌ လူတိုင်းက လျစ်လျူရှုခြင်းကို ခံနေရသော ချားလ်ဘိုပါရီနှင့် ကျွန်တော့်အဖြစ် သည် ဆင်များဆင်နေသလား။ ရှက်စိတ်ကြောင့် ကျွန်တော့်မျက်နှာသည် မသိမသာ နီရဲလာသည်။ သို့သော်လည်း ကျွန်တော်သည် ရောက်သည့်နေရာ၌ ကျောက်ချ၍ရပ်ကာ ကပွဲကိုကြည့်နေမိသည်။ စိတ်ထဲတွင်မူ အထီးကျန်နိုင် လှသောခံစားမှု ဝင်နေသည်။ ကျွန်တော့်ရှေ့မှောက်မှ ဟန်ဆောင်မှုများအပေါ် ရွံရှာစက်ဆုတ်စိတ်ရှိလာအောင် အားထုတ်သည်။ သို့သော်လည်း ကိုယ်ကြိုး စားသလို ဖြစ်မလာ။ ကျွန်တော့်ကိုယ်ကျွန်တော် စိတ်ပျက်စက်ဆုတ်ခြင်းသာ ဖြစ်နေမိပါသည်။

ထို့နောက် ကျွန်တော့်အား ခင်မင်ရင်းနှီးလိုဟန်ဖြင့် ကြည့်နေသော မျက်လုံးအစုံကို မြင်ရသည်။ ကျွန်တော့်မျက်နှာသည် တိုး၍နီရဲလာသည်။ သူကတော့ ကျွန်တော့်အား ပြုံးပြနေသည်။ ကျွန်တော်ကလည်း ပြန်၍ပြုံး ပြလိုက်ပါသည်။ ကျွန်တော် သူ့ကိုမြင်ဖူးခဲ့သည်။ နေ့စဉ်ဟစ်လ်လမ်းပေါ်၌ ဂျာမီနှင့်လျှောက်သွားနေခိုက် သူ့အနီးမှဖြတ်သွားခဲ့ဖူးသည်။ ထိုစဉ်က ဂျာမီက သူ့နာမည်ကိုပင် ပြောပြခဲ့ဖူးသည်။ ကျွန်တော်သည် သူထိုင်နေသည့် အုန်းပင် အောက်သို့ လျှောက်သွားပါသည်။

'ကျွန်မ ရှင့်ကို ကောင်းကောင်းကြီးသိတယ်'ဟု သူက ဆီးပြော သည်။ 'ကျွန်မတို့ကို မိတ်ဆက်ပေးမယ့် လူမရှိလို့သာ လူချင်းမသိတာ၊ ရှင်ကတော့ ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ သိမယ်မထင်ဘူး'

'ကျွန်တော် သိပါတယ်၊ ခင်ဗျား မယ်လ်ကွမ်ပါ'ဟု ကျွန်တော်က ပြောလိုက်မိသည်။ ထို့နောက် တစ်ဆက်တည်းပင် 'ကျောင်းဆရာမ မဟုတ်

www.burmeseclassic.com

www.burmeseclassic.com


လား’ဟု ထပ်ပြောမိတော့မလို ဖြစ်သွားသည်။ သို့သော်လည်း အချိန်မီ ကိုယ့်ပါးစပ်ကိုယ် ထိန်းထားနိုင်ခဲ့ပါသည်။ သူသည် ကျောင်းဆရာမ တစ်ယောက်ဖြစ်ခဲ့ဖူး၏။ ကေ့ဒ်ဖလင်ဘက်မှ နာမည်ကြီး စိန့်ဟစ်လ်ဒါ မိန်းကလေးများကျောင်းတွင် ပြင်သစ်ဘာသာသင် ဆရာမ လုပ်ခဲ့ဖူးသည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ထိုအလုပ်ကို စွန့်လွှတ်ခဲ့ခြင်းဖြစ်သည်။

သူက ကျွန်တော့်အား ပြုံးကြည့်ပြီး သူ့ဘေး၌ ဝင်ထိုင်နိုင်ရန် ဘေးသို့ အနည်းငယ်ရွှေ့ပေးသည်။ သူ့အပြုအမူကြောင့် ကျွန်တော့်စိတ်သည် ပေါ့ပါးသွားသည်။ သူသည် ခင်မင်နှစ်လိုဖွယ်ကောင်းသည့် အမျိုးသမီးတစ် ယောက်ဖြစ်၍ ကျွန်တော့်အတွက် စကားပြောဖော်တစ်ဦး ရလာပြီမဟုတ် ပါလား။

‘ခင်ဗျားကို ဒီနေရာမှာ တွေ့လိုက်ရတော့ ကျွန်တော် အံ့ဩသွား တယ်’ဟု ကျွန်တော်က ထင်မြင်ချက်ပေးမိသည်။

‘ကျွန်မကိုယ်တိုင်လဲ ကျွန်မကိုယ်ကျွန်မ အံ့ဩနေတာပဲ’ဟု သူက ဝန်ခံသည်။ သူ့အသံသည် နှစ်သက်စဖွယ်ဖြစ်သည်။ မတိုးလွန်း မကျယ်လွန်း။ ချိုသာသိမ်မွေ့သည်။ ‘အမှန်တော့ သူများတွေအတွက် ကျွန်မဟာ အနှောင့် အယှက်တစ်ခုပဲ၊ ဒါပေမယ့် ကျွန်မအနေနဲ့က မလာလို့လဲ မဖြစ်ဘူး၊ လာဖို့ က တာဝန်က ရှိနေတယ်၊ လော့ဒ်ဆင်ကလဲရားက ကျွန်မရဲ့ အစ်ကိုဝမ်းကွဲ တော်တယ်ရှင့်’

ကျွန်တော် မျက်နှာပျက်သွားသည်ဟု ထင်ပါသည်။ လော့ဒ်ဆင် ကလဲရားနှင့် မောင်နှမဝမ်းကွဲ ဆိုပါကလား။ ဆင်ကလဲရားဆွေမျိုးအုပ်စု၏ အကြီးအကဲနှင့် သွေးသားဆက်နွယ်နေသူဖြစ်၏။ သို့ပါလျက်နှင့် အူတူတူ အတတနှင့် ကျွန်တော်က အထက်စီးလေသံဖြင့် ထင်မြင်ချက် ပေးခဲ့မိသည်။

သူသည် လက်ထဲမှ ယပ်တောင်ကလေးဖြင့် တီးလုံးသံကို စည်း လိုက်နေရာမှ မေးသည်။

‘ရှင် မကဘူးလား’

‘ကျွန်တော်က တစ်ဖက်သား စိတ်ပျက်စရာကောင်းတဲ့ အကသမား တစ်ယောက်ဖြစ်နေလို့ပါ’ဟု ကျွန်တော်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


သူက ပြုံးနေသည်။

'ကျွန်မတို့ ကကြည့်မလား'

ကျွန်တော်တို့ ကကြပါသည်။ သူ ကပုံသည် ခံ့ညားတင့်တယ်လှသည်။ ပေါ့ပါးသွက်လက်လှသည်။ မမှန်မကန်လှမ်းနေသော ကျွန်တော့်ခြေလှမ်းများကို ကျွမ်းကျင်လိမ္မာစွာ တွဲခေါ်သွားသည်။ စည်းချက်ကျကျလှမ်းနိုင်အောင် ကျွမ်းကျင်စွာ ထိန်းခေါ်သွားသည်။ အတီးကလည်း အံ့မခန်းရှိလှ၏။ စတင်၍ ကချိန်တွင် တွန့်ဆုတ်ဆုတ်ဖြစ်နေခဲ့သော ကျွန်တော်သည် အကသံသရာထဲသို့ သာယာမှုအပြည့်ဖြင့် နစ်မျောလိုက်ပါသွားလျက် ရှိပါသည်။

'ကလို့ကောင်းလိုက်တာ' ကိုယ့်နေရာကိုယ် ပြန်ထိုင်မိကြသောအခါ ကျွန်တော်က ပြောမိသည်။

'နောက်တစ်ကြိမ်ကဖို့ ကျွန်မကို ခေါ်မယ်ဆိုရင် ဘယ်လောက်ကောင်းမလဲ'ဟု သူက ပြန်ပြောသည်။ 'ဒါပေမယ့် မကခင် ချော့ကလက်အိုက်စကရင်လေးတစ်ပွဲလောက်တော့ စားလိုက်ချင်သေးတယ်၊ ယူပေးမလား'

ကျွန်တော်သည် အစားအသောက်များ တည်ခင်းထားရာ စားပွဲဆီသို့ ကသောကမျောသွားသည်။ ဝိုင်းအုံနေသော လူများကြားသို့ တိုးဝင်ကာ ချော့ကလက် အိုက်စကရင်တစ်ပွဲကို ယူသည်။

သူသည် အိုက်စကရင်ပန်းကန်ကို လှမ်းယူပြီး ဆိတ်ငြိမ်စွာ စားနေသည်။ သူ့အနီးမှ ဖြတ်သွားနေသူများအား ခေါင်းညိတ်၍ နှုတ်ဆက်သည်။ ကျွန်တော်က သူ့အား တလေးတစား ကြည့်နေသည်။ သူ့ကိုယ်နေဟန်ထားသည် နှစ်လိုဖွယ်ကောင်းသည်။ လှုပ်ရှားပုံများမှာ 'စံ'ပြုထိုက်သည်။ တမင်လုပ်ယူထားသည့် ဟန်အမူအရာမျိုး လုံးဝမရှိ။ အထက်တန်းစား လူကုံထံအမျိုးသမီးအချို့၌ တွေ့ရတတ်သည့် ရွံရှာစက်ဆုပ်ဖွယ်ကောင်းသော ဟန်ဆောင်မှုမျိုးကိုလည်း မမြင်ရ။ တကယ့်အမျိုးသမီးကောင်းတစ်ဦးဖြစ်သည်။ လှပသောမျက်လုံးအစုံသည် ဝင်းလက်နေကြသည်။ မိန်းမချောတစ်ဦးဖြစ်ပါ၏။ အဖြူရောင်အနားတပ် ဖရော့စ်ဝတ်စုံနှင့် ရိုးရိုးယဉ်ယဉ်ကလေး ပြင်ဆင်ထားခြင်းဖြစ်သည်။ သူ့အသက်မည်မျှရှိမည်နည်း။ ကျွန်တော် ခန့်မှန်းကြည့်

www.burmeseclassic.com

www.burmeseclassic.com


သည်။ ၂၇ နှစ်ခန့် ရှိမည်ထင်၏။ ထို့ထက် ငယ်ချင်ငယ်ပေလိမ့်ဦးမည်။ မည်သို့ပင်ဖြစ်စေ သုံးဆယ်ထက်တော့ တစ်ရက်ပင် စွန်းလိမ့်မည်မဟုတ်။

ကျွန်တော် နှစ်ကိုယ်ကြားလေသံဖြင့် သူ့အား ပြောမိသည်။

'ကျွန်တော့်လို အူကြောင်ကြောင် လူတစ်ယောက်အတွက် ခင်ဗျား ခေါင်းရှုပ်ခံတာဟာ ကျွန်တော့်အပေါ်မှာ ကရုဏာထားမှုတစ်မျိုးပါပဲ၊ ကျွန်တော်တို့ချင်း မဆုံမိခင်ကများ ကျွန်တော့်ကို စကားပြောမယ့်လူဆိုလို့ စားပွဲထိုးကလွဲပြီး တစ်ယောက်မှမရှိခဲ့ဘူး၊ သူက စကားပြောပြန်တော့လဲ ဘုန်းတော်ကြီးတစ်ပါးလို မျက်လွှာတွေချပြီးမှ ပြောတာ'

သူက ခပ်တိုးတိုးရယ်သည်။

'ဒါကြောင့်မို့လဲ ရှင်ဘယ်သူနဲ့မှ အသိအကျွမ်း မဖြစ်တာပေါ့၊ အဲဒါကို ပြောင်းလဲပစ်ရမယ်'

အနားမှဖြတ်သွားသော လူငယ်တစ်ယောက်အား သူ့လက်ထဲမှ ဖွန်ဖော့ယမ်းပြပြီး 'ဒီမယ်... မောင်ရင်၊ ရှင် ကျွန်မတို့ရဲ့ ဆရာဝန်အသစ်နဲ့ မိတ်ဆွေဖြစ်သင့်တယ်'ဟု လှမ်းပြောသည်။

ငါးမိနစ်ခန့်အတွင်း သူသည် ကျွန်တော့်အား လူဒါဇင်ဝက်နှင့် မိတ်ဆက်ပေးသည်။ သူတို့အားလုံး ယဉ်ကျေးချောင်သော လူများချည်းဖြစ်သည်။ ကျွန်တော်သည် အပြင်လူတစ်ဦးမဟုတ်တော့ပါ။ သူတို့အသိုက်အဝန်းထဲမှ လူတစ်ဦးဖြစ်သွားပါပြီ။

ကျွန်တော် မစ္စက်မယ်လ်ကွမ်နှင့် နောက်တစ်ကြိမ်တွဲ၍ ကပြန်သည်။

'ရှင်... တော်တော် အကကောင်းတာပဲ'ဟု သူက ပြောသည်။ ကျွန်တော် ပျော်လှပါသည်။

ထိုညက ကျွန်တော်သည် အချိန်ရှိသမျှ မစ္စက်မက်လ်ကွမ်နှင့်တွဲ၍ ကသည်။ သူက ယောကျ်ားအများအပြားနှင့် မိတ်ဆက်ပေးသည်။ အမျိုးသမီးများနှင့်လည်း မိတ်ဆက်ပေးသည်။ သို့သော်လည်း သူမိတ်ဆက်ပေးသည့် အမျိုးသမီးများမှာ ကျွန်တော်တွဲ၍ မကနိုင်သည့် သက်ကြီးရွယ်အိုများသာဖြစ်သည်။ မတော်တဆဖြစ်လာသည့် တိုက်ဆိုင်မှုဟုပင် ထင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


မည်သို့ပင်စေ အခုလိုဖြစ်ရသည့်အတွက် ကျွန်တော့်စိတ်ထဲတွင် ဘယ်လိုမှ မဖြစ်ပါ။ ကျွန်တော်ကိုယ်တိုင်လည်း သူမှလွဲပြီး တခြားအမျိုးသမီးများနှင့် တွဲ၍ မကလိုပါ။ ကျွန်တော်တို့နှစ်ယောက်သည် အတွဲအလွန်ညီသည့် စုံတွဲ ဖြစ်နေသည်မဟုတ်ပါလား။

ကျွန်တော်အဖို့ များစွာစိတ်လှုပ်ရှားရသည့် ညခင်းဖြစ်ပါသည်။ ကျွန်တော်သည် ဥခွံထဲမှထွက်လာပြီး ရှင်မြူးတက်ကြွနေသူဖြစ်သည်။ ကျွန်တော် တန်နေ့ာ်ချ်ဘရေးရှာသို့ ပြန်ရောက်သည့်အခါ ကေမရွန် မှာလိုက်သလို ည ၁၁ နာရီမဟုတ်၊ နောက်နေ့နံနက် လေးနာရီထိုးမှ ဖြစ်သည်။ ကျွန်တော် ဒွန်ဒရက်ရဲတိုက်မှမပြန်ခင် မစ္စက်မယ်လ်ကွမ်အား သူ့ထံ အလည်လာခွင့်ပြုဖို့ ဖွင့်ဟ၍ တောင်းခံပါသည်။ သူက ရှက်စနိုးမျက်နှာထားဖြင့် ခေါင်းခါသည်။

'ကျွန်မ ဒီမှာ ခဏနေပေးရလိမ့်ဦးမယ်၊ ကျွန်မ အိမ်ပြန်ရောက်တဲ့ အခါကျရင်တော့ လာလည်ပါ၊ အိမ်ကိုသိတယ်မဟုတ်လား၊ နော့စ်ဟစ်လ် ပန်းခြံရဲ့ နောက်ဘက်မှာလေ၊ ရှင်အချိန်ရမယ်ဆိုရင် ညပိုင်းမှလာပါ၊ ကျွန်မ က ညပိုင်းမှာ အလုပ်အားတယ်'

နောက်တစ်နေ့ နံနက်စာစားပွဲတွင် ကျွန်တော်သည် ဒေစီပန်းပွင့် လေးတစ်ပွင့်သဖွယ် ကြည်လင်လန်းဆန်းနေသည်။

အဘိုးကြီး ကေမရွန်က ကျွန်တော့်အား တစ်ချက်မျှငဲ့ကြည့်သည်။

'တစ်ညလုံးကလာပြီး နောက်တစ်နေ့မနက်ကျတော့ ကိုယ်သောက် ရမယ့် စွပ်ပြုတ်ကို မကျိန်ဆဲဘူး၊ မြူးနေတာပဲ၊ ဒါကတော့ လူငယ်ကိုးကွ၊ ဒါနဲ့ နေပါဦး၊ မင်းညက တော်တော့်ကိုပျော်ခဲ့ပုံပေါ်တယ်'

'အလွန့်ကို ပျော်ခဲ့တာပဲ' ဟု ကျွန်တော်က ပြောသည်။

'အေးပေါ့... အေးပေါ့၊ ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့ကွာ၊ မင်း အထက် တန်းစားဆိုတဲ့ လူကြီးလူကောင်းတွေ အများကြီးတွေ့ခဲ့ရသပေါ့၊ ဟုတ်လား'

'အများကြီးပဲ'

'ငါ့ကို ပြောပြစမ်းပါဦး၊ သိပ်ခမ်းနားတယ်ဆိုပါတော့၊ အင်း... လော့ဆင်ကလဲရားကတော့ နောက်တစ်ခါ သူဝက်သက်ပေါက်ရင် မင်းကို မေးတော့မှာပဲ ဟ...'

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်မျက်နှာသည် သိသိသာသာကြီး နီမြန်းသွားသည်။

'အမှန်အတိုင်း ပြောပြရမယ်ဆိုရင်တော့ ကျွန်တော် တစ်ညလုံးနီး ပါးလောက် လှော်ဒ်ဆင်ကလဲရားရဲ့ နှမဝမ်းကွဲနဲ့ တွဲကလာခဲ့တာခင်ဗျ'ဟု ကျွန်တော်က ဂုဏ်ယူဝင့်ကြွားသောလေသံဖြင့် ပြောမိသည်။

'လှော်ဒ်ဆင်ကလဲရားရဲ့ ဝမ်းကွဲနှမဟုတ်လား'

'သိပ်ဟုတ်တာပေါ့၊ မစ္စက်မယ်လ်ကွမ်လေ'

'မစ္စက်မယ်လ်ကွမ်' သူသည် ပေါကြောင်ကြောင်မျက်နှာထားဖြင့် သံယောင်လိုက်၍ ရေရွတ်သည်။ သူ အံ့အားသင့်သွားခြင်းကို ကျွန်တော် မရိပ်မိအောင် သူ့ပန်းကန်ပြားထဲမှ ငါးခြောက်ကြော်ကို ဓားနှင့်ငုံ့၍လှီးနေ သည်။ 'အေး... ဟုတ်တယ်၊ ဆင်ကလဲရားမျိုးစုနဲ့ သွေးသားမကင်းဘူး၊ တစ်ဝမ်းကွဲမောင်နှမတော့ မဟုတ်ဘူးကွ၊ ဆွေမျိုးနီးစပ်တော့ တော်တယ်၊ ဘာမှမတော်တာနဲ့စာရင်တော့ တော်သေးတယ်လို့ ဆိုရမှာပေါ့ကွာ'

'ချစ်စရာကောင်းတဲ့ အမျိုးသမီးတစ်ယောက်ပါပဲ'

ဤတစ်ကြိမ်တွင်မူ ကေမရွန်သည် တက်တော့၊ ချက်တော့မလို ဖြစ် သွားသည်ဟုပင် ထင်ရ၏။ သူ့မျက်လုံးများသည် ပြူးတူးပြဲတဲ ဖြစ် နေသည်။ သူ့လည်ချောင်းအတွင်းမှ မပီမသအသံများ ထွက်လာသည်။ နောက်ဆုံးတွင် ချောင်းတဟွတ်ဟွတ်ဆိုးကာ အသံပျောက်သွားသည်။

'ဒီငါးခြောက်ဟာ အခုလိုပဲ...' ဟု ရေရွတ်သည်။

'တစ်ကောင်လုံး အရိုးချည်းပဲ၊ မင်းအခုနက မစ္စက်မယ်လ်ကွမ်နဲ့ ပတ်သက်ပြီး ပြောလိုက်တာ ဘာ... ကွ'

'ချစ်စရာကောင်းတယ်လို့ ပြောတာပါ'ဟု ကျွန်တော်က ဖြေသည်။

'ကျွန်တော် သူ့ဆီကို တစ်ရက်လောက်တော့ သွားတွေ့ရဦးမယ်'

ကေမရွန်သည် ကုလားထိုင်ကို ခပ်ကြမ်းကြမ်းတွန်းဖယ်လိုက်သည်။

'မင်းဟာ... အဲသလို သောက်သုံးမကျတဲ့ အလုပ်မျိုးလုပ်ဖို့ အချိန် မရှိလောက်အောင် အလုပ်များတဲ့လူကွ၊ မင်းဟာ ဆေးကုနေရတဲ့ ဆရာဝန် တစ်ယောက်၊ အရပ်တကာ နယ်လှည့်ပြီး သွားနေတဲ့သီချင်းသည်တစ်ယောက် မဟုတ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်အဖို့ အထူးအဆန်းတစ်ခု ဖြစ်နေသည်။ ဒေါက်တာ ကေမရွှန်သည် ဤမျှလောက်အထိ ပြင်းပြင်းထန်ထန် ပြောတတ်သူတစ်ဦး မဟုတ်။ ထိုနေ့မှစ၍ နောက်ရက်များတွင် သူသည် ကျွန်တော့်အား နားချိန် ဟူ၍ မရှိလောက်အောင် ခိုင်းသည်။ သူခိုင်းပုံမှာ အညှာအတာကင်းမဲ့မှုကြောင့် ကျွန်တော့်မှာ နှစ်ပတ်တိတိ နားချိန်၊ အားချိန်ဟူ၍မရ။ မစ္စက်မယ်လ်ကွမ်ထံ အလည်သွားဖို့ စိတ်ကူးပင် မထည့်နိုင်။ ထိုကာလ ကုန်ဆုံးချိန်တစ်ရက်တွင် ဆောင်တော်ကူးပန်းနံ့ စာရွက်ကလေးတစ်ရွက် ကျွန်တော့်ထံရောက်လာသည်။

*'မိတ်ဆွေတစ်ယောက်အနေဖြင့် ကျွန်မထံ အလည်လာလိမ့်မယ်ဟု မျှော်လင့်နေခဲ့ပါသည်။ အခုတော့ဖြင့် ကျွန်မကပင် ရှင့်အား ဆရာဝန် တစ်ယောက်အဖြစ် ပင့်ရပါတော့မည်၊ ကျွန်မ အနည်းငယ်နေမကောင်းပါ၊ ဆိုးဆိုးရွားရွားတော့ မဟုတ်ပါ၊ ကျွန်မကြောင့် အနှောင့်အယှက်တော့ ဖြစ်နေ ပါလိမ့်မည်၊ လာနိုင်လျှင် ညပိုင်းလာခဲ့ပါ၊ ကျွန်မ ရှင့်ကို ကော်ဖီကောင်း ကောင်း တစ်ခွက် တိုက်ပါမည်'*

ကျွန်တော် နှာခေါင်းဖြင့်ကပ်၍ စာရွက်ကိုနမ်းကြည့်ပါသည်။ မည်မျှနှစ်လိုဖွယ်ကောင်းသည့် ရေမွှေးနံ့ပါနည်း။ သူ့ခမျာ ဖျားနေရှာသည်။ ကျွန်တော် သူ့ကိုပစ်ထားခဲ့မိ၏။ ရက်စရာကောင်းလှပါဘိခြင်း။ မည်မျှဆိုးရွား ပါသနည်း။

နေ့လယ်စာစားချိန်တွင် ကျွန်တော်က ကေမရွှန်အား အကြောင်း ကြားသည်။

'မစ္စက်မယ်လ်ကွမ်က နေမကောင်းလို့ ပင့်နေတယ်'

ကေမရွှန်၏ မျက်ခုံးနှစ်ဖက်သည် ဆတ်ခနဲ မြင့်တက်သွားသည်။ ကျွန်တော့်အား ဖျတ်ခနဲမော့ကြည့်ပြီး ပါးစပ်မှ တစ်စုံတစ်ခု ရေရွတ်တော့မည့် ဟန်ပြုသည်။ သို့သော်လည်း စကားတစ်ခွန်းမှ ထွက်မလာပါ။

'ကျွန်တော် သွားလိုက်မယ်လေ'

ငြိမ်နေသည်။

'ကျွန်တော်သွားပြီး ကြည့်လိုက်မယ်'

'ညပိုင်းသွားရမှာ မဟုတ်လားကွ' ဟု ကေမရွှန်က အော်သည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ခေါင်းကိုငုံ့လိုက်ပြီး အရူးတစ်ယောက်သဖွယ် ဆန်ပြုတ်ကို ကမူးရှူးထိုး သောက်သည်။

* * * * *

ဝင်သွားမိသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် မစ္စက်မယ်လ်ကွမ်၏အိမ်ကို အံ့ဩချီးမွမ်းမိပါသည်။ မစ္စက်မယ်လ်ကွမ်၏အိမ်သည် မစ္စက်မယ်လ်ကွမ်နှင့်တူသည်။ မစ္စက်မယ်လ်ကွမ်၏ စာရေးစက္ကူနှင့်တူသည်။ မြတ်နိုးစဖွယ်ရှိပါဘိ၏။ အိမ်ဟောင်းတစ်လုံးဖြစ်သော်လည်း ကျက်သရေရှိလှသည်။ အခန်းများမှာ ကျယ်ဝန်းပြန့်ပြူးသည်။ အိမ်ထောင်ပရိဘောဂများမှာ နှစ်သက်စဖွယ်ကောင်းအောင် လှပပြီး ခေတ်ဆန်သည်။

မစ္စက်မယ်လ်ကွမ်သည် နေရာအနှံ့ခရီးဆန့်ခဲ့သူဖြစ်၍ ရောက်လေရာဒေသများမှာ အထူးအဆန်းပစ္စည်း အတိုအထွာများ စုဆောင်းတတ်သူဖြစ်သည်။

'ဆေးသုတ်ထားတဲ့သေတ္တာကို ရှင်သဘောမကျဘူးလားဟင်၊ သိပ်ကောင်းတဲ့သေတ္တာပေါ့'ဟုလည်းကောင်း၊ 'ဒီဖယောင်းတိုင်စင်ကြီးတွေက ရှေးဟောင်းပစ္စည်းတွေရှင့်၊ ကျွန်မ ဘရစ်တန်နီဘက်ရောက်တုန်းက လယ်သူမ အဘွားကြီးတစ်ယောက်ဆီက ဝယ်လာခဲ့တာ'ဟုလည်းကောင်း မစ္စက်မယ်လ်ကွမ်က ရှင်းပြတတ်သည်။

မစ္စက်မယ်လ်ကွမ်သည် ဧည့်ခန်းထဲရှိ မီးဖိုဘေးတွင် ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသည်။ ရှေးဟောင်း ငွေလင်ပန်းတစ်ချပ်သည် သူ့တံတောင်ဆစ်အနီးတွင် ရှိနေသည်။

'သစ္စာမရှိတဲ့လူတစ်ယောက်'ဟု ကြည်လင်ရွှင်ပျသောမျက်နှာထားဖြင့်ပြောသည်။ 'ကျွန်မသာ မဖျားလို့ကတော့ ရှင့်ကို မြင်ရမှာမဟုတ်ပါဘူး'

ကျွန်တော်က တောင်းပန်စကားပြောရသည်။ 'မဟုတ်ပါဘူး မစ္စက်မယ်လ်ကွမ်ရယ်၊ ကျွန်တော် ဒီအိမ်ကို သိပ်လာချင်တာ၊ ဒါပေမယ့် အခုတလော အလုပ်က သိပ်များတယ်၊ ကဲ... ပြောပါဦး၊ ဘာဖြစ်တာလဲ'

www.burmeseclassic.com

www.burmeseclassic.com


'ဟိုညက ကျွန်မတို့နှစ်ယောက် ညလုံးပေါက် ကခဲ့ကြတယ်မဟုတ်လား၊ အဲဒါကြောင့်များ နှလုံးမှာ တစ်ခုခုဖြစ်သလား မပြောတတ်ဘူး'

ကျွန်တော်က သူ့နှလုံးခုန်သံကို စမ်းသပ်စစ်ဆေးကြည့်သည်။ ကျွန်တော် သူ့ကိုယ်ပေါ် ခေါင်းငုံ့ထားခိုက်တွင် သူက မျက်လုံးများကိုမှိတ်ထားပါသည်။ ကျွန်တော် နားလည်သမျှဆိုလျှင် ထူးထူးခြားခြား ဘာမှမဖြစ်ပါ။ သူ့ခန္ဓာကိုယ်တွင် အန္တရာယ်ပြုနိုင်လောက်သော အပြောင်းအလဲ ဟူ၍ ဘာတစ်ခုမှ မတွေ့ရပါ။

'ခဏတစ်ဖြုတ် နားဖို့ပဲလိုပါတယ်၊ ဘာမှစိုးရိမ်စရာမရှိပါဘူး၊ အားဆေးနည်းနည်းပါးပါး သောက်ပါ၊ ကျွန်တော် ပေးခဲ့ပါ့မယ်၊ ကျွန်တော် ဂရုတစိုက်ကြည့်ပေးမှာပေါ့၊ စိတ်ချပါ'

သူက ကျေးဇူးတင်စကားဆိုသည်။ ထို့နောက် 'ဆွစ်ဇာလန်ကို သွားပြီး တောင်တက်ခဲ့သေးတယ်၊ အဲဒီကတည်းက နှလုံးနဲ့ပတ်သက်တဲ့ ရောဂါတစ်ခုခု ရှိလာသလိုပဲ'ဟု ဆက်ပြောသည်။

ကျွန်တော့်အား ကော်ဖီဖျော်တိုက်နေစဉ်အတွင်း နှစ်ယောက်သား ဆောင်းရာသီ အားကစားများအကြောင်း ပြောမိကြသည်။ ကော်ဖီမှာ ဂျက်နက်၏ကော်ဖီနှင့် လုံးဝမတူ။ အရသာထူးလှ၏။ သူက ကျွန်တော့်အား ဆေးတံသောက်ဖို့ တိုက်တွန်းသည်။ ဆေးတံသောက်နေသည့်အခါ ကျွန်တော့်ဆေးတံကို ချီးမွမ်းသည်။ ထို့နောက် အရှေ့တိုင်းမှ ထူးဆန်းသောဒေသများအကြောင်း ဖတ်ဖူးခဲ့သည့် စာအုပ်များအကြောင်း ဆွေးနွေးပြောဆိုကြသည်။ သူသည် စာနှံ့နှံ့စပ်စပ် ဖတ်သူဖြစ်သည်။ ကျွန်တော့်မျက်စိထဲမှာတော့ မစ္စက်မယ်လ်ကွမ်သည် လှသည်။ ရည်မွန်သည်။ သူ့ အပြောအဆို အပြုအမူများသည် ချစ်စရာကောင်းသည်။ အထက်တန်းကျသည်။ မြင်ရုံမျှဖြင့် မျိုးကောင်းဆွေကောင်းမှ ဆင်းသက်လာသူဖြစ်ကြောင်း သိသာသည်။

ကျွန်တော် ပြန်တော့မည်ဟု ထိုင်ရာမှထလိုက်သည့်အခါ ဆယ်နာရီထိုးပေပြီ။ မနက်ဖြန်ညကျလျှင် မပျက်မကွက် တစ်ခေါက်လာကြည့်ပါမည်ဟု ကျွန်တော်က ပြောသည်။ လက်ဆွဲနှုတ်ဆက်ကြသည့်အခါ သူ့လက်များ၏

www.burmeseclassic.com

www.burmeseclassic.com


ဖော့ဖယောင်းလို ပျော့ပျောင်းသည့် အထိအတွေ့၏နူးညံ့မှုကို ကျွန်တော် သတိထားမိပါသည်။

နောက်တစ်နေ့ညတွင် ကျွန်တော် သူ့ထံတစ်ခေါက်ရောက်သည်။ နောက်တစ်နေ့ညကျပြန်တော့ တစ်ခေါက်။ ထို့နောက် နောက်တစ်ညတွင် တစ်ခေါက်။ အလုပ်နှင့်ဆက်စပ်ပြီး ရောက်သော အလည်အပတ်များ ဖြစ်ပါသည်။ သူကိုယ်တိုင်ကတော့ သူ့ကို ရိုးရိုးသာမန်လူနာတစ်ယောက်လိုပင် သဘောထားပါဟု ဆိုသည်။

ဆယ်ရက်ခန့်အကြာ တစ်နေ့တွင် ကေမရွန်သည် ဆေးခန်းထဲသို့ ဝင်လာသည်။ ကျွန်တော့်အား တစ်ချက်လှမ်းကြည့်ကာ သူ့ပါးစပ်မှ စကားတစ်ခွန်း ထွက်လာသည်။

'မင်း... မစ္စက်မယ်လ်ကွမ်ဆီကို ခဏခဏ သွားနေသကိုးကွ'

'ဟုတ်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ'ဟု ကျွန်တော်က တအံ့တသြ ပြန်မေးမိသည်။ 'သူ့မှာ နှလုံးအားနည်းသလို၊ ဘာလိုလို ဖြစ်နေတယ်'

'သူ့နှလုံး' ကေမရွန်က စိတ်မပါတပါ လေသံဖြင့် ရေရွတ်သည်။ 'အေးလေ... ထားပါတော့၊ ဒါဆိုရင်တော့ မင်းအခုသွားနေတာ အလုပ်ကိစ္စနဲ့ ပတ်သက်နေတာပဲ'

'ဒါပေါ့၊ အလုပ်ကိစ္စပေါ့' ကျွန်တော်က ဒေါသတကြီး ပြန်ပြော သည်။ 'ခင်ဗျားက ဘာဖြစ်လို့ ဒီမျက်နှာမျိုးကြီးနဲ့ ကျွန်တော့်ကို ကြည့်နေတာ လဲ၊ မစ္စက်မယ်လ်ကွမ်ပေါ်မှာ ကျွန်တော် သဘောထားမှန်မှန်ပဲထားတယ်၊ ဒါပေမယ့် ခင်ဗျားသိမှ ဖြစ်မယ်ဆိုရင်လဲ ပြောင်ပြောင်ပဲ ဖွင့်ပြောမယ်၊ သူ့ဆီသွားရတာ ကျွန်တော်ကတော့ သိပ်ပျော်တယ်၊ သူ့စိတ်ဓာတ်က အင်မတန်ကို ကောင်းတာ'

'မင်း ဒီမိန်းမလည်နဲ့ ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေပြီလား'ဟု ကေမရွန် က မေးသည်။

ကျွန်တော့်ဆံပင်များသည် ဒေါသကြောင့် ထောင်ထလာကြသည်။

'သူဟာ မိန်းမလည်တစ်ယောက် မဟုတ်ဘူး၊ ဂုဏ်သိက္ခာရှိတဲ့ အမျိုးသမီးတစ်ယောက်၊ ပြီးတော့ ကျွန်တော်နဲ့ အလွန်ခင်တဲ့မိတ်ဆွေ'

www.burmeseclassic.com

www.burmeseclassic.com


ကေမရွန်က သူ့လက်များကို မြှောက်လိုက်သည်။

'ဘုရား... ဘုရား၊ ငါက မင်းကို အသိဉာဏ်ရှိလိမ့်မယ်လို့ ထင်ထားတာ'

ထို့နောက် သူသည် အခန်းထဲမှထွက်သွားသည်။

ထိုညက ကျွန်တော်သည် မစ္စက်မယ်လ်ကွမ်၏အိမ်သို့ မရောက်ရောက်အောင် သွားသည်။ ကျွန်တော့်အထက်လူကြီး၏ သဘောထားအပေါ် မကျေမနပ်ခြင်းကြောင့် တိုး၍ခေါင်းမာနေသော ကျွန်တော်သည် မစ္စက်မယ်လ်အား တိုး၍ဂရုစိုက်ကာ တိုး၍ကိုယ်ဖိရင်ဖိ စမ်းသပ်သည်။ စစ်ဆေးသည်။ ကျွန်တော်သည် နားကြပ်နှင့် သူ့ရင်ဘတ် နှလုံးနေရာပေါ်၌ထောက်ကာ ခေါင်းကိုငုံ့၍ အသေအချာ နားထောင်သည်။ ကျွန်တော်၏ လွန်ကဲသော စေတနာ ရေစီးကမ်းပြိုမှုသည် မစ္စက်မယ်လ်ကွမ်အား မြှောက်ထိုးပင့်ကော်လုပ်နေသလို ဖြစ်နေပါသည်။ ပက်လက်လှဲနေသော မစ္စက်မယ်လ်ကွမ်၏ လက်နှစ်ဘက်သည် ကျွန်တော့်လည်ပင်းအား သိုင်းဖက်ထားပါသည်။

'ရှင်ဟာလေ... သိပ်ကို သဘောကောင်းတာပဲနော်'ဟု သူ့နှုတ်မှ မပွင့်တပွင့် ရေရွတ်သည်။

ကျွန်တော်သည် မြွေတစ်ကောင် အကိုက်ခံလိုက်ရသည့်နှယ် တွန့်ခနဲ ဖြစ်သွားကာ နောက်သို့ဆုတ်လိုက်မိ၏။

'ဒီလိုတော့ မသင့်ဘူးထင်တယ်'ဟု ကျွန်တော့်ပါးစပ်မှ ထစ်တီးထစ်ငေါ့ဖြင့် စကားတစ်ခွန်း ထွက်သွားသည်။

ဆရာဝန်တစ်ယောက်အဖြစ် လေ့ကျင့်သင်ကြားပေးစဉ်က ရရှိထားခဲ့သည့် အသိဉာဏ်က ထိုစိတ်ကူးကို လက်မခံ။ ငြင်းဆန်လျက်ရှိသည်။ အလုပ်သဘောနှင့်ပတ်သက်လာချိန်တွင် မပြုသင့်မပြုထိုက်သော ကိစ္စတစ်ရပ်ဖြစ်၏။ ဤအပြုအမူမျိုးရှိလာလျှင် သူ့အောင်လက်မှတ်ကို လက်လွှတ်ခံရဖို့ရှိသည်။ သို့တည်းမဟုတ် ဆရာဝန်မှတ်ပုံတင်လက်မှတ် အသိမ်းခံရဖို့ရှိသည်။ ကြောက်ရွံ့ထိတ်လန့်သောစိတ်သည် ဖြုန်းခနဲဝင်လာသည်။ သူ့မျက်လုံးများနှင့် ရင်ဆိုင်ပြီးကြည့်မိပါသည်။ ကျွန်တော့်နှုတ်မှ သွားခွင့်ပြုဖို့တောင်းပန်စကား လွှတ်ခနဲထွက်သွားသည်။ ကျွန်တော် အခန်းထဲမှ ကပျာကယာ ထွက်လာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


အာဒင်ဂေဟာသို့ ပြန်ရောက်သည့်အခါ ကျွန်တော် ကေမရွန်ထံ ချက်ချင်းသွား၍ ကြုံခဲ့ရသည့်အဖြစ်ကို တစ်လုံးမကျန် ပြောပြသည်။ အဘိုးအို က ကျွန်တော့်မျက်နှာကို စူးစူးရဲရဲကြည့်သည်။

'နောက်ဆုံးကျတော့ မင်းသင်ခန်းစာရခဲ့ပြီပေါ့ကွာ၊ ကောင်းပါတယ်၊ ငါကတော့ ဒီကိစ္စအတွက် စိတ်မကောင်းဘူးဆိုတဲ့ စကားမပြောဘူး၊ ဒီမယ် နားထောင်၊ မင်းနားလည်မှုရှိရမယ့် အခြေအနေကို ရောက်နေပြီ၊ တစ်ခုမေး ရဦးမယ်၊ မစ္စက်မယ်လ်ကွမ်ရဲ့အသက် ဘယ်လောက်ရှိပြီလို့ မင်းထင်သလဲ'

'ကျွန်တော် မသိဘူး'

'သူ့အသက်ဟာ ၄၂နှစ် ရှိနေပြီ၊ အခု ကုန်ခဲ့တဲ့ လေးဆယ့်နှစ်နှစ် အတွင်းမှာ သူ့အတွက် ယောကျ်ားရှာနေတာ၊ အခုထက်ထိ မရသေးဘူး၊ မင်းသူ့ကို မနက်ခင်းဘက်မှာ မြင်ဖူးသလား'

'မမြင်ဖူးဘူး'ဟု ကျွန်တော်က အားအင်ဆုတ်ယုတ်နေသည့် လေသံ ဖြင့် အဖြေပေးသည်။

'သူက သူ့အိမ်လာဖို့ ကျွန်တော့်ကိုခေါ်တဲ့အချိန်က…'

'ညဘက်မဟုတ်လားကွာ'ဟု ကေမရွန်က မလိုတမာအသံဖြင့် ကြားဖြတ်ပြောသည်။

'ဒါပေမယ့် တကယ်လို့များ ငါမြင်ဖူးခဲ့သလို မနက်ခင်းဘက်မှာ သာ မြင်ရင်တော့လားကွာ'

နောက်တစ်နေ့တွင် ဒေါက်တာကင်မရွန်သည် သူကိုယ်တိုင်ပင် မစ္စက်မယ်လ်ကွမ်ထံသွားသည်။ မနက်ပိုင်းသွားခြင်းဖြစ်၏။ အချိန်ကြာကြာ လည်း မနေခဲ့။ သို့သော်လည်း အလွန်ထူးဆန်းသည့်အချက်မှာ မစ္စက်မယ်လ် ကွမ်၏ နှလုံးနှင့်ပတ်သက်သောရောဂါသည် ချက်ချင်းပင် ပျောက်ကင်းသွား ခြင်း ဖြစ်ပါသည်။

မစ္စက်မယ်လ်ကွမ်သည် သနားစရာကောင်းသူတစ်ယောက် ဖြစ် သည်။ သူသည် စိတ်ရင်းစေတနာ ဆိုးသူတစ်ဦးမဟုတ်ပါ။ သို့သော်လည်း ချစ်ခြင်းမေတ္တာ ငတ်မွတ်ခေါင်းပါးနေသူတစ်ဦးဖြစ်သည်။ အမှန်တော့ သူက

www.burmeseclassic.com

www.burmeseclassic.com


အထီးကျန်ဖြစ်နေသည့် အပျိုကြီး၊ ကျွန်တော်က မလည်မဝယ် မနူးမနပ် အူတူတူ အတတ လူရွယ်တစ်ယောက်။

* * * * *

[ ၁၃ ]

အခုဆိုလျှင် ကျွန်တော် တန်နေ့ချဲထရေးရွာ၌ နေထိုင်လာခဲ့သည်မှာ တစ်နှစ်ကျော်သွားခဲ့ပြီ။ ကျွန်တော့်အနေဖြင့် နေရာဒေသကိုရော၊ လူတွေကိုပါ သဘောကျသည်။ ကျွန်တော့်အား အလုပ်ပေးထားသည့် လုပ်ဖော်ကိုင်ဖက် အဘိုးကြီးအပေါ်တွင်လည်း သံယောဇဉ်ဖြစ်နေသည်။ သို့သော်လည်း မကြာမီ ဝင်ရောက်လာတော့မည့် နွေဦးပေါက်ရာသီနှင့်အတူ ကျွန်တော့်စိတ်သည် မငြိမ်မသက် ဖြစ်လာနေသည်။ ကျွန်တော်၏ အတွေးများသည် ကျွန်တော်၏ အနာဂတ်ကာလ ဘဝခရီးကို မျှော်ကြည့်နေမိပြန်ပါသည်။

ကြီးမြင့်တိုးတက်လိုသောစိတ်သည် ကျွန်တော့်ရင်ထဲ၌ ယခုအချိန်ထိ ပူလောင်ဆဲ။ ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ဆေးကုလုပ်ငန်းများဖြင့် နေလိုသည့် ကျွန်တော်၏ဆန္ဒမှာလည်း အခုအချိန်ထိ ပြင်းပြဆဲ။ မေရီအပေါ်၌ ချစ်မြတ်နိုးသောစိတ်မှာလည်း အခုအခါကျမှပင် ပို၍ခိုင်မာလာနေသည်။ ကျွန်တော်တို့ နှစ်ဦး လက်ထပ်ရေးတွင် အပိတ်အပင် အဟန့်အတားများ ရှိနေသည်မှာ မှန်ပါ၏။ သို့သော်လည်း ယင်းအဟန့်အတားများကို ကျော်လွှားနိုင်ရန်အတွက် ကျွန်တော့်ဘက်မှ စီးပွားတိုးတက်မှုကို လက်ဆုပ်လက်ကိုင်ပြနိုင်ဖို့ ကြိုးစားသင့်သည်ဟုထင်ပါသည်။ သို့ဆိုလျှင် ကျွန်တော်၏အခြေအနေ တိုးတက်မြင့်မားရေးသည် အနောက်ဘက်တောင်ကုန်းဒေသရှိ တန်နေ့ချဲဘရေးလို ရွာတစ်ရွာတွင် လမ်းပွင့်နိုင်ပါမည်လော။

ယင်းကဲ့သို့ မရေမရာ မသေမချာဖြစ်နေသည့် ကာလအတွင်းမှာပင် ကျွန်တော်၏ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ဖြစ်ရပ်များသည် ထူးထူးဆန်းဆန်း တစ်ခုပြီးတစ်ခု ဖြစ်ပေါ်လာသည်။ ပထမဆုံး ကြုံရသည့်အဖြစ်မှာ

www.burmeseclassic.com

www.burmeseclassic.com


ငါးရိုးတစ်ချောင်းနှင့် ဆက်စပ်ပတ်သက်နေသဖြင့် ရယ်စရာပင် ကောင်းနေပါသည်။

ငါးရိုးမှာ မစ္စတာဂျော့မက်ကဲလား၏ လည်ချောင်း၌ စူးနေခြင်းဖြစ်၏။ ဤအတွက်ကြောင့် ဧပြီလတစ်ရက်၊ ညကိုးနာရီခန့်တွင် ရွာအစွန်၌တည်ရှိသော မက်ကဲလား၏အိမ်က ကျွန်တော့်အား လာ၍ပင့်သည်။ ကျွန်တော်ရောက်သွားချိန်တွင် မက်ကဲလားသည် ငါးရိုးဆူးသည့်ဝေဒနာကို အတော်ကလေး ပြင်းပြင်းထန်ထန် ခံစားနေရသည်။ သို့သော်လည်း ဣန္ဒြေပျက်ခြင်းကား မရှိပေ။

ဂျော့မက်ကဲလားသည် စကားနည်းသူတစ်ဦးဖြစ်၏။ စိတ်ဓာတ်ကြံ့ခိုင်ပြတ်သားသော လူပျိုကြီးတစ်ယောက်ဖြစ်သည်။ သူကိုယ်တိုင် အစွမ်းအစ၊ ကိုယ်ပိုင်အားထုတ်မှုများဖြင့် ကြီးပွားလာသူဖြစ်၏။ ဂျုံကုန်သည်တစ်ဦးဖြစ်၍ ဂလက်စကိုမြို့ပေါ်ရှိ သူ့ရုံးသို့ နေ့တိုင်းမှန်မှန်သွားသည်။ ဈေးကွက်များတွင် အောင်မြင်နေသောကုန်သည်တစ်ဦးအဖြစ်သာမက ပစ္စည်းဥစ္စာအတော်များများပိုင်ဆိုင်ကြွယ်ဝလာနေသူအဖြစ်ပါ ထင်ရှားနေသူလည်းဖြစ်သည်။ အမှန်အားဖြင့် သူ့အိမ်သည် မြို့ပေါ်၌ရှိသည်။ သို့သော်လည်း သူကိုယ်တိုင်က နေလိုသောဆန္ဒရှိခြင်း၊ သူ့စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အနီးအနားရှိ ယာသမားများနှင့် အမြဲတစေထိတွေ့ရန်လိုအပ်ခြင်း စသည်များကြောင့် တန်နေ့ချ်ဘရေးရွာ၌ အိမ်တစ်လုံးဆောက်ကာ နွေဦးပေါက်နှင့် နွေဥတုရာသီများတွင် လာရောက်နေထိုင်ခြင်းဖြစ်သည်။

ကျွန်တော်သည် လှပခမ်းနားစွာ ပြင်ဆင်ခင်းကျင်းထားသည့် ထမင်းစားခန်းထဲရှိ မီးရောင်အောက်မှာပင် မစ္စတာဂျော့မက်ကဲလား၏ ငါးရိုးကို ရှာဖွေသည်။ သူ့အား ငါးရိုးစူးခဲ့သည်မှာ ဤအခန်းထဲမှာပင်ဖြစ်၏။ ငါးရိုးကိုရှာဖွေရသည်မှာ လွယ်ကူလှပါသည်။ ရှာတွေ့လျှင်တွေ့ချင်း ကျွန်တော်သည် လက်ထဲမှ ဇာဂနာဖြင့် ချက်ချင်းဆွဲထုတ်ပစ်လိုက်သည်။ ငါးရိုးသည် ဝမ်းဗိုက်အတွင်းသို့ဆင်းသွားရာ အစာလမ်းကြောင်းတစ်နေရာ၌ ဝင်၍စူးနေခြင်းဖြစ်၏။ ကဲလား ခံစားနေရသည့်ဝေဒနာသည် ငါးရိုးထွက်သွားသည်နှင့်တစ်ပြိုင်နက် ချက်ချင်းပျောက်သွားသည်။ သူသည် အသက်ကို ခပ်ပြင်း

www.burmeseclassic.com

www.burmeseclassic.com


ပြင်း တစ်ချက်ရှုလိုက်ပြီး တံတွေးကို တစ်ကြိမ်နှစ်ကြိမ်မျှ မျိုချလိုက်သည်။ ထို့နောက် ကျွန်တော့်အား ပြုံး၍ကြည့်နေသည်။

'နည်းနည်းတော့ နာဦးမယ်'ဟု ကျွန်တော်က ချွန်မြနေသော ငါးရိုးကို မြှောက်ကြည့်ပြီး ပြောသည်။ 'ဒီဟာမျိုးက သေးပေမယ့် ဒုက္ခတော့ ပေးတယ်'

'အင်း... ဟုတ်တာပေါ့'ဟု မက်ကဲလားက အလိုက်သင့် ပြန်ပြောသည်။ 'သူရှိနေတုန်းက ခိုးလိုးခုလုနဲ့ အတော့်ကို အနေရခက်တာပဲ၊ အခုလို မြန်မြန်ဆန်ဆန် လုပ်ပေးလိုက်တဲ့အတွက် ခင်ဗျားကို ကျေးဇူးတင်ရတော့မှာပဲ'

သူသည် စကားကိုဆက်မပြောသေးဘဲ ရပ်ထားသည်။ 'အခုအတိုင်းဆိုတော့ အင်း... ကျွန်တော်ကလဲ ဘယ်ကိစ္စမဆိုဆို မြန်မြန်ဆန်ဆန် လုပ်တတ်တဲ့လူပါ၊ ဒေါက်တာ့ကို ကျွန်တော် ကုသခ ဘယ်လောက်ပေးရမလဲ'

ကျွန်တော်က သူ့မေးခွန်းကို အပြုံးဖြင့် တုံ့ပြန်ပါသည်။

'ဘာမှ ဖြစ်လောက်တဲ့ကိစ္စ မဟုတ်ပါဘူး၊ တကယ့်အသေးအဖွဲကလေးပါ၊ တစ်ရွာတည်းသားချင်းအနေမျိုးနဲ့ လုပ်ကိုင်ပေးတာလို့ သဘောထားပါ၊ ကျွန်တော် ကုသခ မယူပါဘူး'

ဂျော့မက်ကဲလား၏ အကြည့်သည် အလေးအနက်ပြု၍ အကဲခတ်သည့် အနေအထားသို့ ပြောင်းသွားသည်။ ငွေလောက်သာ အဓိကထားတတ်သူတစ်ဦးအဖို့ အထူးအဆန်းဖြစ်နေပုံပေါ်၏။

'ခင်ဗျား တကယ်ပြောနေတာလား'

'တကယ်ပြောတာပါ'ဟု ကျွန်တော်က ဖြေသည်။ 'ကျွန်တော်က ကူညီနိုင်တဲ့ အခွင့်အရေးရလို့ ကူညီလိုက်ရတဲ့သဘောပါ၊ နောင်တစ်ချိန် တစ်နေ့နေ့မှ ခင်ဗျားက ကျွန်တော့်ကို ကူညီနိုင်တဲ့အလှည့်လဲ ရှိချင်ရှိလာမှာပေါ့'

ငြိမ်ဆိတ်နေသည်။ မက်ကဲလား၏ မျက်နှာထားသည် အမျိုးမျိုးပြောင်းနေသည်။ သူ့မေးစေ့ကိုပွတ်ကာ တစ်စုံတစ်ခုကို စဉ်းစားနေသည့်နှယ် ရှိသည်။ ထို့နောက် သူ့နှုတ်မှစကားများ ထွက်လာသည်။

'ထိုင်ပါဦးလေ၊ ကျွန်တော်က အစားစားချင်စိတ်တော့ ပျောက်

www.burmeseclassic.com

www.burmeseclassic.com


သွားပြီ၊ စကော့ဝီစကီ တစ်ခွက်တစ်ဖလားမော့ရင်း ခင်ဗျားနဲ့ စကားစမြည် ပြောကြရအောင်'

သူက ဖန်ခွက်များထဲသို့ ဝီစကီကိုယ်တိုင် ထည့်ပေးသည်။ နှစ်ယောက်သား ဆေးတံမီးညှိပြီး ဖွာကြသည်။ မက်ကဲလားသည် စကားကို ဆက်ပြောပြန်သည်။ သူစကားပြောပုံသည် အချိန်အဆနှင့် သတိထား၍ ပြောနေခြင်းဖြစ်သည်။

'ကျွန်တော် ခင်ဗျားအကြောင်း မကြာမကြာ ကြားဖူးခဲ့တယ်၊ တစ်ယောက်တစ်မျိုး ပြောနေကြတာပေါ့လေ၊ ဒါပေမယ့် ကြားသမျှကတော့ အဆိုးမဟုတ်ပါဘူး၊ အကောင်းတွေချည်းပါ'သူက စကားဖြတ်ကာ ပြုံးသည်။ 'ကျွန်တော်က လူတစ်ယောက်ကို ချက်ချင်းသဘောကျတတ်တဲ့လူ မဟုတ်ဘူးဗျ၊ ကျွန်တော်က အဲသလို လူစားမျိုးမဟုတ်ဘူး၊ ဒါပေမယ့် ခင်ဗျားပြောသလို အတုံ့အလှည့်သဘော ရှိသင့်တာအမှန်ပဲ'သူသည် နောက်တစ်ကြိမ် စကားကို ဖြတ်ကာ ဝီစကီကိုမော့သည်။ 'ကဲ... ကျွန်တော်မေးမယ်၊ ခင်ဗျား ရွှန်ဗွီလေး ဆိုတာ ကြားဖူးသလား'

ကျွန်တော်က ပြုံးပြီးခေါင်းရမ်းပြသည်။ 'မကြားဖူးဘူး၊ ကျွန်တော် ထင်တာတော့ အစုရှယ်ယာ ဖြစ်မယ်ထင်ပါရဲ့'

'အေး၊ ဟုတ်တယ်'ဟု မက်ကဲလားက ပြုံးဖြဲဖြဲလုပ်၍ ပြောသည်။ 'ရှယ်ယာပဲ၊ အတိအကျပြောရမယ်ဆိုရင်တော့ ကဖာရွှေတွင်းရှယ်ယာပေါ့' သူသည် လေသံကို တိုးလိုက်သည်။ စေ့ထားသောနှုတ်ခမ်းများကြား လေသံဖြင့် ပြောသည်။ 'ကျွန်တော်တို့ အသိုက်အဝန်း လူနည်းစုက အတွင်းကျကျ သတင်းတစ်ခုရထားတယ်၊ ကဖာရွှေတွင်း အစုရှယ်ယာနဲ့ပတ်သက်တဲ့ သတင်းပဲ၊ ကျွန်တော်တို့လူစုက အုပ်စုကလေးဖွဲ့ပြီး အစုရှယ်ယာဝယ်ထားကြတယ်၊ အခုကြားရတာက အစုရှယ်ယာဈေး အကြီးအကျယ်တက်လိမ့်မယ်၊ ဈေးက အတော်မြင့်မြင့်မားမား တက်မှာ'

သူသည် စကားကိုဖြတ်ထားပြန်သည်။ 'ဒီမယ်ဒေါက်တာ၊ ရွှန်ဗွီလေး အစုရှယ်ယာ နည်းနည်းပါးပါးဝယ်ထားဖို့ ကျွန်တော် ခင်ဗျားကို အကြံပေးပါရစေ'

www.burmeseclassic.com

www.burmeseclassic.com


'ကျွန်တော့်အပေါ် စေတနာရှိလွန်းလို့ ဒီအကြံပေးတယ်ဆိုတာ ကျွန်တော်နားလည်ပါတယ် မစ္စတာမက်ကဲလား၊ ဒါပေမယ့် အဲဒီလိုင်းက ကျွန်တော့်လိုင်းမဟုတ်ဘူးခင်ဗျ'

မက်ကဲလားကတော့ ကျွန်တော့်အား ရင်းနှီးခင်မင်သောအပြုံးဖြင့် ကြည့်နေဆဲ။ သို့သော်လည်း သူ့အပြုံးသည် နားလည်ရခက်သောအပြုံး။

'ခင်ဗျား ကျွန်တော်ပေးတဲ့ တစ်ပ်ကို ယူပါဗျာ' စားပွဲကိုလက်ညှိုးထိပ်ဖျားဖြင့် တဒေါက်ဒေါက်ခေါက်ရင်း ပြောသည်။

'ကျွန်တော့် 'တစ်ပ်'ကို ယူလိုက်လို့ ခင်ဗျားဝမ်းနည်းစရာ ဖြစ်ဖို့ မရှိပါဘူး' ပြောပြောဆိုဆိုနှင့် ဝီစကီပုလင်းကို လက်နှင့်တွန်း၍ ကျွန်တော့်ဖက် ပို့ပေးသည်။

ထိုညက ကျွန်တော် အိမ်ပြန်ရောက်သည့်အခါ ကေမရွန်အား မက်ကဲလားအကြောင်း မေးမိပါသည်။

'မက်ကဲလားဟာ ဘယ်လိုလူစားလဲ၊ ကျွန်တော်ကတော့ သူ့ကြည့်ရတာ လူမှန်တစ်ယောက်လို့ ထင်တာပဲ'

'အေးကွ၊ မက်ကဲလားဟာ လူကောင်းတစ်ယောက်ပဲ'ဟု ဒေါက်တာကေမရွန်က ဖြေသည်။ 'စိတ်ဓာတ်အနေနဲ့ နည်းနည်းပါးပါး ညံ့တဲ့အပိုင်းလဲ ရှိချင်ရှိပေမပေါ့၊ ဒါပေမယ့် ဒီလူက ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ ကတိလဲ အင်မတန်တည်တယ်ကွ'

ကေမရွန်ထောက်ခံချက်အပေါ် ကျွန်တော်များစွာ အလေးအနက်ထားသည်။ မူလက ကျွန်တော်သည် မက်ကဲလားပေးသည့် အကြံအတိုင်း လုပ်မည်ဟု စိတ်ကူးမရှိခဲ့ပါ။ ယခုအခါတွင် ကျွန်တော်၏ အနာဂတ်ဘဝအတွက် လိုအပ်နေသည့် အရင်းအနှီးရရှိရေးသည် အရေးကြီးသောကိစ္စတစ်ခုဖြစ်နေသည်။ အထူးသဖြင့် ကျွန်တော်ရည်မှန်းထားသည့် ကိုယ်ပိုင်အိမ်၊ ကိုယ်ပိုင်ဆေးကုလုပ်ငန်း၊ မေရီနှင့်လက်ထပ်ရေး စသည်တို့ကို ဖြစ်မြောက်အောင်လုပ်မည်ဆိုလျှင် ကျွန်တော့်မှာ အရင်းအနှီးရှိရလိမ့်မည်။ ထိုအရင်းအနှီးကို ကျွန်တော် ဘယ်ကရမည်နည်း။ အခု မက်ကဲလားပေးသည့်အကြံကို လိုက်နာခဲ့လျှင် အဆင်ပြေကောင်း ပြေဖွယ်ရာရှိ၏။ ယင်းကဲ့သို့ တွေးမိသော

www.burmeseclassic.com

www.burmeseclassic.com


အခါ ကျွန်တော် စိတ်ပါလာသည်။ ဉပေက္ခာမပြုအပ်သည့် အခွင့်အလမ်း တစ်ရပ်ဟု မြင်လာသည်။

ထိုအတွေးသည် ကျွန်တော့်ခေါင်းထဲတွင် ရိုက်ခတ်မြည်ဟည်းလျက် ရှိ၏။ ကျွန်တော် လက်ထောက်ဆရာဝန်လုပ်ကတည်းက ခြစ်ခြစ်ကုတ်ကုတ် ပြု၍ ချွေတာစုဆောင်းထားခဲ့သော ငွေပေါင်တစ်ရာသည် ဘဏ်၌ရှိနေ၏။ ထိုငွေကို နှစ်ဆသုံးဆတိုးလာအောင် လုပ်ခြင်းအားဖြင့် ရတနာသိုက်ကလေး တစ်ခု တည်ဆောက်ထားပြီးသား ဖြစ်သွားနိုင်သည်မဟုတ်လော။

ထိုညက ကျွန်တော် ကောင်းစွာအိပ်မပျော်ပါ။ ရွှေရောင်လွှမ်းနေသည့် စိတ်ကူးများသည် ကျွန်တော့်မျက်စိရှေ့တွင် တရစ်ဝဲဝဲ ဖြစ်နေကြသည်။ မိုးလင်း၍ အိပ်ရာမှထသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် တယ်လီဖုန်းဆီသို့သွား၍ မက်ကဲလားထံဆက်သည်။ သူပေးသောအကြံကို လက်ခံကြောင်း အသိပေးသည်။

'ကောင်းပြီလေ'ဟု သူက ပြောသည်။ 'ဒေါက်တာ အမြော်အမြင်ရှိသားပဲ၊ အင်ဂရမ်လမ်းမှာ ကျွန်တော့်ပွဲစား ဟယ်မစ်လ်တန် ရှိတယ်၊ သူနဲ့ ဆက်သွယ်ပါ၊ သူ ကြည့်လုပ်ပေးပါလိမ့်မယ်၊ ကျွန်တော့်စကားကိုယုံပါ ဒေါက်တာ၊ ခင်ဗျားစိတ်မကောင်း မဖြစ်စေရပါဘူး'

ဟယ်မစ်လ်တန်နှင့် ဆက်သွယ်ရသည်မှာ အခက်အခဲမရှိပါ။ မက်ကဲလားပြောလိုက်သည့်အတိုင်း သူ့ထံမှ အကူအညီလည်း ရခဲ့ပါသည်။ ထိုနေ့ နံနက်ပိုင်းတွင် ဖြစ်လာသည့် ရှန်ဗီလေး စတော့ရှယ်ယာပေါက်ဈေးမှာ တစ်ခုလျှင် တစ်ပေါင်နီးပါးမျှဖြစ်ရာ အတော်ကြီးမြင့်လာသည်ဟု ဆိုနိုင်ပါသည်။ ကျွန်တော်၏ရင်းနှီးငွေ မများခြင်းနှင့် စတော့ရှယ်ယာဈေး မြင့်တက်လာခြင်း စသည်တို့ကြောင့် ပွဲစားက ပေါင်တစ်ရာဖိုးဝယ်မည့်အစား ပေါင်ငါးရာဖိုးအထိတော့ ဝယ်သင့်သည်ဟု အကြံပေးသည်။ အကျိုးအမြတ်ပို၍ ရှိနိုင်သော ကမ်းလှမ်းမှုကို မည်သူကငြင်းနိုင်ပါမည်နည်း။ ဤသို့ဖြင့် စတော့ရှယ်ယာ ဝယ်ယူသောကိစ္စမှာ တယ်လီဖုန်းနှင့်ပင် ပြီးပြတ်အောင် ဆောင်ရွက်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


နောက်ရက်အနည်းငယ်သည် စိတ်အလွန် လှုပ်ရှားနေရသည့် ရက်များဖြစ်၏။ မတင်မကျဖြစ်မှုသည် ရှည်ကြာလွန်းလှချေသည်။ ကျွန်တော့် စိတ်သည် သောကဏ်ဖိစီးမှုကို အလူးအလိမ့်ခံရသည်။ ဘာတစ်ခုမှလည်း ထူးထူးခြားခြား ဖြစ်မလာသေး။ သတင်းစာများတွင်လည်း သတင်းထူး မတွေ့ရ။ မက်ကဲလားထံမှလည်း ဘာသံမှမကြားရ။ စတော့ရှယ်ယာဈေးကွက် မှာလည်း ဈေးတန့်နေသည်။ ကျွန်တော်ဝယ်စဉ်က ပေါက်ဈေးထက် ပဲနိ အနည်းငယ်မျှ ကျနေသည်။ ကျွန်တော့်စိတ်သည် ဗလောင်ဆူလျက်ရှိ၏။ ဘာကြောင့် အခုလိုကြီး ငြိမ်နေရသနည်း။ သိချင်လှ၏။ သို့သော်လည်း ကျွန်တော့်မာန်မာနက တားဆီးထားသဖြင့် မက်ကဲလား၏နေအိမ်သို့ အပြေး အလွှားသွား၍ မေးမြန်းစုံစမ်းခြင်းမပြု။

ဤသို့ဖြင့် နောက်ဆုံးတွင် ဒုတိယသီတင်းပတ်ကုန်ခါနီး တစ်ရက် နံနက်ခင်းသို့ ဆိုက်ရောက်လာသည်။ မဝံ့မရဲမျှော်လင့်ချက်ဖြင့် ကျွန်တော် သည် 'ဝင်တန်ဟာရဲလ်သတင်းစာ'ကို လှန်လှောရှာဖွေသည်။ ကျွန်တော့် နှလုံးသည် တဆတ်ဆတ်ခုန်လျက်ရှိသည်။ ရွှန်ဗီလေး စတော့ရှယ်ယာဈေး သည် လေးသျှီလင်မျှ တက်လာသည်ကို တွေ့ရပါသည်။

ကျွန်တော့် မျက်လုံးအစုံသည် ဝင်းလက်တောက်ပလာသည်။ သွေး ခုန်နှုန်းမြန်လာသည်။ ကျွန်တော် လျင်မြန်စွာ တွက်ချက်ကြည့်သည်။ မယုံ ကြည်နိုင်စရာ အံ့သြစရာကောင်းလှချေသည်။ ကျွန်တော် တယ်လီဖုန်းဆီသို့ ပြေးသွားပြီး မက်ကဲလားထံဆက်သည်။ သူသည် ဂလတ်စကိုမြို့ရှိ သူ့ရုံးသို့ သွားတော့မည့်ဆဲဆဲဖြစ်၏။

'ကျွန်တော်အခုပဲ သတင်းကိုဖတ်ရတယ်' ဝမ်းသာလုံးဆို့နေသော ကျွန်တော်သည် စကားပြောကြားရာ၌ ထစ်တီးထစ်ငေါ့ ဖြစ်လျက်ရှိသည်။ ဈေးက တအားတက်လာတာပဲ၊ ကျွန်... ကျွန်တော် ရောင်း... ရောင်းလိုက် ရတော့မလား'

'ဘာ' မက်ကဲလား၏အသံမှာ ယုံကြည်နိုင်စရာ မရှိလောက်အောင် ပင် တည်ငြိမ်အေးဆေးလှ၏။ 'ဘယ်လိုဖြစ်တာလဲ၊ ဈေးတက်စပဲ ရှိသေး တယ်၊ ခင်ဗျားက ရောင်းချင်နေပြီလား၊ မလုပ်နဲ့၊ လုံးဝမရောင်းနဲ့ဦး၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


က ရောင်းလို့မပြောမချင်း မရောင်းနဲ့ဦး၊ ကျွန်တော်က ပြောပြီဆိုရင်တော့ ချက်ချင်းသာရောင်း၊ မပြောခင်ကတော့ လုံးဝမရောင်းနဲ့'

ထိုနောက် တစ်ဖက်မှ တယ်လီဖုန်းချသံ ကြားလိုက်ရသည်။

ရှေ့ရေးကိုမျှော်ပြီး စိတ်အားတက်နေသော ကျွန်တော်သည် ဆေးခန်းထဲဝင်ကာ လုပ်စရာရှိသည်များကို လုပ်သည်။ သို့သော်လည်း အလုပ်အပေါ်တွင် အာရုံစူးစိုက်၍မရပါ။ နောက်ပိုင်း ရက်အနည်းငယ်အတွင်းတွင် ကျွန်တော်သည် ကြည့်ရှုကုသရမည့်လူနာများကို ကသောကမျောကြည့် သည်။ ကိုယ့်အလုပ်ထက် စတော့ရှယ်ယာဈေးကွက်၏ အတက်အကျကို တွေးတောစိတ်ကူးရန် အချိန်များများရလိုသည် မဟုတ်ပါလား။

အမြတ်များများရနိုင်သည့် စွဲမက်စရာကောင်းသော အလုပ်တစ်ခုဖြစ်ချေသည်။ ဆေးကုနေရသည့်အလုပ်ထက် အဆပေါင်းများစွာ ပို၍စိတ်လှုပ်ရှားတက်ကြွရသည့် အလုပ်တစ်ခုလည်းဖြစ်သည်။ အလွန်ကြီးမားသည့် လောင်းကစားပွဲကြီး တစ်ခုပေတည်း။ အခုဆိုလျှင် ရွှန်ဗွီလေး စတော့ရှယ်ယာသည် ဈေးကွက်တွင် သျှီလင်ပေါင်းများစွာ ဈေးထိုးတက်လျက်ရှိ၏။ ဒုံးကျည်တစ်ခု ကောင်းကင်သို့ထိုးတက်နေသည့်နှယ် ဖြစ်သည်။ နေ့စဉ်နှင့်အမျှတက်လာသောဈေးသည် ထိုသီတင်းပတ် ကုန်ဆုံးသည့်ရက်တွင် မူလဈေးထက် နှစ်ဆအထိ တိုးလာခဲ့လေပြီ။ ပျံ့နှံ့နေသည့် ကောလဟလသတင်းများအရ နောက်ထပ်တက်ဦးမည့် အရိပ်အခြည်က ရှိနေ၏။ လူတိုင်းသည် ဤစတော့ရှယ်ယာကို အပြေးအလွှား အလုအယက် ဝယ်နေကြလေပြီ။

တနင်္လာနေ့တွင် ဈေးထပ်၍တက်လာပြန်ရာ ကျွန်တော် ဝမ်းသာလုံးဆို့ရပြန်၏။ ကျွန်တော်သည် ဝင်တန်မှ စတော့ရှယ်ယာပွဲစားထံသို့ မကြာခဏ ဖုန်းဆက်သည်။ မက်ကဲလားနှင့်လည်း နံနက်တိုင်း ညနေတိုင်း အဆက်အသွယ်လုပ်သည်။ အမြတ် အထိုက်အလျောက်ရလျှင် ရောင်းပစ်မည်ဟူသော မူလဆန္ဒကို ကျွန်တော်မေ့သွားသည်မှာ ကြာပြီ။ ကျွန်တော့်အတွက် သူဋ္ဌေးဖြစ်နိုင်သည့် အခွင့်အရေးတစ်ရပ်ဖြစ်၏။ ကျွန်တော့်အနေဖြင့် မက်ကဲလားအပေါ်တွင် ယုံကြည်မှု အပြည့်အဝရှိနေသည်။ လူမှန်တစ်ယောက်၏ အကြံဉာဏ်ကို လိုက်နာဆောင်ရွက်နေခြင်းဟု ယူဆသည်။ မက်ကဲလားပေးသည့်

www.burmeseclassic.com

www.burmeseclassic.com


အကြံအတိုင်း ကျွန်တော်သည် အစုရှယ်ယာကိုတိုး၍ ဝယ်ထားခဲ့သည်ဖြစ်ရာ ကျွန်တော့်အတွက် အမြတ်သည် အခုလောလောဆယ် ပေါက်ဈေးအရ ပေါင်ခုနစ်ရာကျော်လိမ့်မည်ဖြစ်၏။ ဘဝသည် အံ့သြစရာ ကောင်းလှပါဘိခြင်း။

ဤငွေကိုသာရခဲ့လျှင်ဟူသောအတွေးဖြင့် သာယာယစ်မူးလျက်ရှိသော ကျွန်တော်သည် ကျွန်တော်စိတ်ကူးထားသည့် လုပ်ငန်းများကိုသာမက ငွေကြေးခနဖြင့် ဝယ်ယူသုံးစွဲနိုင်မည့် ဘဝ၏သာယာမှုများကိုပါ ဆင်ခြင်စဉ်းစားနေမိပါသည်။ ကျွန်တော့်အလုပ်သည် ယခင်ကနှင့်မတူ၊ ချို့ယွင်းမှုများရှိလာသည်။ အချိန်ရှိသမျှ စတော့ဈေးကွက်အကြောင်းကိုသာ စိတ်ကူးနေမိသည်။ စတော့ဈေးကွက်အကြောင်း မစဉ်းစားသည့်အချိန်တွင်လည်း တယ်လီဖုန်းဆက်ခြင်းဖြင့် အချိန်ကုန်သည်။ ကျွန်တော့်စိတ်သည် ရရှိလာမည့် အမြတ်များပေါ်၌သာ ရောက်နေသည်။ ဈေးကလည်းတက်နေဆဲ။ နောက်ထပ်လေးရက်ကုန်သွားသည်။ ထိုအချိန်တွင် ပေါင်ကိုးရာဖြစ်ဖို့ အတော်ကြီးနီးကပ်သွားပေပြီ။ ပေါင်ကိုးရာဆိုသည်မှာ နည်းနည်းနောနောငွေမဟုတ်။ နွေမရှောင်၊ ဆောင်းမရှောင် ရာသီဥတု ဆိုးဆိုးကောင်းကောင်း နှစ်နှစ်တိတိ မရပ်မနားသွားလာလှုပ်ရှားပါမှ ရနိုင်သည့်ငွေဖြစ်၏။ ငွေရောဂါဖမ်းစားခြင်း ခံနေရသော ကျွန်တော်သည် မက်ကဲလားထံမှ နောက်ဆုံးသတင်းကြားချက်များကို မျှော်တလင့်လင့်ဖြစ်နေမိပါသည်။

ဤအတောအတွင်း ကျွန်တော်၌ သာယာကျေနပ်မှုများ တိုးတက်လာနေသည်။ ဒေါက်တာကေမရွန်သည် ကျွန်တော့်အား စကားပြောရန် တစ်ကြိမ်နှစ်ကြိမ်မျှ ကြိုးစားသည်ကို ကျွန်တော်သတိထားမိသည်။ သို့သော်လည်း သူသည် သူ့ကိုယ်သူ ထိန်းချုပ်ထားပုံပေါ်၏။ မည်သို့ပင်ဖြစ်စေ ဒုတိယသီတင်းပတ် ကြာသပတေးနေ့တွင် မက်ကဲလားနှင့်တွေ့ပြီး ပြန်လာသော ကျွန်တော့်အား အဘိုးကြီးက တစ်ချက်မျှလှမ်းကြည့်ကာ သဟောက်သဟာ ပြုပါလေတော့သည်။

'ဟား ... ဒီတစ်ခါလဲ နောက်ကျပြန်ပြီလား၊ အခုရက်တွေအတွင်းမှာ မင်းအချိုးပြောင်းနေတယ်၊ ဘာတွေဖြစ်နေသလဲ'

သူက မကျေနပ်သော မျက်နှာထားဖြင့် ကျွန်တော့်အားကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com


'အဲဒီနေရာမှာ မတ်တတ်ကြီးရပ်ပြီး ဂနာမငြိမ် ဖြစ်မနေနဲ့ ငါ့လူ၊ အခုတလော အစားလဲ ကောင်းကောင်းမစားဘူး၊ မင်းကြည့်ရတာ အိပ်ရေး လဲဝဝ အိပ်ရတဲ့ပုံမဟုတ်ဘူး၊ ဘယ်လိုဖြစ်နေတာလဲ'

'မကြာခင် ကောင်းသွားမှာပါ'ဟု ကျွန်တော်က စားပွဲတွင် ဝင်ထိုင် ရင်း ပြန်ပြောသည်။

'မကြာခင်ဆိုပါကလား'ဟု ကေမရွန်က ရေရွတ်သည်။ 'ဘာဖြစ်လို့ အခုချက်ချင်း ကောင်းမသွားနိုင်တာလဲကွ၊ ဆိုစမ်းပါဦး'

'သြော်... ဒါက ဒီလိုရှိပါတယ်၊ အခု လောလောဆယ် ကျွန်တော့် စိတ်ထဲမှာ တစ်ခုရှိနေလို့ပါ'

ကေမရွန်က ညစာစားပွဲမှ ဖျတ်ခနဲ ထရပ်လိုက်သည်။

'ဘာလဲဆိုတာ ငါသိတယ်ကွ၊ ငါကတော့ မကြိုက်ဘူးဟေ့...၊ ပြောင်ပြောင်ပဲ ပြောလိုက်မယ်၊ မင်းဟာ အရင်ကနဲ့ မတူဘူး၊ ပြောင်းလဲနေ တယ်၊ ကိုယ့်ကိုယ်ကို တန်ဖိုးထားပုံထားနည်းဟာ အရင်ကလို မဟုတ်တော့ ဘူး၊ မင်း အခုတလော အင်မတန် အောက်တန်းကျတဲ့ မကောင်းမှုကို လုပ်နေတယ်၊ မင်းလုပ်နေပုံကိုကြည့်ပြီး ငါ့မှာ စိတ်လဲထိခိုက်ရတယ်၊ ကျေလဲ မကျေနပ်ဘူး'

သူသည် ပြောပြောဆိုဆိုနှင့်ပင် အခန်းထဲမှထွက်သွားသည်။

မမျှော်လင့်ဘဲ ဆူပူပြစ်တင်မှုကို ခံလိုက်ရသဖြင့် ကျွန်တော် အံ့အား သင့်ပြီး ကျန်ရစ်ခဲ့သည်။ ကျွန်တော်သည် မျက်လွှာကိုချကာ ညစာစားပွဲ၌ ဆက်၍ထိုင်နေမိသည်။ အခုတလော ကျွန်တော်သည် မကောင်းမှုတစ်ခုကို ကျူးလွန်နေသည်ဟု သူက စွပ်စွဲသွားသည်။ ကျွန်တော့်အနေဖြင့် အမှန် တကယ်ပင် မကောင်းမှုတစ်ခုကို လုပ်နေမိပါသလား။ ငွေကြေးချမ်းသာ ကြွယ်ဝလာနိုင်သည့် ဤလုပ်ငန်းကို အချိန်များများယူ၍ လုပ်ကိုင်သွားနိုင် ဖို့အတွက် ကျွန်တော်သည် လက်ရှိအလုပ်အပေါ် တာဝန်မဲ့တန်သလောက် မဲ့ခဲ့၏။ ဤအတွက် ကျွန်တော့်၌ အပြစ်မကင်းဟုပင် ယူဆမိ၏။ ကိုယ့်အတွေး နှင့်ကိုယ် စိတ်မကောင်းဖြစ်သွားမိသော ကျွန်တော်သည် လက်ရှိအလုပ်အပေါ် တာဝန်မဲ့တန်သလောက် မဲ့ခဲ့၏။ ဤအတွက် ကျွန်တော့်၌ အပြစ်မကင်းသူ

www.burmeseclassic.com

www.burmeseclassic.com


ဟုပင် ယူဆမိ၏။ ကိုယ့်အတွေးနှင့်ကိုယ် စိတ်မကောင်းဖြစ်သွားမိသော ကျွန်တော်သည် ညစာကိုပင် ကောင်းစွာမစားနိုင်၊ မကြည်မလင်စိတ်ဖြင့် ထိုင်ရာမှထကာ အိပ်ရာဝင်ခဲ့ပါသည်။

နောက်တစ်နေ့နံနက် ခြောက်နာရီထိုးခါနီးတွင် စောစောစီးစီး ဖုန်းခေါ်သံကြောင့် အိပ်ရာမှ နိုးလာခဲ့သည်။ လူနာရှင်တစ်ဦးထံမှ ခေါ်ခြင်းဖြစ်၏။ ယမန်နေ့က ကေမရွန်စကားများသည် ကျွန်တော့်နားထဲမှ မထွက်သေး။ ဤစကားများကြောင့် ကျွန်တော့်စိတ်မှာလည်း ပူလောင်နေဆဲ။ မိမိ၏ ပျက်ကွက်မှုများကို ပြန်လည်တည့်မတ်လိုသောစိတ်က ပြင်းပြနေသဖြင့် စောစောစီးစီး ပင့်ခေါ်မှုအတွက် စိတ်ထဲတွင် ကသိကအောက်မဖြစ်။ ကပျာကယာ အဝတ်လဲကာ မြင်းလှည်းကို ပြင်ခိုင်းသည်။ ထို့နောက် ဆေးအိတ်ကိုဆွဲ၍ မတ်စ်လီယာရပ်ကွက်ဆီသို့ ထွက်လာခဲ့ပါသည်။

ပင်လယ်ရေပြင်နှင့် အညွန့်အဖူးများထွက်နေသည့် သစ်ပင်များထက်တွင် နှင်းမြူများ အုပ်ဆိုင်းလျက်ရှိ၏။ နံနက်ခင်းသည် အေးချမ်းငြိမ်ဆိတ်လှချေသည်။ ကြည်လင်သန့်စင်လှသော ပတ်ဝန်းကျင်ကိုကြည့်ကာ ကျွန်တော့်စိတ်သည် ထိထိခိုက်ခိုက်ရှိလှပါသည်။ မြင်းလှည်းသမားဂျာမီသည် ကျွန်တော့်အား တစ်ကြိမ်နှစ်ကြိမ်မျှ စကားလှမ်းပြောသည်။ ကျွန်တော်ကတော့ စကားပြောချင်စိတ်မရှိ၍ ပြန်မပြောပါ။ကိုယ့်နေရာတွင် တိတ်ဆိတ်စွာ ထိုင်နေမိပါသည်။

ကိုယ့်အလုပ်ပေါ်တွင် ပစ်စလက်ခတ် ပြုမိခဲ့၏။ ဤအတွက် နောင်တတရားသည် ကျွန်တော့်အပေါ် ဖိစီးလျက်ရှိသည်။ ကိုယ့်ကိုယ်ကို ဒေါသဖြစ်၍လည်း မဆုံး။ ငါဒီလိုလူစား မဟုတ်ဘူးဆိုတာ သူသိအောင်ပြရမယ်ဟူသော အတွေးသည် ရင်ထဲ၌ကိန်းအောင်းနေသည်။

နောက်တစ်နာရီခန့်အကြာတွင် ဤဆုံးဖြတ်ချက်နှင့်အတူ ကျွန်တော်သည် ပင်လယ်လက်တက်ဘေးရှိ ကျဉ်းမြောင်းသော တောင်ကြားလေးတစ်ခုအတွင်းမှ ဂျော့နှင့်အယ်လီဇဘက်ဒါးလက်စ်တို့၏ ထုံးဖြူသုတ်ထားသော တိုက်ပုအိမ်ကလေးဆီသို့ ဆိုက်ရောက်သွားခဲ့ပါသည်။

အဲလီဇဘက်သည် ဒွန်ဒရယ်ရဲတိုက်ကြီးအတွက် အလွန်အသုံးဝင်

www.burmeseclassic.com

www.burmeseclassic.com


ပြီး အဖိုးတန်သော အိမ်ဖော်တစ်ဦးဖြစ်သည်။ သို့သော်လည်း အသက်လေးဆယ်ရှိသွားပြီ။ ဒွန်ဒရယ်ရဲတိုက်မှ သိုးထိန်းသမား ဒါးလက်စ်နှင့် အိမ်ထောင် ကျသည်။ သူတို့ အိမ်ထောင်မှာ သာယာသည်။ ယခုအခါတွင် လေးဆယ်ကျော်မှ ကံပေါ်သည်ဟု ဆိုရမည်လားမသိ။ ကလေး မီးဖွားရတော့မည်။ အယ်လီဇဘက်သည် ကျွန်တော်တို့ဆေးခန်းသို့ မကြာခဏ လာဖူးသဖြင့် ကျွန်တော်နှင့် အကြိမ်ပေါင်းများစွာ တွေ့ခဲ့ဖူးသည်။ သူသည် သူ့ယောကျ်ားအတွက် သားကလေးတစ်ယောက် လက်ဆောင်ပေးချင်စိတ် ပြင်းပြနေသူဖြစ်၏။

ကျွန်တော်ရောက်သွားချိန်တွင် သူသည် ဗိုက်နာနေပြီဖြစ်၏။ သူ့အနီးမှ စောင့်ရှောက်ပေးသူမှာ သူ့မိခင်အဘွားကြီးဖြစ်သည်။ အပြင်ဘက်တွင်မူ သူ့အလုပ်ရှိရာပင် မပြန်နိုင်လောက်အောင် ပူပင်သောကရောက်နေ သူ ဒါးလက်စ်။ ကျွန်တော် ကုတ်အင်္ကျီကိုချွတ်၍ ရှပ်အင်္ကျီလက်များကို ပင့်တင်နေခိုက်တွင် အိပ်ခန်းကျဉ်းကျဉ်းကလေး၏ ပြတင်းပေါက်မှနေ၍ နောက်ဖေးခြံဝင်းထဲ၌ လမ်းသလားနေသော ဒါးလက်စ်ကို လှမ်းမြင်နေရပါသည်။

အချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားနေသည်။ နံနက်ခင်းမှသည် နေ့လယ်ပိုင်းသို့ ကူးပြောင်းရောက်ရှိသွားသည်။ လူနာဗိုက်နာပုံမှာ ပထမတွင် အနည်းငယ်မျှသာဖြစ်သည်။ နောက်ပိုင်းတွင် တဖြည်းဖြည်းနှင့်တိုး၍ ပြင်းထန်လာသည်။ နာကျင်မှုရှည်ကြာလာသည်။ အခုဆိုလျှင် လူနာ၏ အခြေအနေကို ကျွန်တော် ခန့်မှန်းသိသာနေပြီဖြစ်၏။ ဤမွေးလူနာသည် လွယ်ကူလိမ့်မည် မဟုတ်။ အယ်လီဇဘက်၏ အသက်အရွယ်နှင့် မွေးဖွားလွယ်ကူပါ့မလားဟု စိုးရိမ်နေမှု အခြေအနေများသည် အမွေးရခက်အောင် ဖန်တီးပေးပေသည်။ ပြီးတော့ သူ့နှလုံးအားက သိပ်ပြီးမကောင်း။

နေ့ခင်းပိုင်းသည် မသိမသာ ကုန်လွန်သွားနေသည်။ နောက်ဆုံးတွင် အရေးကြီးသောအချိန်သို့ ရောက်လာသည်။ အယ်လီဇဘက်အား ကျွန်တော် မေ့ဆေးပေးလိုက်သည်။ ကျွန်တော်သည် ခက်ခဲခြင်း၊ အန္တရာယ်များခြင်းတို့နှင့် အပြင်းအထန် နပန်းလုံးနေရသည်။ မဖြစ်တော့သဖြင့် ညှပ်ကိုသုံးရသည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ကျွန်တော်၏ ကြိုးပမ်းမှုသမျှ အလဟဿဖြစ်ရတော့မည့် အခြေအနေနှင့် ရင်ဆိုင်ရသည်။ ကလေးသည်အပြင်သို့ ရှောရှောရှူရှူတော့ ရောက်လာပါ၏။ သို့သော်လည်း တစ်ကိုယ်လုံး ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ နှလုံးကလည်း မခုန်သေး။ အနီးရှိ အဘွားကြီးထံမှ သက်ပြင်းချသံကြားရသည်။

'တပည့်တော်တို့ကို ဘုရားသခင် စောင့်ရှောက်တော်မူပါစေ၊ ကျုပ်ဆုတောင်းပါတယ် ဒေါက်တာ'

'ကလေးကတော့ အသေလေးပဲ'

ချွေးသီးချွေးပေါက်များသည် ကျွန်တော့်နဖူးထက်တွင် စီးကျလျက်ရှိသည်။ သောကရိပ်များသည် ကျွန်တော့်မျက်လုံးအစုံတွင် ထင်ဟပ်နေကြသည်။ မိခင်၏ အခြေအနေမှာလည်း မကောင်း။ ကျွန်တော်သည် အယ်လီဇဘက်၏ မျက်နှာပေါ်မှ မေ့ဆေးမျက်နှာစွပ်ကို ကသောကမျော ဖြုတ်ပစ်လိုက်ပြီး၊ လိုအပ်သည့်ဆေးများကို ထိုးပေးသည်။ နောက်ဆုံးတွင် ကျွန်တော့်ဘက်မှ အသာစီးရလာသည်။ ထိုအခါကျမှပင် ကျွန်တော်သည် ခုတင်ခြေရင်းဘက်၌ရောက်နေသည့် စောင်ကြမ်းတစ်ထည်ဖြင့် ထုပ်ထားသော ကလေးဆီသို့ ကပျာကယာ လှည့်ကြည့်ရသည်။

'အမယ်လေး... ကယ်ကြပါဦးတော်' အဘွားအိုသည် ရှေ့နောက်ယိမ်းထိုးကာ ညည်းတွားလျက်ရှိ၏။ 'အသေလေးမွေးတာလား ဒေါက်တာ' 'အမယ်လေး... ယောကျ်ားလေးပါလား၊ ဖြစ်မှဖြစ်ရပလေ၊ ဒီမိန်းကလေးမှာ နောက်ထပ် ကလေးတစ်ယောက်ရဖို့ မလွယ်တော့ဘူးတော့'

ကျွန်တော်က သူ့အား ခပ်ငေါက်ငေါက် လှမ်းပြောမိသည်။

'ရေနွေးသွားယူ၊ မြန်မြန်သွား... ရေအေးလဲယူခဲ့'

ကျွန်တော်သည် သက်မဲ့ဖြစ်နေသော ကလေး၏ရင်ဘတ်ကို ဖိပေးကာ အသက်ရှူလာအောင် အစွမ်းကုန်အားထုတ်၍ လုပ်ပေးသည်။ အဘွားကြီးက ရေဇလုံကြီးနှစ်ခုယူလာပြီး အနီး၌ချပေးသည်။ ကျွန်တော်သည် ကလေးကို ရေနွေးဇလုံထဲ အရင်နှစ်သည်။ ထို့နောက် ရေအေးဇလုံထဲနှစ်သည်။ ဤနည်းအတိုင်း အကြိမ်ကြိမ်အထပ်ထပ်လုပ်ကာ ကလေးအသက်ဝင်လှုပ်ရှားလာအောင် ကြိုးစားသည်။ တစ်ခါတစ်ရံ ရင်ဘတ်ကို လက်ဖြင့်ဖိ၍

www.burmeseclassic.com

www.burmeseclassic.com


ခွာလိုက်လုပ်ပေးသည်။ စိုးရိမ်တကြီးဖြင့် အပြင်းအထန် မရပ်မနား လုပ်နေခြင်းဖြစ်၏။ ကလေးရင်ဘတ်တွင်းမှ ရှုသံလိုလို၊ ရှိုက်သံလိုလို အသံတစ်မျိုး ထွက်လာသည်အထိပင် အပင်ပန်းခံပြီး လုပ်နေခြင်းဖြစ်၏။

ကျွန်တော်၏ ခြောက်သွေ့နေသော နှုတ်ခမ်းများဆီမှ အမှတ်တမဲ့ အော်သံတစ်သံပင် ထွက်သွားသည်။ လုပ်နေသည့်အလုပ်ကို ရပ်နားခြင်းမပြု။ တိုး၍သာ အားထုတ်၍လုပ်သည်။ ကလေး၏ရင်ဘတ်အတွင်းမှ အသံသဲ့သဲ့ ထွက်လာပြန်၏။ စောစောက အသံထက်တော့ ကျယ်သလိုလို ရှိလာသည်။ အောင်မြင်ပြီဟူသော အသိဝင်လာသည်။ အဘွားကြီးထံမှ ဝမ်းသာအားရ အော်ပြောလိုက်သည်။ အသံကိုကြားလိုက်ရပါသည်။

'အသက်ရှုတယ်၊ အသက်ရှုတယ်၊ အမယ်လေး... ကယ်တော်မူပါဘုရား၊ ကလေးအသက်ရှုနေပြီ'

နောက်တစ်နာရီခန့်အတွင်း စောစောက ကစဉ့်ကလျားဖြစ်နေသော အခန်းသည် သပ်သပ်ရပ်ရပ် ပြန်ဖြစ်သွားသည်။ အိပ်ရာကို စနစ်တကျပြန်ခင်းထားသည်။ ဆောင်းမီးဖိုတွင်းဝယ် မီးတောက်မီးလျှံများ တောက်လောင်နေသည်။ အိပ်ရာပေါ်၌လှဲနေသော မိခင်သည် သာယာချမ်းမြေ့သောမျက်နှာဖြင့် အသက်ရှုနေပြီဖြစ်သော ကလေးငယ်အား ရင်ခွင်၌အပ်ကာ နို့တိုက်လျက်ရှိသည်။ ကျေးဇူးတင်ကြောင်း ဖော်ပြနေကြသည့် သူ့မျက်လုံးများသည် ကျွန်တော်၏ လှုပ်ရှားမှုမှန်သမျှကို မျက်ခြည်မပြတ် လိုက်ကြည့်နေသည်။

ဒါးလက်စ်တို့အိမ်မှ တန်နေ့ဘ်ချ်ဘရေးရွာသို့ ကျွန်တော် ပြန်လာသောအခါ နေဝင်ဖျိုးဖျအချိန်ဖြစ်သည်။ မြို့စွန်သို့ရောက်သည့်အခါ ညခုနစ်နာရီ ထိုးပြီးနေပြီ။ အလုပ်ခွင်တွင် ဇောကပ်နေခဲ့သဖြင့် အချိန်ကုန်သွားသည်ကို သတိမထားမိ။ ကျွန်တော်သည် ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်၏။ ပျက်သွားသော ဂုဏ်သိက္ခာကို ကျွန်တော် ပြန်၍ဆယ်ခဲ့ပြီးပြီ။

ကေမရွန်၏ ပြစ်တင်စွပ်စွဲချက်ကို ကျွန်တော် ပြန်လည်ချေပခဲ့ပြီးပြီ။ ကျွန်တော့်စိတ်သည် ထူးဆန်းစွာ အေးဆေးတည်ငြိမ်လျက်ရှိ၏။ ဤကြားထဲမှပင် လူစည်ကားရာ လမ်းမကြီးပေါ်သို့ မြင်းလှည်းရောက်သွားသည့် အခါ ထိန်းချုပ်ထားသောစိတ်သည် ကျွန်တော့်ထံမှ လှစ်ခနဲ ပြေးထွက်သွားပြန်

www.burmeseclassic.com

www.burmeseclassic.com


သည်။ ချက်ချင်းပင် ရွှန်ဗွီလေး စတော့ရှယ်ယာကိစ္စသည် ခေါင်းထဲပြန်ဝင်လာသည်။ ဒီနေ့ ဈေးဘယ်လောက် တက်သွားပါလိမ့်။

ကျွန်တော်သည် မြင်းလှည်းကို ရပ်ခိုင်းပြီး ဆင်းသည်။ ဂျာမီအား အိမ်ပြန်နှင့်တော့ဟု မှာကြားပြီး ခြေကျင်လျှောက်လာခဲ့သည်။ ရွာထဲမှ စတိုးဆိုင်သို့ဝင်ကာ ညနေထုတ်သတင်းစာတစ်စောင်ဝယ်သည်။

ထို့နောက် 'စီးပွားရေးရာ သတင်းအတိုအထွာ' စာမျက်နှာကို လှန်သည်။ ကျွန်တော့်မျက်လုံးများသည် ကျွတ်ထွက်သွားတော့မည်ဟုပင် ထင်လိုက်ရ၏။ စာမျက်နှာထိပ်တွင် စာလုံးမည်းကြီးများဖြင့် ဈေးတစ်ဟုန်ထိုးတက်လာသော ရွှန်ဗွီလေးအစုရှယ်ယာများ ဈေးထိုးကျသွားပြီဟု ဖော်ပြထားသည်။

ရင်ထဲတွင် မသက်သာသော ခံစားမှုဖြင့် သတင်းအကျယ်ကို ဆက်ဖတ်သည်။ ရွှန်ဗွီလေး စတော့ရှယ်ယာ ဈေးတက်သောသတင်းမှာ သတင်းမှားဖြစ်ကြောင်း၊ ယနေ့မှာပင် ယင်းအစုရှယ်ယာဈေးသည် သျှီလင်သုံးဆယ်အထိ ရုတ်တရက်ထိုးကျသွားကြောင်း စသည်ဖြင့် ရေးထားသည်။

ကျွန်တော်သည် အံ့သြခြင်း၊ တုန်လှုပ်ချောက်ချားခြင်း၊ စိတ်ရှုပ်ထွေးခြင်းစသော ခံစားမှုများဖြင့် ရုတ်တရက် ကျရောက်လာသည့် ပျက်စီးမှုအန္တရာယ်ကို ရင်ဆိုင်ရပါသည်။ ထို့နောက် သတင်းစာကိုခေါက်၍ အိတ်ကပ်ထဲသို့ ထိုးထည့်လိုက်ပြီး ဂျော့မက်ကဲလား၏ အိမ်ဘက်သို့ လျှောက်လာခဲ့ပါသည်။

မက်ကဲလားနှင့် အဆင်သင့်ပင် တွေ့သည်။ သူသည် ခန်းမကြီးထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းသလား၍ ကျွန်တော်ရောက်အလာကို စိတ်မရှည်စွာဖြင့် စောင့်စားလျက်ရှိသည်။

'လာ... လာ ဒေါက်တာ'ဟု သူက ကျွန်တော့်ကျောကိုပုတ်၍ တရင်းတနှီး နှုတ်ဆက်သည်။ ကျွန်တော်တို့ ဒီတစ်ခါလဲ အချိန်ကောင်းမှာ လုပ်မိကြတာပဲ၊ တော်ပါသေးရဲ့ဗျာ'

ကျွန်တော်သည် သူ့မျက်နှာကို အံ့အားသင့်ပြီး ငေးကြည့်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဘာလုပ်မိတာလဲ၊ ခင်ဗျားဘာဆိုလိုတာလဲ'

မက်ကဲလားရဲ့မျက်နှာထားသည် ဖြည်းဖြည်းချင်း ပြောင်းသွားသည်။

'ဒေါက်တာ ရောင်းပြီးပြီမဟုတ်လား၊ ကျွန်တော်ပြောတဲ့အတိုင်း ရောင်းလိုက်တယ်မဟုတ်လား'

တစ်ခဏမျှ ငြိမ်နေမိသည်။ ထို့နောက် ကျွန်တော့်နှုတ်မှ လွှတ်ခနဲ ရေရွတ်လိုက်မိသည်။

'မရောင်းသေးဘူး၊ ကျွန်တော် လုံးဝမရောင်းရသေးဘူး'

'ဘာ...'

မက်ကဲလားက အလန့်တကြားအော်သည်။ 'ခင်ဗျား မရောင်းသေးဘူးပေါ့ ဟုတ်လား၊ ဘုရား... ဘုရား၊ ဘာပြုလို့ မရောင်းတာလဲဗျာ၊ ဒီ နေ့မနက် ကိုးနာရီထိုးက ကျွန်တော် ခင်ဗျားဆီ ဖုန်းဆက်ပြီး ရှယ်ယာတွေ ကို ရောင်းပစ်ဖို့ မှာထားခဲ့တယ်။ ပိုပြီး သေချာအောင်လို့ ကြေးနန်းတစ် စောင်တောင် ရိုက်လိုက်သေးတယ်။ သတင်းမှားတယ်ဆိုတာ လူသိရှင်ကြား မကြေညာခင် တက်ဈေးနဲ့ရောင်းပစ်ဖို့ ကျွန်တော်မှာတာ၊ ကျွန်တော်ပြောတဲ့ အတိုင်းသာ ခင်ဗျားရောင်းပစ်လိုက်ရင် ခင်ဗျား အမြတ်နှစ်ဆရမှာ'

နောက်တစ်ကြိမ် ငြိမ်ဆိတ်သွားပြန်သည်။ သူက ကျွန်တော့်ထံမှ စကားပြန်အပြောကို စောင့်နေသည်။

'ကျွန်တော်မနက်က အစောကြီး မတ်စ်လီယာဘက်က လူနာတစ် ယောက်သွားကြည့်ရတယ်၊ ခင်ဗျားမှာခဲ့တဲ့စကားကို ကျွန်တော် မသိရဘူး၊ ကျွန်တော် တစ်နေ့လုံး အိမ်မှာမရှိဘူး'

'တစ်နေ့လုံး အိမ်မှာမရှိဘူး ဟုတ်လား'ဟု မက်ကဲလားက စိတ် ဆိုးမာန်ဆိုးဖြင့် ပြောသည်။ 'ခင်ဗျားကို ကျွန်တော်ပြောထားတယ် မဟုတ် လား၊ အမြဲတမ်း ကျွန်တော်နဲ့ အဆက်အသွယ်လုပ်ပါလို့၊ ဒီကိစ္စက ခင်ဗျား လူနာထက် အရေးကြီးတယ်ဆိုတာ သတိမထားမိဘူးလားဗျာ'

ကျွန်တော်က အဖြေမပေးပါ။ မက်ကဲလားသည် နှုတ်ခမ်းများကို ကိုက်၍ သူ့ကိုယ်သူ ခက်ခက်ခဲခဲ ထိန်းသိမ်းနေပုံပေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com


'နောက်တစ်ကြိမ် ကျွန်တော် ခင်ဗျားကို ဒါမျိုးပေးဖို့ အချိန်အများကြီး ကြာဦးမှာ' ဟု ဒေါသတကြီးပြောသည်။

ကျွန်တော်သည် အိမ်ဘက်သို့ နေးကွေးလေးလံသော ခြေလှမ်းများဖြင့် ပြန်လာခဲ့သည်။ ကျွန်တော်၏ ငွေကြေးချမ်းသာကြွယ်ဝရေးဟူသော အစီအစဉ်များနှင့် စိတ်ကူးများသည် တစ်ပိုင်းစီ၊ တစ်စစီဖြစ်ကာ ပျက်စီးသွားခဲ့လေပြီ။ ဒေါက်တာကေမရွန်သည် ထမင်းစားခန်းထဲရှိ မီးဖိုဘေး၌ ထိုင်နေသည်။ ကျွန်တော်တို့နှစ်ဦးစလုံး အတန်ကြာမျှ စကားမပြောကြပါ။ ကျွန် တော် ကုလားထိုင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး လက်ဖက်ရည်တစ်ခွက် ငှဲ့နေချိန်တွင် ကေမရွန်သည် ကျွန်တော့်အား မျက်ခြည်မပြတ် လိုက်ကြည့်နေသည်။

'မင်းလဲ ဒီနေ့တော့ တစ်နေကုန်တာပဲနော်'ဟု ကေမရွန်က ကြင်နာသော လေသံဖြင့် ပြောသည်။

'ဟုတ်တယ်' ဟု ကျွန်တော်က အလိုက်သင့် ပြန်ပြောပြီး မတ်စ်လီယာမှ လူနာအကြောင်းကို တတ်နိုင်သမျှ အတိုချုပ်၍ ပြောပြလိုက်ပါသည်။

'အေး... ကောင်းတာပေါ့၊ မင်းတစ်နေ့လုံးနေပြီး လုပ်ပေးလိုက် တာ မှန်သွားတာပေါ့လကွာ'ဟု သူကပြောပြီး တစ်ခဏမျှ ငြိမ်နေသည်။ 'ဩော်... ဒါနဲ့ မင်းသွားနေတုန်း နောက်ပိုင်းမှာ ကိစ္စတစ်ခု ပေါ်သေးတယ်၊ ဂလက်စကိုကနေပြီး မင်းနဲ့ဆက်သွယ်ဖို့ ကြိုးစားနေကြတာ ခဏခဏပဲကွ၊ တစ်မနက်ခင်းလုံးပဲ ဆိုပါတော့ကွာ၊ ဝယ်ဖို့နဲ့ ရောင်းဖို့ဆိုလား ဘာလားမသိပါဘူး' သူသည် စကားကိုဖြတ်ကာ ရပ်နေပြန်သည်။ ပြောရန် သင့်မသင့် ချိန်ဆနေသည့်နှယ် ရှိသည်။ 'ငါကတော့ မင်းအလုပ်များနေတယ်လို့ မပြောရင် မဖြစ်ဘူး၊ ဒါကြောင့် ပြောပြလိုက်တယ်'

'ဟုတ်ကဲ့... ကျွန်တော်လဲ အလုပ်များနေတာ အမှန်ပဲ' ရုတ်တရက် ကျွန်တော့် စိတ်အာရုံတွင် အယ်လီဇဘက်ဒါးလက်စ်၊ သူ့ယောက်ျားနှင့် သူ့မိခင်အဘွားကြီးတို့၏ မျက်နှာများ ထင်ဟပ်လာသည်။ ထို့နောက် ဖြူရော်ရော် ဖျော့တော့တော့ ကလေးငယ်၏မျက်နှာ။ အသက်နှင့်ကိုယ် တည်မြဲပြီး ကျန်ရစ်ခဲ့သည့် သူ၏ကိုယ်ခန္ဓာ။

www.burmeseclassic.com

www.burmeseclassic.com


ငွေကြေးကိစ္စ ရှင်းလင်းသည့်နေ့သို့ ဆိုက်ရောက်လာသည်။ ပွဲစားများက ကျွန်တော့်ရှယ်ယာများကို ရောင်းချပြီးကြပြီ။ သူတို့၏စာရင်းရှင်းတမ်းများအရဆိုလျှင် ကျွန်တော်ဝယ်ယူထားသည့် စတော့ရှယ်ယာ စက္ကူများပေါ်မှ ရလာလိမ့်မည်ဟု တွက်ထားသော အမြတ်များသာမက ကျွန်တော်၏ အရင်းအနှီးငွေ ပေါင်တစ်ရာပါ ပြုတ်သွားပြီဖြစ်၏။ ကိန်းဂဏန်းစာရင်းရှင်းတမ်းအရ အတိအကျပြောရမည်ဆိုလျှင်တော့ ကျွန်တော်၏ မူလရင်းနှီးငွေထဲမှ ခုနစ်ပေါင်နှင့် ဆယ့်ငါးသျှီလင်တော့ ကျန်ခဲ့မည်ဖြစ်သည်။ ထိုငွေအတွက် ချက်လက်မှတ်တစ်စောင်သည် ကုမ္ပဏီမှ ကျေးဇူးတင်လွှာတစ်စောင်နှင့်အတူ ကျွန်တော့်ထံသို့ ရောက်လာခဲ့ပါသည်။

ကျွန်တော်သည် ကျွန်တော့်ထံသို့ ရောက်လာသည့် ထိုစက္ကူစကို ရွံရှာစက်ဆုပ်သောစိတ်ဖြင့် စူးစူးစိုက်စိုက် ကြည့်နေမိသည်။ ဤအခိုက်မှာပင် ထူးဆန်းသော စိတ်ကူးတစ်ခုသည် ကျွန်တော့်ခေါင်းထဲသို့ ဝင်လာသည်။ ထိုနေ့မွန်းလွဲပိုင်းတွင် ကျွန်တော်သည် နော့စ်ဟာစ်လ်မြို့ပေါ်ရှိ ဟိုက်လမ်းမှ ဂျက်ကင်းကျောက်မျက်ရတနာနှင့် ရွှေထည်ငွေထည်ပစ္စည်းများ အရောင်းဆိုင်သို့ ရောက်သွားသည်။ ဆိုင်ရှင်နှင့် ကျွန်တော်ဆွေးနွေးပြောဆိုအပြီးတွင် ကျွန်တော့်လက်ထဲက ချက်လက်မှတ်သည် သူ့လက်တွင်းသို့ ကူးပြောင်းရောက်ရှိသွားပါသည်။ ကျွန်တော့်အဖို့တော့ ဤချက်လက်မှတ် ကျွန်တော့်လက်ထဲမှ ထွက်သွားသည့်အတွက် များစွာစိတ်သက်သာရာရခဲ့သည်။

ထို့နောက် သီတင်းပတ်တစ်ပတ်မျှအကြာတွင် နာမည်ရေးထိုးထားသော ငွေခွက်တစ်ခွက်သည် ပင်လယ်လက်တက်ဘေးရှိ တောင်ကုန်းကြားမှ အထီးကျန်နိုင်လှသော အိမ်ပုကလေးသို့ ဆိုက်ရောက်သွားသည်။ ဤငွေခွက်ကိုကြည့်နေသော အယ်လီဇဘက်ဒါးလက်စ်၏ မျက်လုံးအစုံသည် ဝင်းလက်နေကြသည်။ အလွန်ဂုဏ်ယူဝင့်ကြွားသော မျက်နှာထားဖြင့် တယုတယကိုင်တွယ်ကာ သူ့ရင်ခွင်တွင်းမှ ကလေးငယ်အား အမြတ်တနိုးထား၍ ပြသလျက်ရှိသည်။

ငွေခွက်ပေါ်၌ ရေးသွင်းထားသည့် နာမည်မှာ သူ့သားငယ်၏နာမည် 'ဂျော့ဒါးလက်စ်'၊ ထိုနာမည်အောက်တွင် ထူးဆန်းသော စာတမ်းတစ်ခုပါ

www.burmeseclassic.com

www.burmeseclassic.com


သည်။ ယင်းမှာ…

**'ငွေဖြင့်ဝယ်ယူ၍ မရနိုင်သောပစ္စည်း'**

* * * * *

[ ၁၄ ]

စကော့များသည် အလွန်စိတ်ထိခိုက် လှုပ်ရှားလွယ်သည့် လူမျိုးတစ်မျိုးဖြစ်သည့်အားလျော်စွာ (အခုအချိန်ထိ ကျွန်တော်ကတော့ ထိုအတိုင်းပင် အခိုင်အမာ ယုံကြည်နေဆဲဖြစ်သည်) ဒေါက်တာကေမရွန်သည်လည်း မွေးကတည်းက ထိုစိတ်မျိုးပါလာသည့် လူတစ်ယောက်ဖြစ်ပါသည်။ သူသည် သူ၏စိတ်ခံစားမှုတစ်ခုကို အလွယ်တကူ ဖော်ပြတတ်သူတစ်ဦး ဖြစ်သည်။ ယင်းကဲ့သို့ ဖော်ပြခြင်းကိုလည်း သူက သူ၏အားနည်းချက်တစ်ခုဟု ယူဆသည်။ ကြမ်းတမ်းသော စကားတစ်လုံးသည် စိတ်နှင့်မာန်နှင့် စကားအများကြီးပြောခြင်းထက် ထိရောက်သည်ဟု ယုံကြည်သူဖြစ်သည်။ ထို့ကြောင့် လည်း သူ့စိတ်ထဲ၌ ဘာရှိနေသည်ကို ကြိုတင်၍ ခန့်မှန်းသိရှိဖို့ မလွယ်ကူပါ။ ဖြုန်းခနဲ သူ့ပါးစပ်က ပြောလိုက်ကာမှပင် သိရှိနားလည်ရပါသည်။

ကျွန်တော်အထက်တွင် ဖော်ပြခဲ့သည့် အဖြစ်အပျက်များ ဖြစ်သွားပြီးနောက် သီတင်းပတ်အနည်းငယ်အကြာ တနင်္ဂနွေနေ့ တစ်နံနက်တွင် ဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ယောက်သည် စားပွဲ၌ မျက်နှာချင်းဆိုင်၍ထိုင်ကာ နံနက်စာစားကြသည်။ ဤအခိုက်မှာပင် သူသည် ကျွန်တော့်အား လှမ်း၍ ကြည့်နေရာမှ စိတ်မပါလက်မပါ လေသံမျိုးဖြင့် စကားတစ်ခွန်း လှမ်းပြောသည်။

'ငါ့အနေနဲ့ မင်းကို လက်ထောက်အဖြစ် ဆက်ပြီးသုံးဖို့ မလိုတော့ဘူးကွ'

ငြိမ်ဆိတ်သွားသည်။ ကျွန်တော့်အနေဖြင့် ကေမရွန်နှင့် လမ်းခွဲဖို့

www.burmeseclassic.com

www.burmeseclassic.com


အကြိမ်ကြိမ်၊ အထပ်ထပ် စဉ်းစားခဲ့ပြီးဖြစ်၏။ ကျွန်တော်၏ တိုးတက်ရာ တိုးတက်ကြောင်းအတွက် စဉ်းစားခဲ့ခြင်းဖြစ်ပါသည်။ သို့သော်လည်း ယခုကဲ့သို့ သူ့ဘက်မှ မလိုအပ်ဟုယူဆပြီး အလုပ်မှရပ်စဲမည့်သဘော ပြောလာသည့်အခါ အခြေအနေမှာ တစ်မျိုးဖြစ်သွားသည်။ မခံချိမခံသာ ဖြစ်သွားသော စိတ်ကြောင့် ကျွန်တော့်မျက်နှာသည် ဖြူရော်ရော်ဖြစ်သွားသည်။ မမျှော်လင့်ဘဲ ကြားလိုက်ရခြင်းဖြစ်၍ အံ့အားလည်းသင့်နေမိသည်။ ထို့နောက် ကျွန်တော်၏ တုန်လှုပ်ချောက်ချားမှု မပြေသေးခင်မှာပင် သူ၏ တည်ငြိမ်တင်းမာနေသော မျက်နှာတွင် အပြုံးရိပ်ဝင်လာသည်။

'ဒါပေမယ့် နှစ်ဦးစပ် လုပ်ဖော်ကိုင်ဖက် တစ်ယောက်အဖြစ်နဲ့ဆိုရင်တော့ ငါမင်းနဲ့ တွဲလုပ်နိုင်ပါတယ်၊ ငါတို့ဆေးကုလုပ်ငန်းကို ငါနဲ့တွဲပြီး ဖက်စပ်စနစ်လုပ်မယ်ဆိုရင် မင်းဘယ်လိုသဘောရသလဲ၊ နှုန်းထားကို မင်းစိတ်တိုင်းကျဖြစ်အောင် လုပ်ပေးမယ်ကွာ'

ကျွန်တော့်ပါးနှစ်ဖက်တွင် သွေးရောင်လွှမ်းလာသည်။ သူကတော့ စကားကို ဆက်ပြောနေဆဲ။

'မင်း စဉ်းစားချင်သေးတယ်ဆိုရင် စဉ်းစားဦးပေါ့၊ မင့် မိတ်ဆွေတွေနဲ့ တိုင်ပင်ချင်လဲ တိုင်ပင်ဦးပေါ့' သူသည် မျက်တောင်တဖျပ်ဖျပ်ခတ်ကာ စားပွဲမှထပြီး တံခါးဆီသို့ လျှောက်သွားသည်။ 'မင့်ကို မေတ္တာရှိဝံ့တဲ့အထိ သတ္တိကောင်းတဲ့ ဟိုမိန်းကလေးနဲ့ တိုင်ပင်ချင်လဲ တိုင်ပင်ပေါ့ကွာ'

ကျွန်တော်၏ ကြိုးပမ်းအားထုတ်မှုများအပေါ် အခြေခံကာ လေးစားသမှုဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုလိုက်ခြင်းဖြစ်သည်ဟု ယူဆမိပါသည်။ ဤကမ်းလှမ်းမှုသည် အလွန်ထူးခြားပြီး ကြီးမားသောကမ်းလှမ်းမှုဟု ကျွန်တော်ခံယူသည်။ ဤအဘိုးကြီးသည် အလွန်ခေါင်းမာပြီး အကျင့်စာရိတ္တမြင့်မားမှုကို တန်ဖိုးထားသူဖြစ်၏။ စကားနည်းသူဖြစ်သော်လည်း အရာရာတိုင်းကို မျက်စိအမြင်ဖြင့် သုံးသပ်လေ့ရှိသူဖြစ်၏။ ဤလူစားမျိုးသည် သူသဘောမကျလျှင်၊ သူအထင်မကြီးလျှင်၊ သူမလေးစားလျှင် ဤကမ်းလှမ်းမှုမျိုး ထုတ်ဖော်ပြောဖို့မဆိုထားနှင့် ယောင်၍မျှပင် လှည့်ကြည့်တတ်သည်မဟုတ်ပါ။ ထို့ပြင်လည်း ဤကမ်းလှမ်းမှုမျိုးကို သူပေးလာခြင်းသည် အခြားလုံလောက်သော

www.burmeseclassic.com

www.burmeseclassic.com


အကြောင်းရှိသည်။ သူ့စကားအတိုင်းပြောရလျှင် 'သူသည် တစ်နေ့တခြား အသက်ငယ်သွားတော့သည် မဟုတ်'၊ ထို့ကြောင့် သူ၏ အလွန်မြတ်နိုးတွယ်တာသော ဆေးကုလုပ်ငန်းကို သူနှင့်အတူတွဲ၍ မျှတခွဲဝေလုပ်မည့် လူတစ်ယောက်ရှိမှ ဖြစ်မည်ဟု သူခံယူထားသည်။ ထိုသူသည် နောက်ဆုံးတွင် သူ့နေရာကိုယူ၍ သူ့အရိုက်အရာကို ကောင်းစွာဆက်ခံသွားနိုင်မည့်လူမျိုး ဖြစ်ရမည်။

ကျွန်တော့်စိတ်တွင် ရုတ်တရက်ဖြစ်ပေါ်လာသည့် ဆန္ဒမှာ သူ့ကမ်းလှမ်းချက်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ချက်ချင်းလက်ခံရန် ဖြစ်သည်။ သို့သော်လည်း ကေမရွန်က သူ့အကြံပြုချက် တစ်ခုတည်းဖြင့် အဆုံးအဖြတ်မပြုဘဲ ရင်းနှီးသူများထံမှ အကြံဉာဏ်ရယူရန် ဖွတ်တိုက်တွန်းနေသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ယခင်က ကျွန်တော်၏ ဆရာသမားဖြစ်ခဲ့ဖူးသော ပါမောက္ခစတော့မန်းထံ သွားရောက်၍ သူ့ထင်မြင်ချက်ကို တောင်းခံခဲ့သည်။ ပါမောက္ခက ကျွန်တော် တန်နေ့ချ်ဘရေးရှာ၌ ဆက်လက်နေထိုင်ရေးကို ပြင်းထန်စွာ ကန့်ကွက်လျက်ရှိသဖြင့် ကျွန်တော်အံ့အားသင့်နေမိပါသည်။

သူက တန်နေ့ချ်ဘရေးရှာ၌ တစ်သက်လုံး နေထိုင်သွားဖို့ကိစ္စမှာ ကျွန်တော့်အတွက် မသင့်တော်ဟု စဉ်းစားသည်။ အလွန်အလှမ်းကွာဝေးပြီး လူသူအရောက်အပေါက်နည်းသည့် တောင်ကြားဒေသရှိ ကျေးလက်ဆေးကုလုပ်ငန်းတွင် ဘဝကိုမြုပ်နှံနေခြင်းသည် မိမိ၏ထူးခြားသော အစွမ်းအစများကို အလဟဿ ဖြစ်သွားအောင် လုပ်ရာရောက်သဖြင့် ရူးမိုက်ရာကျလိမ့်မည်ဟု သူဆိုသည်။ သူ၏ တွန်းအားရှိနေသော စကားများကြောင့် ကျွန်တော်သည် အစဉ်းစားရကျပ်ကာ ဆုံးဖြတ်ရခက်နေသည်။ ကျွန်တော့်နှလုံးသားက ကေမရွန်နှင့်နေသင့်သည်ဟု ပြောနေသော်လည်း ကျွန်တော့်ဦးနှောက်က ကေမရွန်ထံမှ ထွက်ခွာသွားဖို့ တိုက်တွန်းနေပါသည်။

ယင်းကဲ့သို့ ပြတ်ပြတ်သားသား မဆုံးဖြတ်နိုင်ဘဲ ဖြစ်နေသည့် အတောအတွင်းမှာ ဆောင်းဥတုသည် သူ၏နောက်ဆုံးသော အဆိုးရွားဆုံး အခြေအနေကို ဖန်တီးပေးနေသည်။ ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျသည်။ မိုးရွာသည်။ ထို့နောက် ဆီးနှင်းများထပ်ကျကာ မိုးထပ်၍ ရွာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


လမ်းများသည် ရွှံ့များ ဗွက်များပေါက်ကာ သွား၍လာ၍မရနိုင် ဖြစ်လာသည်။ ဤလမ်းများပေါ်၌ သွားလာလှုပ်ရှားရသည်မှာ စိတ်ပျက်ဖွယ် ဖြစ်လာရုံမျှမက အဆမတန်ပင်ပန်းသော အလုပ်တစ်ခုဖြစ်လာသည်။ နေ့စဉ်နှင့်အမျှ ခြေပတ်များပတ်၍ တောစီးရှူးဖိနပ်ကြီးများစီးကာ ထူထဲသော ဂရိတ်ကုတ်ကြီးကိုသာ အမြဲဝတ်ရသည်။ အိပ်စက်နားနေမှုသည် တန်ဖိုးကြီးကြီးပေးရသော ဇိမ်ခံပစ္စည်းတစ်ခုသဖွယ် ဖြစ်လာသည်။ တောပိုင်းဒေသတစ်လျှောက်တွင် အဆုတ်ရောင်ခြင်း၊ အဆုတ်အအေးမိခြင်း စသော အအေးမိသည့် ရောဂါမျိုးစုံ၏ တိုက်ခိုက်ထိုးနှက်မှုကို အလူးအလိမ့် ခံနေကြရလေပြီ။

တစ်နှစ်လုံးတွင် အဆိုးဆုံးသော အချိန်ကာလဖြစ်၏။ အလုပ်ကလည်းများ၊ သွားလာကုသပေးရသည့် နေရာများကလည်းအနှံ့။ လုပ်ရကိုင်ရသည်မှာ ကြမ်းတမ်းဆိုးရွားလှချေသည်။ ဤမျှလောက် ဆိုးရွားများပြားသော အလုပ်ကပင်လျှင် ကျွန်တော့်အား မခွာနိုင်အောင် ဆွဲဆောင်ထားသလို ဖြစ်နေသည်။ အခုလိုအချိန်မျိုးတွင် အဘိုးကြီးအား တစ်ယောက်တည်းထားပြီး စွန့်ခွာသွားဖို့ဆိုသည်မှာ ဘယ်လိုလုပ်ပြီး ဖြစ်နိုင်ပါမည်နည်း။

ဇန်နဝါရီလ၊ ညတစ်ညတွင် အချိန်အတော်ကြီးနောက်ကျပြီးမှ အိမ်သို့ပြန်ရောက်လာသော ကျွန်တော်သည် ပေရေညစ်ပတ်နေသည့် ဖိနပ်များ၊ ခြေပတ်များနှင့် အဝတ်အစားများကို လဲလှယ်ပြီး ထမင်းစားခန်းထဲသို့ ဝင်ခဲ့သည်။ မီးဖိုအနီးရှိ ကုလားထိုင်တွင် စိတ်မောလူမောနှင့် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။ ဂျက်နက်လာပို့သော ဆန်ပြုတ်ပန်းကန်ကို ဆီး၍ယူကာ ငြိမ်ငြိမ်ဆိတ်ဆိတ် သောက်နေသည်။ အပြင်ဘက် အမှောင်ထုအတွင်း၌မူ လေသည် ကျယ်လောင်စွာ အော်ဟစ်ညည်းတွားလျက်ရှိ၏။ မိုးသီးများသည် ပြတင်းပေါက်များဆီသို့ ပြေးဝင်ရိုက်ခတ်နေကြသည်။

'ဘုရား... ဘုရား၊ ဒီညတော့ နောက်တစ်ခေါက် အပြင်ထပ်မထွက်ပါရစေနဲ့တော့' ဟု စိတ်ထဲမှ ကြိတ်ဆုတောင်းကာ ဆန်ပြုတ်ကို ဆက်၍သောက်နေသည်။

နောက်နာရီဝက်ခန့်အကြာတွင် ဒေါက်တာကေမရွန် ဝင်လာသည်။ ကျွန်တော့်လိုပင် အဆမတန် ပင်ပန်းနွမ်းနယ်လာသည့် ပုံမျိုးနှင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


တစ်ကိုယ်လုံး ခိုက်ခိုက်တုန်လျက်ရှိ၏။ သူသည် ရှေ့သို့တိုးလာပြီး လက်များကို မီးကင်သည်။ စိုထိုင်းထိုင်းဖြစ်နေသော အဝတ်များဆီမှ အခိုးအငွေ့များ တထောင်းထောင်းထလျက် ရှိသည်။ နှစ်ဦးသား စကားမပြောမိကြသော်လည်း ကိုယ်ချင်းစာနာသည့် နားလည်မှုကတော့ တည်ရှိနေသည်။ အမှန်တော့လည်း ခက်ခဲမှုနှင့် ပင်ပန်းမှုများကို ရင်ဆိုင်နေရသည့် အလုပ်၏သဘောသဘာဝကို နှစ်ဦးစလုံး နားလည်နေကြသည် မဟုတ်ပါလား။

ထို့နောက် ကေမရွန်သည် သက်ပြင်းရှည်ကြီးတစ်ချက်မျှ မှုတ်ထုတ်လိုက်ပြီး ကျွန်တော့်အား ခေါင်းတစ်ချက်ဆတ်ပြသည်။ ကြောင်အိမ်ဆီသို့ လျှောက်သွားကာ ဝီစကီပုလင်းကိုယူ၍ ဖန်ခွက်များတွင်ထည့်သည်။ ပြီးတော့ မီးဖိုဘက်ပြန်လာပြီး မီးဖိုပေါ်၌ တင်ထားသည့် ရေနွေးအိုးကိုယူကာ ဝီစကီနှင့် ရောစပ်သည်။ သို့သော်လည်း ဝီစကီကို သောက်တော့မည်ဟု နှုတ်ခမ်းများနှင့် တော့မိခါမှ တယ်လီဖုန်းသံ ကျယ်လောင်စူးရှစွာ ပေါ်ထွက်လာသည်။

ကေမရွန်၏ နှုတ်မှကျိန်ဆဲသံ တစ်ခွန်းထွက်လာသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံး တယ်လီဖုန်း စကားပြောသံကို နားစွင့်နေမိ၏။ အခုလိုအချိန်တွင် မြည်သောတယ်လီဖုန်းသည် ကျွန်တော်တို့အား ညအမှောင်ထဲသို့ထွက်ရန် ခေါ်ယူခြင်း ဖြစ်တတ်သည် မဟုတ်ပါလော။

နှစ်မိနစ်ခန့်အကြာတွင် ဂျက်နက်ဝင်လာသည်။ သူ့မျက်လုံးများသည် ညပိုင်းအခေါ်ရောက်တိုင်း အပြင်ထွက်ရသည့် ကျွန်တော့်အား မကြည့်။ ဒေါက်တာကေမရွန်ဆီသို့ ရောက်နေသည်။ သူ့မျက်နှာထားသည် ကေမရွန်အား အပြစ်တင်လိုသည့် အရိပ်အငွေ့ကို ဖော်ပြနေပါသည်။

'လင်းလုံးရပ် မစ္စတာကူရီက ဖုန်းဆက်တယ်'ဟု ခေါင်းကိုခါ၍ ပြောသည်။ 'ဒေါက်တာလာမယ်ထင်လို့ သူတို့ တစ်နေ့လုံး မျှော်နေကြတယ်တဲ့၊ ဒေါက်တာလာဦးမှာလားဆိုတာ သိပါရစေတဲ့' ဂျက်နက်က လက်နှစ်ဖက်ကိုယှက်၍ သူ့ဗိုက်ပေါ်၌တင်ကာ သူ့အချစ်တော် ကျောင်းသားတစ်ယောက်အား ကြည့်နေသည် ကျောင်းဆရာမတစ်ယောက်၏ မျက်နှာထား မျိုးဖြင့် ဆရာဝန်အဘိုးကြီးအား ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com


ကေမရွန်က ချုသံပါအောင် ညည်းသည်။ ထို့နောက် တစ်ခွန်း ထပ်၍ကျိန်ဆဲသည်။

'ငါကိုက သောက်သုံးမကျတာပဲကွာ၊ ဘာပြုလို့ နေးလ်ကူရီတို့ အိမ်ဝင်ဖို့ မေ့ရတာလဲ၊ ငါသူတို့အိမ်နားက နှစ်ကြိမ်တောင် ဖြတ်သွားဖြတ်လာ လုပ်ခဲ့တာ'

ကျွန်တော်က ငြိမ်နေသည်။ လူနာခေါ်ထားသည့်ကိစ္စကို မေ့သွားသည့်အခါတိုင်း မည်ကဲ့သို့ ခံစားရသည်ကို ကျွန်တော်နားလည်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် နောက်တစ်ခေါက် ပြန်ထွက်ရသည်မှာ လွယ်ကူသည့် ကိစ္စမဟုတ်။ ကျွန်တော်သည် ဆန်ပြုတ်လက်ကျန်ကို ကပျာကယာ သောက်လိုက်ပြီး ရှူးဖိနပ်ကြီးများစီးရန် ဟန်ပြင်သည်။ ဂျက်နက်က လှမ်း၍တားပါသည်။

'ဒေါက်တာသွားလို့ အပိုပဲ၊ သူတို့က ဒေါက်တာကေမရွန်မှ ကေမရွန်ပဲ၊ သူမသွားရင် စိတ်မကောင်းဖြစ်ကြတော့မှာ'

ကေမရွန်၏မျက်နှာသည် မှုန်မှိုင်းသွားသည်။

'ဒုက္ခပါပဲကွာ' ဟု ညည်းသည်။

'ငါမသွားပြန်ရင်လဲ နေးလ်ကူရီက စိတ်မကောင်းဖြစ်ဦးတော့မယ်'

သူသည် ဖန်ခွက်ကို ကြောင်အိမ်ပေါ် လှမ်းတင်လိုက်ပြီး သူ့ကုတ် အင်္ကျီကြယ်သီးများကို တပ်နေသည်။

'ကျွန်တော်သွားလိုက်မယ်လေ' ဟု လှမ်းပြောသည်။

'ဒေါက်တာ အလွန်ပင်ပန်းနေပြီ'

'ပင်ပန်းလဲ မတတ်နိုင်ဘူးကွာ၊ ငါပဲသွားလိုက်တော့မယ်၊ ငါ့မျက်နှာ မပြလို့ကတော့ နေးလ်က ကျေနပ်မှာမဟုတ်ဘူး'

'ကျွန်မ ဂျာမီကို မြင်းလှည်းပြင်ခိုင်းပြီး လွှတ်လိုက်မယ်' ဟု ဂျက်နက်က ပြောသည်။

'အသွားအပြန် ငါးမိနစ်လောက်ပဲ ကြာမှာပါ'

'မလွှတ်နဲ့တော့' ဟု ကေမရွန်က ပြောသည်။

'ဂျာမီလဲ မတရားကို ပင်ပန်းနေတာ၊ မြင်းလဲ တော်တော်ပန်းနေပြီ၊

www.burmeseclassic.com

www.burmeseclassic.com


လင်းလုံးနဲ့ ဒီနဲ့ဆိုရင် တစ်မိုင်ထက်မပိုဘူး၊ ငါ့ဘာသာငါ ခြေကျင်ပဲ လျှောက် သွားတော့မယ်၊ ဟိုရောက်ပြီး ပြန်ချင်တဲ့အချိန် ပြန်လာလို့ရနေတာပဲ’

ကျွန်တော်က သူ့ကိုယ်စားသွားမည်ဟု အတန်တန်ပြောသော်လည်း မရ။ နေးလ်ကူရီမှာ သူ၏အရင်းနှီးဆုံး မိတ်ဆွေတစ်ဦးဖြစ်သည်။ အန်ဂျလာ ကလပ်တွင် အသင်းဝင်တစ်ဦးလည်း ဖြစ်သည်။ တန်နေ့ချဘာရေးရွာ၏ မျက်နှာဖုံးဆိုလျှင်လည်း မမှား။ အခုလောလောဆယ် နေးလ်ကူရီသည် အသည်းရောင်ရောဂါ ဖြစ်နေသည်။ ကေမရွန်သည် ကုတ်အင်္ကျီကော်လံများကို ဆွဲထောင်ကာ လည်ပင်းကိုလုံအောင် ဖုံးလိုက်ပြီး ပြင်းထန်စွာ တိုက်ခတ် လျက်ရှိသော လေထုကိုရင်ဆိုင်၍ အိမ်မှထွက်သွားပါသည်။

ဘာကြောင့်ရယ်တော့မသိ။ အပြင်မှ လေတိုက်သံကို ကြားနေရ သော ကျွန်တော်သည် စိတ်ထဲတွင် စနိုးစနောင့်ဖြစ်နေမိ၏။ နောက်တစ်နာရီ အကြာတွင် ဒေါက်တာကေမရွန် ပြန်ရောက်လာပါသည်။ ကျွန်တော် ပူပန်နေ ခဲ့သည့်အတိုင်း အဘိုးအို၏ အခြေအနေမှာ မလှမပ။ တစ်ကိုယ်လုံး ပြာနှမ်း ကာ ပင်ပန်းမောဟိုက်လျက်ရှိ၏။ သို့တစေလည်း သူကတော့ သူ့ဝသီအတိုင်း စကားကို အားပါးတရ ပြောနေသည်။

‘ပြဿနာကတော့ ပြေလည်သွားပါတယ်၊ အဖြစ်ကို ငါကရှင်းပြ လိုက်တော့ နေးလ်က ကျေနပ်သွားတာပဲ၊ မနက်ဖြန်မနက် တစ်ခေါက်ထပ် သွားရဦးမယ်၊ ငါ့ကို မမေ့အောင် သတိပေးပါဦးကွာ’

သူသည် မီးဖိုအနီး၌မီးလှုံရင်း ရုတ်တရက် ချောင်းဆိုးလာသည်။ နောက်တစ်ခဏမျှ ကြာသောအခါ ‘ငါအပေါ်တက်တော့မှ ကောင်းမယ်ထင် တယ်ကွာ’ဟု ဆိုသည်။

သို့သော်လည်း အခန်းတံခါးဆီသို့မရောက်မီ လမ်းတစ်ဝက်တွင် လက်တစ်ဖက်ဖြင့် သူ့နံဘေးကိုဖိထားပြီး အသက်ကိုလျင်မြန်စွာ ရှူလျက် ရှိ၏။

ပါးစပ်မှ တစ်ချက်မျှ ရေရွတ်လိုက်သည်။ ‘ငါ့ကို ဒုက္ခ ပေးပေးနေ တာ ဒီနေရာပဲ’

ကျွန်တော် သူ့ထံသို့ အပြေးအလွှားရောက်သွားသည်။ ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com


ကိုယ် ကျွန်တော်လည်း အပြစ်တင်၍မဆုံး။ သူ့ကို ဟန့်တားနေသည့်ကြားမှ ပင် ကျွန်တော်သည် သူ့အား သူ့အိပ်ရာပေါ် ရောက်သည်အထိ တွဲ၍ပို့ပေးသည်။ အဝတ်များကိုလည်း ကိုယ်တိုင်ပင် လဲဖယ်ပေးခဲ့သည်။ ကျွန်တော်က စမ်းသပ်စစ်ဆေးကြည့်မည်ဟု ပြောသည့်အခါ လက်မခံ။ သို့သော်လည်း ဆေးတိုက်သည့်အခါတွင်မူ ငြင်းဆန်ခြင်းမပြု။ ကျွန်တော်သည် သူအိပ်မော ကျသွားသည်အထိ ထိုင်စောင့်နေပါသည်။ မနက်ဖြန် နံနက်ဆိုလျှင် သူ ကောင်းသွားလိမ့်မည်ဟုပင် ကျွန်တော်မျှော်လင့်သည်။

သို့သော်လည်း နောက်တစ်နေ့နံနက်တွင် ကေမရွန်၏ အခြေအနေသည် ကောင်းမလာပါ။ နံနက်ခြောက်နာရီတွင် ကျွန်တော် သူ့အခန်းသို့ ရောက်သွားသည်။ သူ့တွင် အဖျားဝင်နေပြီ။ အသက်ရှူပုံကလည်း မြန်လွန်းလှ၏။ တစ်ချက်တစ်ချက်တွင် ချောင်းတဟွပ်ဟွပ်ဆိုးသည်။ ဆိုးသည့်ချောင်းက ကပ်တပ်တပ်။ ဤတစ်ကြိမ်တွင်မူ ကျွန်တော်လွှတ်ထား၍ မဖြစ်တော့ပါ။ ကျွန်တော် သူ့ရင်ဘတ်ကို ကျကျနန စမ်းသပ်ကြည့်သည်။ သံသယဖြစ်စရာ မရှိတော့ပါ။ ကေမရွန်တွင် လိုဘာနမိုးနီးယားဟုခေါ်သော အဆုတ်ရောင်ရောဂါ ဝင်နေပြီဖြစ်၏။ သူကိုယ်တိုင်ကလည်း အဖြစ်မှန်ကို သိနေသည်ဖြစ်ရာ ဒေါက်တာကေမရွန်၏ မျက်လုံးများသည် စိတ်ထိခိုက်သည့် အရိပ်အငွေ့များ ဖော်ပြနေကြပါသည်။

'ညာဘက်အဆုတ်မှာ မဟုတ်လား'ဟု သူကမေးသည်။ ကျွန်တော်က အဖြေမပေးဘဲ ငြိမ်နေသည့်အခါ 'အင်း... ငါတော့ ဒီဟာနဲ့ပဲ ကိစ္စချောမယ်ထင်တယ်' ဟု ရေရွတ်သည်။

ဤအရေးပေါ်ကိစ္စနှင့် ရင်ဆိုင်နေရသော ကျွန်တော်သည် ပြေပြေလည်လည် ဖြစ်သွားစေရန်အတွက် ကျွန်တော့်တွင် ရှိနေသမျှ အားများကိုသာ အသုံးပြုသည်။ တုံ့ဆိုင်းမနေတော့ဘဲ ချက်ချင်းပင် ဂလက်စကိုမြို့ပေါ်ရှိ 'လင့်လိတ်တား'ဆေးဆိုင်သို့ ဖုန်းဆက်သည်။ ဤဆေးခန်းသည် နယ်မြေဆေးဝါးကုသမှုလုပ်ငန်း အေဂျင်စီအဖြစ်လည်း တာဝန်ယူဆောင်ရွက်နေသော ဆေးဆိုင်ဖြစ်၏။ သူတို့အကူအညီဖြင့် ယာယီအစားထိုးနိုင်မည့် 'ဖရေဇာ'

www.burmeseclassic.com

www.burmeseclassic.com


အမည်ရှိ ဆရာဝန်တစ်ယောက်ငှားလိုက်သည်။ ဖရေဇာသည် ထိုနေ့မွန်းလွဲပိုင်းမှာပင် ဆိုက်ရောက်လာပါသည်။

လက်ရှိ အခြေအနေအရ ကျွန်တော်သည် ဆေးခန်းလုပ်ငန်းများနှင့် အလှမ်းဝေးသည့်ရပ်ကွက်များမှ လူနာများအား သွားရောက်ကုသရေးလုပ်ငန်းများကို ဖရေဇာအား လုံးဝလွှဲထားလိုက်သည်။ ကျွန်တော် တာဝန်ယူထားရသည့် လူနာများကိုမူ ကျွန်တော်တတ်နိုင်သမျှ အချိန်ယူ၍ ကြည့်ရှုကုသပေးသည်။ ကျန်အချိန်များတွင်မူ ကျွန်တော်သည် ကေမရွန်အား လုံးဝတာဝန်ယူ၍ ကြည့်ရှုစောင့်ရှောက်ပေးပါသည်။

ကေမရွန်၏ရောဂါ အမြန်ဆုံးသက်သာပျောက်ကင်းသွားစေနိုင် သည့် နည်းလမ်းဟူ၍ မရှိနိုင်သော အခြေအနေကို ကျွန်တော် ကောင်းစွာနားလည်နေပါသည်။ ထိုခေတ်အခါက ဆာလ်ဖာနီမိုက်၊ ပင်နယ်စလင်နှင့် ရောဂါပိုးသတ်ဆေးစသည့် ထူးဆန်းအံ့သြဖွယ်ရာကောင်းလောက်အောင် အစွမ်းထက်မြက်သော ဆေးဝါးများ မပေါ်သေးပါ။ စွဲကပ်နေသည့် နမိုးနီးယားရောဂါကြောင့် ခန္ဓာကိုယ်အစိတ်အပိုင်းများအတွင်း၌ ဘေးအန္တရာယ်ဖြစ်လာအောင် ပြောင်းလဲသွားတတ်သည်ဖြစ်ရာ ယင်းပြောင်းလဲမှုများ တန့်ရပ်သွားအောင် အမြန်ဆုံးပြုလုပ်ပေးနိုင်သည့် ဆေးစွမ်းကောင်းများကလည်း မရှိသေးပါ။ ကျွန်တော်တို့ခေတ်က ဤရောဂါဖြစ်လျှင် ၈၅ ရာခိုင်နှုန်းမျှ သေကြေပျက်စီးလောက်အောင် ဆိုးရွားသည့်ရောဂါ ဖြစ်၏။ ရောဂါဖြစ်ပြီဟေ့ဆိုလျှင် ကိုးရက်မှ ဆယ်ရက်အတွင်း မှန်မှန်တက်လာတတ်ပြီး လူနာ၏ အခြေအနေသည် သိသိသာသာ ဆိုးရွားလာတတ်သည်။ အထူးသဖြင့် အစိုင်အခဲဖြစ်သော အဆုတ်သည် အရည်ပျော်ကာ အစအနများအဖြစ်သို့ ပြောင်းသွားတတ်၏။ ထိုအဆင့်သည် လူနာအတွက် အဆိုးရွားဆုံးသော အဆင့်ပေတည်း။

ဤသို့ဖြင့် ကျွန်တော်၏တာဝန်သည် ကေမရွန်အား သူ့ကံကြမ္မာ အဆိုးအကောင်းကို အဆုံးအဖြတ်ပေးနိုင်မည့် ဤရက်များကို ကျော်လွှားဖြတ်သန်းနိုင်အောင် ဆွဲထုတ်ပေးရလိမ့်မည်ဖြစ်၏။ ကျွန်တော့်စိတ်ထဲတွင်မူ ကျွန်တော် အောင်မြင်လိမ့်မည်ဟု ယုံကြည်နေသည်။ ကေမရွန်သည် အထဲမှ

www.burmeseclassic.com

www.burmeseclassic.com


နာကျင်မှုဝေဒနာ ခံစားနေရသည်မှာ မှန်ပါ၏။ သို့တစေလည်း သူသည် အခုအချိန်ထိ ဖျတ်လတ်တက်ကြွကာ ရွှင်ရွှင်လန်းလန်း ရှိနေသေးသည် မဟုတ်ပါလား။

'ငါ့ကြောင့်တော့ စိတ်မဆင်းရဲပါနဲ့ ငါ့လူရာ' ဟု သူက ရယ်ရွှန်း ဖတ်ရွှန်းပြောသည်။ 'သည်းခံနိုင်စွမ်းမရှိတဲ့ လူတစ်ယောက် မမာမကျန်းဖြစ် ရင် ဘာလိုနေတယ်ဆိုတာ မင်း လေ့လာခွင့်ရတာကွ၊ ဒီအခွင့်အရေးမျိုး ရတာဟာ မင်းအတွက် ကံကောင်းတယ်လို့မှတ်'

ကျွန်တော်က အလိုက်သင့်ဖြစ်အောင် ပြုံးနေလိုက်ပါသည်။ မီးဖိုထဲ တွင် မီးတောက်မီးလျှံများသည် တထိန်ထိန်တညီးညီး တောက်လောင်လျက် ရှိသည်။ အခန်းထဲတွင် အားလုံးနေသားတကျနှင့် သပ်သပ်ရပ်ရပ်ရှိလှ၏။ နော့စ်ဟစ်လ်မြို့မှ ငှားထားသော သူနာပြုဆရာမသည် ခုတင်ခြေရင်း၌ရပ်ကာ အသင့်အနေအထား၌ရှိနေသည်။ လုပ်သင့်လုပ်ထိုက်တာ မှန်သမျှအားလုံး လုပ်ပေးထားရုံမျှမက နောက်ထပ် လိုအပ်လာပါကလည်း လုပ်ပေးရန်အသင့် ရှိသည်။ ကျွန်တော့်အနေဖြင့် ဒေါက်တာကေမရွန်အား ဤရောဂါ၏ ဘေး အန္တရာယ်မှလွတ်မြောက်အောင် လုပ်ပေးရလိမ့်မည်။ မဖြစ်မနေ လုပ်ပေးရမည့် တာဝန်ဖြစ်သည်။

ဤပုံစံနှင့် သုံးရက်တိတိ ပြဿနာအထူးအထွေမရှိဘဲ ကုန်လွန် သွားခဲ့သည်။ အခြေအနေမှာလည်း ပုံမှန်ပင်ရှိသည်။ သို့သော်လည်း လေးရက် မြောက်သောနေ့တွင် လုံးဝမမျှော်လင့်ဘဲနှင့် ကျွန်တော့်လူနာ၏ အခြေအနေ သည် ရုတ်တရက် ချက်ချင်းအဆိုးဘက်သို့ ရောက်လာသည်။ လူနာ၏ အပူချိန်ကို တိုင်းကြည့်သည်။ သွေးခုန်နှုန်းကို စမ်းသပ်ကြည့်သည်။ ကျွန်တော့် တွင် သောကဝင်လာပါသည်။ ထိုသောကကို ကျွန်တော်ထိန်းချုပ်ထားနိုင်သော် လည်း ကြောက်စိတ်ကတော့ ပျောက်မသွားပါ။ ကျွန်တော် ယခင်ကထက် နှစ်ဆတိုး၍ လူနာကိုစောင့်ရှောက်သည်။ ထိုညတစ်ညလုံးနှင့် နောက်တစ်ည။ တစ်ညလုံး ကျွန်တော် လူနာ၏အနားမှမခွာ။ ဆက်လက်တိုးလာမည့် ရောဂါ အခြေအနေကို ဟန့်တားပိတ်ပင်ရန် အစွမ်းကုန်ကြိုးစားသည်။

ဤကြားထဲမှပင် ခြောက်ရက်မြောက်နေ့တွင် ကေမရွန်၏ အခြေ

www.burmeseclassic.com

www.burmeseclassic.com


အနေသည် ပိုရှ်ဆိုးလာသည်။ ချောင်းဆိုးသည့်အခါတိုင်း ဆီးသီးခြောက်ရောင် အရောင်မည်းမည်း ချွဲသလိပ်များ ပါပါလာသည်။ ထိုညတစ်ညလုံး ကောင်းစွာမအိပ်။ အိပ်ရာထက်တွင် တလူးလူး တလိမ့်လိမ့်။ ခုနစ်ရက်မြောက်နေ့တွင်မူ ကျွန်တော်သည် ဂလက်စကိုမြို့မှ ဒေါက်တာဂရီးယားထံ ဖုန်းဆက်၍ ဆွေးနွေးတိုင်ပင်သည်။ ဂရီးယားသည် အဆုတ်နှင့်ပတ်သက်သော ရောဂါများအတွက် စကော့တလန်နိုင်ငံတွင် ထူးခြားထင်ရှားသော ပါရဂူတစ်ဦးဖြစ်သည်။ ထိုနေ့ နေ့ခင်းပိုင်းတွင် ဒေါက်တာဂရီးယားသည် သူပြောထားသည့် အချိန်အတိုင်း အတိအကျရောက်လာသည်။ လူနာ၏ ရောဂါအခြေအနေ ဆိုးရွားနေချိန်မှာပင် သူစမ်းသပ်ပုံမှာ စနစ်ကျပြီး အေးဆေးတည်ငြိမ်လွန်းလှသဖြင့် စိတ်ထဲမှ ကျိတ်၍ချီးမွမ်းအားကျမိပါသည်။ သူသည် လူနာ၏ အခြေအနေအရပ်ရပ်ကို သေသေချာချာ နှိုက်နှိုက်ချွတ်ချွတ် စစ်ဆေးကြည့်ခြင်းဖြစ်၏။ ထို့နောက်တွင် ကျွန်တော်၏ ရောဂါစစ်တမ်းထုတ်ပုံနှင့် ကုသပုံများ မှန်ကန်သည်ဟု ပြောသည်။ သို့သော်လည်း သက်သာပျောက်ကင်းဖို့ကျတော့ သူအာမ မခံ။ လူနာနှင့်ပတ်သက်၍ သူ့သဘောထားကို ကျွန်တော်ကမေးသည့်အခါ ခေါင်းယမ်းသည်။

သူသည် နှုတ်ခမ်းများကို တင်းကျပ်စွာစေ့ပြီး လေသံဖြင့်ပြောသည်။ ဒေါက်တာကေမရွန်သည် အသက်ခြောက်ဆယ်ကျော်ပြီ။ အလုပ်၏ပင်ပန်းမှုဒဏ်များကို ခံလာခဲ့ရသည်မှာလည်း နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်ရာ သူ့တွင် အားအင်ကုန်ခန်းသလောက် နီးပါးဖြစ်နေပြီ။ ဤအချိန်မျိုးတွင် အဆုတ်ရောင်ရောဂါ ဝင်လာသောအခါ ရောဂါ၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် ကိုယ်ခံအားမရှိတော့။ သွေးကလာပ်စည်းများကလည်း ပျက်စီးလျက်ရှိ၏။ ဤကြားထဲဘယ်ဘက်အဆုတ်ပါ ရောင်လာသဖြင့် ရောဂါအခြေအနေသည် ပိုရှ်ဆိုးလာရသည် စသည်ဖြင့် သူက တွက်ပြသည်။ လက်ရှိအခြေအနေအရဆိုလျှင် ကျွန်တော် ယခုသုံးနေသည့် ကုထုံးကုနည်းအတိုင်း ဆက်လက်ကုသွားရုံမှတစ်ပါး အခြားလုပ်စရာလမ်းမရှိ။ လိုအပ်သည့်အခါများတွင် စထရီးနိုင်းဆေးထိုးပေးခြင်း၊ အောက်စီဂျင်ပေးခြင်း စသည်များ ပြုလုပ်ပေးခြင်းအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com


ရောဂါဒဏ်ခံနိုင်သည့် အားများရရှိအောင် လုပ်ပေးပါဟုလည်း သူက အကြံပြုသည်။

ပါမောက္ခဂရီးယား ပြန်သွားသည့်အခါ ဧည့်ခန်းထဲ၌ တစ်ယောက်တည်းရပ်နေမိသည်။ ပါရဂူပြောသွားသည့် စကားများ၏ ဆိုလိုရင်းကို နားလည်သဘောပေါက်နေမိသည်။ ဒေါက်တာကေမရွန်တွင် ခံနိုင်ရည်အားလုံးဝကျဆင်းသွားပြီ။ ဤအချက်ကိုမြင်လာသော ကျွန်တော်သည် စိတ်ဆင်းရဲမှုဒဏ်ကို အပြင်းအထန်ခံစားရပါသည်။ ကျွန်တော့်အပေါ် သူပြုခဲ့သည့် ကျေးဇူးတရားများကို ကျွန်တော်သတိရမိသည်။ ကျွန်တော့်အပေါ် သူထားရှိခဲ့သည့် ကြင်နာမှု၊ ချစ်ခင်လေးစားမှု စသည်များကို သတိတရရှိလာသောအခါ ဆောက်တည်ရာမရနိုင်လောက်အောင် ဝမ်းနည်းရပါသည်။

လူနာ၏အခြေအနေသည် တိုးတက်ကောင်းမွန်လာခြင်းမရှိဘဲ ရှစ်ရက်မြောက်နေ့သို့ ဆိုက်ရောက်လာသည်။ ကျွန်တော်သည် ပြုစုကုသမှုကို ယခင်ကထက် နှစ်ဆတိုး၍ အားထုတ်ပြီးလုပ်သည်။ ဖြည်းဖြည်းချင်း အားနည်းလာနေသော လူနာတွင် အားအင်ပြန်လည်ရရှိလာရေးအတွက် အပြင်းအထန်ကြိုးစားသည်။ သို့သော်လည်း အကျိုးသက်ရောက်မှု မရှိပါ။ အဘိုးအို၏ ရုပ်လက္ခဏာသည် ယိုယွင်းပျက်ပြားလာသည်။ ရောဂါကို ခုခံတွန်းလှန်နိုင်သည် အားအင်သည် မရှိသလောက်နည်းပါးလာသည်။

ကေမရွန်သည် အိပ်ရာထက်တွင် ငြိမ်ဆိတ်စွာလှဲနေသည်။ မျက်လုံးများက မပွင့်တပွင့်။ အသက်ရှူပုံကမမှန်။ အောက်စီဂျင်ဘူးမှ လာနေသည့်လေကို တစ်ချက်တစ်ချက်တွင် ပြင်းထန်စွာရှူသည်။ သူ့ကိုယ်သူ ထူထူထောင်ထောင် လုပ်နိုင်စွမ်းမရှိ။ ဘာဆေးပဲထိုးထိုး၊ ဘာဆေးပဲတိုက်တိုက်၊ တုံ့ပြန်မှုမလာ။ ကျွန်တော်က အားပေးစကားများပြောနေသော်လည်း သူကြားဟန်မတူ။

သူတို့၏ဆရာဝန်ကြီး အပြင်းအထန်နေမကောင်းဖြစ်နေသည်ဟူသောသတင်းသည် တစ်ရွာလုံးတွင် ပျံ့နှံ့နေပြီဖြစ်၏။ ပတ်ဝန်းကျင်ဒေသများနှင့် မြို့ပေါ်မှသတင်းမေးခြင်းများနှင့် ကျန်းမာစေကြောင်း ဆုတောင်းလွှာများသည် အာဒင်ဂေဟာသို့ နေ့စဉ်နေ့တိုင်း တဖွဲဖွဲရောက်လာနေသည်။ စိတ်ထိ

www.burmeseclassic.com

www.burmeseclassic.com


ခိုက်လျက်ရှိသော ဂျက်နက်သည် ညှိုးငယ်သောမျက်နှာဖြင့် အိမ်ထဲတွင် အေးအေးသာသာ သွားလာလှုပ်ရှားလျက်ရှိနေပါသည်။

ထို့နောက် ကိုးရက်မြောက်နေ့သို့ ဆိုက်ရောက်လာသည်။ ကျွန်တော်သည် တစ်နေ့ခင်းလုံး လူနာအနီး၌ထိုင်နေသည်။ ကျွန်တော့်မျက်စိအောက်မှာပင် ဖြည်းဖြည်းချင်း အားအင်ဆုတ်ယုတ်ကုန်ခန်းနေသော ကေမရွှန်၏အဖြစ်ကိုကြည့်ကာ စိတ်နှလုံးထိခိုက်ကြေကွဲရပါသည်။ အေးမြသော ဆောင်းရာသီ၏ နေဝင်ဖျိုးဖျအချိန်ဖြစ်သည်။ ထိုအချိန်ကို ကျွန်တော် ဘယ်တော့မှ မေ့လိမ့်မည်မဟုတ်ပါ။ အမှောင်ရိပ်များသည် ဖြည်းဖြည်းမှန်မှန်ကျရောက်လာနေသည်။ အမှောင်ရိပ်များနှင့်အတူ ဖြည်းဖြည်းမှန်မှန်ကျရောက်လာနေသော သေခြင်းတရားသည် အလွန်အင်အားချည့်နဲ့နေသော ရုပ်ခန္ဓာထက်သို့ လွှမ်းခြုံဖုံးအုပ်တော့မည့်ဟန် ပြင်နေသည်ဟုထင်ရသည်။ အခုအချိန်တွင် ကေမရွှန်သည် သတိရနေသည်။ ကိုယ်ရောစိတ်ပါ တည်ငြိမ်အေးဆေးနေသည့် အရိပ်လက္ခဏာများကိုပင် မြင်တွေ့နေရသည်။ သူသည် အားယူပြီး ခေါင်းကိုလှည့်သည်။ စကားပြောလိုသည့် အရိပ်အခြည်ပြသည်။

'အလကားပါပဲ သူငယ်ရယ်'ဟု တိုးတိုးသာသာကလေးပြောသည်။

'ဒီတစ်ခါတော့ ငါ့ဘဝဆုံးပါပြီ'

ကျွန်တော် စကားပြန်မပြောနိုင်ပါ။ အံကိုကျိတ်၍ လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ထားမိသည်။ ဦးခေါင်းကို အပြင်းအထန်ယမ်းလိုက်မိသည်။ ကေမရွှန်၏မျက်လုံးအစုံသည် ပိတ်ထားသည်။ ဘဝတစ်ခု နိဂုံးချုပ်သွားခြင်းပေတည်း။

ငြိမ်တိတ်လျက်ရှိသော ထိုအခန်းထဲ၌ ကျွန်တော် မည်မျှကြာအောင်ထိုင်နေမိပါသနည်း။ ကျွန်တော်မပြောတတ်ပါ။ ဂျက်နက်ကတော့ အခန်းထဲဝင်လာလိုက်၊ ပြန်ထွက်သွားလိုက်။ ဖယောင်းတိုင်တစ်တိုင်၏ မီးတောက်သည် တလက်လက်။ ထို့နောက် အေးမြသောလေနှင့်အတူ မျောပါလာသည့် ခေါင်းလောင်းသံ။

နောက်သုံးရက်အကြာတွင် ဆရာဝန်အဘိုးကြီး၏အလောင်းကို ရွာသုသာန်တွင် မြှုပ်နှံသည်။ ကျွန်တော် သူနှင့်နေခဲ့ရသည့် ကာလအတွင်း

www.burmeseclassic.com

www.burmeseclassic.com


သူ့ဆွေမျိုးသားချင်းများအကြောင်းကို လုံးဝမပြောခဲ့ဖူးပါ။ သို့သော်လည်း ယခုအခါ သူ၏ အသုဘအခမ်းအနားသို့ သူ့တူနှစ်ယောက်နှင့် သူတို့ဇနီးများ လာကြသည်။ အလှမ်းကွာဝေးသော မြောက်ပိုင်းဒေသမြို့တစ်မြို့မှ လာကြခြင်းဖြစ်၏။ သူတို့သည် ဝမ်းနည်းပူဆွေးဟန်ပြကြသော်လည်း ပစ္စည်းနှင့်ပတ်သက်လာသည့်အခါ တကယ့်ဝံပုလွေများနှင့် တူလှပါသည်။

ပိုင်ဆိုင်လိုလှသောစိတ်ဖြင့် လောဘရမ္မက်ချောင်းချောင်းထွက်လျက်ရှိကြသည်ဖြစ်ရာ ဒေါက်တာကေမရွန်၏ ဘဏ်စာအုပ်မှအစ သေသွားသူ၏ အခန်းထဲရှိဗီရိုထဲမှ အင်္ကျီချိတ်မကျန် သိမ်းဆည်းယူငင်ကြသည်။ အိမ်ထဲတွင် ထောင့်ကြိုထောင့်ကြားမကျန် ဝင်ရောက်ရှာဖွေကြသည်။ ဂျက်နက်နှင့် လူနာများနှင့်ပါ ကတောက်ကဆဖြစ်ကြရသည်။ ကျွန်တော့်ကိုလည်း ဆေးဝါးကုသခများ ခိုးယူသည်ဟု စွပ်စွဲလိုသောသဘောပြကြသည်။ မည်သို့ပင် ဖြစ်စေ သူတို့သည် ဒေါက်တာကေမရွန်၏ တရားဝင်အမွေ ဆက်ခံနိုင်သည့်သူများဖြစ်ကြသည် မဟုတ်ပါလော။ လပိုင်းအတွင်းမှာပင် ဒေါက်တာကေမရွန်၏ ဆေးဝါးကုသမှုလုပ်ငန်းကို ရောင်းပစ်လိုက်ကြသည်။ နောက်ဝယ်သူက လုပ်ငန်းကိုဆက်ခံသည်။

ရွာထဲမှ လူအများအပြားက ကျွန်တော့်အား ရွာတွင်ဆက်နေပြီး နောက်ရောက်လာသည့်ဆရာဝန်နှင့်အပြိုင် ဆေးကုသမှုလုပ်ငန်းလုပ်ရန် ဖွတ်တိုက်တွန်းကြသည်။ ဂျက်နက်အား အိမ်ဖော်အဖြစ် ဆက်၍ထားပါဟုလည်း အကြံပေးကြသည်။ သို့သော်လည်း ကျွန်တော့်အဖို့ ဒေါက်တာကေမရွန်မရှိတော့သည့်အချိန်မှစ၍ တန်နေ့ချ်ဘရေးရွာအပေါ်တွင် သံယောဇဉ်အမျှင်တန်းလိုစိတ် မရှိတော့ပါ။

ဆောင်းဥတုတစ်နံနက်တွင် ကျွန်တော်သည် တန်နေ့ချ်ဘရေးမှ ထွက်ခွာလာခဲ့သည်။ လေတဝှူးဝှူးတိုက်ခတ်လျက်ရှိသော လမ်းခွဲဘူတာပလက်ဖောင်းပေါ်တွင် ကျွန်တော်တစ်ယောက်တည်း။ ကျွန်တော်ရောက်လာသည့်နေ့ကလိုပင် ပတ်ဝန်းကျင်သည် လူသူကင်းမဲ့ကာ တိတ်ဆိတ်ခြောက်သွေ့လျက်ရှိ၏။ သို့သော်လည်း ကျွန်တော့်နှလုံးသားလောက် မည်သည့်အရာမှ အထီးကျန်နိုင်ခြင်း ရှိလိမ့်မည်မဟုတ်ပါ။ ဤအထီးကျန်နိုင်မှုသည်

www.burmeseclassic.com

www.burmeseclassic.com


ဆောက်တည်ရာမရနိုင်လောက်သည့် စိတ်အားငယ်မှုကို ဖြစ်ပေါ်စေသည်။ ကျွန်တော့်အား ချိုသာသိမ်မွေ့စွာဖြင့် ဖျောင်းဖျအားပေးမည့်လူကို တမ်းတသော စိတ်သည် ရင်ထဲတွင် လှိုင်းထလျက်ရှိပါသည်။

လက်တွေ့လုပ်ကိုင်ဖို့ စဉ်းစားထားသည့် အရာအားလုံးသည် အခု လောလောဆယ်တွင် ကွယ်ပျောက်နေကြသည်။ နောက်ဆုံးစာမေးပွဲကို အောင်မြင်သွားပြီဖြစ်သော မေရီသည် ဂလက်စကိုမြို့နှင့် မိုင်၂၀ ခန့်အကွာ တောပိုင်းဒေသရှိ မိဘများထံ သွားရောက်နေထိုင်လျက်ရှိသည်။ ကျွန်တော် မေရီထံ သွားရောက်ခဲ့ပါသည်။ တွေ့လျှင်တွေ့ချင်းပင် သူ့လက်များကို အမြတ်တနိုး ဆုပ်ကိုင်ထားမိပါသည်။

'မေရီ၊ လောလောဆယ်တော့ မောင့်မှာ အလုပ်အကိုင်မရှိသေးဘူး၊ ရှေ့အလားအလာကလဲ သိပ်မကောင်းဘူး၊ ငွေကြေးလဲ မပြည့်စုံဘူး၊ မောင့်မှာ အကြွေးတောင် ပေါင်သုံးဆယ် တင်နေသေးတယ်၊ မင်းကို အိမ်တစ်ဆောင် မီးတစ်ပြောင် ထားနိုင်တဲ့အခြေအနေလဲ မရှိသေးတာတော့ အမှန်ပဲ၊ ပြီးတော့ မင်းသိတဲ့အတိုင်းပဲ၊ မောင်က ကက်သလစ်ဘာသာဝင်တစ်ယောက်၊ မင်းက စည်းကမ်းအင်မတန်ကြီးတဲ့ ပရိုတက်စတင့်ဘာသာဝင်တစ်ယောက်၊ မင်းမိဘတွေကတော့ မောင်နဲ့ဘယ်နည်းနဲ့မှ သဘောတူကြမှာမဟုတ်ဘူး၊ မောင့်ကို တာဝန်မဲ့တဲ့လူဆိုးတစ်ယောက်လို့ ပြောကြမှာသေချာတယ်၊ မောင့်အခြေအနေကတော့ မျှော်လင့်ချက်လုံးဝမရှိသလောက်ပဲ၊ ဒါပေမယ့် မောင်တို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ချစ်ကြတယ်ဆိုတော့ နှစ်ယောက် လက်တွဲမယ်ဆိုရင် တွဲလို့ရနိုင်ပါတယ်၊ မောင့်အနေနဲ့ အလုပ်ကတော့ မကြာခင် ရမှာပါ။ အဲဒီတော့ မောင့်ကိုလက်ထပ်စေချင်တယ်၊ သိပ်ပြီး စဉ်းစားမနေပါနဲ့တော့ကွယ်၊ လာမည့်အပတ် တစ်ရက်ရက်မှာ မောင်နဲ့လက်ထပ်ပါလား'

မေရီက စကားတစ်ခွန်းမျှပြန်မပြောပါ။ သူ့နှုတ်ဖျားမှ စကားလေးတစ်လုံးမျှပင် ထွက်မလာပါ။ သို့သော်လည်း ကျွန်တော်လိုချင်နေသည့် အဖြေကို သူ၏ကြည်လင်ဝင်းလဲ့သော ချစ်စရာ့မျက်လုံးအစုံတွင် ပြတ်ပြတ်ထင်ထင် မြင်နေပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com


[ ၁၅ ]

ဇန်နဝါရီလ၏ တစ်နေ့သောမွန်းလွဲပိုင်းတွင် ရောင်းတမ်းဝတ်စုံအသစ်ကို သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားသည့် လူရွယ်တစ်ယောက်နှင့် မီးခိုးရောင်ဝတ်စုံအသစ်ကို ဝတ်ဆင်ထားသည့် မိန်းမချောမိန်းမလှတစ်ဦးတို့သည် တစ်ယောက်လက်တစ်ယောက် တင်းကျပ်စွာဆုပ်ကိုင်ပြီး ကာဒစ်စ်မှ ရွန်ဒါတောင်ကြားဒေသတွင် မီးရထား၏ ညစ်ထေးထေး၊ မှုန်ကုပ်ကုပ် တတိယတန်းတွဲ ထိုင်ခုံပြတင်းမှနေ၍ အပြင်သို့ငေးမျှော်လျက် လိုက်ပါလာကြသည်။ လက်ထပ်ပြီးလျှင်ပြီးချင်း ကျွန်တော့်ဇနီးနှင့်ကျွန်တော်သည် စကော့တလန်မှ ထွက်ခွာလာခဲ့ကြသည်။ တစ်နေ့လုံး ခရီးသွားနေခဲ့ရသော ကျွန်တော်တို့သည် ကာလစ္စလီနှင့် ရှရုစ်ဘူရီးတွင် ရထားပြောင်းစီးခဲ့ကြရ၏။ တောင်ဝေလ်နယ်သို့ အရောက်သွားရမည့် ဤခရီးရှည်ကြီးတွင် ယခုအဆင့်သည် နောက်ဆုံးအဆင့်ဖြစ်သည်။ နှစ်ဦးစလုံးသည် မညီမညာ မပြေမပြစ်နိုင်လှသော တောတောင်ရေမြေများတည်ရာ ဤအရပ်၊ ဤဒေသ၌ အစပြုရမည့် ဘဝခရီးအတွက် စိုးရိမ်ပူပန်စိတ် ဖြစ်ပေါ်လျက်ရှိနေကြပါသည်။

မီးရထားနှင့် ရထားလမ်းတစ်ဖက်တစ်ချက်ရှိ မည်းနက်သောတောင်တန်းကြီးများတွင် မြူများဆိုင်းလျက်ရှိသည်။ သတ္တုကြိုလုပ်ငန်းမှ စွန့်ပစ်ထားသော ချော်မြှုပ်များသည် တောင်နံရံများပေါ်တွင် အစုလိုက်၊ အပုံလိုက်။ ယင်းတို့အပေါ်ရှိ အစာရေစာ မရရှိသလောက်ဖြစ်နေသော မြေကွက်များပေါ်တွင်မူ ပိန်ခြောက်ခြောက်သိုးများသည် လှည့်လည်သွားလာနေကြသည်။ ကြုံလှီသေးကွေးလှသော သစ်ပင်များသည် တစ္ဆေသရဲများ ရပ်နေသည်နှင့် တူလှ၏။ ရထားလမ်းကွေ့တစ်ခုအရောက်တွင် သတ္တုအရည်ကြိုစက်ရုံဆီမှ နီရဲရဲမီးတောက်ကြီးတစ်ခုသည် လင်းခနဲပေါ်လာသည်။ ထိုမီးရောင်နှင့်အတူ ကိုယ်အထက်ပိုင်းဗလာဖြစ်နေသော အလုပ်သမားတစ်စု လက်များမြှောက်၍ ထုရန်ရိုက်ရန် ဟန်ပြင်နေသည့် မြင်ကွင်းသည် ဖျတ်ခနဲပေါ်လာသည်။ ထို့နောက် ချက်ချင်းပင် ဖျတ်ခနဲငြိမ်သွားသည့် မီးရောင်နှင့်အတူ ဖျတ်ခနဲပင် ပျောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျဆင်းလာပြီဖြစ်သော အမှောင်ထုသည် ပတ်ဝန်းကျင် ရေမြေတောတောင်၏ ထူးဆန်းမှုနှင့် ချောင်ကျမှုများကို သရုပ်သကန်ပေါ်အောင် ဖန်တီးပေးနေသည့်နှယ် ရှိသည်။ နောက်မိနစ်အနည်းငယ်မျှအကြာတွင် မီးရထားသည် တောင်ကြားဒေသ၏ ခရီးလမ်းဆုံးဖြစ်သော ထရီဂျင်နီမြို့ ဘူတာသို့ ဝင်ရောက်ဆိုက်ကပ်သည် နောက်ဆုံးကျတော့လည်း ကျွန်တော်တို့ လိုရာခရီးသို့ ဆိုက်ရောက်ခဲ့ကြရလေပြီ။ ကျွန်တော်သည် လက်ဆွဲအိတ်များဆွဲကာ မီးရထားပေါ်မှ အရင်ဆုံးခုန်ဆင်းလိုက်ပြီး ဇနီးသည်၏လက်ကို လှမ်းဆွဲကာ ရထားပေါ်မှ ချပေးလိုက်ပါသည်။

ဘူတာထွက်ပေါက်သို့ရောက်သည့်အခါ နှစ်ယောက်သား ယောင်လည်လည်ဖြစ်ကာ ရပ်နေကြရသည်။ ကျောက်မီးသွေးတွင်းမှ အရာရှိတစ်ဦးတလေ လာကြိုလိမ့်မည်ဟု မျှော်လင့်ထားသော်လည်း မတွေ့သဖြင့် စိတ်ပျက်လက်ပျက် ဖြစ်ရပါသည်။ ပြွတ်သိပ်ကျပ်ညပ်နေသော လူနေအိမ်များကိုကြည့်ကာ ပို၍စိတ်ပျက်လာသည်။ အတန်းလိုက် တည်ရှိနေသော ကျောက်မီးသွေးတွင်း အလုပ်သမားများ၏ နေအိမ်များသည် အရုပ်ဆိုးအကျည်းတန်လှချေသည်။ ပြန့်ကျဲနေသောလူနေအိမ်များတွင် ခရစ်ယာန်ဝတ်ကျောင်းကလေးများနှင့် စားသောက်ဆိုင်များကို ကျိုးတိုးကျဲတဲ မြင်တွေ့နေရ၏။ ကျောက်မီးသွေးတွင်းမှ ထွက်သမျှမြေကြီးများနှင့် အညစ်အကြေးအမှိုက်သရိုက်များသည် ဟိုတစ်ပုံ သည်တစ်ပုံ။ မြူများနှင့် မီးခိုးငွေ့များသည် တလူလူလွင့်ကာ အဆောက်အအုံများထက်တွင် ယှက်သန်းရွေ့လျားနေကြသည်။ ကျွန်တော်သည် အရွှင်သောနှလုံး၊ မပြုံးနိုင်သည့်မျက်နှာဖြင့် ကျွန်တော့်ဘဝခရီး၏ ရှေ့အလားအလာကို တွေးနေမိသည်။ တန်နေ့ချ်ဘရေးရွာမှ မြက်ခင်းပြင်များနှင့် တောင်ကြားကလေးများသည် ဘယ်ဆီသို့ ရောက်သွားကြပါလိမ့်။ ကျွန်တော့်ရင်ထဲ၌ အမှတ်မထင် တမ်းတမ်းတတဖြစ်မိပါသည်။

လမ်းမသိသဖြင့် ကျွန်တော်တို့သည် ဘူတာထွက်ပေါက်အနီး၌ ယောင်လည်လည်ဖြစ်ကာ ရပ်နေကြရပြန်သည်။ ထိုအခိုက်တွင် ဥသြသံ စူးစူးရှရှထွက်ပေါ်လာသည်။ ကျောက်မီးသွေးတွင်းဘက်မှ တန်းစီ၍လာနေကြသော အလုပ်သမားများကို မြင်ကြရ၏။ အသားအရောင်များက ဝါတာ

www.burmeseclassic.com

www.burmeseclassic.com


တာ၊ ဖျော့တော့တော့၊ မီးသွေးမှုန့်များနှင့် ချေးများရောထွေးကာ တစ်ကိုယ်လုံး မည်းနက်နေကြသည်။

ဦးထုပ်ရှေ့၌ တပ်ဆင်ထားသည့် မီးလုံးများသည် တလက်လက်။ အလုပ်သမားတစ်ဦးထံ ကျွန်တော်ချဉ်းကပ်ပြီး ဆရာဝန်အိမ် ဘယ်နားမှာလဲ ဟု မေးသည်။ သူက ကျွန်တော့်အားကြည့်ကာ ဝေးလ်နယ်ဘာသာစကား ဖြင့် ပြန်ပြောသည်။ ကျွန်တော် သူပြောသမျှ ဘာမှနားမလည်။ နောက်တစ်ဦး ကို သွားမေးပြန်တော့လည်း ဤအတိုင်းပင်ဖြစ်၏။ နောက်ဆုံးတွင် ကျွန်တော့် စကားကိုနားလည်သော လူငယ်တစ်ယောက်နှင့်တွေ့သည်။ သူကိုယ်တိုင်ပင် ကျွန်တော်တို့အား အိမ်တိုင်ရာရောက် ပို့ပေးသည်။ အိမ်မှာ သာမန်ကျောက် မီးသွေးတွင်းတူး အလုပ်သမားတစ်ဦးနေထိုင်သည့် ကော့တိတ်ချ်အိမ်ကလေး ဖြစ်၍ ခပ်ကျဉ်းကျဉ်း အခန်းနှစ်ခန်းသာပါသည်။ အိမ်ဘေးတံခါးဝအနီးရှိ ရေပုပ်ရေသိုးများစီးဆင်းနေသည့် ရေမြောင်းတစ်မြောင်းသည် ကျွန်တော်တို့ အား ဆီးကြိုလျက်ရှိပါသည်။

အိမ်စောင့်မိန်းမကြီးသည် အရပ်ပုပု၊ တုတ်တုတ်ခိုင်ခိုင်နှင့် ဆံပင် နက်နက်၊ ထူထဲသောမျက်ခုံးမွေးများသည် ဆက်နေကြသည်။ အထက် နှုတ်ခမ်းနားတွင် မှဲ့တစ်လုံးရှိသည်။ သူ့ကိုယ်သူ မစ္စက်မော်ဂင်ပါဟု မိတ်ဆက် သည်။

ကျွန်တော့်ဇနီးအား အပေါ်ထပ်ခေါ်သွားပြီး အိပ်ခန်းကိုပြသည်။ ပြီးတော့ မီးဖိုခန်းကိုပြကာ ရေကို အပြင်ဘက် ရေတွင်းမှသာလျှင် ရနိုင် ကြောင်း ရှင်းပြသည်။ ရေချိုးခန်းနှင့်အိမ်သာစသည်တို့မှာ အားလုံး နောက်ဖေး၌သာရှိကြပါသည်။ ထို့နောက် သူသည် ကျွန်တော်တို့အား ထားခဲ့ပြီး ထွက် သွားသည်။

'သိပ်တော့မဆိုးလှပါဘူး'ဟု ကျွန်တော်က တတ်နိုင်သမျှ ဟန်လုပ် ၍ ပြောသည်။

'ဟုတ်ပါတယ်၊ မဆိုးလှပါဘူး'

'ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ မောင်တို့နှစ်ယောက် အတူတူနေကြရတာပဲ'

'ဒါပေါ့မောင်ရယ်'

www.burmeseclassic.com

www.burmeseclassic.com


'ဒါပေမယ့် တစ်ခုတော့ ပြောရလိမ့်မယ်' ဟု ကျွန်တော်က မကျေမနပ်ပြောမိသည်။ သူတို့ပြောသလို သန့်ရှင်းသပ်ရပ်ပြီး သက်သောင့်သက်သာရှိစေမယ့် နေရာထိုင်ခင်းဆိုတာကတော့ မောင်မမြင်မိတာအမှန်ပဲ'

ထရီဂျင်နီ ကျောက်မီးသွေးကုမ္ပဏီမှ ကြော်ငြာကို လန်ဆက်သတင်းစာထဲ၌ တွေ့ခဲ့ရခြင်းဖြစ်သည်။ ထိုကြော်ငြာအရဆိုလျှင် ကုမ္ပဏီမှ ခန့်ထားမည့် ကျန်းမာရေးအရာရှိသည် တစ်နှစ်လျှင် လစာငွေပေါင် (၅၀၀)နှုန်းသာမက 'သန့်ရှင်းသပ်ရပ်ပြီး သက်သောင့်သက်သာနေနိုင်မည့် နေစရာအိမ်ကိုပါ ရရှိမည်ဖြစ်သည်။

ကြမ်းပြင်ထက်တွင် ခင်းထားသည့် အစုတ်အပြဲ ဖယောင်းတိုင်ပုဆိုး၊ စုတ်ပြတ်သတ်နေသော အစွပ်များစွပ်ထားသည့် ခနော်နီခနော်နဲ့ စားပွဲကုလားထိုင်များ၊ စုတ်ပြဲနေသော ပြတင်းပေါက်ခန်းဆီးများ၊ ကျိုးပဲ့နေသည့် ပက်လက်ကုလားထိုင် စသည်များကို နှစ်ယောက်သား မျက်နှာချင်းဆိုင်ထိုင်၍ စိတ်ပျက်လက်ပျက် ကြည့်နေမိကြပါသည်။ အထင်နှင့်အမြင်မှာ ကွာခြားလျက်ရှိ၏။ ဝေးလ်နယ်ကို စိမ်းလန်းစိုပြည်ပြီး အစာပေါများသည့် စားကျက်မြေများနှင့် နေချင့်စဖွယ် သပ်ရပ်လှပသော ကော့တိတ်ချ်တိုက်အိမ်ကလေးများတည်ရှိရာမြေအဖြစ် ကျွန်တော်တို့ စိတ်ကူးယဉ်ခဲ့ကြသည်။ ကျွန်တော်တို့လင်မယားအတွက် နတ်ဘုံနတ်နန်းတစ်ခု ဖြစ်လာလိမ့်မည်ဟုပင် တွေးတောစိတ်ကူးယဉ်ခဲ့ကြ၏။ ယခု မြင်တွေ့နေရသည့်အတိုင်းဆိုပါမူ ကျွန်တော်တို့သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ မချိပြုံးပြုံးမိကြပါသည်။

ထို့နောက် ဘေးဘက်ရှိ အခန်းတစ်ခန်းဆီသို့ဝင်ရာ တံခါးပေါက်ကို လှမ်းမြင်သည်။ ကျွန်တော်သည် တံခါးဆီသို့သွား၍ တွန်းဖွင့်လိုက်သည်။ တံခါးသည် ကြောက်မက်ဖွယ်ကောင်းလောက်အောင် တကျွီကျွီအော်မြည် ကာ ပွင့်သွားသည်။ အတွင်းဘက်တွင် ကြောင်အိမ်တစ်လုံးနှင့် ထိုကြောင် အိမ်ပေါ်မှ လိမ့်ကျကာ ကြမ်းပေါ်၌ ပြန့်ကျဲနေသည့် ဝီစကီပုလင်းလွတ်များ။ ကျွန်တော့်အရင်က နေသွားခဲ့သောဆရာဝန် စွန့်ပစ်ထားခဲ့သည့် ပုလင်းလွတ်များဖြစ်၏။ ထိုဆရာဝန်မှာ အရက်အလွန်အကျွံ သောက်သူဖြစ်ရာ နောက်ဆုံးတွင် စိတ်မမှန်သောအခြေအနေသို့ ဆိုက်ရောက်သွားခဲ့ရသည်ဟု နောင်အခါ

www.burmeseclassic.com

www.burmeseclassic.com


တွင် ကျွန်တော်တို့ သိကြရပါသည်။ နောက်ဆုံးမြင်ကွင်းသည် ကျွန်တော်၏ သနားစရာဇနီးသည် အားတင်းထားသောစိတ်ကို လုံးဝလျှော့ချလိုက်ပုံရ၏။ သူသည် သူ၏လက်ဆွဲသေတ္တာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ သူ့မျက်လုံးအစုံတွင် မျက်ရည်များဖြင့်ပြည့်နေပါသည်။

အခုလို အရေးကိစ္စမျိုးကို ပြုပြင်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ 'အစား' ပင်ဖြစ်သည်။ ယနေ့ တစ်နေ့လုံး ကျွန်တော်တို့နှစ်ယောက် အသားညှပ်ပေါင်မုန့်အနည်းငယ်မှလွဲ၍ စားစရာထွက်လာမည့်ပုံမပေါ်ပါ။ ထို့ကြောင့်လည်း ကျွန်တော်သည် ဇနီးသည်ကို မီးဖိုခန်းထဲမှဆွဲခေါ်ပြီး အပြင်သို့ ထုတ်လာခဲ့ပါသည်။

ထရီဂျင်နီတွင် စားသောက်ဆိုင် ကြီးကြီးမားမားမရှိပါ။ ဤအရပ်ဒေသမျိုး၌ စားသောက်ဆိုင်ကောင်းကောင်း လိုက်လံရှာဖွေနေမည်ဆိုပါက အရူးတစ်ယောက်ဟု အခေါ်ခံရဖို့သာရှိပါသည်။ ကျွန်တော်တို့ ဘူတာမှထွက်လာခဲ့သည်က ခပ်နုံနုံစားသောက်ဆိုင်လေးတစ်ဆိုင်ကို အမှတ်မထင် မြင်ခဲ့သည်။ ဘိုင်ခပ်ကျကျ ကျောင်းသားဘဝက အမြဲတစေ ဝင်ခဲ့ထွက်ခဲ့၊ စားသောက်ခဲ့ဖူးသည့် ဆိုင်မျိုးဖြစ်၏။ ငါးကြော်နှင့် အာလူးကြော်လောက်သာ ရနိုင်သော ဆိုင်မျိုးဖြစ်ပါသည်။

ဆိုင်ထဲတွင် နွေးနွေးထွေးထွေးရှိသည်။ ငါးကြော်နံ့များ တသင်းသင်းမွှေးနေသည်။ ကျောက်မီးသွေးမှုန့်များ အလူးလူးဖြစ်နေသည့်ဖောက်သည် မည်းမည်းများလည်း ဝင်လာမစဲ။ ကျွန်တော်တို့ စားပွဲတစ်လုံး၌ ဝင်ထိုင်ကြသည်။ ကျွန်တော်တို့အတွက် ညစာသည် ပူပူနွေးနွေးနှင့် အနံ့အရသာရှိသဖြင့် စားသောက်ရသည်မှာ ကျေနပ်ဖွယ်ဖြစ်ပါသည်။

ကျွန်တော်၏ အတွေ့အကြုံအရဆိုပါက အလုပ်ကြမ်းသမားများ စားသောက်သောဆိုင်သည် ဆိုင်ကောင်းဖြစ်တတ်သည် မဟုတ်ပါလား။ မည်သို့ပင်ဖြစ်စေ အစားဝင်သွားသည့်အခါ ဘဝသည် ကျွန်တော်တို့အတွက် သာသာယာယာ ပြန်၍ဖြစ်လာပါသည်။

'မောင်တော့ ကုမ္ပဏီရုံးကိုသွားပြီး အကြောင်းကြားလိုက်ဦးမှ ကောင်းမယ်ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com


'မလုပ်ပါနဲ့ဦး၊ မေရီတို့နှစ်ယောက် ခရီးရှည်ကြီးလာခဲ့ရလို့ သိပ်ပင်ပန်းနေကြတာ၊ စားသောက်ပြီးရင် အိပ်ရာဝင်တာ အကောင်းဆုံးပဲ'

သူ့စကားသည် အနှောင့်အသွားမလွတ်သလို ဖြစ်နေသည်။ တွေးလိုက်လျှင် အဓိပ္ပာယ်တစ်မျိုး သက်ရောက်နေသည်။ မေရီသည် သူ့စကားသူပြန်တွေးကာ ရှက်စိတ်ဝင်သည်။ မျက်နှာသည် ချက်ချင်းနီရဲလာသည်။ သို့သော်လည်း ရှက်စိတ်ကိုဖြေသည့်သဘောဖြင့် စကားတစ်ခွန်း ထပ်ပြောသည်။ 'မွေ့ရာကတော့ ကောင်းပါတယ်၊ ပြီးတော့ အိပ်ရာခင်းတွေကလဲ လောလောလတ်လတ် လျှော်ဖွတ်ထားပုံပါပဲ'

'ချစ်ရယ်...'ဟု ကျွန်တော်က စိတ်မကောင်းဖြစ်သည့် လေသံ ဖြင့် ရေရွတ်လိုက်မိသည်။ ကောင်တာနောက်မှနေ၍ ဆံပင်ညှပ်တစ်ချောင်းဖြင့် သွားကြားထိုးကာ ကျွန်တော်တို့အား စိတ်ဝင်တစား လှမ်းကြည့်နေသည့် ဝေးလ်နယ်သူ ထမင်းချက်မိန်းမကြီးကိုပင် ဂရုမပြုမိတော့ပါ။ 'မင်းဟာ ဒီကမ္ဘာလောကကြီးမှာ ချစ်စရာအကောင်းဆုံးနဲ့ အရဲရင့်ဆုံးမိန်းကလေးတစ်ယောက်ပါလားကွယ်၊ တကယ်လို့သာ မင်းဟာ မင်းအမြဲတမ်းရနေတဲ့ စည်းစိမ်ချမ်းသာကိုပေးနိုင်တဲ့ လူတစ်ယောက်နဲ့သာ မင်းလက်ထပ်ခဲ့ရင် မင်းရဲ့ မင်္ဂလာဦး ပျားရည်ဆမ်းခရီးဟာ မွန်တီကာလို ဖြစ်ရင်လည်းဖြစ်မယ်၊ အီတလီနိုင်ငံက ဖလော့ရင့်စ်တို့၊ ကက်ပရီတို့ ဖြစ်ရင်လည်းဖြစ်မယ်၊ ဒါပေမယ့် မင်းက အဲဒီလိုလူစားမျိုးကို လက်မထပ်ဘဲ မိဘတွေရဲ့ဆန္ဒတွေကို ဆန့်ကျင်ပြီး မောင့်ကိုလက်ထပ်ခဲ့တယ်။ မောင့်လိုလူမွဲတစ်ယောက်ကို လက်ထပ်ပြီး မိဘရင်ခွင်နဲ့ မင်း အင်မတန်တွယ်တာမြတ်နိုးတဲ့အိမ်ကို ခွဲလာခဲ့တယ်၊ ချမ်းသာသုခဆိုလို့ ဘာတစ်ခုမှမရှိတဲ့ဘဝထဲကို ဝင်လာခဲ့တယ်၊ မောင့်ကို ခွင့်လွှတ်ပါ အချစ်ရယ်၊ ဒါပေမယ့် မောင် ဒီအတိုင်းမနေပါဘူး၊ စောင့်ကြည့်ပါ၊ မောင် မင်းအတွက်ကြိုးစားပြီး ဘဝကိုတည်ဆောက်သွားပါမယ်၊ မင်းအတွက် မောင်ဟာအောင်မြင်တဲ့ လူသစ်ယောက်ဖြစ်လာအောင် ကြိုးစားပါ့မယ်၊ အိုကွယ်... မင်းလက်ကို မရုန်းပါနဲ့၊ စားပွဲထိုးအမျိုးသမီး ကြည့်နေတာ မောင်ဂရုမစိုက်ပါဘူး၊ သူ နားထောင်နေတော့ကော ဘာဖြစ်လဲ၊ မောင် လူချမ်းသာဖြစ်စေရမယ်၊ ကျော်ကြားတဲ့လူ ဖြစ်လာစေရမယ်၊ လန်ဒန်မြို့

www.burmeseclassic.com

www.burmeseclassic.com


တော်ကြီးက နာမည်ကျော် ဟာလေလမ်းထဲမှာ အထူးကုဆရာဝန်ကြီး တစ်ယောက်အဖြစ် ထင်ရှားလာအောင်လုပ်မယ်၊ မောင့်အနေနဲ့ အခုလို မင်္ဂလာ ဦးညမှာ မင်းကို ပြင်သစ်လို၊ အီတလီလိုနိုင်ငံတွေဆီ ခေါ်မသွားနိုင်ပေမယ့် မောင့်ရဲ့စစ်မှန်တဲ့စေတနာနဲ့ ချစ်ခြင်းမေတ္တာကိုတော့ မေးနိုင်ပါတယ် အချစ် ရယ်'

'ဟေး... ကိုယ့်လူ၊ ခင်ဗျား ဆရာဝန်အသစ်မဟုတ်လား'

စာဆန်ဆန် ကဗျာဆန်ဆန် စကားလုံးများဖြင့် အရူးထနေသော ကျွန်တော်၏ စိတ်ကူးယဉ်မှုကို ခပ်ကြမ်းကြမ်းအသံတစ်သံက ကြားဖြတ်လိုက်သဖြင့် တန့်သွားသည်။ ဆင်နားရွက်တံခါးကို တွန်းဖွင့်ပြီး ဝင်လာသူမှာ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ခိုင်၊ နှာခေါင်းရှည်ရှည်၊ တစ်မျက်နှာလုံးမည်းနေသော အလုပ်သမားတစ်ယောက်ဖြစ်၏။ ဆံပင်တိုတိုညှပ်ထားသည့် ဦးခေါင်းလုံးလုံးတွင် သားရေဦးထုပ်ဆောင်းထားသည်။ လက်ထဲတွင် အချက်ပြမီးအိမ်တစ်လုံးကိုင်လျက်။

'ဟား... ခင်ဗျားကိုလာခေါ်ရတာ စိတ်မကောင်းဘူး ဒေါက်တာ' ကျွန်တော်က သူဝင်လာလျှင်လာချင်း မေးလိုက်သည့် မေးခွန်းကို ဖြေလိုက်သည်နှင့်တစ်ပြိုင်နက် ဤစကားကိုပြောသည်။ 'ဒါပေမယ့် သူတို့က တွင်းကို ခေါ်လာရမယ်ပြောနေလို့ လာရတာပဲဗျာ'

ကျွန်တော့်စိတ်ထဲတွင် အနှောင့်အယှက်ဖြစ်မိသည်မှာ အမှန်။ သို့တစေလည်း ကျွန်တော်တို့လင်မယား ရောက်လာခြင်းကို တရားဝင် အသိအမှတ်ပြုသည့်သဘောပါနေသဖြင့် စိတ်ထဲက အနည်းငယ် ကျေနပ်သွားပါသည်။ ချက်ချင်းပင် ကျွန်တော့်ဇနီးအား အိမ်သို့ပြန်ပို့သည်။ နာရီဝက်ခန့် အတွင်း အရောက်ပြန်လာခဲ့မည်ဟု သူ့အားပြောကာ အခုမှသိလာရသည့် မိတ်ဆွေသစ်နှင့်အတူ ထွက်လာခဲ့ပါသည်။ သူက ပြောပြသဖြင့် သူ့နာမည်ကို ရိုင်းစ်ဂျုံးဟုခေါ်ကြောင်း ကျွန်တော်သိရသည်။ မြေအောက် ကျောက်မီးသွေး တွင်းထဲ၌ သူအလုပ်လုပ်လာခဲ့သည်မှာ နှစ်ပေါင်းသုံးဆယ်ရှိခဲ့ပြီ။ သာမန် အလုပ်သမားလေးတစ်ယောက်အဖြစ်မှ တဖြည်းဖြည်းနှင့် ယခုလက်ရှိ မိုင်းခွဲလုပ်သားဘဝသို့ ရောက်လာခဲ့သူဖြစ်၏။ ကျွန်တော့်အား ဘာကြောင့် အရေး

www.burmeseclassic.com

www.burmeseclassic.com


တကြီး လာခေါ်ရတာလဲဟု ကျွန်တော်က မေးသည့်အခါ မြေအောက်ကျောက်မီးသွေးတွင်းထဲ၌ အလုပ်သမားတစ်ယောက် ဒဏ်ရာရနေသဖြင့် ဆင်း၍ကူညီရန်ဖြစ်ပါသည်ဟု ပြန်ပြောသည်။

ကျွန်တော်တို့သည် ကျောက်မီးသွေးတွင်းတည်ရှိရာ ဧရိယာအတွင်းသို့ ဝင်မိကြသည်။ မီးရောင်များအောက်တွင် တလက်လက်ဖြစ်နေကြသော မီးရထားလမ်းများကို ကျော်ဖြတ်ကာ ရှေးဦးသူနာပြုအခန်းဆီသို့ သွားကြသည်။ ဂျုံးက ညစ်ပတ်ပေရေပြီး ပေါက်ပြဲနေသော ဆေးအိတ်တစ်လုံးကို ယူ၍ ကျွန်တော့်အားလှမ်းပေးသည်။ ထို့နောက် ကျွန်တော့်အား ကရိန်းတစ်ခုဆီသို့ ခေါ်သွားသည်။ ကရိန်းအောက်ဘက်တွင် သံလှောင်ချိုင့်ကြီးတစ်လုံးရှိသည်။ ကျွန်တော်တို့သည် သံလှောင်ချိုင့်ကြီး အတွင်းသို့ ဝင်ကြရပါသည်။ လှောင်ချိုင့်တံခါးပိတ်လိုက်သည်နှင့်တစ်ပြိုင်နက် ဂျုံးက အချက်ပြသည်။ လှောင်ချိုင့်သည် ဆတ်ခနဲလှုပ်ကာ ရွေ့လျားသွားပြီး အောက်ဘက်မြေအောက် ပေကိုးရာအထိ အရှိန်ပြင်းစွာဖြင့် စိုက်ဆင်းသွားသည်။

အောက်ခြေမြေပေါ်သို့ ဆိုက်ရောက်သည့်အခါ လှောင်ချိုင့်သည် ဆတ်ခနဲ ခါရမ်းပြီး တန့်ခနဲရပ်သွားသည်။ လှောင်ချိုင့်ထဲမှ ထွက်လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော်တို့သည် ပေါင်းမိုးအခုံးများရှိသော လိုဏ်ဂူဝသို့ ရောက်သွားသည်။ ဂူဝသည် မြေအောက်ဥမင်လိုဏ်ခါင်းအများအပြားနှင့် ဆက်လျက်ရှိသောနေရာဖြစ်၏။ ဂျုံးသည် ကျွန်တော်အား ထိုဥမင်လိုဏ်ခေါင်းများထဲမှ တစ်ခုအတွင်းသို့ ရှေ့မှဦးဆောင်ပြီး ခေါ်သွားပါသည်။

ကျွန်တော်သည် မြေအောက်သတ္တုတွင်းထဲသို့ တစ်ကြိမ်တစ်ခါမှ ဆင်းခဲ့ဖူးသူ မဟုတ်ပါ။ အမှန်အတိုင်းပြောရလျှင် ကျောက်မီးသွေးတစ်တွင်းကိုပင် မြင်ဖူးခဲ့သူ မဟုတ်ပါ။ သတ္တုတူးဖော်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ဘာတစ်ခုမှ ဂဃနဏ သိသူမဟုတ်ပါ။ ကျောက်မီးသွေးနှင့် ပတ်သက်လာလျှင် ကျောက်မီးသွေးပုံကိုသာ မြင်ဖူးခဲ့သူဖြစ်သည်။ ဤကျောက်မီးသွေးများကို ဘယ်လိုတူးဖော်ရသည်ကို သိဖို့မဆိုထားနှင့်၊ တွေးပင်တွေးတတ်ခဲ့သူ မဟုတ်ပါ။ ကျွန်တော့်၏အသိမှာ မီးလှုံသည့်အခါ ကျောက်မီးသွေးတုံးကို မီးဖိုထဲ ကောက်၍ထည့်ရသည်ဟူသော အသိမျှသာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


မည်သို့ပင်ဖြစ်စေ ယခုအခါတွင် ကျွန်တော်သည် ကျောက်မီးသွေးတွင်းထဲသို့ ရောက်နေပြီဖြစ်၏။ ဂျုံး၏နောက်မှ ကုန်းကုန်းကွကွလုပ်၍ လိုက်နေရပြီဖြစ်၏။ ဉမင်လိုဏ်ခေါင်းမှာ နိမ့်လည်းနိမ့်၍ မှောင်လည်းမှောင်သည်။ အပေါ်ဘက်အမိုးမှ အရာဝတ္ထုများနှင့် တိုက်မိမည်စိုး၍ လမ်းတစ်လျှောက်လုံး ခါးကုန်းကာ ဦးခေါင်းကိုငုံ့ထားရသည်။ သတ္တုတွင်းတူးလုပ်သားများ၏ ပြင်းထန်ကျပ်တည်းလွန်းလှသောဘဝကို ကျွန်တော်နားလည်သဘောပေါက်စပြုလာပါသည်။

မိနစ်တိုင်းလိုလိုပင် ဂျုံးသည် ကျွန်တော့်လက်မောင်းကို ဆုပ်ဆွဲကာ ဘေးသို့ဖယ်၍ လုပ်ခိုင်းသည်။ မြေအောက်ရထားသံလမ်းအတိုင်း ဂျုံးဂျုံးဂျိုင်းဂျိုင်းမြည်ဟည်းကာ ပြေးလာနေသည့် ကျောက်မီးသွေးတင် ဇလားတွဲများကို ရှောင်ရန် ဆွဲဖယ်ထားခြင်းဖြစ်သည်။ ခါးအထက် အပေါ်ပိုင်းတစ်ပိုင်းလုံး ဗလာကျင်းနေသော အလုပ်သမားများသည် တွဲများပေါ်၌ ထိုင်၍လိုက်ပါလာကြသည်။ ရထားတွဲများသည် ကျွန်တော်တို့နှင့် လက်မအနည်းငယ်ကွာမှ ဖြတ်၍ဖြတ်၍ သွားနေကြခြင်းဖြစ်ပါသည်။

'ရောက်ခါနီးပြီလား'ဟု ခပ်စောက်စောက် ကုန်းဆင်းကလေးတစ်ခုသို့ ရောက်သွားသည့်အခါ ကျွန်တော်က ဂျုံးအားလှမ်းမေးသည်။

'မနီးသေးဘူးဗျ 'ဟု သူကဖြေသည်။ 'ဂိတ်ဝကနေလာရင် နှစ်မိုင်လောက် လာရတာ၊ မိနစ်လေးဆယ်လောက်ကျမှ ရောက်တယ်'

မြေမျက်မှာပြင်အောက် ပေကိုးရာ၊ လွတ်လွတ်လပ်လပ် လေရှူနိုင်သည့်ထွက်ပေါက်နှင့် နှစ်မိုင်မျှကွာဝေးသည်။ ထိုအသိဝင်လာသော အခါ အလွန်ကျဉ်းမြောင်းပြီး ပိတ်လှောင်နေသောနေရာ၌ မနေဝံ့သည့် ကြောက်စိတ်သည် ကျွန်တော့်အား ဝင်၍ပူးကပ်လာသည်။ လည်ချောင်းနှင့် ရင်ဘတ်ထဲတွင် တင်းကျပ်ပိတ်ဆို့လာသည်။ ခေါင်းထဲတွင်လည်း မူးနောက်နောက် ရီဝေဝေ ဖြစ်လာသည်။ အသိအမြင် ပြန်လည်ကြည်လင်လာစေရန် ကျွန်တော်အပြင်းအထန် အားထုတ်နေရပါသည်။ ဤကြားထဲ အသက်ရှူ၍ကမဝ၊ လေကလည်း စွတ်စိုထိုင်းမှိုင်းပြီး အမှုန်များထူထပ်လွန်း၍ မသန့်။ ဆေးအိတ်ကလည်း ကျွန်တော့်လက်ထဲတွင် အဆမတန်လေးလာသည်။ တော်ပါသေး၏။

www.burmeseclassic.com

www.burmeseclassic.com


ဂျုံးက ကျွန်တော့်လက်ထဲမှဆေးအိတ်ကို အလိုက်သိစွာ လှမ်း၍ယူသည်။ ကျွန်တော်တို့သည် ဘေးဘက်မှ ဥမင်လိုဏ်ခေါင်းတစ်ခုအတွင်းသို့ ဝင်ခဲ့ကြသည်။ အမြင့်မှာ သုံးပေထက်ပိုလိမ့်မည်မထင်ပါ။ ဤမျှလောက် ကျဉ်းမြောင်းသည့်နေရာတွင် ကျွန်တော်တို့သည် လက်များနှင့်ဒူးများကို အသုံးပြုကာ လေးဘက်တွား၍ ဝင်ကြရပါသည်။ ဖုတွေထစ်တွေနှင့် မညီမညာဖြစ်နေ သော ရေထုတ်မြောင်း၊ မြေပြင်ပေါ်တွင် ရေစီးလျက်ရှိပါသည်။ နောင်အခါ ကျမှ ဤနေရာမျိုးကို တွင်းစိုဟုခေါ်ကြောင်း ကျွန်တော်သိရသည်။ ရေသည် ကျွန်တော့်ခါးကို ထိနေသည်။ ဤနေရာမျိုး၌ လူတွေအလုပ်လုပ်ကြရသည့် အဖြစ်ကို ကျွန်တော်တွေးလိုက်မိသောအခါ စိတ်မကောင်းဖြစ်မိသည်။ ကျဉ်းမြောင်းလွန်းလှသော ဥမင်လိုဏ်ခေါင်းထဲရှိ ရေထဲ၌ထိုင်ကာ ဘေးဘက်နံရံမှကျောက်မီးသွေးများကို တူး၍ ခုတ်၍ ခွဲ၍ ဖြတ်၍ ထုတ်ယူကြရခြင်းဖြစ်၏။ ဤအလုပ်ကို အလုပ်သမားတစ်ဆိုင်းလျှင် ရှစ်နာရီတိတိမျှ လုပ်ရသည်။ တစ်ရက်တည်း လုပ်ကြရခြင်းမဟုတ်။ တစ်ရက်ပြီးတစ်ရက် နေ့စဉ် လုပ်ကြရခြင်းဖြစ်ရာ အဆမတန်ပင်ပန်းပြီး အလွန်ကြမ်းတမ်းခက်ခဲသည့် အလုပ်ဖြစ်၏။ ကလေးဘဝမှသည် လူရွယ်ဘဝ၊ လူရွယ်ဘဝမှသည် သက်ကြီးရွယ်အိုဘဝအထိ ဂူအောင်းသတ္တဝါများသဖွယ် မြေအောက်တွင်းများထဲ၌ အချိန်ကုန်ကြရသူများဖြစ်၏။ ဤမျှလောက်အထိ ပင်ပန်းကြီးစွာ လုပ်ကိုင်နေကြရသော်လည်းရသည့် လုပ်ခကျတော့ သူတို့၏ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာအောင်ပင် ပြည့်စုံလုံလောက်သည်မဟုတ်။

ကျွန်တော်တို့သည် ကျောက်မီးသွေးတွင်း၏ အောက်ခြေမြေပြင် သို့ရောက်သွားကြသည်။ ထိုနေရာတွင် မြေအောက်မန်နေဂျာနှင့် သူ့အဖော်သုံးယောက်သည် ပြိုကျထားသည့် မြေစိုင်မြေခဲနှင့် ကျောက်တုံးကျောက်ခဲပုံကြား၌ ပက်လက်ဖြစ်နေသော အလုပ်သမားကို ဝိုင်း၍ ထိုင်နေကြသည်။ မန်နေဂျာက ကျွန်တော့်အား ဆီး၍နှုတ်ဆက်ပြီး ဖြစ်ပျက်ပုံနှင့် အခြေအနေကို ရှင်းပြသည်။

သူတို့သည် ကျောက်မီးသွေးထုတ်ရန် မိုင်းခွဲကြခြင်းဖြစ်သည်။ လုပ်ပုံကိုင်ပုံ တစ်ချက်ကလေးလိုသွားသည့်အတွက် ကျောက်ခဲများနှင့်မြေများ

www.burmeseclassic.com

www.burmeseclassic.com


ပြိုကျကာ အလုပ်သမားတစ်ယောက်အား ပိနေသည်။ လက်ရှိအနေအထားအရ အပေါ်ဘက်ရှိ အမိုးတစ်ခုလုံး အချိန်မရွေး ပြိုကျလာနိုင်ဖွယ်ရာရှိ၏။ အကယ်၍ အမိုးပေါ်ပြိုကျမည်ဆိုပါက တန်ချိန်ရာပေါင်းများစွာရှိသည့် ကျောက်တုံးကျောက်ခဲများသည် လိုဏ်ခေါင်းတစ်ခုလုံးကို ပိတ်ဆို့သွားလိမ့်မည်ဖြစ်သည်။

မန်နေဂျာ၏အသံသည် အေးဆေးတည်ငြိမ်သော်လည်း ကျွန်တော်လုပ်ရမည့်အလုပ်မှာ အရေးတကြီးလုပ်သွားဖို့ လိုအပ်နေကြောင်း ထင်ရှားလျက်ရှိ၏။ ကျွန်တော်သည် အပေါ်ဘက်မှတွဲလောင်းကျနေသော အင်တေပြားကြီးကို တစ်ချက်မျှ ကပျာကယာ မော့ကြည့်လိုက်ပြီး အောက်ဘက်၌ ပက်လက်ဖြစ်နေသည့် အလုပ်သမားဆီသို့ လေးဘက်တွား၍ ချဉ်းကပ်ပါသည်။ သူ၏ ဘယ်ဘက်ခြေထောက်သည် သုံး၍မရတော့လောက်အောင် ကြေမွလျက်ရှိသည်။ အလွန်ကြီးမားသည့်စက်ကြီးတစ်ခုနှင့် ဖိကြိတ်ခြင်းခံထားရသည့်နှယ် ပျော့ဖပ်ဖပ်ဖြစ်လျက်ရှိ၏။ သူ့အပေါ်မှ ပိနေသည့် အလေးချိန်က ကြီးမားလွန်းသဖြင့် တစ်လက်မမျှပင် ရွှေ့၍ပြောင်း၍ရနိုင်မည့် လက္ခဏာမရှိ။ ကျွန်တော်လုပ်နိုင်သည့် လမ်းတစ်လမ်းသာရှိတော့၏။ ယင်းမှာ သူ့ခြေထောက်ကို ဒူးအောက်မှ ချက်ချင်းဖြတ်ပစ်ရန်ပေတည်း။

ထိုအတွေးသည် ကျွန်တော့်အား ထိတ်လန့်ကြောက်ရွံ့ခြင်းကို ဖြစ်ပေါ်စေပါသည်။ ကျောင်းသားဘဝက နိမိတ်ဖတ်မှု မှန်မမှန် သက်သေထူရမည့် အခြေအနေတစ်ရပ်နှင့် ရင်ဆိုင်နေရပြီဖြစ်၏။ ခွဲစိတ်ကုဆရာဝန်တစ်ယောက်အနေဖြင့် တွက်ပါက ကျွန်တော့်တွင် အတွေ့အကြုံကလည်းနည်း၊ ကျွမ်းကျင်မှုကလည်း သိပ်မရှိ၊ ရဲဝံ့ပြတ်သားပြီး သိမ်မွေ့နူးညံ့မှု လိုအပ်သော ဤအလုပ်သည် စိတ်၏တည်ငြိမ်အေးဆေးမှုကို လိုအပ်သည်။ မိမိ၏နှလုံးသားနှင့်လက်တို့၏ ပေါင်းစည်းညီညွတ်မှုကို လိုအပ်သည်။ ဤအရည်အသွေးကို ရရှိဖို့ဆိုသည်မှာ လွယ်သည်မဟုတ်။

မည်သို့ပင်ဖြစ်စေ၊ အခုကိစ္စသည် ကျွန်တော် နောက်ဆုတ်၍ရနိုင်သော ကိစ္စမဟုတ်ပါ။ ကျွန်တော်သည် ရှေးဦးသူနာပြုဆေးအိတ်ကို ဖွင့်လိုက်သည်။ ပိတ်စများကိုထုတ်၍ အလောတော်အရွယ်အစားများရအောင်

www.burmeseclassic.com

www.burmeseclassic.com


ကတ်ကြေးဖြင့်ဖြတ်လိုက်သည်။ မေ့ဆေးမျက်နှာဖုံးကို မေ့ဆေးရည်များဖျန်းလိုက်သည်။ ကျွန်တော့်လူနာသည် အခုအချိန်ထိ သတိရနေဆဲ မဟုတ်ပါလား။

'ကျွန်တော်ခင်ဗျားကို ဒီနေရာက ထုတ်ယူရလိမ့်မယ်'ဟု ကျွန်တော်က တိုးတိုးကပ်ပြောသည်။ 'အသက်ကိုမှန်မှန်ရှူ၊ အားလုံးကိုမေ့ထားလိုက်'

မေ့ဆေးအရှိန်ဖြင့် သူ သတိမေ့သွားသည်နှင့်တစ်ပြိုင်နက် ကျွန်တော်သည် လက်ထဲမှမေ့ဆေးပုလင်းကို သူ့ဘေးနား၌ချထားလိုက်ပြီး သွေးတိတ်ရန် စည်းထားသည့်ပတ်တီးကို တင်းပေးလိုက်သည်။ ရော်ဘာလက်အိတ်များကိုစွပ်ကာ ဓားကိုယူ၍ ဒူးခေါင်းတစ်ခုလုံးအား အိုင်အိုဒင်းဆေးရည်ဖြင့် သုတ်ပေးလိုက်သည်။ ထို့နောက် ဓားဖြင့် စ၍လှီးဖြတ်ခြင်းပြုပါသည်။

ဇီဇာကြောင်၍ ဇာချဲ့နေရန် အချိန်မရှိပါ။ ခပ်နိမ့်နိမ့်အမိုးအောက်တွင် အလျားမှောက်ကာ လုပ်စရာရှိသည်များကို လျင်မြန်စွာလုပ်ရပါသည်။ သွေးလွှတ်ကြောများကို စမ်းသပ်ရှာဖွေကာ တစ်ခုပြီးတစ်ခု ညှပ်ဖြင့်ညှပ်ပေးသည်။ ထို့နောက် လွှငယ်ကို လှမ်းယူလိုက်သည်။ သို့သော်လည်း ဤအခိုက်မှာပင် ဂျုန်းခနဲမြည်ဟည်းသံတစ်ချက် ထွက်လာသည်။ ခေါင်မိုးထက်မှ ကျောက်တုံးအစအနများ ဝေါခနဲကျလာသည်။ မေ့ဆေးပုလင်းကို ထိမှန်သဖြင့် ပုလင်းကွဲသွားသည်။ ပုလင်းကွဲများသည် ဘေးသို့ပြန့်ကျဲသွားကြသည်။ ပုလင်းထဲမှ မေ့ဆေးများသည် မြေကြီးပေါ်သို့ ဖိတ်စင်ကုန်သည်။

ကျွန်တော်စိတ်ပျက်လက်ပျက်ဖြင့် စိတ်ထဲမှကြိတ်၍ ကျိန်ဆဲလိုက်မိ၏။ သို့သော်လည်း အသံကြားရုံမျှဖြင့် ရပ်နားနေ၍မဖြစ်ပါ။ အပြင်းအထန်တုန်လှုပ်ချောက်ချားသောစိတ်ဖြင့် အရိုးကိုလှီးဖြတ်ကာ အသားကိုပြန်၍ ချုပ်သည်။ မြေအောက်မန်နေဂျာက အမိုးကို မော့၍မော့၍ကြည့်ကာ ကျွန်တော့်အား အမြန်ဆုံးလုပ်ဖို့ တတွတ်တွတ်တိုက်တွန်းလျက်ရှိ၏။ ကျွန်တော်သည် ခွဲဖြတ်ထားသည့်အနာကို ပြန်၍ပိတ်ကာ အပေါ်မှ အရေပြားများအုပ်၍ ချုပ်ပေးသည်။ ချုပ်နေရင်းမှပင် ပတ်ဝန်းကျင်ကို မျက်စိကစားမိသည်။ ဒဏ်ရာရထားသောလူနာသည် ပြူးကျယ်သောမျက်လုံးများဖြင့် ကျွန်တော့်အား မော့ကြည့်နေသည်ကို မြင်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒေါက်တာလုပ်တာကိုင်တာ သိပ်ကိုသေသပ်တာပဲဗျာ၊ တကယ် ပြောတာပါ'ဟု သူက လေသံတိုးတိုးဖြင့် ပြောပြသည်။

သူမေ့ဆေးပြယ်နေသည်မှာ ကြာပြီဖြစ်၍ ကျွန်တော်လုပ်ကိုင်သမျှကို စောင့်ကြည့်နေသည်မှာ ငါးမိနစ်မျှ ကြာခဲ့ပြီဖြစ်၏။

အလုပ်သမားများက လူနာအား ဝိုင်း၍မကာ လူနာထမ်းစင်ပေါ် တင်ပေးကြသည်။ ထိုအချိန်တွင်လည်း သူ့မျက်လုံးများသည် ကျွန်တော့်အား စိုက်ကြည့်နေဆဲပင်ဖြစ်၏။ သူသည် စကားပြောရန် ထပ်၍အားထုတ်ပြန်သည်။ သို့သော်လည်း သူသည် အားထုတ်နေရင်းကပင် သတိမေ့သွားသည်။ ကျွန်တော်တို့ထွက်လာ၍ ခြေလှမ်းငါးဆယ်ခန့်အရောက်တွင် နောက်ဘက်မှ လိုဏ်ခေါင်းအမိုးပြိုကျသံကို ကြားကြရပါသည်။

ကျွန်တော်တို့ မြေမျက်နှာပြင်ပေါ်သို့ ပြန်ရောက်ကြသည်အခါ ညနှစ်နာရီထိုးနေလေပြီ။ ကျွန်တော့်ဘဝတစ်သက်တာတွင် ဤမျှလောက် ဝင်းလက်တောက်ပသောကြယ်များကို တစ်ကြိမ်တစ်ခါမှမမြင်ဖူး၊ မတွေ့ဖူးဟုပင် ထင်လိုက်မိပါ၏။

လူနာအတွက် လူနာတင်ယာဉ်မရှိပါ။ ကျွန်တော်တို့သည် လူနာထမ်းစင်ကို တစ်ယောက်တစ်လှည့်မကာ သူ့အိမ်အရောက်ပို့ပေးကြရသည်။ အိမ်တွင် သူ့အား စောင့်ကြပ်ကြည့်ရှုပေးမည့် ကော်တီခရိုင်မှ နယ်မြေတာဝန်ခံ သူနာပြုဆရာမတစ်ယောက်ရှိပါသည်။

မည်သို့ပင်ဖြစ်စေ အကြီးအကျယ်သွေးလန့်ပြီး သတိပြန်လစ်သွားသောလူနာအား သတိပြန်၍ရလာစေရန်နှင့် သက်သာစေရန်အတွက် ကျွန်တော်ကိုယ်တိုင် ကိုယ်ဖိရင်ဖိပြုစုကုသပေးသည်။ ကျွန်တော်အိမ်သို့ပြန်ရောက်သည့်အခါ အရုဏ်ဦးရောင်ခြည်များ ယှက်သန်းစပြုနေလေပြီ။ အိမ်ထဲသို့ဝင်သွားခိုက်တွင် လက်ထပ်ပြီးစ ပျားရည်ဆမ်းခရီးထွက်ခဲ့သည့် မင်္ဂလာဦးညတွင် ကျွန်တော်အချိန်ကုန်ခဲ့ရပုံမှာ တစ်မျိုးကြီးပါကလားဟူသော အတွေးသည် ကျွန်တော်၏ ရီဝေဝေ မူးနောက်နောက် ခေါင်းထဲသို့ ဝင်ရောက်လာသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com


[ ၁၆ ]

လူတစ်ယောက်အနေဖြင့် နေရာတစ်နေရာသို့ ပထမဆုံးအကြိမ် ရောက်သွားသည့်အခါများတွင် ထိုနေရာနှင့်ပတ်သက်၍ ပထမဆုံးဖြစ်ပေါ်လာသော အတွေးအမြင်သည် အများအားဖြင့် လွဲမှားတတ်ပါသည်။ သို့သော်လည်း ယခု ကျွန်တော်တို့ရောက်လာသည့်နေရာနှင့်ပတ်သက်၍မူ ကျွန်တော်တို့၏အမြင်သည် လွဲမှားဖွယ်ရာရှိလိမ့်မည်မဟုတ်ပါ။ ဤမြို့သည် ပျော်စရာကောင်းမည့်မြို့တစ်မြို့ မဟုတ်ကြောင်းကို အခြေအနေအရပ်ရပ်က အတိအကျဖော်ပြလျက်ရှိပါသည်။

အမှန်တော့လည်း သာယာလှပသော သတ္တုတွင်းမြို့ဟူ၍ မရှိသလောက် ရှားပါးလှပါသည်။ ထရီဂျင်နီမြို့သည် သူတို့၏အရပ်သုံးစကားဖြင့် ပြောရမည်ဆိုပါက 'မြို့ကြမ်းတစ်မြို့'ဖြစ်သည်။ လူအားလုံး၏ ဘဝသည် သတ္တုတွင်းလုပ်ငန်းအပေါ်၌ တည်မှီနေသည်။ ထရီဂျင်နီ ကျောက်မီးသွေးကုမ္ပဏီသည် အဆင့်အတန်းမြင့်သည့် စီးပွားရေးလုပ်ငန်းရှင်အဖြစ်သာမက အလုပ်သမားများအပေါ် မျှတစွာဆက်ဆံတတ်သည်ဟု အသိအမှတ်ပြုခံရသော ကုမ္ပဏီဖြစ်သည်။ သို့သော်လည်း အကျိုးစီးပွားများစွာ ဖြစ်ထွန်းခြင်းမရှိပေ။ စိုစွတ်ပြီး ကျဉ်းမြောင်းသောမြေမှ ထုတ်လုပ်ရခြင်းဖြစ်၍ ထွက်ရှိသည့်ကျောက်မီးသွေးက အမျိုးအစားမကောင်း၊ များများစားစားလည်းမထွက်။ ကျွန်တော်ရောက်သွားသည့်အချိန်က လုပ်ငန်းကျဆင်းနေချိန်ဖြစ်ရာ မြို့၏စီးပွားရေးအခြေအနေသည် မကောင်းလှပါ။ ယင်းအခြေအနေမျိုးတွင် ယင်းလုပ်ငန်းတစ်ခုတည်းအပေါ်၌သာ လုံးဝတည်မှီနေရသော ထရီဂျင်နီမြို့သည် တိုးတက်ဖွံ့ဖြိုးမှု အားနည်းလျက်ရှိ၏။ အခြားသောမြို့များ၌ တွေ့ရတတ်သည့် ပျော်စရာရွှင်စရာနှင့် အပန်းဖြေစရာဟူ၍ လုံးဝမရှိသလောက် ဖြစ်လျက်ရှိပါသည်။

မြို့ပေါ်တွင် ဆေးရုံမရှိပါ။ လူနာတင်ယာဉ်လည်း မရှိပါ။ ဓာတ်မှန်လည်းမရှိပါ။ မြို့အတွက် ချမှတ်ဆောင်ရွက်နေသည့် ကျန်းမာရေးဆိုင်ရာလုပ်ငန်းများကလည်း မကောင်းပါ။ အကယ်၍ ကူးစက်ရောဂါတစ်ခုခုသာ

www.burmeseclassic.com

www.burmeseclassic.com


ကျရောက်လာလျှင် မနိုင်မနင်းဖြစ်ကုန်မည်ကို လွန်စွာစိုးရိမ်ရပါသည်။ လူနေအိမ်များသည် အမြဲတစေ စွတ်စိုထိုင်းမှိုင်းလျက်ရှိသည်။ အိမ်ရာပြုပြင်ပေးသည့်စနစ်ကလည်း ဖြစ်ကတတ်ဆန်းနိုင်လှပါသည်။ ရေလုံလုံလောက်လောက် မရသည့်အိမ်တွေ အများကြီးရှိနေသည်။ အချို့ရေရသော အိမ်များတွင်လည်း မီးဖိုချောင် ပန်းကန်ခွက်ယောက်ဆေးသည့်နေရာ တစ်နေရာတည်းမှသာရ၏။ ထိုပတ်ဝန်းကျင်မျိုး၌ ဆေးဝါးကုသမှုလုပ်ငန်းလုပ်ရသည်မှာ အဆင်ပြေဖို့ ခက်ခဲလှပါသည်။

ကုမ္ပဏီသည် တွင်းတူးအလုပ်သမားများနှင့် သူတို့မိသားစုများ၏ ကျန်းမာရေးအတွက် ဆရာဝန်တစ်ဦးခန့်ထားကာ တတ်အားသရွေ့ ဆောင်ရွက်ပေးနေသည်မှာ မှန်ပါ၏။ သို့သော်လည်း ချောင်အလွန်ကျသော ဤအရပ်ဒေသမျိုးမှ ဤအလုပ်မျိုးကို လာရောက်လုပ်ကိုင်လိုသူမှာ မရှိသလောက်ရှားပါးလှပါသည်။ လွန်လေပြီးခဲ့သော နှစ်များအတွင်းက ထရီဂျင်နီ မြို့သူမြို့သားများသည် ကောလိပ်ကျောင်းမှထွက်စ အတွေ့အကြုံလုံးဝမရှိသည့် ဆရာဝန်ပေါက်စများ၊ အလုပ်ကို ဟုတ်တိပတ်တိ မရှိသည့် ဆရာဝန်အိုကြီးများ၊ ဆေးပညာတစ်ပိုင်းတန်းလန်းဖြင့် ထွက်လာကြသည့် လိုင်စင်ရ ဆေးဆရာကြီးများနှင့် ကြုံတွေ့ခဲ့ကြရ၏။ ထိုလူစုမှာလည်း အလုပ်ခွင်၌ မြဲမြဲစွဲစွဲ အခြေချကြသည်မဟုတ် ရောက်လာလိုက်၊ ပြန်ထွက်သွားလိုက် ဖြစ်နေသည်ကိုသာ မြင်တွေ့ခဲ့ကြရသည်။

ထရီဂျင်နီသို့ ရောက်လာကြသည့် ဆရာဝန်များထဲတွင် အဆိုးဆုံးမှာ အခြားအရပ်ဒေသများ၌ မအောင်မြင်၍ သို့မဟုတ် နာမည်ပျက်၍ ရောက်လာကြသူများ ဖြစ်သည်။ ယင်းတို့အထဲတွင် တစ်ခါတစ်ရံ အကျင့်စာရိတ္တပျက်ပြား၍ ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံထားရသူများပင် ပါလာတတ်၏။ ထိုလူစားများသည် ထုံးစံအတိုင်း လူအများက အာရုံမစိုက်နိုင်သည့် ချောင်ကြိုချောင်ကြားနေရာ၌ လာ၍ရှောင်ပုန်းကြခြင်းဖြစ်ရာ အလုပ်အပေါ်တွင် စေတနာမရှိကြ။ ကွယ်လွန်တော့်အရင်နေသွားသည့် ဆရာဝန်မှာ အရက်သမားတစ်ယောက်ဖြစ်၍ အရက်အသောက်လွန်နေသောရောဂါဖြင့် ကွယ်လွန်တော်မရောက်မီကလေးတွင် ကာဒစ်ဖ်စိတ္တဇဆေးရုံသို့ ရောက်သွားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤအကြောင်းများကြောင့် ကျွန်တော်တို့ ဆိုက်ရောက်သွားသည့်အခါ မြို့သူမြို့သားများသည် လှိုက်လှဲလှဲ ကြိုဆိုခြင်းမပြုကြပါ။ ဆရာဝန်တစ်ယောက် ဆိုက်ရောက်လာခြင်းသည် သူတို့အတွက် အထူးအဆန်းတစ်ခု မဟုတ်တော့သည့်နှယ် အေးတိအေးစက်နှင့် ဘာသာလဝ လုပ်နေကြခြင်းဖြစ်ပါသည်။ အမှန်တော့ သူတို့သည် တစ်ဖက်သားအပေါ် ခင်မင်ရင်းနှီးတတ်သူများ ဖြစ်ကြသည်။ အကြင်နာတရား ထားတတ်ကြသူများလည်းဖြစ်၏။ တကယ်တော့ ဝေးလ်လူမျိုးများသည် သူစိမ်းတစ်ရံဆံများအပေါ်၌ ယုံကြည်မှု အပြည့်အဝရှိသွားသည်နှင့်တစ်ပြိုင်နက် တရင်းတနှီး ပေါင်းသင်းဆက်ဆံပြီး ရက်ရောစွာ ဧည့်ဝတ်ကျေပွန်တတ်သည့် လူမျိုးတစ်မျိုးဖြစ်သည် မဟုတ်ပါလား။

ထရီဂျင်နီ မြို့သူမြို့သားများသည် သူတို့ခြံသို့ ကျွန်တော်ရောက်သည့်နေ့က ခရီးရောက်မဆိုက် ကြည့်ရှုကုသပေးခဲ့ရသော ပထမဆုံးလူနာနှင့် ပတ်သက်သည့်ဖြစ်ရပ်အပေါ် များစွာစိတ်ဝင်စားခဲ့ကြသည်။ ဤဖြစ်ရပ်ကို အကြောင်းပြု၍ ကျွန်တော့်အပေါ်တွင် အထင်အမြင်ကြီးခဲ့ကြသည်။ တလေးတစားလည်း ရှိခဲ့ကြ၏။ နောက်ဆုံးတွင် 'ငါတို့အဖို့ ယဉ်ကျေးချောင်သော ဆရာဝန်ကောင်းတစ်ယောက်တော့ရပြီ'ဟူသော မျှော်လင့်ချက်လည်း ထားခဲ့ကြသည်။

ကျောက်မီးသွေးကုမ္ပဏီမှ မန်နေဂျာ ဒေးလီးဝစ္စသည် သူယခင်က ကျင့်သုံးခဲ့သည့်အလေ့အထကို ပယ်ဖျက်ကာ ကျွန်တော်တို့အိမ်သို့ တကူးတက အလည်လာသည်။ ယဉ်ကျေးသိမ်မွေ့စွာဖြင့် နှုတ်ဆက်စကားပြောသည်။ သူအလည်လာပြီးသည့်နောက်ပိုင်းတွင် ကျွန်တော်တို့ထံ ထင်းများနှင့် ကျောက်မီသွေးများ ပို့ပေးသည်။ ကျွန်တော်တို့ဇနီးမောင်နှံအဖို့ ကောင်းကောင်း မီးလှုံပြီး နွေးနွေးထွေးထွေးနေလို့ရသည့် လက်ဆောင်များဟု ဆိုနိုင်ပါသည်။

ကျွန်တော်တို့၏အိမ်ရှင် မစ္စက်မော်ဂင်သည်လည်း ယခင်လူနှင့် ဆက်ဆံသလို မဟုတ်၊ များစွာအချိုးပြောင်းလာသည်။ ကျွန်တော်တို့၏ ဧည့်ခန်းပြတင်းပေါက်များတွင် သပ်ရပ်သန့်ရှင်းသောခန်းဆီးများ လဲလှယ်ပေး

www.burmeseclassic.com

www.burmeseclassic.com


သည်။ ကျွန်တော့်ဇနီးအား အလွန်အရသာထူးသည့် ဝေးလ်ကိတ်မုန့်ဖုတ်နည်းများ သင်ကြားပေးမည်ဟုပင် ကတိပြုသည်။

မစ္စက်မော်ဂင်သည် အရပ်ပုပု၊ အသားမည်းမည်းဖြစ်သည်။ သူ့ယောကျ်ားသည် လွန်ခဲ့သောနှစ်အနည်းငယ်အတွင်းက ကျောက်မီးသွေးတွင်းပြိုကျရာ၌ ပါသွားခဲ့၏။ လင်ယောကျ်ား ဆုံးပါးခဲ့ရသည့်အတွက် စိတ်နှလုံးထိခိုက်ကြေကွဲခဲ့ရသော ပစ္စက်မော်ဂင်သည် ကျွန်တော်တွေ့ဖူးခဲ့သည့် ဒေါက်တာကေမရွန်၏အိမ်ဖော် ဂျက်နက်နှင့်မတူ။ အလွန်စကားနည်းသည်။ သူ့အတွေးနှင့်သူ မျိုမျိုသိပ်သိပ်နေတတ်သူဖြစ်၏။

အခုဆိုလျှင် ကျွန်တော်သည် ကျွန်တော်၏ဆေးကုသမှု လုပ်ငန်းခွင်ထဲ၌ ကျင်လည်ကျက်စားနေရပြီဖြစ်သည်။ ကျောက်မီးသွေးတွင်းအနီးရှိ လူနာများဖြင့် ပြည့်ကျပ်နေသောဆေးခန်းထဲတွင် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် ပုံမှန်ထိုင်နေရပြီ။ ဒူးရောင်၍၊ အကြောဆွဲ၍၊ အဆစ်အမြစ်ရောင်၍၊ အဆစ်အမြစ်လွဲ၍ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုတွင် ဒဏ်ရာရ၍ လာကြသည့် အလုပ်သမားဇနီးများနှင့် သားသမီးများ၊ သူတို့ကိုယ်ခန္ဓာများမှ ထွက်နေသည့် ချွေးနံ့များသည် ပတ်ဝန်းကျင်လေထုထဲတွင် ထောင်းထောင်းထလျက်ရှိသည်။ ဆေးခန်းသို့ မလာနိုင်သည့်လူနာများကိုမူ အိမ်တိုင်ရာရောက်သွား၍ကြည့်ရှု ကုသပေးရသည်။ ထိုလုပ်ငန်းအတွက် ကျွန်တော်သည် နေ့စဉ်တစ်နေ့လျှင် လေးနာရီ၊ ငါးနာရီခန့် အချိန်ဖြုန်းရသည်။ ချို့တဲ့မှုများနှင့် လိုအပ်ချက်များရှိသော်လည်း ယင်းအားနည်းမှုများကြောင့်ပေလား မသိ။ ကျွန်တော် အလုပ်သည် အလွန်အဖိုးတန်သော အလုပ်ဖြစ်ပါသည်။ ကျွန်တော်သည် ကိုယ်လုပ်နေရသော တာဝန်ဝတ္တရားများအတွက် ဂုဏ်မယူမိပါသည်။ အလားအလာကောင်းနေသော အနာဂတ်ဘဝရှေ့ရေးကိုတွေးကာ ကိုယ့်မျှော်လင့်ချက်နှင့်ကိုယ် ဝမ်းသာကြည်နူးလျက်ရှိပါသည်။

မည်သို့ပင်ဖြစ်စေ ထရီဂျင်နီသည် မြို့အင်္ဂါနှင့် မညီညွတ်သည့် အခြားသောလိုအပ်ချက်များ အမြောက်အမြား ရှိနေပါသေးသည်။ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ပျော်စရာရွှင်စရာ၊ အပန်းဖြေစရာများမှာ မရှိသလောက်ဖြစ်သည်။ မြို့ပေါ်တွင် ရုပ်ရှင်ရုံကလေးတစ်ရုံမျှပင် မရှိပါ။ ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com


လင်မယားသည် တောင်ပိုင်းဒေသကို မြတ်နိုးသူများဖြစ်ကြသည့်အားလျော်စွာ ပတ်ဝန်းကျင်ရှိ သစ်တောများ၊ လယ်ကွင်းများနှင့် မြက်ခင်းများဆီသို့ မကြာခဏ အပျင်းပြေ လမ်းလျှောက်လေ့ရှိကြသည်။ သို့သော်လည်း နေရထိုင်ရသည်မှာ အလွန်ကျဉ်းမြောင်းသော တောင်ကြားဒေသအတွင်း၌ နေထိုင်ရခြင်းဖြစ်၍ စိတ်ကျဉ်းကျပ်လှပါသည်။ ဘယ်ကိုပဲကြည့်ကြည့် မည်းနက်နေသောအရာများကိုသာ မြင်တွေ့နေရ၏။ စိုပြည်စိမ်းလန်းသော စားကျက်မြက်ခင်းပြင်များကို မြင်ရဖို့ဆိုသည်မှာ မလွယ်ကူလှပါ။ တောင်တန်းကြီးများကြား၌ မြေမြှုပ်ခံရသလို ဖြစ်နေသည့်ခံစားမှုသည် စိတ်တွင်အမြဲတစေ ငြိတွယ်လျက်ရှိသည်။ သို့သော်လည်း ကျွန်တော်တို့သည် ငယ်ရွယ်သူများဖြစ်သည်။ ကိုယ်စိတ်နှစ်ပါး ကျန်းမာကြသည်။ တစ်ယောက်နှင့်တစ်ယောက် အရူးအမူး ချစ်နေကြသည့်အချိန်ဖြစ်သည်။ ထို့အပြင်လည်း ကျွန်တော်တို့နှစ်ဦးစလုံးတွင် ကိုယ့်ဘဝ၏ ထူးခြားမှုနှင့် ချွတ်ယွင်းမှုကိုကြည့်၍ ပြက်ရယ်ပြုနိုင်သော စိတ်ဓာတ်ရှိကြသည်။ ထို့ကြောင့်လည်း ကျွန်တော်တို့နှစ်ယောက် စိတ်ညစ်စရာဟူ၍ ရှာမတွေ့။ အချိန်ရှိသမျှ ပျော်၍သာနေကြသည်။

မွန်းလွဲပိုင်းသည် ကျွန်တော့်အားးချိန်ဖြစ်သည်။ ကျွန်တော်တို့လင်မယားသည် မွန်းလွဲပိုင်းဆိုလျှင် အိုမင်းမစွမ်းဖြစ်နေကြရှာသော မြင်းပုကလေးရှိရာ ကျောက်မီးသွေးတွင်း မြင်းဇောင်းဆီသို့ အလည်သွားလေ့ရှိသည်။ ဤမြင်းပုကလေးများသည် ဝေးလ်နယ်၏ မြက်ခင်းသာလျှင်ရှိသော ကုန်းတန်းကွင်းပြင်ထဲ၌ ကျက်စားခဲ့ကြရသည့် သတ္တဝါဖြစ်ကြ၏။ အလွန်အားအင်သန်မာကြံ့ခိုင်ပြီး အမွေးအမျှင်ထူသော သတ္တဝါဖြစ်၏။ သူတို့ထဲမှ အများစုသည် ကျောက်မီးသွေးများတင်ထားသည့် ဇလားတွဲများကို ဆွဲယူပို့ဆောင်ပေးကြသည်။ ထိုအလုပ်သည် ကျောက်မီးသွေးတွင်းထဲ၌သာရှိသဖြင့် မြေအောက် မြင်းဇောင်းများထဲ၌သာ နေကြရပြီး၊ အချိန်ရှိသမျှ မြေအောက်လုပ်ငန်းကိုသာ ဆောင်ရွက်ကြရသည်။ ထို့ကြောင့်လည်း သူတို့ထဲမှ အများစုသည် မျက်မမြင်များ ဖြစ်နေကြသည်။ အခုကျတော့လည်း သူတို့ခမျာအားအင်ကုန်ခန်းနေကြပြီ အသက်ကလည်းကြီးပြီး၊ အလုပ်ကို လုပ်နိုင်စွမ်းမရှိကြတော့။

www.burmeseclassic.com

www.burmeseclassic.com


ထုံးစံအတိုင်းဆိုလျှင် အလုပ်မလုပ်နိုင်တော့သည့် မြင်းပုများအား ဘယ်လ်ဂျီယံ၊ ဟော်လန်စသော နိုင်ငံခြားတိုင်းပြည်များသို့တင်ပို့ကာ အသားစားအဖြစ် ရောင်းကြသည်။ သို့သော်လည်း ကိုယ်ချင်းစာနာတတ်သော မန်နေဂျာ လီးဝစ္စက ရောင်းချသည့်အလုပ်ကို လုံးဝမလုပ်တော့ဘဲ မြင်းပုကလေးများအား ဘေးမဲ့ပေးကာ ခြံဝင်းအတွင်းသွင်း၍ အစားရေစာကျွေး သည်။ နေသာသောနေ့များဆိုလျှင် မြင်းပုကလေးများအား လွတ်လပ်စွာ နေနိုင်အောင် လွှတ်ပေးထားသည်။ သူတို့၏ဘဝကို ငြိမ်းအေးချမ်းသာစွာ အဆုံးသတ်ခွင့် ပြုထားခြင်းဖြစ်ပါသည်။

ကျွန်တော်တို့သည် သူတို့အားလုံးနှင့် ရင်းနှီးနေကြသည်။ နစ်ဂါ၊ ဂျင်ဂျာစနက်နှင့် တက်ဖီတို့သည် ကျွန်တော်တို့အချစ်ဆုံး မြင်းပုကလေးများ ဖြစ်သည်။ ကျွန်တော်တို့သွားတိုင်းပါသည့် မုန်လာဥနီနှင့်သကြားလုံးများကို အလွန်ကြိုက်ကြသည်။ ကျွန်တော်တို့က အစာကျွေးပြီဆိုလျှင် သူတို့သည် သူတို့၏ တစ်ကောင်စာအခန်းတွင်းမှ ဦးခေါင်းကိုအပြင်ထုတ်၍ မမြင်မကန်း ဖြင့် အနံ့ခံ၍ လျှာထူထူကြမ်းကြမ်းများနှင့် လျက်၍ အစာကို ယူစားတတ်ကြပါသည်။

ရံဖန်ရံခါတွင် မြင်းဇောင်း၌ရောက်နေကြသော ကျွန်တော်တို့ထံ လူတစ်ယောက်ရောက်လာတတ်၏။ ထိုသူမှာ ကျောက်မီးသွေးသာလျှင်ထွက်သော ကန္တရလိုဒေသ၌ ကျွန်တော်တို့၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦး ဖြစ်လာခဲ့သည့် ခရိုင်နယ်မြေ သူနာပြုဆရာမဖြစ်သည်။ အသက်လေးဆယ် ကျော် ငါးဆယ်တွင်းဖြစ်၍ ထိုက်ထိုက်တန်တန် မှတ်တမ်းတင်ရလောက်အောင် အရည်အချင်းပြည့်ဝခဲ့သူတစ်ဦးဖြစ်ပါသည်။

ဆေးရုံလက်တွေ့ သူနာပြုသင်တန်းမှဆင်းစ ထရီဂျင်နီခရိုင်နယ်မြေ တာဝန်ခံ သူနာပြုဆရာမ ခန့်အပ်ခြင်းခံရသောအချိန်တွင် အော်လ်ဝင်ဒေးဗီစ်သည် အသက်နှစ်ဆယ့်ငါးနှစ်မျှသာ ရှိသေးသည်။ ချက်မဲလမ်းရှိ သူ့နေအိမ်သည် ကျွန်တော်တို့နေသည့်အိမ်နှင့် ထူးမခြားနားပင်ဖြစ်သည်။ အအေးဒဏ်ကိုခံရသည်။ အိမ်ထောင်ပရိဘောဂဟူ၍ ဟုတ်တိပတ်တိမရှိ။ သူ ဤနယ်မြေသို့ ရောက်လာစမှာလည်း ကျွန်တော်တို့လိုပင်ဖြစ်သည်။ မည်သူကမှ

www.burmeseclassic.com

www.burmeseclassic.com


ဂရုတစိုက်နှင့် လိုက်လံဖော်ရွေစွာ ကြိုဆိုခြင်းမရှိ။ သို့သော်လည်း အော်လ်ဝင်သည် ဒါတွေကို အရေးမထား၊ သူ့အလုပ်ကိုသာ ထက်သန်သောစေတနာဖြင့် လုပ်သည်။ အချိန်အခါ ရာသီဥတုမရွေး မှုန်မှိုင်းမည်းနက်သော တောင်တန်းကြီးများပေါ်ရှိ လူသွားလမ်းများပေါ်တွင် ခြေရာထပ်မျှ သွားလာလှုပ်ရှားကာ နာဖျားမကျန်းဖြစ်သူများထံ အရောက်သွားသည်။ ကျေးလက်ဒေသ ဘုတ်အဖွဲ့မှ ဖွင့်လှစ်ထားသည့်ဆေးခန်းသို့ လူနာအနည်းငယ်မျှအား သူတတ်ထားသရွေ့ပြုစုကုသပေးခဲ့သည်။

ထိုစဉ်က ကုမ္ပဏီဆရာဝန်မှာ ဒေါက်တာဂဲလိုးအမည်ရှိ သက်ကြီးရွယ်အို အဘိုးကြီးဖြစ်သည်။ ဂဲလိုးသည် အသက်ကကြီးပြီး အရည်အချင်းကမပြည့်ရသည့်အထဲ ခပ်ပေါ့ပေါ့နေတတ်သူဖြစ်သဖြင့် အော်လ်ဝင်ခမျာ ဘာအကူအညီမှမရ။ စိတ်ညစ်စိတ်ရှုပ်စရာများနှင့်သာ အဆက်မပြတ်ရင်ဆိုင်နေရရှာသော အော်လ်ဝင်သည် အလုပ်မှထွက်လိုစိတ်ကိုသာ အပြင်းအထန်တိုက်ခိုက်တွန်းလှန်နေရ၏။

သူရောက်စ နွေရာသီကုန်ဆုံးခါနီးတွင် ထရီဂျင်နီနယ်အတွင်း၌ အကူးအစက်မြန်သော အူရောင်ငန်းဖျားရောဂါ ကျရောက်သည်။ ထိုရောဂါကို တိုက်ဖျက်ရန်နှင့် ထိန်းချုပ်တားဆီးရန် မည်သို့မည်ပုံပြုလုပ်ရမည်ဟူသော လမ်းညွှန်မှုမျိုး ရလိုရငြား ဒေါက်တာဂဲလိုးထံသွားသည်။ ဒေါက်တာဂဲလိုးက ကောင်းမွန်ဆက်ဆံပြောဆိုခြင်း မပြု၊ ရိုင်းရိုင်းစိုင်းစိုင်းဆက်ဆံသည်။ ဆူပူကြိမ်းမောင်းလွှတ်သည်။ အမှန်တော့ ယင်းကဲ့သို့ ရုတ်တရက်ကူးစက်ရောဂါများ ဖြစ်လေ့ဖြစ်ထရှိသည်မှာ ဤဒေသအဖို့ အထူးအဆန်းတစ်ခုတော့မဟုတ်။ ရောဂါဖြစ်လာသမျှလူနာများအား စိတ်ရှည်လက်ရှည်ဖြင့် ဆေးဝါးကုသပေးခြင်းမှတစ်ပါး အခြားဆောင်ရွက်စရာ နည်းလမ်းလည်းမရှိ။

အော်လ်ဝင်သည် စိန်ခေါ်မှုကို သူတစ်ဦးတည်းပင် ရင်ဆိုင်သည်။ ထရီဂျင်နီရှိ ရေတွင်းများမှရေများကို နမူနာအဖြစ်ယူ၍ ကာဒစ်ဖ်မြို့ ကျန်းမာရေးဌာနသို့ပို့ကာ စစ်ဆေးခိုင်းသည်။ ဤရေတွင်းများထဲမှ တွင်းတစ်တွင်းသည် ဘယ်နည်းနှင့်မဆို မသန့်မရှင်းဖြစ်နေလိမ့်မည်ဟု သူတထစ်ချ ယုံကြည်နေသည် မဟုတ်ပါလား။ သူ ယုံကြည်နေသည့်အတိုင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


လေးဆယ့်ရှစ်နာရီအတွင်းမှာပင် ကာဒစ်ဖ်မှ ကြေးနန်းတစ်စောင် ရောက်လာသည်။ ထရီဂျင်နီမြို့ အနိမ့်ပိုင်းရပ်ကွက်မှ လူများသုံးစွဲနေသည့် ဂိုးဝါးလမ်းအောက်ဘက်မှ ရေတွင်း၌ အူရောင်ရောဂါပိုးများရှိနေသည်ဟု ကြေးနန်းက ဖော်ပြသည်။ ချက်ချင်းပင် ကျောက်မီးသွေးတွင်း မန်နေဂျာ၏အမိန့်ဖြင့် ထိုရေတွင်းကို ပိတ်ပင်လိုက်သည်။

သူနာပြုဆရာမကလေး၏ လုပ်ကိုင်ပုံသည် တမင်သက်သက်နှောင့်ယှက်ခြင်းမျှသာ ဖြစ်သည်ဟူသော တီးတိုးဝေဖန်သံများ ပေါ်လာသည်။ ထို့နောက် ကျယ်လောင်စွာ ပြောဆိုလာကြသည်။ အထူးသဖြင့် မြို့ပေါ်ရှိ ဝတ်ကျောင်းများမှ ဘာသာရေးဆရာတချို့က သူနာပြုဆရာမသည် သူ၏ လုပ်ပိုင်ခွင့်ထက် ပို၍လုပ်ကိုင်ခဲ့ခြင်းဖြစ်သည်ဟု စွပ်စွဲလာကြသည်။ သို့သော်လည်း လက်တွေ့ပေါ်ပေါက်လာသည့် အကျိုးဖြစ်ထွန်းမှုကို မျက်မြင်ကိုယ်တွေ့ ဖြစ်နေသည်။ နောက်ထပ် အူရောင်ငန်းဖျားရောဂါ ထပ်၍ဖြစ်သူ မရှိသလောက်ဖြစ်သွားသည်။ အချိန်အနည်းငယ်အတွင်းမှာပင် ကူးစက်ရောဂါသည် ထိန်းချုပ်မှုအောက်သို့ ရောက်လာသည်။

အော်လ်ဝင်ကတော့ ဒါတွေကို ဂရုမထား။ သူလုပ်နေကျအလုပ်များကို လုပ်မြဲတိုင်း လုပ်နေသည်။ လူအများ၏ ကြည်ညိုလေးစားမှုသည် သူ့ထံသို့ စီးဆင်းလာနေသည်ကို သူ ဖြည်းဖြည်းချင်း သတိထားမိလာသည်။ မှုန်တေတေ အောက်သိုးသိုးအကြည့်များကို သူ ရင်မဆိုင်ရတော့။ လူအများက သူ့အား အချိန်မရွေးသွားလာနိုင်ရန် တံခါးများဖွင့်ပေးကြသည်။ ဘယ်နေရာမှာပဲတွေ့တွေ့ ပွင့်လင်းရင်းနှီးစွာ နှုတ်ဆက်ကြသည်။ ကျောင်းသွားကျောင်းပြန်ကလေးသူငယ်များကလည်း သူ့ကိုတွေ့လျှင် အရေးတယူ နှုတ်ဆက်ကြသည်။ ကျောက်မီးသွေးတွင်းမှ ပြန်လာကြသော အလုပ်သမားများကလည်း ပြုံး၍ရယ်၍နှုတ်ဆက်ကြသည်။ မိန်းမများကလည်း သူ့အား ဖိတ်ခေါ်ပြီး ဆောင်းမီးဖိုဘေး၌ ထိုင်ခိုင်းကာ လက်ဖက်ရည်တစ်ခွက်၊ မုန့်တစ်ခုဖြင့် ဧည့်ခံသည်။

ထို့နောက် ထိုနှစ်အကုန်တွင် ပြောစမှတ်ဖြစ်လောက်သည့် အဖြစ်တစ်ခု ပေါ်ပေါက်လာသည်။ နယ်မြေကော်မတီက အော်လ်ဝင်အား အကောင်း

www.burmeseclassic.com

www.burmeseclassic.com


စား စက်ဘီးတစ်စီး လက်ဆောင်ချီးမြှင့်ခြင်းပေတည်း။ ထိုစဉ်အခါက ကျောက်မီးသွေးလုပ်ငန်းအရှိန် ဖရိုဖရဲဖြစ်နေသည်။ အလုပ်သမားများအနေဖြင့် အချိန်ပြည့်ပင် အလုပ်ဆင်းခွင့်မရ။ အချိန်တစ်ဝက်စီခွဲကာ တစ်လှည့်စီ ဆင်းနေရချိန်ဖြစ်သည်။ မည်သူမှ လုပ်ခအပြည့် မခံစားကြရ။ ဤကြားထဲမှပင် မည်သူကမှ သိပ်ပြီးမတိုက်တွန်းရဘဲနှင့် ဆရာမအား လက်ဆောင်တစ်ခုပေးနိုင်ရန် ငွေကြေးထည့်ဝင်ကြသည်။

ဤလက်ဆောင်သည် ဆရာမအော်လ်ဝင်အတွက် များစွာအကျိုးရှိခဲ့၏။ နေ့စဉ်နှင့်အမျှ ပတ်ပတ်လည်ဆယ်မိုင်ခရီးကို ခြေလျင်သွားနေရသည့် ဘဝမှ ချက်ချင်းလွတ်မြောက်သွားသည်။ ခရီးတွင်လာသည်နှင့်အမျှ အလုပ်များလည်း ယခင်ကထက် ပိုမို၍ တွင်ကျယ်ထိရောက်လာခဲ့လေသည်။

ကျွန်တော် ဆရာမ ဒေးဗီးစ်နှင့် ပထမဆုံးအကြိမ် ဆုံမိကြသည်မှာ ခြေဖြတ်ပေးရသည့်လူနာအား လိုက်ပို့စဉ်က ဖြစ်သည်။ ထိုစဉ်က အော်လ်ဝင် ဒေးဗီးစ်သည် စက်ဘီးနှင့်လာခြင်းဖြစ်၏။ စက်ဘီးမှာ သစ်လွင်တောက်ပမှု ကင်းမဲ့နေပြီဖြစ်သော်လည်း ခိုင်မာတောင့်တင်းဆဲ။ သုံး၍ရနေဆဲပင် ဖြစ်ပါသည်။

ကျွန်တော်နှင့်တွေ့ချိန်က ဒေးဗီးစ်သည် အသက်လေးဆယ့်ခုနစ်နှစ်ရှိနေပြီဖြစ်၏။ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည်တောင့်တောင့်၊ လုံးကြီးပေါက်လှနှင့် ကျန်းမာသန်စွမ်းသည်။ သူ့မျက်နှာသည် ရင့်ကျက်တည်ငြိမ်သည်။ ကြည်လင်သောမျက်လုံးများသည် ရိုးသားဖြူစင်ခြင်းနှင့် စေတနာထက်သန်ခြင်းများတို့ အထင်အရှားဖော်ပြနေကြသည်။

ကျွန်တော်၏ အတွေ့အကြုံနယ်ပယ် အပြင်ဘက် လက်လှမ်းမမီနိုင်သည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ခဲ့ရသည့် အကြိမ်ပေါင်း အများအပြားရှိခဲ့သည်။ တချို့လူနာများမှာ လန်ဒန်မြို့ ဟာလေးလမ်းမှ ပါရဂူဆရာဝန်တစ်ဦးပင်လျှင် အကြံရခက်စေမည့် (အမြဲတစေတွေ့ရမည်ဟုတော့ မပြောနိုင်ပါ) အခြေအနေမျိုးဖြစ်သည်။ တာဝန်ကရှိနေသဖြင့် မလုပ်ဘဲနေ၍လည်းမဖြစ်။ မျှော်လင့်ခြင်းနှင့် ဆုတောင်းခြင်းများအပေါ် တည်မှီကာ မျက်စိမှိတ်၍ လုပ်ရပါသည်။ ထိုအခါမျိုးတွင် ကျွန်တော်အနီး၌ အော်လ်ဝင်ဒေးဗီးစ်သာရှိနေပါက

www.burmeseclassic.com

www.burmeseclassic.com


များစွာအားရှိသည်။ လူနာ၏ ခုတင်ဘေး၌ရပ်နေသည့် သူ့ ဟန်အမူအရာ၊ ခွဲစိတ်ကုပစ္စည်းကိရိယာများ ယူပေးနေပုံနှင့် အားပေးစကားပြောနေသည့် လေသံတို့သည် ဇဝေဇဝါဖြစ်နေသောစိတ်ကို ပယ်ဖျောက်ပေးသည်။ ကျွန်တော်လုပ်ကိုင်နေသမျှ အားလုံးမှန်ကန်ကြောင်း ထောက်ခံသည့်အရိပ်လက္ခဏာများ အထင်အရှားပါနေသည်ဟု ယုံကြည်မိပါသည်။

မကြာမကြာဆိုသလို သူနှင့်ကျွန်တော်သည် မလှုပ်သာမလွန့်သာအောင် ကျဉ်းမြောင်းကျပ်တည်းလှသည့် အိမ်အထပ်ခိုးခန်းကလေးထဲ၌ ညကြီးသန်းခေါင် လူသားတစ်ယောက်၏အသက်ကို ကယ်ဆယ်ရေးအတွက် အပြင်းအထန် ရုန်းကန်လှုပ်ရှားနေရတတ်၏။ သူ၏ ဖွဲ့နှင့်ခံနိုင်ရည်ရှိမှုများအပေါ် ကျွန်တော် တအံ့တသြဖြစ်ခဲ့ရပါသည်။ တစ်ခါတစ်ရံ ကျောက်မီးသွေးတွင်း၏ အပြင်ဘက်မြေဘက်၌ မတော်တဆ ထိခိုက်ဒဏ်ရာရမှုများရှိတတ်သည်။ ထိုအခါမျိုးတွင်လည်း သူသည် သူ၏လက်စွဲတော်စက်ဘီးကိုနင်း၍ ကျွန်တော့်အရင် ရောက်နေနှင့်တတ်သည်။ လူနာအား တည်ငြိမ်အေးဆေးစွာဖြင့် ပြုံး၍၊ ရယ်၍ သတ္တိရှိရှိ ရင်ဆိုင်နေတတ်သည်ကို တွေ့ရပါသည်။ ပို၍ ချီးကျူးဖွယ်ကောင်းသည့် သူ၏လုပ်ရပ်တစ်ခုမှာ သူ့စိတ်ကူးနှင့်သူ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအတွက် ဆေးခန်းတစ်ခန်းဖွင့်ထားခြင်း ဖြစ်ပေ သည်။ ဆေးခန်းဖွင့်ထားသည့် အခန်းခကို နေ့စဉ် သူ့အိတ်ထဲမှ စိုက်ထုတ်၍ ပေးသည်။ အတ္တမကြီးသည့် အကျင့်စရိုက်ကို သိသာထင်ရှားစွာ ဖော်ပြနေသည့်လုပ်ရပ်တစ်ခုဟု ကျွန်တော်ဆိုချင်ပါသည်။ အများအားဖြင့် သူသည် သူတစ်ပါးအတွက်သာ စဉ်းစားတတ်သည့်၊ မေတ္တာတရားရှေ့ထားသည့် စကားများပြောဖို့လည်း ဝန်လေးသူမဟုတ်။ ည ဘယ်အချိန်ပဲခေါ်ခေါ်၊ ပင်ပန်းနွမ်းနယ်သည့် အရိပ်အခြည် မပြတတ်။

သူသည် မိရိုးဖလာ ဓလေ့ထုံးစံအရ ကျင့်ကြံလိုက်နာတတ်သည့် ဘာသာကိုင်းရှိုင်းသူ သူတော်စင်မတစ်ဦး မဟုတ်ပါ။ ကော်ဖီနှင့်စီးကရက် အလွန်ကြိုက်သည်။ နောက်ပိုင်းတွင် ဘီယာလေးတစ်ခွက်တစ်ဖလားပင် မော့တတ်သည်။ ဘာသာရေးဝတ်ကျောင်း အများအပြားရှိသောမြို့တွင် သူသည် ဘုရားရှိခိုးကျောင်းသို့ သွားခဲ့သည်။ ဘာကြောင့်မသွားတာလဲဟု မေး

www.burmeseclassic.com

www.burmeseclassic.com


လျှင် အလုပ်များလို့ဟု အပြုံးဖြင့်ဖြေတတ်သည်။ ကျွန်တော်နှင့် ဆက်ဆံရသည့် အချိန်ကာလများအတွင်းတွင် သူတစ်ပါးအကြောင်း မကောင်းပြောသည် ကို တစ်ကြိမ်တစ်ခါမှပင် မကြားဖူးခဲ့ပါ။

သူသည် လိမ္မာပါးနပ်ပါသည်ဟုဆိုသော အမျိုးသမီးများထဲ စာရင်းမဝင်ပါ။ သို့သော်လည်း တန်ဖိုးမဖြတ်နိုင်လောက်သည့် ထိုးထွင်းသိမြင်တတ်သော ဉာဏ်ရည်ဉာဏ်သွေးကို ပိုင်ဆိုင်သူဖြစ်သည်။ အကျပ်အတည်းတစ်ခုခုကို ဖြေရှင်းနိုင်သော အစွမ်းအစများလည်း ပြည့်စုံသူဖြစ်သည်။ ကျွန်တော်ဘယ်တော့မှ မမေ့နိုင်သည့်ဖြစ်ရပ်တစ်ခု ရှိပါသည်။ တစ်ညတွင် ကျွန်တော်သည် ကော့တိတ်ချ်အိမ်တစ်လုံးအတွင်း၌ အူအတက်ပေါက်သော လူနာတစ်ယောက်အား အရေးတကြီး ခွဲစိတ်ပေးနေသည်။ ထိုအခိုက်တွင် လျှပ်စစ်မီးပျက်သွားသဖြင့် မှောင်နှင့်မည်းမည်းထဲတွင် ကြံရာမရ ဖြစ်နေရသည်။ ဤအခိုက်တွင် သူသည် ဖျတ်ခနဲအပြင်သို့ထွက်သွားပြီး မီးတစ်လုံးကိုင်၍ ဝင်လာသည်။ သူယူလာသည့်မီးနှင့်ပင် ခွဲစိတ်ကုသမှုလုပ်ငန်း ပြီးပြတ်သွား သည်။ သူယူလာသည့်မီးလုံးမှာ သူ၏ဘိုင်စကယ်မှ မီးလုံးဖြစ်ပါ၏။

ထိုအနက်ရောင် ဘိုင်စကယ်အိုသည် သူနှင့် ခွဲမရနိုင်တော့သည့် အစိတ်အပိုင်းတစ်ခုသဖွယ် ဖြစ်နေပါသည်။ ညပိုင်းအရေးပေါ် လူနာကြည့်အပြီးတွင် သူသည် ကျွန်တော့်အား ကော်ဖီပူပူခါးခါး တစ်ခွက်တိုက်သည်။ ပြီးလျှင် ကျွန်တော့်အား နှုတ်ဆက်ကာ စက်ဘီးကို ဖျတ်လတ်သွက်လက်စွာ နင်း၍ သူ့ဆေးခန်းဘေးရှိ သူ့အိမ်သို့ပြန်သွားတတ်သည်။ ကျွန်တော်က သူ့အား ကျီစယ်သည့်သဘောဖြင့် သူကိုယ်နှင့်ဘီး နှစ်ဘီးဂီယာတပ်ထားသည် ဟု ပြောသည်။

သူဘာကြောင့် လက်ရှိအလုပ်ထက်ကောင်းသောအလုပ်ကို မရှာတာပါလိမ့်ဟု ကျွန်တော် မကြာခဏတွေးမိသည်။ တွေးမိတိုင်းလည်း သူ့အပေါ် အံ့သြခြင်း ဖြစ်မိခဲ့၏။ သူလေ့ကျင့်သင်ကြားပေးခဲ့သော သူနာပြုဆရာမများသည် နေရာကောင်းများ၌ ထိုင်နေကြသည်။ တစ်ဦးဆိုလျှင် မကြာသေးခင်ကပင် လီဗာပူမြို့ ဆေးရုံသစ်ကြီးတွင် မေထရွန်ခေါ် သူနာပြုဆရာမကြီးရာထူးကို ရသွားခဲ့၏။ ဆေးပညာဂျာနယ်ထဲမှ ဤသတင်းတိုလေးကို ဖတ်

www.burmeseclassic.com

www.burmeseclassic.com


လိုက်ရသော ကျွန်တော်က သူ့အား စိတ်ထဲရှိသမျှကို မပြောဘဲမနေနိုင်ပါ။

'အဲဒီရာထူးကို ခင်ဗျားရသင့်တယ်၊ ခင်ဗျားနဲ့ အထိုက်တန်ဆုံး အလုပ်ဗျ'

'မဖြစ်ပါဘူး'

ဆရာမဒေးဗီးစ်က ကျွန်တော့်အား ပြုံး၍ကြည့်ပြီး ပြောသည်။ 'ကျွန်မက လူတွေကိုအုပ်ချုပ်သူ နေရာမျိုးဆိုရင် မတော်ဘူး၊ ခွဲစိတ်ကုသတဲ့ အလုပ်မျိုးကျတော့လဲ သိပ်မဟန်ဘူး၊ ကျွန်မနဲ့ သင့်တော်တဲ့နေရာက ဒီနေရာပဲ၊ ကျွန်မအဖို့လဲ နေရတာ ပိုပျော်တယ်'

တစ်နေ့သောနံနက် နံနက်စာမစားမီ ကျွန်တော် အဝတ်လဲနေခိုက်တွင် မစ္စက်မော်ဂင်တစ်ယောက် အိပ်ခန်းထဲသို့ အပြေးအလွှား အလန့်တကြား ဝင်လာသည်။

'မစ္စတာလီးဝစ္စက ဒေါက်တာနဲ့တွေ့ချင်လို့တဲ့၊ အို... အို... ဆရာမ ဒေးဗီးစ်'

ကျောက်မီးသွေးတွင်းမန်နေဂျာသည် အောက်ထပ်တွင် ရောက်နေသည်။ သူသည် ကျွန်တော့်အား မော့ကြည့်သည်။

'ဒေါက်တာ မကြားသေးဘူးလား'

ကျွန်တော်က ခေါင်းခါလိုက်ပါသည်။ ရင်ထဲတွင်လည်း ထိတ်ခနဲ ဖြစ်သွားသည်။

'မနေ့ညက ဆရာမဒေးဗီးစ် စက်ဘီးနဲ့ လူနာသွားကြည့်တယ်၊ ဘလာနတ်သ်လေးဘက်ကို သွားတာ၊ မီးအားလျှပ်စစ်တိုင်ကြီး လမ်းမပေါ် ကန့်လန့်ဖြတ် လဲကျနေတာ သူမသိဘူး၊ သူ့စက်ဘီးနဲ့တိုက်မိပြီး ဒဏ်ရာရ သွားတယ်၊ တစ်ညလုံး မိုးထဲလေထဲမှာ နေခဲ့ရတာ၊ နေ့ဆိုင်းသမားတွေ အလုပ်ဆင်းမှ တွေ့ကြတာ' အတန်ကြာငြိမ်ဆိတ်နေပြီးမှ သူက ပြောသည်။

'ကျွန်တော်ကတော့ ကျောရိုးကျိုးသွားတယ်လို့ ထင်တာပဲ'

ကျွန်တော်သည် ကုတ်အင်္ကျီနှင့် ဦးထုပ်ဆွဲယူကာ သူနှင့်အတူ ချက်ချင်းထွက်လာခဲ့ပါသည်။ လမ်းမပေါ်ရောက်၍ အရေးတကြီးသွားနေခိုက်တွင် သူ့မျက်နှာထားသည် အကြီးအကျယ်ပျက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒေါက်တာ မသိဘူး'ဟု သူက ရှေ့တည့်တည့်ကိုကြည့်၍ ပြော သည်။ 'ကျွန်တော့်ကို လက်ထပ်ပါလို့ ပြောနေတာကြာပြီ၊ ဒါပေမယ့် ပြောလို့ မရဘူး၊ သူ့အလုပ်ကလွဲပြီး တခြားဘာကိုမှ စိတ်မဝင်စားဘူး၊ သူ့အလုပ်ကို သိပ်သံယောဇဉ်ကြီးလွန်းတယ်'

အလုပ်သမားများက သယ်ပို့ထားသဖြင့် သူ့အိမ်၌ ရောက်နေပြီဖြစ် သော ဒေးဗီးစ်အား အချိန်များစွာယူ၍ စမ်းသပ်စစ်ဆေးကြည့်သည်။ ကျောရိုး အောက်ဘက် အဆစ်နှစ်ခုစလုံး ကျိုးသွားသည်။ အောက်ပိုင်း တစ်ပိုင်းလုံး အကြောများသေကာ လှုပ်ရှားနိုင်စွမ်းရှိတော့မည်မဟုတ်။ ခေါင်း၊နောက်စေ့ ထဲမှကိုက်သည်ဟု သူပြောနေ၏။ ဤတစ်ချက်မှာလည်း စိုးရိမ်ဖွယ်ရာ အချက်တစ်ချက်ပင်ဖြစ်၏။ ထို့နောက် ကျွန်တော်တို့သည် သူ့အား ဘူတာရုံသို့ သယ်သွားကြပြီး မီးရထားဂါတ်ဗိုလ်၏ တွဲထဲ၌ မွေ့ရာနှစ်ထပ်ခင်း၍တင်ကာ မွန်းလွဲပိုင်းမီးရထားနှင့် ကာဒစ်ဖ်သို့ ပို့ပေးပါသည်။ သူနှင့်တကွ လီးဝစ္စနှင့် ကျွန်တော်လိုက်သွားသည်။ နောက်သုံးနာရီအကြာတွင် သူသည် ကာဒစ်ဖ်မြို့ မသန်မစွမ်း ဆေးရုံပေါ်ရောက်သွားပါသည်။

ထရီဂျင်နီသို့ ပြန်လာခဲ့ပြီး သူ့သတင်းကို စောင့်မျှော်ကြရပါသည်။ ပထမတော့ သူ့အခြေအနေသည် ကောင်းလာဖွယ်ရာရှိသလိုလို သတင်းကြား ရသည်။ ထို့နောက်တော့ အကြိမ်ပေါင်းများ ခွဲစိတ်ကုသနေရသည့် သတင်း များ၊ ခွဲစိတ်နေမှုသည် ရှည်လျားလှသည်။ ရှုပ်ထွေးလှသည်။ ကျောရိုးခွဲစိတ်မှု လုပ်ငန်းသည် များစွာကျယ်ပြန့်ခက်ခဲလှသည် မဟုတ်ပါလော။ ဆရာမ ဒေးဗီးစ်သည် နာရီပေါင်းမြောက်မြားစွာ နိုပ်နယ်ကုသခြင်း၊ လျှပ်စစ်ကုထုံး သုံးခြင်း စသည်များ...၊ နောက်ဆုံးတွင် ထိတ်လန့်ချောက်ချားစဖွယ် ကောင်း သည့် အဆုံးအဖြတ်ထွက်လာသည်။ အမျိုးမျိုးကြိုးစားခဲ့ရသမျှ အားလုံး အချည်းအနှီးဖြစ်ရ၏။ ဒေးဗီးစ်သည် ဤဘဝတစ်လျှောက်လုံး လမ်းလျှောက် နိုင်တော့မည်မဟုတ်။

သီတင်းပတ်ပေါင်းများစွာ ကုန်လွန်သွားခဲ့ပြီ။ ကျွန်တော်တို့ထံတွင် သူနာပြုဆရာမအသစ်တစ်ဦး ရောက်နေပြီ။ အသက်ငယ်ငယ်၊ အလုပ်သင် ဆရာမလေးဖြစ်သော်လည်း နယ်မြေတွင် အဆင်ပြေမှုရှိပါသည်။ သို့တစေ

www.burmeseclassic.com

www.burmeseclassic.com


လည်း အော်လ်ဝင်ဒေးဗီးစ်၏ လှုပ်ရှားအားထုတ်မှုများကိုတော့ မတွေ့မမြင်ရ တော့ပါ။ ဆရာမဒေးဗီးစ်၏ ဆေးခန်းသည် လုံးဝပြန်မဖွင့်နိုင်တော့သဖြင့် ကွယ်ပျောက်သွားခဲ့ရလေပြီ။ နေရာတိုင်းတွင် ဆရာမဟောင်းကို လွမ်းဆွတ် တသမှုသည် တည်ရှိနေပါသည်။

တစ်နေ့သော မွန်းလွဲပိုင်းတွင် ကျွန်တော်သည် ချက်မဲလမ်းရှိ အသုံး မပြုတော့သည့် ဆေးခန်းရှေ့မှ ဖြတ်လာခဲ့သည်။ စိတ်ကူးကြောင့်ပေလား။ သို့တည်းမဟုတ် အတွင်းစိတ်အာရုံ၏ လှုံ့ဆော်မှုကြောင့် ထင်မိယောင်မှား ဖြစ်လေသလား မပြောတတ်။ အတိတ်က ဖြစ်ရပ်များကို ရင်ထဲမှ တမ်းတမ်း တတ ဖြစ်မိသည်။ ကျွန်တော် သူ့အသံကိုပင် ကြားလိုက်မိသလိုလိုရှိ၏။ ကျွန်တော် ဆေးခန်းတံခါးကို တွန်းဖွင့်လိုက်ပါသည်။ ကျွန်တော့်ရင် သိမ့်ခနဲ ဖြစ်သွားသည်အထိ လှုပ်ရှားစေခဲ့သော အရာတစ်ခုကို မြင်လိုက်သည်။

ဘီးတပ်ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေသူမှာ သူဖြစ်သည်။ သူ့ဆံပင်များသည် ဖွေးဖွေးလှုပ်နေကြပြီ။ ခါးအနည်းငယ် ကိုင်းနေသည်။ ယခင်ကထက် များစွာပိန်သွားသည်။ မစွမ်းမသန်ဖြစ်သွားသည့် ခြေထောက် များကို စောင်တစ်ထည်ဖြင့် ဖုံးထားသည်။ သို့သော်လည်း သူနာပြုဆရာမ ဝတ်စုံကိုတော့ အကျအနဝတ်ထားသည်။ သူ့ပတ်ပတ်လည်တွင် လူနာများ ဝိုင်းအုံနေသည်။ အများစုမှာ ကလေးသူငယ်များဖြစ်၏။ သူသည် ဘီးတပ် ကုလားထိုင်ကို ကျင်လည်စွာကိုင်တွယ်ပြီး အခန်းထဲတွင် လှုပ်ရှားသွားလာ နေပါသည်။ ကျွန်တော်သည် တံခါးဝ၌ မလှုပ်မယှက် ရပ်နေမိသည်။ နောက် ဆုံးလူနာ သူ့အပါးမှထွက်သွားသည့်အခါ သူသည် ကုလားထိုင်ကို နောက်သို့ လှည့်လိုက်သည်။ ကျွန်တော်က ရှေ့သို့တိုးသွားပြီး သူ့လက်နှစ်ဖက်ကို သိမ်းကျုံးဆုပ်ကိုင်ထားမိပါသည်။ ဤလက်များသည် အခြားလူများ၏ လိုအပ်ချက်ဟူသမျှကို အချိန်ကာလကြာမြင့်စွာ ဖြည့်ဆည်းပေးခဲ့သည့် လက်များမဟုတ်ပါလော။

'ဆရာမ ဒေးဗီးစ်အော်လ်ဝင်၊ ခင်ဗျား နေကောင်းသွားပြီနော်'

သူက ကျွန်တော့်အားကြည့်၍ ပြုံးသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဘာကြောင့် နေမကောင်းရမှာလဲ ဒေါက်တာ၊ ဒေါက်တာ မမြင်ဘူးလား၊ ကျွန်မ အလုပ်ခွင် ပြန်ဝင်နေပြီလေ' သူ့အပြုံးသည် တိုး၍ နှစ်လိုဖွယ်ရာ ဖြစ်လာသည်။

'ပြီးတော့ ကျွန်မ အခုထက်ထိ ဘီးတွေပေါ်မှာပဲလေ'

* * * * *

[ ၁၇ ]

စွတ်စိုထိုင်းမှိုင်းပြီး မှောင်မိုက်နေသည့် ဒီဇင်ဘာညတစ်ည။ လေသည် ကျဉ်းမြောင်းသော တောင်ကြားတစ်လျှောက် ဝင်ရောက်ကာ ပြန့်ကျဲနေသော အိမ်တန်းများကြားသို့ တိုးဝှေ့သည်။ သယ်ဆောင်လာသည့် မိုးစက်မိုးပေါက်များဖြင့် ပြတင်းပေါက်များကို ရိုက်ခတ်သည်။ တစ်ချက်တစ်ချက် ဝှေ့ယမ်းကာ တိတ်ဆိတ်ခြောက်သွေ့နေသော လမ်းမများပေါ် ပက်ဖျန်းသည်။ ဆိုင်များ ပိတ်ကုန်ကြသည်မှာ ကြာပြီ။ ထရီဂျင်နီ လက်ရုံးဆိုင်၏ တစ်ဆိုင်သာလျှင် လိုက်ကာများကြားမှ မှုန်ဝါးဝါးမီးရောင်များ ထွက်နေသည်။

နောက်ဆုံးလူနာထံမှ ပြန်ရောက်လာချိန်တွင် ကျွန်တော့်တစ်ကိုယ်လုံး မိုးရေများဖြင့် ရွှဲနစ်နေသည်။ အရိုက်အနှက် အထုအထောင်းခံထားရသည့် ခွေးတစ်ကောင်သဖွယ် မောဟိုက်နွမ်းနယ်လျက်ရှိသည်။ ပြောမပြတတ်လောက်အောင် စိတ်ဓာတ်အကြီးအကျယ်ကျနေသည်။ ယခုရက်များတွင် ကျွန်တော်သည် ကျွန်တော့်အား ထရီဂျင်နီသို့ ပို့ပေးခဲ့သည့် ကံကြမ္မာကို ဆဲမိဆိုမိ၊ ကျိန်ဆဲမိသည်။

'မင်းဟာ အတ္တ မရှိတဲ့ စေတနာရှင်ကြီးမဟုတ်ဘူး၊ သူတော်စင်ကြီးလဲ မဟုတ်ဘူး၊ မင်းကိုယ်မင်း အော်လ်ဝင်ဒေးဗီးစ်နဲ့ တူတယ်လို့ ထင်နေသလား' စသည်ဖြင့်လည်း ကိုယ့်ကိုကိုယ် အပြစ်တင်နေမိသည်။

ဤအရပ်တွင် ကျွန်တော်နေခဲ့သည်မှာ ဆယ့်တစ်လကျော်ခဲ့ပြီ။

www.burmeseclassic.com

www.burmeseclassic.com


မည်းနက်သော တောင်တန်းကြီးများကြား၌ နစ်မြုပ်ကာ စုတ်တိစုတ်ပြတ် ဆေးခန်းထဲ၌ ဆေးကုရသည်။ မြင်းရထားလေးတစ်စီးပင် မဝယ်နိုင်သဖြင့် အလှမ်းဝေးသော ခရီးများကို ခြေကျင်လျှောက်ရသည်။ ငါအလုပ်ရွေးမှားပြီ ဟူသော ခံစားမှုကလည်း ကျွန်တော့်စိတ်ကို များစွာ ဒုက္ခပေးနေသည်။ ဤနေရာသည် အခုအချိန်ထိ ကျွန်တော်နှင့် စိမ်းနေဆဲ။

မြို့သူမြို့သားအများစုသည် ယခုအခါတွင် ကျွန်တော်တို့နှင့် ရင်းနှီး ခင်မင်နေကြပြီ ဖြစ်သည်။ သို့သော်လည်း ကျွန်တော့်အဖို့ အပေါ်ယံမျှသာ ဖြစ်သည်။ မျက်နှာပြင်အောက်၌ စီးဆင်းနေသည့် ရေစီးကြောင်းများ၏ အတိမ်အနက်ကို ကျွန်တော် မတိုင်းတာနိုင်သေး။

ဤလူစုသည် အလွန်နားလည်ရခက်လောက်အောင် လျှို့ဝှက်သော သဘောရှိသည်။ ဘာသာရေးတွင်လည်း ပြင်းထန်သည့် သဘောရှိသည်။ တနင်္ဂနွေနေ့များတွင် ဇီယွန်၊ ဘီသဲလ်၊ အီဘင်နက်ဇာနှင့် ဘီသက်စ်ဒါ ဘုရားဝတ်ကျောင်းများဆီမှ ဓမ္မတေးသီချင်းသံများသည် အလွန်ကျယ်လောင်စွာ ထွက်ပေါ်လာတတ်သည်။ ဤအသံများသည် တောင်တန်းကြီးများကြား၌ ပဲ့တင်ထပ်ကာ ကောင်းကင်ဘုံအထိပင် ထိုးထွက်သွားလိမ့်မည်ဟု ထင်ရပါသည်။

ထိုညက ကျွန်တော်သည် ညစာစားချင်စိတ် လုံးဝမရှိ။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်နေသော ကျွန်တော့်အားကြည့်၍ ဇနီးဖြစ်သူက ညစာစားရန် တိုက်တွန်းနေသော်လည်း မစားနိုင်။ ပေါင်မုန့်နှင့်ဒိန်ခဲအနည်းငယ်ဝါးကာ ကိုကိုးပူပူတစ်ခွက်သောက်၍ အိပ်ရာဝင်ခဲ့သည်။ ဒီညတော့ဖြင့် အနှောင့် အယှက်မရှိပါစေနှင့်တော့ဟု ဆုတောင်းကာ အိပ်ပျော်သွားသည်။

တယ်လီဖုန်းသံသဲ့သဲ့ ကြားရသဖြင့် ကျွန်တော်အိပ်ရာမှ လန့်နိုးသည်။ ရုတ်တရက် မထနိုင်။ တယ်လီဖုန်းသံကတော့ ရပ်မသွား ဆက်၍ မြည်နေဆဲ။ ကျွန်တော် ပေကပ်ပြီး အိပ်နေ၍မဖြစ်တော့။ အိပ်ချင်မူးတူးဖြင့် မှောင်မိုက်ထဲ စမ်းတဝါးဝါးလျှောက်ကာ တယ်လီဖုန်းကို ဆွဲယူလိုက်သည်။ တစ်ဘက်မှ မိန်းမတစ်ယောက်၏ အသံ။ တော်တော်အလှမ်းဝေးသည့်နေရာမှ ဆက်နေဟန်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


'ချက်ချင်းလာမှ ဖြစ်မယ်ဒေါက်တာ၊ ယတ်စ်ဖတ်နားက အီဗန် အီဗန်စ်ရဲ့အိမ်ကို လာခဲ့ပါ'

ကျွန်တော် စိတ်ပျက်လက်ပျက် တစ်ချက်ညည်းလိုက်မိသည်။

'ယတ်စ်ဖတ်အထိတော့ ကျွန်တော် ဒီညလာနိုင်မယ် မထင်ဘူးဗျာ'

'မဟုတ်ဘူး ဒေါက်တာ၊ ဒေါက်တာ ဒီညမလာလို့ မဖြစ်ဘူးရှင့်'

'ခင်ဗျားက ဘယ်သူလဲ'

'ကျွန်မ အီဗန်ရဲ့ဇနီးပါ၊ ကျွန်မသမီး သိပ်ဖျားနေလို့ပါရှင်'

'ကျွန်တော် မနက်လင်းလင်းချင်း ဆက်ဆက်လာခဲ့ပါမယ်၊ စိတ်ချပါ'

'အို… မဖြစ်လို့ပါ ဒေါက်တာ၊ အခုချက်ချင်းလာမှ ဖြစ်မှာမို့ပါ လာခဲ့ပါ ဒေါက်တာ'

အဆမတန်အလုပ်များပြီး ကိုယ်စိတ်နှစ်ပါး ဆင်းရဲနေသော ဆရာဝန်တစ်ယောက်အဖို့ လူနာပင့်နှင့်ကြုံရခြင်းသည် အဆိုးဆုံးဖြစ်ချေသည်။ သို့သော်လည်း ဆရာဝန်တစ်ယောက်အနေဖြင့် မိမိဆန္ဒဘက်ကို ညွတ်၍မဖြစ်။ တစ်ဖက်မှ တောင်းပန်တိုးလျှိုးနေသည့် အသံ။ သနားစရာကောင်းလောက်အောင် အရေးတကြီးဖြစ်နေမှု စသည်များက ကျွန်တော့်အား သွားဖို့တိုက်တွန်းနေသည်။

ကျွန်တော်သည် တယ်လီဖုန်းခွက်ကို ပြန်ချလိုက်သည်။ အိပ်ရာပေါ် ခဏမျှပြန်လှဲသည်။ စောစောက မိုးရေစိုထားသော အဝတ်များကို ပြန်စုပြီး ဝတ်သည်။ ပြီးတော့ ဆေးအိတ်ကို ကောက်ယူလိုက်ပါသည်။

အပြင်ဘက်တွင် မိုးတိတ်နေပြီ။ သို့သော်လည်း လေကတော့ ထန်ဆဲ၊ စိမ့်နေအောင်အေးသော လေဖြစ်၏။ လေသည် တိမ်မည်းတိမ်ပုပ်များကို သယ်ဆောင်ကာ လမင်းအပေါ် ဖြန့်အုပ်ထားသည်။ တောင်တန်းကြီးများသည် မိုးထိုးလျက်ရှိ၏။ ကျွန်တော်သည် လည်စီးကိုတင်းကျပ်စွာ ဆွဲ၍ ပတ်လိုက်ပါသည်။

ကျွန်တော်သိပါသည်။ ကျွန်တော့်ရှေ့၌ရှိနေသည်မှာ ယတ်စ်ဖတ်သို့ သွားရာလမ်း။ ထိုလမ်းသည် ငါးမိုင်ခရီးဖြစ်သည်။ ခရီးတစ်ဝက်ခန့်တွင်ပင်

www.burmeseclassic.com

www.burmeseclassic.com


ပင်ထရီတောင်ကုန်းရှိသည်။ ဤတစ်ဝိုက်တွင် အမြင့်ဆုံးတောင်ထိပ်။ ကျွန်တော်သည် မသယ်ချင့်သယ်ချင်ဖြင့် ခြေထောက်များကို တရွတ်ဆွဲ၍ တောင်ကြားလမ်းအတိုင်း လျှောက်လာခဲ့သည်။ ကျွန်တော့်အား ယခုပင့်သည့် အီဗန်အီဗန်စ်ဆိုသူ၏ အကြောင်းကို စိတ်ပြေလက်ပျောက် သဘောဖြင့် စဉ်းစားလာမိပါသည်။

ကျွန်တော် သူ့အကြောင်း တစ်ခွန်းတစ်စမျှ ကြားခဲ့ဖူး၏။ တစ်ချိန်က အီဗန်သည် ထရီဂျင်နီမြို့၌ နေထိုင်ခဲ့သူဖြစ်၏။ လူဦးရေ အနည်းငယ်မျှသာရှိသော အသိုက်အဝန်းတွင် ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။ အထက်တန်းပညာ မတတ်မြောက်ခဲ့သော်လည်း အများက လေးစားခဲ့သော စီးပွားရေးလောကတွင် အောင်မြင်ခဲ့သော လူတစ်ယောက်ဖြစ်သည်။ သူသည် 'ထရီဂျင်နီ အမှတ်(၁)'ဟုခေါ်သော ကျောက်မီးသွေးတွင်းတစ်တွင်းကို ပိုင်ဆိုင်ခဲ့သည်။ သို့သော်လည်း တစ်နေ့တွင် သူနှင့်ထရီဂျင်နီ ကျောက်မီးသွေးကုမ္ပဏီတို့ မြေအောက်ကျောက်မီးသွေးတွင်းကိစ္စအတွက် အငြင်းအခုန်ဖြစ်ကြသည်။ ပြဿနာမှာ အရေးမကြီးသော အသေးအဖွဲကိစ္စတစ်ခုမျှသာ ဖြစ်၏။ သို့သော်လည်း အီဗန်သည် ပြင်းထန်သူတစ်ဦးဖြစ်သည့်အားလျော်စွာ 'သူ့ရပိုင်ခွင့်များ' ကို ရှေ့တန်းတင်၍ ပြဿနာအတွင်းသို့ ဆွဲသွင်းလာခဲ့သည်။ အငြင်းပွားမှုသည် ရန်ပွဲအဖြစ်သို့ရောက်လာပြီး ထိုမှတစ်ဆင့် တရားစွဲဆိုသည့်အဖြစ်သို့ ရောက်လာသည်။

အမှုရင်ဆိုင်ရသည့်အခါ အီဗန်ရှုံးသည်။ ချက်ချင်းပင် သူ့အသနားခံလွှာတင်သည်။ သူပင် ရှုံးပြန်သည်။ ပြင်းထန်သော မခံချင်စိတ်ဖြင့် အမြင့်ဆုံးတရားရုံးအထိ အသနားခံလွှာ တင်ပြန်သည်။ သူပင် ရှုံးပြန်သည်။ ဤသို့ဖြင့် သူသည် ငွေကုန်လူပန်းဖြစ်ကာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်းဒဏ်ခံရသည်။ သူ့ကျောက်မီးသွေးတွင်းကို ရောင်းပစ်ရသည်။ အလုပ်မှ အနားယူသည်။ ယတ်စ်ဖတ်အနီး တောင်ကုန်းနံရံထက်ရှိ လူသူဝေးသော အိမ်တစ်လုံးသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်။

ထိုနေရာရောက်ချိန်မှစ၍ အီဗန်သည် သူ၏ ယခင်မိတ်ဆွေအပေါင်းအသင်းဟောင်းများကို ရှောင်သည်။ နှစ်ပေါင်းများစွာကြာမျှ မည်သူနှင့်မှ

www.burmeseclassic.com

www.burmeseclassic.com


အတွေ့မခံ။ သူ၏ ကံဆိုးမိုးမှောင်ကျမှုကို အကြောင်းပြု၍ ရူးသလိုလို၊ ကြောင်သလိုလို ဖြစ်နေပြီဟုပင် အပြောခံရသည်။ နောက်ဆုံးတွင် သူသည် ပုံပြင်ထဲက လူတစ်ယောက်လိုဖြစ်လာသည်။ သို့သော်လည်း ဆောင်းဦးပေါက် ရာသီ ညနေပိုင်းများတွင် အီဗန်သည် တောင်ကုန်းများပေါ်အထိ တက်ကာ ငှက်များပစ်လေ့ရှိသည်။ တစ်ခါတစ်ရံတွင်မူ ညပိုင်းလရောင်၏အရိပ်ကို ခို၍ တောင်ကြောတစ်လျှောက်၌ မြင်းစိုင်းနေတတ်သည်။ မြင်းကို တရကြမ်း စိုင်းနေခြင်းဖြစ်သဖြင့် သူသည် ကမ္ဘာလောကတစ်ခုလုံးအား ဆန့်ကျင်၍ ပြုမူနေသည့်နှယ်ရှိ၏။

နောက်ဆုံးတွင် ကျွန်တော်သည် အီဗန်၏အိမ်သို့ ဆိုက်ရောက်သွားပါသည်။ သူ့အိမ်သည် ကြီးမားသော်လည်း အချိုးအစားပြေပြစ်မှုမရှိပါ။ အိမ်မကြီး၏ ဘေးပတ်ပတ်လည်တွင် အဆောက်အအုံတွေက များလွန်းနေသည်။ အားလုံးကိုကြည့်လိုက်လျှင် မှုန်ကုပ်ကုပ်နိုင်လွန်းလှပါသည်။ ကျွန်တော့်ခြံဝင်း ထဲသို့ ဝင်သွားချိန်တွင် အလင်းရောင်မမြင်ရပါ။ ဘာသံမှလည်း မကြားရပါ။ ခပ်လှမ်းလှမ်းမှ ဇီးကွက်အော်သံကိုသာ ကြားနေရသည်။

ကျွန်တော် လူခေါ်ခေါင်းလောင်းကြိုးကို ဆွဲသည်။ အဖြေမလာပါ။ ကျွန်တော် အသာရပ်၍ နားစွင့်သည်။ ဘာသံဆို ဘာသံမှမကြားရပါ။ စောစောက ကြားခဲ့ရသော ဇီးကွက်အော်သံများသာလျှင် ဆက်၍ကြားနေရသည်။ ရုတ်တရက်ပေါ်လာသည့် သည်းမခံနိုင်စိတ်ဖြင့် ကျွန်တော်သည် တံခါးမကြီးကို လက်သီးဆုပ်နှင့် အဆက်မပြတ် ထုပါသည်။

ရုတ်တရက် တစ်ရှူးထိုးဟောင်လိုက်သည့် ခွေးဟောင်သံများ ပေါ်လာသည်။ အချိန်အတော်ကြီးကြာခါမှပင် တံခါးပွင့်သွားသည်။ တံခါး လာဖွင့်သူမှာ အနက်ရောင်အဝတ်အစားများ ဝတ်ထားပြီး ခြုံထည်တစ်ထည် ခြုံထားသည့် အဘွားအိုကြီးတစ်ယောက်။ သူသည် ကျွန်တော့်အား ကြောက်ရွံ့ထိတ်လန့်နေသည့် မျက်နှာထားဖြင့် ကြည့်နေသည်။ သူ့လက်ထဲတွင် ဖယောင်းတိုင်တစ်တိုင် ကိုင်ထားသည်။ သူ့နောက်မှ သွားဖြဲကာ ဟိန်းနေကြသော ခွေးသမင်နှစ်ကောင်။

ဤခရီးဦးကြိုပြုမှုမျိုးကို ကျွန်တော်သဘောမကျပါ။ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


အဘွားကြီးကို တွန်းဖယ်ပြီး ဝင်ခဲ့သည်။ ခန်းမကြီးကိုဖြတ်ကာ အခန်းကျယ်ကြီးတစ်ခန်းအတွင်းသို့ ဝင်ခဲ့သည်။ အခန်းထဲတွင် အိမ်ထောင်ပရိဘောဂပစ္စည်းဟူ၍ မည်မည်ရရမရှိ။ ထွန်းထားသည့် မီးကလည်း လင်းလင်းကျင်းကျင်းမရှိ။ ကြည့်ရသည်မှာ မီးဖိုချောင်တစ်ဝက်၊ ဧည့်ခန်းတစ်ဝက်အသုံးပြုသည့် အခန်းကြီးတစ်ခန်း ဖြစ်ဟန်တူ၏။ ကျွန်တော့်မျက်လုံးများသည် မီးဖိုဘေးရှိ ဆိုဖာပေါ်တွင် စောင်ခြုံလှဲနေသော ကလေးမတစ်ယောက်ကို မြင်သည်။ ကလေးမသည် သတိလစ်လျက်ရှိသည်။ သူ့ဘေးမှထိုင်၍ ခေါင်းငုံ့ကြည့်နေသော လူကြီးတစ်ယောက်။

လူကြီး၏ ကိုယ်လုံးကိုယ်ထည်သည် ကြီးမားတုတ်ခိုင်လှ၏။ အကယ်၍ ထိုင်ရာမှထရပ်လိုက်မည်ဆိုပါက ဤလူကြီး၏အရပ်သည် ခြောက်ပေ၊ ခြောက်လက်မအထိ မြင့်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ သူသည် ရှပ်အင်္ကျီနှင့် ကာကီဘောင်းဘီပွကြီး ဝတ်ထားသည်။ ခြေထောက်တွင် ဖိနပ်စီးမထား။ သူသည် အသက်ငါးဆယ့်ငါးနှစ်ခန့် ရှိလိမ့်မည်ဟု ထင်ရသည်။ သံသယဖြစ်စရာမလိုပါ။ သူသည် အီဗန်... အီဗန်စ်ပင်ဖြစ်၏။

သူ၏အာရုံသည် ဖျားနေသည့်မိန်းကလေးအပေါ် စူးစိုက်လျက်ရှိသဖြင့် ကျွန်တော်ဝင်လာသည်ကို မသိပါ။ သို့သော်လည်း ကျွန်တော့်လက်ထဲမှ ဆေးအိတ်ကို စားပွဲပေါ်ချလိုက်သည့်အခါ သူသည် အလန့်တကြား လှည့်ကြည့်သည်။ သူ့မျက်လုံးအစုံသည် ဝင်းဝင်းတောက်သည်။

'ခင်ဗျား ဘာကိစ္စလာလဲ'

သူ့အသံမှာ ခြောက်ကပ်ကပ်နိုင်လွန်းလှ၏။ ပထမတော့ ကျွန်တော်က သူ့ကိုမူးနေသည်ဟု ထင်လိုက်မိသည်။ ကျွန်တော်သည် တတ်နိုင်သမျှကိုယ့်စိတ်ကိုထိန်း၍ သံမှန်ဖြစ်အောင် ကြိုးစားပြီး အဖြေပေးပါသည်။

'ကျွန်တော် ဆရာဝန်ပါ၊ ဘေးခဏဖယ်ပေးပါ၊ ကျွန်တော်လူနာကိုကြည့်ပါရစေ၊ လူနာကိုကြည့်ရတာ အခြေအနေဆိုးပုံပဲ'

'ဆရာဝန်'

သူ့ပါးစပ်မှ အံ့သြသွားသည့်လေသံဖြင့် ရေရွတ်သည်။ ထို့နောက် တစ်မျက်နှာလုံး နီရဲလာသည်။ 'ကျုပ်တို့အိမ်မှာ ဘယ်ဆရာဝန်ကိုမှ လက်မခံ

www.burmeseclassic.com

www.burmeseclassic.com


ဘူး၊ တခြားဘယ်သူကိုမှလဲ လက်မခံဘူး၊ ထွက်သွား၊ ကျုပ်ပြောတာ ကြားတယ်မဟုတ်လား၊ အခုချက်ချင်းထွက်သွား'

သူ့အမူအရာမှာ ပြူးတူးပြဲတဲနှင့် ကြောက်စရာကောင်းလှပါသည်။ သို့သော်လည်း ကျွန်တော့်ဒေါသက ကျွန်တော့်အား ကြောက်စိတ်ကင်းမဲ့နေအောင် တွန်းအားပေးထားသည်။ တယ်လီဖုန်းကို လက်ခံနားထောင်ခဲ့ခြင်းသည် ကျွန်တော့်အမှားဟူသော အတွေး၊ အမှောင်ကြီးထဲ၌ ဒုက္ခသုက္ခခံ၍ တပင်တပန်း လာခဲ့ရသည့် အဖြစ်နှင့် အခုလို ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံခံနေရခြင်း စသည်တို့ ပေါင်းစပ်မိသောအခါ ကျွန်တော့်ဒေါသသည် အရှိန်မြင့်လာသည်။ ထို့ကြောင့် ကျွန်တော်ကလည်း စိတ်ဆိုးမာန်ဆိုးဖြင့် တုံ့ပြန်သည်။

'ခင်ဗျား ဒီအပေါက်မျိုးပြောတာဟာ ရူးနေလို့ပဲဖြစ်မယ်၊ ခင်ဗျား သမီး အပြင်းအထန်ဖျားနေတယ်၊ ခင်ဗျားသမီးကို ဆရာဝန်ကြည့်ဖို့ ခွင့်ပြုရမှာ ပဲ၊ ဘယ်လိုလဲ ကျွန်တော် သူ့ကိုကူညီရမလား'

ကျွန်တော့်စကားကြားသည့်အခါ ဆိုဖာဘက်သို့ တစ်ချက်မျှ ခိုးကြည့်သည်။

'ကျုပ် ဆရာဝန်တွေကို မယုံကြည်ဘူး၊ အားမကိုးဘူး'ဟု ပြော သည်။ 'ကျုပ်သမီးကို ကြည့်ဖို့မလိုဘူး၊ ကျုပ် ဘယ်ကောင်ကိုမှ မယုံဘူး'

ထူးဆန်းလှသော အခန်းထဲတွင် တိတ်ဆိတ်မှုသာလျှင် မင်းမူလျက် ရှိ၏။ ဘာဆက်လုပ်ကြရမည်နည်း။ ရင်ဘတ်ကိုနှစ်ဖက်ဖြင့်ဖိကာ တံခါးဝ၌ ရပ်နေသောအမျိုးသမီးအား ကျွန်တော်တစ်ချက်လှမ်းကြည့်သည်။ သူသည် သူ့အရှင်သခင်၏ အလိုဆန္ဒကိုဆန့်ကျင်ပြီး ကျွန်တော့်အား ပင့်ခဲ့ခြင်းဖြစ်သည်ဟု နားလည်လိုက်ပါသည်။ အခုအတိုင်းဆိုပါက နောက်ထပ်မျှော်လင့်စရာဟူ၍ ဘာမှမရှိတော့ပါ။ ကျွန်တော့်ဘက်မှ အောင်မြင်မှုရအောင်လုပ်ဖို့ တစ်နည်းသာလျှင်ရှိတော့၏။ ကျွန်တော်သည် မျက်နှာထားတင်းတင်းဖြင့် စားပွဲဘက်သို့ သွားကာ ဆေးအိတ်ကိုယူလိုက်ပါသည်။

'ကောင်းပြီလေ၊ တကယ်လို့ ခင်ဗျားသမီး သေသွားရင်လဲ ဘယ်သူ့ကြောင့်ဆိုတာ ခင်ဗျားသိမှာပေါ့'

တစ်ခဏကြာမျှ သူသည် ငိုင်သွားသည်။ သူ့လက်ချောင်းများအား

www.burmeseclassic.com

www.burmeseclassic.com


ဖြန့်လိုက်၊ ဆုပ်လိုက် လုပ်နေသည်။ သူ့ပါးစပ်သည် တဆတ်ဆတ် လှုပ်နေသည်။ လူ့မျက်လုံးများတွင် အမုန်းနှင့်အကြောက်တို့၏ ပဋိပက္ခ အရိပ်အသွင်များ ထင်ဟပ်နေသည်။ ထို့နောက် ကျွန်တော့်လက် တံခါးလက်ကိုင်ဘုကို လှမ်းအကိုင်လိုက်တွင် သူ့ထံမှ အော်ပြောသံ ထွက်လာသည်။

'မသွားပါနဲ့၊ ခင်ဗျားပြောသလို ကျုပ်သမီး အခြေအနေဆိုးတယ်ဆိုရင် ကြည့်ပေးပါ'

ကျွန်တော် ခတ်ဖြည်းဖြည်းပြန်လျှောက်လာပြီး ဆိုဖာအနီးသို့ကပ်ကာ ဒူးထောက်ထိုင်ချလိုက်သည်။ လူနာအား စမ်းသပ်စစ်ဆေးသည်။ သူ့အသက်သည် ကျွန်တော်ခန့်မှန်းထားသည်ထက် ကြီးနေသည်။ ဆယ့်ရှစ်နှစ်ခန့်တော့ ရှိလောက်ပြီ။ သတိမေ့နေသည့်ကြားမှပင် သူ့အလှသည် ပြတ်ပြတ်ထင်ထင် ပေါ်လွင်လျက်ရှိ၏။ ရုတ်တရက် သနားစိတ်ဝင်လာသည်။ အခုလို အသိတရားကင်းမဲ့သော မိဘများ၏လက်ထဲတွင် ဤပတ်ဝန်းကျင်မျိုး၌ ကြီးပြင်းရသည့်အဖြစ်သည် မည်မျှလောက် အားကိုးရာမဲ့ရှာလိမ့်မည်နည်း။

ကျွန်တော်က သူ့အား နေရာရွှေ့လိုက်သည့်အခါ ညည်းသံတစ်ချက် ထွက်လာသည်။ သူ့အသားသည် ပူလောင်လျက်ရှိ၏။ ဝက်သက်လက္ခဏာမျိုးတော့ မတွေ့ရ။ အဆုတ်များတွင်လည်း ထူးခြားမှုမရှိ။ သူ့နှလုံးမှာလည်း ပုံမှန်ပင်ဖြစ်သည်။ ရောဂါ၏အရင်းအမြစ်ကို ရုတ်တရက် မသိရသဖြင့် ကျွန်တော် အကြံရခက်နေသည်။ ထို့နောက် လူနာ၏ ဘယ်ဘက်နားရွက်နောက်နားမှ ညိုမြည်းမည်း အဖုတစ်ဖုကို မြင်သည်။ အခြေအနေမှန်ကို သိသောအခါ ကျွန်တော်သည် အံဇနိစ်နှင့် မျက်နှာချင်းဆိုင်လိုက်ပါသည်။

'ခင်ဗျား ကျွန်တော့်ကို လွန်ခဲ့တဲ့ရက်တွေကတည်းက ပြောပြသင့်တယ်'

'ဒါက အပူကျိတ်ပါ'ဟု သူက အရပ်သုံးစကားဖြင့် ရောဂါအမည်တပ်သည်။ 'ကျုပ်တို့ ငန်းအဆီနဲ့ ဖွဲနုဖျော်ပြီး အနာကိုအုံပေးလို့ရတယ်၊ ပြီးတော့ ကျုပ် မျှော့တွေဖမ်းခဲ့ဖို့ မှာထားတယ်၊ မနက်ဖြန်ဆိုရင် ပင်ပီအိုလာပို့ မှာ၊ မျှော့တွေနဲ့ စုပ်ထုတ်လိုက်ရင် သက်သာသွားမှာပဲ'

'အဲဒီအချိန်မှာ ခင်ဗျားသမီးသေပြီပေါ့'

www.burmeseclassic.com

www.burmeseclassic.com


သူ့မျက်နှာသည် ဖြူရော်ရော်ဖြစ်သွားသည်။ သူသည် ကျွန်တော့် ရှေ့တွင် တောင့်တောင့်မတ်မတ်ကြီး ရပ်နေသည်။ အမျိုးသမီးက လက်နှစ် ဖက်ကိုယှက်၍ ကျွန်တော့်အား ကြည့်နေရာမှ သူ့ဖက်သို့ လှည့်သွားသည်။ ထို့နောက် ချုံးပွဲချငိုပါတော့သည်။

'ကျွန်တော်ပြောမယ် အီဗန်စ်' ကျွန်တော်က သူ သဘောပေါက် နားလည်စေရန် စိတ်ပါလက်ပါ ရှင်းပြသည်။ 'ခင်ဗျား ကျွန်တော့်ကို နားလည် စေချင်တယ်၊ ဒီနားနောက်က အရိုးထဲမှာ ပြည်တည်နေပြီ၊ ဒီပြည်ပုပ်တွေကို ဖောက်ထုတ်မပစ်ရင် ဦးနှောက်အထိ စားသွားတော့မှာ၊ ဒါဆိုရင် ဘာဖြစ်မယ် ဆိုတာ ခင်ဗျားသိရောပေါ့၊ တကယ်လို့ ကျွန်တော် အခုချက်ချင်း ဘာမှမလုပ် ဘဲနေရင် ခင်ဗျားရဲ့သမီးဟာ နောက်ထပ် ခြောက်နာရီကြာပဲ အသက်ရှင်တော့ မှာ'

သူသည် နံရံကို အားပြုလိုက်သည်။ သူ့မျက်လုံးအစုံသည် ကျွန်တော့် မျက်နှာမှ မခွာ။

'အဲဒါ တကယ်ပဲလား'

'ကျွန်တော်က ခင်ဗျားကို ဘာကြောင့်လိမ်နေရမှာလဲ'

ခဏမျှ ငြိမ်ဆိတ်သွားသည်။

'ဒါဆိုရင် လုပ်ပါ'

သူသည် နောက်ထပ်ဘာမှ မပြောတော့ပါ။ သူ့မျက်လုံးများကတော့ ကျွန်တော့်ကိုသာ မျက်ခြည်မပြတ် ကြည့်နေသည်။ ကျွန်တော်မမှားနိုင်ပါ။ သူသည် လူတိုင်းက သူ့အား ဆန့်ကျင်တိုက်ခိုက်နေကြသည်ဟု အထင်မှား၊ အမြင်မှား ဖြစ်နေသည်။ အခုဆိုလျှင် သူသည် သူ့ဆန္ဒကိုဆန့်ကျင်ကာ ကျွန်တော့်အား ယုံကြည်ကိုးစားလာသည်။ ဘာကြောင့်နည်း။ လိုအပ်ချက်နှင့် အကြောင်းတို့၏ လှုံ့ဆော်တိုက်တွန်းမှုကြောင့်ဖြစ်၏။ ရုတ်တရက် အတွေး တစ်ခုဝင်လာသဖြင့် ကျွန်တော့်ရင်ထဲတွင် အေးခနဲဖြစ်သွားသည်။ ကျွန်တော် က လူနာအား ခွဲစိတ်ကုသခွင့်ပြုရန် သူ့အား ဖြားယောင်းသွေးဆောင်၍ တိုက်တွန်းခဲ့၏။ အကယ်၍ ကျွန်တော်၏ခွဲစိတ်မှု မအောင်မြင်ပါမူ ဘာဖြစ်လာ လိမ့်မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း ဤအတွေးကို အကျယ်ချဲ့၍ စဉ်းစားနေရန် အချိန်မရှိပါ။ တစ်စက္ကန့်မျှပင် အချိန်ဖြုန်း၍မဖြစ်ပါ။ ကျွန်တော် ဆေးအိတ်ကိုဖွင့်ကာ ကိရိယာတန်ဆာပလာများကို ထုတ်လိုက်သည်။ ဇလုံနှစ်လုံးဖြင့် ကာဘော်လစ် ဆေးရည်များ ဖျော်ထားလိုက်သည်။ ထို့နောက် သူနှင့်ကျွန်တော် လူနာကို မ၍ သစ်သားစားပွဲတစ်လုံးပေါ် တင်သည်။ မေ့ဆေးနံ့သည် လေထဲတွင် လွင့်မျောလျက်ရှိသည်။

အီဗန်စ်ကိုင်ထားသည့် မှန်အိမ်မီးရောင်သည် အလင်းကိုကောင်းစွာ မပေးနိုင်။ ကျွန်တော်၏ ပထမဆုံးဓားချက်သည် လူနာ၏နားနောက်မှ ဖောင်းနေသော အကျိတ်ကို ခွဲမိသည်။ ချက်ချင်းပင် ကျွန်တော်မြင်သည်။ ကျွန်တော့်အနေဖြင့် ဦးနှောက်၏ ဘေးဘက်အတွင်းပိုင်းအထိ ဓားချက်တစ်ချက်တည်းနှင့် ရောက်အောင်ခွဲမှ ဖြစ်တော့မည်။

ကျွန်တော်သည် သဘာဝအသိကို အားကိုးပြု၍ အလုပ်လုပ်နေခြင်းဖြစ်၏။ အခုဆိုလျှင် ကျွန်တော်သည် အရိုးကိုထိနေပြီ။ ဦးခေါင်း၏ အနူးညံ့ဆုံးဖြစ်သောအရိုးပိုင်းဖြစ်၏။ နက်ကရိုတစ်အရိုးမှ အသားမျှင်သည် ကျွန်တော်ထင်ထားသည်ထက်ပင် ဟလျက်ရှိသည်။ အခုထက်ထိ ပြည်အစအန မတွေ့သေး။ လုံးဝမရှိလို့များလား။ ကျွန်တော်သည် အတွင်းဘက်သို့ နက်သည်ထက်နက်အောင် နှိုက်သည်။ ဦးနှောက်ရှေ့ပိုင်းနားအထိ ရောက်သွားသည်ကို ကျွန်တော်သိလိုက်သည်။ ထို့နောက် ရုတ်တရက်ဆင်းလာသည့် ပြည်ပုပ်များ။

ကပျာကယာ ဇွန်းတစ်ဇွန်းယူ၍ ပြည်များကုန်သွားသည်အထိ ထုတ်သည်။ ထို့နောက် အခေါင်းကို ဂရုတစိုက် ခြစ်ပစ်လိုက်ပြီး ပိုးသတ်ဆေးဖြင့် သန့်စင်သွားအောင် ဆေးပစ်သည်။ ဖြည်းဖြည်းမှန်မှန် လုပ်၍မရ။ မြန်နိုင်သမျှ မြန်အောင်လုပ်ရသည်။ နောက်ငါးမိနစ်အကြာတွင် လူနာသည် ခုတင်ပေါ် ပြန်ရောက်သည်။ အသက်မှန်မှန်ရှူလျက်ရှိသည်။ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသည့်နှယ်ဖြစ်သည်။ သွေးခုန်နှုန်းမှန်လာသည်။ ပိုမို၍အားကောင်းလာသည်။ အသားအရောင် ပုံမှန်ဖြစ်လာသည်။ ရောဂါကူးစက် ပြန့်ပွားသွားနိုင်သည့် အနေအထားမှ လွတ်မြောက်သွားပြီဖြစ်၏။ အသက်ငယ်ရွယ်သူဖြစ်သဖြင့် မကြာမီ ပြန်လည်နေကောင်းလာလိမ့်မည်ဟု ကျွန်တော်ယုံကြည်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်သည် ဆေးအိတ်ထဲသို့ ပစ္စည်းများပြန်ထည့်နေရင်းက အီဗန်စ်အား တစ်ချက်မျှမော့ကြည့်မိပါသည်။ သူ စားပွဲအနီးမှရပ်ကာ ကျွန်တော့် အား ကြည့်နေဆဲပင်ဖြစ်သည်။ သူ့မျက်နှာသည် စောစောကလို မကြည်မသာ မဟုတ်တော့ပါ။

'အခုဆို သူသက်သာသွားပါပြီ၊ ကောင်းသွားမှာပါ'ဟု ကျွန်တော် က ပြောသည်။

သူက ရုတ်တရက် ချက်ချင်းအဖြေမပေးပါ။ အတန်ကြာမှ 'ဟုတ် တယ်၊ သူ့ကြည့်ရတာ ကောင်းသွားသလိုပဲ'ဟု ရေရွတ်သည်။

အီဗန်စ်တွင် စိတ်လှုပ်ရှားမှု အသစ်တစ်ခုနှင့် တွေ့နေရသည်ကို ကျွန်တော်သတိထားမိသည်။ တခြားတော့မဟုတ်။ ကျေးဇူးတင်စိတ်ဖြစ် သည်။ အခုကျတော့လည်း သူ့အပြုအမူသည် နူးညံ့လျက်ရှိ၏။ ကျွန်တော်က လူနာ၏ခုတင်ဘေး၌ ကုလားထိုင်တစ်လုံးနှင့် ထိုင်နေသောအမျိုးသမီးဘက် သို့ ခေါင်းတစ်ချက်ဆတ်ပြသည်။

'ခင်ဗျား မေ့မပစ်သင့်တဲ့ အချက်တစ်ချက်ရှိတယ်၊ ကျေးဇူးတင်ရမှာ ခင်ဗျားရဲ့မိန်းမပဲ၊ သူခေါ်လို့ ကျွန်တော် ဒီရောက်လာတာ'

သူ့မျက်လုံးများက နားမလည်နိုင်အောင် အံ့အားသင့်နေခြင်းကို ဖော်ပြလျက်ရှိသည်။

'ကျွန်တော် ခင်ဗျားပြောတာ နားမလည်ဘူး၊ အဲ့ဒီမှာထိုင်နေတာ ကျွန်တော့်မိန်းမ မဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့အိမ်စေမ ဝီနက်သ်၊ သူလုံးဝ အင်္ဂလိပ်စကား မပြောတတ်ဘူး၊ ဝေးလ်ဘာသာစကားပဲတတ်တယ်'

ကျွန်တော် သူ့ကို ကြည့်နေမိပါသည်။

'ဒါပေမယ့် ကျွန်တော့်ကို တယ်လီဖုန်းဆက်တာကော ခင်ဗျား မသိဘူးလား၊ ခင်ဗျားမိန်းမက တယ်လီဖုန်းဆက်ပြီး ကျွန်တော့်ကိုခေါ်တာ အမှန်ပဲ'

သူကလည်း တအံ့တဩဖြစ်ကာ ကျွန်တော့်အား ပြန်ကြည့်နေသည်။

'အိမ်မှာ လုံးဝတယ်လီဖုန်းမရှိပါဘူး၊ ဒီအနီးအနား တစ်ဝိုက်မှာလဲ မရှိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com


သူလိမ်ပြောနေခြင်းမဟုတ်မှန်း မျက်နှာကို တစ်ချက်ကြည့်ရုံမျှဖြင့် ကျွန်တော်သိပါသည်။ ကျွန်တော့်ဦးခေါင်းသည် နောက်ကျိရှုပ်ထွေးလာသည်။ ကျွန်တော်သူနှင့် မျက်နှာချင်းဆိုင်လိုက်ပါသည်။

'ဘယ်လိုဖြစ်ကုန်တာလဲဗျာ၊ ခင်ဗျားရဲ့မိန်းမက လူနာလာကြည့်ဖို့ ကျွန်တော့်ကို ဖုန်းဆက်ခေါ်တာ၊ ခင်ဗျားလုံးဝ မသိဘူးလား၊ ဒီညပဲ ဆက်တာ၊ ခင်ဗျား ကျွန်တော် အခုပြောနေတာကိုရော ကြားရဲ့လား၊ ကျွန်တော်က ဖုန်းဆက်တဲ့လူကို ခင်ဗျား ဘယ်သူလဲလို့မေးတော့ သူက ကျွန်မ အီဗန်စ်ရဲ့ ဇနီးပါလို့ အသေအချာကြီးကို ပြောသွားတာပဲ'

သူသည် ကျွန်တော့်အားကြည့်နေရာမှ လက်ကိုမြှောက်လိုက်သည်။ ကျွန်တော့်အား လက်သီးနှင့်ထိုးလိုက်တော့မည်ဟုပင် ထင်ရ၏။

'ခင်ဗျား ကျွန်တော့်မိန်းမအကြောင်း မသိဘူးလား' ဟု မေးသည်။ ထို့နောက် ငိုသံပါကြီးနှင့် ဆက်ပြောသည်။

'ဘယ်လိုဖြစ်တယ်ဆိုတာ ခင်ဗျားကို လူတွေက မပြောကြဘူးလား ဗျာ၊ ဘာကြောင့်လဲဆိုတော့ ကျုပ် ဆရာဝန် မခေါ်လို့ဗျ၊ သူက ဒီအခန်းထဲမှာ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက သေသွားပါပြီဗျာ'

* * * * *

တယ်လီဖုန်းဆက်သော အဖြစ်အပျက်နှင့်ပတ်သက်၍ ကျွန်တော်သည် ဝိညာဉ်လောကနှင့် ဆက်စပ်နေသည့် လျှို့ဝှက်ဆန်းကြယ်မှုတစ်ခုအဖြစ် ဖော်ပြကာ အဆုံးသတ်ချင်သော ဆန္ဒရှိပါသည်။ သို့သော်လည်း ကျွန်တော်၏ ရိုးသားဖြောင့်မတ်မှုက ကျွန်တော့်အား ထိုဖြစ်ရပ်နှင့် ကြုံတွေ့ခဲ့ရပြီးနောက် မကြာခင်သိခဲ့ရသည့် အဖြစ်မှန်ကိုသာ မှတ်တမ်းတင်ရန် နှိုးဆော်တိုက်တွန်းလျက်ရှိပါသည်။

အီဗန်စ်၏သမီးတွင် သူငယ်ချင်းအမျိုးသမီးတစ်ဦးရှိသည်။ ထိုအမျိုးသမီးသည် အီဗန်စ်၏ ဝမ်းနည်းကြေကွဲဖွယ်ရာ ဇာတ်ကြောင်းကို သိနေသူဖြစ်သည်။ မိန်းကလေး အပြင်းအထန်နေမကောင်းဖြစ်နေသည်ကိုလည်း သိနေ

www.burmeseclassic.com

www.burmeseclassic.com


သည်။ ထိုအခါ ဤပြဿနာကို သူတတ်အားသရွေ့ ဝင်ရောက်ဖြေရှင်းရန် စဉ်းစားစိတ်ကူးသည်။ သူဝင်ပါသည်ကို အီဗန်စ်သိသွားမှာလည်း စိုးရိမ်သည်။ ဤသို့ဖြင့် နောက်ဆုံးတွင် အီဗန်စ်၏ဇနီးက တယ်လီဖုန်းဆက်သည်ဟု အရဲစွန့် ၍ လုပ်လိုက်ခြင်းဖြစ်သည်။

အီဗန်စ်၏ အမျိုးသမီးမိတ်ဆွေမှာ ထရီဂျင်နီ တယ်လီဖုန်းရုံးမှ အော်ပရေတာမ ဖြစ်ပါ၏။

* * * * *

[ ၁၈ ]

အချိန်သည် အကုန်မြန်လှပါဘိသည်။ ရက်မှသည် သီတင်း၊ သီတင်းမှသည် လ။ ကျွန်တော့်မှာတော့ အခုချိန်ထိ နေရာတကျ မဖြစ်သေး။ ပထမတုန်းကတော့ စိတ်အားထက်သန်မှုအပြည့်ဖြင့် ကျွန်တော်၏ ချစ်လှစွာသောဇနီးအား (အခုတော့လည်း 'ချစ်လှစွာသော' ဆိုသည့်စကားကို ကျွန် တော် မသုံးတော့ပါ။ ဝေးလ်ဟင်းလျာများကို အပတ်တကုတ် ကြိုးစားအား ထုတ်ပြီး အမြဲတစေ ချက်ပြုတ်ကျွေးမွေးနေသဖြင့် ကျွန်တော့်အား ဖြည်းဖြည်း ချင်း အဆိပ်ကျွေးသတ်နေသည်ဟူသော အစွဲဝင်ကတည်းက ထိုစကားလုံးကို စွန့်လွှတ်ခဲ့ပြီဖြစ်သည်)။ ကတိပေးထားခဲ့သည်။ ကျွန်တော် ထပ်၍ပြောပါရစေ။ ကျွန်တော်သူ့အား ကတိပေးထားခဲ့သည်။ ဥစ္စာပစ္စည်းချမ်းသာကြွယ်ဝအောင်လုပ်မည်။ ရာထူးဌာနန္တရနှင့် အခြေအနေမြင့်မားအောင်လုပ်မည်။ လန်ဒန်မြို့တော် ဟာလေလမ်း၌ အိမ်တစ်လုံးပိုင်ရမည်။ ပြီးတော့ ကျွန်တော် အမှန်အတိုင်း သတိရမည်ဆိုပါက မြေထဲပင်လယ်ဒေသတွင် အိမ်လှလှလေး တစ်လုံး အပိုင်ရှိစေရမည်စသည် စသည်ဖြင့် ကတိတွေပေးထားခဲ့၏။

သို့သော်လည်း အခုအချိန်ထိတော့ ကျွန်တော် ဘယ်ကိုမှမပြောင်းရ၊ မရွေ့ရသေး။ နိမ့်ချည်မြင့်ချည်ရှိလွန်းလှသော လမ်းများပေါ်တွင် ခြေထောက်များကို တရွတ်ဆွဲ၍ လမ်းလျှောက်နေဆဲ။ ငွေကြေးနည်းနည်းပါးပါး စုမိအောင် ကြိုးစားအားထုတ်နေရဆဲ။ စကော့လူမျိုးတွေ ပြောလေ့ရှိသည့်

www.burmeseclassic.com

www.burmeseclassic.com


'အစအနထဲမှစုလျှင် ဘယ်တော့မှ စုလို့မရ'ဟူသော စကားအတိုင်းဖြစ်သည်။ ကျွန်တော်တို့မှာ အခုထက်ထိ အလွန်စိတ်ပျက်စရာကောင်းသော တောင်တန်းကြီးများ၌ အရှင်လတ်လတ် မြေမြှုပ်ခံနေရဆဲဖြစ်သည်။ ကျွန်တော့်အနေဖြင့် ကြိတ်မနိုင်ခဲမရဖြစ်သောစိတ်ဖြင့် အလုပ်ပေါင်းများစွာကို လျှောက်ထားခဲ့သည်။ ဘယ်ဟာမှ အကျိုးရှိမလာပါ။ ထို့နောက် အမှတ်တရဖြစ်လောက်သည့် နေ့တစ်နေ့နှင့် ကြုံရသည်။ ထိုနေ့တွင် ကျွန်တော်သည် စာတစ်စောင်ကိုင်၍ အိမ်ထဲသို့ ဝမ်းသာအားရ ပြေးဝင်ခဲ့ပါသည်။

'မောင်တို့ ဒီကသွားရတော့မယ်၊ ဒီလကုန်လောက်ပေါ့'

ကျွန်တော့်အဖော်မွန်က ကျွန်တော့်အား ပြုံးတူးပြုံတဲ ကြည့်နေသည်။

'သွားရတော့မယ် ဟုတ်လား၊ ဒါပေမယ့် မေရီက အခု ဒီမြို့ကို သဘောကျနေပြီ'

သူ တမင်သက်သက် ရွဲ့များပြောလေသလား။ ဤနေရာ၌ နေရသည့်အတွက် သူ့တွင် ဘာပြဿနာမှ မရှိဟူသောအချက်ကို ကျွန်တော် နားလည်သဘောပေါက်စေလိုသော စေတနာဖြင့် ပြောသလား။ ကျွန်တော်ကတော့ စိတ်ကို ချုပ်တည်းပါသည်။

'မောင်တို့ အခုရောက်မယ့်နေရာကို မင်းပိုပြီးသဘောကျမှာပါ၊ အလုပ်ကလဲ ပိုပြီးအဆင်ပြေတယ်'

ကျွန်တော်က စာကို သူ့လက်သို့ ပေးလိုက်သည်။ စာမှာ အနီးအနားပတ်ဝန်းကျင်ရှိ ထရက်ဒီးဂါးတောင်ကြားအရပ်၊ ဆေးဝါးကူညီထောက်ပံ့ရေးအသင်း အတွင်းရေးမှူးထံမှ စာဖြစ်သည်။ ကျွန်တော့်အား အသင်းဆရာဝန်အဖြစ် ခန့်ထားလိုက်ကြောင်း အကြောင်းကြားစာဖြစ်သည်။ လစာမှာ ယခု ကျွန်တော်ရနေသော လစာထက် အနည်းငယ်မျှသာပိုသည်။ သို့သော်လည်း ကျွန်တော့်အတွက် မက်စရာကောင်းသည့် အချက်တစ်ချက်ကရှိနေသည်။ အသင်းမှခန့်ထားခြင်းခံရသူသည် အိမ်ရမည်ဟူသောအချက်ဖြစ်၏။ ရမည့်အိမ်သည် ဖြစ်ကတတ်ဆန်းအိမ်မျိုးမဟုတ်။ အိမ်ရာနှင့်တူသည့်အိမ်။ ဤအကြောင်းကိုသိလိုက်သောအခါ မေရီစိတ်ပြောင်းသွားသည်။ ဤမြို့၌ ကြာကြာမနေချင်တော့။ အမြန်ဆုံးသွားချင်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကုမ္ပဏီမှအသစ်ခန့်ထားသည့်ဆရာဝန်ရောက်မလာမချင်း ကျွန်တော် တို့ စောင့်ကြည့်ရသည်။ ဆရာဝန်ရောက်လာ၍ ကျွန်တော်တို့ရွှေ့ပြောင်း သည့်အခါ ဒေးလီးဝစ္စသည် စိတ်မကောင်းဖြစ်ရှာသည်။ ကျွန်တော်တို့ပိုင် ပစ္စည်းအနည်းငယ်မျှကို ထုပ်ပိုးပြီး အငှားထရပ်ကားပေါ် တင်ကြသည်။ ကုမ္ပဏီမန်နေဂျာ၊ အော်လ်ဝင်ဒေးဗီးစ်နှင့် မစ္စက်မော်ဂင်တို့အား နှုတ်ဆက်ပြီး ကားဒရိုင်ဘာဘေးတွင် ကျွန်တော်တို့ တက်ထိုင်လိုက်ကြသည်။ ထရပ်ကား သည် ကျွန်တော်တို့၏ အိမ်သစ်ဆီသို့ ဦးတည်ကာ တောင်ကုန်းတောင်ကြား များတစ်လျှောက် ဖြတ်သန်းလာခဲ့ပါသည်။

ထရက်ဒီးဂါးသည် ကျောက်မီးသွေးတွင်း မြို့တစ်မြို့ပင်ဖြစ်သည်။ သို့သော်လည်း မြို့သည် သပ်ရပ်သန့်ရှင်းသည်။ တောင်ကုန်းများ၏ အစွန်း တွင် တည်ရှိသည်။ စတိုးဆိုင်အများအပြားရှိ၍ စာကြည့်တိုက်တစ်တိုက်နှင့် တစ်ပတ်လျှင် ရုပ်ရှင်နှစ်ကြိမ်ပြသသည့် မြို့တော်ခန်းမတစ်ခုလည်းရှိသည်။

ကျွန်တော့်ဇနီး အလွန်စိတ်ဝင်စားနေသောအိမ်မှာ အုတ်များဖြင့် အခိုင်အမာ တည်ဆောက်ထားသည့်အိမ်ဖြစ်သည်။ တောင်ကျစမ်းချောင်း ဘေးရှိ ကျယ်ဝန်းပြန့်ပြူးသောမြေပေါ်၌ တည်ရှိသည်။ စမ်းချောင်းကို ဖြတ်ကူးရာ သစ်သားတံတားလေးတစ်ခုလည်းရှိသည်။ လူသူအသွားအလာ နည်းပါးသော တောင်ကြားကလေးအတွင်း၌ တည်ရှိနေခြင်းဖြစ်၍ အိမ်ကို 'တောင်ကြားဂေဟာ'ဟု အမည်ပေးထားသည်။ ယခင်နေခဲ့ရသည့် အိပ်ခန်း နှစ်ခန်းသာပါသော နေအိမ်နှင့်စာလျှင် အလွန်ကြီးကျယ်ခန်းနားသည့် အိမ်ကြီး တစ်အိမ်လို ဖြစ်နေပါသည်။

ကျွန်တော့်ဇနီးအဖို့တော့ သူလိုလားနေသည့်အိမ်မျိုး ရရှိသည့်အတွက် ဘုရားသခင်အား ကျေးဇူးတင်၍မဆုံးဖြစ်နေသည်။ သူသည်ပါလာသည့် အိမ်ထောင်ပစ္စည်းများကို ခံ့ညားလှပအောင် စီမံခင်းကျင်းရသောအလုပ်တွင် များစွာစိတ်ဝင်စားနေသည်။ အထူးသဖြင့် အိမ်ကိုအိမ်နှင့်တူအောင် အား ထုတ်ရသည့်အလုပ်တွင် များစွာသာယာကြည်နူးလျက်ရှိပါသည်။

ကျွန်တော့်အတွက် စိတ်ဝင်စားဖွယ်ကောင်းသည့် အလုပ်များ အများ အပြားရှိနေသည်။ ဆေးဝါးကူညီထောက်ပံ့ရေး စီမံကိန်းအရ တွင်းတူးအလုပ်

www.burmeseclassic.com

www.burmeseclassic.com


သမားအားလုံးက အသင်းသို့ သတ်မှတ်ထားသော ထည့်ဝင်ကြေးအနည်းငယ် မျှကို အပတ်စဉ်မှန်မှန်ပေးသွင်းရသည်။ ဤတွင် အသင်းကြီးက အလုပ်သမား များနှင့် သူတို့မိသားစုများအား ဆေးဝါးအခမဲ့ ကုသပေးသည်။ အမှန်တော့ ဤစီမံကိန်းသည် ဆိုရှယ်လစ်ဆေးဝါးကုသရေးစနစ်ဆီသို့ ဦးတည်ထားသည့် အခြေခံအုတ်မြစ်ဖြစ်သည်။ ဤစီမံကိန်းကို ဗြိတိန်နိုင်ငံ၊ ကျန်းမာရေးဝန်ကြီး အင်နုရယ်ဘီဗင်က ချမှတ်ပေးခဲ့ခြင်းဖြစ်သည်။ တစ်ချိန်က ထရက်ဒီးဂါးမြို့ တွင် ကျောက်မီးသွေးတွင်းတူး အလုပ်သမားတစ်ယောက်ဖြစ်ခဲ့ဖူးသော အင်နုရယ်ဘီဗင်သည် ဤစီမံကိန်းကို အမျိုးသားစီမံကိန်းအဖြစ် ချမှတ်ဆောင် ရွက်ခဲ့ခြင်းဖြစ်သည်။ ထရက်ဒီးဂါးရှိ နယ်မြေဆေးဝါးထောက်ပံ့ရေးအသင်း ၏ ကူညီလက်တွေ့ဆောင်ရွက်ချက်များကို လေ့လာသည့်အခါ အလုပ်သမား များ ဆေးဝါးကုသရေးလုပ်ငန်းသည် များစွာလျင်မြန်ပြီးစီး ထိရောက်သည်ကို တွေ့ရသဖြင့် အင်နုရယ်ဘီဗင် များစွာသဘောကျခဲ့သည်ဟု သိရပါသည်။

ဤစီမံကိန်းတွင် ကောင်းကွက်များရှိသကဲ့သို့ ဟာကွက်များလည်း ရှိသည်။ ထရက်ဒီးဂါး၌ ကျွန်တော်ကြုံခဲ့ရသည့် အဓိကဟာကွက်တစ်ခုမှာ မလိုအပ်ဘဲနှင့် ဆရာဝန်အား ဖုံးပေါလအောသုံးနေခြင်းဖြစ်သည်။ နေ့ရော ညပါ ထစ်ခနဲဆိုလျှင် ဆရာဝန်လာပင့်လေ့ရှိ၏။ တစ်နည်းပြောရလျှင် ဤ စီမံကိန်းသည် ရောဂါမရှိဘဲ မိမိကိုယ်ကိုမိမိ ရောဂါရှိသည်ဟု ထင်နေသူများ၊ အကြောင်းမဲ့ စိတ်ဓာတ်ကျနေသူများနှင့် အခွင့်အရေးသမားများကို မွေးဖွား ပေးလျက်ရှိသည်။ အခွင့်အရေးသမားများသည် သူတို့အတွက် တစ်စုံတစ်ခု အမြတ်ထွက်ဖို့ (ဥပမာ… မျက်မှန်၊ ပတ်တီး၊ ဝွမ်းမှ ချိုလစ်ဖ်ဆေးမှုန့်အထိ အလကားရယူလိုမှုများ) အမြဲတစေ ကြိုးစားအားထုတ်လျှက်ရှိသည်။

ကျွန်တော် အိမ်တိုင်ရာရောက် သွားရောက်ကြည့်ပေးရသည့် လူနာ များမှာ များပြားလှသည်။ ဤအထဲတွင် အထူးအဆန်းလူနာများလည်း ပါ သည်။ ရောဂါဟူ၍ လုံးဝမရှိဘဲ ကျန်းမာဝဖြိုးနေသော အမျိုးသမီးတစ်ဦးရှိ သည်။ သူသည် တစ်နေ့လုံး အိပ်ရာမှမထ၊ သူ့တွင် အဆုတ်ရောဂါရှိနေသည် ဟုဆိုကာ ဆရာဝန်အား ကြည့်ဖို့သာ နားပူနားဆာလုပ်သည်။ ဘယ်လိုပဲ ရှင်းပြပြ သူ့သံသယမပျောက်။

www.burmeseclassic.com

www.burmeseclassic.com


သက်ကြီးတွင်းတူး အလုပ်သမားအများစုသည် အကြောဆွဲရောဂါ အဖြစ်များကြသည်။ သူတို့လုပ်ကိုင်နေရသည့်အလုပ်ကို အကြောင်းပြု၍ အဆစ်အမြစ်ယောင်ရောဂါလည်း အဖြစ်များကြသည်။ ယင်းရောဂါနှစ်မျိုး အနက် ဒုတိယအမျိုးအစားသည် ပင်စင်ယူနိုင်ခွင့်ရှိသော ရောဂါမျိုးဖြစ်သည်။ ထို့ကြောင့်လည်း အလုပ်သမားများသည် ပထမအမျိုးအစားရောဂါကို ဒုတိယ အမျိုးအစားဟု ထင်မှတ်မှားအောင် ကျွန်တော့်အား လိမ္မာပါးနပ်စွာဖြင့် လှည့် စားလေ့ရှိရာ ကျွန်တော့်မှာ ဤပြဿနာအတွက် တစ်ခါတစ်ရံ များစွာစိတ် အနှောင့်အယှက်ဖြစ်ရပါသည်။

ထို့ပြင်လည်း အတွေးအခေါ် မမှန်ကန်မှုကြောင့် ပြဿနာနှင့် ရင်ဆိုင် နေရသော လူနာအချို့ကိုလည်း တွေ့နေရသည်။ ကျွန်တော်ရောက်ပြီးအစောပိုင်း သီတင်းပတ်များအတွင်းက အလွန်ရှားပါးသော ရောဂါသည် တစ်ဦးနှင့်ဆုံခဲ့ ရ၏။ ဆေးပညာလောကတွင်တွေ့ရခဲသော လူနာမျိုးဖြစ်သည်။ အလွန် ခက်ခဲ နက်နဲသောသဘောရှိသည်။ ရောဂါသည်မှာ သားသမီးမရှိသော အမျိုး သမီး တစ်ယောက်ဖြစ်၏။ အသက်လေးဆယ်မျှရှိနေပြီဖြစ်၍ ဆယ့်ငါးနှစ် လုံးလုံး အိမ်ထောင်သည်ဘဝဖြင့် အများ၏ လေးစားစွာ ဆက်ဆံမှုကို ခံယူလာ ခဲ့သူဖြစ် သည်။ သူသည် သူ့ကိုယ်သူကိုယ်ဝန်ရှိနေသည်ဟု တစ်ထစ်ချ ယူဆ ယုံကြည် ထားသည်။ ယင်းယုံကြည်မှု ဝင်လာသည့်အချိန်မှစ၍ ကိုယ်ဝန်သည် တစ်ဦး၌ ဖြစ်ပေါ်လာတတ်သော အရိပ်လက္ခဏာများ မှန်မှန်ဖြစ်ပေါ်လာ သည်။ အော့အန်ခြင်း၊ မူးဝေခြင်း၊ ခံတွင်းပျက်ခြင်း၊ ရင်သားများတင်းလာခြင်း၊ ဗိုက်စူလာခြင်းနှင့် မီးယပ်သွေးမပေါ်ခြင်းစသည်များဖြစ်သည်။ ယင်းတို့သည် စိတ် ကြောင့်ပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်ဟု ရှင်းပြသော်လည်း သူနား မဝင်။ နောက်ဆုံးတွင် ကျွန်တော့်ဘက်မှ လက်လျှော့ကာ 'ကဲပါလေ … ဒီလို ဆိုလဲ ကျွန်တော်တို့ စောင့်ကြည့်ကြသေးတာပေါ့' ဟု ပြောလိုက်ရသည်။ ကိုးလမျှ အကြာတွင် သူဗိုက်နာသည်။ သူမွေးဖွားသည်မှာ ကလေးမဟုတ်။ လေ …။

ပထမတော့ ကျွန်တော်သည် ယင်းလူနာများအား စိတ်ရှည်လက်ရှည် ဆက်ဆံကာ ဖြောင်းဖျခြင်း၊ နားချခြင်းပြုသည်။ သို့သော်လည်း မကြာမီ

www.burmeseclassic.com

www.burmeseclassic.com


မှာပင် သည်းမခံနိုင်အောင်ဖြစ်လာသည်။ တန်နေ့ချဲဘရေးရှာရှိ နေအိမ်များထဲ၌ အမြဲတစေကြားရလေ့ရှိသော ခပ်ကြမ်းကြမ်းစကားအသုံးအနှုန်းများသည် ကျွန်တော့်ပါးစပ်မှ ထွက် ထွက်လာသည်။

တစ်ကြိမ်တွင် မနက်နှစ်နာရီထိုးခန့်ကြီး အိမ်မှထွက်ခဲ့ရသည်။ လူနာအဘွားကြီးတစ်ယောက်အား ကြည့်ပေးရန်ဖြစ်သည်။ မောမောပန်းပန်းနှင့် ရောက်သွားသည်။ ကျွန်တော် အိပ်ခန်းထဲဝင်သွားသည့်အခါ အိပ်ရာထက်၌ လှဲနေသော အဘွားကြီးက လှမ်းအော်သည်။ 'ဒေါက်တာရယ်၊ လုပ်ပါဦး၊ ကျွန်မသမ်းတာရပ်လို့မရတော့ဘူး' ကျွန်တော်သည် ချက်ချင်းပင် အခန်းတံခါး ဆီသို့ ပြန်လှည့်လာခဲ့သည်။ သူ့အားတစ်ချက်မျှ ပြန်လှည့်ကြည့်ပြီး ဒေါသ တကြီးပြောမိသည်။ 'သမ်းတာ ရပ်လို့မရရင် ခင်ဗျားရဲ့ ပါးစပ်ပုပ်ကြီးကို ပိတ်ထားပေါ့ဗျာ'

အောက်တိုဘာလတွင်းသို့ဝင်လာပြီ။ ချက်ချင်းပင် ဆောင်းရာသီနှင့် ကျွန်တော်တို့ ရင်ဆိုင်လျှက်ရှိ၏။ ထိုအခါ သွားရလာရသည်မှာ ကြမ်းတမ်းခက်ထရော်လာသည်။ ကျွန်တော်တို့၏ ငွေကြေးအခြေအနေမှာ ယခင်ကလိုပင် အလွန်ကြပ်တည်းမြဲ ကြပ်တည်းလျက်ရှိသဖြင့် မော်တော်ကားတစ်စီးဝယ်ဖို့ဆိုသည်မှာ လုံးဝမဖြစ်နိုင်။ ဤသို့ဖြင့် ကျွန်တော်သည် လေးလံလှသော ဆေးအိတ်ကိုဆွဲ၍ သားရေခြေပတ်များပတ်ကာ မိုးကာကိုခြုံ၍ ဆီးနှင်းများအောက်တွင် ခြေကျင်လျှောက်နေရဆဲ။ မော်တော်ဆိုင်ကယ်အဟောင်း တစ်စီးကို ပေါင်ငါးဆယ်ပေး၍ ဝယ်နိုင်လိုက်သည့်အခါ ကျွန်တော့်မှာ များစွာသက်သာလာခဲ့သည်။

တကယ်တော့ ကံမကောင်းအကြောင်းမလှ၍ ဤပစ္စည်းကို ဘာမင်ဂန်သတင်းစာမှ ကြော်ငြာ၏ တခမ်းတနား ဖွဲ့နွဲ့ရေးသားမှုကို အကြောင်းပြုပြီး ဝယ်မိခဲ့ခြင်းဖြစ်သည်။ ထိုသတင်းစာက ဤမော်တော်ဆိုင်ကယ်၏ အလှနှင့် ပြေးနှုန်းကို အထူးတလည်ချီးကျူးထားသည်။ ဆလင်ဒါနှစ်လုံးတပ် အိပ်ဇောပိုက်ကြီးကြီး၊ ခြေနင့်နင်း၍ မနှိုးရသော မော်တော်ဆိုင်ကယ်ဟူသော ကြော်ငြာက ကျွန်တော်တို့အား မဝယ်ချင် ဝယ်ချင်အောင် တွန်းအားပေးခဲ့သည်။ ထို့ကြောင့်လည်း ဝယ်ဖြစ်ခဲ့ခြင်းဖြစ်၏။ သို့သော်လည်း လူကဖန်တီးထားသော

www.burmeseclassic.com

www.burmeseclassic.com


ဤစက်ပစ္စည်းအသက်ဝင်လှုပ်ရှားရေးအတွက် ကျွန်တော့်မှာ ချွေးဒီးဒီးကျ အောင် တဟောဟော တဟဲဟဲနှင့် တာစူ၍ မရနိုင်လောက်အောင် မောဟိုက် လာသည်အထိ စက်ကိုနှိုးရသည်။ တစ်ခုတော့ရှိပါ၏။ စက်နိုးသည်နှင့် တစ်ပြိုင်နက် ဤမော်တော်ဆိုင်ကယ်သည်လေ၏ လျင်မြန်ခြင်းမျိုးဖြင့် အရှိန် အဟုန်ပြင်းစွာ ပြေးသွားတတ်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်တို့အဖို့တော့ စိတ်ချမ်းသာစရာ အကောင်း ဆုံးအချိန်ကာလတစ်ခုဖြစ်ပါသည်။ ကျွန်တော်တို့၏ အိမ်ထောင် ပရိဘောဂ ပစ္စည်းများသည် မြို့ပေါ်ရှိစတိုးဆိုင်များမှ ဝယ်ယူခြင်းဖြစ်သည်။ အိမ်ထဲတွင် ခင်းထားသည့် ကော်ဇောများသည် ပါရှားမှလာသည့် ပစ္စည်းများ မဟုတ်။ အိမ်ထဲတွင် ချိတ်ထားသည့် ပန်းချီကားများသည် အကောင်းဆုံး ပန်းချီပြခန်း များမှ ဝယ်ယူထားခြင်းမဟုတ်။ သို့တစေလည်း ကျွန်တော်တို့ သည် ကျွန်တော် တို့၏ အိမ်ကလေးထဲ၌ ခင်းကျင်းပြင်ဆင်ထားသမျှအတွက် ဂုဏ်ယူ၍မဆုံး၊ စိတ်လည်းချမ်းသာကြသည်။ အလွန်အေးသောညများတွင် ကျွန်တော်တို့ လင်မယားသည် ဆောင်းမီးဖိုရှေ့၌ထိုင်ကာ စာဖတ်ကြသည်။ စကားပြော ကြသည်။ ငြင်းကြခုန်ကြသည်။ ကျောက်မီးသွေးကလည်း ဝယ်ရ သည်မဟုတ်။ အခမဲ့လိုချင်သလောက်ရနေသည်မဟုတ်လော။ ကျွန်တော် ့ဇနီးသည် အချက် အပြုတ်ဘက်တွင်လည်း မယုံကြည်နိုင်လောက်အောင်ပင် တိုးတက်လာသည်။ ကျွမ်းကျင်သော ဥယျာဉ်မှူးတစ်ယောက်ဖြစ်ကြောင်း ကိုလည်း သက်သေထူ လျက်ရှိသည်။ အိမ်ရှေ့မှ မှန်လုံကာဆင်ဝင်ထဲတွင် ဂမုန်းပန်းများ စိုက်ထား သည်ကို မြင်တွေ့နေရပြီမဟုတ်ပါလား။

ယခုနှစ်ဆောင်းရာသီတွင် နေသာသောနေ့များ အများအပြားရှိခဲ့ သည်။ အလုပ်အားပြီဆိုလျှင် ကျွန်တော်တို့သည် ဂလင်းတံတားအပေါ်ဘက် ရှိ မြင့်မားသောတောင်ကုန်းများဆီသို့သွားကာ အလုရှာပုံတော်ဖွင့်ကြသည်။ လေပြည်လေညင်းသည် တောင်ကုန်းများထက်တွင် အမြဲတစေ တိုက်ခတ် လျက်ရှိ၏။ ဤနေရာရောက်လျှင် ကျွန်တော်သည် ပတ်ဝန်းကျင်သာယာမှုတွင် နစ်မျောစမြဲ။ ပေါ့လ်-နှစ်တ်မင်း၏ ကဗျာများထဲမှ တစ်ပိုဒ်စ နှစ်ပိုဒ်စကို အမှားမှားအယွင်းယွင်း ရွတ်စမြဲ။

www.burmeseclassic.com

www.burmeseclassic.com


တလှုပ်လှုပ် ပြေးသွားနေကြသည့် တိမ်လွှာတိမ်ထုများအောက်မှ အလွန်ကျယ်ပြန့်သည့် မြက်ခင်းပြင်၊ ထိုမြက်ခင်းပြင်ထက်မှ သိုးခြေရာ လမ်းကြောင်းများ၊ ထို့နောက် တောင်ထိပ်တောင်ထွတ်များနှင့် တစ်ပြေးတည်း ရင်ပေါင်တန်းတည်ရှိနေသည့်မြို့။ အောက်အနိမ့်ပိုင်းတွင် ဟိုတစ်ခု သည်တစ်ခု ပြန့်နေသည့် ကျောက်မီးသွေးတွင်းများ။ ကျွန်တော်တို့သည် တစ်နေရာ၌ အမောပြေထိုင်ကာ ကလေးကစားစရာအရုပ်အိမ်ကလေးနှင့်တူနေသည့် ကျွန်တော်တို့နေအိမ်အား စိတ်နှလုံးရွှင်လန်းချမ်းမြေ့စွာဖြင့် လှမ်းမျှော်ကြည့်မိကြသည်။

ကျွန်တော်တို့ လင်မယား အားလပ်ချိန်ရ၍ အပြင်ထွက်ကြသည့်အခါတိုင်း ထိုနေရာသည် အများဆုံးရောက်သောနေရာဖြစ်၏။ တစ်ခါတစ်ရံ တွင်မူ ကျွန်တော်သည် ကျောက်မီးသွေးတွင်း လက်ထောက်မန်နေဂျာထံမှ သေနတ်ကိုငှား၍ ကျွန်တော့်အား အမြဲတစေ ရှောင်ဖယ်ပြေးနေဟန်တူသည့် ရေစစ်စလီနောက်သို့ တကောက်ကောက်လိုက်နေတတ်ပါသည်။

ကျွန်တော်၏ ဆေးဝါးကုသမှုဆိုင်ရာ အသိပညာဗဟုသုတကတော့ မှန်မှန်ပင် တိုးတက်လျက်ရှိသည်။ တစ်ခါတရံ အရှက်ကွဲရသော်လည်း အရာရာတိုင်းကို ကျွန်တော်မသိဟူသောအချက်ကိုမူ သိမြင်နားလည်ရပါသည်။ ခရိုင်နယ်မြေ၏ တာဝန်ခံဆရာဝန်ကြီးဖြစ်သော ဒေါက်တာဒေးဗီးစ်သည် ကျွမ်းကျင်သော ဆရာဝန်ကြီးတစ်ယောက်ဖြစ်ရုံမျှမက ခွဲစိတ်ကုဆရာကြီးအဖြစ်နှင့်လည်း အောင်မြင်နေသူတစ်ဦးဖြစ်သည်။ လန်ဒန်မှ ဒီပလိုမာဘွဲ့အများအပြား ရရှိထားသူလည်းဖြစ်၏။ သူက အလွန်ထည်ဝါခံ့ညားသော မော်တော်ကားကြီးနှင့်လာ၍ သူ၏လက်အောက်မှ လုပ်ဖော်ကိုင်ဖက် ကျွန်တော်က ဖုံအလိမ်း လိမ်းရှုံ့အလူးလူးဖြစ်နေသော မော်တော်ဆိုင်ကယ်ကိုစီး၍ သို့မဟုတ် ခြေကျင် လာ၍ခက်ခဲသောရောဂါသည် လူနာများကိုစွာကို ဆွေးနွေးတိုင်ပင်လေ့ ရှိကြသည်။ ဆွေးနွေးသည့်အခါတိုင်းလည်း သူသည် ကျွန်တော်နှင့် မကြာခဏ သဘောကွဲလွဲတတ်သည်။ ကျွန်တော်၏ ရောဂါစစ်တမ်းထုတ်မှုကို ယဉ်ကျေး သိမ်မွေ့စွာဖြင့် သူ့သြဇာအာဏာအရှိန်အဝါကိုသုံး၍ ပယ်ချတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com


ယင်းကဲ့သို့သော တွေ့ဆုံဆွေးနွေးပွဲမျိုးနှင့် ကြုံရပြီးသည့်အခါများတွင် ကျွန်တော်သည် တစ်နေ့လုံးထိုင်ကာ အံကိုကြိတ်၍ ကျွန်တော့်အထက်အရာရှိအား ပြစ်တင်ရှုတ်ချသောစကားများ မြည်တွန်တောက်တီးနေတတ်သည်။ ထို့နောက် ထိုင်ရာမှ ဖြုန်းခနဲထရပ်ကာ 'နေနှင့်ဦးပေါ့လေကွာ။ ဟုတ်ပါတယ်၊ သူမှန်တယ်၊ ငါမှားပါတယ် တကယ်တော့ ဒီရောဂါဟာ အဆုတ်ရောဂါကြောင့် ဦးနှောက်နဲ့ အာရုံကြောက အကြောသုံးကြောရောင်တဲ့ 'မင်နီဂျိုက်တစ်(စ်)ရောဂါ'ပါ။ ငါအစောကြီးကတည်းက သိဖို့ကောင်းတာ။ ဟုတ်ပါတယ် – ဟုတ်ပါတယ်။ ငါဘာမှ မသိပါဘူး။ လုံးဝဘာမှမသိတဲ့ ကောင်ပါ။ ဒါပေမယ့် ငါသိလာမှာပေါ့၊ ဟုတ်ဘူးလား၊ သိလာမှာပါကွာ စိတ်ချပါ'

ကျွန်တော်ဤစကားများပြောနေခိုက်တွင် ပရိသတ်မှာ တစ်ဦးတည်းသာရှိသည်။ သူသည် မီးဖို၏ အခြားတစ်ဘက်၌ထိုင်ကာ အေးဆေးတည်ငြိမ်စွာဖြင့် ဓာထိုးလျက်ရှိသည်။ ကျွန်တော်ပြောနေသည့် စကားများသည် စိတ်ဝင်စားဖွယ်ကောင်းသော်လည်း ပြောပြီးလျှင်ပြီးချင်း မေ့မေ့ပျောက်ပျောက်ဖြစ်သွားလိမ့်မည်ဟု ယူဆနေပုံပေါ်သည်။ ကျွန်တော်ကတော့ သူထင်သလိုမဟုတ်ပါ။ ထက်သန်သောစိတ်ဖြင့် ပြောနေခြင်းဖြစ်သဖြင့် ချက်ချင်းမေ့သွားမည်မဟုတ်ပါ။ ဒေါက်တာ ဒေးဗီးစ်သည် ကျွန်တော်၏ အားနည်းချက်ကို မသိမသာထောက်ပြလျက်ရှိ၏။ ကျွန်တော့်အနေဖြင့် ယင်းအားနည်းချက်များကို မကျော်လွှားနိုင်သမျှကာလပတ်လုံး ဘယ်တော့မှ တိုးတက်မှုရှိလိမ့်မည်မဟုတ်ဟူသော အချက်ကိုလည်း ကျွန်တော်သိနေပါသည်။

ကျွန်တော့်ဇနီးအနေဖြင့်လည်း ဤပြဿနာအတွက် ဘယ်လိုအဖြေမျိုးထွက်လာမည်ကို စိတ်ဝင်စားနေပုံတော့ရသည်။ သူ့အနေဖြင့် အချိန်ကြာကြာ မစောင့်လိုက်ရပါ။ မကြာမတင်မှာပင် အိမ်သို့ သေတ္တာကြီးများ ရောက်ရောက် လာသည်ကို သူမြင်ရသည်။ သေတ္တာကြီးများထဲတွင် ဘာတွေများပါလာပါ လိမ့်။ အိပ်ရာခင်းတွေလား၊ စားပွဲခင်းတွေလား။ သို့မဟုတ် ညစာစားပွဲတည် ခင်းနိုင်မည့် ပန်းကန်တွေလား (သူအကြီးအကျယ်လိုချင်နေသည့် ပစ္စည်းများ ဖြစ်၏။) စသည်ဖြင့် တွေးမည်ဆိုက တွေးချင်စရာဖြစ်၏။ သို့သော်လည်း ကျွန်တော်ကိုယ်တိုင် တူတစ်လက်ဖြင့် အားသွန်ခွန်စိုက်ထုရိုက်ပြီး ဖွင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com


သည့်အခါ သူတွေးထင်မည်ဟု ယူဆရသော ပစ္စည်းများထွက်မလာ။ ကြီးမားထုထဲသော နားလည်ရန်ခက်ခဲသော ဆေးပညာစာအုပ်ကြီးဒါဇင်ပေါင်းများ စွာသာ ထွက်လာသည်။ ဈေးကြီးလွန်းသော စာအုပ်များဖြစ်သဖြင့် ငွေကြေး အပိုအလျှံမရှိသော ကျွန်တော်သည် ဤစာအုပ်များကိုယ်ပိုင် ဝယ်ယူဖို့ စိတ်ကူးပင်ထည့်နိုင်သည်မဟုတ်ပါ။ လန်ဒန်မြို့တော်ရှိ တော်ဝင်အသင်း စာကြည့် တိုက်တွင် အသင်းဝင်ပြီး ငှားရမ်းခဲ့သော စာအုပ်များဖြစ်သည်။ စာကြည့်တိုက် တစ်တိုက်လုံး ကျွန်တော့်အိမ်သို့ ပြောင်းရွှေ့လာသည်ဟုပင် အထင်မှားလောက် သည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အလုပ်ကတော့ အစပြုပြီဖြစ်၏။

စာအုပ်များရောက်လာသည့်အချိန်မှစ၍ ကျွန်တော်သည် ညစဉ်ညတိုင်း အလုပ်များလာသည်။ ညရှစ်နာရီ ဆေးခန်းပိတ်၍ အိမ်ထဲရောက်သည်နှင့်တစ်ပြိုင်နက် ဤစာအုပ်များရှေ့၌ ကျွန်တော်ထိုင်သည်။ အမှန်တော့ တစ်နေ့လုံး ပင်ပန်းထားသဖြင့် မျက်လုံးများကိုပင် မနည်းအားယူ၍ ဖွင့်နေရချိန်ဖြစ်၏။ သို့ပါလျက်နှင့်ပင် ခိုင်မာသော ဆုံးဖြတ်ချက်အရ စာအုပ်များကို မရမနေဖတ်သည်။ ညတစ်နာရီထိုးမှပင် အိပ်ရာဝင်သည်။

လပေါင်းများစွာ ကုန်လွန်လာသည့်အခါ ဇီဝဓာတုဗေဒဘာသာရပ်နှင့်ပတ်သက်၍ လက်တွေ့လုပ်ဆောင်ကြည့်ဖို့ လိုအပ်လာသည်။ အနီးဆုံး သုတေသနပြုနိုင်မည့် ဓာတ်ခွဲခန်းသည် ကာဒစ်(ဖ်) ကျန်းမာရေးဌာန၌ရှိသည်။ ဤခရီးသည် မိုင်ငါးဆယ်မျှဝေးသည်။ သို့သော်လည်း ကျွန်တော့်အတွက် ကြီးမားခက်ခဲသော အဟန့်အတားတစ်ခုမဟုတ်ပါ။

ကျွန်တော်သည် ချက်ချင်းပင် ဆေးဝါးထောက်ပံ့ရေးအသင်းအတွင်းရေးမှူးထံ လျှောက်လွှာတစ်စောင်တင်လိုက်သည်။ ကြာသပတေးနေ့တိုင်း မွန်းလွဲပိုင်းတွင် အချိန်လေးနာရီကြာမျှ အလုပ်တာဝန်မှ အားလပ်ခွင့်ပေးရန် မေတ္တာရပ်ခံခြင်းဖြစ်၏။ ခွင့်ပြုချက်ရခဲ့ပါသည်။ ဤသို့ဖြင့် ကျွန်တော်သည် အပတ်စဉ် ကြာသပတေးနေ့တိုင်း မော်တော်ဆိုင်ကယ်ဖြင့် ကာဒစ်ဖ်သို့သွား သည်။ ဆိုင်ကယ်အရှိန်ကို အမြင့်ဆုံးနှုန်းတင်၍ စီးသွားခြင်းအားဖြင့် ကျွန်တော် သည် ဓာတ်ခွဲခန်းထဲ၌ နှစ်နာရီအပြည့် အလုပ်လုပ်ချိန်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ညနေဆေးခန်း အချိန်မီဖွင့်နိုင်ရန် အမြန်ဆုံးနှုန်းဖြင့် အိမ်သို့ပြန်လာခဲ့သည်။

ထိုနေ့တွင် ကိုယ်စိတ်နှစ်ပါး ဆင်းရဲခြင်း ဒုက္ခကို ခံစားရသူမှာ ကျွန်တော်မဟုတ်။ ကျွန်တော့်ဇနီးဖြစ်သည်။ သူသည် ကျွန်တော့်အတွက် စိတ်တထင့်ထင့်ဖြစ်ကာ သောကရောက်လျက်ရှိသည်။ အကွေ့အကောက်များ လွန်းလှသော တောင်ကြားလမ်းပေါ်တွင် မော်တော်ဆိုင်ကယ်မှောက်ပြီးသေမှ ဖြင့်ဟူသော အတွေးဖြင့် ရင်တမမဖြစ်နေသည်။ ကြာသပတေးနေ့ မွန်းလွဲပိုင်းများသည် သူ့အတွက် ထမင်းလုံး တစ္ဆေချောက်ခံရသော အချိန်များဖြစ်သည်။ ညနေ ခြောက်နာရီထိုးခါနီးလာသည့်အခါ သူသည် ကုလားထိုင်၌ထိုင်ကာ နာရီကိုတမော့မော့ကြည့်သည်။ သူ့နားနှစ်ဘက်သည် အပြင်ဘက်လမ်းပေါ်မှ ထွက်ပေါ်လာမည့် မော်တော်ဆိုင်ကယ်သံကို နားစွင့်သည်။ ခြောက်နာရီ ဆယ့်ငါးမိနစ်။ ထို့နောက် ခြောက်နာရီခွဲ။ နောက်ဆုံးတွင် သူ့စိတ်မျက်စိ အာရုံ၌ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်သွားရသည့် ရုပ်လွှာ။ ဤ အခိုက်တွင် လမ်းပေါ်မှ စက်သံမမှန်တမှန် ဖွတ်ချက်–ဖွတ်ချက် အသံများ ကြားလိုက်ရသဖြင့် ရင်ထဲတွင် ပေါ့သွားသည်။

ကျွန်တော်က တစ်ကိုယ်လုံးတွင် ဖုံအလူးလူးဖြင့် ကျွန်တော့်ဇနီး ကြိုက်သော ချော့ကလက်ကိတ်မုန့်နှင့် ဝိုင်အိုလက်ပန်းတစ်စည်းကို ကိုင်ကာ အိမ်ထဲဝင်သည်။ အမှန်တော့ ဤလက်ဆောင်များသည် ဘာမှတန်ဖိုးကြီးသည့် ပစ္စည်းများမဟုတ်။ သို့သော်လည်း သူ့အတွက် သတိတရယူလာခြင်းဖြစ်၍ ဇနီးသည်ခမျာ အတိုင်းအဆမသိနိုင်လောက်အောင် ကြည်နူးခြင်းဖြစ်ရှာသည်။

တကယ်တော့ ကျွန်တော်တို့သည်ကျွန်တော့်အစီအစဉ်၏ရှုးမိုက်မှုကို နည်းနည်းကလေးမှပင် သတိမထားမိခဲ့ကြပါ။ ကျွန်တော်လုပ်နေသည့် အလုပ် မှာ ကျွန်တော်ရထားသော 'အမ်ဘီ၊ ဘီအိပ်ချ်ဘီ' ဘွဲ့၏ နောက်မှ အင်မ်ဒီ၊ အင်မ်၊ အာစီပီ နှင့် (လန်ဒန်) ဒီ၊ ပီ၊ အိပ်ချ်' ဘွဲ့သုံးခုထပ်၍ တပ်နိုင်ရန် လုပ်နေခြင်းဖြစ်သည်။ ထိုဘွဲ့များ သည် ဆရာဝန်ဘွဲ့ရရှိပြီးသူများသာ ရယူနိုင်သည့်ဘွဲ့များဖြစ်၏။ လွယ်လွယ် ကူကူနှင့်ရနိုင်သည့် ဘွဲ့များလည်း မဟုတ်ပါ။ ဆေးဝါးပစ္စည်းများစုံလင်ပြီး ကုသမှုဆိုင်ရာ နည်းပညာများ

www.burmeseclassic.com

www.burmeseclassic.com


တိုးတက်သည့် ဆေးရုံကြီးများနှင့် တက္ကသိုလ် များ၌ တာဝန်ကျနေသော ဆရာဝန်များသာ ကြိုးစားအားထုတ်သင့်သည့် အလုပ်ဖြစ်ပါသည်။ ယင်းဘွဲ့ စာမေးပွဲများသည် အလွန်ခက်ခဲလှသည်ဖြစ်ရာ နှစ်စဉ်အကျ (၇၅) ရာနှုန်း ထက် ပိုလေ့ရှိသော စာမေးပွဲများဖြစ်ပါသည်။ ကျွန်တော့်လိုအလုပ်ကိုပင်ပန်း ကြီးစွာ လုပ်ကိုင်နေသော ကျောက်မီးသွေးတွင်း လက်ထောက်ဆရာဝန်တစ်ဦး အဖို့ငှားရမ်းထားသော စာအုပ်များနှင့် နယ်မြေ ခွဲစိတ်ခွဲခန်းတစ်ခုကို အားပြုကာ စာမေးပွဲ ဝင်ရောက်ဖြေဆိုခြင်းသည် မဖြစ် နိုင်သောအရာတစ်ခုကို လုပ်နေခြင်း မျှသာဖြစ်ပါသည်။

ဤသို့ဖြင့် ကျွန်တော့်ဘဝတစ်သက်တာတွင် ဘယ်တော့မှ မေ့သွား လိမ့်မည်မဟုတ်သော နေ့တစ်နေ့သို့ ဆိုက်ရောက်လာသည်။ စာမေးပွဲများ ဝင်ရောက်ဖြေဆိုရန် ကျွန်တော်က လန်ဒန်သို့ ထွက်လာခဲ့သောနေ့ဖြစ်ပါ၏။ ထိုနေ့က ရာသီဥတု စိုစွတ်ထိုင်းမှိုင်းပြီး အလွန်လေထန်လျက်ရှိသည်။ ဤစာ မေးပွဲအတွက် အပြင်းအထန် ကြိုးစားအားထုတ်နေသည့်လများအတွင်းက ယုံ ကြည်မှု အပြည့်အဝရှိနေခဲ့သော ကျွန်တော်သည် ယခုအခါတွင် တစ်မျိုး ဖြစ်လျက်ရှိသည်။ စိတ်လက်မကြည်မလင်ဖြစ်ကာ အလိုလိုနေရင်း အားငယ် လျက်ရှိသည်။ မျှော်လင့်ချက်ကင်းမဲ့နေသည့်စိတ်မျိုး ဝင်ရောက်လျက်ရှိသည်။ ကျွန်တော် တပင်တပန်းကြိုးစားခဲ့မှုသည် အချည်းနှီး အလဟဿအဖြစ်မျိုးဟု ထင်လာသည်။

ကျွန်တော့်ဦးနှောက်သည် သွက်လက်လှုပ်ရှားခြင်း ကင်းမဲ့ကာ တစ် ချိန်လုံး ထိုင်းမှိုင်းလေးလံလျက်ရှိ၏။ ကျွန်တော်ဘာမှ မသိတော့ဟူသော ခံစားမှုမျိုးဝင်နေသည်။ ပထမဆုံး လန်ဒန်မြို့တော် ထရာဖာလ်ပါစကွဲရား ဘက်ရှိ 'သမားတော်များကောလိပ်' တွင် ရေးဖြေစာမေးပွဲဖြေသည်။ ကျွန်တော် သည် စက်ရုပ်တစ်ရုပ်သဖွယ် စာရွက်လွတ်များပေါ်တွင် အဖြေများကို ရေး လျက်ရှိသည်။ နာရီကိုပင် မကြည့်တော့ဘဲ တစ်ရွက်ပြီးတစ်ရွက်သာ ဆွဲ၍ ရေးလျက်ရှိသည်။ နောက်ဆုံး ကျွန်တော့် ခေါင်းတစ်ခေါင်းလုံး မူးဝေနောက် ကျိလာသည်အထိ မရပ်မနားရေးသည်။

ကျွန်တော် တည်းခိုရာအခန်းမှာ ပြတိုက်ဟိုတယ်၌ဖြစ်သည်။ စစ်

www.burmeseclassic.com

www.burmeseclassic.com



အတွင်းက ပထမဆုံးအကြိမ် လန်ဒန်သို့ တက်လာခဲ့စဉ်က ကျွန်တော်တည်းခဲ့ဖူးသော ဟိုတယ်ဖြစ်သည်။ အခင်းအကျင်း အပြင်အဆင် သင့်တင့်လျှောက်ပတ်သော နေရာဖြစ်သည်။ ဈေးလည်းသက်သာသည်။ သို့သော်လည်း အစား အသောက်ကတော့ညံ့သည်။ ပင်ပန်းနေစဉ်အတွင်း အစားက ညံ့ဖျင်းသည့်အခါ ခံတွင်းပျက်လာသည်။ နောက်တစ်ဆင့် အစာမကြေဖြစ်လာသည်။ ကျွန်တော် နွားနို့ပူပူမှလွဲ၍အခြားအစားအသောက်များမစားရဲ။ စထရင်းဟိုတယ် လက် ဖက်ရည်ခန်းမ၌ စားလေ့ရှိသော ကျွန်တော်၏ နေ့လယ်စာသည် ဤအဖျော် ယမကာ တစ်ဖန်ခွက်ပင်ဖြစ်သည်။ ကျွန်တော် ရေးဖြေစာမေးပွဲ ကာလတစ် လျှောက်လုံးခေါင်းက မူးတူးတူး ဝေတေတေ။ ရုပ်ရှင်လည်းမသွား။ တေးဂီတ ဆောင်ကိုလည်းမရောက်။ အခြား မည်သည့်ပျော်ပွဲရွှင်ပွဲကိုမှလည်း စိတ်မကူး။ လူအများရှိရာ လမ်းမများပေါ်ကိုလည်း ခြေဦးမလှည့်။ ဦးခေါင်းရှင်းသည့် အနေဖြင့် တစ်ခါတစ်ရံတွင် လန်ဒန်မြို့တော်၏ နှစ်ထပ်ဘတ်စ်ကားကြီး ခေါင်မိုးပေါ်၌ထိုင်ကာ ကားလျှောက်စီးသည်။

ရေးဖြေများအပြီးတွင် လက်တွေ့စာမေးပွဲဖြေရသည်။ ပြီးတော့ နှုတ်မေးခွန်းများ ဖြေရသည်။ ကျွန်တော်အကြောက်ဆုံးမှာ ဤအပိုင်းဖြစ်သည်။ စာမေးပွဲဖြေသူဦးရေမှာ သုံးဆယ်ခန့်ရှိလိမ့်မည်ဖြစ်၍အားလုံးမှာ ကျွန်တော့်ထက် အသက်ကြီးသူများဖြစ်သည်။ သူတို့လူစုကိုကြည့်လိုက်လျှင် သေချာပေါက်စာမေးပွဲအောင်လိမ့်မည်ဟု တွက်နိုင်စရာ အခြေအနေများရှိသည်။ ဥပမာ– ကျွန်တော့်ဘေးမှပုဂ္ဂိုလ်၊ သူ့နာမည်မှာ ‘ကာရီးလ်ဘောမောင့်’။ ကျွန်တော် သူနှင့်တစ်ခါနှစ်ခါ စကားပြောမိခဲ့သည်။ သူသည် အောက်စဖို့တက္ကသိုလ်မှ ‘ဘီ၊ စီအိတ်ချ်’ဘွဲ့ရထားသူဖြစ်၏။ စိန့်ဘာသိုလိုမြူးဆေးရုံကြီး အပြင်လူနာဌာနမှ တာဝန်ခံဆရာဝန်ဖြစ်သည်။ ဘရွတ်လမ်းဘက်တွင် ကိုယ်ပိုင်ဆေးခန်းနှင့် အကျအနသူဖြစ်၏။ သူ၏ဝတ်စားဆင်ယင်ပုံ၊ ဟန်အမူအရာနှင့် အလုပ်အကိုင်များသည် ကျွန်တော့်လို လူစားနှင့်နှိုင်းယှဉ်ချိန်ထိုးကြည့်လိုက်သည့်အခါ ကျွန်တော်သည် စိတ်ပျက်စရာဖြစ်လာသည်။ စာစစ်သူများအနေဖြင့် ကျွန်တော့်အပေါ် ဘယ်လိုမြင်ကြပါမည်နည်း။ အထင်အမြင်ကြီးခံရဖို့မလွယ်ဟုပင် ကျွန်တော့်စိတ်၌ ခံစားရပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်လက်တွေ့စာမေးပွဲ သွားဖြေရသောနေရာမှာ တောင်ပိုင်း လန်ဒန်ဆေးရုံဖြစ်သည်။ ကျွန်တော့်အထင်ပြောရမည်ဆိုပါက ဖြေရသည်မှာ အဆင်ပြေသည်။ ကျွန်တော့်ကို ပြရသည့်လူနာမှာ လည်ချောင်းနာရောဂါသည် အသက်ဆယ့်လေးနှစ်ရွယ် သူငယ်တစ်ယောက်ဖြစ်သည်။ ကျွန်တော်၏ လက်တွေ့ဆေးကုသမှုလုပ်ငန်းတွင် တွေ့နေကျလူနာမျိုးဖြစ်သဖြင့် ယခုဤလူ နာနှင့်တွေ့ရသည်မှာ ကံကောင်းခြင်းတစ်ရပ်ဟုပင် ယူဆမိသည်။ လူနာနှင့် ပတ်သက်၍ အကောင်းဆုံးအစီရင်ခံစာတစ်စောင်ကို ကျွန်တော်ရေးနိုင်ခဲ့ သည်ဟု စိတ်ထဲတွင်ခံစားရပါသည်။

သို့သော်လည်း နှုတ်စာမေးပွဲပိုင်းကျတော့ ကျွန်တော့်ကံသည် တစ်မျိုးတစ်ဘာသာပြောင်းလွဲသွားသည်ဟုထင်ရ၏။ သမားတော်များ ကောလိပ်၏ 'နှုတ်စာမေးပွဲ လုပ်နည်းလုပ်ဟန်' သည် တစ်မူထူးခြားမှုများ ရှိသည်။ စာမေး ပွဲဖြေဆိုသူတစ်ဦးသည် နှစ်ရက်ဆက်တိုက် စာစစ်သူနှစ်ဦး၏ စစ်မေးခြင်းကို ခံရသည်။ ယင်းအပိုင်းသည် စာမေးပွဲ၏ ပထမပိုင်းဖြစ်သည်။ အကယ်၍ စစ်ဆေးသူများက ယင်းပထမပိုင်းဖြေဆိုမှုများအပေါ် ကျေနပ်မှု မရှိပါက စာမေး ပွဲဖြေဆိုသူအား နောက်တစ်နေ့စာစစ်ပွဲသို့လာရောက်ရန်မလို တော့ဟု ယဉ်ကျေး သိမ်မွေ့စွာ ရေးထားသည့်စာတိုလေးတစ်စောင်ချက်ချင်း ပေးသည်။ ဤအဖြစ် မျိုးနှင့် ကြုံရတတ်သည်ကို သိထားသော ကျွန်တော်သည် နှုတ်စာမေးပွဲ ပထမပိုင်းတွင် များစွာတုန်လှုပ်ချောက်ချားခဲ့သည်။ ကျွန်တော့် အား ပထမဆုံး စစ်မေးမည့် ပုဂ္ဂိုလ်မှာ ဒေါက်တာ မောရစ္စဂက်စ်ဘီဆိုသူဖြစ်၍ ဘောမောင့် ထံမှ သိထားခဲ့ရသည့်အတိုင်းဆိုလျှင် ကြောက်စရာကောင်းသည့် စာစစ် တစ်ဦးဖြစ်ပါသည်။

ဂက်စ်ဘီသည် ခိုတစ်ကောင်၏ ရင်ပတ်မျိုးနှင့် အလွန်ပိန်သော လူတစ်ယောက်ဖြစ်သည်။ တစ်ဘက်လူအပေါ် သံသယကြီးသည့် အမူအရာ ရှိသည်။ ခက်ထန်တင်းမာသော မျက်လုံးတွင် တစ်ဘက်တပ်မျက်မှန်တပ်ထား သည်။ မကြာသေးခင်ကမှ စာစစ်အဖွဲ့ဝင်ဖြစ်လာသူပေတည်း။ သူသည် ယခင် စာစစ်အဖွဲ့ဝင်များ၌ရှိသည့် သည်းခံခွင့်လွှတ်မှုမျိုးလုံးဝမရှိ။ တမင် သက်သက် ရည်ရွယ်ချက်အပြည့်ဖြင့် စာဖြေသူအား ခေါင်းရှုပ်သွားအောင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


မွန်ထူနေအောင် လုပ်တတ်သည်။ ကျွန်တော်ဝင်သွားသည့်အခါဆီး၍နှုတ်ဆက် လိုက်သဖြင့် ကျွန်တော်အံ့အားသင့်သွားမိသည်။ သူသည် ကျွန်တော့်နာမည်ကို အကြိမ်ပေါင်း များစွာ ထပ်တလဲလဲရွတ်ဆိုနေရာမှ ဖျတ်ကနဲလှမ်းမေးသည်။

'မင်းက ရစ်ချတ်နဲ့ညီအငယ်ဆုံးများလား၊ ဒစ်ကငါနဲ့ ကင်းဘရိတ်ချ်မှာ အတူတူနေခဲ့ဖူးတယ်ကွ'

ကျွန်တော်က ကျွန်တော့်တွင် အစ်ကိုမရှိပါဟု ဖြေလိုက်သည့်အခါ စိတ်ပျက်သွားပုံရသည်။ သူသည် မျက်မှန်ထဲမှနေ၍ ကျွန်တော့်အား စေ့စေ့ စပ်စပ် အကဲခတ်လျက်ရှိသည်။

'မင်း ကင်းဘရိတ်ချ်ကလား'

'မဟုတ်ပါဘူးခင်ဗျာ'

'ဒါဆိုရင်ဟိုဘက်ဆိုင်ကလား'

'ဘယ်ဆိုင်ကိုပြောတာပါလဲခင်ဗျာ'

'အောက်စဖို့စ်လေကွာ'

'မဟုတ်ပါဘူးခင်ဗျာ'

'ဒါဆိုရင် ဘယ်တက္ကသိုလ်ကလဲကွ'

'ဂလက်ဇကိုပါ'

ငြိမ်ဆိတ်သွားသည်။ သူ့ထံမှ နောက်ထပ်ဘာမှ မပြောတော့ပါ။ မခန့်တရံမျက်နှာပေးဖြင့် မျက်ခုံးနှစ်ဘက်ကို ပင့်လိုက်ပြီး ကျွန်တော့်ရှေ့ တည့်တည့်တွင် မှန်ချပ်ကလေးခြောက်ချပ်ချပေးသည်။ ထိုအထဲမှ ငါးချပ်ကို အမည်ဖော်နိုင်သော်လည်း ဆဋ္ဌမမှန်ချပ်ကိုမူ အမည်မတပ်နိုင်ဖြစ်နေသည်။ ဂက်စ်ဘီကလည်း ဤမှန်ချပ်အပေါ်တွင် ပို၍အလေးအနက်ထားနေပုံရ၏။ ကျွန်တော်သည် ဤမှန်ချပ်ပေါ်မှ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ရန် ငါးမိနစ် ကြာမျှ စိတ်ပင်ပန်းလျက်ရှိရပါသည်။ ကြည့်ရသည်မှာ အနောက်အာဖရိက ဘက်မှ ကပ်ပါးပိုးတစ်မျိုး၏ သားဥဟု ထင်ရသည်။ သူသည် ကျွန်တော့် နောက်စာစစ်တစ်ဦးထံသွားရန် လမ်းညွှန်သည်။ နောက်လူမှ လော့ဒ်ဒေါ်ဆန် ဖြစ်၍ ဘုရင့်သမားတော်ကြီးဖြစ်ပါသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် ဖြူဖတ်ဖြူရော်မျက်နှာဖြင့် ထိုင်ရာမှထ၍ ထွက်လာခဲ့သည်။ ပင်ပန်းထားခဲ့ရသမျှ အလဟဿဖြစ်ပြီဟူသောအတွေးဖြင့် တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းလျက်ရှိသည်။ ဂက်စ်ဘီကတော့ ကျွန်တော့်အား ချပစ်လိမ့်မည်ဟု စိတ်ထဲကသိနေသည်။ ကျွန်တော့်အား ရင်းနှီးဖော်ရွေသော အပြုံးဖြင့် ဆီးကြိုနေသည့် လော့ဒ်ဒေါ်ဆင်နှင့် မျက်နှာချင်းဆိုင်မိသည်။

'ဘာဖြစ်တာလဲ' ဟု ကျွန်တော်မျှော်လင့်မထားသော မေးခွန်းဖြင့် ဆီးကြိုသည်။

'ဘာမှမဖြစ်ပါဘူးခင်ဗျာ' ဟု ကျွန်တော်ကဖြေသည်။

'ကျွန်တော် ဒေါက်တာ ဂက်စ်ဘီဆီမှာ ဖြေခဲ့ရတာ သိပ်အဆင်မပြေဘူးထင်လို့ပါ'

'ဟာ … အဲဒါကိစ္စမရှိပါဘူး၊ ကဲ … ဟောဒီမှာ နမူနာပုံစံလေး တွေ သေသေချာချာကြည့်။ ပြီးတော့ မင်းခေါင်းထဲ ပေါ်လာတဲ့အတိုင်းသာ ပြော …'

သူသည် ကျွန်တော့်အား ပြုံး၍ကြည့်နေသည်။ သူ့အပြုံးတွင် အားပေးသည့် အရိပ်အငွေ့များထင်ဟပ်နေသည်။

ဒေါ်ဆင်သည် အသားဖြူဖြူနှင့် လူချောကြီးတစ်ယောက်ဖြစ်သည်။ အသက်ကတော့ ခြောက်ဆယ်ခန့်ရှိပြီ။ သပ်သပ်ယပ်ယပ်ညှပ်ထားသည့် နှုတ်ခမ်းမွေးသည် သူ့အပေါ် နှုတ်ခမ်းကို လှပစွာ ဖုံးအုပ်ထားသည်။ အခုဆိုလျှင် သူသည် ဥရောပတစ်လွှား၌ ဒုတိယအဆင့်စာရင်းဝင် ထင်ရှားကျော်ကြားသော သမားတော်ကြီးတစ်ဦးဖြစ်နေပြီ။ သို့သော်လည်း သူသည် သူ့ဘဝအစောပိုင်းက ရင်ဆိုင်ခဲ့ရသည့် အခက်အခဲများနှင့် ရုန်းကန်လှုပ်ရှားခဲ့ရပုံများကို မေ့သွားသူမဟုတ်။ သူ့ဇာတိယာရီးမှ လန်ဒန်သို့ တက်လာစဉ်က သူကိုယ်တိုင် မျက်နှာလိုက်မှုနှင့် အတိုက်အခံလုပ်မှုများကို ကြုံတွေ့ခဲ့ရသည် မဟုတ်ပါလား။

ကျွန်တော့်အား စိုက်ကြည့်နေသော သူ့မျက်လုံးများသည် ပုံပန်းမကျသည့်ဝတ်စုံနှင့် ရုပ်အင်္ကျီတို့သာမက ဈေးပေါပေါ နက်တိုင်ကိုပါ သတိထားမိနေသည်။ မည်သည့်ကိစ္စကိုမဆို အလေးအနက်ဆင်ခြင်စဉ်းစားတတ်သည့်

www.burmeseclassic.com

www.burmeseclassic.com


မျက်နှာထားကိုလည်း သူသတိပြုမိဟန်တူ၏။ သူ၏လူငယ်လူရွယ်ဘဝက အမှတ်တရဖြစ်ရပ်များကို သတိရကာ ကျွန်တော့်အပေါ်ကိုယ်ချင်းစာစိတ်လည်း ဖြစ်နေပုံရ၏။ သူသည် ကျွန်တော့်အား ခေါင်းတစ်ချက်ဆတ်ပြပြီး ရဲရဲဝံ့ဝံ့ အဖြေပေးရန် အားပေးသည်။ ကျွန်တော်သည် ရှေ့မှ ဖန်ပုလင်းများကို စေ့ စေ့စပ်စပ်ကြည့်ကာ အဖြေပေးသည်။

'အေး ...ဟုတ်ပြီ' ဟု သူက ရေရွတ်သည်။ သူသည် နောက် နမူနာပုလင်းတစ်လုံးကို ကောက်ယူကာ ကျွန်တော့်အား ပြသည်။ နှလုံး၏ ပင်မသွေးကြော အဆမတန်ကြီးမားနေခြင်းကို ပြသထားသည့် နမူနာ ပုံစံ ဖြစ်သည်။ ပထမတော့ သူမေးသည့် မေးခွန်းများသည် ရိုးရိုးလွယ်လွယ် ကလေးများဖြစ်သည်။ တဖြည်းဖြည်းနှင့် သူ့မေးခွန်းများသည် ကျယ်ပြန့်လာ ရုံမျှမက ခက်ခဲနက်နဲလာသည်။ နောက်ဆုံးတွင် မကြာသေးခင်ကမှ ပေါ် ပေါက်လာသော ငှက်ဖျားရောဂါ ကုထုံးတစ်ရပ်အကြောင်းကို ရောက်သွား သည်။ မည်သို့ပင်ဖြစ်စေ သူ၏ တရင်းတနှီးရှိလှသော ဆက်ဆံပြောဆိုမှုများ ကြောင့် ကျွန်တော်ကောင်းစွာ ဖြေဆိုနိုင်ခဲ့ပါသည်။

ဒေါ်ဆင်သည် သူ့လက်ထဲမှ ဖန်ပုလင်းကို ပြန်ချထားလိုက်ပြီး မေး ခွန်းတစ်ခုမေးသည်။

နှလုံးရဲ့ ပင်မသွေးလွှတ်ကြောနဲ့ပတ်သက်လို့ သမိုင်းကြောင်းကို မင်းပြောပြနိုင်ပါ့မလား'

ကျွန်တော်က 'အမ်ဘရိုစီပီရီ' ဟု စကားစသည်။ ဒေါ်ဆင်က မှန်ပါသည်ဟု ပြောလိုက်သည့် သဘောဖြင့် ခေါင်းတစ်ချက်ညိတ်သည်။ 'သူဟာ ပင်မသွေးလွှတ်ကြောကြီးရဲ့ အခြေအနေအရပ်ရပ်ကို ပထမဆုံး စတင် တွေ့ရှိတဲ့ ပုဂ္ဂိုလ်လို့ ယူဆရပါတယ်ခင်ဗျာ'

လော့ဒ်ဒေါ်ဆင်၏ မျက်နှာသည် အံ့အားသင့်နေခြင်းကို ဖော်ပြလျက် ရှိ၏။

'ဘာကြောင့် မင်းက (ယူဆတယ်) လို့သုံးရတာလဲ၊ ပိုရီဟာ နှလုံး ရဲ့ ပင်မသွေးလွှတ်ကြောကြီးကို စပြီးရှာဖွေတွေ့ရှိခဲ့တဲ့သူတစ်ယောက်ပဲဟာ'

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်တစ်မျက်နှာလုံး နီရဲသွားသည်။ ထို့နောက် ဖြူလျော်လျော် ဖြစ်သွားသည်။

'ဒီလိုရှိပါတယ်ခင်ဗျာ၊ အဲဒါက ပြဋ္ဌာန်းစာအုပ်က ပြောတာပါ။ စာအုပ်တိုင်းမှာ အဲသလိုရေးထားတာတွေ့ရပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ ဒီအချက်နဲ့ ပတ်သက်လို့ စာအုပ်ခြောက်အုပ်တိတိ ဒုက္ခခံပြီး ဖတ်ခဲ့ရပါတယ်။ ကျွန်တော်လက်တင်ဘာသာနဲ့ ရေးထားတဲ့ စာအုပ်တွေဖတ်ရင်းနဲ့ ဒီနှလုံးရဲ့ ပင်မသွေးလွှတ်ကြောကြီးကို စတင်တွေ့ရှိခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဆဲလ်ဆပ်စ်ဖြစ်နေတာတွေ့ရပါတယ်။ သူက သူ့ရဲ့ရှာဖွေတွေ့ရှိချက်ကို အသေးစိတ်ရေးထားခဲ့ပါတယ်။ ဒီတွေ့ရှိချက်က ပိုရီမတိုင်ခင် ဆယ့်သုံးရာစုလောက်ကတည်းက ပေါ်ပေါက်ခဲ့တဲ့ကိစ္စပါ'

ငြိမ်ဆိတ်သွားသည်။ ကျွန်တော်က မျက်လုံးများကို ပင့်၍ကြည့်သည်။ သူသည် ကျွန်တော့်မျက်နှာကို ထူးဆန်းသော မျက်နှာထားဖြင့် ကြည့်နေသည်။ အချိန်အတန်ကြာမျှ စကားမပြောဘဲငြိမ်နေသည်။

'ဒေါက်တာ' နောက်ဆုံးတွင် သူ့နှုတ်မှအသံထွက်လာသည်။

'မင်းဟာ ဒီစာမေးပွဲခန်းမကြီးထဲတွင် အခြေခံမူလအချက်၊ မှန်ကန်တဲ့အချက်၊ ငါကိုယ်တိုင်မသိသေးတဲ့ အချက်တစ်ချက်ကို ထုတ်ဖော်ပြောပြတဲ့ပထမဆုံးလူတစ်ယောက်ပါ။ ငါမင်းကို ချီးကျူးပါတယ်'

ကျွန်တော် မျက်နှာမထားတတ်အောင် ဖြစ်ရပြန်ပါသည်။

'ငါ့ကိုတစ်ခုတော့ ပြောပြပါဦး၊ ဒီမေးခွန်းကတော့ ပုဂ္ဂိုလ်ရေးဆိုင်ရာ စိတ်ဝင်စားမှုမေးတာပါ' ဟု သူကဆိုသည်။ 'မင်းရဲ့ အဓိကသတ်မှတ်ထားတဲ့ အခြေခံမူဟာ ဘာပါလဲ၊ ရှင်းအောင်ပြောရမယ်ဆိုရင် မင်းရဲ့အတတ်ပညာနဲ့ ဆေးကုသတဲ့လုပ်ငန်းမလုပ်ခင်မှာ မင်းလိုက်နာဖို့ သတ်မှတ်ထားတဲ့ အခြေခံမူကို ဆိုလိုတာပါ'

ကျွန်တော်ချက်ချင်းမဖြေနိုင်၊ တစ်ခဏမျှစဉ်းစား ချင့်ချိန်နေသည်။ ထို့နောက်စိတ်ထဲရှိနေသည့်အတိုင်း ဖျတ်ခနဲပြောချလိုက်သည်။

'ကျွန်တော်နားလည်ထားတဲ့အတိုင်းကတော့ ဘယ်အရာကိုမဆို အခွင့်အရေးတစ်ရပ်အဖြစ် သဘောထားပြီး မယူဖို့ ကျွန်တော့်ကိုယ်ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com


အမြဲသတိပေးနေရမယ်ဆိုတဲ့အသိကို အခြေခံမှုအဖြစ် သတ်မှတ်ထားပါတယ်'

'ကျေးဇူးတင်ပါတယ်ဒေါက်တာ၊ သိပ်ပြီးကျေးဇူးတင်ပါတယ်'

နောက်မိနစ်အနည်းငယ်မျှအကြာတွင် ကျွန်တော်သည် အခြားစာမေးပွဲဖြေသူများနှင့်အတူ အောက်ထပ်သို့ဆင်းလာခဲ့သည်။ စာအိတ်တစ်ထပ်ကြီးကိုင်ထားသော အမှုထမ်းတစ်ယောက်သည် ဆင်းလာသူတစ်ဦးချင်းလက်သို့ စာအိတ်တစ်လုံးစီဆီး၍ ဝေပေးနေသည်။ ကျွန်တော့် နောက်မှလိုက်ပါလာသော တောမောင့်သည် သူ့စာအိတ်ကို ကသောကမျောဖောက်ဖတ်သည်။ သူ့မျက်နှာထားသည်ချက်ချင်းပင် ပြောင်းသွားသည်။

'ကျွန်တော့်ကို မနက်ဖြန်လာဖို့မလိုတော့ဘူးလို့ ရေးထားပါကလား'

သူသည် အားယူ၍ ပြုံးလိုက်ပြီး ကျွန်တော့်အား လှမ်းမေးသည်။ 'ခင်ဗျားကောဘယ်လိုလဲ'

ကျွန်တော့်လက်ချောင်းများသည် တုန်ယင်လှုပ်ရှားနေကြသည်။ မျက်လုံးများကတော့ စာကိုပီပီပြင်ပြင်မြင်နေရသည်။ တောမောင်က ကျွန်တော့်အား ဝမ်းသာစကားပြောနေသံကြားရသည်။ ကျွန်တော့်အတွက် မျှော်လင့်ချက်ကတော့ ရှင်သန်ဆဲ။ ကျွန်တော်ဆိုင်တစ်ဆိုင်ဝင်၍ နို့နှစ်ခွက်သောက်လိုက်သည်။ 'တကယ်လို့ ငါဒီပွဲမှာ မအောင်မြင်ရင် ဘတ်စ်ကားတစ်စီးရှေ့က လမ်းဖြတ်လျှောက်မယ်' ဟု တွေးလိုက်မိသည်။

နောက်တစ်နေ့တွင် စာမေးပွဲဖြေသူအားလုံးအနက် တစ်ဝက်ခန့်ကျန်နေသေးသည်ကို တွေ့ရသည်။ ဤစုထဲမှ နောက်ထပ်တစ်ဝက်ခန့်ပြုတ်သွားလိမ့်ဦးမည်ဟူသော သတင်းစကားကိုလည်း ကြားနေသည်။ ကျွန်တော်ဖြေနိုင်သလား၊ မဖြေနိုင်ဘူးလား ကျွန်တော်အတိအကျမသိ။ ကျွန်တော်တစ်ခု တည်းသာသိသည်။ ကျွန်တော့်ခေါင်းတစ်ခေါင်းလုံး ကိုက်ခဲနေသည်။ ခြေ ထောက်တွေ အေးစက်နေသည်။ ရင်ထဲတွင် ဟာနေသည်။

နောက်ဆုံးတွင် အားလုံးပြီးဆုံးသွားသည်။ ညနေ လေးနာရီတွင် ကျွန်တော်သည် အင်္ကျီများထားရာအခန်းထဲဝင် ကျွန်တော့်ကုတ်အင်္ကျီကို ချိတ်မှ ဖြုတ်ယူကာအပြင်သို့ ထွက်လာခဲ့သည်။

တစ်ကိုယ်လုံးပင်ပန်းနွမ်းနယ်ကာ လေးလံထိုင်းမှိုင်းလျက်ရှိ၏။ ကျွန်

www.burmeseclassic.com

www.burmeseclassic.com


တော်သည် ကုတ်အင်္ကျီကို ဝတ်ရင်း ခပ်ဖြည်းဖြည်းလျှောက်လာခဲ့သည်။ ခန်းမကြီးထဲရှိ ဆောင်းမီးဖိုရှေ့၌ မီးလှုံနေသော လော့ဒ်ဒေါ်ဆင်အား လှမ်းမြင်သည်။ ကျွန်တော်သူ့ရှေ့ဖြတ်လျှောက်လာခဲ့သည်။ သို့သော်လည်း ဒေါ်ဆင်က ကျွန်တော့်ရှေ့မှပိတ်ရပ်ကာ ကျွန်တော့်လက်ကိုဆွဲ၍ ကျွန်တော့်အား ပြုံး၍ကြည့်ကာ စကားပြောလျက်ရှိသည်။ ယခုအချိန်မှစ၍ ကျွန်တော်သည် 'ရွိုင်ရယ်ကောလိပ်သမားတော်ကြီးများအဖွဲ့' တွင် အဖွဲ့ဝင်တစ်ဦးဖြစ်သွားပြီဟု ပြောပြနေခြင်းပေတည်း။

ကျွန်တော်စာမေးပွဲအောင်ခဲ့ပြီ။ ကိုယ်ရောစိတ်ပါပေါ့ပါးသွက်လက်ကာ ပြန်လည်ရှင်သန်လာသည်။ စောစောကခံစားနေရသော ခေါင်းကိုက်ဝေဒနာသည် ပျောက်သွားသည်။ ပင်ပန်းနွမ်းနယ်မှုများလည်းမရှိတော့။ ကျွန်တော်သည် အနီးဆုံးစာတိုက်သို့ အပြေးအလွှားသွားသည်။ ကိုယ့်အတွေးနှင့်ကိုယ် အရူးအမူးဖြစ်လျက်ရှိသည်။ ကျွန်တော်စာမေးပွဲအောင်ခဲ့ပြီ။ လန်ဒန်မြို့အနောက် ပိုင်းရပ်ကွက်၌နေ၍ အောင်ခဲ့ခြင်းမဟုတ်၊ လန်ဒန်မြို့ကြီးနှင့် အလွန်အလှမ်း ဝေးသော တောမြို့ကလေးတစ်မြို့၌ ပင်ပန်းကြီးစွာ အလုပ်လုပ်ရင်းအောင်ခဲ့ ခြင်းဖြစ်၏။

အခုကျတော့လည်း မအိပ်ခဲ့ရသောညများ မော်တော်ဆိုင်ကယ်အစုတ်ကလေးဖြင့် ကာဒစ်မ်သို့သွားလာခဲ့ရသည့် နေ့ရက်များနှင့် မစားနိုင်မသောက် နိုင်ကျက်ခဲ့မှတ်ခဲ့ ဖတ်ခဲ့ရသည့် အချိန်နာရီများသည် စာမဖွဲ့လောက်သည့် သာမညအသေးအဖွဲများဖြစ်ကုန်သည်။

ကျွန်တော်သည် လူအများကြား မော်တော်ကားများကြားမှ ဖြတ်သန်းလာခဲ့သည်။ တစ်ခါတစ်ရံတွင် ကားဘီးများနှင့် သီကာပွတ်ကာရှောင်တိမ်းခဲ့ရသည်။ အိမ်သို့ တယ်လီဖုန်းဆက်၍ မင်္ဂလာသတင်းကိုပြောမည်။ သို့သော်လည်း မဖြစ်သေး။ သည်းထိတ်ရင်ဖို ဖြစ်အောင်လုပ်ပြီးမှ ဤသတင်းကို အသိပေးရလျှင် ကောင်းလိမ့်မည်။ ကျွန်တော်သည် ကျွန်တော့်ဇနီးအား လန်ဒန် သို့ ချက်ချင်းလိုက်လာရန် ကြေးနန်းရိုက်လိုက်သည်။

သူလိုက်လာပါသည်။ အဆိုးဆုံးအခြေအနေကိုတွေး၍ လိုက်လာခြင်းဖြစ်၏။ ကျွန်တော်ဖျားပြီး ဆေးရုံပေါ်ရောက်နေသလား၊ သို့မဟုတ် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com


ကိုယ်ကျွန်တော် သတ်သေလုနီးပါးဖြစ်နေသလား၊ ကျွန်တော်သူ့အား ဗစ်တိုးရီးယားဘူတာမှ စောင့်ကြိုသည်။ သူရထားပေါ်မှ ဆင်းလာသည့်အခါ ကျွန်တော်က ဆီး၍ပွေ့ဖက်ကာ ဝမ်းသာစရာသတင်းကိုပေးသည်။ ဟာလေးလမ်း၌ ကိုယ်ပိုင်ဆေးခန်းဖွင့်နိုင်ဖို့ သေချာပြီဟူသော အာမခံချက်ကိုလည်း ထပ်ပေးသည်။

ဤတစ်ဒင်္ဂအချိန်လေးသည် မည်မျှလောက် သာယာကြည်နူးစရာကောင်းလှပါသနည်း။ ကိုယ်ချစ်သောသူနှင့် ပျော်ရွှင်မှုကို ဝေမျှခံစားရသည် မှာ မည်မျှအထိ စိတ်ချမ်းသာစရာကောင်းပါသနည်း။ ပထမတွင် နှစ်ယောက် စလုံး စကားမပြောနိုင်ကြ။ ထို့နောက် နှစ်ဦးသား တစ်ပြိုင်နက်တည်း စကားပြောမိကြသည်။ ကျွန်တော်သူ့အား တက္ကစီတစ်စီးဖြင့် တင်ကာ ဆဗွိုင်းဟိုတယ်သို့ ခေါ်ခဲ့သည်။ အမှတ်တရအထိမ်းအမှတ်ပွဲကလေး ပြုလုပ်ကာ စားကြသောက်ကြသည်။ ကျွန်တော် ခံစားနေရသည့် အစာမကြေရောဂါသည် ဘယ်ဆီရောက်သွားမှန်းမသိ။ စားသောက်အပြီးတွင် ဂျော့အက်ဒဝပ်တေးဂီတပြဇာတ်တစ်ပွဲသွားကြည့်ကြသည်။ ထို့နောက် 'ကဖီးရွှိုင်ရွယ်' သို့ဝင်၍ ညလယ်စာစားသည်။ ချိုမြိန်သောရိုန်ပိန်ကိုအရသာခံ၍ သောက်ကြသည်။ ကျွန်တော်တို့နှစ်ယောက်၏ ခြေထောက်များအောက်မှ ပလက်ဖောင်းများသည် ကခုန်မြူးတူးနေကြသည့်နှယ်ရှိ၏။

ထိုညက ကျွန်တော်တို့လင်မယားတောင်ပေါ်မြို့ကလေးသို့ ပြန်လည် ဆိုက်ရောက်ကြသည့်အခါ အချိန်အတော်ကြီးနောက်ကျနေပေပြီ။ နှစ်ဦးစလုံးပင်ပန်းနွမ်းနယ်လျက်ရှိကြ၏။ မည်သို့ပင်ဖြစ်စေ မြင့်မားသောမိုးကောင်းကင်ထက်မှ တလက်လက် တောက်ပနေသော ကြယ်များကို နောက်တစ်ကြိမ်ပြန်၍ မြင်ရသည်မှာ စိတ်နှလုံးချမ်းမြေ့လှပါဘိခြင်း။

* * *

www.burmeseclassic.com

www.burmeseclassic.com


(၁၉)

နောက်သီတင်းပတ်ရှစ်ပတ်မျှအကြာ ဒီဇင်ဘာ၏ တစ်နေ့သော နံနက်တွင် နံနက်စာမစားသေးမီ ကျွန်တော်သည် အိမ်ရှေ့ဆင်ဝင်သို့ထွက်လာခဲ့ သည်။ ကျွန်တော်၏ရှေ့တည့်တည့်အောက်ဘက်တွင် မြို့ငယ်သည် ငြိမ်ဆိတ်စွာလဲလျောင်းလျက်ရှိ၏။ မကြာမီ ခွဲခွာရတော့မည့်အဖြစ်ကို တွေးမိသော အခါ ဝမ်းနည်းသလိုလိုဖြစ်မိပါသည်။

အခုဆိုလျှင် ကျွန်တော်တို့ ထရက်ဒီးဂါးမြို့ကလေး၌ နေထိုင်လာခဲ့သည်မှာ သုံးနှစ်သုံးမိုးပင်ရှိခဲ့ပြီ။ ကျွန်တော်တို့အိမ်ထောင်သည်ဘဝစကတည်းက အခြေချခဲ့သောနေရာဖြစ်၏။ ကျွန်တော်၏ သားဦးကို ဤမြို့မှာပင် မွေးဖွား ခဲ့၏။

ကျွန်တော်၏ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်နှင့် လုပ်ငန်းနယ်ပယ်များသည်လည်း အထိုက်အလျောက်မြင့်မားခဲ့၏။ ကျွန်တော်သည် ဖရော့ကုတ် နှင့် စတစ်ကော်လာ ရုပ်အင်္ကျီများကို ဝတ်လေ့မရှိ၊ အဝတ်ကို ဖြစ်ကတတ် ဆန်းသာဝတ်လေ့ရှိသည်။

လူနာများအိမ်သို့ သွားသည့်အခါ တံခါးမခေါက်ဘဲ သွားလေ့ရှိသည်။ လူနာများနှင့် စကားပြောသည့်အခါတွင်လည်း တခုတ်တယပြောလေ့မရှိ။ တိုတိုရှင်းရှင်းနှင့်ပြတ်ပြတ်သာပြောသည်။ အလုပ်မဆင်းချင်၍ နေမကောင်းဟန်ဆောင်သူများနှင့်တွေ့လျှင် ကြမ်းကြမ်းရမ်းရမ်းပြောဆိုတတ်သည်။ သို့သော်ငြားလည်း မြို့ပတ်ဝန်းကျင်ရှိ ကျောက်မီးသွေးတွင်းများမှ အလုပ်သမားများနှင့် အရာထမ်း၊ အမှုထမ်းများသည် ကျွန်တော့်အား တရင်းတနှီး ခင်မင်ကြသည်။ ကျွန်တော် 'အထက်တစ်နေရာ၌ ပြောခဲ့သည့်အတိုင်း ကျွန်တော့်လစာကို အသင်းမှပေးသည်ဖြစ်ရာ လစာချက်လက်မှတ်သည် ပုံမှန်အချိန်မှန် ရောက်လာလေ့ရှိသည်။ ထို့ကြောင့်လည်း မည်သည့်လူနာကမှ ကျွန်တော့်အား ဆေးဖိုးဝါးခမပေးကြပါ။ သို့သော်လည်း ခရစ္စမတ်ချိန်ကျလျှင် သူတို့ထံမှ ကျေးဇူးတင်ကြောင်းဖော်ပြသည့် အထိမ်းအမှတ် လက်ဆောင်များ ရောက်လာလေ့ရှိသည်။

သူတို့ထံမှ ပို့လာသည့် လက်ဆောင်များမှာ အများအားဖြင့် အိမ်

www.burmeseclassic.com

www.burmeseclassic.com


တွင်းဖြစ်ပစ္စည်းများဖြစ်သည်။ တစ်ဦးသော ပုဂ္ဂိုလ်ထံမှ လက်ဆောင်သည် ဘဲများ သို့မဟုတ် ကြက်များဖြစ်တတ်သကဲ့သို့ နောက်တစ်ဦးထံမှ လက်ဆောင် သည် ထောပတ်များဖြစ်တတ်သည်။ နောက်တစ်ဦးကျတော့ လက်ထိုးကော် ဖော၊ ဤနေရာတွင် အဘွားကြီး မစ္စက်ဂရစ်ဖ်အကြောင်းကို ကျွန်တော်မပြော ဘဲ ချန်လှပ်မထားသင့်ဟု ထင်သည်။ ကျွန်တော် သူ့အား အကြောအဆစ် ကိုက်ခဲသည့်ရောဂါကို ကုသပေးခဲ့သည်။ ဤအချက်ကို အကြောင်းပြု၍ နှစ်သစ်ကူးအကြိုနေ့ညတွင် မစ္စက်ဂရစ်ဖ်သည် လက်ဆောင်ကိုဆွဲ၍ သစ်သား တံတားကို တုန်ချိတုန်ချိဖြင့် ကျော်ဖြတ်ကာ အိမ်သို့ရောက်လာသည်။ ထိုပို့ လာသည့် လက်ဆောင်မှာ ဝဝကစ်ကစ် ဘဲငန်းကြီးတစ်ကောင်ဖြစ်ပါသည်။

ကျေးဇူးသိတတ်မှုကို ဖော်ပြသည့် ဤလက်ဆောင်မျိုးကျတော့ ကျွန်တော့်နှလုံးသားမှာ ထိထိခိုက်ခိုက်ရှိလှပါသည်။ ဤအဖြစ်မျိုးနှင့် ကြုံရ သည့်အခါတိုင်း လူ့ဘဝ၏ သာတောင့်သာယာရှိမှုကို ကျွန်တော် အလေး အနက်ပြုမိပါသည်။ သို့ဆိုလျှင် ကျွန်တော် ဤဒေသမှဘာကြောင့် ပြောင်း ရွှေ့ရပါသနည်း။ တက္ကသိုလ်တွင်နေခဲ့စဉ်က သိကျွမ်းခင်မင်ခဲ့ရသော ကျွန်တော့် ကျောင်းနေဖက်အများစုသည် နယ်မြေဆေးဝါးကုသမှုလုပ်ငန်းများတွင် အခြေ တကျရှိနေကြပြီ မဟုတ်ပါလော။ သို့တစေလည်း ကျွန်တော့်တွင် ပြောင်းရွှေ့ လိုသည့် ဆန္ဒကတော့ပြင်းပြဆဲ။ ပြီးခဲ့သောလကပင် ကျွန်တော်သည် အလုပ်မှ ထွက်စာတင်ခဲ့ပြီးပြီဖြစ်၏။ နောက်ဆယ်ရက်ဆိုလျှင် ကျွန်တော်တို့ ဤမြို့မှ ထွက်စာတင်ခဲ့ပြီးပြီဖြစ်၏။ နောက်ဆယ်ရက်ဆိုလျှင် ကျွန်တော်တို့ ဤမြို့မှ ထွက်ခွာကြရတော့မည်။

ကိုယ့်အတွေးနှင့်ကိုယ် ရပ်နေခိုက်မှာပင် ရုတ်တရက် တော်လည်း သလိုလို၊ ဘာလိုလို အသံတစ်သံကို ခပ်သဲ့သဲ့ကြားလိုက်ရသည်။ ဒိုင်းနမိုက် ဖောက်ခွဲသံမျိုးနှင့်လည်း မတူ။ အနီးအနားရှိ တောင်ကြားတစ်ခုဆီမှ လာသော အသံဖြစ်သည်။ အသံသည် ရုတ်တရက် ချက်ချင်းရပ်မသွား။ ထို့နောက် လုံးဝပျောက်သွားသည်။ အသံပေါ်လာပုံနှင့် ပျောက်သွားပုံသည် မြန်ဆန် လွန်းလှ၏။ သို့သော်လည်း ဤနယ်မြေနှင့် ရင်းနှီးနေသော လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com


အဖို့ ကျောက်မီးသွေးတွင်း အများအပြားတည်ရှိနေကြောင်း သိနေသည်ဖြစ်ရာ အသံကို အထူးဂရုစိုက်၍ နားစွင့်မိသည်။ ကြောက်စိတ်နှင့် စိုးရိမ်စိတ်များ ဝင်လာသည်။ နောက်ထပ်ဘာသံမှမကြားရ။

မိနစ်အနည်းငယ်မျှအကြာတွင် ကျွန်တော်သည် အိမ်ထဲသို့ ပြန်ဝင်ခဲ့ပြီး နံနက်စာစားသည်။ ကျွန်တော် ကော်ဖီစသောက်ခိုက်မှာပင် ဘေးရန်ရှိကြောင်း အချက်ပေးသည့် ဥဩသံများကြားရသည်။ ခြောက်ကြိမ်တိတိ အရှည်ကြီးဆွဲလိုက်သည့်အသံများဖြစ်၏။ တစ်ချိန်တည်းလိုလိုပင် တယ်လီဖုန်းမြည်သံကြားရသည်။ ဆေးဝါးထောက်ပံ့ရေးအသင်းအတွေးရေးမှူး ဂျော့ကွန်ဝေး ထံမှဖြစ်သည်။ တောင်တန်း၏တစ်ဖက် ပင်ဂျယ်လီရွာရှိ ယတ်စ်ဖက် ကျောက်မီးသွေးတွင်း၌ ဘေးအန္တရာယ်တစ်ခုဖြစ်နေကြောင်း၊ လိုအပ်သလို အကူအညီပေးနိုင်ရန် အဖွဲ့တစ်ဖွဲ့ စေလွှတ်လိုက်ပြီဖြစ်ကြောင်းပြောသည်။ ကျွန်တော့် အား အခုချက်ချင်းလိုက်သွားနိုင်မလားဟုမေးသည်။

ကျွန်တော်သည် အစားကို ပါးစပ်ထဲ အပြည့်ထည့်ကာ ပလုပ်ပလောင်းဝါးသည်။ ကော်ဖီတစ်ခွက်မော့၍ မျှောချသည်။ ပြီးလျှင်ပြီးချင်း မော်တော်ဆိုင်ကယ်ဖြင့် ထွက်လာခဲ့သည်။ ပင်ဂျယ်လီရွာသည် တောင်ပေါ်လမ်းခရီး နှစ်မိုင်မျှသာဝေးသဖြင့် ငါးမိနစ်မပြည့်ခင်ရောက်သွားသည်။ ဘေးတစ်ခုကျရောက်နေပြီဟူသောသတင်းသည် ပျံ့နှံ့နေပြီဖြစ်ရာ အိမ်တံခါးအားလုံး ပွင့်နေကြသည်။ ယောကျ်ား၊ မိန်းမ၊ ကလေးလူကြီးအားလုံးလိုလိုပင် တောင်တန်းဆင်ခြေလျှောလမ်းအတိုင်းဆင်းကာ ကျောက်မီးသွေးတွင်းဆီသို့ အပြေးအလွှား သွားလျက်ရှိကြ၏။ သူတို့ပြေးနေပုံမှာ ကျောက်မီးသွေးတွင်းမှ သံလိုက်ဓာတ်ဆွဲဆောင်မှုအားလုံးကို မခံနိုင်၍ ပြေးနေကြသည့်နှယ်ရှိသည်။

ကျွန်တော်ရောက်သွားသည့်အခါ ယောကျ်ား၊ မိန်းမ လူငါးရာခန့်သည် တွင်းခြံဝင်းအစပ်၌ စုရုံးနေကြပြီဖြစ်သည်။ တွင်းဇရိယာအပြင်ဘက်၌လည်း လူအများအပြားရှိနေကြသည်။ သူတို့အားလုံး ငြိမ်ဆိတ်စွာ ရပ်နေကြသည်။ မိန်းမများသည် တဘက်များ ခြုံထားကြသော်လည်း ယောကျ်ားများကတော့ အပေါ်ဝတ်ကုတ်အင်္ကျီများပင် ဝတ်မလာကြ။ ဆီးနှင်းများ တစ်ဖွဲဖွဲကျနေသဖြင့် ပတ်ဝန်းကျင်တွင် ဖွေးဖွေးလှုပ်နေကြသည်ဖြစ်ရာ ရပ်နေသူအား

www.burmeseclassic.com

www.burmeseclassic.com


လုံးသည် မည်းနက်သော ရုပ်ပုံလွှာများသဖွယ် ဖြစ်နေကြသည်။

ကျွန်တော်လူအုပ်ကြားမှ တိုးဝှေ့ပြီး တွင်းခြံဝင်းအတွင်းသို့ ဝင်ရောက်သွားသည့်အခါ ရှစ်နာရီထိုးလေပြီ။ ကျွန်တော်သည် ဝင်းဝရှိ သစ်သားအဆောက်အအုံတွင်းသို့ ဝင်ခဲ့သည်။ ကျောက်မီးသွေးတွင်းရုံးခန်းပေတည်း။ ရုံးခန်းထဲတွင် တွင်းဖော်လုပ်သားတစ်စုသည် ယူနီဖောင်းဝတ်စုံဖြင့် ရောက်ရှိနေကြသည်။ တွင်းမန်နေဂျာဒေးဂျင်ကင်းသည် သူ့လက်ထောက် ကွမ်လီးဝစ္စနှင့်အတူ ရုံးခန်းထဲ၌ရှိနေကြသည်။ ကျွန်တော်ဝင်အသွားတွင် လက်ထောက်မန်နေဂျာက 'တွင်းခြံဝင်းတံခါးတွေကို ပိတ်ထားလိုက်ရမလား' ဟုမေးနေ သည်။

'မပိတ်နဲ့' ဟု မန်နေဂျာကဖြေသည်။ 'ဝင်းထဲမှာ မီးဖိုခပ်ကြီးကြီး တစ်ခုဖိုပေးလိုက်ပါ၊ အခုလို ရပ်နေရတာ မကောင်းဘူး၊ ရာသီဥတုက သိပ်အေးနေတယ်'

ကျွန်တော်က ဘာဖြစ်လို့လဲဟု ကြားဖြတ်မေးသည်။ ပထမတွင် ဂျင်ကင်းသည် ကြားဟန်မတူ။ ထို့နောက် ဖျတ်ကနဲလှည့်ကြည့်သည်။ တွင်းဟောင်းများဆီမှ ရေများပေါက်ထွက်ကာ ဤတွင်းထဲသို့ ဝင်လာကြောင်းပြောပြသည်။ ရေများဝင်လာခြင်းကြောင့် တွင်းထဲသို့ဆင်းရာ အဓိက လမ်းများပေါ်တွင် ရေလျှံကာ အပေါက်များ ပိတ်ကုန်ပြီဖြစ်၏။ နံနက်အဆိုင်းဖြစ်သော အလုပ်သမား ခြောက်ဆယ့်တစ်ယောက်သည် အရှင်လတ်လတ် မြေမြှုပ်ခံရသလိုဖြစ်နေကြလေပြီ။

ဂျင်ကင်းတို့လူစုသည် ဂစ်လ်ဖက်ချ်မှ လာရောက်ပြီး ရေများစုပ်ထုတ်ပေးမည့် ကယ်ဆယ်ရေးအဖွဲ့ရောက်အလာကို စောင့်မျှော်နေကြသည်။ မြေအောက်မှလူများ ဘာဖြစ်နေကြသည်ကို သူတို့မသိ။ မခန့်မှန်းနိုင်။ ပိတ်မိနေကြသူများနှင့် အခုအချိန်ထိ အဆက်အသွယ်မရသေး။ ကယ်ဆယ်ရေးအဖွဲ့ရောက်အလာကိုသာ စိတ်တစ်ထင့်ထင့်ဖြင့် မျှော်နေကြခြင်းဖြစ်သည်။ ဂျင် ကင်းက ကျွန်တော့်အား ရှင်းလင်းပြောပြနေခိုက်တွင် ရုံးခန်းအတွင်းသို့ နောက်ထပ်လူအများအပြားဝင်လာသည်။

ထိုလူစုထဲတွင် အနီးအနားကျောက်မီးသွေးတွင်းမှ လိုအပ်သလို ကူညီရန် လိုက်လာသည့် စေတနာ့ဝန်ထမ်းများနှင့်အတူ တွင်းစစ်ဆေးရေးမှူးတစ် ဦးနှင့်

www.burmeseclassic.com

www.burmeseclassic.com


မန်နေဂျာတစ်ဦးပါ လိုက်ပါလာသည်။ ရုတ်ရုတ်သဲသဲလည်းမဖြစ်။ ဆူဆူညံညံအသံများလည်း မကြားရ။ အေးဆေးတည်ငြိမ်သောသဘောရှိ သည်။ သို့သော်လည်း ကျွန်တော့်စိတ်သည် လေးလံလျက်ရှိပါသည်။

ထိုအခိုက်မှာပင် ရုတ်တရက် တယ်လီဖုန်းမြည်သံ စူးစူးရှရှ ထွက်ပေါ်လာသည်။ မန်နေဂျာ၏ စားပွဲထက်ရှိ တယ်လီဖုန်းမှမြည်ခြင်းမဟုတ်။ နံရံ၌ချိတ်ထားသည့် ဖုန်းမှမြည်ခြင်းဖြစ်သည်။ ထိုဖုန်းသည် မြေအောက်မှ အလုပ်သမားများနှင့် ဆက်သွယ်သည့် ဖုန်းပေတည်း။ ရုံးခန်းထဲတွင် ချက်ချင်းပင် တိတ်သွားသည်။ ဂျင်ကင်းသည် တယ်လီဖုန်းခွက်ကို ကပျာကရာ ကောက်ယူလိုက်သည်။

'ဟယ်လို ... ဟယ်လို' သူ့မျက်နှာသည် ဖြူလျော်လျော်ဖြစ်သွားပြီး အခြားသူများဘက်လှည့်ကြည့်သည်။ 'ဘုရား ... ဘုရား ... ရောဘတ်ပါလား'

ပထမတော့ သူဘာကြောင့် အလန့်တကြား ရေရွတ်လိုက်သည်ကို ကျွန်တော်နားမလည်။ ထို့နောက်မှ အခြေအနေကို သဘောပေါက်လာသည်။ ရေအောက်ရောက်နေသော တွင်းထဲမှလူများသည် အခုထိတော့ မသေသေး။ မြေအောက်နှစ်မိုင်အကွာမှနေ၍ မြေပေါ်သို့ မျှော်လင့်ချက်ဖြင့် လှမ်း၍ ဆက်သွယ်ခြင်းဖြစ်၏။

'ဟယ်လို ... ဟယ်လို' ဂျင်ကင်းသည် တစ်ဖက်မှ အသံကို သုံးမိနစ်ခန့်ကြာမျှ နားထောင်နေသည်။ ထို့နောက် သွက်လက်လျင်မြန်စွာ ပြန်ပြောသည်။ 'ငါပြောတာ သေသေချာချာ နားထောင်နော် ... ရောဘတ်၊ မင်းတို့ ပင်နီပရိုးတွင်းက လမ်းဟောင်းဘက်ကို ရောက်အောင်သွား၊ ဒီဘက်လမ်းသစ်ကတော့ ဘယ်နည်းနဲ့မှ ထွက်လို့မရတော့ဘူး။ ကြားလား၊ ငါပြောတာ ဒီဘက်က ထွက်ပေါက်နှစ်ပေါက်စလုံး ရေတွေနဲ့ ပြည့်နေပြီ။ ရေတွေကို ငါတို့ချက်ချင်းကုန်အောင် ထုတ်လို့ရမှာမဟုတ်ဘူး။ တစ်ရက်နှစ်ရက် ကြာချင်ကြာမှာ။ မင်းတို့တွင်းဟောင်းဘက်ကို သွားမှဖြစ်မယ်။ မင်းတို့အနေနဲ့ အရှေ့ဘက်ခြမ်းက ရေကာတာကို ဖောက်ထွက်ကြ၊ အဲဒီလိုထွက်ရင် တွင်းဟောင်းဘက်ရောက်မယ်။ ရေကိုကြောက်မနေနဲ့၊ ရေက အနက်ကြီးမဟုတ်ဘူး၊ အဲ

www.burmeseclassic.com

www.burmeseclassic.com


ဒီရောက်ရင် လမ်းအတိုင်းလိုက်သွား၊ အရှေ့ဘက်ကို ဦးတည်ပြီး ကိုက် (၁၅၀၀) လောက်တည့်တည့်သွား၊ ဒါဆိုရင် ပင်နီဂရိုးတွင်းဟောင်းကို ရောက် လိမ့်မယ်'

တယ်လီဖုန်းခွက်ထဲမှ စူးစူးရှရှအသံများ တရစပ်ထွက်ပေါ်လာသည်။ အခန်းထဲမှ လူအများကြားနေရ၏။ ဂျင်ကင်းသည် သံကုန်ဟစ်၍အော်ပြောနေရသည်။

'ငါပြောတာကြားရဲ့လား၊ ကယ်ဆယ်ရေးအဖွဲ့က အဲဒီနေရာကစောင့်မယ်၊ မင်းငါပြောတာကြားရဲ့လား' သို့သော်လည်း တစ်ဘက်မှ စကားပြန် မရမီ ရေပွက်သံများကြားရပြီး တယ်လီဖုန်းသည် အသံလုံးဝပြတ်သွားသည်။ ဂျင်ကင်းက သူ့လက်ထဲမှ တယ်လီဖုန်းကို လွှတ်ချလိုက်သည်။ သူသည် ဦးခေါင်းကိုငိုက်စိုက်ချကာ မလှုပ်မယှက်ရပ်နေသည်။ နောက်ဆုံးတွင် သူ့နဖူးကို လက်ခုံဖြင့်သုတ်လိုက်ပြီး ရောဘတ်ပြောခဲ့သည့်စကားများကို ကျွန်တော်တို့အား ပြန်ပြောသည်။

မြေအောက်အလုပ်ခွင်သို့ ရောက်လာကြသော ပထမအဆိုင်းအလုပ်သမားများသည် ကျောက်မီးသွေးတူးသည့်လုပ်ငန်းကို လုပ်ကိုင်နေကြသည်။ အတန်ကြာသောအခါ မြေအောက်မန်နေဂျာ ရောဘတ်သည် သူ့အလုပ်သူ လုပ်နေရာမှ ရေများဝင်လာနေသည်ကို သတိပြုမိလာသည်။ အရှိန်အဟုန်ဖြင့် ဝင်လာနေခြင်းတော့မဟုတ်။ တဖြည်းဖြည်းချင်းပြည့်ပြည့်လာနေခြင်းဖြစ်၏။ သို့သော်လည်း ရေများမှာ သန့်သန့်စင်စင်မဟုတ်။ ညစ်ပတ်နံစော်လှ၏။ အရောင်အဆင်းရော အနံ့အသက်ပါမကောင်း။

အလုပ်သမားများသည် ချက်ချင်းပင် ရေများကို ခပ်ထုပ်ပစ်ရန် အားထုတ်ကြသည်။ ကျောက်မီးသွေးတင်မီးရထားသွားရာလမ်းဘက်သို့ ရေများကို ဖောက်ထုတ်နိုင်ရန် စီစဉ်ကြသည်။ ထိုအတောအတွင်းတွင် ရောဘတ်သည် အလုပ်သမားနှစ်ဆယ့်သုံးယောက်ပါဝင်သော ဒုတိယအဆိုင်းကို သတိရသည်။ ထိုအဆိုင်းသည် သူတို့နေရာထက်ပို၍နက်သောမြေအောက်ပိုင်း၌ ရောက်နေကြသူများဖြစ်၏။ ထိုလူစုသည် မြေမျက်နှာပြင်အောက်ကိုက် (၂၀၀) တွင် အလုပ်လုပ်နေကြသူများဖြစ်၏။ ထိုအလုပ်သမားများအား အချိန်မီသတိပေးမှဖြစ်မည်ဟု သူဆုံးဖြတ်သည်။ ဆုံးဖြတ်ချက်အတိုင်း သွားပြောမည်ဟူသော စိတ်

www.burmeseclassic.com

www.burmeseclassic.com


ကူးဖြင့် ထွက်လာသည်။ ထိုအခိုက်တွင် ဝုန်းကနဲမြည်ဟည်းသံတစ်ချက် ကြားလိုက်ရသည်။ ရေများတရကြမ်း တိုးဝှေ့ဝင်ရောက်လာခြင်းဖြစ်၏။ ဘေးဒုက္ခတစ်ခုတော့ ကျရောက်တော့မည်ဟု အထိတ်တလန့် တွေးလိုက်မိသည်။ သို့သော်လည်း သူတွေးထင်သလိုဖြစ်မလာ။ သူသည် နောက်သို့ ဖျတ်ကနဲ လှည့်ကာပြန်လျှောက်သည်။ ဆယ်ကိုက်ခန့်အကွာသို့ ရောက်သောအခါ ရေတွေဒလဟော ထိုးစီးဝင်လာနေသည်ကိုမြင်ရသည်။ ရေစီးဝင်တိုးလိုက်သဖြင့် လူ့လက်ထဲမှ မှန်အိမ်မီးသည် ဖျတ်ကနဲ ငြိမ်းသွားသည်။ မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရခြင်းဖြစ်၍ ရောဘတ်သည် ရုတ်တရက် ကြက်သေသေကာ ရပ်နေမိသည်။

ရောဘတ်သည် ရေသံတဝေါဝေါကြား အမှောင်ထုထဲတွင် ဆယ်စက္ကန့်နီးပါးကြာမျှရပ်ကာ တွေဝေလျက်ရှိသည်။ သူ၏ပထမအဆိုင်းမှ လူအားလုံးရေနစ်ကုန်ကြပြီဟူသောအသိဝင်လာသည်။ ရေစီးနှုန်းမှာ ကြောက်မက်ဖွယ်ကောင်းလှ၏။ ကျောက်မီးသွေးတွင်း အဝင်လမ်းတစ်လျှောက် အရှိန်ပြင်းစွာဖြင့် ဝင်လာနေသော ရေများသည် တန့်ရပ်သွားခြင်းမရှိသေး။ မြေအောက်မြင်းဇောင်းများထဲမှ မြင်းပုကလေးများသည်လည်း ရေနစ်ကုန်ကြပြီ။ ဤရေများသည် ကျောက်မီးသွေးတွင်းဝင်လမ်း အဓိကနှစ်လမ်းကို လွှမ်းသွားပြီဖြစ်ရာ အပြင်မှ ဝင်လာနိုင်ဖွယ်ရာမရှိတော့ပေ။ အခုအတိုင်းဆိုလျှင် ကျောက်မီးသွေးတွင်းသည် လုံးဝပိတ်သွားပြီဟု အခိုင်အမာပြောနိုင်ပြီဖြစ်၏။

လုံးဝ မမျှော်လင့်ဘဲနှင့် ရုတ်တရက်ကျရောက်လာ ဘေးဒုက္ခသည် ပြင်းထန်ကြီးမားလှ၏။ လူအများအား သေတွင်းသို့ပင် ပို့ခဲ့လေပြီ။ သို့သော်လည်း ရောဘတ်နှင့် သူ့ဒုတိယအဆိုင်းမှ လူများကတော့ အခုချိန်ထိ အသက်မသေကြသေး။ သူတို့သည် တွင်းနံရံ ဘေးတစ်ဘက်ရှိ ထိပ်ပေါ်၌ တွယ်ကပ်နေကြသည်။ တရကြမ်း ပြေးဝင်လာနေသော ရေများသည် သူတို့နှင့်ဝေးရာဘက်သို့ ပြေးသွားနေကြသည်။ လူတို့အားလုံးမှာ လူကြီး(၂၂)ယောက်နှင့် အသက်ဆယ့်လေးနှစ်ရွယ် သူငယ်တစ်ယောက်တို့ဖြစ်သည်။ အားလုံး တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ကြ။

သူတို့ထဲတွင် ရောဘတ်သည် ကျောက်မီးသွေးတွင်းအတွေ့အကြုံများ

www.burmeseclassic.com

www.burmeseclassic.com


သူဖြစ်၏။ ဤတွင်း၏အကြောင်းကိုလည်း ကောင်းစွာသိသူဖြစ်၏။ ဤလူစု အား လေဝင်ပေါက်လုပ်ထားသည့် အမြင့်ပိုင်းတစ်နေရာသို့ခေါ်သွားနိုင်လျှင် ကောင်းလိမ့်မည် ထင်သည်။ သူသည် ရှေ့မှနေ၍ လေးဘက်တွားကာ လေဝင် ပေါက်ဆီသို့သွားသည်။ ကျန်လူစုက သူ့နောက်မှ သူ့ပုံစံအတိုင်း ဖြည်းဖြည်း ချင်းမြင့်တက်လာနေ၏။ သူတို့လူစုသည် နောက်နာရီဝက်ခန့်မျှသာလျှင် အသက်နှင့်ကိုယ် တည်မြဲကြတော့မည်ဟု ယူဆ၏။ ဤအချိန်ကျမှပင် သူ သည် တယ်လီဖုန်းကို သတိရ၏။

ဤကားဂျင်းကားက ပြန်လည်ပြောပြသည့် ရောဘတ်၏စကားများ ဖြစ်သည်။ သူပြောပြသည်မှာ ဤမျှလောက် ရှည်လျားခြင်းမရှိ။ ကျွန်တော် က လိုအပ်သလိုချဲ့ထွင်၍ တစ်ဆင့်ဖောက်သည်ချထားခြင်းဖြစ်ပါသည်။ သူ့ စကားအဆုံးတွင် မည်သူကမှ စကားမပြောဘဲ တစ်မိနစ်ခန့်ကြာမျှ ငြိမ်နေ သည်။ ထို့နောက်တွင် စစ်ဆေးရေးမှူး မစ္စတာဒီယာကင်းက လှမ်းပြောသည်။

'တကယ်လို့ သူတို့အနေနဲ့ တွင်းဟောင်းဘက်ကို ဖောက်ထွက်လာ နိုင်ရင်တော့ ထွက်စရာလမ်းရှိတယ်'

ဂျင်ကင်းက ခေါင်းညိတ်ပြပြီး သူ့လက်ထောက်ဘက်သို့ လှည့် ပြောသည်။

'လူဆယ်ယောက်ခေါ်ပြီး ပင်နီဂရိုးတွင်းပေါက်လမ်းကိုသွား၊ အခြေ အနေကို စစ်ဆေးကြည့်၊ မြန်မြန်ဆန်ဆန်နဲ့ စေ့စေ့စပ်စပ်လဲလုပ်၊ ထွက်လမ်းအခြေအနေ ဘယ်လိုရှိတယ်ဆိုတာ သေသေချာချာကြည့်၊ ပြီးရင် ငါ့ဆီကို မြန်မြန်ပြန်သတင်းပို့'

ထိုအခိုက်တွင် ဝင်းထဲသို့ ထရပ်ကားသုံးစီးဝင်လာသည်။ ရေများ ကို စုပ်ထုတ်ရန် ရေပိုက်လုံးကြီးများနှင့် ရေစုပ်စက်များ လာပို့ခြင်းဖြစ်၏။ မန်နေဂျာသည် စက်များကို နေရာချထားပေးရန်နှင့် တပ်ဆင်ရန်အတွက် ရုံး ခန်းထဲမှ ထွက်သွားသည်။ ကျွန်တော်အကဲခတ်ရသလောက်ဆိုလျှင် ဂျင်ကင်း သည် ဤလုပ်ငန်းအပေါ်၌ သိပ်ပြီးအားထားပုံမရ။ သူ့မျှော်လင့်ချက်အားလုံး ကို တွင်းဟောင်းများ၏ ထွက်ပေါက်များအပေါ်၌သာ ပုံအပ်ထားချင်ပုံပေါ် သည်။ အကယ်၍ တွင်းဟောင်း ထွက်ပေါက်တစ်ခုကို ဖောက်ထွက်နိုင်လျှင်

www.burmeseclassic.com

www.burmeseclassic.com


မြေအောက်၌ ပိတ်မိနေသူများထံ ရောက်နိုင်ဖွယ်ရာရှိသည်ဟု ယူဆနေပုံရလေသည်။

ရုံးခန်းထဲ၌ တစ်ယောက်တည်းကျန်ရစ်ခဲ့သော ကျွန်တော်သည် ထရက်ဒီးဂါးရှိ အသင်းအတွင်းရေးမှူး ဂျော့ကွန်ဝေးထံ တယ်လီဖုန်းဆက်၍ အဖြစ်အပျက်ကို အစအဆုံးပြောပြသည်။ ကျောက်မီးသွေးတွင်း၌နေ၍ လိုအပ်သော တာဝန်များ ယူသွားလိုသည်ဟုလည်း ခွင့်တောင်းသည်။ သူကလည်း ချက်ချင်းပင်ခွင့်ပြုသည်။ ကျွန်တော်၏ ဘေးအန္တရာယ် လုံခြုံရေးအတွက် မန်နေဂျာဂျင်ကင်း၏ စီမံခန့်ခွဲမှုအတိုင်း လိုက်နာလုပ်ကိုင်သွားဖို့ အထပ်ထပ်မှာသည်။ ကျွန်တော်နောက်ပိုင်းတွင် လုပ်စရာရှိသမျှ တာဝန်များကို ဒေါက်တာဒေးဗီးစ်အား ခေတ္တ လွှဲပေးထားမည် ဟုလည်းပြောသည်။

ကျွန်တော်အပြင်သို့ရောက်သွားသည့်အခါ မင်နီဂရိုးတွင်းဟောင်းမှ လက်ထောက်မန်နေဂျာ ပြန်ရောက်လာသည်။ တွင်း၏ ဝင်ပေါက်လမ်းတစ်လျှောက်တွင် အမှိုက်သရိုက်နှင့် အညစ်အကြေးများ စုပုံနေသည်ကို တွေ့ရကြောင်း ဂျင်ကင်းအား ပြောပြသည်။ လူတစ်ယောက်အား ကြိုးတစ်ချောင်းနှင့်ဆင်းကြည့်ခိုင်းရာ အနံ့အသက်များ ဆိုးရွားလှသဖြင့် မခံမရပ်နိုင်သည့် အနေအထား၌ရှိကြောင်း၊ သို့သော်လည်း (၂၄)နာရီအတွင်း ယင်းအညစ်အကြေးများနှင့် အနံ့ဆိုးများကို ရှင်းလင်းပစ်နိုင်လိမ့်မည်ဟု သူယုံကြည်ကြောင်း တင်ပြသည်။

ထို့နောက် လိုအပ်သော စက်များကိုထုတ်၍ အမြန်ဆုံး တပ်ဆင်ကြသည်။ ပြီးသည်နှင့် တပြိုင်နက် မန်နေဂျာသည် သူ့လက်ထောက်နှင့် အတူ လူတစ်စုကို ရွေးချယ်ခေါ်ယူပြီး တွင်းဟောင်းဘက်သို့ သွားသည်။ သူ၏ညွှန်ကြားချက်အရ ကျွန်တော်ပါ လိုက်သွားရပါသည်။ ရာသီဥတုမှာ စောစောကထက်ပို၍အေးလာသည်။ ဆီးနှင်းများသည် တဖွဲဖွဲကျဆင်းလျက်ရှိသည်။

အသုံးမပြုတော့သည့် တွင်းဟောင်းဝင်ပေါက်လမ်းသည် ဆီးနှင်းများအောက်တွင် မြုပ်လျက်ရှိသည်။ လေကလည်း ထန်လှပါဘိခြင်း၊ တွင်းဟောင်းဖြစ်သဖြင့် အောက်ဘက် ဥမင်လိုဏ်ခေါင်းများပေါ်ရှိမြေများသည် မြင့်တက်သည့်နေရာများတွင် မြင့်တက်ကာ တောင်ပူစာများသဖွယ်ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com


ကြသည်။ အချို့နေရာများတွင်မူ ကျွံကျနိမ့်ဆင်းကာ ချိုင့်ကြီးများဖြစ်နေကြသည်။ လူအများက ဤနေရာကို 'ဒုက္ခမြေ' ဟု နာမည်ပေးထားကြခြင်းမှာ အံ့သြဖွယ်ရာမရှိပါ။ မြင်ရုံမျှဖြင့် ထိတ်လန့်ဖွယ်ကောင်းနေသည်။

ဤနေရာအရောက်တွင် မန်နေဂျာ ဂျင်ကင်းနှင့် သူ့လူများသည် ပါလာသည့် စက်များကို တပ်ဆင်ကြသည်။ သုံးနာရီခန့်အတွင်း ဂီယာ၊ အင်ဂျင်နှင့် လေမှုတ်စက်များတပ်ဆင်၍ ပြီးစီးသွားသည်။ ထို့နောက်လေမှုတ်စက်ကိုအသုံးပြုကာ အနံ့အသက်ဆိုးများ ကင်းစင်သွားစေရန် အားထုတ်ကြသည်။ အနံ့ဆိုးများ ရှင်းသွားသောအခါ အတွင်းမှ အမှိုက်သရိုက်နှင့် အညစ်အကြေးများကို လက်ဆင့်ကမ်းသယ်ထုတ်ကြပြန်သည်။ အလွန်လျင်မြန် သွက်လက်စွာ လုပ်နေကြခြင်းဖြစ်၍ တစ်နာရီလျှင် ခြောက်ပေအမြင့်ခန့် အမှိုက်သရိုက်များထုတ်၍ ပြီးစီးသည်ဟု ခန့်မှန်းရသည်။ အညစ်အကြေးပုံများ မှာ သူတို့တွက်ထားသည်ထက် အဆများစွာ ပိုနေသဖြင့် လုပ်ရကိုင်ရသည့် လုပ်ငန်းပမာဏမှာ မသေးလှ။

'ဒီလမ်းက အနောက်ကို တည့်တည့်ထွက်သွားတာကွ' ဟု ဂျင်ကင်းကို တွင်းစစ်ဆေးမှူးအား ပြောသည်။ 'ဒီလမ်းက ငါတို့သတ်မှတ်ထားတဲ့ နေရာကို ရောက်ရင်တော့ သိပ်ကို အဆင်ပြေသွားမှာပဲ'

'ဟုတ်တယ်' ဟု စစ်ဆေးရေးမှူးက ထောက်ခံသည်။ 'အခုလုပ်နေရတဲ့အလုပ် မြန်မြန်ပြီးသွားရင် သိပ်ကောင်းမယ်'

အမှိုက်သရိုက်နှင့် မြေစိုင်မြေခဲများကို ရှင်းရသည်မှာ တစ်နေကုန်ပင်ဖြစ်သည်။ ထိုညသန်းခေါင်ယံတွင် လမ်းမပေါ်မှ အမြင့်ပေ (၁၄၀) ခန့်ထုသည်ကို ရှင်းလင်းပြီးသွားသည်။ နောက်ထပ်နှစ်နာရီခန့်အချိန်ကုန်သွားသည့်အခါ လမ်းပေါ်တွင် ရှင်းသွားသည်။ အဆင်းလမ်းရှင်းသွားသည်ကို မြင်သောအခါ အားလုံးက ဝမ်းသာအားရ အော်ဟစ်အားပေးကြသည်။

သို့သော်လည်း ဒုတိယအကြိမ် အော်ဟစ်အားပေးခြင်း မပြုနိုင်ကြပေ။ အတွင်းဘက်ခပ်ကျကျသို့ လက်နှိပ်ဓာတ်မီးများဖြင့် ထိုးကြည့်လိုက်သည့်အခါ အဆင်းလမ်းသည် အနိမ့်ပိုင်းရောက်သည်နှင့် တပြိုင်နက်ရေတွေဖြင့်ပြည့်နေသည်ကို တွေ့ကြရသည်။ ဤမျှလောက် ရေတွေများနေလျှင် ဖြစ်

www.burmeseclassic.com

www.burmeseclassic.com


၍ ရနိုင်ပါမည်လော။

ကျောက်မီးသွေးမှုန့်များဖြင့် ညစ်ပတ်ပေရေနေသော စစ်ဆင်ရေးမှူးသည် ဂျင်ကင်းအား စိတ်ပျက်လက်ပျက် မျက်နှာထားဖြင့် လှမ်းကြည့်သည်။ 'ဒုက္ခပါပဲဗျာ' ဟုညည်းသည်။ 'စောစောကသာ ဒီလိုမှန်းသိရင် ဘယ်လောက်ကောင်းလိုက်မလဲ'

ဂျက်ကင်းကတော့ မတုန်မလှုပ်။

'ငါတို့အနေနဲ့ အခက်အခဲအမျိုးမျိုးနဲ့တွေ့ရလိမ့်မယ်လို့တော့ ကြိုတင်တွက်ထားကြရမှာပဲကွ။ အခုလဲ ခေါင်မိုးဖြိုပြီး လမ်းသစ်ဖောက်လို့ ရချင်ရမှာပေါ့'

မန်နေဂျာ၏ လေသံမှာ တင်းတင်းမာမာရှိလွန်းလှ၏။ စစ်ဆေးရေးမှူးသည် တစ်ချက်မျှ ဘုရားတကာ လဲကျတော့မည့်ပုံမျိုးဖြစ်သွားသည်။

'အင်းပေါ့လေ၊ ဒါက စိတ်ဓာတ်ပဲ၊ ကဲလို ဒီလိုဆိုလဲ လုပ်ကြ မယ်၊ ခင်ဗျားပြောတဲ့အတိုင်း အမိုးကိုဖြိုချကြည့်ရအောင်'

သူတို့သည် အမိုးလုပ်ထားသည့် မြေကြီးကို တူးဆွကာ ဖြိုချကြသည်။ နှစ်ကာလကြာပြီဖြစ်၍ မြေကြီးများသည် သံချောင်းတမျှ မာကြောလျက်ရှိသည်။ ပြိုကျသွားနေသော ခဲလုံးကြီးများသည် ရေထဲသို့ ကျသွားနေကြသည်။ မကြာခင် လမ်းခင်းပြီးသား ဖြစ်သွားလေမား။ ကျောက်ခဲကြီးများကို ဖြိုခွဲချရန်အတွက် တူးစက်များကိုပင် အသုံးပြုကြသည်။

အလုပ်မှာ အသက်ထွက်လုမတတ် ပင်ပန်းသောအလုပ်ဖြစ်ချေသည်။ အမှောင်ထုထဲတွင် ဖုံများ၊ ချွေးများ၊ အခိုးအငွေ့များဖြင့် နပမ်းလုံးနေကြရသည်။ အားလုံး အရူးအမူးလုပ်ကြရခြင်းဖြစ်၏။ ဂျင်ကင်းတစ်ယောက်လာလျှင် တည်တည်ငြိမ်ငြိမ်ရှိသည်။ သူသည် စိတ်ဓာတ်ကြံ့ခိုင်စွာဖြင့် တွန်းအားပေးနေသူဖြစ်သည်။ နောက်ထပ် (၁၈) နာရီ တိတိ ပင်နီဂရိုး ကျောက်မီးသွေးနားမှမခွာ၊ အနားမှနေ၍ အားလုံးကို လိုအပ်သလို ညွှန်ကြားလျက်ရှိလေ

www.burmeseclassic.com

www.burmeseclassic.com


သည်။

အရေးပေါ်ရွက်ထည်ခုတင်လေးများနှင့် စောင်များကို မှန်အိမ်များ ထားရာ အခန်းတွင်း၌ အဆင်သင့်သယ်၍ ချထားသည်။ စစ်ဆေးရေးမှူးနှင့် အခြားဝန်ထမ်းများလည်း အသင့်ရှိနေကြ၏။ ကျွန်တော်သည် ခုတင်တစ်လုံး ပေါ်၌ ခြောက်နာရီကြာမျှ အိပ်လိုက်ရသည်။ အိပ်ရာမှနိုးလာသည့်အခါ တစ် ကိုယ်လုံး ပေါ့ပါးသွက်လက်ပြီး ကြည်လင်လန်းဆန်းလျက်ရှိသည်။ မန်နေဂျာ ဂျင်ကင်းအား သူ့စစ်ဆေးရေးမှူးက တောင်းပန်စကားပြောနေသံကြားရပါ သည်။

'တစ်ရေးတမောတော့ အိပ်လိုက်ပါဦး၊ ဆရာလုပ်နေပုံက ကိုယ့်ကို ကိုယ်သတ်သလိုဖြစ်နေပါပြီ'

မန်နေဂျာကတော့ ခေါင်းခါသည်။ ထိုနေ့တစ်နေ့လုံးနှင့် နောက်နေ့ တစ်နေ့လုံး သူ့ရုံးခန်းထဲရှိ ဆိုဖာဆိုင်ပေါ်၌ နာရီဝက်ခန့်သာ အညောင်းဆန့် သည်ကိုမြင်ရ၏။

ခေါင်မိုးကို ဖြိုရသည့်အလုပ်မှာ ခက်ခဲပင်ပန်းလွန်းလှချေသည်။ နောက်ထပ် နာရီပေါင်းများစွာ ကုန်သွားသော်လည်း မပြီးပြတ်သေး။ မည် သူမှ စကားမပြောကြ။ သို့သော်လည်း ကယ်ဆယ်ရေးအဖွဲ့ဝင်များ၏ မျက် နှာထားများသည် စိတ်ပျက်ခြင်းကို ဖော်ပြနေကြသည်။

တတိယနေ့ ညနေခင်းတွင် ဂျင်ကင်းက ကျွန်တော့်အား ထိုည အိမ်ပြန်အိပ်ရန်ပြောသည်။ ကျွန်တော်ပြန်လာချိန်တွင် လမ်းများပေါ်၌ လူသွား လူလာမရှိ။ တိတ်ဆိတ်ခြောက်သွေ့လျက်ရှိ၏။ အိမ်တံခါးအားလုံးပိတ်ထား သည်။ ကလေးတစ်ယောက်တစ်လေ ကစားနေသည်ကိုပင် မမြင်ရ။ ဆိုင် အများအပြားမှာလည်း တရုတ်ကပ်များကိုပိတ်ထားသည်။ စိတ်ဆင်းရဲခြင်း ဒုက္ခကြီးသည် အလုပ်သမားနေအိမ်များပေါ်တွင် လွှမ်းခြုံထားသည်။ တိတ် ဆိတ်ခြင်းသည်သာလျှင် မင်းမူလျက်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com


လမ်းတစ်ဘက်တစ်ချက်မှ အမျိုးသမီးနှစ်ယောက်သည် မျက်နှာချင်းဆိုင်၍ လျှောက်လာနေကြသည်။ ခင်မင်ရင်းနှီးသော အသိမိတ်ဆွေများဖြစ်၏။ သို့သော်လည်း တစ်ယောက်နှင့်တစ်ယောက် နှုတ်မဆက်။ မျက်နှာများလွှဲ၍ ရှောင်သွားကြသည်။ ထူထပ်စွာ ကျဆင်းထားသော ဆီးနှင်းများကြောင့် ခြေသံများကိုပင် မကြားရ။ အိမ်များတဲတွင်လည်း ငြိမ်ဆိတ်လျက်ရှိ၏။ မြေအောက်၌ ပိတ်မိခံနေရသော အလုပ်သမားများ၏ နေအိမ်များထဲတွင် တည်ခင်းထားသည့် နံနက်စာများကို မသိမ်းသေး။ ရိုးရာဓလေ့ထုံးစံအရ ထားခြင်းပေတည်း။ ညပိုင်းကျတော့လည်း ခန်းဆီးများကို မပိတ်။

နောက်တစ်နေ့မနက်တွင် ဂျွန်တော်သည် စောစောစီးစီးပင် ကျောက်မီးသွေးတွင်းသို့ ရောက်သွားသည်။ အဓိက ဝင်ပေါက်လမ်းအတွင်း၌ ရေများကျသွားသည်ကို တွေ့ရ၏။ မင်နီဂရိုး ဝင်ပေါက်ဘက်တွင်မူ ရေမကျသေးပါ။ ယခုကျဆင်းနေသည့် ရေအနေအထားအတိုင်းဆိုပါက ရေငုပ်သမားများ ဆင်း၍ ရနိုင်ဖွယ်ရာရှိသည်။ ရေအနက်သည် (၁၈) ပေခန့် ရှိလိမ့်မည်ဟု ခန့်မှန်း ရသည်။ ရေငုပ်သမားများသည် ကြိုးစားအားထုတ်၍ ငုပ်ကြသည်။ အဆ မတန် ပင်ပန်းသည့်ဒဏ်ကြောင့် ခြေကုန်လက်ပန်းကျသည်အထိ ဖြစ်ကြရသည်။ ရေအောက်၌ ရှာဖွေရသည့်အလုပ်မှာ ထင်သလောက်အကျိုးမရှိ။ နောက်ဆုံးတွင် သူတို့သည် ရေနစ်သေနေသော အလုပ်သမား (၃၈) ယောက် ၏ အလောင်းများကို တွေ့ခဲ့ကြရလေ၏။

ရေငုပ်သမားများ ပြန်ရောက်လာကြသည်။ အသက်ရှင်လျက် တစ်ယောက်မှ မတွေ့ခဲ့ရဟု သတင်းပို့သည်။ ရေတွေ ကုန်သွားအောင် ထုတ်မည်ဆိုပါက နောက်ထပ်တစ်လခန့် အချိန်ယူရလိမ့်ဦးမည်ဟု ယူဆကြောင်း ပြောကြသည်။ ထို့နောက် သူတို့တွေ့ခဲ့ရသည့် အလောင်းများကို သယ်ထုတ်ကြသည်။ အစုလိုက် အစုလိုက် ကြိုးနဲ့တွဲချည်ပြီးအပေါ်သို့ ဆွဲတင်ကြရ သည်။ အလောင်းများကို လူနာထမ်းစင်များပေါ်တင်၍ သူတို့ဇနီးများထံ အပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


အခုဆိုလျှင် လူတိုင်းသည် ပင်နီဂရီးတွင်းဘက်၌သာ အာရုံစူး စိုက်နေကြသည်။ သို့တစေလည်း မျှော်လင့်ချက်ကတော့ ယခင်ကလောက် မထားရဲတော့။ စတင်ဖြစ်ပွားသည့်ရက်မှ တွက်လျှင် ရှစ်ရက်ပင်ရှိခဲ့ပြီ။ မြေ အောက်တွင် ကျန်နေသေးသည့် လူများကို အသက်ရှင်လျက်တွေ့ရဖို့ဆိုသည် မှာ မလွယ်တော့ဟု အများက ယူဆနေကြပြီဖြစ်၏။ သို့သော်လည်း ကယ် ဆယ်ရေးအတွက် လုပ်လက်စအလုပ်ကိုမူ ရပ်မပစ်။ နှစ်ဆတိုး၍ အား ထုတ်ကြသည်။

နောက်ဆုံးတွင် လမ်းဟောင်းကို ဖောက်ထွက်နိုင်သည့် အခြေအနေ သို့ ရောက်လာသည်။ ကယ်ဆယ်ရေးအဖွဲ့သည် ပင်ပန်းနေသည့်ကြားမှပင် ဝမ်းသာအားတက်ခြင်းဖြစ်ကြသည်။

နောက်ဆုံးတွင် လမ်းဟောင်းကို ဖောက်ထွက်နိုင်သည့် အခြေအနေ သို့ ရောက်လာသည်။ ကယ်ဆယ်ရေးအဖွဲ့သည် ပင်ပန်းနေသည့်ကြားမှပင် ဝမ်းသာ အားတက်ခြင်းဖြစ်ကြသည်။

အခြေအနေကို လေ့လာကြည့်ရှုနေသော တွင်းစစ်ဆေးရေးမှူးက ဘုရား တ,သည်။ 'နောက်ထပ် မိုင်ဝက်လောက်လိုနေသေးတယ်၊ ဘယ်နည်း နဲ့မှ ကျွန်တော်တို့ အောက်ကိုရောက်ဖို့ကမလွယ်ဘူး။ လုပ်ရကျိုးမနပ်ပါလား' သူသည် ကျောက်တုံး တစ်တုံးပေါ် စိတ်ပျက်လက်ပျက် ရပ်လိုက်ကာ သူ့မျက်နှာကို လက်ဝါးများဖြင့် အုပ်ထားသည်။

'ငါတို့ ဆက်လုပ်ကြရမှာပဲ'ဟု ဂျင်ကင်းက ဒေါသတကြီးဖြင့် အော်ကြီးဟစ်ကျယ် ပြောသည်။ 'ငါတို့လုပ်စရာရှိတာ ဆက်လုပ်ကြရမှာပဲ၊ ရပ်ပစ်လို့ ဘယ်ဖြစ်မလဲ'

'ဘုရား.....ဘုရား၊ နားထောင်စမ်း၊ မင်းတို့ ကြားကြလား'

ကျောက်တုံးမျက်နှာပြင်ကို တူဖြင့်ထု၍ အချက်ပေးနေသံဖြစ်၏။ အသံသည် ရပ်သွားလိုက်၊ ပြန်ပေါ်လိုက်။

'ဟုတ်တယ်.....ဗျာ၊ ဟုတ်တယ်၊ ခင်ဗျားကြားတာ ဟုတ်တယ်'ဟု စစ်ဆေးရေးမှူးက အလန့်တကြား ထအော်သည်။ 'သူတို့ အဲဒီနေရာမှာရှိမယ်၊ ကျွန်တော်တို့နဲ့ကပ်နေပြီ၊ ဒီကျောက်တုံးကြီးအောက်မှာ ရှိမယ်၊ ကျွန်တော်တို့ အသံကို သူတို့ကြားလို့ ပြန်ပြီး အချက်ပေးတာဖြစ်မယ်'

'နောက်ဆုတ်ကြစမ်း'ဟု ဂျင်ကင်းကအော်သည်။ ကျောက်တုံးကြီး အား လူအများက ဝိုင်း၍တွန်းကြသည်။ ကျောက်တုံးကြီးတစ်ဘက်သို့ လိမ့်

www.burmeseclassic.com

www.burmeseclassic.com


ဆင်းသွားသည့်အသံ ထွက်ပေါ်လာသည်။ ထို့နောက် မြေတွင်းထဲ၌ ပိတ်၍ မိနေသူများ။

သူတို့သည် နံရံကို ကျောများနှင့်မီကာ တစ်ယောက်နှင့် တစ်ယောက် ပူးကပ်၍ ထိုင်နေကြခြင်းဖြစ်၏။ အားလုံးပင် တစ္ဆေသရဲများနှင့်တူလျက်ရှိသည်။ သို့သော်လည်း သူတို့အားလုံး အသက်ရှင်ကြသည်။ သူငယ်ကလေးသည် ကျွန်တော်တို့ရောက်သွားချိန်တွင် ရှိုက်ကြီးတငင်ငိုကြွေးလျက်ရှိပါသည်။

သူတို့သည် ထိုင်ရာမှ မထနိုင်လောက်အောင်ပင် အားအင်ဆုတ်ယုတ် လျက်ရှိကြသည်။ ကျွန်တော်ကလည်း သူတို့အား ဘရန်ဒီနှင့် ရောစပ်ထားသည့် ဟင်းချိုရည် တစ်ပိုင့်စီတိုက်ခြင်း။ ဂလူးကို့စ် ဖျော်တိုက်ခြင်း၊ လိုအပ်သော ဆေးတစ်လုံးစီ ထိုးပေးခြင်း စသည်များပြုလုပ်ပေးပြီးခါပင် သယ်ယူရွှေ့ပြောင်း ခွင့်ပြုသည်။

'သူတို့ ပြန်ကောင်းလာနိုင်ပါတယ်နော် ဒေါက်တာ'ဟု ဂျင်ကင်းကသောက မကင်းသည့် လေသံဖြင့် မေးသည်။

'ကောင်းလာမှာပါ၊ စိတ်ချပါ'

ကျွန်တော်တို့သည် သူတို့အား တစ်ယောက်ချင်းစီ သတိကြီးစွာထား၍ ဖြည်းဖြည်းသာသာ ပွေ့တင်ကြသည်။ အားလုံးအပေါ်သို့ ရောက်သည့်အခါ လူစုလူဝေးကြီးထံမှ ဘုရားရှိခိုးသံနှင့် ဆုတောင်းသံများ ထွက်လာနေသည်ကို ကြားကြရပါသည်။

ကျွန်တော်တို့သည် သူတို့အား တစ်ယောက်ချင်းစီ သတိကြီးစွာထား၍ ဖြည်းဖြည်းသာသာ ပွေ့တင်ကြသည်။ အားလုံးအပေါ်သို့ရောက်သည့်အခါ လူစုလူဝေးကြီးထံမှ ဘုရားရှိခိုးသံနှင့် ဆုတောင်းသံများ ထွက်ပေါ်လာနေသည်ကို ကြားကြရပါသည်။

ယခုဖြစ်ရပ်တွင် အောင်မြင်မှုများရှိခဲ့သည်မှာ မှန်သော်လည်း ကျွန်တော့်ဘဝ တစ်သက်တာတွင်ဘယ်သောအခါမှ မေ့၍ မရနိုင်သည့် ကြေကွဲဝမ်းနည်းဖွယ်ရာ အဖြစ်နှင့်လည်း ရင်ဆိုင်ခဲ့ရပါသည်။ အသက်မသေ၍ မိသားစုနှင့်ပြန်လည်တွေ့ဆုံကြရသည့် အဖြစ်သည် ဝမ်းသာကြည်နူးစရာကောင်းလှပါ၏။ သို့သော်လည်း အီမန်ဒူရယ်လ်ဝတ်ကျောင်းအတွင်း၌ တန်းစီ ၍ချထားသော အသုဘခေါင်း(၃၈)ခေါင်းသည် ကျွန်တော်မေ့မရနိုင်သည့် မြင်ကွင်းတစ်ခုဖြစ်ခဲ့ပါ၏။

ဈာပနပွဲတွင် ကျွန်တော်တို့ ထရက်ဒီဂါးမြို့မှ မထွက်ခွာမီ တစ်ရက်

www.burmeseclassic.com

www.burmeseclassic.com


တွင် ကျင်းပပြုလုပ်ခဲ့သည်။ ကျွန်တော် တက်ရောက်ခဲ့ပါသည်။ တောင်ပိုင်း ဝေလပြည်နယ်၏ တောင်ကြားဒေသမှ ခွဲခွာခဲ့ရခြင်းသည် ဝမ်းနည်းစရာကောင်း သည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ပါ၏။

× × ×

နောက် နှစ်ပေါင်းများစွာ ကြာသည့်အခါ လန်ဒန်မြို့တော်ရှိ ထင်ရှားကျော်ကြားသော ကလပ်တစ်ခု၌ လူတစ်ယောက်နှင့်ဆုံမိသည်။ ထိုသူမှာ ဝဝဖိုင့်ဖိုင့်နှင့် ပါးနှစ်ဖက် ပန်းရောင်သန်းနေသည့် လူတစ်ယောက်ဖြစ်သည်။ ကလပ်ကို အမြဲတစေလာနေသူလည်း ဖြစ်၏။ ကောင်းပေ့ဆိုသည့် ညစာကို စား၍ ကောင်းပေ့ဆိုသည့် ဘရန်ဒီ အရက်တစ်ခွက် တစ်ဖလားမော့ထားသည်။ သူသည် ဆောင်းမီးဖိုအား ကျောပေး၍ရပ်ကာ သတင်းစာတစ်စောင်ကို ဖြန့်၍ ကြည့်နေရာမှ သူ့ဘေးမှ သူ့လိုလူစားမိတ်ဆွေများအား ကျောက်မီးသွေး တွင်း အလုပ်သမား များ၏ သပိတ်အကြောင်းပြောနေသည်။

'နောက်ထပ် လုပ်ခတိုးတောင်းနေကြပြန်၊ တစ်နာရီကို ခြောက်ပဲနိတိုးပေးဖို့တဲ့'ဟု သူက မလိုတမာသံဖြင့် ပြောသည်။ 'ဒီအကောင်တွေဟာ အတော်ရွံ့ရှာ စက်ဆုတ်ဖို့ကောင်းတာပဲ၊ ဘယ်လောက်ပဲရရ အားရကျေနပ်တယ် လို့ကို မရှိဘူး၊ ရလေလိုလေ အိုတစ္ဆေဆိုတဲ့ ကောင်စားတွေပဲ၊ ဘာအတွက်များ ဒီလောက် တိုး...တိုးပြီး တောင်းနေရတာလဲ မသိဘူး'

'အသက်ရှင်ပြီး နေချင်ကြလို့ပေါ့ဗျာ'ဟု ကျွန်တော်က လေသံအေးအေးဖြင့် ဝင်ပြောသည်။

ထိုအချိန်က ကျွန်တော်သည် ထိုအသင်းတွင် လူသစ်အသင်းသားတစ်ဦးဖြစ်သည်။ လျှာကို တိုတိုထားသင့်သော အချိန်အခါနှင့် အခြေအနေဟု ဆိုနိုင်ပါသည်။ သို့သော်လည်း ကျွန်တော် မနေနိုင် အထိုင်နိုင်ဖြစ်ကာ ဝင်၍ လျှာရှည်မိသည်။ ကျွန်တော် ကြုံခဲ့ရဖူးသည့် ကျောက်မီးသွေးတွင်းတူး အလုပ်သမားများ၏ အဖြစ်ဆိုးကြီးကို အစအဆုံးပြောပြမိသည်။ သူတို့၏ ရဲဘော် ရဲဘက်များက ရဲရဲဝံ့ဝံ့တိုး၍ တောင်းခံထားသော တစ်နာရီ ခြောက်ပဲနိ

www.burmeseclassic.com

www.burmeseclassic.com


နွှန်းခကို ခံစားခွင့် မရနိုင်ရှာတော့သည့် အလုပ်သမား(၃၈)ယောက်၏ သနား
သဖွယ်ရာ အဖြစ်ကိုလည်း ခရေစေ့တွင်းကျ ပြောပြမိပါသည်။

× × ×

[ ၂၀ ]

နွေဦးပေါက်ချိန် လန်ဒန်မြို့၊ အရင်က တစ်ခေါက်မှ မရောက်ဖူး၊ မနေဖူးခဲ့သည့် လူနှစ်ယောက်အဖို့ အလွန်စွဲမက်စရာကောင်းသည့်အရာများနှင့် ကြုံတွေ့နေကြရ၏။ မိုးကောင်းကင် ပြာလဲ့လဲ့ကို နောက်ခံပြုထားသည့် မြို့တော်၏ ပုံဏ္ဍာန်သည် ပီပြင်ပြတ်သားစွာ ပေါ်လွင်လျက်ရှိသည်။ ဈေး ဆိုင်များ၊ နေအိမ်များ၊ ဘုရားရှိခိုးကျောင်းများ၊ မျှော်စင်များနှင့် ဝတ်ကျောင်း များအား စိန်ပေါလ်ဘုရားရှိခိုးကျောင်းကြီး' ထည်ဝါခံ့ညားသော အမိုးကြီး က အုပ်မိုးထား သည့်နှယ်ရှိသည်။ မြို့တော်သည် သာယာဖြည်းလေးစွာ တိုက်ခတ်နေသော လေပြည်လေညင်း၏ အလယ်တွင် မားမားမတ်မတ် ရပ် လျက်ရှိပါသည်။

ကျက်သရေရှိလှသော တံတားများအောက်ရှိ သိမ်းမြစ် ရေပြင်သည် ကြည်လင်ဝင်းလဲ့သော နေရောင်အောက်တွင် တလက်လက်။ ကင်ဆာတန် ပန်းခြံတွင် ဝတ်ကောင်းစားလှ အရောင်အဆင်းအသွေးမျိုးစုံ ဝတ်ထားသည့် ကလေးသူငယ်များနှင့် ကလေးထိန်းများ၊ ပီတာပင်ရုပ်တုပတ်ပတ်လည်တွင် ပွင့်ဖူးနေကြသည့် ပန်းမျိုးစုံ၊ ဝတ်စ်အင်ရပ်ကွက်တွင်းရှိ ပစ်ကာဒယ်လီ၊ ဘွန်းလမ်းနှင့် မေဖဲယား တစ်လျှောက်တွင် ရွှေထည် ငွေထည် ပစ္စည်းဆိုင်များ နှင့် ပန်းဆိုင်များ၊ ယင်းဆိုင်တန်းများကြားရှိ လမ်းများပေါ်၌ ဥဒဟို ဝင်ထွက် သွားလာနေကြသည့်လူများ။

နွေနွေးထွေးထွေးရှိလှသော နေဝင်ဆည်းဆာချိန် ရောက်သည်နှင့် တပြိုင်နက် လူအများသည် နာမည်ကြီး စားသောက်ဆိုင်များ ဆီသို့ခြေဦးလှည့် ကြလေပြီ။ ထို့နောက် သူတို့သည် ဘဲလေးကပွဲရုံ၊ အော်ပရာဇာတ်ရုံ၊ ရုပ်ရှင်ရုံ စသည့် ပြပွဲရုံများဆီသို့ ခရီးဆက်သည်။ ထိုလူစုလူဝေးထဲတွင် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com


စုံတွဲသည်လည်း ပါဝင်လေ့ရှိကြပါသည်။ မည်မျှလောက် ပျော်စရာကောင်းပါသနည်း။

ဖူလ်ဟင်လမ်း ဓာတ်အားပေးစက်ရုံနှင့် မျက်နှာချင်းဆိုင်တွင် ဈေးခပ်ပေါပေါ တည်းခိုရိပ်သာ တစ်ခုရှိ၏။ ထိုတည်းခိုရိပ်သာ၏ တတိယထပ်အခန်းသည် ကျွန်တော်တို့ ဇနီးမောင်နှံ ယာယီခိုနားရာစခန်း ဖြစ်သည်။ အခန်းထဲတွင် ခရီးဆောင် ဝန်စည်စလယ်များသည် ဟို တစ်ပုံသည်တစ်ထုပ် ပြန့်ကြဲလျက်ရှိသည်။ လူကြီး အဝတ်ဟောင်းများနှင့် ကလေးအနှီးများသည် ကြိုးတန်းများပေါ်တွင် တိုးလိုးတွဲလောင်း။ ကလေးငုံသံ တဝါးဝါးသည် ကျယ်လောင်စူးရှလွန်းလှသဖြင့် ကျွန်တော်တို့ နားတွေ ပင်းကုန်လေ မလားဟုပင် ထင်ရ၏။ ညစာ နို့တိုက်ဖို့အတွက် နွားနို့နွေးသည့်အလုပ်ဖြင့် ဗျာများလျက်ရှိသော ကျွန်တော်တို့ လင်မယားသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မချိပြုံး ပြုံးမိကြသည်။

ကျွန်တော်တို့၏ သားဦးကလေးသည် အချိန်နှင့်ဇယားနှင့် အစာကျွေးသည့်စနစ်ကို ဆန့်ကျင်သူဖြစ်သည်။ ပေါင်မုန့်မှတပါး အခြားအစာများသည် သူနှင့်အတည့်။ ပေါင်မုန့်နှင့်တွေ့လျှင် သွားမရှိသေးသော သွားဖုံးများနှင့် မရရအောင်ကိုက်၍ ဝါးနေတတ်၏။ သန့်ရှင်းလတ်ဆတ်ပြီး ချိုမြသော နွားနို့ ကျတော့ သူမုန်းသည်။ နို့ပုလင်းကိုမြင်လျှင် နားရွက်နှစ်ဘက်နှင့် ထိလုနီးပါး ပါးစပ်ကိုဖြဲကာ သံကုန်ဟစ်၍ ငိုတတ်ပါသည်။

နောက်ဆုံးတွင် သူ့အားနို့တိုက်ပြီး ပုခက်ထဲထည့်သည်။ မကြာခင် လက်မကိုစုပ်၍ အိပ်ပျော်ခြင်းသို့ရောက်သည်။ ထိုအခါကျမှပင် သူ့အမေနှင့် ကျွန်တော်သည် ကြုံသလိုကျသလို လုပ်ထားသော အစားအစာများကို လက်ဆွဲသေတ္တာတစ်လုံးပေါ်၌ သတင်းစာစက္ကူဟောင်းတစ်ရွက်ခင်း၍ တင်ကာ မျက်နှာ ချင်းဆိုင်စားကြသည်။ ကျွန်တော်တို့အစာမှာ ငါးသေတ္တာနှင့် မုန့်ခြောက်မျှသာ ဖြစ်ပါသည်။ ထို့နောက် နှစ်ယောက်သား နှစ်ကိုယ်ကြား လေသံဖြင့် လက်ရှိအခြေအနေကို ဆွေးနွေးကြသည်။

'အခုပုံအတိုင်းဆိုရင်တော့ မောင်တို့လင်မယား လမ်းပေါ်ထွက်ပြီး မီးခြစ်ရောင်းရတော့မှာပဲ'ဟု ကျွန်တော်က စိတ်ညစ်ညစ်ဖြင့် ပြောမိသည်။

www.burmeseclassic.com

www.burmeseclassic.com


အခုဆိုလျှင် သီတင်းပတ်ခြောက်ပတ်ရှိသွားပြီ။ ကျွန်တော်တို့တွင် ပါလာသည့် ငွေထုပ်ကလေးသည် တဖြည်းဖြည်း ပို၍သေးလာနေသည်။ အောင်မြင်မှု လှေကားကြီးကို တက်ရန် မြဲမြံသည့် လှေကားထစ်ကို လိုက်လံ ရှာဖွေနေဆဲဖြစ်၏။ လန်ဒန်မြို့တော်ကြီးအတွင်း၌ သင့်တော်သည့် ဆေးကုလုပ်ငန်းတစ်ခု ရရှိဖို့မှာ မလွယ်ကူလှပါ။ ဤလုပ်ငန်းများကို အရောင်းအဝယ်လုပ်နေကြသည့် ကြားပွဲစား အေဂျင်စီများ ထံတွင် ရောင်းလိုသည့်လုပ်ငန်းတွေက တော့ရှိ၏။ သို့သော်လည်း လုပ်ငန်းတိုင်းအပေါ် မျှော်လင့်ချက်ကြီးကြီးမားမား ထား၍မဖြစ်။ သူတို့နှင့် ငါးမိနစ်ခန့်မျှ စကားပြောမိသည်နှင့်တပြိုင်နက် ကျွန်တော် စိတ်ဓာတ်ကျသည်။ သူတို့အား အနူးအညွတ်ခွင့်တောင်းပြီး ထပြန်ခဲ့ရသည်ကများ၏။

'သုံးလို့ မရနိုင်တဲ့ နောက်တစ်ဦးပါပဲကွာ'ဟု ကျွန်တော်က ညည်းမိသည်။ 'သူ့စာအုပ်တွေက ထမင်းဟင်းချက်လို့ကုန်ပြီ၊ သူ့ဆေးခန်းက လူနာမလာလို့ ဟောင်းလောင်းဖြစ်နေပြီ၊ မင်းသူ့ဆီက အနံ့မရဘူးလား'

ကျွန်တော်တို့သည် လန်ဒန်မြို့ကြီးပေါ်၌ အရက်သမားဆရာဝန်များ သို့မဟုတ် ဝင်ငွေနည်းလွန်း၍ စုတ်ပြတ်သတ်နေသော ဆရာဝန်များကို အများအပြားတွေ့ရလိမ့်မည်ဟု မထင်ခဲ့ကြပါ။ ကြွက် ထောင်ချောက်နှင့်တူသည့် အထပ်ခိုးကလေးများ၊ အလင်းရောင်ကင်းမဲ့ကာ မှောင်မည်းနေသည့် ဥမင်လိုဏ်ခေါင်းနှင့်တူသည့် မြေအောက်ခန်းများပါသည့် အိမ်များကိုလည်း အများ အပြားတွေ့ရလိမ့်မည်ဟု မထင်ခဲ့ကြပါ။ အခုတော့လည်း အထင်နှင့်အမြင် ကွာခြားလျက်ရှိသည်။ အကယ်၍သာ ကျွန်တော်တို့ ကပေါင် ထောင်နှင့်ချီ၍ ပေးနိုင်ခဲ့ပါမူကား ဝင်ပိုလမ်းဘက်ရှိ ကောင်းပေ့ဆိုသော အိမ်နှင့်ဆေးခန်းကို ရနိုင်စရာရှိ၏။ သို့သော်လည်း ကျွန်တော်တို့လက်ထဲရှိငွေက စိတ်တိုင်းကျ ရွေးချယ်ခွင့်ကို မပေး။

လွန်ခဲ့သော အပတ်အတွင်းက ကျွန်တော်တို့သည် ချယ်လ်ဆီးလမ်းဘက်တွင် သဘောကျစရာကောင်းသည့် အိမ်လေးတစ်လုံးနှင့်ဆေးခန်းကို တွေ့ခဲ့ကြသည်။ ဆရာဝန်မှာလည်း ခင်မင်ဖွယ်ကောင်းသည်။ စကားနည်းသည်။ ဟာလေးလမ်းမှ ဆရာဝန်ကြီးများကဲ့သို့ လူကြီးလူကောင်း ဆန်ဆန်

www.burmeseclassic.com

www.burmeseclassic.com


အပြုအမူမျိုးရှိသည်။ သူတောင်းသည့်ဈေးကလည်း အဆမတန်နည်းသည်။ ဝမ်းသာလုံးဆို့ကာ ထ၍ခုန်မိတော့မလိုပင် ဖြစ်ရသည်။ သို့သော်လည်း တာဗစ်စတော့စကွဲရားအထိ လျှောက်ရမည့်ခရီးက မနီးလှသဖြင့် ထပ်မံစဉ်းစား ရမလို ဖြစ်နေသည်။ စဉ်းစားနေသည့် ရက်အတွင်းမှာပင် ဆေးပညာရှင်များအဖွဲ့ ဌာနချုပ်သို့သွား၍ စုံစမ်းမိသည်။ ဖြူရော်ရော်မျက်နှာဖြင့် ကျွန်တော် အိမ်ပြန်လာခဲ့ရပါသည်။

'မောင်တို့တွေ့ခဲ့တဲ့ ဆရာဝန်က ကလေး တိတ်တိတ်ပုန်း ဖျက်ချပေးတဲ့အမှုနဲ့ ရှေ့လထဲမှာ အစစ်ဆေးခံရမယ့်လူကွ၊ လူနာတွေက သူ့ဆီမလာကြတော့လို့ ရောင်းတာ၊ ဆရာဝန်မှတ်ပုံတင် အသိမ်းခံရမှာ သေချာနေပြီ၊ အပြစ်ဒဏ်လဲ ကျဖို့ရှိနေတယ်'

ထိုနောက်ပိုင်းတွင်မူ ကျွန်တော်သည် ဤကိစ္စအတွက် အမြဲတစေ သောကရောက်ခဲ့ရ၏။ ကျွန်တော်သည် ရောင်းဝယ် ကိုယ်စားလှယ်များထံမှ နောက်ဆုံးရရှိသည့် အကြောင်းကြားစာ တစ်စောင် ကျွန်တော်ဇနီးအား လှမ်းပေးလိုက်သည်။

'နေ့ခင်းက ရတဲ့စာ၊ တို့ရဲ့ စိတ်ကူးယဉ် အိပ်မက်ထဲက အတိုင်းတော့ မဟုတ်ဘူး၊ ဒါပေမယ့် အလားအလာတော့ ကောင်းမယ့် လက္ခဏာရှိတယ်'

ပိုင်ရှင်မှာ အသက်ခပ်ကြီးကြီး ဒေါက်တာ ဟားဘတ်တန်းနားဆိုသူ အက်ဖ်၊အာ၊စီ၊အက်စ်ဘွဲ့ရ တစ်ဦးဖြစ်သည်။ အနားယူလို၍ ဆေးခန်းကို ရောင်းခြင်းဖြစ်၏။ တစ်ချိန်က ဝင်ငွေ အတော်အသင့် ကောင်းသည့်ဆေးခန်းဖြစ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဝင်ငွေ ကျဆင်းလာခဲ့သည်။ ယခုရောင်းမည့်အထဲတွင် ဆရာဝန်ကြီး၏ နေအိမ်ပါ ပါဝင်သည်။

နောက်နေ့ မနက်တွင် ကျွန်တော်တို့နှစ်ယောက် စောစောစီးစီးရောက်သွားကြသည်။ ဘတ်စ်ကားလိုင်းနှင့် မနီးမဝေးဖြစ်သဖြင့် လူနာများ ဝင်ထွက်သွားလာရ လွယ်ကူသော နေရာဖြစ်၏။ ဒေါက်တာ တန်းနားမှာလည်း ရိုးသားဖြောင့်မတ်ပုံရှိသည်။

သူဆိုလိုက်သည့် ဈေးနှုန်းမှာ မများလှပါ။ သင့်တင့်ထိုက်တန်သော ဈေးဟု ဆိုနိုင်စရာရှိပါသည်။ သို့သော်လည်း ကျွန်တော်တို့လွှန်ခဲ့သော လေးနှစ်

www.burmeseclassic.com

www.burmeseclassic.com


တာ ကာလအတွင်းက ခြစ်ခြစ်ကုတ်ကုတ် စုဆောင်းရရှိထားသည့် ငွေထက် နှစ်ဆခန့်များနေသည်။ ကျွန်တော်တို့ စိတ်မကောင်းဖြစ်ကြရပါသည်။

ကျွန်တော်တို့ ဘတ်စ်ကားနှင့် ပြန်လာခဲ့ကြသည်။ 'ငွေပိုသာရှိလိုက်ရင် ဘယ်လောက်ကောင်းလိုက်မလဲ'ဟု ကျွန်တော်က ညည်းမိပါသည်။

အဖိုးတန် လက်ဝတ်လက်စားများ မရှိရှာသော ကျွန်တော့်ဇနီးသည် စိတ်ကူးယဉ် ဝတ္ထုထဲက ဇာတ်လိုက် မင်းသမီးကဲ့သို့ လိုငွေဖြည့်ရန်အတွက် သူပိုင် ရွှေငွေရတနာများကို ရောင်းချမပေးနိုင်ပါ။ သူသည်လည်း ကျွန်တော် လိုပင် စိတ်ညစ် စိတ်ရှုပ်ရသည်။ နောက်ဆုံးတွင်သူသည် သူတတ်နိုင်သည့် နည်းဖြင့် အကြံပေးသည်။

'မောင် သူ့ဆီသွားပြီး ကျွန်မတို့ရဲ့ အခြေအနေကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား။ တကယ်လို့ သူ့ဘက်က အချိန်ပေးနိုင်မယ်ဆိုရင် လိုနေတဲ့ ငွေကို ပြေလည်အောင် လုပ်ပေးပါမယ်လို့ ပြောပြပေါ့'

ကျွန်တော် သူ့မျက်နှာကို ကြည့်နေမိပါသည်။ ပေါင်ပေါ်၌ တင်ထားသောကလေးသည် ခွက်ထဲမှ မုန့်များကို အားရပါးရ နှိုက်စားနေသည်။ တစ်မျက်နှာလုံး မုန့်စမုန့်နများ လိမ်းကျံလျက်ရှိသည်။ ရုတ်တရက်ချက်ချင်းပင် ကျွန်တော်မျက်နှာထား ပြောင်းသွားသည်။ ကျွန်တော်မိန်းမအပေါ်တွင် ပညာရှိသော မယား၊ အလွန်ချော အလွန်လှသော မိခင်တစ်ယောက်ဟူသော အသိ အမြင်ဝင်လာသည်။

'အေး.....ဟုတ်တယ်၊ မင်းပြောတာ မှန်တယ်'

ကျွန်တော် ဦးထုပ်ကို ဆွဲယူပြီး အပြင်သို့ ထွက်ခဲ့ပါသည်။

ဟားဘတ်တန်းနားသည် ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ လူပုံ ပိန်ပါးပါး၊ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးများကို စင်ကြယ်စွာ ရိတ်ထားသည်။ မျက်နှာက နီရဲရဲ၊ အသက်က(၇၀)၊ ဆံပင်များ မျက်ခုံးမွေးများ ဖြူနေပြီ။ သူသည် လူနားများနှင့် စကားပြောရာ၌ စိတ်ထဲရှိသည့်အတိုင်း ပြောတတ်သည်။ စကားအပို မပြောတတ်။ သူတစ်ပါးက စကားအပိုတွေ လာပြောလျှင် လည်း စိတ်ရှည်လက်ရှည်ဖြင့် နားထောင်တတ်သူ မဟုတ်၊ ယင်းကဲ့သို့သော

www.burmeseclassic.com

www.burmeseclassic.com


လူစားတစ်ယောက်ထံ ဤကိစ္စမျိုးပြောဖို့ ကြိုးစားရသည်မှာ ခဲယဉ်းပင်ပန်းလှပါသည်။

သို့သော်လည်း ကျွန်တော်က ပြောလိုက်သည့်အခါ အံ့ဩဖွယ်ကောင်း လောက်အောင်ပင် လွယ်ကူချောမောနေသည်ကို တွေ့ရသည်။ ဒေါက်တာတန်းနားသည် ကျွန်တော်တို့အား တွေ့လျှင်တွေ့ချင်း ခင်မင်ပုံရသည်။ ထိုအထင်သည် လွဲချင်လည်း လွဲပါလိမ့်မည်။ ကျွန်တော်တို့၏အဖြစ်ကို သနားဂရုဏာ သက်၍ ဖြစ်ကောင်း ဖြစ်လိမ့်မည်။ သူသည် ကျွန်တော်အား သူ၏ တစ်ဦး တည်းသော သားဆရာဝန်နှင့် တူသည်ဟုဆိုသည်။ သူ့သားမှာ စစ်ကြီးအတွင်း က တိုက်ပွဲတစ်ပွဲ၌ ကျဆုံးသွားခဲ့ပါသည်။ သူသည် ကျွန်တော်တို့အား ယုံကြည် သည်။ အခုလောလောဆယ် ရှိသမျှငွေကို ပေးထား၊ ကျန်ငွေကို သုံးလတစ်ကြိမ် ရှင်းပေး။

ထိုသတင်းကို ကျွန်တော့်မိန်းမအား ပြောပြသည့်အခါ အိမ်ထဲမှ ချက်ချင်းပြေးထွက်လာပြီး အဘိုးကြီး၏လည်ပင်းကို တအားသိမ်း၍ ဖက်ထားချင်စိတ်ဖြစ်နေသည်။ 'လောကကြီးမှာ လူကောင်းတွေလဲ အများကြီးရှိပါသေးတယ်'ဟု သူက ရေရွတ်သည်။ ဤအပြုအမူသည် ကျွန်တော်တို့အမြဲတစေ ကြားနားနေရသော တရားဒေသနာများနှင့် ဆုံးမဩဝါဒများထက် တန်ဖိုးရှိသော၊ မြင့်မြတ်သော အရာတစ်ခုဖြစ်ပါသည်။

အပြောင်းအလဲသည် တစ်လအတွင်းမှာပင် ပြီးစီးသွားသည်။ ဒေါက်တာတန်းနားသည် ကော့စ်ဝိုးလ်ဘက်မှ တောင်ပိုင်းဒေသ တစ်ခုသို့ ပြောင်း ရွှေ့သွားသည်။ ဝမ်းသာလုံးဆို့ပြီး နှလုံးသားများ တခုန်ခုန်ဖြစ်နေသည့် ကျွန်တော်တို့က ဒေါက်တာတန်းနား၏နေရာသို့ ရွှေပြောင်းခဲ့ကြပါသည်။

ကျွန်တော်သည် ဆေးခန်းကြမ်းပြင်ပေါ်ရှိ ကော်ဇော်ထက်၌ လဲလျောင်း ကာ'မောင်တို့တော့ ရှိသမျှ ပုံအောလိုက်ပြီ၊ အောင်မြင်မလား၊ ဆုံးရမလား၊ ဒီနှစ်လမ်းပဲ'ဟု ပြောမိသည်။ တကယ်တော့လည်း ကျွန်တော်တို့ ပိုင်ဆိုင်သမျှ ငွေအားလုံး ဆေးခန်းထဲတွင် မြုပ်သွားခဲ့ပြီဖြစ်၏။

ကျွန်တော်တို့အိမ်တွင် အိမ်ထောင်ပရိဘောဂဟူ၍ ပြည့်ပြည့်စုံစုံ မရှိသေး။ တစ်ဝက်တစ်ပျက်သာ ဝယ်၍ ခင်းကျင်းထားနိုင်သေးသည်။ လိုရင်း

www.burmeseclassic.com

www.burmeseclassic.com


တိုရင်း ပြောရမည်ဆိုပါက ကျွန်တော်တို့ အသက်နှင့်ကိုယ် တည်မြဲရေးသည် ဤဆေးခန်းလုပ်ငန်းအပေါ်၌ လုံးဝတည်ရှိနေပါသည်။

ပထမတွင် လူနာတစ်ဦးမှ ပေါ်မလာပါ။ ဆရာဝန်အဘိုးကြီး၏ လူနာများသည် ကျွန်တော်တို့အား ပစ်ပယ်ထားကြလေပြီလား။ ဤအတွေးဖြင့် သောက မကင်းဖြစ်လာကြသည်။ ထို့နောက် တတိယနေ့တွင် ဆေးခန်းခေါင်း လောင်းသံကြားရသည်။ ကုလားထိုင်၌ ထိုင်၍ လက်သည်းများကို ကိုက်ပြီး ငေးငိုင်လျက်ရှိသော ကျွန်တော်သည် ဆုံလည်ကုလားထိုင်(ငွေမပေးရသေး ပါ) ပေါ်မှ ခုန်၍ထကာ တံခါးဆီသို့ လျှင်မြန်စွာသွား၍ ဖွင့်လိုက်ပါသည်။ နောက် နာရီဝက်ခန့်အကြာတွင် ကျွန်တော်သည် ဇနီးသည်ရှေ့မှောက်သို့ ရောက်နေ သည်။ လက်ဖဝါးကို ဖြန့်၍ သုံးသျှီလင် ခြောက်ပဲနိကို ပြသည်။

'လန်ဒန်မှာ ပထမဆုံးရတဲ့ မောင့်ရဲ့ဆေးကုခ'

ကျွန်တော့်အသံသည် တကယ်ပင် တုန်ရီနေပါသည်။ တဆက် တည်းပင် အငမ်းမရ ပြောမိသည်။ 'အပြင်သွားကွာ၊ စင်းကောကြော်ကလေး ဝယ်စမ်းပါ၊ ဟိုကောင်ရှုပ်ကလေးအတွက်လဲ ပေါင်မုန့်တစ်လုံးဝယ်ခဲ့'

မည်သို့ပင်ဖြစ်စေဟ နောက်ထပ် လပေါင်းများစွာ ခက်ခဲပင်ပန်းစွာ လှုပ်ရှားရုန်းကန်နေရပြန်၏။ ထို့နောက် ဆောင်းရာသီ ဝင်လာသည်။ ဤမျှ လောက် အအေးဓာတ်ပြင်းထန်သည်ကို ကျွန်တော်မကြုံခဲ့ဘူးပေ။ ထရက်ဒီးဂါး မှာတုန်းကတော့ ဤသီမျိုးတွင် တောင်ကုန်းများထက်ရှိ ဆီးနှင်းပြင်ပေါ် တက်၍ ပျော်နိုင်ပါးနိုင်သည်။ လန်ဒန်မှာကျတော့ မိုးနှင်းများပါ ကျနေသည်။ ရွံ့တွေ ညွံ့တွေ ပေါက်နေသည်။ မြူတွေဆိုင်းနေသည်။ နေရာတိုင်း၌ ရောက်နေသော ဤမြူများ ကြောင့် လူတွေ ချောင်းဆိုးကြသည်။ ရိုးတွင်း ချဉ်ဆီအထိ ခိုက်ခိုက်တုန်အောင် အေးသည်။ ကျွန်တော်တို့ ရေပိုက်တွင်း ရေတွေခဲနေသည်။ ထို့နောက် ရုတ်တရက် ပေါက်ကွဲပြီး မြေအောက်တစ်ထပ် လုံး စိုရွှဲကုန်သည်။ မီးဖိုချောင်သည် ရွံ့ဗွက်များဖြင့် ပြည့်သွားသည်။

ကျွန်တော့်ဇနီးတွင် ကူဖော်လောင်ဖက်ဟူ၍ တစ်ဦးမျှ မရှိပါ။ တစ် အိမ်ထောင်လုံးရှိ အိမ်မှုကိစ္စအားလုံးကို သူတစ်ယောက်တည်း ဒိုင်ခံ၍လုပ်ရ သည်။ ရှင်းရလင်းရ ချက်ရပြုတ်ရ ကလေးထိန်းရနှင့် အားသည်ဟူ၍မရှိ။

www.burmeseclassic.com

www.burmeseclassic.com


ဤကြားထဲမှပင် လူနာများလာလျှင် လက်ခံသည်။ လိုအပ်သည့် ဆေးဝါးများ ပေးရသည်။

အအေးဓာတ်ကလည်း လွန်ကဲလှ၏။ ဆေးခန်းထဲရှိ ဓာတ်ငွေ့မီးဖိုမှ တစ်ပါး အိမ်ထဲတွင် ဘာမီးဖိုမှမရှိ။ ညအိပ်ရာဝင်ပြီဆိုလျှင် ကျွန်တော်တို့သည် ဝင်ရိုးစွန်းဒေသသို့ ခရီးထွက်ကြတော့မည့်အလား ရှိရှိသမျှ အနွေးထည်များကို အထပ်ထပ်ဝတ်ကြရသည်။ ပြီးခါမှပင် အပေါ်မှထပ်၍ ညဝတ်အင်္ကျီများ ဝတ်ကြရပါသည်။

ကျွန်တော်၏ပထမဆုံး လက်ထောက်ဆရာဝန်ဘဝကမှာ ယခုနေရ ထိုင်ရသည့် ဘဝထက် အဆများစွာ သာလွန်ခဲ့၏။ ထိုစဉ်က ဆောင်းမီးဖို တစ်ဖိုတော့ အမြဲရှိသည်။ အစားအသောက်ကိုလည်း ပူပူနွေးနွေး စားရ သောက်ရသည်။ အခုကျတော့ ထိုမျှလောက် အခြေအနေမျိုးပင်မရှိ၊ ဝင်လာ နေသည့် ငွေကလည်း များများစားစား မဟုတ်သဖြင့် အပိုသုံး၍မရ။ အကြွေး ယူထား သည့် ဆေးဖိုးများ ရှင်းရသည်က တစ်ဘက်၊ ဒေါက်တာတန်နားအား သုံးလတစ်ကြိမ် ပေးရမည့်ငွေအတွက် ဖယ်ရသည်က တစ်ဘက်နှင့် ကျွန်တော် တို့ မိသားစုမှာ လုံးချာလည်လျက်ရှိရလေသည်။

ကျွန်တော်တို့အနေဖြင့် ကိုယ်စားချင်တာ မစားရ။ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဈေးအပေါဆုံးအစားကိုသာ စားကြရသည်။ စားပွဲ၌ထိုင်မိ လျှင် အားလုံးစိတ်ညစ်ကြရ၏။ 'ဒီနေ့လဲ ဒါပဲလားကွာ'ဟူသော ညည်းသံ သည် ကျွန်တော့်ပါးစပ်မှ ထွက်လာမြဲ။ 'ငါဘယ်လို ဆရာဝန် အမျိုးအစား လဲကွာ၊ ဒီဘက်ရပ်ကွက်တွေမှာ ဖျားတဲ့နာတဲ့လူ တစ်ယောက်မှ မရှိတော့ဘူး လား' ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးကျတော့လည်း ကျွန်တော် သည် ကိုယ်စား ရမည့်အစားကို ငြိမ်ဆိတ်စွာပင် စားသည်။ မျက်နှာချင်းဆိုင်၌ ထိုင်နေသည့် ဇနီးအား တစ်ချက်မျှ လှမ်းကြည့်ကာ– 'မင်း နွားနို့ကော သောက် ပြီးပြီလား' ဟုမေးမိသည်။

မှန်ပါသည်။ သူနွားနို့မသောက်၍မဖြစ်။ နွားနို့ကို သောက်မှဖြစ်မည်။ ထို့ကြောင့် မေးရခြင်းဖြစ်သည်။ ထိုအချိန်က ကျွန်တော်တို့သည် တစ်ယေက် အပေါ် တစ်ယောက် များစွာဂရုစိုက်ကြသည်။ ကြင်နာကြသည်။ ထိုစဉ်အခါ

www.burmeseclassic.com

www.burmeseclassic.com


က ကျွန်တော့ဇနီးသည် ‘စိတ်ဝင်စားဖွယ် ကောင်းသော အခြေအနေတစ်ရပ်’ဟု အသိအမှတ်ပြုထားသည့်အဆင့်သို့ ရောက်နေပြန်ပြီဖြစ်၏။ မှန်ပါ၏။ ကျွန်တော်တို့၏ဒုတိယသားသည် မွေးဖွားဖို့နီးနေပြီ။ နောက်သုံးလခန့်အတွင်းမှာပင် သူ့ကို မွေးဖွားခဲ့ပါသည်။

× × ×

[ ၂၁ ]

ဘောစ်ဝတ်ထားရပ်ကွက်၌ နေခဲ့ရသည့် ပထမနှစ်သည် ကျွန်တော်တို့ဘဝတွင် အခက်ခဲဆုံးသော အချိန်ကာလဖြစ်သည်။ ပြင်းထန်ကြီးမားသော ရည်မှန်းချက်တစ်ခုဖြင့် လှုပ်ရှားရုန်းကန် နေရခြင်းဖြစ်၍ သက်တောင့်သက်သာ နေရသည့်အချိန်ဟူ၍ မရှိ။ သို့သော်လည်း ကျွန်တော်တို့၏ မွေးရာပါ ဟာသဉာဏ်နှင့် ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် နေတတ်သော အကျင့်စရိုက်များ ကြောင့် အခက်အခဲဟူသမျှကို ကျော်လွှားနိုင်ခဲ့ကြပါသည်။ ဤသို့ဖြင့် အခြေ အနေသည် ဖြည်းဖြည်းပြောင်းလဲကာ ကျွန်တော်တို့ လိုချင်သည့် ပုံစံတွင်းဝင် လာသောအခါ အံ့သြစရာကြီးတစ်ခု ဖြစ်နေရပါ၏။

ကျွန်တော်သည် အလုပ်ကို ဖွဲနပဲကြီးစွာဖြင့် ပြင်းပြင်းထန်ထန် လုပ်ခဲ့သည်။ ရည်မှန်းချက်တစ်ခု ပြည့်စုံဖို့အတွက် လူတစ်ယောက်သည် အရာရာကို ပေးရမည်ဖြစ်၏။ သူ၏ စွမ်းရည်ဟူသမျှကို အသုံးချရမည်ဖြစ်၏။ ထို့ကြောင့်လည်း ထိုဆယ့်နှစ်လ ကာလအတွင်း ကျွန်တော်သည် နေ့ဝက်မျှပင် အနားမယူ ခဲ့ပါ။ ဤမျှလောက်အထိ လုပ်ခဲ့ကိုင်ခဲ့ခြင်းကြောင့်လည်း ကျွန်တော်တို့အတွက် ကောင်းသော အလှည့်အပြောင်းကလေးများ ပေါ်လာခြင်းဖြစ်သည်ဟု ကျွန်တော်ယူဆပါသည်။

ဆေးခန်းဖွင့်ပြီးသည့်နောက် ခင်မင်ရင်းနှီးလာခဲ့သော မိတ်ဆွေများသည် ကျွန်တော်တို့အတွက် များစွာ အထောက်အကူပြုခဲ့သည်ဟုဆိုလျှင် မှားနိုင်အံ့မထင်ပါ။ ပထမဆုံး ခင်မင်ခဲ့သူမှာ ဆေးခန်းနှင့် မလှမ်းမကမ်းရှိ မီးပွိုင့်၌ တာဝန်ကျသော ရဲသားတစ်ဦး ဖြစ်သည်။ သူသည် စကော့လူမျိုးတစ်ဦးဖြစ်၍

www.burmeseclassic.com

www.burmeseclassic.com


နာမည်မှာ တပ်ကြပ်ဘလဲယားဖြစ်သည်။ သူသည် လမ်းပေါ်၌ မတော်တဆ ထိခိုက်ဒဏ်ရာရလာသူများအား ကျွန်တော့်ထံ ပို့ပေးခြင်းဖြင့် ဆေးကုခကို ရအောင် ကူညီသူတစ်ဦးဖြစ်ပါသည်။

ကျွန်တော့်ထံသို့ လူနာများ မကြာခဏ စေလွှတ်ပေးသူ နောက်တစ်ဦး မှာ ဆေးခန်းအနီးရှိ ရပ်ကွက်တစ်ခုမှ ဆေးဆိုင်ပိုင်ရှင် ဖြစ်သည်။ သူ့ထံ လာ၍ 'ဆရာဝန်ကောင်းတစ်ယောက်' လမ်းညွှန်ပေးစမ်းပါဟု ပြောလာသူတိုင်း အား ကျွန်တော့်ထံ လွှတ်ပေးလေ့ရှိ၏။ ထိုပြင်လည်း ဘေးစ်ဝတ်ထားရပ်၌ အများအပြား တည်ရှိနေသော ဟိုတယ်များသို့ အချိန်မရွေး ဝင်ရောက်ကုသပေး နေရသည့် အခွင့်အလမ်းကိုလည်း ကျွန်တော်ရလျက်ရှိသည်ဖြစ်ရာ ဤတစ်ချက် ကိုလည်း ကျွန်တော်တို့ မေ့ပစ်၍ မဖြစ်ပါ။

ညလယ်ကြီး အချိန်မတော် အခေါ်ရောက်လာသဖြင့် ဟိုတယ်သို့ လိုက်သွားပြီးဖျားနာနေသော စားပွဲထိုး၊ ထမင်းချက်၊ အိုးခွက်ပန်းကန်ဆေး အလုပ်သမားစသည်–စသည်များကို ကြည့်ရှုကုသပေးရသည့်အခါများလည်း ရှိသည်။ တစ်ခါတရံကျတော့လည်း ဗိုက်နာ၍)ဤအဖြစ်မျိုးတစ်ကြိမ်မက ကြုံခဲ့ရသည်) သွားရောက်ကြည့်ရှု ကုသပေးရသည်များလည်းရှိသည်။ အလုပ် ရှင်ကတော့ သူ့အလုပ်သမားအပေါ် သံသယမဖြစ်။ ရုတ်တရက်ဖြစ်လာခါမှ အံ့အားသင့်ရခြင်းဖြစ်၏။ ဆရာဝန် အနည်းငယ်ကသာ လိုလိုလားလား ကြည့်ရှုကုသပေးလိုသော လူနာ အမျိုးအစားဖြစ်သည်။ ကျွန်တော်ကတော့ အခေါ် ရောက်လာလျှင် အိပ်ရာမှထ၍ လိုက်သွားပြီ ဂရုတစိုက်ကြည့်ရှုကုသ ပေးသည်။ တစ်လတိတိ နေ့စဉ်မှန်မှန်သွားကာ ကံမကောင်း အကြောင်းမလှရှာ သည့် လူနာအမျိုးသမီးအား ပြုစုစောင့်ရှောက်ပေးသည်။ ဤသို့ဖြင့် နောက်ဆုံး တွင် ကျွန်တော်၏ဆေးခန်းသို့ ဟိုတယ်မှ ဧည့်သည်အများအပြားပါရောက်လာ ကြပါသည်။

'ဒေါက်တာရယ်…ဆရာဂျုံးကို ဒေါက်တာ ကုပေးလိုက်တာ ပျောက် သွားတယ်ကြားလို့ ကျွန်မရဲ့ အစာအိမ်ရောဂါ လာပြတာ'ဟူသော စကားမျိုး၊ ကြားလာရသည်။

မှန်ပါ၏။ ဒေါက်တာ ကုပေးလိုက်သည်မှာ ပျောက်ကင်းသွားပါ

www.burmeseclassic.com

www.burmeseclassic.com


သည်။ ကျွန်တော် ကုသမပေးနိုင်သော ရောဂါဟူ၍ မရှိသေးပါ။ ကျွန်တော် ကုပေးသမျှ ရောဂါများမှာလည်း ပျောက်ကင်းသလိုလို ရှိနေပါသည်။ ကျွန်တော် နာမည်ကြီးလာသည်။ နာမည်ကြီးလာခြင်းမှာလည်း စိတ်တစ်မျိုးလှုပ်ရှားနေရသော ဆရာဝန်တစ်ဦးအဖို့ အားဆေးတစ်ခွက်ပင်ဖြစ်ပါသည်။ ဆေးခန်းထဲမှထိုင်၍ လူနာ ရောက်အလာကို စောင့်စားရသည့်အဖြစ်မျိုးမဟုတ်။ ကိုယ်သွားရာနောက်သို့ လူနာများစောင့်စားရသည့် အဖြစ်မျိုးမဟုတ်။ ကိုယ်သွား ရာနောက်သို့ လူနာများက တကောက်ကောက် လိုက်လာနေသည့် အခြေအနေ မျိုး ဖြစ်သည်။ ထိုအခါကျပြန်တော့လည်း တစ်ဘက်မှ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် တစ်ရက်ဟူသော အချိန်သည်ပင်လျှင် ကျွန်တော့် အတွက် မလုံမလောက်ဖြစ်လာရပါသည်။ ဤအတွင်းမှာပင် မေတ္တာကရုဏာရှင် ဘုရားသခင်၏ စီမံဖန်တီးပေးမှုကြောင့်ပေလားမသိ။ ထူးခြားသော အဖြစ် တစ်ခုနှင့်ကျွန်တော်ကြုံခဲ့ရပါသည်။

နိုဝင်ဘာလ တစ်ညတွင်ဖြစ်သည်။ အချိန်အတော် နောက်ကျနေပြီဖြစ်၏။ အလွန် ယဉ်သွားယဉ်လာ ထူထပ်များပြားသော လမ်းများသည် တိတ်ဆိတ်လျက်ရှိသည်။ သိမ်းမြစ်ရေပြင်ထက်မှ မြူများသည် အပေါ်သို့ လွင့်မျောတက်လာနေကြသည်။ ဤအခိုက်မှာပင် ဆေးခန်းရှေ့မှ ခေါင်းလောင်းသံ ထွက်ပေါ်လာသည်။ ကျွန်တော် အိမ်ထဲမဝင်သေး၊ ဆေးခန်းဝတ်စုံနှင့်ပင် နောက်ဆုံးထုတ် ဆေးဂျာနယ်ထဲမှ ဆီးချိုရောဂါကြောင့် လူခန္ဓာကိုယ်တွင်းရှိ ဓာတ်သဘာဝများ ပေါင်းစပ်ဖြစ်ပေါ် ပြောင်းလဲမှုများအကြောင်း ဆောင်းပါးကို ထိုင်၍ဖတ်နေသည်။ ခက်ခဲနက်နဲသော ဘာသာရပ်တစ်ခုဖြစ်သဖြင့် များစွာအာရုံစူးစိုက်၍ ဖတ်နေခိုက်ဖြစ်သည်။ ခေါင်းလောင်းသံ ကြားသည့်အခါ ကျွန်တော် ကိုယ်တိုင်ပင် ထသွားပြီး တံခါးဖွင့်ပေးလိုက်ပါသည်။

လမ်းမီးတိုင်မှ မီးရောက်အောက်၌ ရပ်နေသူမှာ အိမ်စေအမျိုးသမီးခပ်ငယ်ငယ်တစ်ဦး၊ ခေါင်းဆောင်းမပါ၊ ကုတ်အင်္ကျီမပါ။ အသက်ပင် မှန်မှန်ရှူနိုင်သည့် အနေအထား မဟုတ်။ အမှတ်–၅။ ပဲ့လေ့စ်ဂါဒင်လမ်းနေ သူ့သခင်မ မစ္စက်အာဘတ်သ်နော့ အဆိပ်မိ၍လာခြင်း ဖြစ်သည်။ မိသားစုဆရာဝန်အား ပထမပြေးခေါ်သည်။ အိမ်၌ မရှိ။ ဤသို့ဖြင့် ကျွန်တော့ထံ ရောက်လာသည်။ ကျွန်တော် အခုချက်ချင်းလိုက်လာနိုင်မလား။

www.burmeseclassic.com

www.burmeseclassic.com


ပင်ကိုယ်အသိဉာဏ်ကြောင့်လား၊ သို့မဟုတ် အတွေ့အကြုံကြောင့်လားတော့မသိ။ အခေါ်ရောက်လာသူအား တစ်ချက်ကြည့်ရုံမျှဖြင့် အရေးကြီးသော လူနာရှင်မှန်း ချက်ချင်းသိလိုက်သည်။ သောကရိပ်မကင်းသည့် မျက်နှာထား။ ဝတ်ထားသည့် အိမ်စေယူနီဖောင်းတို့သည် ရိုးသားမှန်ကန်မှုကို ဖော်ပြနေကြသည်။ 'အဆိပ်'ဟူသော စကားလုံးကလည်း ကျွန်တော့်စိတ်ကို တုန်လှုပ်ချောက်ချားစေသည်။ ကျွန်တော်သည် အထွေထွေ အထူးမေးမြန်းစုံစမ်းခြင်း မပြုတော့ဘဲ အရေးပေါ် ဆေးအိတ်ကို ဆွဲကာ ထွက်လိုက်လာခဲ့သည်။ အငှားကားတစ်စီးကို တား၍ ပဲ့လေ့စ်ဂါဒင်သို့ အမြန်ဆုံးပို့ပေးရန် ပြောသည်။

လေးမိနစ်အတွင်း လိုရာခရီးသို့ရောက်သည်။ အမှတ်–၅ အိမ်သည် ခပ်သေးသေး တိုက်ပြားကလေးဖြစ်သည်။ နွေးထွေးသော ကော်ဇောများ၊ ကတ္တီပါခန်းဆီးများ၊ တောက်ပြောင်သော ဆိုဖာကုလားထိုင်များနှင့် ခံ့ညားထည်ဝါသည်။ အိပ်ခန်းထဲရှိ ရှေးဟောင်း ကြေးခုတင်ထက်၌ သတိလစ်နေသူမှာ ညဝတ်အင်္ကျီနှင့် အဘွားအို တစ်ဦးဖြစ်သည်။ ခုတင်ဘေးရှိ စားပွဲပေါ်တွင်မူ ပုံသဏ္ဌာန်ရော အရွယ်ပါ တူညီသည့် ဆေးပုလင်းနှစ်လုံးရှိသည်။

တစ်လုံးမှာ ဝမ်းနာပျောက်ဆေးဖြစ်၍ 'တစ်ခါသောက် လက်ဖက်ရည်တစ်ဇွန်း'ဟူသော အညွှန်းရေးထားသည်။ နောက်ပုလင်းသည် နက်ပြာရောင် ဖြစ်သည်။ '*လင်နမင်လိမ်းဆေး၊ အဆိပ်၊ သောက်ရန်မဟုတ်*'ဟု ရေးထားသည်။

အနည်းငယ်တွေးကြည့်ရုံမျှဖြင့် ခန့်မှန်းနိုင်သော ပြဿနာတစ်ခုဖြစ်သည်။ အဘွားအိုသည် ဗိုက်ထဲမှ နာရင်းနှင့် အိပ်မောကျသွားသည်။ စားပွဲပေါ်၌ အခြားဆေးပုလင်းတစ်လုံးရှိနေသေးသည်ကို သတိမေ့သွားသည်။ ဗိုက်နာ၍ တရေးနိုးလာသည့်အခါ အိပ်ချင်မူးတူးဖြင့် ဆေးပုလင်းကို ယူ၍ သောက်သည်။ သူသောက်လိုက်သည့်ဆေးမှာ လင်နမင်လိမ်းဆေး။

နောက်အခါကျမှ သိရသည်မှာ ကျွန်တော် ထင်ထားသည့်အတိုင်းပင် ဖြစ်သည်။ သို့သော်လည်း ထိုစဉ်ကတော့ အတွေးအထင်များကို ရှေ့တန်းတင် နေ၍ မဖြစ်သည့်အခြေအနေ၊ အဘွားအိုမှာ အသက်နှင့်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com


အိုးစားကွဲတော့ မည့် အနေအထားဌ်ရှိသည်။ သူ့လက်ကောက်ဝတ်မှ သွေးတိုးပုံ သည် ခပ်ယဲ့ယဲ့ မျှသာရှိနေသည်။ အဆိပ်က ဘယ်လိုအဆိပ်မျိုးလဲ၊ ဆေးဆိုင်ကို ဖုန်းဆက်ပြီး စုံစမ်းနေ၍လည်း အကျိုးရှိစရာမမြင်။ အဘွားအို၏ ဆေးစာရွက်များကို လိုက်လံ ရှာဖွေပြီး ကြည့်နေ၍လည်း မဖြစ်။ ကျွန်တော့်ဘာသာကျွန်တော ချက်ချင်း ဆုံးဖြတ်ရမည့်ကိစ္စဖြစ်၏။

ကျယ်နေသော မျက်စိသူငယ်အိမ်များ ခြောက်ခန်းနေသည့် အသားအရေ၊ မမှန်မကန်ဖြစ်နေသည့် နှလုံးခုန်သံ။ ဤအရာအားလုံးကို ခြုံကြည့်ပြီး 'အက်ထရိုပါ၊ ဘယ်လာဒိုနာခေါ် အဆိပ်ရှိသော အပင်မှ အရွက်များနှင့် ဖော်စပ်သည့် ဆေးဆိပ်မိခြင်း'ဟု ကျွန်တော်ဆုံးဖြတ်သည် တနည်းအားဖြင့် 'ဘယ်လာဒိုနာအဆိပ်'ဟု ခေါ်သည်။ သို့တစေလည်း လူနာ၌ ဤအရိပ်လက္ခဏာမျိုး ထင်ဟပ်စေနိုင်သည့်အခြား အဆိပ်ခြောက်မျိုးခန့်ရှိနေ ပါသေးသည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့် ကိုယ်သတ်မှတ်သည့် အတိုင်း စွန့်စားရတော့မည်ဖြစ်၏။

လျင်မြန်စွာပင် ကျွန်တော်သည် အဘွားကြီး၏ ဗိုက်ထဲသို့ ပိုက်ထည့်သည်။ ခက်ခဲပြီး ကျွမ်းကျင်မှုများစွာလိုသော အလုပ်တစ်ခုဖြစ်ပါသည်။ ဆေးကျောင်းသားဘဝ လော့ချ်လီယာ စိတ္တဇဆေးရုံ၌ တာဝန်ကျခဲ့စဉ်က လုပ်ခဲ့ဖူး သော ကျွန်တော့်အဖို့တော့ အခက်အခဲ မရှိလှပါ။ ထို့နောက်တော့ အဘွားအို၏ အစာအိမ်ကို ဆေးရေဖြင့် ဆေးကြောပေးသည်။ ဘယ်လာဒိုနာအဆိပ်အမျိုးအစားထဲမှ အသက်သေစေနိုင်သော အင်အားစုကို တွန်းလှန်နိုင်သည့်အဆိပ်ဖြေဆေး 'ဒိုင်ယာမော်ဖင်းဟိုက်ဒရိုကလိုရိုက်' ၁၅ မီလီဂရမ် သွင်းပေးသည်။ ကျွန်တော် တွက်ထားသည့်အတိုင်း မှန်ကန်ပါမူ အကြာခင် သက်သာလာဖွယ်ရာရှိ၏။ ကျွန်တော်သည် အဘွားကြီး၏ အခြေအနေကို စောင့်ကြည့်ပါသည်။ ပထမ တော့ သွားရှာပြီဟု ကျွန်တော် တွေးလိုက်မိသည်။ သို့သော်လည်း သူအသက် ရှူမှန်လာသည်။ သွေးခုန်နှုန်းမှန်လာသည်။ ၁၅ မီနစ်ခန့်အကြာတွင် သက်ပြင်း တစ်ချက်ချကာ မျက်လုံးများပွင့်လာသည်။ ကြောင်တောင်မျက်နှာထားဖြင့် ကျွန်တော့်အားကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ဟော့.....သူငယ်။ ဘယ်လိုလဲကွယ့်၊ ဆေးခန်းဝန်စုံကြီးနဲ့ ငါ့အခန်းထဲမှာ ဘာလာလုပ်နေတာလဲ'ဟု ရေရွတ်သည်။

ထို့နောက် ပြန်အိပ်တော့မည့်ပုံမျိုးဖြစ်လာသည်။ ကျွန်တော်တို့က သူ့အား ပြန်၍အိပ်ခွင့် မပေးပါ။ ပြန်၍ မအိပ်နိုင်အောင် နည်းမျိုးစုံသုံး၍ ထားသည်။ သူက အမျိုးမျိုး တောင်းပန်နေသော်လည်း ကျွန်တော်နှင့်သူ့အိမ်စေက လက်မခံ။ နှစ်ယောက်ညှပ်၍တွဲကာ တစ်ညလုံး လမ်းလျှောက်ခိုင်းထားသည်။ ဘလက်ကော်ဖီ ခါးခါးဖျော်၍ တိုက်သည့်အချိန်လောက်သာ သူ့ကို အနားပေးသည်။ မိုးလင်းသွားသည့်အခါ အရှိန်ပျက်ပြယ်လာသည်။ သေးသွယ်နုနယ်သော ကိုယ်ခန္ဓာနှင့် အသက်အရွယ်ကြီးခြင်း စသော အားနည်းချက်များ ရှိနေသည့်ကြားပင် ပြန်၍ ထူထူထောင်ထောင် ဖြစ်လာသည်။ ထိုအချိန်တွင် သူ့အသက်သည် (၇၀)ကျော်ခဲ့ပြီဖြစ်၏။

လူ့ဝတ္တရားအရ ကျွန်တော်က သူ့အား သူ့ဆရာဝန်နှင့် ဆက်လက်ကုသရန် အမျိုးမျိုး နားချပါသော်လည်း မရ။ သူက သူ့ဆရာဝန်အား ဒူလာရောဂါသည် အဘိုးကြီးဟု အမည်တပ်ထားသည်။ အရေးကြီး၍ သွားခေါ်လျှင် ဘယ်တော့မှ အိမ်၌မရှိတတ်ဟုလည်း ပြောသည်။ သူက ကျွန်တော့အား သူ့မိသားစုဆရာအဖြစ် သတ်မှတ်သည်။ သူ့အား နေ့စဉ်လာကြည့်ပါဟုလည်း မှာသည်။ ဤသို့ဖြင့် ကျွန်တော် သိခဲ့ဖူးသမျှ အမျိုးသမီးကြီးများထဲတွင် အထူးခြားဆုံးသော အမျိုးသမီးကြီးတစ်ယောက်နှင့် ကျွန်တော် ရင်းနှီးခင်မင်ခွင့်ရလာခဲ့ပါသည်။

စပိန်လူမျိုးအနွယ်ဖြစ်သော ဤအမျိုးသမီးကြီး၏ အပျိုစင်ဘဝက အမည်မှာ 'မိနာဒါကော့စတာ'ဖြစ်သည်။ ဗြူနိုအေးရီးစ်မြို့၌ မွေးခဲ့သူဖြစ်၍ ပြည်နှင်ဒဏ်ခံထားရသော စကော့အမျိုးသားတစ်ဦးနှင့် လက်ထပ်ခဲ့သည်။ သူ့ဘဝ အများဆုံးအပိုင်းမှာ မက္ကဆီကိုနိုင်ငံ၌ အနေများခဲ့သည်။ သူ့ခင်ပွန်းသည်က မက္ကဆီကိုနိုင်ငံ အေဆွန်ဖိုမြို့အနီးတွင် ငွေသတ္တုတွင်းကြီး တစ်တွင်းပိုင်ရှင်ဖြစ်နေသည် မဟုတ်ပါလား။ ၁၉၇၁ ခုနှစ် တော်လှန်ရေးကာလတွင် သူ့သတ္တုတွင်းအား အပိုင်စီးရန် လာရောက်တိုက်ခိုက်ကြသော လူထုအား ခုခံတိုက်ခိုက်ရင်း သေနတ်မှန်ပြီး ကွယ်လွန်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ယောက်ျားမရှိသည့် နောက်ပိုင်းတွင် အဘွားကြီးသည် တစ်ကမ္ဘာလုံးရှိ နေရာအနှံ့သို့ ခရီးထွက်ခဲ့သည်။ အိန္ဒိယနှင့် ဘရာဇီးလို နိုင်ငံမျိုးကိုသာမက ပါရှားနှင့် ပီရူးလိုနိုင်ငံများအထိ ရောက်သည်။ နိုက်စ်၊ ကိုင်ရိုစသော မြို့ကြီးများ၌ လည်း ဆောင်းတစ်ရာသီ ခိုနားခဲ့ဖူးသည်။ ဗီယာနာမြို့တွင် အော်ပရာဇာတ်ပွဲ များကိုလည်း သွား၍ ကြည့်ခဲ့သည်။ မက္ကစီကိုစီးတီးနှင့် မက်ဒရစ်မြို့များရှိ နွားတိုက်ပွဲများကိုလည်း သွား၍ကြည့်ခဲ့သည်။ တစ်နှစ်သော နွေဦးပေါက်တွင် အင်ဒီးစ် တောင်တန်း ဆင်ခြေလျှောပေါ်၌ အနားယူခဲ့သည်။ နောက်တစ်နှစ်တွင် ဂျပန် နိုင်ငံ ဖူဂျီယာမာတောင်ရိပ်ကိုခိုကာ ချယ်ရီပန်းနံ့များကို ရှူခဲ့သည်။

သူသည် ကျယ်ပြန့်သောအသိ၊ အမြင်၊ အတွေ့အကြုံရှိသူဖြစ်၏။ ငွေကိုလည်း နှမြောတွန့်တိုခြင်းမရှိ။ ရက်ရက်ရောရော သုံးသည်။ အခုအသက်အရွယ်ရောက်ချိန်အထိ ပျော်ပျော်ပါးပါး နေလိုစိတ်က အရာရာကို လွှမ်းမိုးလျက် ရှိဆဲပင်ဖြစ်သည်။ သေသည်အထိ ပျော်ပျော်နေသွားမည်ဟူသော စိတ်မျိုးရှိ သူဖြစ်သည်။

မနက်တိုင်း နံနက်စာစားပြီးလျှင် စီးကရက် တစ်လိပ်ကို ခဲကာ 'စပို့တင်းတိုင်းမ်'ထဲမှ မြင်းတစ်ကို ဖတ်သည်။ ဘယ်မြင်း ထိုးရမည်ကို စဉ်းစားဆုံးဖြတ်သည်။ တယ်လီဖုန်းဖြင့် သျှီလင်အနည်းငယ်မျှ လောင်းသည်။ ထို့နောက် ဆံပင်အလှပြင်သူနှင့် တွေ့ချင်တွေ့မည်။ အကယ်၍တွေ့ဆုံဖို့ ချိန်းမထားလျှင် အပြင်ထွက်လည်မည်။ နေ့ခင်းပိုင်းကျတော့ အနီးအနားမှ ကလပ် တစ်ခုသို့သွား၍ ဖဲကစားမည်။ အပြန်တွင် ညနေသတင်းစာတစ်စောင် ဝယ်ပြီး မြင်းပွဲရှုံးလျှင် စပိန်ဘာသာဖြင့် ဆဲမည်။ နိုင်လျှင် ရှမ်ပိန်တစ်ဖန်ခွက် သောက်ကာ ညစာစားမည်။ဤကား သူလုပ်လေ့လုပ်ထရှိသည့် အလုပ်များပေတည်း။

သူသည် ကျွန်တော့်အား အကြိမ်ပေါင်းများစွာ အိမ်သို့ဖိတ်သည်။ အဖျော်ယမကာ တစ်ခွက်တစ်ဖလား သောက်ရင်း အတိတ်က ဖြစ်ရပ်များကို စားမြုံ့ပြန်လေ့ရှိသည်။ ခင်မင်ရင်းနှီးလာသည့်အခါ ဤအမျိုးသမီးကြီးတွင် 'ခံစားမှု'ဟူ၍ နည်းနည်းကလေးမှ ရှိပုံမရဟု စိတ်ထဲက ထင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


အခြားသော လူနာများသည် သူတို့အား ဆေးဝါးကုသပေးမှုအတွက် ကျေးဇူး စကားဆိုလေ့ရှိကြသည်။ သူကတော့ သူ့အသက်ကို ကယ်ဆယ်ခဲ့သည့် ကျွန်တော့်အား ကျေးဇူးတင်စကား လုံးဝ မပြောခဲ့ဖူးသေး။ သို့သော်လည်း တစ်ရက်တွင် ကျွန်တော့အား စက္ကူပါးကလေးဖြင့် ထုပ်ထားသော ပစ္စည်း တစ်ခုပေးသည်။ ရွှေစီးကရက်ဘူး တစ်ဘူးဖြစ်၏။ ကျွန်တော်က ကျေးဇူးတင် စကား ပြောရန် ဟန်ပြင်သည့်အခါ သူက ဟန့်သည်။

'ငါ့ကို ကျေးဇူးမတင်နဲ့ကွယ့်၊ မေဒင်ရဲ့ပြိုင်မြင်း ပရေးယားကို ကျေးဇူးတင်၊ သူက ဆယ်ဆတစ်ဆ အလျော်ပေးထားတယ်၊ ကဲပါလေ... အဲဒါကို အသာထားလိုက်၊ ငါ့သား ဥရောပဘက်က မနေ့ကပဲ ပြန်ရောက် တယ်၊ သူက ဒေါက်တာနဲ့ သိချင် တွေ့ချင်နေတယ်၊ လာမယ့်အပတ်ထဲ သူ့ကိုတွေ့ရင် ဖြစ်မလား'

× × ×

ရက်အနည်းငယ်အကြာတွင် မင်နူရယ်အာဘတ်သ်နော့ ကျွန်တော့်ထံ ရောက်လာသည်။ သူသည် အသက်လေးဆယ်ခန့်၊ အရပ်ပုပု၊ ယဉ်ကျေးချောင် သည်။ တောက်ပစူးရှသော မျက်လုံးအစုံသည် နက်နက်၊ နူးညံ့သော အသား အရေ၊ နက်ပြောင်သော ဆံပင်၊ ဝတ်စားပုံ သေသေသပ်သပ်နှင့် ထည်ဝါခံ့ညား သည်။ မစ္စက်အာဘအတ်သ်နော့လို မိခင်မျိုးမှ မွေးဖွားလာသော ဤလူစား မျိုး၏ အနေအထိုင်၊ အလုပ်အကိုင်နှင့် အပြုအမူများ ထူးဆန်းနေသည်မှာ အံ့သြဖွယ်ရာတော့ မရှိပါ။ သူသည် လန်ဒန်မြို့ ဝက်စ်အင်ရပ်ကွက်ရှိ ဘရွှန်နယ်လီ လုပ်ငန်းဌာနမှ အဝယ်တော်တစ်ဦးဖြစ်ပါသည်ဟု သူ့ကိုယ်သူ မိတ်ဆက်လိုက်သည့်အခါ ကျွန်တော့်အဖို့ အထူးအဆန်းတစ်ခုဟု မယူဆတော့ ပါ။ မည်သို့ပင်ဖြစ်စေ ထိုစဉ်အခါက ကျွန်တော်သည် အလုပ်များသူဖြစ် ရာ ကိုယ့်ပတ်ဝန်းကျင်ရှိ ကိုယ်နှင့်အဆက်အစပ်မရှိသော လောကများအ ကြောင်း ဗဟုသုတနည်းသည်။ အခုလည်း မင်နုရယ်အား ဘတ်သ်နော့ပြော သည့် 'ဘရွှန်နယ်လီ' အကြောင်းကို လုံးဝမသိ။ လန်ဒန်မြို့တော်၏ ခေတ်

www.burmeseclassic.com

www.burmeseclassic.com


ဆန်ဆန် ပုံကျကျ ဝတ်စားဆင်ယင်မှုများကို အသားပေးနေသော အမျိုးသမီးများ ကျက်စားရာနေရာဌာနမှန်းလည်းမသိ။

မင်းနုရယ်ကလည်း ထိုမျှလောက်အထိ အကျယ်တဝင့် ရှင်းလင်းပြောပြခြင်းလည်းမရှိ။ သူလာသည်မှာလည်း ခဏတဖြုတ်မျှသာဖြစ်သဖြင့် စကားများများပြောဖို့ အချိန်မရ။ သူ မကြာသေးခင်က အလုပ်ကိစ္စဖြင့် ပါရီသို့ရောက်ခဲ့ကြောင်း၊ သူ့လုပ်ငန်းဌာနအတွက် ရာသီအလိုက် ပေါ်လာသော ခေတ်မီအဝတ်အစားများ သွားရောက်လေ့လာခြင်းဖြစ်ကြောင်း စသည်ဖြင့် အနည်းအကျဉ်းတော့ပြောသည်။ ထို့နောက် သူ့မိခင်အား ဂရုတစိုက် ပြုစုကုသပေးခဲ့သဖြင့် ကျွန်တော့်အား အလွန်ကျေးဇူးတင်ကြောင်းပြောကာ ထိုင်ရာမှ ထ၍ ပြန်ဟန်ပြင်သည်။

တံခါးဝအရောက်တွင် သူသည် ကျွန်တော့်အား သူ့လိပ်စာကတ်ပြားကလေး ထုတ်ပေးသည်။ သူ မရှိတော့သည့်အချိန်ကျမှ လိပ်စာ ကတ်ပြားကို စေ့စေ့စပ်စပ်ကြည့်မိသည်။ ဆန်ဒွန်နှင့် ကုမ္ပဏီအမှတ် ၁၂၊ ဆာဗီးလ်ရိုး’ ဟု ရေးထားသည်ကို တွေ့ရ၏။ ကျွန်တော် မပြုံးပဲနှင့် ဝါးလုံးကွဲရယ်မိသည်။ ကျွန်တော့်ဆွေ့သည်၏ အလုပ်အကိုင်သည် ကျွန်တော်နှင့် အပ်စပ်သည်မဟုတ်သဖြင့် ပေါ့ပေါ့တန်တန်ပင် သဘောထားလိုက်မိ၏။ သူ၏ ကျေးဇူးတင်စကားကိုလည်း အလေးအနက်ပြုစရာတစ်ခုမဟုတ်ဟုပင် သတ်မှတ်ထားလိုက်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်၏ အဆုံးအဖြတ် အလျင်စလိုနိုင်မှုကြောင့် ကျွန်တော်ပင် စိတ်မကောင်းဖြစ်ရပါသည်။ မင်းနုရယ် အာဘတ်သ် နေ့ပြန်သွားပြီးနောက် မကြာခင်မှာပင် ဘရွှန်နယ်လီလုပ်ငန်းကုမ္ပဏီမှ အလုပ်သမမိန်းကလေးများသည် ကျွန်တော့်ဆေးခန်းသို့ အစုလိုက် အပြုံလိုက်ရောက်ရောက်လာကြသည်။ သူတို့၏ ကျန်းမာရေးအသက် အာမခံကတ်ပြားများ လာထပ်ကြသည်။ ထို့နောက် ကုမ္ပဏီမှဖက်ရှင်မယ်များ ရောက်လာပြန်သည်။ ကျွန်တော်၏ ဆေးခန်းလုပ်ငန်းသူတို့၏ ကူညီမှုကြောင့် များစွာတိုးတက်လာခဲ့ ရ၏။ ဤမိန်းမချော မိန်းမလှကလေးများထဲမှ ဟယ်လင်နာ၊

www.burmeseclassic.com

www.burmeseclassic.com


ဂျီနီဗိုင်း၊ အီလွိုက်စ်၊ မက်ဒီလိန်းစသော မိန်းကလေးများကို ကျွန်တော် မမေ့နိုင်သေးပါ။

ဤမိန်းကလေးများ၏ အပြုအမူ၊ အနေအထိုင်နှင့် အပြောအဆိုများသည် ထူးဆန်းလှသော်လည်း နှလုံးသားများကျတော့ ရိုးသားဖြူစင်ကြသည်။ စိတ်နေစိတ်ထားကျတော့လည်း သဘာဝကျကျပင်ရှိသည်။ မည်မျှလောက်ပင် ခေတ်ဆန်ဆန်၊ မူမည်မျှလောက်ပင် ပါးနပ်ပါးနပ် မည်မျှလောက်ပင် ခေတ်ဆန်ဆန်၊ မူမည်မျှလောက် ပါးနပ်ပါးနပ် မည်မျှလောက်ပင် မာန်မာနကြီးကြီး သူတို့သည် လူကောင်းသူကောင်းတစ်ယောက်နှင့် လက်ထပ်လိုသည်။ အိမ် ထောင်သည် ဘဝဖြင့် အခြေတကျနေထိုင်ကာ သားတွေ သမီးတွေနှင့် ပျော် ပျော်ပါးပါး နေလိုကြသည်။ သူတို့အားလုံးတွင် ဤတူညီသော ဆန္ဒကတော့ ရှိနေကြ၏။

သူတို့အနေဖြင့် ကျွန်တော်၏ စိတ်ဝင်စားမှုသည် သူတို့အလှတွင် မရှိ။ သူတို့၏ ချောင်းဆိုးခြင်း၊ အအေးမိခြင်းနှင့် နာဖျားခြင်းစသည်တို့ အပေါ်၌သာ တစ်သမတ်တည်းရှိနေသည်ကို တွေ့ကြရသောအခါတွင်လည်း ကောင်း၊ အေးချမ်းတည်ငြိမ်စွာဖြင့် အခြေတကျ ဖြစ်နေသော ကျွန်တော်၏ အိမ်ထောင်သည်ဘဝအကြောင်းကို သိသွားကြသည့်အခါတွင်လည်းကောင်း အချိုးပြောင်းသွားသည်။ ကျွန်တော့်အား သူတို့၏ အတိုင်ပင်ခံ လူယုံတော် တစ်ယောက်ကို သဘောထားကာ တရင်းတနှီးဆက်ဆံလာကြသည်။ သူတို့၏ သူငယ်ချင်းအပေါင်းအသင်းများကိုသာမက သူတို့၏ ဈေးဝယ်ဖောက်သည် များကိုပါ ကျွန်တော့်ထံသွားရန် လမ်းညွှန်ပေးကြသည်။

အလွန်ကြီးမားသော အကျိုးတရားဖြစ်ပါသည်။ ဆရာဝန်တစ်ယောက် သည် မိမိလုပ်ငန်းအတွက် ကြော်ငြာခွင့်မရှိပါ။ ကြော်ငြာခြင်းသည် လိမ်လည် လှည့်ဖြားခြင်းတစ်ရပ်ဖြစ်သည်။ ယခုကိစ္စမှာ ကြော်ငြာ၍မဟုတ်၊ လူနာအ ချင်းချင်း တစ်ဆင့်စကား တစ်ဆင့်ကြားဖြစ်ပါသည်။ ဤသို့ဖြင့် ကျွန်တော့်ထံ တွင် အိမ်ပင့်လူနာများတိုးလာသည်။ ပထမတော့ ဖြည်းဖြည်းချင်း၊ နောက် တော့ အလျင်အမြန် ကျွန်တော့်ဆေးခန်းနယ်နိမိတ်ပြင်ပမှ ပင့်ကြခြင်းဖြစ် သည်။ ပေါင်းသင်းဆက်ဆံရေးနယ်ပယ်တွင် အဆင့်အတန်းမြင့်သူများဖြစ်၏။ ကျွန်တော်သည် ကင်ဆင်တန်တောင်ပိုင်း၊ နိုက်ဘရစ်ချ်များ၊

www.burmeseclassic.com

www.burmeseclassic.com


မေဖဲယားစသည့် နေရာများအထိ သွားရသည်။ ပထမတော့ ဤအိမ်များသို့ ဝင်ရာထွက်ရာ၌ တွန့်ဆုတ်ဆုတ်ဖြစ်သည်။ နောက်တော့လည်း အောင်မြင်မှု ရနေသူတစ်ဦး၏ သဘာဝအတိုင်း ရဲရဲဝံ့ဝံ့ဖြစ်လာပါသည်။

ဤလူနာအများစုသည် အမျိုးသမီးများဖြစ်သည်။ အများစုမှာ ချမ်းသာကြွယ်ဝကြသည်။ အားနေယားနေကြသူများ၊ အလုပ်မရှိအလုပ်ရှာနေကြသူများ၊ စိတ်ဓာတ်ပျက်ပြားနေကြသူများဖြစ်သည်။ မင်နူရယ်အာဘတ်သ်နော့၏ ကောင်မလေးတစ်ယောက်ထံမှ အင်္ဂလိပ်စကားကို စကော့လေသံနှင့် ပြောသည့် ဘွဲ့တွေအများကြီးရထားတာ လူရွယ်ဆရာဝန်အကြောင်း သူတို့ ကြားသည်။ ဆေးဝါးကုသရာ၌လည်း တော်သည်ဟုဆိုသည်။ ထိုအခါ စိတ်ဝင်စား လာသည်။ သူတို့ ခိုင်းချင်တာ ခိုင်းလို့ရမည့် လူတစ်ယောက်တွေ့ပြီဟု သဘော ထားကြသည်။ သို့သော်လည်း ကျွန်တော်သည် သူတို့ထင်ထားသည့် လူသား မဟုတ်။ ဤလူနာမျိုးနှင့်ကျတော့ တိကျပြတ်သားမှ၊ တင်းတင်းမာမာ ဆက် ဆံမှဖြစ်မည်ဟူသောအချက်ကို ကျွန်တော်နားလည်သည်။ သူတို့နှင့် ဆက်ဆံ လျှင် အစွမ်းကုန်တိကျပြတ်သားပါမှဖြစ်မည်။ ထို့ကြောင့်လည်း ကျွန်တော် သည် သူတို့အပေါ် တိကျပြတ်သားစွာ ဆက်ဆံသည်။ အမိန့်ပေး၍ လိုက်နာခိုင်းသည်။ သူတို့ကို အရူးလုပ်သင့်သည့်အခါ အရူးလုပ်ပစ်လိုက်သည်။

သူတို့နှင့် တွေ့ခါမှ ကျွန်တော်သည် သူတို့အတွက် ရောဂါသစ်တစ်ခု တီထွင်လိုက်သည်။ 'အက်စ်သီးနီးယားရောဂါ'၊ ဤစကားလုံး၏ အဓိပ္ပာယ်မှာ 'အားနည်းခြင်း'ဖြစ်သည်။ ထို့ထက်ပိုလွန်သည့် အဓိပ္ပာယ်မျိုးမရှိ။ သို့သော်လည်း ထိုစကားလုံးသည် သူတို့၏ လက်သုံးစကားဖြစ်လာသည်။ ကာဒိဂန်ရပ်သို့မဟုတ် ဘဲလ်ဂရေစကွဲရားဘက်ထွက်၍ နေ့ခင်း လက်ဖက်ရည် သောက်သည့်အခါ သူတို့ လူကုံထံချင်းဆုံမိတတ်ကြသည်။ ထိုအခါ လေဒီဘလန့်က ဒေါ့မြို့စား၏ သမီးကြီး မစ္စဒက်ရှ်အား စကားအရသာခံ၍ ဖောက် သည်ချသည်။

'မင်းတော့ သိပြီလား မပြောတတ်ဘူး။ စကော့ဆရာဝန်လေး တစ်ယောက်လေ။ အပြောအဆိုကတော့ မသိမ်မွေ့ဘူး၊ ဒါပေမယ့် ဆေးကုတာ

www.burmeseclassic.com

www.burmeseclassic.com


အင်မတန်ကို တော်တယ်။ သူကပြောတယ်။ ကိုယ့်မှာ အက်စ်သီးနီးယားရော ဂါဖြစ်နေသတဲ့။ အက်စ်သီးနီးယားတဲ့။ အို … ဆရာဝန်ဒေါက်တာဘရောင်း ဂလောဂတ်ဆိုတဲ့ အဘိုးကြီးနဲ့ပြနေတာ လပေါင်းမနည်းတော့ဘူး။ သူက အာရုံကြောတွေ အားနည်းတာကလွဲပြီး တခြားဘာရောဂါမှ မရှိပါဘူးတဲ့၊ ဟင်း… ဟင်း'

ရောဂါသစ်တစ်ခုတီထွင်ဖန်တီးထားပြီဖြစ်ရာ ထိုရောဂါအတွက် ကျွန်တော့်တွင် ကုသမှုနည်းလမ်း တစ်ခုရှိနေရန် လိုအပ်လာသည်။ ထိုခေတ်အခါက (၁၉၃၁ ခုနှစ် ခေတ်ကာလကို ဆိုခြင်းဖြစ်သည်) ထိုဆေးများ ခေတ်စားနေချိန်ဖြစ်ရာ ကျွန်တော့်အဖို့ နည်းလမ်းရှာရာ၌ အခက်အခဲမရှိပါ။

ကျွန်တော်က လူနာအား စစ်ဆေးပြီးနောက် အက်စ်သီးနီးယား ရောဂါ ဟု အမည်တပ်လိုက်သည်နှင့် တစ်ပြိုင်နက် ကျွန်တော့်လူနာသည် သည်းထိပ် ရင်ဖိုဖြစ်သည်။ ကျွန်တော်က တည်ငြိမ်လေးနက်သော မျက်နှာထားဖြင့် အလေးအနက်စဉ်းစားထင်မြင်ဟန်ပြသည်။

'ကျွန်တော်ဆေးထိုးပေးဖို့တော့ လိုလိမ့်မယ်၊ အနည်းဆုံး တစ်ပတ်လောက်ပေါ့'

'အို … ဟုတ်လား ဒေါက်တာ' ဟု လူနာကစိတ်ဝင်တစား အသံပြုသည်။

'ဟုတ်တယ် … မဒမ်၊ ခင်ဗျားရဲ့ အခြေအနေက အမြန်ဆုံး ကုသမှု ပေးမှာဖြစ်မှာ'

'ကုပါ ဒေါက်တာရယ်'

'ကျွန်တော်တာဝန်ယူပါတယ် မဒမ်၊ ဒါပေမယ့် ဆေးထိုးဖို့ကတော့ နှစ်ပတ်စာလောက် လိုချင်လဲ လိုလိမ့်မယ်'

အက်စ်သီးနီးယားရောဂါအတွက် ထိုးဆေးများသည် များစွာ အဝယ်လိုက်ကာ အရောင်းရတွင်ကျယ်လျက်ရှိသည်။ ကျွန်တော့် ဆေးထိုးအပ်သည် အလွန်ခေတ်ဆန်သော တင်ပါးများထဲသို့ ထပ်ချည်းတလဲလဲ နစ်မြုပ်နေသည်။

'ကျွန်တော်တာဝန်ယူပါတယ်။ မစိုးရိမ်ပါနဲ့။ နည်းနည်းကလေးမှ

www.burmeseclassic.com

www.burmeseclassic.com


မနစ်နာစေရပါဘူး’ဟူသော စကားသည် ကျွန်တော်၏ လက်သုံးစကားဖြစ်လာသည်။ ဤနည်းဖြင့် ကျွန်တော်၏ ကျော်စောသတင်းသည် သူတို့ လူ့အထက်တန်းလွှာ နယ်ပယ်တွင် အတိုင်းအဆမရှိ ပျံ့နှံ့လာသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်၏ အလိမ်အညာ နည်းပညာတစ်ခုဖြစ်သော မျက်လှည့်ပညာသည် အံ့သြဖွယ်ကောင်းလောက်အောင် ထိရောက်အောင်မြင်သည်ကို တွေ့ရ၏။ အက်စ်သီးနီးယားရောဂါသည် ပျင်းရိငြီးငွေ့ကာ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိဖြစ်နေကြသော အမျိုးသမီးများအား သူတို့ဘဝတွင် ပြန်၍ စိတ်ဝင်စားလာစေခဲ့သည်။ ကျွန်တော့် အားဆေးများသည် သူတို့၏ နွမ်းလျလျ ပန်းလျလျဖြစ်နေသော အာရုံကြောများကို ရှင်သန်တက်ကြွလာစေသည်။

ကျွန်တော်သူတို့အား ကုသရာ၌ ထိုးဆေးတစ်မျိုးတည်းကိုသာ လက်စွဲပြု၍မသုံးပါ။ ဓာတ်စာပေးသည့် နည်းကိုပါ အသုံးပြုသည်။ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများကိုလည်း စနစ်တကျပေးသည်။ ကျွန်တော်သည် ဤနည်းစနစ်များကို အသုံးပြု၍ စွန့်စားခန်းများ လှည့်လည်ရှာဖွေနေသည့် အမျိုးသမီးနှစ်ယောက်အား သူတို့ခင်ပွန်းသည်များနှင့် ပြန်ပေါင်းထုပ်စေနိုင်ခဲ့ပါသည်။

ဆေးဖိုးဝါးခ ငါးသျှီလင်ရဖို့အတွက် အပြင်းအထန် ရုန်းကန်လှုပ်ရှားနေရသော ကျွန်တော့်လို ဆရာဝန်တစ်ယောက်အဖို့ ယခုကြုံလာရသည့် အပြောင်း အလဲသည် ဘုရားသခင်က ပေးပို့လိုက်သော အခွင့်ထူးတစ်ရပ်ကို ရခြင်းဖြစ် ပါသည်။ ကျွန်တော့်အတွက် အလွန်အကျိုးအမြတ်များသည်ဖြစ်ရာ ရတနာပုံ ဆိုက်ခြင်းဟု ဆိုရပါလိမ့်မည်။ ယခင်က ငါးသျှီလင်လောက် ရရေးကိုသာတွေး နေခဲ့ရသော ကျွန်တော့်လက်တွင်းသို့ ဂီနီပြားများပင် ဝင်လာနေပြီဖြစ်၏။

ငွေများများရနေခြင်းအတွက် ကျွန်တော် ဝမ်းမသာပါဟု ဘာကြောင့်ဟန်ဆောင်နေရမည်နည်း။ ငွေများများရလာသည့်အတွက် နှစ်လိုဖွယ်ရာကောင်း သောအရာများစွာကို ကျွန်တော်ရရှိခံစားနေရသည်မဟုတ်ပါလော။ လက်တွေ့ အားဖြင့် ဒေါက်တာ တန်းနားအား ပေးရန်ကျန်နေသေးသည့် ငွေ

www.burmeseclassic.com

www.burmeseclassic.com


အားလုံးကျေ သွားခဲ့ပြီ။ အိမ်ကို ဆေးပြန်သုတ်ထားရုံမျှမက လိုအပ်သည့် အိမ်ထောင်ပရိ ဘောဂပစ္စည်းများကိုပင် ထပ်မံ၍ဖြည့်ထားပြီးပြီ။ ဧည့်သည် လာလျှင် တံခါး ဖွင့်ပေးမည့် အိမ်စေတစ်ဦးနှင့် ကလေးများအား ပန်းခြံထဲ ပို့ပေးမည့် ကလေး ထိန်းတစ်ယောက်ပင်ရှိနေပြီ။ မင်နူရယ်၏ အပ်ချုပ်ဆိုင် တွင် ကျွန်တော်ကိုယ် တိုင်ပင် ဖောက်သည် တစ်ဦးဖြစ်နေပြီး မွန်းလွဲပိုင်းတွင် ရုံဖန်ရံခါ ဂေါက် ကွင်းသို့သွား၍ ဂေါက်သီးပင်ရိုက်နေနိုင်ပြီ။ နောက်ဆုံး ကုန်ကုန်ပြောရလျှင် လူနာများထံသို့ကိုယ်ပိုင်အော်စတင်ကားလေးနှင့် သွားနေနိုင်ပြီ။

မကြာမကြာဆိုသလို ကျွန်တော်သည် ပြောင်းလဲလာသော အခြေ အနေအရပ်ရပ်ကိုကြည့်ကာ အံ့သြခြင်းဖြစ်မိသည်။ အဘွားအိုတစ်ယောက် ဆေးမှား၍ သောက်မိသည်ကို သွားရောက်ကုသပေးရန် အခါအခွင့်ကြုံခဲ့ရ၏။ ထိုအကြောင်းတရား၏နောက်မှ အကျိုးတရားများသည် ဆက်တိုက်ဖြစ်ပေါ်လာ ခဲ့၏။ ငြိမ်သက်နေသော ကန်ရေပြင်ထက်သို့ ခဲတစ်လုံးချလိုက်သည့်အခါ ဝဲဂယက်များထသွားသည်နှင့်တူလှပါသည်။ တကယ်တမ်း စဉ်းစားလိုက် သည့်အခါ ကျွန်တော်သည် ထိုလှိုင်းဂယက်များပေါ် တက်စီးသွားနေခြင်း မျှသာ ဖြစ်သည်ကို တွေ့ရသည်။

ဤကြားထဲမှပင် ကျွန်တော့်စိတ်သည် ရုတ်တရက် ပြောင်းလဲသွား သော ကျွန်တော့်ဆေးကုလုပ်ငန်းအပေါ် ဘဝင်မကျသလို၊ မကျေနပ်သလိုဖြစ် ဖြစ်နေသည်။ ကျွန်တော်သည် တစ်နေ့ထက်တစ်နေ့ အထက်တန်းစား လူနာများနှင့် တွေ့ဖို့လောက်သာ စိတ်စောနေသည်။ ယင်းကဲ့သို့ဖြစ်လာ လေလေ၊ ဆေးခန်း ဘေးတံခါးမှဝင်လာလေ့ရှိသော ဆင်းရဲသား လူတန်းစား အလုပ်သမားများနှင့် အထိအတွေ့နည်းလေဖြစ်လာသည်။ ကြီးပွားချမ်းသာမှု၏ ချိုမြိန်သော အရသာ များကို ခံစားရင်း ရည်မှန်းချက်ပြည့်ဝမှုအပေါ် သာယာ ယစ်မူးရင်းကပင် ကျွန်တော်သည် ကျွန်တော် ယခုလတ်တလော လုပ်နေသည့် အလုပ်နှင့် တစ်ချိန်က လုပ်ခဲ့ဖူးသည့်အလုပ်ကို နှိုင်းယှဉ်ကြည့်မိသည်။ ကျွန်တော်တို့ စကော့ လူမျိုးများအဖို့ ကိုယ်လုပ်သောအလုပ်မှရရှိသည့်

www.burmeseclassic.com

www.burmeseclassic.com


အတွေ့အကြုံ ဗဟုသုတထက် ဘယ်အရာကမှ သည်းထိတ်ရင်ဖိုဖြစ်အောင် မစွမ်းဆောင်နိုင်ဟူသော ဆိုရိုး စကားကို သတိရမိပါသည်။

တစ်နေ့သော မွန်းလွဲပိုင်းတွင် ဇာတ်သိမ်းပိုင်း၏ အမြင့်ဆုံးအခြေအနေသို့ ဆိုက်ရောက်လာသည်။ ကျွန်တော်သည် အရပ်ထောင်ထောင်မောင်းမောင်း၊ နှုတ်ခမ်းမွေးကောင်းကောင်းနှင့် စစ်သားဟောင်းဟန်အပြည့်ရှိနေသော အသားညိုမောင်းမောင်း လူနာတစ်ဦးအား ဆေးခန်းတံခါးဝအထိ လိုက်ပို့သည်။ ထို့နောက် ချက်ချင်းပင် လက်ဖက်ရည်သောက်ရန်အတွက် အိမ်ထဲသို့ ဝင်လာခဲ့သည်။ ကိုယ့်ကိုယ်ကိုယ် အားရကျေနပ်သော ခံစားမှုက ဝင်နေသဖြင့် လူတစ်ကိုယ်လုံး ပေါ့ပါးမြူးကြွလျက်ရှိသည်။

'အခုနက ထွက်သွားတဲ့လူနာ ဘယ်သူဆိုတာ မင်းသိလား' ဟု ကျွန်တော့် မိန်းမအား ဝင့်ကြွားသော လေသံဖြင့် မေးမိသည်။

ဇနီးသည်က ခေါင်းခါသည်။

'ဆာ ...စီ၊ ဘီ၊ အိုင်၊ စီ၊ အက်စ်၊ ပေါ့' ဟု ကျွန်တော်ကပြောသည်။ ထိုခေတ်အခါက လူသိများပြီး ထင်ရှားသော ပုဂ္ဂိုလ်ကြီးတစ်ယောက် နာမည်ဖြစ်သည်။

'အခုဆိုရင် မောင့်မှာ လူနာအမျိုးသမီးတင်မကတော့ဘူး။ ဂုဏ်သရေရှိ အမျိုးသားလူနာတွေပါရနေပြီ။ အခုလာတဲ့ပုဂ္ဂိုလ်ကြီးက သူ့မိန်းမညွှန်လိုက်လို့ ရောက်လာတာ'

'သူက ဘာဖြစ်လို့တဲ့လဲ'

'အကြီးအကျယ် ဖြစ်တာတော့မဟုတ်ပါဘူး၊ အသည်းမှာ နည်းနည်းပါးပါးဖြစ်တာ။ သူက အင်ဂလိုအင်ဒီးယန်းလို့ခေါ်တဲ့ အင်္ဂလိပ်ကုလားကပြားပေါ့၊ သူဆေးလာထိုးလိမ့်မယ်၊ တစ်ခါထိုးရင် ငါးဂီနီပေးမှာ၊ မင်းစဉ်းစားကြည့်စမ်း၊ ဟိုတုန်းကဆိုရင် နှစ်သျှီလင်ခြောက်ပဲနိရဖို့အတွက် တစ်နေကုန်လောက် ချွေးဒီးဒီးကျအောင် လုပ်ခဲ့ရတယ်။ အခုကျတော့ သုံးမိနစ်နဲ့ ငါးဂီနီရနေပြီ'

ဇနီးသည်က ဘာမှပြန်မပြော။ ပန်းကန်ထဲသို့ လက်ဖက်ရည်နောက်တစ်ခွက် ငှဲ့ထည့်ပေးသည်။ သူငြိမ်ဆိတ်နေသည်ကို ကြည့်ကာ ကျွန်တော့် စိတ်ထဲတွင် ကသိကအောင့် ဖြစ်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဘယ်လိုလဲ ...မောင်ရသင့်ရထိုက်တယ်လို့ မင်းမထင်ဘူးလား'

ကျွန်တော်က 'ထိပ်'ဆိုသည့် ဆာဗီးလ်ရိုးအပ်ချုပ်ဆိုင်မှ ဝတ်စုံ အကောင်းစား ဝတ်စုံပေါ်၌ ကပ်ငြိနေသောဖုံများကို လက်နှင့်ထောက်၍ ခါရင်း မေးသည်။

'ဘာပဲဖြစ်ဖြစ်၊ ဒီအခြေအနေရောက်ဖို့အတွက် မောင်လျှောက်လာခဲ့ရတဲ့ခရီးဟာ ဘယ်လောက်များပင်ပမ်းခဲ့သလဲ၊ ညစ်ပတ်ပေတေနေတဲ့ မိုးကာအင်္ကျီကြီးဝတ်၊ ကျောက်မီးသွေးတွင်းထဲ ရှူးဖိနပ်ကြီးတွေစီးပြီး အလုပ်သမားရပ်ကွက်တွေထဲ လျှောက်ခဲ့ရတာတွေ မေ့သွားလို့ ဘယ်ဖြစ်ပါ့မလဲ'

ကျွန်တော့်ဇနီးက ကျွန်တော့်အား စူးစူးရဲရဲ ကြည့်နေသည်။

'ကျွန်မကတော့ ရှင်အဲဒီဖိနပ်ကြီးတွေနဲ့ ပိုပြီးလိုက်တယ်လို့ ထင်တာပဲ၊ ရှင့်အနေနဲ့ **ငွေအကြောင်း နည်းနည်းပဲတွေးပြီး လူနာတွေရဲ့အကြောင်း များများတွေးသင့်တယ်**'

ကျွန်တော့်မျက်နှာသည် နီရဲလာသည်။ ဆံပင်မွေးများထောင်လာသည်။ သူ့အားဒေါ်သ့ခန်းထဲမှ အော်ဟစ်ငေါက်ငမ်းပြီး မောင်းထုတ်ပစ်ချင်စိတ်ပေါ်လာသည်။

'ဘာလဲကွ၊ မင်းက လောကကြီးမှာ မင်းကျေနပ်တာကို မရှိတော့ဘူးလား' ဟု တအားကြုံးအော်လိုက်ရန် ဟန်ပြင်လိုက်သည်။ သို့သော်လည်း ကျွန်တော်မအော်ဖြစ်ပါ။ အော်ရမည့်အစား ပါးစပ်ကိုပိတ်ပြီး နှုတ်ဆိတ်နေမိသည်။ ကိုယ့်ကိုယ်ကိုပင် အံ့သြနေမိပါသည်။ ကျွန်တော်သည် အချိန်အတန်ကြာ မှု ငြိမ်နေမိသည်။ ထို့နောက် ခပ်တိုးတိုးရေရွတ်မိသည်။

'အေးပေါ့လေ၊ မင်းမှန်ချင်လဲ မှန်ပေမပေါ့၊ အင်း ... အဲဒီရက်တွေနေ့တွေဟာ အမြဲသတိရနေသင့်တာတော့ အမှန်ပဲ။ တန်ဖိုးလဲရှိပါတယ်'

* * *

'ဒေါက်တာနဲ့ တွေ့ချင်လို့ မာသာဆူပီရီယာ ရောက်နေပါတယ်ရှင်'

ကော့စလဲယားမှ မျက်လုံးနက်နှင့် အိုင်းရစ်အိမ်စေမကလေး ကေတီက ကျွန်တော့်ထံလာ၍ အကြောင်းကြားသည်။

www.burmeseclassic.com

www.burmeseclassic.com


ဝက်စ်ဘွန်းရှေ့လမ်းထဲတွင် လမ်းမ၏ အနောက်ဘက်အတွင်းကျကျ နေရာ၌ ညှို့ညှို့မှိုင်းမှိုင်း အဆောက်အဦးကြီးတစ်ခုရှိသည်။ ထိုအဆောက်အအုံကြီးသည် ဘွန်ဆီကိုးယားသီလရှင်များ၏ ကွန်ဗင့်ကျောင်းကြီးပေတည်း။ ရံဖန်ရံခါ သတိပြုမိသူများသည် ကျောင်းအတွင်းမှ နံနက်တစ်ကြိမ်၊ နေ့လယ်တစ် ကြိမ်၊ ညနေခင်း နေဝင်ချိန်တစ်ကြိမ် ခေါင်းလောင်း ထိုးသံသုံးကြိမ်ကြားရ တတ်သည်။ ကျန်အချိန်များတွင်မူ ဘာသံမှ မကြားရ။ သက်ရှိသတ္တဝါများ နေထိုင်သည်ဟု ထင်ရလောက်သည့် အရိပ်လက္ခဏာများ ကိုပင် မမြင်ရ။

သို့သော်လည်း ပိုတိုဘဲလိုလမ်းနှင့် နေ့ာတင်းဟစ်ဂ်ဂိတ်လမ်းများ ပတ်ဝန်းကျင်ဆင်းရဲသားရပ်ကွက်များအတွက်မူ ဤအဆောက်အအုံသည် ထူးခြားသော နေရာဌာနတစ်ခုဖြစ်၏။ ဤကျောင်းကြီးမှ သီလရှင်များသည် အကူအညီလိုအပ်နေသူများ၊ ခိုကိုးရာမဲ့များ၊ ကံမကောင်း အကြောင်းမလှသူများနှင့် မိမိတို့ အကျင့်ပျက်ပြားဆိုးသွမ်း၍ သို့မဟုတ် အခြားလူများကဆိုးသွမ်း၍ လူ့အဖွဲ့အစည်းပြင်ပသို့ ရောက်လာကြသူများအား ကူညီစောင့်ရှောက်ခြင်းလုပ်ငန်းကို ဆောင်ရွက်နေကြသည်။

ကျွန်တော် ဤကျောင်းမှ သီလရှင်လေးများနှင့် အကြိမ်ပေါင်းများစွာ ဆုံခဲ့ဖူးပါသည်။ တွေ့လိုက်လျှင် အမြဲတန်းနှစ်ယောက် တစ်တွဲဖြစ်သည်။ မျက်လွှာများချကာ လမ်းကို မြန်မြန်လျှောက်လေ့ရှိသည်။ အလွန်ဆိုးသည်ဟု နာမည်ကြီးသော ဤလမ်းများ၏ အမှောင်ရိပ်များကြားမှဖြတ်လျှောက် ကြခြင်းဖြစ်သည်။ တကယ်တော့ ဤလမ်းများသည် နေ့ရောညပါ လုံခြုံမှု မရှိသော လမ်းများဖြစ်၏။ အထူးသဖြင့် ညဘက်ဆိုလျှင် အလွန်ဘေးအန္တရာယ် ထူပြောသည်။ ဤလမ်းများ၏ ဝဲယာပလက်ဖောင်းပေါ်တွင် လမ်းဘေးဈေး ဆိုင်များ၊ လက်တွန်းလှည်းဈေးသည်များနှင့် အမြဲတစေ ပြည့်နေသည်။ ဤလမ်းများပေါ်နှင့် လမ်းကြိုလမ်းကြား လမ်းသွယ်များပေါ်တွင် မြို့တော်ကြီးရှိ အောက်တန်းစားကလေကချေများ၊ လူလေလူလွင့်၊ လူဆိုးလူမိုက်များနှင့် အမြဲတစေပြည့်နေသည်။ တိုးကြဖေ့ ကြ၊ ဆူကြပူကြ၊ ထိုးကြ ကြိတ်ကြ၊ အော်ကြ၊ ဟစ်ကြ၊ ဆဲကြဆိုကြ၊ရန်ဖြစ် ကြနှင့် အမြဲတစေသောသောရွတ်ရွတ်ရှိသည်။ ရဲများကတော့ ဤလူစုလူအုပ်ထဲတွင် ခါးပိုက်နှိုက်

www.burmeseclassic.com

www.burmeseclassic.com


များ၊ သူခိုးများနှင့် လူဆိုးဂိုဏ်းဝင်များ အများအပြား ပါနေသည်ကို သိကြသည်။

ဤပတ်ဝန်းကျင်ရှိအိမ်များသည် ဒုစရိုက်မှုများ ကျူးလွန်ရာ ဒုစရိုက်ကောင်များ ခိုအောင်းရာ နေရာများဖြစ်သည်။ ဤနယ်မြေအတွင်းမှ လူနှာ အပင့်ရောက်လာလျှင် ကျွန်တော် သတိအလွန်ထားရသည်။ ရင်တမမ ဖြင့် သွားလာလှုပ်ရှားရသည်။ ဆရာဝန်တစ်ယောက်မှန်း မသိလိုက်လျှင် ဘေး အန္တ ရာယ်တစ်ခုခုနှင့် ချက်ချင်းထိပ်တိုက်တိုးနိုင်သည် မဟုတ်ပါလော။ သို့ တစေ လည်း သီလရှင်ကလေးများကတော့ နေ့ရောညပါ ကြောက်ရွံ့တုန်လှုပ် ခြင်း ကင်းမဲ့စွာဖြင့် ဝင်ထွက်သွားလာလျက်ရှိကြလေသည်။

မာသာသည် ကျွန်တော့်အား ဧည့်ခန်းပြတင်းပေါက်တစ်ပေါက်အနီး မှ ရပ်စောင့်နေသည်ကို တွေ့ရပါသည်။ အရပ်မြင့်မြင့်၊ ကိုယ်ခန္ဓာသွယ်လျလျ၊ ထူးထူးခြားခြားရှိလှသည့် ကိုယ်လုံးကိုယ်ပေါက်၊ ရည်မွန်သော အပြုအမူ အားလုံး ခြုံကြည့်လိုက်သည့်အခါ အလွန်ကို ကျက်သရေရှိသော အမျိုးသမီး ကြီး တစ်ယောက်ဖြစ်နေသည်။ မြင်ရုံမျှဖြင့် ပြင်သစ်အမျိုးသမီးမှန်း ကျွန်တော် ချက်ချင်းသိလိုက်သည်။

ကျွန်တော်ဝင်သွားသည့်အခါ ဖျတ်ကနဲ လှည့်ကြည့်သည်။ အလွန် သိမ်မွေ့နူးညံ့သည့် မျက်နှာ၊ ရှည်လျားဖြောင့်စင်းသော နှာတံ၊ ထူထဲလှပသော မျက်ခုံး၊ ကြည်လင်တောက်ပသော မျက်လုံးများ။ ဤမျက်လုံးများသည် သူ့ရည်မှန်းချက်အတွက် စွမ်းအားအပြည့်ရှိကြောင်း ဖော်ပြနေကြသည်။

'ကျွန်မ မာသစီဆီးလ်ပါ ဒေါက်တာ၊ ကျွန်မ ဒေါက်တာနဲ့ လာ တွေ့ဖို့ စိတ်ကူးတာ ကြာပါပြီ၊ ကျွန်မကတော့ ဒေါက်တာ့ကို ဘုရားရှိခိုး ကျောင်းမှာ မြင်ခဲ့ဖူးတယ်၊ ဒေါက်တာလို လူမျိုးက ဘုရားရှိခိုး ကျောင်းမှန်မှန် သွားတာဟာ ကုသိုလ်အတွက် အကောင်းဆုံး စံနမူနာ တစ်ခုပါပဲ'

ဘာသာတရားကို အလွန်ကိုင်းရှိုင်းသည်ဟူသော ထင်မြင်ချက်ဖြင့် ကျွန်တော့အား လိုက်လိုက်လှဲလှဲ ချီးကျူးလိုက်ခြင်းဖြစ်၏။ အကယ်၍ ကျွန်တော့ အကျင့်စရိုက်အမှတ်ကိုသာသိလျှင် သူမည်သို့ထင်လေမည်နည်း။ ကျွန်တော် စိတ်မလုံဖြစ်ကာ အနေရခက်လှပါသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒီအနီးအနားတစ်ဝိုက်မှာ ကက်သလစ် ဘာသာဝင်ဆိုလို့ ဒေါက်တာ တစ်ယောက်ပဲရှိပါတယ်' ဟု သူကဆက်ပြောသည်။ 'ဒါကြောင့် ကျွန်မတို့ အတွက် တစ်ခုလောက် ကူညီပါလို့လာပြီး မေတ္တာရပ်ခံတာပါ။ အခုအချိန်ထိ ကျွန်မ တို့ သီလရှင်ကျောင်းကို အယ်လ်ဒွန်လမ်းက ဒေါက်တာကောလင်းစ်က လာပြီး ကြည့်ရှုကူညီနေပါတယ်၊ ဒါပေမယ့် သူက အသက်ကလဲကြီးလာရတဲ့အထဲ ခရီးကလဲဝေးဆိုတော့ သူအဖို့ အတော်ခက်ခဲ ပါတယ်။ ဒါကြောင့် ဒေါက်တာ က ကျွန်မတို့ကျောင်းရဲ့ ဆရာဝန်အဖြစ် တာဝန်ယူပေးမယ်ဆိုရင်...'

'ဩော်...အင်း' ကျွန်တော် ရုတ်တရက် ဘယ်လိုအဖြေပေးရမှန်း မသိသဖြင့် ထစ်ထီးထစ်ငေါ့ ဖြစ်နေသည်။

'တစ်ခုတော့ ကျွန်မကြိုတင်ပြီး ပြောထားချင်ပါတယ်၊ အလုပ်က ခက်ခဲပင်ပန်းတဲ့ သဘောလဲရှိတယ်၊ စိတ်နှလုံး မချမ်းမြေ့စရာလေးတွေနဲ့လဲ ကြုံရတတ်တယ်၊ ဒေါက်တာလဲ သိမှာပါ၊ ကျွန်မတို့က နယ်မြေထဲအထိ ဆင်းရတာတွေ ရှိပါတယ်၊ ပြီးတော့လဲ ကျွန်မတို့ကျောင်းက ဆင်းရဲပါတယ်၊ ဒေါက်တာကို အခကြေးငွေ များများပေးနိုင်မယ် မထင်ပါဘူး'

'အို...ကျွန်တော်ကလဲ အခကြေးငွေ မယူသင့်ဘူးလို့ ထင်ပါ တယ်' ဟု ကျွန်တော်က ရေရွတ်သည်။

သူသည် ခေါင်းကို အသာငဲ့ကာ နှုတ်ဆိတ်လျက်ရှိသည်။ ကျွန်တော် ၏ ရက်ရောမှုအတွက် သူ့ထံမှ ကျေးဇူးတင်စကား ပြောလေမလားဟု မျှော် လင့်မိသည်။ မပြောပါ။

'ဘုရားသခင်အတွက် ရည်ရွယ်ပြီး လုပ်ရမှာပဲ ဒေါက်တာ၊ တကယ်လို့ ဒေါက်တာ့ဘက်က အဆင်ပြေမယ်ဆိုရင် ဒီနေ့ မွန်းလွဲပိုင်းမှာ ကျွန်မနဲ့ အတူ နော့တင်းဟစ်လ်လမ်းသွယ်ဘက် လိုက်စေချင်ပါတယ်။ အဲ့ဒီမှာ ကျွန်မတို့ ဆီက အကူအညီလိုနေတဲ့ လီလီဟဲရစ္စဆိုတဲ့ မိန်းကလေး တစ် ယောက်ရှိနေပါ တယ်'

ကျွန်တော် ဂေါက်သွားရိုက်မည့် အစီအစဉ်ကို ဖျက်ရတော့မည်။ ဤအတွေးကြောင့် စိတ်နှစ်ခွဖြင့် အဖြေပေးမိသည်။

'ရပါတယ်၊ ကိစ္စမရှိပါဘူး'

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် နေ့ခင်းသုံးရာရီတွင် မသာစီဆီးလ်နှင့်အတူ နေ့တင်းဟစ်လ်လမ်းသွယ်သို့ သွားသည်။ ရောက်သွားသည့် နေရာမှာ အိမ်မဟုတ်။ အခန်းမျှသာဖြစ်သည်။ လီလီဟဲရစ္စကို တွေ့ပါသည်။ အသက်နှစ်ဆယ်ပင် ပြည့်ဦးမည် မဟုတ်။ ဆံပင်အညိုရောင်၊ မျက်လုံးအညိုရောင်ဖျော့ဖျော့နှင့် မိန်းမချောလေးတစ်ဦးဖြစ်သည်။ အနက်ရောင် စကပ်နှင့် အပေါ်စားဘလောက်အင်္ကျီဝတ်ထားသည်။ သူ့မျက်နှာသည် ဖြူရော်ရော် အင်ပြင်လိုအဖုအပိန့်များကြောင့် ရုပ်အဆင်းပျက်သလို ဖြစ်နေသည်။ မျက်နှာထားကလည်း စိတ်မချမ်းသာစရာ တစ်ခုခုကို မျိုသိပ်ထားရကြောင်း ဖော်ပြနေသည်။

ကျွန်တော်က လိုအပ်သလို စစ်ဆေးနိုင်ရန် သူ့ဇာဘော်လီကို ချွတ်ခိုင်းသောအခါ လီလီဟဲရစ္စက အလွန်မကြည်သာသော မျက်နှာထားဖြင့် ကျွန်တော့အား ကြည့်နေသည်။ နောက် မိနစ်အနည်းငယ်မျှ အကြာတွင် ဤအခြေအနေမျိုးနှင့် ကြုံရခြင်း၊ ဂေါက်ရိုက်မထွက်နိုင်ခြင်းစသည်တို့ကြောင့် စိတ်တိုနေသော ကျွန်တော့်ပါးစပ်မှ ဖြောင်ကျလွန်းအားကြီးသည့် စကားတစ်ခွန်း လွတ်ကနဲ ထွက်သွားသည်။

'စိတ်နှလုံး မသာယာစရာတွေနဲ့လဲ တွေ့ရတတ်တယ်လို့ ခင်ဗျားကျွန်တော့ကို ပြောခဲ့တယ်။ အခုတွေ့နေတာ အဲ့ဒီအတိုင်းပဲ၊ သူ့မှာကာလသား ရောဂါဖြစ်နေတယ်။ ပြီးတော့ ကိုယ်ဝန်လဲရှိနေတယ်'

မာသာစီဆီးလ်သည် မျက်နှာပျက်မသွားပါ။ တည်ငြိမ်အေးဆေးစွာပင် ပြန်ပြောသည်။

'ကျွန်မ ထင်ထားတဲ့ အတိုင်းပါပဲ'

ထို့နောက် လီလီအကြောင်းကို ပြောပြသည်။ တစ်ချိန်က လီလီသည် ပန်းဆိုင်တစ်ဆိုင်၌ အလုပ်လုပ်သည်။ ကောင်းကောင်းမွန်မွန် အေးအေးဆေးဆေးပင်ဖြစ်သည်။ မကြာမီ နယ်မြေအတွင်းမှ အဆိုးဆုံး အယုတ်ဆုံးဟုနာမည်ကြီးနေသည့် ဆီဗင်းစ် ဆိုသူတစ်ဦးနှင့် မေတ္တာရှိကြသည်။ ဆီဗင်းစ်မှာ ခါးပိုက်နှိုက်၊ မြင်းကြမ်းပိုးအလုပ်ဖြင့် အသက်မွေးနေသူဖြစ်သည်။ တိုက်ခိုက်လုယက်မှုဖြင့် ထောင်နှစ်ကြိမ်ကျဖူးသည်။

လီလီသည် ဆီဗင်းစ်နှင့် လအတန်ကြာမျှ အတူနေသည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com


ဆီဗင်းစ်က စိတ်ကုန်လာသဖြင့် လီလီအား စွန့်ပစ်လိုက်သည်။ စွန့်ပစ်ရာ၌ အကောင်းစွန့်ခြင်းမဟုတ်။ သူ့အရှိန်ဩဇာများကို အသုံးပြုကာ လီလီအား ခိုင်းစားသောနည်းများဖြင့် ညှဉ်းပန်း နှိပ်စက်သည်။ လီလီက သူရသမျှကို ငွေများကို ဆီဗင်းစ်လက်အပ်ရသည်။ ဤသို့ဖြင့် လီလီသည် ပြည့်တန်ဆာ ဘဝသို့ရောက်လာသည်။

ဤရောဂါစွဲကပ်နေသူတစ်ဦးအား ဆေးရုံတက်ခွင့် ရရှိရေးမှာ များစွာခက်ခဲကြောင်း ကျွန်တော်က လီလီအား ရှင်းပြသည်။ သို့သော်လည်း သူ့အခြေအနေက ဆေးရုံမတက်၍ မဖြစ်။ ချက်ချင်း ဆေးရုံတက်ဖို့ လိုအပ်သဖြင့် စီစဉ်ပေးမည်ဟု ကျွန်တော်က ပြောပြသည်။ ကျွန်တော် ပြောပုံဆိုပုံက တိုလွန်း ပြတ်လွန်းသဖြင့် နားဝင်ဖို့မလွယ်။ ထို့ကြောင့် မာသာစီဆီးလ်က ချိုသာသိမ်မွေ့စွာဖြင့် နားချသည်။ ကျွန်တော်က လီလီအား ချော့မော့သိမ်းသွင်းနေသည့် မာသာစီဆီးလ်အား အေးမှုရပ်၍ စိတ်ဝင်တစား ကြည့်နေမိသည်။ မာသာသည် လီလီအား တယုတယပွေ့ဖက်ကာ မျက်ရည် စများ သုတ်ပေးသည်။ ပါးစပ်မှ တတွတ်တွတ်ပြောသည်။ အလယ်ခေတ်က မင်းမျိုးမင်းနွယ် အထက်တန်းလွှာ အမျိုးသမီးများက ကိုယ်ရေပြား ရောဂါသည်များ တယုတယ ပြုစုကုသခဲ့ကြပုံနှင့် ပွေ့ဖက်နမ်းရှုံ့၍ အားပေး သည်အထိ ပြုမူကြပုံများကို ကျွန်တော်တွေး နေမိပါသည်။

ထိုနေ့ညနေပိုင်းမှာပင် ကျွန်တော်သည် လီလီအား အူစတန်လော့ခ် ဆေးရုံသို့ တင်ပေးနိုင်ခဲ့သည်။ ဤတာဝန်ကို ပြီးပြတ်သွားအောင် လုပ်ပေး နိုင်ခဲ့သည့်အတွက် ဝမ်းလည်းသာသည်။ စိတ်လည်း များစွာပေါ့ပါးသွား သည်။ ကျွန်တော်သူနှင့် နောက်ထပ်ဆုံမိစရာအကြောင်း မရှိတော့ဟုလည်း ထွက်သည်။ ကျွန်တော် သူ့ကို ချက်ချင်းပင် မေ့သွားပါသည်။ သို့သော်လည်း စိတ်နေစိတ်ထား သိမ်မွေ့ နူးညံ့သလောက် ဖွဲ့နပဲကြီးလှသော မာသာစီ ဆီးလ်၏ အနှောင်အဖွဲ့ကမူ ကျွန်တော် မလွတ်မြောက်ပါ။

မာသာစီဆီးလ်သည် ကျွန်တော့်အား သူ၏ သီလရှင်ကလေးများထံ သို့ အညှအတာ ကင်းမဲ့စွာဖြင့် ခေါ်သွားလေ့ရှိသည်။ အခကြေးငွေကျတော့ လည်း ရသည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com


'ဘုရားသခင်၏ အလိုတော်ကျ လုပ်ငန်းများအတွက်' ဟူသော စကားကို ရေလဲနှင့်သုံးကာ ကျွန်တော့်လုပ်အားကို ကောင်းစွာအသုံးချလျက် ရှိသည်။ ကျွန်တော့်အနေဖြင့် သူ့အပေါ် မကျေနပ်သလိုလိုဖြစ်မိသည်။ သို့တစေ လည်း သူနှင့် ရင်းနှီးလာလေလေ သူ့အား ခင်လေဖြစ်လာပါသည်။

သူသည် အလွန်ယဉ်ကျေးသိမ်မွေ့သော အမျိုးသမီးတစ်ယောက်ဖြစ် သည်။ တည်ကြည်ခံ့ညားမှုနှင့် အလှနှစ်မျိုးစလုံးကို ပိုင်ဆိုင်သူဖြစ်သည်။ သူ၏ လုပသော မျက်နှာနှင့် အပြာရောင်မျက်လုံး အစုံသည် မျိုးကောင်းရိုး ကောင်း အနွယ်ဝင်တစ်ဦးဖြစ်ကြောင်း သက်သေထူလျက်ရှိသည်။ သူ့ ကိုယ်လုံးကိုယ်ပေါက်သည် သန်မာတောင့်တင်း သလောက် ဖြောင့်စင်းလှ သည်။ မည်မျှ လောက် ပင်ပန်းစေကာမူ ကြံ့ခိုင်သော စိတ်ဓာတ်အင်အားကြောင့် အမြဲတစေ လှုပ်ရှားလျက်ရှိသည်။

ကျွန်တော်တို့ချင်း ခင်မင်ရင်းနှီးမှု တိုးတက် လာသည့်အခါ မာသာ စီဆီးလ်သည် ကွန်ဗင့်ကျောင်းဧည့်ခန်းထဲ၌ ကျွန်တော့်အား လက်ဖက်ရည် တိုက် သည်။ တစ်ရက်တွင် ကျွန်တော်သည် ဤဧည့်ခန်းထဲရှိ စားပွဲတစ်လုံး ပေါ်မှ ဓာတ်ပုံတစ်ပုံကို တခဏမျှ ငေးကြည့်နေမိသည်။

'အတော့်ကိုလှတဲ့ ရှုခင်းကလေးပါလား'ဟု ကျွန်တော် မရေရွတ်ဘဲ မနေနိုင်ပါ။

'ဟုတ်.....သိပ်ကိုလှတယ်' သူ့မျက်လုံးများသည် ဓာတ်ပုံထဲမှ ရဲထိုက်ကြီးဆီရောက်သွားသည်။ 'အဲဒါ အန်ရျောင်းရဲတိုက်ပေါ့'

'ကျွန်တော် ဒီနာမည်ကို ကြားဖူးတယ်၊ သမိုင်းဝင် အဆောက်အအုံ ကြီးတစ်ခုပဲ၊ ခင်ဗျား သိတယ် မဟုတ်လား'

'အို.....သိတာပေါ့'ဟု ဖြေသည်။ ချက်ချင်းပင် အကြောင်းအရာ ကို ပြောင်း၍ပြောသည်။ သို့သော်လည်း သူ့စကား လမ်းကြောင်း မပြောင်းခင် ကတည်းက အန်ရျောင်းရဲတိုက်သည် သူ့နေအိမ်ဖြစ်သည်ကို ကျွန်တော် ရိပ်မိ လိုပ်ပါသည်။

× × ×

www.burmeseclassic.com

www.burmeseclassic.com


နောက်နှစ်လခန့်အကြာ တစ်နေ့သော နံနက်တွင် လော့စ်ဆေးရုံမှ စာတစ်စောင် ကျွန်တော့်ထံ ရောက်လာသည်။ လီလီဟဲရစ္စအား ဆေးရုံမှ ဆင်းခွင့်ပြုလိုက်ပြီးဟူသော အကြောင်းကြားစာဖြစ်၏။ ကျွန်တော်မျှော်လင့်ထားသည့်အတိုင်း လီလီသည် ကလေးအသေမွေးသည်။ လီလီကိုယ်တိုင်ကတော့ ရောဂါစက်စင်သွားသည်။

ကျွန်တော်သည် စာကို မှတ်စုစာအုပ်ထဲ၌ ထည့်သိမ်းထားလိုက်သည်။ ထိုသီတင်းပတ်အကုန် ကျွန်တော် ကွန်ဗင့်ကျောင်းသို့ ရောက်သွားသည့်အခါ စာကို မာသာစီဆီလ်အား ပေးလိုက်ပါသည်။

'ဆေးရုံက စာ'ဟု ကျွန်တော်က ပြောပြသည်။

'ကျွန်တော့်ကို ကျေးဇူးတင်စကား ပြောပေတော့'

သူ့နှုတ်မှ ဘာစကားမှ မကြားရသဖြင့် ကျွန်တော်အံ့အားသင့်မိသည်။ အတန်ကြာမှ သူကပြုံးသည်။ ကရုဏာ အပြည့်အဝပါသော အပြုံးဖြစ်ပါသည်။ လူသားတို့၏အားနည်းချက်ကို နားလည်းခွင့်လွှတ်ခြင်းကို ဖော်ပြသည့် အပြုံးဟုလည်း ဆိုရမည်ထင်ပါသည်။

'ဒေါက်တာရယ်...လီလီ ဆေးရုံက ဆင်းဆင်းချင်း ဘာလုပ်တယ်ထင်သလဲ၊ ဆီဗင့်ဆီ ပြန်သွားတယ်။ အခု လမ်းပေါ် ပြန်ရောက်သွားပြန်ပြီ'

'ဟာ.....ဗျာ၊ မဟုတ်တာဘဲ၊ ဖြစ်မှဖြစ်ရပလေ'

'ကျွန်မတို့အဖို့တော့ တွေ့နေကြုံနေကျမို့ မဆန်းတော့ပါဘူး ဒေါက်တာရယ်'သူသည် ခေါင်းကို ငုံ့ထားသည်။ 'စိတ်ကို ပြုပြင်ဖို့ ကိစ္စဟာ မလွယ်လှပါဘူး'

'ဒီလူယုတ်မာကို သူဘယ်နည်းနဲ့မှ ချစ်တာတော့ မဖြစ်နိုင်ဘူး'

'မှန်ပါတယ် ဒေါက်တာ၊ မဖြစ်နိုင်ပါဘူး၊ သူဒီလူကို မုန်းတယ်လို့တောင် ကျွန်မပြောရဲပါတယ်၊ သူပြန်သွားတော့ ဟိုလူက ရက်ရက်စက်စက် ရိုက်တာပဲ၊ ခက်တယ် ဒေါက်တာ။ တစ်ချိန်တည်းမှာပဲ သူ့ကို ညှို့ယူဖမ်းစားထားတဲ့ဟာက ရှိနေတယ်။ သူ့အပေါ်မှာ လွှမ်းမိုးနေတဲ့သဘော၊ သြဇာကြီးနေတဲ့ သဘောပေါ့'

www.burmeseclassic.com

www.burmeseclassic.com


'ဒါဆိုရင် မာသာ ဘယ်လိုလုပ်မလဲ'

'ဆက်ပြီး ကြိုးစားရုံပေါ့၊ မျှော်လင့်ချက်ထားပြီး ဆုတောင်းပေးရုံပေါ့'

နောက်တစ်လကုန်ခါနီး တစ်ညနေခင်း ဆေးခန်းထဲ၌ လူနာများစဲသွားချိန်တွင် ဧည့်ခန်းကုလားထိုင် တစ်လုံးပေါ်၌ ညစ်ပတ် ပေရေနေသော ဦးထုပ်ဆောင်း၍ မိုးကာအင်္ကျီဝတ်ထားသော လူတစ်ယောက်ထိုင်နေသည်ကို မြင်ရသည်။

လီလီဟဲရစ္စဖြစ်သည်။ သူသည် ဆေးခန်းထဲဝင်လာပြီး ဘလောက်စ်အင်္ကျီကို ချွတ်ကာ ကျောမှဒဏ်ရာကြီးတစ်ခုကို ပြသည်။ အပူလောင်ထားသည့် ဒဏ်ရာဖြစ်၍ အဆီနှင့်ရဲရဲဖြစ်သည်။ ကျောလယ်မှ အောက်ပိုင်းအထိ ရှည်လျားလျားဖြစ်သည်။ ဆီများထည့်ကာ ဂွမ်းစများဖြင့် ကပ်ထားသည်ကို တွေ့ရသည်။

'ဒါ ဘယ်တုန်းကဖြစ်တာလဲ။ ကြည့်ရတာတော့ မနေ့ညက ဖြစ်တာနဲ့ တူတယ်၊ မင်းချက်ချင်းလာပြဖို့ ကောင်းတယ်'ဟု ကျွန်တော်က အပြစ်တင်သည်။

'ကျွန်မ ဘယ်လိုလုပ်ပြီး လာနိုင်မှာလဲ'

ကျွန်တော်က သူ့အနာအား ဆေးထည့်ပြီး ပတ်တီးစီးပေးသည်။

'ဒါဘယ်လိုဖြစ်တာလဲ'

'ကျွန်မဘာသာ ကျွန်မ ရေနွေးပူ လောင်မိတာ'

'အဓိပ္ပာယ် မရှိတဲ့စကားဘဲ။ မင့်ကျောကို မင့်ဘာသာမင်း ဘယ်လိုလုပ်ပြီး ရေနွေးပူလောင်မိမလဲ'

သူမဖြေပါ။ နှုတ်ခမ်းများကို တင်းကြပ်စွာ စေ့ပြီး ဦးခေါင်းကို ငုံ့၍ ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ မည်ကဲ့သို့ဖြစ်ပျက်ခဲ့သည်ကို ကျွန်တော် ခန့်မှန်းပြီး သိနေပါသည်။

'မင်း သူ့ကို ဘာပြုလို့ မခွာနိုင်တာလဲ လီလီ'

သူက ထုံပေပေမျက်နှာထားဖြင့် ခေါင်းခါသည်။ မျက်လုံးများက ကြောက်ရွံ့ထိတ်လန့်ခြင်းကို ဖော်ပြနေကြသည်။

www.burmeseclassic.com

www.burmeseclassic.com


'ခွာလို့မရဘူး၊ အလကားပဲ၊ သူ တစ်နည်းနည်းနဲ့ လိုက်လာပြီး ကျွန်မကို ဒုက္ခပေးမှာပဲ' သူသည်စကားကို ရုတ်တရက် ဆက်မပြောဘဲ ရပ်နေသည်။ အတန်ကြာမှ ထပ်ပြောသည်။ 'ကျွန်မဆေးရုံက ဆင်းအလာကို သူက အဆင်သင့်စောင့်နေတာ'

ပထမဆုံးအကြိမ် သူ့အတွက် ကျွန်တော် စိတ်မကောင်း ဖြစ်မိသည်။ မကြာခဏဆိုသလို ပြဇာတ်များ၊ ဝတ္ထုများထဲ၌ လမ်းပေါ်မှ အမျိုးသမီးများ၏ ကြေကွဲဖွယ်ရာ ဘဝများအကြောင်း ကျွန်တော် ဖတ်ခဲ့ရဖူးသည်။ လီလီ၏ဘဝသည် စိတ်ဝင်စားဖွယ် ကောင်းရုံမျှမက အလွန်စိတ်လှုပ်ရှားဖွယ်ကောင်းသည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်နေသည်။ သို့သော်လည်း လီလီသည်.....။

ကျွန်တော်သည် သူ့အား စိတ်ပင်ပန်းစွာဖြင့် ကြည့်နေမိသည်။

'အနာကို နောက်တစ်ခေါက်လာပြီး ဆေးထည့်ဦး'ဟု ကျွန်တော်က ပြောသည်။ 'ပြီးတော့...မင်း ဘာအကူအညီပဲလိုလို အချိန်မရွေးလာပြော'

သူ နောက်ထပ်ရောက်မလာပါ။ သို့သော်လည်း နောက်ဆယ်ရက်အကြာ နံနက် ၅နာရီထိုးခန့်တွင် သူငယ်လေးတစ်ယောက် ကျွန်တော့အိမ်သို့ အပြေးအလွှား ရောက်လာသည်။ သူရောက်လာသည့် အချိန်တွင် အမှောင်ထုပင် မပြယ်သေး။

'လီလီဟဲရစ္စက ခေါ်ခိုင်းလို့'ဟုပြောကာ ပြန်ပြေးသွားသည်။

မိနစ်နှစ်ဆယ်ခန့်အကြာတွင် ကျွန်တော်သည် နော့တင်းဟစ်လ်သို့ ရောက်သွားသည်။ လီလီ၏ အိမ်ခန်းထဲ၌ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ကျွန်တော် တစ်ကိုယ်လုံး အေးစက်သွားသည်။ အခန်း၏ ထောင့်တစ်ထောင့်၌ ကုပ်ကုပ်ရပ်ရပ် ထိုင်နေသူမှာ လီလီဟဲရစ္စ။ သူ့မျက်နှာသည် ဖြူရော်ရော်။ ယောကျ်ားတစ်ယောက်သည် ကြမ်းပြင်ပေါ်တွင် ခြေကားယားလက်ကားယားဖြင့် ခန့်သားလဲကျလျက်ရှိ၏။ လဲကျနေသူ၏ မျက်ခုံးများအလယ်တည့်တည့်ခန့်တွင် ညိုမည်းနေသောဒဏ်ရာကြီးတစ်ခု၊ နှာခေါင်းဝများ၌ကပ်နေသော သွေးစက်များသည် ခြောက်သွေ့နေကြသည်။ ယောကျ်ားမှာ ကိုယ်လုံးကိုယ်ထည် တုတ်ခိုင်ခိုင်နှင့် သန်မာထွားကြိုင်းသည်။ မျက်နှာတွင် မှည့်ပြောက်များရှိသည်။ နှုတ်ခမ်းများသည် ရှုံ့စောင်းနေကြသည်။ ပါးစပ်သည်

www.burmeseclassic.com

www.burmeseclassic.com


ဟောင်းလောင်းပွင့် လျက် ရှိ၏။ တစ်ချက်ကြည့်လိုက်ရုံမျှဖြင့် အသက်မရှိတော့ကြောင်း သိသာသည်။

ကျွန်တော်သည် အလောင်း၏ဘေးတွင် ဒူးထောက်၍ ထိုင်လိုက်သည်။ ဟ,နေသော ပါးစပ်မှ အရက်နံ့သည် ထောင်းထောင်းထလျက်ရှိသည်။ ကျွန်တော်သည် ဦးခေါင်းကိုစမ်းကြည့်သည်။ ဘာဒဏ်ရာမှမတွေ့။ သို့သော်လည်းနောက်စေ့နားတွင်မူ ချွန်ထက်သောအရာတစ်ခုဖြင့် ပြင်းထန်စွာအရိုက်ခံထားရသည့် ဒဏ်ရာကြီးတစ်ခုတွေ့သည်။ ကျွန်တော့်စိတ်သည် လျင်မြန်စွာ လှုပ်ရှားလျက်ရှိ၏။ ပထမ နဖူးကို အရိုက်ခံရခြင်းဖြစ်မည်။ ထိုအရှိန်ဖြင့် နောက်လန်အလဲတွင် နောက်မှ တိုင်ဖြင့် နောက်စေ့ ပြင်းထန်စွာ ရိုက်မိခြင်းဖြစ်သည်။

ကျွန်တော့် မျက်လုံးများသည် အခန်းထဲတွင် လှည့်ရှာသည်။ လီလီဘေးနား၌ ချထားသည့် မီးဆွသံချောင်းကြီး၊ ထိပ်တွင် ဘုကြီးနှင့်ဖြစ်သည်။ ကျွန်တော် လီလီထံ လျှောက်သွားသည်။

“မင်း ဘာပြုလို့ လုပ်လိုက်တာလဲ လီလီ”

ကျွန်တော့်မေးခွန်းကို သူကြားဟန်မတူပါ။ အထိနာထားသည့် တိရစ္ဆာန်တစ်ကောင်သဖွယ် ထောင့်ထဲတွင် ငြိမ်ကုပ်နေသည်။

ကျွန်တော်က သူ့ပခုံးပေါ်တင်၍ ထပ်မေးသည်။

နောက်ဆုံးတွင် သူသည် ပြူးကြောင်ကြောင် မျက်လုံးများဖြင့် ကျွန်တော့်အား မော့ကြည့်ပြီး မေးခွန်းကို ဖြေသည်။

‘ကျွန်မ သူ့ဆီ ထွက်သွားဖို့ ကြိုးစားတယ်။ သူက တားတယ်’

စကားလုံးများများ မပါသော်လည်း အဖြစ်အပျက်ကို ခြုံငုံ၍ နားလည်းနိုင်ပါသည်။

ထို့နောက် တိတ်ဆိတ်ခြင်းက မင်းမူလျက်ရှိသည်.

ကျွန်တော်သည် မီးဆွသံချောင်းကြီးကို ကောက်ယူကာ ပတ်တီးစတစ်စဖြင့် ထိပ်ပိုင်းတစ်ပိုင်းကို ဂရုစိုက် သုတ်ပစ်လိုက်ပြီး မီးဖိုပေါ် ပြန်တင်ထားလိုက်သည်။ ထို့နောက် လီလီဘက်လှည့်၍ ကျွန်တော်ပြောနေသည့်

www.burmeseclassic.com

www.burmeseclassic.com


စကားကို သူနားလည်သဘောပေါက်သွားစေရန် ဖြည်းဖြည်းချင်း ပြောပြပါသည်။

'ကွန်ဗင့်ကျောင်းက မာစီဆီးလ်ဆီကိုသွား၊ အခုချက်ချင်းသွား၊ ဘာစကားမှ မပြောနဲ့၊ လုံး၀ ဘာမှမပြောနဲ့၊ မင်းလုပ်ရမှာ အဲဒါပဲ၊ ငါပြောတာကြားလား'

သူထွက်သွားသောအခါ ကျွန်တော်သည် အနီးဆုံး တယ်လီဖုန်းရုံးသို့သွားကာ ကင်ဒင်းဟစ်လ်ရဲစခန်းမှ မီးပွိုင့်တာ၀န်ကျ ရဲတပ်ကြပ်ကြီး ဘလဲယားကို ခေါ်သည်။ သူရောက်လာသည့်အခါတွင် ကျွန်တော်သည် အလောင်းဘေး ၌ထိုင်ကာ သေသူ၏ နှလုံးကို စမ်းသပ် စစ်ဆေးနေဆဲ...

'ခင်ဗျား နောက်ကျသွားပြီ ဆာဂျင်ဘလဲယား'ဟု ကျွန်တော်က ပြောသည်။ 'ခင်ဗျားဝင်လာတုန်းမှာပဲ အသက်ပျောက်သွားရှာတယ်'

'ဘာဖြစ်တာလဲ ဒေါက်တာ'ဟု ဘလဲယားက မေးသည်။

'လေဖြတ်တာပေါ့'ဟု ကျွန်တော်က အခိုင်အမာ ပြောသည်။ 'အရက် မူးပြီး ပြန်လာတယ်၊ ရုတ်တရက် လေဖြတ်လိုက်တော့ မှောက်လျက်လဲကျတယ်၊ ကျွန်တော်တွေ့တာ အဲဒီအတိုင်းပဲ၊ သူ့ပါးစပ်က 'ကျုပ်လဲကျသွားတယ်၊ ကျုပ်လဲကျသွားတယ်'လို့ တတွတ်တွတ်ပြောရင်း အသက်ထွက်သွားတာပဲ၊ သနားစရာတော့ ကောင်းသား'

'အင်း...သနားစရာပါပဲ'

ဘလဲယားက မလိုတမာအသံဖြင့် ရေရွတ်သည်။

'ဒီကောင် ဘယ်သူဆိုတာ ဒေါက်တာ သိသလား၊ ချပ်ဆီဗင်းဆိုတာ ဒီကောင်ပေါ့၊ မြို့ထဲက အဆိုးတကာ့ အဆိုးဆုံးဆိုတဲ့ အုပ်စုဝင်တစ်ယောက်ပဲ၊ ဒီကောင်ကွဲသွားတာ ကျွန်တော် ဝမ်းမနည်းပါဘူး၊ ကျွန်တော် အမြဲပြောခဲ့ဖူး တယ်၊ ဒီကောင်သေရင် ကောင်းကောင်းသေမှာ မဟုတ်ဘူးလို့....အခုကြည့် ပါလား၊ မူးရူးပြီးသေရတာပဲ'

ကျွန်တော် ထိုင်နေရာမှ ထရပ်လိုက်သည်။

'ကျွန်တော် သေစာရင်း သက်သေခံလက်မှတ် ကနေ့ည ထုတ်ပေး

www.burmeseclassic.com

www.burmeseclassic.com


မယ်၊ ခြောက်နာရီလောက် လာယူ၊ ထပ်ပြီး စစ်ဆေးနေစရာမလိုတော့ပါဘူး၊ ကျွန်တော် ကျေနပ်လောက်အောင် စစ်ဆေးပြီးသားပါ'

ထိုနေ့ညနေခင်းတွင် ကျွန်တော်သည် သေစာရင်း သက်သေခံ လက်မှတ်ကို ဆေးခန်းထဲမှာ ပင်ရေးသည်။ သေဆုံးရသည့်အကြောင်းဟူသော ကွက်လပ်တွင် 'ဦးနှောက်ကြောပြတ်ခြင်း'ဟု စိတ်သန့်စွာဖြင့်ပင် ရေးချလိုက်ပါသည်။ ရေးနေရင်းကလည်း တွေးမိနေသည်။ 'ငါဒီလက်မှတ်ကို လိမ်ညာပြီး ရေးပေးနေတာပဲ၊ ရာဇဝတ်မှုတစ်ခုကို ဖျောက်ပစ်တဲ့ ကိစ္စပါလား၊ သက်ဆိုင်ရာ ကသိသွားရင် ငါ့ရဲ့ ဆရာဝန်မှတ်ပုံတင်အသိမ်းခံရမယ်။ ထောင်ကျမယ်' ကျွန်တော်သည် ပုံစံပေါ်၌ ဖြည့်ထားသည့် စာလုံးများကို မင်ပြန့်မသွားအောင် မင်နှိပ်ဖြင့်ဖိလိုက်သည်။ ထို့နောက် ဘလဲယားလက်သို့ ပေး လိုက်ပါသည်။

'မပြန်ခင် တစ်ခုခုလေး သောက်သွားပါဦးလား'

'သောက်တာပေါ့ ဒေါက်တာ'

ကျွန်တော်တို့နှစ်ယောက် စကော့ဝီစကီးတစ်ခွက်စီ သောက်ကြသည်။ ရဲကြပ်ကြီးသည် သူ့နှုတ်ခမ်းမွေး၌ ပေနေသည်။ အရက်များကို လက်ခုံဖြင့်သုတ်ကာ ဦးထုပ်ကို ကောက်ဆောင်းလေသည်။

'စကားမစပ် ပြောရဦးမယ် ဒေါက်တာ' တံခါးဝ အရောက် ဘလဲယားက စကားစသည်။ စခန်းမှာ ကျွန်တော်တို့ ပြောမိကြတယ်၊ ဒီကိစ္စဖြစ်တုန်းက ဒေါက်တာရောက်သွားတာ တော်တော် ကံကောင်းတာပဲလို့၊ ဒေါက်တာ ဘယ်လိုလုပ်ပြီး ရောက်သွားတယ်ဆိုတာကတော့ ကျွန်တော်တို့ မသိဘူးပေါ့လေ' ရုတ်တရက် သူ့မျက်နှာထား ပြောင်းသွားသည်။

'စခန်းမှူးက ဒေါက်တာကို ပြောလိုက်ပါလို့မှာတယ်၊ ဒီအမှုကို ထပ်ပြီး စုံစမ်းစစ်ဆေးဖို့ မထင်တော့ပါဘူးတဲ့။ မင်္ဂလာညပါ ဒေါက်တာ'

ထိုနှစ် နွေရာသီတွင် လီလီဟဲရစ္စသည် အခြားမိန်းကလေးအတော် များများနှင့်အတူ ကနေဒါနိုင်ငံသို့ ထွက်ခွာသွားသည်။ ကနေဒါတွင် အိမ်စေ လုပ်ရန် ဖြစ်ပါသည်။ မာသာစီဆီးလ်ပြောခဲ့သော စကားများကို မမေ့သေး

www.burmeseclassic.com

www.burmeseclassic.com


သော ကျွန်တော်သည် လီလီဟဲ့ရစ္စအပေါ် မျှော်လင့်ချက် ကြီးကြီးမားမား မထားရဲပါ။ သို့သော်လည်း ကျွန်တော်မှားပြန်ပါသည်။ သူထွက်သွားပြီးနောက် ဆယ့်ရှစ်လအကြာတွင် လီလီဟဲ့ရစ္စထံမှ နိုင်ယာဂါရား ရေတံခွန် ဆေးရောင်စုံ ပို့စကဒ်ပုံ တစ်ပုံရောက်လာသည်။ သူသည် လယ်သမားတစ်ယောက်နှင့် အိမ် ထောင်ကျကာ ဆပ်စကာချီဝင် ပြည်နယ်ဂျုံခင်းများပေါ်၌ အခြေစိုက်နေပြီဟု ရေးထားသည်။

ကျွန်တော်က မာသာစီဆီးလ်အား ပို့စကဒ်ပုံကို ပြသောအခါ သူက အလွန်တည်ငြိမ်အေးဆေးသော မျက်နှာထားဖြင့် ကျွန်တော့အား ကြည့်သည်။

'တွေ့ပြီမဟုတ်လား ဒေါက်တာ၊ ရှင်ဟာ ဘုရားသခင်ရဲ့ စစ်မှန်တဲ့ ဝန်ထမ်းကောင်းတစ်ယောက်ပါ'

သူ့စကားကို ကျွန်တော် ဤသို့ တုံ့ပြန်ပါသည်။

'ကျွန်တော်ကလဲ မျှော်လင့်နေတုန်းပါပဲ၊ ခင်ဗျားရဲ့ ဘုရားသခင်က ကျွန်တော့်ကို ဆေးကုခပေးဖို့တော့ မေ့မယ်မထင်ပါဘူး'

× × ×

[ ၂၃ ]

အချိန်တွေ ကုန်လာသည်နှင့်အမျှ ကျွန်တော်သည် ကွန့်ဗင့်ကျောင်း အပေါ် ပို၍ နားလည်လာသည်။ ကျွန်တော့်အနေဖြင့် ဤနေရာ ဤဌာနလေး ၏ သာယာငြိမ်းချမ်းမှုကို ပေါ်လွင်အောင် ဖော်ပြနိုင်စွမ်းရှိမည် မထင်ပါ။ ဤ ကျောင်းသည် တိတ်ဆိတ်ငြိမ်သက်သည်။ သန့်ရှင်းသပ်ရပ်သည်။ စည်းစနစ် ရှိသည်။ ကျောင်း၏ ရှေ့မျက်နှာစာ ပန်းခြံကို သံပုရာပင်နှစ်ပင်က အုပ်မိုး ကာ အရိပ်အာဝါသ ပေးထားသည်။ အမြဲတစေ ဆူညံ့ လှုပ်ရှားနေသော မြို့တော်ကြီး၏အလယ်မှ အလွန်တိတ်ဆိတ်အေးချမ်းနေသော နေရာလေးတစ်ခု ဖြစ်ပါသည်။

ဝင်းဝတံခါးမှ အတွင်းသို့ဝင်မိသည်နှင့် တပြိုင်နက် စိတ်ထဲ၌ အေးချမ်း ငြိမ်ဆိတ်မှုကို ခံစားရသည်။ ဝတ်ကျောင်း အဆောက်အအုံမှာ ကြီးကြီး

www.burmeseclassic.com

www.burmeseclassic.com


မားမား မဟုတ်သော်လည်း ထူးခြားသော အလှကို လှစ်ပြနေသည့်နှယ် ရှိသည်။ အတွင်းက သစ်သားနံရံများကို ဆေးမသုတ်ထား ခရစ်တော်အား လက်ဝါးကပ်တိုင်၌ ကပ်၍ ကားစင်တင်ထားသည့် ကျောက်သားရုပ်တုတော်သည် စင်မြင့်ပေါ်၌ ခံ့ထည်တည်ငြိမ်စွာ တည်ရှိနေသည်။ စင်မြင့်ရှေ့တွင် ထွန်းထားသည့် ဖယောင်းတိုင်များ ဆီမှ မီးရောင်များသည် ရှေ့တည့်တည့်ရှိ ကြေးတံခါးချပ်များနှင့် ဘေးတစ်ဘက်တစ်ချက်ရှိ ပန်းများထက်သို့ ဖြာကျနေ ကြသည်။ ပြီးတော့ စင်ရှေ့၌ ဒူးထောက်၍ ထိုင်နေကြသည့် သီလရှင်လေး နှစ်ယောက်၏ အရိပ်။

ထိုမြင်ကွင်းကိုကြည့်ကာ ကျွန်တော့နှလုံးသားသည် နောင်တတရားတည်းဟူသော အပူငွေ့ဟပ်ခြင်းကို ခံရသည်။ ရည်မှန်းချက်ကင်းမဲ့သလိုဖြစ်နေသော ကျွန်တော့ဘဝ ရပ်တည်မှုကို သတိပြုမိလာသည်။ ပုံမှန်ရနေသော ငါးဂီနိက မဖြည့်စွမ်းနိုင်သည့် ဟာကွက်ကိုလည်း မြင်လာသည်။ ကျွန်တော် လိမ်မာပါးနပ်စွာ ရှောင်တိမ်းနေသည့် အရေးကြီးသော ပြဿနာများနှင့် အတွင်းစိတ်၏စေ့ဆော် တိုက်တွန်းမှုများကိုလည်း နားလည် သဘောပေါက်လာသည်။ ယင်းကဲ့သို့ နောင်တတရားဝင်နေချိန်တွင် မိမိကိုယ်ကို မိမိ မကျေနပ်မှုသည် တိုးတက်ကြီးထွားလာသည်။ ထိုအခါ မိမိကိုယ်ကို မိမိ ပြုပြင်မည်ဟူသော ဆုံးဖြတ်ချက်ကို ချသည်။ ယင်းဆုံးဖြတ်ချက်များ တစ်ချိန်သောအခါက ပြင်ပလောကမှ သာယာပျော်ရွှင်မှုများနောက်သို့ တကောက်ကောက်လိုက်ရင်း ကိုယ့်စီပွားရေးဖြစ်သော ဆေးကုလုပ်ငန်းကို မနားမနေ လုပ်ရင်းနှင့် လက်တွေ့ အကောင်အတည်ဖော်ရန် မေ့မေ့သွားခဲ့ သည့် ဆုံးဖြတ်ချက် တစ်ခုပေတည်း။

ကျွန်တော့်တွင် သန့်ရှင်းဖြူစင်သောစိတ် မရှိသော်ငြားလည်း သီလရှင် ကလေးများနှင့်ကား တရင်းတနှီး ခင်မင်လာသည်။ သူတို့ကလည်း ကျွန်တော့် အား လကဆောင်မွန် တစ်ခုပေးသည်။ အခြားမဟုတ်။ ဘုရားသခင်အား မှန်မှန်ဝတ်ပြုရန်ပေတည်း။ သီလရှင်ကလေးများမှာ လူမျိုးစုံဖြစ်သည်။ အားလုံး ထဲတွင် မာသာစီဆီးလ်သည် ကျွန်တော့်နှလုံးသားကို အဆွဲဆောင်နိုင်ဆုံးသော လူတစ်ယောက်ဖြစ်သော်လည်း အသက်အရွယ် အလယ်အလတ်

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်သည့် စစ္စတာ ဂျို့စ်မင်းလို၊ ဘယ်လ်ဂျီယံလူမျိုး စစ္စတာ မာရီအီပင်နူရယ်လို လူများ မှာလည်း ကျွန်တော် ခင်မင်တွယ်တာသည့် ပုဂ္ဂိုလ်များဖြစ်သည်။ ကျွန်တော့် အနေဖြင့် ငယ်ရွယ်နုနယ်သေးသော စစ္စတာ ဘရစ်ဂက်လို သီလရှင် ကလေးကို ချန်လှပ်မထားသင့်ဟု ထင်ပါသည်။ ဘရစ်ဂက်မှာ အိုင်ယာလန် နိုင်ငံ လင်မားရစ်မြို့ဖြစ်သည်။ စွဲကပ်နေသော အဆုတ်ရောဂါကြောင့် အလွန်သနားစရာ ကောင်းသည့် သီလရှင်ကလေး ဖြစ်သည်။ သူ၏ မျက်လုံး ပြာပြာအစုံသည် စွဲကပ်နေသောရောဂါကြောင့် မကြာခင် သေလိမ့်မည်ဟု ထုတ်ဖော်ပြောပြနေသည့်နှယ် ရှိသည်။

သူတို့လူစုထဲမှ အီတလီအမျိုးသမီး ကက်တားရီးနားသည်လည်း သူ့ကို ခင်မင်လာအောင် စွဲဆောင်နိုင်သည့် စစ္စတာတစ်ယောက်ပင်ဖြစ်၏။ ဆံပင်ကနက်နက်၊ အသားဝါဝါ၊ အသိဉာဏ်ရှိသော မျက်လုံးအစုံနှင့်ဖြစ်သည်။ သူသည် စိတ်ကူးယဉ်တတ်သည့် အတွေးသမား တစ်ဦးဖြစ်သည်။ ဆယ့်ငါး ရာစုအတွင်းက အီတလီနိုင်ငံ၏ အနုပညာနှင့် စာပေအကြောင်း စေ့စေ့စပ်စပ် တီးခေါက်မိသူဖြစ်၏။ ဤခေတ်အကြောင်းပြောလျှင် သူသည် စွယ်စုံကျမ်း ကြီးတစ်စောင်နှင့် တူသည်ဟုပင် နှိုင်းယှဉ် တင်စားနိုင်လောက်သည်။ အခါ အခွင့် သင့်၍ ဤခေတ်အကြောင်းပြောပြသည့်အခါများတွင် သူသည် ဒဲလား စကားလားမင်းဆက် မည်ကဲ့သို့ ဖြစ်ပေါ် တိုးတက်လာသည်ကိုလည်းကောင်း၊ ရေဗင်းနားဘုရင်က ကပ်ဒူးယားအား မည့်ကဲ့သို့ တိုက်ခိုက်အနိုင်ယူ ခဲ့သည် ကိုလည်းကောင်း၊ လူဆီယာက ဖလောရင့်အား မည်ကဲ့သို့ တိုက်ခိုက်အနိုင် ယူခဲ့သည်ကိုလည်းကောင်း စေ့စပ်သေချာစွာ ပြောပြတတ်သည်။

ထို့နောက် ရီနေဆန်းခေတ်က ပန်းချီဆရာများအကြောင်း၊ ပင်ထူ ရစ်ချီယိုမှ စ၍ ဖရာအင်ဂျီလီကိုဖရာ၊ ဘာတီလိုမီအိုအထိ ပြောပြသည်။ ပြီးတော့ စစ္စတင်း ဝတ်ကျောင်း၏ မျက်နှာကြက် ပန်းချီများအတွက် ခုနှစ်နှစ် ကြာမျှ ပက်လက်လှဲ၍ ရေးဆွဲနေခဲ့ရသော ပန်းချီပန်းပုဆရာကြီး မိုက်ကယ် အန်ဂျလိုအကြောင်း။ ထို့နောက် မိန်းမဆိုးတစ်ယောက် ဖြားယောင်းသွေး ဆောင်မှုကြောင့် ဒုက္ခရောက်ခဲ့ရရှာသော ရာဖေးအကြောင်း။

www.burmeseclassic.com

www.burmeseclassic.com


ထိုခေတ်က ပန်းပုဆရာနှင့် ဗိသုကာ အကျော်အမော်များအကြောင်းကိုလည်း သူနှံ့နှံ့စပ်စပ်သိသည်။ ကေဗယ်ကင်တီ၊ လာပိုဂျီအန်နီနှင့်ဒန်တီလို ကဗျာဆရာကြီးအကြောင်းကျတော့လည်း သူတို့၏ကဗျာများမှအစ ရွတ်ပြနိုင်သည်။ သူသည် သူတို့အားလုံးလုပ်ခဲ့သမျှ အကောင်းများ၊ အဆိုးများနှင့်ထူးဆန်းအံ့သြဖွယ်ရာများကိုပင် ပြောပြနိုင်သည်။ ထို့ပြင်လည်း သူသည် အလယ်ခေတ်က ဒဏ္ဍာရီပုံပြင် အများအပြားကိုလည်း မှတ်မိနေသူဖြစ်သည်။ သူကျွန်တော့အား ပြောပြခဲ့သည့် ပုံပြင်များထဲမှ ကျွန်တော့်စိတ်တွင် စွဲထင်ကျန်ရစ်ခဲ့သည့် ပုံပြင်တစ်ပုဒ်ရှိသည်။ ထိုပုံပြင်ကို ကျွန်တော် တဆင့်ဖောက်သည်ချလိုပါသည်။

လွန်ခဲ့သော နှစ်ပေါင်းနှစ်ရာကျော်ခန့်က အီတလီနိုင်ငံတောင်ပိုင်း အလွန်ချောင်ကျသော တောပိုင်းဒေသတစ်ခုတွင် တစ်ယောက်နှင့် တစ်ယောက် ခွဲမရအောင် ချစ်ခင်ရင်းနှီးကြသည့် သူငယ်ချင်းနှစ်ယောက်ရှိခဲ့ကြသည်။ ဤနှစ်ယောက်တွင် မာရီယိုသည် လိမ်မာပါးနပ်သည်။ သူ့ကိုယ်သူ အလွန်ယုံကြည် စိတ်ချသည်။ ချမ်းသာကြွယ်ဝသော မြေပိုင်ရှင် တစ်ယောက်၏ သားဖြစ်သည်။ သူသည် ခေါင်းဆောင်နေရာ၌ ရှိသည်။ သူ၏သစ္စာရှိသော နောက်လိုက်မှာ အန်ဆယ်မိုဖြစ်၍ သူ့ဖခင်မှာ ကျေးရွာဖိနပ်ချုပ်သမား ဖြစ်သည်။

သူငယ်နှစ်ယောက်သည် တောင်ပိုင်းတလျှောက် လျှောက်လည်ကြသည့်အခါများတွင် မာရီယိုသည် အနာဂတ်ရေးကို ဆွေးနွေးပြောဆိုလေ့ရှိ သည်။ သူ၏ ဘာသာတရားကိုင်းရှိုင်းသော မိဘများက သူ့အား ဘုရားရှိခိုး ကျောင်းအတွက် အလုပ်လုပ်သည့် တရားဟောဆရာ တစ်ယောက်ဖြစ်စေချင် ကြသည်။ သူကိုယ်တိုင်ကလည်း မိဘဆန္ဒကို သဘောကျသည်။ အထူးသဖြင့် အလွန်နာမည်ကြီးသည့် ဓမ္မဆရာတစ်ဦး ဖြစ်လိုသောဆန္ဒပြင်းပြ သည်။ တစ် နေ့တွင် သူငယ်ချင်းနှစ်ယောက်သည် တောင်နံရံတစ်ခုရှိ သစ်ပင် ရိပ်များ အောက်၌ လဲလျောင်းကာ စကားပြောနေကြသည်။

'ငါတော့ကွာ အဟောအပြောကောင်းတဲ့ ပုဂ္ဂိုလ်တစ်ယောက် သိပ်ဖြစ်ချင်တာပဲ' ဟု မာရီယိုက တောင့်တောင့်တတပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


ဆန်ဆယ်မိုက သူ့သူငယ်ချင်း၏ မျက်နှာကို အလွန်ချစ်ခင်လေးစားသည့် မျက်လုံးများဖြင့် ကြည့်သည်။

'အဲဒီဆုကို မင်းရအောင် ငါနေ့စဉ် ဘုရားသခင်ကို ရှိခိုးပြီး ဆုတောင်းပေးပါ့မယ်၊ မာရီယိုရာ'

တကယ်တော့ အန်ဆယ်မိုသည် ဘာသာတရားကို ရိုသေကိုင်းရှိုင်းသူ မဟုတ်၊ သူ့လိုလူစားက ဤစကားမျိုးပြောသည့်အခါ မာရီယိုက ဟက်ဟက် ပက်ပက် ရယ်သည်။ သို့သော်လည်း သူ့အပေါ်၌ ထားရှိသည့် သူ့ သူငယ်ချင်း၏ စေတနာကို နားလည်လိုက်သော မာရီယိုက အန်ဆယ်မို၏ ပခုံးကို တယုတယ ဖက်ထားလိုက်သည်။

'ကျေးဇူးတင်ပါတယ်ကွာ၊ ဒါပေမယ့် ဆုတောင်းနေချိန်မှာ ငါကလဲ ဟောပြောမှု အတတ်ပညာကို စနစ်တကျတော့ သင်ဦးမှ ဖြစ်မယ်ကွ'

ဤသို့ဖြင့် မကြာခင်မှာပင် မာရီယိုသည် ဘုန်းတော်ကြီးကျောင်းသို့ ရောက်သွားသည်။ ရွာတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သော အန်ဆယ်မိုသည် သူငယ်ချင်းနှင့် ခွဲနေရသဖြင့် မနေတတ် မထိုင်တတ် ဖြစ်နေသည်။ လအနည်းငယ်မျှအကြာတွင် သူငယ်ချင်းနှင့်ခွဲခွာနေရခြင်းကို သည်းမခံနိုင်တော့သည့် အန်ဆယ်မိုသည် သူငယ်ချင်းရှိရာ ဘုန်းကြီးကျောင်းသို့ လိုက်သွားပြီး ဖိုးသူတော်ဝတ်သည်။ ဖိုးသူတော်ဖြစ်သည့်အားလျော်စွာ သူသည် ကျောင်းရှိ နိမ့်ကျသော ဝေယျာဝစ္စအလုပ်ဟူသမျှကို လုပ်ရသည်။ တစ်ဦးနှင့်တစ်ဦး တာဝန်ချင်းက မတူသဖြင့် နီးစပ်မှုမရှိ၊ မာရီယိုနှင့် ခေါင်မိုးတစ်ခေါင်မိုးတည်း အောက်၌ အလုပ်လုပ်နေချိန်၊ တိရစ္ဆာန်များကျောင်း နေချိန်နှင့်ဆွမ်းစားကျောင်းကြမ်းပြင်ကို ဆေးကြောပွတ်တိုက်နေချိန်များတွင် သူ့သူငယ်ချင်း မာရီယိုအား မျက်လုံးအကြည့်ဖြင့်သာ စကားပြောခွင့်ရသည်။

နှစ်စေ့သွားသည့်အခါ မာရီယို ရဟန်းခံသည်။ ရဟန်းဘဝဖြင့် ပထမဆုံးအကြိမ်တရားဟောပြောရတော့မည်ဖြစ်၏။ အီစတာဆန်းဒေးဟု ခေါ်သော ပွဲတော်အကြို ညပိုင်းတွင် မာရီယိုသည် စကြံပေါင်းကူးများ၏ မှောင်ရိပ်မှ သူ့အား စောင့်နေသော သူငယ်ချင်း အန်ဆယ်မိုနှင့်ဆုံမိသည်။

www.burmeseclassic.com

www.burmeseclassic.com


'သူငယ်ချင်း၊ မာရီယို ကံကောင်းပါစေ၊ တပည့်တော်လဲ တရားပွဲကိုလာမှာပါ။ ဦးပဥ္စင်းအတွက် တပည့်တော် ဆုတောင်းနေပါ့မယ်'

နောက်တစ်နေ့ နံနက်တွင် မာရီယိုသည် တရားဟောစင်ထက်သို့ တက်လာခဲ့သည်။ သူ ပထမဆုံး မြင်လိုက်ရသူမှာ သူ့မျက်စိရှေ့တည့်တည့် တိုင်တစ်တိုင်အနီး၌ ကပ်၍ရပ်နေသော သူငယ်ချင်း အန်ဆယ်မို ဖြစ်၏။ အန်ဆယ်မိုသည် အလွန်စိတ်အားထက်သန်သော မျက်လုံးများဖြင့် သူ့အား ကြည့်နေသည်ကို တွေ့ရလေသည်။

အန်ဆယ်မို၏ တလေးတစား ရှိလွန်လှသော အကြည့်ကြောင့် အားတက်လာသော မာရီယိုသည် သူ့တရားကို စိတ်ပါလက်ပါဖြင့် စ,ဟောသည်။ နာကြားနေသူများ၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်စွမ်းအရှိဆုံးသော တရားဖြစ်၏။ ဟောပြောပုံသည် ရှင်းလင်းပြတ်သားသည်။ စကားလုံးများကို ကြွယ်ဝစွာ သုံးသွားသည်။ အားနှင့်မာန်နှင့်အပြည့်ဖြစ်သဖြင့် နာသူတို့၏စိတ်ကို တက်ကြွလှုပ်ရှားစေသည်။ သူငယ်ချင်းမာရီယို၏ အောင်မြင်မှုကို ကြည့်ကာအန်ဆယ်မို၏ မျက်လုံးများတွင် မျက်ရည်များဖြင့် ပြည့်လာသည်။

ထိုအချိန်မှစ၍ မာရီယိုသည် တရားဟောကောင်းသည့် ဓမ္မကထိကအဖြစ် ဖြည်းဖြည်းချင်း နာမည်ကြီးလာသည်။ နယ်မြေအတွင်းရှိ အခြားသောဘုရားရှိခိုးကျောင်းများမှ ပင့်ဖိတ်ခြင်းများကို မကြာခဏခံယူရရှိသည်။ ကျောင်းထိုင်ဆရာတော်ကလည်း သူ့အား နယ်မြေအတွင်း၌ လှည့်လည်တရားဟောခွင့် ကိုပြုသည်။ မာရီယို မေတ္တာရပ်ခံမှုအရ သူတရားဟောထွက်တိုင်း အန်ဆယ်အား သူ့အဖော်အဖြစ် ခေါ်သွားခွင့်ကိုလည်း ဆရာတော်က ပေးထားသည်။

နှစ်ပေါင်းများစွာ ကုန်လွန်သွားသည့် သူငယ်ချင်းနှစ်ယောက်သည် အီတလီနိုင်ငံတွင်ရှိ နေရာအနှံ့သို့သွား၍ တရားဟောသည်။ ဖာသာမာရီယို၏ ဂုဏ်သတင်းကျော်ကြားမှုကြောင့် နောက်ဆုံးတွင် ဘုရင်မင်းမြတ်၏ မင်းဆရာတော် အဖြစ်ရွေးချယ်ခြင်းခံရသည်။ ထို့နောက် ဂိုဏ်အုပ်ဆရာတော်ကြီးအဖြစ် ရွေးချယ်ချီမြှောက်ခြင်းခံရသည်။ ဘုရင်ကိုးကွယ်သည့် ဂိုဏ်းအုပ်ဘဝသို့ရောက်သော အခါ ဆရာတော်မာရီယိုသည် မှူးကြီးမတ်ကြီးများကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com


ထယ်ဝါခမ်းနားစွာ စည်းစိမ်ခံ၍ နေလာခဲ့၏။ ခန္ဓာကိုယ်က ဝဝဖိုင့်ဖိုင့်နှင့် ခံညားလာသည်။ သူ့အသွင်အပြင်လက္ခဏာသည် ကျက်သရေရှိလှပါဘိခြင်း။

သို့သော်လည်း သူ့နောက်လိုက်အဖြစ် အမှုထမ်းနေရသော အန်ဆယ်မိုကတော့ တစ်နေ့တစ်ခြား ပိန်ချုံးလာသည်။ မာရီယို၏ ဝေယျာဝစ္စဟူသမျှကို လျှော်ရ ဖွတ်ရ၊ ခေါက်ရ သိမ်းရ၊ သူ့ဖိနပ်များကို တိုက်ရ ချွတ်ရနှင့် နားရသည် မရှိ။ အတ္တအစွဲ ကင်းမဲ့စွာဖြင့် ကျသမျှ တာဝန်များကို ထမ်းဆောင်လျက်ရှိသည်။

တစ်နေ့သော တနင်္ဂနွေတွင် ဂိုဏ်ချုပ်ဆရာတော်ကြီး မာရီယိုသည် ထုံးစံအတိုင်တရားဟောလျက်ရှိသည်။ ထိုအခိုက်တွင် သူ့ပတ်ဝန်းကျင်၌ မြင်နေတွေ့ကျ အရာတစ်ခု ပျောက်ဆုံးနေသည်ကို သတိထားမိသည်။ အခြားမဟုတ်။ သူမြင်နေကျ နေရာ၌ သူ့နောက်လိုက် အန်ဆယ်မို မရှိခြင်းပေတည်း။ ရုတ်တ ရက် အံ့အားသင့်သွားသော ဂိုဏ်အုပ်ကြီးတရားဟောခြင်းကို တစ်ခဏမျှ ရပ်တန့်ကာ မျက်စိရှာမိသည်။ တရားပွဲပြီးဆုံးသည့်အခါ ချက်ချင်းပင် အန်ဆယ်မိုအား သူ့ရှေ့မှောက်သို့ အမြန်ဆုံးခေါ်ခဲ့ရန် ညွှန်ကြားသည်။

တစ်ခဏမျှ ငြိမ်ဆိတ်သွားသည်။ ထို့နောက် ဘုန်းကြီးအို တစ်ပါးက လျှောက်သည်။ 'လွန်ခဲ့တဲ့ ၁၅ မိနစ်လောက်ကပဲ အန်ဆယ်မို အနိစ္စရောက်သွားပါပြီ'

ထိတ်လန့်တုန်လှုပ်သည့် အရိပ်လက္ခဏာများသည် ဂိုဏ်းအုပ်ကြီး၏ မျက်နှာတွင် ထင်ဟပ်လာသည်။

'ကုလို့မရနိုင်တော့တဲ့ ရောဂါတစ်မျိုး စွဲကပ်ခံစားနေရတာ လပေါင်းများစွာ ကြာခဲ့ပါပြီ။ အရှင်ဘုရားသိရင် စိတ်ဆင်းရဲမှာ စိုးလို့ မပြောဖို့ တားထားခဲ့ပါတယ်'

ကြေကွဲဝမ်းနည်းခြင်းတည်းဟူသော လှိုင်းလုံးကြီးများ အရိုက်အပုတ်ကို မာရီယို ခံရသည်။ စိတ်ထိခိုက် ဝမ်းနည်းခြင်းထက် ပို၍ ပြင်းထန်သော ခံစားမှုတစ်ခုသည်လည်း သူ့ရင်ထဲ၌ ဖြစ်ပေါ်လာသည်။ အခြားမဟုတ်။

www.burmeseclassic.com

www.burmeseclassic.com


'သူပိုင်ပစ္စည်းတစ်ခု ဆုံးရှုံးသွားပြီ'ဟု နာလည်လိုက်သည့် အသိတစ်ခုအပေါ် အခြေခံသော ထူးဆန်းသည့် ခံစားချက်ဖြစ်သည်။

'ငါ့ကို သူ့ဆီ ပို့ပေးကြစမ်း'

တပည့်များက သူ့အား မြင်းဇောင်းများ၏နောက်ဘက်ရှိ ကျဉ်းကျဉ်း ကျပ်ကျပ် တဲကလေးဆီသို့ ပို့ပေးကြသည်။ ကောက်ရိုးများခင်းထားသည့် သစ်သားခုတင်ပေါ်တွင်မူ ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ခင်မင်ရင်းနှီးလာခဲ့သော သူ့ သူငယ်ချင်းအလောင်းတွင် ပတ်ထားသည့် အဝတ်တွေမှာ အပေါက်အပြဲတွေ ဗရပွနှင့်ဖြစ်၏။

ဂိုဏ်းအုပ်ကြီးသည် တစ်ခုတစ်ခုကို အလေးအနက်ပြု၍ ဆင်ခြင်စဉ်း စားနေသည့်နှယ်ရှိသည်။ သူသည် ဘုန်းကြီးအိုဘက်လှည့်၍ မေးသည်။

'သူ နေသွားတာ ဒီတဲထဲမှာပဲလား'

'ဟုတ်ပါတယ် ဘုရား'

'သူမသေခင် ဘာတွေလုပ်ကိုင်သွားသေးသလဲ'

ဘုန်းကြီးအိုက အံ့အားသင့်သွားဟန်ဖြင့် ဂိုဏ်းအုပ်ကြီးအား လှမ်းကြည့် သည်။ 'အရှင်ဘုရားရဲ့ ဝေယျာဝစ္စတွေ လုပ်သွားပါတယ် ဘုရား'

'တစ်ခြား ဘာလုပ်သွားသေးလဲ'

'သူ့မှာ အားချိန် နည်းနည်းပဲရှိပါတယ်၊ ဒါပေမယ့် နေ့တိုင်း ပန်းခြံထဲ ထွက်ပြီး ငှက်တွေကို အစာကျွေးပါတယ်။ နန်းတော်မြို့တံခါးဝမှာ ကလေး တွေနဲ့ မကြာခဏ စကားပြောပါတယ်၊ နန်းတော် စားဖိုဆောင်ကို ပို့ပေးပြီး မွေးစားထားခဲ့တဲ့ သူတောင်းစားကလေးငယ်တွေ အတော်များများ ကျန်ခဲ့ပါ တယ်၊ နောက်ပြီးတော့ သူ ဘုရားရှိခိုးပြီး ဆုတောင်းပါတယ်'

'ဘုရားရှိခိုးပြီး ဆုတောင်းတယ်'ဟု ဂိုဏ်းအုပ်ကြီးက သံယောင်လိုက် ၍ရေရွတ်သည်။ ဤစကားသည် သူ့အတွက် အထူးအဆန်းဖြစ်နေဟန်ရှိသည်။

'မှန်ပါတယ်ဘုရား၊ ဖိုးသူတော်တစ်ယောက်အနေနဲ့ ဘုရားရှိခိုးတာ ကြာလွန်းလို့ ပြောစရာတောင်ဖြစ်နေပါတယ်၊ ဘာပြုလို့ ဒီလောက်ရှိခိုးရ တာလဲလို့ မေးတော့ သူက ပြုံးပြီး တိုးတိုးကလေးပြောတယ်၊ မွန်မြတ် တဲ့ရည်မှန်း ချက်တစ်ခုအတွက်ပါ'တဲ့။

www.burmeseclassic.com

www.burmeseclassic.com


ဂိုဏ်းချုပ်ကြီး၏ မျက်နှာထားသည် တစ်မျိုးဖြစ်လျက်ရှိသည်။ အကဲခတ်ရခက်သော မျက်နှာထားမျိုးဖြစ်၏။ သူ့နှလုံးသား ဓားနှင့်အထိုးခံလိုက်ရသည့်နှယ် ခံစားနေရသည်။ သူသည် အန်ဆယ်မို၏တန်ဖိုးများကို နားမလည်ခဲ့။ သူငယ်ချင်းအပေါ် ဆက်ဆံခဲ့သည့် သူ့အပြုအမူများမှာလည်း မောက်မာခဲ့မိ၏။ သူသည် စိတ်ထဲမှကြိတ်၍ သူ့ကိုယ်သူ အပြစ်တင်နေမိသည်။ သို့သော်လည်း ဤကိစ္စကိုအကြောင်းပြုပြီး ပူဆွေးသောကရောက်နေ၍ မဖြစ် သေး။ ရောမမြို့ရှိ စိန့်ပီတာ ဘုရားရှိခိုးကျောင်းသို့သွားကာ ဂိုဏ်းချုပ်ကြီးများ ရှေ့မှောက်၌ တရားဟောစရာ ရှိနေသေးသည် မဟုတ်ပါလား ...။

နောက်တစ်နေ့တွင် သူသည် ရောမမြို့သို့ ရောက်သည်။ တရားဟောစင်မြင့်ပေါ်သို့ တက်ခဲ့သည်။ ပရိသတ်ကတော့ ပြည့်နေလေပြီ။ ဤအခွင့် အရေးကိုရဖို့ သူမျှော်လင့်နေခဲ့သည်မှာ ကြာပြီ။ သူ့ဘဝ တစ်သက်တာတွင် ဤအခိုက်အတန့်သည် သေရေးရှင်ရေးတမျှ အရေးကြီးသော အချိန်အပိုင်း အခြားတစ်ခုဖြစ်ချေသည်။ သို့သော်လည်း ငြိမ်တိတ်နေသော ပရိသတ်အား တရားဟောသည့်အခါ သူ့နှုတ်ဖျားမှ အနှစ်သာရမရှိသည့် စကားလုံးများသာ ထွက်လာသည်။ ပရိသတ်သည် မမျှော်လင့်သောအဖြစ်ကြောင့် အံ့ဩတွေဝေ နေကြသည်။ ဂိုဏ်းအုပ်ကြီးသည် သူ့နဖူးတွင် ချွေးသီးချွေးပေါက်ကြီးများ စို့လာသည်ကို သတိထားမိသည်။ စိတ်ရှုပ်ထွေးနောက်ကျစွာနှင့်ပင် မာရီယို သည် တရားဟောစင်ထက်မှ ဆင်းလာသည်။ ရှက်လွန်းသဖြင့် တစ်ကိုယ်လုံး ပူထူလျက်ရှိ၏။ သူသည် စိန့်ပီတာ ဘုရားရှိခိုးကျောင်းထဲမှ ဦးခေါင်းလျှိုး၍ ထွက်လာခဲ့ရ လေသည်။

သူ့မာနကို များစွာ ထိခိုက်ခဲ့ရလေပြီ။ သူ့ကိုယ်သူ ဒေါပွ၍မဆုံး။ နောက်တစ်ကြိမ် ဟောပြောပွဲကျလျှင် သတိကြီးစွာ ထားမှဖြစ်တော့မည်။ သူသည် အီတလီနိုင်ငံတွင် အဟောအပြော အကောင်းဆုံးသော ဂိုဏ်းအုပ်ကြီးဟု နာမည်ကြီးနေသည် မဟုတ်ပါလား။ ဤပုဂ္ဂိုလ်မျိုးက သူကျော်ကြားရခြင်းသည် သာမညဖိုးသူတော် တစ်ယောက်ကြောင့်ဟုတွေးလျက် ရူးမိုက်ရာကျချည်တော့မည်။ သို့သော်လည်း နောက်တစ်ကြိမ် ဟောရပြန်သည့်အခါ သူ့စကားလုံးများသည် အသက်မရှိသလို ဖြစ်ရပြန်သည်။ နောက်ပွဲများတွင်

www.burmeseclassic.com

www.burmeseclassic.com


လည်း ဤအဖြစ်မျိုးနှင့်ပင် ရင်ဆိုင်ရပြန်၏။ နောက်ဆုံးတွင် အဆိုးဆုံးအခြေအနေသို့ ဆိုက်ရောက်သွားခဲ့ရာ တစ်ရက်တွင် ဂိုဏ်းအုပ်ကြီး မာရီယိုသည် ကိုယ်ရောစိတ်ပါကျဆင်းပြီး ပြိုလဲတော့မည့်အခြေအနေသို့ ဆိုက်ရောက်ခဲ့သည်။ ဤတွင် ဘေးလူများက သူ့အားစင်ပေါ်မှတွဲချပေးကြရသည်။ သူ့အားတွဲလာသူများသည် သူ့ပါးစပ်မှ အမှတ်တမဲ့ရေရွတ်နေသည့် စကားတစ်ခွန်းကို ကြားကြရသည်။

'ဒါဟာ အမှန်ပဲ၊ သူက မနှစ်ရှိတဲ့ ဒြပ်ဝတ္ထု၊ ငါက ဘာမှမရှိ တဲ့ အခွံ'

ဆရာဝန်ကြီးများက ဂိုဏ်းအုပ်ကြီးအား အလုပ်အဆမတန် လုပ်ခဲ့သဖြင့် ပင်ပန်းနေပြီဖြစ်ကြောင်း၊ ကျန်းမာရေးပြန်လည်ကောင်းမွန်လာရန်အတွက် နားနားနေနေ နေထိုင်ဖို့ လိုအပ်ကြောင်း ပြောပြသည်။ အပန်းဖြေခရီးထွက်ရန်လည်း အကြံပေးကြသည်။ ဂိုဏ်းအုပ်ကြီးကမူ ထိုအကြံပြုချက်ကို လက်မခံ။ သူ ရဟန်းပြုခဲ့သည့် ဘုန်းတော်ကြီးကျောင်းသို့သွားသည်။ ထိုကျောင်းသည် သူ့ထံသို့ သူ့သူငယ်ချင်း အန်ဆယ်မို ပထမဆုံးရောက်လာပြီး သူ့အား အလုပ်အကျွေးပြုခဲ့သည့်နေရာ ဖြစ်ရုံမျှမက အန်ဆယ်မို၏အလောင်း မြေမြုပ်ရာနေရာလည်း ဖြစ်သည် မဟုတ်ပါလား။

ဘုန်းတော်ကြီးကျောင်းတွင် မာရီယိုသည် မည်သူနှင့်မှ မရောဘဲ တစ်ယောက်တည်းနေသည်။ အချိန်ရှိသမျှ ပန်းခြံထဲ၌ လမ်းလျှောက်နေတတ်သည်။ နေ့စဉ်နေ့စဉ် သံလွင်ပင်များအောက်မှ မြေပုံဆီသို့ မှန်မှန်သွားသည်။ သူ့တွင် အကြီးအကျယ် ပြောင်းလဲမှုကြီးတစ်ရပ် ဖြစ်ပေါ်နေလေပြီ။ စည်းစိမ်ခံလိုခြင်းနှင့် မာန်မာနကြီးခြင်းတို့သည် သူ့ထံ၌မရှိတော့ပေ။ သူ့အပြုအမူ အပြောအဆိုနှင့် အနေအထိုင်များသည် နိမ့်ချသည့်သဘော ဆောင်လျက်ရှိသည်။ တစ်နေ့သော မွန်းလွဲပိုင်းတွင် အန်ဆယ်မို၏ မြေပုံဘေး၌ ဒူးထောက်၍ထိုင်နေသော မာရီယိုထံသို့ မမျှော်လင့်ဘဲ ဂိုဏ်းချုပ်ကြီးရောက်လာသည်။ မာရီယို ထလာသောအခါ ဂိုဏ်းချုပ်ကြီးက သူ့လက်တစ်ဘက်ကို မာရီယို၏ ပခုံးပေါ် လှမ်းတင်သည်။

'ငါ့သား ...အဟောအပြော ပြန်ကောင်းလာဖို့ ဆုတောင်းနေသလား' ဟု ပြုံး၍မေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'မဟုတ်ပါဘူး ဖဟသာ' မာရီယိုက လေးနက်တည်ငြိမ်စွာဖြင့် အဖြေပေးသည်။ 'တပည့်တော် အဲဒီဟာထက်ပိုပြီး ကြီးမားတဲ့ဆုမြတ်ကို တောင်းနေပါတယ်' ထို့နောက် တိုးတိုးသာသာ အသံဖြင့် ဆက်ပြောသည်။

'နှိမ့်ချစွာ နေတတ်ခြင်းဆိုတဲ့ ဆုပါ'

* * * * *

(၂၄)

အကယ်၍ ကျွန်တော့်အနေဖြင့် သီလရှင်ကျောင်းအား အကျင့်သီလကောင်းခြင်းကို အားပေးရာ သာယာအေးမြသည့် အိုအေစစ်ကလေးတစ်ခုဟု သတ်မှတ်ခဲ့ပါမူ ဤကျောင်း၏ ပတ်ဝန်းကျင်ရှိ ပြင်ပကမ္ဘာလောကသည် ကိုယ့်ကျင့်တရားပျက်ပြားဆိုးသွမ်းခြင်းတည်းဟူသော အလွန်ပူပြင်းခြောက်သွေ့ နေသည့် သဲကန္တာရကြီးတစ်ခုဟုယူဆရလိမ့်မည်ဖြစ်ပါသည်။ လန်ဒန်လိုမြို့တော်ကြီးအတွင်း၌အလုပ်တာဝန်များပြားသော ဆရာဝန်တစ်ဦးသည် ဘဝ၏ ဆိုး ယုတ်သောအပိုင်းများနှင့်လည်း ရင်ဆိုင်ရတတ်ပါသည်။ လူတို့၏ သဘာဝ အရ ဖြစ်ပေါ်လာသော အားနည်းချက်များ၊ မိုက်မဲမှုများ၊ အတ္တအားကြီးမှုများနှင့် ယုတ်ညံ့သိမ်ဖျင်းမှုများကို စိတ်ကုန်စရာကောင်းလောက် အောင်ကြုံရ တတ်ပါသည်။ တံခါးများအလုံပိတ်ထားသည့် ကျွန်တော်၏ ဆေးခန်းထဲတွင်မူ ရောက်လာသမျှ လူနာများသည် မျက်နှာဖုံးများကို ခွာချထားကြသည်ဖြစ်ရာ ရှိရင်းစွဲ သဘာဝအတိုင်း မြင်ရသည်က များပါသည်။ မြင်ကွင်းများသည် အများအားဖြင့် မလှမပနိုင်လွန်းလှသည်ကို ကျွန်တော် တွေ့ရပါသည်။

ထိုခေတ်ထိုအခါက အသိပညာ ဗဟုသုတနည်းပါးခြင်းနှင့် ပြည်သူလူထု၏ ကြိုးပမ်းအားထုတ်မှုနှင့်ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းစသည်တို့ကြောင့် လူမှုရေး အခြေအနေ ကစင့်ကလျားဖြစ်မှုများနှင့် ယိုယွင်းပျက်ပြားမှုများသည် မြို့တော်အတွင်း၌ ကြောက်မက်ဖွယ်ကောင်းလောက်အောင် တိုးတက်များပြားလာလျက်ရှိသည်။ အသက်အာမခံကုမ္ပဏီကြီးတစ်ခုမှ

www.burmeseclassic.com

www.burmeseclassic.com


ကောက် ယူရရှိခဲ့သည့် စာရင်းဇယားများအရ ၁၉၂၅ ခုနှစ်တွင် ကာလသား ရောဂါ၊ ဆစ်ဖလစ်ပိုးကြောင့် အာရုံကြောများ ပျက်ပြားသည့် ရောဂါနှင့် ဆစ်ဖလစ် ပိုးကြောင့် ရူးသွပ်သွားသည့် ရောဂါများသည် အမြင့်ဆုံးဖြစ်နေ သည်ကို တွေ့ ခဲ့ရပါသည်။

ဤအကြောင်းအရာကို ပြောပြနေခြင်းသည် ထိုခေတ်က လူတို့၏ ကိုယ်ကျင့်တရားဆိုင်ရာ အကျင့်စာရိတ္တ ပျက်ပြားမှုများကို ဆန်းစစ်ပြလို၍ မဟုတ်ပါ။ ဤရောဂါများစွဲကပ်ပြီး အရှက်သိက္ခာကင်းမဲ့စွာဖြင့် ကျွန်တော့် ဆေးခန်းသို့ လာရောက်ကုသခံနေကြသည့် လူနာများ၏ သမိုင်းကြောင်းများ ကို မှတ်တမ်းတင်လို၍လည်း မဟုတ်ပါ။ သို့သော်လည်း အစမှ အဆုံး အထိ အခြားသော ဖြစ်ရပ်များနှင့် အလွန်ခြားနားသော ကြေကွဲဖွယ်ရာအဖြစ် တစ်ခု ကိုမူ ကျွန်တော် မှတ်တမ်းမတင်ဘဲ မနေနိုင်ပါ။

ဇွန်လအတွင်း ရာသီဥတုနွေးနွေးထွေးထွေးရှိလှသည့် နေ့တစ်နေ့၏ မွန်းလွဲပိုင်းတွင်ဖြစ်သည်။ ဆေးခန်းတွင် လူနာပါးချိန်ဖြစ်၍။ ကျွန်တော်သည် ဆေးခန်းထဲ၌ ထိုင်ကာ ဝင်ဘယ်ဒမ်၌ ကျင်းပမည့် တင်းနစ်ဗိုလ်လုပွဲသို့ သွားသင့်မသွားသင့် စဉ်းစားချိန်ဆလျက်ရှိသည်။ ဤအခိုက်မှာပင် တံခါးဝမှ ခေါင်းလောင်းသံ ကြားလိုက်ရပြီး လူရွယ်အမျိုးသားနှင့် အမျိုးသမီး စုံတွဲ ဆေးခန်းထဲဝင်လာသည်ကို တွေ့ရသည်။ နှစ်ယောက်သား တရင်းတနှီး လက်ချောင်းတွဲ၍ ရယ်ချင်စိတ်ကို မျိုသိပ်ထားရသည့် မျက်နှာထားဖြင့် ဝင်လာ နေသော မြင်ကွင်းသည် နှစ်လိုဖွယ်ရာကောင်းလှ၏။ ကျွန်တော့်အကြည့်သည် ရှာရှာပေါက်ပေါက် မိန်းကလေး၏ ဘယ်ဘက်လက်သူကြွယ်၌ ဝတ်ထား သည့် စေ့စပ်လက်စွပ်ကိုပင် သတိထားလိုက်မိပါသည်။

လန်ဒန်မြို့တော်၌ နေထိုင်ကြသူများသည် တစ်လမ်းတည်း တစ်ရပ် ကွက်တည်း အတူတူနေကြသူချင်းပင်လျှင် တစ်ဦး တစ်ဦးကို သိကျွမ်းဖို့ မလွယ်ပါ။ သို့သော်လည်း ယခုဝင်လာသည့် မိန်းကလေးကိုမူ ကျွန်တော် မှတ်မိနေသည်။ ကျွန်တော့်ဆေးခန်းနှင့် အိမ်အနည်းငယ်မျှသာ ခြားသည့် အိမ်တစ်အိမ်၌နေသော အင်ဒါဆင်မိသားစုမှဖြစ်သည်ကို မြင်မြင်ချင်း မှတ်မိ လိုက်သည်။ မိန်းမချောလေးတစ်ဦးဖြစ်၏။ အရပ်က မနိမ့်မမြင့်၊ မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com


များက ပြာပြာ၊ ဟန်ဆောင်မှုကင်းသော အပြောအဆိုနှင့် အပြုအမူသည် ဆွဲဆောင်မှု အပြည့်ရှိသည်။ သူ့အသက်သည် ဆယ့်ကိုးနှစ်ထက် ကျော်ဦးမည်မထင်။

သူ့ဖော်သည် အသက်နှစ်ဆယ့် သုံးနှစ်ခန့်ရှိမည်ဟု ခန့်မှန်းရ၏။ ကိုယ်ခန္ဓာပိန်ပိန်ပါးပါးနှင့် နုနယ်သိမ်မွေ့မည့် လက္ခဏာရှိ၏။ သို့သော်လည်း ဖျတ်လတ်သွက်လက်မည့်ပုံကတော့ပေါ်သည်။ သူက သူ့ကိုယ်သူ ဟယ်ရီ ချာဗက်ဖြစ်ပါသည်ဟု မိတ်ဆက်သည်။

'ဒေါက်တာဆီလာပြောတဲ့ကိစ္စက ရယ်စရာတော့ အကောင်းသား၊ ဒါပေမယ့် လူစီက ကျွန်တော့် ဇွတ်ခိုင်းနေလို့လာရတာ'သူက သူ့ဇနီးလောင်းအား ကြည့်၍ပြုံးသည်။ 'သူက အခုကတည်းက ကျွန်တော့်ကို အမိန့်ပေးနေပြီ ဒေါက်တာ'

'မင်းတို့က မကြာခင် လက်ထပ်ကြတော့မှာလား'

'ဟုတ်ပါတယ် ဒေါက်တာ၊ တစ်လအတွင်း လက်ထပ်ကြတော့မှာပါ'

'သူက အလုပ်လုပ်တာ သိပ်နောက်ကျတယ်' ဟု လူစီက ဝင်ပြောသည်။ 'ဒီနေ့ နေ့ခင်းပိုင်းက စိတ်ပူစရာ တစ် ခု သူဖြစ်ခဲ့တယ် ဒေါက်တာ'

'အို ... ကွာ၊ ဘာမှမဟုတ်တဲ့ကိစ္စပါ' ဟု ချားဗက်က ပြန်ပြောသည်။ 'ဒီလိုပါ ဒေါက်တာ၊ ကျွန်တော်တို့ ပန်းခြံထဲမှာ လမ်းလျှောက်နေတုန်း ရုတ်တရက် မူးနောက်နောက်ဖြစ်သွားတာပါ။ နေပူလွန်းလို့ ဖြစ်တယ်ထင်တာပဲ။ ဒါမှမဟုတ်လဲ နေ့လယ်စာစားတာ သိပ်များသွားလို့ ဖြစ်ချင်ဖြစ်မှာ။ အရင်ကလဲ အခုလို ဖြစ်ခဲ့ဖူးပါတယ်။

'ဒါဆိုရင်လဲလာ၊ စစ်ဆေးကြည့်ကြတာပေါ့။ အပန်းကြီးတဲ့ အလုပ်မှ မဟုတ်တာ၊ အားနည်းနေလို့ ဖြစ်ချင်ဖြစ်မယ်။ အားဆေးလေး ဘာလေး သောက်ဖို့လိုချင်လဲလိုပေမပေါ့။ ဒီကိစ္စလေးကြောင့် ရန်ဖြစ်မနေကြပါနဲ့'

ကျွန်တော်က မစ္စအင်ဒါဆင်အား ဧည့်ခန်းထဲမှ ထိုင်စောင့်ရန် ပြောသည်။ သို့သော်လည်း သူက သူငယ်ချင်း ဧည့်သည်များ လက်ဖက်ရည် သောက်လာကြလိမ့်မည်ဖြစ်၍ အိမ်ပြန်နှင့်မှ ဖြစ်မည်ဟု ပြောသည်။ လက်

www.burmeseclassic.com

www.burmeseclassic.com


ဖက်ဝိုင်းတွင် ဟယ်ရီချာဗက်ပါရှိစေချင်သဖြင့် မကြာပါစေနှင့်ဟုလည်း မှာသည်။

မစ္စအင်ဒါဆင် ထွက်သွားသောအခါ ကျွန်တော်သည် ဆေးခန်းစားပွဲတွင် တင်ပါးလွှဲထိုင်၍ ဟယ်ရီချားဗက်နှင့် မျက်နှာချင်းဆိုင်လိုက်ပါသည်။

'ကဲ ... မင်း ဘယ်လိုဖြစ်တာလဲ ပြောပါဦး'ဟု တရင်းတနှီးမေးသည်။

'ကျွန်တော် စောစောကပြောသလိုပဲ' ဟု သူက ရယ်မောပြီး ဖြေသည်။ 'ခေါင်းထဲက မူးတာပါ၊ ကျွန်တော့်ခေါင်းထဲက မူးနောက်နောက်ဖြစ်လာတော့ ထိုင်ချလိုက်ရပါတယ်။ အပူရှိန်ပြင်းလွန်းလို့ ဖြစ်တာနေမှာပါ'

ကျွန်တော်က ခေါင်းညိတ်လိုက်ပါသည်။

'အေးပေါ့လေ ...။ သေချာသွားအောင် စစ်ကြည့်လိုက်ကြတာပေါ့၊ မင်းအဲဒီအလယ်တည့်တည့်မှာ ရပ်နေ၊ အဲ ... ဟုတ်ပြီ၊ လက်နှစ်ဖက်ကို မင့်ဘေးမှာချ၊ ကပ်ထား၊ အေး ... ဟုတ်တယ်၊ ခြေထောက်ကို စေ့ထား၊ ခေါင်းကိုမတ်လိုက်'

ကျွန်တော်ခိုင်းသည့် ပုံစံအတိုင်းရပ်သွားပြီးသည့်အခါ ကျွန်တော်က 'ကဲ ... မင်းမျက်လုံးတွေကို မှိတ်ထားလိုက်' ဟု ခိုင်းသည်။

အခန်းအလယ်၌ တည့်တည့်မတ်မတ်ရပ်နေသော ဟယ်ရီချားမတ်သည် တစ်ခဏအတွင်းမှာပင် ယိမ်းယိုင်လှုပ်ရှားလာသည်။ လေထဲ၌ လှုပ်နေသည့် ကျူပြင်တစ်ပင်နှင့်တူသည်။ အရက်မူးသမားတစ်ယောက်ပင်လျှင် ထိန်းသိမ်းနိုင်မည့် လှုပ်ရှားခြင်းမျိုးဖြစ်သော်လည်း သူ့ပုံပန်းက မှောက်လျက်လဲကျတော့မည်ကဲ့သို့ဖြစ်နေသည်။ သူသည် မျက်လုံးအစုံကို ဖျတ်ခနဲ ပြန်ဖွင့်လိုက်ကာ ဘေးတစ်ဘက်မှ နံရံကို လက်ဖြင့် ဖမ်းကိုင်ထားလိုက်၏။

'ဟုတ်တယ် ... ဒေါက်တာ၊ ကျွန်တော်ဖြစ်တာ ဒီအတိုင်းပဲ' ဟု ရေရွတ်သည်။

သို့သော်လည်း ကျွန်တော်သည် အဖြေချက်ချင်း မပေးနိုင်သေးပါ။ ကျွန်တော်သည် 'ရွမ်းဘတ်စမ်းသပ်နည်း' ကို အပေါ်ယံ သိသာရုံမျှ စမ်း

www.burmeseclassic.com

www.burmeseclassic.com


သပ်ကြည့်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်အနေဖြင့် 'မဟုတ်' ဟူသော အဖြေ ရလိမ့်မည်ဟု မျှော်လင့်ထားခဲ့သည်။ သို့သော်လည်း ရလာသည့် အဖြေ 'ဟုတ်သည်' ဟု ဆိုနေ၏။

ကျွန်တော် သူ့ထံလျှောက်သွားပြီး လက်ကိုဆွဲ၍ ပြတင်းပေါက်ဆီသို့ ခေါ်ခဲ့သည်။ အပြင်မှာ အလင်းရောင်ဖြင့် သူ့မျက်လုံးများကို တစ်လုံးချင်းစီဖြဲ၍ စေ့စေ့စပ်စပ်ကြည့်သည်။

'ကဲ ... လာ၊ ဟောဒီကုလားထိုင်မှာ ခဏထိုင်၊ ခြေထောက်နှစ် ကို ခပ်ကွေးကွေးထား၊ အဲ ... ဟုတ်ပြီ'

ကျွန်တော်သည် ရာဘာအုပ်ထားသည့် တူကလေးဖြင့် သူ့ဒူးခေါင်းများကို တစ်ချက်ချင်းစီ ခပ်ဆတ်ဆတ် ရိုက်ကြည့်သည်။ သူ့ဒူးခေါင်းသည် ဆတ်ခနဲခါသွားခြင်းမျိုး မရှိ။

'ဒါတွေ လုပ်နေတာ ဘာဖြစ်လို့လဲ ဒေါက်တာ' ဟု သူက မေးသည်။

ပထမတော့ ကျွန်တော်က အဖြေမပေး။ အခန်းထဲတွင် တစ်ခဏမျှ ခေါက်တုံ့ခေါက်ပြန် လမ်းသလားကာ စဉ်းစားချိန်ဆနေသည်။ ထို့နောက် အလေးအနက်ထားနေသော လေသံဖြင့် သူ့အားပြန်ပြောသည်။

'ငါ မင်းကို သေသေချာချာ စစ်ဆေးကြည့်ဖို့ လိုအပ်လာတယ် ဟယ်ရီ'

သူသည် ကျွန်တော့်အား အံ့သြသွားသည့် မျက်နှာထားဖြင့် ငေးကြည့်နေသည်။ သို့သော်လည်း သူသည် ကျွန်တော်ခိုင်းသည့်အတိုင်း လိုက်နာကာ အဝတ်များကိုချွတ်သည်။ ကျွန်တော် သူ့ကို သေချာ စေ့စပ်စွာ စစ်ဆေးပါသည်။ ကျွန်တော် စစ်ဆေးပုံစေ့စပ်တိကျလွန်းသဖြင့် သူသည် ထိတ်လန့်ခြင်း၊ အံ့သြခြင်းဖြစ်နေသည်။

ကျွန်တော်သည် သူ့လက်များကို စစ်ဆေးသည်။ တုံ့ပြန်မှုကိုသာမက အကြောများ၏ လှုပ်ရှားမှု အခြေအနေကိုပါ ကြည့်ခြင်း၊ ထို့နောက် မျက်စိစစ်မှန်ဘီလူးဖြင့် မျက်လုံးများကို ထပ်မံစစ်ဆေးသည်။ နောက်ဆုံးတွင် သူ့အား အသံထွက်ရခက်သည့် စကားလုံးများကို ပြောခိုင်းသည်။ စကားနားထောင်

www.burmeseclassic.com

www.burmeseclassic.com


ကြည့်သည်။ အားလုံးပြီးစီးသွားသည့်အခါ သက်ပြင်းတစ်ချက်ချမိသည်။ ကျွန်တော့်လည်ချောင်းသည် တစ်ဆို့ဆို့ဖြစ်လျက်ရှိပါသည်။

ကျွန်တော်သည် ကုလားထိုင်၌ထိုင်ကာ စားပွဲပေါ်မှ ဆေးညွှန်းရေးသည့် မှတ်စုစာအုပ်ကလေးကို ငေးကြည့်နေမိသည်။ ဤပုံစံအတိုင်း အချိန်အတော်ကြာမျှ ထိုင်နေမိ၏။ ထို့နောက် သူ့အား မော့ကြည့်လိုက်သည်။

'မင်းက တစ်ဦးတည်းသားလား'

'ဟုတ်ပါတယ် ဒေါက်တာ၊ ကျွန်တော့်မှာ အစ်ကို နှစ်ယောက်ရှိခဲ့ပါတယ်။ ကျွန်တော့်လိုပဲ နိုင်ငံရပ်ခြားမှာ မွေးတာပါ။ နှစ်ယောက်လုံး ငယ်ငယ်ကတည်းက သေသွားကြပါတယ်'

'မင်းအဖေရှိသေးလား'

သူက ခေါင်းခါသည်။

'မင်း အမေကော'

သူ့မျက်နှာသည် နီရဲသွားသည်။

'ကျွန်တော် မသိဘူး ဒေါက်တာ' သူသည် ဆက်မပြောသေးဘဲ ရပ်နေသည်။ 'ကျွန်တော့် မိဘတွေရဲ့ အိမ်ထောင်ရေးက မသာယာဘူး၊ အဖေက သူ့စီးပွားရေးလုပ်ငန်းမှာပဲ စိတ်ဝင်စားတယ် တောင်အမေရိကမှာ သူပိုင်မွေးမြူရေးခြံကြီးရှိတယ်။ တစ်ခါတလေ ကျွန်တော်တို့ မိသားစု အဲဒီမှာ နေကြတယ်။ ဒါပေမယ့် အဖေက မကြာခဏ ခရီးသွားတယ်။ သူက ပျော်ပျော်နေတတ်တဲ့စိတ်ရှိတယ်။ မြို့ကြီးပြကြီးတွေမှာ အချိန်ဖြုန်းနေတဲ့ဘဝကို သိပ်တွယ်တာတယ်။ ပါရီတို့ ရိုင်ယိုတို့လို မြို့ကြီးတွေပေါ့။ ဒါအတွက် အဖေ့ကို ကျွန်တော် အပြစ်မတင်ပါဘူး ဒေါက်တာ။ အဖေက လူချောတစ်ယောက်ခင်ဗျ။ ဆွဲဆောင်မှုကလဲရှိတယ်။ ပွင့်ပွင့်လင်းလင်း ပြောရမယ်ဆိုရင်တော့ အဖေတို့ အိမ်ထောင်က အမေ မသေခင်ကတည်းက ပျက်သွားတာပါ။ သားအမိနှစ်ယောက် အင်္ဂလန်ကို ပြန်ခဲ့ကြတယ်။ အဲဒီကတည်းက ကျွန်တော် ဒီမှာ နေလာတာပါ'

နောက်တစ်ကြိမ် ငြိမ်ဆိတ်နေပြန်သည်။ ကျွန်တော် ချားဇက်၏ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။ လူတစ်ယောက်၏ ရင့်ကျက်

www.burmeseclassic.com

www.burmeseclassic.com


သော မျက်နှာကို မြင်ယောင်မိ၏။ သားနှစ်ယောက်နှင့် မယားကို သေစေခဲ့သော မျက်နှာ။ ယနေ့ကဲ့သို့ သာယာကြည်လင်သော နေ့တစ်နေ့၏ သာယာပျော်ရွှင်မှုများကို ပျက်စီးသွားအောင် ကြောက်စရာကောင်းသည့် နေ့တစ်နေ့အဖြစ်သို့ ပြောင်းလဲသွားအောင် ပြုလုပ်ခဲ့သောမျက်နှာ။

'ဒီမယ် ….ဒေါက်တာ၊ ကျွန်တော့်အမေ အကြောင်းတွေ မေးနေတာ ကျွန်တော်နဲ့ဘယ်လို ဆက်စပ်နေလို့လဲ'

'အများကြီး ဆက်စပ်မှုရှိနေတဲ့အတွက် ငါ စိုးရိမ်မိတယ် …စိုးရိမ်မိတယ်'

ကျွန်တော်သည် ထိုင်ရာမှ မထနိုင်သေး။ မကြာခင် ပြုလုပ်ရန်စီစဉ်ထားသည့် ဤလူငယ်၏ မင်္ဂလာလက်ထပ်ပွဲကို သတိရလေ၊ ပြောရခက်လေဖြစ်နေသည်။ ဘာပြောရပါမည်နည်း။ ဘယ်လို ပြောရပါမည်နည်း။ ကျွန်တော့်လုပ်ငန်းတစ်လျှောက်လုံးတွင် ပထမဆုံးအကြိမ် အမှန်အတိုင်းပြောရန် မဖြစ်နိုင်သည့် အခြေအနေနှင့် ရင်ဆိုင်ရခြင်းဖြစ်၏။ မည်သို့ပင်ဖြစ်စေ၊ ချားဗက်ကတော့ ဤကိစ္စကို မသိ၍မဖြစ်။ သူ့အတွက် တခြားထွက်ပေါက်က လုံးဝမရှိ။

'အခုကိစ္စက မင်းထင်တာထက်ပိုပြီး ဆိုးနေတယ်။ အားနည်းတယ်လို့ ဆိုရုံလောက်နဲ့ မလုံလောက်ဘူး။ မင်းနားမလည်နိုင်လောက်အောင် ရှည်လျားတဲ့ စကားလုံးတွေသုံးပြီး ပြောမနေချင်တော့ဘူး။ တို့အနေနဲ့ အထူးကုဆရာဝန်ကြီးတစ်ယောက်ရဲ့ ထင်မြင်ယူဆချက်ကိုပဲ ရယူသင့်တယ်လို့ ငါထင်တယ်'

'အထူးကုဆရာဝန်ကြီးတစ်ယောက်ဟုတ်လား' ဟု ချားဗက်က ရေရွတ်သည်။ 'ဒီလောက်ကြီးတော့လဲ ဟုတ်မယ်မထင်ပါဘူး။ ကျွန်တော့်မှာ အချိန်လဲ မရှိဘူး။ ကျွန်တော်က အလုပ်သိပ်များတဲ့လူ၊ ဒီပွန်ကို သွားပြီး ကျွန်တော်တို့ရဲ့ မင်္ဂလာဦး ပျားရည်ဆမ်းခရီးအတွက် ငှားထားတဲ့အိမ်ကို ကြည့်ရဦးမယ်၊ ဒေါက်တာကို ပြောခဲ့ပြီးပြီပဲ၊ ကျွန်တော် ရှေ့လထဲမှာ လက်ထပ်မှာ'

အခန်းထဲတွင် ငြိမ်ဆိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


'မင်းလက်ထပ်ပွဲကို ရွှေ့ဆိုင်းဖို့ဆိုရင်ရော မင်းမစဉ်းစားနိုင်ဘူးလား'

'ရွှေ့ဆိုင်းဖို့ ... ဟာ မဖြစ်နိုင်တာပဲ။ အားလုံး စီစဉ်ထားပြီးနေပြီ။ ဒေါက်တာ ကြည့်နေပုံကြီးက တစ်မျိုးပဲ။ ကျွန်တော့်မှာ ဘာဖြစ်နေလို့လဲ ပြောပါ'

ကျွန်တော် သူ့ကိုသာ စိုက်ကြည့်နေမိသည်။ ဤစကားတစ်လုံးကို ပြောထွက်ဖို့ ခက်ခဲလှပါဘိ၏။ ဤစကားတစ်လုံးသည် သူ့စိတ်ကို များစွာ အန္တရာယ်ပြုနိုင်ဖွယ်ရာရှိနေ၏။ မွေးကတည်းက ပါလာသော မွေးရာပါအမွေ အနှစ်တစ်ခုဖြစ်၏။ ကြောက်မက်ဖွယ်ကောင်းလှချေသည်။ ကျွန်တော် ပြော မထွက်ပါ။ သို့သော်လည်း ကျွန်တော်မပြော၍မဖြစ်။

ငြိမ်ဆိတ်ခြင်းသည် အခန်းထဲ၌ မင်းမူလျက်ရှိသည်။ ကျွန်တော့် နှုတ်မှထွက်လာနေသော စကားလုံးများသည် သူ့အား အလင်းရောင်ပေးနေ သလို ဖြစ်နေသည်။ သူသည် ကျောက်ရုပ်သဖွယ် ငြိမ်လျက်ရှိသည်။ တစ် မျက်နှာလုံး ဖြူဖတ်ဖြူရော်ဖြစ်လာသည်။

'မဟုတ်ဘူး၊ လုံးဝမဟုတ်နိုင်ဘူး'ဟု သူက အော်ကြီးဟစ်ကျယ် ပြောသည်။ 'ခင်ဗျားပြောတာကို ကျွန်တော် လုံးဝမယုံဘူး၊ ဘယ်လိုနည်းနဲ့ မှ မဖြစ်နိုင်တဲ့ကိစ္စပဲ၊ ကျွန်တော် တစ်ခြားဆရာဝန်တစ်ယောက်နဲ့ သွားတွေ့ မယ်'

'ငါ အကြံပေးနေတာလဲ အဲဒါပါပဲ'ဟု ကျွန်တော်က ပြောပြသည်။ 'ငါ မင်းကို ဒေါက်တာဘာတန်ဆီ လွှတ်ချင်တယ်။ သူဟာ မင်းအတွက် အကြံဉာဏ်အကောင်းဆုံးပေးနိုင်မယ့် ဆရာဝန်တစ်ယောက်ပဲ'

'ကျွန်တော် အကြံဉာဏ်မလိုချင်ဘူး၊ ခင်ဗျားပြောတာ မှားတယ် ဆိုတဲ့စကားပဲ လိုချင်တယ်၊ အိုဗျာ ... ဒီကိစ္စဟာ အတော့်ကို ရက်စက်ဆိုး ဝါးတာပဲ'

'သူ့ဆီကို မင်းသွားမယ်ဆိုရင် ငါစာတစ်စောင် ရေးပေးလိုက်မယ်။ ခဏစောင့်ပြီး ယူသွားပါ' ပြောပြောဆိုဆို ကျွန်တော်က မင်တံကို ကောက် ယူလိုက်သည်။

ချားဗက်သည် နောက်ထပ် ဘာမှ စကားမပြောတော့ဘဲ မကျေ မနပ်

www.burmeseclassic.com

www.burmeseclassic.com


ရှိလွန်းလှသည့် မျက်နှာထားဖြင့် ကျွန်တော် စာရေးပြီးသည်အထိ စောင့်နေသည်။ ပြီးသွားသည့်နှင့် တပြိုင်နက် လက်ထဲမှစာကို ဆွဲယူကာ အခန်းထဲမှ ထွက်သွားပါသည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် တစ်ချိန်လုံးလိုလို ကျွန်တော် စိတ်မကြည်မရွှင်ဖြစ်ရပါသည်။ ကျွန်တော့် လုပ်ငန်းတွင် မကြာမကြာဆိုသလို သနားစရာအဖြစ်များနှင့် ကြုံခဲ့ရဖူးပါသည်။ သာယာအေးမြနေသော ဘဝတစ်ခုတွင် ဖြုန်းကနဲ ကျရောက်လာသည့် ဘေးဒုက္ခတစ်ခုခုကြောင့် ကရုဏာသက်ရ သည့် အဖြစ်များသည် မနည်းလှပါ။ သို့သော်လည်း ယခုတစ်ကြိမ်လောက် စိတ်ထိခိုက်ရခြင်းမျိုးနှင့် တစ်ခါမှ မကြုံဖူးပါ။

ထိုနေ့ညနေပိုင်းတွင် လူနာအလာနည်းနေပါသည်။ လန်ဒန်မြို့ပေါ်မှ လူအားလုံး တောပိုင်းဒေသ သို့မဟုတ် ပင်လယ်ကမ်းခြေဆီသို့ အပန်းဖြေခရီး ထွက်သွားကြကုန်ပြီဟုအက် ထင်ရလောက်၏။ သို့သော်လည်း ထိုည ကိုးနာရီခန့်တွင် ဆေးခန်းရှေ့မှ ခေါင်းလောင်းသံကြားရသည်။ ကျွန်တော် ကိုယ်တိုင်ထသွားပြီး တံခါးဖွင့်ပေးပါသည်။

တံခါးဝ၌ ရပ်နေသူများမှာ ဟယ်ရီချားဗက်။ သူ့မျက်နှာသည် ဖြူရော်ရော်ဖြစ်လျက်ရှိသော်လည်း စိတ်ကိုတော့ ချုပ်တည်းထားဟန်ရှိ၏။ စကား ပြောသည့် လေသံမှာလည်း အေးအေးသာသာပင်ဖြစ်သည်။

'ကျွန်တော် သိပ်နောက်ကျသွားတယ်။ ကိစ္စလေးတစ်ခုနှစ်ခုကြောင့်ပါ၊ အခုလဲ သိပ်မကြာပါဘူး။ ဒေါက်တာနဲ့ ခဏလောက်တွေ့ဖို့လာတာပါ'

သူသည် ကျွန်တော်နှင့်အတူ ဧည့်ခန်းထဲသို့ လိုက်လာသည်။ ယခင်ကလို ဒေါသမရှိ။ တုန်လှုပ်ခြောက်ခြားခြင်းကိုလည်း မဖော်ပြ။

'ကျွန်တော် တောင်းပန်ချင်လို့ပါ'

သူ့မျက်လုံးအစုံသည် ကျွန်တော့်အပေါ်တွင် စူးစိုက်လျက်ရှိသည်။

'မနက်က ကျွန်တော်အပြုအမူဟာ တော်တော်ကလေး ဆိုးသွားခဲ့ပါတယ်၊ ဒေါက်တာသိတဲ့အတိုင်းပဲ ကျွန်တော့်စိတ်ဟာ ထိန်းမရလောက်အောင် တုန်လှုပ်ခဲ့ရပါတယ်၊ ဒေါက်တာပြောလိုက်တဲ့စကားဟာ မှန်ပါတယ် ဒေါက်တာ'

www.burmeseclassic.com

www.burmeseclassic.com


'ငါ မှားပါစေလို့ ဘုရားသခင်ဆီမှာ ငါဆုတောင်းခဲ့ပါတယ်'

'အထူးကု ဆရာဝန်ကြီးက သဘောသိပ်ကောင်းပါတယ်။ ဒေါက်တာ့လို ကြင်ကြင်နာနာလဲရှိပါတယ်။ သူက ဒေါက်တာ့အယူအဆဟာ မှန်တယ်လို့ ထပ်ပြီး အတည်ပြုခဲ့ပါတယ်။ သံသယဖြစ်စရာ မလိုတော့ပါဘူး။ သူ့ဆီမှာ အားလုံး မေးခဲ့ပြီးပါပြီ'

သူ့အသံသည် ပြောရင်းနှင့် တိမ်ဝင်သွားသည်။ သူ့ရင်ထဲ၌ ခံစားမှု မည်မျှပြင်းထန်နေသည်ကို ဖော်ပြလိုက်ခြင်းပေတည်း။

'ရှေ့လျှောက်ပြီး ကျွန်တော့်မှာ ဘာတွေဖြစ်လာနိုင်တယ်ဆိုတာ သိပြီးပါပြီ။ အခုလို မူးကနဲ မိုက်ကနဲဖြစ်တာဟာ နောက်ပိုင်းကျရင် ပိုပြီးအဖြစ်များလာမယ်။ မကြာခင်မှာ အရက်မူးသမားတစ်ယောက်ဖြစ်သလို ခြေလွတ်လက်လွတ် လဲကျတာမျိုးတွေ ဖြစ်လာမယ်။ နောက်တစ်နှစ် နှစ်နှစ်အတွင်းမှာ ကျွန်တော်ဟာ လမ်းမလျှောက်နိုင်သေးတဲ့ အခြေအနေကို ရောက်သွားမယ်။ အဲဒီနောက်မှာ ကျွန်တော့်ရဲ့ အမြင်အာရုံ ပျက်စပြုလာမယ်။ စကားပြောရာမှာလဲ ဆွံ့လာမယ်။ ဟုတ်ပါတယ်လေ၊ ကျွန်တော်ဒါတွေ အားလုံးကို သိခဲ့ပြီးပါပြီ။ နောက်ပိုင်းကျတော့ ကျွန်တော်ဟာ အကြောတွေ မသန်စွမ်း တော့လို့ အိပ်ရာပေါ်လှဲနေရမယ်။ ကုလို့လဲ မရနိုင်တော့ဘူး။ နောက်ဆုံး အသက်ကုန်သွားတဲ့အထိ အဲဒီပုံစံအတိုင်း နေသွားရမယ်။ မကြာခင် လက်ထပ်ဖို့ စီစဉ်ထားတဲ့ သတို့သားတစ်ယောက်ရဲ့ လှပတဲ့ ရှုခင်းလေးတစ်ခုပါပဲ ဒေါက်တာ'

ကျွန်တော့်အနေဖြင့် လုံးဝဖျောင်းဖျ၍ မရနိုင်သော အခြေအနေမှန်း သိပါ၏။ သို့သော်လည်း မနေနိုင်ပါ။ စိတ်ကို နှစ်သိမ့်နိုင်အောင် အားပေးစကားပြောမိပါသည်။

'ငါ မင်းအတွက် ဘယ်လို လုပ်သင့်တယ်ဆိုတာ စဉ်းစားကြည့်တယ်။ မင်း လန်ဒန်နဲ့ဝေးရာမှာသွားပြီး ခဏတဖြုတ်နေရင် ကောင်းမလားလို့ တွေးမိတယ်။ တောင်းပိုင်းဘက်က နာတာရှည်ဆေးရုံတစ်ခုခုတက်ပြီး ခဏပဲ ဖြစ်ဖြစ် အားလုံးနဲ့ အဆက်ဖြတ်နေဖို့ ပြောတာပါ'

သူက ကျွန်တော့်အား မျက်မှောင်ကုတ်၍ ကြည့်သည်။

'ဒေါက်တာ ဘာတန်ကလဲ အခု ဒေါက်တာပြောသလိုပဲ ပြောပါ

www.burmeseclassic.com

www.burmeseclassic.com


တယ်။ သူက ကျွန်တော့်ကို မင်ဒစိပ်တောင်ကုန်းတွေကြားက အာရုံကြော အထူးကုဆေးရုံမှာ သွားနေစေချင်တဲ့ ဆန္ဒရှိနေတယ်'

'အေးပေါ့ ... ဟုတ်တာပေါ့'

'ကျွန်တော်နားလည်လိုက်တာကတော့ အဲဒီဆေးရုံကနေပြီး လူနာ ထမ်းစင်ပေါ် ရောက်ချိန်အထိ စိတ်ရှည် လက်ရှည်နဲ့ စောင့်ဖို့ပါပဲ။ ကျိုးကြောင်း ဆင်ခြင်တဲ့ တရားကင်းမဲ့ သွားသည်အထိ စောင့်ရမယ့် သဘောပဲဆိုပါတော့ လေ။ ဒီရောဂါအတွက် ကုစရာနည်းလမ်းလဲမရှိ။ ကုလို့လဲမရဘူးဆိုတာ ဒေါက်တာလဲ အသိပဲမဟုတ်လား'

'ဒီလိုတော့လဲ မပြောပါနဲ့ကွာ၊ ဖြစ်လာသမျှကို ရင်မဆိုင်လို့မှ မဖြစ်ပဲကိုး'

ငြိမ်ဆိတ်သွားပြန်သည်။ ဟယ်ရီက သက်ပြင်းရှည်ကြီး တစ်ချက် ချသည်။ သူသည် ကျွန်တော့်မကြည့်ဘဲ အဝေးသို့ ငေးမောနေသည်။ စကား ပြောပြန်တော့လည်း သူ့ကိုယ်သူ ပြောနေသည့်နှယ်ရှိ၏။

'ဟုတ်ပါတယ်၊ ကျွန်တော် ရင်ဆိုင်ရမှာပဲ ပူပန်သောက ရောက်နေ လို့ ဘယ်ဖြစ်မလဲ ဒေါက်တာဟာ အလွန်စိတ်ရှည်ပြီး ကြင်နာမှု သိပ်ရှိခဲ့ပါ တယ်။ ကျွန်တော့် လုပ်ပုံ ကိုင်ပုံတွေဟာ ကျေးဇူးမသိတတ်တဲ့ လူတစ်ယောက် လို ဖြစ်နေမလား'

'မဖြစ်ပါဘူးကွယ်၊ ငါ အကြံပေးတဲ့အတိုင်း မင်းလိုက်နာခဲ့သားပဲ'

သူက ခေါင်းညိတ်သည်။

'ကျွန်တော် လန်ဒန်က ထွက်သွားမယ်။ ဒါမှလဲ ကျွန်တော်နဲ့ ပတ်သက်ဆက်စပ်နေတဲ့လူတွေအားလုံးအတွက် အကောင်းဆုံးဖြစ်မှာ'

'မနက်ဖြန်ကျရင် ငါ့ဆီကို တစ်ခေါက်လာခဲ့ဦးပေါ့၊ တို့နှစ်ယောက် တိုင်ပင်ပြီး စီစဉ်စရာရှိတာ စီစဉ်ကြတာပေါ့၊ ငါတတ်နိုင်တာ မှန်သမျှတော့ လုပ်ပေးပါမယ်'

ကျွန်တော်က စကားကိုဖြတ်၍ ရပ်ထားသည်။

'ဒါပေမယ့် မင်း ....မင်း လူစီကိုတော့ အသိပေးမှဖြစ်မယ်'

'အခုလောလောဆယ်တော့ အသိမပေးချင်သေးဘူး ဒေါက်တာ၊

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်မှာ လုပ်စရာကိစ္စလေးတစ်ခု နှစ်ခုလောက် ရှိနေလို့ပါ၊ ဒီကိစ္စလေး တွေကို ကျွန်တော်အရင်ဆုံး လုပ်မှဖြစ်မှာ၊ ဥပမာဆိုပါတော့ ကျွန်တော်တို့ ငှားဖို့ စီစဉ်ထားတဲ့ အိမ်ကိစ္စ၊ ကျွန်တော်သွားပြီး ရှင်းလိုက်မှ ဖြစ်မှာ'

သူသည် ကျွန်တော့်အားပြုံး၍ ကြည့်နေသည်။

'ကျွန်တော်တို့ အဲဒီတိန်းမောက်သ်မှာ တစ်လနေဖို့ စီစဉ်ထားတာ ဒေါက်တာ အသိပဲ၊ လူစီက ပင်လယ်ကို သိပ်သဘောကျတယ်၊ သူက ဒီဗွန်ကိုလဲ ချစ်တယ်လေ၊ ဒါကြောင့်မို့လဲ ကျွန်တော်တို့ရဲ့ မင်္ဂလာဦးခရီးကို အဲ့ဒီမှာ အချိန်ဖြုန်းဖို့ စီစဉ်ခဲ့တာပေါ့၊ အခုတော့လဲ ဒီအစီအစဉ်ကို ကျွန်တော် သွား ဖျက်ရတော့မယ်၊ ဒီတစ်ပတ်အကုန်မှာ ကျွန်တော်သွားမယ်၊ ဒီကိစ္စပြီးသွား ရင်တော့ လူစီကို ပြောရတော့မှာပဲ'

သူသည် ထိုင်ရာမှ ဖျတ်ခနဲထရပ်ကာ လက်တစ်ဖက်ကျွန်တော့်ဆီ သို့ လှမ်းပေးသည်။ နှုတ်မှ ကျေးဇူးတင်စကားပြောသည်။ နောက် တခဏ အတွင်းမှာပင် သူသည်အခန်းထဲမှ ထွက်သွားကာ လမ်းမပေါ်အတိုင်း လျှောက် သွားလျက်ရှိပါသည်။

နေးကွေးလေးလံသော ခြေလှမ်းများဖြင့် အိမ်အပေါ်ထပ်သို့ ကျွန်တော်တက်ခဲ့သည်။ အလွန်ပြင်းထန်သော ရိုက်ပုတ်ချက်အောက်တွင် ချားဗက်ပြုမူ ပြောဆိုသွားပုံသည် သနားစရာကောင်းလှပါသည်။ လွတ် မြောက်ခြင်းငှာမစွမ်း သာသည့် အရာတစ်ခု ဖြစ်၏။ အလွန်စိတ်နှလုံး မချမ်း မြေ့ဖွယ်ရာကောင်းသည့် မတရားမှုတစ်ခုဟုပင် မြင်မိပါသည်။ ဟိုတစ်နေ့က နှစ်ယောက်သား လက်ချင်းချိတ်၍ ဧည့်ခန်းထဲသို့ ဝင်လာခဲ့ပြီး ရွှင်ပြုံးချမ်းမြေ့ လှသည့် မျက်နှာ များဖြင့် ရပ်နေကြသော ဟယ်ရီနှင့်လူစီတို့၏ ရုပ်လွှာသည် ကျွန်တော့်အာရုံ တွင် တစ်ရစ်ဝဲဝဲပေါ်လာလျက်ရှိပါသည်။

သီတင်းတစ်ပတ်ကုန်သွားခဲ့ပြီး နောက်စနေနေ့သို့ ရောက်လာခဲ့ သည်။ ညနေလေးနာရီတွင် ထုံးစံအတိုင်း ကျွန်တော်သည် အိမ်ဧည့်ခန်းထဲသို့ လက် ဖက်ရည်သောက်ရန်ဝင်လာခဲ့သည်။ ဇနီးသည်အခန်းထဲ၌ ရှိနေသည်။ သူသည် ကျွန်တော့်အား ဆီး၍ နှုတ်ဆက်စကားမပြော။ ပြုံးဖော်ပင်မရ၊ သူ့လက်ထဲ တွင် ညနေထုတ် သတင်းစာတစ်စောင်ကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com


'ရှင် ...သတင်းတွေ့ပြီးပြီလား'

သူ့နှုတ်မှ ကျွန်တော့်အားမြင်လျှင် မြင်ချင်း ထွက်လာသည့် စကား။

'အဖြစ်က သနားစရာပဲ၊ သိပ်ကိုသနားစရာကောင်းတဲ့ ကောင်လေးပါ'

သူသည် သတင်းစာကို ကျွန်တော့်လက်သို့ လှမ်းပေးသည်။ ရှေ့မျက်နှာဖုံးမှ သတင်းတစ်ပုဒ်ကို လက်ညှိုးနှင့်ထောက်ပြသည်။

'ဒီဗွန်မြို့မှ ကြေကွဲစရာအဖြစ်၊ ပင်လယ်ပြင်တွင် လှေမှောက်၍ အပန်းဖြေခရီးထွက်သူတစ်ဦး ရေနစ်သေဆုံးရခြင်း'

'ယနေ့နံနက်တွင် တိမ်းမောက်သ်ဆိပ်ကမ်းအနီး ပင်လယ်ပြင်၌ ကြေကွဲဖွယ်ရာအဖြစ်တစ်ခု ဖြစ်ပွားခဲ့သည်။ အသက်နှစ်ဆယ့်ခြောက်နှစ်အရွယ် ရှိ မာယ်ရီချက်ဗားဆိုသူသည် ဗောတံတားဆိပ်မှ လှေတစ်စီးငှားကာ ကမ်းခြေ နှင့် နှစ်မိုင်ကွာရှိ မိုးတော့ခ် ငါးဖမ်း ပင်လယ်ပြင်သို့ ထွက်ခွာသွားခဲ့သည်။ ပင်လယ်ပြင်၌ လှိုင်းအနည်းငယ် ထန်နေသော်လည်း ကြမ်းတမ်းခြင်း မရှိဟု သိရသည်။ မစ္စတာချက်ဗားသည် လှေကို လှော်လာနေရာမှ တက်လွတ်ကာ လှေမှောက်သွားသည်။ သူ့အဖြစ်ကိုသိလျှင်သိချင်း ဆိပ်ကမ်းဗောတံတားမှ မော်တော်တစ်စီး စေလွှတ်ခဲ့သော်လည်း အချိန်မမီတော့။ ယခုအချိန်ထိ အလောင်းကို ရှာဖွေဆဲဟု သိရသည်။ ပစ္စတာချားဗက်သည် မကြာမီ လက်ထပ်တော့မည့် သတို့သားလောင်းတစ်ဦးဟု သိရသည်။

အခန်းထဲတွင် တိတ်ဆိတ်လျက်ရှိပါသည်။ ကျွန်တောစကားပင် မပြောနိုင်ပါ။ ကျွန်တော်နားလည်ပါသည်။ ဟယ်ရီသည် သူ့ဘဝအတွက် အကောင်းဆုံးနှင့် တစ်ခုတည်းသော အဖြေကို ရှာသွားခြင်းဖြစ်ပါသည်။ ဤနည်းလမ်းသည် သူ့အတွက် မြန်လည်းမြန်၍ သေလည်းသေချာသော နည်းလမ်းတစ်ခုဖြစ်သည် မဟုတ်ပါလား။

ပထမတော့ လူစီသည် ဆောက်တည်ရာ မရနိုင်လောက်အောင် ဖြစ်သွားသည်။ နောက်ပိုင်းကျတော့ ဖြစ်လာသမျှကို ရဲရဲဝံ့ဝံ့ပင် ရင်ဆိုင်သည်။ သူ့အသက်ဆက်နိုင်ရေးအတွက် သူ့ဘဝတွင် သာယာချမ်းမြေ့ဖွယ်ရာကောင်းသည့် အမှတ်တရ ဖြစ်ရပ်များရှိခဲ့သေးသည် မဟုတ်ပါလော။ ဟယ်ရီ

www.burmeseclassic.com

www.burmeseclassic.com


နှင့် ပတ်သက်၍ အဖြစ်မှန်ကိုမူမည်သူမှ မသိကြပါ။ သွားပုပ်လေလွင့် ပြောဆိုစရာအကြောင်းဟူ၍ ပေါ်မလာပါ။

အဘိဓ္ဓာများသည့် အတင်းအဖျင်းပြောမှုများလည်းမရှိပါ။ ကရုဏာ သက်ခြင်းနှင့် ဝမ်းနည်းကြေကွဲခြင်းတို့သာလျှင်ရှိပါသည်။ သို့သော်လည်း ကျွန်တော့်မှာတော့ ရက်ပေါင်းများစွာ ထူးဆန်းသော အာရုံတစ်ခု၏ ခြောက် လှန့်မှုကို ခံနေရသည်။ ခြောက်လှန့်နေသူမှာ ဟယ်ရီချားဗက်မဟုတ်ပါ။ မြို့ကြီးပြကြီးများသို့သွား၍ အပျော်အပါးလိုက်ချင်တတ်သော လူချောလူလှ တစ်ဦးဖြစ်ခဲ့သည့် အဘိုးအိုတစ်ယောက်ဖြစ်ပါသည်။

* * * * *

(၂၅)

မိမိကိုယ်ကို မိမိသတ်သေခြင်းသည် အပြစ်မရှိပါဟု ခုခံကာကွယ် နိုင်စွမ်းမရှိသည့် အပြုအမူ တစ်ရပ်ဖြစ်၏။ ရှေးခေတ်ကဆိုလျှင် မိမိကိုယ်ကို သတ်သေသူအား ညသန်းကောင်ယံ အချိန်ကျမှသာ မြှုပ်နှံခွင့်ရှိသည်။ သူ့အား သင်္ဂြိုလ်သည့်အခါ ခေါင်းလောင်းမထိုးရ၊ သရဏဂုံ တင်ခွင့်မရ၊ ဖယောင်း တိုင်မီးထွန်းခွင့်မရှိ။ သေသူ၏ နှလုံးသားတည့်တည့်တွင် သပ်ရိုက်ခြင်း ခံရသေးသည်။ ယနေ့ခေတ်တွင်မူ မိမိကိုယ်ကို သတ်သေရခြင်း၏ အကြောင်း ရင်း အခြေအနေ အရပ်ရပ်ကို ထောက်၍ လျော့ပေါ့စဉ်းစားကာ ခရစ်ယာန် ဘာသာဝင်တို့ ထုံးစံအတိုင်း သင်္ဂြိုလ်ခွင့်ကို ပေးကြသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အနေဖြင့် ဈေးကွက်လောင်းကစားပွဲ၌ အလောင်းအစားလုပ်ရာမှ ရှိသမျှ စည်းစိမ်ပြုတ်၍ ဆယ်ထပ်တိုက်ပြတင်း ပေါက်မှ ခုန်ချပြီး မိမိကိုယ်ကို မိမိသတ်သေသွားသော စတော့ရှယ် ပွဲစားမျိုးကျတော့ မျက်ရည်တစ်စက်မျှ မကျနိုင်ပါ။ မိမိလိမ်ညာပြီး ငွေယူခဲ့ သော လူများနှင့် မျက်နှာချင်းမဆိုင်ဝံ့၍ မိမိ၏ ဦးနှောက်ထဲသို့ ကျည်ဆံ တစ်ထောင့် ပစ်သွင်းပြီး သေသွားသော အလွဲသုံးစားသမားကျတော့လည်း ကျွန်တော် မသနားနိုင်ပါ။ သို့သော်လည်း အချို့ဖြစ်ရပ်များကျတော့ 'သူရဲဘော

www.burmeseclassic.com


ကြောင် သူများ၏ ထွက်ရပ်လမ်း'ဟု မှတ်ချက်ချကာ အလွယ်တကူနှင့် မေ့ပစ်၍မရပါ။

ကင်မ်ဒင် ရဲစခန်းနှင့် အဆက်အသွယ်ရှိနေသော ကျွန်တော်သည် ရဲစခန်းသို့ အကြိမ် ပေါင်းများစွာ သွားရောက်ကာ မိမိတို့ကိုယ်မိမိတို့ သက်သေခံကြသူများ၏ အလောင်းများကို စစ်ဆေးကြည့်ရှုခဲ့ရသည်။ ကျွန်တော် စစ်ဆေးခဲ့ရသမျှ သေမှုသေခင်းများထဲတွင် မြစ်ထဲခုန်ချပြီး သတ်သေသွားခဲ့သော အဘွားအို တစ်ယောက်ကို မမေ့နိုင်သေးပါ။ မြစ်ထဲ၌ ပေါလောဖြစ်နေသော အလောင်းကို တွေ့ခါမှ ဆယ်ယူခဲ့ကြရခြင်းဖြစ်၏။ အဝတ်များမှာ အစုတ်စုတ် အပြတ်ပြတ်။ သူ့ကိုယ်ပေါ်မှတွေ့သော ပိုက်ဆံအိတ် အစုတ်ထဲတွင်လည်း ငွေဆို၍ ခြူးတစ်ပြားမှမရှိ။ ငတ်ပြတ်နေသော ခိုကိုးရာမဲ့ တစ်ဦးဖြစ်သည်မှာ ထင်ရှားသည်။ ကျွန်တော် သူ့နာမည်ကို လုံးဝမသိခဲ့ရပါ။ သို့သော်လည်း ကျွန်တော် ရုတ်တရက် မေ့မရသည့် လူတစ်ယောက်ဖြစ်ခဲ့ပါ သည်။

နောက်တစ်ဦးမှာ ပထမကမ္ဘာစစ်ကြီးမှ စစ်ပြန်တပ်ကြပ်တစ်ဦးဖြစ်သည်။ သူသည် ဗုံးဒဏ်ကြောင့် အကြီးအကျယ်သွေးလန့်ကာ အာရုံကြောများ ပျက်ပြားလာခဲ့သူဖြစ်သည်။ နောက်ဆုံးတွင် သူ့ဘဝသူ စိတ်ကုန်ခန်းကာ ကြိုးဆွဲချ၍ သတ်သေခဲ့သူဖြစ် ၏။ ကျွန်တော် ရုတ်တရက် မေ့မရသည့် နောက်တစ်ဦးမှာ မစ္စက်စတားဆေး (နာမည်မှန်မဟုတ်ပါ) ဆိုသူဖြစ်သည်။ သူ့ကျတော့ ကျွန်တော် ကျွန်တော် ကိုယ်ချင်းစာတရားမထားနိုင်ပါ။

မစ္စက်စတားဆေးသည် မုဆိုးမ၊ အသက်က လေးဆယ်ခန့်ရှိပြီ ရုပ်ရည်က သိပ်မဆိုးလှ ငွေကြေးချမ်းသာကြွယ်ဝသည်။ သူ့မိတ်ဆွေ အမျိုး သမီးတစ်ဦးနှင့် ဂျော့လန်နီယာအမည်ရှိ နိုင်ငံခြားသား တိုင်းရင်းသား ဆွစ် အမျိုးသားတစ်ဦးတို့နှင့်အတူတူရှိနေသည်။ ပန်းခြံအနီးတွင် သူပိုင်ဟိုတယ်တစ်ခုရှိသည်။ ဟိုတယ်မှာ ခပ်သေးသေးဖြစ်သော်လည်း အဆင့်အတန်းမြင့်မြင့် အမျိုးအစားဖြစ်သည်။ ဂျော့လန်နီယာနှင့် မစ္စက်စတားဆေး တို့အား ချစ်သူများဟု အများက အသိအမှတ်ပြုထားကြသည်။ မစ္စက်စတားဆေး သည် ဂျော့အား ဂျီနီဗာ၌ တွေ့ခဲ့ခြင်းဖြစ်၏။ ဂျော့သည် ကန်ဘေးစားသောက် ဆိုင်တစ်ဆိုင်၌

www.burmeseclassic.com

www.burmeseclassic.com


စားပွဲထိုးလုပ်နေသူဖြစ်သည်။ မစ္စက်စတားဆေးက သူ့အား လန်ဒန်သို့ ခေါ်ယူပြီး သူ့ဟိုတယ်လုပ်ငန်းတွင် အစုဝင်တစ်ဦးအဖြစ် လက်ခံကာ ဖက်စပ် လုပ်ကိုင်ခဲ့သည်။

ဂျော့လန်နီယာသည် ဤလုပ်ငန်းမျိုး၌ အတွေ့အကြုံရှိခဲ့သူဖြစ်သဖြင့် မစ္စက်စတားဆီး၏ ဟိုတယ်လုပ်ငန်းတွင် များစွာ အထောက်အကူဖြစ်ခဲ့သည်။ သူရောက်ခါမှ လုပ်ငန်းကလည်း အံ့သြဖွယ်ကောင်းလောက်အောင် တိုးတက်လာခဲ့သည်။ သို့သော်လည်း သုံးဦးဖက်စပ်လုပ်ငန်းသည် စီးပွားရေး လုပ်ငန်း သဘောတစ်ခုတည်းအပေါ်၌သာ အခြေမခံတော့ဘဲ တစ်ဆင့်ထပ် တက်လာ သည်။ အတိုချုပ်ပြောရလျှင် တစ်ရက်တွင် မစ္စက်စတားဆေးသည် သူ၏ဂျော့အား သူ့သူငယ်ချင်းမနှင့် အိပ်ရာအပေါ်၌ တူယှဉ်တွဲ၍ အိပ်နေသည် ကို တွေ့ရသည်။

ဤကိစ္စနှင့် ပတ်သက်၍ ငွေကြေးအားဖြင့် ထူထူထောင်ထောင် နေနိုင်သည့် အခြေအနေသို့ ရောက်နေပြီဖြစ်သော ဂျော့သည် မစ္စက်စတားဆေး အား ဂရုမစိုက်။ ခပ်အေးအေးပင် ရင်ဆိုင်သည်။ သူ့အနေဖြင့် မစ္စက်စတားဆေး အပေါ် စိတ်ကုန်ပြီ။ မစ္စက်စတားဆီး၏ သူငယ်ချင်းမကိုသာ သူချစ်နေပြီ ဟု ပြောင်ပြောင်တင်းတင်းဖွင့်ပြောသည်။ မစ္စက်စတားဆီးသည် အိပ်ဆေး အလုံးငါးဆယ်ဝင် ပုလင်းတစ်လုံးနှင့် အခန်းအောင်းလိုက်သည်။ နောက်တစ် နေ့ မနက် ဂျော့တို့က လာပင့်၍ ကျွန်တော် လိုက်သွားသည့်အခါ အိပ်ဆေး ပုလင်းထဲတွင် ဆေးတစ်လုံးမှ မကျန်တော့။ မျက်နှာတွင်လည်း ပေါင်ဒါ၊ မိတ်ကပ်လိမ်းခြယ်ထားခြင်းမရှိ။ ပါးစပ်ထဲတွင်လည်း သွားတုမရှိ။ ကျွန်တော် တွေ့ဖူးခဲ့သမျှထဲတွင် အလွန်အရုပ်ဆိုး အကျည်းတန်သော အလောင်းတစ် လောင်းဖြစ်ချေသည်။

ကျွန်တော် ကြုံခဲ့ရသည့် ကိုယ့်ကိုယ်ကို သတ်သေသော အမှုများထဲ တွင် ထူးထူးခြားခြား မှတ်သားဖွယ်ကောင်းသည့် အမှုတစ်မှုရှိသည်။ ယင်း အမှုမှာ ချက်တာလန် လင်မယားအမှုဖြစ်သည်။ ဘေးစ်ဝပ်တားရပ်ကွက်တွင် အဆောင်ငှားစားသော အိမ်များရှိသည်။ မစ္စတာ ချက်တာတန်တို့ လင်မယား သည် အဆောင်ငှားစားသော အိမ်ပိုင်ရှင်များဖြစ်သည်။ ချက်တာတန်ဂေဟာ

www.burmeseclassic.com

www.burmeseclassic.com


သည် နာမည်တစ်လုံးနှင့်နေသော ဂေဟာဖြစ်သည်။ အငှားသမားများများ စားစား လက်မခံ။ အဆောင်လုပ်ငန်းအားလုံးကို ဒိုင်ခံ၍ လုပ်နေသူမှာ အေဒါချက်တာတန်ဖြစ်သည်။ တောင့်တင်းကြံ့ခိုင်လှသော အေဒါချက်တာတန် သည် အိမ်ထောင်ထိန်းသိမ်းမှုတွင် အလွန်ကျွမ်းကျင်သည်။ အချက်အပြုတ် တွင် လည်းအလွန်တော်သည်။ အေဒါသည် အဆောင်အားလုံးတွင် ရှိရှိသမျှ အလုပ် အားလုံးကို တစ်ဦးတည်းဒိုင်ခံ၍ သိမ်းကျုံးလုပ်သည်။ နောက်ဆုံး ကုန်ကုန် ပြောရလျှင် မီးဖိုထဲသို့ ကျောက်မီးသွေး သယ်ယူရသည့် အလုပ်က အစ သူ့တာဝန်ဖြစ်သည်။

သူ့ယောကျ်ား အက်ဖ်ချက်တာတန်မှာ ပိန်ညှောင်ညှောင်၊ ရင်အုပ် ပြားချပ်ချပ်နှင့် ချောင်းတဟွတ်ဟွတ် ဆိုးနေသူဖြစ်ရာ ခွန်အားစိုက်ထုတ်ရမည့် အလုပ်မှန်သမျှ ဘာတစ်ခုမှ မလုပ်နိုင်။ သက်သာပေါ့ပါးသည့် အလုပ်များကို သာလုပ်သည်။ အေဒါသည် သူ့ယောကျ်ားကို အလွန်ချစ်သည်။ မိခင်က သားတစ်ယောက်အား ဆက်ဆံသည့် အနေအထားမျိုးပင်ရှိသည်။ သူ့ ယောကျ်ားအား ကောင်းပေ့ညွန့်ပေ့ဆိုသည့် အစားအစာများကို ကျွေးသည်။ ဆူစရာ ပူစရာရှိလာလျှင်လည်း ပြစ်တင်ဆူပူတတ်သည်။ မည်သို့ပင်ဖြစ်စေ သူတို့သည် ပျော်ရွှင်သာယာသော အိမ်ထောင်သည်ခရီးကို နှစ်နှစ်ဆယ်မှ ဖြတ်သန်းလာခဲ့ပြီးပြီဖြစ်သည်။

တစ်ရက်တွင် ချက်တာတန်ဂေဟာသို့ အခန်းငှားတစ်ဦးရောက် လာသည်။ အသက်က လေးဆယ်ကျော် ငါးဆယ်တွင်း။ နာမည်က ဂလိုဗာ။ လူကောင်က ထွားထွား၊ တုတ်တုတ်ခိုင်ခိုင်နှင့် တကယ့် ရှေးခေတ်က လူသန်ကြီးတစ်ယောက်ပုံစံမျိုးဖြစ်သည်။ သူ့ကိုယ်လုံးကိုယ်ထည်သည် အေဒါ ထက်ပို ၍ကြီးသည်။ သူသည် တစ်ချိန်က အလေးမသမားတစ်ဦးဖြစ်ခဲ့၍ နောက်ပိုင်း တွင် နပမ်းသမားအလုပ်ဖြင့် အသက်မွေးသည်။ ဆက်ကပ်အဖွဲ့ တစ်ဖွဲ့နှင့် တောပိုင်းဒေသ အနှံ့အပြားသို့ ခရီးဆန့်ခဲ့သူဖြစ်၏။

သူရောက်လာပြီးနောက် သီတင်းပတ်အနည်းငယ်မျှအကြာတွင် အေဒါနှင့် ဂလိုဗာတို့ ငြိစွန်းနေကြသည်ဟူသော အတင်းအဖျင်းသတင်းသည် ကျွန်တော့်နားသို့ ရောက်လာသည်။ ကျွန်တော် မယုံကြည်နိုင်ပါ။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com


လည်း သတင်းက မှန်နေသည်။ နှစ်ပေါင်းများစွာ ချစ်ခင်ကြင်နာခဲ့ကြသော အိမ်ထောင်သည်ဘဝခရီးတွင် ဘေးအန္တရာယ်များလှသည့် အသက်အရွယ်သို့ ရောက်ခါမှ အေဒါသည် အချစ်သစ်နှင့်တွေ့ရသည်။ အေဒါက စွဲလန်းသကဲ့သို့ ဂလိုဗာကလည်း အရူးအမူးဖြစ်သည်။ နှစ်ယောက်သား ညစဉ်ညတိုင်း ဂလိုဗာ၏ကားနှင့် အမြဲတစေ အပြင်သို့ထွက်သည်။ အဆင်ခြင် ကင်းမဲ့မှုများ၊ မစောင့်စည်းမှုများရှိလာသည်။ နှစ်ဦးသား လွန်ကျူးမှောက်မှားကြ သည်။

ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ဤကိစ္စကို ယောကျ်ားဖြစ်သူက နောက်ဆုံးကျမှသိသည်။ လူအေးလူကောင်း လူပျော့တစ်ဦး ဖြစ်သော အက်ဖ်အား ကျွန်တော်သနားလှပါသည်။ ထိုနှစ်ယောက် လူကောင်ကြီးသလောက် နိုင်းယှဉ်၍မရနိုင်လောက်အောင် သေးငယ်သည့် အက်ဖ်သည် မည်သည့်နည်းဖြင့် ယှဉ်ပြိုင်နိုင်ပါမည်နည်း။ ကျွန်တော်သည် သနားကရုဏာအပြည့်ဖြင့် သူတို့သုံးဦး၏ ဇာတ်သိမ်းခန်းကို စောင့်စားမျှော်လင့်နေမိပါသည်။

အဖြစ်မှန်ကို ကျွန်တော် မဖော်ပြနိုင်ပါ။ ကျွန်တော် တွေ့ရမြင်ရသည့် အပိုင်းကိုသာ ပြောပြနိုင်ပါသည်။ အလွန်အေးသော ဇန်နဝါရီလ တစ်နံနက်ခင်း အရုဏ်တက်ချိန်ခန့်တွင် အခေါ်ရောက်လာသဖြင့် ကျွန်တော်သည် ချက်တာတန်ဂေဟာ၏ နောက်ဖေးဘက်သို့ သွားသည်။ အေဒါနှင့် ဂလိုဗာတို့လည်း ကားဂိုဒေါင်ထဲရှိ ကားအတွင်း၌ သော့ပိတ်၍ထိုင်ကာ အင်ဂျင်ကိုနှိုးထားလိုက်သည်။ ဆယ့်ငါးမိနစ်ခန့်တွင် နှစ်ယောက်စလုံး အသက်ရှူကြပ်ကာ သေဆုံးကြသည်။ တစ်ယောက်ကို တစ်ယောက်ဖက်၍ သေဆုံးနေကြခြင်းဖြစ်၏။ သူတို့ကိုယ်သူတို့ နှစ်ဦးသဘောတူ သတ်သေကြခြင်းဖြစ်ကြောင်း စာတစ်စောင် လက်မှတ်ရေးထိုးပြီးထားခဲ့သည်။

နောင်တရကြ၍လား။ အားနည်းမှုက အားကြီးမှုကို အောင်ပွဲခံခြင်းလား၊ သို့မဟုတ် အမှန်က အမှားကို အနိုင်ယူခြင်းလား။ မည်သူသိနိုင်ပါမည်နည်း။ အဲ့ဖ်၏ လုပ်ဆောင်ချက်တစ်ခုဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ အဲ့ဖ် သည် သူ့အိမ်ကို ရောင်းကာ ဘရိုက်တန် မသန်မစွမ်းဆေးရုံသို့ သွားနေသည်။ ဘီးတပ်ကုလားထိုင်တစ်လုံးဝယ်ကာ ဆေးရုံမျက်နှာစာ စင်္ကြံတွင် မစွမ်းမသန်ဘဝဖြင့် အချိန်ကုန်လွန်သည်။

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်ကိုယ်ကို သတ်သေမှုများအကြောင်း ရေးရာ၌ ကျွန်တော် ကြုံခဲ့ရသည့် မှုခင်းများထဲတွင် အထူးခြားဆုံးဟု ဆိုရမည့် အဖြစ်အပျက်တစ်ခုကို မဖော်ပြလျှင် ပြည့်စုံလိမ့်မည်မဟုတ်ပါ။

စိုစွတ်သော နိုဝင်ဘာလ ညတစ်ည ကိုးနာရီခန့်တွင် အိမ်ရှေ့မှ ကျယ်လောင်သော တံခါးခေါက်သံတစ်သံကြောင့် ကျွန်တော် လန့်နိုးလာသည်။ ကျွန်တော် မိတ်ဆွေရဲတပ်ကြပ် ဘလဲယားဖြစ်ပါသည်။ သူ့ဦးထုပ်နှင့် အင်္ကျီမှ မိုးရေများ တစ်စက်စက်ကျလျက်ရှိသည်။ လမ်းထောင့်ရှိ အငှား အိမ်ခန်းတစ်ခန်းတွင် ကိုယ့်ကိုယ်ကိုယ်သတ်သေမှု တစ်မှုဖြစ်ပွားသဖြင့် အမြန်ဆုံး လိုက်ကြည့်ပေးရန် လာခေါ်ခြင်းဖြစ်သည်။

အပြင်ဘက်တွင် မိုးလေပြင်းထန်ဆဲဖြစ်သည်။ ယာဉ်အသွားအလာ မရှိ၊ လူအသွားအလာမရှိ၊ တိတ်ဆိတ်ခြောက်သွေ့လျက်ရှိ၏။ နှစ်ယောက်သား ငြိမ်ဆိတ်စွာ လျှောက်လာခဲ့ကြသည်။ လမ်းထောင့်ရှိ အိုမင်းဟောင်းနွမ်းလှပြီဖြစ်သော အဆောက်အအုံကြီး တစ်ခုအတွင်းသို့ ဝင်ခဲ့ကြသည်။ လှေကားထစ်များသည် နင်းလိုက်တိုင်း တကျွီကျွီမြည်နေကြသည်။ ကျွန်တော့်နှာခေါင်းသည် ဓာတ်ငွေ့နံ့များကို ရှူနေရသည်။

အပေါ်ဆုံးထပ် အခန်းတစ်ခန်း၏ ပွင့်နေသော တံခါးဝမှ အိမ်ရှင်အမျိုးသမီးကြီးက ဆီးကြိုပြီးအထပ်ခိုးလေးတစ်ခုဆီသို့ ခေါ်သွားသည်။ ခပ်သေးသေးအိပ်စင်တစ်ခုပေါ်တွင် အစန့်သားလဲနေသော လူငယ်တစ်ယောက်။ တစ်ချက်ကြည့်ရုံမျှဖြင့် ကာဗွန်မိုနိုဆိုက် အဆိပ်မိနေခြင်းဖြစ်ကြောင်း သိသာထင်ရှားသည်။ လူငယ်၏ ကိုယ်ခန္ဓာမှာ လှုပ်ရှားခြင်းကင်းမဲ့နေပြီ ဖြစ်သော်လည်း၊ လုံးဝလက်လျှော့နေတော့မည့် အခြေအနေသို့ကား မရောက် သေးပေ။ အနည်းဆုံး မျှော်လင့်ချက် ရောင်ခြည်ကလေးကိုတော့ မှုန်ဝါးဝါး မြင်နေရသည်။ မည်မျှပင် မှုန်ဝါးဝါးဖြစ်စေကာမူ လျစ်လျူရှု၍ မဖြစ်ပါ။

ကျွန်တော်သည် တပ်ကြပ်ဘလဲယား၏ အကူအညီဖြင့် လူငယ်အား အသက်ပြန်ဝင်လာအောင် အားထုတ်သည်။ တစ်နာရီမျှ အချိန်ကုန်သွားသော်လည်း ထိရောက်မှုမရှိပါ။ နောက်ထပ် ဆယ့်ငါးမိနစ်မျှဆက်၍ ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com


ပြန်သည် အကျိုးထူးမလာပါ။ ထို့နောက် ကျွန်တော်တို့နှစ်ယောက်စလုံး လက်လျှော့တော့မည့်အချိန်သို့ရောက်လာသည်။ နှစ်ဦးစလုံး ခြေကုန်လက်ပန်းကျလာသည်။ ထိုအခါကျမှ ယင်းလူငယ်သည် မသိမသာကလေး လှုပ်လာသည်။ တကယ့်ယဲ့ယဲ့ကလေး လှုပ်ရှားခြင်းဖြစ်သည်။ ထူးဆန်း အံ့သြဖွယ်ရာတော့ကောင်းသည်။ သုသာန်မြေတွင်းထဲမှ ပြန်ရှင်လာသည်နှင့်တူလှ၏။ ကျွန်တော်တို့သည် နောက်ထပ်နာရီဝက်ခန့် အားကိုနှစ်ဆတိုး၍ ကြိုးပမ်းကြသည်။ လူငယ်သည် ဖြုန်းခနဲ ထထိုင်သည်။ ကျွန်တော်တို့အား ပြူးတူးပြဲတဲကြည့်သည်။ တဖြည်းဖြည်းနှင့် သူကြုံနေရသည့်အခြေအနေ၏ ကြောက်မက်ဖွယ်ရာများကို မြင်လာနားလည်လာသည်။

လူငယ်သည် ပါးဖောင်းဖောင်းနှင့် တောဂိုက်တောစရိုက် အပြည့်ရှိသည်။ လူပုံက ရိုးသားသည့် လက္ခဏာရှိသကဲ့သို့ သူ၏ ဖူးယောင်နေသောနှုတ်ခမ်းများမှ ထွက်လာသည့် ဇာတ်လမ်းမှာလည်း ရင်ထဲကနာလောက်အောင် ရိုးရိုးစင်းစင်းရှိလှ၏။ သူ့မိဘများမှာ သေကုန်ပြီ။ ဦးလေးတစ်ယောက်ရှိသော်လည်း သူ့တာဝန်ကို မယူ။ ဤသို့ဖြင့် လန်ဒန်သို့တက်လာပြီး အလုပ်ရှာသော်လည်း သူ့တာဝန်ကိုမယူ၊ ဤသို့ဖြင့် လန်ဒန်သို့ တက်လာပြီး အလုပ်ရှာသည်။ ရှေ့နေတစ်ဦး၏ ရုံးတွင် စာရေးအလုပ်ရသည်။ မြို့တော်ကြီးသို့ သူရောက်လာသည်မှာ ခြောက်လမျှသာရှိသေး၏။ မိတ်ဆွေအပေါင်းအသင်းမရှိသော လူငယ်သည် လမ်းများပေါ်မှ အကျင့်ပျက်များနှင့် ရင်းနှီးခင်မင်ကာ မကောင်းသော ပညာများ တတ်လာသည်။ ထိုလူစု၏ သြဇာအောက် ရောက်နေပြီဖြစ်ရာ သူ့ဝင်ငွေက လက်လှမ်းမမှီနိုင်သည့် သာယာမှုများကိုပါ အရသာတွေ့လာသည်။ ဤသို့ဖြင့် မြင်းလောင်းမှုတွင် ဝါသနာရှိလာသည်။ မကြာခင်မှာပင် သူစုဆောင်းထားသမျှ ငွေကြေးများပြောင်သည်။ သူ့တွင်ရှိသမျှ ပစ္စည်းများကို ပေါင်ပြန်သည်။ မြင်းပွဲဒိုင်အား ပေးရမည့်ကြွေးသည် အဆမတန်တက်လာခဲ့ရာ သူ့ဘဝပျက်စီးစေမည့် အခြေသို့ပင် ဆိုက်လာသည်။ ထို့နောက် အဘက်ဘက်မှ ဖိအားများနှင့် ခြိမ်းခြောက်မှုများ ဝင်လာသည်။ ထို့ကြောင့် အလွယ်တကူပင် ရုံးရှိ မီးခံသေတ္တာထဲမှ ငွေအတော်များများကိုယူ၍ နောက်ဆုံးသေချာပေါက်နိုင်ခြေရှိသည့် မြင်းတစ်ကောင်ကို ပုံအောသည်။ သို့သော်လည်း သူထင်သလိုဖြစ်မလာဘဲ ခွက်ခွက်လန်အောင်

www.burmeseclassic.com

www.burmeseclassic.com


ရှုံးသည်။ သူဆောက်တည်ရာမရဖြစ်သည်။ အလုပ်ရှင်သိသွားမည့်အရေးကို တွေးကာ ပူပန်သောကရောက်သည်။ နောက်ဆက်တွဲ ဖြစ်ပေါ်လာနိုင်သည့် တရားစွဲခံရမည့် အရေးကိုတွေးသည်။ ကြံရာမရဖြစ်ပြီ။ ထိုအခါ သူ့အတွက် အလွယ်ဆုံးနည်းကို စဉ်းစားမိသဖြင့် အခန်းတံခါးကိုပိတ်၍ ဓာတ်ငွေ့များကို ဖွင့်ထားလိုက်လေသည်။

အထပ်ခိုးအခန်းကလေးထဲတွင် ငြိမ်ဆိတ်သွားသည်။ ထို့နောက် ဘလဲယားက အလုပ်ရှင်ထံမှ ငွေဘယ်လောက် ခိုးထားသလဲဟုမေးသည်။ အဖြေထွက်လာသည်။ ခုနစ်ပေါင် ဆယ်သျှီလင်။ ငွေမှာ ဒေါ်လာ သုံးဆယ် ထက်ပိုမည်မဟုတ်။ မဖြစ်စလောက် ငွေကလေးအတွက်ကြောင့် ဤလူငယ်၏ ဘဝသည် ပျက်စီးရပေတော့မည်။

အခန်းထဲတွင် နောက်ထပ်တစ်ကြိမ် ငြိမ်ဆိတ်သွားပြန်သည်။ သုံးယောက်စလုံး ပါးစပ်မှ ဖွင့်မပြောကြသော်လည်း စိတ်ကတော့မကောင်း၊ ဤဖြစ်ရပ်ကို သိသူမှာ ကျွန်တော်တို့ သုံးဦးသာဖြစ်၏။ သို့ဆိုလျှင် အတွေး တစ်ခုဝင်လာသည်။ ထိုအတွေးသည် သုံးဦးစလုံးတွင်ဝင်လာသည့် တူညီသော အတွေးဖြစ်နေသည်။ သုံးယောက်စလုံးက တစ်သံတည်းထွက်စေခဲ့သော အတွေးဖြစ်၏။ ကျွန်တော်တို့ အနေဖြင့် သူ့အား ဒုတိယအကြိမ် ဘဝသစ် ထူထောင်ရန် အခွင့်အလမ်းပေးလိုကြသည်။ ဘလဲယားက သူ့အလုပ်ပြုတ် နိုင်သည်ကို ရင်ဆိုင်ကာ အမှုကို ဖုံးထားပေးမည်ဟု ဆုံးဖြတ်သည်။ သို့ဆိုလျှင် အမှုဖြစ်စရာအကြောင်းမရှိ။ အိမ်ရှင်အမျိုးသမီးကြီးက သူ့အခန်းငှားအပေါ် သံယောဇဉ်ရှိဟန်တူ၏။ တစ်လတိတိ အခန်းခနှင့် စားသောက်ခမယူဘဲ ထားပေးရန်တာဝန်ယူသည်။ ဤသို့ဖြင့် နောက်ဆုံးပြဿနာသည် ကျွန်တော့ အပေါ် ကျလာသည်။ ရုံးခန်းထဲရှိ မီးခံသေတ္တာထဲ ပြန်ထည့်ရမည့် ခုနစ်ပေါင် ဆယ်သျှီလင်ကို ကျွန်တော်က ဒါနပြုလိုက်ရပါသည်။

× × ×

နောင်နှစ်ပေါင်း နှစ်ဆယ်ကြာ ၁၉၄၉ ခုနှစ်၊ ရာသီတွင် ကျွန်တော် သည် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်၍ အမေရိကမှ အင်္ဂလန်သို့ ပြန်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com


သည်။ နယူးယောက်ဆိပ်ကမ်းမှ သင်္ဘောထွက်လာခဲ့ပြီးနောက် ဒုတိယနေ့တွင် ကျွန်တော်သည် သင်္ဘောကုန်းပတ်ပေါ်၌ အညောင်းပြေ လမ်းသလားလျက်ရှိသည်။ ဤအခိုက်တွင် အခြားခရီးသည်များထဲမှ တစ်ဦးသည် ကျွန်တော့်အား ခွဲဝေမရသော မျက်နှာထားဖြင့်စိတ်ဝင်တစား ကြည့်နေသည်ကို သတိထားမိသည်။ သံသယဖြစ်စရာမရှိပါ။ သူသည် ကျွန်တော့်အား မျက်ခြည်မပြတ်ကြည့်လျက်ရှိသည်။ သူ့အကြည့်သည် ကျွန်တော်သွားရာနောက်သို့ တကောက်ကောက် လိုက်လျက်ရှိသည်မှာ သေချာသည်။ သူ့မျက်လုံးများက စဉ်းစားဆုံးဖြတ်၍ မရနိုင်ခြင်းကို ဖော်ပြနေကြသည်။

ကျွန်တော် သူ့အား မျက်စိထောင့်ကပ်ပြီး ကြည့်မိသည်။ သူ့အသက်သည် လေးဆယ်ပတ်ဝန်းကျင်ရှိလိမ့်မည်ဟု ခန့်မှန်းမိသည်။ အရပ်ပုပု၊ အသားလတ်လတ်၊ နဖူးကျယ်ကျယ်၊ ဆံပင်ဖားဖား အမြင်အားနည်းပုံရသော မျက်စိများက အပြာရောင်၊ သူ့ဟန်အမူအရာသည် လူစိမ်းသူစိမ်းများနှင့် အလွယ်တကူ မိတ်ဖွဲ့တတ်သူတစ်ဦး မဟုတ်မှန်း သိသာနေသည်။ သူ၏ အနက်ရောင်ဝတ်စုံ၊ တပ်ထားသည့် နက္ကတိုင်၊ ကိုင်းမပါသောမျက်မှန်၊ သူ၏ ဝတ်စားဆင်ယင်ဆင်မှုများကို ခြုံငုံ၍ ကြည့်လိုက်သောအခါ အရာရာတွင် ချုပ်တည်းစောင့်စည်းမှုများနှင့် အလေးအနက်ပြုတတ်သည့် စိတ်နေစိတ်ဓာတ်ရှိ ကြောင်း သက်သေပြနေသည်ဟု ယူဆပါသည်။

ထိုအခိုက်တွင် နေ့လယ်စာ ခရာမှုတ်သံပေါ်လာသဖြင့်အောက်ထပ်သို့ ပြန်ဆင်းခဲ့သည်။ ကျန်အချိန်များတွင် ကျွန်တော် အခန်းအောင်းနေသည်။ နောက်တစ်နေ့ မွန်းလွဲပိုင်းတွင် ကျွန်တော် ကုန်းပတ်ပေါ်သို့ ရောက်သွားပြန်သည်။ မနေ့က တွေ့ခဲ့သော ခရီးသည်သည် ကုန်းပတ်ကုလားထိုင်ပေါ်မှ နေ၍ ကျွန်တော့်အား စိတ်ဝင်တစားကြည့်နေသည်ကို သတိထားမိပြန်ပါ သည်။

ယခုတစ်ကြိမ်တွင်မူ သူနှင့်အတူ အမျိုးသမီးတစ်ယောက်ပါရှိနေသည်။ သူ့ဇနီးဖြစ်ကြောင်း သိသာနေပါသည်။ အသက်မှာ သူနှင့် ရွယ်တူလောက်ပင်ရှိသည်။ အေးဆေးငြိမ်ဆိတ်သည့် လက္ခဏာရှိ၏။ မျက်လုံးက အညိုရောင်၊ ဆံပင်က အညိုရောင် ဖျော့ဖျော့၊ မီးခိုးရောင်စကပ်နှင့်သိုးမွှေးအနွေးထည် ဝတ်ထားသည်။ သူကလည်း သူ့ယောကျ်ားလိုပင် ကျွန်တော့်

www.burmeseclassic.com

www.burmeseclassic.com


အား စိတ်ဝင်တစားကြည့်နေသည်။ သူ့မျက်နှာထားကလည်း သူ့ယောကျ်ား ကဲ့သို့ပင် ခပ်တွန့်တွန့်ဖြစ်နေသည့် အရိပ်အငွေ့များ ဖော်ပြနေသည်။

ယခုတစ်ကြိမ်တွင်မူ ဖြစ်ပေါ်လာသော အခြေအနေသည် ကျွန်တော် ၏ သိချင်စိတ်ကို ပြင်းပြထက်သန်လာအောင် ဖန်တီးနေလေပြီ။ ဘဏ္ဍာစိုး ထံမှ တောင်းယူရရှိသည့် ခရီးသည်များစာရင်းကို ကျွန်တော် ကြည့်သည့် အခါ ထိုခရီးသည်လင်မယားမှာ မစ္စတာနှင့်မစ္စက်ဂျွန်ကွစ်လတာဖြစ်၍ လန်ဒန် မြို့တော်အနီးရှိ အီလင်းမှဖြစ်ကြောင်း သိရပါသည်။

ဤသို့ဖြင့် ထူးခြားမှုမရှိဘဲ နောက်တစ်ရက် ကုန်လွန်သွားပြန်သည်။ ကျွန်တော့်ရင်ထဲတွင် ဘဝင်မကျဖြစ်ဆဲပင်။ မစ္စတာ ဂျွန်ကွစ်လတာသည် ကျွန်တော့်ထံ ချဉ်းကပ်လိုသော်လည်း ရှက်စိတ်ကြောင့် သူ့ဆန္ဒအတိုင်း မလုပ် နိုင်ဘဲ ရှိနေသည်ဟု ကျွန်တော်က ဆုံးဖြတ်လိုက်သည်။ မည်သို့ပင်ဖြစ်စေ ဤကိစ္စမျိုးတွင် မိန်းမများသည် ယောကျ်ားများထက် နှုတ်သွက်အာသွက် ရှိသည်။ ရဲတင်းသည်။ ပင်လယ်ခရီး၏ နောက်ဆုံးည ကျွန်တော် ကုန်းပတ် ပေါ်ရောက်သွားသည့်အခါ မစ္စက်ဂျွန်ကွစ်လတာက သူ့ယောကျ်ား၏ နား တစ်ဘက်တွင် ပါးစပ်နှင့် ကပ်၍ တီးတိုးပြောကာ ကျွန်တော့်ထံသွားဖို့ တိုက် တွန်းသည်။ ယခုတစ်ကြိမ်တွင် မစ္စတာ ဂျွန်ကွစ်လတာ ကျွန်တော့်ထံ ရောက် လာပါသည်။

'ကျွန်တော့်ကို ခွင့်လွှတ်ပါ ဒေါက်တာ၊ ကျွန်တော့်ကိုယ် ကျွန်တော် မိတ်ဆက်ပါရစေ' သူစကားပြောပုံသည် အသက်ပင် မှန်မှန်မရှူနိုင်သည့် အနေအထား ကျွန်တော့်အား သူ့လိပ်စာကတ်ပြားပေးသည်။ ကျွန်တော့် မျက်နှာရိပ် မျက်နှာကဲကို စောင့်ကြည့်နေသည်။ သူ့နာမည်ကို မြင်လိုက်လျှင် ကျွန်တော့်မျက်နှာထား ပြောင်းသွားလေမလားဟု လေ့လာနေသည့်သဘော ဖြစ်၏။ ကျွန်တော့်ဘက်မှ အခြေပျက်မသွားသည်ကို မြင်သောအခါ သူသည် အိုးတို့အမ်းတမ်းဖြစ်ကာ စကားဆက်ပြောသည်။

'ဒေါက်တာ့အနေနဲ့ မိနစ်ပိုင်းလောက် အချိန်ပေးနိုင်မယ်ဆိုရင် ကျွန်တော့်ဇနီးနဲ့ ကျွန်တော်က စကားနည်းနည်းပါးပါး ပြောချင်လို့ပါ'

ကျွန်တော် သူနှင့်လိုက်သွားသည်။ သူက သူ့မိန်းမနှင့် မိတ်ဆက်

www.burmeseclassic.com

www.burmeseclassic.com


ပေးသည်။ နောက်ခဏအကြာတွင် ကျွန်တော်သည် သူတို့ဘေးရှိ ကုလားထိုင်လွတ်တစ်လုံး၌ နေရာယူထားပြီးဖြစ်သည်။ ပထမတော့ စကားဝိုင်းသည် သွက်သွက်လက်လက်မရှိ။ တုံ့ဆိုင်း တုံ့ဆိုင်းဖြစ်သည်။ သို့သော်လည်း ကျွန်တော်က သူတို့အား အမေရိကသို့ အပန်းဖြေအလယ်သွားပြီး ပြန်လာတာလားဟု မေးလိုက်သည့်အခါ သူ့ဘက်မှ သွက်လက်လာသည်။ သူတို့အဖို့ ပထမဆုံးအကြိမ် ခရီးထွက်ခြင်းဖြစ်ကြောင်း၊ ခရီးထွက်ရသည်မှာ စိတ်နှလုံးသာယာချမ်းမြေ့ကြောင်း၊ သူတို့၏ ယခုထွက်သည့်ခရီးမှာ အပန်းဖြေခရီးဟု မဆိုနိုင်ကြောင်း၊ အမေရိကန်မြောက်ပိုင်းပြည်နယ်များရှိ 'နွေရာသီ လူငယ် အပန်းဖြေစခန်းများ'ကို လာရောက်လေ့လာခြင်းဖြစ်ကြောင်း၊ ထို့နောက် နယူးယောက်မြို့တော်မှ လူငယ်ရိပ်သာများကို ဝင်ရောက်လေ့လာခြင်းဖြစ်ကြောင်း၊ ထို့ပြင်လည်း မြို့ကြီးပြကြီး အချို့ရှိ လူငယ်လုပ်ငန်းများကို သွားရောက်လေ့လာခဲ့ကြကြောင်း၊ အထူးသဖြင့် ဆင်းရဲသားလူမှု ဆက်ဆံရေးလောကနှင့် အဆင်မပြေဖြစ်နေသော ရာဇဝတ်မှုကျူးလွန်သော လူငယ်များ စောင့်ရှောက် ရေးလုပ်ငန်းများကို လေ့လာခဲ့ကြကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်း ပြသည်။

လူချင်းမသိကြမီက ကြုံခဲ့ရသည့် ထူးဆန်းမှုများ ရှိခဲ့သော်လည်း ဘာကြောင့်ရယ်ဟု မသိ။ စိတ်ထဲက သူ့အားတစ်ရင်းတစ်နှီး ခင်မင်လိုစိတ်ရှိနေသည်။ ကျွန်တော်အမေးအမြန်းထူမှုကြောင့် သူတို့အကြောင်း ပို၍သိလာရသည်။ သူတို့လင်မယားသည် လူငယ်စောင့်ရှောက်ရေးလုပ်ငန်းနယ်ပယ်တွင် တက်တက်ကြွကြွ ပါဝင်လှုပ်ရှားလာခဲ့သည်မှာ နှစ်ပေါင်းဆယ့်ငါးနှစ်မျှရှိခဲ့ပြီဟု သိရသည်။ သူသည် ရှေ့နေတစ်ယောက်ဖြစ်၍ အမှုလိုက်ရင်း တရားရုံးများ၌ ကြုံရသည့် ရာဇဝတ်မှုကျူးလွန်သော လူငယ်များအား စောင့်ရှောက်ကူညီခဲ့ကြသည်။ ဤသို့ဖြင့် သူသည် ယင်းလုပ်ငန်း၏ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခုတွင် ညွှန်ကြားရေးမှူးဖြစ်လာသည်။

သူ၏ ပရဟိတလုပ်ငန်းများအကြောင်း ပြောပြရာ၌ ခံစားမှု အပြည့်ဖြင့်စိတ်ကူးထက်သန်စွာ ပြောပြခြင်းဖြစ်သည်။ သူပြောပြနေခိုက်တွင် သူ့ဇနီးက ဝင်၍ထောက်ပေးသည်။ သူတို့ဆောင်ရွက်နေသော လုပ်ငန်းတစ်ခု

www.burmeseclassic.com

www.burmeseclassic.com


လုံးသည် ကျွန်တော့်မျက်စိထဲတွင် ပြတ်ပြတ်ထင်ထင် မြင်လာသည်။ သူတို့သည် စွန့်ပစ်ထားခြင်းခံရ၍ အကျင့်ပျက်ပြားလာသော လူငယ်များအား ပြန်လည်၍ ပြုစုပျိုးထောင်ပေးနေကြခြင်းဖြစ်၏။ ပထမဆုံးအကြိမ် ပြစ်မှုကျူးခဲ့သည့် ကလေးသူငယ်နှင့် လူငယ်များအား ပြုပြင်ရေးကျောင်းများသို့ ပို့ပေးခြင်း၊ အစမ်းလွှတ်စနစ်ကျင့်သုံးကာ ပတ်ဝန်းကျင် လောကသို့ပို့၍ ပြန်လည်ပြုပြင်လေ့ကျင့်ပေးခြင်း၊ ကိုယ်စိတ်နှစ်ပါးစလုံး ကြွံခိုင်ပြီဟု ယူဆရသူများအား အဖွဲ့အစည်းအတွင်း၌ ပြန်လည်နေရာချထားပေးခြင်းစသော လုပ်ငန်းများကို ဆောင်ရွက်ပေးနေကြခြင်းဖြစ်လေသည်။

တကယ်တော့ သူတို့လုပ်ငန်းသည် လူငယ်တစ်ဦး၏ ပျက်စီးယိုယွင်းသွားသော ဘဝကို ပြန်လည်ကယ်တင်ကာ ပြန်လည်ထူထောင်ပေးခြင်းဖြစ်သည်။ သူတို့စကားအဆုံးတွင် တစ်ခဏမျှ ငြိမ်ဆိတ်နေသည်။ ထို့နောက် ကျွန်တော်က ဤပရဟိတ လုပ်ငန်းအပေါ်တွင် သူ့ဘဝကို ဘာကြောင့် မြှုပ်နှံခဲ့ရပါသနည်းဟု စပ်စုမိပါသည်။

ကျွန်တော့်မေးခွန်းသည် သူ့အပေါ်တွင် ထူးခြားသော အကျိုးသက်ရောက်မှုတစ်ခုရှိသွားပုံပေါ်ပါသည်။ သူသည် ချက်ချင်းပင် ကျွန်တော့်အား ပြန်မေးသည်။

'ဒေါက်တာ ကျွန်တော့်ကို အခုထိ မမှတ်မိသေးဘူးလား'

အံ့အားသင့်သွားမိသော ကျွန်တော်မှာ ခေါင်းရမ်းပြလိုက်ပါသည်။ ကျွန်တော် စဉ်းစားပါသည်။ အရင်က ကျွန်တော်သူ့ကို လုံးဝ မတွေ့ဖူး မမြင်ဖူးခဲ့ပါ။

'ကျွန်တော် ဒေါက်တာနဲ့ အဆက်အသွယ်ရဖို့ ကြိုးစားခဲ့တာ နှစ်ပေါင်းမနည်းတော့ဘူး' ဟု သူက ပြောသည်။ 'ဒါပေမယ့် ကျွန်တော်ကိုယ်တိုင်က ဒေါက်တာ့ဆီလာဖို့ မဝံ့မရဲဖြစ်ခဲ့ရပါတယ်' ထို့နောက် သူသည် ကျွန်တော့်ဘက်သို့ခါးကုန်းကာ ကျွန်တော့်နားတစ်ဘက်တွင်ကပ်၍ စကားတစ်ခွန်းပြောသည်။ ထိုအခါ လွန်ခဲ့သော နှစ်အစိတ်နီးပါးခန့်က အဖြစ်တစ်ခုကို ဖြည်းဖြည်းချင်းသတိရလာသည်။ သူသည် ရှေ့နေရုံးမှ စာရေးကလေး

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်၏။ သူ့ကိုယ်သူ ဓာတ်ငွေ့လွှတ်၍ သတ်သေရန် ကြိုးပမ်းခဲ့သည့် လူငယ်ကလေးမဟုတ်ပါလား။

သဘော်သည် အမှောင်ထုကို ထိုးဖောက်ကာ ရွေ့လျားရှိပါသည်။ သုံးဦးစလုံး ငြိမ်ဆိတ်နေကြသည်။ မစ္စက်ကွမ်လတာသည် သူ့ယောကျ်ား၏ လက်ကို ဆုပ်ကိုင်ထားသည်။ ပင်လယ်ပြင်မှ လှိုင်းသံများနှင့် လေတိုက်သံ များ ကြားနေရသည်။ အလွန်ထူးခြားသော ခံစားမှုတစ်ခုသည် ကျွန်တော့်စိတ် ထဲ၌ ဖြစ်ပေါ်လျက်ရှိသည်။ ကုန်လွန်ခဲ့ပြီးဖြစ်သော နှစ်များအတွင်းက ကျွန်တော်သည် လူအများအပြားအား လိုအပ်သလို ကူညီစောင့်ရှောက်ခဲ့ဖူးပါ၏။ သူတို့ဘဝများအတွက် အကျိုးထူးများ ဖြစ်လာကောင်းရဲ့ ဟူသော စိတ် စေတနာနှင့်ဖြစ်သည။ သို့သော်လည်း ကျွန်တော် မျှော်လင့်သလို ဖြစ်မလာသဖြင့် စိတ်ဆင်းရဲခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ စိတ်ပျက်ခြင်း စသည့် အနိဋ္ဌာရုံ များကိုသာ ခံစားခဲ့ရသည်။ ယခုတစ်ဦးကျတော့ ကျွန်တော် ဝမ်းနည်းကြေကွဲစရာ မလိုပါ။ သူသည် ငွေကြေးရပ်ဝတ္ထုပစ္စည်းများကို အကျိုးအမြတ်များအဖြစ် ပြန်လည်ပေးဆပ်ခြင်း မပြုနိုင်သော်လည်း လောကကောင်းကျိုးဆောင်ရွက်ခြင်းတည်းဟူသော ထူးခြားမြင့်မြတ်သည့် အကျိုးအမြတ်တစ်ခုကိုမူ ဖြစ်ထွန်း စေခဲ့ပြီး မဟုတ်ပါလား။

× × ×

[ ၂၆ ]

'ဒေါက်တာ ...ကျွန်မ ကလေးမမွေးနိုင်တော့ဘူး၊ မွေးလဲမမွေးချင်တော့ဘူး'

ညနေ လေးနာရီ ဆေးခန်း၌ လူနာ အကျဆုံးဖြစ်သော အချိန်ဖြစ်၏။ ကျွန်တော့်အား အကြောက်အကန်ပြောဆိုနေသည့် အမျိုးသမီးသည် အရပ်မြင့်မြင့်၊ တောင့်တင်း ဖြောင့်စင်းသော ကိုယ်လုံး ကိုယ်ပေါက်ပိုင်ရှင် မိန်းမချောတစ်ဦး ဖြစ်သည်။ သူ၏ ဖက်ရှင်ကျကျ၊ ဦးထုပ်အနက်တွင် အဖိုးတန် စိန်တပွင့် တပ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်က သူ့အား စမ်းသပ်စစ်ဆေးပြီး၍ လက်များကို ဆေးကြောကာ တဘက်ဖြင့် သုတ်နေခိုက်ဖြစ်သည်။ လက်ထဲမှ တဘက်ကို သူ့နေရာ၌ ပြန်၍ ဖြန့်တင်ပြီးကာမှ အမျိုးသမီးဘက်လှည့်၍ စကားပြောနိုင်သည်။

'အခုမှတော့ အဲသလို ဆုံးဖြတ်လို့ မဖြစ်တော့ဘူး၊ သိပ်နောက်ကျသွားပြီ၊ နှစ်လလောက်တုန်းကတည်းက ဆုံးဖြတ်သင့်တဲ့ ကိစ္စ၊ အခုတော့ ကိုယ်ဝန်က သီတင်းကိုးပတ်တိတိရှိနေပြီ၊ ဇူလိုင်လ အလယ်လောက်ဆိုရင် မွေးတော့မှ'

'ကျွန်မ မမွေးချင်ဘူး၊ မမွေးပါရစေနဲ့ ဒေါက်တာ ကူညီပါ၊ ကျွန်မ တောင်းပန်ပါတယ်'

အရင့်အရင်ကလည်း ဤစကားမျိုးတွေကို ကျွန်တော်ကြားဖူးခဲ့သည်မှာ အကြိမ်ပေါင်း မရေတွက်နိုင်တော့၊ ဤစကားမျိုးကို ဒုက္ခနှင့်ရင်ဆိုင်နေကြရရှာသော ဆိုင်အရောင်းသမ မိန်းကလေးများထံမှလည်း ကြားခဲ့ရဖူးသည်။ အသက် သုံးဆယ့်ငါးနှစ်အရွယ် အပျိုကြီးထံမှလည်း ကြားခဲ့ရဖူး၏။ အရှက်တကွဲ အကျိုးနည်းနေရှာသော အပျိုခမြာ သဘာဝကျမှုကို ဂရုမပြုဘဲ အလွမ်းအဆွေးကိုသာ အဓိက အသားပေးထားသော ရေးခေတ်ပြဇာတ်များထဲမှ ဇာတ်လိုက် မင်းသမီးနှင့်တူနေသည်။ သူ့ချစ်သူ၏ 'သစ္စာဖောက်မှု'ကို သူ ခံရခြင်း ဖြစ်ပါသည်ဟု ကျွန်တော့အား ပြောပြသည်။

နာမည်ကျော် ရုပ်ရှင်မင်းသမီးတစ်ဦးထံမှလည်း ဤစကားမျိုး ကျွန်တော်ကြားခဲ့ဖူးသည်။ သူကတော့ သူ့အလုပ်ကို အပျက်မခံနိုင်ပါဟု ပြတ်ပြတ်ပင် ပြောသည်။ ထို့ပြင်လည်း ဤစကားမျိုးကို အတ္တအားကြီးပြီး စိတ်မမှန်သော အိမ်ထောင်ရှင်မများကလည်း ပြောလေ့ရှိကြသည်။ သူတို့ကျတော့ ကလေးမီးဖွားသည့်အခါ ခံစားရမည့် နာကျင်မှုဝေဒနာကို မခံချင်၍ ဖြစ်သည်။ သူတို့၏ ကိုယ်လုံးကိုယ်ပေါက်၊ သူတို့၏ ကျန်းမာရေး၊ သူတို့၏ ဘဝ ပျက်စီးသွားမှာ ကြောက်၍ဟု ဆိုကြသည်။ အားလုံးထဲတွင် ကလေးမီးဖွား ပြီးနောက် လင်ကမချစ်မှာကို အကြောက်ဆုံးဖြစ်ကြသည်။

အခု ကျွန်တော် ရင်ဆိုင်နေရသည့် အမျိုးသမီးကျတော့ အခြားလူများနှင့်အတူ၊ ကျွန်တော် သူ့အားသိပါသည်။ သူ့နာမည်က အီအာစာရစ္စ

www.burmeseclassic.com

www.burmeseclassic.com


ဂလင်း ဒင်းနင်း။ သူ့ခင်ပွန်းကိုပါ ကျွန်တော်သိသည်။ သူ့နာမည်က ဟင်နရီ။ သူတို့တွင် သားနှစ်ယောက်ရှိသည်။ လူချမ်းသာများဖြစ်ကြ၍ နိုက်ဘရစ်ချ်ဘက်တွင် အိမ်တစ်လုံး၊ ဟင်းပ်ရှိုင်းယားနယ်ဘက်တွင် ကျယ်ဝန်းသောခြံမြေနှင့် အိမ်တစ် လုံးရှိသည်။ ရစ်ပစ်၍ အကောင်းဆုံးနေရာဖြစ်သဖြင့် ကျွန်တော်ကိုယ်တိုင် ဆေးခန်း ပိတ်ရက်များတွင် သွားရောက်ခဲ့ဖူးသည်။

'ဒေါက်တာ သဘောပေါက်မှာပါ၊ ငွေကုန်မှာ နှမြောလို့ မဟုတ်ပါဘူး၊ အခုအခြေအနေထဲက လွတ်အောင် ထွက်မှဖြစ်မှာမို့ပါ။ ဒေါက်တာ ကူညီမယ်ဆိုရင် ကျွန်မ ဘာမဆိုပေးဖို့ အသင့်ပါ' သူက ကျွန်တော့မျက်နှာကို စေ့စေ့စိုက်စိုက်ကြည့်နေသည်။

သူဆိုလိုသည့် အဓိပ္ပာယ်ကို ကျွန်တော် နားလည်လိုက်သည်။ သံသယဖြစ်ဖွယ် မရှိပါ။ ယခင့် ယခင်က ကြားခဲ့ရဖူးသည့် ကမ်းလှမ်းချက် မျိုးပင်ဖြစ်သည်။ ရှင်းမရအောင် ရှုပ်ထွေးလာနိုင်မည့် အခြေအနေမျိုးဖြစ်သည်။ ဘယ်တော့မှ ပြောင်ပြောင်တင်းတင်း ပြုနိုင်မည့်ကိစ္စမျိုးမဟုတ်၊ တစ်ချိန်က ကျွန်တော့်အား ပြင်သစ်ဖက်ရှင်မယ်တစ်ဦးက ဤကမ်းလှမ်းချက်မျိုး ပေးခဲ့ဖူးသည်။ သူ့တွင် လင်ရှိပါလျက်နှင့် နောက်လူတစ်ယောက်နှင့်တွဲရာမှ ပြဿနာရှိလာခြင်းဖြစ်သည်။ ထိုစဉ်က မျက်ရည်လည်ရွဲနှင့် ကျွန်တော့်လက်ကို ဆွဲကိုင် ကာ၊ တောင်းပန်ခဲ့ခြင်းဖြစ်ည်။

တကယ့်တော့ ဆရာဝန်များသည်လည်း လူသားများပင် ဖြစ်ရာ သူတို့၏ သဘာဝလိုအင်ဆန္ဒများကို ချိုးနှိမ်ချုပ်တည်းရာတွင် အများတကာလိုပင် အခက်အခဲရှိကြ၏။ သို့သော်လည်း တာဝန်နှင့် ဂုဏ်သိက္ခာအရ အစွမ်းကုန်ချိုးနှိမ်ချုပ်တီးကြရပါသည်။ ကျွန်တော့်အနေဖြင့် ဤကိစ္စမျိုးတွင် ဘယ်တော့မှ အသိလက်လွတ်မဖြစ်ခဲ့ပါ။ ကိုယ်ကျင့်တရားတစ်ခုတည်းကြောင့်သာ မဟုတ်၊ ထိုးထွင်းသိမြင်သော ဉာဏ် သို့မဟုတ် လက်တွေ့ဆင်ခြင်သုံး သပ်လုပ်ကိုင်တတ်သော ဉာဏ၏ စေစားချက်ကြောင့်လည်း ဤအလုပ်မျိုးကို မလုပ်ခဲ့ခြင်းဖြစ်သည်။ ဆရာဝန်တစ်ယောက်သည် တစ်ကြိမ်တစ်ခါမျှ ကလေးဖျက်ချရသည့် အလုပ်ကိုလုပ်မိသည်ဆိုပါတော့။ သူသည် အစားပြန်မရနိုင်တော့သည့် ဆုံးရှုံးမှုကြီးတစ်ခုနှင့် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


မည်သို့ပင်ဖြစ်စေ တိတ်တဆိတ်ကြိတ်၍ ကလေးဖျက်ပေးရသည့် ဆရာဝန်များနှင့် ဆရာမများသည် လန်ဒန်မြို့တော်၏ ဆင်ခြေဖုံးရပ်ကွက်များတွင် အများအပြားရှိနေသည်။ အဆမတန် ငွေတောင်းကာ အန္တရာယ်အလွန်များသော ဤအလုပ်ကို မကြောက်မရွံ့ လုပ်ပေးလျက်ရှိကြ၏။ နောက်ဆုံးတစ်နေ့တွင် လက်လွန်ခြေလွန်ဖြစ်ပြီး မိန်းကလေးတစ်ယောက် သေဆုံးကာမှ လူသိရှင်ကြားဖြစ်ကာ ထောင်ကျသည့် အဖြစ်နှင့်ရင်ဆိုင်ကြရလေသည်။

ဤလူနာမျိုးသည် ဆောက်တည်ရာမရ ဖြစ်ခါမှ ကျွန်တော့်ထံရောက်လာခြင်းဖြစ်သည်ကို နားလည်ပါ၏။ သို့သော်လည်း ကျွန်တော်တတ်နိုင်သည့် ကိစ္စမဟုတ်ပါ၊ သူတို့သည် ဤအလုပ်၏ ကြောက်မက်ဖွယ်ကောင်းပုံနှင့် ဘေးအန္တရာယ်များပုံများကို နားလည်ကြသည်မဟုတ်။ ပစ္စည်းကိရိယာ စုံလင်သည့် ဆေးရုံများ၌ပင်လျှင် ဤအလုပ်သည် အန္တရာယ်ကင်းသည်မဟုတ် အလွန်စွန့်စားပြီး လုပ်ရသည့်အလုပ်မျိုး ဖြစ်သည်။ အကယ်၍ နောက်ဖေးခန်းများထဲ၌ မသန့်မစင်သော ပစ္စည်းကိရိယာများကိုသုံး၍ မကျွမ်းကျင်သူ များက လုပ်ကိုင်သည့်အခါ မည်မျှအထိ အန္တရာယ်များမည်ကို ခန့်မှန်းကြည့်ရုံ မျှဖြင့် သိနိုင်လောက်ပါသည်။ သွေးလွန်ခြင်း အခြားရောဂါများ ကူးစက်ခြင်း၊ ဝမ်းဗိုက်နံရံများ၌ ဖုံးအုပ်နေသည့် အရေလွှာများရောင်သည့် ပါရီတွန်နီတိုက်စ် ရောဂါ ကပ်ငြိခြင်းစသည့် အဖြစ်ဆိုးများနှင့် ရင်ဆိုင်ရတတ်ပါသည်။

ကျွန်တော့်ထံ ရောက်လာကြသည့် အမျိုးသမီးများထဲတွင် ဆေးလုံးဆေးရည်များ သောက်လိုက်ရုံမျှဖြင့် သူတို့ကယောင်ချောက်ချားဖြစ်နေရသည့် ဘဝမှလွတ်မြောက်သွားလိမ့်မည်ဟု ယုံကြည်နေကြသူများပင်ပါသည်။ တစ်ချို့ကျတော့လည်း ရေနွေးပူပူချိုးလျှင်၊ ဆောင့်ကြောင့်ထိုင်ပြီး လှေကားကို နောက်ပြန်ဆင်းလျှင် ကလေးပျက်ကျသွားလိမ့်မည်ဟု ထင်သူများလည်းရှိ၏။ တစ်ချို့ကျတော့ ကြောင်တောင်တောင်အတွေးများပင် ရှိနေတတ်သဖြင့် ငိုအားထက်ရယ်အားသန်ရသည့်အဖြစ်များနှင့် မကြာခဏ ရင်ဆိုင်ရသည်။ အမှန် တော့ သူတို့သည် သနားစရာကောင်းသည့် သတ္တဝါများ ဖြစ်ပါသည်။ သူတို့ ထဲတွင် အများစုသည် ကိုယ်ချင်းစာတရားရှေ့ထား၍ တရားချကာ ဖျောင်းဖျ ပေးဖို့ လိုပါသည်။ ကျွန်တော့ထံမှ ဤအရာများနှင့် အကောင်းဆုံး အကြံဉာဏ်

www.burmeseclassic.com

www.burmeseclassic.com


များကိုသာ ရရှိကြပါသည်။ ထို့ထက်ပို၍ ရဖို့ကား မဖြစ်နိုင်ပါ။ ရလည်း မရကြပါ။

ယခု ကျွန်တော့်အား အပူတိုက်နေသည့် ဘီအာတရစ္စဂလင်းဒင်းနား မှာ မသိနားမလည်သူ မဟုတ်ပါ စိတ်ဓာတ်လည်း မာကြောကြွခိုင်သည်။ အသိပညာဗဟုသုတလည်း ရှိသည်။ အထက်တန်းစား လူ့အဖွဲ့အစည်းထဲတွင် အများက မော့ကြည့်နေရသူ တစ်ဦးဖြစ်သည်။

ကျွန်တော်သူ့အား တင်းတင်းမာမာ ဆက်ဆံပြောဆို၍မဖြစ်ပါ။ ထို့ကြောင့် ကျွန်တော်က အေးအေးသာသာဖြင့် နားဝင်အောင် ရှင်းပြသည်။

'အလွန်ကို အဆင်မပြေဖြစ်နိုင်တဲ့ ကိစ္စတစ်ခု ဖြစ်နေပါတယ်၊ သား နှစ်ယောက်ကလဲ ရှိနေပါတယ်၊ ပြီးတော့ ကလေးတစ်ယောက် ထပ်ရတဲ့ အတွက် ဟင်နရီကလဲ ဝမ်းသာမှာပါ'

'အရူးတစ်ယောက် စကားပြောသလို မပြောပါနဲ့ ဒေါက်တာ၊ ဟင်နရီ က ကလေးအဖေ မဟုတ်ဘူးရှင့်'

ဤအတိုင်း ဖြစ်လိမ့်မည်ဟု ကျွန်တော် မျှော်လင့်ထားပြီး ဖြစ်သော် လည်း ကာယကံရှင်က တိတိကျကျ ထုတ်ဖော်ပြောလိုက်သည့်အခါ ဘာပြန် ပြောရမှန်း မသိတော့ပါ။

ကျွန်တော် တောပိုင်းရှိသူတို့ခြံသို့ရောက်ခဲ့စဉ်က သူတို့မိသားစုနှင့် အလွန်ရင်းနှီးသော အမျိုးသားတစ်ယောက်နှင့် ဆုံခဲ့ဖူးပါသည်။ ထိုသူမှာ ဟင်နီရီ၏ သူငယ်ချင်းတစ်ယောက်ဖြစ်၍ ဟင်နရီနှင့်အတူ ငါးမျှား၊ ငှက်ပစ် ထွက် နေသူဖြစ်၏။ လူပုံက အားကစားသမား ဂိုက်ဆိုင်မျိုးဖြစ်သည်။ ကျွန်တော်က သူ့အားတွေ့ချင်းမနှစ်မြို့စိတ်ဖြစ်ခဲ့ပါသည်။ သူသည် ဟင်နီရီ၏မယားနှင့် တိတ်တဆိတ်ကြိတ်၍ နောက်မီးလင်းခဲ့သူဖြစ်၏။

နောက်ဆုံးမတတ်သာတော့သဖြင့် အမှန်အတိုင်း ပြောင်ပြောင်တင်း တင်းပင် ဖွင့်ပြောသည်။ 'ဒီအလုပ်မျိုးက မကောင်းတဲ့အလုပ် တစ်ခုပဲ ကျွန်တော်ကတော့ လုပ်ပေးနိုင်စွမ်း မရှိဘူး'

'ရှင် ကျွန်မကို မကူညီဘူးပေါ့ ဟုတ်လား'

'မကူညီနိုင်ပါဘူး'

www.burmeseclassic.com

www.burmeseclassic.com


သူ့ပါးနှစ်ဘက်တွင် သွေးရောင်သန်းလာသည်။ ကျွန်တော့်အားကြည့်နေသည့်မျက်လုံးများသည် မီးဝင်းဝင်းတောက်နေသည့်နှယ် ရှိသည်။ သူ့အိတ် ကို ဆွဲယူလိုက်သည်။ အပယ်ခံ မိန်းမတစ်ယောက်သည် ရာသက်ပန် ရန်သူတစ်ယောက်အဖြစ်သို့ ရောက်သွားခဲ့လေပြီ။

'ဒါဆိုလဲ ရပါတယ်၊ ဒေါက်တာ နောက်ထပ်ပြောစရာ ဘာမှမရှိတော့ပါဘူး'

'ခင်ဗျားမပြန်ခင် တစ်ခုတော့မှာလိုက်ချင်တယ်၊ ခင်ဗျားကိုယ် ခင်ဗျား ဒေါက်တာ ရမ်းကုတစ်ယောက်ရဲ့ လက်ထဲကိုတော့ သွားမအပ်ပါနဲ့ ခင်ဗျား မှားလိမ့်မယ်'

သူသည် ကျွန်တော့်စကားကို ကြားဟန်မတူ။ အခန်းထဲမှ ဒေါသတကြီးဖြင့် ထွက်သွားသည်။

ကျွန်တော် စိတ်မချမ်းမြေ့စွာဖြင့် အကောင်းဆုံးလူနာတစ်ယောက် ဆုံးရှုံးရပြီဟု စိတ်ထဲက ခံစားရသည်။ နှစ်စဉ် နွေဦးပေါက်လို ငွေရနေကျဖြစ်သည့် ရစ်ဒါဇင်ဝက်ကိုလည်း လက်လွှတ်ရပြီဟု တွေးမိသည်။ ကျွန်တော် မစ္စက်ဂလင်းဒင်းနှင့် ထပ်မံတွေ့ရတော့မည် မဟုတ်ဟုပင် ယူဆ လိုက်ပါသည်။ ကျွန်တော် မည်မျှလောက်အတွက်မှားခဲ့ပါသနည်း။ ခေါင်းမာလွန်းလှသော ဤအမျိုးသမီး၏ အကျင့်စရိုက်ကို ကျွန်တော် သိထားသည်မှာ မဖြစ်စလောက် ဖြစ်ပါသည်။

နောက်ဆယ်ရက်ခန့်အကြာတွင် တစ်ရက်တွင်တယ်လီဖုန်းခေါ်သံ ကြားရသည်။ ဟင်နရီ ဂလင်းဒင်းနင်းဖြစ်၏။ သူ့ဇနီး အီအာစာရစ္စ ဂလင်း ဒင်းနင်း အအေးမိပြီး တုတ်ကွေးဖျားဝင်နေသည်ဟု ဆိုသည်။ ဖြစ်နိုင်လျှင် ကျွန်တော် သူတို့ထံ အမြန်ဆုံးလာခဲ့ပါဟု ဆိုသည်။ တစ်နာရီခန့်အတွင်း ကျွန်တော် သူတို့အိမ်ရောက်သွားသည်။ ချက်ချင်းပင် ဘီအားထရစ္စအခန်းသို့ ပို့ပေးသည်။

လူနာသည် အိပ်ရာပေါ်၌ လဲနေသည်။ သူ့အား စောင့်ရှောက်နေသည့် သူနာပြုဆရာမသည် တုတ်တုတ်ခိုင်ခိုင်နှင့် မျက်နှာပေါက်ဆိုးဆိုး။ လူနာ၏ မျက်နှာတွင် သွေးရောင်မရှိ။ တစ်ချက်ကြည့်ရုံမျှဖြင့် မည်မျှလောက်

www.burmeseclassic.com

www.burmeseclassic.com


အထိ ခံစားထားရသည်ကို ခန့်မှန်းနိုင်ပါသည်။ ကျွန်တော် ထင်ထားသည့် အတိုင်း ပင် ဖြစ်၏။ ကိုယ်ဝန်ကို ဖျက်ချပြီးခဲ့ပြီ။ သွေးသွန်ထားပြီးသည်မှာ အနည်းဆုံး ဆယ့်နှစ်နာရီတော့ ရှိခဲ့ပြီ။

'ကျွန်မ အားလုံး အဆင်သင့်လုပ်ထားတယ် ဒေါက်တာ'ဟု သူနာပြု ဆရာမက ချောက်ကပ်ကပ်လေသံဖြင့် ပြောသည်။

ဒေါသအရှိန်ကြောင့် ရင်ထဲတွင် ကြိတ်မနိုင်ခဲမရ ဖြစ်ရပါသည်။ အခန်းထဲမှ ဖြုန်းခနဲထွက်သွားချင်စိတ် ဖြစ်ပေးလျက်ရှိသည်။ သို့သော်လည်း ကျွန်တော် ဘယ်လိုလုပ်ပြီး ထွက်သွားနိုင်ပါမည်နည်း။ ဤအမျိုးသမီးအတွက် ကျွန်တော် တစ်ခုခုတော့ လုပ်မပေး၍မဖြစ်။ ကျွန်တော်သည် ထောင်ချောက် ဆင်၍ အဖမ်းခံထားရသည့်နှယ် ခံစားရသည်။

ကျွန်တော် သူ့အတွက် လုပ်စရာရှိသည်များ လုပ်ပေးသည်။ ကျွန်တော်အသုံးပြုသောနည်းများသည် သူ့အတွက် မသက်သာလှပေ။ သို့သော်လည်း သူသည် ညည်းညူခြင်းမပြုဘဲ ကြိတ်မှိတ်၍ခံသည်။ နောက်ဆုံး တွင် သွေးသွန်ခြင်းကို ထိန်းချုပ်နိုင်သည့် အခြေအနေသို့ ရောက်လာသည်။ ကျွန်တော် အခန်းထဲမှ ပြန်ထွက်ရန် ဟန်ပြင်သည်။

အမျိုးသမီးသည် တစ်ချိန်လုံး ကျွန်တော့်မျက်နှာကိုသာ စိုက်ကြည့် နေသည်။ အခုကျမှပင် သူသည် အားထုတ်၍ စကားပြောသည်။

'ကျွန်မဖြစ်တာ တုပ်ကွေးပဲနော် ...ဒေါက်တာ၊ ဟင်နရီက တုပ်ကွေး ပဲလို့ သိထားတယ်၊ ဒီည တစ်ခေါက်လာကြည့်ပေးပါဦး ဒေါက်တာ'

ဟင်နရီသည် အောက်ထပ်စာကြည့်ခန်းမှ ကျွန်တော့်အတွက် ရှယ်ရီ တစ်ဖန်ခွက် အဆင်သင့်ထည့်၍ စောင့်မျှော်လျက်ရှိပါသည်။ သူသည် မယား ကို အလွန်ချစ်သည်။ သဘောကလည်း အလွန်ကောင်းသည်။ လူလုံးလူဖန် သေးသေးနှင့် ရက်တတ်သောစိတ်ရှိသည်။ ဖခင်ထံမှ ဆက်ခံရရှိသော အမွေ အနှစ်ဖြင့် လူချမ်းသာဘဝ ရလာသူဖြစ်၏။ သူ့ငွေများကို သူတစ်ပါးစိတ်ချမ်း သာဖို့အတွက် အများအပြား သုံးစွဲသူဖြစ်သည်။ သူ၏ပွင့်လင်းချိုသာသော မျက်နှာကို မြင်လိုက်သည့်အခါ ကျွန်တော် ပြောလိုသော စကားများသည် လျှာပေါ်မှာပင် ပျောက်သွားသည်။ ကျွန်တော်ပြောမထွက်ပါ။

www.burmeseclassic.com

www.burmeseclassic.com


'တုပ်ကွေးအဖျားဟာ တော်တော်ကို ဆိုးတာပါပဲနော်'

'ဟုတ်တယ် ဟင်နရီ'

'အခု သူဖြစ်တာ အတော်ဆိုးသလား ဒေါက်တာ'

'ဟုတ်တယ်၊ ဆိုးတယ်'

'ဒေါက်တာ သေသေချာချာ ကြည့်ခဲ့ပါတယ်နော်'

'ကြည့်ခဲ့ပါတယ်'

ထိုညက ကျွန်တော် နောက်တစ်ခေါက် ထပ်သွားခဲ့သည်။ နောက်ဆယ်ရက်တိတိ နေ့စဉ်တစ်နေ့ နှစ်ခေါက်ပုံမှန်သွားကြည့်ပေးရသည်။ အလွန်စိတ်နလုံး မသာယာစရာကောင်းသည့် ကိစ္စမျိုး ဖြစ်၏။ ခွဲစိတ်ကုသရာ၌ အသုံးပြုသည့် နည်းလမ်းအချို့ကိုပါ အသုံးပြု၍ ကုသပေးနေရခြင်းဖြစ်၏။ အလိမ်အညာ အနုပ်ခံရမှုန်း သိနေပါလျက်နှင့်ပင် ကျွန်တော်လုပ်ပေးရမည့် အပိုင်းကို ကျွန်တော်တာဝန်ယူ၍ လုပ်ပေးနေရခြင်း ဖြစ်သည်။ ကျန်အပိုင်းများကိုမူ ဘီအားထရစ္စနှင့် သူနာပြုဆရာမတို့က သူတို့နည်းဗျူဟာများကို သုံး၍ လုပ်သွားကြသည်။

ဟင်နရီဂလင်းဒင်းသည် တစ်အိမ်တည်း အတူနေသူဖြစ်၏။ ညတိုင်း လူနာ၏ အခန်းနှင့်ဆက်လျက် အခန်းတွင် အိပ်သူဖြစ်၏။ သို့သော်လည်း လူနာ၏အဖြစ်မှန်ကို လုံးဝမရိပ်မိ။ အခုလိုဆိုပြန်တော့လည်း မယုံကြည် နိုင်စရာ ဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ အဖြစ်ကတော့ ဤအတိုင်းဖြစ်ခဲ့ သည်မှာ အမှန်ဖြစ်ပါသည်။

ထိုလကုန်တွင် ကျွန်တော် သူတို့ထံ နောက်ဆုံးအခေါက် ရောက်သည့်အခါ မစ္စက်ဂလင်းဒင်းနားသည် ထူထူထောင်ထောင် ဖြစ်နေပြီး သူသည် ဧည့်ခန်းထဲရှိ ဆိုဖာပေါ်၌ ထိုင်နေသည်။ အခန်းထဲတွင် နေရာတိုင်းလိုလို၌ ပန်းအိုးများချထားသည်။ ဟင်နရီကတော့ သူ့မယားနေကောင်းလာသဖြင့် များစွာ ဝမ်းသာလျက်ရှိသည်။ အခန်းထဲသို့ လက်ဖက်ရည်ပွဲလာပို့သူမှာ အိမ်စေ မကလေးတစ်ယောက် မျက်နှာပေါက်ဆိုးဆိုး။ သူနာပြုဆရာမ ပြန်သွားသည် မှာ ကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com


ဘီအားထရစ္စသည် ကိတ်မုန့်တစ်ချပ်ကိုကိုင်၍ ကျွန်တော့်အား လှမ်းကြည့်သည်။

'ဟင်နရီက ကျွန်မကို လာမယ့်သီတင်းပတ်ထဲမှာ မက်စီးရီးယားကို ခေါ်သွားလိမ့်မယ်၊ ကျွန်မအတွက် အပြောင်းအလဲလေး ဖြစ်အောင်လို့တဲ့'

'မင်းအတွက် သွားဖို့လိုအပ်နေတယ်မဟုတ်လား အချစ်ရယ်'

'အချစ်ကို ကျေးဇူးတင်ပါတယ်ကွယ်'

ဘုရား ...ဘုရား၊ မြွေဟောင်လို လျှာနှစ်ခွနဲ့ မိန်းမစားပါလား၊ သစ္စာမဲ့လုပ်ပါဘိခြင်း၊ တည်တည်ငြိမ်ငြိမ် အေးအေးဆေးဆေးနှင့် စနစ်တကျ စီစဉ်ပြီး လိမ်လည်လှည့်စားနေခြင်းဖြစ်၏။ ကြောက်မက်ဖွယ်ကောင်းလှသည့် ကောက်ကျစ်စဉ်းလဲမှု တစ်ခုပေတည်း။

'ကျွန်မတို့နှစ်ယောက်တည်း ပထမဆုံးအကြိမ် ဖြစ်နေမယ့် သီတင်းပတ်ပါ ဒေါက်တာ'ဟု သူက ပြောသည်။

'ဒုတိယအကြိမ် ပျားရည်ဆမ်းခရီးဆိုရင်လဲ မမှားဘူးပေါ့၊ နောက်ပိုင်းတွင် ဟိုကို ဂျော့လိုက်လာလိမ့်မယ်၊ ကျွန်မတို့ လင်မယားက ဂျော့ကို သိပ် ခင်တယ် မဟုတ်လား ဒေါက်တာရယ်'

သူ့မျက်လုံးများက ကျွန်တော့်အား စိုက်ကြည့်နေသည်။ တစ်ချက်ကလေးမျှ မှုမပျက်သည့် အကြည့်ဖြစ်၏။

'လက်ဖက်ရည် ထပ်ယူပါဦးလား ဒေါက်တာ၊ ကျွန်တော်တို့ ပြန်ရောက်တဲ့အခါ 'ရစ်' လာပစ်လှည့်ဦးနော်'

ကျွန်တော် ထိုင်ရာမှထသည်။ ဟင်နရီက တံခါးဝအထိ လိုက်ပို့ပြီး ကျွန်တော့်လက်ကိုဆွဲခါပြီး နှုတ်ဆက်သည်။

'အစစအရာရာ ကူညီခဲ့တဲ့အတွက် ဒေါက်တာကို သိပ်ကျေးဇူးတင်ပါတယ်၊ အင်း ...တုပ်ကွေးဟာ အတော့်ကိုဆိုးတာပါပဲနော်'

ကျွန်တော်သည် ကင်ဆင်တန်ဂါဒင်းကိုဖြတ်၍ ပြန်လာခဲ့သည်။ တစ်လမ်းလုံးလည်း ကြိတ်ကာ ရေရွတ်မိလာမိသည်။ 'တော်တော့်ကို ရွံ့ရှာစက်ဆုတ်ဖို့ကောင်းတဲ့ သတ္တဝါပဲ၊ တော်တော်ဆိုးတဲ့သူပါလား'

www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း စက်တင်ဘာလထဲရောက်သည့်အခါ ကျွန်တော်ရနေကျ ရစ်ဒါဇင်ဝက်ကို ရခဲ့သည်။ ရစ်များသည် အလွန်အရသာရှိပြီး နူးညံ့သည့် ငှက်များဖြစ်သည် မဟုတ်ပါလား။

* * * * *

[ ၂၇ ]

လန်ဒန်လို မြို့ကြီးတစ်မြို့၌ ဆေးကုနေရသော ဆရာဝန်တစ်ယောက်အဖို့ မြို့နေမိသားစုများ၏ စိတ်မချမ်းမြေ့ဖွယ်ရာ အပိုင်းများကို မြင်တွေ့ရသည်မှာ မလွှဲသာမရှောင်သာသည့် ကိစ္စတစ်ရပ်ဖြစ်ပါသည်။ ယခင်က ကျွန်တော် သည် မြေလတ်ပိုင်းကျေးလက်ဒေသများနှင့် ဝေလပြည်နယ်အတွင်းမှ သတ္တုတွင်းရွာများ၌ ဆေးကုသခဲ့သူဖြစ်သည်။ ထိုစဉ်ကတော့ မိသားစုအဖွဲ့အစည်းကလေးအား လူအများက အလေးအမြတ်ပြုကြသည်ကို မျက်မြင်ကိုယ်တွေ့ဖြစ်ခဲ့ရ၏။ မြို့ကြီးပြကြီးများနှင့် အလွန်အလှမ်းဝေးသည့် ယင်းနယ်မြေဒေသများအတွင်း၌ဆိုလျှင် မိသားစုတစ်ခု၏ အဖွဲ့ဝင်အားလုံးသည် မြေယာ သို့မဟုတ် သတ္တုတွင်းကိုအမှီပြု၍ အတူတူလက်တွဲပြီး စုပေါင်းအလုပ်လုပ်ကြ ရသည်။ ထို့ကြောင့်လည်း မိသားစုဟူသော လူ့အဖွဲ့အစည်းကလေးသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အလိုအပ်ဆုံးသော အခြေခံအဖွဲ့ကလေးတစ်ခုအဖြစ် ရပ်တည်နေသည်။ ကျွန်တော် နေထိုင်ခဲ့ဖူးသည့် တန်နော့ချ်ဘာရေး ရွာ၌ဆိုလျှင် မိဘများနှင့် သားသမီးများသည် ဆိုးတူကောင်းဖက်များ ဖြစ်ကြသည်။ မနက်စောစောစီးစီးထကာ ကိုယ်တာဝန်ကျရာ အလုပ်ခွင်သို့ ဝင်ကြရသည်။ ကျွဲနွားများ ထိန်းကျောင်းခြင်း၊ နို့ညှစ်ခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း၊ မုန့်ဖုတ်ခြင်း၊ ချက်ပြုတ်ခြင်း၊ အစားအစာ စည်သွပ်ခြင်း၊ ပန်းကန်ခွက်ယောက်များ ဆေးကြောခြင်း၊ အဝတ်လျှော်ခြင်း စသည့်များပြားလှသော တာဝန်များကို ခွဲဝေ၍ လုပ်ကြသည်။ ယင်းကဲ့သို့ ခက်ခဲကြမ်းတမ်းပြီး ရိုးစင်းသော ဘဝတွင် တာဝန်သိသော စိတ်သည် မိသားစုဝင်တိုင်း၌ ရှိကြသည်။ ဘာသာကိုင်းရှိုင်းမှုတွင်လည်း တညီတညွတ်တည်းအလေးအနက်ပြုကြသည်။ လူတို့၏

www.burmeseclassic.com

www.burmeseclassic.com


သဘာဝအလျောက် အာရုံခံစားမှုများရှိသော်လည်း သူတို့အတွက် ပျော်ပွဲရွှင်ပွဲဆိုသည်မှာ မကြာခဏ ရှိနိုင်မည်မဟုတ်၊ တင်းကြပ်သောစည်းကမ်းချက်များရှိနေသည်မှာ မှန်သော်လည်း မိသားစုထဲတွင် သူ့နည်းသူ့ဟန်ဖြင့် ရရှိခံစားနေရသည့် အကျိုးဖြစ်ထွန်းမှုများနှင့်သာမက ကျေနပ်မှုများလည်း ရှိနေသည်။ ထို့ကြောင့်လည်း ဖျက်ဆီး၍ မရနိုင်လောက်အောင် စည်းလုံး ညီညွတ်မှု ရှိကြခြင်းဖြစ်၏။

လန်ဒန်မြို့တွင်ကား ယင်းအခြေအနေမျိုးနှင့် လုံးဝခြားနားလျက်ရှိသည်။ ဤမြို့ကြီးပေါ်တွင် ယဉ်ကျေးမှုဟု ခေါ်ဆိုနေကြသော သက်တောင့်သက်သာဖြစ်မှုများ၊ အာရုံအမျိုးမျိုး ခံစားနိုင်သည့် သာယာပျော်ရွှင်မှုများ၊ စိတ်ဓာတ်ပျက်ပြားမှုများကို ဖြစ်စေနိုင်သည့် ရတ်ရတ်သဲသဲ ဖြစ်မှုများ၊ စိတ်လှုပ်ရှားမှုကို ဖြစ်စေနိုင်သည့် ဖြစ်ရပ်များနှင့် ပြည့်လျှံလျက်ရှိသည်။ ဤအရာများ၏ ဩဇာအရှိန်အဝါသည် နေအိမ်အပေါ်၌ ဖိစီးလွှမ်းမိုးလျက်ရှိသည်။ ပဋိသန္ဓေစိတ်ဟု ခေါ်ဆိုနိုင်သည့် အချင်းချင်းသံယောဇဉ်ငြိတွယ်မှုသည်လည်း မိသားစုအတွင်း၌ ချို့တဲ့လျက်ရှိသည်။ ရှေးခေတ် လူ့အဖွဲ့အစည်းတွင်မူ ဤစိတ်သည် မိသားစုပြိုကွဲမသွားအောင် ထိန်းထားနိုင်စွမ်းရှိ၏။ လန်ဒန်လို မြို့ပေါ်ရှိ မိသားစုအတွင်း၌ကား ဤစိတ်ကင်းမဲ့မှုကြောင့် အချင်းချင်းစည်းလုံးခြင်းမရှိ၊ စိတ်ဝမ်းကွဲပြားကာ တသီးတခြားစီ ဖြစ်နေကြသည်က များလေသည်။

မြို့ကြီးပြကြီးများ၌သာ တွေ့ရတတ်သည့် လင်ကွာမယားကွာအမှုများသည် တရားရုံးများ၌ အများအပြား ရှိနေသည်။ အိမ်ထောင်ပြိုကွဲမှုကို အကြောင်းပြု၍ ဖြစ်ပေါ်လာသော ကျန်းမာရေးချို့တဲ့မှုအများအပြားသည်လည်း ကျွန်တော့်ဆေးကုခန်းသို့ ရောက်လာလေ့ရှိသည်။ တကယ်တော့ သူတို့၏ ဆင်းရဲဒုက္ခများသည် သေးလှသည်မဟုတ်၊ မိသားစု ပြိုကွဲမှုဖြစ်လာသည့်အခါ ရန်ငြိုးကြီးမှုများနှင့် အာဃာတထားမှုများကို ရှေ့တန်းတင်လာကြသည်။ ထိုအခါ သားသမီးများသည် ကြားမှတန်ဆာခံဖြစ်ကာ ဒုက္ခဆင်းရဲနှင့် ကြုံကြ ရ၏။ နောက်ဆုံးတွင် မိသားစုတစ်ခုလုံး အချင်းချင်း စိတ်ဝမ်းကွဲကာ ကစင့်ကလျားဖြစ်မှုဖြင့် အဆုံးသတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com


အိမ်ထောင်စုများ ပြိုကွဲရခြင်း၏ အဓိကအကြောင်းရင်းမှာ အိမ်ထောင်ပြုခြင်း၏ စစ်မှန်သော ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်ကိုလုံးဝနားလည်သဘောပေါက်ခြင်း မရှိဘဲ သို့မဟုတ် မှန်မှန်ကန်ကန် သဘောပေါက်ခြင်းမရှိဘဲ ခပ်ပေါ့ပေါ့တန်တန် သဘောထားကာ အလျင်စလို သို့မဟုတ် ဆင်ကန်းတောတိုး ကမူးရှူးထိုး ပြုမူမှုများကြောင့် ဖြစ်သည်။ အထူးသဖြင့် ဖိုမဆက်ဆံရေးကိစ္စကို အသားပေး၍ ရှေ့တန်းတင်စဉ်းစားခြင်း၊ ချစ်ရေးချစ်ရာ စိတ်ကူးယဉ်မှုများကို အဓိကထားခြင်း စသည်များသည် အိမ်ထောင်တစ်ခုတည်ဆောက်မှု၏ အခြေခံအုတ်မြစ်ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

အိမ်ထောင်ပြုရာ၌ ကာယသုခ သို့မဟုတ် ကာမဂုဏ်အာရုံခံစားရေးသည် လိုအပ်ချက်တစ်ခု ဖြစ်သည်မှာ မှန်၏။ သို့သော်လည်း အဓိကနေရာ၌ထား၍ကား မဖြစ်ပေ၊ အိမ်ထောင်သည်ဘဝတွင် ဤကိစ္စထက်ပို၍ အလေးအနက်ပြုသင့်သော အရာများရှိနေသည်ကို ကြိုတင်၍ စဉ်းစားဖို့လိုသည်။

'မြင်မြင်ချင်း ချစ်မိကြိုက်မိသည်' ဟူသော အယူအဆသည် အန္တရာယ်များသော မောဟတစ်ခု ဖြစ်သည်။ ရှေးပညာရှိများ၏ စကားသည် အလွန်မှန်၏။ ခုမြင် ခုတွေ့ ခုကြိုက် ခုညားလျှင် နောင်တများသာ ပွားတတ်သည်ဟူသော စကားသည် အလွန်အလေးအနက်ပြုသင့်သော စကားဖြစ်ချေသည်။ ခုမြာ ခုတွေ့ ခုကြိုက် ခုညားလုပ်မည့် လူငယ်များအား အိမ်ထောင် သည်များကြုံရမည့် လက်တွေ့ဘဝအကြောင်းကိုနားလည်သဘောပေါက် အောင်ပညာပေးဖို့ လိုအပ်သည်ဟု ထင်ပါသည်။ လက်ထပ်ရန် တာစူနေသည့် အချစ်ရူးလူငယ်ယောကျ်ားလေးနှင့်တွေ့လျှင် ကျွန်တော်ကတော့ ရှုဒီကစ် ပလင်၏ အမျိုးသမီးနှင့် ပတ်သက်သော ဖော်ပြချက် စာပိုဒ်ကလေးကို ရွတ်ပြ လေ့ရှိသည်။ 'အဝတ်ရယ်၊ အရိုးရယ်၊ ဆံပင်ရယ်၊ ဒါပါပဲကွယ်' သတို့သမီး လောင်းနှင့် တွေ့လျှင်တော့ မင်းရဲ့ သူ့ရဲကောင်း မင်းရဲ့ချစ်သူ ဟာ သူလိုငါလိုယောကျ်ားတစ်ယောက်ပါပဲကွယ်'ဟု ရွတ်ပြလေ့ရှိပါသည်။

ကျွန်တော့်ဇာတိ စကော့တလန်နိုင်ငံတွင် လူပျို အပျိုလှည့်သည့် အလုပ် သည် အလွန်အရေးကြီးသော အလုပ်တစ်ခုဟု သတ်မှတ်ထားသည်။ အပျို လူပျိုစုံတွဲသည် နှစ်ပေါင်းအတော်ကြာမျှ သမီးရည်းစားဘဝဖြင့် သွား

www.burmeseclassic.com

www.burmeseclassic.com


အတူ၊ လာအတူ နေကြသည်။ တစ်ယောက်အကြောင်း တစ်ယောက်သိအောင် ကြိုး စားကြသည်။ သူတို့၏ အနာဂတ်အရေးကို အမြဲတစေ ဆွေးနွေးကြသည်။ ငွေကြေးစုဆောင်းကြသည်။ နှစ်ဦးရာသက်ပန် လက်တွဲနိုင်ရေးအတွက် လက်တွေ့ကျကျ ကြိုတင်ပြင်ဆင်မှုများ လုပ်သည်။ ထို့ကြောင့်လည်း အိမ်ထောင်သည်ဘဝ ရောက်လျှင်ရောက်ခြင်း ရင်ဆိုင်ရသည့် အန္တရာယ်များကို ရှောင်လွှဲနိုင်ကြ၏။ တစ်ယောက်နှင့်တစ်ယောက် နားလည်ခြင်း၊ လေးစားခြင်း စသော ခိုင်မာသည့် အခြေခံအုတ်မြစ်များကို ချနိုင်ကြသည်။

မည်သည့်အိမ်ထောင်၌မဆို လက်ထပ်ပြီး အစောပိုင်းလများသည် အရေးကြီးသော လများဖြစ်သည်။ နှစ်ဦးစလုံး စိတ်လှုပ်ရှားခဲ့သော လက်ထပ်မင်္ဂလာပွဲသည် ပြီးဆုံးသွားခဲ့ပြီ။ ပျားရည်ဆမ်းခရီးမှ သာယာပျော်ရွှင်မှုများသည်လည်း ကုန်ဆုံးသွားခဲ့ပြီ။ ကောင်းကင်ထက်သို့ တက်နေသော လက်ထပ်ပြီးစ ဇနီးမောင်နှံသည် မြေပြင်ထက်သို့ ပြန်ကျလာသည်။ အတူတူနေခဲ့သော အလေ့အထသည် ယခင်က ရှိခဲ့သည်မဟုတ်။ နေ့စဉ်နှင့်အမျှ ကြုံတွေ့နေရသည့် ဖြစ်စဉ်များကိုလည်း ယခင်က ရင်ဆိုင်ခဲ့ကြဖူးသည် မဟုတ်။ ယင်းဖြစ်စဉ်များနှင့် ရင်ဆိုင်ရာ၌ ရင့်ကျက်မှုကလည်းမရှိ။ အတွေ့အကြုံကလည်း မများ။ ဘဝ၏ လက်တွေ့အပိုင်းအချို့သည် စိတ်ကုန်စရာ၊ ဒေါသဖြစ်စရာ ကောင်းလှသည်။ ဆိုကြပါစို့။ ငွေရေးကြေးရေး ပြဿနာ၊ အိမ်ထောင်ထိန်းသိမ်းရေး ကိစ္စ၊ နှစ်ဦးချင်း ဆက်ဆံရေးတွင် ဝင်လာသည့် သံသယများနှင့် အခက်အခဲများ၊ နှစ်ဘက်မိဘ ဆွေမျိုးများနှင့် ပေါင်းသင်းဆက်ဆံရေး၊ ဘာသာရေးဆိုင်ရာ အယူအဆများ။ လက်မထပ်ခင်ကတော့ ဤအရာများကို ခင်ခဲ့ကြသည် မဟုတ်။ လက်ထပ်ပြီးလျှင် ထာဝစဉ်ချမ်းသာသုခကို ရလိမ့်မည်ဟု ယုံကြည်ခဲ့ကြ၏။ အခုတော့ ဘယ့်နှယ်ဖြစ်တာပါလိမ့်။ ဘယ်လို ပြဿနာမျိုးတွေနဲ့ ကြုံနေရပါလိမ့်။

မီးဖိုခန်းထဲရှိ ကြွေရည်ခွက်ထဲ၌ အဆီတွေဝေ့နေသည့် ပန်းကန်တွေက တစ်ပုံကြီး။ မသိမ်းရသေးသည့် အိပ်ရာ အိပ်ရာခင်းများက ဖရိုဖရဲ။ ဒီကြားထဲ ရုံးချိန်အလုပ်ချိန်မရှိမှာစိုး၍ ကသောကမျော ပြေးထွက်သွားသော ယောကျ်ားဖြစ်သူက တံခါးဆောင့်ပိတ်သွားသည်။ ဤအသံကိုကြားရသည်

www.burmeseclassic.com

www.burmeseclassic.com


မှာ နားမခံနိုင်စရာ ကောင်းလှသည်။ ထို တဒင်္ဂ အချိန်လေးတွင် ဘဝသည် သာယာမှုဆိတ်သုဉ်းသွားသည့်နှယ် ခံစားရသည်။ ထိုအခါ လင် သို့မဟုတ် မယား၏အတွင်းစိတ်ထဲ၌ မသိမသာကလေး အတင်အကျရှိလာသည်။ ငါ အိမ်ထောင်ပြုလိုက်တာ မှန်မှမှန်ပါ့မလား၊ အပျို သို့မဟုတ် လူပျိုဘဝနဲ့ လွတ်လွတ်လပ်လပ် နေရတာကမှ ကောင်းသေးတယ်ထင်ပါရဲ့ ...စသော အတွေးများ ဝင်လာသည်။

ဘော့စ်ဝပ်ထွားလမ်း၏ နောက်ဘက်တွင် ဈေးပေါပေါနှင့် ငှားစားသော တိုက်တစ်လုံးရှိသည်။ ထိုတိုက်၏ အခန်းတစ်ခန်းတွင် အထက်ပါအဖြစ်မျိုးနှင့် ရင်ဆိုင်နေရသော စုံတွဲတစ်တွဲရှိသည်။ ကျွန်တော်နှင့်တွေ့ချိန်တွင် သူတို့လင်မယား လက်ထပ်ထားသည်မှာ တစ်နှစ်မျှရှိသေးသည်။ သူတို့လင်မယားသည် သူတို့နေရသည့် ပတ်ဝန်းကျင်ကို မကြိုက်။ သူတို့၏ ရည်မှန်းချက်များအား အဟန့်အတားဖြစ်နေသည့် ကန့်သတ်ချက်များကိုလည်း စိတ်ပျက်ကြသည်။ ဤအထဲ စိတ်ချင်းအခန့်မသင့်ဖြစ်ကာ မကြာခဏ ရန်ဖြစ်သည်။ ထိုအခါ လင်မယားကွာရှင်းဖို့ ဆုံးဖြတ်ကြသည်။

ယောက်ျားဖြစ်သူ လူငယ်သည် ဗိသုကာတစ်ဦးဖြစ်သည်။ ကန်ထရိုက်များစု၍ ဖွဲ့ထားသည့် ဆောက်လုပ်ရေးအဖွဲ့တစ်ဖွဲ့တွင် အလုပ်လုပ်သည်။ လန်ဒန်မြို့ ဆင်ခြေဖုံးရပ်ကွက်တစ်ခုတွင် အဆောက်အအုံများ တာဝန်ယူဆောက်နေသည်။ သို့သော်လည်း လင်မယား အဆင်မပြေမှုကြောင့် လက်ရှိ အလုပ်မှထွက်၍ ရောမမြို့သို့သွားကာ ဗိသုကာပညာ ဆက်သင်မည်ဟု သူ့စိတ်သူ ပိုင်းဖြတ်သည်။ သူ့အနေဖြင့် ရိုးရိုးသာမန် အဆောက်အအုံတစ်ခု ထက် ဘုရားရှိခိုးကျောင်းကြီး တစ်ကျောင်းကို တခမ်းတနားဆောက်ချင်စိတ် ပြင်းပြနေသည် မဟုတ်ပါလား။

သူ့ဇနီးမှာ တက္ကသိုလ်မှ ဘွဲ့ရအမျိုးသမီးတစ်ဦးဖြစ်သည်။ ပန်းချီပန်းပုအနုပညာတွင် စိတ်ဝင်စားသည်။ သူကလည်း ချက်ရပြုတ်ရ၊ လျှော်ရဖွပ်ရ၊ မီးပူတိုက်ရသည့်အလုပ်များကို မုန်းသည်။ သူ့အနေဖြင့် ထိုအလုပ်များကို စွန့်ခွာပြီး ပြင်သစ်နိုင်ငံ၊ ပါရီမြို့သို့သွား၍ သူ ဝါသနာပါရာ ပန်းချီပန်းပု အနုပညာရပ်များကို ဆက်လက်ဆည်းပူးချင်သည်။

www.burmeseclassic.com

www.burmeseclassic.com


သူတို့သည် တစ်ဦးချင်းစီ ကျွန်တော့်ထံရောက်လာရာမှ သူတို့၏ ခံစား ချက်များကို ရင်ဖွင့်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် အလွန်ချစ်ကြ သည်မှာ မှန်သော်လည်း ဤအကြောင်းများကြောင့် အတူဆက်၍နေ၍ မဖြစ် တော့ဟု ဆိုကြသည်။ သူတို့လုပ်ပုံ မိုက်မဲနေကြသည်ကို မသိကြ။ သို့သော် လည်း ကံအားလျော်စွာပင် သဘာဝတရားက သူတို့အားဝင်၍ ကယ်သည်။ သူတို့၏ ဆရာဝန်တစ်ယောက် အနေဖြင့် ကျွန်တော်က သူတို့တွင် မကြာခင် ကလေးတစ်ယောက် ရလာလိမ့်မည်ဟု အသိပေးသည်။ ထိုအခါ သူတို့၏စိတ် သည် အပြောင်းအလဲရှိလာသည်။ သူတို့၌ရှိနေသည့် တာဝန်နှင့်ဝတ္တရားများကို နားလည်လာသည်။ ဤသို့ဖြင့် သူတို့ဘဝကို အသစ်တစ်ဖန်ပြန်၍ စမည်ဟု ဆုံးဖြတ်ကြသည်။

ယခုအခါတွင်မူ ဤစုံတွဲသည် သားသမီးလေးယောက်ရကာ သာယာသော အိမ်ထောင်ကို ထူထောင်လျက်ရှိသည်။ ယောကျ်ားကလည်း ကက်သစ်ဒရယ် ဘုရားရှိခိုးကျောင်းကြီး မဆောက်ဖြစ်၊ မယားကလည်း ပါရီသို့သွား၍ ပန်းချီပန်းပု အနုပညာကို မလိုက်စားဖြစ်၊ အိမ်ထောင်ကျစက ရင်ဆိုင်ခဲ့ရသော ဒုက္ခများကို ကျော်လွှားလာခဲ့ကြပြီး စီးပွားရေးအခြေအနေ ကလည်း တိုးတက်ကြွယ်ဝလာသဖြင့် ကိုယ်ပိုင်အိမ်ကလေးနှင့် နေထိုင်လျက် ရှိကြသည်။

သားသမီးသည် အိမ်ထောင်ပြိုကွဲမှုကို ဟန့်တားနိုင်သည့် ကယ်တင် ရှင်ဖြစ်ပါသည်။ ဤအချက်သည် သံသယဖြစ်စရာအကြောင်းမရှိပါ။ စာရင်း ဇယားအရဆိုလျှင် လင်မယားကွာရှင်းမှုများသည် သားသမီးမရှိသော စုံတွဲ များ၌ အများဆုံးဖြစ်တတ်ပါသည်။ မိသားစုအတွင်း၌ ကလေးတစ်ယောက် မွေးဖွားလာခြင်းသည် ငယ်ရွယ်သော အိမ်ထောင်ရှင် လူငယ်များအတွက် တိုးတက်မှုတစ်ရပ် ပြည့်စုံမှုတစ်ခု ဖြစ်ပါသည်။ လင်နှင့်မယားကြား သံယော ဇဉ်ပို၍ ကြီးအောင်ပို၍ ခိုင်မြဲအောင် ချည်နှောင်ပေးလိုက်သည့် ကြိုးစကလေး တစ်စ ဖြစ်သည်ဟု ဆိုလျှင်လည်း မမှားပါ။ ကလေးသည် အိမ်ထောင်ခိုင်မြဲ ရေးကိုသာ တည်ဆောက်ပေးသည်မဟုတ်၊ မိမိတို့ရင်သွေး လူ့အဖွဲ့အစည်း အတွက် အကျိုးဖြစ်စေမည့် လူတစ်ယောက်ဘဝရောက်အောင် ပြုစုပျိုးထောင်

www.burmeseclassic.com

www.burmeseclassic.com


ပေးရသည်မှာ စိတ်ဝင်စားစရာလည်းကောင်းသည်။ ဝမ်းသာကြည်နူးခြင်းလည်း ဖြစ်ရသည်။ တကယ်တော့ ကလေးသည် လင်မယားပဋိပက္ခကို ငြိမ်းအေးစေနိုင်သည့် အရာတစ်ခု ဖြစ်၏။ ကလေးမရှိလျှင် လင်နှင့်မယား ကြားရှိ ဆက်ဆံရေးသည် မညီမမျှဖြစ်လာတတ်သည်။ အချို့ကံမကောင်းရှာသော လင်မယားစုံတွဲများသည် သားသမီးရနိုင်သည့် အခြေအနေမရှိကြ၊ ထိုအခါ သားသမီးမွေးစားကြသည်။ ဤစုံတွဲများကျတော့ ကျွန်တော်က အမြော်အမြင်ကြီးသည်ဟု ချီးမွမ်းလိုပါသည်။ ဖခင်တာဝန်များကို မယူလိုကြသည့် လင်ယောကျ်ား၊ မိခင်တာဝန်များကို မထမ်းဆောင်လိုသည့် မယားများသည် လိင်ဆက်ဆံမှုတစ်ခုတည်းကိုသာ အရေးထားပြီး အိမ်ထောင်သည်ဘဝကို နိမ့်ကျအောင် လုပ်နေသူများဖြစ်သည်ဟု ဆိုချင်ပါသည်။

ကျွန်တော် တက္ကသိုလ်၌ ပညာသင်ကြားနေစဉ်က စကော့တလန်နိုင်ငံသား ဆေးပညာပါမောက္ခ တစ်ဦးနှင့် ဆုံခဲ့ဖူးသည်။ သူသည် အခါအခွင့်သင့်တိုင်း အတန်းသားများအား အပြင်လောကထဲ ထွက်ကြ၊ အိမ်ထောင်ပြုကြ၊ ကလေးတွေမွေးကြ၊ မွေးလာတဲ့ကလေးတွေကို ကျန်းမာသန်စွမ်းအောင် လူတော်လူကောင်းတွေဖြစ်အောင် ပြုစုပျိုးထောင်ပေးကြ၊ မင်းတို့အတွက် ဂုဏ် သိက္ခာတက်စေမယ့် လူချွန် လူမွန်တွေဖြစ်လာပါစေ’ စသည်ဖြင့် ပြောလေ့ရှိသည်။ သူသည် သည်ဟောပြောသည့်အတိုင်းလည်း လက်တွေ့လိုက်နာကျင့်သုံးသည်။ သူ့တွင် သားတစ်ယောက်ရှိခဲ့ရာ ထိုသားသည် နောင်အခါတွင် ဥရောပတိုက်၏ အထင်ရှားဆုံးသော သမားတော်ကြီးတစ်ယောက်ဖြစ်လာခဲ့ပါသည်။

ပါမောက္ခပြောခဲ့သည့် သဘောထားမျိုးရှိသည်ဆိုပါက ကျွန်တော်တို့သည် အိမ်ထောင်သည်ဘဝနှင့် မိသားစုဘဝကို အလေးအနက်ထား၍ မဖြစ်ပါ။ မိသားစုဘဝမှ ရရှိနိုင်သော ကျေနပ်မှုများနှင့်သာယာပျော်ရွှင်မှုများအတွက် ကျွန်တော်တို့အလုပ် လုပ်ကြရမည်။ ကြိုးစား အားထုတ်၍ အပင်ပန်းခံ၍လုပ်မှဖြစ်မည်။ ပတ်ဝန်းကျင်နှင့် အဆင်ပြေအောင်နေရမည်။ အခက်အခဲများကို သည်းခံ၍ ကျော်လွှားနိုင်ရမည်။ အချင်းချင်း နားလည်နိုင်မှုရှိအောင် နေရမည်။ မိမိကိုယ်မိမိ ထိန်းချုပ်ရမည်။ သည်းခံနိုင်စွမ်းကို

www.burmeseclassic.com

www.burmeseclassic.com


မွေးမြူရမည်၊ အနစ်နာခံနိုင်ရမည်၊ ကိုယ်ကျိုးစွန့်နိုင်ရမည်။ မိသားစုများအတွင်း၌ ယင်းအင်္ဂါရပ်မျိုးနှင့် ပြည့်စုံပြီး စံနမူနာပြုလောက်သည့် အဖြစ်များကို ကျွန်တော့်တွေ့ဖူးကြုံဖူးခဲ့ပါတယ်။

တစ်ကြိမ်တွင် ကျွန်တော်သည် အဆမတန်နာကျင်သော ဝေဒနာကို ခံစားနေရသည့် မယားတစ်ယောက်ကို တွေ့ခဲ့ဖူးသည်။ သူ့ရောဂါမှာ အန္တရာယ်ကြီးသော ရောဂါမျိုးဖြစ်၏။ သို့သော်လည်း သူ့ယောကျ်ားအား လုံးဝအသိမပေး။ သူ့ယောကျ်ားသည် သူ့အနာဂတ်ဘဝ တိုးတက်ရေးကို ဖြစ်လာစေနိုင်မည့် စီးပွားရေးလုပ်ငန်းတစ်ခုအတွက် အရေးတကြီးဆွေးနွေးဆောင်ရွက်နေချိန်ဖြစ်၍ အသိမပေးခြင်းဖြစ်သည်။ အကယ်၍ သိသွားခဲ့ပါမူ သူ့ယောကျ်ား စိတ်ထိခိုက်မည်။ စိတ်ထိခိုက်လျှင် လုပ်ငန်းပျက်မည်၊ ဤအရေးကိုတွေး၍ ဇနီးဖြစ်သူက အနစ်နာခံနေခြင်းဖြစ်ပါသည်။

နောက်တစ်ဦးမှာ အသက်ကြီးကြီး မုဆိုးမကြီးတစ်ဦးဖြစ်၏။ နေမကောင်း၍ လာပင့်သဖြင့် ကျွန်တော်အိမ်တိုင်ရာရောက် သွားခဲ့ရခြင်းဖြစ်သည်။ ငယ်စဉ်က ပညာမသင်ခဲ့ရသော အဘွားကြီးသည် ထရီနီတီ ကောလိပ်ရှိ သူ့သားအတွက် ပညာသင်စရိတ်လိုသဖြင့် အနေအစား ချွေတာပြီး ငွေစုရာမှ ကျန်းမာရေး ချို့တဲ့လာခြင်းဖြစ်၏။

ကျွန်တော် ပြက်ပြက်ထင်ထင် မှတ်မိနေသည့် နောက်တစ်ဦးမှာ သူ့မိန်းမ မီးဖွား၍ ကျွန်တော့အား လာပင့်သော လူငယ်တစ်ဦးဖြစ်သည်။ ကလေးမှာ သားဦးဖြစ်သည်။ သူသည် ကျွန်တော့ ဆေးခန်းထဲမှာပင် ပိုက်ဆံ အိတ်ကို ဖွင့်၍ ကျွန်တော့အား ဆေးဖိုးဝါးခပေးရန် ငွေထုတ်သည်။ အိတ်ထဲမှ စာရွက်နှစ်ရွက် ကျွန်တော့စားပွဲပေါ်သို့ ကျလာသည်။ ကျွန်တော်က ကောက်ယူပြီး ပြန်ပေးသည်။ နှစ်စောင်စလုံးအပေါင်လက်မှတ်များဖြစ်ပါသည်။ ကျွန်တော့်အား ဆေးဖိုးဝါးခ ပေးဖို့ သူ့လက်ပတ်နာရီ ပေါင်ခဲ့ရကြောင်း ကျွန်တော့အား ရှက်ကိုးရှက်ကန်းဖြင့်ပြောသည်။ ကျွန်တော်ကလည်း ငွေမလွယ်သေးလျှင် ချက်ချင်းပေးဖို့ မလို၊ နောင်အဆင်ပြေမှပေးဟု ပြောသည်။ ထို့နောက် စိတ်ထဲက သိချင်စိတ်ကို မြိုသိပ်မထားနိုင်သဖြင့် ထုတ်၍မေးမိသည်။

'ဟိုတစ်စောင်ကကော'

www.burmeseclassic.com

www.burmeseclassic.com


မနက်ဖြန်သည် သူ့မိန်းမ၏ မွေးနေ့ဖြစ်သည်။ ဘာမှ မလုပ်ဘဲနေ၍ မဖြစ်ဟု သူထင်သည်။ ထို့ကြောင့် စစ်အတွင်းက သူရခဲ့သည့် ငွေတံဆိပ်တစ်ခု ပေါင်ကာ ငွေရှာထားခြင်းဖြစ်သည်ဟု ဝန်ခံသည်။

အမှန်တော့ အိမ်ဆိုသည်မှာ ယင်းကဲ့သို့သော ဖြစ်ရပ်ကလေးများ ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်၏။ မိမိ၏ သာယာမှုတစ်ခုတည်းကိုသာ ရှေ့တန်းတင်သော အတ္တအားကြီးသော ယောက်ျား သို့မဟုတ်မိန်းမများနှင့် ထိုက်တန်သင့်တော်သည့် နေရာမျိုးမဟုတ်ပေ။ လက်ထပ်ထိမ်းမြားခြင်းသည် သာယာပျော်ရွှင်မှု တစ်ခုတည်းကိုသာ အခြေခံသည်မဟုတ်၊ သို့သော်လည်း ကျသမျှ တာဝန်များကို ယူထားသူများနှင့် အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားသူများသည် မိသားစုတစ်စု၏ သာယာချမ်းမြေ့မှုများကို မလွဲမသွေ ရရှိခံစားကြရပါသည်။ နေအိမ်ဆိုသည်မှာ အိပ်ဖို့တစ်ခုတည်းအတွက်သာ တည်ဆောက်ထားခြင်း မဟုတ်ပါ၊ တစ်မိသားစုလုံးနှင့်ဆိုင်သော စိတ်ဝင်စားမှုများနှင့် သာယာပျော်ရွှင်မှုများ တည်ရာ နေရာတစ်နေရာ ဖြစ်ပါသည်။ ကျွန်တော် ဤစကားများကို ပြောခြင်းသည် ကျွန်တော်ကိုယ်တိုင် ကျွန်တော့ အိမ်ထောင်၏အနက်အဓိပ္ပာယ်ကို ကောင်းစွာနားလည်သော မယားကောင်း တစ်ယောက်ကို ရရှိထားခြင်းကြောင့်ဟု ဆိုလျှင်လည်း မမှားနိုင်ပါ။ အကယ်၍ သူ့ဘက်ကသာ နားလည်းမှုမရှိလျှင် ကျွန်တော်တို့၏ အိမ်ထောင်သက်သည် နှစ်ပေါင်း(၃၀)အထိ လက်တွဲလာနိုင်ဖွယ်ရာမရှိဟု ထင်ပါသည်။

ယင်းကဲ့သို့ ပြီးပြည့်စုံသည့် အိမ်ထောင်တစ်ခု တည်ဆောက်လာနိုင်ရေးအတွက် မရှိမဖြစ်သည့် ကောင်းမြတ်သော အရည်အသွေးများကို ကျွန်တော်ဉာဏ်မီသလောက် စဉ်းစားရှာဖွေကြည့်ခဲ့ပါသည်။ ကျွန်တော်တွေ့ရသည့် အဓိကလိုအပ်ချက်မှာ 'သစ္စာရှိမှု'ပင် ဖြစ်သည်။ အိမ်ထောင်တစ်ခု၏ သာယာပျော်ရွှင်မှုကို ပြိုပျက်စေနိုင်သည့်အရာမှာ'သစ္စာမဲ့မှု' ပင် ဖြစ်ပါသည်။ တကယ်တော့လည်း လင်နှင့်မယား သစ္စာမဲ့ခြင်းသည် ရွံ့ရှာ စက်ဆုတ်ဖွယ်ကောင်းသော အရာတစ်ခု ဖြစ်သည်။ နှစ်ဦးနှစ်ဖက် အပြန် အလှန်ထားရှိရမည့် သစ္စာရှိမှုကို ချိုးဖောက်ဖျက်ဆီးခြင်းဖြစ်သဖြင့် ယုတ်ညံ့ သောအလုပ်ဟု ဆိုရပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com


အိမ်ထောင်တစ်ခုတွင် အခြားတစ်ယောက်နှင့် ဖောက်ပြန်ခြင်းဟူသော သစ္စာမဲ့မှုမျိုးအပြင် အခြားသစ္စာမဲ့မှုများလည်း ရှိသည်။ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် သစ္စာမဲ့မှုမျိုးဖြစ်၍ အန္တရာယ်ကတော့များသည်။ ကျွန်တော်တွေ့ခဲ့ဖူးသည့် မိသားစုတစ်စု ရှိသည်။ သူတို့မိသားစုတွင် ဖခင်၊ မိခင်၊ သားလူပျိုပေါက်နှင့် သမီးအားလုံး လေးဦးရှိသည်။ ချမ်းသာကြွယ်ဝသော မိသားစုဖြစ်၍ ကောင်းပေ့ဆိုသော အရာဝတ္ထုများကို အလျှံပယ်သုံးစွဲနေကြသူများဖြစ်၏။ သို့သော်လည်း အတွင်းစိတ်ထားများ မမှန်ကန်မှုကြောင့် မကြာခဏအဆင်မပြေမှုများ ရှိနေသည်။ မယားဖြစ်သူသည် မိန်းမကောင်းတစ်ယောက်ဟု ဆိုနိုင်ပါ၏။ သို့တစေလည်း သားနှင့်သမီးရှေ့တွင် လင်ယောကျ်ားဖြစ်သူအား မျက်နှာအမူအရာဖြင့် သရော်ခြင်း၊ ရှုံ့ချခြင်း စသည်များ ပြုသည်။ အထူးသဖြင့် လင်ဖြစ်သူ စကားပြောတိုင်း မသိမသာ ဤအလုပ်မျိုးကို လုပ်လေ့ရှိ၏။ ယောကျ်ားဖြစ်သူ၏ အတွေးအခေါ် အယူအဆ၊ ဝတ်စားဆင်ယင်မှု အစ ရုပ်လက္ခဏာ ပုံပန်းအထိ ဝေဖန်ရှုံ့ချခြင်း၊ ပြစ်တင်ကဲ့ရဲ့ခြင်း စသည် များ ပြုသည်။

မိမိတို့၏ လင်ယောကျ်ားများအကြောင်း နောက်ကွယ်တွင် အတင်းပြောကြသည့် မယားများ၊ မိမိတို့၏ မယားများမကောင်းကြောင်း နောက်ကွယ်တွင် ပြောနေကြသည့် ယောကျ်ားများ အများအပြား ရှိကြ၏။ သူတို့သည် ဤကိစ္စများကို သူငယ်ချင်း၊ မိဘများ၊ ဆွေမျိုးများအား ရင်ဖွင့်လေ့ရှိကြသည်။ ယောကျ်ားက သူ့မယား အသုံးအစွဲကြီးကြောင်း၊ မယားကလည်း သူ့လင် ရက်စက်ကြောင်း စသည်များကို ပြောလေ့ရှိကြ၏။

အမှန်တော့ လူသားများ၌ရှိနေလေ့ရှိသည့် အားနည်းချက်များ ချို့ယွင်းချက်များကို စာရင်းဇယားလုပ်၍ ဖော်ပြနေကြခြင်း ဖြစ်သည်။ သူတို့အနေဖြင့် ယင်းချို့ယွင်းချက်များကို အခြားလူများ၌ ရှိနေသည်ကို အသေအချာ မြင်နေကြသော်လည်း သူတို့၌ရှိနေသည်ကိုမူကား လုံးဝ မသိမမြင်ကြပေ။

ယင်းကဲ့သို့သော အခြေအနေမျိုးရှိနေပါက လင်မယားအတူတွဲ၍ သာယာတည်ငြိမ်သော အိမ်ထောင်တည်ဆောက်ဖို့ ဆိုသည်မှာ ဖြစ်နိုင်စရာ

www.burmeseclassic.com

www.burmeseclassic.com


မရှိပါ။ ဤအိမ်ထောင်မျိုးသည် အခိုင်အမာရပ်တည်၍လည်း ရနိုင်မည် မဟုတ်။ တစ်ယောက်နှင့်တစ်ယောက် အားနည်းချက်များကို ပုံကြီးချဲ့၍ ကြည့်မနေတော့ ပဲ ရယ်စရာအဖြစ် သဘောထားနိုင်လေ ကောင်းလေပင် ဖြစ်ပါသည်။ ရယ် မောတတ်ခြင်းသည် အိမ်ထောင်တစ်ခုအား သာယာအောင် ဖန်တီးနိုင်စွမ်းရှိ သည့် မင်္ဂလာတစ်ပါး ဖြစ်ပါသည်။

ကျွန်တော်တို့ လင်မယား လက်ထပ်ပြီးစ အစောပိုင်းလများအတွင်း က ကြုံခဲ့ရသည့် ဖြစ်ရပ်တစ်ခုကို ကျွန်တော် မမေ့နိုင်သေးပါ။ ထိုစဉ်က ကျွန်တော်သည် ထရီဂျင်နီရွာ၌ အလုပ်စလုပ်ချိန်ဖြစ်သည်။ မိမိ၏ ဆေးကု လုပ်ငန်းကလေး လူသိများပြီး ထင်ရှားလာအောင် ကြိုးပမ်းအားထုတ်နေချိန် ဖြစ်သည်။ တစ်ညခင်းတွင် ကျွန်တော်အပြင်မှပြန်လာသည်။ မိုးလေထဲ ခြေကျင်ပြန်လာရခြင်းဖြစ်၍ အဆမတန် ပင်ပန်းကာ စိတ်မောလူမောဖြစ်လျက် ရှိသည်။ လူနာအတွက်ကလည်း သောကမအေး။ ဤကြားထဲ ဆာလိုက်သည့် ဖြစ်ခြင်း၊ ထိုအချိန်ကသာ စားရမည်ဆိုလျှင် နွားတစ်ကောင်လုံးပင် ဝါးမျို ပစ်နိုင်လိမ့်မည်ဟု ထင်မိ၏။ သို့သော်လည်း ကျွန်တော့်ဇနီးသည်က ကျွန်တော့် ရှေ့သို့ ကြက်ဥပြုတ်လေးတစ်လုံး လာချသည်။ ကျွန်တော်စိတ်ကို ချုပ်တည်း ထားပါသည်။ ကြက်ဥကို ခွဲလိုက်တော့ လား ...လား ကြက်ဥက အပုပ်။ ထွက်လာလိုက်သည့် ဒေါသ၊ အစုလိုက်၊ အပြုံလိုက်၊ ကျွန်တော် ကျိန်ဆဲ သည်။ ဆဲရေးတိုင်းထွာသည်။ ပါးစပ်မှ မြည်တွန်တောက်တည်းသည်။ ကြာလာ တော့ ဇနီးသည်ကလည်း မခံနိုင်၊ ကျွန်တော့်အား ပြန်ပက်သည်။ နှစ်ယောက် သား သူတစ်ခွန်း ငါတစ်ခွန်းနှင့် အသောမသတ်နိုင်အောင် ဖြစ်လာသည်။ အဆိုးဆုံးအဆင့်သို့ ရောက်လုနီးလာသည်။ ဝင်းဝင်းတောက်နေသော မျက်လုံးများဖြင့် တစ်ယောက်မျက်နှာတစ်ယောက် စူးစူးရဲရဲကြည့်သည်။ ကြည့်ရင်းကြည့်ရင်းကပင် မိမိတို့ဒေါသ၏ ရယ်ဖွယ်အဖြစ်ကို မြင်လာသည်။ နှစ်ဦး စလုံး အောင့်အည်း၍မရ၊ အားရပါးရ ရယ်ကာ တစ်ယောက်ကို တစ်ယောက် ဖက်ထားလိုက်မိကြပါသည်။

ထိုအခါ အဆင်ပြေမှုကို ပြန်လည်တည်ဆောက်မိသည်။ ခရီးဆယ် မိုက်လောက်ခန့်အကွာရှိ မြို့လေးတစ်မြို့သို့ မီးရထားဖြင့်သွားသည်။ မြို့ထဲက

www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ကောင်းကောင်းတစ်ဆိုင်တွင် ဖက်ဂေါ့(ဟမ်ဘာဂါ)စားကြသည်။ သွပ်မိုး ရုပ်ရှင်ရုံတစ်ရုံသို့သွား၍ ချာလီချက်ပလင်၏ 'သည်ကစ်' ဇာတ်ကားကြည့် သည်။ ကျွန်တော်တို့အဖြစ်သည် ကြေကွဲခြင်းဖြင့် အဆုံးမသတ်တော့ဘဲ ပျော်ရွှင်ချမ်းမြေ့မှုဖြင့် အဆုံးသတ်သည်။ ဘာကြောင့်နည်း ကျွန်တော်တို့ နှစ်ယောက် စလုံး ကြက်ဥပုပ်တစ်လုံး၏ ရယ်စရာအပိုင်းကို မြင်တတ်ကြ၍ ဖြစ်ပါသည်။

စိတ်စေတနာကောင်းထား၍ သည်းခံခြင်းသည် မိသားစု၏ဘဝကို သာယာဖြောင့်ဖြူးစေနိုင်သည်။ အထူးသဖြင့် အသက်အရွယ်ကြီးလာသည့် အခါ ဤသည်းခံစိတ်သည် တစ်ဦးနှင့်တစ်ဦး ကောင်းမွန်စွာဆက်ဆံရေးဟူ သော မူတစ်ရပ်ကို ရှင်သန်စေနိုင်သည်။ လင်ဖြစ်သူက စိတ်ဆိုး၍ ဒေါသ တကြီးနှင့် အပေါ်ထပ်တက်သွားလျှင် ဘာမှပြစ်တင်ဝေဖန်ခြင်း မပြုဘဲ နေလိုက်ရန်လိုသည်။ ထိုနည်းတူစွာပင် မိန်းမဖြစ်သူ အဆမတန် ဝလာသည် ဆိုပါစို့၊ တစ်ယောက်နှင့်တစ်ယောက် တွေ့စတုန်းကလိုပင် ချစ်စရာ စွဲမက် စရာကောင်းသေးသည်ဟု ပြောနိုင်အောင် ကြိုးစားဖို့လိုသည်။ ခြေမဆေး လက်မဆေးဘဲ သားသမီးတွေ ဆူဆူညံညံနှင့် ထမင်းစားစားပွဲသို့ ရောက်လာ သည်ဆိုပါစို့၊ ဒေါသတကြီးနှင့် မောင်းမထုတ်ဘဲ သည်းခံစိတ်ဖြင့် အေးအေး သာသာ ဆက်ဆံဆုံးမပေးဖို့ လိုသည်။ သည်းခံခြင်းနှင့် စိတ်ရှည်ခြင်းသည် ပိုမို၍အကျိုးသက်ရောက်မှု ရှိပါသည်။

သိမ်မွေ့နူးညံ့ခြင်းနှင့် စိတ်ကောင်းထားခြင်းတို့မှာလည်း မိသားစု အား စည်းလုံးမှုနှင့် တည်တံ့ခိုင်မြဲမှုကို အားပေးသည်။ မည်သို့ပင်ဖြစ်စေ မိသားစုတစ်စုတွင် ဘာသာတရား ကိုင်းရှိုင်းရေးသည် လိုအပ်သောအင်္ဂါရပ် တစ်ခုပင် ဖြစ်၏။ မိခင်၏ပေါင်ပေါ်၌ထိုင်၍ ဘုရားစာရွတ်ဖတ်နေသော ကလေးငယ်၏အသံကို နားထောင်ရသည်မှာ စိတ်ချမ်းမြေ့သာယာမှုကို ပေး စွမ်းနိုင်သည် မဟုတ်ပါလော။ တကယ်တော့ လူဆိုသည်မှာ အစာစားရုံတစ်ခု တည်းလုပ်ဖို့ အသက်ရှင်နေသည်မဟုတ်၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ယုံကြည်ကိုးကွယ်မှုမရှိလျှင် လူသည်ဘယ်တော့မှ ရှင်သန်နိုင်စရာ

www.burmeseclassic.com

www.burmeseclassic.com


မရှိပါ။ ဘုရားအတူတူရှိခိုးသော မိသားစုသည် ကိုယ်စိတ်နှစ်ပါး ချမ်းသာစွာဖြင့် အတူတူနေသွားကြရမည်သာ ဖြစ်ပါသည်။

ကမ္ဘာဦးတည်ပါပြီ ဆိုကတည်းက လူ၏အခြေခံ လိုအင်ဆန္ဒသည် ကြင်ဖော်ရရှိရေးဖြစ်သည်။ သူ့တွင် ဘ၀ကြင်ဖော်ရှိချင်သည်။ သားသမီးတွေရချင်သည် သူ့ဇနီးနှင့် သားသမီးများအား နေစရာပေးမည်၊ ပြင်ပရန်များမှ ကာကွယ်ပေးမည်၊ ဤသည်တို့ကား လူ၏အခြေခံလိုင်အင်ဆန္ဒမှ ပေါက်ဖွားလာသည့် တာ၀န်နှင့်၀တ္တရားများဖြစ်၏။ ထိုအချိန်မှစ၍ နောက်ရာစုနှစ်ပေါင်း များစွာ ကုန်လွန်လာသည်အထိ မိသားစုသည် ရှေ့ဆုံးအဓိကနေရာ၌ ရပ်တည် လာခဲ့သည်။ မိသားစုသည် ခေတ်အဆက်ဆက် လူ့အဖွဲ့အစည်း၏ ကိုယ်ကျင့် တရား မပျက်ပြားရေးအတွက်သာ ကာကွယ်ပေးသည်မဟုတ်။ လူ့ယဉ်ကျေး မှုအဆင့်ဆင့် ဖြစ်ပေါ်တိုးတက်ရေးကိုပါ တည်ဆောက်ဖြစ်ထွန်းစေခဲ့သည်။ အခြေခံကျသည့် မိသားစု စည်းလုံးခိုင်မာလျှင် စည်းလုံးညီညွတ်ပြီး ခိုင်မာသည့် လူ့အဖွဲ့အစည်းကို တွေ့ရစမြဲဖြစ်၏။

မိမိအား ရန်ပြုနေသည့် အင်အားစုများက အပေါ်စီးရနေသဖြင့် စိတ်မငြိမ်မသက်ဖြစ်ကာ ထိတ်လန့်ကြောက်ရွံ့နေရသဖြင့် စိတ်မငြိမ်မသက်ဖြစ်ကာ ထိတ်လန့်ကြောက်ရွံ့နေရသည့် ခေတ်နှင့်ကြုံရသည့်အခါ လူသည် အထီးကျန်နိုင်မှုကို ဆောက်တည်ရာမရနိုင်လောက်အောင် ခံစားရ၏။ ဤကြားထဲမှပင် သူသည် နောက်ဆုံးမျှော်လင့်ချက်တစ်ခုကိုတော့ အခိုင်အမာ ထားနေ ပြီဖြစ်၏။ သူမျှော်လင့်ချက်ကား တခြားမဟုတ်၊ မိမိအနေဖြင့် မိမိကိုယ်မိမိ မပျက်စီးအောင် ထိန်းသိမ်းကာကွယ်ပြီး လူ့ဂုဏ်သိက္ခာနှင့် ဘ၀၏ ယဉ်ကျေးမှုများ တည်တံ့ခိုင်မြဲသွားအောင် ကြိုးပမ်းအားထုတ်သွားနိုင်လိမ့်မည် ဟူသော မျှော်လင့်ချက်ပေတည်း။

* * * * *

www.burmeseclassic.com

www.burmeseclassic.com


[ ၂၈ ]

ကျွန်တော့်ဆေးခန်းသို့ ရောက်လာကြသည့် လူနာများ အားလုံးထဲတွင် မိမိတို့၏ လွန်ကဲမှုကြောင့် ရောဂါရလာခဲ့ကြသော လူနာများသည် အခြား လူနာများထက်ပို၍ စိတ်ထိခိုက်ကြသည်ကို တွေ့ရပါသည်။ ကျွန်တော်သည် စာပွဲ၌ထိုင်၍ မျက်လုံးများကို လက်ဝါးတစ်ဘက်ဖြင့်ကာပြီး သူတို့ ပြောပြ သမျှကို ငြိမ်ဆိတ်စွာ နားထောင်လေ့ရှိရာ မိမိ၏ အပြစ်များကို လာ၍ ဝန်ခံနေ သော လူတစ်ယောက်၏စကားများကို နားထောင်နေသည့် ဘုန်းတော်ကြီး တစ်ပါးနှင့် တူလှပါသည်။ ကိုယ့်စိတ် ကိုယ့်အလိုလိုက်ပြီး အာရုံခံစားမှု လွန်ကဲ ခြင်းများအကြောင်း နားထောင်နေရဖန်များလာသည့်အခါ ကျွန်တော့် စိတ် သည် အလယ်အလတ်ကျကျနှင့် မျှမျှတတဖြစ်အောင် နေထိုင်တတ်မှု၏ ထူးမြတ်သော ကောင်းကျိုးများကို သတိရနေတတ်ပါသည်။

ကျွန်တော့်ဆေးခန်းသည် သူတို့အတွက် နောက်ဆုံး အသနားခံလွှာ တင်သွင်းရာ တရားရုံးတစ်ရုံးနှင့်လည်း တူသည်။ ကျွန်တော်စမ်းသပ် စစ်ဆေး ပြီးသွားသည့်အခါတိုင်း သူတို့သည် ပြုံးနိုင်ရယ်နိုင်ခဲလှပါသည်။ သူတို့ အုပ်စုတွင် အစားလောဘကြီးသူများပါသည်။ အစာမြင်လျှင် ငမ်းငမ်းတက် နေသူများဖြစ်၏။ သူတို့ကိုယ်သူတို့ လုံးဝထိန်းသိမ်းနိုင်စွမ်းမရှိ၊ လျှာအရသာကို ခံစားလိုစိတ် တစ်ခုတည်းသာသိသည်။ တကယ်တော့ သူတို့သည် သူတို့၏ သွားများဖြင့် သူတို့သေတွင်းကို တူးနေသူများဖြစ်သည်။

ဒုတိယ အမျိုးအစားမှာ ဆေးစွဲနေသူများဖြစ်၏။ ဘိန်းပါသော ဆေး တစ်မျိုးမျိုးကို စွဲကပ်နေသည့် ယောကျ်ားမိန်းမ အသက်အရွယ်အမျိုးမျိုး လူတန်းစားအမျိုးမျိုးဖြစ်သည်။ အောက်တန်းလွှာမှ အထက်တန်းလွှာအထိ လူပေါင်းစုံ ပါဝင်သည်။ ဆေးဆိုင်ပိတ်သွားလို့ပါဟူသော အကြောင်းပြချက် ဖြင့် ကျွန်တော့်ဆေးခန်းသို့ ဆေးလက်မှတ်အတုဖြင့် ဆေးလာဝယ်သူတွေ မကြခဏ ရောက်လာတတ်ပါသည်။

နောက်ဆုံးတစ်မျိုးမှာ အရက်မသောက်ရလျှင် မနေနိုင်သည့် ဘဝ သို့ ဆိုက်ရောက်နေကြသော အရက်သမားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒေါက်တာ အခုချက်ချင်း လိုက်လာခဲ့ပါ တဲ့'

'ဘာကိစ္စ အတွက်လဲ'

'မာရေးက ခေါ်ခိုင်းတာပါ၊ လီရဲ့ အငှားတိုက်ခန်းမှာနေတဲ့ မာရေး လေ၊ လိန်းရပ်ကွက်ထဲက မာရေး'

'ငါ့လူနာထဲမှာ မာရေးဆိုတာ မရှိဘူးကွ၊ သူက ဘာဖြစ်လို့တဲ့လဲ'

'အရက်မူးတာ၊ သတိမရတော့ဘူး၊ အရမ်းမူးနေတယ်'

'အဲဒါ ငါ့အလုပ်မဟုတ်ဘူး ငါနဲ့ဘာမှ မပတ်သက်ဘူး'

'ကျွန်တော်ကတော့ ဒေါက်တာ လိုက်ကြည့်ပေးရင် ကောင်းမယ် ထင်တာပဲ'

ရိုးသားပုံမရသည့် လူငယ်တစ်ယောက် ကျွန်တော့်ထံရောက်လာပြီး အပူတိုက်နေခြင်းဖြစ်၏။ လူငယ်သည် ဆံပင်တိုတို၊ မျက်လုံးများက တည့်တည့် မကြည့်။ သူသည် ပခုံးများကိုတွန့်လိုက်ပြီး ထပ်ပြောသည်။

'ဒေါက်တာ လိုက်မလာရင် သူဒုက္ခရောက်တော့မှာ သေချာတယ်'

ကျွန်တော် နှုတ်ခမ်းကိုက်ကာ စဉ်းစားချိန်ဆနေသည်။ နေ့တင်း ဟစ်လ်လိန်းရပ်မှ အပင့်ရောက်လာတိုင်း ကျွန်တော်ဖြုန်းခနဲ ထမလိုက်ရဲ။ သူတို့ထံ သွားလိုက်လျှင် ပြဿနာနှင့်ရင်ဆိုင်ရသည်ကများ၏။ ကျွန်တော်က စိတ်မပါ့တပါနှင့် လူနာအလာစဲသွားလျှင်သွားချင်း လာခဲ့မည်ဟု အဖြေပေး လိုက်ပါသည်၊

မကြာခင်မှာပင် ကျွန်တော်သည် လိန်းဆင်းရဲသားရပ်ကွက်တွင်းသို့ ရောက်သွားသည်။ ဈေးပေါပေါနှင့် အခန်းငှားစားသော တိုက်တစ်လုံးရှေ့၌ ရပ်ကာ တံခါးခေါက်နေသည်။ 'အိပ်ရာ ကောင်းကောင်းရှိသည်။ ယောကျ်ား များသာ ငှားသည်'ဟူသော ဆိုင်းဘုတ်တစ်ခုသည် တိုက်ရှေ့တွင် တွဲလောင်း။ အဝတ်အစား ဘိုသီဘတ်သီဖြင့် တဘက်တစ်ထည် ခြုံထားသော မိန်းမငယ်တစ် ယောက် ထွက်လာပြီး ကျွန်တော့်အား အခန်းထဲသို့ ခေါ်သွားသည်။

'မာရေးအခန်း ဘယ်မှာလဲ'

ဟု ကျွန်တော်က ခပ်ငေါက်ငေါက်လေသံဖြင့် မေးသည်။

'ပြမယ် ...ပြမယ်၊ ဒေါသကြီးမနေပါနဲ့၊ သူ့အခန်းက ဟိုဘက်မှာ'

www.burmeseclassic.com

www.burmeseclassic.com


အခန်းက အိမ်နောက်ဘက်၌ ဖြစ်သည်။ တကယ့် သေးသေးကျဉ်းကျဉ်းကလေး။ တစ်အိမ်နှင့်တစ်အိမ် ဖင်ချင်းခေါင်းချင်းဆိုင်၍ ဖြစ်သလိုဆောက်ထားသော ဤရပ်ကွက်မှ အိမ်များတွင် အခန်းတိုင်းမှောင်မည်းနေကြသည်ချည်း ဖြစ်၏။ ကျွန်တော်သည် အခန်းထဲ၌ မျက်စိကျင့်သားရအောင်အတန်ကြာရပ်နေပါသေးသည်။ ထို့နောက် ကောက်ရိုးမွေ့ယာတစ်ခုပေါ်၌ပက်လက်ဖြစ်နေသည့် လူတစ်ယောက်ကို မြင်ရသည်။ အဝတ်အစားများကိုပင် မချွတ်သေး။ ခြေထောက်တွင်လည်း ရှူးဖိနပ်များ စီးထားသည်။ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများ ရိတ်ထားခြင်းမရှိ။ ကုတ်အင်္ကျီတွင်လည်း ရွံ့အလူးလူး။ လည်ပင်း ကြယ်သီးကိုတော့ ဖြုတ်ထားသည်။ သူ့ပတ်ပတ်လည်၌ ရှိနေသည့် ဘာပစ္စည်းမှ တင်မထားသည့် စားပွဲတစ်လုံး၊ သေတ္တာပျက်အဟောင်းတစ်လုံးနှင့် စာအုပ်အစုတ်အပြဲများသည် အခန်းရှင်၏ ဆင်းရဲမွဲတေမှုကို ဖော်ပြနေကြသည်။ ညစ်ပတ်ပေရေလွန်းလှသည့် အခန်းနှင့်ဖြစ်ချင်သလို ဖြစ်နေသည့်အခန်းရှင်ကိုကြည့်၍ ကျွန်တော်ဘုရားတမိပါသည်။

ကျွန်တော့်အသံကြောင့် အိပ်ရာပေါ်မှလူသည် လူးလွန့်လာသည်။ သူ့ပါးစပ်မှ ပေါက်တတ်ကရ ရေရွတ်သံ ထွက်လာသည်။ သူ့မျက်လုံးများသည် ပြူးထွက်နေကြပြီး အကြောများက တဆတ်ဆတ် တုန်နေကြသည်။ တစ်ကိုယ်လုံး ပြာနှမ်းကာ ငန်းဖမ်းနေသည့် အရိပ်လက္ခဏာများကို မြင်နေရ၏။ ကျွန်တော်က ဆေးတစ်လုံးကို ထိုးပေးလိုက်သည့်အခါ သောက်ထားသည့် အရက်ရှိန်ဖြင့် တွန်းထိုးရုန်းကန်ကာ ထထိုင်သည်။ သို့သော်လည်းတစ်ခဏမျှသာ ဖြစ်သည်။ ချက်ချင်းပင် ပြန်၍လဲကျသွားသည်။ သူ့နှုတ်မှရေရွတ်သံ ထွက်လာသည်။

သူရေရွတ်လိုက်သည်မှာ ရှေးဟောင်းကဗျာတစ်ပုဒ်မှ စာပိုဒ်တစ်ချို့ဖြစ်သည်။ ကျွန်တော် အံ့အားသင့်နေမိ၏။ ကိုယ့်ကိုယ်ကို မထိန်းနိုင်လောက်အောင် မူးရူးနေသူ၏ ပါးစပ်မှအဆင့်မြင့်သော ကဗျာစာတစ်ပုဒ်ထွက်လာသည်မှာ ဆက်စပ်၍မရနိုင်အောင် ဖြစ်ရပါသည်။ ကျွန်တော် သူ့အနားကပ်၍ မျက်နှာကိုစေ့စေ့စပ်စပ်ကြည့်သည်။ အသက်မကြီးသေးပါ။ အလွန်ဆုံးရှိမှ

www.burmeseclassic.com

www.burmeseclassic.com


သုံးဆယ့်ငါးနှစ်ခန့်သာ ရှိမည်။ ထူထဲသော ဆံပင်များသည် အခုထိ မည်းနက်ဆဲ။ မျက်နှာတွင် အရေးအကြောင်းများပင် မထင်သေး။

ကျွန်တော်သည် သူအိပ်မောကျသွားသည်အထိ စောင့်ကြည့်နေသည်။ ထို့နောက် အခန်းထဲမှ ရှိသမျှပစ္စည်းများကို သပ်သပ်ရပ်ရပ်ဖြစ်သွားအောင် နေရာချထားပေးလိုက်သည်။ စာအုပ်တစ်အုပ်ကို ကောက်ကြည့်မိ၏။ 'အေးဒီယစ်'အမည်ရှိ ရှေးဟောင်း လက်တင်ကဗျာစာအုပ်ဖြစ်သည်။ နောက်စာအုပ် 'ပါအိုလိုနှင့် ဖရန်ဆက်စက' အမည်ရှိ စာအုပ်။ ကျွန်တော် သက်ပြင်းချမိသည်။ မာရေး၏ အသက်ရှူသံကို ခဏမျှရပ်၍ နားစွင့်ပြီး အခန်းထဲမှ ထွက်လာခဲ့ပါသည်။

စကြ်လမ်းမှ စောင့်နေသော အမျိုးသမီးနှင့် ဆုံမိသည့်အခါ ကျွန်တော်က မာရေးအကြောင်း စုံစမ်းသည်။ ဘာတစ်ခုမှ မည်မည်ရရ မသိပါ။ မည်သို့ပင်ဖြစ်စေ ကျွန်တော့်တွင် သူ့အကြောင်း စုံစမ်းနိုင်သည့်နေရာ တစ်နေရာရှိသေးသည်။ ကျွန်တော်အိမ်သို့ တန်းမပြန်ဘဲ ရဲတပ်ကြပ် အလန်ဇန်ဒါဘလဲယားထံ ဝင်ပါသည်။

'ဩော် ...ဒေါက်တာ မာရေးဆီ ရောက်ခဲ့သကိုး' ဘလဲယားက လက်ထဲမှ ဖောင်တိန်ကို စားပွဲပေါ်ချထားလိုက်သည်။ 'အင်း ဇာတ်လမ်းလေးတစ်ပုဒ်တော့ရှိတယ်။ ဒါပေမယ့် တိုတိုကလေးပါ။ သိပ်ကို တိုတယ်၊ အရက်သောက်တယ် ဒါပဲ' သူသည် စကားကို မဆက်သေးဘဲ ရပ်ထားသည့် 'သနားစရာတော့ ကောင်းပါတယ်၊ အခုလက်ရှိ အခြေအနေကို ကြည့်ရင်တော့ သူဟာ ရိုးနဲ့အောက်စဖို့ တက္ကသိုလ်ရောက်ခဲ့ဖူးတယ်ဆိုတာ၊ ဘယ်သူကမှ ယုံမှာမဟုတ်ဘူး၊ ဘာလီအိုကောလိပ်က အလွန်ပညာထူးချွန်တဲ့ကျောင်းသားတစ်ယောက်ဆိုတာလဲ ယုံကြမှာ မဟုတ်ဘူး။ သူနဲ့ပတ်သက်ပြီး ပြောနေကြတာတွေကတော့ အများကြီးပဲ၊ အောက်စဖို့တက္ကသိုလ်မှာ ပါမောက္ခတောင် ဖြစ်မယ်လို့ ထင်ကြေးပေးခံခဲ့ရတဲ့လူပေါ့၊ ဒါပေမယ့် အခု သူဘာဖြစ်နေလဲ၊ တွေ့ခဲ့တဲ့အတိုင်းပဲ ကျွန်တော်တို့ သူ့ကို သိလာတာ ငါးနှစ်ရှိသွားပြီ။ သူနဲ့ ကျွန်တော်တို့ တစ်ခါနှစ်ခါ ပြဿနာရှိခဲ့ဖူးတယ်။ ကျွန်တော်တို့က သူ့ကို ကူညီခဲ့တာချည်းပဲ၊ ကျွန်တော်တို့က သူ့ကို ကလာရီယွန်သတင်းစာတိုက်မှာ သတင်းထောက် အလုပ်ရအောင်

www.burmeseclassic.com

www.burmeseclassic.com


လုပ်ပေးခဲ့တယ်၊ တကယ့်ကိုတော်တဲ့ သတင်း ထောက်လို့ လူတွေက အသိအမှတ်ပြုကြတယ်၊ လူချစ်လူခင်လည်း ပေါတယ်၊ ဒါပေမယ့် သုံးလပဲကြာတယ် ကျွန်တော်ပေးခဲ့တဲ့ အကြံကို လက်ခံပါ။ သူ့ကို ဘာမှသွားပြီး လုပ်မပေးနဲ့ လွှတ်သာထားလိုက်'

သို့သော်လည်း ကျွန်တော်မနေနိုင်ပါ၊ နောက်တစ်နေ့ မနက်တွင် ကျွန်တော် မာရေးထံ ထပ်သွားသည်။ နောက်ရက်များတွင်လည်း နံနက်တိုင်း သွားကြည့်သည်။ ဆေးဖိုးဝါးခရဖို့ မျှော်လင့်ချက်ကတော့ ရှိသည်မဟုတ်ပါ။ သို့တစေလည်း ဒေးဗစ်မာရေးသည် သူ့အပေါ်စိတ်ဝင်စားအောင် ကျွန်တော့်အား ဆွဲဆောင်နိုင်စွမ်း ရှိနေပါသည်။ ပထမတော့ တွယ်ရာမဲ့ဖြစ်နေသော သူ့အဖြစ်ကို ကိုယ်ချင်းစာ၍ ဖြစ်သည်။ နောက်ပိုင်းကျတော့ လူ လူချင်း သနားကရုဏာမင်သည့် စိတ်စေတနာကြောင့် ဖြစ်သည်။

မာရေးတွင် လူတစ်ဘက်သားအား ဆွဲဆောင်နိုင်သည့်စွမ်းအား ရှိသည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ စာပေ ဗဟုသုတ ကြွယ်ဝသည်။ အသိဉာဏ်ထက်မြက်သည်၊ တစ်ဘက်သားကို စည်းရုံးနိုင်စွမ်းရှိသည်။ ဟာသဉာဏ်ထက်သန်သည်။ သူ စကားပြောနေလျှင် သူ့အခန်းထဲ၌ ထိုင်နေသော ကျွန်တော်သည် ညစ်ပတ်နံစော်လျက်ရှိသော အခန်းကို သတိမရတော့။ သူ၏ ဖမ်းစားမှုကို ကျွန်တော်ခံရသည်။

မာရေး ထူထူထောင်ထောင် ဖြစ်လာသည့် တစ်နေ့သောမွန်းလွဲပိုင်းတွင် ကျွန်တော်သည် စိတ်ထဲ၌ရှိလာသည့် စေတနာကို ထိန်းချုပ်မထားနိုင်တော့ပါ။

'မင်း ဘာပြုလို့ အရက်နဲ့ ကင်းအောင်မနေနိုင်တာလဲ၊ ငါက မင်းအတွက်ကောင်းဖို့ ပြောတာပါ။ ငါကူညီနိုင်သမျှ ကူညီသွားဖို့လဲ စိတ်ကူးထားတယ်'

သူက ကျွန်တော့်အား ဘေးတိုက်တစ်ချက်မျှ စောင့်ကြည့်ပြီး ရယ်သည်။

'မိတ်ဆွေချင်း စောင့်ရှောက်ကူသတဲ့ ပုံစံပေါ့လေ၊ ကျွန်တော် မမြင်ခိုက်မှာ ကျွန်တော် လက်ဖက်ရည်ခွက်ထဲ ဆေးထည့်လိုက်တယ်၊ အရသာ

www.burmeseclassic.com

www.burmeseclassic.com


လဲမရှိ၊ အရောင်အဆင်းလဲမရှိ၊ နောက်နေ့ကျတော့ ကျွန်တော် သက်သာသွားတယ် ဟုတ်လား၊ အင်မတန် အံ့ဩစရာကောင်းတဲ့ အကြံပြုချက်တစ်ခုပါပဲ၊ တကယ်လို့ ဒီအကြံပြုချက်ဟာ အသစ်အဆန်းဆိုရင်တော့ပေါ့လေ'

'ငါတွေးနေတာက ....'

'တွေးနေလို့လဲ အလကားပဲ ဒေါက်တာ' ဟု သူက ကြားဖြတ်ပြောသည်။ လုပ်ပေးရင်လဲ အလကားပါပဲ မထူးပါဘူး၊ ကျွန်တော် အရင်က မကြိုးစားခဲ့ဖူးဘူးလို့ ဒေါက်တာ ထင်နေတာလား။ ကျွန်တော် ဆရာဝန်ပေါင်း တစ်ဒါဇင်လောက်နဲ့ ကုခဲ့ဖူးတယ်။ လစ်ဗာပူ၊ လန်ဒန်၊ ဘာလင် ...ဟာ နေရာအနှံ့ပဲ၊ ဆေးရုံလဲ တက်ခဲ့ဖူးပြီ။ ကျွန်တော့်အနေနဲ့ ယစ်ထုပ်ဂေဟာတွေမှာ လဲ ရှေ့သရဖူမဆောင်းရတဲ့ ဘုရင်တစ်ပါးဖြစ်ခဲ့ဖူးပြီ။ နည်းမျိုးစုံသုံးပြီး ကြိုး စားခဲ့တာပဲ၊ ဒါပေမယ့် မရဘူး၊ အရက်က ကျွန်တော့်မှာ အရိုးစွဲနေပြီ ဒေါက်တာ၊ ပုပ်သိုးဆွေးမြည့်ပြီး ပျက်စီးချင်တိုင်း ပျက်စီးနေတဲ့ အရက်သမား ရောက်ပြီ။ ကျွန်တော်က တကယ့်အရက်သမား တစ်ယောက်ပဲ၊ ကျွန်တော် သွားနိုင်တာနဲ့ တပြိုင်နက် မာရေးရဲ့ အရက်ဆိုင်ကိုသွားမယ်၊ ထိုင်သောက် မယ်၊ သူတို့က ကျွန်တော့်ကို ကောင်းကောင်းသိနေကြတာပဲ၊ အရက်သောက် လို့ ခပ်ထွေထွေဖြစ်လာရင် ပြင်သစ်ဝတ္ထုတွေထဲက ညစ်တီးညစ်စုတ်ပုံပြင်တွေ သူတို့ကို ပြောပြမယ်၊ အဲ သိပ်မူးလာတဲ့ အခါကျတော့ ဂရိကဗျာတွေ ဟိုတစ်စ သည်တစ်စရွတ်ပြမယ်၊ သူတို့ကတော့ တရုတ်ဘာသာနဲ့ ကဗျာတွေ ရွတ်နေတယ်လို့ ထင်ကြတာ၊ ဘယ်လိုပဲ ဖြစ်ဖြစ်ပေါ့လေ၊ သူတို့က ကျွန်တော့်ကို တော်တော်ခင်ကြတယ်၊ ကျွန်တော့်အဖို့ကတော့ အဲဒီဘုံဆိုင်ပဲ သွားနေမှာပဲ၊ နောက်တစ်ကြိမ် အဆိုးဆုံးအဆင့်မရောက်ခင် ခြောက်လလောက်တော့ ကောင်းကောင်းသောက်လိုက်ဦးပါမှာ'

ကျွန်တော် သူ့ကို မကြည့်။

'ဒါဆိုရင်တော့ မင်းအတွက် ဘာမှထက်ပြီး လုပ်စရာမလိုတော့ဘူး ဆိုပါတော့'

သူသည် ငြိမ်နေသည်။ ထို့နောက် ရုတ်တရက်ပေါ်လာသော တွန်း

www.burmeseclassic.com

www.burmeseclassic.com


အားတစ်ခုကြောင့် စိတ်ပြောင်းသွားသည့်နှယ် ကျွန်တော့်ဆီသို့ သူ့လက်ကို ဆန့်တန်းပေးသည်။

'ဒေါက်တာက စေတနာသိပ်ထားနေတော့လဲ တစ်ကြိမ်လောက် ထပ်ပြီး ကြိုးစားကြည့်ကြသေးတာပေါ့လေ'

သူ ပြောပုံဆိုပုံသည် အနည်းငယ်မျှ သရော်သံပါနေသည်ဟုထင်သည်။ သို့သော်လည်း အခုမှတော့ ကျွန်တော် နောက်ဆုတ်၍မဖြစ်တော့ပါ၊ ထိုနေ့မှာပင် ကျွန်တော်သည် သူ့ထံသို့ ဝတ်စုံဟောင်းတစ်စုံ၊ ရှပ်အင်္ကျီ၊ ခြေအိတ်နှင့်နက္ကတိုင်များအပြင် ဖိနပ်တစ်ရံနှင့် ငွေနည်းငယ်ကိုပါ ပို့လိုက်သည်။ ထို့နောက် သူ့အတွက် အသင့်တော်ဆုံးဖြစ်မည့် အလုပ်ကို လိုက်လံရှာဖွေသည်။ မလွယ်လှပါ။ သူ့အားအရောင်းသမားအဖြစ် ခန့်ထားနိုင်မည့် စတိုးဆိုင်ကြီး များသို့ ချဉ်းကပ်ခဲ့သော်လည်း အဆင်မပြေ၊ နောက်ဆုံးတွင် ကံကောင်း ထောက်မမှုတစ်ခုနှင့် ကြုံရပါသည်။

ကျွန်တော့်လူနာများထဲမှ လူချမ်းသာတစ်ဦးဖြစ်သော ဂျက်ကော့ဟယ်ရစ်ဆန်သည် ကင်မ်ဒင် အသက်အာမခံ ကုမ္ပဏီမှ မန်နေဂျာဖြစ်သည်။ သူ့သားတစ်ယောက်မှာ နိုင်ငံခြားရေးရာဌာန၌ အလုပ်လျှောက်ထားခဲ့ရာ အလွန်ခက်ပေ့ဟု ပြောရမည့် ရေးဖြေစာမေးပွဲတစ်ခု ဝင်ရောက်ဖြေဆိုရမည်ဖြစ်သည်။ သားဖြစ်သူမှာ ဂန္ထဝင်စာပေပိုင်း၌ အလွန်အားနည်းလျက်ရှိရာ သုံးလနှင့် ကျေကျေညက်ညက်ဖြစ်အောင် သင်ကြားပြသပေးနိုင်မည့် ဆရာတစ်ယောက်လိုအပ်နေသည်။ ဤကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်တွင် အတော်ဆုံး နည်းပြဆရာတစ်ဦးရှိသည်ဟု စကားစပ်မိသည်။ ဟယ်ရစ်ဆန်ဆင်ကလည်း ကျွန်တော့်စကား ကြားသည့်အခါ အလွန်ဝမ်းသာသွားသည်။ ကျွန်တော် ဒေးဗစ်မာရေးကို ဟယ်ရစ်ဆန်ထံ လွှတ်ပေးလိုက်သည်။ လူချင်းတွေ့ပြီးသည့်နောက် သူ့အားချက်ချင်းပင် အလုပ်ခန့်လိုက်ပါသည်။

အလုပ်ရလာသည့်အတွက် စိတ်အားထက်သန်မှု ရှိ-မရှိ ကျွန်တော် မခန့်မှန်းနိုင်ပါ။ သူ့တပည့်ကို သူခင်ကြောင်း၊ သူ တတ်ထားသမျှ ကျကျနန သင်ပေးနေကြောင်း စသည်လောက်တော့ သိရသည်။ သူနှင့်ကျွန်တော် သဘောတူထားသည့် စည်းကမ်းချက်ကို သူ့ဘက်မှ စောင့်ထိန်းခြင်း ရှိ-

www.burmeseclassic.com

www.burmeseclassic.com


မရှိတော့ ကျွန်တော် အတိအကျမသိ။ ကျွန်တော့်စိတ်တွင် သံသယမကင်းတော့ ဖြစ်နေမိပါသည်။

တစ်နေ့သော မွန်းလွဲပိုင်းတွင် မမျှော်လင့်ဘဲနှင့် သူ ကျွန်တော့် ဆေးခန်းထဲသို့ ဖြန်းခနဲ ရောက်လာသည်။

'ဒေါက်တာ ကျွန်တော်ပြောထားတဲ့အတိုင်း လုပ်ပါ့မယ်၊ ဒီတစ်ခါ တကယ်ပြောတာပါ'

'ငါထင်တားတာက ငါတို့ သဘောတူထားတဲ့အတိုင်း'

'မဟုတ်ဘူး ဒေါက်တာ၊ ကျွန်တော် ဒေါက်တာကို လိမ်နေတာ ပါ၊ ကျွန်တော် အရက်ကို မပြတ်ခဲ့ပါဘူး၊ ဒါပေမယ့် အခု ကျွန်တော် တကယ်ကို ဖြတ်တော့မှာပါ'

ကျွန်တော် သူ့ကိုကြည့်နေခိုက်မှာပင် သူသည် ပိုင်ပိုင်နိုင်နိုင် ဆုံး ဖြတ်ထားဟန်ဖြင့် စကားကို ဆက်ပြောနေသည်။

'ဘာပြုလို့ မလုပ်ရမှာလဲ၊ ကျွန်တော် တကယ်ဖြတ်ချင်ရင် ပြတ်ရ မှာပေါ့၊ အရင်တုန်းကတော့ ကျွန်တော့်စိတ်ကိုက မဖြတ်ချင်လို့ မပြတ်တာပါ၊ အခုတော့ တကယ့်ကိုဖြတ်မယ်၊ ဒေါက်တာပြောထားတဲ့အတိုင်း ကျွန်တော့ကို တကယ်ကူညီမယ် မဟုတ်လား'

'အေးပေါ့၊ ကူညီမယ် မဟုတ်လား'

'အေးပေါ့၊ ကူညီမှာပေါ့'

ယခင်က မာရေးအပေါ် သံသယစိတ်များရှိခဲ့သော်လည်း ယခုအခါ တွင် ဘာသံသယမှမရှိတော့ပါ။ ဤသီတင်းပတ်များအတွင်း ဆရာဝန်တစ် ယောက် အနေဖြင့်ရော၊ မိတ်ဆွေတစ်ယောက်အနေဖြင့်ပါ ကျွန်တော် သူ့အား အစွမ်းကုန် ကူညီခဲ့သည်။ သူအပြင်းအထန် ခံစားနေရသည်ကို ကျွန်တော် မျက်မြင်ကိုယ်တွေ့ ဖြစ်ပါသည်။ မနက်ခင်းဆိုလျှင် သူ့မျက်လုံးများသည် အလင်းရောင်နှင့် ရင်ဆိုင်၍ မကြည့်နိုင်။ အရက်သောက်ချင်စိတ်ဖြင့် အိပ်ရာ ထဲမှ မထနိုင်။ အိပ်မပျော်သည့် ညပေါင်းများစွာနှင့်လည်း ရင်ဆိုင်ရသည်။ လည်းချောင်းက အရက်ကို တောင့်တလွန်းအားကြီးသဖြင့် အားနည်းသည့်ဒဏ် ကို အပြင်းအထန် ခံရသည်။ တစ်ခါတရံတွင် သူသည် စိတ်ကို မချုပ်တည်း

www.burmeseclassic.com

www.burmeseclassic.com


နိုင် တော့ဘဲ ရှိုက်ကြီးတငင်ငိုသည်။ သို့သော်လည်း သူ့လက်မလျှော့ပါ။ နောက်ဆုံးတွင် အနိုင်ရရှိရမည်ဟူသော စွဲဖြင့် ကြွံ့ကြွံ့ခံလျက်ရှိပါသည်။

မည်သည့်အတွက်ကြောင့် သူ့ကိုယ်သူ ပြန်လည် အဖတ်ဆယ်နိုင်အောင် ကြိုးစားနေပါသနည်း။ ကျွန်တော့်အဖို့ အထူးအဆန်း ဖြစ်နေသည်။ သို့သော်လည်း အခြား ထူးခြားသောအကြောင်းတစ်ခုခု ရှိနေ၍ အခုလို လုပ်လေသလား ဟူသော အတွေးမျိုးတော့ ကျွန်တော့ခေါင်းထဲ ဝင်မလာပါ။

မေလအတွင်း တစ်ညနေခင်းတွင် ကျွန်တော်သည် အိမ်ပြတင်းပေါက် တစ်ပေါက်၌ ရပ်၍ အပြင်သို့ကြည့်နေသည်။ ကျွန်တော်အိပ်မက်ပင် မမက်ခဲ့ဖူးသည့် မြင်ကွင်းတစ်ခုကို မမျှော်လင့်ဘဲ မြင်လိုက်ရပါသည်။ လမ်းတစ်ဘက်မှ အတူတူတွဲ၍ ဖြတ်လျှောက်လာသည့် လူသုံးဦး။ မာရေး၊ သူ့တပည့်နှင့်အသက် ဆယ့်ကိုးနှစ်ခန့် မိန်းကလေးတစ်ယောက်။ မြင်မြင်ချင်း မိန်းကလေးကို ကျွန်တော်မှတ်မိသည်။ သား ဟယ်ရစ်ဆန်၏ နှမအေဒါ။ ပြင်သစ်နိုင်ငံတွင် ကျောင်းတက်နေသူဖြစ်သည်။ မကြာသေးခင်ကမှ ပြန်ရောက်လာခြင်းဖြစ်၏။ သို့သော်လည်း အေဒါအား ကြည့်လိုက်သည့် မာရေး၏ မျက်နှာထားကိုမြင် လိုက်ရသောအခါတွင်မူ ကျွန်တော် တုန်လှုပ်မိပါသည်။

ကျွန်တော် မာရေးနှင့်ဆုံမိသောအခါ အမှတ်တမဲ့နှင့် အေဒါဟယ်ရစ်ဆန် နာမည်ကို ပြောမိသည်။ ချက်ချင်းပင် သူ့မျက်နှာသည် ဝင်းလက်လာသည်။

‘အေဒါ မလှဘူးလား ဒေါက်တာ’ဟု သူကပြောသည်။ ‘နှင်းဆီပန်းလေးတစ်ပွင့်ထက် လှတယ်နော်’ ပြောပြောဆိုဆို အလှကို ဖွဲ့ထားသည့် ကဗျာတစ်ကြောင်းကို ရွတ်လိုက်သေးသည်။ ပြီးတော့ ပြုံးသည်။

‘မယုံကြည်နိုင်စရာပဲ ဒေါက်တာ၊ အေဒါက ကျွန်တော့ကို သဘောကျတယ်၊ မနေ့က ကျွန်တော်တို့ ပန်းခြံထဲ လမ်းလျှောက်ကြတယ်၊ ကျွန်တော်က ရယ်စရာတွေပြောတော့ သူကရယ်တယ်၊ ပထမတွေ့စတုန်းကဆိုရင် ကျွန်တော် သူ့မျက်နှာကို စေ့စေ့မကြည့်ရဲဘူး၊ အခုကျတော့လဲ တစ်မျိုးဖြစ်သွားပြီ’

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်စိုးရိမ်နေသည့်အတိုင်း ဖြစ်နေလေပြီ၊ သူ အေဒါကို တမ်းတမ်းစွဲ ချစ်နေပြီ။ လူချမ်းသာ တစ်ယောက်၏သမီး၊ ချစ်စရာကောင်းသည့် အလုပိုင်ရှင်၊ သူက အသက် သုံးဆယ့်လေးနှစ်၊ ခြူးတစ်ပြားမှ မကပ်သည့် အပယ်ခံတစ်ယောက်။ သူ့ကိုယ်ခန္ဓာသည် ပြန်လည်ပြုပြင်၍ မရနိုင် လောက်အောင် ပျက်စီးယိုယွင်းနေသည်။ သူ့အား ဘယ်လိုပြောရပါမည်နည်း။ ဘာမှပြော၍ မဖြစ်ပါ။ သူနှလုံးသားကို ကွဲအက်ကြေမွအောင် မလုပ်မိဖို့ အရေးကြီးသည် မဟုတ်ပါလား။

အချိန်တွေ ကုန်လာသည်။ သား ဟယ်ရစ်ဆန် စာမေးပွဲဖြေသည်။ သူ့စာမေးပွဲဖြေပြီး ရက်အနည်းငယ်အကြာတွင် သူနှင့် ကျွန်တော် လမ်းဆုံ၌ဆုံမိ သည်။ သူသည် ရွှင်လန်းမြူးထူးလျက်ရှိသည်။ သူစာမေးပွဲတွင် အမှတ် ကောင်းကောင်းနှင့် အောင်မြင်ခဲ့ပြီး မဟုတ်ပါလား။

'မစ္စတာ မာရေးနဲ့ တွေ့အောင် ကူညီခဲ့လို့ ကျွန်တော်တို့က ဒေါက်တာ့ကို ကျေးဇူးတင်မဆုံးဖြစ်နေကြပါတယ်'ဟု သူကပြောသည်။ 'အဖေက သူ့ကို ကျွန်တော်တို့နဲ့အတူတူ ပြင်သစ်သွားလည်စေချင်တယ်လို့ ပြောနေတယ်၊ သူ့အတွက် ကုန်ကျစရိတ်မှန်သမျှ အဖေကပေးမယ်တဲ့၊ ဆုချတဲ့သဘောပေါ့ ခင်ဗျာ'

'မာရေး ကောင်းကျိုးအတွက်ဆိုတော့ ငါကလဲ သိပ်ကို ဝမ်းသာပါတယ်ကွာ'

'ဩော် – ဒါနဲ့စကားမစပ် ဒေါက်တာ မစ္စတာမာရေးက ကျွန်တော်တို့ မိသားစုနဲ့ ခင်နေကြပြီဆိုတော့ သူ့ကိုပါ မင်္ဂလာဆောင်ဖိတ်မှ ထင်တယ်'

'ဘယ်သူ့ မင်္ဂလာဆောင်လဲ'

'အေဒါလေ၊ လာမယ့်လထဲမှာ လက်ထပ်ဖို့ ရက်သတ်ပြီးပြီ။ သားဟယ်ရစ်ဆန်က အေဒါနှင့်လက်ထပ်မည့် အမျိုးသား၏အမည်ကို ပြောသည်။ သူ့ဖခင်၏ ကုမ္ပဏီမှ ဝန်ထမ်းတစ်ဦး ဖြစ်သည်ဟုဆိုသည်။

'ဒေါက်တာ့အတွက် ဖိတ်စာလဲ မကြာခင် ရောက်လာမှာပါ'ဟု သူက ထပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


ဖိတ်စာ ရောက်လာပါသည်။ ထိုနေ့ညနေပိုင်း ဆေးခန်း၌ လူနာမရှိတော့သည့်အချိန်တွင် ကျွန်တော်သည် မာရေး၏အခန်းသို့ ရောက်သွားသည်။ မာရေးအား ချော့မော့ဖျောင့်ဖျရန်နှင့် အားပေး စကားပြောရန် လိုအပ်လိမ့်မည်ဟု ထင်၍ဖြစ်ပါသည်။ သူ မရှိပါ။

'သူ့ကို ဘယ်မှာသွားရှာရင် တွေ့မလဲ'

အိမ်ရှင်အမျိုးသမီးက သရော်ပြုံးပြုံးပြီး ကျွန်တော့်အား အောင်နိုင်သူ မျက်နှာပေးဖြင့် ကြည့်သည်။

'အရက်ဆိုင် သွားကြည့်ပါလား'

ကျွန်တော် လမ်းမအတိုင်းပြန်လျှောက်ကာ လမ်းထောင့်မှ အရက်ဆိုင်သို့ သွားသည်။ ထိုအမျိုးသမီး ပြောလိုက်သည့်အတိုင်းပင်ဖြစ်ပါသည်။

မာရေးသည်သူထိုင်နေကျဆိုင်၏ ထောင့်တစ်ထောင့်၌ ထိုင်နေသည်။ သူ့အား ဝါသနာတူလူစုက ခြံရံလျက်ရှိသည်။ သူသည် တာစူ၍ မရနိုင်လောက်အောင် မူးနေပြီးဖြစ်၏။ သူသည် ထုံးစံအတိုင်း ဟိုးမား၏ကဗျာတစ်ပိုင်းတစ်စကို ရွတ်ပြနေသည်။ ကျန်လူထုက ပါးစပ်အဟောင်းသားဖြင့် နားထောင်နေကြသည်။ ရုတ်တရက် တလိပ်လိပ် ထနေသော မီးခိုးများကြားမှနေ၍ ကျွန်တော့အား လှမ်းမြင်သည်။ သူ့မျက်နှာသည် ဖြူရော်ရော်ဖြစ်သွားသည်။ သူ့မျက်လုံးအစုံတွင် ကြောက်မက်ဖွယ် ကောင်လောက်အောင် နာကျည်းသည့် အရိပ်အငွေ့ များ ထင်ဟပ်လာသည်။

'ကျွန်တော် ဘာဖြစ်လို့ မသေတာလဲ'ဟု အော်ပြောသည်။

သို့သော်လည်း သူ့အသံသည် ရယ်သံများကြားတွင် နစ်မြုပ်သွားသည်။ သူ့ဖန်ခွက်တွင် အရက်ထပ်ဖြည့်ပေးသည်။ တစ်ယောက်က သီချင်းစဆို သည်။ ကျွန်တော်သူ့အား ထိုနေရာမှာပင် ထားခဲ့ပြီး ထွက်လာခဲ့ပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com


[ ၂၉ ]

အခုဆိုလျှင် ကျွန်တော်တို့ ဘေးစ်ဝပ်တားရပ်၌ နေလာခဲ့ကြသည်မှာ ငါးနှစ်ရှိခဲ့ပြီ၊ ကျွန်တော်တို့ သားနှစ်ယောက်ပင်လျှင် သူငယ်တန်း၌ ပညာသင်ကြားနေကြပြီ ဖြစ်၏။ ကျွန်တော်တို့ဘဝသည် အေးဆေးသက်သာစွာဖြင့် ပုံမှန်လည်ပတ်လျက်ရှိသည်။ ကျွန်တော့် ချစ်ဇနီးကလည်း ကျွန်တော်တို့ မိသားစု သည် ဤအရပ်၌ ဤအလုပ်ဖြင့် အခြေစိုက်ကြရလိမ့်မည်ဟုပင် တွက်ဆထားပုံ ရ၏။ သူ့အနေဖြင့် အေးဆေးသာယာစွာ လျှောက်သွားနေရသော သူ့ဘဝခရီး လမ်းပေါ်တွင် စိတ်ရှုပ်စရာ အနှောက်အယှက်ဟူ၍ ဘာတစ်ခုမှ တွေ့ရတော့ မည် မဟုတ်ဟုလည်း ထင်မြင်ယူဆနေပုံရပါသည်။

တစ်ချိန်ကတော့ လန်ဒန်မြို့တော်သည် ကျွန်တော်တို့အား ထိတ်လန့်တုန်လှုပ်အောင် ချောက်လှန့်ခဲ့သော အရပ်ဖြစ်သည်။ လန်ဒန်ကို အပေါ်စီးရဖို့ ဆိုသည်မှာ အလွန်ခက်ခဲသော အလုပ်ဟုလည်း ယူဆခဲ့ကြ၏။ လက်တွေ့ကျတော့လည်း ထင်သလောက် မဟုတ်ပါ။ ကျွန်တော့်ဆေးကုလုပ်ငန်းသည် သိသိသာသာပင် တိုးတက်အောင်မြင်ခဲ့သည်။ သို့သော်လည်း ကျွန်တော်သည် အဆိုးဆုံးသော ဟန်ဆောင်မှုကို အသုံးပြုကာ မိမိ၏လုပ်ငန်း မအောင်မြင်ဟု ဘေးလူများက အထင်ရောက်အောင် ဖုံးကွယ်ထားခဲ့ပါသည်။

ဆေးခန်းလုပ်ငန်းမှာ ဒေါက်တာဟန်းနားထံမှ လက်လွှဲယူစအချိန်ကနှင့်မတူ၊ လုပ်ငန်းအနေအထားသည် များစွာ ကျယ်ပြန့်လာသည်။ ကျွန်တော့်အနေဖြင့် ထိုခေတ် ထိုအချိန်က ထင်ရှားခဲ့သော သမားတော်ကြီးများ၊ ခွဲစိတ်ကုဆရာဝန်ကြီးများနှင့်လည်း သိကျွမ်းရင်းနှီးခဲ့ရသည်။ ကျွန်တော့်ဆေးခန်းသို့ လောဒ်ဟောဒါး၊ ဆာအာဘတ်သဲနော့လိန်းနှင့် သာမော်လေးဖလကချား အစရှိသော လော့ဒ်ဘွဲ့ ဆာဘွဲ့ရ ပုဂ္ဂိုလ်များပင် လာရောက်ခဲ့ကြသည်။ မကြာသေးခင်ကပင် ဝိုက်လေလီမိတက် ကုမ္ပဏီမှ သူတို့၏စတိုးဆိုင်ကြီး၏ ကျန်းမာရေးအရာရှိအဖြစ် ခန့်ထားခဲ့သည်။

သို့တစေလည်း ဤမျှလောက်နှင့် ကျွန်တော် ကျေနပ်အားရခြင်း မဖြစ်သေးပါ။ လွန်ခဲ့သော အချိန်များက ကျွန်တော်သည် မျက်စိရောဂါကုသ

www.burmeseclassic.com

www.burmeseclassic.com


ရေး လုပ်ငန်းများအထိ သွားရောက်လေ့လာခဲ့၏။ ကျွန်တော့်အနေဖြင့် ယင်းလုပ်ငန်းနယ်ပယ်တွင် အတော်အသင့် အခြေချမိနေပြီဖြစ်ရာ ကျွန်တော့်ရည်မှန်းချက်သည် ယင်းလုပ်ငန်းဖြင့် နာမည်ကြီး ဟာလေးလမ်းသို့ ရွှေ့ပြောင်းရန်ဖြစ် ပါသည်။

သို့သော်လည်း ကျွန်တော့်ရည်မှန်းချက်သည် တစ်နံနက်ခင်းတွင် ခံစား လိုက်ရသည့် အစာမကြေရောဂါကြောင့် အခြေမခိုင်ဘဲ ဖြစ်သွားခဲ့ရပါသည်။ ဤရောဂါမှာ ကျွန်တော် ကျောင်းသားဘဝ ကတည်းက စွဲကပ်လာခဲ့သော ရောဂါဖြစ်၍ ဆရာဝန်များကလည်း သူတစ်မျိုး ငါတစ်ဖုံ ပြောဆိုသတ်မှတ်ခဲ့ကာ ဆေးပေးခဲ့ကြသည်။ ကျွန်တော့်အနေဖြင့် ဆိုဒါမှုန့်သောက်၍သာ အချိန်တွေကုန်ခဲ့ရ၏။ ရောဂါကတော့ ထူးထူးခြားခြား သက်သာလာသည်ဟု မရှိ။ မည်သို့ပင်ဖြစ်စေ၊ ဤတစ်ကြိမ်တွင်မူ ကြံ့တုန်းကြံ့ခိုက် သင့်တော်သည့် ကုသ မှုမျိုး ရနိုင်ရန်အတွက် ဆရာဝန်ကောင်းကောင်း တစ်ယောက်နှင့် ပြမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

ထိုနေ့ နေ့ခင်းပိုင်းတွင် ကျွန်တော်သည် ဝင်းပိုးလမ်းရှိ ဒေါက်တာအိုင်ဇော့ဘင်းနက်၏ ဆေးခန်းသို့လာခဲ့သည်။ သူသည် ထိုအချိန်က အစာအိမ်နှင့် ပတ်သက်သော ရောဂါဝေဒနာများ ကုသရာ၌ အလွန်ထင်ရှားကျော်ကြားနေသည့် သမားတော်ကြီးတစ်ဦး မဟုတ်ပါလော။

ကျွန်တော် မျှော်လင့်ထားသည်မှာ ဗိုက်နာပျောက်ဆေးရည် တစ်ပုလင်းနှင့် ဂေါက်ရိုက်ဖို့ဖိတ်ကြားစာတစ်စောင်ဖြစ်သည်။ သို့သော်လည်း မျှော်လင့်ထားသည်ကို မရဘဲ ကျွန်တော့်ဘဝအတွက် ထိတ်လန့်ချောက်ချားစရာတစ်ခုကိုသာ ရခဲ့၏။ သူသည် ကျွန်တော့်ရောဂါအား သမာန်ကာလျှံကာမကြည့်ဘဲ စမ်းသပ်မှုပေါင်း များစွာလုပ်သည်။ ဓာတ်မှန်ပင် ရိုက်ကြည့်သည်။ ထို့နောက် သူက ကျွန်တော့်ဝမ်းဗိုက်အောက်ရှိ အူသိမ်များ၌ အနာဖြစ်သည်ဟု ပြောသည်။ နာတာရှည်ရောဂါမျိုး ဖြစ်သဖြင့် အချိန်မီကုသမှု မပြုလျှင် ဒုက္ခရောက်ဖို့ ရှိသည်ဟုဆိုသည်။ ကျွန်တော်က နောက်တီးနောက်တောက်လေးသံဖြင့် မိမိ၏ မိတ်ဆွေဆရာဝန်တစ်ဦးအား စိတ်မချမ်းမြေ့စရာကောင်းသည့် ရောဂါဝေဒနာတစ်ခု စွဲကပ်နေကြောင်း၊ ဤမျှလောက် အသေးစိတ်

www.burmeseclassic.com

www.burmeseclassic.com


ပြောပြနေခြင်းသည် ဆေးပညာရှင်များ လိုက်နာရမည့် ကျင့်ဝတ်ကိုဖောက်ဖျက်ရာရောက်နေသည်ဟု ပြောမိပါသည်။ ကျွန်တော်၏ ဟာသနှောသည့်စကား အပေါ်တွင် သူသဘောကျဟန် မပြပါ။ လေးနက်တည်ငြိမ်သောမျက်နှာထား ဖြင့်သာ ကျွန်တော် စီစဉ်နိုင်လျှင် အမြန်ဆုံးစီစဉ်ပြီး တောပိုင်းဒေသသို့ ခြောက် လခန့် အနားယူဖို့ အကြံပြုသည်။

တုန်လှုပ်သော စိတ်ဖြင့် ကျွန်တော်သည် လူနာခုတင်ပေါ်မှ ဆင်းသည်။ ယခုလို အကျိုးပေးနေချိန်တွင် ဆေးကုလုပ်ငန်းကို ရပ်ဆိုင်းပစ်ဖို့ဆိုသည်မှာ လွယ်ကူသည်မဟုတ်၊ ကျွန်တော့်အတွက် အလွန်မဖြစ်နိုင်သည့်ကိစ္စတစ်ရပ်ဖြစ်၏။ ကျွန်တော့်လို စိတ်မရှည်သော လူတစ်ယောက်အဖို့လက်ထောက်ဆရာဝန်ထားဖို့ဆိုသည်မှာလည်း မလွယ်၊ ကျွန်တော့်နေရာတွင်လူစားထိုးပြီးထားခဲ့ဖို့မှာလည်း ဖြစ်နိုင်စရာမရှိ။ နှစ်ပေါင်းများစွာ အားထုတ်လုပ်ကိုင်ထားခဲ့သော ကျွန်တော့် လုပ်ငန်းသည် သီတင်းခြောက်ပတ်ခန့်အတွင်းပျက်စီးသွားဖွယ်ရာရှိ၏။

ရုပ်အင်္ကျီကို ပြန်ဝတ်နေသော ကျွန်တော့်ခေါင်းထဲသို့ ထူးဆန်းသောအတွေးတစ်ခု ဝင်လာသည်။ အလွန်အဓိပ္ပာယ်ကင်းမဲ့သည့် အတွေးဟုဆိုလျှင်လည်း ဆိုနိုင်စရာရှိသည်။ အရူးအတွေးဟု ခေါ်လျှင်လည်းခေါ်လို့ရသည်။ ကျွန်တော်သည် ရှေ့တည့်တည့်ကို စူးစူးစိုက်စိုက်ကြည့်ကာ ငြိမ်၍ ရပ်နေမိ သည်။ ငယ်စဉ်က ပေါ်ပေါက်ခဲ့ဖူးသည့် ထက်သန်ပြင်းပြသော ဆန္ဒများကိုပြန်လည်သတိရနေမိသည်။ ထိုတစ်ခဏအတွင်း ဖြစ်ပေါ်နေသည့် ကျွန်တော့်မျက်နှာထားသည် အူကြောင်ကြောင်ဖြစ်ကောင်းဖြစ်နေပေလိမ့်မည်။ ထို့နောက်အလွန်ရင့်ကျက်တည်ငြိမ်သော ပုံပန်းဖြင့် ဦးခေါင်းကို ဖြည်းလေးစွာ ညိတ်နေမိသည်။ ကျွန်တော့်ဘဝအတွက် အလွန်အရေးပါ အရာရောက်သည့် အပြုအမူတစ်ရပ်ဖြစ်ပါ၏။

ကျွန်တော် တင်းနက်နှင့် တွေ့ခဲ့သည့်ကိစ္စကို သီတင်းနှစ်ပတ်ကြာမျှ ဇနီးသည်အား အသိမပေးဘဲ မြိုထားခဲ့သည်။ ထို့နောက် နွေဦးပေါက် တစ်နေ့လယ်ခင်းတွင် ကျွန်တော်သည် အိမ်ထဲသို့ဝင်၍ထိုင်ကာ မျက်နှာကျက်ကို

www.burmeseclassic.com

www.burmeseclassic.com


မော့ကြည့်ပြီး စဉ်းစားနေသည်။ ကျွန်တော်၏ အဓိပ္ပာယ်ကင်းမဲ့သော ဆုံးဖြတ်ချက်များအတွက် ရှေ့ပြေးဖြစ်သော စကားများကို ပြောမိပါသည်။

'မောင်တို့ ဒီအရပ်က ခွာဖို့ အချိန်ကျလာပြီ'

ဇနီးသည်က ကျွန်တော့်အား အလန့်တကြားလှမ်းကြည့်သည်။

'ရှင် ဘာအဓိပ္ပာယ်နဲ့ပြောလိုက်တာလဲ'

'အဓိပ္ပာယ်ကတော့ မောင်ပြောလိုက်တဲ့အတိုင်းပဲပေါ့ အချစ်ရယ်'

ငြိမ်ဆိတ်သွားသည်။ နေရောင်သည် ကျွန်တော်တို့ ထမင်းစားခန်းအတွင်းသို့ ထိုးဝင်ကာ ကျွန်တော့်ဇနီးစိုက်ထားသည့် မရမ်းရောင် ဗေဒါပွင့်များနှင့် ပြီးခဲ့သောအပတ်ကမှ လဲလှယ်တပ်ဆင်ထားသည့် ခန်းဆီးများထက်သို့ ဖြာဆင်းလျက်ရှိသည်။ အပြင်ဘက်တွင် လေသည် နွေးထွေးလျက်ရှိသည်။ ပလက်ဖောင်းစကြီများသည် ခြောက်သွေ့နေကြသည်။ လမ်းများပေါ်တွင်မူ ပျားပန်းခတ်မျှ သွားလာလှုပ်ရှားနေကြသည့် လူများနှင့် ယာဉ်များက ကျွန်တော်တို့အိမ်နှင့် တေးစ်ဝပ်တားရပ်ကွက်၊ ဤမျှလောက် လှပသာယာသည် ကို ယခင်က မကြုံခဲ့စဖူးဟုထင်သည်။ ကျွန်တော့်ဇနီးသည် ကျွန်တော့်စကားကြောင့် သွေးဆူလာသည်။

'ကိုယ်အဆင်ပြေလာပြန်တော့လဲ ရှင်သတိမထားမိဘူး။ ကျွန်မတို့ ဒီမှာနေရတာပျော်တယ်၊ အခြေလဲကျနေပြီ ကလေးတွေအတွက်ရော။ လူကြီးတွေအတွက်ပါ အားလုံးအဆင်ပြေနေပြီ။ ရှင်ဟာ အမြဲတမ်း စိတ်ကူးတစ်ခု ခေါင်းထဲသွင်းပြီး ရှုပ်အောင်လုပ်နေတာပဲ။ အိမ်ထောင်ကျ ပါပြီးဆိုကတည်းက ကျွန်မ နားအေးပါးအေး နေရတယ်ကို မရှိဘူး၊ ကျွန်မအဖို့တော့ ဒီလောက် ဆိုရင် တော်လောက်ပါပြီလို့ထင်တယ်၊ နောက်ထပ်တော့ ကျွန်မ ဒုက္ခမခံပါရ စေနဲ့တော့' သူသည် ခဏမျှရပ်ကာ အသက်ရှုသည်။ 'ရှင့်အသက်ငယ်သေး တာပဲ၊ ဟာလေလမ်းမှာ ဆေးခန်းဖွင့်နိုင်ဖို့ မစဉ်းစားတော့ဘူးလား'

'မောင် ဟာလေလမ်းကို မစဉ်းစားတော့ဘူး'

'ဒါဆိုရင် ရှင်က ဘာတွေလုပ်ဖို့ စဉ်းစားနေသလဲ'

'လုပ်ငန်းကို ရောင်းမယ်'

www.burmeseclassic.com

www.burmeseclassic.com


'ဘယ်တော့မှ ရောင်းလို့မရဘူး၊ လုပ်ငန်းကလဲကြီးတယ်၊ ပြီးတော့ ရှင်နာမည်နဲ့သာ အရှိန်တက်နေတဲ့ ဆေးခန်းရှင့်'

'အချစ်ရယ် စိတ်တော့ မဆိုးနဲ့နော် လုပ်ငန်းကို မောင်ရောင်းပြီးပြီ'

သူ့မျက်နှာသည် ဖြူရော်သွားသည်။ ကျွန်တော့်စကားကို မယုံကြည်နိုင်အောင်ဖြစ်လျက်ရှိသည်။ ထို့နောက်တော့ ကျွန်တော့စကားအမှန်ဖြစ်ကြောင်း သူသိသွားသည်။ သူ့အနေဖြင့် ဘာပြောရမှန်း မသိအောင်ဖြစ်လျက်ရှိ၏။ မနေ့ညက သူသည် သူ့သားများအား ပုံပြင်များဖတ်ပြခဲ့သည်။ အခုကျတော့ သူဖတ်ပြခဲ့သည့် အာလာဒင်နှင့်ထူးဆန်းသော မီးခွက်အကြောင်း တွေးနေပုံရ၏။ ဖြူဖတ်ဖြူရော မျက်နှာဖြင့် တိုးတိုးကလေး မေးသည်။

'ရှင်ဘာလုပ်ဖို့ စိတ်ကူးထားသလဲ'

ကျွန်တော်ချက်ချင်း အဖြေမပေး။

'မောင် စာရေးဆရာဖြစ်အောင် ကြိုးစားမလားလို့'

'ဘုရား ...ဘုရား'ဟု ရေရွတ်သည်။ သူ့မျက်လုံးအစုံတွင် မျက်ရည်စများ ပြည့်လာသည်။

'ရှင် ရူးပြီ'

ကျွန်တော် မရူးကြောင်း ကျွန်တော့်ဘက်က အခိုင်အမာပြနိုင်သည်ဟု ကျွန်တော့်စိတ်ထဲက သိနေပါသည်။ ဒေါက်တာ အိုင်ဖေးဘင်းနက်က ကျွန်တော့်အား ပြောပြလိုက်သည့် စကားများကို သူအစိုးရိမ်မလွန်အောင် သတိထား၍ ပြောပြသည်။ ထို့နောက် ကျွန်တော့်စိတ်ကူးနှင့် ပတ်သက်၍ သူနားဝင်အောင် စိတ်ရှည်လက်ရှည်ဖြင့် အေးအေးသာသာ ရှင်းပြပါသည်။

'စာရေးဆရာတစ်ယောက်ဖြစ်ချင်တဲ့ စိတ်ဟာ မောင့်ရင်ထဲမှာ အမြဲတမ်းရှိခဲ့တယ်။ အင်မတန် ထူးဆန်းတဲ့စိတ်လို့ ဆိုရမှာပဲ ငယ်ငယ်ကတည်းက စွဲလာတဲ့စိတ်ပါ။ ဒါပေမယ့် စကော့တလန်က အိမ်သားတွေကို ပြောပြရင် မောင့်ဒေါသထဲမှာ အတွေးမှားကြီးတစ်ခု ဝင်နေပြီလို့ ပြောကြမှာကသေချာတယ်။ ဒါကြောင့်မို့ မောင်ဖွင့်မပြောခဲ့ဘူး။ ဒီကိစ္စကို ဖွင့်မပြောဘဲ အများက လက်ခံနိုင်တဲ့ အလုပ်ကိုပဲ မောင်ကြိတ်ပြီးလုပ်ခဲ့တယ်။ တခြားမဟုတ်ဘူး ဆေးကျောင်းတက်ခဲ့တယ်။ ဘဝလဲ လုံခြုံတယ်။ လက်တွေ့လဲကျတယ်။

www.burmeseclassic.com

www.burmeseclassic.com


မဟုတ်လား၊ မောင့်အနေနဲ့ ဆေးကုလုပ်ငန်းကို ကြိုက်ပါတယ်၊ အခုဆိုရင် ပိုတောင်ကြိုက်လာသေးတယ်။ အမှန်အတိုင်းပြောရမယ်ဆိုရင် မောင်ဟာ ဆရာဝန်ကောင်းတစ်ယောက်လို့တောင် ပြောနိုင်တဲ့ အခြေအနေမှာ ရောက် နေပြီ။ ဒါပေမယ့် ခက်တာက စာရေးဆရာဖြစ်ချင်စိတ်ဟာ လုံးဝပျောက် မသွားဘူး၊ တစ်ချိန်လုံး စိတ်ထဲမှာရှိနေတယ်၊ မောင် လူနာတွေကို ကြည့်တဲ့ အခါတွေမှာ သူတို့ကို လူတွေအဖြစ်နဲ့ မြင်ရတယ်၊ မောင်တို့နှစ်ယောက် ကြမ်းတမ်းတဲ့ ဒေသမှာနေကြစဉ်တုန်းကလဲ ဒီအတိုင်းပဲ၊ လူတွေကို လူတွေ လိုမြင်ပြီး သူတို့အကြောင်းတွေကို စိတ်ကူးနဲ့ ဝတ္ထုတွေ ဖန်တီးကြည့်ခဲ့တယ်၊ မောင်တွေ့ခဲ့ရတဲ့ လူတွေရဲ့ အကျင့်စရိုက်တွေကို စာရွက်ပေါ်မှာ ရေးချချင် တဲ့ဆန္ဒ အမြဲတမ်းဖြစ်ခဲ့တယ်၊ မင်းသိတဲ့အတိုင်းပဲ မောင့်မှာ စာရေးဖို့အချိန်က မရှိဘူး၊ ဒီအလုပ်မျိုးလုပ်ဖို့ကျတော့ အေးချမ်းငြိမ်သက်ပြီး လွတ်လပ်မှုရှိရမယ်၊ မောင်တို့မှာ အဲသလို အခြေအနေမျိုးမရှိခဲ့ဘူး၊ အမြဲတမ်းရုန်းကန်လှုပ်ရှားနေခဲ့ ရတယ်၊ အေး အခုကျတော့ မောင်တို့မှာ အခြေအနေက ပေးလာတယ်၊ အနည်းဆုံးခြောက်လ၊ အများဆုံး တစ်နှစ်လောက်တော့ စာရေးနိုင်တဲ့ အခွင့် အလမ်းလေး ပွင့်လာတယ်၊ စာရေးဆရာတစ်ယောက်ဖြစ်ဖို့ မလွယ်ဘူးဆို တာ မောင်သိပါတယ်၊ တကယ်လို့ မဖြစ်တော့ဘူးဆိုတော့လဲ မောင့်ရဲ့ ဆရာဝန်အလုပ်ကို ပြန်လုပ်နိုင်တာပဲ မဟုတ်လား’

အချိန်အတော်ကြီးကြာမျှ ငြိမ်ဆိတ်နေသည်။ သူ ငြင်းဆန်နိုင်သည့် ကိစ္စမဟုတ်ပါ။ နှစ်ပေါင်းများစွာ ပေါင်းသင်းလာခဲ့ရသည့် အချိန်ကာလ အတွင်း ကျွန်တော်၌ ဤအစွဲအလမ်းရှိနေသည်ကို သူသိထားခဲ့သည်။ သို့သော် လည်း ပြင်းထန်သော ဆန္ဒမဟုတ်ဟု ယူဆသဖြင့် ပေါ့ပေါ့တန်တန်ပင် နေခဲ့ ခြင်းဖြစ်၏။ ဟိုတုန်းကတော့ ညစာစားပြီး၍ တစ်နေ့တာလုပ်ငန်းပြီး ဆုံးချိန် တွင် ကျွန်တော်သည်ကိုယ်ရေးချင်သည့်စာအုပ်အကြောင်း ပြောမိသည်။ သူကလည်း ဇာထိုးနေရာမှ ပြုံး၍နားထောင်လေ့ရှိ၏။ ထို့နောက်တော့ ကျွန် တော်ဂေါက်သီးရိုက် မကျွမ်းကျင်သည့်အကြောင်းသို့ စကားလမ်းကြောင်း ပြောင်းကာ စာအုပ်အကြောင်း စကားစပြတ်သွားတတ်ပါသည်။

မည်သို့ပင်ဖြစ်စေ ဤစိတ်ကူးသည် နောက်တစ်ကြိမ်ပေါ်လာခဲ့

www.burmeseclassic.com

www.burmeseclassic.com


ပြန်လေပြီ။ ယခုတစ်ကြိမ်တွင်မူ ယခင်ကနှင့်လုံးဝမတူ များစွာခြားနားလျက်ရှိ၏။ သူ့အဖို့တော့ ကျွန်တော်စိတ်ကူးသည် သာယာချမ်းမြေ့လျက်ရှိသော အိမ်ထောင်တွင် အဖျက်အဆီးတစ်ခုဟုလည်းကောင်း ရှုးသွပ်မှုတစ်ခုဟုလည်းကောင်း ယူဆနေဟန်ရှိပါသည်။

ဤသို့ဖြင့်အားလုံးစီစဉ်စရာရှိသမျှကို စီစဉ်သည်။ ဘယ်လိုလူစားပါလိမ့်၊ သူ့ သားမယားအတွက် လုံးဝ မစဉ်းစားတော့ဘူးလား၊ ကျွန်တော့်ဇနီးသည် ဒေါသဖြစ်သည်။ တုန်လှုပ်ချောက်ချားသည်။

'ဂေါဂင်ကို သတိရစမ်းပါကွာ'ဟု ကျွန်တော်က မဝံ့မရဲလေသံဖြင့်ပြောသည် 'ဂေါဂင်ဟာ ပါရီမြို့ပေါ်က စတော့ရှယ်ယာပွဲစား တစ်ယောက်ပါ ရုတ်တရက် သူ့အလုပ်မှစွန့်ပစ်ပြီး ပန်းချီဆွဲဖို့ ထွက်သွားခဲ့တယ်၊ တဟီဟီကျွန်းမှာ သွားနေတယ်၊ သူ့ပန်းချီတွေဟာ ဘယ်လောက်ကောင်းသလဲ'

'တဟီဟီကို ပထမသွားတယ်၊ နောက်တော့ တင်တူတူးကို ရောက်သွားတယ် မဟုတ်လား'ဟု သူကပါ သံယောင်လိုက်၍ ပြောသည်။ 'ဒါ ပေမယ့်ရှင့်အနေနဲ့ အသိတရားလေးတော့ မွေးဦးမှပေါ့၊ ရှင့်မှာ ဘာရောဂါဖြစ်နေတယ်လို့ ဒေါက်တာ တင်းနက်က ပြောလိုက်သလဲ'

'အို ကွာ စိတ်မပူပါနဲ့ အစာမကြေဘူးလို့ ပြောလိုက်တာပါ၊ ဒါပေမယ့် မောင့်ကို အနားယူရမယ်လို့ ပြောတယ်'

'ဟုတ်ပါပြီလေ ဟုတ်ပါပြီထားလိုက်ပါတော့'ဟု သူက ရေရွတ်သည်။

သူသည် ကျွန်တော့်အား မကျေမနပ် မျက်နှာထားဖြင့် ကြည့်နေသည်။ ထို့နောက် ပြုံးသည် ကျွန်တော်ပခုံးပေါ်ခေါင်းတင်၍ဖြစ်လာသည့်အခြေအနေကို ရင်ဆိုင်ရန်ဆုံးဖြတ်ထားသည်။ မျက်ရည်ကတော့ နောက်တစ်ကြိမ်ကျပြန်ပါသည်။

ကျွန်တော်တို့၏ အဆီအငေါ် မတည့်လွန်းလှသော စွန့်စားခန်းအတွက် ရွေးချယ်ထားသည့် နေရာမှာ စကော့တလန်နိုင်ငံ အနောက်ဘက်တောင်ကုန်း ဒေသအထွက်ရှိ အင်ဗာရာရေးနှင့် မိုင်အနည်းငယ်မျှ ကွာဝေးသောလော့ချ် ဖင်းတောင်ကုန်းထက်မှ ဒါလ်ချင်းနားယာတော ဖြစ်သည်။ ကျွန်တော်၏ ဆေးကုလုပ်ငန်းကို ဝယ်သူဒေါက်တာဂရင်းလက်သို့ အပြီးအပိုင်လွှဲပေးပြီး

www.burmeseclassic.com

www.burmeseclassic.com


နောက် သီတင်းသုံးပတ်အကြာတွင် ကျွန်တော်တို့သည် ဒါလ်ချင်းနားယာတော သို့ ထွက်ခဲ့ကြသည်။ ကားပေါ်တွင် ကျွန်တော်တို့ပိုင် ပစ္စည်းများဖြင့် ပြည့် လျက်ရှိသည်။ ကျွန်တော့်သား နှစ်ယောက်ကတော့ ဘာမှမသိ ရွှင်လန်းမြူး တူးနေကြပါသည်။

ကျွန်တော့်စိတ်သည် ကိုယ်လုပ်ခဲ့သည့် အလုပ်အပေါ် ယုံကြည်မှု အပြည့်အဝမရှိသလို ဖြစ်နေသည်။ သို့သော်လည်း ဇွန်လ၏ သာယာသော နေ့တစ်နေ့တွင် အခုလို ခရီးထွက်လာရခြင်းအတွက် ကြည်လင်ရွှင်လန်းခြင်း ဖြစ်ရပါ၏။ ကျွန်တော်တို့ မိသားစု အပန်းဖြေခရီး မထွက်ရသည်မှာ ကြာ ပြီ မဟုတ်ပါလား။

ဆယ့်နှစ်နာရီတိတိမျှ လာခဲ့ရသော ခရီးအဆုံးတွင် ကျွန်တော်တို့ မိသားစုသည် ကုန်းတန်းများ ကွင်းပြင်များနှင့် တောင်တန်းများ ထူထပ်စွာ မွေးရပ်ဇာတိတောပိုင်းဒေသသို့ ဆိုက်ရောက်ခဲ့ကြပါသည်။ ကျွန်တော်က မော်တော်ကားကို စက်သတ်လိုက်ပြီး ဇနီးသည်အား လှည့်ကြည့်သည်။ သူ့အကြည့်သည် ကျွန်တော့် အကြည့်ကဲ့သို့ပင် သိမ်မွေ့နူးညံ့လှပါသည်။ သူသည် ကျွန်တော့်လည်ပင်းကို လက်နှစ်ဘက်ဖြင့် သိမ်းဖက်လိုက်သည်။ ခွင့်လွှတ် ခြင်းဟူသော စိတ်စေတနာအပြည့်ဖြင့်ဖြစ်ပါသည်။

သိုးများသည် မြက်ခင်းပြင်ပေါ်၌ ခုန်ပေါက်မြူးတူးလျက်ရှိကြ သည်။ လမ်းဘေးတစ်လျှောက်စီးဆင်းနေသော စမ်းချောင်းရေပြင်သည် နေရောင် အောက်တွင် ဝင်းနေသည်။ ကားပေါ်မှ ခုန်ဆင်းသွားပြီဖြစ်သော သားနှစ် ယောက်သည် လမ်းဘေးဝဲယာမှ နှင်းပန်းများကို လိုက်၍ ခူးလျက် ရှိသည်။

'အခုလို ကိုယ့်အရပ်ကိုယ့်ဒေသကို ပြန်ရောက်လာတာဟာ အံ့သြ စရာပဲနော်' ဟု သူက ကျွန်တော့်အား တိုးတိုးသာသာပြောသည်။

'ဒီရောက်ရင်တော့ မောင် နေကောင်းလာမှာပါ။ ကျန်းကျန်းမာမာနဲ့ ပြန်ပြီး ထူထူထောင်ထောင် ဖြစ်လာမှာပါ။ မေရီတို့ ပျော်ပျော်ပါးပါး နေကြ ရအောင်၊ အတိတ်က ဖြစ်ရပ်တွေအားလုံးကို မေရီတို့ မေ့ပစ်ကြပါစို့'

* * * * *

www.burmeseclassic.com

www.burmeseclassic.com


(၃၀)

အင်ဗာရာရေးတောင်ကုန်းသည် အာဂီးလ်မြို့စားကြီး၏ ရဲတိုက်နှင့် မနီးမဝေး၌ တည်ရှိသည်။ ထုံးဖြူသုတ်ထားသည့် ကော့တိတ်ချ်တိုက်ကလေး များသည် တစ်ချိန်က ငါးအများအပြား ကျက်စားရာ ပင်လယ်ရေလက်ကြား ၏ထိပ်၌ တည်ရှိနေသော ကြီးမားထည်ဝါလှသည့် တောင်တန်းကြီးများကြား ၌ အစုလိုက်တည်ရှိသည်။ ထိုရေလက်ကြား၌ ကျက်စားခဲ့သည့် ငါးများမှာ ပင်လယ်ငါးများဖြစ်၍ သူတို့၏ ထူးဆန်းသော အလေ့အထအရ လွန်ခဲ့သော နှစ်များအတွင်းက ရေလက်ကြားကို စွန့်ခွာပြီး ထွက်ခွာသွားခဲ့ကြသည်။ ထို အချိန်မှစ၍ အကျိုးအမြတ်ဖြစ်ထွန်းနေသော ငါးဖမ်းလုပ်ငန်းသည် ကွယ် ပျောက်သွားခဲ့သည်။ ဤနေရာတစ်ဝိုက်၌ရှိခဲ့သော ငါးဖမ်းသင်္ဘောများသည် လည်း လော့ဆီး၊ မော့သ်နှင့် ဖရေဇာဆာဘက်သို့ ပြောင်းရွှေ့သွားခဲ့ကြသည်။ ဤသို့ဖြင့် အနားမှ တံငါရွာသည် လူသူကင်းမဲ့သွားခဲ့ရလေ၏။

ကျွန်တော်ငှားနေသည့် ဒါလ်ချင်နာယာတောသည် ရေလက်ကြား နှင့် နှစ်မိုင်ခန့်ကွာဝေးသည်။ အတော်ကလေးခေါင်ပြီး လူသူနှင့်ဝေးသော နေရာဖြစ်သော်လည်း ယာတောကို မြင်လျှင်မြင်ချင်း မြတ်နိုးတွယ်တာစိတ် ဖြစ်မိပါသည်။

အိမ်မှာ သပ်သပ်ရပ်ရပ်ရှိသည်။ ပန်းနွယ်များသည် ညိုမှိုင်းမှိုင်း ကျောက်တုံးနံရံများထက်သို့ တွယ်ကပ်ပြီး တက်နေကြသည်။ လေးဘက်လေး တန် မြက်ပင်စိမ်းစိမ်းများက ဝိုင်းရံထားသည်။ အိမ်၏တစ်ဘက်ရှိ ကြယ် ပြာရောင် ခေါင်းလောင်းပန်းများ ဖုံးလွှမ်းနေသည့် မြေပေါ်တွင်မူ သစ်ပင်များ အမြင့်ပိုင်းဘက်ဆီသို့ မျှော်ကြည့်လိုက်လျှင် ချုံနွယ်ပိတ်ပေါင်းများ ပေါက် ရောက်နေသည့် ကုန်းရိုးကုန်းတန်းများသည် အိမ်ကို အုပ်မိုးဖြန့်ကာထားသည့် နှယ် တည်ရှိနေကြသည်။ ထိုအပေါ်ဘက် စမ်းချောင်းသည် အနိမ့်ပိုင်းဘက် ရှိ ပင်လယ်ရေလက်ကြားဆီသို့ ဦးတည်၍ စီးဆင်းနေသည်။

မြို့ကြီးပြကြီး ပတ်ဝန်းကျင်၌ ကြီးပြင်းလာခဲ့ရသော အသက် လေးနှစ် သားနှင့် ခုနစ်နှစ်သားအရွယ် သူငယ်နှစ်ယောက်အဖို့တော့ ဤ

www.burmeseclassic.com

www.burmeseclassic.com


ယာတောနှင့် ဤနယ်မြေသည် 'အုံ့ဖွယ်မြေ' ဖြစ်နေသည်။ သူတို့သည် ဖိနပ်ပင်မစီးကြ တော့ဘဲ သူတို့မိခင်နှင့်အတူ အနီးအနားရှိ သစ်တောအတွင်း၌ လျှောက်လည် ကြသည်။ တောင်ကုန်းများပေါ်တက်ကြသည်။ ပင်လယ် ရေလက်ကြားထဲ၌ ရေကူးကြသည်။ လှေလှော်ကြသည်။ စမ်းချောင်းထဲ၌ ငါးမျှားကြသည်။ ယုန်လိုက်ကြသည်။ ပင်လယ်ကမ်းစပ်တွင် ခရုများ၊ ကရုကမာခွံများ ကောက် ကြသည်။ နွားကျောင်းသား ဝစ်လ် နို့ညှစ်ရာ၌ ဝင်ကူကြသည်။ နွားနို့သည်မ အင်နီထောပတ်ချက်ရာ၌ ဝင်ကူကြသည်။ အမေနှင့်သားများကတော့ တစ် နေ့လုံး ပျော်ကြသည်။ တဖြည်းဖြည်းနှင့် သူတို့ အသားအရောင်သည် အညိုရောင်သမ်းလာသည်။ အစားကို တနင့်တပိုးစား ကြသည်။ အိပ်တော့လည်း မုဆိုးများအိပ်သလို တမောတကော အိပ်ကြ သည်။ သို့သော်လည်း ဤအစီ အစဉ် အကောင်အထည်ပေါ်အောင် စ,ပေးခဲ့သူ ကျွန်တော့်မှာတော့ အဖြစ်က ခြားနားနေပါသည်။

ကျွန်တော် ဤအိမ်သို့ ရောက်သည်နှင့် တပြိုင်နက် ကျွန်တော့် မိသားစု ရှေ့မှောက်တွင် ဝတ္ထုကြီးတစ်ပုဒ်ရေးမည်ဟု ကြေညာခဲ့သည်။ (အကယ်၍ ဝတ္ထုအပုဒ် နှစ်ဆယ်မပြီးလျှင် အိမ်ထောင်စုဝင်တိုင်း၏ အပြစ် ဟုလည်း ကျွန်တော်က လိမ်မာပါးနပ်စွာဖြင့် ပြောထားခဲ့သည်။) သို့သော် လည်း တကယ်တန်းကျတော့ကျွန်တော်သည် ကျွန်တော် တဖွတ်ထိုးပြောခဲ့ သော စကားအတိုင်း ရုတ်တရက် အကောင်အထည် မဖော်နိုင်သည့် အဖြစ်နှင့် ရင်ဆိုင်နေရ၏။ အခုလောလောဆယ် ကျွန်တော် လုပ်နိုင်သည်မှာ ဤအိမ်သို့ ရောက်လျှင်ရောက်ခြင်း 'ဖေဖေ စာရေးရန် အခန်း' ဟု သတ်မှတ်ရွေးချယ်ထား သည့် အထပ်ခိုးပေါ်တက်သည်။ အဘိဓာန်စာအုပ်တစ်အုပ်၊ ဝေါဟာ ရဗာဏ် စာအုပ်တစ်အုပ်နှင့် နှစ်ပဲတန် ဗလာစာအုပ်များ တင်ထားသည့် ထင်းရှူးသား စားပွဲ၌ထိုင်သည်။ ဒေါက်တာ ဘင်းနက်ပေးထားသည့် အစား အစာများကို မေ့သွားသည်။ အိမ်ထဲ၌ သိုလှောင်ထားသည့် အစားအသောက်များကိုသာ အာရုံထား၍ စားသည်။ ဘရန်ဒီကို သောက်သည်။ ဘရန်ဒီသည် ဝတ္ထုရေး ဆရာများ၏ ဦးနှောက်ကို ဉာဏ်ရည်ဖွံ့ဖြိုးလာအောင် စွမ်းဆောင်နိုင်သည့် အရာတစ်ခုဟု ဆိုထားသည်မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့ရောက်ပြီး နောက်တစ်နေ့နံနက်တွင်ဖြစ်သည်။ နေရောင် သည် ကြည်လင်တောက်ပနေသည်။ ကျွန်တော်တို့၏ ရာဘာလှေကလေးသည် ရေလက်ကြားဆိပ်ရေပြင်ပေါ်တွင် နိမ့်ချည် တစ်ခါ၊ မြင့်ချည် တစ်လှည့် လှုပ်ရှားကာ လှော်ခတ်မည့်သူကို စောင့်မျှော်လျက်ရှိသည်။ ကျွန်တော့် မော်တော် ကားသည် ကားရုံထဲမှနေ၍ မောင်းမည့်လူကို စောင့်မျှော်လျက်ရှိသည်။ မြစ် ဆိပ်၌ ဆိုက်ကပ်ထားသော ငါးဖမ်းသင်္ဘောသည် ငါးဖမ်းထွက်မည့်လူများအား စောင့်မျှော်လျက်ရှိသည်။ စိမ်းလန်းစိုပြည်နေသော တောင်ကုန်းများသည် လူများတက်လာချိန်ကို စောင့်မျှော်လျက်ရှိကြ၏။

ကျွန်တော်ကတော့ အိမ်အပေါ်ထပ် ထပ်ခိုးကလေးရှိ ပြတင်းပေါက်၌ ရပ်နေသည်။ မျက်လုံးများကိုမှေးကာ နေ၊ ရေဆိပ်၊ လှေ၊ မော်တော်ကား၊ မြစ်ပြင်နှင့် တောင်တန်းများဆီသို့ တစ်လှည့်စီ လိုက်လံကြည့်ရှုနေသည်။ ထို့နောက် ဝမ်းနည်းစွာဖြင့် နောက်သို့ ပြန်လှည့်ခဲ့ပြီး ဗလာစာအုပ်များနှင့် အဘိဓာန်စာအုပ်တင်ထားသည့် ထင်းရှူးသားစားပွဲ၌ ထိုင်ချလိုက်သည်။ 'မင်းဟာ တော်တော်ရူးတဲ့ မိုက်တဲ့ကောင် တစ်ယောက်ပါလား' ဟု ရေရွတ်မိသည်။

ဘယ်လိုပဲဖြစ်ဖြစ် လောလောဆယ်ကတော့ အလုပ်ကိုစမှ ဖြစ်ပေတော့မည်။ ကျွန်တော်သည် ဆုံးဖြတ်ချက် အခိုင်အမာချပြီး ဗလာစာအုပ်တစ်အုပ်ကို လှန်လိုက်သည်။ ဖောင်တိန်ကို ဖြုတ်ကာ အဖုံးကိုဖွင့်ရန်ရေးရန် အသင့်ပြင်သည်။ ဦးခေါင်းကို မော့၍စဉ်းစားသည်။

ပြတင်းပေါက်မှ လှမ်းမြင်နေရသော မြင်ကွင်းကို စိတ်ချမ်းမြေ့စရာကောင်းလှချေသည်။ ရှည်လျားကျယ်ပြန့်သော စိမ်းလဲ့လဲ့ လယ်ကွက်တစ်ကွက်သည် ပင်လယ်ကွေ့အစပ်ကို ထိနေသည်။ လယ်ကွက်ပေါ်မှ လှုပ်ရှားမှုများကို ကျွန်တော်မြင်နေရသည်။ နွားမ ခြောက်ကောင်သည် နှင်းဆီရိုင်းပင် များ အရိပ်အောက်၌ ဝင်ကာ စားမြုံ့ပြန်နေကြသည်။ မုတ်ဆိတ်မွေး ထူလပျစ် နှင့် ဆိတ်အိုတစ်ကောင်ဆီမှခြူသံသည် တချွင်ချွင်မြည်လျက်ရှိ၏။ အဝါရောင်လိပ်ပြာတစ်ကောင်သည် ကြက်သွေးရောင် ပန်းများပွင့်နေသည့် ချုံများ အထက်တွင် ပျံဝဲနေသည်။ ကြည်ဖြူတစ်အုပ်သည် ဟိုသည်လျှောက်သွားလျက်ရှိကြ၏။

www.burmeseclassic.com

www.burmeseclassic.com


မြင်ကွင်းသည် စွဲမက်စရာလည်းကောင်း၍ စိတ်ဝင်စားစရာလည်းကောင်းသည်။ စာမရေးမီ ဤရှုခင်းကို စိတ်ထဲ၌ထားကာ ဆင်ခြင်စဉ်းစားခြင်း၊ တွေးတောခြင်းပြုရလျင် ကောင်းလေမလား။ ကျွန်တော်စဉ်းစားပါသည်။ ဆင်ခြင် တွေးတောပါသည်။ ထိုခဏတွင် တံခါးတခေါက်ခေါက် ခေါက်သံနှင့် အတူ 'နေ့လယ်စာ စားမယ်'ဟူသော အသံကြားရသည်။ ကျွန်တော် စဉ်းစားသည်။ မျှော်လင့်ချက်ကြီးစွာဖြင့် ရှာဖွေကြံဆကာ စ,ရေးရန်ကြိုးစားသည်။ သို့သော်လည်း ဗလာစာရွက်ပေါ်တွင် စာတစ်လုံးမျှ ထင်မလာပါ။

ကျွန်တော် ထိုင်ရာမှထလာခဲ့သည်။ ဆေးဖြူ သုတ်ထားသည့် လှေကားထစ်များမှ တစ်ဆင့်ချင်း နင်း၍ ဆင်းလာခဲ့ရင်း 'ငါဟာ လူညာတစ်ယောက်ဖြစ်နေပြီလား'ဟု ကိုယ့်ကိုကိုယ်ပြန်၍ မေးခွန်းထုတ်မိသည်။ ဒူးဒက်၏ ဝတ္ထုထဲမှ ကဗျာဆရာနဲ့များ တူလေသလားဟုလည်း စဉ်းစားမိသည်။

ကျွန်တော်ဆီတ်သားကြော်ကို အောက်သိုးသိုးမျက်နှာဖြင့် ဝါးနေ သည်။ စာရေးဆရာကြီးအား အနှောက်အယှက်ဖြစ်မည် စိုး၍ ကလေးထိန်းနှင့် ဝေးရာသို့ လွှတ်ပြီး ကစားခိုင်းထားသော သားနှစ်ယောက် ခုန်ပေါက်မြူးတူး ကာ ပြန်ရောက်လာကြသည်။ အငယ်ကောင် လေးနှစ်သားက မပီကလာ ပီကလာဖြင့် ကျွန်တော့အား မေးသည်။

'ဖေဖေ ကျာအုပ်ခုထက်ထိ ရေးလို့မပြီးသေးဘူးလား'

သူ တစ်ပါးအမှားကို ပြုပြင်ပေးချင်စိတ် အမြဲရှိသော အကြီးကောင်က 'မစူးစမ်းပါနဲ့ကွာ၊ ဖေဖေက တစ်ဝက်ပဲပြီးသေးတယ်'ဟု ဝင်ပြော သည်။

ထိုအခါ သူတို့အမေက သူ့သားများအား ကြည့်၍ ပြုံးသည်။ 'ဖေဖေ က အခုမှ တစ်ခန်းနှစ်ခန်းလောက်ပဲ ပြီးဦးမှာပေါ့ကွယ်'ဟု ပြောသည်။

မိမိကိုယ်ကို မိမိ လူလိမ်လူညာတစ်ယောက်ဟူသောအထင်အမြင်မျိုး ပျောက်သွားသော်လည်း ရာဇဝတ်ပြစ်မှုတစ်ခု ကျူးလွန်ထားသည့် လူတစ်ယောက်ဟူ၍ကား ထင်လာသည်။ ကျွန်တော့်ဆရာတစ်ဦး၏ ဆုံးမစကားကို ပြေး၍သတိရမိသည်။

'ရေးချထားလိုက်'ဟု သူက ပြောလေ့ရှိသည်။ 'တကယ်လို့ မင်း

www.burmeseclassic.com

www.burmeseclassic.com


ခေါင်းထဲမှာပဲ ထားလိုက်ရင်တော့ ဘာမှဖြစ်လာမှာ မဟုတ်ဘူး အဲ့ဒီတော့ ရေးသာချလိုက်'

ထို့ကြောင့် နေ့လယ်စာ စားပြီးလျှင် ပြီးချင်းအထပ်ခိုးပေါ် ပြန်တက်လာခဲ့သည်။ ကျွန်တော့ခေါင်းထဲ၌ ရှိနေသည့် စိတ်ကူးများကို ရေးချ သည်။

နောက်သုံးလအတွင်း ဗလာစာအုပ်တစ်အုပ် ရေးပြီးသွားသည်။ ဝတ္ထု၏ ဦးတည်ချက်ကို ကျွန်တော့ စိတ်ကူးထဲ၌ ကြိုတင်စီစဉ် သတ်မှတ်ထားခဲ့ပြီဖြစ်သည်။ လူတစ်ယောက်၏ အတ္တအားကြီးမှုနှင့် မာနကြီးမှုတို့ကြောင့် ကြေကွဲဖွယ်ရာ ဇာတ်သိမ်းရသည့်အဖြစ်ကို ဦးတည်ထားခြင်းဖြစ်ပါသည်။ သို့သော်လည်း တကယ်တန်း လက်တွေ့ ရေးချလိုက်သည့်အခါ မူလစိတ်ကူးထားသည့် အခြေခံအချက်အလက်များနှင့် ကွာခြားမှုများရှိလာခဲ့ပါသည်။ အသက်သုံးဆယ်အတွင်း၌ စာအုပ်ထွက်ပြီး ရုတ်တရက် ချက်ချင်း ကျော်ကြားသွားခဲ့ကြသော စာရေးဆရာအများစုသည် သူတို့၏ ဝတ္ထုများကို နှစ်ပေါင်းများစွာကတည်းက တိတ်တဆိတ် ကြိတ်၍ရေးသားခဲ့ကြခြင်းဖြစ်၏။ ကျွန်တော့မှာတော့ ထိုကဲ့သို့မဟုတ်။ စားရေးသားမှု အတွေ့အကြုံဆို၍ ယခုဝတ္ထုကို စတင်ရေးသား နေချိန်အထိ လူနာများအတွက် ဆေးစာရေးပေးခြင်းနှင့် ဆေး ပညာရပ်ဆိုင်ရာ သိပ္ပံနည်းကျကျစာတမ်းများ ရေးသားခြင်းမှလွဲ၍ အခြား ဘာ စာမှ ရေးဖူးသူ မဟုတ်။ ကြီးမားသောဆန္ဒ၏ တွန်းအားပေးမှုကြောင့်သာ ယင်းအားနည်းချက်များကို ကျော်လွှားရန် ကြိုးစားနေခြင်းဖြစ်၏။ စက္ကူ ခွေတစ်ခုကို ဖောက်ထွက်ရန် တာစူနေသည့် ဆပ်ကပ်ပွဲထဲမှ မြင်းစီးသမား တစ်ယောက်နှင့် တူနေပြီဟု ကျွန်တော့်ကိုယ်ကျွန်တော် ထင်မိပါသည်။

ကျွန်တော့်တွင် နည်းပညာလည်း မရှိ၊ ဟန်လည်း မရှိ။ ရိုးရိုးရှင်းရှင်း ကလေး ဖော်ပြရမည့်ကိစ္စမျှပင် ပေါ်လွင်အောင် မရေးနိုင်။ နာမဝိသေသနတစ်လုံး ရဖို့အတွက် ကျွန်တော့မှာ နာရီပေါင်းများစွာ အချိန်ကုန်ရသည်။ တစ်ကြိမ် ပြင်သည်။ နောက်တစ်ကြိမ် ထပ်ပြင်ရသည်။ နောက်ဆုံးတွင် စာမျက်နှာတစ်ခုလုံး ပင့်ကူအိမ်တစ်အိမ်နှင့်တူလာသည်။ ထိုအခါကျတော့ စာရွက်ကို ဆွဲဆုတ် ပစ်လိုက်ပြီး နောက်တစ်ရွက် ထပ်ရေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


မည်သို့ပင်ဖြစ်စေ စာကို စတင်၍ရေးသည့်အချိန်မှစ၍ ဈာန်ဝင်စားခဲ့သဖြင့် ကျွန်တော့် ဇာတ်ကောင်များသည် ပီပြင်စွာ ရုပ်လုံးပေါ်လာကြသည်။ သူတို့က ကျွန်တော့အား စကားပြောလာကြရုံမျှမက စီတ်လှုပ်ရှားအောင်လည်း ဖန်တီးလာကြသည်။ တစ်ခါတရံ အချိန်မတော် ညဥ့်နက်သန်းခေါင်ကြီး စိတ်ကူးဝင်လာသည့်အခါ အိပ်ရာမှ ကလေသာကမြော်ထ၍ ဖယောင်းတိုင် တစ်တိုင်ကို ကောက်ထွန်းကာ(မြို့နှင့်လျှပ်စစ်မီး မရှိပါ)ကြမ်းပြင်ပေါ် အလျားမှောက်ပြီး ပေါ်လာသမျှ စိတ်ကူးများကို ရေးချသည်။ ကျွန်တော့ စိတ်အာရုံ သည် ကျွန်တော်လုပ်နေသော အလုပ်အသစ်အဆန်းပေါ်၌ များစွာစိတ်ဝင် စားနေပြီဖြစ်၏။ ပထမတော့ တစ်နေ့တစ်နေ့ စာလုံးရေ နှစ်ထောင်အထိ တက်လာခဲ့ပါသည်။

ချစ်စရာကောင်းလှသည့် နွေရာသီ၏ ကျန်သုံးလအတွင်း အခြားသူများ ပတ်ဝန်းကျင် လောကအတွင်း၌ တပျော်တပါးရှိနေခိုက် ကျွန်တော်သည် ကျွန်တော့်စာပွဲမှ တစ်ဖဝါးမှ မခွာနိုင်။ သူတို့အားလုံးက ကျွန်တော့်အား တစ်ရက်လောက်နားဖို့ တိုက်တွန်းတောင်းပန်နေကြသော်လည်း ကျွန်တော် လက်မခံ။ တစ်နေ့လုံး စားပွဲ၌ထိုင်သည်။ ညပိုင်းကျတော့လည်း ညဥ့်ဝက် လောက်ထိုင်သည်။ နေ့လယ်စာ ညစာစားဖို့ကျတော့လည်း အမြဲတန်း အချိန်နောက်ကျမှ ရောက်သည်။ သားတွေ မေးသည့်မေးခွန်းများကိုလည်း ကြားသည့်အခါကြား၍ မကြားသည့်အခါ မကြား။ အဖြေပေးရပြန်တော့လည်း စိတ်ဝင်တစားမဟုတ်။ ကျွန်တော့်စိတ်သည် စာရေးစားပွဲပေါ်မှ ရေးလက်စ ဗလာစာအုပ်ဆီကိုသာ ရောက်နေသည်။

ပတ်ဝန်းကျင်မှ အရာရာကို ဥပေက္ခာပြုကာ မနုသီဟ ရုပ်တစ်ရုပ်လို ငြိမ်ဆိတ်နေသော်လည်း ခံစားနေရသည့် ဒုက္ခများကတော့ မသေးလှပါ။ ကျွန်တော့်စိတ်အာရုံသည် ကျွန်တော်ရေးနေသည့် စာများနောက်သို့ မျောပါသွားလျက်ရှိသည်။ ကျွန်တော်သည် အချိန်ရှိသရွေ့ ကျွန်တော့်ဇာတ်ကောင်များနှင့်အတူတူ နေထိုင်လျက်ရှိသည်ဖြစ်ရာ သူတို့၏ လှုပ်ရှားမှုများကို ကြည့်၍ ကိုယ်ရေးနေသည့် ဝတ္ထုကောင်းလိမ့်မည်ဟူသော မျှော်လင့်ချက်ကို ထားရဲလာသည်။ သို့တစေလည်း ကိုယ်စိတ်နှစ်ပါး အပင်ပန်းခံ၍ လုပ်နေရသော

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်အလုပ်သည် နောက်ဆုံးတွင် အချည်းနှီးဖြစ်လိမ့်မည်ဟူသော အထင်ကား အချိန်ရှိသမျှ ဝင်ရောက်ပူးကပ်နေဆဲဖြစ်၏။

ကျွန်တော့်စာအုပ် တစ်ဝက်ကျိုးသွားသည့်အခါ အဆိုးဆုံးအခြေအနေ နှင့်ရင်ဆိုင်ရသည်။ လန်ဒန်သို့ပို့ပြီး ကူးခိုင်းထားခဲ့သော ဝတ္ထုပထမအခန်း များ၏ လက်နိပ်စက်ကော်ပီ ကျွန်တော့်ထံ ပြန်ရောက်လာချိန်တွင် ဖြစ်ပါ သည်။ ကျွန်တော်သည် ပထမဆုံးအဖွင့် စာမျက်နှာများကို ပြန်ဖတ်သည်၊ ချက်ချင်း ပင် ထိတ်လန့်တုန်လှုပ်ခြင်း ဖြစ်ရ၏။ ဤမျှလောက် ညံ့ဖျင်းသော စာမျိုးကို ငါရေးခဲ့တာမှ ဟုတ်ရဲ့လား၊ ဘယ်သူကမှ ဤစာမျိုးကို ဖတ်လိမ့် မည်မထင်၊ ဘယ်သူကမှလည်း ပုံနှိပ်ထုတ်ဝေခြင်း ပြုလိမ့်မည်မဟုတ်၊ ဤပုံစံနှင့် ငါခရီး ဆက်၍ ဖြစ်နိုင်ပါမည်လော။

ကျွန်တော်ရေးထားသမျှ အားလုံးကို ဖျက်ဆီးပစ်မှ ဖြစ်မည်ဟူသော စိတ်ဝင်လာသည်။ ထိုစိတ်ကို ဖျောက်ဖျက်ပစ်ရန် အားထုတ်ပါသော်လည်း မရ၊ ကျွန်တော်သည် ထိုင်ရာမှ ဖြုန်းခနဲထကာ စာမူတစ်ခုလုံးကိုယူ၍ နောက်ဖေးဘက်သို့ ထွက်ခဲ့သည်။ စက္ကူစုတ်နှင့် အမှိုက်သရိုက်များကို မီးရှို့ထားသည့် ပြာပုံဘက်သို့ ပစ်တင်လိုက်သည်။

ဤအဖြစ်ကို သိသွားသည့်အခါ တစ်အိမ်လုံး တိတ်သွားသည်။ နေ့လည်စာ စားပွဲတွင် သားနှစ်ယောက်စလုံး ငြိမ်နေသည်။ ကျွန်တော်ကောင်းကောင်းကြီး မှတ်မိနေပါသည်။ ထို့နေ့က မိုးရွာသည်၊ စိုစွတ်ထိုင်းမှိုင်းလှသော နေ့လယ်ခင်းဖြစ်၏။ ကျွန်တော့်မျက်နှာကလည်း ရွှင်ရွှင်ပျပျမရှိ၊ မှုန်မှိုင်းနေ သည်။ ဇနီးသည်နှင့် သားနှစ်ယောက်သည် ကျွန်တော့်အား စကားတစ်လုံးမှ မပြောဘဲ ထွက်သွားကြပါသည်။

ကျွန်တော်အပြင်သို့ ထွက်လာခဲ့သည်၊ မိုးသည် တဖွဲဖွဲရွာလျက်ရှိ၏။ ပင်လယ်လက်တက်ရေဆိပ်သို့ မရောက်မီ လမ်းခုလတ်တွင် ယာသမား အဘိုးအိုအင်းဂပ်စ်နှင့် ဆုံမိသည်။ သူသည် သူ့ယာတော၏ အစွန်းရှိကုန်းမြေ တစ်ခုကို တူရွင်းပြားတစ်လက်ဖြင့် အားသွန်ခွန်စိုက် တူးလျက်ရှိသည်။ သစ် ရွက်သစ်ဆွေးများနှင့် မြေဆွေးများ ရောနှောကာ ထုနှင့်ထည်နှင့် ကုန်းဖြစ် နေသော နေရာဖြစ်၏။ ကျွန်တော် သူ့အနားရောက်သွားသည့်အခါ အံ့သား

www.burmeseclassic.com

www.burmeseclassic.com


သင့်လျက်ရှိသည်။ သူသည် ကျွန်တော့်ရည်မှန်းချက်ကို သိနေသူဖြစ်၏။ ‘စာပေ ကိုမြတ်နိုးတတ်သော စရိုက်’သည် စကော့လူမျိုးတို့၏ မွေးရာပါစရိုက် ဖြစ် သည့် အားလျော်စွာ ကျွန်တော်၏ရည်မှန်းချက်ကို သူ့စိတ်ထဲမှကြိတ်၍ သဘော ကျနေသူ ဖြစ်ပါသည်။

ကျွန်တော်က အခုလောလောဆယ် ကျွန်တော်လုပ်လာခဲ့သည့် လုပ်ရပ်ကို ပြောပြလိုက်သည့်အခါက သူ့မျက်နှာထားသည် တစ်မျိုးဖြစ်သွားသည်။ ဖွေးဖွေးလှုပ်နေသော မျက်ခုံးများအောက်မှ အပြာရောင်မျက်လုံးအစုံသည် ကျွန်တော့်အား မကျေနပ်သည့် အရိပ်အငွေ့များကိုသာမက စက်ဆုတ်ရွံရှာ သည့် လက္ခဏာများကိုပါ ဖော်ပြလာသည်။ သူသည် အလွန်စကားနည်းသူ ဖြစ်၏။ ပြောတော့မည်ဆိုလျှင်လည်း အလွန်စဉ်းစားသူဖြစ်၏။ ပြောလိုက်ပြီ ဆိုတော့လည်း သူ့စကားများသည် ထိရောက်ရုံမျှမက အဓိပ္ပာယ်လေးနက်လှ ပါသည်။

‘အေးပေါ့လေ၊ ခင်ဗျားလုပ်တာမှန်ချင်လဲ မှန်ပေမယ်ပေါ့၊ ကျုပ်က မှားနေတာ ဖြစ်ချင်လဲ ဖြစ်ပေမပေါ့’ဟု သူက စကားစသည် သူ့ အကြည့်မှာ စူးစူးစိုက်စိုက် ရှိလွန်းလှ၏။ ‘ကျုပ်အဖေက သူ့ခေတ်တုန်းကလဲ ဒီကုန်းစောင်း ကို တူးနေတာပဲ၊ ဒါပေမယ့် နွားစားကျက်လေးတောင် ဖြစ်မလာခဲ့ဘူး၊ အင်း....နွားစားကျက်ဖြစ်လာတာ ဖြစ်မလာတာထား.......’၊ သူသည် ခြေထောက် တစ်ဘက်ကို တူးရွင်းပြားပေါ် တင်လိုက်သည်။ ‘ကျုပ်ကလဲ ဆက်တူးနေတာ ပဲ ကျုပ်အဖေရော ကျုပ်ရော ဒီနေရာကို တူးနိုင်ရင် တစ်နေ့ကျ စားကျက်မြေ ကောင်းကောင်းတစ်ကွက်တော့ ရကောင်းရဲ့ဆိုတဲ့ ရည်ရွယ် ချက်နဲ့ တူးနေကြ တာပဲ’

ကျွန်တော်ချက်ချင်း သဘောပေါက်သည်၊ စိတ်အားထက်သန်စွာဖြင့် သူ့အလုပ်သူ ဆက်လုပ်နေသော ယာသမား၏ အဘိုးအိုအား တစ်ခဏမျှ ငေးကြည့်နေမိပါသည်။ ရုက်ခြင်း၊ ဒေါသဖြစ်ခြင်းတို့ဖြင့် အိမ်ဘက်သို့ ပြန် လျှောက်လာခဲ့သည်။ ကျွန်တော့်တစ်ကိုယ်လုံး မိုးရေများဖြင့် ရွှဲနစ်လျက်ရှိ သည်။ အိမ်နောက်ဖေးပြာပုံဆီသို့သွားကာ စိုရွှဲနေသည့် ကျွန်တော့်စာမူထုပ် ကို ပြန်ကောက်သည်။ စာမူကိုချောက်သွေ့အောင် မီးဖိုပေါ်တင်၍ မီးကင်

www.burmeseclassic.com

www.burmeseclassic.com


သည်။ ထို့နောက် စားပွဲ၌ထိုင်ကာ ပြင်းထန်သော စိတ်ဓာတ်ဖြင့် လုပ်စရာ ရှိသည်ကို ဆက်လုပ်သည်။

ကျွန်တော့်အနေဖြင့် ဘာကြောင့် လက်မြှောက်အရှုံးပေးရမည်နည်း၊ တစ်ညပြီးတစ်ည မအိပ်တော့ဘဲ အပြင်းအထန် ရေးသည်။ ယခင်ကထက် အဆပေါင်းများစွာ အားထုတ်၍ အပင်ပန်းခံ၍ ရေးခြင်းဖြစ်ပါသည်။ နောက်ဆုံး စက်တင်ဘာလ ကုန်ခါနီးတွင် 'ပြီးပါပြီ'ဟူသော စာလုံးနှစ်လုံးကို ရေးနိုင်ခဲ့သည်။ စိတ်ပေါ့ပါးသွားလိုက်ပုံမှာ မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သည်။ ကျွန်တော့်ရည်မှန်းချက်ကို ကျွန်တော် အပျက်မခံ။ ကျွန်တော် ပြောထားခဲ့သည့်စကားကို ကျွန်တော်ထိန်းနိုင်ခဲ့သည်။ ကျွန်တော် စာအုပ်တစ်အုပ် ဖန်တီးပြီးခဲ့ပြီ၊ ကောင်းသလား၊ ဆိုသလား၊ ရွက်ကြမ်းရေချိုပဲလား ဒါတွေကို မသိ။

အံ့ဖွယ်ကောင်းလောက်အောင် ပေါ့ပါးတက်ကြွသည့်စိတ်ဖြင့် စာမူကို စက္ကူကတ်ဘူး အဟောင်းတစ်လုံးတွင် ထည့်သည်။ ကြိုးသေးတစ်ချောင်းဖြင့် ကျကျနန စည်းသည်။ ထို့နောက် လွန်ခဲ့သောနှစ်နှစ်က ထုတ်ဝေခဲ့သည့် 'နှစ်ချုပ်မှတ်တမ်း' စာအုပ်ဟောင်းထဲမှ ထုတ်ဝေသူတစ်ဦး၏လိပ်စာကို ရေးကာ စာတိုက်မှပို့လိုက်သည်။ မသေမသပ် ထုပ်ထားသည့်စာမူပါဆယ်သည် ကျွန်တော့်လက်ထဲမှ လွတ်မြောက်သွားခဲ့ပြီ။ ကျွန်တော် ထိုစာမူကို မေ့သွားပါသည်။

ကျွန်တော့်အဖြစ်သည် ပခုံးထက်မှ အလွန်လေးလံသော ဝန်ထုပ်ဝန်ပိုးကြီး ကျသွားသည့် လူတစ်ယောက်နှင့်တူနေသည်။ ရေလက်ကြားဆိပ်သို့ ဆင်း၍ ရေကူးသည်။ ငါးမျှားသည်။ သားနှစ်ယောက်နှင့်အတူ လှေလှော်သည်။ သားနှစ်ယောက်နှင့်အတူ တောင်ကုန်းများပေါ်တက်သည်။ လွင်ပြင်ကြီးများထဲ လမ်းလျှောက်သည်။ ကျွန်တော်သည် ပုံမှန်လူတစ်ယောက်ဘဝသို့ ပြန်လည်ဆိုက်ရောက်သွားခဲ့ပြန်ပါသည်။

ရက်များ တစ်ရက်ပြီးတစ်ရက် ကုန်လာသည်။ ထူးခြားမှုဟူ၍ ဘာတစ်ခုမှ ဖြစ်မလာသေး။ သာမာန်အထုပ်တစ်ထုပ်မျှသာ ဖြစ်သော စာမူထုပ်သည် လုံးဝပျောက်ကွယ်သွားပြီထင်၏။ မိဘများ၏ တင်းကြပ်သောအမိန့်

www.burmeseclassic.com

www.burmeseclassic.com


အရ ဤစာမူကိစ္စသည် မိသားစုအတွင်း၌ မပြောသင့် မပြောအပ်သည့် အကြောင်းအရာတစ်ခု ဖြစ်လာသည်။ တစ်ခါတရံ သားအငယ်က ကလေး ပီပီ အမှတ်တမဲ့ 'ဖေဖေ့စာအုပ်' ဟု ပြောမိပါမူ အားလုံး၏ တင်းမာသော မျက်နှာထားများဖြင့် ကြည့်ခြင်းကို ခံရသည်။

စာရေးဆရာများအနေဖြင့် စာမူချက်လက်မှတ်များ ရဖို့ဘက် စာမူကို ပယ်လိုက်ကြောင်း အကြောင်းကြားသည့် စာရွက်များရဖို့က ပို၍ လွယ်ကူသည်ကို ကျွန်တော်နားလည်ထားပါသည်။ ထို့ပြင်လည်း ပထမဆုံး ပေးပို့ သော စာမူများသည် အများအားဖြင့် ပြန်ရောက်လာတတ်ကြသည်မှာ ဖြစ် လေ့ဖြစ်ထရှိသည့် အစဉ်အလာတစ်ခု ဖြစ်ပါသည်။ ဤအကြောင်းများ ကြောင့် လည်း အောက်တိုဘာလ တစ်နံနက်တွင် ကျွန်တော့်စာမူပေးပို့ခဲ့သည့် စာအုပ်တိုက်မှ ကျွန်တော့်ဝတ္ထုကို ထုတ်ဝေမည်ဖြစ်ကြောင်း၊ စာမူခကြိုတင်ငွေ ပေါင် ငါးဆယ်ကို ပေးပို့လိုက်ကြောင်းနှင့် ကျွန်တော်လန်ဒန်သို့ ချက်ချင်း လိုက်လာစေလိုကြောင်း အကြောင်းကြားသည့် ကြေးနန်းစာရသည့်အခါ အတိုင်းအဆမသိနိုင်လောက်အောင် အံ့သြခြင်းနှင့် ဝမ်းသာခြင်းများ ဖြစ်ခဲ့ရပါ သည်။

ကြေးနန်းစာကို ဖတ်နေခိုက်တွင် မိသားစုတစ်ခုလုံး အံ့သြဝမ်းသာ လျက်ရှိကြသည်။ ပေါင်ငါးဆယ် ငွေသားသည် နည်းနည်းနောနော ငွေ မဟုတ်၊ နောက်ထပ် ရာခိုင်နှုန်းဖြင့် ခံစားခွင့်ရဦးမည်ဟု ယူဆရင်း ကျွန်တော် အံ့သြ ဝမ်းသာမှုအပြည့်ဖြင့် ရေရွတ်မိသည်။

'ဒီအတိုင်းဆိုရင်တော့ ငါ စာရေးဆရာအလုပ်နဲ့ အသက်မွေးလို့ ရနိုင်စရာရှိတယ်၊ ရထားအချိန် စာအုပ်ကလေး ယူပေးစမ်း၊ လန်ဒန်ကို ဘယ်အချိန်ထွက်မယ့် ရထားရှိသလဲဆိုတာ ကြည့်ရအောင်'

ထိုစဉ်က နောက်ဆက်တွဲဖြစ်စဉ်များကို ပြန်၍စဉ်းစားလိုက်သည့် အခါ ယခုအချိန်အထိ မယုံကြည်နိုင်စရာကောင်းနေသည်။ မည်မျှလောက် မြန်ဆန်ပါသနည်း။ မည်မျှလောက် အံ့သြစရာကောင်းပါသနည်း။ မရေမရာ ဘဝမှ အောင်မြင်မှုကို ဖြုန်းခနဲ ရလာခြင်းဖြစ်၏။

ကျွန်တော် ပထမဆုံးရေးသားခဲ့သည့် ထိုဝတ္ထု'ဟက်တားကယ်ဆဲလ်'

www.burmeseclassic.com

www.burmeseclassic.com


သည် စိတ်ပျက်လက်ပျက်ဖြင့် နှစ်ပဲနိတန် ဗလာစာအုပ်များပေါ်၌ ရေးသား ခဲ့သော ဝတ္ထုဖြစ်သည်။ ရေးပြီးကာမှ အမှိုက်များမီးရှို့ထားသည့် ပြာပုံပေါ် ၌ ဆယ့်တစ်နာရီကြာမျှ လွှင့်ပစ်ထားခြင်းခံရသည့် ဝတ္ထုဖြစ်သည်။ ထိုဝတ္ထု သည် ၁၉၃၀ ပြည့်နှစ် နွေဦးပေါက်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဝေဖန်ရေးဆရာ များက ချီးကျူးခဲ့သည်။ စာအုပ်အသင်းကြီးက စိစစ်ရွေးချယ်ခြင်းခံရသည်။ နိုင်ငံခြားဘာသာပေါင်း နှစ်ဆယ့်တစ်ဘာသာသို့ ပြန်ဆိုထုတ်ဝေခြင်း ခံခဲ့ရ သည်။ မဂ္ဂဇင်းများတွင် အခန်းဆက်အဖြစ် ထည့်သွင်းခဲ့သည်။ ပြဇာတ်အဖြစ် ဖန်တီးခဲ့ကြသည်။ ရုပ်ရှင်အဖြစ် အသက်သွင်းခဲ့ကြသည်။ အကြိမ်ပေါင်း မရေမတွက်နိုင်လောက်အောင် ရိုက်နှိပ်ထုတ်ဝေခဲ့ရသည်။ အရောင်းရ အတွင် ကျယ်ဆုံး ဝတ္ထုကြီးတစ်ပုဒ် ဖြစ်ခဲ့၏။ စာအုပ်ရေ သန်းပေါင်း သုံးသန်းအထိ ရောင်းခဲ့ရသည်။ ယခုအချိန်ထိ ရောင်းနေဆဲဖြစ်သည်။ ထိုစာအုပ်သည် ကျွန် တော့်အား စာပေသမားဘဝဖြင့် အသက်မွေးရန် အစပြုပေးလိုက်သည့် တွန်း အားတစ်ခုဖြစ်သည်။ ထိုစာအုပ် စွံသွားသည့် အချိန်မှစ၍ ကျွန်တော်သည် နားကြပ်နှင့် ဆေးအိတ်ကိုဘေးချကာ ကလောင်ကိုင်ခဲ့၏။ ကျွန်တော်၏ ဆရာဝန်ဘဝခရီးသည် တစ်ခန်းရပ်သွားခဲ့လေပြီ။

* * * * *

[ ၃၁ ]

ဒါလ်ချင်းနားယာတောမှ တောင်အရပ်သို့ ပြန်လည်ရွှေ့ပြောင်းကြ သည့်အခါ ကျွန်တော်တို့မိသားစုအတွက် သင့်တော်သည့်အိမ်တစ်လုံးရဖို့ လိုအပ်လာပြန်၏။ ကျွန်တော်သိထားရသလောက်ဆိုလျှင် ရုတ်တရက် အောင် မြင်ကျော်ကြားပြီး ကြီးပွားလာကြသော စာရေးဆရာအများစုသည် သူတို့ရရှိ နေသည့် ဝင်ငွေနှင့် မမီနိုင်သော အနေအစားမျိုးနေတတ်ကြသည်။ သို့သော် လည်း ကျွန်တော့်လူမျိုးအကျင့်စရိုက်က ထိုကဲ့သို့သော အတင့်ရဲမှုမျိုး မပြုလုပ်မိအောင် ကျွန်တော့်အား ထိန်းသိမ်းတားဆီးပေးခဲ့ပါသည်။

'ဒီဟာမျိုးက ကြာရှည်တည်တံ့ချင်မှ တည်တံ့မှာ' ဟု ကျွန်တော် က ဇနီးသည်အား ပွင့်ပွင့်လင်းလင်းသတိပေးထားသည်။ ထို့ကြောင့်လည်း

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့သည် ကြီးကျယ်ခမ်းနားသည့် အိမ်ကြီးများကို စိတ်မကူးဘဲ ဈေးသက်သာသည့် အခန်းတစ်ခန်းကိုသာ ငှားခဲ့ကြပါသည်။

သို့သော်လည်းကျွန်တော်၏ ဒုတိယဝတ္ထုသည် အောင်မြင်မှုရခဲ့ပြန်သည်။ စာပေနှင့်ပတ်သက်သော အကျိုးပေးမှုသည် အရှိန်အဟုန်မလျော့ သွားမည့် လက္ခဏာမရှိ။ ထို့ကြောင့်လည်း ကျွန်တော့်ဇနီးက အေးဆေးငြိမ်ဆိတ်သည့် တောပိုင်း၌ နေရာတစ်နေရာ အပိုင်ဝယ်ထားဖို့ အချိန်တန်ပြီဟု ဆိုလာသောအခါ ကျွန်တော်ချက်ချင်းပင် သဘောတူခဲ့ပါသည်။

သင့်တော်သည့်နေရာတစ်နေရာရဖို့အတွက် လအနည်းငယ်ကြာမျှ ရှာဖွေရသည်။ ကျွန်တော်တို့ ကံကောင်းသည်ဟု ဆိုရပါမည်။ ဆတ်ဆက်နယ်ဘက်ဆာလင်တန်ဘက်၌ နေရာတစ်နေရာတွေ့သည်။ မော်တော်ကားလမ်းမကြီးများနှင့် အတော်ကြီး အလှမ်းဝေးသည်။ သင်းအုပ်တစ်ဦး ပိုင်ဆိုင်သောအိမ်ဖြစ်၏။ အိမ်ပတ်ပတ်လည်ကို ပန်းခြံများက တံတိုင်းအဖြစ် ကာရံထားသည်။ ကြည့်မျှော်၍ မဆုံးနိုင်သော စိမ်းလဲ့လဲ့မြက်ခင်းများဖြင့် နေချင့်စဖွယ်ရှိလှပါသည်။

အိမ်ဆောက်ခဲ့သည်မှာ နှစ်ပေါင်း တစ်ရာ့ငါးဆယ်ခန့်ရှိခဲ့ပြီ။ ဆာလင်တန်နယ်မြေ သင်းအုပ်ကိုယ်တိုင် လက်တူးကျောက်တုံးကြီးများနှင့် ဆောက်လုပ် ထားခဲ့ခြင်းဖြစ်၏။ ဤအိမ်ကို ဆောက်လုပ်ခဲ့သူသည် သူ့ဇနီးနှင့်အတူ နှစ် ပေါင်းခြောက်ဆယ်နီးပါးမျှ ဤအိမ်တွင် နေထိုင်သွားခဲ့သည်။ လင်မယား နှစ်ယောက်စလုံး သဘောကောင်းသူများဖြစ်၍ လူချစ်လူခင်ပေါသည်ဟုဆို သည်။ သင်းအုပ်ဆရာသည် သူ့ယာတောကို သူကိုယ်တိုင်ဦးစီး၍လုပ်သည်။ သူ့ဖာသာသူ အမဲလိုက်သည်။ သူ့ဖာသာသူ နို့စားနွားမများမွေးသည်။ သူ့နွားမများကို သူကိုယ်တိုင်ဆေးကုသည်။ သူ၏ဝိုင်သိုလှောင်ရာ မြေတိုက်ခန်းသည် ဤခရိုင်နယ်မြေအတွင်း နာမည်ကြီးသည်။ သူ့ဇနီးကလည်း သူ့လိုပင် ဖြစ်သည်။ အဘွားကြီး၏ စေတနာသည် အတိုင်းအဆမရှိ၊ သုံးဘီးစက်ဘီးဖြင့် ကြက်ဥခြင်း သို့မဟုတ် ကြက်သားပြုတ်ကြော်ခြင်းကို စက်ဘီးလက်ကိုင် တွင်ချိတ်ကာ နယ်မြေအတွင်း လှည့်လည်သွားလာ၍ လိုအပ်သလို ကူညီစောင့် ရှောက်တတ်သည်။ အသက်အရွယ်ကြီးလာသောအခါ သူ့စက်ဘီးဖြင့် ဆာလင် တန်တောင်ကုန်းလမ်းများပေါ်

www.burmeseclassic.com

www.burmeseclassic.com


မတက်နိုင်။ ထိုအခါ ရွာထဲမှ ကလေးများအား ခြောက်ပဲနိမုန့်ဖိုးပေးပြီး သူ့စက်ဘီးအား တွန်းခိုင်းလေ့ရှိသည်ဟုဆိုသည်။

ယခု ကျွန်တော်တို့ ဝယ်မည်ဟု စိတ်ကူးချိန်တွင် မြေနှင့်အိမ်သည် သာသနာ့ဝန်ထမ်းများ ပါဝင်ဖွဲ့စည်းထားသည့် အဖွဲ့တစ်ဖွဲ့၏ လက်ထဲ၌ရှိနေသည်။ ထုံးစံအတိုင်း နှစ်ဦးနှစ်ဖက် အကြိမ်ပေါင်းများစွာ တွေ့ဆုံညှိနှိုင်းပြီးနောက် အရောင်းအဝယ်ကိစ္စပြီးပြတ်သွားသည်။ ကျွန်တော်တို့ မိသားစုသည် ချက်ချင်းပင် အိမ်သစ်သို့ ပြောင်းရွှေ့ခဲ့ကြပါသည်။ လွန်ခဲ့သော လများအတွင်းက အဆမတန် အလုပ်လုပ်ထားခဲ့ရခြင်းကြောင့် ဤနေရာရောက်လျှင် ခဏတဖြုတ်တော့ နားနားနေနေ နေဦးမည်ဟု ကျွန်တော် စိတ်ကူးထားသည်။

သို့သော်လည်း ကျွန်တော့်စိတ်ကူးသည် အကောင်အထည်ပေါ်မလာပါ။ ကျွန်တော် အခုရောက်နေသော ကမ္ဘာသစ်သည် ကမ္ဘာဟောင်းထက်ပို၍ လူအများနှင့် ထိတွေ့ဆက်ဆံရသည့် သဘောရှိနေပါသည်။ လူမှုရေးဂေဟာများတက်ရောက်ဖွင့်လှစ်ပေးရခြင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ပွဲတော်များ တက်ရောက်ရခြင်း၊ အသင်း၏ နံနက်စာစားပွဲ၊ စာပေဆွေးနွေးပွဲနှင့် ညစာစားပွဲများ၌ စကားပြောရခြင်း စသည်များ။ ကဗျာဆရာကြီး ဘန်းစ်၏ မွေးနေ့အထိမ်းအမှတ်ပွဲနှင့် စာရေးဆရာကြီး ဒစ်ကင်းကွယ်လွန်သည့် အထိမ်းအမှတ်ပွဲများတွင် တက်ရောက်စကားပြောရခြင်း စသည်များ။ ဗရောက်စ်၊ ရှိတ်စပီးယား၊ ရှောဒေါ့စ်ထရိုယတ်ဖ်စကီးစသော စာရေးဆရာကြီးများအကြောင်း ဟောပြောရခြင်းစသည်များ။၊ ဤအရာများသည် ကျွန်တော့်အား မနားမနေ အလုပ်ပေးလျက်ရှိကြသည်။ ဤကြားထဲမှာပင် ကလေးဆေးရုံများ နှင့် ရေတပ်သားများ ဘိုးဘွားရိပ်သာဂေဟာအတွက် အလှူငွေ ထည့်ဝင် လှူဒါန်းကြရန် အသံလွှင့်ဌာနမှ တဆင့်မေတ္တာရပ်ခံပေးရသည်။ ဟိုအသင်း ဒီအသင်းများ၏ တောင်းပန်းမှုအရ အသင်းဝင်ရသည်။ အတိုချုပ်၍ပြောရလျှင် အများပြည်သူတို့၏ အကျိုးအတွက် အစဉ်သဖြင့် စင်မြင့်ပေါ်တက်၍ ဆောင် ရွက်ပေးနေရသည့် သဘောရှိပါသည်။

ယင်းကဲ့သို့ လုပ်ကိုင်ဆောက်ရွက်နေရသည်ကို ကျွန်တော် ကိုယ်တိုင်က သာယာကောင်း သာယာမိခဲ့ပါလိမ့်မည်။ တစ်ချိန်က လူမသိ၊ မထင်

www.burmeseclassic.com

www.burmeseclassic.com


မရှားဘဝနဲ့ နေခဲ့ရသော လူတစ်ယောက်အဖို့ အခုလို ထင်ပေါ်ကျော်ကြား လာရခြင်းကို အဘယ်မှလျှင် မနှစ်သက်ဘဲ ရှိပါလိမ့်မည်နည်း။ ညွှန့်ခန်း ဗီရိုပေါ်၌ ရွှေနားကွပ် ဖိတ်စာ အများအပြားတင်ထားနိုင်ခြင်းသည် ဂုဏ်ယူ စရာတစ်မျိုးဖြစ်သကဲ့သို့ အလွန်ထင်ရှားပြီး နာမည်ကြီးသော ဆေးရုံကြီး တစ်ခု၏ ရာသက်ပန် နာယကအဖြစ် စာရင်းသွင်းခံရခြင်းနှင့် တစ်နိုင်ငံလုံး ဆိုင်ရာ ကော်မီတီများ၏ အဖွဲ့ဝင်အဖြစ် ရွေးချယ်သတ်မှတ် ခံရခြင်းတို့သည် လည်း ကျွန်တော့အတွက် ဂုဏ်ယူစရာများပင် ဖြစ်ပါသည်။ ထိုနည်းတူစွာပင် ပါလီမန်အမတ် ဝင်ရောက်အရွေးခံဖို့ အတင်းအကြပ်လာ၍ မေတ္တာရပ်ခံနေ ခြင်းသည်လည်း ကျွန်တော့်အတွက် ဂုဏ်ယူစရာတစ်ခုပင်ဖြစ်သည်။ နောက်ဆုံး ကုန်ကုန်ပြောရမည်ဆိုပါက ဈေးဆိုင်များ၊ ရုပ်ရှင်ရုံများ၊ ဇာတ်ရုံ များ၊ စား သောက်ဆိုင်များနှင့် လမ်းများ၌ အမှတ်မထင် ဆုံမိသူများက စာရေးဆရာ မည်သူမည်ဝါဟု အတိအကျ မှတ်မိပြီး အရေးတယူ နှုတ်ဆက် ခံရခြင်းသည် လည်း ဂုဏ်ယူစရာတစ်ခုပင် ဖြစ်ပါသည်။

ဤကဲ့သို့ သာယာနေသည့် ကြားမှပင် ထူးဆန်းသော ပြောင်းလဲမှု တစ်ခုသည် ကျွန်တော့်တွင် ဖြစ်ပေါ်လာသည်။ ကောင်းတီခရိုင် နယ်မြေ နှစ်ပတ်လည်း အထိမ်းအမှတ်ညစာစားပွဲကြီးတွင် ဖြစ်သည်။ ဘီ–မြို့စားကတော်ကြီး ဘေး၌ ထိုင်၍ စကားပြောနေသော ကျွန်တော်သည် အဆမတန် ပျင်းရိငြီးငွေ့ လာသည်။ စိတ်ထဲက မပါဘဲ ဟန်ဆောင်၍ယဉ်ကျေးဖွယ်ရာသော အမူအရာ ဖြင့် စကားပြေနေရခြင်းသည် ပင်ပန်းလွန်းလှချေသည်။ နောက်ဆုံးတွင် ထိုင်ရာမှထကာ ပရိသတ်အား စကားပြောရပြန်သည်။ ဝဝဖိုင့်ဖိုင့်၊ မျက်နှာပြဲပြဲ၊ ပါးတွဲတွဲနှင့် အစားအသောက်တွင် သရဲမရဲနိုင်ပုံပေါ်သော မြို့မိ မြို့ဖများအား ကြည့်၍ ကိုယ်ကျင့်တရားကောင်းဖို့ လိုအပ်ပုံကို ဟောပြောနေသည်မှာ ဘဝင်မကျသလို ဖြစ်လာသည်။ တကယ်တော့ ကျွန်တော်သည် ဘာမှ ရေးကြီးခွင်ကျယ် မလုပ်သင့်သည့် အကြောင်းအရာတစ်ခုကို ပုံတိုပတ်စနှင့် ရယ်စရာ ဖြစ်ရပ်ကလေးများရော၍ ဟောပြောနေခြင်းဖြစ်၏။ နောက်ဆုံး တွင် လေလုံးမိုးလုံး ခပ်ထွားထွားနှင့် စကားလုံးကြီးတွေသုံးကာ နိဂုံးချုပ်လိုက် သည်။ ခန်းမကြီးထဲတွင် လက်ခုပ်သြဘာသံများ သောသောညံသွားပါသည်။

www.burmeseclassic.com

www.burmeseclassic.com


မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် လူလိမ် လူညာတစ်ယောက်ဟု မြင်နေသည်။ လုံးဝမရိုးသားသော လူတစ် ယောက်ဟု လည်း မြင်နေသည်။ ယခင်က မိမိလက်ခံခဲ့ဖူးသော လူတစ်ယောက် အပေါ် သစ္စာမဲ့နေသူတစ်ဦးဟုလည်း ထင်နေမိသည်။ ဤအယူအဆသည် ထူးခြား သော အယူအဆတစ်ခုဖြစ်၏။ သာမန်အားဖြင့်ကြည့်လျှင် မမှန်ဟု ထင်ရသော် လည်း လေးလေးနက်နက် ဆင်ခြင် စဉ်းစားလိုက်သည့်အခါ အလွန်မှန်ကန် သော အယူအဆတစ်ခု ဖြစ်နေသည်ကို တွေ့ရသည်။

ကျွန်တော်၏ စောစောပိုင်းဘဝသည် ငွေကြေး မပြည့်စုံမှုကြောင့် အလွန်ဆင်းရဲချို့တဲ့ခဲ့သော ဘဝဖြစ်သည်။ ထိုကြောင့်လည်း အောင်မြင်မှုကို ထက်သန်ပြင်းပြသော ဆန္ဒဖြင့် လိုလားတောင်းတခဲ့ခြင်းဖြစ်၏။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါမူ အောင်မြင်ကျော်ကြားမှုတည်းဟူသော အသီးကို စားလို သဖြင့် ကျွန်တော်ကိုယ်တိုင် အပင်ကို စိုက်ပျိုးခဲ့ခြင်း ဖြစ်ပါ၏။ အခုဆိုလျှင် အပက်ဖြစ်လာပြီး၊ အသီးပင် သီးနေပြီ၊ အသီးသည် ကျွန်တော်လက်လှမ်းမှီ သည့်နေရာ၌ ရှိနေပြီး၊ အသာလှမ်း၍ခူးဆွတ်လိုက်ရန်သာရှိတော့၏။ ထိုအခါ ကျမှပင် ထိုအသီးအား ရွံ့ရှာ စက်ဆုတ်ဖွယ်ကောင်းသည့် အသီးတစ်ခုဟု မြင်လာသည်။ တန်ဖိုးလုံးဝ မရှိသည့် အတုအယောင် အညစ်အကြေးတစ်ခု ဟု ထင်လာသည်။

ကျွန်တော့်စိတ်နှင့် နှလုံးသားတွင် ယင်းထူးခြားသော ပြောင်းလဲမှု သည် မည့်သည့်အတွက် ဝင်ရောက်လာရပါသနည်း။ အချိန်ပိုရလာသဖြင့် ထိုအချက်ကို ကျွန်တော် ဆင်ခြင်စဉ်းစားသည်။ ထိုအခါ နောက်ဆက်တွဲ မေးခွန်းတစ်ခုသည် ကျွန်တော့်စိတ်ကို ချောက်လှန့်စပြုလာပြန်၏။ ဤအရာ အားလုံး၏တန်ဖိုးသည် မည့်သည့်အရာ၌ တည်ရှိပါသနည်း။ ကျွန်တော် ကျောင်း သားဘဝက ကျွန်တော်ကြိုးစားအားထုတ်ခဲ့သမျှသည် အရာထင်ခဲ့ သည်သာ များ၏။ အခု ကျွန်တော် နောက်ဆုံးကြိုးပမ်းအားထုတ်ခဲ့သော အလုပ်သည် အခက်ခဲဆုံး အလုပ်တစ်ခုဖြစ်သည်။ စာပေနယ်တွင် ထင်ရှား ကျော်ကြားသည့် စာရေးဆရာတစ်ယောက်ဖြစ်လာဖို့ဆိုသည်မှာ လွယ်သည် မဟုတ်။ သို့သော် လည်း ကျွန်တော်သည် မယုံကြည်နိုင်စရာ ကောင်းလောက်

www.burmeseclassic.com

www.burmeseclassic.com


အောင်ပင် အောင် မြင်ခဲ့၏။ အခုဆိုလျှင် ကျွန်တော့်ဝတ္ထုများကို အုပ်ရေ အများအပြား ရိုက်နှိပ်ကာ ရောင်းချလျက်ရှိသည်။ အလွန်အလှမ်းဝေးပြီး ခေါင်သည့် ခရိုင်နယ်မြေများအ တွင်းရှိ စာအုပ်ဆိုင်များမှာပင် ကျွန်တော့် စာအုပ်များကို မြင်နေကြရ၏။

ကျွန်တော့်စာအုပ်များအပေါ်မှ ရနေသည့် စာမူခ ရာခိုင်နှုန်းမှာ နည်းသည်မဟုတ်။ ဤအထဲမှပင် ရုပ်ရှင်ရိုက်ခြင်းနှင့် အခန်းဆက်အဖြစ် တည့်သွင်း ဖော်ပြခြင်း စသည်များမှ ရလာနေသော ဝင်ငွေသည် ကျွန်တော် ယခင်က အိမ်မက်ထဲမှာပင် ထည့်၍မမက်နိုင်လောက်အောင်များပြားသည့် ဝင်ငွေ ဖြစ်သည်။ တကယ်တော့ ကျွန်တော်သည် လူချမ်းသာတစ်ယောက်ဖြစ် နေပြီ။ သို့ဆိုလျှင် ကျွန်တော် ပျော်ရွှင်ပါ၏လော ...။

ဤမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် မပျော်ပါဟူ၍ကား ဟန်မဆောင်နိုင်ပါ။ ရုပ်ဝတ္ထုပစ္စည်းများ၏ တိုးတက်မှုကို ကြည့်၍ စိတ်ထဲ၌ သာယာမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။ ဤကြားထဲမှာပင် ကျွန်တော်သည် မိမိရည်မှန်းချက်များ၏ အချည်းနှီးဖြစ်မှုများကို မြင်နေသည်။ ဤအမြင်ကြောင့် ရင်ထဲ၌ မကျေနပ်မှုသည် အမြဲတစေ ကိန်းအောင်းနေရပါသည်။ ထို့ပြင်လည်း မှားယွင်းသော အရာများအပေါ်၌ ပို၍အလေးအနက်ပြုနေမိသော ကျွန်တော့် အဖြစ်ကို ဆင်ခြင်စဉ်းစားလာမိသည်။ တကယ်တော့ ကျွန်တော်သည် စိတ်ပိုင်းဆိုင်ရာ သာယာချမ်းမြေ့မှုကို လုံးဝမေ့နေရုံမျှမက လုံးဝလစ်လျူရှုထားမိသည်။ ကျွန်တော် ကိုးကွယ်နေသော ဘုရားများသည် ဘုရားတုများဖြစ်ကြ၏။ အခုကျတော့ ကိုယ့်အမှားကိုယ် ပြန်မြင်ကာ ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်ရသည်။ ကျွန်တော့်အနေဖြင့် လူအများသာယာနေသည့် အနှစ်မဲ့မှုများကို ပြတ်ပြတ်ထင်ထင်မြင်နေရပြီဖြစ်၏။ လူ့ဘဝတွင် ထာဝရ တည်မြဲသွားနိုင်မည့် အရာများ လိုအပ်ခြင်းကိုလည်း သိမြင်နားလည်လာရပြီဖြစ်၏။

ကျွန်တော့်အနေဖြင့် ယင်းရှာဖွေတွေ့ရှိမှုကို ရနေခိုက်မှာပင် မတော် တဆ ကြုံကြိုက်မှုတစ်ခု၏ အကူညီထောက်ပံ့မှုကို ရရှိခဲ့ပြန်သည်။ ထိုစဉ်က ကျွန်တော်သည် ကျွန်တော်နှင့် တစ်မြို့တည်းသား ကျောင်းနေဖက်တစ်ဦးနှင့် အမြဲတစေတွေနေချိန်ဖြစ်သည်။ ဤကျောင်းနေဖက်မှာ အထက်တန်းကျောင်း၌

www.burmeseclassic.com

www.burmeseclassic.com


သာမက ဂလက်စရိုတက္ကသိုလ်၌ပါ ကျောင်းအတူ နေခဲ့သူဖြစ်သည်။ ကျွန်တော် သူ့နာမည်ကို ချစ္စဟိုးဟု ပေးထားပါသည်။

ချစ္စဟိုးသည် ထက်ထက်မြက်မြက်ရှိသည်။ လူချော လူလှတစ်ဦးဖြစ်၍ ယဉ်ကျေးချောင်သည်။ နူတ်သွက်လျှာသွက်ရှိသည်။ သူသည် နိုင်ငံရေးလုပ်ချင်လွန်း၍ ဆေးပညာဖြင့် အသက်မွေးမှုကို စွန့်ခွာသွားသူဖြစ်သည်။ သူသည် နိုင်ငံရေးသမားဘဝဖြင့် အောင်မြင်မှုရရှိခဲ့သည်ဖြစ်ရာ ယခုအခါတွင် မြောက်ပိုင်းပြည်သူ့လွှတ်တော်မဲဆန္ဒနယ်မှ ထင်ရှားသော လွှတ်တော်အမတ်တစ်ဦးအဖြစ်သာမက ဝန်ကြီးအဖွဲ့တွင် လက်ထောက်ဝန်ကြီးအဖြစ် ထင်ရှားကျော်ကြားနေလေပြီ။

ကုန်လွန်ခဲ့ပြီးသော နှစ်များအတွင်းကတော့ ကျွန်တော်သူ့ထံမှ ဘာသတင်းမှ မကြားရပါ။ သို့သော်လည်း ကျွန်တော် စာရေးဆရာဖြစ်၍ လူသိများလာသည့်အခါ ကျောင်းတုန်းက ကျွန်တော်တို့ နှစ်ယောက် သူငယ်ချင်းဖြစ်ခဲ့သည်ကို ချက်ချင်းအသိအမှတ်ပြုကာ အဆက်အသွယ်လုပ်ခဲ့သည်။ ဤအပြုအမူသည် သူ၏ အကျင့်စရိုက်ကို ကောင်းစွာ ဖော်ပြနိုင်သည့် လုပ်ရပ်တစ်ခု ဖြစ်ကောင်းဖြစ်ပါလိမ့်မည်။

ကျွန်တော်တို့နှစ်ယောက်သည် ဂါရစ်ကလာပ်၌ ညစာစားရင်း၊ သို့မဟုတ် အောက်လွှတ်တော်ဆင်ဝင်၌ လက်ဖက်ရည်သောက်ရင်း အာလာပသလ္လာပ စကားပြောလေ့ရှိသည်။ ထိုအခါမျိုးတွင် သူသည်လွန်လေခဲ့ပြီးသော ကျောင်းသားဘဝက ကြုံခဲ့ရသည့်အဖြစ်များကို ပြက်ရယ်ပြုစရာများအဖြစ် ပြန်ပြောင်း သတိရတတ်သည်။ ကျွန်တော်တို့ အပေါင်းအသင်းအုပ်စုထဲမှ ကျွန်တော်တို့နှစ်ယောက်သာလျှင် အောင်မြင်ကျော်ကြားမှုကို ရနေကြခြင်းဖြစ်၏။ကျွန်တော်တို့သည် အမြင့်သို့ တစ်ရှိန်ထိုးတက်ခဲ့ကြခြင်းဖြစ်ရာ ကျန်လူစုသည် သာမန်အညတြလူများဘဝဖြင့် ကျွန်တော်တို့နောက်တွင် ကျန်ရစ်ခဲ့ကြသည်။ ကျွန်တော်တို့အဖို့ အနာဂတ်တွင်လည်း ဆက်လက်တိုးတက်ဦးမည့် လက္ခဏာရှိ၏။ ကျန်လူစုအတွက်ကား ထိပ်ဆုံးသို့ရောက်နေကြသည့် ကျွန်တော်တို့က သနားရုံမှ တပါး အခြားဘာမှ မတတ်နိုင်ပါ။

ထိုနှစ်မေလထဲတွင် ချစ္စဟိုးက ကျွန်တော့်အား သူနှင့်အတူ ငါးလိုက်

www.burmeseclassic.com

www.burmeseclassic.com


မျှားရန်ခေါ်သည်။ သူ့တွင် ဆာဟာရိုးဘီအမည်ရှိ လူချမ်းသာလွှတ်တော်အမတ် မိတ်ဆွေတစ်ဦးရှိ၏။ ထိုမိတ်ဆွေသည် အင်္ဂလန်နိုင်ငံတွင် ငါးသလောက် အပေါဆုံး မြစ်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် ဟင်းရှိုင်းယားအေဗွန် မြစ်ပေါ်၌ အိမ်တစ်လုံးရှိသည်။ သူဂျီးနီးဗားသို့ အစည်းအဝေးသွားတက်နေ ခိုက်တွင် ချစ္စဟိုးအား သူ့အိမ်၌သီတင်းနှစ်ပတ်နေထိုင်ခွင့်ပေးသည်။ ချစ္စဟိုး ကလည်း ထို အခွင့်ကောင်းကို လက်လွှတ်မခံ။ ဤသို့ဖြင့် ကျွန်တော်တို့သည် အတူတွဲထွက် ခဲ့ကြပါသည်။

မြစ်အခြေအနေကလည်းကောင်းသည်။ ငါးတွေကလည်း ဖြိုင်ဖြိုင် ကျသည်။ ချစ္စဟိုးကလည်း စကားပြောကောင်းသည်။ ကျွန်တော့် အတွက် အလွန်အဆင်ပြေသည့် အဖော်မွန်တစ်ဦးဖြစ်၏။

ကျွန်တော်တို့ရောက်ပြီး နှစ်ရက်အကြာတွင် အိမ်ဖော်အမျိုးသမီးသည် အစားအစာများထားရာ အခန်းထဲ၌ ချော်လဲရာမှ ဒူးဆစ်လွဲသွားသည်။ ဒဏ်ရာကိုကြည့်ပြီး ဒူးဆစ်လွဲသွားသည်ဟုပင် ကျွန်တော်တို့ကတွက်သည်။ သို့ သော်လည်း သူ့ဒဏ်ရာ ကျွန်တော်တို့က ကြည့်ရှုကုသပေးမည်ဟု ပြော သော အခါ သူကလက်မခံ။ သူတို့ရွာမှ သုံးနေကျဆရာဝန်နှင့်သာ ပြလိုသည်ဟု ဆိုသည်။ သူတို့ဆရာဝန်မှတပါး အခြားမည်သူ့ကိုမှ အထင်တကြီးမရှိသည့် အရိပ်လက္ခဏာကို မြင်နေရသဖြင့် ချစ္စဟိုးက ကျွန်တော့်အား တစ်ချက်မျှ လှမ်းကြည့်ပြီး ပြုံးသည်။

နောက်တစ်နာရီခန့်အကြာတွင် ဆရာဝန် ရောက်လာသည်။ မြင်လိုက် ရုံမျှဖြင့် အလွန်အလုပ်များသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ကြောင်း သိသာပါသည်။ ရောက်လျှင်ရောက်ခြင်းပင် သူသည် လူနာကို အားပေးစကားပြောကာ လွဲ နေသော ဒူးဆစ်ကို နူးညံ့သိမ်မွေ့သော လက်ချောင်းများဖြင့် ပြန်တည့်ပေး သည်။ ထိုကိစ္စပြီးကာမှပင် သူသည် ကျွန်တော်ဘက်လှည့်၍ မျက်နှာချင်း ဆိုင်ပါသည်။

ချစ္စဟိုး၏နှုတ်မှ ဘုရားတသံ ထွက်လာသည်။ 'ကယ်ရီ'ဟုလည်း တအံ့တသြရေရွတ်သည်။

ကျွန်တော်တို့နှစ်ယောက် ရှေးဟောင်းနှောင်းဖြစ်များ ပြောကြသည့်

www.burmeseclassic.com

www.burmeseclassic.com


အခါတိုင်း ချစ္စဟိုးက အထင်သေးအမြင်သေးဖြင့် ပြောလေ့ရှိသည့် သူတစ်ယောက်ရှိသည်။ ယင်းမှာ အခု ကျွန်တော်တို့တွေ့နေသည့် ဆရာဝန် ကယ်ရီဖြစ်၏။ လူချင်းစတင်ခင်ကြသည့်အချိန်က သူသည် ကျွန်တော်တို့ထက် အသက်ငယ်သည်။ ရုပ်ရည်အပြောအဆို အနေအထိုင်ထူးခြားခြင်းမရှိ။ လူပုံက ပိန်ပါးပါး၊ ဆင်းရဲရှာသည်။ ထိုအချိန်က လီဗင်ဖို့စ်မြို့၌ ကျွန်တော်တို့ ရွေးပေါင်းသည့်လူငယ်များထဲတွင် ကယ်ရီသည် တစ်ဦးဖြစ်၏။

ကယ်ရီသည် ထူးခြားမှုတစ်ခုတော့ရှိသည်။ ယင်းမှာ ခြေတစ်ဘက်တိုနေခြင်းဖြစ်၏။ သူ့ခြေတစ်ဘက်သည် အခြားတစ်ဘက်ထက် တိုနေသဖြင့် ဖိနပ်စီးသည့်အခါ ခုံအထူ ခြောက်လက်မ မြင့်သော ဖိနပ်တစ်ဘက်ကိုစီးရသည်။ သူပြေးလျှင် တိုနေသောခြေတစ်ဘက်ကြောင့် ထော့ကျိုး ထော့ကျိုးဖြစ်နေတတ်၏။ ထိုခြေတစ်ဘက်ကို ညှာပြေးရသဖြင့် တပင်တပန်းရှိလှချေသည်။ မျက်နှာတွင် ရွှေးသီးရွှေးပေါက်များ စီးကျနေတတ်သော်လည်း အပြုံးကတော့မပျက်။ ထိုစဉ်ကချစ္စဟိုးသည် ကယ်ရီအား ပြောင်စရာ နောက်စရာ လူတစ်ယောက်အဖြစ် သဘောထားသည်။ ကယ်ရီလာနေသည်ကိုမြင်လျှင် ကျွန်တော်တို့ အုပ်စုထဲမှ တစ်ဦးက 'သတိထားကြဟေ့၊ ကယ်ရီလာနေပြီ၊ သူ ငါတို့ကို လိုက်မမီအောင်ပြေးကြစို့'ဟု အော်တတ်သည်။ ကျွန်တော်တို့ကလည်း ရေကူးကန် သို့မဟုတ် တောအုပ်ဆီသို့ အပြေးအလွှားသွားကြသည်။ ကယ်ရီကတော့ စိတ်ပျက်ခြင်းမရှိ သူတတ်နိုင်သမျှ ခြေတစ်ဘက်ထော့ကျိုး နောက်မှလိုက်လာလေ့ရှိပါသည်။

ကယ်ရီသည် ရုက်တတ်သော်လည်း အစဉ်သဖြင့် ရွှင်ရွှင်ပြုံးပြုံးနေတတ်သည်။ ကျွန်တော်တို့က ဘယ်လောက်ပဲ ပြောင်ပြောင် နောက်နောက် စိတ်ဆိုးလေ့မရှိ။ ကျွန်တော်တို့ အမြင်မှာတော့ ကယ်ရီသည် လူထူးလူဆန်းတစ်ယောက် ဖြစ်နေသည်။ သူ့အဝတ်အစားများမှာ သပ်သပ်ရပ်ရပ် ဖာထေးထားသော်လည်း ချုပ်ရာတွေ ဗရပွ ဖြစ်သဖြင့် အမြင်ဆန်းလှ၏။ သူ့အမေသည် မုဆိုးမကြီးတစ်ယောက်ဖြစ်သည်။ သူ့ယောကျ်ား တေလေကြမ်းပိုးအရက် သမား မသေမီကတည်းက သူ့ဝမ်းသူကျောင်းနေခဲ့ရသူဖြစ်၏။ ယခု မုဆိုးမ ဘဝတွင် သူသည် ဆိုင်တကာလည်၍ ကြမ်းများကိုတိုက်ချွတ်

www.burmeseclassic.com

www.burmeseclassic.com


ဆေးကြောပေး သည့်အလုပ်ဖြင့် အသက်မွေးရသည်။ ချစ္စဟိုးအဖို့တော့ ကယ်ရီ မိခင်၏အလုပ်သည်လည်း ပြောင်စရာ လှောင်စရာတစ်ခုပင်ဖြစ်ခဲ့သည်။

သားအမိနှစ်ယောက် စားဝတ်နေရေးအဆင်ပြေမှု အတွက် ကယ်ရီ သည် မနက်ငါးနာရီ အိပ်ယာမှထ၍ နွားနို့ပို့သည်။ တစ်ခါတရံ နွားနို့ပို့ သဖြင့် ကျောင်းနောက်ကျတတ်သည်။ ထိုအခါမျိုးတွင် သူသည် တွန့်ဆုတ် ဆုတ် အမူအရာဖြင့် စာသင်ခန်းထဲ၌ ရပ်ကာ ဆရာနှင့် ရင်ဆိုင်သည်။

'မင်း ... ကျောင်းနောက်ကျပြန်ပြီပေါ့လေ ဟုတ်လား'

'ဟုတ် ... ဟုတ် ... ဟုတ်ကဲ့ ခင်ဗျာ'

'ဆရာသခင် ဘယ်ကိုများ ကြွနေပါသလဲ၊ မြို့တော်ဝန်မင်းနဲ့ မနက် စာစားနေလို့ နောက်ကျတယ် ထင်ပါရဲ့'

'မ...မ...မဟုတ်ပါဘူး'

သူ့အတွက် အရေးကြီးနေသော ဤအချိန်မျိုးတွင် ကယ်ရီသည် စကားကို ဖြောင့်အောင် မပြောနိုင်၊ ထစ်တီးထစ်ငေါ့ဖြစ်ကာ မည်သည့်စကား လုံးကိုမှ ပီသသဲကွဲအောင် မပြောနိုင်၊ အတန်းသား အားလုံးက သူ့အဖြစ်ကို ကြည့်ရယ်ကြသည်။

အကယ်၍ ကယ်ရီသာ လိမ်မာပါးနပ်မည်ဆိုပါက အရာရာတိုင်း သည် သူ့အတွက် အဆင်ပြေဖို့ရာရှိသည်။ ကျွန်တော်တို့ စကော့တလန်နိုင်ငံ တွင် လိမ်မာပါးနပ်သော လူငယ်များအား လူကြီးများက ခွင့်လွှတ်တတ်ကြ သည်။ ကယ်ရီသည် ကျောင်းစာ၌ တော်သော်လည်း စကားပြောရာ၌မူ လိမ်မာ ပါးနပ်မှုမရှိ။ကျွမ်းကျင်မှု မရှိပါ။

ကယ်ရီ အမေကတော့ သူ့သားအား အများတကာထက်သာစေချင် သည်။ အထူးသဖြင့် ဘာသာရေးနယ်ပယ်တွင် အခြားလူတွေထက် သာစေချင် သည်။ ဆင်းရဲသော်လည်း သိမ်မွေ့ ရိုးသားသည့် အဘွားကြီးသည် ဘာသာ တရားကို အလွန်ကိုင်းရှိုင်းသည်။ သူ့သားအား စကော့တလန်နိုင်ငံ၏ ဘာသာ ရေးဂိုဏ်းတွင် ရဟန်းတစ်ပါးဖြစ်စေချင်သည်။

ကယ်ရီကိုယ်တိုက်ကလည်း တောပိုင်းဒေသ၏ ကွင်းပြင် လွင်တီး ခေါင်ထဲ၌ တရားဟောရခြင်းကို နှစ်သက်သည်။ သစ်တောများနှင့်အပြော

www.burmeseclassic.com

www.burmeseclassic.com


ကျယ် သည့် ကွင်းပြင်ကြီးများကို ချစ်မြတ်နိုးသူဖြစ်၏။ ပြီးတော့ ကျွန်တော်တို့ ဘေးမှ ထော့နင်း–ထော့နင်းနှင့် လိုက်လာနေသော ကယ်ရီသည် ကျွန်တော်တို့ ချင်း ဆေးတက္ကသိုလ်တက်ရန်ပြောဆို နေကြသည်များကို စိတ်ဝင်တစား နားထောင်နေတတ်သည်။ တကယ်တော့ ကယ်ရီသည် ဆရာဝန်တစ်ယောက် ဖြစ်လိုစိတ်လည်း ပြင်းပြသူဖြစ်သည်။

သို့သော်လည်း ပင်ကိုယ်သဘာဝစိတ်ကိုက နူးညံ့သိမ်မွေ့သော ကယ်ရီ သည် သူ့မိခင်၏ဆန္ဒကို လွန်ဆန်ခြင်းမပြု၊ သူ့မိခင်စကားကို နာခံသည်။ သူ့ကျောင်းမှထွက်သည့်အခါ ခရစ်ယာန်ကျမ်းစာသင်ကျောင်းတက်မည်ဟု ပင်ဆုံးဖြတ် သည်။ ထိုကျောင်းတက်နိုင်ဖို့အတွက် သားအမိနှစ်ယောက် ဘယ်လို ရုန်းကန် လှုပ်ရှားပြီး ဖန်တီးကြလေသနည်း။ ကောင်းကင်ဘုံမှ ဘုရား သခင်သာ လျှင် သိပေလိမ့်မည် သူ့မိခင်လည်း အလုပ်ကို ပို၍ အပင်ပန်း ခံပြီးလုပ်၍ ငွေကြေးစုဆောင်းသည်။ ယခင်ကထက် တိုး၍ တိုး၍ ပိန်ချုံး လာသည်။ သို့သော်လည်း သူ့မျက်လုံးများကတော့ မျှော်လင့်ချက်ရောင်ချည် သန်းကာ ဝင်းလက်နေကြသည်။ ကယ်ရီကိုယ်တိုင်ကလည်း သူသင်ကြားနေရ သည့် ပညာရပ် အပေါ် စိတ်မဝင်စားသော်လည်း အားမာန်အပြည့်ဖြင့် ကြိုးစားရှာ၏။

ဤသို့ဖြင့် ကယ်ရီသည် အသက်နှစ်ဆယ့်လေးနှစ် အရွယ်တွင် စကောတလန် ခရစ်ယာန်ဘာသာရေးဂိုဏ်းဝင် သင်းအုပ်ဘုန်းကြီးဖြစ်လာခဲ့ သည်။ နယ်မြေအတွင်းရှိ လူများကလည်း သန့်ရှင်းရေးအလုပ်သမားတစ်ဦး၏ သား သင်းအုပ်ဖြစ်လာသည်ကို များစွာ စိတ်ဝင်စားကြသည်။ သူ့အား နယ်မြေ ဘုရားရှိခိုးကျောင်း၏ သင်းအုပ်လက်ထောက်အဖြစ်ခန့်ထားရန် အကြံပြုကြ သည်။ ထိုရာထူး၌ ခန့်ထားရေးအတွက် သူ့အရည်အချင်းကို စမ်းသပ် စစ်ဆေးသည့်အနေဖြင့် ဘုရားရှိခိုးကျောင်းတွင် တရားပွဲတစ်ပွဲ ကျင်းပပြုလုပ် ခဲ့၏။

ထိုနေ့က ဘုရားရှိခိုးကျောင်းသို့ လူအများအပြား လာကြသည်။ သင်းအုပ်ဘုန်းကြီးငယ်တစ်ပါး ဘယ်လိုအမျိုးအစားဖြစ်သည်ကို သိလိုကြ၍ လာကြခြင်းဖြစ်၏။ ဤပွဲမတိုင်မီ သီတင်းပတ်ပေါင်းများစွာ တရားဟော

www.burmeseclassic.com

www.burmeseclassic.com


လေ့ကျင့်လာခဲ့သော ကယ်ရီကလည်း သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အ၀ဖြင့် စင်မြင့်ပေါ်သို့ တက်ခဲ့သည်။ သူသည် ထက်သန်သော စိတ်ဖြင့် တရားကို ဟောသည် အချိန်တော်တော်ကြာအထိ အဆင်ပြေလျက်ရှိ၏။ ထို့နောက် ရုတ်တရက် ချက်ချင်းအောက်မှ ၀တ်ကောင်းစားလှများ၀တ်၍ ထိုင်နေသော သူ့အမေကို မြင်သည်၊ အမေ့မျက်လုံးများသည် သူ့အား စိုက်ကြည့်နေသည်။ ထိုအခါ သူ့ကိုယ်သူ မယုံကြည်စိတ်သည် ဖျက်ခနဲ၀င်လာသည်။ သူသည် တစ်ခဏ တုံ့ဆိုင်းဆိုင်းဖြစ်သွားသည်။ ခေါင်းထဲ၌ ရှိနေသော စိတ်ကူးများ ကြည်ပျောက်ငှက်ပျောက် ဖြစ်ကုန်သည်။ ဤတွင် သူ့နှုတ်မှ ထွက်လာနေသော စကားလုံးများသည် ထစ်တီးထစ်ငေါ့ဖြစ်လာသည်။

ယင်းကဲ့သို့ အထစ်ထစ်ငေါ့ငေါ့ဖြစ်လိုက်သည်နှင့် တပြိုင်နက် သူ သည် အရှုံးနှင့်ရင်ဆိုင်ရပြီဖြစ်၏။ တရားကိုဆက်၍ ဟောပါသော်လည်း အဆင်မပြေတော့ စင်မြင့်အောက်မှ ပြုံးစိစိနှင့် ကြည့်နေသော မျက်နှာများ။ တီးတိုးစကားပြောသံများ။ အချိန်အတော်ကြီးကြာမှ တရားဟောခြင်းရပ်ဆိုင်း သွားသည်။ ထို့နောက် ဓမ္မတေးသီချင်း သီဆိုရန် ကြေညာလိုက်ခြင်းအားဖြင့် တရားဟောပွဲကို ပိတ်လိုက်လေသည်။

အိမ်ပြန်ရောက်သည်နှင့်တပြိုင်နက် ကယ်ရီ၏မိခင် သတိလစ်သွား သည်။ အသက်ကုန်သွားချိန်အထိ စကားတစ်ခွန်းမှ မပြောနိုင်တော့ချေ။

မိခင်၏အလောင်းမြေကျပြီးသည့်နောက် ကယ်ရီသည် လီဗင်ဖို့စ် မြို့မှ ပျောက်သွားသည်။ သူဘယ်ရောက်သွားသည်ကို ဘယ်သူမှမသိ။ ဆုံးရှုံး မှုနှင့် ရင်ဆိုင်ခဲ့ရသောကယ်ရီအဖို့ ဘ၀တစ်သက်လုံး ဂုဏ်သိက္ခာ ကင်းမဲ့ ခဲ့ရလေပြီ။ နောက်နှစ်အနီးငယ်အကြားတွင် ကယ်ရီတစ်ယောက် ယာလုပ်ငန်း များရှိသော ခရိုင်တစ်ခုအတွင်းရှိ ကျောင်းတစ်ကျောင်း၌ ဆရာလုပ်နေသည် ဟူသော သတင်း ကျွန်တော်ကြားခဲ့ရသည်။ သို့သော်လည်း ချက်ချင်းလိုလိုပင် ကျွန်တော် သူ့ကို မေ့သွားခဲ့ပါသည်။

ကျွန်တော်လေ့ချ်လီယာ၌ အလုပ် လုပ်နေခိုက် တစ်ညနေခင်းတွင် ဘုရင်မင်းမြတ်က တိုက်ရိုက်ခန့်ထားသော ခန္ဓဗေဒ ပါမောက္ခ၏ လက်ထောက် လုပ်နေသည့် ချစ္စဟိုး ကျွန်တော့်အခန်းသို့ ရောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


'ခင်ဗျားကတော့ လုံးဝ ထင်မှာမဟုတ်ဘူး'ဟု သူက ပြုံးဖြီးဖြီးမျက်နှာပေးဖြင့် ကျွန်တော့်အား ပြောသည်။

'ကျွန်တော့်ဌာနမှာ အခွဲအစိတ်လာလုပ်နေတဲ့ လူတစ်ယောက်ရှိတယ်၊ တခြားလူမဟုတ်ဘူး၊ ကျွန်တော်တို့ရဲ့ ငယ်သူငယ်ချင်း ကယ်ရီ'

မှန်ပါတယ်၊ ကယ်ရီဖြစ်ပါ၏။ သူသည် အသက်နှစ်ဆယ့်ငါးနှစ်နီးခါမှ ဆရာဝန်ကြီးဖြစ်ရန် ကြိုးစားနေခြင်းဖြစ်သည်။ အရောင်အဆင်းပင်မရှိတော့သည့် ဝတ်စုံဟောင်းကို ဝတ်၍ ခေါင်းငိုက်စိုက်ချကာ ခြေတစ်ဘက်ထော့နင်း ထော့နင်းဖြင့် ကျောင်းသားကြား၌ လှုပ်ရှားသွားလာနေသောကယ်ရီ။ သူ့ပုံကိုက ထူးဆန်းလျက်ရှိ၏။ သူ့အား စကားအဖက်လုပ်၍ပြောမည့်သူပင် မရှိချေ။ သူသည် ဆင်းရဲသားရပ်ကွက်တစ်ခုတွင် အခန်းလေးတစ်ခန်း ငှားနေသည်။ မဖြစ်စလောက်သာရသည့် ကျောင်းဆရာလစာကလေးထဲမှ ချွေတာခြစ်ကုပ်စုဆောင်းပြီး ဆေးတက္ကသိုလ်တက်ခြင်းဖြစ်၏။ သူ့အသက်သူ့ရုပ်ရည် သူ့စကားထစ်မှုများသည် သူ့အား အများတကာနှင့် မဝင်ဆန့်အောင် ဟန်တားထားသည်။ သို့သော်လည်း သူကတော့ အနိုင်မခံ အရှုံးမပေးမျှော်လင့်ချက်အပြည့်ထားကာ ဖွဲကောင်းကောင်းဖြင့် ပညာသင်လျက်ရှိသည်။

ယခု တစ်ဖန် ကယ်ရီနှင့် လုံးဝ မမျှော်လင့်ဘဲ ဆုံမိကြပြန်လေပြီ။ ကယ်ရီမှ ကယ်ရီအစစ်ဖြစ်၏။ သို့သော်လည်း ဟိုတုန်းက ကယ်ရီမဟုတ်။ ဟိုတုန်းကလို အဝတ်အစား နွမ်းနွမ်းဟောင်းဟောင်း၊ စကားထစ်ထစ်နှင့်ရှက်တတ်သော ကယ်ရီ မဟုတ်တော့။ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိသည့်လူတစ်ယောက်ဖြစ်နေပြီ။ ကျွန်တော်တို့အား ချက်ချင်းမှတ်မိသည်။ လှိုက်လှိုက်လှဲလှဲနှုတ်ဆက်သည်။ သူ့အိမ်သို့ ညစာစားဖို့ ဖိတ်သည်။ အခုလောလောဆယ်တော့ ကျွန်တော်တို့နှင့်ကြာကြာနေဖို့ အချိန်မရှိ။ အရေးကြီးသော လူနာတစ်ယောက် သွားကြည့်စရာက ရှိနေသည်ဟု သူက ဆိုသည်။

စိတ်လှုပ်ရှားခြင်းနှင့် ဇဝေဇဝါဖြစ်ခြင်းတို့ကို ရင်ဝယ်ပိုက်ကာ ကျွန်တော်တို့နှစ်ယောက်သည် တွန့်ဆုတ်သော ခြေလှမ်းများဖြင့် ထိုနေ့ညခင်းတွင် ကျေးလက်ဆရာဝန်၏ နေအိမ်တွင်းသို့ ဝင်ခဲ့ကြသည်။ ကယ်ရီတွင် ဇနီးရှိနေသည်ကို တွေ့လိုက်ရသဖြင့် အကြီးအကျယ် အံ့အားသင့်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com


အမုန်တကယ်ပင် ဇနီးရှိနေပါသည်။ သူ့ဇနီးက ကျွန်တော့်အား ဖော်ရွေစွာ ဆီးကြိုနှုတ်ဆက်သည်။ သူနေထိုင်ရာ တောင်ပိုင်းဒေသလို လှသည့် အမျိုးသမီး တစ်ယောက်ဖြစ်၏။ ဒေါက်တာ(ရိုးရိုးသားသားနှင့် တမြတ်တနိုးခေါ်လိုက်ခြင်း ဖြစ်သည်)မှာ ဆေးခန်းထဲ၌ အလုပ်ရှုပ်နေဆဲဖြစ်ပါသည်ဟု ပြောသည်။ သူက ပင် ကျွန်တော်တို့အား အိမ်အပေါ်ထပ်သို့ ခေါ်သွားပြီး ကလေးများကို ပြသည်။ ပါးအို့နီနီရဲရဲနှင့် မိန်းကလေးနှစ်ယောက်။ ပြီးတော့ သူတို့ထက်ငယ်သည့် ယောကျ်ားလေး တစ်ယောက်။ အားလုံးအိပ်ပျော်နေကြပြီ။ ကျွန်တော်ကတော့ အံ့အားသင့်လွန်း၍ စကားပင် မပြောနိုင်ကြပါ။

ကယ်ရီသည် သူ့ညှော့်သည်နှစ်ဦးနှင့် ကျွန်တော်တို့အား အောက်ထပ်မှ စောင့်နေသည်။ အခုကျတော့လည်း အိမ်ရှင်အနေဖြင့် စားပွဲထိပ်၌ ထိုက်လျက်ရှိသော ကယ်ရီသည် တည်ငြိမ်အေးဆေးလှသည်။ ရက်ကြောက်နောက်တွန့်သည့် အရိပ်လက္ခဏာများ လုံးဝမမြင်ရ။ ပြောစရာစကားများကိုလည်း အေးအေးဆေးဆေး ပြေဆိုလျက်ရှိ၏။ သူ့ညှော့်သည်နှစ်ဦးမှာ လူချမ်းသာများ ဖြစ်သည်။ သူ့အပေါ် တရိုတသေ တလေးတစားဆက်ဆံနေကြသည်ကို မြင်နေရသည်။ သူ့ညှော့်သည် နှစ်ဦးထံမှ ကြားရသည့်စကားများအရ သူ့အခြေအနေကို ကျွန်တော်တို့ ရိပ်စားနားလည်ကြသည်။ သူ့ဆေးကုလုပ်ငန်းသည် အေဗွန် တောင်ကြားတစ်ခုလုံး နေရာအနှံ့ရောက်သဖြင့် ကျယ်ပြန့်သောလုပ်ငန်းဖြစ်သည်။ သူ့လူနာများမှာ တောသားများဖြစ်၍ ရိုးသားအေးဆေးကြသည်။ သိအောင်နားလည်အောင် ပြောဖို့ ခက်ခဲသည့် လူစားများဖြစ်သည်။ သို့သော်လည်း သူကတော့ အားလုံးကို အပိုင်ကိုင်ထားနိုင်သည့် အခြေအနေ၌ ရှိသည်။

ယခုအခါတွင် ကယ်ရီသည် တောပိုင်းဒေသတစ်ခုလုံးသို့ အနံ့အပြားခြေဆန့်လျက်ရှိသည်။ ခေတ်မီ သိပ္ပံပညာနှင့် ဘာသာရေးကို ပေါင်းစပ်ကာ လူအများအား နားဝင်အောင် ဟောပြောသိမ်းသွင်းလျက်ရှိသည်။ ကူညီစရာရှိ လျှင် အနမြော အတွန့်တို မရှိဘဲ ကူညီလိုက်သည်။ မည်သည့်လူနာထံကမှ လောဘတကြီး တောင်းခံခြင်းသည်လည်း မပြု။ မွေးရာပါ ဗီဇအရ သူလုပ်ရ

www.burmeseclassic.com

www.burmeseclassic.com


မည့်အလုပ်ကို အမြတ်တနိုးလုပ်သည်။ အနိုင်မခံ အရှုံးမပေးခဲ့သော လူတစ်ယောက်သည် နောက်ဆုံးတွင် အောင်ပွဲရသွားခဲ့လေပြီ။

ညစာစားအပြီးတွင် ကျွန်တော်တို့သည် သူ့စာကြည့်ခန်းထဲ၌ ခဏတဖြုတ်ထိုင်၍ စကားစမြည် ပြောကြပါသည်။ သူ့စားပွဲပေါ်တွင် ပေါင်တပ်ထားသည့် ကတ်ပြားတစ်ချပ်ကို ကျွန်တော် အမှတ်မထင် မြင်ရသည်။ ထို ကတ်ပြားပေါ်မှ စာတမ်းကိုလည်း အမှတ်မထင် ဖတ်လိုက်ရသည်။ 'သင့်လက် ထဲ ဘာပစ္စည်းပဲရောက်လာလာ သင်၏နောက်ဆုံး ရည်မှန်းချက်ပန်းတိုင်ကိုသာ သတိရနေလျှင် သင့်အဖို့ ဘယ်တော့မှ လွဲမှားစရာ အကြောင်းမရှိပါ'။ ထို စာတမ်းသည် သူ့ဘဝအတွက် အရေးပါအရာရောက်သော ဆောင်းပုဒ်ဖြစ် သည်မှာ ယုံမှားဖွယ်ရာမရှိဟု ကျွန်တော် ယူဆပါသည်။

ထိုညက ကျွန်တော်တို့ ကယ်ရီအိမ်မှ ပြန်လာကြသည့်အခါ အတော် ညဥ့်နက်နေပေပြီ။ မောင်ထဲဖြတ်လျှောက်လာနေကြသော ကျွန်တော်တို့သည် ထူးထူးခြားခြား နှုတ်ဆိတ်နေကြသည်။ ထို့နောက် ချစ္စဟိုးထံမှ အားယူပြီး ပြောလိုက်သည့် လေသံဖြင့် စကားတစ်ခွန်းထွက်လာသည်။

'အင်း...ကျွန်တော်တို့လူက သူ့ဘဝ ရပ်တည်နိုင်ဖို့အတွက် နောက်ဆုံးကျခါမှ သူ့ကိုယ်သူ နားလည်သွားတဲ့ သဘောပဲဗျ'

အထက်စီးလေသံဖြင့် ပေးလိုက်သော သူ့မှတ်ချက်ကို ကျွန်တော် လက် မခံနိုင်ပါ။ ကျွန်တော်တို့ နှစ်ယောက်ထားခဲ့မိသော မာန်မာနအတွက် အရှက် ကြီး ရှက်နေမိသော ကျွန်တော်သည် သူ့စကားအပေါ် ခွန်းတုံ့မပြန်ဘဲ မနေ နိုင်ပါ'

'အဲဒီလူက ဘယ်သူလဲ၊ ချစ္စဟိုးလို့ခေါ်တဲ့ ခင်ဗျားလား၊ အေဗွန်နယ်က ဆရာဝန်လား'

'ဘာဗျ'ဟု သူက ဒေါသတကြီး ရေရွတ်သည်။

'ဒါလေးတောင်မှ ခင်ဗျား မသိဘူးလား'

* * * * *

www.burmeseclassic.com

www.burmeseclassic.com


[ ၃၂ ]

ကယ်ရီနှင့် အမှတ်မထင် ဆုံမိခဲ့ခြင်းသည် အသေးအဖွဲ တစ်ခုမျှသာ ဖြစ်သည်ဟု ထင်မှတ်ဖွယ်ရာရှိ၏။ သို့သော်လည်း ပြောင်းလဲရန်တာစူနေသည့် ကျွန်တော့်စိတ်ကို ပိုမို၍ လျင်မြန်စွာ ပြောင်းလဲသွားအောင် တွန်းအားပေးခဲ့သည့် အဖြစ်တစ်ခုဟု ဆိုနိုင်စရာရှိပါသည်။ အချိန်ကာလကြာမြင့်စွာ အိပ်ပျော်သလိုဖြစ်နေသော သို့တည်းမဟုတ် အမှုမဲ့ အမှတ်မဲ့ငုပ်နေသော ကျွန်တော်၏ မွေးရာပါ ပင်ကိုယ်စိတ်သည် သူနှင့်တွေ့ခါမှ ပြန်လည် နိုးထရှင်သန်လာသလို ဖြစ်ခဲ့ရပါသည်။

ယင်းစိတ်သည် ကျွန်တော့်မိခင်၏ ဘိုးဘွားဘီဘင်မှ ဆင်းသက်လာခြင်းလား သို့မဟုတ် ဖခင်၏မျိုးရိုးမှပါလာခြင်းလား။ ကျွန်တော့်အနေဖြင့် ဝေခွဲ၍ မရပါ။ ဤစိတ်သည် သူငယ်ပြန်၍ ပေါ်လာခြင်းဖြစ်ပါသည်ဟု ပြောရန်မှာလည်း မဖြစ်နိုင်ပါ။ ကျွန်တော့်အသက်သည် အခုမှ လေးဆယ်ပင် မပြည့်သေး၊ သန်တုန်းမြန်တုန်းအရွယ်ဖြစ်သည်။ ထို့ကြောင့်လည်း ဤအကြောင်းပြချက်ကို ရှေ့တန်းတင်၍ မရနိုင်ပါ။

'အယူဝါဒပြောင်းလဲခြင်း'ဟူသော စကားလုံးသည် ကျွန်တော်အဖို့ ရွံရှာစက်ဆုပ်ဖွယ်ကောင်းသည့် စကားလုံးဖြစ်ပါ၏။ သို့ပါသော်လည်း ယခုအချိန်ကျခါမှပင် ဘဝနှင့်ပတ်သက်သော သဘောထားအသစ် (အထူးသဖြင့် ဘာသာရေးနှင့်ပတ်သက်သော သဘောထား အမြင်သစ်)သည် ပေါ်ပေါက်လာခဲ့ရသည်။ အမြင်သစ်သည် မူလအမြင်နှင့် ဆန့်ကျင်လျက်ရှိ သဖြင့် ထူးခြားသည်ဟု ဆိုရပါလိမ့်မည်၊ ယင်းအမြင်သစ်ဝင်လာရခြင်းသည် ကျွန်တော်မွေးဖွား ကြီးပြင်ခဲ့ရသည်ထက် ထူးခြားသော ပတ်ဝန်းကျင် အခြေ အနေကြောင့် ဖြစ်ပါသည်။

ကျွန်တော့်အပေါ်ပို၍ နားလည်လာရန်မှာ ကျွန်တော့်အမေအကြောင်း ပြောပြမှ ဖြစ်ပါလိမ့်မည်။ ကျွန်တော့်အမေသည် ရှေးအကျဆုံးသော ပရိုတက်စတင့်ဘာသာဝင် စကော့မိသားစုမှ ပေါက်ဖွားလာသူဖြစ်သည်။ သူအသက်ဆယ့်ကိုးနှစ်တွင် အိုင်ရစ် ကက်သလစ်ဘာသာဝင် လူငယ်တစ်ဦးနှင့် ချစ်ခင်

www.burmeseclassic.com

www.burmeseclassic.com


စုံမက်ခဲ့သည်။ အိမ်မှထွက် ပြေးကာ ချစ်သူနှင့်လက်ထပ်သည်။ သူ့ခင်ပွန်းသည်အား ချစ်လွန်းအားကြီးသော အမေသည် ခင်ပွန်းသည်၏ ဘာသာသို့ ကူးပြောင်းခဲ့၏။

ဤသို့ဖြင့် ဤစုံတွဲမှ မွေးဖွားလာသော တစ်ဦးတည်းသားကျွန်တော်သည် ကက်သလစ်ဘုရားရှိခိုးကျောင်းအတွင်း၌ နှစ်ခြင်းမင်္ဂလာပြုခဲ့ရသည်။ သို့သော်လည်း ကျွန်တော်သည် ခုနှစ်နှစ်တိတိမျှ ကက်သလစ်ဘာသာ အကြောင်း မည်မည်ရရ ဘာတစ်ခုမှ မသိခဲ့ရပေ။ ကျွန်တော်ကြားသိခဲ့ရသမျှမှာ သူတော်စင်ပုဂ္ဂိုလ်များ၏အကြောင်းသာဖြစ်သည်။ သာယာပျော်ရွှင်သော နေအိမ်၏ အေးချမ်းငြိမ်ဆိတ်မှု အရသာကိုလည်း ကျွန်တော် အပြည့်အဝရရှိ ခံစားခဲ့ရပါသည်။

ထို့နောက် ကျွန်တော့်အဖေ ရုတ်တရက် မမျှော်လင့်ဘဲ ကွယ်လွန်သွားခဲ့သည်။ အဖေသည် ရသမျှကို စုစုဆောင်းဆောင်း မရှိဘဲ သုံးစွဲခဲ့သည်ဖြစ်ရာ သူကွယ်လွန်သည့်အခါ ပစ္စည်းအနည်းငယ်မျှသာ ကျန်ခဲ့သည်။ အမေသည် နှစ်နှစ်တိတိမျှ စားဝတ်နေရေး အဆင်ပြေမှုအတွက် တပင်တပန်းရုန်းကန်ခဲ့ရရှာ၏။ ထို့နောက် မဖြစ်နိုင်တော့သည့် အခြေအနေအရ မိဘထံပြန်၍ အရိပ်ခိုခဲ့ရလေသည်။

ကျွန်တော့်အမေ၏ အိမ်အပြန်ခရီးသည် သာတောင့်သာယာမရှိခဲ့ပါ။ စည်းကမ်းကြီးလွန်းသော ဖခင်တစ်ယောက်၏ မျက်စိထဲတွင် အမေသည် သူ့ဂုဏ်သိက္ခာကို ကင်းမဲ့အောင်ပြုလုပ်ခဲ့သော သမီးဖြစ်နေသည်။ ကျွန်တော့်ကျတော့ အဘိုးက မလိုလားသောမြေး၊ ဒိဋ္ဌိကလေးဖြစ်နေသည်။ ဝမ်းနည်းဖွယ်ကောင်းလောက်အောင် ပြောင်းလဲသွားသည့် အခြေအနေနှင့် ရင်ဆိုင်ရခြင်းဖြစ်ပါသည်။

ကျွန်တော်အား ပရိဘက်စတင့် ဘာသာဝင်များ ကျောင်းသို့ ပို့လိုက်သည့်အခါ ကျွန်တော် ကက်သလစ်ဘာသာဝင်ဖြစ်မှန်း ချက်ချင်းသိသွားကြသည်။ တစ်တန်းလုံးက ကျွန်တော့် ပြောင်ကြနောက်ကြသည်၊ အဆိုးဆုံးလူမှာ အတန်းပိုင်ဆရာဖြစ်၏။ သူသည် ကျွန်တော့်အပေါ်၌ အညှာတာအကင်းမဲ့ဆုံး လူတစ်ယောက်ဖြစ်သည်။ ရက်စက်ရိုင်းစိုင်းသော စိတ်နေ

www.burmeseclassic.com

www.burmeseclassic.com


စိတ်ဓာတ်ရှိသည့် အားလျော်စွာ ကျွန်တော့အား ကျောင်းသူကျောင်းသားများ ရှေ့၌ အရှက်တကွဲ အကျိုးနည်းအောင် လုပ်လေ့ရှိသည်။ ယင်းကဲ့သို့ လုပ်ရခြင်းအပေါ် သာယာ သည်။ ကျွန်တော်သည် စည်းမဲ့ကမ်းမဲ့ နိုင်လွန်းလှသော လူတစ်စု၏အလယ်တွင် များစွာစိတ်ဆင်းရဲခဲ့ရ၏။ ကိုယ်ချင်းစာတရားကင်းမဲ့လွန်းလှသော ဤလူစု၏ ဒုက္ခပေးမှုများကို ခံစားရင်းနှင့်ပင် ကျွန်တော့် ခေါင်းသည် ပို၍မာ လာခဲ့သည်။ ကျွန်တော့်ဘာသာ အယူဝါဒကို စွန့်ပစ်ရန် မလျော့သောဇွဲဖြင့် ငြင်းဆန်းခဲ့သည်။ စကော့လူမျိုးအုပ်စုတစ်စု၏ သည်းမခံနိုင်လောက်အောင် ဆိုးရွားသော ရက်စက်မှုများကို ကျွန်တော်ခွင့်မလွှတ်နိုင်အောင်ဖြစ်ခဲ့ရသည်။

ထိုခေတ်အခါက စကော့တလန် အနောက်ပိုင်းဒေသသည် တစ်ယူသန်ဝါဒထွန်းကားကြီးစိုးသည်။ ဥပမာ ဂွန်နေ့ခ်ဇ် မွေးနေ့နှင့် ဘွိုင်းစစ်ပွဲနှစ်ပတ်လည် အထိမ်းအမှတ်ပွဲများ ကျင်းပသည့် အခါများတွင် လူမျိုးရေးနှင့် ဘာသာ ရေးမတူမှုကို အကြောင်းပြု၍ ဂိုဏ်းဂဏ မတူသူအချင်းချင်း ပဋိပက္ခများ ဖြစ်ကြသည်။ ယင်းရိုင်းစိုင်း ရက်စက်မှုများကြားတွင် ကျွန်တော်သည်လည်း တစ်ဦးတည်း အထီးကျန်နေရသည်။ မည်သူနှင့်မှရော၍ မရ။ မည်သည့်ဘက်မှ ရပ်၍မဖြစ် သံသယများနှင့် ကြောက်ရွံ့မှုများကို ရင်ဝယ်ပိုက်ကာ လူအများ က ဝိုင်းကာပြက်ရယ်ပြုကြ။ ရှုတ်ချကြရွံ့ရှာစက်ဆုတ်ကြသည့် ကိုယ့်သာသာ အယူဝါဒ အပေါ်ယုံကြည်သက်ဝင်မှု ခိုင်မာလာအောင် မိမိကိုယ် မိမိအားပေး ၍ နေရပါသည်။

နောက်ပိုင်းတွင် ကျွန်တော်သည် အရေထူလာသည်။ ကျွန်တော်အား နှိပ်စက်ညှဉ်းပန်းနေကြသူများအား ပြန်လည်ခုခံ တိုက်ခိုက်သည်။ မိမိရင်ဆိုင်နေရသည့် အခက်အခဲများကို အခြားလူများနှင့်ရော၍ ရယ်လာနိုင်သည်။ အားကစားများတွင် ထူးချွန်မှုကြောင့် အများစုက အသိအမှတ်ပြုလာကြသည်။ ထို့နောက်တော့ ပညာသင်ဆု အများအပြားကို ရလာသည်။ တက္ကသိုလ်သို့ တက်နိုင်လာသည့် ကိုယ့်အသိဉာဏ်နှင့်ဉာဏ်စွမ်းဉာဏ်စများအတွက် မာန်မာန တက်လာသည့် ကျွန်တော်သည် ဓမ္မစာအုပ်များထဲ၌ မဖြစ်နိုင်သည်များကို တွေ့လာသည်၊ ဇိဝဗေဒ ကျောင်းသားတစ်ယောက်ပီပီ လူတစ်ဦးချင်းစီ၏ စိတ်ပိုင်းဆိုင်ရာ အကျင့်ပျက်ပြားမှုများနှင့် ပတ်သက်သော

www.burmeseclassic.com

www.burmeseclassic.com


အယူအဆများ အပေါ်ဆန့်ကျင်လာသည်။ ခန္ဓာဗေဒဘာသာရပ်မှ ရရှိလာသော အချက်အလက်များနှင့် သိပ္ပံပညာရပ်ဆိုင်ရာ လေ့ကျင့်သင်ကြားမှုများကြောင့် ဘာသာရေးကို ဥပေက္ခာပြုသော စိတ်သစ်နှင့် သဘောထား အမြင်သစ်များ တည်ရှိလာခဲ့ရလေသည်။

ကျွန်တော် လက်ထပ်သည့်အခါ မိမိကိုယ်မိမိ ကက်သလစ်ဟုဆိုခဲ့၏။ တကယ်တော့ နာမည်ခံမျှသာ ဖြစ်ပါသည်။ ကက်သလစ်ဘာသာဝင်တစ်ဦးအနေဖြင့် တရားကိုလည်း မသိ၊ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကိုလည်း နားမလည်၊ မသိ၊ ကျွန်တော့်စိတ်ကို သဘာဝအင်အားစုများကသာ လွှမ်းမိုးလျက်ရှိသည်။ အကယ်၍ ကျွန်တော့အသိတရားက ယင်းကဲ့သို့ပြုခြင်းသည် မကောင်းဟု အထင်ရောက်လာအောင် အနှောက်အယှက်ပြုခဲ့သည့်အခါ ထိုအသိတရားအား လောကီကိစ္စများအောက်၌ မြှုပ်နှံထားလိုက်ပါသည်။ ကျွန်တော်ကိုယ် ကျွန်တော်ခရစ်ယာန်ဘာသာဝင်တစ်ယောက်မဟုတ်ပါဟူ၍ကား လူသိရှင်ကြား မပြောရဲပါ၊ ယင်းကဲ့သို့ ပြောဝံ့လောက်အောင်လည်း သတ္တိမရှိပါ။

ကျွန်တော်သည် ယင်းကဲ့သို့သော နောက်ခံသမိုင်းကြောင်းနှင့်လာခဲ့သူဖြစ်၏။ တစ်လျှောက်လုံး မိမိကိုယ်ကို မိမိလှည့်စား၍ မိမိ၏ ကိုယ်စိတ်နှစ်ပါး သာယာမှုအတွက် လောကီအာရုံ ကာမဂုဏ်များကို ခံစားလာခဲ့သူဖြစ်၏။ သို့ပါလျက်နှင့် အခုအချိန်ကျခါမှ စိတ်၏ငြိမ်းချမ်းမှုကို ရှာဖွေသင့်သည်ဟူသော အမြင်ဝင်လားခြင်းသည် ဘာကြောင့်ပါလိမ့်ဟု တွေးမရနိုင်လောက်အောင် ဖြစ်လျက်ရှိ၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော့်အဖို့တော့ လွယ်ကူသည့် ကိစ္စတစ်ခုမဟုတ်ပါ၊ အထူးသဖြင့် မိမိကိုယ်မိမိ အလွန်ချစ်သော လူတစ်ယောက်အဖို့ အလွန်ခက်ခဲလှပါသည်။ ကျွန်တော်သည် မာန်မာနကို လက်ကိုင်ပြုကာ ကိုယ့်ဘဝကိုယ် ကျေနပ်စွာဖြင့် နေလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်၏။ အခုကျမှပင် အတွင်းစိတ်၌ တဖြည်းဖြည်းချင်း ဖွံ့ဖြိုးကြီးထားလာနေသည့် စိတ်ဓာတ်အင်အားကျမှုကို မတွန်းလှန်နိုင်ခြင်းဖြစ်၏။ နောက်ဆုံးကျတော့

www.burmeseclassic.com

www.burmeseclassic.com


လည်း ကောင်းကင်ဘုံကို ပုန်ကန်တော်လှန်နေသည့် အချိန်ကာလသည် ကျွန်တော့်အတွက် ကုန်ဆုံးသွားပြီဟု ယူဆရတော့မည်ဖြစ်ပါသည်။

ကျွန်တော့်အနေဖြင့် လုံးဝပြောင်းလဲသွားခြင်း မရှိသေးသော်လည်း အသိတရားအသစ်ကတော့ ဝင်လာသည်။ ထိုအသိသစ်ကြောင့်လည်း ကျွန်တော့်စိတ်သည် များစွာသက်သာပေါ့ပါးလာသည်။ အလုပ်ခွင်တွင်လည်း ပျော်ရွှင်မှုအသစ်တစ်ခုရလာသည်။ ကျွန်တော့်အား ဖိစီးနှိပ်စက်နေကြသည့် ဝမ်းနည်းကြေကွဲခြင်း၊ တင်းမာခြင်းနှင့်ငြီးငွေ့မှုဒဏ် တရိရိခံစားရခြင်း စသော အနိဋ္ဌာရုံများသည် ကွယ်ပျောက်ချုပ်ငြိမ်းသွားသည်။ ကျွန်တော်သည် ကျယ်လောင်စွာ အော်ဟစ်ခဲ့၏။ ကျွန်တော့်အော်သံကို ကောင်းကင်ဘုံမှကြားသည်။ ကျွန်တော်သည် 'ငါဘာကြောင့် အသက်ရှင်နေရပါသနည်း'ဟူသော အချက်ကိုရှာဖွေ တွေ့ရှိခဲ့ရပြီးဖြစ်ပါ၏။

* * * * *

[ ၃၃ ]

ကိုယ့်အခြေအနေကို ပြန်လည်ပြုပြင်တည်ဆောက်နေသည့် ဤအချိန်ကာလတွင် ကျွန်တော်သည် လူအများနှင့်ဆက်ဆံ ဆောင်ရွက်ရသော အလုပ်များနှင့်လုံးဝ ကင်းအောင်နေခဲ့ပါသည်။ ယင်းကဲ့သို့နေရသည့်အတွက် ကျွန်တော့်တွင် ဘာအခက်အခဲမှ မရှိပါ။ အခြားအခြားသော စိတ်ဝင်စားစရာများနှင့်သာ တွေ့ရပါသည်။ ကျွန်တော့်ဘဝတွင် ပထမဆုံးအကြိမ် ဆူဆူညံညံ လှုပ်လှုပ်ရှားရှား ရှိလွန်းလှသော လူစုပရိသတ်နှင့် ကင်းဝေးရခြင်းဖြစ်၏။ ထိုတုန်းကတော့ ကျွန်တော့်တွင် အချိန်ပိုဟူ၍ တစ်မိနစ် တစ်စက္ကန့်မျှပင် မရှိ။ အခုကျတော့လည်း အားလပ်ချိန်တွေ အများကြီးရှိလာသည်။ ဆင်ခြင်တွေးတောပြီး လုပ်သင့်လုပ်ထိုက်သည်များကို လုပ်နိုင်လာသည်။ အထူးသဖြင့် မပြည့်မစုံ ဖြစ်နေသေးသည့် အသိပညာဗဟုသုတ တိုးတက်ရေးကို အာရုံစူးစိုက်နိုင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် ကျွန်တော်သည် ကျွန်တော်စိတ်ဝင်စားခဲ့သည့် သမိုင်း ဗိသုကာအတတ်ပညာနှင့် ပန်းချီပညာတို့ကို လေ့လာခဲ့သည်။ အင်္ဂလိပ်ကဗျာ စာဆိုကြီး ချောဆာ၏ စာပေများကို ဖတ်ရှုခဲ့သည်။ ကျွန်တော်သင်ကြားထား သည့် ပြင်သစ်ဘာသာနှင့် အီတလီ ဘာသာများကို ပို၍ကျွမ်းကျင်လာအောင် အားထုတ်ခဲ့သည်။ ပြင်သစ် အက်ဆေးဆရာကြီးမွန်တေ့၏ စကားပြော အရေး အသားများကို စိမ်ပြေနပြေ ဖတ်ရှုခဲ့သည်။ စိတ်အပန်းဖြေဖို့အတွက် သား နှစ်ယောက်နှင့် ကစားသည့်အခါ ကစားသည်။ ယခင်က မရရှိခဲ့ဖူးသော သာယာပျော်ရွှင်မှုများကို ကျွန်တော်ရခဲ့ပါသည်။

ယခုရလာသော လွတ်လပ်မှု အသစ်ကြောင့် ကျွန်တော်တို့မိသားစု သည် ခရီးထွက်နိုင်သည့် အခွင့်အရေးကိုလည်း ရလာသည်။ အင်္ဂလန်နိုင်ငံ၊ ဒိုဗာဆိပ်မှ ပြင်သစ်နိုင်ငံ၊ ကာလေ့စ်အရောက် မော်တော်ကားနှင့်ရေလက် ကြားကိုဖြတ်ရသည့်ခရီးမှ သည်းထိတ်ရင်ဖိုရှိလှပါသည်။ ကာလေ့စ်ဘက် ရောက်၍ မြားတံသဖွယ် ဖြောင့်တန်းနေသော ပြင်သစ်ကားလမ်းမကြီးများ အတိုင်း မော်တော်ကားမောင်းသွားရသည်မှာလည်း သာတောင့်သာယာရှိလှပါ ၏။ လမ်းဘေး ဝဲယာတွင် ပေါ်ပလာပင်များ၊ အပွင့်များဖြင့် ဝေဝေဆာဆာ ဖြစ်နေကြသည့် နှင်းဆီရိုင်း ခြံစည်းရိုးများ၊ အမိုးနီနီ အိမ်များတည်ရာ ကျေးရွာများနှင့် ယာတော များ၊ ကျက်သရေရှိလှသော ဘုရားရှိခိုးကျောင်းများ၊ ရှေးဟောင်းရဲတိုက်ကြီး များ၊ လှေများသွားလာနေသည့် တူးမြောင်းများ၊ စိုပြည်စိမ်းလန်းသော သစ်တော များ မြက်ခင်းပြင်များနှင့် သစ်သီးခြံများ။ ပန်းသီးခြံများမှာ အပွင့်များပင် ပွင့်နေကြပြီဖြစ်၏။ ဤမျှလောက် သာယာ ကြည်နူးစရာကောင်းသော ခရီးမျိုး ကိုသွားရသည်မှာ မည်မျှအံ့သြစရာ ကောင်းပါသနည်း။

နွေဦးပေါက်ရာသီဆိုလျှင် ပါရီသည် ငွေရောင်လက်နေသည့် မြို့တော် ဖြစ်ပါသည်။ နံနက်စောစောစီးစီး မြင်တွေ့ရသော ရှုခင်းသည် အမြင် ဆန်းလှပါ သည်။ လမ်းမများအပေါ်၌ သုတ်သီးသုတ်ပြာ သွားလာနေကြသည့် လူများ၊ အပြာရောင်ဝတ်စုံသတ် ရဲသားများ၊ ကြက်သွေးရောင် ယူနီဖောင်းဝတ် ပြင်သစ်စစ်သားတစ်ယောက်၊ တံမြက်စည်းလှဲရင်း အတင်းအဖျင်းပြော

www.burmeseclassic.com

www.burmeseclassic.com


နေကြသည့် အိမ်စေမနှစ်ဦး၊ လမ်းဘေးရေမြောင်းများကို လိုက်လံဆေးကြော နေသည့် သန့်ရှင်းရေးအလုပ်သမား အဘိုးအိုတစ်ယောက်၊ ဟင်းသီးဟင်းရွက် များ တင်လာသည့် လက်တွန်းလှည်းများဆီမှ ထွက်လာနေသည့် ချိုးချိုး ချောက်ချောက် မြည်သံများ၊ စူးစူးရှရှ အော်ဟစ်လိုက်သည့် ဈေးသည်များ၏ အသံများ၊ ရုတ်တရက်ဖြည်းဖြည်းမှန်မှန်ပေါ်ထွက်လာသည့် ခေါင်းလောင်း သံများ...... ဤ အရာအားလုံးသည် ညိုမှိုင်းမှိုင်း အဆောက်အအုံများ၊ ကျက်သရေရှိလှသော အဖြူရောင် တံတားများနှင့် နေရောင်တွင် လက်နေ သည့် မြစ်ပြင်ကို နောက်ခံ ပြုကာ လှုပ်ရှားနေကြခြင်းဖြစ်ပါသည်။

ယေရှုသခင် ကောင်းကင်ဘုံသို့ ပြန်လည်ကြွမြန်းသည့် အထိမ်း အမှတ်နေ့ပွဲတော်သို့လည်း ကျွန်တော်တို့ ရောက်ကြသည်။ ကက်သီဒရယ် ဘုရားရှိခိုးကျောင်းကြီးအတွင်း၌ ကျင်းပခြင်းဖြစ်၏။ ပြင်သစ် ဗိသုကာပညာ ရှင်တို့၏ ထူးခြားပြောင်မြောက်သည့် လက်ရာမွန်များကို မြင်ကြရသည်။ ကျွန်တော်တို့သည် ထိုမှတစ်ဆင့် ပန်းခြံတစ်ဘက်ရှိ နာမည်ကြီး လာဗီလီး စားသောက်ဆိုင်၌ နေ့လယ်စာစားကြသည်။ ထို့နောက် တောင်စူးစူးသို့ ခရီး ဆက်သည်။ အလွိုက်စ်နှင့် တိုးစ်မြို့များကို ကျော်ဖြတ်ခဲ့ကြသည်။ ပြင်သစ် နိုင်ငံ၏ အရက်ကောင်းများထွက်ရာ အန်ဂါမြို့၌ ညအိပ်သည်။ ဟိုတယ် ဒီ အန်ဂျောင်း၌ ညစာစားရသည်မှာ အရသာရှိလှပါဘိခြင်း။

နောက်တစ်နေ့မနက်တွင် ကျွန်တော်တို့ တောင်အရပ်သို့ ခရီးဆက် ကြပြန်သည်။ ချောတီးရော့စ်နှင့် ကလာမောင့်၊ ဖာရင်းမြို့များကို ဖြတ်၍ ရှုခင်းအလှများ ပေါများရာ အော်ဗန်းနယ်အတွင်းသို့ ဝင်ခဲ့သည်။ နေရာတိုင်း တွင် ပွင့်ဖူးနေကြသည့် ပန်းများ၊ ပန်းမျိုးစုံ ရောင်မျိုးစုံဖြစ်၍ ကတ္တီပါကော် ဇောကြီးတစ်ချပ် ခင်းထားသည့်နှယ်ရှိ၏။ ထို့နောက် ကာကတစ်ဆွန်နီမြို့။ လေးဘက်လေးတန် အုတ်တံတိုင်း ကာထားသည့် ရှေးမြို့ဟောင်းတစ်မြို့။ ထို့နောက် နေရောင်ဖြင့် တဝင်းဝင်း တလက်လက် တောက်ပနေသည့် မြေထဲ ပင်လယ်ရေပြင်။

ကျွန်တော်တို့ရထားသည့် မရောက်ဖူးသေးသော ဒေသများသို့ စိတ် တိုင်းကျ သွားလာနိုင်ခွင့်သည် ဆုံးနိုင်အံ့မထင်။ ကျွန်တော်သည် ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com


လောကနှင့် အဆက်ဖြတ်ထားသူဖြစ်၏။ ကျွန်တော့်အား အလွန်အရေးပါ အရာရောက်သည့် ပုဂ္ဂိုလ်ကြီးအဖြစ် ဆက်ဆံနေသူများကိုလည်း မတွေ့ရ။ နောက်ဆံငင် စရာ လူနာဟူ၍လည်း တစ်ယောက်မှမရှိ။ နာရီပိုင်းနှင့်အမျှ ကလင်–ကလင် ခေါ် ခေါ်နေတတ်သည့် တယ်လီဖုန်းသံများလည်း မကြားရ။ ညကြီးမင်းကြီး အိမ်ရှေ့မှ ခေါင်းလောင်းကြိုးဆွဲပြီး နှိုးမည့်လူလည်း ပေါ်မလာ။

ယင်းအဖြစ်မျိုးနှင့် ကြုံရမည့်အစား ကျွန်တော်တို့သည် စပိန်နိုင်ငံ ၏ အလှတွင် သာယာကြည်နူးနေကြသည်။ စိုပြည်စိမ်းလန်းသော တောင်တန်း ကြီးများကို ကြည့်၍ ရင်သပ်ရှုမော အံ့ဩနေကြသည်။ ဟန်ဂေရီနိုင်ငံ ဘူဒါပက်စ်မြို့တော်တွင်းမှ ဂျစ်ပစီတေးဂီတတွင် ရှာန်ဝင်နေကြသည်။

ဤခရီးများတစ်လျှောက်တွင် ပျင်းရိစရာ ငြီးငွေ့စရာဟူ၍ ဘာမှ မရှိပါ။ ခရီးသွားခြင်းသည် စာပေသမားတစ်ယောက်အတွက် အားသစ် လောင်းခြင်းဖြစ်သည်။ စာရေးဆရာသည် သူ့စိတ်သူ အားသစ်လောင်းပေးဖို့ လိုပါသည်။ ယင်းလိုအပ်ချက်အတွက် ပတ်ဝန်းကျင်အမြင်သည် မကြာခဏ ပြောင်းလဲပေးရန်လည်း လိုအပ်ပါသည်။ သူကြိုက်သည့်အချိန် သူကြိုက်သော နေရာ၌ စာရေးခွင့်ရရန်မှ သူရသင့်ရထိုက် ခံစားသင့် ခံစားထိုက်သည့် အခွင့်အရေးတစ် ခုဖြစ်ပါသည်။ ကျွန်တော်သည် လက်နှိပ်စက်သုံးသူမဟုတ်။ အိတ်ထဲတွင် ဖောင်တိန်ပါလျှင် ဘယ်နေရာရောက်ရောက် ရေးချင်စိတ်ရှိလျှင် ရေးလို့ရပါ သည်။

ကျွန်တော်ထွက်ခဲ့သည့် ခရီးလမ်းတစ်လျှောက်လုံး ကျွန်တော်သည် နောင်အနာဂတ်ကာလတွင် ရေးမည့် စာအုပ်များအတွက် အခြေခံမှတ်စုများ အများအပြားထုတ်ဖြစ်ခဲ့သည်။ သွားရင်းလာရင်း ထူးခြားသော ဖြစ်ရပ်ကလေး များနှင့်လည်း မကြာခဏ ကြုံခဲ့ရသည်။ ကျွန်တော့်စိတ်ကို ဝမ်းနည်းကြေကွဲ အောင်၊ သို့မဟုတ် သာယာချမ်းမြေ့အောင် စွမ်းဆောင်နိုင်ခဲ့သည့် ဘဝ၏ ဆန်းကြယ်သောဖြစ်ရပ်များဟု ဆိုနိုင်ပါသည်။ ယင်းဖြစ်ရပ်များလည်း ဝတ္ထု ရေးဆရာ၏ သဘောထားအတွက် အခြေခံအားတစ်ခုဖြစ်ပါ၏။

ကျွန်တော် မှတ်မိနေသည့်ဖြစ်ရပ်တစ်ခုရှိသည်။ အီတလီနိုင်ငံသို့ ရောက်စဉ်ကဖြစ်၏။ သာယာကြည်လင်သော ဇွန်လမွန်းလွဲပိုင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့သည် အဲလ်ပ်တောင်ခြေလမ်းအတိုင်း မော်တော်ကားမောင်းလာခဲ့ကြသည်။ ဗာရိုနာမြို့အဝင် ဆင်ခြေဖုံးအရောက်တွင် ကျွန်တော်တို့အား လူငယ်လေးနှစ်ယောက်က လက်ပြ၍ တားသည်နှင့် ကြုံရသည်။ စတော်ဘယ်ရီသီး ဆီး၍ ရောင်းခြင်းဖြစ်၏။ နီရဲလတ်ဆတ်သော စတော်ဘယ်ရီသီးများလည်း စာချင်းစဖွယ် ရှိလှပါသည်။

'မဝယ်နဲ့'ဟု ကျွန်တော်တို့ ယာဉ်မောင်း လာဂီက ဟန့်သည်။ 'မြို့ထဲရောက်ရင် ဒီထက်အများကြီးကောင်းတာရနိုင်တယ်။ ပြီးတော့လဲ ဒီကောင်ပေါက်စလေးတွေက ...' လာဂီက သူငယ်နှစ်ယောက်၏ ပေရေစုတ်ပြတ်နေသော အဝတ်အစားများကိုကြည့်ပြီး သဘောမကျဟန်ဖြင့် ပခုံးများကို တွန့်သည်။

သူငယ်တစ်ယောက်သည် ပေါက်ပြဲနေသော ဂျာစီအင်္ကျီနှင့် ဒူးဆစ်အောက်နားများဖြတ်ထားသည့် ဘောင်းဘီရှည်ဝတ်ထားသည်။ ကျန်တစ်ယောက် သည် အလုပ်သမားများဝတ် ကျူနီအင်္ကျီကြီးဝတ်ထားသည်။ သူ၏ ပိန်လှီသေးကွေးလှသော ကိုယ်ခန္ဓာတွင် အင်္ကျီသည် ဖိုးရိုးဖားယားကျကာ ကြည့်မကောင်း ဖြစ်နေသည်။ သူတို့၏ အညိုရောင်အသား၊ ပွယောင်းရှုပ်ပွနေသော ဆံပင် နှင့် နက်မှောင်သော မျက်လုံးများသည် ကျွန်တော့်ဇနီးအား ဆွဲဆောင်ထားသည်။ ကျွန်တော့်ဇနီးက သူတို့အား စကားပြောသည်။ သူတို့နှစ်ယောက် ညီအစ်ကိုဖြစ်ကြောင်း သိရ၏။ အကြီးကောင် နစ်ကိုလေက အသက် (၁၃) နှစ်၊ ကားတံခါးအထိ ရောက်လာသော အငယ်ကောင် ဂျက်ကိုပိုက အသက် (၁၂) နှစ်နီးပါး ကျွန်တော်တို့က စတော်ဘယ်ရီခြင်းကြီးတစ်လုံး ဝယ်လိုက်ပြီး မြို့ဘက်သို့ ခရီးဆက်ခဲ့ကြပါသည်။

ဗာရိုနာသည် ချစ်စရာကောင်းသော မြို့တစ်မြို့ဖြစ်သည်။ သမိုင်းနောက်ခံရှိသောမြို့ဖြစ်၏။ အလယ်ခေတ်က ဖောက်ခဲ့သောလမ်းများ၊ ဆောက်ခဲ့သော အဆောက်အအုံအရောင်များသည် အဝါရောင်၊ ရိုမီယိုနှင့် ဂျူးလီးယက်တို့ ဤမြို့၌နေ၍ ဤမြို့၌ သေကြရသည်ဟူသော ကြေကွဲဖွယ်ရာ ဇာတ်လမ်းကြောင်းလည်း လူသိများပြီးကျော်ကြားသည်။

နောက်တစ်နေ့ နံနက် ကျွန်တော်တို့ ဟိုတယ်မှ ထွက်လာသည့်အခါ သေတ္တာဟောင်းများ ဘေး၌ချ၍ ဖိနပ်တိုက်နေသော သူငယ်နှစ်ယောက်နှင့်

www.burmeseclassic.com

www.burmeseclassic.com


ပန်းခြံထဲတွင် ဆုံမိကြသည်။ ယမန်နေ့ မွန်းလွဲပိုင်းက တွေ့ခဲ့သော ကျွန်တော်တို့ မိတ်ဆွေလေးများပင်ဖြစ်ပါသည်။

ကျွန်တော်တို့သည် တစ်ခဏမျှရပ်၍ ကြည့်နေမိသည်။ သာမန်အားဖြင့်ဆိုပါက ကျွန်တော်သည် ကိုယ့်လမ်းကိုယ်ဆက်သွားရန်သာရှိ၏။ သို့သော်လည်း စိတ်ထဲက အထူးအဆန်းဟုထင်လျှင် ကြည့်ချင်၊ သိချင်၊ စူးစမ်းချင်တတ်သော ညာဉ်အရ သူတို့နား၌ ဖိနပ်အတိုက်ခံမည့် လူမရှိသည်နှင့် တပြိုင်နက် ကျွန်တော်က သူတို့အား လက်ပြ၍ နှုတ်ဆက်မိသည်။ သူတို့ကလည်း ခင်မင်ရင်းနှီးသော မျက်နှာထားဖြင့် ပြန်၍ နှုတ်ဆက်ကြပါသည်။

'ငါက မင်းတို့ကို စတော်ဘယ်ရီသီးခူးရောင်းတဲ့ အလုပ်တစ်မျိုးပဲလုပ်တယ်လို့ထင်တာ' ဟု ကျွန်တော်က ပြောသည်။

'ကျွန်တော်တို့ အလုပ်မျိုးစုံလုပ်ပါတယ်ခင်ဗျား' ဟု နစ်ကိုလေက ဖြေသည်။ သူသည် ကျွန်တော်တို့အား မျှော်လင့်ထားနေဟန်ဖြင့် တစ်ချက်မျှ စိုက်ကြည့်သည်။ 'အလည်လာတဲ့ ခရီးသည်တွေကိုလဲ မြို့ထဲကို လိုက်ပြပါတယ်။ ဂျူးလီးယက်ဂူတို့ ဘာတို့ပေါ့။ စိတ်ဝင်စားဖို့ ကောင်းတဲ့နေရာမှန်သမျှကို လိုက်ပို့ပေးတာပါ'

ကျွန်တော် ပြုံးမိသည်။ 'အေးကောင်းတာပေါ့၊ မင်း ငါတို့ကို လိုက်ပြပေးပါလား'

သူတို့နှင့်အတူ မြို့ထဲလှည့်လည်သွားလာကြသည့်အခါ သူတို့၏ ထူးခြားသော ပြုမူပြောဆိုနေထိုင်ပုံများသည် ကျွန်တော့်စိတ်ကို ပို၍ စိတ်ဝင်စားအောင် တွန်းအားပေးနေကြသည်။ သူတို့သည် ကလေးများဖြစ်သဖြင့် ကလေးဆန်သည်။ ပရိယာယ်မရှိ။ အရိုးခံသဘောရှိသည်။ ဖြူဖတ်ဖြူရော်နိုင်လွန်းလှသော နှုတ်ခမ်းများပိုင်ရှင် ဂျက်ကိုပိုသည် သွက်လက်လွန်းသဖြင့် ရှဉ့်ကလေးတစ်ကောင်နှင့်တူလှ၏။ နစ်ကိုလေကတော့ ပြုံးပြုံးပြုံးပြုံးနှင့် ချစ်စရာကောင်းသည်။ ဤလူငယ်နှစ်ယောက်စလုံး ကလေးစိတ်မပျောက်သေးသော်လည်း လူတစ်ယောက်က လေးစားလောက်အောင် တည်ငြိမ်သော အနေအထားမျိုးရှိကြသည်။ သူတို့အသက်နှင့်မလိုက်အောင် ကြီးမားသော ရည်မှန်းချက်လည်းရှိပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုနေ့မှစ၍ နောက်တစ်ပတ်အတွင်း ကျွန်တော်တို့သည် သူတို့ညီအစ်ကိုနှင့် မကြာခဏဆုံမိသည်။ သူတို့သည် ကျွန်တော်တို့အတွက် များစွာ အသုံးဝင်နေသည်မဟုတ်ပါလား။ ကျွန်တော်တို့က ဗာဂျီးနီးယား စီးကရက် လိုချင်သည် သို့မဟုတ် သွားတိုက်ဆေး ကောင်းကောင်းလိုချင်သည်။ သို့မဟုတ် အော်ပရာဇာတ်ရုံ၌ နေရာကောင်းကောင်းလိုချင်သည်။ သို့မဟုတ် အစား အသောက်ကောင်းသည့် စားသောက်ဆိုင်ကောင်းကောင်းသန့်သန့်သို့ သွား လိုသည်ဆိုလျှင် နစ်ကိုလေနှင့် ဂျက်ကိုပိုတို့က ကျွန်တော်တို့ အလိုကျဖြစ် အောင် ကူညီနိုင်ကြလေသည်။

သူတို့နှစ်ယောက်တွင် ခင်စရာ အကောင်းဆုံးအရည်အသွေးတစ်ခု ရှိသည်။ ယင်းမှာ အလုပ်လုပ်ရာ၌ မလျှော့သော ဇွဲ လုံ့လရှိခြင်းပေတည်း။ အခုလို နွေရာသီတွင် နေ့များသည် နေအပူရှိန်ပြင်းလွန်းသဖြင့် ပူလှချေသည်။ အလွန်ညတာရှည်သည့် ညများကျတော့လည်း တောင်တန်းများပေါ်မှ တိုက် ခတ်လာသောလေကြောင့် အဆမတန်အေးလှချေသည်။ မည်မျှပင်ပူပူ မည်မျှ ပင် အေးအေး သူတို့သည် ဖိနပ်တိုက်သည်။ သစ်သီးရောင်းသည်။ သတင်း စာရောင်းသည်။ ခရီးသည်များအား လိုက်ပို့သည်။ လက်တိုလက်တောင်း ခိုင်းသမျှလုပ်ပေးသည်။ စီးပွားရေးကျပ်တည်းမှုဒဏ်ခံနေရသော မြို့တွင်း လမ်းကြိုလမ်းကြားများသည်လည်း သူတို့အတွက် လွတ်လွတ်လပ်လပ်ဝင်ငွေ ရှာရာ နေရာများပင်ဖြစ်နေသည်။

တစ်ညတွင် ကျွန်တော်တို့သည် သူတို့နှင့် ပန်းခြံအနီး လမ်းဘေးပလက်ဖောင်း ပေါ် လမ်းမီးတိုင်အောက်၌ ထိုင်နေကြသော သူတို့ညီအစ်ကိုနှင့် ဆုံမိသည်။ လေကလည်းထန်သည်။ လမ်းများပေါ်တွင် လူသူလေးပါးမရှိ။ နက်ကိုလေက ထိုင်လျက်။ သူ့မျက်နှာတွင်ပင်ပန်းထားသည့် အရိပ်အငွေ့များ ထင်ဟပ်နေ သည်။ သူ့ခြေရင်းတွင် ရောင်းမကုန်သေးသော သတင်းစာတစ်ထုပ် ချထား သည်။ ဂျက်ကိုပိုသည် သူ့အစ်ကို ပခုံးတွင် ခေါင်းမှီ၍ အိပ်မောကျလျက်ရှိ သည်။ အချိန်က သန်းခေါင်ဦးနေလေပြီ။

'မင်းတို့အပြင်မှာ ဘာပြုလို့ ဒီလောက်ညဥ့်နက်အောင် နေကြတာ လဲ နစ်ကိုလေ'

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်အသံကြောင့် နစ်ကိုလေသည် ငိုက်နေရာမှ လန့်ဖျတ်သွားပုံပေါ်သည်။ သူသည် ကျွန်တော့်အာ စိုက်ကြည့်နေသည်။

'ပါဒူအာက လာမယ့် နောက်ဆုံးဘတ်စ်ကားကို စောင့်နေကြတာ၊ ဘတ်စ်ကားဝင်လာရင် သတင်းစာ ရောင်းမလို့'

'မင်းတို့အကြာကြီး စောင့်ရမှာပေါ့။ မင်းတို့ကြည့်ရတာ သိပ်ပင်ပန်းနေပြီ'

'ကိစ္စမရှိပါဘူး ခင်ဗျား'

သူ့အသံသည် အေးဆေးသိမ်မွေ့လှ၏။ နောက်ထပ် ဆက်မေးစရာမရှိတော့သလောက် ဖြစ်သွားသည်။ နောက်တစ်နေ့ မနက်တွင် ကျွန်တော်တို့ ဖိနပ်တိုက်ရန် သူတို့ဆီရောက်သွားသည်။ ထိုအခါ ကျွန်တော်က စပ်စုမိပြန်ပါသည်။

'မင်းနဲ့ ဂျက်ကိုပိုဟာ၊ သိပ်အလုပ်လုပ်တာပဲ၊ မင်းတို့ငွေ တော်တော်ရမှာပဲ။ မင်းတို့ကြည့်ရတာ အဝတ်အစားလဲ ဝယ်ပုံမပေါ်ဘူး။ စားတော့လဲ နည်းနည်းပဲ ကုန်တယ်။ ငါတွေ့ရသလောက်တော့ ပေါင်မုန့်ကလွဲပြီး တခြားဘာမှ မစားကြဘူး။ ငါ့ကိုပြောပြနိုင်ရင် ပြောပြစမ်း။ မင်းတို့ရတဲ့ငွေတွေ ဘာလုပ်ပစ်ကြသလဲ'

သူ့မျက်နှာသည် နီရဲသွားသည်။ ထို့နောက်ပြန်၍ ဖြူရော်ရော်ဖြစ်သွားသည်။ သူ့အကြည့်ကို မြေပြင်ပေါ် စူးစိုက်ထားသည်။

'ကောလိပ်ကျောင်းတက်ဖို့ ငွေစုနေသလား' ဟု ကျွန်တော်က စကားလမ်းခင်းပေးသည်။

'ကျွန်တော်တို့ ပညာသိပ်သင်ချင်ပါတယ်ခင်ဗျာ၊ ဒါပေမယ့် အခုလောလောဆယ်တော့ တခြားအစီအစဉ်တွေ ရှိနေပါတယ်'

'ဘာအစီအစဉ်တွေလဲကွာ'

သူက ပြုံးသည်။'အစီအစဉ်တွေရှိနေတာပါပဲခင်ဗျာ' ဟု တိုးတိုးဖြေသည်။

'အင်း... ငါတို့ တနင်္လာနေ့ကျရင် ပြန်တော့မယ်။ ငါတို့ပြန်တော့မယ်၊ ငါတို့ မပြန်ခင် မင်းတို့အတွက် ငါဘာလုပ်ပေးရမလဲ။ လုပ်ပေးစေချင်တာရှိရင် ငါ့ကိုပြောပေါ့'

www.burmeseclassic.com

www.burmeseclassic.com


နီကိုလေက ပထမတော့ ခေါင်းခါသည်။ နောက်တော့ စိတ်အား ထက်သန်စွာဖြင့်ပြောသည်။

'တနင်္ဂနွေနေ့တိုင်း ကျွန်တော်တို့ တောပိုင်းက ပိုလက်တာရွာကို သွားလည်ပါတယ်ခင်ဗျာ၊ ဒီကနေ ကီလိုမီတာ (၃၀) ဝေးပါတယ်။ ကျွန်တော်တို့ စက်ဘီးငှားပြီး သွားကြတာပါ။ ဒါပေမယ့် မနက်ကျရင်တော့ ခင်ဗျားကားနဲ့ လိုက်ပို့ပေးမလား'

ဤတနင်္ဂနွေနေ့တွင် နားရက်ယူဖို့ ယာဉ်မောင်းလာဂီအား ပြောထားပြီးနေပြီ။ သို့သော်လည်း ကျွန်တော့်စိတ်တွင် အထူးအဆန်းတစ်ခုလိုဖြစ်နေသဖြင့် 'အေး .. ငါကိုယ်တိုင် မောင်းပို့ပေးမယ်' ဟု ဖြေလိုက်မိသည်။

တစ်ခဏမျှ ငြိမ်နေသည်။ နစ်ကိုလေက သူ့ညီအား ဝေခွဲမရသည့် မျက်နှာထားဖြင့်ငုံ့ကြည့်သည်။

'ကျွန်တော်တို့ ဒုက္ခပေးသလိုဖြစ်နေမလားခင်ဗျာ'

'ဖြစ်ပါဘူးကွာ'

သူသည် နှုတ်ခမ်းကိုကိုက်ပြီး ငြိမ်နေရာမှ စိတ်လက်ပေါ့ပါးသွားဟန်ဖြင့်ပြန်ပြောသည်။

'ကောင်းပါပြီခင်ဗျာ'

နောက်နေ့မွန်းလွဲပိုင်းတွင် ကျွန်တော်တို့သည် တောင်နံရံတစ်ခုပေါ်၌ တည်ရှိနေသော ရွာလေးတစ်ရွာဆီသို့ ကားဖြင့်လာခဲ့သည်။ သစ်အယ်ပင်တောအုပ်က ရွာကိုဖုံးကွယ်ထားသည်။ အမြင့်ပိုင်း ဆင်ခြေလျောတွင် ထင်းရှူးပင်အနည်းငယ်ရှိ၍ အောက်ခြေတွင် ရေကန်လေးတစ်ကန်ရှိသည်။ သာယာလှပသည့် ရွာလေးတစ်ရွာဖြစ်ပါ၏။ ကျွန်တော်တို့၏ ခရီးလမ်းဆုံးသည် ဤရွာထဲမှ အိမ်တစ်အိမ်ဖြစ်လိမ့်မည်ဟု ကျွန်တော်တွေးထားသည်။ သို့သော်လည်း ဂျက်ကိုပို၏ လမ်းညွှန်မှုအရ ကျွန်တော်တို့သည် ကျောက်တုံးနံရံကာထားသည်။ ခေါင်းမိုးနီနီ အဆောက်အအုံကြီးဆီသို့ ရောက်သွားသဖြင့် ကိုယ့်မျက်စိကိုယ်ပင် မယုံကြည်နိုင်အောင်ဖြစ်ရသည်။ ကျွန်တော်က ဘာမှမမေးလိုက်နိုင်မီ ကျွန်တော့်ခရီးသည်နှစ်ဦးသည်ကားပေါ်မှ ပြေးဆင်းသွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com


'ကျွန်တော်တို့ သိပ်မကြာပါဘူးခင်ဗျာ၊ ကြာရင်လဲ တစ်နာရီလောက်ပါ။ ရွာထဲက ဆိုင်မှာ အအေးတို့ ဘာတို့ သောက်ချင်ရင် ရပါတယ်'

သူတို့သည် ကျောက်တုံးနံရံထောင့်တစ်ထောင့်တွင် ပျောက်ကွယ်သွားကြပါသည်။

မိနစ်အနည်းငယ်မျှအကြာတွင် ကျွန်တော်လိုက်သွားသည်။ ဘေးဘက်တွင်ဝင်ပေါက်တွေ့သဖြင့် ခေါင်းလောင်းကြိုးကို ဆွဲလိုက်ပါသည်။

အသားနီစပ်စပ်၊ မျက်မှန်နှင့် သဘောကောင်းပုံရသည့် အမျိုးသမီးတစ်ယောက် ထွက်လာသည်။ အဖြူရောင် သူနာပြုဆရာမ ဝတ်စုံဖြင့်ဖြစ်သည်။

'ကျွန်တော် အခုပဲ သူငယ်လေးနှစ်ယောက်လာပို့တာ'

'သြော် ... ဟုတ်တယ်' သူ့မျက်နှာသည် လင်းကနဲဖြစ်သွားသည်။ ချက်ချင်း ကျွန်တော် ဝင်သာအောင် တံခါးကို ဖွင့်ပေးသည်။ 'နီကိုလေနဲ့ ဂျက်ကိုပိုလား၊ ကျွန်မ သူတို့ဆီ လိုက်ပို့ပေးပါ့မယ်'

သူသည် ကျွန်တော့်အား ရှေ့မျက်နှာစာ ဆင်ဝင်မှ ဖြတ်၍ ဆေးရုံအတွင်းဘက်သို့ ခေါ်သွားသည်။ ထိုမှတစ်ဆင့် ဖယောင်းတိုက်ထားသဖြင့် တလက်လက်တောက်ပနေသော စင်္ကြံလမ်းအတိုင်း လျှောက်သွားကာ အပေါ် ထပ်သို့တက်သည်။ ပန်းခြံနှင့်ရေကန်ကို မျက်နှာပြုထားသော တောင်ဘက် ခြမ်းလသာဆောင်ရှိ အိပ်ခန်းလေး တစ်ခန်းရှေ့အရောက်တွင် ဆရာမက ရပ်ထားလိုက်သည်။ ကျွန်တော့်အား အသံမပြုဖို့ အချက်ပြကာ မှန်ပြတင်းမှ အတွင်းဘက်သို့ လက်ဟန်ခြေဟန်ဖြင့်ခေါ်သည်။

သူငယ်နှစ်ယောက်သည် အသက်နှစ်ဆယ်ခန့်ရှိ မိန်းမပျိုက ခေါင်းအုံးများပေါ်မှီကာ သူငယ်တို့အား ပြောဆိုနေသမျှကို နားထောင်လျက်ရှိ၏။ သူ့မျက်လုံးများသည် သိမ်မွေ့နူးညံ့လှ၏။ တစ်ချက်မျှ ကြည့်ရုံဖြင့် မိန်းမပျို၏ မျက်နှာသည် သူငယ်နှစ်ယောက်နှင့်ဆင်သည်ကို သတိပြုမိနိုင်ပါသည်။ သူ့ဘေးမှ စားပွဲပေါ်တွင် ပန်းအိုးတစ်လုံး၊ သစ်သီးတစ်ပန်းကန်နှင့် စာအုပ်များရှိသည်။

'ရှင် အထဲမဝင်တော့ဘူးလား' ဟု ဆရာမကမေးသည်။

www.burmeseclassic.com

www.burmeseclassic.com


'ရှင့်ကိုတွေ့ရင် လူစီယာကတော့ ဝမ်းသာရှာလိမ့်မယ်'

ကျွန်တော်က ခေါင်းခါပြပြီး ပြန်လှည့်ထွက်ခဲ့သည်။ မောင်နှမသုံးယောက်၏ ပျော်ရွှင်ချမ်းမြေ့မှုသည် ကျွန်တော့်ကြောင့် မပျက်စီးသင့်ဟု ထင်ပါသည်။ သို့သော်လည်း အောက်ထပ် ပြန်ရောက်သည့်အခါ သူငယ်နှစ်ယောက်နှင့် ပတ်သက်၍ သူသိသမျှ ပြောပြရန် ဆရာမအား မေတ္တာရပ်ခံမိသည်။

ဆရာမကိုယ်တိုင်ကလည်း စိတ်ပါလက်ပါ ပြောပြသည်။ သူငယ်နှစ်ယောက်သည် ဤကမ္ဘာလောကထဲ၌ သနားစရာကောင်းလောက်အောင် အထီးကျန်နိုင်နေသူများဖြစ်ပါသည်ဟု ဆရာမကဆိုသည်။ သူတို့တွင် ဤအစ်မ လူစီယာမှတစ်ပါး အခြားအပေါင်းအဖော် ဆွေမျိုးသားချင်းဟူ၍ တစ်ယောက် မှ မရှိ။ သူတို့ဖခင် မုဆိုးဖိုသည် လာစကာလာ ဇာတ်ရုံတွင် နာမည်ကြီး အဆိုတော်တစ်ဦးဖြစ်သည်။ တစ်ညသန်းခေါင်ချိန်တွင် ဂရင်းကော်နီချီလမ်း ပေါ်၌ ကားတိုက်၍ သေဆုံးသွားခဲ့၏။

အမြော်အမြင်နည်းသူတစ်ဦးဖြစ်သည့်အားလျော်စွာ လစာကို မရခင်ကတည်းက ကြိုတင်၍ သုံးဖြုန်းပစ်တတ်သူဖြစ်၏။ ထို့ကြောင့်လည်း သူသေသောအခါ အမွေဟူ၍ ဘာပစ္စည်းမှ မကျန်ခဲ့။ အကြွေးများသာလျှင် တစ်ပုံတပင်ကြီးကျန်ခဲ့၏။ ရှိသမျှ ကြွေးများကို အိမ်ရောင်းပြီး ဆပ်လိုက်ရ သဖြင့် ကလေးသုံးယောက်စလုံး နေထိုင်စရာမရှိဖြစ်ကာ လမ်းပေါ်ရောက်သွား ခဲ့ကြသည်။ သူတို့သည် အဆင့်မြင့်မြင့်နှင့် ယဉ်ကျေးသိမ်မွေ့စွာနေတတ်သူ များဖြစ်၏။ လူစီယာကိုယ်တိုင်က အဆိုတော်တစ်ဦးဖြစ်လာရန် လေ့ကျင့်သင်ကြားထားသူဖြစ်သည်။ အခုလိုအဖြစ်မျိုးနှင့် ရင်ဆိုင်ရသည့်အခါ ကလေးများသည် ငတ်လုနီးပါးဖြစ်ခဲ့မှုမက ဗားဂျီးနာမြို့၏ ပြင်းထန်သော ဆောင်းဥတုဒဏ်ကို အလူးအလိမ့်ခံခဲ့ကြရရှာလေသည်။

သူတို့သည် ရရာပစ္စည်းများဖြင့် မြစ်ဆိပ်ကမ်းအနီး၌ တဲကလေးတစ်လုံးထိုး၍ ဖြစ်သလိုနေခဲ့ကြသည်။ ကလေးများပင် ဖြစ်သော်လည်း မာန်မာနကတော့ ရှိကြ၏။ မည်သူ့ဆီကမှ အကူအညီတောင်းခံခြင်းမပြု။ သူတို့ချင်း ချစ်ခင်ကြသည်။ မြတ်နိုးတွယ်တာကြသည်။ သူတို့ဘာသာ သူတို့

www.burmeseclassic.com

www.burmeseclassic.com


ကိုယ့်အား ကိုယ်ကိုး၍ အသက်ရှင်အောင် နေကြမည်ဟူသော ဆုံးဖြတ်ချက်လည်း ရှိကြသည်။ အထူးသဖြင့် အသက် အလွန်ငယ်သေးသော ကိုယ်ခန္ဓာသေးသေး လှီလှီ သူငယ်နှစ်ယောက်သည် ဆင်းရဲခြင်းဒဏ်ကို ကြံ့ကြံ့ခံကြသည်။ ဆင်း ရဲခြင်းတည်းဟူသော ဒုက္ခကို သတ္တိရှိရှိနှင့် ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကြသည်။

ဆရာမသည် စကားကိုဖြတ်၍ ခေတ္တမျှ ရပ်နေသည်။ ထို့နောက် စောစောကထက် ကြီးမားသော ခံစားမှုဖြင့် ဆက်ပြောသည်။

'ဒီကလေးနှစ်ယောက် ဘယ်လောက်တော်တယ်ဆိုတာ ကျွန်မဖြင့် ပြောမပြတတ်လောက်အောင်ပါပဲ။ သူတို့ခမြာမှာသူတို့ခြေထောက်ပေါ် သူတို့ဘာသာသူတို့ ရပ်နိုင်တဲ့အခြေအနေလဲရောက်ရော အစ်မလုပ်တဲ့လူ နေမကောင်း ဖြစ်တာပဲ၊ ရောဂါက ကျောရိုးတီဘီဆိုတော့ ဆိုးတာပေါ့'

ဆရာမက ခဏမျှ ရပ်နေပြန်သည်။

'အဲ့သလိုဖြစ်လို့ သူတို့ အရှုံးပေးသလားလို့ မေးစရာရှိတယ်။ အရှုံးမပေးဘူး ... ရှင့်။ သူတို့အစ်မကို ဆေးရုံလာပို့တယ်။ ကျွန်မတို့ကို လက်ခံပြီး ကုပေးဖို့ပြောတယ်။ အခုဆိုရင် အစ်မလုပ်တဲ့လူ ဆေးရုံရောက်တာ ဆယ့် နှစ်လရှိသွားပြီ။ အခြေအနေက တိုးတက်လာပါတယ်။ တစ်နေ့ကျရင် သူ လမ်းပြန်လျှောက်နိုင်လိမ့်မယ်၊ သီချင်းပြန်ဆိုနိုင်လိမ့်မယ်လို့ မျှော်လင့်ရပါတယ်'

'အခုဆို စားဝတ်နေရေးက တစ်နေ့ထက်တစ်နေ့ ခက်ခဲကျပ်တည်းလာတယ်။ အားလုံးရှားနေတာပဲ၊ အစားအစာကလဲရှား၊ ဈေးတွေကလဲ ကြီးဆိုတော့ ကျွန်မတို့ ဆေးရုံကလဲ ကုသခမယူလို့ မဖြစ်ဘူး၊ ဒါပေမယ့် လူစီယာရဲ့ မောင်လေးနှစ်ယောက်က တော်ရှာပါတယ်။ အပတ်တိုင်း သူ့အစ်မအတွက် ဆေးဖိုးဝါးခ လာပေးကြတယ်။ သူတို့ ဘာအလုပ်လုပ်တယ်ဆိုတာကတော့ ကျွန်မလဲ မသိဘူး။ မေးလဲ မမေးပါဘူး။ ဗာရီးနားမြို့မှာက အလုပ်ကလဲ အင်မတန်ရှားတယ်။ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ ဒီကလေးနှစ်ယောက်က သူတို့ပေးစရာရှိတာတော့ လာပေးနေကြတာပါပဲ'

'ဟုတ်ပါတယ်' ဟု ကျွန်တော်က အလိုက်သင့်ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com


'ဒါပေမယ့် အခြေအနေကို ပိုပြီးကောင်းလာအောင်တော့ မလုပ်နိုင်ကြရှာဘူးပေါ့'

ကျွန်တော်သည် သူငယ်နှစ်ယောက်ပြန်ထွက်လာချိန်အထိ အပြင်မှစောင့်သည်။ ထို့နောက် မြို့ထဲသို့ ပြန်ခေါ်ခဲ့ပါသည်။ နှစ်ယောက်စလုံး ကျွန်တော့်ဘေး၌ ထိုင်နေကြသည်။ အစ်မနှင့် တွေ့ခဲ့ရသဖြင့် ကျေနပ်နှစ်သိမ့်နေသည့် သဘောရှိသည်။ ကျွန်တော်ကလည်း ဘာတစ်ခွန်းမှ မပြောပါ။ သူတို့သည် သူတို့၏ လျှို့ဝှက်ချက်ကလေးကို သူတို့ရင်ထဲမှာပင် သိမ်းဆည်းထားချင်ကြပုံ ပေါ်ပါသည်။ သို့တစေလည်း သူတို့အား အကူအညီတစ်ခုတော့ပေးသင့်သည်ဟု ဆုံးဖြတ်ထားပါသည်။

နောက်တစ်နေ့နံနက် ကျွန်တော်တို့ ဗင်းနစ်မြို့သို့ မထွက်ခွာမီ ကျွန်တော်သည် ဗိုလက်တာရှာဆေးရုံသို့ စာအိတ်တစ်လုံး ပို့ထားခဲ့သည်။ သူတို့နှစ်ယောက် ဆေးရုံသို့ နောက်တစ်ခေါက်လာသည့်အခါ ထိုစာအိတ်ကို သူတို့လက်ထဲ ထည့်လိုက်ပါဟုလည်း မှာခဲ့သည်။ စာအိတ်ပေါ်တွင်လည်း ရိုးရိုးရှင်းရှင်းရှိလှသော စာလေးတစ်ကြောင်း၊ အောက်ပါအတိုင်း ရေးထားခဲ့သည်။

**'ဗာရီးနားမြို့မှ လူကြီးလူကောင်းနှစ်ယောက်အတွက်'**

* * * * *

[ ၃၄ ]

ကျွန်တော့်အနေဖြင့်ယခင်ယခင်က ကမ္ဘာကြီး၏အလှကို ဤမျှ လောက်ပြတ်ပြတ်ထင်ထင် မမြင်ခဲ့ဘူးပါ။ လူ့ဘဝတွင် သာယာကြည်နူးဖွယ်ကောင်းသည့်အလားတူများ အများအပြား ရှိနေသေးသည်ကိုလည်း ယခင်ယခင်က မကြုံခဲ့ဖူးသေးပါ။ အခုမှပင် မြင်ရတွေ့ရကြုံနေရခြင်း ဖြစ်ပါသည်။ ဤကြားထဲမှပင် ချစ်မြတ်နိုးစရာကောင်းပြီး သံစဉ်ချောမွေ့ပြေပြစ်နေသည့် သီချင်းတစ်ပုဒ်ထဲမှ အသံမညီမှုတစ်ခုကို ကြားနေရသည့်နှယ်၊ ဥရောပတိုက်၏

www.burmeseclassic.com

www.burmeseclassic.com


နေရာတိုင်းလိုလို၌ မှန်းတီးမှုနှင့်ထိတ်လန့်ကြောက်ရွံ့မှုများ တည်ရှိနေသည်ကို သိနေရပါသည်။

တိတ်ဆိတ်နေသော ဘာဗေးရီးယား တောင်ကြားလွင်ပြင်အတွင်းမှ စစ်သားများ၏ ချီတက်သံများနှင့် အမြောက်ပစ်လေ့ကျင့်သံများ ကြားနေရပါသည်။ ဆီလက်စီယာမြို့ရှိ စက်ရုံကြီးများအတွင်းမှ လက်နက်တင် ယာဉ်ကြီးများ တစ်စီးပြီးတစ်စီး ထွက်သွားနေသည်ကို ကျွန်တော်တို့မြင်နေကြရပါသည်။ မြူးနစ်မြို့သည် အလံတွေ တလူလူလွင့်ထူကာ အရှုပ်အမှုး ဖြစ်နေကြပါသည်။ မြို့တော်အားလုံးထဲတွင် အသိမ်မွေ့ အနူးညံ့ဆုံးနှင့် ပျော်စရာ အကောင်းဆုံးဟု သတ်မှတ်ထားကြသော ဗီယင်နာမြို့တွင်မူ အော်ပရာပြဇာတ်များ ဆက် လက်ပြသလျက်ရှိသည်။ စိန့်စတီဖင် ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းများ ကိုလည်း အဆက်မပြတ် ထိုးနေကြဆဲပင် ဖြစ်သည်။ သို့သော်လည်း စိုးရိမ် ထိတ်လန့်ဖွယ်ရာ ကောင်းပြီး ကံကြမ္မာကိုသာ ရိုးမယ်ဖွဲ့၍ ရင်ဆိုင်ရတော့ မည့် အရာတစ်ခု ပေါ်ပေါက်လာတော့မည်ဟူ၍ကား စိတ်ထဲက သိနေကြ ၏။

တကယ်တော့လည်း ထိုအရာသည် ကြောက်မက်ဖွယ်ရာများကို သယ်ဆောင်၍ လာနေပြီဖြစ်၏။ ထိုအရာသည်ကား တခြားမဟုတ်။ လူသားသန်းပေါင်းများစွာအား သေကြေပျက်စီးစေမည့် 'စစ်' ပေတည်း။ အမှန်တော့ လူသားများသည် ဤပွဲမျိုးတွင် ပါဝင်ဆင်နွှဲလိုစိတ်မရှိကြ။ သို့သော်လည်း ဤပွဲကို မဖြစ်ပွားအောင် တားဆီးနိုင်သည့် တန်ခိုးအာဏာကလည်း သူတို့၌ မရှိကြ။ ဘာကြောင့်များ ထိုကဲ့သို့ ဖြစ်နေပါ သနည်း။

၁၉၃၈ ခုနှစ် ဆောင်းရာသီတွင် ကျွန်တော်တို့သည် ဆွစ်ဇာလန်နိုင်ငံ အေရိုဆာရွာကလေး၌ ရှလေးခေါ် သစ်သားအိမ်ကလေးတစ်လုံးငှား၍ နေထိုင်ခဲ့ကြသည်။ ဘီချူဂျင်းတောင်တန်း ဆင်ခြေလျှောအမြင့်ပေ ခုနစ်ထောင်ကျော်၌ တည်နေသော ရွာဖြစ်ပါသည်။ လှပခန့်ညားပြီး ကျက်သရေရှိလှသည့် တောင်ထိပ်ဖြူဖြူများသည် မနက်နေထွက်ချိန်တွင် နီမြန်းသော အဆင်းကို ဆောင်လျက်ရှိကြ၏။ မြင်းဆွဲ စွတ်ဖားလှည်းများဆီမှ ခြူသံများသည်

www.burmeseclassic.com

www.burmeseclassic.com


ပတ်ဝန်းကျင်တွင် ပဲ့တင်ထပ်နေသည်။ ယင်းအချိန်မျိုးတွင် ရွာထဲရှိ ကဖီးဆိုင်များ၌ ထိုင်၍ ကော်ဖီပူပူသောက်ကြရသည်မှာ အရသာရှိလှပါ၏။

ကျွန်တော်တို့အဖို့တော့ ကောက်ရိုးအပြည့်ခင်းထားသော သစ်သားနွားတင်းကုပ်များဆီမှ ထွက်လာနေသည့် နို့စားနွားမများ၏ အနံ့ကိုရှူရိုက်နေရခြင်း၊ ဆွစ်အစားအစာများကို စား၍အရသာ ခံနေရခြင်းနှင့် လတ်လတ်ဆတ်ဆတ် ကျထားသော ဆီးနှင်းပြင်ပေါ် လျှောက်သွားနေခြင်း စသည်တို့သည်လည်း ထူးခြားဆန်းသစ်သော အတွေ့အကြုံများပင် ဖြစ်ပါသည်။ တစ်နေကုန် တစ်နေခန်း ရေခဲပြင်ပေါ် လျှောစီးထားသဖြင့် ပင်ပန်းနွမ်းနယ်ခဲ့သမျှ ညပိုင်းကျမှပင် အတိုးချ၍ အပန်းဖြေကြရ၏။

ရွာထဲရှိအိမ်များသည် တစ်အိမ်ပြီးတစ်အိမ် မီးပိတ်ပိတ်သွားကြသည်ကို မြင်နေရသည်။ ကောင်းကင်ထက်တွင် တလက်လက် တောက်ပနေသော ကြယ်များနှင့် အေးမြသော လ။ လရောင်သည် ဖွေးဖွေးလှုပ်နေသော နှင်းခဲ ပြင်ပေါ် လွှမ်းခြုံပက်ဖြန်းလျက်ရှိသည်။ ပြီးတော့ အတိုင်းအဆ မသိနိုင်လောက်အောင် ကြီးမားသည့် တိတ်ဆိတ်ငြိမ်သက်ခြင်း ....။

ကျွန်တော်တို့ သားနှစ်ယောက်အဖို့တော့ ရေခဲပြင်ပေါ် လျှောစီးခြင်းနှင့် စကိတ်စီးရခြင်းတို့ကြောင့် ပျော်မဆုံးမော်မဆုံး ဖြစ်နေကြသည်။ ကျွန်တော့်အဖို့ကတော့ ဤမျှလောက် သစ်လွင်လှပသည့် ပတ်ဝန်းကျင်၌ နေရသော်လည်း စိတ်ထဲတွင် ရွှင်လန်းချမ်းမြေ့ခြင်းမရှိ။ ကမ္ဘာ့အခြေအနေကို ကြည့်၍ သောကမအေး ဖြစ်နေသည်။ ဤနှစ်များအတွင်း ကျွန်တော့်အမြင်သည် သိသိသာသာ ကြီး ပြောင်းလဲသွားခဲ့ပြီ၊ ယခင်ကလို အမှုမဲ့အမှတ်မဲ့ နေလေ့မရှိတော့။ တစ်နေ့ တာကာလအတွင်း ကိုယ်ဆောင်ရွက်ခဲ့သမျှ အလုပ်များနှင့် ကြုံခဲ့ရသမျှဖြစ် ရပ်များကို ပြန်လည်စဉ်းစားဆင်ခြင်သော အလေ့အထ ရှိနေပြီဖြစ်၏။ ယခင် က ရုပ်ဝတ္ထုသာယာမှုများအပေါ်၌သာ အာရုံစူးစိုက်ခဲ့သော ကျွန်တော်သည် ယခုအခါ ဘဝရပ်တည်ရေးအတွက် စိတ်ပိုင်းဆိုင်ရာ သာယာချမ်းမြေ့မှုများကိုပါ အရေးထားလာခဲ့ပြီဖြစ်သည်။ ဤသို့ဖြင့် ကျွန်တော့်စိတ်သည် ဖြစ်လာသမျှ အရေးအခင်းများအပေါ်၌ သည်းခံခွင့်လွှတ်နိုင်သော အခြေအနေသို့ ဆိုက် ရောက်လာသည်။ ဘာကြောင့် ထိုသို့ဖြစ်လာရပါသနည်း။

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော် အေးရိုး ဆားရွာ၌ နေထိုင်စဉ်အတွင်း မှတ်သားလောက်သည့် အဖြစ်တစ်ခုနှင့် ကြုံခဲ့ ရ၍ ဖြစ်ပါသည်။

တစ်ရက်သော တနင်္ဂနွေနေ့တွင် ကျွန်တော်သည် ဘုရားရှိခိုးကျောင်းသို့ ရောက်သွားသည်။ သာမန် သွားရိုးသွားစဉ်သဘောဖြင့် သွားခြင်းမျှသာ ဖြစ်ပါသည်။ ဤတွင် ကျွန်တော်သည် စိတ်ပိုင်းဆိုင်ရာနှင့် ပတ်သက်၍ ထူး ဆန်းသော အတွေ့အကြုံတစ်ခုနှင့် အမှတ်မထင် ကြုံခဲ့ရပါသည်။

ကျွန်တော် ဘုရားရှိခိုးကျောင်း အများအပြားကို ရောက်ခဲ့ဖူးသည်။ ပြင်သစ်၊ အီတလီ၊ သြတတီးယားစသော နိုင်ငံကြီးများရှိ မြို့ကြီးပြကြီးများမှ အလွန်ကြီးကျယ်ခမ်းနားသော ကက်သီဒရယ် ဘုရားရှိခိုးကျောင်းကြီးများ ဖြစ်ပါသည်။ ယခုဘုရားရှိခိုးကျောင်းမှာမူ တစ်မူထူးခြားနေသည်။ ခပ်သေးသေးဖြစ်၍ သစ်သားဖြင့် ဆောက်လုပ်ထားသော ကျောင်းဖြစ်သည်။ အဲ့လိပ်တောင်တန်းများ၏ ဆီးနှင်းများဖုံးလွှမ်းနေသော အမြင့်ဆုံးနေရာတစ်နေရာ၌ တည်ထားခြင်းဖြစ်၏။

ပတ်ဝန်းကျင်၌ တိုက်ခတ်လျက်ရှိသော အေးမြသန့်စင်သည့်လေတွင် ထင်းရှူးနံ့များသည် သင်းပျံ့လျက်ရှိသည်။ ဖွေးဖွေးလှုပ်နေသော ဆီးနှင်းပြင်များနှင့် ကြည်လင်ပြာလဲ့သော မိုးကောင်းကင်သည် ထိလုနီးပါး။ အလွန့်အလွန် မြင့်မားသော ကောင်းကင်ဘုံတံခါးသို့ ရောက်နေပြီလားဟုပင် ထင်ရလောက်၏။

ဘုရားရှိခိုးကျောင်းသို့ လာကြသူများ ဆွစ်ဇာလန်နိုင်ငံ၏ ဂျာမန်စကားပြောသော နယ်မြေဒေသမှ လယ်သမားများဖြစ်သည်။ ကြံ့ခိုင်သန်စွမ်းသော ကိုယ်လုံးကိုယ်ထည်နှင့် ရိုးသားအေးဆေးသော မျက်နှာပိုင်ရှင်များဖြစ်ကြ၏။ ယောကျ်ားများက အနက်ရောင်ဝတ်စုံများ ဝတ်ထားကြ၍ မိန်းမများက ဇာခေါင်းစည်း သို့မဟုတ် ရောင်စုံကွက်ဆန်း တဘက်ကလေးများ ခြုံထားကြသည်။ တရားပွဲမှာ ကျွန်တော် တွေ့နေမြင်နေကျ ပွဲမျိုးပင်ဖြစ်သည်။ သစ်ဆန်းသောအရာဟူ၍ ဘာတစ်ခုမှမရှိ။ တရားပွဲစရန် အချိန်နီးလာပြီ။

ပရိသတ်နေရာယူကြသည်။ တရားဟောသ သစ်သား၏ စင်မြင့်ပေါ် သို့ ဘုန်းတော်ကြီးတက်လာသည်ကို မြင်လိုက်ရသောအခါ ကျွန်တော့်အဖော်က

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်အားစိတ်မကောင်းဖြစ်သည့် မျက်နှာထားဖြင့် တစ်ချက်လှမ်း ကြည့်သည်။ ကျွန်တော်ဘုရားရှိခိုးကျောင်းသို့ လာရာ၌တစ်ယောက်တည်းမဟုတ်။ လန်ဒန်တွင် နေခဲ့စဉ်က ကျွန်တော့်လူနာတစ်ယောက်ဖြစ်ခဲ့ဖူးသည့် အင်္ဂလိပ်အမျိုးသားတစ်ဦးဖြစ်သည်။ အခုသူသည် အဆုတ်ရောဂါကုသရန် ရွာထဲမှ ဆေးရုံသို့ ရောက်နေခြင်းဖြစ်၏။ သူသည် ဂျာမန်စကားကောင်းစွာ ပြောတတ်သည်။ ကျွန်တော်ကတော့ တစ်လုံးမှ နားလည်သူမဟုတ်။ ထို့ကြောင့် လည်း သူ့မျက်လုံးများက နားမလည်ဘဲနှင့် လိုက်လာရန်ကောဟု အပြစ်တင် လိုသည့် အရိပ်အငွေ့များဖော်ပြနေခြင်းဖြစ်၏။ ကျွန်တော့်အဖို့ အနည်းဆုံး တစ်နာရီနီးပါးလောက်တော့ အဓိပ္ပာယ်မရှိထိုင်ကာ ပျင်းရိငြီးငွေ့ခြင်းဒဏ်ကို ခံရပေဦးတော့မည်။

စင်မြင့်ပေါ်မှ ပရိသတ်အား မျက်နှာချင်းဆိုင်၍ ရယ်နေသော ဘုန်းတော်ကြီးအား ကျွန်တော်သတိထား၍ ကြည့်မိသည်။ အသားမည်းမည်း၊ အရပ်ပုပု၊ လူလုံးလူဖန်တုတ်ခိုင်ခိုင်နှင့် အသက်သုံးဆယ်တွင်းလောက်သာ ရှိဦးမည်ဟု ခန့်မှန်းရ၏။ ဩဇာနှင့် ပြည့်စုံလှသော သူ့အသံသည် ကျဉ်းမြောင်းသော ဘုရားရှိခိုးကျောင်းတွင် ပဲ့တင်ထပ်လျက်ရှိသည်။ ဤပုဂ္ဂိုလ်၏ ပုံပန်းသည် ကျွန်တော်ယခင်က တွေ့မြင်ခဲ့ဖူးသည့် ဘုန်းကြီးများနှင့်မတူ။ သံမဏိနှင့် ကြေးခြားနားသလို ခြားနားလိမ့်မည်ဟု ယူဆရ၏။ သူဆွေးနွေးပြောဆိုနေ သည့် စကားများကို လုံးဝ နားမလည်သော်လည်း 'ခရစ္စတပ်စ' ဟူသော စကားလုံးနှင့် 'ဖျူးရား' ဟူသော စကားတစ်လုံးကိုမူ ကျွန်တော် နားလည်သည်။ ('ဖျူးရား' ဟူသော ဂျာမန်စကားသည် 'ခေါင်းဆောင်ကြီး' ဟု အဓိပ္ပာယ်ရ၍ အာဏာရှင် ဟစ်တလာအား ပေးထားသည့်ဘွဲ့နာမဖြစ်သည်။

ကျွန်တော့်မျက်စိအောက်မှ ဘုရားရှိခိုးကျောင်းနှင့် တရားနာပရိသတ် မြင်ကွင်းသည် ပျောက်ကွယ်သွားသည်။ ဤကမ္ဘာမြေကြီးပေါ်မှ နိုင်ငံများနှင့် ယင်းတို့အပေါ်၌ ကျရောက်နေသော ရောဂါဆိုးများကို မြင်လာသည်။ တစ်ဦးတည်း၏ လက်၊ တစ်ဦးတည်း၏ အသံနှင့် ကြိုးကိုင်အုပ်ချုပ်နေသော မဟာအာဏာရှင်နိုင်ငံများကိုမြင်လာသည်။ စားဝတ်နေရေး အဆင်ပြေသော်လည်း

www.burmeseclassic.com

www.burmeseclassic.com


မိမိတို့၏ အဆမတန် ပိုင်ဆိုင်မှုများ အသိမ်းခံ၊ အလုယက်ခံရမည်ကို စိုးရိမ်ကြောက်လန့်နေကြသည့် ဒီမိုကရေစီနိုင်ငံများကို မြင်လာသည်။

နိုင်ငံတိုင်းတွင် တောင်လိုပုံနေသည့် လက်နက်မျိုးစုံကို မြင်နေရသည်။ ကျည်ဆံများ၊ သေနတ်များ၊ အဆိပ်ဓာတ်ငွေ့များနှင့် ဗုံးများ၊ ကောင်းကင်ယံတွင် သေတွင်းသို့ ပို့ဆောင်ပေးကြမည့် လေယာဉ်ပျံကလေးသူငယ်များအား ပုခက်တွင်း အရွယ်မှစ၍ လူအချင်းချင်းမုန်းတီးအောင် သတ်ရဲဖြတ်ရဲအောင် သတ်တတ်ဖြတ်တတ်အောင် သင်ကြားပေးနေမှုများစသည့် အနိဋ္ဌာရုံများကို မြင်နေရသည်။ ကမ္ဘာကြီး၏ ထောင့်တစ်ထောင့်တွင် ဂျုံတန်ပေါင်းများစွာကို ပိုလျှံပစ္စည်းများအဖြစ် သတ်မှတ်၍ မီးရှို့နေချိန်တွင် အခြားထောင့်တစ်ထောင့်၌ လူသားထောင်ပေါင်းများစွာ အစာရေစာ ငတ်ပြတ်မှုနှင့် ရင်ဆိုင်နေရခြင်းများ နေရာတိုင်းတွင် မိမိတို့၏ ဘဝလုံခြုံမှုအတွက် အရှုးအမူးရုန်းကန်လှုပ်ရှားနေကြသည့် လူသားများ။ တဒင်္ဂ သာယာမှုနောက် တကောက်ကောက်လိုက်နေကြသူများနှင့် ရုပ်ဝတ္ထုပစ္စည်းအများအပြား ရယူပိုင်ဆိုင်လိုမှုအတွက် လောဘတကြီးကြိုးပမ်းအားထုတ်နေကြသူများ သယာမြူးကြွသောတေးဂီတသံများနှင့် ငွေဒင်္ဂါးသံ တချွင်ချွင်များကြားမှ နေ၍ မိမိတို့ဘဝပျက်စီးရေးဆီသို့ ရှေ့ရှုသွားနေကြသူများကို မြင်နေရသည်။

လူတစ်ယောက်၏ နှလုံးသားကို တုန်လှုပ်စေသော လူတစ်ယောက်စိတ်ကို ချောက်ချားစေသော မြင်ကွင်းများဖြစ်သည်။ ဤကမ္ဘာမြေကြီးသည် သယံဇာတပစ္စည်းများ အလျှံအကြွယ်ဝသည့် ချစ်မြတ်နိုးစရာကောင်းသောမြေကြီးဖြစ်ပါ၏။ သို့တစေလည်း လူသားချင်းမုန်းတီးမှု၊ ရန်စကျူးကျော်မှု၊ ယုတ်မာရက်စက်မှုများဖြင့် ကြေမွပျက်သုဉ်းသွားအောင် လူသားများကပင်ကြိုးပမ်းအားထုတ်လျက်ရှိကြ၏။

အကယ်၍ ဤအားထုတ်မှုများကို အချိန်မီ မတားဆီးနိုင်ခဲ့ပါမူ ယဉ်ကျေးမှု အဆောက်အအုံကြီးသည် သဲမှုန်မြေမှုန်ဖြစ်သွားသည်အထိ ပျက်စီးရပေတော့မည်။ ယခင်တစ်ချိန်ကလည်း ကမ္ဘာတွင် အတော်ဆုံးဟု သတ်မှတ်ထားခြင်းခံရသည့် လူကိုးသန်းသည် ထာဝရငြိမ်းချမ်းရေးကလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် အသက်များကို စွန့်လွှတ်ခဲ့ကြပြီးပြီ မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com


ယင်းအဖြစ်ကို သတိရသောအခါ ချက်ချင်းပင် ရင်ထဲ၌ မေးခွန်းတစ်ခုပေါ်လာသည်။ အဘယ့်ကြောင့် အကြောင်းတွေ အမျိုးမျိုးပြကာ ဤကဲ့သို့သော မတရားမှုကြီးကို အဖြစ်ခံခဲ့ကြပါသနည်း။ ဤမေးခွန်းသည် အလွန်ပြင်းထန်သော အရှိန်ဖြင့် ကျွန်တော့်ရင်ကို ရိုက်ခတ်သည်။ ထိုအခါ လူသားများ၏ လိမ္မာပါးနပ်သော အကြောင်းပြချက်များကို ပြန်၍ သတိရသည်။ စီးပွားရေးပျက်ကပ်ကြီး ဆိုက်၍ အလုပ်လက်မဲ့ဦးရေတိုးလာ၍ ကိုလိုနီနိုင်ငံများ တိုးချဲ့လို၍ စသည် စသည်ဖြင့် အကြောင်းချက်အမျိုးမျိုး၊ ဆင်ခြေအမျိုးမျိုး ပေးခဲ့ကြ၏။ မည်မျှလောက် မိုက်မဲကြပါသနည်း။ ပြီးခဲ့သမျှကို ပြန်ပြောင်း ဆင်ခြင်ကြည့်လိုက်သည့်အခါ ဤဖြစ်ရပ်ကြီးကြောင့် လူသားများ၌ မည်မျှလောက်အထိ အကျိုးစီးပွားပျက်ပြားခဲ့ရသည်ကို သိမြင်လောက်သည်ဟု ထင်ပါသည်။

တကယ်တော့ အလွန်ဆိုးရွားသည့် ဤဖြစ်ရပ်မျိုးနှင့် ကြုံတွေ့ခဲ့ကြရခြင်းဖြစ်သည် အခြေခံအကြောင်းရင်း တစ်ခုတည်းသာရှိသည်ဟု ထင်ပါသည်။ ယင်းမှာ 'ဘုရားသခင်အား လူတို့က မေ့နေကြခြင်းကြောင့်ပေတည်း။

ယနေ့ခေတ်ဖို့ လူသားများထဲမှ လူသန်းပေါင်းများစွာသည် မျက်မမြင်များနှင့် နားမကြားသူများဖြစ်သည်။ သူတို့သည် သူတို့၏ ဖန်တီးရှင်အကြောင်းကို မမြင်ကြ၊ မကြားကြသူများဖြစ်၏။ မရေမတွက်နိုင်လောက်အောင် များ ပြားသော လူသားတို့အဖို့ ဖန်တီးရှင်၏ အကြောင်းသည် ဒဏ္ဍာရီမျှသာဖြစ်နေသည်။ အချို့ကျတော့လည်း မိဘရိုးရာလိုက်၍ ဘာသာဝင်ဖြစ်လာကြသည့် အားလျော်စွာ ဘုရားသခင်၏ တရားဒေသနာတော်ကို နှုတ်ခမ်းများက ရွတ်ဆိုရုံဖြင့် ပြီးသွားပြီဟု ထင်မှတ်ကြ၏။ အချို့ကျတော့လည်း မိမိတို့၏ မကောင်းမှုများ ဖုံးကွယ်ရေးအတွက် သူတော်ကောင်းဟန်ဆောင်ဖို့လောက် သာ အသုံးပြုကြ၏။

ခေတ်သစ်ကမ္ဘာမြေကြီးအား ကယ်တင်နိုင်ရေးအတွက် လူတို့သည် အယူဝါဒသဘောတရားအသစ်များကို လိုက်လံရှာဖွေလျက်ရှိကြသည်။ တကယ်တော့ **ကမ္ဘာကြီးအား ကယ်တင်နိုင်မည့် အယူဝါဒသည်ရှိနေ၏။ ထို အယူဝါဒသည် နားလည်ရန် ခက်ခဲခြင်းမရှိ။ အလွန်လှ၊ အလွန်ရိုးသော**

www.burmeseclassic.com

www.burmeseclassic.com


**အယူဝါဒတစ်ခုဖြစ်၏။ လူအချင်းချင်း ယဉ်ကျေးသိမ်မွေ့စွာ ပေါင်းသင်းဆက်ဆံနေထိုင်ရေး၊ လူအချင်းချင်း မေတ္တာထားရေး၊ လူအချင်းချင်း သည်းခံခြင်း၊ စာနာထောက်ထားခြင်း၊ မာန်မာန မထားခြင်းစသော တရားများကျင့်သုံးရေး၊ ဘဝဆိုသည်မှာ အပိုင်းအခြားရရှိသော သံသရာကြီး၏ အစအနတစ်ခုမျှသာဖြစ်သည်ဟူသော အချက်ကို အမြဲတစေ သတိရနေရေးစသော လက်တွေ့ကျင့်စဉ်များပါဝင်သည့် အယူဝါဒဖြစ်၏။**

ရုတ်တရက် ကျွန်တော် ရင်ထဲတွင် သိမ့်ကနဲဖြစ်သွားပြီး သတိပြန်ဝင်လာသည်။ ထိုအချိန်တွင် ဘုန်းတော်ကြီးသည် သူ့တရားကို လက်စသတ်လျက်ရှိလေပြီ။

ကျွန်တော်တို့သည် ဘုရားရှိခိုးကျောင်းအပြင်သို့ ထွက်ခဲ့ကြသည်။ ဆောင်းရာသီ၏ နေ့ခင်းသည် ကြည်လင်သာယာလျက်ရှိသည်။ ရွာဘက် သို့ လျှောက်လာနေခိုက်တွင် ကျွန်တော်က ကျွန်တော့်အဖော်အား ကျွန်တော် စဉ်းစားဆင်ခြင်မိသမျှအားလုံးကို ပြောပြလာသည်။

သူသည် ကျွန်တော်ပြောပြသမျှ နားထောင်ရင်း အံ့အားသင့်လျက်ရှိသည်။ နောက်ဆုံးစကားကို အဆုံးသတ်လိုက်သည့်အခါ သူသည် အလွန်နားမလည်နိုင်သည့် မျက်နှာထားဖြင့် ကျွန်တော့်မျက်နှာကို ကြည့်နေသည်။

'ခင်ဗျားလဲ သူပြောတဲ့စကားကို နားမလည်ပါဘူး' သူသည် စိတ်ရှုပ်ဟန်ဖြင့် တစ်ခွန်းမျှ ရေရွတ်သည်။ 'ဒါပေမယ့် ဘုန်းကြီးဟောသွားတဲ့ တရားက အခု ခင်ဗျားစဉ်းစားဆင်ခြင်မိတဲ့ အတိုင်းပဲ။ တသဝေမတိမ်း တူနေတယ်'

* * * * *

[ ၃၅ ]

နေ့စဉ်နှင့်အမျှ ဘေးအန္တရာယ်သည် ကြီးထွားလာနေသည်။ နံရံပေါ်ရှိ လက်ရေးပိုစတာများသည် ပို၍ပီပြင်လာသည်။ နောက်ဆုံးတွင် ပညာရှိအနည်းငယ် ကြိုတင်မြင်ထားသည့်အတိုင်း စစ်ခွေးများနောက်တစ်ကြိမ် လွတ်လာပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com


စစ်ကြီးတစ်ပွဲ ဖြစ်ပွားလာခဲ့ပြန်လေပြီ။ ပထမကမ္ဘာစစ်ကြီးအတွင်းက ပါဝင်ဆင်နွှဲခဲ့ကြရသော ကျွန်တော်တို့နှင့် ကျွန်တော်တို့၏ သားများအား ယခုစစ်ကြီးတွင် ဝင်ရောက်တိုက်ခိုက်ရန် ဆင့်ခေါ်ခြင်းခံကြရပြန်လေပြီ။ သေနတ်သံများ စဲသွားသည်မှာ မကြာသေး။ မနေ့တစ်နေ့ကမှပဲ စိတ်ကထင်ရ၏။

လူသားများတွင် ဘယ်လို အမှားမျိုးတွေရှိနေလို့ ပါလိမ့်။ ကျွန်တော်သွားလေရာနေရာတိုင်းတွင် လူအများနှင့်တွေ့ခဲ့ဖူးပါ၏။ တစ်ဦးချင်းစီဖြင့် တစ်ရင်းတနှီး ဆက်ဆံခဲ့ဖူးပါ၏။ လူတစ်ဦးချင်းစီအနေနှင့်ကျတော့ ဖော်ရွေလှသည်။ သဘောမနော ကောင်းလှသည်။ ငြိမ်းချမ်းရေးကို မြတ်နိုးလှသည်။ သို့ဆိုလျှင် အုံနှင့်ကျင်းနှင့်စုမိ၍ လူထုဟု ဖြစ်လာပါမှ ဘာကြောင့်အချင်းချင်း ဒုက္ခပေးချင်ကြပါသနည်း။

ဘာကြောင့် အချင်းချင်းပျက်စီးရာ ပျက်စီးကြောင်း ဖြစ်စေမည့် လူသတ်ပွဲကြီးကို ဖြစ်စေချင်ကြပါသနည်း။ မည်မျှလောက် မိုက်မဲကြပါသနည်း။ မည်မျှလောက် ရည်မှန်းချက်ကင်းမဲ့ကြပါသနည်း။ အဆုံးမသက်နိုင်သည့် ရူးသွပ်ခြင်းဟုပင် ထင်ပါသည်။

သို့သော်လည်း လူသားများအား သေတွင်းသို့ပို့ပေးမည့်စစ်ကြီးသည် အစပြုလာသည်။ ဘယ်လ်ဂျီယံနိုင်ငံ လက်နက်ချပြီးသည်နှင့် တစ်ဆက်တည်း အနီးကပ်မှ ဆုတ်ခွာရသော အရေးအခင်းပေါ်လာသည်။ ထို့နောက်ပြင်သစ်နိုင်ငံ ကျသည်။ ပါရီမြို့ပေါ်ရှိ လမ်းများပေါ်တွင် ဂျာမန်စစ်သားတို့၏ စစ်ဖိနပ်သံများ ပဲ့တင်ထပ်လျက်ရှိ၏။ လွတ်လပ်ခြင်းသည် ဆက်လက်ရှင်သန်သွားမည့် လက္ခဏာ မရှိတော့။ လက်နက်အားကိုး အနိုင်ကျင့်မှုနှင့် အဓမ္မအုပ်စိုးမှုများသာလျှင် မင်းမူကြီးစိုးတော့မည့်နယ် ရှိသည်။

ထို့နောက် လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများ ရှိလာသည်။ ဒုံးကျည်များ အဆက်မပြတ်ကျလာသည်။ အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အပါအဝင် လူအများအပြား သေကြေကြသည်။ နေအိမ်များ၊ ဆေးရုံများ၊ ဘုရားရှိခိုးကျောင်းများနှင့် ပန်းချီပန်းပု အနုပညာလက်ရာကောင်းများ ပျက်စီးကြသည်။ လူသားတို့၏ ပါရမီစွမ်းအားဖြင့်

www.burmeseclassic.com

www.burmeseclassic.com


ဖန်တီးထားသော အံ့မခန်းဖြစ်ဖွယ်ရာ ပစ္စည်းဟူသမျှ ပြာပုံဖြစ်ရတော့မည့် အခြေအနေသို့ ဆိုက်ရောက်လာသည်။ ထို့နောက် ငတ်မွတ်ခေါင်းပါးခြင်း ဘေးဒုက္ခဆိုက်ရောက်လာသည်။ အုတ်ကျိုးအုတ်ပဲ့များကြား၌ လျှောက်သွားနေကြသည့် ငတ်မွတ်ပိန်ချုံးနေသော လူများကို မြင်ကြရသည်။ စကြာဝဠာမှောင်ကြီးကျချိန်တွင် တစ္ဆေသရဲများ ဝင်လာသည်နှင့်တူလှချေသည်။

နောက်ဆုံးတွင် စစ်ပွဲမှမီးခိုးလုံးများ ကွယ်ပျောက်သွားသည်။

* * * * *

စစ်ပြေငြိမ်းပြီးနောက် လအနည်းငယ်မျှအကြာတွင် ဖြစ်ပါသည်။ အခါအခွင့်သင့်သည်နှင့်တပြိုင်နက် ကျွန်တော်ဥရောပဘက်သို့ ခရီးထွက်ခဲ့သည်။ ဤတစ်ကြိမ်ခရီးထွက်ရသည်မှာ စိတ်လက်ကြည်လင်ပေါ့ပါးခြင်းမရှိလှပါ။ အကြီးအကျယ် ပျက်စီးနေသော မြေပြင်ပေါ်၌ တွယ်ကပ်နေမည့် စိတ်ညစ်ညူးဖွယ်ရာနှင့် ရင်ဆိုင်ရလိမ့်မည်ဟု ထင်နေမိ၍ဖြစ်ပါသည်။သို့သော်လည်း ကျွန်တော့်အထင်သည် လွဲမှားနေသည်။ လူ့စိတ်ဓာတ်သည် ဖျက်ဆီး၍မရနိုင်သော အရာတစ်ခုဖြစ်ချေသည်။

ကျွန်တော့် ပထမဦးဆုံး ဗီယင်နာသို့ သွားသည်။ ဗီယင်နာမြို့မှာ ကျွန်တော်တစ်ချိန်က ရောက်ခဲ့ဖူးသော မြို့ဖြစ်သည်။ သာယာလှပသော မြို့တစ် မြို့ဖြစ်၍ ကျွန်တော်ချစ်သော မြို့တစ်မြို့ဖြစ်ပါသည်။ ကျွန်တော် လေယာဉ်ပေါ်မှ ဆင်းသည့်အခါ နံနက်ခင်းဖြစ်သည်။ သို့သော်လည်း ထရစ္စတို ဟိုတယ်တွင် အခန်းလွတ်မရှိတော့ပါ။ ကျွန်တော်ရသော အခန်းမှာ ကတ်တနာ စထရပ်ဆီး ဘက်တွင်ဖြစ်၍ သပ်သပ်ရပ်ရပ် သန့်သန့်စင်စင် မရှိလှပါ။ နေ့လယ်စာမှာ လည်း ဟင်းသီးဟင်းရွက် ဟင်းချိုတစ်ခွက်နှင့် ပေါင်မုန့်ကြမ်း တစ်ချပ်သာ ဖြစ်ပါသည်။

မွန်းလွဲပိုင်းတွင် ကျွန်တော်မြို့ထဲသို့ထွက်ခဲ့သည်။ ကျိုးပဲ့ပျက်စီးနေသည့် စိန့်စတီးဖင် ကက်သစ်ဒရယ် ဘုရားရှိခိုးကျောင်းကြီးနှင့် ဇာတ်ရုံပျက်ကြီးရှေ့မှ ဖြတ်လျှောက်လာသောအခါ စိတ်မကောင်းဖြစ်မိသည်။ ဟိုတစ်ချိန်က ကောင်ဗွန်ဗိုနေး။ ဖရန့်ဇ်ဝါဖဲလ်တို့နှင့် တပျော်တပါး နေ့လယ်စာ စားခဲ့

www.burmeseclassic.com

www.burmeseclassic.com


ကြသည့် ဘုရင်မအူဂျင်နီ၏ နန်းတော်၊ ကျွန်တော် ဟောပြောပွဲလုပ်ခဲ့သည့် ခန်းမဆောင်တည်ရာ အဆောက်အအုံ ယင်းအဆောက်အအုံများ ဘယ်ရောက် ကုန်ပါလိမ့်။

ဗီယင်နာမြို့တော်၏ ပျော်စရာကောင်းသည့် နေ့များနှင့်ညများကို သတိရမိသည်။ ထွက်မလာမီကတည်းက စစ်ဒဏ်ခံထားရသည့် အိမ်ပျက်များ နှင့် အဆောက်အဦးပျက်များကို မြင်တွေ့ရလိမ့်မည်ဟု ခန့်မှန်းထားခဲ့ပြီးဖြစ် သည်။ အဆင်မသင့်လျှင် ဒင်နူဘီတံတားများ အလဲလဲအပြိုပြိုဖြစ်နေသည်ကို ပင် တွေ့ရလိမ့်မည်ဟု တွက်ထားခဲ့သည်။ သို့သော်လည်း ဤမျှလောက်အထိ တိတ်ဆိတ်ခြောက်သွေ့ကာ လူသူကင်းမဲ့နေလိမ့်မည်ဟု မထင်ခဲ့မိပါ။

လျှောက်ရင်း လျှောက်ရင်းနှင့်ပင် ညနေစောင်း နေဝင်ဆည်းဆာ ချိန်သို့ ဆိုက်ရောက်လာသည်။ ဖေဖော်ဝါရီလဖြစ်၍ ရာသီဥတုက ချမ်းစိမ့်စိမ့်။ ထိုအခိုက်မှာပင် မထင်မှတ်ဘဲနှင့် မိုးရွာလာသည်။ မိုးပေါက်များသည် ကျွန်တော်၏ သိုးမွေးကုတ်အင်္ကျီကိုပင် ထိုးဖောက်ဝင်ရောက်တော့မည့်နှယ် ခြိမ်းခြောက်နေကြသည်။

ကျွန်တော်အခုရောက်နေသည့်နေရာမှာ မြို့တော်၏အရှေ့ဘက်ပိုင်း ဆင်ခြေဖုံးဖြစ်သည်။ မိုးခိုရန်အနီးရှိ အဆောက်အအုံတစ်ခုအတွင်းသို့ ဝင်ခဲ့သည်။ ဗုံးဒဏ်မှလွတ်ခဲ့သည့် ဘုရားရှိခိုးကျောင်းငယ်တစ်ကျောင်း ဖြစ်ပါသည်။ အထဲတွင် လူရိပ်လူခြည် မမြင်ရ။ ခပ်မှောင်မှောင်တွင် ဘုရား မီးပူဇော်ထားသည့် ဖယောင်းတိုင်မီး အလင်းရောင်သာ ဝိုးတဝါးရှိသည်။ မိုး တိတ်သည် အထိ စောင့်မှဖြစ်တော့မည်ဟူသောအတွေးဖြင့် ခုံတန်းလျား တစ်ခုတွင် ဝင် ထိုင်သည်။

ရုတ်တရက် ခြေသံများကြားလိုက်ရသဖြင့် လှည့်ကြည့်မိသည်။ အထဲသို့ ဝင်လာနေသည့် အဘိုးအိုတစ်ယောက်။ အရပ်ရှည်ရှည်၊ ပိန် ချောက်ချောက်၊ သူ့ဝတ်စုံသည် အဖာရာတွေ ဗရပွနှင့် ဖြစ်သည်။ ကျွန်တော့် ဘက်သို့ နီးလာခါ မှပင် သူပွေ့ချီလာသည့် ကလေးကိုမြင်သည်။ ကလေးမှာ အသက်ခြောက် နှစ်ခန့်အရွယ် မိန်းကလေးဖြစ်၏။ ကလေး၏ အဝတ်အစား များမှာလည်း ဟောင်းနွမ်းစုတ်ပြတ်နေကြသည်။ ဘုရားစင်ရှေ့သို့ ရောက်သော

www.burmeseclassic.com

www.burmeseclassic.com


အခါ အဘိုးအိုသည် ကလေးကို အောက်သို့ အသာအယာချလိုက်သည်။ ထိုအခါကျမှပင် ကလေးငယ်၏ လှုပ်ရှားမှုများကို ကျွန်တော်မြင်ရသည်။ ကလေးသည် အကြောများ မသန်မစွမ်းဖြစ်နေရှာ၏။ အဘိုးအိုသည် စိတ်ရှည်လက်ရှည်ဖြင့် ကလေးအား ဘုရားသခင်ရှေ့၌ ဒူးထောက်၍ထိုင်ကာ လက်တစ်ဘက်ဖြင့် သံလက်တန်းကို လှမ်းကိုင်ထားနိုင်ရန် ကူညီလျက်ရှိသည်။ ကလေးငယ်ထိုင် နိုင်သွားသည့်အခါ အဘိုးအိုသည် ကလေးအား တစ်ချက်ကြည့်၍ ပြုံးပြသည်။ ထို့နောက် သူကိုယ်တိုင် ကလေး၏ဘေးတွင် ဒူးထောက်၍ ထိုင်ချ လိုက်လေသည်။

သူတို့နှစ်ယောက်သည် မိနစ်အနည်းငယ်ကြာမျှ ဦးခေါင်းများကို ငုံ့၍ထိုင်နေကြသည်။ ထို့နောက် အဘိုးအိုသည် ထိုင်နေရာမှထသည်။ အလှူခံပုံးထဲသို့ ငွေအကြွေကျသွားသံ ကြားလိုက်ရ၏။ အဘိုးအိုသည် ဘုရားစင်ရှေ့ ရှိ ဘူးထဲမှ ဖယောင်းတိုင် တစ်တိုင်ကိုယူ၍ မီးထွန်းကာ ကလေး၏ လက်ထဲ သို့ ထည့်ပေးသည်။ ဖယောင်းတိုင်မီးရောင်ဖြင့် ကလေး၏ ဖြူရော်ရော် မျက်နှာကို မြင်ရသည်။ သူ့မျက်နှာသည် ကျေနပ်အားရသော အသွင်ဆောင် နေသည်။ ထို့နောက် ကလေးသည် လက်ထဲမှ ဖယောင်းတိုင်ကို သံဖယောင်း တိုင်စင်ပေါ်သို့ စိုက်လိုက်သည်။

အဘိုးအိုသည် ထိုင်ရာမှထကာ ကလေးအား ပွေ့ချီပြီး ဘုရားရှိခိုးကျောင်းထဲမှ ပြန်ထွက်သွားသည်။ တစ်ချိန်လုံး သူတို့နှစ်ယောက်လုပ်ပုံကိုင်ပုံများကို စောင့်ကြည့်နေသော ကျွန်တော်သည် သူတို့နှင့်စကားပြောချင်စိတ် ပြင်းပြလျက်ရှိသည်။ ဤစိတ်ကြောင့်ပင် ကျွန်တော်သည် ထိုင်ရာမှထကာ သူတို့နောက်မှ လိုက်သွားမိပါသည်။

ဆင်ဝင်၏ ဘေးတစ်ဘက်တွင် ကလေးတင် လက်တွန်းလှည်းတစ်စီးရှိသည်။ ခနော်ခနဲ့ နိုင်လှသော သစ်သားသေတ္တာဟောင်းတစ်လုံးတွင် သစ်သားဝင်ရိုးတပ်ကာ ဘေးတစ်ဘက်တစ်ချက်တွင် တာယာမရှိတော့သည့် ဘီး ဟောင်းများ တပ်ထားသည်။ အဘိုးအိုသည် ကလေးအား တွန်းလှည်းပေါ်တင် ကာ အာလူးထည့်သည့် အိတ်ဟောင်းတစ်လုံးဖြင့် ကိုယ်ပေါ်ခြုံပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com


သူတို့အနီး၌ ကပ်၍ရပ်နေသော ကျွန်တော်သည် အခုမှပင် အဘိုးအိုအား စေ့စေ့စပ်စပ်မြင်ရသည်။ အဘိုးအိုသည် မျက်နှာပုံပန်း ခံ့ခံ့၊ သပ်သပ်ရပ်ရပ် ညှပ်ထားသည့် နှုတ်ခမ်းမွေး၊ ဖြောင့်စင်းသော နှာတံနှင့် မာန်မာန အရိပ်အငွေ့များ ထင်ဟပ်နေသည့် မျက်လုံးအစုံသည် အထက်တန်းလွှာပုံစံမျိုး ရှိသည်။ ကလေး၏ မျက်နှာသွင်ပြင်သည် အဘိုးအိုနှင့် များစွာဆင်သည်။ သူ့မြေးမကလေး ဖြစ်လိမ့်မည်ဟုပင် ကျွန်တော်ထင်ပါသည်။

ကလေးအား အိတ်ဟောင်းနှင့် ပတ်ပေးနေသော အဘိုးအိုသည် သူ့အလုပ်ပြီးသည်နှင့်တပြိုင်နက် ကျွန်တော့်အား လှည့်ကြည့်သည်။ ကျွန်တော့်ပါးစပ်ဖျားတွင် မေးခွန်းတွေ တစ်ပုံကြီးရှိနေသည်။ သို့သော်လည်း အဘိုးအို ၏ တည်ငြိမ်ခန့်ညားသော မျက်နှာထားကြောင့် မေးလိုသည်များကို တိုက် ရိုက်မမေးနိုင်။ ပါးစပ်မှ ပြောမိပြောရာ စကားတစ်ခွန်းသာထွက်သွားသည်။

'သိပ်အေးတယ်နော်'

သူက ယဉ်ကျေးစွာဖြင့် တလေးတစားပြန်ဖြေသည်။

'ဒီနှစ်ဆောင်းတွင်းမှာတော့ အအေးအပေါ့ဆုံးပါ'

ကျွန်တော့်အကြည့်သည် ကလေးမလေးထံ ရောက်နေသည်။ ကလေးမ၏ အပြာရောင် မျက်လုံးအစုံသည် ကျွန်တော်တို့ နှစ်ယောက်ထံ စူးစိုက်လျက်ရှိသည်။

'စစ်ကြောင့်ပဲ ထင်တယ်' ဟု ကျွန်တော်က ပြောမိသည်။

'ဟုတ်တယ်၊ ဒီစစ်ကြောင့်ပဲ' ဟု အဘိုးအိုက ဖြေသည်။ 'ဗုံးကြောင့် သူ့အမေရော အဖေပါ သေကြရတယ်'

အတန်ကြာ ငြိမ်ဆိတ်နေမိကြ၏။

'ခင်ဗျား ဒီဘုရားရှိခိုးကျောင်းကို မကြာမကြာလာသလား'

'လာတယ်၊ နေ့စဉ်လာပြီး ဘုရားရှိခိုးတာ' သူက ပြုံးသည်။ 'ပြီးတော့ကျုပ်တို့အနေနဲ့ စိတ်ကောင်းနှလုံးကောင်းရှိတဲ့ ဘုရားသခင်ကို စိတ်မဆိုး ဘူးဆိုတာ ပြချင်လို့လာတာ'

အဘိုးအိုအား ပြန်ပြောဖို့ စကားရှာမရပါ။ ကျွန်တော်ရပ်နေခိုက်တွင် သူသည် ကိုယ်ကိုပတ်ကာ ဂျက်ကက်အင်္ကျီ ကြယ်သီးများ တပ်သည်။ ထို့

www.burmeseclassic.com

www.burmeseclassic.com


နောက် တစ်ချက်မျှပြုံး၍ ကြည့်ကာ တွန်းလှည်းကို တွန်း၍ အမှောင်ထု အတွင်းသို့ ဝင်ရောက်သွားသည်။

မကြာမီ သူတို့သွားရာနောက်သို့ လိုက်ချင်သော ဆန္ဒပေါ်လာပြန် သည်။ သူတို့အား ကူညီချင်၍ ဖြစ်ပါသည်။ သူတို့အား ငွေပေးလိုက်ချင် သည်။ ကုတ်အင်္ကျီ ချွတ်ပေးလိုက်ချင်သည်။ သူတို့အတွက် တစ်စုံတစ်ခု လုပ်ပေးချင်စိတ်သည် ပြင်းထန်စွာ ဖြစ်ပေါ်လျက်ရှိ၏။ သို့သော်လည်း ကျွန် တော်သည် ရပ်နေသည့် နေရာမှမရွေ့။

တကယ်တော့ ဤပြဿနာသည် အလှူဒါနပြုခြင်းနှင့် ဆက်စပ်နေ သည့် ပြဿနာမဟုတ်။ အကယ်၍ ကျွန်တော်က ပေးသည်ဆိုဦးတော့။ ကျွန်တော်ပေးသမျှကို သူတို့က လက်ခံလိမ့်မည်မဟုတ်။ ငြင်းပယ်ကြမည် သာဖြစ်၏။ အမှန်တော့လည်း ကျွန်တော်က သူတို့အား ဘာမှ မပေးလိုက် နိုင်။ သူတို့ကသာ ကျွန်တော့်အား 'တစ်ခု' ပေးသွားခြင်းဖြစ်၏။ အရာရာ တိုင်းကို ဆုံးရှုံးလက်လွှတ်ခဲ့ရသော သူတို့သည် စိတ်ပျက်ခြင်း၊ အားငယ်ခြင်း မဖြစ်ကြ။ သူတို့တွင် ယခုအချိန်ထိ ယုံကြည်မှု ရှိနေဆဲ၊ ကျွန်တော့်စိတ်သည် နောက်ကို ရှုပ်ထွေးလာသည်။

အခုအချိန်ကျတော့လည်း ကျွန်တော့်နှလုံးသားတွင် ဒေါသမရှိ တော့ပါ။ ကျွန်တော့်ရင်ထဲ၌ ရှိနေသည့် အသေးအဖွဲမျှသာ ဖြစ်သော အယူ အဆများအတွက်လည်း စိုးရိမ်ကြောင့်ကြမှု မဖြစ်တော့ပါ။ မိမိကိုယ်ကိုမိမိ သနားစိတ်နှင့် ရက်စိတ်များကသာလျှင် ကျွန်တော့်တစ်ကိုယ်လုံး၌ စိမ့်ဝင် ပျံ့နှံ့နေသည်။

မိုးကတော့ တိတ်သွားပြီ။ သို့သော်လည်း ကျွန်တော်အပြင်သို့ မ ထွက်သေး၊ ကျွန်တော့်စိတ်သည် ချီတုံချတုံဖြစ်လျက်ရှိ၏။ ထို့နောက် ဘုရား ရှိခိုးကျောင်းထဲ ပြန်ဝင်ခဲ့သည်။ ယခုအချိန်ထိ တောက်လောင်နေဆဲဖြစ်သော ဖယောင်းတိုင်ဆီသို့ လျှောက်သွားသည်။ ဘုရားရှိခိုးကျောင်းထဲတွင် စောစော ကလို ဟာလာဟင်းလင်း မဟုတ်တော့။ ဖယောင်းတိုင် တစ်တိုင်ရှိနေပြီ။ မြို့ပျက်ကြီးတစ်မြို့အတွင်းမှ တစ်ခုတည်းသော အလင်းတိုင်ဖြစ်ပါ၏။ မည်

www.burmeseclassic.com

www.burmeseclassic.com


သို့ပင်ဖြစ်စေ ဤတစ်ခုတည်းသော အလင်းတိုင်သည် ဤကမ္ဘာမြေကြီးအတွက် မျှော်လင့်ချက်ပေးနေသည့်နှယ်ရှိပါသည်။

* * * * *

[ ၃၆ ]

ကျွန်တော် ဩစတြီးယားမှ အီတလီနိုင်ငံသို့ ခရီးဆက်ခဲ့သည်။ လီဗိုနိုမြို့အနီးရှိ ကက်စတဲလ်ပဲရားရွာ၌ ခဏတဖြုတ် နေခဲ့ပါသည်။ ဤကာလအတွင်း ကျွန်တော်သည် မနက်တိုင်း အဘွားအို မာရီယာ ဘင်ဒက်ဟီနှင့် တွေ့သည်။ မာရီယာဘင်ဒကင်တီသည် အရပ်ပုပု၊ ပိန်သေးသေး ပါးရေနားရေများ တွန့်နေပြီ။ ဘယ်တော့မှ ဖိနပ်မစီး။ ညစ်ပတ်ပေရေသော အဝတ်များဝတ်ကာ ခေါင်းတွင် အနက်ရောင်ပဝါ စည်းထားသည်။ ကျောတွင် ပိုးထားသည့် နွယ်တောင်းကြီး၏ အလေးချိန်ကြောင့် သူ့ခါးသည် ကုန်းနေသည်။ ညိုရောင်သန်းနေသော မျက်နှာတွင် သောကရိပ်များ အမြဲယှက်သန်းလျက်ရှိ၏။ ဘဝတစ်လျှောက်လုံး ခါးစည်း၍ခံလာခဲ့ရသော ဆင်းရဲဒုက္ခများကြောင့် တည်ရှိလာသည့် ဝမ်းနည်းကြေကွဲသော အသွင်အပြင်သည် သူ့မျက်နှာတွင် ပုံနှိပ်ထားသည့် နှယ်ရှိသည်။

မာရီယာဘင်ဒက်တီသည် ငါးရောင်းသည်။ မြေထဲပင်လယ်ရေပြင်မှရသော အရသာမရှိသည့် ပင်လယ်ငါးများ ရောင်းချခြင်းဖြစ်ပါသည်။ စစ်ပြီးခေတ် မာကရိုနီခေါက်ဆွဲနှင့် စပါဂက်တီခေါက်ဆွဲများ ရှားပါးနေချိန်တွင် အဖြည့်ခံအစားအစာအဖြစ်ထား၍ စားသုံးနေကြရခြင်းဖြစ်၏။ စစ်ကြီးမဖြစ်မီ အပူအပင်အကြောင့်အကြ မရှိသော ပျော်စရာကာလက ဤရွာကို ကျွန်တော်သိခဲ့ခြင်းဖြစ်၏။ အခုကျတော့ ရွာလယ်ကွက်လပ်ထဲမှ တေးဂီတသံနှင့် ရယ်သံများမကြားရ။ ဗုံးဒဏ်ကြောင့် ပြိုပျက်ကျနေသည့် အဆောက်အအုံးပျက်များသည် နေရာအနှံ့အပြားတွင် တောင်ပုံရာပုံ၊ ယင်းတို့အပေါ်၌ ပေါက်နေကြသော အရိုင်းပင်များသည် ပွင့်ဖူးနေကြသည်။ သံချိုင်းမြေပုံတစ်ခုပေါ်၌

www.burmeseclassic.com

www.burmeseclassic.com


အမှတ်တရ စိုက်ထားသည့် ပန်းများနှင့်တူနေသည်။ ကျွန်တော့်အဖို့တော့ ဤမြင်ကွင်းလည်း ဝမ်းနည်းကြေကွဲစရာ တစ်ခုပင်ဖြစ်ပါသည်။

လူငယ်လူရွယ် အမျိုးသား အမျိုးသမီးအများစုသည် ရွာကို စွန့်ခွာသွားကြပြီးဖြစ်၏။ သို့သော်လည်း သက်ကြီးရွယ်အိုနှင့် ကလေးသူငယ်များကတော့ ရွာမှ မခွာကြ။ သူရဲတစ္ဆေများသဖွယ် ရွာထဲတွင် လှုပ်ရှားသွားလာနေကြသည်။ သူတို့ဘဝ ရပ်တည်နိုင်ရေးအတွက် လှေများနှင့် ပိုက်များကို ဖာထေးကာ ပင်လယ်ပြင်ထွက်၍ ငါးဖမ်းကြသည်။

ဤလူစုထဲတွင် မာရီယာသည် တစ်ယောက်အပါအဝင်ဖြစ်၏။ ရံဖန်ရံခါတွင် သူနှင့်အတူ (၁၀) နှစ်အရွယ် တူမလေးကို ခေါ်လာတတ်သည်။ သူငယ်မလေးသည် သူ့ဘေးမှ လျှောက်ကာ 'ငါးရမယ် ... ငါး ...ငါး ...၊ ငါးလတ်လတ်ဆတ်ဆတ်တွေရမယ်'ဟု အသံစာစာဖြင့် အော်လေ့ရှိသည်။

တစ်နံနက်တွင် သူတို့နှစ်ယောက် ရွာလယ်ကွက်လပ်တွင်းရှိ အုတ် ကျိုးအုတ်ပဲ့ အပျက်အစီးပုံများရှေ့မှ ဖြတ်လျှောက်သွားခိုက် ကျွန်တော်နှင့် စကားပြောခွင့်ရခဲ့သည်။ မှန်ပါသည်။ သူတို့ ဗုံးဒဏ်မှ လွတ်မြောက်ခဲ့ကြ သည်။ စစ်ဆိုသည်မှာ ကောင်းသောအရာမဟုတ်။ အလွန်ဆိုးသည့် အရာတစ်ခု ဟု သူတို့ကလည်း ယူဆသည်။ သူတို့အခု ရွာ၏အဆင်းရဲဆုံးရပ်ကွက် တစ်ခုဖြစ်သည့် ဗွီရာအူစတာချီယာရပ်ကွက်တွင်းမှ လမ်းမြောင်လေးတစ်ခု အတွင်းမှ မှုန်ကုပ်ကုပ်အိမ်ကျဉ်းကလေး၌ နေထိုင်လျက်ရှိကြသည်။

'ခင်ဗျားတို့ ဘာပြုလို့ ရွာက ထွက်မသွားကြတာလဲ။ ဒီမှာဆက်နေလို့ မျှော်လင့်ချက်မှ မရှိတာ၊ အားလုံးပျက်စီးကုန်ပြီ၊ ဘာမှ မကျန်တော့ဘူး မဟုတ်လား'

အဘွားအိုက ခေါင်းခါသည်။

'ဒီရွာဟာ ကျုပ်တို့အိမ်ပဲ၊ ကျုပ်တို့ကတော့ ကျုပ်တို့ရွာမှာ ဘာမှ မကျန်တော့ဘူးလို့ မတွေးဘူး'

သူတို့နှစ်ယောက်ထွက်သွားသည့်အခါ တစ်ယောက်မျက်နှာ တစ် ယောက် တိတ်တခိုး ကြည့်သွားကြသည်ဟု ကျွန်တော့်စိတ်က ထင်လိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com


ထိုအကြည့်၏ အနက်အဓိပ္ပာယ်ကို သိလိုစိတ်သည် ကျွန်တော့်ရင်ထဲ၌ ဖြစ်ပေါ်လာသည်။ နောက်ရက်အနည်းငယ်အတွင်း ကျွန်တော်သည် သူတို့ ၏ လှုပ်ရှားမှုများကို စူးစမ်းသော မျက်လုံးများဖြင့် ကြည့်မိသည်။ နေ့တစ်နေ့၏ အစောပိုင်းအချိန်များတွင် သူတို့သည် ပုံမှန်လုပ်နေကျအတိုင်း ငါးရောင်းထွက် သည်။ မွန်းလွဲပိုင်းတွင်မူ သူတို့အား ဘယ်မှာမှ ရှာမတွေ့ပေ။ ကျွန်တော်သည် နေ့လယ်စာ စားထွက်တိုင်း သူတို့ရပ်ကွက်ရှိ သူတို့အခန်းသို့ဝင်သည်။ အခန်း တွင် မည်သူမှ မရှိ။ အကြိမ်ပေါင်းများစွာ မတွေ့ရသည့်အခါ ကျွန်တော့် စိတ်တွင် သံသယဝင်လာသည်။ မသမာသောနည်းဖြင့် အလုပ်တစ်ခုခု လုပ်နေ ကြသလား ဆိုကြပါစို့။ မှောင်ခိုဈေးကွက်သို့ မရိုးသားသောနည်းဖြင့် ကုန် ပစ္စည်းတွေ ပို့ပေးနေကြသလား...စသည်ဖြင့် တွေးလာမိသည်။

ဤအတွေးကြောင့် ကျွန်တော်သည် တစ်ရက်တွင် သူတို့နေထိုင်ရာ ရပ်ကွက်သို့ သွားနေကျ အချိန်ထက် တစ်နာရီခန့်စော၍ သွားသည်။ အဘွားကြီး၏ အခန်းတံခါးနှင့်မနီးမဝေးမှနေ၍ စောင့်သည်။ ကြာကြာ မစောင့်လိုက်ရပါ။ နေ့ခင်းတစ်နာရီထိုးပြီး မိနစ်အနည်းငယ်မျှအကြာတွင် မာရီယာနှင့်သူ့ တူမတို့ ထွက်လာသည်။ နွယ်တောင်းတစ်ယောက်တစ်လုံး ကျောတွင် ပိုး ထားသည်။ သူတို့သည် ဖျက်လပ်သွက်လက်သော ခြေလှမ်းများဖြင့် လမ်းမပေါ်အတိုင်း လျှောက်သွားကြသည်။ ကျွန်တော်သူတို့ မသိအောင် ခိုးကြောင်ခိုးဝှက် နည်းဖြင့် နောက်မှလိုက်သွားပါသည်။

ကျွန်တော့်ရှေ့မှ အဘွားကြီးနှင့်ကလေးသည် အုတ်ကျိုးအုတ်ပဲ့ အစုအပုံများကြားမှ ဖြတ်၍ သွားနေကြသည်။ ရွာဆင်ခြေဖုံးဘက်ရောက်သည့်အခါ မြစ်ဆိပ်ဘက်ဆင်းသည့် လမ်းအတိုင်း လိုက်သွားကြသည်။ ကျွန်တော် သည် မြစ်ကမ်းပါးထက်ရှိ အကောင်းဆုံးနေရာမှ ရပ်ကာအောက်ဘက်သို့ မျှော်ကြည့် သည်။ ပေါက်တူးများ တူရွင်းများ ကိုယ်စီဖြင့် မြောင်းတစ်ခု အတွင်း၌တူးဆွ နေကြသည့် လူတစ်စုကို မြင်ရသည်။ မာရီယာနှင့် ကလေးမတို့သည် ကျောပေါ်မှ ခြင်းတောင်းများကို ချကာ အခြားလူများနည်းတူ တူးဆွနေကြ သည်။

ပထမတော့ သူတို့ ငါးစာတူးနေကြသည်ဟု ထင်လိုက်မိ၏။ အသေ

www.burmeseclassic.com

www.burmeseclassic.com


အချာကြည့်လိုက်သည့်အခါ ကလေးမသည် သဲဖြူဖြူများကို ကျုံး၍ သူ့ခြင်းတောင်းထဲ ထည့်နေသည်။ မာရီယာကတော့ ခေါင်းတစ်ငုံ့ငုံ့ဖြင့် သူလိုချင်သည့်ပစ္စည်းကို စနစ်တကျ ရွေးချယ်နေပုံပေါ်သည်။ သူသည် လေးထောင့်စပ်စပ် အဖြူရောင်ကျောက်ခဲများကို သူ့ခြင်းတောင်းထဲထည့်နေသည်။ ခြင်းတောင်းများ ပြည့်သွားသည့်အခါ နှစ်ယောက်သား တောင်းများကို ကျော်ပိုး၍ မတ်စောက် ကျဉ်းမြောင်းသော လမ်းအတိုင်း မြစ်ကမ်းပါးပေါ်သို့ ပြန်တက်ကြသည်။

သူတို့သည် ကျွန်တော်နှင့် မလှမ်းမကမ်းမှ ဖြတ်သွားကြသည်။ ကျွန်တော်ရှိနေသည်ကို သိသွားလေမလား။ သူသိပုံမပေါ်သည့် အရိပ်လက္ခဏာ မမြင်ရ။ သူတို့ထွက်သွားသည့်အခါ နောက်မှနေ၍ လိုက်ခဲ့ပြန်ပါသည်။

လမ်းသည် ရွာပတ်ဝန်းကျင်ရှိ အမြင့်ဆုံး ကုန်းပြင်မြင့်ထိပ်သို့ ဦးတည်လျက်ရှိသည်။ ဟိုတစ်ချိန်က ကျွန်တော်မရောက်ခဲ့ဖူးသေးသည့်နေရာ ဖြစ်ပါသည်။ ထိုနေရာတွင် ရွာသူရွာသားများ အလုပ်လုပ်နေကြသည်ကို မြင်ရသည်။ သူတို့သည် အင်္ဂတေစပ်သူကစပ်၊ ကျောက်တုံးများကို ညှိသူကညှိ၍ စီသူက စီ၊ နံရံတစ်ခုတည်ဆောက်နေကြခြင်းပင်တည်း။

တစ်ခဏမျှ ကျွန်တော်အံ့အားသင့်ကာ ငိုင်နေမိပါသည်။ သူတို့သည် အဆောက်အအုံတစ်ခု ဆောက်လုပ်နေကြခြင်းဖြစ်၏။ အမှန်တော့ ဤလူစုသည် သူတို့ခေါင်းပေါ်မှ အမိုးကိုပင် လုံအောင်မိုးနိုင်သူများ မဟုတ်။ သို့ပါလျက် ကလေးလူကြီး မိန်းမ ယောကျ်ားအားလုံး တညီတညွတ်တည်း ထွက်၍ ဘုရားရှိခိုးကျောင်းအသစ်တစ်ကျောင်း ဆောက်လုပ်နေကြ၏။ ယခင်ကလိုလေသေးမဟုတ်။ ပို၍လှ၊ ပို၍ကြီးပြီး ပို၍ ခိုင်ခံ့သော ကျောင်းကို တည်ဆောက်နေကြခြင်းဖြစ်ပါသည်။

မာရီယာနှင့် ကလေးမသည် သူတို့ခြင်းတောင်းထဲမှ ကျောက်ခဲဖြူဖြူများကို သွန်ချလိုက်ကြသည်။ တစ်ခဏမှရပ်၍ အမောဖြေသည်။ ထို့နောက် လာလမ်းအတိုင်း ပြန်လှည့်လာကြသည်။ ကျွန်တော့်ရှေ့ဖြတ်သွားသော အဘွားကြီး၏ နဖူးတွင် ချွေးသီးချွေးပေါက်များ တွဲလွဲခိုနေကြသည်ကိုပါ မြင်ရ

www.burmeseclassic.com

www.burmeseclassic.com


ပါသည်။ ကျွန်တော့်ကို မြင်လိုက်သည့်အခါ အဘွားကြီးက ပြုံး၍နှုတ်ဆက်သည်။ သူ၏ နက်မှောင်သော မျက်လုံးအစုံသည် ကျွန်တော့်အား စူးစူးစိုက်စိုက်ကြည့်လျက်ရှိသည်။ သူ့အကြည့်တွင် အဓိပ္ပာယ်တစ်ခုခုရှိသည် ဟု ထင်မိသည်။

'မင်းပြောတော့ တို့ရွာမှာ ဘာမှ မကျန်တော့ဘူးဆို၊ ဟုတ်ရဲ့လားကွယ်' ဟု မေးခွန်း ထုတ်နေသည့်နှယ်ရှိ၏။

တကယ်တော့ အဘွားကြီး၏ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝအားလုံးသည် ထိုအကြည့်ထဲ၌ ပါဝင်နေသည် ထင်ပါသည်။ သတ္တိနှင့်ဇွဲကိုလည်း ထိုအကြည့်ထဲ၌ တွေ့ရသည်ဟုထင်ပါသည်။ ဘဝပေး အခြေအနေကို လက်ခံပြီး မျှော်လင့်ချက်ထား၍ အသက်ရှင်သန်လိုသော ဆန္ဒရှိနေသည်ကိုလည်းထိုအကြည့်က ဖော်ပြနေသည်ဟု ထင်ပါသည်။

အဘွားကြီးနှင့်ကလေးမသည် ကျွန်တော့်အား မြင်ကွင်းအတွင်းမှ ပျောက်ကွယ်သွားသည်။ ထိုနေရာ၌ ရပ်၍ကျန်ရစ်ခဲ့သော ကျွန်တော့်ရင်သည် လှုပ်ရှားလျက်ရှိပါသည်။ တောင်ပုံရာပုံဖြစ်နေသည့် အပျက်အစီးများကို ကြည့်၍ ကျွန်တော်တို့ စိတ်ဓာတ်ကျရမည်လော။ ဤမေးခွန်းသည် ကျွန်တော့် ရင်ကို ရိုက်ခတ်လျက်ရှိ၏။ အကယ်၍ အလွန်အသက်ငယ်သေးသည့် ကလေးတစ်ယောက်နှင့် အလွန်အသက်ကြီးသည့် အဘွားကြီးတစ်ယောက်၌ ဤယုံကြည်ချက်မျိုးရှိနေသေးလျှင်ကမ္ဘာကြီးအတွက် မျှော်လင့်ချက်ရှိနေသေး သည် မဟုတ်ပါလော။

ကျွန်တော်သည် ထိုနေရာ၌ အချိန်အတော်ကြာမျှ ရပ်နေမိပါသည်။ နောက်ဆုံးတွင် တောလမ်းအတိုင်းပြန်လှည့်ကာ တောင်ကုန်းပေါ်မှ ဆင်းလာခဲ့သည်။ ကောင်းကင်တွင် ပထမဆုံးကြယ်ထွက်လာသည်ကို မြင်ရသည်။ ကြယ်ရောင်သည် တစ်လက်လက်တောက်ပနေသည်၊ ရွာသည် မြစ်ရေပြင်ဆီမှ တလိပ်လိပ်တက်လာနေသောမြူများကြား၌ ပျောက်ကွယ်သွားပါသည်။ ကျွန်တော့်စိတ်အာရုံသည် ထိုနေရာ၌ တဝင်းဝင်းတလက်လက် ရောင်မျိုးစုံထွက်နေသည့် မြို့ကြီးတစ်မြို့ကို မြင်နေပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com


[ ၃၇ ]

ထို့နောက် အီတလီနိုင်ငံမှ ပြင်သစ်နိုင်ငံသို့ ကျွန်တော်ရောက်သွားသည်။ ဇွန်လထဲမှာပင်ဖြစ်ပါသည်။ နော်မင်ဒီနယ်မြေ၏ သစ်သီးခြံကြီးများကြားရှိ လမ်းမကြီးအတိုင်း မော်တော်ကားကို မောင်းလာနေသော ကျွန်တော်သည် မွန်–စိန့်ပစ်ချယ်ကျွန်း၏ အလှကိုလှမ်းမြင်နေရသည်။ လမ်းကွေ့သို့ရောက်သည့်အခါ ရဲတိုက်ဟောင်းကြီးတစ်လုံးကို ဘွားကနဲတွေ့လိုက်ရ၏။ ရဲတိုက်ကြီးမှာ ဝဲယာ တစ်ဘက်တစ်ချက်တွင် သံပုရာပင်များ တန်းစီနေသည့် လမ်းသွယ်လေးတစ် လမ်း၏ နောက်ဘက်စိုပြည်စိမ်းလန်းသော ပန်းခြံကြီးတစ်ခုအတွင်း၌ တည်ရှိ နေခြင်းဖြစ်သည။ ကျွန်တော်မော်တော်ကားကို အရှိန်သတ်ကာ အနားမှဖြတ် သွားသည့် လယ်သမား အဘိုးအိုတစ်ယောက်ထံ စုံစမ်းမေးမြန်းမိသည်။

'အဲ့ဒီရဲတိုက်မှာ အခု ဘယ်သူနေသလဲ'

အဘိုးအိုးက ဖျက်ခနဲ ရပ်ကာ ကျွန်တော့်အားကြည့်၍ ပြုံးပါသည်။

'ဘာပြုလို့လဲ၊ အဲဒီအိမ်မှာ မွန်စိယာလီဗဲရားနေတယ်လေ။ သူက လွဲလို့ တစ်ခြားလူ ဘယ်သူနေမလဲ'

သူ့အဖြေကြောင့် အံ့အားသင့်သွားမိသော ကျွန်တော်က ရေရွတ်လိုက်မိသည်။

'ဟုတ်ရဲ့လားဗျာ။ ဒါဆိုရင်တော့ ဒီအိမ်ဟာ အလွန်အရေးပါ အရာရောက်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ရဲ့အိမ်ပေါ့။ သူက မှူးမတ်မျိုးရိုးမ ဟုတ်လား'

အဘိုးက ခေါင်းညိတ်သည်။

'ဟုတ်တယ်လေ၊ မွန်စီယာလီဗာရားဟာ မြို့စားကြီးပေါ့။ ပြင်သစ်နိုင်ငံက ကျော်ကြားတဲ့ ပုဂ္ဂိုလ်တွေထဲမှာ တစ်ဦးအပါ အဝင်ပဲ။ သူက အခု ကျုပ်တို့ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှာ ဥက္ကဋ္ဌပေါ့။ ဒါကြောင့်မို့ ကျုပ်တို့လဲ သူနဲ့သိလာရတာ'

သူ့စကားဆုံးသည်နှင့် တပြိုင်နက် လယ်သမားအဘိုးအိုသည် လမ်းမကြီးပေါ်မှ ဖဲ့ဆင်းကာ ဖုန်ထူထူ လမ်းကြားအတိုင်း လျှောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com


သူ့လေသံနှင့်အပြုအမူတွင် ထူးခြားမှု တစ်ခုခုရှိသည်ဟု ထင်မိစရာပင်။ မည်သို့ပင်ဖြစ်စေ၊ သူ့စကားသည် ကျွန်တော်၏ သိချင်စိတ်ကို ပိုမို၍ ပြင်းထန် အောင် နှိုးဆွလျက်ရှိသည်။ သွားရင်းလာရင်း ဇာတ်လမ်းတစ်ပုဒ် ရလေမလား။

ကျွန်တော်၏ ခရီးစဉ်သည် စိန့်-မာလိုသို့ သွားရန်ဖြစ်သည်။ သို့သော်လည်း ကျွန်တော့်တွင် အချိန်ပိုရှိနေသဖြင့် မော်တော်ကားကို ရွာဘက်သို့ မောင်းခဲ့ပြီး စားသောက်ဆိုင်တစ်ဆိုင်ရှေ့၌ ရပ်သည်။ ကျွန်တော့်ရင်ထဲတွင် မွန်စီယာလီဗာရားနှင့် တွေ့ချင်စိတ် အလွန်ပြင်းပြနေပြီ မဟုတ်ပါလော။

ဤကိစ္စမှာ မခက်ခဲပါဟု ဆိုင်ရှင်က အာမခံသည်။ ဥက္ကဋ္ဌအား လူတိုင်းက အချိန်မရွေး ဝင်ရောက်တွေ့ဆုံနိုင်ပါသည်ဟု ဆိုသည်။ ကျွန်တော် သည် လူလမ်းညွှန်လိုက်သည့်အတိုင်း ရွာပန်းခြံကို ဖြတ်ကာ ခေါင်းမိုးနီနီနှင့် အဆောက်အအုံထဲသို့ ဝင်ခဲ့သည်။ အတွင်းဘက်တွင် ထုံးဖြူသုတ်ထားသော အခန်းကလေးတစ်ခန်းရှိသည်။ ထိုအခန်းထဲရှိ သစ်သားစားပွဲတစ်လုံး၌ ထိုင်နေသူသည် ကျွန်တော်တွေ့ချင်နေသည့် ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။

မွန်စီယာလီဗဲရားမှာ အသက် လေးဆယ်ကျော်၊ ငါးဆယ်တွင်း အရွယ်မျှသာ ရှိသေးသည်။ ကိုယ်လုံးကိုယ်ထည် ပိန်ပါးပါး ပါးနှစ်ဘက်က ခပ်ချိုင့်ချိုင့်။ မျက်လုံးအကြည့်စူးရှထက်မြက်သလောက် အေးဆေးတည်ငြိမ် သည်။ ဝတ်စား ဆင်ယင်ပုံမှာ ရိုးရိုးစင်းစင်းရှိလှ၏။ ကျွန်တော့်ကို မြင်သည့် အခါ ဆီး၍နှုတ်ဆက်ရန် ထိုင်ရာမှ ထရပ်သည်။ သူ့ကိုကြည့်ရသည်မှာ အလုပ် များသဖြင့် ပင်ပန်းနွမ်းနယ်နေသည့် လက္ခဏာရှိ၏။ သူသည် ဖော်ရွေသော အပြုံးဖြင့် ကျွန်တော့်လက်ကိုဆွဲ၍ နှုတ်ဆက်သည်။ ယာတောတစ်ခုမှ လူငယ် စုံတွဲတစ်တွဲအား အခုပင် လက်ထပ်ပေးခဲ့ရသည်ဟု တရင်းတနှီးလေသံဖြင့် ပြောသည်။ ကျွန်တော်က လိပ်စာကတ်ကလေး ထုတ်ပေးလိုက်သည့်အခါ ပို၍စိတ်ဝင်စား သည့် အရိပ်အခြည်ပြသည်။ နှစ်ယောက်သား တစ်ခဏမျှ စကားလက်ဆုံ ကျသွားသည့်အခါတွင်မူ သူက ကျွန်တော့်အား ညစာစားဖို့ ဖိတ်သည်။ ကျွန်တော့်ဘက်က လုံးဝမမျှော်လင့်မထားသော ဧည့်ဝတ်ပြုမှု တစ်ခုဖြစ်နေ သဖြင့် များစွာအံ့အားသင့်သွားမိပါသည်။

ကျွန်တော်တို့ သူ့ရုံးခန်းထဲမှ ထွက်လာပြီး လမ်းပေါ်လျှောက်သွားကြ

www.burmeseclassic.com

www.burmeseclassic.com


သည့်အချိန်တွင် ညနေစောင်းနေလေပြီ။ ရာသီဥတုသည် အေးစိမ့်စိမ့်။ ယာတောမှပြန်လာကြသည့် လူငယ်များ။ တံတားရေဆိပ်မှ အဝတ်လျှော်ပြီး ပြန်လာကြသည့် မိန်းမများနှင့် ကျောင်းတွင်းမှခုန်ပေါက်ပြေးလွှားပြီး ထွက်လာကြသည့် ကလေးသူငယ်များသည် ကျွန်တော့်အဖော်အား တလေးတစား တရင်းတနှီး နှုတ်ဆက်သွားကြသည်ကို တွေ့ရပါသည်။ သူတို့၏ အပြုအမူသည် မွန်စီယာလီဗဲရားအပေါ် ရိုသေကိုင်းရှိုင်းခြင်းရှိသော်လည်း ကျွန်နှင့်သခင် ဆက်ဆံခြင်းမျိုးတော့ မဟုတ်ပါ။ စေတနာ မေတ္တာအပြည့် နှစ်ဦးနှစ်ဘက်နား လည်မှုအပြည့်ဖြင့် ဆက်ဆံသည့်သဘောမျိုးဖြစ်သည်။

ကျွန်တော်တို့သည် ရဲတိုက်၏ဂိတ်မုဝင်ကာ လမ်းသွယ်အတိုင်း လျှောက်ခဲ့ကြသည်။ ငွေကြေးအဆင်ပြေမှုကြောင့် ဘာကိုမှ ပြုပြုပြင်ပြင် လုပ်မထားနိုင်သည့် အခြေအနေကို မြင်တွေ့နေရ၏။ အဝင်လမ်းပေါ်တွင် ထင်နေသော လှည်းဘီးရာကြီးများ၊ ပန်းခြံရှေ့လူသွားလမ်း ပလက်ဖောင်း ကျောက်ပြားများကြားမှ ထိုးထွက်နေကြသည့် ပေါင်းပင် မြက်ပင်များနှင့် ဆက်ဝင်ပတ်ပတ်လည်၌ ချထားသည့်ပန်းအိုးအကွဲများ၊ အိမ်ထဲရောက်သွားသည့်အခါတွင်လည်း အခန်းကြီးတွေ များသလောက် တိတ်ဆိတ်လှသည်ကို တွေ့ရသည်။ အစေခံများကိုလည်း မမြင်ရ။ တခမ်းတနား ခင်းကျင်းပြသမှုဟူ၍ ဘာတစ်ခုမှ မရှိ။ ရှေးဟောင်းရဲတိုက်တစ်ခုအတွင်း၌ တွေ့မြင်ရတတ်သည့် အဆောင်အယောင်အခမ်းအနားဟူ၍ ဘာမှမရှိပါ။ ခန်းမကြီး၏ အစွန်းတစ်ဘက်တွင် စားပွဲသေးသေးတစ်လုံးချထားသည်။ ထိုစားပွဲပေါ်၌ ပန်းကန် များ၊ ဇွန်းများ၊ ခက်ရင်းများ တင်ထားသည်။ အသက်ခပ်ကြီးကြီး ဆံပင် ဖြူဖြူနှင့် လုပ်ပုံကိုင်ပုံအလွန်နေးကွေးလေးလံသော အိမ်စေအမျိုးသားတစ်ဦးက ကျွန်တော်တို့အတွက် ညစာပြင်ပေးပါသည်။

တစ်နပ်စာ ညစာကို မြင်ရုံမျှဖြင့် ဤအိမ်ကြီး၏ ကျပ်တည်းမှုကို သိနိုင်ပါသည်။ ပထမဆုံး အရည်ကျဲကျဲ စွပ်ပြုတ်ရည်တစ်ခွက်စီ လာချပေးသည်။ ထို့နောက် ပေါက်မုန့်ကြမ်းနှင့် ဟင်းသီးဟင်းရွက်ကြော်စားကြရသည်။ နောက်ဆုံးတွင် အချိုပေါ့လှသည့် ကော်ဖီကြမ်းတစ်ယောက်တစ်ခွက်။ စိတ်မကောင်းသည့် အရိပ်လက္ခဏာကို မပြမိစေရန် ကျွန်တော်ကြိုးစားသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော်လည်း မရပါ။ စိတ်ရှုပ်သွားသည့် အနေအထားသည် ကျွန်တော့်မျက်နှာပေါ်၌ ပေါ်နေဟန်တူပါသည်။ ကျွန်တော့်အိမ်ရှင်က ကျွန်တော့်အား တစ်ချက်မျှကြည့်ပြီး တစ်ချက်မျှရယ်သည်။

'ခင်ဗျားက အခုလိုရောက်လာလိမ့်မယ်ဆိုတာ စောစောစီးစီးကြိုသိရင် ကောင်းမှာ၊ အဲ့ဒါဆိုရင် အခုထက်ကောင်းအောင် လုပ်ထားလို့ရတယ်၊ ခင်ဗျားလဲသိပါလိမ့်မယ်။ ကျွန်တော်တို့က ဧည့်သည်လာရင် သိပ်ဝမ်းသာတာ၊ ကျွန်တော်တို့ရွာမှာ လုံးဝအစားမစားရတဲ့ အချိန်တွေရှိဖူးတယ်'

ကော်ဖီသောက်အပြီးတွင် သူသည် ကျွန်တော့်အား ဆင်ဝင်သို့ ခေါ်သွားသည်။ စီးကရက်တစ်လိပ်တည်သည်။ အမှောင်ရိပ်များကျလာပြီ။ အိမ်နောက်ဘက် ထင်းရှူးတောဆီမှ ဖီးကွက်များ၏ အော်သံသဲ့သဲ့များမှ တစ်ပါး အခြားဘာသံမှ မကြားရ။ တိတ်ဆိတ်မှုသည် ကြီးမားလှ၏။ လမထွက်သေး သော်လည်း ကျွန်တော်တို့၏ ရှေ့တည့်တည့်တောင်ကြားလွင်ပြင် အတွင်းရှိ ရွာမှ မီးရောင်များကိုမြင်နေရသည်။ ထိုရှုခင်းသည် ကျွန်တော့် အဖော်၏စိတ်ကို ဆွဲဆောင်မှုရှိနေပုံရ၏။ သူ့အကြည့်သည် တည်ငြိမ်စူးစိုက် လှသည်။

'အခု ခင်ဗျားလှမ်းမြင်နေရတဲ့ ရွာကလေးလို နေရာမျိုးမှာ ဝိညဉ်တစ်ခုရှိနိုင်တယ်လို့ ပြောရင် ခင်ဗျားယုံပါ့မလား'

သူ့နှုတ်မှ ထွက်လာသည့် မမျှော်လင့်သောမေးခွန်း။ ကျွန်တော် ရုတ်တရက် အဖြေမပေးနိုင်မီ သူက ဆက်ပြောသည်။

'ခင်ဗျားအဖို့တော့ ဒီစကားဟာ ရယ်စရာ ဖြစ်ချင်ဖြစ်နေမှာပဲ၊ ဒါပေမယ့် ကျွန်တော့်အဖို့တော့ အလေးအနက် လက်ခံထားတဲ့ ယုံကြည်မှုတစ်ခု ဖြစ်နေတယ်'

တစ်ခဏမျှ ငြိမ်ဆိတ်သွားသည်။ သူသည် စီးကရက်ကို တစ်ချက်မျှ အားရပါးရ ဖွာလိုက်သည်။ သူ့အား အမြဲတစေ ဒုက္ခပေးနေပုံရသည့် ချောင်းဆိုးသံထွက်လာသည်။ သူသည် ရှေ့တည့်တည့်ကို စူးစူးစိုက်စိုက်ကြည့်ကာ စကားကိုဆက်သည်။

သူပြောပြသည့်အတိုင်း ဆိုပါက သူသည် မိသားစုတစ်စု၏ညီအစ်ကို

www.burmeseclassic.com

www.burmeseclassic.com


သုံးဦးတည်းမှ တစ်ဦးဖြစ်သည်။ သူ့အစ်ကိုနှစ်ယောက်စလုံး ပထမကမ္ဘာစစ်ကြီးအတွင်းက သေဆုံးခဲ့ကြသည်။ သူကိုယ်တိုင်လည်း ထိုစစ်ကြီးအတွင်းက လေးနှစ်တိတိ ကတုတ်ကျင်းများထဲ၌ထိုင်ကာ အချိန်ရသမျှ ဆေးပြင်းလိပ်များကိုချည်း မနားမနေ ဖွာနေရသဖြင့် သူ့အဆုတ်များသည် ကလိုရင်းဓာတ်ငွေ့ သင့်ခံခဲ့ရပါသည်ဟု ဆိုသည်။

ပထမကမ္ဘာစစ်ကြီးပြီးသည့်အခါ မိဘနှစ်ပါး ကွယ်လွန်သည်။ ထို့နောက် ဒုတိယကမ္ဘာစစ်ကြီးဖြစ်သည်။ ဂျာမန်များဝင်လာသောအခါ ရဲတိုက်ကိုသိမ်း၍ စစ်ဌာနချုပ်ရုံးလုပ်သည်။ သူ့အား မြေအောက်တော်လှန်ရေးလှုပ်ရှားမှုကို ခေါင်းဆောင်သည်ဟု သံသယဝင်ကာ ဖမ်း၍ထောင်သို့ ပို့ထားသည်။ သူ့ဘဝတွင် နောက်ထပ်လေးနှစ်မျှ ဘာမှမလုပ်ရပဲ အချိန်ကုန်ခဲ့ရပြန်လေ၏။

သူသည် စကားကို မဆက်သေးဘဲ ရပ်ထားပြီး ပြုံးနေသည်။ စီးကရက်တစ်လိပ် ထပ်ညှိပြန်သည်။

'တစ်နေ့ကျရင်တော့ ထောင်ထဲက အတွေ့အကြုံကို ပြောပြချင်ပါသေးတယ်။ တရားဥပဒေအရ စစ်ဆေးမှုဆိုတာ လုံးဝမရှိဘူး။ ကျွန်တော်က ထောင်မှူးကို ရုပ်အင်္ကျီ၊ ရွှေလက်ကြယ်သီးတွေ လာဘ်ထိုးပြီး ကြိုးဝယ်ခိုင်း တယ်၊ အဲဒီကြိုးနဲ့ ငါးဖမ်းပိုက်တွေ ရက်လိုက်တာ အများကြီးပဲ၊ အဲဒီပိုက် တွေရက်နေရင်း အတွေးတစ်ခုဝင်လာခဲ့တယ်၊ ဟုတ်တယ်၊ မွန်စီယာ ကျွန်တော် အလေးအနက်တွေးမိတာ၊ ကျွန်တော်ဟာဒဿနိကပညာရှင်တစ်ယောက် မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော့်ရဲ့ ဘဝအမြင်ဟာ ထောင်ထဲမှာနေတုန်းက ဝင်လာတဲ့ အတွေးတစ်ခုကြောင့် လုံးဝပြောင်းလဲသွားတာ အမှန်ပဲ'

သူသည် အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း၍ စဉ်းစားနေသည့် နှယ် အတန်ကြာမျှ ငြိမ်နေသည်။

'ကျွန်တော်တို့ထောင်သားတွေဟာ မဟာမိတ်တပ်တွေက လွှတ်ပေးလိုက်လို့ လွတ်မြောက်လာခဲ့ကြရတယ်၊ အမှန်တော့ ကျွန်တော် ဒီလိုပြန်ရောက်လာခဲ့တာဟာ အမေရိကန်တွေရဲ့ ကျေးဇူးပါ၊ ဒီနေရာဒေသက ဒီအိမ်ဟာ ကျွန်တော်ရဲ့ ဘိုးဘွားဘီဘင်အစဉ်အဆက် နေလာခဲ့ကြတာပါ၊ ကျွန်တော်ပြန်

www.burmeseclassic.com

www.burmeseclassic.com


ရောက်တော့ တစ်အိမ်လုံး ပျက်စီးနေလိုက်တာ ရစရာမရှိဘူး၊ အားလုံး ဖရိုဖရဲပဲ’

သူသည် သူ့ကိုယ်သူ အပြစ်တင်လိုဟန်ဖြင့် နှုတ်ခမ်းကို မဲ့လိုက်သည်။

‘ထောင်ထဲမှာတုန်းက မှောင်ခိုဈေးကွက်မှာရှိနေတဲ့ ဖရန့်ငွေတန်ဖိုးကို ကျွန်တော် မမှန်းဆခဲ့နိုင်ဘူး။ ကျွန်တော်ရဲ့ မလိမ္မာမှုတစ်ခုပဲ ဆိုပါတော့၊ နောက်ဆုံး ငွေကြေးဖောင်းပွမှုလဲ ဖြစ်ရော အခွန်အတုတ်နဲ့ တင် ကိစ္စက ပြတ်ကရော၊ ကျွန်တော့်ရဲတိုက်နဲ့ မြေတွေရဲ့ အပျက်အစီးကို ပြန်ပြီးပြုပြင်ဖို့ စဉ်းစားတော့ မလွယ်တော့ဘူး၊ ဒီအိမ်ကနေပြီး ဝေးရာကို ထွက်ပြေးမှပဲ ဖြစ်တော့မယ့် အခြေအနေကို သတိထားလာမိတယ်။ ရွာသူရွာသားတွေရဲ့ အဖြစ်က ကျွန်တော့်အဖြစ်ထက် အဆပေါင်းများစွာ ပိုဆိုးနေတာကို ကျွန်တော် သတိထားလာမိတယ်။

လွတ်မြောက်ရေး တိုက်ပွဲကာလအတွင်းမှာ ရွာထဲက အိမ်တွေဟာ ပျက်စီးကုန်တယ်။ အစားအစာကလဲ သိပ်ရှားပါး၊ ငွေကြေးကလဲ ဖောင်းပွ၊ မှောင်ခိုဈေးကွက်က မင်းမူ၊ ငွေတန်ဖိုးက လုံးဝ တန်ဖိုးမရှိသလောက် ကျတာ ဆိုတော့ အခြေအနေကသိပ်ဆိုးလာတယ်။ လယ်သမားတွေ အနေနဲ့လဲ တစ်ချိန်က မီးဖိုခေါင်းတိုင်တို့ ဘာတို့မှာ ဝှက်ပြီး စုဆောင်းထားခဲ့သမျှ ငွေတွေဟာ တန်ဖိုးမရှိ ဖြစ်ကုန်တော့ အကြီးအကျယ် ဒုက္ခရောက်ကြရရှာတယ်၊ ကျွန်တော် တို့ ယုံကြည်နေသမျှ အရာရာတိုင်းဟာ လုံးဝကွယ်ပျောက်ကုန်သလိုပဲ။ လူတွေ မှာနေစရာ အိမ်၊ စားစရာ ပေါင်မုန့်၊ သုံးစရာငွေသာ မရှိကြတာ မဟုတ်ဘူး သားလဲ မရှိ၊ ယုံကြည်မှုလဲ မရှိဆိုတဲ့အဖြစ်ထိ ရောက်ကုန်ကြတယ်။

‘တကယ်ပါ မွန်စီယာ၊ သူတို့မှာ ဘုရားသခင်ဆိုတာ မရှိတော့ဘူး၊ ဘုရားသခင်ပေါ်မှာ ထားနေတဲ့ ယုံကြည်မှုက လုံးဝပျက်ပြားသွားခဲ့တယ်၊ ဒါဟာ ပြင်သစ်တစ်နိုင်ငံလုံးမှာ ဖြစ်သွားတာ၊ အဲသလို အခြေအနေမျိုးမှာ ရန်သူအစစ်ဟာ တိတ်တဆိတ်ကြိတ်ပြီး ဝင်လာတယ်၊ အခုလို မြို့ပြနဲ့ဝေးတဲ့ တောရွာကျေးလက်မှာ ဒီလိုအခြေအနေဆိုးနဲ့ ရင်ဆိုင်ကြရတာကို အကွက် ကောင်းယူပြီး ကွန်မြူနစ်ဝါဒက ဝင်လာတာပဲ’

‘မာတင်လို့ခေါ်တဲ့ မော်တော်ကား စက်ပြင်ဆရာက ခေါင်းဆောင်

www.burmeseclassic.com

www.burmeseclassic.com


ပေါ့၊ သူကလဲ စီးပွားပျက်တဲ့ဒဏ်ကို အပြင်းအထန် ခံခဲ့ရတဲ့ လူပေါ့၊ သူ့လုပ်ငန်းကလဲ ပျက်၊ သူဝယ်ထားတဲ့ မြေတွေပေါ်မှာလဲ ဘာမှစိုက်လို့မဖြစ်၊ စစ်ကြီးကာလအတွင်းမှာ ဆူးချုံတွေဖုံးနေတာကို လက်ပိုက်ကြည့်နေခဲ့ရတဲ့ ဘဝပဲ၊ သူ့စီးပွားရေး အခြေအနေက နာလံမထူနိုင်တဲ့အဖြစ်မျိုး ရောက်နေတယ်၊ အဲ့ဒီမှာတင် သူက တော်လှန်ရေးတစ်ရပ် ဆင်နွှဲဖို့ဆိုတဲ့ အယူအဆနဲ့ တရားစ,ဟောတာပဲ၊ မကြာခင်မှာဘဲ လူအတော်များများဟာ သူ့ဩဇာအောက် ရောက်သွားကြတယ်'

ကျွန်တော် အိမ်ရှင်သည် ဤနေရာတွင် စကားဖြတ်၍ ရပ်ကာ ည အမှောင်ထုဆီသို့ ငေးမောနေသည်။

'ကျွန်တော် တစ်ခုတော့ ဝန်ခံရလိမ့်မယ်၊ ကျွန်တော်တို့ မိသားစုတွေဟာ ရွာနဲ့သာနီးတာ၊ အဆက်အဆံမရှိကြဘူး၊ အိမ်အတွက် အစေခံတို့၊ ဥယျာဉ်မှူးတို့၊ မြင်းရထားနောက်လိုက်တို့လိုမှ သွားပြီး ရှာကြ ငှားကြလုပ်တာ၊ ဒါပေမယ့် ကျွန်တော်ကျတော့ စိတ်ထဲမှာ ဒီရွာအတွက် တာဝန်ရှိနေသလိုလို ထူးဆန်းတဲ့ခံစားမှု ဝင်လာတယ်၊ ဆုံးရှုံးသွားတဲ့ စွမ်းရည်နဲ့ပတ်သက်ပြီး ဟောပြောနေကြတဲ့ ပုံပြင်တွေကို ခင်ဗျားမှတ်မိကောင်း မှတ်မိပါလိမ့်မယ်၊ ကျွန်တော့်အဖြစ်က အဲဒီပုံပြင်တွေထဲက ဖြစ်သလို ဖြစ်လာတာ၊ ကျွန်တော့်မှာ စိတ်အားပျက်စရာအဖြစ်နဲ့ ရင်ဆိုင်နေရတဲ့ အချိန်ကျခါမှပဲ သူတို့ဆီသွားပြီး အကူအညီ ပေးသင့်တယ်ဆိုတဲ့ ခံစားမှုမျိုး စိတ်ထဲမှာပေါ်လာခဲ့ရတယ်'

'အဲ့ဒီအချိန်မှာပဲ ကျေးရွာဥက္ကဋ္ဌနေရာ လစ်လပ်နေတယ်၊ လုပ်ချင်တဲ့လူလဲ တစ်ဦးမှမရှိဘူး၊ ကွန်မြူနစ်ဝါဒ ရိုက်သွင်းနေတဲ့ မာတင်ကတော့ ဒီစနစ်ဟာ လုံးဝခေတ်မမီတော့တဲ့ စနစ်ဆိုး၊ စနစ်ပျက်တဲ့၊ လူတွေကို လိမ်ညာလှည့်ဖျားပြီး ခေါင်းပုံဖြတ်တဲ့အလုပ်တဲ့၊ ကျွန်တော်က အဲ့ဒီအလုပ်အတွက် အဆိုလွှာ တင်သွင်းလိုက်တော့ အရွေးခံရတယ်၊ ကျွန်တော်ကလဲ ရွာသူရွာသားတွေက ကျွန်တော့်ကို အလုပ်အကျွေးပြုအောင် မနေဘဲ ကျွန်တော်ကသာ သူတို့ကို အလုပ်အကျွေးပြုနိုင်ဖို့ ကြိုးစားခဲ့တယ်'

www.burmeseclassic.com

www.burmeseclassic.com


သူသည် စကားကို ဆက်မပြောဘဲ ရပ်နေသည်။ သူ့အပြုံးသည် ကျွန်တော့်ဘက်လှည့်လာသည်။

'ကျွန်တော့်အကြောင်းတွေ အသေးစိတ်ပြောပြနေရင် ခင်ဗျားပျင်းသွားတော့မှာပဲ၊ ကျွန်တော့်ရဲ တိုက်ရဲ့အစွန်မှာ ယာမြေတွေရှိတယ်၊ ကျွန်တော် က အားလုံးကို ခွဲဝေပြီး စိုက်ချင်၊ ပျိုးချင်တဲ့လူတွေ လက်ထဲလွှဲပေးလိုက်တယ်၊ တစ်ချို့လူတွေအတွက်တော့ ပင်လယ်ဘက်မှာ ငါးဖမ်းလုပ်ငန်းထောင်ပေးလိုက်တယ်၊ ထောင်ထဲတုန်းက ရက်ထားခဲ့တဲ့ ပိုက်တွေလဲ အသုံးဝင်သွားရော၊ ငါးတွေကို ရီနီမှာ သွားရောင်းနိုင်အောင်လဲ ကျွန်တော်ကပဲ စီစဉ်ပေးလိုက် တယ်၊ အလုပ်လုပ်နိုင်ဖို့အတွက် အခွင့်အလမ်းရှိသမျှကို ဖော်ထုတ်ပေးတယ်၊ အဓိကလိုအပ်တာက ဘာလဲ...၊ လူတိုင်းကို ကူညီနိုင်ဖို့ ပဋိပက္ခဖြစ်လာရင် ဖျန်ဖြေပေးဖို့၊ အဲဒါပဲ'

'တကယ်တော့ လုပ်ရတာ မလွယ်ပါဘူးဗျာ၊ သဘာဝအတိုင်းပဲ လူတွေက ကျွန်တော့်ကို မယုံကြည်ကြဘူး၊ ကျွန်တော့်စေတနာအပေါ်မှာ သံသယဖြစ်ကြတယ်၊ ကျွန်တော့်ကွယ်ရာကနေပြီး လှောင်ကြတယ် ဒါပေမယ့် အများစုဟာ သူတို့သဘောနဲ့သူတို့ပဲ ကျွန်တော့်ဘက်ပါလာကြတယ်၊ မာတင်နဲ့ သူ့နောက်လိုက်တွေကတော့ ကျွန်တော့်ကို ရန်ပြုကြတုန်းပဲ၊ သူတို့မော်တော်ကား ပြင်ရုံရှေ့က ကျွန်တော်ဖြတ်သွားရင် အော်ဆဲတယ်၊ ပလက်ဖောင်းပေါ်ကို တံတွေးထွေးတယ်၊ သူတို့ ကျွန်တော့်ကို ဘယ်လောက်မုန်းတယ်ဆိုတာ ပြကြတာပေါ့လေ'

'အမှားအလုပ်နဲ့ဆိုတဲ့ စကားရှိပါတယ် မွန်စီယာ၊ ကျွန်တော့်ဘက်က အမှားမလုပ်မိအောင် သတိထားတယ်၊ ကျွန်တော်သူတို့ကို မမုန်းဘူး၊ သူတို့လဲ ပြင်သစ်တွေပဲ မဟုတ်လား၊ ကျွန်တော်ထောင်ထဲမှာ နေခဲ့ရတုန်းက ခေတ်ဟောင်းမျိုးချစ်ဝါဒ ဘယ်လောက် မှားတယ်ဆိုတာ နားလည်ခဲ့တယ်၊ ဟိုရှေး ခေတ်တုန်းကတော့ ကျွန်တော်တို့ လူစုဟု ကတုတ်ကျင်းထဲမှာ ထိုင်ပြီး လူတစ် ယောက်အနေနဲ့ အူမ မတောင့်ရင် စစ်မတိုက်နိုင်ဘူးလို့ ပြောမိခဲ့ကြတယ်။ လူတစ်ယောက်အနေနဲ့ အစာဟောင်းလောင်းဖြစ်နေတဲ့ ဗိုက်အတွက်တော့ စစ်မတိုက်ဘူးလို့ ပြောရင် ဘယ်လောက်မှန်မလဲလို့ တွေးမိတယ်၊ သူ့မှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံ တစ်ခုကတော့ ရှိနေမှာပေါ့။ ဥပမာ…ဒီနိုင်ငံမှာဆိုပါတော့၊ သူ့မှာ နေစရာ အိမ်ရှိရမယ်၊ လုပ်ကိုင်စားသောက်စရာ မြေရှိရမယ်၊ ကြက်တို့၊ နွားတို့ ရှိရမယ်၊ ဘဝမှာ လူလိုသူလို နေနိုင်တဲ့အဆင့်ကလေးတော့ ရှိရမယ်၊ ဒါမှလဲ သူ့ကို သစ္စာစောင့်သိတဲ့ နိုင်ငံသားတစ်ယောက် ဖြစ်လာအောင် လုပ်လို့ရမှာ ပေါ့'

'ဒီအယူအဆကို တစ်ကမ္ဘာလုံးက လက်ခံလာနေပြီဆိုတာ သိပ်ပြီး တင်ရှားလာတယ် မွန်စီယာ၊ သာယာ ပျော်ရွှင်နေတဲ့ လူတွေဟာ ဘယ်တော့မှ ကွန်မြူနစ်တွေ ဖြစ်မလာပါဘူး၊ တော်လှန်ရေးဆိုတာဟာ မကျေနပ်မှုနဲ့ ဆင်းရဲ ဒုက္ခကြားကသာ ပေါက်ဖွားတာပါ၊ တကယ်လို့ ကျွန်တော်တို့အနေနဲ့ လူထု တစ်ရပ်လုံးကို ကိုယ်စိတ်နှစ်ပါး ဆင်းရဲတဲ့အထိ မိုက်မဲကြမယ်ဆိုရင် အပြစ် တင်ရမယ့် တရားခံဟာ ကျွန်တော်ပဲ ဖြစ်မှာပဲ'

သူသည် အချိန်အတော်ကြီးကြာမျှ ငြိမ်နေသည်။ ထို့နောက်သူ၏ ပင်ကိုယ်စရိုက်အတိုင်း တည်ငြိမ်အေးဆေးသောလေသံဖြင့် စကားကို ဆက်ပြော သည်။

'ကျွန်တော်တို့ ပြင်သစ်နိုင်ငံအနေနဲ့ အမေရိကန်နိုင်ငံရဲ့ စေတနာအ ပေါ်မှာ အလေးအနက်ပြုခဲ့ကြတယ်ဆိုတာ အထူးပြောစရာ မလိုဘူးလို့ ထင် ပါတယ်၊ ၁၉၄၈ ခုနှစ် နွေဦးပေါက်တစ်ရက်မှာ ကျွန်တော်တို့ရွာကို မာရှယ် စီမံကိန်းအရ အထောက်အပံ့ ပစ္စည်းတစ်ခု ရောက်လာတယ်၊ ထွန်စက်တစ်လုံး ဆိုပါတော့…ထွန်ဖို့၊ ယက်ဖို့၊ ရိတ်သိမ်းဖို့အထိ လုပ်နိုင်တဲ့စက်ပေါ့၊ စက် ပစ္စည်းလဲ အစုံအလင်ပါလာတယ်၊ ရွာလယ်ကွက်လပ်ထဲမှာ ထားတာဆိုတော့ လူတိုင်းလာကြည့်ကြတယ်၊ စက်အသစ်စက်စက်ကြီးဆိုတော့ စိတ်ဝင်စားစရာ ပေါ့'

'ညနေပိုင်းကျတော့ လူရှင်းသွားတယ်။ လူပြတ်ချိန်မှာ လူတစ် ယောက်ဟာ အဝေးကနေပြီး စက်ကို လှည်းကြည့်နေတယ်။ နောက်တော့ အနားရောက်လာတယ်။ ပထမ အင်ဂျင်ကိုကြည့်တယ်။ ပြီးတော့ ဂီယာတို့၊ ဘရိတ်တို့ကို ကြည့်တယ်၊ ဘီးက တာယာတွေကိုတောင်မှ လက်နဲ့ထုရိုက် ကြည့်တယ်၊ ကျွန်တော်ကဘယ်သူပါလိမ့်ဆိုပြီး သေသေချာချာ ကြည့်လိုက်

www.burmeseclassic.com

www.burmeseclassic.com


တော့ လားလား မာတင်ဗျာ၊ သိလား ကျွန်တော်သူ မမြင်အောင် သူ့အနား အသာလေး ကပ်သွားတယ်’

‘မင်္ဂလာ ညနေခင်းပါ မာတင်’ စက်ကတော်တော့်ကို ကောင်းတဲ့ စက်ပဲ’လို့ ကျွန်တော်ကပြောတယ်။

‘သူ ကျွန်တော့်ကို ဒေါသတကြီး ကြည့်တယ်၊ သူ မုန်းတီးစက်ဆုတ်တဲ့ အရင်းရှင်တွေရဲ့ စက်ပစ္စည်းတစ်ခုကို တအံ့တသြကြည့်နေတုန်း အငိုက်မိခံရသလို ဖြစ်တော့ ရှက်တာပေါ့လေ၊ ဒါပေမယ့်လဲ ရိုးသားတဲ့ လူဆိုတော့ အမှန်အတိုင်း မပြောဘဲ မနေနိုင်ရှာဘူး၊ သူက ကျွန်တော့်ကို ဒေါနဲ့ မောနဲ့ ကြည့်တယ်’

‘ဟုတ်တယ်၊ စက်ကောင်းပဲ၊ အရှုးတောင် ပြောနိုင်တယ်’လို့ ပြန်ပြောတယ်။

ကျွန်တော်က သူ့ကို စိုက်ကြည့်နေမိတယ်၊ အဲ့ဒီတုန်းမှာပဲ ဖြုန်းခနဲ စိတ်ကူးတစ်ခု ဝင်လာတယ်၊ တကယ်တော့ မာတင်က စက်ပစ္စည်းဆိုရင် အလွန်ချစ်၊ အလွန်သိတဲ့ စက်ပြင်ဆရာတစ်ယောက် မဟုတ်လား။ ပြီးတော့ သူ့မှာ ဘာမှ မလုပ်နိုင်လို့ စွန့်ပစ်ထားရတဲ့ ယာတွေလည်းရှိနေတယ်။ အဲဒီတော့ ကျွန်တော့်ပါးစပ်က လွှတ်ခနဲထွက်သွားတယ်။

‘ဒီစက်ကောင်းကြောင်း မင်းဆီက ထောက်ခံတာ ကြားရတော့ ငါ ဝမ်းသာတယ် မာတင်၊ ဒီစက်ကို မင်းယူတော့’

‘ပထမတော့ ကျွန်တော့်စကားကို သူနားမလည်းဘူး၊ကြောင်နေတယ်။ ကျွန်တော်ရူးသွားပြီလို့လဲ ထင်ပုံပေါ်တယ်။ နောက်တော့ ကျွန်တော်က သူ့ကို သရော်နေတယ်လို့ ထင်ပြီး ဒေါသကြီးလာတယ်။ ဒါပေမယ့် ဒီစက်က ကျွန်တော့လက်ထဲမှာ ရှိနေတယ်ဆိုတာ သူသိတော့ ကျွန်တော် တကယ်ပြောတာ ဟုတ်မဟုတ် အကဲခတ်တယ်။ကျွန်တော့်မျက်နှာက အတည်ပြောနေမှန်းလဲ ရိပ်မိရော သူ့မျက်နှာဟာ ဖြူရော်ရော် ဖြစ်သွားတယ်။ သူ့စိတ်ထိခိုက်သွားတယ်ဆိုတာ မြင်ရုံနဲ့သိသာတယ်။ သူစကားပြောမလို့ လုပ်တယ်။ မပြောနိုင်ဘူး။ သူ့မျက်လုံးတွေမှာ မျက်ရည်စို့လာတာတောင် ကျွန်တော် သတိထားမိတယ်။ ကျွန်တော်က နောက်ထပ်စကားတစ်ခွန်းမှ မပြောတော့ဘဲ လှည့်ထွက်လာခဲ့တယ်’

www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်အဖော်က ကိုယ်ကိုရှေ့သို့ ကုန်းလိုက်ပြီး ကျွန်တော့် လက်မောင်းကို လှမ်းကိုင်သည်။

'အဲဒီနောက်တော့ ဘာပြဿနာမှ နောက်ထပ် မပေါ်တော့ဘူး။ ရက်ရောတဲ့ အလုပ်တစ်ခုဟာ မနာလိုဝန်တိုစိတ်နဲ့ အာဃာတစိတ်ကို တစ်ချက်တည်းနဲ့ ဖယ်ရှားပစ်နိုင်တယ်ဆိုတာ လက်တွေ့ပဲ။ ဒီထွန်စက်ကို ကျွန်တော်တို့ တစ်ရွာလုံးအတွက် သုံးကြတယ်။ ဒါပေမယ့် ပိုင်ရှင်က မာတင်ပဲ။ သူကလဲ ဒီပစ္စည်းအတွက် ဂုဏ်ယူလို့မဆုံးဘူး။ သူ့ယာတွေကိုလဲ ပြန်ကောင်းလာအောင် ပြုပြင်လာနိုင်ခဲ့တယ်။ ပျက်စီးနေတဲ့ သူ့စိတ်ကိုလဲ ပြန်ပြီး ပြုပြင်လာနိုင်ခဲ့တယ်'

သူ့စကားဆုံးသည့်အခါ နှစ်ဦးစလုံး အချိန်အတော်ကြာမျှ ငြိမ်နေကြသည်။ ရွာဆီမှ မီးရောင်များသည် ပို၍လင်းလာသည်ဟု ထင်မိ၏။ ကျွန်တော် က သူ့လက်ကို ဆုပ်ကိုင်လိုက်သည်။

'မှန်ပါတယ်၊ ခင်ဗျားရှေ့မှာ ဝိညာဉ်တစ်ခုရှိနေတယ်။ အဲဒီဝိညာဉ်ကို ခင်ဗျားက ရှင်သန်ဖွံ့ဖြိုးလာအောင် လုပ်ပေးခဲ့တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်'

နောက်နေ့မနက်တွင် ကျွန်တော်သည် စောစောစီးစီးပင် အိပ်ရာမှ ထကာ ထွက်လာခဲ့သည်။ ရွာထဲတွင် လူအားလုံး မနိုးကြသေး။ သို့သော်လည်း မွန်စီယာ လီဗဲရိုးကတော့ သူ့အလုပ်ခွင်၌ရောက်နေပြီ။ ကျွန်တော် မော်တော်ကားမောင်းထွက်လာသည့်အခါ သူသည် သူ့ရုံးခန်းပြတင်းပေါက်မှရပ်၍ လက်တစ်ဘက် ဝှေ့ယမ်းပြပြီး နှုတ်ဆက်သည်။

သူ၏ ပိန်ပါးပါးရုပ်လွှာသည် ကျွန်တော့်မျက်စိထဲမှ မထွက်။ ပါးချိုင့်ချိုင့် အသားအရောင် ဖြူရော်ရော် ဖျော့တော့တော့။ မှုးမတ် မျိုးနွယ်ဝင်ဖြစ်သော်လည်း မာန်မနာမရှိ။ သူ့ပတ်ဝန်းကျင်ရှိ ကမ္ဘာလောကကြီးအား တာဝန်သိစိတ်ဖြင့် ကိုယ်ချင်းစာတရား ထားခဲ့သည်။ သူတတ်နိုင်သမျှ အိမ်နီးနားချင်းများအား ကူညီစောင့်ရှောက်သည်။ အားလုံးကို တညီတညွတ်တည်း ဖြစ်အောင် စုစည်းပေးသည်။ သူချစ်မြတ်နိုးသော နိုင်ငံအတွင်း၌ လွတ်လပ်မှု

www.burmeseclassic.com

www.burmeseclassic.com


ရောင်ခြည်ကို တောက်ပသည်ထက် တောက်ပလာအောင် ထက်သန်ပြင်းပြသောစိတ် မလျှော့သောဇွဲဖြင့် ကြိုးပမ်းအားထုတ်လျက်ရှိသည်။

ကျွန်တော် တွေးမိပါသည်။ အကယ်၍သာ ဤကမ္ဘာပေါ်ရှိ ကျွန်တော် တို့ လူသားအားလုံးသည် တစ်ကိုယ်ကောင်းစိတ်ကို ပယ်နိုင်သမျှ ပယ်ပြီး မှန်ကန်သောစေတနာ၊ ခိုင်မာသော ယုံကြည်ချက်ဖြင့် ကိုယ်ကျိုးစီးပွားကို ရှေ့တန်းမတင်ဘဲ စုပေါင်း၍ တစ်ယောက်အကျိုး တစ်ယောက်သည်ပိုး သွားနိုင်ကြမည်ဆိုလျှင် ယနေ့ဤကမ္ဘာအား ဒုက္ခပေးနေသော ပြဿနာအားလုံး သည် ကုန်ဆုံးသွားလိမ့်မည် မဟုတ်ပါလော။

* * * * *

[ ၃၈ ]

ဆောင်းဦးပေါက်ခဲ့ပြီ။ ကျွန်တော် နော်မင်ဒီနယ်မှ မခွာသေး။ ယာခင်းများသည် ရွှေဝါရောင်သန်းလျက်ရှိကြ၏။ သစ်သီးခြံကြီးများတွင်လည်း နီရောင်သမ်းနေသော ဆိုင်းဒါးပန်းသီးများ အခိုင်လိုက်အပြွတ်လိုက်သီးကာ တွဲလွဲခိုနေကြသည်။ အပြောကျယ်လှသော ဤတောပိုင်းဒေသဘက် တွင် စစ်ပွဲ၏ အရုပ်ဆိုး,အကျည်းတန်မှုများကို များများစားစား မမြင်ရ။ လမ်းဘေးရေမြောင်းများထဲ၌ ကျနေသော ဆီချေးတက်နေသည့် သံတိုသံစများနှင့် တင့်ကားတစ်စီးကလေးမှ ပြုတ်ကျထွက်လာသည့် အပိုင်းအစများကိုသာ တွေ့မြင်ကြရသည်။ သို့တစေလည်း အသီးအနှံပေါ်ကြွယ်ဝသော ဤတောပိုင်းတစ်ခုလုံး ဂျာမန်တို့၏ ကျူးကျော်ဝင်ရောက်မှုဒဏ်ကို အလူးအလိမ့်ခံခဲ့ကြရသည်ဖြစ်ရာ ယင်းတို့၏လက်မှ လွတ်မြောက်ရေးအတွက် အားတက်သရော ဝိုင်းဝန်းအားထုတ်ကြိုးပမ်းကြရသည့် အရိပ်အငွေ့များကတော့ လုံးဝပျောက်ကွယ်မသွားကြသေးပေ။

အေဗရန့်ချ်အနီးရှိ ရွာကလေးတစ်ရွာမှ လိုင်းယွန်းရော့ဂ် တည်းခိုခန်း၌ ကျွန်တော်တို့တစ်ညတာမျှဝင်၍ ဝပ်နားကြရသည့်အခါ ထိုအရိပ်အငွေ့၏ အစအနလေးတစ်ခုကို ကျွန်တော်တွေ့သဖြင့် မပြုံးဘဲမနေနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com


ဖြစ်ရပါသည်။ တစ်ခြားတော့မဟုတ်ပါ။ ကျွန်တော့်အိမ်ခန်းမှန်ပေါ်၌ ရေးထားသည့် *'ဂျွန်နီဘရောင်း၊ အမေရိကန်စစ်သား၊ ဒီမှာနေသည်'* ဟူသော စာတန်းတစ်ခု ကို သတိပြုလိုက်မိ၍ ဖြစ်ပါသည်။

ခဲတံနှင့်ရေးထားသောစာတန်းဖြစ်၍ အလွယ်တကူနှင့် ဖျက်ပစ်နိုင်သည်။ ဘာကြောင့် အခုထက်ထိ ရှိနေရသနည်း။ ကျွန်တော့်အဖို့ စိတ်ဝင်စားစရာဖြစ်လာသည်။ ညစာ စားအပြီးတွင် ကျွန်တော်သည် မီးဖိုခန်းထဲအထိ ဝင်သွားကာ ဤတည်းခိုရိပ်သာပိုင်ရှင် မဒမ်ဒဲလ်နော့တီနှင့် တွေ့ဆုံ၍စုံစမ်းမိပါသည်။

သူသည် ကျွန်တော့်အား ခြေဆုံးခေါင်းဆုံးကြည့်ကာ အကဲခတ်သည်။ သူ့လျှို့ဝှက်ချက်ကို ကျွန်တော့်အား ပြောပြလျှင် သင့်မသင့်ချိန်ဆနေပုံရသည်။ ပြီးတော့ စားပွဲတစ်လုံး၌ထိုင်၍ အဝတ်များဖာနေသော သူ့သမီးကလယ်ရာဆီသို့လည်း လှမ်း ...လှမ်းကြည့်သည်။ ထို့နောက် ရှေးဟောင်းနှောင်းဖြစ်များကို သတိရအောက်မေ့နေဟန်ဖြင့် ကျွန်တော့်မေးခွန်းကို ဖြေသည်။

မှန်ပါသည်။ ဂျွန်နီဘရောင်းသည် မော်တိန်းနှင့်အေဗရန်ချ်ကြားတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲ၌ ပါဝင်သော အမေရိကန်စစ်သား တစ်ယောက်ဖြစ်သည်။ အခုလိုအချိန်ကျတော့လည်း ထိုတိုက်ပွဲမည်မျှအထိ ပြင်းထန်ခဲ့သည်ကို သိနားလည်ဖို့မလွယ်။ ဟိုတစ်ချိန်ကတော့ အတော်ကြီး ပြင်းထန်သည့် တိုက်ပွဲ ဖြစ်၍ သီတင်းပတ်များစွာ ရှည်ကြာခဲ့သည်။ အနိုင်အရှုံး မရေမရာဖြင့် ရင်တမမ နေကြရသော တိုက်ပွဲဖြစ်၏။ မော်တန်းမြို့သည် ခုနစ်ကြိမ်ထက်မနည်း သူ့ လက်ရောက်လိုက်၊ ကိုယ့်လက်ရောက်လိုက်ဖြစ်ခဲ့သည်။ ယင်းအခြေအနေမျိုး တွင် တိုက်ပွဲဝင် စစ်သားများအား မကြာခဏ ရက်အနည်းငယ်မျှ အနားပေး ရသည်။ ဤသို့ဖြင့် ဂျွန်နီသည် ဤတည်းခိုရိပ်သာသို့ ရောက်လာခဲ့၏။

ဂျွန်နီသည်စကားနည်းသည်၊ အမြဲပြုံးနေလေ့ရှိသည်။ ဆံပင်နက်နက်၊ မျက်လုံးနက်နက်၊ အရပ်မြင့်မြင့်။ စစ်ကြီးဖြစ်စတွင် သူသည် အထက်တန်း ကျောင်း ထွက်စ။ သူ့ဇာတိအရပ်မှာ ဂျော်ဂျီယာပြည်နယ်၊

www.burmeseclassic.com

www.burmeseclassic.com


တစ်ကိုယ်တည်း သူ့ဘာသာသူ အေးအေးနေတတ်သည်။ စကားပြောလျှင် တောင်ပိုင်းသား လေသံဖြင့် ခပ်ဖြေးဖြေး လေးလေးပြောတတ်သည်။ သူ့အား မည်သူကစ,စ နောက်,နောက် အလွန်သည်းခံတတ်သဖြင့် အားလုံးက ချစ်ကြသည်။ သူ့သူငယ်ချင်းရဲဘော်များက ဂျွန်နီသည် တိုက်ပွဲတွင် အလွန်သတ္တိကောင်းသည်ဟု မဒမ်ဒဲလ်နော့တီအား ပြောပြကြသည်။ မည်သို့ပင်ဖြစ်စေ မဒမ်ကတော့ ဂျွန်နီထံ တွင် သူနှစ်သက်သော ထူးခြားသည့် အရည်အချင်းတစ်ခုရှိနေသည်ကို သတိထားမိသည်။ တခြားတော့မဟုတ်၊ ဂျွန်နီသည် သဘာဝလောကတွင် စိတ်ဝင် စားခြင်းဖြစ်သည်။

လိုင်းယွန်းရောဂ့်သို့လာ၍ အနားယူနေသည့် ရက်များတွင် ဂျွန်နီသည် သစ်တောများနှင့် မြက်ခင်းပြင်များဆီသို့ ထွက်သွားတတ်သည်။ တောထဲတွင် ခြေရာကောက်ခါ စမ်းချောင်းများကို ရှာဖွေတတ်သည်။ တွေ့ပြီဟော့ဆိုလျှင် စမ်းချောင်းအနီး၌ အလျားမှောက်ကာ ပိန်ညှင်းငှက် ငါးသုတ်ပုံ၊ ဖျံတစ်ကောင် လှုပ်ရှားပုံ၊ မြင်ပင်ကြီးများကြား၌ ခုန်ပေါက်ပြေးလွှားနေသော မြေကြွက်တို့၏ သဘာဝစသည်များကို စိတ်ဝင်တစား စောင့်ကြည့်နေလေ့ရှိ၏။ ကီလိုမီတာ အနည်းငယ်မျှသာ ကွာဝေးသော စစ်မြေပြင်ဆီမှ သေနတ်သံများနှင့် အမြောက်သံများ အဆက်မပြတ် ပေါ်ထွက်နေသော်လည်း သူ့အားအနှောင့်အယှက် မဖြစ်။ ညနေစောင်း၍ သူပြန်လာသည့်အခါ ထူးဆန်းသောလိပ်ပြာ သို့မဟုတ် ပဒတ် တစ်ကောင် ရှားပါးသစ်ပင် စသည်များသယ်ဆောင်လာတတ်ပေသည်။

ထို့နောက် ဂျွန်နီကံကောင်းပြန်သည်။ အေဗရန်ချ်၌ ရိက္ခာပို့ဆောင်ရေး တာဝန်ချထားခြင်းခံရသည်။ ထိုတာဝန်အတွက် ဌာနချုပ်ကို လိုင်းယွန်းရောဂ့်၌ ဖွင့်လှစ်ထားသည်။ ဤသို့ဖြင့် သူသည်တောထဲသို့ မကြာခဏ ခရီးသွားခွင့်ရခဲ့သည်။ ပထမတော့ သူတစ်ယောက်တည်းသွားသည်။

စစ်သားငယ်တစ်ဦး၏ အထူးတလည် စိတ်ဝင်စားမှုက ဆွဲဆောင်လေသလားမသိ။ ကလယ်ရာကပါ ဂျွန်နီနှင့်လိုက်သွားသည်။ တစ်နေ့တွင် သူတို့သည် ချုံကြားထဲ၌ မြေတူးငှက်တစ်ကောင်ကို တွေ့သည်။ ငှက်မှာ ခြေတစ်ဘက်ကျိုးနေပြီး အတောင်တစ်ဘက်တွင် ကျည်စတစ်စ ဝင်နေသဖြင့် မပျံနိုင်ဘဲ ဖြစ်နေသည်။

ဂျွန်နီက မြေတူးငှက်ကို အိမ်သို့ယူလာသည်။ သူကိုယ်တိုင်ဒဏ်ရာ

www.burmeseclassic.com

www.burmeseclassic.com


များကို စိတ်ရှည်လက်ရှည် ဆေးကုသပေးနေသည်။ ကလယ်ရာသို့ သားအမိက သူလုပ်ကိုင်နေသမျှကို အားမှရပ်၍ကြည့်နေကြသည်။ သူသည် ငှက်၏ခြေထောက်ကို ကျပ်စည်းပေးသည်။ ငှက်ကို လေချွန်သံပေး၍ ယဉ်ပါးအောင်လုပ်ကာ နွားနို့နှင့်ပေါင်မုန့်ကျွေးသည်။ သေတ္တာဟောင်းတစ်လုံးတွင် ကောက်ရိုးများခင်းကာ ငှက်ကိုသိပ်သည်။ ထို့နောက် ကလယ်ယာတို့သားအမိအား လှမ်းကြည့်ပြီး ပြုံးသည်။

'မစိုးရိမ်နဲ့တော့၊ မကြာခင်ကောင်းသွားမှာ'ဟု ပြောသည်။

သူ့အား လူထူးလူဆန်းတစ်ယောက်သဖွယ် စိတ်ဝင်တစား ကြည့်နေကြသော သားအမိ၏မျက်လုံးများကြောင့် သူ့မျက်နှာသည် ရဲနီသွားသည်။

'နွေဦးပေါက်ရင် မြေတူးငှက်ရဲ့ တေးဆိုသံဟာ သိပ်နားထောင်လို့ကောင်းတယ်'

ယာခင်းများထဲမှ သတ္တဝါလေးများအပေါ် အတ္တကင်းသောစိတ်ဖြင့် ကြင်နာယုယနေခြင်းသည် အမျိုးသမီးနှစ်ဦး၏ နှလုံးသားကို ထိထိခိုက်ခိုက်ရှိလှချေသည်။ သူတို့ပတ်ပတ်လည်တွင် အမျိုးသားများသည် တစ်ယောက်ကိုတစ်ယောက် သတ်နေကြ၏။ လေထဲတွင်လည်း သတ်ဖြတ်ဖျက်ဆီးမည့် အရာများဖြင့် ပြည့်နေ၏။ ဤကြားထဲမှပင် ဤစစ်သားငယ်သည် ဒဏ်ရာရထားသော ငှက်တစ်ကောင်အား ပြုစုကုသပေးလျက်ရှိ၏။

'ဂွန်နီ၊ မင်းမှာ မွေးကတည်းက ပါလာတဲ့ အစွမ်းအစတစ်ခုရှိနေတယ်၊ တစ်နေ့ကျရင် အဲ့ဒီအစွမ်းအစကြောင့် မင်းကျော်ကြားဦးမှာ သေချာတယ်' ဟု မဒမ်ဒဲလ်နော့တီးက ပြောသည်။

ဂွန်နီ၏မျက်နှာသည် ပို၍နီရဲသွားသည်။ မမျှော်လင့်သော ချီးကျူးစကားကြားရသဖြင့် သူ့အဖြစ်ကို ဖွင့်ဟသည်။ သူသည် ငယ်ငယ်ကတည်းက သဘာဝလောကတွင် စိတ်ဝင်စားခဲ့သည်။ အော်ဒူတွန်၏ စာအုပ်များသည် သူ့အသည်းစွဲများဖြစ်၏။ သူကိုယ်တိုင်လည်း ထိုစာအုပ်မျိုးတွေ ရေးချင်သည်။ အထူးအဆန်း အကောင်အလှောင်များကို ပြတိုက်သို့ပို့ချင်စိတ်လည်း ပြင်းပြနေသည်။ အခု သူရောက်နေသည့် နော်မင်ဒီသစ်တောများအတွင်း၌ ထူးဆန်းသောသတ္တဝါများနှင့် အပင်များပေါသည်။ စစ်ကြီးပြီးသွားလျှင် သူ နော်မင်ဒီ

www.burmeseclassic.com

www.burmeseclassic.com


သို့ ပြန်လာပြီး သဘာဝပစ္စည်းများ ရှာဖွေစုဆောင်းလိုသည်ဟုလည်း ပြောသည်။

ဂျွန်နီ၏စကားဆုံးသွားသည့်အခါ ကလယ်ရာက ရှက်စနိုးမျက်နှာထားဖြင့်ကြည့်ပြီး ပြန်ပြောသည်။

'ဟုတ်တယ် ဂျွန်နီ၊ ရှင်ဒီကို ပြန်လာသင့်တယ်'

'အေး ...ငါ ဆက်ဆက်ပြန်လာမယ်'ဟု ဂျွန်နီက ဆိုသည်။

မှန်ပါသည်။ ထိုစဉ်က နေ့ရက်များသည် ပျော်စရာများချည့်ဖြစ်သည်။ နောက်ဆုံးတွင် ရန်သူများဆုတ်ခွာသွားကြသဖြင့် လူအားလုံးအနာဂတ်ဘဝ သာယာရေးကို စဉ်းစားလာနိုင်ကြသည်။ ဂျွန်နီ၏ မြေတူးငှက်မှာလည်း ပြန်၍နာလံထူလာသည်။ သူ့အတောင်မှ ဒဏ်ရာများလုံးဝပျောက်ကင်းသွား သည့်နေ့သို့ ဆိုက်ရောက်လာသည်။ ပထမတော့ ခုန်ဆွခုန်ဆွလျှောက်သွားကာ အတောင်များကို တဖျတ်ဖျတ်ခါကြည့်သည်။ ထို့နောက်ကောင်းကင်သို့ပျံ တက်သွားသည်။ တည်းခိုရိပ်သာ၏ နောက်ဘက်ကောင်းကင်ယံတွင် အတော်ကြာမျှ ရွှင်လန်းမြူးတူးစွာဖြင့် ပျံသန်းနေသည်။ နောက်ဆုံးကျတော့ သစ်တော ကြီးများဘက်သို့ ပျံသွားသည်။ သူ့အဖော်ကိုရှာရန် သွားခြင်းဖြစ်သည်ဟု ဂျွန်နီကပြောသည်။

သို့တစေလည်း မြေတူးငှက်သည် မကြာခဏ ပြန်လာလေ့ရှိသည်။ အထူးသဖြင့် ညနေခင်းတွင် ရောက်လာလေ့ရှိ၏။ ရောက်လာသည့်အခါဂျွန်နီ၏လက်ပေါ်၌ နားကာ ဂျွန်နီကျွေးသည့် ပန်းသီးကို နှုတ်သီးဖြင့်ထိုးဆိတ်ပြီး စားသည်။ စားသောက်အပြီးတွင် သူ့လည်ပင်းသည် ဖောင်းပွလာပြီး အသံအမျိုးမျိုးဖြင့် အော်မြည်နေတတ်သည်။

'သူ စားထားတဲ့ ညစာအတွက် အခပေးနေတာ'ဟု ဂျွန်နီက ပြုံး၍ပြောသည်။

ဆောင်းဦးပေါက်ရာသီဝင်လာပြီ။ ဆီးနှင်းများ ကျလာသည်။ သစ်ပင်များမှ အရွက်များသည် ကြွေကျလာကြသည်။ မြေတူးငှက်သည် နောက်ဆုံးနှုတ်ဆက်သည့်အနေဖြင့် အလည်တစ်ခေါက်လာသည်။ ထို့နောက်တောင်အရပ်သို့ ဦးတည်၍ ပျံသန်းသွားသည်။ မကြာမတင်မှာပင် ဂျွန်နီနှင့်သူ့တပ်အား ရှေ့တန်းသို့သွားရန် အမိန့်ရောက်လာလေ၏။

'ကျွန်မတို့ ဝမ်းနည်းပက်လက် ဖြစ်ကြရတယ်'ဟု မဒမ်ဒဲလ်နော့တီး

www.burmeseclassic.com

www.burmeseclassic.com


ကပြောသည်။ 'ဒါပေမယ့်လဲ ဂျွန်နီတို့အနေနဲ့ ရိုင်းမြစ်ကိုဖြတ်ကူးရုံလောက်ပဲရှိမှာပါလို့တွက်ပြီး စိတ်ကိုဖြေကြရတယ်။ စစ်ကြီးကလဲပြီးဆုံးဖို့ လက်တစ်ကမ်းလောက်ပဲ လိုတော့တယ် မဟုတ်လား။

မဒမ်သည် စကားကိုမဆက်ဘဲ ရပ်ထားပြန်သည်။ ကျွန်တော်က မျှော်လင့်ချက်ကြီးစွာဖြင့် နားစွင့်လျက်ရှိသော်လည်း သူ့ထံမှ ဘာမှမကြားရပါ။ အချိန်အတော်များများ ကုန်သွားသည်အထိ အသံမကြားရ။ သူ ဘာကြောင့် ငြိမ်နေပါလိမ့်။ စိတ်ထဲက သူနှုတ်ဆိတ်နေရသည့် အကြောင်းရင်းကို ကျွန်တော့်စိတ်ထဲက သိနေသလိုလို ခံစားရသည်။ ကျွန်တော်က ကလယ်ရာဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်သည်။ မှန်ပါသည်။ စစ်ကြီးပြီးသွားသည်။ ဂျွန်နီ အမေရိကန်သို့ ပြန်သွားသည်။ သူပေးထားခဲ့သော ကတိများကို အလွယ်တကူနှင့် မေ့သွားလေသလား။

ကျွန်တော်မအောင့်နိုင်တော့ပါ။ 'အဲဒီလိုဆိုရင် ဂျွန်နီက ပြန်မလာတော့ဘူးဆိုပါတော့၊ ဟုတ်လား'ဟု ကျွန်တော်က မေးသည်။

သူတို့က ကျွန်တော့်အား လှမ်းကြည့်သည်။

'ပြန်လာပါတယ်' ဟု မဒမ်ကပြောသည်။ 'သူ ဒီအနားမှာပဲ ရှိပါတယ်။ ကျွန်မတို့ မကြာခဏ သွားလည်ကြတယ်။ မနက်ဖြန်ဆိုရင် တစ်ခေါက်သွားရဦးမယ်'

'ကျွန်တော် လိုက်လို့ရမလား'ဟု ကျွန်တော်က မေးသည်။

နောက်နေ့မနက် မနက်စာ စားအပြီးတွင် ကျွန်တော်တို့ကားနှင့်ထွက်ခဲ့ကြသည်။ အေးမြသော နံနက်ခင်းဖြစ်ပါ၏။ နှင်းသီးနှင်း ပေါက်များသည် မြက်ပင်များထက်တွင် တွဲလွဲခိုနေကြသည်။ တောအုပ် အတွင်းရှိ အိမ်များဆီမှ မီးခိုးငွေ့များသည် ကောင်းကင်ဆီသို့ တလိပ်လိပ် တက်နေကြသည်။ လူ့ဘဝတွင် အသက်ရှင်နေရသည်မှာ ကောင်းလှပါဘိဟု ထွေးထင်မိလောက်အောင် ချစ်စရာကောင်းသည့် နံနက်ခင်းဖြစ်ပါသည်။

ကျွန်တော်သည် မဒမ်လမ်းညွှန်သည့်အတိုင်း မော်တော်ကားကို စိန့်ဂျိမ်းစ်ရွာဆီသို့ မောင်းလာခဲ့သည်။ ကျွန်တော်တို့သည် ငြိမ်ဆိတ်နေသော ရွာထဲသို့ ဝင်လာခဲ့သည်။ ဘယ်ဘက်လမ်းအတွင်းသို့ ချိုးဝင်ပြီး လှပသော

www.burmeseclassic.com

www.burmeseclassic.com


တောင်ကုန်းလေးတစ်ခုပေါ်သို့ တက်ခဲ့သည်။ တောင်ထိပ်ရောက်သည့်အခါ ကျမှပင် အခြေအနေ အားလုံးကို ကျွန်တော်နားလည်သဘောပေါက်ခဲ့ရပါ၏။

ကျွန်တော်သည် ငြိမ်ဆိတ်စွာဖြင့် မဒမ်ဒ်လ်နေ့ဘတီတို့ သားအမိနောက် မှ လိုက်ခဲ့သည်။ သာယာတိတ်ဆိတ်သော ဝင်းကျယ်ကြီးဖြစ်သည်။ လမ်းဘေး ဝဲယာတွင် လက်ဝါးကပ်တိုင်နှင့် အုတ်ဂူဖြူဖြူဖွေးများ။ နောက်ဆုံးတွင် ကျွန်တော်တို့သည် ဝွန်နီဘရောင်း၏ မြေပုံရှေ့၌ ရပ်မိကြပါသည်။

'သူဟာ မြေမြှုပ်မိုင်းထိလို့ သေခဲ့ရတယ်။ မာလ်ဟောဆင်မြို့နားမှာ စစ်ကြီး၊ စစ်ကြီးမပြီးခင် သီတင်းနှစ်ပတ်အလိုမှာ သေရတာ'

မဒမ်ဒဲလမနေ့ဘတီသည် တစ်ချိန်လုံး ထိန်းချုပ်လာခဲ့သမျှ အခုမှပင် ပေါက်ကွဲသည်။ သူ့နှုတ်ခမ်းများသည် တဆတ်ဆတ်တုန်နေကြသည်။ သူသည် နံနက်ခင်းနေရောင်ခြည်အောက်၌ အေးချမ်းငြိမ်သက်စွာ တည်ရှိနေသော အမေရိကန်စစ်သင်္ချိုင်းကို တစ်ချက်မျှ ဝေ့ကြည့်သည်။ သူ့အသံသည် တိုးသွားသည်။

'ရှင်မြင်တဲ့အတိုင်းပဲ။ ဝွန်နီဟာ ကျွန်မတို့နဲ့အတူတူ နေပါတယ်။ ရာသက်ပန်နေတာပါ' သူ့မျက်နှာတွင် မျက်ရည်များဖြင့် စိုရွှဲလာသည်။ 'ကျွန်မတို့ သူတို့ကို မမေ့ကြပါဘူး၊ ကျွန်မတို့ ပြင်သစ်နိုင်ငံအတွက် သူတို့လုပ်ပေးခဲ့သမျှကို အမြဲသတိရနေပါတယ်။ ဝွန်နီနဲ့ သူ့ရဲဘော်တွေကို ကျွန်မတို့ ဘယ်လိုနည်းမှ မေ့မသွားပါဘူး'

အနီးရှိ ရွာတစ်ရွာမှ ခေါင်းလောင်းသံကို ခပ်သဲ့သဲ့ ကြားရသည်။ ကျွန်တော်တို့ မော်တော်ကားကိုခပ်ဖြည်းဖြည်း မောင်းလာခဲ့ပါသည်။ အားလုံးနှုတ်ဆိတ်လျက်ရှိကြ၏။ ထိုအခိုက်တွင် ရုတ်တရက် ခပ်လှမ်းလှမ်းခြံစည်းရိုးတစ်ခုဆီမှ မြေတူးငှက်တစ်ကောင်၏ တေးဆိုသံကို ပီပီပြင်ပြင်ကြားလိုက်ရသည်။ ကျွန်တော်စိတ်ကူးယဉ်မိလို့လား။ သို့မဟုတ် ကျွန်တော့်နှလုံးသားက ကြားလိုက်တာများလား...'

* * * * *

www.burmeseclassic.com

www.burmeseclassic.com


[ ၃၉ ]

ကျွန်တော်တို့အနေဖြင့် ယခင့်ယခင်ကလည်း အမေရိကန်နိုင်ငံသို့ အကြိမ်ပေါင်းများစွာ အလည်ရောက်ခဲ့ဖူးသည်။ ရောက်သည့်အခါတိုင်းလည်း အမေရိကန်တို့၏ ရင်းနှီးဖော်ရွေသော ဆက်ဆံမှုကိုသာမက ကြီးမားကျယ်ဝန်း ရှာသော ဤနိုင်ငံသစ်၏ တိုးတက်ဖွံ့ဖြိုးမည့်အလားအလာကောင်းများစွာကို မြင်တွေ့နေရသဖြင့် အံ့သြခြင်းဖြစ်ခဲ့ရ၏။ အမှန်အတိုင်း ဝန်ခံရမည်ဆိုပါက ဤနိုင်ငံအပေါ်၌ တွယ်တာသောစိတ်သည် ကျွန်တော့်ရင်ထဲ၌ ရှိနေခဲ့သည်။ ထူးဆန်းသော တွယ်တာမှုတစ်ခုဟု ပြောလျှင်လည်း ရနိုင်စရာရှိပါသည်။

ရာစုနှစ်ကုန်ခါနီးအချိန်ခန့်က ကျွန်တော့်အဖေ၏ ညီအစ်ကိုတော်များနှင့် နှမများသည် ကာလီဖိုးနီးယားပြည်နယ်သို့ ပြောင်းရွှေ့အခြေစိုက်ခဲ့ကြသည်။ ကျွန်တော့်မိဘများကလည်း သူတို့ထံလိုက်သွားရန် စီစဉ်ထားပြီးဖြစ်သည်။ သို့သော်လည်း သွားလုဆဲဆဲအချိန်ကျခါမှ အဖေ့တွင် အဆုတ်ရောဂါ ထလာသည်။ ဤရောဂါကြောင့် ခရီးစဉ်ကိုဖျက်ကာ ဆေးကုသခဲ့သည်။ ကျွန်တော့်အဖေသည် မကြာခင်မှာပင် ဤရောဂါနှင့် ဆုံးပါးခဲ့ရပါသည်။ တွေးမည်ဆိုပါက ကျွန်တော့်အမေသည် ကျွန်တော့်အား သူ့ဗိုက်ထဲ၌ လွယ်ထားရစဉ်အချိန်က အမေရိကသို့ ခရီးထွက်ရေးအတွက် စိတ်ဝင်တစားဖြစ်နေမည်မှာ သေချာ၏။ ထိုစဉ်က ဖြစ်ပေါ်ခံစားခဲ့ရသော အမေ့စိတ်သည် ဗိုက်ထဲမှကလေးဖြစ်သည့် ကျွန်တော့်အပေါ် သြဇာလွှမ်းမိုးလိမ့်မည်ဟု ထင်ရပါသည်။

ယခင့်ယခင် အခေါက်များက ကျွန်တော်သည် ဤကမ္ဘာသစ်၏ အစိတ်အပိုင်းအချို့ကို နှံ့နှံ့စပ်စပ် ရောက်ခဲ့ပါသည်။ ထိုစဉ်က အနောက်ဘက် ကမ်းခြေဒေသရှိ ညီအစ်ကို မောင်နှမဝမ်းကွဲများ၊ ရီကာဂိုမြို့တော်ရှိ တူများ၊ တူမများနှင့်ဆုံကာ ကိုယ့်အိမ်ကိုယ့်ယာ၌နေသလို အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေခဲ့ရသည်။ ဟိုးလီးဝုဒ်ရုပ်ရှင်မြို့တော်ကလည်း ကျွန်တော့်စာအုပ်များကို ရုပ်ရှင်အဖြစ် အသက်သွင်းနေကြသည်။ သူတို့အဖို့ အရှုံးမရှိ၊ အကျိုးအမြတ်ရှိသည်ဟု ဆိုနိုင်သော အခြေအနေ၌ရှိသည်။ ကျွန်တော့်စာအုပ်

www.burmeseclassic.com

www.burmeseclassic.com


များ ထုတ်ဝေရေးလုပ်ငန်းနှင့်ပတ်သက်သည့် ကိစ္စအဝဝမှာ နယူးယောက်မြို့၌သာ ရှိသည်။ ကျွန်တော့်အတွေ့အကြုံအရ ပြောရမည်ဆိုပါမူ အမေရိကန်နိုင်ငံသည် အနာဂတ်ကမ္ဘာကြီးအတွက် ဒီမိုကရေစီကို အကာအကွယ်ပေးရာ နိုင်ငံကြီး တစ်နိုင်ငံဖြစ်လာဖို့ရှိပါသည်။

ကျွန်တော်တို့ နောက်တစ်ကြိမ်ကမ္ဘာသစ်ကို ရောက်သည့်လမှာ ဇွန်လဖြစ်၏။ ဤတစ်ကြိမ်တွင် ဘော့စတွန်ဆိပ်ကမ်းဘက်မှ ဝင်ခဲ့ခြင်းဖြစ်သည်။ သာမန်အလည်အပတ်လာခြင်းမျိုးမဟုတ်။ မိသားစုတစ်စုလုံး နားနားနေနေ နေကြရန် ဖြစ်သည်။

ကျွန်တော်တို့မိသားစုသည် နယူးဟားဘားရှိ အိမ်တစ်လုံးတွင် လပေါင်းများစွာနေခဲ့ကြသည်။ ပထမဆုံးအကြိမ် နယူးအင်္ဂလန်ပြည်နယ်၏ နွေရာသီနှင့်ဆုံတွေ့ကြရခြင်းဖြစ်၏။ ပြာသောကောင်းကင်နှင့် တောက်ပသော နေရောင်ခြည်တို့သည် နှစ်သက်စဖွယ်ရှိလှပါသည်။ ထို့နောက် ကျွန်တော်တို့သည် ကွန်နက်တီးကပ်ပြည်နယ်တွင် အိမ်တစ်လုံးဝယ်ကာ အခြေတကျ နေထိုင်ခဲ့သည်။

အပေါ်ယံရုပ်တိုက်၍ ကြည့်လိုက်လျှင် နေထိုင်ရသည်မှာ အစဉ်ချောသည်ဟု ထင်စရာရှိ၏။ သို့တစေလည်း လက်တွေ့ကျတော့ အခက်အခဲလေးတွေနှင့် ကြုံရသည်။ ကြီးကြီးမားမားတော့ မဟုတ်ပါ။ ဥရောပမြေပေါ်၌သာ အနေအထိုင်များခဲ့သော ကျွန်တော်တို့သည် စကားပြောရာ၌သာ အခက်အခဲရှိသည်မဟုတ်။ အတွေးအခေါ် အယူအဆ မတူညီမှုများနှင့် ကြုံကြရသည်။

ဤအတွက် အဆင်ပြေသွားစေရန် အချိန်များစွာ ယူရသည့် သဘောရှိပါသည်။ အတ္တလန္တိတ်သမုဒ္ဒရာတစ်ဘက်ရှိ လူတို့၏ စကားပြောပုံဆိုပုံ၊ လေယူလေသိမ်း၊ အသံထွက်စသည်များမှာ ကျွန်တော်တို့နားများအတွက် အခက်အခဲရှိလှသကဲ့သို့၊ ကျွန်တော်တို့၏ ပြောပုံဆိုပုံများမှာလည်း သူတို့အတွက် မလွယ်ကူလှပါ။

တစ်ချိန်က အဘနိုးဘင်းနက်က အမေရိကန်များသည် ဗြိတိသျှများအတွက် အမြဲစိမ်းနေမည့်လူမျိုးဖြစ်သည်ဟု မှတ်ချက်ပေးခဲ့ဖူး၏။ ဤစကားသည် အမေရိကန်ပြည်ထောင်စုအတွင်း လှည့်လည်ဟောပြောရာ၌ အောင်မြင်

www.burmeseclassic.com

www.burmeseclassic.com


မှု မရခြင်းအပေါ် တည်မှီ၍ ပြောခဲ့သောစကားဖြစ်ရာ တစ်စိတ်တစ်ဒေသအား ဖြင့် မှန်ကန်သည်ဟု ဆိုနိုင်စရာရှိပါ၏။

မည်သို့ပင်ဖြစ်စေ စကားပြောဆိုရာ၌ နားမလည် ဖြစ်–ဖြစ်နေရသော အခက်အခဲသည် မကြာခင်ပျောက်ကွယ်သွားသည်။ ယင်းအခက်အခဲ အဟန့် အတားသည် ဤမြေသစ်ပေါ်၌ နေထိုင်လျက်ရှိကြသော လူတို့၏ ယဉ်ကျေး ဖော်ရွေမှုများကြောင့် ပျောက်ကွယ်သွားရခြင်းဖြစ်၏။ တကယ်တော့ အမေရိကန်တို့သည် အခြေခံအားဖြင့် ရိုးသားဖြောင့်မတ်ပြီး စိတ်ရင်းစေတနာ ကောင်းသူများဖြစ်သည်။

လူပုဂ္ဂိုလ်တစ်ဦးချင်းစီအနေဖြင့် လေ့လာကြည့်လျှင် သူတို့သည် စေ့ စပ်သေချာပြီး စိတ်ဓာတ်ကြံ့ခိုင်ကြသည်။ အိမ်နားနီးချင်းအပေါင်းအသင်းနှင့် နိုင်ငံအပေါ် သစ္စာစောင့်သိလေးစားကြသည်။ ဤစိတ်နှင့်ပတ်သက်၍ သူတို့သည် အခြားနိုင်ငံသားများထက် သာလွန်သည်ဟုပင် ဆိုနိုင်လိမ့်မည် ဖြစ်ပါ၏။

ထို့ပြင်လည်း အမေရိကန်အများစုသည် အမြင်ကျယ်ကြသည်။ အခြားလူများအပေါ် သည်းခံခွင့်လွှတ်တတ်ကြသည်။ 'ငါလဲနေမယ်၊ သူ့ကိုလဲ နေပါစေ'ဟူသော သဘောထားကြီးသည့် အမြင်မျိုးရှိသည်။ အတွေး အခေါ် အယူအဆ လွတ်လပ်ခြင်း၊ အမြင်ကျယ်ခြင်း၊ သဘောထားကြီးခြင်း နှင့် ရက် ရောခြင်းစသော အရည်အသွေးများသည် အမေရိကန်တို့၏ အသေး အဖွဲ့ ချွတ် ယွင်းအားနည်းချက်များကို ခွင့်လွှတ်နိုင်အောင် ဖုံးကွယ်ထားသည် ဟု ဆိုရပါလိမ့်မည်။

သူတို့၏စိတ်သဘောထားကြီးမှုနှင့်ပတ်သက်၍ နမူနာပြစရာဖြစ်ရပ် အများအပြားကို ကျွန်တော်ကိုယ်တွေ့ ကြုံခဲ့ရသည်။ ယင်းတို့အထဲတွင် ကျွန်တော်နေထိုင်ရာအိမ်နှင့် မနီးမဝေးရှိ မြို့ကလေးတစ်မြို့၌မြင်ခဲ့ရသည့် ဖြစ်ရပ်လေးတစ်ခုသည် အလွန်သိသာထင်ရှားသည့် နမူနာလေး တစ်ရပ်ဖြစ် လိမ့်မည်ဟု ကျွန်တော်ထင်မိပါသည်။ ကျွန်တော့်စာအုပ်တွင် ယင်းဖြစ်ရပ်မျိုး နှင့် ပြည့်နေပြီဟု ဆိုနိုင်စရာရှိသော်လည်း တကယ့်ဖြစ်ရပ်မှန်များကိုသာ ဖော်ပြနေခြင်းဖြစ်၍ သည်းခံခွင့်လွှတ်နိုင်စရာ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com


ဤဖြစ်ရပ်သည် နယူးယောက်စာအုပ်တိုက်မှ ဟင်နရီအေဒမ် အမည်ရှိ စာရင်းစစ်တစ်ဦးနှင့်ပတ်သက်သည်။ ကျွန်တော် သူနှင့်သိကျွမ်းလာ သည်မှာ ခြောက်နှစ်ရှိခဲ့ပြီ။ ဟင်နရီသည် အသက်(၄၅)နှစ်ခန့်ရှိပြီး အနည်းငယ် ထိပ်ပြောင်စပြုနေပြီ။ မျက်စိမွဲသဖြင့် မျက်မှန်နှင့်ဖြစ်သည်။ သူ့ဇနီး အသက် ၁၅ နှစ်၊ ၁၃ နှစ်အရွယ် သမီးနှစ်ယောက်၊ ခြောက်နှစ်အရွယ် သားတစ်ယောက် တို့နှင့်အတူ အဲလ်ဗီးလီမြို့ကလေး၌ နေထိုင်ကြသည်။

သူ့အိမ်ကို အရစ်ကျစနစ်ဖြင့် ဝယ်ထားခြင်းဖြစ်သည်။ အိမ်ကတော့ ကြီးကြီးမားမားမဟုတ်။ သို့သော်လည်း သူ့အတွက် ဂုဏ်ယူသည်။ အထူးသဖြင့် အိမ်နောက်ဖေးဘက်ရှိ မြေဧကဝတ်ခန့်ကျယ်သော ဥယျာဉ်အတွက် ပို၍ ဂုဏ်ယူသည်။

စနေနေ့ မွန်းလွဲပိုင်းများနှင့် တနင်္ဂနွေနေ့များတွင် သူသည် အဝတ်ဟောင်းများဝတ်ကာ ဥယျာဉ်ထဲဆင်း၍ အလုပ်လုပ်လေ့ရှိ၏။ သူ့အား အမြဲတစေကူညီသူမှာ သူ့သား ဆင်မီဖြစ်သည်။ သူ၏ အပင်ပန်းခံမှုကြောင့် အဲလ်ဗီလီ ပန်းဥယျာဉ်ပြပွဲ၌ ဆုရလုနီးနီးပင် ဖြစ်ခဲ့သည်။

ကျွန်တော်တို့ ဤနယ်မြေအတွင်း၌ နေလာခဲ့ပြီးနောက် မကြာမတင်မှာပင် ကျွန်တော်သည် ဟင်နရီအိမ်သို့ကားဖြင့် သွားလည်လေ့ရှိသည်။ သွားတိုင်းလည်း သူတို့သားအဖနှစ်ယောက် ဥယျာဉ်ထဲ၌ ထူးဟယ်၊ ဆွဲဟယ်၊ သစ်ရွက်ခြောက်များ မီးရှို့ဟယ် လုပ်နေကြသည်ကို တွေ့ရစမြဲ။ သူ့သားငယ် ဆင်မီသည် သူ့အဖေကို အလွန်ချစ်သည်။ သူ့ဖခင် ဟင်နရီကလည်း သူ့သား ဆင်မီအား အလွန်ချစ်သည်။

ဥယျာဉ်စိုက်ပျိုးခြင်းမှ တစ်ပါး အခြားထူးထူးခြားခြား ဝါသနာပါသည့်အရာဟူ၍ ဟင်နရီတွင် မရှိသလောက်ဖြစ်သည်။ သူသည် ရုပ်ရှင်ကောင်းကောင်းကြိုက်သည်။ ရာသီဥတုစွတ်စိုသော ညခင်းများတွင် သူသည် အပြင်မထွက်။ သားသမီးများ အိပ်ကုန်သည်နှင့် တစ်ပြိုင်နက်ဆောင်းမီးဖိုအနီး၌ ကုလားထိုင်တစ်လုံးနှင့် အကျအနဆေးပြင်းလိပ် တစ်လိပ်ခဲ၍ စုံထောက်ဝတ္ထုကောင်းကောင်းတစ်အုပ် ဖတ်လေ့ရှိသည်။ ဟိုဟိုသည်သည် အလည်သွားတတ်သော အကျင့်လည်း မရှိ။ သူ့မိန်းမက ဘုရားရှိခိုးကျောင်းလိုက်ဖို့ခေါ်သည့် အခါများတွင်မူ ပါသွားတတ်၏။

www.burmeseclassic.com

www.burmeseclassic.com


မစ္စက်အေဒမ်မှာ သွက်လက်ချက်ချာသော အမျိုးသမီး တစ်ယောက်ဖြစ်သည်။ အမြဲတစေ ရွှင်ပြုံးနေတတ်သော မိန်းမချောတစ်ဦးဖြစ်သည်။ နူးညံ့ ပျော့ပျောင်းသော ဆံပင်သည် လှိုင်းတွန့် ကလေးများထနေသည်။ သူဖုတ် ထားသည့် ကိတ်မုန့်ကိုစားရလျှင် သို့မဟုတ် သူ့သမီး ဘက်တီနှင့်လူစီတို့အတွက် သူကိုယ်တိုင် ချုပ်ပေးထားသည့် ကျောင်းဝတ်စုံများကိုမြင်လျှင် အိမ်ရှင်မကောင်း တစ်ဦးဖြစ်ကြောင်း ချက်ချင်း မှတ်ချက်ချနိုင်သည်။ သူသည် လူ့အဖွဲ့အစည်း မြှင့်တင်ရေးဟူသော ပရဟိတလုပ်ငန်းတွင် ဝါသနာကြီးသည်။

စစ်ကြီးပျံ့နှံ့ကာ ဥရောပတစ်လွှား၌ ပျက်စီးမှုများနှင့် ရင်ဆိုင်နေရချိန်တွင် အဲလ်ဗီးလီးမြို့သည် ရေမြေရပ်ခြား တိုင်းပြည်များမှ စစ်ကြောင့် ဆင်းရဲ ဒုက္ခရောက်နေကြသော ကလေးသူငယ်များ စောင့်ရှောက်ရေးလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်သည်။ ထုံးစံအတိုင်း ရှေ့ဆုံးမှ တက်ကြွစွာ ပါဝင်လာခဲ့သူမှာ ပစ္စက်အေဒမ်ဖြစ်၏။ ပစ္စက်အေဒမ်က သူ့ခင်ပွန်းအား သူတို့အိမ်၌ ဒုက္ခသည်ကလေးတစ်ဦး လက်ခံစောင့်ရှောက်ရန် အကြံပြုသည်။ ဟင်နရီသည် ကိုယ်ပိုင်လွတ်လပ်မှုကို နှစ်သက်သူဖြစ်သဖြင့် သူ့မိန်းမ၏စိတ်ကူးတွင်များစွာစိတ်မဝင်းစားခဲ့ပေ။ သို့သော်လည်း လူအချင်းချင်း ရိုင်းပင်ကူညီမှုအနှစ်သာရ ကို သဘောပေါက်လာသဖြင့် နောက်ဆုံးတွင် သူ့မိန်းမ၏အကြံကိုလက်ခံခဲ့သည်။

အားလုံးဆောင်ရွက်ရန် ရှိသမျှကို ဆောင်ရွက်ပြီးသည့်အခါ အေဒမ်မိသားစု တာဝန်ယူဖို့အတွက် ဆီကက်စီယန် ကလေးတစ်ယောက်ခွဲတမ်းချထားပြီးပြီဟူသော အကြောင်းကြားစာ ရောက်လာသည်။ နယူးယောက်သို့သွား၍ ထိုကလေးကို ခေါ်သည့်အခါ ဟင်နရီနှင့်အတူ ကျွန်တော်လိုက်သွားသည်။ ကလေး၏နာမည်မှာ ပေါလ်ဖြစ်၍ သူ့မိဘမျိုးရိုးနာမည်များမှာမူ ခေါ်ရမှတ်ရခက်လောက်အောင် ရှုပ်ထွေးလွန်းလှပါသည်။

ကျွန်တော် ဤကလေးအား ပထမဆုံးအကြိမ် မြင်လိုက်ရစဉ်က စိတ်ထဲခံစားခဲ့ရသည့် အဖြစ်ကို ဘယ်တော့မှမမေ့နိုင်လိမ့်မည်မထင်ပါ။ အသက်ကိုးနှစ်သား ဤကလေးသည် ငတ်မွတ်ခြင်းနှင့် ကြောက်လန့်ခြင်းဒဏ်များ ခံထားရသဖြင့် အမြင်မလှပါ။ အသားက ဖြူရော်ရော်၊ ခြေတွေ လက်တွေက

www.burmeseclassic.com

www.burmeseclassic.com


တကယ့် ပုလွေရိုး၊ ဦးခေါင်းကလည်း အရိုးပေါ် အရေတင်။ ကြီးမား ပြူးကျယ်သော မျက်လုံးကြီးများသည် ထိတ်လန့်ကြောက်ရွံ့ခြင်းကို ဖော်ပြနေကြသည်။ သူသည် အင်္ဂလိပ်စကား မပြောတတ်။ သူ့ကို စကားလှမ်းပြောလျှင် ဦးခေါင်းကို တစ်ဘက်သို့ လွှဲဖယ်ထားတတ်သည်။ ပေါလ်၏အဖြစ်မှာ အလွန်ထူးဆန်းသော သတ္တဝါတစ်မျိုးနှင့် တူသည်။

ဟင်နရီသည် ပေါလ်အား ကားနှင့်တင်၍ အဲလ်ဗီလီသို့ ခေါ်လာခဲ့သည်။ လူစီ၊ ဘက်တီနှင့် ဆင်မီတို့က တံခါးပေါက်မှ တယုတယ ဆီးကြိုကြသည်။ မစ္စက်အေဒမ်ကလည်း မီးဖိုချောင်ထဲမှ အပြေးအလွှား ထွက်လာပြီး ကြိုဆိုသည်။ ဧည့်ခန်းထဲတွင် မီးများ ထိန်ထိန်ညီးနေအောင် ထွန်းညှိထားသည်။ စားပွဲပေါ်တွင် လှပသောဖယောင်းတိုင်ကြီးများ တစ်အိမ်လုံးတွင် ကြက်ဆင်ပြုတ်ကြော်နံ့ သင်းပျံ့မွှေးကြိုင်လျက်ရှိသည်။ ညစာစားပွဲ၌ ထိုင်ကြသောအခါ လူတိုင်းသည် ကလေးအပေါ်၌သာ အာရုံရောက်နေကြ၏။

အစားစားကြသည့်အခါ ပေါလ်သည် ပျော်မြူးလျက်ရှိသည်။ အစားကို အငမ်းမရစားသည်။ စားနေရင်းကလည်း ဆင်မီကိုသာ မျက်ခြည်မပြတ်ကြည့်နေသည်။ သူ့အား 'မိခင်သဖွယ်' ပြုစုယုယမှု ပေးနေကြသော မိန်း ကလေးနှစ်ယောက်အပေါ် စိတ်ဝင်စားသည့် လက္ခဏာမပြ။ နောက်ဆုံးတွင် သူသည် နှုတ်မှ ထူးဆန်းသော အသံတစ်သံပြုကာ ဆင်မီ၏လက်ကို ဆွဲ ကိုင်ထားသည်။ ကျွန်တော်တို့အားလုံးက သူ့အပြုအမူကို သဘောကျလွန်းသဖြင့် ဝိုင်းရယ်ကြသည်။

ကျွန်တော့်ဇာတ်လမ်းသည် ပျော်စရာ အလားအလာရှိသည့် ဤအဖြစ်ကလေးနှင့် အဆုံးသတ်သင့်ပါ၏။ သို့သော်လည်း အမှန်ဖြစ်စဉ်သည် ထိုကဲ့သို့ ဖြစ်မလာပါ။ သီတင်းပတ်ပေါင်းများစွာ ကုန်လာသည့်အခါ အားလုံးက ထင်ထားသမျှ အလွဲလွဲအချော်ချော်တွေ ဖြစ်ကုန်သည်။ အေဒမ်မိသားစု ထင်ထားသလို ပေါလ်သည် ငြိမ်ငြိမ်အေးအေး နေတတ်သူမဟုတ်။ စစ်အတွင်းက ကြုံခဲ့ရသည့် ကြောက်မက်ဖွယ်ရာများကြောင့်လားတော့မသိ။ ပေါလ်၏စိတ်သည် ပုံမှန်အနေအထားမရှိ၊ ဆိုဆုံးမမှုများကို နာခံရာ၌လည်း အလွဲလွဲအချော်ချော်၊ အိပ်ထဲ၌ ငွေအကြွေးလေးများတင်ထားလျှင် သူ့အိပ်ကပ်များအတွင်းသို့ ရောက်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com


အလိမ်အညာတွင်လည်း စံတင်ရလောက်အောင် ပရိယာယ်ကြွယ်ဝသည်။ ကျောင်းတွင်လည်း သူသည် အခြားကျောင်းသားများအား သူ၏ စွန့်စားခန်းများအကြောင်း ပြောပြနေတတ်သည်။ သူ့လက်နှင့် ခြသေ့်ကြီးတွေ လူဆိုးတွေကို ဘယ်လိုသတ်လိုက်သည်ဟူသော ပေါက်တတ်ကရအကြောင်းများဖြစ်၏။ သူ့ကြွားလုံးများကို နားထောင်ကြရသည့် ပရိသတ်ကလည်း သူ့ဇာတ်လမ်းများတွင် သာယာခြင်းမရှိ။ နောက်ဆုံးတွင် သူ၏ မုသာဝါဒစကားလုံးများသည် အေဒမ်မိသားစု၏ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေခြင်းဖြင့် အဆုံးသတ်သည်။

အကယ်၍ သူကျူးလွန်ခဲ့သော ပြစ်မှုများအတွက် အကျိုးသင့် အကြောင်းသင့်ပြော၍ ဆုံးမနေသည့်အခါ မတုန်မလှုပ် လုပ်နေတတ်သည်။ မျက်လုံးများကို တစ်ဘက်သို့လွှဲပြီး တွေဝေငေးမောနေတတ်သည်။ သူ့အား ခပ်ကြမ်းကြမ်း ဆုံးမ၍ လုံးဝမဖြစ်။ ကြိမ်းမောင်းငေါက်ငမ်းပြီး ဆိုဆုံးမရုံမျှဖြင့် တစ်ညလုံး မအိပ်တော့ တက်မတက်၊ ချက်မတတ် ငိုနေတတ်သဖြင့် တစ်အိမ်သားလုံး ပင်ပန်းကြရသည်။

သူ့တွင် ကျေးဇူးသိတတ်သည့် စိတ်မရှိ။ ဘက်တီနှင့် လူစီတို့အား ခင်မင်သည့် အရိပ်လက္ခဏာမပြ။ ဟင်နရီကျတော့ သိမ်သိမ်မွေ့မွေ့ ဆက်ဆံသော်လည်း သူ့အားခပ်ပြတ်ပြတ် ဆုံးမတတ်သည်မို့ အနားမကပ်။ ဆင်မီနှင့်ကျတော့ သူ၏ ခင်မင်တွယ်တာပုံသည် စိတ်ပျက်စရာကောင်းလွန်းနေသည်။ သူသည် ဆင်မီသွားရာနောက် တစ်ကောက်ကောက်လိုက်နေသဖြင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲရသည်အထိ အနှောင့်အယှက်ဖြစ်လာသည်။ သူသည် သူ့ထက်ငယ်ရွယ်သော ယောကျာ်းကလေးများကို မြင်လျှင်လည်း ချက်ချင်း ခင်မင်တွယ်တာတတ်သည်။

အမေရိကန်နိုင်ငံ စစ်ကြီးအတွင်းသို့ ပါဝင်လာချိန်တွင် အေဒမ်တို့မိသားစုနှင့် ထိရောက်နေသည့် ပေါလ်သည် ယင်းအခြေအနေ၌ရှိ၏။ ဟင်နရီမှာ ယခင်ကထက်ပို၍ အပင်ပန်းခံကာ အလုပ်လုပ်ရသည်။ သူ့လစာက တော့ တိုးတက်လာခြင်းမရှိ။ ကျပ်တီးမှုသည် သူတို့မိသားစုအား ဖိစီးလျက်ရှိ၏။ မည်သို့ပင်ဖြစ်စေ၊ အေဒင်မိသားစုသည် ယခင်ကလိုပင် အရှိန်မပျက်နေသည်။ အေးအေးဆေးဆေးပင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် ဇွန်လ၏ ပူပြင်းသော နေ့တစ်နေ့တွင် ပေါလ်သည် အပြင်မှ ပြန်လာသည်။ သူ့တွင် လည်ချောင်းနာနေသည်ဟုဆိုသည်။ သူ့အား အိပ်ရာ ထဲဝင်ခိုင်းပြီး သိပ်လိုက်သည်။ နောက်တစ်နေ့ မနက်တွင်မူ သူ့ လည်ချောင်း နာပို၍ ဆိုးလာသဖြင့် မစ္စက်အေဒမ်က မိသားစု ဆရာဝန်ကို ပင့်ရလေတော့ ၏။

ဆရာဝန်က အချိန်များစွာယူ၍ စမ်းသပ်စစ်ဆေးသည်။ ထို့နောက် ရောဂါအခြေအနေကို ပြောပြသည်။ ပေါလ်သည် ဆုံးမတားမြစ်ခြင်းများကို မလိုက်နာဘဲ ကလေးသူငယ်များ ရေမချိုးရဟု ကြပ်တည်းစွာ တားမြစ်ထား သည့်ချောင်းထဲ ရေဆင်းဆင်းကူးသည်။ အခု သူ့တွင် ရောဂါပိုးတစ်မျိုးဝင် ကာ ကူးစက်တတ်သော ရောဂါတစ်ခု စွဲကပ်နေပြီ။ အပြင်းအထန် ဖျားနေ ပြီဖြစ်၍ ဆိုးလာနိုင်သည့် အခြေအနေရှိသည်ဟုဆိုသည်။

အေဒမ်မိသားစုသည် သီတင်းပတ်ပေါင်းများစွာ စိတ်သောကကြီး စွာဖြင့် အချိန်ကုန်ကြရသည်။ ပေါလ်အား သူ့အခန်းထဲ၌ သီးခြားထား၍ ကုသစေသည်။ တစ်ချိန်လုံး အိပ်ရာထက်၌ တလူးလူးတလိမ့်လိမ့်ဖြစ်ကာ ကယောင်ချောက်ချားဖြစ်နေသော ပေါလ်အတွက် စိတ်မကောင်း ဖြစ်ကြ ရသည်။ ဆရာဝန်ကလည်း လူနာတွင် ဝင်ရောက်နေသည့် ရောဂါပိုးများမှာ ပြင်းထန်သော ပိုးများဖြစ်သဖြင့် မျှော်လင့်ချက် နည်းနည်းသာ ထားနိုင်သည် ဟု ပြောသည်။ လူနာ၏ ကိုယ်ခံအားကလည်း မရှိသလောက် နည်းသည်ဟု ဆိုသည်။

သို့သော်လည်း ကံကြမ္မာအလှည့်အပြောင်းသည် အလွန်ထူးဆန်း သည်။ ဆယ်ရက်တိတိ ရောဂါဒဏ်ကို အလူးအလိမ့်ခံနေခဲ့ရသော ပေါလ် သည် ချက်ချင်းပင် သက်သာလာသည်။ သူချစ်သော ဆင်မီနှင့် တွေ့ပါရစေ ဟု နားပူနားဆာလုပ်သည်။ ဤကိစ္စမှာ မဖြစ်နိုင်။ သူ့ရောဂါက မကင်းစင် သေးသဖြင့် ကူးမှာကြောက်ရ၏။

ဆင်မီနှင့်တွေ့ခွင့်မပေးသော်လည်း ကလေးအားလုံးက သူ့ထံစာ များနှင့် သစ်သီးများ ပို့ပေးကြသည်။ အေဒမ်တို့အိမ်သည် ယခင်ကလိုပင် အသက်ဝင်လှုပ်ရှားလာသည်။ လူတိုင်း စိတ်ကြည်လင်ပေါ့ပါးကာ တဖန် ပြန်၍ ပျော်ရွှင်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com


ထို့နောက် နှစ်ရက်လွန်မြောက်ပြီး စနေနေ့သို့ ရောက်လာသည်။ ဟင်နရီအေဒမ်သည် ဆင်မီ၏ အိပ်ခန်းသို့ တက်သွားသည်။ သူ့သားအား နံနက်စာစားရန် သွားခေါ်ခြင်းဖြစ်၏။ အိပ်ခန်းထဲ ရောက်သွားသည့်အခါ သူလုံးဝမျှော်လင့်မထားသော မြင်ကွင်းကြောင့် ဟင်နရီမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်ရ၏။ သူ့သား ဆင်မီသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေဆဲ။ သူ့ဘေးမှ သူ့လည်ပင်းကို ဖက်၍ အိပ်နေသူမှာ ပေါလ်။ ပေါလ်သည် ဆင်မီမနိုးအောင် တိတ်တိတ်ကလေး ကြိတ်၍ အိပ်ရာပေါ် တက်အိပ်နေခြင်းပေတည်း။ ဟင်နရီဝင်သည်ကို မြင်သောအခါ ပေါလ်က ပြုံး၍ ကြည့်နေသည်။

ထိုအပတ်ထဲမှာပင် ဆင်မီအပြင်းအထန်ဖျားသည်။ ဆေးဝါးကုသမှုနှင့် ပတ်သက်၍ အစစအရာရာ လိုလေသေးမရှိအောင် ပြုလုပ်ပေးကြသည်။ သို့သော်လည်း မရ။ အဖျားဝင်ပြီးနောက် လေးရက်မြောက်သောနေ့တွင် ဆင်မီသေဆုံးခဲ့ရလေ၏။

ထိုအချိန်က ကျွန်တော်သည် အဝေးတစ်နေရာ၌ ရောက်နေသည်။ သတင်းကြားလျှင် ကြားချင်း ဟင်နရီထံ စာတစ်စောင်ရေးလိုက်ပါသည်။ သောကပရိဒေဝမီး အပြင်းအထန် တောက်လောင်နေရှာသော ဖခင်တစ်ယောက်အတွက် ကိုယ်ချင်းစာတရားထား၍ ရေးလိုက်သော စာဖြစ်ပါ၏။ စကားနည်းသော ဟင်နရီလို လူစားတစ်ယောက်အဖို့ မည်မျှလောက်အထိ စိတ်ထိခိုက်လိမ့်မည်ကိုကျွန်တော် ခန့်မှန်းပြီးဖြစ်ပါသည်။ သူ့သားဆင်မီအား မည်မျှလောက် ချစ်ခင်သည်ကို သိနေသော ကျွန်တော်က ဘာမှ သုံးမရသည့် ပေါလ်အား အိမ်မှထုတ်ပစ်ဖို့ တိုက်တွန်းလိုက်သည်။ သူ့အား မွေးရကျွေးရ သည့်အတွက် သူက ပြန်လည်ပေးဆပ်သည့် ကျေးဇူးမှာ တစ်မိသားစုလုံး အတွက် ဝမ်းနည်းဖွယ်ကောင်းသောအဖြစ်ဆိုးတစ်ခုသာဖြစ်ကြောင်း၊ ဤ ကလေးမျိုးကို ဆက်မွေးထားလျှင် အကျိုးမဲ့ဖို့သာရှိကြောင်း ဤကလေးမျိုးအား ပြုစုစောင့်ရှောက်ပေးနေသည့် မိဘမဲ့ ဂေဟာများရှိနေသဖြင့် ယင်းဂေဟာများသို့ အမြန်ဆုံးပို့ပစ်သင့်ကြောင်း စသည်ဖြင့် စာထဲတွင် ရေးလိုက်ပါသည်။

ကျွန်တော် ကာလီဖိုးနီးယားပြည်နယ်မှ ပြန်ရောက်၍ ဟင်နရီအေဒမ်

www.burmeseclassic.com

www.burmeseclassic.com


တို့အိမ် သွားသည့်အချိန်တွင် ဆောင်းရာသီဝင်နေပြီ။ သူတို့အိမ်ကို အဝေးမှ လှမ်းမြင်နေရသည်။ အနီးသို့ ရောက်သွားသည့်အခါ အဝတ်ဟောင်းများ ဝတ်၍ ဥယျာဉ်ထဲ၌ အလုပ်လုပ်နေသော ဟင်နရီကို မြင်ရသည်။ ဟင်နရီ ခမျာ ယခင်ကထက်ပို၍ ပိန်သွားသည်ကို သတိထားမိပါသည်။ ထွန်ခြစ်တစ် ချောင်း၊ လက်တွန်းလှည်းတစ်စီးဖြင့် သူ့အား ကူညီလုပ်ကိုင်ပေးနေသည့် သူငယ်တစ်ယောက်ကိုလည်း ကျွန်တော် မြင်နေရသည်။ ဘယ်သူများပါလိမ့်၊ ကျွန်တော့်ရင်ထဲတွင် ထိတ်ကနဲဖြစ်သွားသည်။ သရဲတစ်ကောင်များလားဟု ပင် တွေးလိုက်မိ၏။ တစ်ခြားလူမဟုတ်။ ပေါလ် ...။

ကျွန်တော် သူတို့အနားသို့ လျှောက်သွားပါသည်။

ဟင်နရီနှင့် နှုတ်ဆက်စကား ပြောပြီးသည်နှင့်တပြိုက်နက် ကျွန် တော် မမေးဘဲ မနေနိုင်သည့် မေးခွန်းတစ်ခုမေးမိသည်။ ခင်ဗျား သူ့ကို အခုချိန်ထိ ဒီမှာပဲ ဆက်ထားနေသလား’

‘ဟုတ်တယ်’

သူသည် ကျွန်တော့်အကြည့်ကို ရင်မဆိုင်ဘဲ မျက်နှာကို လွှဲထား သည်။ ‘အခုနောက်ပိုင်းမှာတော့ သိပ်မဆိုးတော့ပါဘူး။ အတော်လေး တိုးတက်လာပါတယ်။ ပိုပြီး ငြိမ်းငြိမ်းအေးအေးဖြစ်လာတယ်။ သူ့ကို တိုက် နေတဲ့ ဆေးကြောင့်လို့ ထင်ရတာပဲ’

ကျွန်တော်တို့နှစ်ယောက်စလုံး အတန်ကြာမျှ စကားမပြောပဲ ငြိမ် နေကြသည်။ လက်တွန်းလှည်းပေါ်မှ မြက်များ သယ်ယူလာနေသည့် ပေါလ် အား ကြည့်နေမိသည်။ အနီးသို့ ရောက်လာသည့်အခါ ကျွန်တော်၏ ရန်လို သော အကြည့်ကို သူသတိထားမိဟန်တူ၏။ မျက်နှာပျက်နေသည်။ သူ၏ အသွင် အပြင်ကို ယခင်ကထက်ပို၍ လူဆန်လာသော သဘောလက္ခဏာများကို မြင်ရသည်။ သို့သော်လည်း ဤမျှလောက် ပြောင်းလဲနေရုံမျှဖြင့် သူ့အပေါ် ၌ ရှိနေသည့် မကျေနပ်မှုသည် ပျောက်မသွားပါ။ ထို့ကြောင့် ဘဝင်မကျ သော စိတ်ဖြင့် စကားတစ်ခွန်းကို ရေရွတ်လိုက်မိပါသည်။

‘အင်းပေ့လေ ... ကျွန်တော်ပြောနိုင်တာကတော့ ဒီကောင်လေး ကံကောင်းတာပဲ၊ နာမည်ကလဲ ပေါလ်ပီအိုထရိုတဲ့ တော်တော့်ကို စိတ်ပျက် စရာကောင်းတဲ့နာမည်ပဲ’

www.burmeseclassic.com

www.burmeseclassic.com


'သူ့နာမည်က ရှေ့လျောက်ပြီး ခေါ်ရမခက်တော့ပါဘူး' ဟု ဟင်နရီက ပေါလ်၏ ပခုံးကိုဖက်၍ ပြောသည်။ ထို့နောက် ကျွန်တော့်အားကြည့်ပြီး ပြုံးသည်။ သူ့နာမည်ကို ပေါလ်အေဒမ်လို့ ပြောင်းလိုက်ပြီ။ ကျွန်တော်တို့သူ့ကို တရားဝင်မွေးစားထားလိုက်ပြီ။

* * * * *

(၄၀)

ကျွန်တော်တို့သည် အသက်အရွယ်ကြီးလာသည်နှင့်အမျှ စိတ်ငြိမ်းချမ်းမှုကို များများရဖို့ လိုသည်ဟု ထင်ပါသည်။ လူတစ်ယောက်အနေဖြင့် အဝိဇ္ဇာဖုံးလွှမ်းကာ မေ့မေ့လျော့လျော့ ပေါ့ပေါ့တန်တန်နေထိုင်လျက် ရှိနေသည့်အခါ မိမိကိုယ်မိမိ 'ငါဘာကြောင့် ဒီနေရာရောက်နေရတာလဲ၊ ငါဒီကနေ ပြီး ဘယ်သွားမှာလဲ' ဟူသော မေးခွန်းများကို မကြာခဏ မေးသင့်သည် ဟုထင်ပါသည်။

လူငယ်ဘဝတွင် အချိန်သည် အကုန်မြန်လှပါသည်။ စိတ်အာရုံကို ပျက်ပြားစေနိုင်သည့် အရာများကလည်း များပြားလှသည်။ မိမိ၏ခရီးလမ်းဆုံမှာ ဝေးကွာလွန်းလှသဖြင့် မိမိကိုယ်မိမိ ဝေဖန်ဆန်းစစ်ရန် သတိရှိဖို့မလွယ်ကူပါ။ ကျွန်တော့်အဖြစ်သည် ထိုအတိုင်းပင်ဖြစ်သည်ဟုဆိုရပါမည်။

ဆေးကျောင်းသားဝက ကျွန်တော်လည်း အခြားကျောင်းသားများနှင့် ဘာမှမခြားနားသည့် သာမန်လူတစ်ယောက်မျှသာဖြစ်သည်။ ခန္ဓာဗေဒခွဲစိတ်ခန်းများထဲရောက်၍ လူ့အလောင်းများကို ခွဲစိတ်ရသည့်အခါ လူ့ခန္ဓာကိုယ်သည် အလွန်ရှုပ်ထွေးသည့် စက်တစ်ခုနှင့်တူသည်ဟုသာ အများနည်းတူ မြင်သည်။ ထို့ထက်ပို၍ မြင်ခြင်းမရှိပါ။ လူသေအလောင်းများအားသေဆုံးရသည့် အကြောင်းရင်းရှာရန် ခွဲစိတ်သည့်အခါများတွင်လည်း လူ့ခန္ဓာ ကိုယ်ထဲ၌ ထာဝရတည်မြဲမည့် အရာဆို၍ ဘာတစ်ခုမှမတွေ့ပါ။ ထာဝရတည်မြဲရှင်သန်သည်ဟုဆိုသောဝိညာဉ်နှင့် ဆက်စပ်ယှက်နွယ်နေသည့် အရာဟူ၍လည်း ဘာတစ်ခုမှ မမြင်ခဲ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့်လည်း ဘုရားသခင်အကြောင်း စဉ်းစားလိုက်သည့် အခါ တိုင်း ပြုံးမိသည်။ ဇီဝဗေဒအမြင်နှင့် ထပ်ဟပ်ကာ ပြောင်လှောင်သရော်ချင်သော အရိပ်အငွေ့များသည် ထိုအပြုံးတွင် ပါဝင်လျက်ရှိပါသည်။ ထိုစဉ်က ကျွန်တော့်အမြင်သည် ဘုရားသခင်နှင့် ပတ်သက်နေသော အကြောင်းအရာများကို အလွန်ခေတ်မမီတော့သည့် ဒဏ္ဍာရီပုံပြင်များဟုသာ ထင်မှတ်သော အမြင်ဖြစ်သည်။

ဆရာဝန်တစ်ယောက် ဖြစ်လာသည့်အခါ ကျွန်တော်သည် တောင်ပိုလ်ဝေးလ်ပြည်နယ်အတွင်းရှိ ကျောက်မီးသွေးတွင်းများသို့ သွားရောက်၍ လက်တွေ့ဘဝနှင့် ရင်ဆိုင်ခဲ့ရသည်။ အလွန်ကြီးမားများပြားသည့် အခက်အခဲအမျိုးမျိုးကြားမှ အပြင်းအထန် ရုန်းကန် လှုပ်ရှားနေကြရသည့် ဘဝတူ လူသတ္တဝါတို့၏ အစွမ်းသတ္တိကို ကိုယ်တွေ့မျက်မြင်ဖြစ်ခဲ့သည်။ လူတို့၏ ကြီးမားခက်ခဲသောဘဝကို ကျွန်တော် ပထမဆုံးအကြိမ် မြင်ရခြင်းဖြစ်ပါ၏။ ထိုအချိန်မှစ၍ ကျွန်တော်သည် စိတ်ပိုင်းဆိုင်ရာ နာမ်လောက နယ်ပယ်အတွင်း သို့ ချဉ်းနင်းဝင်ရောက်ခဲ့သည်ဟု ဆိုရပါလိမ့်မည်။

ကလေးမီးဖွားနေသည့် လူနာအား ကူညီစောင့်ရှောက်ရင်း အလွန်တိတ်ဆိတ်ငြိမ်သက်နေသည့် အကာလညအခါတွင် သေငယ်ဇောနှင့် မြောနေသော လူနာအားစောင့်ကြည့်ရင်း တောင်းပန်တိုးလျှိုး၍ အသနားခံ၍ မရနိုင် သည့် သေခြင်းတရား၏ တောင်ပံခတ်သံများကို နားစွင့်ရင်းနှင့်ပင် ကျွန်တော် ၏ မူလအမြင်သည် ခိုင်မာမှု လျော့ရဲရဲဖြစ်လာသည်။

ကိုယ့်အမြင်ပေါ် ကိုယ်ယုံကြည်ကိုးစားမှု နည်းပါးလာသည်။ ဘဝအတွေ့အကြုံရလာသည့် သုခ ဒုက္ခ ဝေဒနာအမျိုးမျိုးကို ခံစားရင်းနှင့်ပင် 'တန်ဖိုးသစ်များ' ရလာခဲ့သည်။

ဘဝတစ်ခု၏ အဝန်းအဝိုင်းနယ်နိမိတ်သည် ကျောင်းစာအုပ်များမှ သိနားလည်ခဲ့ရသည်ထက် အဆပေါင်းများစွာ ကြီးမားကျယ်ပြန့်နေသည်ကို သိမြင်နားလည်လာသည်။

အတိုချုပ်၍ ပြောရမည်ဆိုပါမူကျွန်တော်သည် မိမိကိုယ်မိမိအထင်ကြီးမှု ဆုံးရှုံးသွားခဲ့ရပြီဖြစ်၏။ ဤသို့ဖြင့် (မိမိ၏ ဆုံးရှုံးမှုပြက်ပြက်ထင်ထင်

www.burmeseclassic.com

www.burmeseclassic.com


မမြင်ရသေးသော်လည်း) ဘုရားသခင်အား ရှာဖွေရန် ပထမဆုံး ခြေတစ်လှမ်းကို စတင်လှမ်းခဲ့ပါသည်။

ကျွန်တော့်အနေဖြင့် ရှေ့ပိုင်းတစ်နေရာတွင် အသက်လေးဆယ်ကျော်ငါးဆယ်အတွင်းရှိ ခရိုင်သူနာပြုဆရာမ အော်လ်ဝင်ဒေးဗီးစ်အကြောင်းကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သူသည် ခရိုင်သူနာပြုဆရာမအလုပ်ဖြင့် နှစ်ပေါင်းနှစ်ဆယ်ပင် ကျော်ခဲ့ပြီ။

သူမသည် ထရီဂျင်နီရွာမှ လူများအား စိတ်ရှည်ရှည်၊ ဖွဲ့ကောင်းကောင်းဖြင့် တည်ငြိမ်အေးဆေးစွာ အလုပ်အကျွေးပြုခဲ့ခြင်းဖြစ်၏။ သူ့ကိုယ်သူ သတိမထားမိသည့် သူ၏အတ္တကင်းမှုသည် သူ့အကျင့်စရိုက်၏အဓိက အရည် အသွေးဖြစ်ပါသည်

သူ့ဘက်ကဤမျှလောက် အနစ်နာခံပြီးအလုပ်လုပ်နေရသော်လည်းသူရ ရှိခံစားနေရသည့်ဆုမှာ နည်းပါးလှ၏။ ဤအဖြစ်ကိုကြည့်ပြီး ကျွန်တော့်ရင်ထဲတွင် ဘဝင်မကျဖြစ်ရသည်။

သူ့အားလူတွေကချစ်ကြခင်ကြသော်လည်း သူရနေသည့်လစာက မလုံလောက်။ တစ်ညတွင် သူနှင့်ကျွန်တော်သည် ရောဂါသည်းနေသော လူနာတစ်ယောက် ကြည့်အပြီး လက်ဘက်ရည် တစ်ယောက်တစ်ခွက်သောက်ရင်းဤကိစ္စကို စကားစပ်မိကြပါသည်။

'ဆရာမရယ်...ခင်ဗျားလစာကို တိုးပေးအောင်ပြောပါလား၊ ဘာပြုလို့မပြောတာလဲ၊ ခင်ဗျားလုပ်ရတာ ပင်ပန်းသလောက်ရတာက နည်းတော့ တော်တော့်ကိုခွကျတာပဲ' ဟုကျွန်တော်ကစပြောသည်။

သူက ကျွန်တော့်အား လှမ်းကြည့်ပြီးပြုံးသည်။

'ကျွန်မအတွက်တော့ နေလို့ စားလို့ ဖြစ်အောင်လုံလောက်နေတာပဲ ဒေါက်တာရယ်'

'ဟာ...ဘယ်ဟုတ်မလဲ'ဟု ကျွန်တော်က ဇွတ်တိုးပြောသည်၊ 'ဆရာမ အနေနဲ့ တစ်ပတ်ကို အနည်းဆုံး တစ်ပေါင်တော့ ပိုရသင့်တယ်၊ ခင်ဗျားလုပ်နေရတဲ့အလုပ်ဟာ ဘယ်လောက်အထိ ထိုက်တန်တယ်ဆိုတာ ဘုရားသခင် သိပါတယ်'

www.burmeseclassic.com

www.burmeseclassic.com


သူ့မျက်နှာသည် တည်ငြိမ်သွားသည်။ 'ဒေါက်တာရယ်၊ ကျွန်မကို ဒီလောက်အထိ ထိုက်တန်တယ်လို့ ဘုရားသခင်ကသိတယ်ဆိုရင် ဒီကိစ္စဟာ ကျွန်မနဲ့ပဲ ဆိုင်တော့တာပေါ့'ဟု ပြောသည်။

သူ့စကားသည် လုံလောက်နေပြီဖြစ်၏။ သူ့မျက်လုံးများကလည်း အဓိပ္ပာယ်ကို ဖော်ပြနေကြသည်။ သူသည် ဘာသာကိုင်းရှိုင်းသော အမျိုးသမီးကြီးတစ်ယောက်ဖြစ်၏။ သူ့ဘဝ အခုလိုရပ်တည်နေခြင်းသည်၊ (အများကောင်းကျိုးအတွက် ပင်ပန်းကြီးစွာ အလုပ်လုပ်၍ အနစ်နာခံနေခြင်းသည်) ဘုရားသခင်ပေါ်၌ သူထားရှိနေသည့် ယုံကြည်မှုကြောင့်ဖြစ်သည် ဟူသောအချက်ကို သူ့စကားနှင့် သူ့အကြည့်များကြောင့် ကျွန်တော် နားလည်လိုက်ရပါသည်။ ထိုစဉ်က ကျွန်တော်သည် သူ့ဘဝ၏အနှစ်သာရရှိမှုနှင့် ကျွန်တော့်ဘဝ၏ အချည်းနှီးဖြစ်မှုကို နှိုင်းယှဉ်ပြီး မြင်ခဲ့မိပါသည်။

ကျွန်တော်သည် ဘာသာရေးပညာ ပါမောက္ခတစ်ယောက်မဟုတ်ပါ။ ကျွန်တော့်အနေဖြင့် ဆုတောင်းပွဲ ဝတ်ပြုပွဲတစ်ခုတွင် လူအများရှေ့၌ ရပ်၍ ဓမ္မဒေသနာ ဟောပြောလိုစိတ်လည်း ရှိသူမဟုတ်ပါ။ အခြားသော ယုံကြည်ကိုးကွယ်မှု အယူဝါဒများကို ဘေးဖယ်ထားပြီး မိမိယုံကြည်ကိုးကွယ်ရာ ဘာသာအယူဝါဒတစ်ခုတည်းကိုသာ ရှေ့တန်းတင်၍ ပြောနေခြင်းလည်း မဟုတ်ပါ။

ကျွန်တော်ပြောနေသည်မှာ 'ဘုရားယုံကြည်မှု'ဟူသော အချက်တစ်ခုတည်းကိုသာ ရည်ညွှန်း၍ပြောနေခြင်း ဖြစ်ပါသည်။ ဤအချက်မှာ ယနေ့ လူ့သမိုင်း၏ဖြစ်စဉ်အရ ယခင့်ယခင် အချိန်များကထက်ပို၍ အာရုံစိုက်သင့် သည့်အချက်ဟု ထင်၍ ပြောနေခြင်းဖြစ်ပါသည်။

ဤကိစ္စသည် ယခင်အချိန်များက အခုလောက် အရေးကြီးပြီး အခုလောက်ရှေ့တန်းတင်ရသည့် ကိစ္စတစ်ခုမဟုတ်ပါ။ ယခုအခါတွင်မူ ကမ္ဘာပေါ်ရှိ လူသားအားလုံး၏ထက်ဝက်ခန့်သည် ဘုရားရှိသည်ဟူသော အယူဝါဒကို လက်မခံဘဲ ဘာသာရေးကို အပြင်းအထန် ဆန့်ကျင် တိုက်ခိုက်လျက် ရှိကြသည်။

ကျန်တစ်ဝက်ဖြစ်သော ကျွန်တော်တို့သည် နှလုံးသားက စိတ်ပိုင်း

www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ရာ သာယာချမ်းမြေ့မှုကို လိုလားတောင့်တနေကြသော်ငြားလည်း ဘုရားနှင့် ပတ်သက်သည့် ကျွန်တော်တို့၏ သဘောထားမှာမူ ဥပေက္ခာပြုလွန်းအားကြီးလျက်ရှိသည်။

ဘဝ၏အဓိပ္ပာယ်နှင့် မှန်ကန်သောရပ်တည်မှုကို လုံးဝမသိနား မလည်တော့သည့်အဖြစ်သို့ ဆိုက်ရောက်လျက်ရှိသည်။ ဤသို့ဖြင့် လူတို့၏ စိတ်ပိုင်းဆိုင်ရာဘဝကို ကြောက်မက်ဖွယ် ကောင်းလောက်အောင် ခြိမ်းခြောက်လျက်ရှိသော ဘေးအန္တရာယ်များကို မသိမမြင်ကြတော့ဘဲ ပေါ့ပေါ့တန်တန်ပင်နေလာခဲ့ကြသည်။

အများစုကလည်း ခေတ်သစ်အတွေးအခေါ် အယူအဆလမ်းကြောင်းပေါ်သို့ရောက်ကာ တိုးတက်လာသော သိပ္ပံပညာနှင့်ခေတ်မမီတော့သည့် ရိုးရာဓလေ့ထုံးစံများကို အကြောင်းပြု၍ ဘုရားရှိ၊ မရှိဟူသော ပြဿနာပေါ်တွင် မေးခွန်းများထုတ်ကာ စောဒကတက်နေကြသည်။ အချို့ကမူ သံသယများ၊ ပဋိပက္ခမျး၊ ကြောက်မက်ဖွယ်ရာများနှင့်အုံ့ဆိုင်းနေသည့် ကမ္ဘာကြီးအပေါ် အယုံအကြည်ကင်းမဲ့ကာ အနာဂတ်ဘဝသာယာရေးဟူသော အယူအဆမှကင်းလွတ်၍ အမျိုးမျိုးသောအာရုံခံစားမှုများအလယ်တွင် မိမိတို့၏ ဘဝများကို နှစ်မြုပ်ပစ်လျက် ရှိကြလေသည်။

လူသားတို့၏ ကြီးမားများပြားလှသော အရေးအခင်းများသည် စိတ်၏ငြိမ်းချမ်းမှုကို ရှာဖွေရေးအတွက် ကျွန်တော့်အားဖိအားပေးလျက်ရှိပါသည်။ ထို့ကြောင့်လည်း ကျွန်တော်သည် ကျွန်တော်၏ယုံကြည်မှုကို တည်ဆောက်ပေးခဲ့သော စိတ်ဓာတ်လေ့ကျင့်ပြုစုပျိုးထောင်ပေးရာ နည်းလမ်းများကို နားလည်သဘောပေါက်အောင် အားထုတ်ခဲ့မိပါသည်။

ပထမဦးဆုံး စဉ်းစားဆင်ခြင်ကြည့်ရမည့်အချက်မှာ ကျွန်တော်တို့၏ ယုံကြည်မှု၏အရင်းအမြစ် ဖြစ်သည်။ ကျွန်တော်တို့သည် သဘာဝထက်လွန်ကဲသောအရာများပေါ်၌ ယုံကြည်နေခြင်းဖြစ်ရာ ယင်းယုံကြည်မှုကို ဖြစ်ပေါ်လာအောင် တွန်းအားပေးခဲ့သော အရာသည် မည်သည့်အရာ ဖြစ်ပါသနည်း။

တစ်နည်းအားဖြင့် သဘာဝထက်လွန်ကဲပြီး တည်ရှိနေသောဘုရား

www.burmeseclassic.com

www.burmeseclassic.com


သခင်အပေါ် ယုံကြည်မှုသက်ဝင်လာအောင် တွန်းအားပေးခဲ့သည့်အရာသည် မည်သည့်အရာဖြစ်ပါသနည်းဟု ဆိုလိုခြင်းဖြစ်ပါသည်။ အမှန်တော့ ယင်း ယုံကြည်မှုကို ဖြစ်ပေါ်လာအောင်တွန်းအားပေးခဲ့သည်မှာ ဘုရားသခင်ကိုယ် တိုင်ပင် ဖြစ်သည်ကို တွေ့ရ၏။

သို့သော်လည်း ဘုရားသခင်သည် ဤအရာပင်ဖြစ်ပါသည်ဟု သင်္ချာ ဗေဒနည်းဖြင့် ညီမျှခြင်းထုတ်၍ အတိအကျသက်သေပြနိုင်သည်မဟုတ်။ ဘုရားသခင်ရှိပါသည်ဆိုသောအချက်ကို ဂရိသင်္ချာဗေဒပညာရှင်ကြီး ယူကလစ်၏စာအုပ်ထဲကလို လက်တွေ့သိသာထင်ရှားအောင် အကောင် အထည်နှင့် ပြ၍မရ။ အနန္တတန်ခိုးရှင် ဘုရားသခင်နှင့် ပတ်သက်၍ တိကျ ပြတ်သားသော အချက်အလက်များ ဖော်ပြပြီး ခိုင်လုံသည်ထက် ခိုင်လုံအောင် အကျိုးသင့်အကြောင်းသင့် ရှင်းပြ၍မဖြစ်။ ဘုရားသခင်အား အပြည့်အဝ နားလည်အောင်လုပ်ရန်မှာ လူသားတို့၏စွမ်းရည်ဖြင့် ဖြစ်နိုင်ဖို့မလွယ်။ မည်သို့ ပင်ဖြစ်စေ ဘုရားသခင်အား ရှာဖွေတွေ့ရှိအောင် အားထုတ်ရာ၌ ကျွန်တော် တို့အား ကူညီနိုင်မည့် ရိုးရိုးရှင်းရှင်း အငြင်းပွားမှုများကတော့ ရှိနေပါသည်။

အကယ်၍ ကျွန်တော်တို့အနေဖြင့် စကြဝဠာ၏ ဖွဲ့စည်းတည်ဆောက် မှုကို စဉ်းစားကြသည်ဆိုပါစို့။ စကြဝဠာ၏ အံ့သြဖွယ်ရာများ၊ နက်နဲဆန်း ကြယ်မှုများ၊ တည်နေပုံအနေအထားနှင့် ရှုပ်ထွေးမှုများ၊ အံ့သြထိတ်လန့်ဖွယ် ကောင်းသည့် ကြီးမားကျယ်ပြန့်မှု စသည်များသည် စဉ်းစားရမည့်အချက်များ ဖြစ်လာသည်။

ထိုအခါ ဤစကြာဝဠာကြီးအား ကနဦးတည်ဆောက်ခဲ့သည့် ‘ဖန်တီးရှင်’ ဟူသော အယူအဆ သို့မဟုတ် စိတ်ကူးမှလွတ်မြောက်အောင် ရုန်းထွက်၍ မရတော့ပေ။

နွေဥတုညတစ်ည၌ ကောင်းကင်ရှိ မရေမတွက်နိုင်လောက်အောင် များပြားသော နက္ခတ်တာရာအစုအဝေးများကို မျှော်ကြည့်နေသူသည် ဤ စကြာဝဠာ ဘယ်လိုများတည်ပါလိမ့်မည်ဟု မတွေးတော မဆင်ခြင်ဘဲ နေနိုင် မည်မဟုတ်။

အတိုင်းအဆ အကန့်အသတ်နှင့် စည်းချက်ကျကျ ပုံမှန်လည်ပတ်

www.burmeseclassic.com

www.burmeseclassic.com


နေသော ကျွန်တော်တို့ကမ္ဘာအကြောင်းကိုလည်း မစဉ်းစားမိဘဲ နေနိုင်မည်မဟုတ်။ ဤအရာကြီး၏ ပုံမှန်လည်ပတ်မှုကြောင့် ရာသီဥတုများ ကွဲပြားခြားနားလာရပုံကို စဉ်းစားမိသည့်အခါ ဤကမ္ဘာကြီးသည် နေဆီမှ မတော်တဆပဲ့ကျလာပြီး အဓိပ္ပာယ်မရှိ ဖြစ်ကတတ်ဆန်း တည်ရှိနေသော သာမန်ရုပ်ဝတ္ထုအလုံးကြီးတစ်လုံးတော့ မဟုတ်ပါဟု တွေးမိလိမ့်မည်မှာ မလွဲပေ။

ဘုရားသခင်နှင့်ပတ်သက်၍ သမ္မာကျမ်းစာ၏ အဆိုကို လက်မခံနိုင်ဟု ယူဆပါက ပယ်နိုင်ပါသည်။ ဘုရားသခင်က ခြောက်ရက်တည်းနှင့် ဤကမ္ဘာကြီးအား ဖန်ဆင်းခဲ့သည်ဟူသော စကားကို ပြက်ရယ်ပြုလိုသည်ဆိုပါကလည်း ပြုနိုင်ပါသည်။

လူ့လက်ဖြင့် အေဒမ်အား အသက်ဝင်စေခဲ့သည်ဟူသော စကားကို သရော်လိုပါကလည်း သရော်နိုင်ပါသည်။ သဘာဝအကြောင်းတရားများကို သိပ္ပံနည်းကျကျ အခြေခံထားသော တစ်စ တစ်စ ပြုပြင်ပြောင်းလဲမှု သဘောတရားကိုသာ လက်ခံလိုသည်ဆိုပါကလည်း လက်ခံပါ။ သို့သော်လည်း ထိုအခြေအနေသို့ ရောက်ချိန်အထိ မူလက ရင်ဆိုင်ခဲ့ရသော အံ့သြဖွယ်ရာများ၊ လျှို့ဝှက်နက်နဲမှုများ၊ ဆန်းကြယ်လေးနက်မှုများကိုတော့ ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်ကို တွေ့ရပါလိမ့်မည်။

ကျွန်တော်ကတော့ ကျွန်တော်တို့ ကျောင်းသားဘဝက သိကြားခဲ့ရဘူးသည့် 'ဘာမှမရှိသည့်နေရာမှ ဘာမှထွက်ပေါ်မလာနိုင်'ဟူသော စကားတစ်ခွန်းကို သတိရမိပါသည်။

လွန်ခဲ့သောနှစ်အနည်းငယ်ခန့် ကျွန်တော်လန်ဒန်၌ နေထိုင်စဉ်ကာလအတွင်း အချိန်ပိုရသဖြင့် အလုပ်သမားလူငယ်များကလပ်တစ်ခု စည်းရုံးတည် ထောင်ခဲ့ဖူးပါသည်။

ထိုစဉ်က ကျွန်တော်သည် ထင်ရှားသော တက္ကဗေဒပညာရှင်တစ်ဦးအားဖိတ်၍ အဖွဲ့ဝင်များအတွက် ဟောပြောပွဲတစ်ခု ပြုလုပ်ခဲ့သည်။ သူ့ဟောပြောချက်များမှာ ကျွန်တော်မျှော်လင့်ထားသလို မဟုတ်သော်လည်း အတော်ကလေးကောင်းသော ဟောပြောပွဲတစ်ခုဖြစ်ခဲ့၏။ ကျွန်တော့်မိတ်ဆွေ

www.burmeseclassic.com

www.burmeseclassic.com


အနေဖြင့် 'လူငယ်အား အမှန်တရားသာ ပြောပြသင့်သည်' ဟူသောမူကို လက်ကိုင်ပြု၍ ဟောပြောခဲ့ခြင်းဖြစ်သည်။

သူရွေးချယ်ခဲ့သည်မှာ 'ကျွန်ုပ်တို့ ကမ္ဘာကြီး၏အစ' ဟူသော အကြောင်းအရာဖြစ်သည်။ ဟောပြောသည့်အခါ ဘုရားသခင်ရှိသည်ဟူသော အယူအဆကို လက်မခံနိုင်သည့် ရှုထောင့်မှနေ၍ သူ့အကြောင်းအရာကို ချည်းကပ်ဟောပြောသွားခဲ့သည်။

ဟောပြောရာ၌ ဤကမ္ဘာကြီးပေါ်တွင် သမိုင်းဦးမစတင်မီ ရှေးပဝေသဏီကာလက ပင်လယ်သမုဒ္ဒရာကြီးများ မည်ကဲ့သို့ စတင်ဖြစ်ပေါ်တည်ရှိလာသည်ကို ရူပ၊ ဓာတုတုံ့ပြန်မှု သဘောတရားပေါ် အခြေခံ၍ အဆစ်အပိုင်းကျကျ ဟောပြောသွားခြင်းဖြစ်၏။

အလွန့်အလွန် ရှေးကျသောခေတ်ကာလက တိရိစ္ဆာန်နှင့်သစ်ပင်များအား အသက်ဝင်လှုပ်ရှားစေခဲ့သည့် ကနဦး ဘဝအကြောင်းကိုမူ ထည့်သွင်း၍ ပြောမသွားခဲ့ပေ။ မည်သို့ပင်ဖြစ်စေ ရိုးရိုးဟင်းသီးဟင်းရွက်များကိုသာ စားသောက်နေခဲ့ရသော လူငယ်များအဖို့ အမဲသားစားလိုက်ရသည့်နှယ် ဖြစ်ရသည်။

သူဟောပြောအပြီးတွင် လက်ခုပ်သြဘာသံများ ကြားရသည်။ ထို့နောက် လူငယ်တစ်ယောက်ထ၍ ရပ်လိုက်သည်ကို မြင်ရပါသည်။

'ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ'ဟု သူက စကားစသည်။

'ဆရာက ပင်လယ်သမုဒ္ဒရာကြီးတွေထဲက ရေတွေ၊ ကမ်းခြေကို ဘယ်လို ရိုက်ခတ်တယ်ဆိုတာပဲ ပြောတယ်။ အဲဒီနေရာတွေမှာ ပထမဆုံး ရေတွေ ဘယ်လိုရောက်လာတယ် ဆိုတာကျတော့ ပြောမသွားပါဘူး'

အလွန်ရိုးသားသော မေးခွန်းဖြစ်သည်။ သိပ္ပံနည်းကျကျဟောပြောချက်ကို ဆန့်ကျင်ဘက်ပြုလိုက်သော မေးခွန်းလည်းဖြစ်သည်။ အားလုံး အံ့အား သင့်နေကြသည်။

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ ဟောပြောသူမှာလည်း စိတ်အနောက်အယှက်ဖြစ်သွားပုံရ၏။ သူသည် အဖြေကို ချက်ချင်းမပေး။ တုံ့ဆိုင်းလျက်ရှိသည်။ သူ့မျက်နှာ ဖြည်းဖြည်းချင်းနီရဲလာသည်။

www.burmeseclassic.com

www.burmeseclassic.com


သူ မဖြေခင်မှာပင် ပရိသတ်က ရယ်သည်။ ခါတ်ခွဲခန်းလက်တွေ့သမားတစ်ဦး၏ တက္ကဗေဒနည်းဖြင့် ကျိုးကြောင်းပြ၍ အကျယ်တဝင့်ရှင်းလင်းထားသော ဟောပြောချက်သည် ရိုးသားသော လူငယ်တစ်ဦး၏ ရိုးစင်းသော မေးခွန်းတစ်ခုကြောင့် ပုံပန်းပျက်သွားခဲ့ရလေပြီ။

ရေတွက်၍လည်းမရ။ ခန့်မှန်းသတ်မှတ်၍လည်း မရနိုင်သော အချိန်ကာလဆီက ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များကို ဆင်ခြင်ကြည့်သည့်အခါ ဘုရားသခင်မရှိဟူသော အဆိုကို ပစ်ပယ်နိုင်လောက်သည့် ခိုင်လုံသော အထောက်အထားကို မတွေ့ရပါ။

စကြဝဠာကြီး၏တွန်းအားနှင့် သဘာဝတရားများ၏ လှုပ်ရှားရုန်းကန်မှုများကို အခြေခံ၍ ရှေးကာလကဖြစ်ပေါ်ခဲ့ရသည့် 'ဖန်တီးမှု'ကို ဆင်ခြင် ကြည့်လိုက်သည့်အခါတွင်လည်း အနန္တဉာဏ်ဟူသောအရာသည် တည်ရှိခဲ့ဖူးရုံမျှမက အခုအချိန်ထိလည်း တည်ရှိနေဆဲဖြစ်သည်ကို တွေ့နေရ၏။

ယင်းယုံကြည်မှုကို ပိတ်ဆို့ဟန့်တားနေသောအရာသည် ကမ္ဘာပေါ်ရှိ လူတို့၏ဘဝထဲ၌ အနှံ့အပြားဖြစ်ပေါ် တည်ရှိနေသည့် ဆင်းရဲဒုက္ခများပေါ်၌ အခြေခံလျက်ရှိ၏။

ဤကမ္ဘာကြီးပေါ်တွင် မုန်တိုင်းကျခြင်း၊ ရေကြီးခြင်းနှင့် မြေငလျင်လှုပ်ခြင်းစသော ဘေးဒဏ်များကို အမြဲတစေခံနေရ၏။ ငတ်မွတ်ခေါင်းပါးခြင်းဟူသော ဒုဗ္ဘိက္ခန္တရကပ်နှင့် ရင်ဆိုင်နေ၏။ ရောဂါဆိုးအမျိုးမျိုး ဖြစ်ပွားသည့် ရောဂန္တရကပ်နှင့် ကြုံနေ၏။

ဤအဖြစ်များကြောင့် အချို့လူများက ဤကမ္ဘာကြီးအား ဖန်တီးခဲ့သော ဘုရားသခင်သည် ချွတ်ယွင်းချက်၊ အားနည်းချက်များနှင့် မကင်းသော ဗိသုကာကြီးတစ်ဦးဖြစ်သည်ဟုဆိုကာ အနန္တဉာဏ် ဟူသော ယုံကြည်ချက်အပေါ် သံသယဝင်ကြသည်။

ယင်းသံသယအတွက် အဖြေရှိသည် ဆိုချင်ပါသည်။ လှပသော စကားလုံးများနှင့် ရိုးရိုးရှင်းရှင်းကလေးရေးထားသည့် သမ္မာကျမ်းစာ 'ဂျောဘ်အခန်း'တွင် ထိုအဖြေကို တွေ့ရလိမ့်မည်ဟုကျွန်တော်မျှော်လင့်ပါသည်။

ဂျော့ဘ်သည် ဆင်းရဲဒုက္ခမျိုးစုံ ရင်ဆိုင်ခဲ့ရသူဖြစ်၏။ သို့သော်လည်း သူသည် ဘုရားသခင်အပေါ် ယုံကြည်မှု ပျက်ပြားခြင်းမရှိ။ တကယ်

www.burmeseclassic.com

www.burmeseclassic.com


တော့ ဂျော့ဘ်သည် တိုတောင်းလှသော လူ့ဘဝတစ်သက်တာ၏ ရည်ရွယ်ချက်နှင့် အဓိပ္ပာယ်ကို ကောင်းစွာနားလည်ခဲ့သူ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ရုပ်ဝတ္ထုပစ္စည်းများ လွှမ်းမိုးကြီးစိုးနေသည့် ယနေ့ခေတ်တွင်မူ ကျွန်တော်တို့သည် ရောင့်ရဲ တင်းတိမ်ခြင်းငှာ မစွမ်းနိုင်သည့် အာရုံခံစားမှုများအပေါ်၌ များစွာစွဲလမ်းနေကြသည်။

အာရုံခံစားမှု အမျိုးမျိုးနောက်သို့ တစ်ကောက်ကောက်လိုက်နေကြသည်။ ဘဝတစ်ခု၏ ဖြစ်ခြင်းနှင့်ပျက်ခြင်းသည် သာယာပျော်ရွှင်မှုတစ်ခုတည်းနှင့်သာသက်ဆိုင်သည် မဟုတ်ဟူသောအချက်ကို မေ့လျော့နေကြသည်။

အကယ်၍သာ ကျွန်တော်တို့သည် ဘုရားသခင်ကိုလည်းကောင်း၊ ကျွန်တော်တို့၏ဘဝ ထာဝရရှင်သန်မှုဟူသော အယူအဆကို လည်းကောင်း၊ လက်ခံကြသည်ဆိုပါက လူ့ဘဝသည် သာယာပျော်ရွှင်မှု တစ်ခုတည်းအတွက်သာ တည်ရှိနေခြင်း မဟုတ်ဟူသောအချက်ကို လည်းကောင်း၊ လူ့ဘဝသည် အနာဂတ်ကာလအတွက် ကြိုတင်ပြင်ဆင်မှု ပြုလုပ်နေမည့် အလွန်တိုတောင်းသော အချိန်ကလေးတစ်ခု ဖြစ်သည်ဟူသော အချက်ကိုလည်းကောင်းနားလည်ကြပါလိမ့်မည်။

အမှန်တော့ ကျွန်တော်တို့သည် မွေးကတည်းက ဝေဒနာခံစားရမည့် အင်္ဂါရုပ် ပါလာခဲ့သည်ဖြစ်ရာ ဝေဒနာခံစားမှုကို မနှစ်သက်၍ ခွဲခြားထုတ်ပယ်ပစ်နိုင်ရန် ကြိုးစားအားထုတ်ပါက ပို၍ ခံစားကြရမည်သာ ဖြစ်၏။

ပညာဉာဏ်အကြီးမြင့်ဆုံးနှင့် မာန်မနအကင်းဆုံးသော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်သည့် သောမတ်စ်ကင်းပစ်စ်က 'ဝေဒနာခံစားမှုသည် သင့်အတွက်အကျိုးမဲ့စေသည်ဟူသော အယူအဆကြောင့် ထိုဝေဒနာခံစားမှုမှ ဝေးရာသို့ပြေးနိုင်အောင် အားထုတ်လျှင် ထိုဝေဒနာ ခံစားမှုသည် သင်နှင့်အတူ ထပ်ကြပ်မကွာ လိုက်လာလိမ့်မည်သာ ဖြစ်၏။ ထို့ပြင်လည်း သက်ရောက်လေရာ နေရာတိုင်း၌ ထိုဝေဒနာ၏ဒဏ်ကို ပို၍ပင် ပြင်းထန်စွာ ခံစားရလိမ့်မည်ဖြစ် သည်' ဟု ရေးထားခဲ့လေသည်။

အကယ်၍သာ ကျွန်တော်တို့သည် မသာယာမှုများနှင့် နာကျင်မှုများ၊ စိတ်ပျက်အားငယ်စရာများနှင့် ကံဆိုးမိုးမှောင်ကျမှုများကို ဝမ်းနည်း

www.burmeseclassic.com

www.burmeseclassic.com


ကြေကွဲခြင်းတည်းဟူသော ဆေးခါးကြီး ကြိတ်မှိတ်သောက်ပြီး ခါးစည်း၍ ခံကြမည်ဆိုပါမူ (ဘုရားသခင်၏ အလိုတော်အရ ခံနိုင်ရည် ရှိမရှိ စမ်းသပ်ခြင်းကို ခံယူကာ) အသက်ရှင်သွားဖို့သာ ရှိပါသည်။

ထိုအခါတွင် ကျွန်တော်တို့ ပင်ပန်းကြီးစွာ သောကကြီးစွာဖြင့် လိုက်လံရှာဖွေနေသော အလိုဆန္ဒများနှင့် ရုပ်ဝတ္ထုပစ္စည်းများ၏ အနှစ်သာရကင်းမဲ့မှုများကို သိမြင်နားလည်လာကြလိမ့်မည်ဟု ထင်ပါသည်။

စိတ်ဓာတ်လည်းတိုး၍ ခိုင်မာလာဖို့ရှိပါသည်။ ဘဝကို ထိုအတိုင်း ရင်ဆိုင်ခဲ့ရသော ဂျော့ဘ်သည် ယုံကြည်မှုမပျက်ပြားရုံမျှမက သူ့ယုံကြည်မှုနှင့် ပတ်သက်၍ 'အကျွန်ုပ်အား ဘုရားသခင်၏အလိုတော်အတိုင်းသာ ပြုတော်မူပါ၊ အဘဘုရားသခင်က အကျွန်ုပ်အား သတ်ဖြတ်ပစ်မည်ဟုဆိုတော်မူသည့်တိုင်အောင် အဘဘုရားသခင်အပေါ်၌ အကျွန်ုပ်ယုံကြည်မှု မပျက်ပါ၊ အကျွန်ုပ် သည် အဘဘုရားသခင်၏အသံကို အကျွန်ုပ်၏ နှလုံးသားများက ကြားပါသည်။ အဘ ဘုရားသခင်၏ ရုပ်လွှာကို အကျွန်ုပ်၏ နှလုံးသားမျက်စိများက မြင်ပါသည်' ဟု ကျူးရင့်ခဲ့ခြင်း ဖြစ်ပါသည်။

အမှန်တော့လည်း နှလုံးသားမျက်စိကသာလျှင် ဘုရားသခင်ကို မြင်နိုင်ဖို့ရှိသည်။ ဘုရားသခင်၏ ရုပ်လွှာသည် နှလုံးသားကသာလျှင် လာနိုင်ဖို့ရှိပါ သည်။ ကျွန်တော်တို့အနေဖြင့် ဘုရားသခင်ရှိမရှိ အကြောင်းအမျိုးမျိုး ပြ၍ ခွဲခြမ်းစိတ်ဖြာ ကြည့်ခဲ့ပြီးပြီ။

သို့သော်လည်း ပုရွက်ဆိတ်လောက်သာ ဉာဏ်ရှိသော ကျွန်တော်တို့ သည် အနန္တဉာဏ်တော်ရှင်၏ တံခါးကို ဖွင့်နိုင်ဖို့ မဆိုထားနှင့်။ တံခါး၏ မျက်နှာပြင်ကို အရာထင်အောင်ပင် ကုတ်ခြစ်နိုင်စွမ်း မရှိဟု ထင်ပါသည်။

မကြာသေးခင်က ကျွန်တော် အီတလီနိုင်ငံသို့ ရောက်သွားခဲ့သည်။ အလွန်သာယာသောနေ့ခင်းပိုင်းတွင် ကျွန်တော်သည် မော်တော်ကားဖြင့် ဖလောရင့်စ်မြို့တွင်းမှ ထွက်လာခဲ့သည်။

တောင်ကုန်းများပေါ်ရှိ နာမည်ကြီး ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ ရောက်သွားပါသည်။ ဆယ့်ငါးရာစုခေတ်က တည်ဆောက်ခဲ့သော ဘုရားရှိခိုးကျောင်းတစ်ကျောင်းကိုလည်း ကြည့်ရှုလေ့လာခွင့်ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ရှေးဟောင်းခေတ်က လက်ရေးမူများနှင့် ထူးခြားပြောင်မြောက်သော ပနးချီလက်ရာများကိုလည်း မြင်ခွင့်ရခဲ့သည်။ ထို့နောက် ဘုန်းကြီးကျောင်း အတွင်းရှိ ဥယျာဉ်တစ်ခုထဲသို့ အမှတ်မထင် ဝင်ရောက်ခဲ့ပါသည်။ သာယာ လှပသော ပြုစုပျိုးထောင်မှုတစ်ခု ဖြစ်ပါ၏။

ဤဥယျာဉ်ထဲမှာပင် အဘိုးအိုတစ်ယောက်နှင့် စကားစမြည် ပြော ခွင့်ရခဲ့သည်။ အဘိုးအိုမှာ စိတ်နေစိတ်ထား သိမ်မွေ့နူးညံ့သူ ဖြစ်သည်။ ပင်ပန်းကြီးစွာ အလုပ်လုပ်လာခဲ့ရသောဒဏ်နှင့် လောလောဆယ် ခံစားနေရ သည့် ဒူလာရောဂါကြောင့် အဘိုးအိုသည် ခါးကိုင်းလျက်ရှိပြီ။ သို့သော်လည်း မျက်စိများကတော့ တောက်ပဆဲ။

သူသည် မြေကို ပင်ပန်းကြီးစွာ ထွန်ယက်စိုက်ပျိုးသည်။ ဘုရား မှန်မှန် အာရုံပြုသည်။ ကျွန်တော်က မေးခွန်းတစ်ခု မေးလိုက်သည့်အခါ သစ်သီး ခြံဘက် လက်ညှိုးထိုးပြပြီး အဖြေပေးသည်။

'ကျုပ်ကတော့ ကျုပ်ရဲ့ချယ်ရီပင်တွေ အဖူးထွက်လာတာ၊ နောက်ပြီး တော့ အပွင့်ပွင့်လာတာ နောက်ပြီးတော့ သီးလာတာ မြင်တယ်။ ပြီးတော့ ဘုရားသခင်အပေါ်မှာ ယုံကြည်တယ်၊ အဲဒါပဲ'

အကယ်၍သာ ကျွန်တော်တို့တွင် အဘိုးအို၏ သက်ဝင်မှုမျိုး၊ ယုံကြည်ကိုးစားမှုမျိုး အနည်းငယ်မျှသာ ရှိကြမည်ဆိုလျှင်၊ အကယ်၍သာ ကျွန်တော်တို့သည် ယင်းအဘိုးအိုကဲ့သို့ အကြွင်းမဲ့ ယုံကြည်သော စိတ်မျိုးဖြင့် မိမိကိုယ်ကို မိမိ နှိမ့်ချအပ်နှံထားမည်ဆိုလျှင် ကျွန်တော်တို့အားလုံး ဘုရား သခင်ဆီသို့ လျှောက်သွားရာလမ်းပေါ်သို့ ရောက်ကြလိမ့်မည်ဟု ထင်ပါသည်။

နှိမ့်ချအပ်နှံရာ၌ ပထမဆုံး လုပ်ရမည့်အဆင့်မှာ 'မိမိကိုယ်မိမိ ငါသည် ဘာမှမဟုတ်။ ငါဘာမှမသိ' ဟု သတ်မှတ်ရမည် ဖြစ်ပါသည်။ ဤခံယူချက်ဖြင့် ထိုလမ်းအတိုင်း ဆက်လျှောက်လျှင် ယုံကြည်မှုသည် ကြီးမား လာမည်။ အသိဉာဏ် ဗဟုသုတလည်း တိုးတက်လာမည်။ နောက်ဆုံးတွင် ယုံကြည်သက်ဝင်မှု ခိုင်မာလာလိမ့်မည်။

ကျွန်တော်ဆရာဝန်ဘဝက မြောက်ပိုင်း မြို့တစ်မြို့ရှိ လူသိများသော ပုဂ္ဂိုလ်တစ်ဦးအား ဆေးကုသပေးခဲ့ရဖူးသည်။ ယင်းပုဂ္ဂိုလ်သည် သူ့ဘဝ

www.burmeseclassic.com

www.burmeseclassic.com


တစ်လျှောက်လုံး သူ့ကိုယ်သူ ဘုရားမဲ့ဝါဒသမားတစ်ယောက်အဖြစ် ဂုဏ်ယူဝင့်ကြွားလာခဲ့သူဖြစ်၏။ ဘာသာအလွန်ကိုင်းရှိုင်းသော ကျောင်းဆရာတစ်ယောက်နှင့် လက်ထပ်ယူသွားသည့်သမီးအား အဆက်ဖြတ်သည်။ ကုသ၍မရနိုင်တော့သည့် ရောဂါစွဲကပ်လာသည့်အခါတွင်မှ သူ့စိတ်ပြောင်းလာသည်။

အခုဆိုလျှင် သေမင်း၏အရိပ်သည် သူ့အပေါ် ကျရောက်လာနေပြီဖြစ်၏။ သူမသေခင် သူ့သမက်က သူ့အပေါ် အမြင်ကြည်လင်လာစေလို သောဆန္ဒပြင်းပြလျက်ရှိ၏။ ထို့ကြောင့်လည်း သူသည် သမီးအိမ်သို့ မကြာခဏသွားလည်သည်။

သမက်နှင့်စကားစမြည်ပြောရင် ငြင်းလားခုန်လားလုပ်သည်။ သူ့ယုံကြည်မှုနှင့် ပက်သက်၍ ဇဝေဇဝါဖြစ်လာသည့်အခါများတွင်လည်း သူ့သမက် မရိပ်မိအောင် သတိထားကာ စကားဝိုင်းကို စကားတစ်ခွန်းဖြင့် ရပ်ပစ်လေ့ရှိသည်။

'မင်းကိုယ်မင်း အထင်ကြီးမနေနဲ့ဟေ့၊ ငါက နောင်တရတတ်တဲ့လူမဟုတ်ဘူး။ ငါက အခုထက်ထိ ဘုရားသခင်ကို မယုံကြည်သေးဘူး'

တစ်နေ့တွင်မှ သူ့အဖေစကား ကြားလိုက်ရသော သူ့သမီးက ဝင်ပြော သည်။

'အဖေကလဲ၊ အဖေက ယုံကြည်မှုမရှိပေမယ့် သူက အဖေ့အပေါ် ယုံကြည်နေတာပဲ'

ဤစကားတစ်ခွန်းသည် အဘိုးအိုအတွက် အလွန်တာသွားသည်။ သူ၏ခေါင်းသည် ယခင်ကထက် ပျော့သွားသည်။ ဤစကားသည် ကျွန်တော်တို့အားလုံးအတွက် အကျိုးဖြစ်စေနိုင်သည့်စကားဟုပင် ထင်ပါသည်။ အမှန်တော့ ကျွန်တော်တို့ ဘာတွေးတွေး၊ ဘာလုပ်လုပ် ကျွန်တော်တို့သည် ဘုရားသခင်၏ သားသမီးများသာ ဖြစ်ပါသည်။ သူသည် ကျွန်တော်တို့အား စောင့်မျှော်လျက်ရှိသည်။ သူ့အား အသိအမှတ်ပြုဖို့ ယုံကြည်မှုဟူသော စကားတစ်ခွန်းသာ လိုပါသည်။

အေဘရာဟင်လင်ကွန်းသည် ညစဉ်ညတိုင်း ဒူးထောက်၍ ထိုင်ရာ ဘုရားသခင်ကို အာရုံပြုလေ့ရှိသည်ဟု ဆိုသည်။ ကျွန်တော်တို့သည် ဤနမူနာ

www.burmeseclassic.com

www.burmeseclassic.com


ကို ယူကြရမည်လော။ မရေမတွက်နိုင်လောက်အောင် များပြားလှသော လူသားများသည် ဘုရားသခင်ရှေ့မှောက်၌ မိမိတို့ဘဝများကို တည်ဆောက်လာခဲ့ကြသည်မှာလည်း ရာစုနှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ဘုရားသခင်သည် အားနည်းသူများအား သူရသတ္တိကို ပေးခဲ့၏။ ပင်ပန်းနွမ်းနယ်နေသူများအား ခွန်အားကိုပေးခဲ့၏။ စိတ်ဓာတ်ကျကာ မျှော်လင့်ချက် ပျက်ပြားနေသူများအား မျှော်လင့်ချက် ပေးခဲ့၏။

ဘုရားသခင်သည် နေရာတိုင်း၌ ရှိသည်။ မိမိ၏ ခေါင်းပေါ်တွင်လည်းရှိသည်။ မိမိ၏ ဘေးပတ်ပတ်လည်တွင်လည်းရှိသည်။ သမုဒ္ဒရာရေပြင်ထက်၌လည်းရှိ၏။ မိုးကောင်းကင်၌လည်းရှိ၏။ ဘုရားသခင်သည် ကျွန်တော်တို့ တစ်ဦးချင်းစီ၏ ရင်ထဲ၌ လည်းရှိသည်။ ကျွန်တော်တို့က ရှာဖွေဖို့သာ လိုပါသည်။

× × ×

[ ၄၁ ]

နွေဦးပေါက်ခဲ့ပြန်ပြီ၊ နေသာသော နေ့တစ်နေ့ဖြစ်သည်။ တိုက်နေသည့် လေကလည်း အနောက်လေ၊ လေနုအေး။ ကျွန်တော်စာကြည့်ခန်းထဲ ဝင်သွားပြီး စားပွဲ၌ထိုင်သည်။ ချိုမြသော နံနက်ခင်း၏ အလှသည် ကျွန်တော့်အား အလုပ်လုပ်ချင်စိတ် မရှိအောင် လှုံ့ဆော်လျက်ရှိသည်။

ပြတင်းပေါက်မှနေ၍ ယိမ်းနွဲ့လှုပ်ရှားနေသော စိမ်းမြမြသစ်ပင်များ ဆီသို့ တွေဝေငေးမောမိသည်။ အမှတ်တမဲ့နှင့်ပင် ကျွန်တော်သည် အတွေးနယ်ကျွံလျက်ရှိသည်။ ကျွန်တော်၏ အတိတ်ကာလနောက်ကြောင်းများကို ပြန်၍ကြည့်မိခြင်းဖြစ်သည်။ အထူးသဖြင့် ကျွန်တော်၏ အမြင်များ၊ အယူအဆများနှင့် အတွေးများကို ပြလည်ဆန်းစစ်နေမိခြင်း ဖြစ်ပါ၏။

အသက်လေးဆယ်ကျော် ငါးဆယ်အတွင်း လူတစ်ယောက် အနေဖြင့် သူ၏အတိတ်က ဖြစ်ရပ်များကို ပြန်လှန်ဆန်းစစ်သည့်အခါ ကုန်လွန်ခဲ့ပြီး

www.burmeseclassic.com

www.burmeseclassic.com


သော နှစ်များအတွင်းက သူဘယ်လို သင်ခန်းစာများ ရခဲ့သည်ကို မေးခွန်းထုတ်သင့် သည်ဟု ထင်ပါသည်။

ကျွန်တော့်ဘဝကို ပြန်၍ ဆင်ခြင်သည့်အခါ ကယ်လ်ပင်ဂရဖ့်ကို ဖြတ်၍ ဆေးတက္ကသိုလ်စာသင်ခန်းများဆီသို့ ကတိုက်ကရိုက်လျှောက်သွားနေ ခဲ့ရသော ဆေးကျောင်းသားဘဝသည် မနေ့တစ်နေ့ကမှ ဖြတ်သန်းခဲ့ရသည့် ခရီးတစ်ခုဟု ထင်မိသည်။

ထိုစဉ်က ကျွန်တော့်အသက် ၂၀၊ အသားဖြူဖြူနှင့် နု၍ လန်းဆန်းသောအရွယ်။ စကြဝဠာကြီးတစ်ခုလုံးကို အနိုင်ကိုင်လိုက်မည်ဟူသော မာန်နှင့်ဖြစ်၏။

ဘာတွေးတွေး ဘာလုပ်လုပ် မှုမှုတတ တွေးခေါ်မြော်မြင်တတ်သော အလေ့အထမရှိ။ ချုပ်တည်းသည်းခံနိုင်စွမ်းလည်း မရှိ။ ငယ်ရွယ်သူပီပီ စိတ်ဓာတ်ပြင်းထန်လှသည်ဖြစ်ရာ ဝမ်းနည်းစရာ ကောင်းလောက်အောင်ပင် အရည်အသွေးကောင်းများ နည်းပါးခဲ့သည့် လူတစ်ယောက်ဖြစ်နေသည်ကို တွေ့ရပါသည်။

ထိုအချိန်က ကျွန်တော်သည် အမှောင်ဖုံးလွှမ်းနေသည့် လူတစ်ယောက် ဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာ သာယာမှုများနောက် တကောက်ကောက်လိုက်ကာ လောကီကိစ္စများ၌သာ သာယာနေသူဖြစ်၏။

တခမ်းတနားနှင့် ကြီးကြီးကျယ်ကျယ် ထည်ထည်ဝါဝါနေရခြင်းကိုသာ တန်ဖိုးထားနေသူဖြစ်၏။

ငွေဟုခေါ်သည့် ပုံနှိပ်ထားသော စက္ကူရွက်ကလေးတွေ အများအပြားရဖို့မှလွဲပြီး တစ်ခြားဘာကိုမှ မသိမမြင်။ နားမလည်။ ငွေတွေဘယ်လောက်ပဲရရ ကျေနပ်အားရသည်ဟုလည်း မရှိ။ အခုကျတော့လည်း တစ်ချိန်က ဖွဲ့နပဲကြီးစွာ အားကြိုးမာန်တက် ရှာဖွေစုဆောင်းထားခဲ့သမျှ ပစ္စည်းများသည် ကျွန်တော့်အား ခင်မင်နေသူများထံမှ မေတ္တာစိတ်ဖြင့် ကြည့်လိုက်သည့်အကြည့်လောက် တန်ဖိုးမရှိတော့။

ထို့ပြင်လည်း လူသားတိုင်း၏ နှလုံးသား၌ ဘုရားသခင်အား နေရာပေးမထားလျှင် မဖြစ်သည့်အခြေအနေကိုပါ ကျွန်တော် သိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အနေဖြင့် ဘုရားသခင်နှင့် လွတ်မြောက်အောင် မည်မျှပင်ကြိုးစား ကြိုးစား ဘုရားသခင်နှင့် ကင်းကွာ၍ မရသည့်ကျွန်တော်တို့၏ ဘဝကို မြင်လာသည်။ ဘုရားသခင်အား မနားမနေ လိုက်လံရှာဖွေရင်း ယုံကြည်မှု မည်မျှပင်ကင်းမဲ့သွားစေကာမူ ကျွန်တော်တို့သည် ဘုရားသခင်နှင့် လွတ်ကင်း ၍ မရနိုင်သည့် အဖြစ်ကိုလည်း နားလည်လာသည်။ တကယ်တော့ ကျွန်တော်တို့သည် ဘုရားသခင်၏နေရာတွင် အစားထိုးစရာ ရှာ၍မရပါ။ ကျွန်တော်တို့အနေဖြင့် ဘုရားသခင်အား အကြွင်းမဲ့ အသိအမှတ်ပြုချက်မှ ပြုနိုင်ပါလိမ့်မည်။ သို့တစေလည်း ကျွန်တော်တို့သည် ဘုရားသခင် ဟောကြားခဲ့သော တရားဓမ္မများ၏ အနှစ်သာရထဲ၌ ရပ်တည်ရှင်သန်နေရသည်ကိုမူကား အသိအမှတ်မပြု၍မရပါ။

ယင်းအခြေအနေမျိုး တည်ရှိနေသည့်ကြားမှပင် ဘုရားသခင်အား အသိအမှတ်ပြုရေးဟူသော အသိကို မြေမြုပ်သင်္ဂြိုဟ်ထားသူများ ရှိကြ၏။ သူတို့အနေဖြင့် လူသည် တိရစ္ဆာန်မှ ဆင်းသက်လာသည်ဟူသော သဘောတရား ကို လက်ခံကာ ဘဝကိုကျေနပ် တင်းတိမ်နေကြသူများ ဖြစ်၏။သူတို့အဖို့ကတော့ ဘဝ၏အဆုံးသည် သုညမျှသာဖြစ်သည်ဟုလက်ခံထားကြသူများ ဖြစ်ပေသည်။

အယူဝါဒတစ်ခု သို့မဟုတ် ယုံကြည်မှုတစ်ခုအတွင်း၌ မွေးဖွားလာခဲ့ရသော ကျွန်တော့်အဖို့တော့ မိမိမွေးဖွားလာခဲ့ရသည့် အယူဝါဒ သို့မဟုတ် ယုံကြည်မှုမှ လွတ်မြောက်အောင် ရုန်းမထွက်နိုင်ပါ။ ရုန်းထွက်နိုင်လောက်အောင် အင်အားမရှိပါ။ နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်ဖြစ်ခဲ့ရသည့် ဘဝတစ်လျှောက်လုံးကို ထိုယုံကြည်မှုနှင့် ကင်းကွာသွားအောင် ခွဲထုတ်နိုင်သည့်အရာဆို၍ ဘာတစ်ခုမှ မရှိခဲ့ပါ။ ကျွန်တော့်အနေဖြင့် ကျွန်တော်၏ ဘဝတစ်ခုလုံး (ကိုယ်ရောစိတ်ပါ)ကို ထိုယုံကြည်မှုတွင် အကြွင်းမဲ့မြှုပ်နှံထားခဲ့ပါသည်။ ဤ အပြုအမူသည် ယုံကြည်မှု တစ်ခုအတွက် မရှိမဖြစ်သည် လိုအပ်ချက်တစ်ခု မဟုတ်ပါလား။

ကျွန်တော့်အနေဖြင့် ယင်းအသိမျိုးကို အခိုင်အမာ လက်ခံထားသော်

www.burmeseclassic.com

www.burmeseclassic.com


လည်း ဘဝတစ်ခုမှတစ်ခုသို့ သို့မဟုတ် ယုံကြည်မှုတစ်ခုမှတစ်ခုသို့ လွယ်လွယ် နှင့် ကူးပြောင်းတတ်သူတစ်ဦး မဟုတ်ပါ။ မိမိ၏ယုံကြည်မှု သို့မဟုတ် ဘာသာမတူသူများအား အပြိုင်အဆိုင်စိတ် ဝန်တိုစိတ်နှင့် ရန်လို စိတ်များ လည်း ထားသူမဟုတ်ပါ။

ဘာသာအယူဝါဒ မတူမှုကို အကြောင်းပြု၍ လူတို့၏ကြားတွင် သွေးကွဲစရာ မလိုဟုထင်ပါသည်။ မည်မျှပင် ဘာသာအယူဝါဒ မတူညီကြစေကာမူ လူသားအချင်းချင်း တစ်ဦးပေါ်တစ်ဦး စေတနာမေတ္တာရှေ့ထား၍ ပူးပေါင်းဆောင်ရွက်သွားရေးဟူသော အသိစိတ်ဓာတ်သည် အဓိကလိုအပ်ချက်ဟု ထင်ပါသည်။ ယင်းအသိစိတ်ဓာတ်သည် လူ့လောကအား ကယ်တင်နိုင်မည့် အသိစိတ်ဓာတ်ဟု ကျွန်တော်ယုံကြည်သည်။

BURMESE CLASSIC .com

ဤကမ္ဘာကြီးတစ်ခုလုံးတွင် ဤအသိစိတ်ဓာတ် ကိန်းအောင်းလာရန်နှင့် ရှင်သန်ဖွံ့ဖြိုးလာရန်အတွက် လူတစ်ဦးချင်းစီ၏ နှလုံးသားပြောင်းလဲရေးသည် အခြေခံလိုအပ်ချက်ဖြစ်ပါလိမ့်မည်။ မိမိကိုယ်ကို မိမိခရစ်ယာန်တစ်ယောက်ဟု အသိအမှတ်ပြုထားသော လူတိုင်းသည် မိမိအယူဝါဒသာလျှင် မှန်သည်ဟူသော တရားသေအတွေးအထင် အယူအဆမျိုးမမွေးသင့်ဟု ယူဆပါသည်။ အဆင် ခြင်နည်းခြင်းသည် အမြင်ကျဉ်းမှုကို ပေါက်ဖွားလာစေနိုင်ပါသည်။

ဤကမ္ဘာကြီးပေါ်၌ လူအချင်းချင်း ရက်စက်စွာ ပြုကျင့်မှုများ မည်မျှပင် များပြားနေစေကာမူ၊ လူအချင်းချင်း အမြင်မတူမှုများ မည်မျှပင် ရှိနေစေကာမူ၊ ရန်လိုမှုများနှင့် ပြိုင်ဆိုင်မှုများ မည်မျှပင်ရှိနေစေကာမူ၊ စစ်၏ ခြိမ်းခြောက်မှုအန္တရာယ်ကြီး မည်မျှပင် ကြီးမားနေစေကာမူ ကျွန်တော်ဆိုခဲ့သည့် အသိစိတ်ဓာတ်သာ ရှင်သန်ဖွံ့ဖြိုးလာလျှင် ကမ္ဘာလူကမ္ဘာသားတို့အတွက် မျှော်လင့်ချက် ရှိနေသေးသည်ဟု ကျွန်တော်ယုံကြည်နေပါသည်။

**မောင်ထွန်းသူ**

၁၉၉၁ ခု၊ ဇွန်လ ၁ ရက်။

www.burmeseclassic.com

www.burmeseclassic.com

A.J. CRONIN

# Adventure in the Two Worlds

# မောင်ထွန်းသူ
# နှစ်လောက

ဒုတိယအကြိမ်



"စာပေလောကတွင် အထူးခြားဆုံးနှင့် အအောင်မြင်ဆုံး စာရေးဆရာ ဆရာဝန်ဖြစ်၍ သူတွေ့ကြုံခဲ့ရသော လူတို့၏သဘောသဘာဝများကို သူ၏ မြော်မြင်နိုင်သောအသော စိတ်စေတနာဖြင့် ဖြစ်လည်တင်ပြထားခြင်း ..." (နယူးယောက်တိုင်းမ်)

"သူ၏ ဘဝအတွေ့အကြုံကို ဖြစ်ပေါ်ရာတွင် စာဖတ်သူတို့၏စိတ်ကို ထားလျှော့စေနိုင်လျှင် ထင်ဟပ်ပါစေလိုပြီး ... "
(ဆော်စတွန်ပို့စ်)

BURMESE CLASSIC .com

www.burmeseclassic.com